ဗုဒ္ဓဘာခရိုင်၊ ကန်ကြီးမှူး

ရှေးသမိုင်းတော်တောရ ဆရာတော် ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

ယောဂိပါရဂူကျမ်း

(စတုတ္ထအကြိမ်)



ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သက္ကရာဇ် ၂၅၄၀ ခေါလာ ၁၃၅၈ ခရစ် ၁၉၉၆

မုံရွာခရိုင်၊ ဂဏန်းမှူး

ရှေးဦးဖိတောင်တောရ ဆရာတော် ဘုရားကြီး

ရေးသားစိုရင်တော်မူအပ်သော

ယောဂီပါရဂူကျမ်း

(စတုတ္ထအကြိမ်)



ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၄၀ ကောဇာ ၁၃၅၆ ခရစ် ၁၉၉၃

သာသနာတော်ထွန်းကားပြုပြင်ပြောင်းလဲရေး
ဗဟုတ် ၂.၅.၇...
ရက်စွဲ... ... ...
ပဋိပတ္တိစာကြည့်တိုက်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊
သာသနာရေးဝန်ကြီးဌာန
သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးညွှန့်မောင်
မှတ်ပုံတင်အမှတ်(၀၂၄၀၅/၀၂၅၂)က
ပုံနှိပ်ထုတ်ဝေသည်။

နိဒါန်း

ယောဂိပါရဂူကျမ်းကြီး ရေးသားတော်မူခြင်းအကြောင်း

ထိုသက်ပ်ဆရာတော်ဘုရားကြီး၏ သမထ, ဝိပဿနာ နည်းလမ်းတို့ ရှစ်သခန္ဓာမျှ ကျွန်စွဲသင်ယူအား ထုတ်ပြီးလျှင် မိမိနေရင်းဖြစ်သော ကင်းတောင် တောရသို့ပြန်ရန် ခွင့်ပန်လျှောက်ထားသောအခါဆရာတော်ဘုရားကြီးသည် တပည့်ကြီး၏ ပါရမီသမ္ဘာရ ပုညဇောတ် ခိုင်ခဲ့ကြီးမား၍ စူးရှနက်နဲ ဖောက်ခွဲနိုင်သော ဝဇိရစိန်အလား ထူးခြားသော ဉာဏ်ပညာရှိသည်၏အဖြစ်ကို သိတော်မူသည်ဖြစ်၍ အမိန့်ရှိတော်မူသည်မှာ၎င်း "တပည့်ကြီး.... နောက်သားနောင်လာ ယောဂီပုဂ္ဂိုလ်အပေါင်းတို့ ဆရာနည်းရ၍ နိဗ္ဗာန်သွားရာ ပဋိပတ္တိသာသနာ လောကုတ္တရာနှစ်ဆီကို ကျေးမွေးသောအနေဖြင့် "ပါရဂူ" မည်သော သမထ, ဝိပဿနာ လုပ်နည်းလုပ်ထုံးတို့ကို စုရုံးပေါင်းစပ်၍ ကျမ်းကြီးတစ်စောင် ရေးသားရစ်ပါ" ဟု အကြွမ်ကြမ်မိန့်တော်မူသောကြောင့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကို ဆပ်သောအနေဖြင့် ရေးသားပါမည်ဘုရားဟု ဝန်ကြီးခံခဲ့လေသတည်း။

ယင်းသို့ ဝန်ကြီးခံခဲ့ပြီးလျှင် နေရင်းဖြစ်သော ကင်းတောင်တောရ မှာပင်သီတင်းသုံးတော်မူလျက် သမထ, ဝိပဿနာအလုပ်တို့ကို ဆက်လက်အားထုတ်၍နေစဉ် ကန္ဒီမြို့၊ ပဉ္စမသင်္ကန်းယနာတင် ဘုရင်မင်းတရားကြီး၏ ကျွန်ယုံခံတော်ဖြစ်သော နန်းမတော်ဝန်, နာရီတော်ဝန်, သခ်ာဘွဲ့ထူးကိုခံသော အတွင်းဝန် ဦးဝိုက်၏သမီး မလေးပိုနှင့် ထိုမင်းတရားကြီ၏ အသက်သဖွယ် အားကိုးအပ်သော ရဲသူဘွဲ့ထူးကိုခံရသော လက်ဝဲဝင်းတော်မှူး ဦးပြား၏မြေး ဦးခင်မောင်နှင့်စုံဖက်ရာ၊ မောင်မောင်ကြီးဟူသော သားကိုရ၍ ယခင်မလေးပို၏အမိ ဝန်ကတော်ကြီး ဒေါ်ခန့်၊ ဇင်းမောင်တော် ကန္ဒီမြို့၊ ရွှေဝေးဘိုလ်အမှူတော်ထမ်း ဦးဘုန်းမို၏သမီး မမကြီးနှင့် ယခင် မောင်ခမောင်ကြီးနှင့် စုလျှားရစ်၍ အဘ၏အမွေ ကန္ဒီမြို့

ကြီးကို ဒေပ်နှင်းလေ၏။ ၎င်းမောင်မောင်ကြီး, မမကြီးတို့ သမ္ပတ္တိ ကုန်မြူးသောအခါ၌ ဂ.နှိုမ်ကို၊ မြို့သူကြီး ဦးမောင်ကြီး ၎နှီး မြို့သူကြီး ကတော်တို့က ဆောက်လုပ်လျှုဒါန်းအပ်သော ရွှေကျောင်းကြီးကို "တပည့်တော်တို့အား အစဉ်သနားတော်မူပါသဖြင့် အလျှုခံတော်မူပါ ဘုရား" ဟု အကြိမ်ကြိမ် လျှောက်ထားတောင်းပန်ချက်အရ အလျှုခံ တော်မူပြီးလျှင် စကြဝဠတေးမင်းကြီးသည် တိုင်းပြည်စည်းစိမ်ကို သားကြီး ရတနာဘား လွှဲအပ်ခဲ့၍ တောထွက်သကဲ့သို့ သင့်လျော်လောက်သော တပည့်ကြီးများကို လွှဲအပ်ထားခဲ့၍ ကနှိုမ်မှ၏ အနောက်တောင် စဉ်းငယ် ယွန်းသော တောင်ကြားဧ၏အထွတ်၌ တမ်းခွန်သဖွယ် သပ္ပါယ်စွာတည်ထား အပ်သော "စည်းခုံ" စေတီတော်ကြီး၏ အနောက်မျက်နှာ အရိယာ သူတော်ကောင်းတို့၏ မြေ့လျော်ရာ "ဝတ်ကုန်း" ၌ သီတင်းသုံးတော်မူ ဆဲအခါ ကျေးဇူးတော်ရှင် လက်ပံဆရာတော်ဘုရားကြီး၏ အမိန့်တော် ဝန်ခံချက်ကို သတိရတော်မူလျှ၍ ပိဋကတ်ကျမ်းစာအုပ်များကို စုဆောင်း ရှာမှီးပြီးလျှင် ဘရာအဆက်ဆက်တို့ထံမှရအပ်သောနည်း ပါဠိ အဋ္ဌကထာ ဋီကာ စသော ကျမ်းဂန်တို့မှလာသောနည်း မိမိကိုယ်တိုင် အားထုတ်၍ သိအပ် ရအပ်သော ကိုယ်တိုင်လက်တွေ့နည်းတို့ကို ညွှန်ကြားပေါင်းစပ် ၍ ယောဂီအပေါင်း သူတော်ကောင်းတို့၏ နိဗ္ဗာန်တည်းဟူသော သံသရာ တစ်ဖက်ကမ်းသို့ ရောက်ခြင်း၏အကြောင်း ဖြစ်သောကြောင့် (ယောဂီ ပါရဂူ) ဟူသော အမည်ဖြင့် ကျမ်းကြီးတစ်စောင်ကို ရေးသားစီရင် တော်မူလေသတည်း။

သစ္စပါရဂူကျမ်းကြီး ရေးသားတော်မူရပြန်ခြင်းအကြောင်း

ဤကျမ်းကြီးကို ရေးသားတော်မူရခြင်းမှာ ယောဂီပါရဂူကျမ်းနှင့် ပြအပ်သော သစ္စာလေးပါးတရားကား အကျဉ်းမျှသာဖြစ်၍ ကြည့်ရှု နာယူကြသူတို့ အလွယ်တကူ သိစိမ့်သောငှာ မတတ်နိုင်ရကား သစ္စာ ဟူသည်လည်း သာမန်ပုဂ္ဂိုလ်တို့၏ အရာမဟုတ်ပေ။ ထို့ကြောင့် သစ္စာပဋိ ဝေဓာဏ်၌ ထက်သန်ကြီးမား အဝါးဝစိမ့်သောငှာ ပန်းတောင်းမြို့၊ ခေါင်းမြတ်နားကျောင်း ဦးကေဝုမာလာ၏ ရှိသေစွာ လျှောက်ထား

အကြိမ်ကြိမ်ဝပ်တွားမှ ရေးသားတော်မူပါဘုရားဟု တိုက်တွန်းချက်အရ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ရာ သိမြင်ကြောင်း ဖြစ်သောကြောင့် သစ္စာပါရဂူ မည်သော်ကျမ်းကြီးကို ဂဝဏ်ရေးသား စီရင်တော် မူအပ်သတည်း။

သရဏပါရဂူ၊ ဝိဝဋ္ဋပါရဂူကျမ်းမျှား ရေးသားခြင်းအကြောင်း

ဗုဒ္ဓကြီးတိုက်၊ ရင့်မာပင်မြို့၊ ဝန်ထောက်မင်းသည် ပရိသတ်နှင့်တကွ တရားတော်ကို နာခံလာရာ သရဏဂုံတည်ခြင်းအကြောင်း ဝိဓိ (၂) ပါး၊ သောတာပတ္တိမဂ်အကြောင်း အင်္ဂါ (၄) ပါးတို့ကို အသင့်အားဖြင့် ဟောကြားခဲ့—"အရှင်ဘုရား– တပည့်တော်အား အစဉ်သနားသဖြင့် သရဏဂုံတည်ခြင်း၏ အခြင်းအရာ, ဝိဓိ(၂)ပါး၊ သောတာပတ္တိမဂ် အကြောင်း အင်္ဂါ(၄)ပါးတို့ကို ရေးသား၍ သတ္တဝါတို့အား သနားသဖြင့် ကယ်မတော်မူပါဘုရား"ဟု တောင်းပန်သောကြောင့် သရဏပါရဂူ ဝိဝဋ္ဋပါရဂူ နှစ်ကျမ်းတို့ကို သနားသဖြင့် ရေးသားပြုစုတော်မူသည်။

သုဇနပါရဂူကျမ်းရေးသားခြင်းအကြောင်း

ဂင်းဆရာတော်ဘုရားကြီးထံ၌ နိယ်မပြတ် (၈) နှစ်တိုင်တိုင် ဆည်းကပ်၍ နေလာသော ငါးနှစ်ကာယ်လုံး သင်ကြားဖူးသော ပြည်မြို့၊ ထုံးဘိုရွာဇာတိ ရှင်ဝိဇေါဝေလက္ခ်ာရသည် သတ္တဝါတို့၏ သန္တာန်၌ ဒုစရိုတ အားကြီး၍ သုစရိုတ အားနည်းသောအပြစ်ကို မြင်သည်ဖြစ်၍—

> သုဿုသာ သုတဝစုနီ၊ သုတံ ပညာယ ဝစုနံ။
> ပညာယ အတ္ထံ ဇာနာတိ၊ ဉာတော အတ္ထော သုခါဝဟော—

ဟူသောပါဠိတော်နှင့်အညီ မကြားဖူး၍ သုတမပွား၊ သုတပွားမှ ပညာကြီးသည် ပညာကြီးမှ အနက်မြင်သည်၊ အနက်မြင်မှ ချမ်းသာရာရောက်ပေသည်ဟု ဆင်ခြင်မိသဖြင့် ဒုစရိုတ, သုစရိုတ အကျိုးအပြစ်တို့ကို ထင်ရှားစွာရေးသား၍ ပေးသနားတော်မူပါဟု တောင်းပန်သောကြောင့် ရေးသားတော်မူသည်။

ရင်းနှောက်လည်း ကလျှာကုပ္ပါဒစာတမ်း၊ ဒိဋ္ဌိပဟာယကစာတမ်းတို့ကို လည်း ရေးသားတော်မူသည်။

ဥယျောဇဉ်

ပါရဂုနာဝ မာရှယ်၊ ဂဟေတ္ဝာ ဝီရိယံ ဖိယံ။
ဘဝဏ္ဍာပါ ဉာဏကရံ၊ တရထ ပရပါရကံ။ ။

သာဓုဝေါ၊ သူတော်ကောင်းတို့။ တုမှေ၊ သင်သူတော်ကောင်း ကို့သည်။ ပါရဂုနာဝံ၊ယောဂိပါရဂူ, သစ္စပါရဂူ နှစ်ကျမ်းတည်းဟူသော လှေသင်္ဘောထက်သို့၊ (ဝါ) ယောဂိပါရဂူ, သစ္စပါရဂူ စသောကျမ်းထက် သို့။ အာရှယ်၊ တက်စီးကြ၍။ ဝီရိယံဖိယံ၊ လုံ့လတည်းဟူသော တက်မ ကြီးကို။ ဉာဏကရံ-ဉာဏကရေန၊ ဉာဏ်တည်းဟူသော လက်ရုံးဖြင့်။ ဂဟေတ္ဝာ၊ မြဲစွာ စွဲကိုင်၍။ ဘဝဏ္ဍာဝါ၊ ဘဝသုံးပါးတည်း ဟူသော သမုဒ္ဒရာကြီးမှ။ ပရပါရကံ၊ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်သို့။ တရထ၊ ကူးကြ ခပ်ကြကုန်လော့။

ဤတွင် နိဒါန်းဥယျောဇဉ် ပြီး၏။

ဘုရားရှင်၏ မိန့်ခွန်းတော်

မိမိသည် မိမိကိုယ်ကိုသာလျှင် အ
ချစ်ဆုံးဖြစ်၏
မိမိကိုယ်ကို ချစ်လျှင် အကုသိ
မမဖြစ်ရအောင် (ကုသိုလ်
ပွားများအောင်)မိမိကိုယ်ကို
ကာင်းစွာ စောင့်ရှောက်ထု၏။
အရှယ်သုံးပါးတို့တွင် (အနှ
ငယ်ဆုံး) တပါးပါးသော အရှယ်၌
ပညာရှိသော(ဉာဏ်ရှိ
သော)သူသည် မိမိကိုယ်ကို အကုသိုလ်
မှ စင်ကြယ်အောင်
စောင့်ရှောက်ထု၏။

ရှေးဦး
စွာ မိမိကိုယ်တိုင် သင့်လျော် ကောင်းမြတ်သော
အက
ကို ကျင့်ရု၏။ နောက်မှ သူတစ်ပါးဘို့ကို ဟောပြော
ပုံးမရု၏။ (ထိုသို့ ကျင့်သော ပညာရှိသည် သူတစ်ပါးတို့
ကဲ့ရှဲခြင်းဘေးမှ ကင်းလွတ်၍) စိတ်ပင်ပန်း ညစ်နွမ်းခြင်း
မပြစ်ရု။

သူတစ်ပါးကို ဆုံးမသကဲ့သို့ မိမိကိုယ်ကို ဆုံးမရု၏၊
(သူတစ်ပါးအား ဟောသော တရားကို မိမိကျင့်ရု၏) မိမိ
ကိုယ်ကို ကောင်းစွာဆုံးမပြီးမှ သူတစ်ပါးကို ဆုံးမရု၏၊
မိမိကိုယ်ကို ဆုံးမရန်ကား အလွန်ခဲယဉ်း၏။

မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏၊ သူတစ်ပါး
သည် မိမိ၏ ကိုးကွယ်အားထားရာ အဘယ်မှာဖြစ်ရောအံ့နည်း။
မိမိကိုယ်ကို ဆုံးမခြင်းအားဖြင့် ရခဲလှသည့် နိဗ္ဗာန်တည်း
ဟူသော အတုမဲ့ချမ်းသာမြတ်ကို ရလေ၏။

ကျမ်းပြုဆရာတော်၏

ထေရပ္ပတ္တိ

[ဤထေရပ္ပတ္တိကို ဆရာတော်အား ဖတ်ပြအတည်ပြုပြီး ဖြစ်ပါသည်]

ယောဂိပါရဂူကျမ်းကြီးနှင့် သစ္စပါရဂူကျမ်းကြီးကို ရေးသား စီရင်တော်မူသော ကန္ဒီမြို့ (ရှေသိမ်တော်ဘောရ ဆရာတော် ဘုရားကြီး၏) ထေရပ္ပဘွဲ့ကား ဤသို့တည်း။

ဖွားမြင်တော်မူခြင်း

ထိုဆရာတော်ဘုရားကြီးကား သင်ရိပဝရ ဝိဇယာနန္ဒယသ တိလောကာဒိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇဂေါရဝမုဒ္ဓါဘိသိက် ကနက်ရိပ်ဌ ဇံဆိပ်နာမ် ခံတော်မူသော မန္တလေးရတနာပုံ ဒုတိယမြို့တည် နန်းတည် မာရ်အောင်ရတနာဓေတီတော်ဒါယကာ သီပေါမင်းတရားကြီးနန်းတက်စ ကောဇာသက္ကရာဇ် ၁၂၄၁-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄-ရက်၊ သောကြာနေ့၊ ညဉ့် ၄-ချက်မတီးမီ ဗြိဿဟ်ဒ္ဒ အင်္ဂါ, ကံဌ် တနင်္လာ, မကာရဋ္ဌ ဆုဟု, သောကြာလက် ဆုဟု, ကုံဌ် တနဂ်နေ့-ဗုဒ္ဓဟူး, မိန်ဌ် စနေ-ကြာသပတေးတို့ ရပ်တည်ကြ်ုက်ကြ်ုမ် ကောင်းမြတ်သော မဂ်လာအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ခမည်းတော်ကား ကန္ဒီမြို့၊ ကမ်းပြုရွာ ကျောင်းဒါယကာကြီး ဦးသာနု၊ မယ်တော်ကား ကျောင်းဒါယိကာမကြီး ဒေါ်ကောင်းကို ဖြစ်သည်။

ဆရာစဉ်ဆက်တို့ကို ပြခြင်း

ကျမ်းပြုဆရာတော်ဘုရားကြီး၏ ဆရာအဆက်ဆက်ကား ကောဇာသက္ကရာဇ် ၉၉၁-ခုနှစ်၊ ရတ်နာပူရ အင်းဝမြို့တွင် နန်းတက်တော်မူသော (ရာဇာမဏိစူဠာ) စေတီတော်ဒါယကာ သာလွန်မင်းတရားကြီး ဆက်ဘက် လှုဒါန်းအပ်သော (ဇမ္ဗူဒီပခေတ) တံဆိပ်တော်ရ ဝိနည်းငါးကျမ်းပါဠိတော်၊ အဋ္ဌကထာ နိဿယကို လက်မှန်ရှေးဦး ပကတူးအစပြုစုံစီရင်တော်မူသော ရွှေဥမင်ဆရာတော်ဘုရားကြီး၊ ၊င်းဆ ၊ တော်ကြီး၏တပည့် မဟာပဓာနိက ဆင်မတောင်တောရ ဆ ၊ တော်ဘုရားကြီး ဦးဥတ္တမ၊ ၎င်း၏တပည့် ပန်းဒူးဆရာတော် တိသာသနလင်္ကာရ၊ ၎င်း၏တပည့် ပရိယတ္တိဝိသာရဒ ပဋိပတ္တိမာမက သံသာရဘီရုကဖြစ်တော်မူသော ဦးဂုဏ္ဍ၊ ၎င်း၏တပည့် ထီးလည်းတောရ စာချဆရာတော် ဦးကလ ၊ ဘာ၊ ၎င်း၏တပည့် တောရဆရာတော် ဦးနန္ဒိယနှင့် ကမ်းပြုရွာတောရဆရာတော်ဘုရားကြီး ဦးအာစိဏ္ဏတို့၏တပည့်မြတ်ဖြစ်၍ မြတ်စွာဘုရား လက်ထက်တော်အခါ ဝိနည်းဓိုရ် ဇေတဝန်ရ အရှင်ဥပါလိမ္မ ဆင်းသက်၍ လာရကား သုဒ္ဓါဂမ သုဒ္ဓေါဂါတ္တသုဒ္ဓဝံသ ဖြစ်တော်မူသတည်း။

ပညာရှာမှီးတော်မူခြင်း

ထိုဆရာတော်ဘုရားကြီးမှာ "နေကွမ္ဘဏ္ဍာသယာ စ ဗောဓိသတ္တာ ကားမေသု ဒေါသဒဿာဝိနော"ဟူသော ဥပဒေသအရ ဘုရားအလောင်းတော် သတ္တိသားကဲ့သို့ ငယ်ရွယ်စဉ် သူငယ်အဖြစ် ကျောင်းသားအဖြစ် ကပင် ပါရမီသမ္ဘာရ နေကွမ္ဘဏ္ဍာသယ ပုညဇောတ်ခံ ရင့်သန်ကြီးမားသော သတ္တိသားဖြစ်၍ ကာမဂုဏ်ရစ်နှောင် ဘဝတောင်ကြီးဝယ် ပျော်မွေ့ခြင်းမရှိ၊ ယောဂိသူမှန်တို့ခလေဖြင့် တောထွက်လိုသောဆန္ဒအားကြီးလျက် ရှင်သာမဏေအဖြစ်ဖြင့်ပင် ရောင့်ရဲ တင်းတိမ်ခြင်းမရှိဘဲ ဥပသမ္ပဒေတော် ရဟန်းမြတ်အဖြစ်ကိုပင် ခံယူတော်မူပြန်၍ ဆရာတော်အရှင်မြတ်နှစ်ပါးတို့၏ အထံတော်၌ ၄-နှစ်သားအရွယ်ကစ၍ ပညာရင်

နှိုးကို သောက်စို့သဖြင့် ကပည့်မြတ်ဖြစ်၍ နိယံမပြတ် ဆည်းကပ်ဝပ်တွား ခစားကျိုးနှံလျက် နိဝယမှစ၍ကအင်္ဂါခြောက်ပါး, ကျောင်းထိုင်အင်္ဂါ ငါးပါးကိုကို ပြည့်စုံစေ၍ မနေမနား ပရိယတ္တိဝေယျာဝစ္စကို ကြိုးစားအား ထုတ်ကာ အချိန်ကိုကုန်လွန်စေသည်။

ပညာရှာမီးရန် နေပြည်တော်သို့ ယုက်တော်မူခြင်း

ထိုနောက်မိမိဆရာရင်းအရှင်မြတ်တို့ကဲ့သို့ ဝင့်ပန်လျှောက်ထားပြီးလျှင် မုံရွာ, မန္တလေး နေပြည်တော်ကြီးများသို့ ပညာဗဟုသုတအလိုရှိ ကြွတော်မူလျက် ပန်းရက်ကိုအလိုရှိသော ပျားပိတုန်းသည် ပွင့်မျိုးကုန်စုံ ပွင့်ဆိုသော သစ်ပင်ကြီးသို့ ကပ်သည့်အလား ပိဋကတ္တယ ဝေဒတ္တပါ ကယတ္တာပါရဂူ ဝိဒူပြောင်မြောက် မုန်သောက်မာတင် စွယ်စုံသင်သော ထိုထိုဆရာတော်ဘုရားကြီးတို့ထံဝယ် ပိဋကတ်နှစ်ဆီကို ဝေဒီ ကောင် သောက်စို့တော်မူလျက် အချိန်ကိုကုန်လွန်စေခဲ့သည်။

ကျောင်းအလှူခံတော်မူခြင်း

ဌင်းနောက် "ဥတ္တရစရိယံ"ဟူသော ဒေသနာတော်နှင့်အည် ဗုဒ္ဓကို တို့ထုံး နှလုံးပိုက်တော်မူလျက် ရတနာပုံနေပြည်တော်ကြီးမှ ဆင်းသက်ခဲ့ ၍ ဆွေးမျိုးဥာတိတို့မှစ၍ မျှားစွာသော ဒါယကာ ဒါယိကာမတို့ကို ဇဲ့ညှာထောက်ထား အစဉ်သနားတော်မူသဖြင့် မိမိ၏မွေးဇာတိချက်သီရာ ဖြစ်သော ကမ်းပြိုကျောင်းကို အလှူခံတော်မူပြီးလျှင် ဂါမဏိသီ ကျောင်းနေ ကျောင်းထိုင်ပုဂ္ဂိုလ်အဖြစ်ဖြင့် သီတင်းသုံး၍ ချီးမြှောက် တော်မူခဲ့လေသည်။

တောကျောင်းနေ၍ ကမ္မဋ္ဌာန်းအားထုတ်ခြင်း

ဌင်းနောက် ဂါမဏိသီကျောင်းနေအဖြစ်ဖြင့် သီတင်းသုံးရခြင်းမှာ မဟာဝိဟာရသစသည့်အပြစ် ထွေးရစ်၊ ပလိဗောဓ ကြောင့်ကြပြီး ယဉ်ဖြတ်ပယ်စွန့်လွှတ်ခြင်းငှာ ခဲယဉ်းသည့်အတွက်ကြောင့် စက်ဆုပ်တော်

မူပြီးလျှင် နာတီဒုရ နစ္စာသန္ဓ–စသော ပဓာနီယင်္ဂါးပါးတို့နှင့် ပြည့်စုံလျက် နေရင်းဖြစ်သော ကမ်းပြူ၊ ရွာကျောင်းမှ ဂ-ဂါဝုတ်ပမာဏရှိ၍ အရိပ်ရှေတို့နှင့် ပြည့်စုံလျက် အရည်ကင် ဝုတင်ရလောက်သော ကင်းတောင်မည်သော တောရကျောင်းသို့ ရွှေပြောင်းကာ သီတင်းသုံးပြီးလျှင် ရှေးဆရာစဉ်ဆက်တို့၏ ဒိဋ္ဌာနုဂတိကိုလိုက်သောအနေဖြင့် နေ့ညဉ့်မခြား ဝိရိယဒ္ဓိပါဒ်ကို လက်ကိုင်ထားလျက် သမထ ဝိပဿနာတရားတို့ကို နှစ်နှစ်တိုပတ်လုံး ပွားများအားထုတ်တော်မူလေသည်။

ကမ္မဋ္ဌာန်းဆရာ၏ ဂုဏ်သတင်းကို ကြားတော်မူခြင်း

ထိုသို့ သမထ ဝိပဿနာတရားတို့ကို ပွားများအားထုတ်ရသော်လည်း ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် လောကုတ္တရာတရားကို အပိတ်အပင် အဆီးအတားမရှိ ထိုးထွင်း၍သိရာ၌ "နေ မေ အာစရိယော အတ္ထိ"ဟူသော ပါဠိတော်အရ ရှောဆာင်လမ်းပြ ဆရာမရှိစေကာမူ လောကီ စျာန်သမာပတ်အရာ၌ကား အာဠာရ, ဥဒက ရသေ့ဆရာကြီးတို့ထံ နည်းခံသင်ယူသည့်အလား မိမိသည် သိမြင်ရရှိ အားထုတ်အပ်သော သမထ ဝိပဿနာနည်းတို့ဖြင့် တင်းတိမ်ရောင့်ရဲနိုင်ခြင်း မရှိရကား—

ပိယော ဂရုဘာဝနိယော၊ ဝတ္တာစ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နောစဋ္ဌာနေ နိယောဇယေ။ ။

ဟူသော အဋ္ဌကထာနှင့်အညီ ပိယ-စသော ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံလျက် ပျားပိတုန်းတို့၏ စားသုံးရာဖြစ်သော ပန်းရက်ဝတ်မှုံတို့ဖြင့် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးကဲ့သို့ လည်းကောင်း၊ ကေ့ားငှက်အနေပါင်းတို့၏ မှီခိုရာ အားထားရာဖြစ်၍ မြိန်မြတ်သောအသီးကို ဆောင်တတ်သော သစ်ပင်ကြီးကဲ့သို့ လည်းကောင်း၊ သူဆင်းငါတက် နှစ်သက်ဖွယ်ရာ ငါးဖြာသော ကြာမျိုးတို့ဖြင့် လွှမ်းမိုးပြည့်ဝ အေးမြကြည်လင်သော ရေရှိသော ရေကန်ကြီးကဲ့သို့ လည်းကောင်း၊ ဆင်းရောင်ထွေပြားသားငှက်တိရိစ္ဆာန်တို့အား ဝင်းဝါထိန်လင်း ရွှေအဆင်းကိုသာ တည်

တည္ၿတိတ္တည္းေပးတတ္သေ နေရမည္သေ ရွိေတာင္ၾကီးကဲ့သို့ လည္းေကာင္း၊ သတ္တဝါအေပါင္းတို့ကို လိုရာကိုေပးတတ္သေ ဇာတိရသ် ပတ္တမြားရတနာၾကီးကဲ့သို့ လည္းေကာင္း၊ လွန္စ္ဘာကၽြဲၾကားသေ သီလ သမာဓိ ပညာဂုဏ္တို့ျဖင့္ ဝဲယာရွိေနာက္ ထက္ေအာက္ခြာက္တန္ ျပည့္လံုးထင္ရွားလ်က် သမထ ဝိပဿနာ အားထုတ္နည္းတို့ကို ပါဠိအဋ္ဌကထာ ဋီကာ ၊သေသ ကၽမ်းလာ၊ကား၊ အရွိန္ခ်ိန္ခ်ိန္ရွိေသာအာစရိယ ဝါဒ၊ အေနာက္ခ်ိန္ခ်ိန္ရွိေသာ မဇ္ဈိမဒေသ ဟိမာလယမည္သေ တံုးတက် ျပည့္သား သီဟိုဠ္ကၽြန္ၾကြလာေတာ္မူသေ ၊ သျင္သ္ပ်ိ လတိသ၏ အယူ ဝါဒစသေအထြဲထြဲသေ ကၽမ်းေတြ့လက္ေတြ့နည္းဖ်ံျဖင့္သိပ်ံသည္းစြာ ေပးစြမ်းနိုင္သေ လုံးေတာ္ဆရာေတာ္ဘုရားၾကီး၊ အရာေတာ္ဆရာေတာ္ ဘုရားၾကီးနွစ္ပါးတို့၏ အားထားယုံၾကည္လြန္ေလာက္သေ တပည့္ၾကီးျဖစ်လ်က် ပိဋကတ်အရာ လွန္စ္ဘာကၽန စူးရွသေဉာဏ်ပညာ၊ အရပ်ေလးမ်ိုးနာတို့မ်ိုလာသေ ေလတ့ံျဖင့္ ယိမ်းယိုင်ခြင်းငါ မစြမ်းနိုင်သေ ကေၾကာက်အတိပ်ြီးသေ ေတာင္ၾကီးကဲ့သို့ တည္ၾကည်ခိုင်ခံ့သေ သမာဓိဂုဏ်၊ စာမရီသားကောင်သည် မိမိမြီးဆံကို ချစ်သကဲ့သို့၊ ချင်ခင်စောင့်ထိန်းအပ်သေ သီလဂုဏ်တို့နှင့် ျပည့်စုံလ်ျက် လာသမ္ပသေ ယောဂီ ပုဂ္ဂိုလ်တို့အား ကၽနသေချာစွာ သမထ ဝိပဿနာနည်းတို့ကို ေပးေတာ္မူတတ်သေ ကလ်ာဏမိတ္တပုဂ္ဂိုလ်စစ်ျဖစ်၍ အဂ္ဂမဟာပဏ္ဍိတ၊ ဒီလစ်ဘွဲ့ရ၊ ပိဋကတ္တယကၽောဝိဒ၊မဟာဓမ္မကထိက၊ မုံရြာမ်ိုး၊ လယ်တီဆရာေတာ္ဘုရားၾကီးတို့၏ ကောင်းၾကီးေ၊အပ်သေ ကိုယ်နှင့်အသက် ငဲ့ကွက်ခြင်းမရှိ အလုံနှင့် ရွှေဘုံနယ်ေပ် အုတ်ဖိုေတာင်ၾကား ေတာၾကီးထဲ၌ ပဓာန အလုပ်ကို အားထုတ်၍နေေတာ်မူသေ အသျှ်အာဒီစွမည်သေ ၊ လက်ပံ ဆရာေတာ်ဘုရားၾကီး၏ ဂုဏ်သ၊င်းတို့ကို ၾကားရလေသည်။

လက်ပံဆရာေတာ်ဘုရားၾကီးထံသို့ နည်းခံရန် ၾကြသွားေတာ်မူခြင်း

ထိုအခါ "ပဏ္ဍိတာနဋ္ဌ သေဝနာ" ဟူသေ မဂ်လာတရ၊ားေတာ်နှင့် အညီ ပညာရှိသူေတာ်ကောင်းတို့ကို ဆည်းကပ်ရာ၌ အားရတင်းတိမ်ခြင်း မရှိဘဲ "ယဿတ္ထာယ ကုလပုတ္တာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ"

ဟူသော ပါဠိတော် ဥပဒေသအရ အရတ္တဖိုလ်တိုင်အောက်၌ ရဟန်းကိစ္စ ပြီးစီးအောင် လူ့ဘောင်စွန့်ခွာ၍ သာသနာတော်ထမ်း ရဟန်းပြုခဲ့သော စိတ်ရင်းရှိ သည် အားလျော်စွာ သမထ ဝိပဿနာနည်းတို့ကို လက်ဆုပ်လက်ကိုင် ကိုယ်တိုင်သင်ယူ အားထုတ်ရန် လည်းကောင်း၊ ပိဋကတ်အရာ လုန်စွာခဲခက် ဆစ်ဖုသော အဆုံးအဖြတ်တို့ကို သင်ယူရန် လည်းကောင်း၊ ထိုလက်ပံဆရာတော်ဘုရားကြီး၏ ထံတော်ပါးသို့ ကြွသွားတော်မူပြီးလျှင် ဆည်းကပ်ခိုလှုံလျက် နေ့ညဉ့်မလပ် အပတ်တကုတ် သမထ၊ ဝိပဿနာ အလုပ်ကို အားထုတ်ဆည်းပူးတော်မူလေသည်။

စတုတ္ထအကြိမ်

ထုတ်ဝေပြန့်ချိုခြင်း အမှာစာ

၁၃၂၅-ခုနှစ်က တတိယအကြိမ် ထုတ်ဝေပြန့်ချိုလျှုဒါန်းခဲ့သော "ယောဂိပါရဂူကျမ်း" သည် ယခုခေါင်ခြေ့ မရှိသလောက် ဖြစ်နေပါပြီ၊ အချိန်ကာလအားဖြင့် (၂၇)နှစ်မျှ ကြာခဲ့လေပြီ။

အမှာစာရေးသူ ကန္ဒီမြို့သို့ ၁၃၇၆-ခုနှစ်တွင် ပြောင်းရွှေ့ခေါင်းဆောက်ခဲ့ပြန်ရာ ကန္ဒီမြို့ ရွှေကျောင်းနှင့်ရွှေသီမ်တော်တော်ရှိ ကျောင်းနေ နှစ်ယောက် ဆရာ ပေါ်ဝါ ဦးဃောသိက သမဝါယမဦးစီးအရာမှ ဦးမြင့်မောင် စသည့် မဟာန်း ရှင်လူမျိုးက "ယောဂိပါရဂူကျမ်း"စာအုပ်ကို ပြန်လည်ရိုက်နှိပ်ရန် လျှောက်ထားလာကြပါသည်။

ကိုအချိန်မှာ ကန္ဒီမြို့ မ-၀-တ ဥက္ကဋ္ဌနှင့်ဇနီး ဖြစ်သော အချိန်ပိုင်း ယောဂီအမျိုးစုနှင့် အပြဲနေယောဂီများမှ ဆန္ဒအရ "ယောဂိပါရဂူကျမ်း"ကို ပြန်လည်ရိုက်နှိပ်ရန် အမှတ်ပြုခဲ့ပြီး ဟသ်ဘတမ်ဖွဲ့သို့ပြန်ကြွခဲ့ရာ ရန်ကုန်မြို့၌ မိုးကုတ်မြို့၊ ရွှေသီမ်တော်တောရကျောင်း ဒါယကာကြီး ဦးဘမ်း၊ ကျောင်းဒါပတ်ကားမကြီး ဒေါ်သန်းသန်းတို့နှင့် တွေ့ဆုံ စပ်မိ၍ "ယောဂိပါရဂူကျမ်း"ပြန်လည်ရိုက်နှိပ်မရေး အမိန့်ရှိရာ ၎င်းတို့ကပင် ဓမ္မဒါနအလှူရှင်ပြုလုပ်ပါမည်ဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာ လျှောက်ထားကြ၍ တရားလိုလား ယောဂီများကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ရပါသည်။

ထို့နောက် သာသနာရေးဂန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်တံ ကြွရောက်ပြီး နိုင်ငံတော် ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသည့် ကန္ဒီမြို့၊ ရွှေသီမ်တော်တောရ ဆရာတော်ဘုရား

ယောဂိပါရဂူကျမ်း

ကြီး စိရင်ရေးသားတော်မူသည့် "ယောဂိပါရဂူကျမ်း"ကို သာသနာရေး ဦးစီးဌာနမှ ရိုက်နှိပ်ပေးပါရန် မေတ္တာရပ်ခံသည့်အခါ သာသနာတော်ကို ဟထူးတခြား လေးစားမြတ်နိုးကြသည့် သူတော်ကောင်းများဖြစ်သည့် နှင့်အညီ ရိုက်နှိပ်ပေးပါမည်ဟု တာဝန်ခံလိုက်ပြန်သဖြင့် အလွန်အလွန် ကျေးဇူးတင်ဝမ်းမြောက်ရပြန်ပါသည်။

အမှာစာရေးသူသည် ကျေးဇူးတော်ရှင် ရွှေသီမ်တော်တောရ ဆရာ တော်ဘုရားကြီးထံတော်၌ ၁၃၂၆၊ ၂၇၊ ၂၈-ခုနှစ်များ၌ 'သမထ'တစ်နှစ်၊ 'ဝိပဿနာ'တစ်နှစ်စီ အားထုတ်ခဲ့ခြင်း၊ ခဲရာခဲဆစ်များကို လျှောက်ထား မေးမြန်းခြင်း၊ ဆရာတော်ဘုရားကြီး နှုတ်တော်ဖြင့်မိန့်သည့် "ဇရာမရဏ ပါရဂူ"ကျမ်းစာကို ရေးခဲ့ရခြင်း၊ (ထိုကျမ်းစာမင်းမ် ဘဝနတ်နန်း စံတော်မူသည့်အခါ "အပ္ပဟာတဇ"ဟု ပစ္ဆိမဝေနာ ကိုမိန့်ဆိုခဲ့ခြင်း) စသည့် ပညာပါရမီကို ဆည်းပူးခဲ့ရပါသည်၊ ထိုစဉ်အခါကပင် "ယောဂိ ပါရဂူကျမ်း" ပြန်လည်ရိုက်နှိပ်သည့်အခါ ပြင်သင့်ရာပြင်၍ ရိုက်နှိပ်ရန် မိန့်မှာတော်မူခဲ့ပါသည်။

တတိယအကြိမ်ရိုက် "ယောဂိပါရဂူကျမ်း"စာမျက်နှာနံပါတ်(၅၀)၌ (နိမိတ်သည် ရူပ်ပင်မဟုတ်သော်လည်း အကြောင်းဏ်အမည်ကို အကျိုး၌ တင်စား၍ အကြောင်းဖြစ်သော စိတ္တဇဝါယောဓာတ်ကို ရူပ်ဟု မှတ်ရ မည်)ဟု အမှားပါရှိ နေရာအမှန်ဖြစ်သည့် (အကျိုးပဋိဘာဂနိမိတ်ကို)ဟု အမှန် ပြင်ဆည့်ရန်လည်းကောင်း၊ အကိုးပါဋ္ဌကို (အဿာသပဿာသေ နိဿာယ ဥပ္ပန္နနိမိတ္တမ္ပေတ္တ အဿာသပဿာသ သမညမေဝ ဝုတ္တံ)ဟု ပြင်ထည့်ရန် လည်းကောင်း-စသည်တို့ကို မိန့်မှာတော်မူခဲ့ခြင်းကြောင့် စာဘုတ္ထအကြိမ် ရိုက်နှိပ်ရာ၌ တတိယအကြိမ်နှင့်မတူသော ပြင်ဆင်ချက် အနည်းငယ် တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ထို့အပြင် အမှာစာရေးသူ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်း၌ သီတင်း သုံး၍ ပါဠိပဋ္ဌိဝိသောဓက-တာဝန်ကို ဆောင်ရွက်နေစဉ် မူလကျမ်းညွှန်

မျှားခ္ခ် စာမျက်နှာ နံပါတ်မျှားကို လွယ်ကူချမ်းသာစွာ စာရှုသူတို့ ကြည့်ရှုနိုင်ပါစေရန် စေတနာမေတ္တာ ပင်ပန်းမှုကို အလေးမထားဘဲ ရှာဖွေ ထည့်သွင်းခဲ့ပါသည်။

စာအုပ်များ မပြည့်စုံခြင်း စသည်တို့ကြောင့် ရှာဖွေမှုသည်မှာ လွယ်ကူသောအရာ မဟုတ်ပါ။ ထိုကိစ္စခ္ခ် အကူအညီပေးတော်မူကြကုန်သော ရန်ကုန်ကို၊ ဆင်းလျားမြို့ဝင်လမ်း၊ မင်းကွန်းတောရ၊ တိုက်ကြပ် ဘုန်းတော်ကြီး ဦးရာဇိန္ဒ (သီရိပဝရမဟာစရိယ၊ တံပိုင်ရက၊ တစ်ပုံခွဲအောင်)နှင့် အလယ်တောရစာသင်ကျောင်း၊ တိုက်ကြပ်စာချ ဦးဝိနယ(သီရိပဝရ ဓမ္မာ-စရိယ၊ ဘီအေ၊ဂျက်စ် စီ၊ ရှုပဗေဒ) အ.ရှင်မြတ်ဘုန်းအား အထူးပင် ကျေးဇူး တင်ခြင်း ဖော်ပြအပ်ပါသည်။

နောက်နောင် ပြန်လည်ရိုက်နှိပ်လျှင် ပြင်ဆင်ထုတ်ဝေ၍ ရိုက်နှိပ်ရန် မိန့်တော်မူခဲ့သည့် ကျေးဇူးတော်ရှင် မဟာတော်ဘုရားပြုံး၏ ကျေးဇူး တော် ကြောင့်ကို စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်းဖြင့် "ကြေးဖြေပိတ်"များစွာ ဖြစ်မိပါသည်။

ဦးနန္ဒိယ
(သီရိပဝရမဟာစရိယ)
မြစေတီတောရ၊ ခြောက်ရွာ
ကုန်းကောက်စာတိုက် (အင်္ဂပူမြို့နယ်)
ဟသံတမြို့

အသုံးရှင်တို့၏ အာသီသ

ဤယောဂီပါရဂူကျမ်းကို ဗုဒ္ဓမြတ်စွာ၏အလိုတော်ကျ လူအများ၏ နိဗ္ဗာန်မဂ်ဖိုလ် ရရာရကြောင်း အသိဉာဏ်ရင့်ကျက် ပင့်လင်း အထောက်အပံ့ ဖြစ်စေခြင်းအကျိုးငှာ ယခုအခါ အခွင့်သင့်သည့် အားလျော်စွာ ကျွန်ုပ်တို့သည် လျှုဒါန်းကြပါကုန်၏။

ထိုသို့ လျှုဒါန်းရသော အကျိုးအားကြောင့် ကျွန်ုပ်တို့သည် ရသင့်ရထိုက်သော အကျိုးထူးတရားတို့ကို ယခုမျက်မှောက်ဘဝ၌ပင် ရရှိ ခံစားကြရ လိုပါ၏။ ယခုဘဝမှ အစပြု၍ နောင် ဖြစ်ပေါ်ရာ ဘဝတိုင်း ဘဝတိုင်း၌လည်း ပညာရှိသူတော်ကောင်းကို ပညာရှိသူတော်ကောင်းမှန်း သိတတ်သော အသိဉာဏ်ကို ရလိုပါ၏။ ပညာရှိသူတော်ကောင်းတို့နှင့် သာလျှင် တွေ့ကြုံဆုံစည်း ပေါင်းသင်းဆက်ဆံ ရလိုပါ၏။ ပညာရှိသူတော်ကောင်းကို ဘယ်သောအခါမျှ မပြစ်မှားမိသောအကြောင်းကို ရလိုပါ၏။ မိမိ၏အကျိုး သူတစ်ပါး၏အကျိုးကို အစွမ်းကုန် သယ်ပိုးဆောင်ရွက်နိုင်သော စွမ်းအားသတ္တိနှင့် ပြည့်စုံ ရပါလိုသတည်း။

ဤခမ္ဘာဒါန မြတ်ပူဇာသည် ကျွန်ုပ်တို့အဖို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အထောက်အပံ့သာလျှင် ဖြစ်ပါစေသတည်း။ ကျွန်ုပ်တို့၏ အသိ အမြင်ဉာဏ်ပညာသည် တစ်ဘဝထက်တစ်ဘဝ တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်ပြည့်ဝပြီးလျှင် အလိုရှိအပ် တောင်းတအပ်သော အတုမဲ့ချမ်းသာ မဟာအသင်္ခ်ာခေါတဲ့ မြတ်သောနိဗ္ဗာန်ကို မြင်နိုင် သိနိုင် ရယူနိုင်သောဉာဏ်နှင့် ပြည့်စုံရပါ လိုသတည်း။

ဤကုသိုလ်၏ အဖို့ကိုလည်း ဆရာသခင် ကျေးဇူးရှင်တို့အား လည်းကောင်း၊ မိခင်ဖခင် ကျေးဇူးရှင်တို့အား လည်းကောင်း၊ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်အတွင်းရှိ သီသင့်သီထိုက်သော ပုဂ္ဂိုလ်မြတ်တို့အား လည်းကောင်း ပေးဝေပါကုန်၏။ ကျွန်ုပ်တို့၏ကောင်းမှုကို ကြားကြားသိကြသည်ဖြစ်၍ ကျွန်ုပ်တို့နှင့် ထပ်တူ အမျှရကြပါစေကုန်သတည်း။

မာတိကာ

နံပါတ်	အကြောင်းအရာ			စာမျက်နှာ
၀။	နိဒါန်း	....	....	(က)
ခ။	ဘုရားရှင်၏ မိန့်ခွန်းတော်	....	....	(ဂ)
ဂ။	ကျမ်းပြို ကနီဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိ	....	..	(ဆ)
ဃ။	စတုတ္ထအကြိမ် ထုတ်ဝေဖြန့်ဖျိုရခြင်းအမှာ	....	....	(ဌ)
၀။	အလှူရှင်တို့၏ အာသယ	....	....	(တ)
၁။	ပဏာမ	....	....	၁
၂။	သတိပဋ္ဌာန်၏ နိဒါန်းကို ပြခြင်း	....	....	၃
၃။	လောကီမဂ္ဂင် လောကုတ္တရာမဂ္ဂင်ကို ပြခြင်း	....	....	၆
၄။	မဂ္ဂင်ရှစ်ပါးကို ဘုံသုံးဆင့်စပ်၍ ခန္ဓာသုံးပါးဖွဲ့ခြင်း	....	....	၁၀
၅။	သာသနာတော်၏ သာသနာပ ပုဂ္ဂိုလ်ကို ပြခြင်း	....	....	၁၃
၆။	မဂ္ဂင်ရှစ်ပါး၏ ခန္ဓပဟာန်ကိုပြခြင်း	....	....	၁၄
၇။	သီလခံယူနိုင်ခြင်း အကျဉ်းစကား	....	....	၁၆
၈။	ကမ္မဋ္ဌာန်းစီးဖြန်းသောသူတို့ မဂ်ကိုရနိုင်ခြင်း	....	....	၁၉
၉။	ကမ္မဋ္ဌာန်းယူရန် ဆရာ ၆-ယောက်ကို ပြခြင်း	....	....	၂၀
၁၀။	ပလ်ဗောဓ ပယ်ဖြတ်ခြင်း	....	....	၂၁
၁၁။	သဗ္ဗတ္ထက ကမ္မဋ္ဌာန်းစီးဖြန်းရန်	....	....	၂၂
၁၂။	ပါရိဟာရိယကမ္မဋ္ဌာန်းကို စီးဖြန်းရန် ပထမနည်းကို ပြခြင်း	....	....	၂၅
၁၃။	၎င်း ဒုတိယနည်းကို ပြခြင်း	....	....	၃၃
၁၄။	၎င်း တတိယနည်းကို ပြခြင်း	....	....	၄၃
၁၅။	၎င်း စတုတ္ထနည်းကို ပြခြင်း	....	....	၅၆
၁၆။	ကမ္မဋ္ဌာန်းတို့၏ ပဂုဏ်ဂုဏ်ကို ပြခြင်း	....	....	၆၂
၁၇။	သမထမှ ဝိပဿနာကို ကူးနိုင်ခြင်း	....	....	၇၃
၁၈။	ဥပစာမှ ဝိပဿနာကို ကူးနိုင်ခြင်း	....	....	၇၅

နံပါတ်	အကြောင်းအရာ			စာမျက်နှာ
၁၉။	ယခုအခါ အရိယာဖြစ်ထိုက်ကြောင်း	....	....	၇၈
၂၀။	ဓမ္မတာနည်းဖြင့် ရူပပရိဂ္ဂဟကို ပြခြင်း	....	....	၈၅
၂၁။	ပစ္စက္ခဉာဏ် အနုလောမဉာဏ်ကို ပြခြင်း	....	....	၈၉
၂၂။	ရူပ်နာမ်တို့၏ပျက်ခြင်း အာကာရကို ပြခြင်း	....	....	၉၅
၂၃။	ရူပ်ခန္ဓာ နာမ်ခန္ဓာတို့၏ မျှားခြင်းအကြောင်း	....	....	၉၇
၂၄။	ဓမ္မတာနည်းအားဖြင့် နာမပရိဂ္ဂဟကို ပြခြင်း	....	....	၁၀၁
၂၅။	ပဝတ္တိနည်းအားဖြင့် ရူပပရိဂ္ဂဟကို ပြခြင်း	....	....	၁၁၀
၂၆။	ပဝတ္တိနည်းအားဖြင့် နာမပရိဂ္ဂဟကို ပြခြင်း	....	....	၁၁၇
၂၇။	ရူပပရိဂ္ဂဟ, နာမပရိဂ္ဂဟတို့ကိုယှက်၍ ခန္ဓာ, အာယတန, ဓာတ်တို့ကို သာမညမုခ, သာဝေသသမုခ, အနဝေသသမုခတို့ဖြင့် ပြခြင်း	....	....	၁၂၉
၂၈။	သင်္ကာရဒိဋ္ဌိ နှစ်ဆယ်တို့ကို ပြခြင်း	....	....	၁၅၁
၂၉။	ပစ္စယပရိဂ္ဂဟကို အကျယ်ပြခြင်း		....	၁၅၉
၃၀။	အဒ္ဓါနပရိဂ္ဂဟကို ပြခြင်း	....	....	၁၈၀
၃၁။	ပရိညာ ၃-ပါးကို ပြခြင်း	....	....	၁၉၇
၃၂။	လက္ခဏာ၀ ၀တ္ထာနဝါရကို ပြခြင်း	....	....	၂၀၁
၃၃။	ဝိပဿနာရှုသောသူအား ဥပမာငါးပါး ထင်လာရခြင်း	....	....	၂၃၆
၃၄။	ဥဒယဝယဉာဏ်ကို ပြခြင်း	....	....	၂၄၀
၃၅။	တစ်နည်း ဥဒယဝယဉာဏ်ကို အကျယ်ပြခြင်း	....	....	၂၄၅
၃၆။	အနိစ္စလက္ခဏာကို မြင်ကာ ကြင်းသောလက္ခဏာတို့ကို မြင်နိုင်ခြင်း	....	....	၂၅၆
၃၇။	ဒုက္ခလက္ခဏာကို ပြခြင်း	....	....	၂၅၇
၃၈။	အနတ္တလက္ခဏာကို ပြခြင်း	....	....	၂၆၁
၃၉။	အနတ္တလက္ခဏာကို ထင်-မြင်-မြဲ အခြင်းအရာသုံးပါးဖြင့် ပြခြင်း	....	....	၂၇၁

နံပါတ်	အကြောင်းအရာ			စာမျက်နှာ
၄၀။	အနုတ္တလက္ခဏာ လွန်စွာနက်နဲခြင်းအကြောင်း	....	....	၂၇၃
၄၁။	အနုလောမခန္ဓိ၀ါရကို ပြခြင်း	....	....	၂၈၁
၄၂။	နာမရူပ ပ၀တ္တိဏ္ဍမ၀ါရကို ပြခြင်း	....	....	၂၈၅
၄၃။	နာမရူပ သတ္တကဝါရကို ပြခြင်း	....	....	၂၉၃
၄၄။	မဟာ၀ိပဿနာ၀ါရကို ပြခြင်း	....	....	၃၀၆
၄၅။	ဥပက္ကိလေသတရားဆယ်ပါးကို ပြခြင်း	....	....	၃၁၁
၄၆။	အန္ဓ, ကလျာဏတို့ အမည်ကွဲပြားပုံကို ပြခြင်း	....	....	၃၁၆
၄၇။	ဘင်္ဂဉာဏ်ကို ပြခြင်း	....	....	၃၂၅
၄၈။	ဘယဉာဏ်ကို ပြခြင်း	....	....	၃၂၉
၄၉။	အာဒီနဝဉာဏ်ကို ပြခြင်း	....	....	၃၃၀
၅၀။	နိဗ္ဗိဒါဉာဏ်ကို ပြခြင်း	....	....	၃၃၂
၅၁။	မုစ္စိတုကမျတာဉာဏ်ကို ပြခြင်း	....	....	၃၃၃
၅၂။	ပဋိသင်္ခါဉာဏ်ကို ပြခြင်း	....	....	၃၃၄
၅၃။	သင်္ခါရုပေက္ခာဉာဏ်ကို ပြခြင်း	....	....	၃၃၆
၅၄။	သာမညအားဖြင့် မဂ်ကိုကူးနှိုင်ခြင်း အကျဉ်းစကား	....	....	၃၄၂
၅၅။	ဝိပဿနာဉာဏ်တို့ရောယှက်ပုံကို ပြခြင်း	....	....	၃၄၃
၅၆။	ဝိပဿနာဉာဏ်ကို ပစ္စက္ခအားဖြင့် မြင်နှိုင်ခြင်း	....	....	၃၄၆
၅၇။	ဝိပဿနာဉာဏ်ဆယ်တန်ကို ဓာတ်လေးပါး၌ သွင်းပြခြင်း	....	....	၃၄၈
၅၈။	အနုဒေလာမဉာဏ် ဓေါတြဘူဉာဏ်တို့နှင့်တကွ မဂ်ကို ကူးနှိုင်ခြင်း	....	....	၃၅၂
၅၉။	မဂ်ဖိုလ်တို့၏ အာရုံပြုအားပ်သောနိဗ္ဗာန်ကို ပုဗ္ဗဘာ ၃-ချက်တို့ဖြင့် မေးပုံ	....	....	၃၆၃
၆၀။	နိဗ္ဗာန်၏ ဝစနတ္ထကို ပြခြင်း	....	....	၃၆၃
၆၁။	နိဗ္ဗာန်၏အပြားကို ပြခြင်း	....	....	၃၆၅

၆၂။ နိုဗ္ဗာန်၏သဘောကို ပြခြင်း ၃၆၇
၆၃။ နိုဗ္ဗာန်ကို ဟောတော်မူခြင်းအကြောင်း — ၃၇၈
၆၄။ နိုဗ္ဗာန်ကိုရှာရခြင်းအကြောင်း ၃၈၀
၆၅။ နိုဗ္ဗာန်ကိုမြင်သောသူတို့ကို ပြခြင်း ၃၈၂
၆၆။ နိုဗ္ဗာန်ကို မြင်သောအခါ
ဖြစ်သော အာကာရဘာဝတို့ကို ပြခြင်း ၃၈၈
၆၇။ နိုဗ္ဗာန်ကိုမြင်ရာ၌ သစ္စာလေးပါးကို
ဒဿနအားဖြင့် မြင်ခြင်း ၃၉၁
၆၈။ နိုဗ္ဗာန်ကိုမြင်သောအခါ သတ္တိကိုပြခြင်း ၄၁၉
၆၉။ နိုဗ္ဗာန်ကို မြင်သောသူတို့၏ စိတ်ပေါ့ပါးခြင်း
သုံးပါးကို ပြခြင်း ၄၃၃
၇၀။ နိုဗ္ဗာန်ကို မြင်ပြီးသောသူတို့၏
လက္ခဏာကိုပြခြင်း ၄၃၅
၇၁။ သောတာပတ္တိမဂ်စိတ်၏ လက္ခဏာကိုပြခြင်း ၄၄၀
၇၂။ မဂ္ဂပစ္စဝေက္ခဏာငါးပါး စသည်ကိုပြခြင်း ၄၄၂
၇၃။ ဖလသမာပတ်ကိုပြခြင်း ၄၄၆
၇၄။ အထက်မဂ်ကိုကူးရန် ဝိပဿနာအားထုတ်ခြင်း ၄၅၁
၇၅။ ဝိပဿနာမဂ်ဖိုလ်အမည်နာမစသည်ကိုပြခြင်း ၄၅၅
၇၆။ ဝိပဿနာမဂ်ဖိုလ်အမည်နာမစသည်ကို ဗောဓိပက္ခိယတရား
၃၇-ပါး၌ သွတ်သွင်းရှုပြခြင်း ၄၅၈
၇၇။ အရိယာခုနှစ်ယောက်တို့ကို ရှေးကောက်ရှုပြခြင်း ၄၆၁
၇၈။ အာနာပါနကမ္မဋ္ဌာန်းကိုစီးပြန်းရသောအကျိုးငါးပါးကို
ပြခြင်း ၄၆၄
၇၉။ သတိပြုရန် မှာထားချက် ၄၆၈
၈၀။ ပညာရှိတို့အား ပန်ကြားခြင်း ၄၇၃
၈၁။ ကျမ်းပြီးနိဂုံး ၄၇၈

ယောဂိပါရုဂ္ဂကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁-ပဏာမ

ပါရဂ်တံ လောကနာထံ၊ ပါရုပေတံ ဘိဝန္ဒိယ။
ပါရပတ္တံ ရိယာသံယံ၊ ဝေနေယ္ယာနံ ပရတ္ထယ။
မဟာန္တဂုဏသမ္ပန္နံ၊ ဂရုံ ဝန္ဒါမိ သီရသာ။
ကဿာမိ ယောဂိပါရဂ်ံ၊ မယုံ ဟေတိ ဘိပေသိတော။
ပတ္ထုကာမမဟိ ပါရဂ်ံ၊ သပ္ပုရိသေဟိ ဟေ ဣမံ။
သံပဿန္တု ပုနပ္ပုနံ၊ နိစ္စံ ဒဠ္ဍပရက္ကမန္တိ။

[ပဌမ ဂါထာ – ပဌမ ခု-ကာရဝိပုလာ ဂါထာ။ ။ဆန္ဒါနုရက္ခဏ-အကျိုးငှါ ပရတ္ထယ-ထားသည်။ ပါရတ္ထာယ သာ ပုဒ်ရင်း။ ။ဒုတိယနှင့် တတိယ ဂါထာ-ပတျာဝတ္တ]။

အဟံ၊ ငါသည်။ပါရဂ်ီတံ၊ သံသရာအဝှမ်း တစ်ဘက်ကမ်းသို့ ကူးသန်း ထုတ်ချောက် ရောက်တော်မူပြီးထသော။ လောကနာထံ၊ လူ နတ် ဗြဟ္မာ သတ္တဝါဟူသမျှတို့၏ ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ တမူလည်း ဖြစ်တော်မူထသော။ ပါရဂ်မကုဋ်၊ သံသရာအဝှမ်း တစ်ဘက်ကမ်းသို့ ကူးသန်း ထုတ်ခြောက် ပေါက် မြောက် အောင် မြင် တော် မူ ပြီး သော ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့၏ သင်းကျစ်ဦးစိုက် မကိုင်ခိုသဖွယ် ဖြစ်တော်မူသော လောကသောဌနင်း တရားမင်းဘုရားရှင်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အဘိဝန္ဒိယ-အဘိဝန္ဒာမိ၊ တုပ်ကွရိကျိုး လက်စုံမိုးမျှ ရှိခိုးပါ၏။ အဘိဝန္ဒိယ-အဘိဝန္ဒိတ္ဝာ၊ တုပ်ကွရိကျိုး လက်စုံမိုးလျက် ရှိခိုးပြီးမျှ။ ပါရုပေတံ၊ သံသရာအဝှမ်း ကမ်းတစ်ဘက်သို့ ဗိုလ်ခြေဟိန္ဒဂူ မျှားနတ်လူကို ကယ်ယူပို့ဆောင်ပေတတ်သော ဂုဏ် ကျေးဇူး အထူးတို့နှင့် ပြည့်စုံတော်မူထသော။ ဓမ္မဥ္စ၊ မဂ်လေးတန် ဖိုလ်မြတ်လေးတန် နိဗ္ဗာန်·ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အပေါင်း ကိုလည်း။ အဘိဝန္ဒိယ-အဘိဝန္ဒာမိ၊ ထုပ်ကွရိကျိုး လက်စုံမိုးမျှ ရှိခိုးပါ၏။ အဘိဝန္ဒိယ-အဘိဝန္ဒိတ္ဝာ၊ တုပ်ကွရှိကျိုး လက်စုံမိုးလျက် ရှိခိုးပြီးမျှ။ ပါရပတ္တံ၊ သံသရာအဝှမ်း တစ်ဘက်ကမ်းဟုဆိုအပ်သော အသင်္ခတဓာတ် ပရမတ္ထနိဗ္ဗာန်သို့ ဧကန်ထုတ်ခြောက် ကူးမြောက်တော် မူပြီးသော။ အရိယသံဃဥ္စ၊ အရှင်ဘုရားရှစ်ဖော် သံဃာတော်အပေါင်းကိုလည်း။ အဘိ-ဝန္ဒိယ-အဘိဝန္ဒာမိ၊ တုပ်ကွရိကျိုး လက်စုံမိုးမျှ ရှိခိုးပါ၏။ အဘိဝန္ဒိယ-အဘိဝန္ဒိတ္ဝာ၊ တုပ်ကွရိကျိုး လက်စုံမိုးလျက် ရှိခိုးပြီးမျှ။ ဝေနေယ္ယာနံ၊ လူနှင့်ဗြဟ္မာ သတ္တဝါဝေနေယျ ဟူသမျှတို့၏။ ပါရတ္ထာယ၊ သြဃလေးဖြာ သံသရာမှ လျင်စွာကုတ်ခြောက် တွက် မြောက် စေ ခြင်း အ ကျိုး ငှာ (ကသာမိဠ္ဠ စပ်)။ မဟာနွှဲကုဏာသမ္ပန္နံ၊ အနန္တငါးပါးတို့တွင် တစ်ပါးအဝင် ဖြစ်၍ မျှားဖြင်ကြီးကျယ် အုံ့သြဖွယ်ရှိသော ဂုဏ်တို့နှင့် ပြည့်စုံတော် မူပေသော။ မယုံ၊ အကျွန်ုပ်၏။ ဂရုံစ၊ ကျောက်စာတိုင်ဟန် မြဲမြံခိုင်ကြံ့ ခိုင် သိလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံခြင်း ရှိတော်မူကြ

ပေသော ဆရာသခင် အရှင်မြတ်အပေါင်းကိုလည်း။ သ်ရသာ၊ ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတ္မာ၊ ရှိခိုးပြီး၍။ တဟိ၊ ထိုကျေးဇူးသခင် ဆရာ အရှင်တို့သည်။ အာဘိပေသိ=တာ၊ အထူးသ=ဖြင့် ချီးမြှင့်စေခိုင်း=ကော်မူကြသည်ဖြစ်၍(၀ါ)=စခိုင်း=တော်မူကြသောကြောင့်။ ယောဂိပါရဂံ၊ ယောဂီသခင် အရှင်သူတော်ကောင်းတို့၏ ခနောင်း ရစ်စုပ် သမုဒ်ဩဃသာ သံသရာမှ ထွက်=မြောက်ရာ ထွက်=မြောက်=ကြောင်း ဖြစ်သော ဂုဏ်အထူး=နှင့် ပြည့်စုံခြင်းရှိ=သော "ယောဂိပါရဂူ" မည်သော ကျမ်းကို။ ကဿာမိ၊ စီရင်ရေးသား အားထုတ်ပေအုံ့။ ပါရဂံ၊ သံသရာ အဝှမ်း ကမ်းတစ်ဘက်ရပ် ပရမတ္ထန်ဗွာန်သို့။ ပဘ္ဘုကာ=မဟိ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေး=ပြန်ခေါက် ကြောက်လှ=ကြ=ကြ=ကြ=ကုန်သော။ သပ္ပုရိသေဟိ၊ သူတော်ကောင်းအပေါင်းတို့သည်။ မေ-မေ၊ အကျွန်ုပ်၏။ သန္ဓိကာ၊ အထံမှ။ ဣမံ ဂန္ထံ၊ ဤ"ယောဂိပါရဂူ"မည်သော ကျမ်းကို။ နိစ္စံ၊ အမြဲ။ ဒဠ္ဍပရက္ကမံ ဒဠ္ဍပရက္ကမန္တော၊ မဆုတ်မနစ် အားသစ်တက်ကြသော လုံ့လရှိကြကုန်သည်ဖြစ်၍။ ပုနပ္ပုနံ၊ အဖန်ဖန်အခါခါ(၀ါ) ပုနပ္ပုနံ၊ အပြန်ပြန်အထပ်ထပ်၊ သံပဿန္တော၊ အာဒါသတလ ကြေးမုံ၀ယ် မုခနိမိတ် မျက်နှာရိပ်သို့ မမှိတ်ခဲသုန် ရှုတော်မူကြပါကုန်လော့။

၂-သတိပဋ္ဌာန်၏ နိဒါန်းကို ပြခြင်း

တြိခေတ္တာ၊ တိလောကဟု၊ ဘ၀သုံးဆိုင်၊ သုံးခရိုင်ထက်၊ အပိုင်အပိုင်၊ ဦးကိုင်ပြု=သူ၊ဟူ=ဟူ=သမျှ၊ မနုဿ ဒေ၀ါ၊ မြတ်ဗြဟ္မာတို့၏၊ ပသာဒစက္ခု၊ ၀တ္ထု မနိုင်ခြေ တည်း=ဟူ=သော ကျေးဌက်ခပင်းတို့၏ မှီဘင်းပျော်ပါး မြူးစား ရှင်လန်းဆာ အနုဗျဥ္ဇနာ၊ လက္ခဏာတော်စုံ၊ အုံ့မကုန်သော၊ ရူပါရုံ တကာ တို့၏ အထွတ်အထိပ်၊ ဝိသိဋ္ဌဂုဏ်ကျေးဇူး=ကြီး=ဖြစ်=၍၊ ညီးညီး=လျှပ်=လျှပ်၊ ယိုစီး မတတ်၊ ဖိတ်ဖိတ်ဟပ်=သော၊ နဝရတ်ဘုံဆောင်၊ ဒေ၀ပုလ်တောင်ကို၊ နေအရောင်ဟပ်=သကဲ့=သို့၊ တလျှပ်=လျှပ် တ၀င်း=၀င်း၊ ထွန်းလင်း=သော ရောင်ခြည်တော် ခြောက်သွယ်ဖြင့်၊ မိုးနယ်အထက်၊ ဘ၀ဂ်တိုင်တိုင်၊ ယှဉ်ပြိုင်ပျံ=မြူး၊ လုံ=လူး=ရှန်း=ဂ၊ ထွန်းလင်း=ပေ=ဘာ=၊ လောကသာ=ဒိတ္ယ၊

ပဝရထွတ်ဖျား၊ ဘုရားကိုယ်တော်မြတ်သည်၊ နှစ်စဉ်မပြတ်၊ လှည့်ပတ်တော် မူမြဲဖြစ်သော ဒေသစာရီ၊ ဌာယီသုံးဝန်းတွင်၊ အကြင်အခါ၊ မဟာမဏ္ဍလ၊ ခရီးမဖြင့်၊ မြန်းကြွလှည့်လည်တော်မူ၍၊ ဇမ္ဗူပတ်ဝိုက်၊ တိုက်အားယယ်ကြော၊ သောဌသနဂိုရ်တွင်၊ နုံပျိုသာလွန်၊ မြေနက်သန်နှင့်၊ ဟိမဝန္တမြို့၊ ဂန္ဓိုင်စုံနီးဝယ်၊ ပျော်ဘွယ်ကြီးဇုလှသော၊ ကုရုတိုင်းဌာန၊ ကမ္မာသခမ္မနိုဂုံးသို့ရောက်တော်မူလျှင်၊ တုံ့ပြန်ကြည်သားတို့အား၊ တရားဖိုးထိုက်၊ မျိုးအမြိုက်ကို၊ စရိုက်သင့်ပေးတော်မူခြင်းငှါ၊ နိဂုံးရှာမှ၊ တာဝါးရာအလွန်၊ မဟာဝန်တောအုပ်သို့ကပ်၍၊ လျှောက်ပတ်သန့်ရှင်း၊ မြို့ဝင်အုပ်တွင်းဌ၊ သီတင်းသုံးနေတော်မူသတည်း။

ထိုအခါ ဖူးမြော်ပူဇော်လာကုန်သော လေးဖြာသောပရိသတ်တို့အား ဘုရားတို့ဘံထွာ၊ အားသယာနုသယ၊ ဣန္ဒြိယပရောပရိယတ်၊ အမြတ်နှစ်ဖော်၊ မျက်စိတော်ဖြင့်၊ တန့်ခမျှော်ထောက်ဆတော်မူသည်မှာ၊ မဟာကုရုရဋ္ဌ၊ ဤဒေသသည်၊ သာမည်မဟုတ်၊ ဝိသုဒ္ဓိဒေဝိန်၊ မုနိန်ခေါင်ဖျား၊ ငါဘုရားသည်၊ ရှေးဖျားကပ်စ၊ သမ္ဘတမှသည်၊ ရာဇဝံသာ၊ စဉ်လာဆက်ထ၊ သတ္တမ ရာဇာန်၊ ခါအကြိမ်၌၊ တာဝတိံတော်၊ စိုးပိုင်အုပ်ကွပ်၊ တန်ခိုးလွတ်သော၊ သုဒဿန၊ ဝရစက္ကရတ်၊မန္ဒာတ်မင်းစစ် ဖြစ်တော်မူ၍၊ ဘယ်သူတစ်ဦး၊ မရှိဖူးသော၊ တိမ်ဦးမိုးညွှန်၊ ပျံကွန့်ဒေသစာ၊ လှည့်နှင်ရာ စာသော၊ ရုစာဂီဆင်၊ ပြောင်ယာဉ်ဆဒ္ဒန်၊ မြင်းပျံအားဇာ၊ ဝေဟာပြင်ကြီး၊ လေခရီးကို၊ ညီးညီးပျံကြ၊ စကြာရ၍၊ ဆတ်ခ်ိ သယူဇနာ၊ ဗိုလ်ပါဝန်းမြောင်၊ အပါဆောင်လျက်၊ နှစ်ထောင်ဝန်းပတ်၊ ကျွန်းလေးရပ်ကို၊ မပြတ်လှည့်လည်၍၊ အပြည့်ပြည့်သား၊ ဗိုလ်တလှားကို၊ တရားသြဝါဒ၊ နှက်လမ်းပြု၍၊ မစ,ချီးမြှောက်တော်မူသောအခါ၊ ဂေါယာဒီပ၊ ဥဗ္ဘာရုန္ဒင်၊ ဂိဇဒဟသူ၊ အမျှားလူတို့သည်၊ ဇမ္ဗူကျွန်းမြတ်၊ အောင်မြှီရုပ်ကား၊ စက္ကဝတ်ခေသင့်နင်း၊ မင်းမင်းဆွတ်တင်၊ ဘုရားရှင်တို့၊ အစဉ်သစ်သစ်၊ ပွင့်ရာဖြစ်သောကြောင့်၊ စင်စစ်ပျော်ဖွယ် ရှိလှသည်။ ငါတို့လိုက်၍၊ နှစ်ခြိုက်ရှင်ကြည်၊ ကရားရည်ကို၊ နေ့ရှည် ရက်လ၊ သောက်ချိုး

ရမ္မ၊ သုခအခေါင်တိုင်လိမ့်မည်ဟု၊ မှတ်ရည်ဖြူဖြူ၊ လိုက်လာကြသည်ကို၊ ပရိဏာဝယက၊ သြရဇဖြစ်သော ဝရမင်းမြတ်သည်၊ နေရပ်ဂုဏ်ရင်းနှင့်၊ ပုံခင်းညီစွာ၊ လျှော်ရာဒေသ၊ စုဝန်းချပြီးလျှင်၊ဝိဒေဟသား၊ ဗိုလ်အမျှားကို၊ ထားရာဒေသ၊ ရပ်ဌာနကို၊ ဝိဒေဟတိုင်း တွင်စေသည်၊ ထိမ်ပင်ရောက်သော၊ အနောက်ကျွန်းသူ၊ တဝန်းလူတို့ ထူထောင်တည်စံ၊ ပြည်ရပ်ဌာန်လည်း၊ အပရန္တတိုင်းတွင်လေသည်၊ ပဒေသာ ရောက်၊ မြောက်ဥတ္တရာ၊ နတ်လျှာကျွန်းနေ၊ ဗိုလ်လူတွေတို့၊ မြစ်ခြေတည်ပြု၊နေရပ်စုသည်လည်း၊ ကုရုတိုင်းဟု၊ သမိုင်းဆင့်ဆင့်၊ မော်ကွန်းမြှင့်လျက်၊ ယခု ငါပွင့်သည်တိုင် တည်လေသည်။

ယင်းသို့ဖြစ်၍၊ နေခေတ်ဌာန၊ မွန်မြတ်လှလျက်၊ ဟမ္မဝါဒီ၊ ပဉ္စသီကြောင့်၊ သုံးမည်ပစာယန၊ ဂါရဝဖြင့်၊ ညီမျှမေတ္တာ၊ ဥာဏ်ရင့်မာသော၊ ပဒေသာကျွန်းနွယ်ဖြစ်ပေသည်၊ ကမ္မာသမ္မေ၊ အနှတ္ထဖြင့်၊ ခေါ်ကြစ့ဲသုံး၊ ဤနိုဂုံးသည်လည်း၊ သုံးလူ့ဥဿျောင်၊ ငါမင်းခေါင်သည်၊ မျှားမြောင်ပါရမီ၊ ဖြည့်ညီကာလ၊ ဇာတ်ဘဝတွင်၊ သုတသောမ၊ လောကမှန်ကူ၊ ဇမ္ဗူကြေညာ၊ မင်းဖြစ်ခါက၊ ဗာရာမင်းစော၊ ပေါရိသာဒ်မိုက်၊ လူသားကြိုက်ကို၊ အမိုက်ကင်းအောင်၊ အလင်းရောင်ဖြင့်၊ ငါဆောင်ပြ၍၊ ဓမ္မလေးပါး၊ ငါ့တရားလျှင်၊ တည်နားရာရပ် ဖြစ်ပေသည်၊ သို့သည်ဂုဏ်ထူးကျေးဇူးကြီးမြတ်၊ ဤတိုင်းရပ်၌၊ ပညတ်မျှားမျှား၊ တရားသာမည၊ အကာမျှနှင့်၊ သပ္ပါယ မဖြစ်ပေရာ၊ ပါဠိစဉ်ဆက်၊ အနက်ဒေသနာ၊ သိဖွယ်ရာဟု၊ လေးဖြာဂမ္ဘီ၊ ဂုဏ်ဆီပြည့်ဘိ၊ အတိသုခုမ၊ ပရမတ္ထစစ်၊ အနှစ်ခခါက်ခခါက်၊ ဓင်ရောက် ဖိုလ်ထိ၊ အကျိုးရှိခသာ၊ သတိပဋ္ဌာန်၊ တရားမွန်နှင့်သာ၊ အလွန် သင့်လျော်လုပေသည်။

ဤသည့်သုတ်ကို၊ အာဃာတလေ့ကျက်၊ သင့်ဆောင်ရွက်မှု၊ အသက်ရှည်စွာ၊ ကိန်းလျက်ပါသော၊ ရာဂ ဒေါသ၊ စသည်ညစ်ကြေး၊ ကိလေမြှေးလည်း၊ ဖြည်းဖြည်းကွာလွင့်၊ ပညာရင့်၍၊ အသင့်စင်ကြယ်ဘိရာသည်၊

သောက ပရိဒေဝ၊ လေ-ငိမ်းကျလည်း၊ မမှေရချမ်း၊ ဆွတ်ခါဖျန်းရ၊ ငြိမ်းချမ်းမြောဘိရာသည်။ ဒုက္ခ ဒေါမနဿ၊ ရောဂါကပ်လည်း၊ ဆေးမြတ် ပမာ၊ ဒေသနာကြောင့်၊လွတ်ကွာပျောက်ချုပ်၊ ငြိမ်းရာသည်။ မြတ်ခေါင် ထိသော၊ အရိယမဂ်ဥာဏ်၊ ဖိုလ်လေးတန်ကို၊ အမြန်ရလွယ်ဘိဆာသည်။ ဌာနခေါင်ချုပ်၊ လောကုတ္တရာ၊ မြိုက်နိဗ္ဗာန်ကိုလည်း၊ ဧကန်မျက်မှောက် သိရာသည်။

၃- ဧလာကိမဂ္ဂင် ဧလာကုတ္တရာမဂ္ဂင်ကိုပြခြင်း

ဤအကျိုးထူး၊ ခုနစ်ဦးကို၊ ဆွတ်ခူးနိုင်ကြောင်း၊ အကောင်းလွန်လှ၊ မမှေရတနာ၊ ဒေသနာမြတ်၊ မဏိရတ်ကို၊ ကုရုရပ်သား၊ လေးပါးပရိသာ၊ ရှေသေတ္တာ၌၊ ငါသိုမ့်းတော်မူခဲ့မည်ဟု၊ အရှည်မြင်မြော်၊ ရှေဥာဏ်ရော်၍၊ မြှက်ဖော်ဟောကြားတော်မူခြင်းငှါ—

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်-မာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ—

အစရှိသဖြင့် ဟောတော်မူသည်။ ဒီ ၂၊ ၂၃၁။

ဘိက္ခဝေ'ရဟန်းတို့။ ကောယနော၊နှစ်ကြောင်းနှစ်မြှာ မကဲ့လာ၍ ကောပထ အမည်ရသော။ [ဤအနက်ကား။ "ကေမဂ္ဂေါ အယံ ဘိက္ခဝေ မဂ္ဂေါ နု ဒ္ဒိဝေါပထဘူတော"—ဟူသည်ကို ငဲ့သည်]။ ။(၀၊) အဖော် မလျှောက် တစ်ယောက်ထီးထီး မဂ်ယာဉ်စီး၍ ခရီးဆုံးသွားအပ်သော။ ["ဧကေန ဟိ ၎ဏသင်္ကိတံ ပဟာယ ဥပဂဋ္ဌေန ပဝိဝိတ္တစိတ္တေန အယိ-တဗ္ဗော ပဋ္ဌိပဇ္ဇိတဗ္ဗော" ဟူသည်ကို ငဲ့]။ ။(၁၊) မဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့် သွားအပ်သော။ ["အယဉ္စ ဝါ ဧတေနာတိ အယနော၊ သံသဝ်ရတော နိဗ္ဗာနံ ဂစ္ဆန္တိတ် အဇ္ဇာ"ကို ငဲ့]။ ။(၀၊) လူတွင် အလွန် အမှန်ဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွာ၊ ဘဂဝါတို့၏ သွားရာဖြစ်သော။

[ကောဿာတိ သေဋ္ဌဿ၊ သမ္ဘသတ္တာ၏သဋ္ဌော စ ဘဂဝါ ကို ငဲ့]။ (ဝါ) ဗုဒ္ဓမြတ်စွာ သာသနာဟု ဆုံးဖြောဆုံးရပ် ပိဋကတ်ဝယ် လျှပ်လျှပ်ရောင်ဝေ ကွန်မြူးလေ့ရှိ ဖြစ်ပေတော်သော။ [ကေသို့ အယနော တိ ကောယနော၊ ဣမသို့ ယော၀ ဓမ္မဝိနယော ပ၀တ္တတိ ကို ငဲ့]။ ။(ဝါ) ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအပေါင်း သူတော်ကောင်းတို့၏ ပုန်းအောင်းပျော်ဝင်စံ၊ တစ်နိဗ္ဗာန်သို့၊ ဝင်ရန်ခရီးဖြစ်သော၊ [ဟေ့ဘာဝေ နာနာမုခ-ဘာ၀နာနယပ၀တ္တော ဝိ အဟရဘာဝေ ကော် နိဗ္ဗာနမေ၀ ဂစ္ဆတိ ကို ငဲ့]။

အယံမဂ္ဂေါ ဤလောကုတ္တရာမဂ်၏ ရှေအဖို့ဖြစ်သော မဂ္ဂင်ရှစ်ပါးမြတ်တရားသည်။ [ကောယနမဂ္ဂေါ ဝုစ္စတိ ဟေ့ဘာ၀ဘသတိပဋ္ဌာနမဂ္ဂေါ ကို ထောက်]။ (ဝါ) နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးသည်။ (ဝါ) နိဗ္ဗာန်ကို ရကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးသည်၊ (ဝါ) နိဗ္ဗာန်ကို အလိုရှိကုန်သော သူတို့သည် နိဗ္ဗာန်ကို ရှာမှီးအပ်သော မဂ္ဂင်ရှစ်ပါး မြတ်တရားသည်။ [မဂ္ဂေါတိ ကေနဋ္ဌေန မဂ္ဂေါ၊ နိဗ္ဗာနဂမနဋ္ဌေန နိဗ္ဗာနတ္ထိကေဟိ မဂ္ဂနီယဋ္ဌေန စ ကို ထောက်]။

သတ္တာနံ၊သတ္တ၀ါတို့၏။ (ဝါ) သတ္တ၀ါခေါ်ဝေါ်ကြသော ခန္ဓာငါးပါးရှိပ်နာမ်တရားတို့၏။ ဝိသုဒ္ဓိယာ၊ ရာဂ အစရှိသော အညစ်အကြေးတို့မှ စင်ကြယ်ခြင်းငှါ။ (ဝါ) ဝိသမလောဘ, အဘိဇ္ဈာ အစရှိကုန်သော အညစ်အကြေးတို့မှ စင်ကြယ်ခြင်းငှါ။ [သတ္တာနံ ဝိသုဒ္ဓိယာတိ ရာဂါဒိမလေဟိ အဘိဇ္ဈာ၀ိသမလောဘာဒီဟိ စ ဥပက္ကိလေသေဟိ ကိလိဋ္ဌစိတ္တာနံ သတ္တာနံ ဝိသုဒ္ဓတ္ထာယ ကို ထောက်။]

သောကပရိဒေ၀ါနံ၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်းတို့ကို။ (ဝါ) သန္ဓတိအမတ်, သုဗြဟ္မာနတ်, အစရှိကုန်သော သတ္တ၀ါတို့၏ စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်းခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှါ။ (ဝါ) ပယ်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ကာယိကဒုက္ခ စေတသိကဒုက္ခတို့ကို။ (ဝါ) တိဿရဟန်း, သုံးကျိပ်သော ရဟန်းတို့၏ ပေါင်းကျိုးခြင်း,

ကျားစားခြင်း အစရှိသော ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့ကို။ အတ္ထဂ်-
မာယ၊ ငြိမ်းခြင်းငှါ။ (ချုပ်ခြင်းငှါလည်းဟု)။ ။[အာဒီဝန်ကား-
ပိတမလ္လဘေရ်, သိကြားမင်း, စသည်ကိုယူ။]

ဉာယသ၊ မြတ်သော ဖြူစင်သော ကိလေသာ အညစ်အကြေးမရှိ
သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော လောကုတ္တရာမဂ်ကို။ [ဉာယော
ဝုစ္စတိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ကိုထောက်။]

အဓိဂမသယ၊ ရခြင်းငှါ။ (ဝါ) ရောက်ခြင်းငှါ။ နိဗ္ဗာနံသ၊ နိဗ္ဗာန်ကို။
(ဝါ) ဝါန-ဟူသော ချုပ်စပ်တတ်သော တဏှာမှ ကင်းရာဖြစ်သော
နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ (ဝါ) မိမိကိုယ်တိုင်
မျက်မှောက်ပြုခြင်းငှါ၊ [နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ တဏှာဝါန
ဝိရဟိတတ္တာ နိဗ္ဗာနဿ လဒ္ဓနာမဿ အမတဿ သစ္ဆိကိရိယာယ၊ အတ္တ-
ပစ္စက္ခာယာတိ ဝုတ္တံ ဟောတိ- ကိုထောက်။ သံဝဏ္ဏတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူရာ ဒေသနာနယ ပိဏ္ဍတ္ထမှာမူ ဗုဒ္ဓမြတ်စွာ
သာသနာဝယ် ငါးဖြားဒုလ္လဘ ပြည့်စုံကြသော အာစာရကုလပုတ္တ အမျိုး
သား ဤမဂ္ဂင်ရှစ်ပါးတည်းဟူသော ပုဗ္ဗဘာဂ သတိပဋ္ဌာန်စသော
တစ်ကြောင်းတည်းသော ခရီးလမ်းကို ဖြောင့်တန်းညီညာစွာ ကျင့်ဆောင်
မယုတ် အားထုတ်ကြသော သူတို့သည် ရှေးအစမထင် သံသရာအစဉ်မှ
စ၍ အကြောင်းမစင်ကြယ်ခြင်းတည်းဟူသော လောဘ, ဒေါသ,
မောဟ အစရှိသော ကိလေသာ တရားတို့ကြောင့် နောက်နောက်သော
သံသရာ၌ အကျိုး၏ မစင်ကြယ်ခြင်းတည်းဟူသော အပါယ် ငါပါက်
နာမကွန္ဓာ ကမ္မဇရူပ်တို့ကို ခံစားရခြင်းတည်းဟူသော အကြောင်းအကျိုး
ယုတ်တို့ကဲ့သို့မဟုတ်၊ ဤလောကီဘာဝနာ ပုဗ္ဗဘာဂဖြစ်သော မဂ္ဂင်
ရှစ်ပါး ကျင့်ဝတ်ဘုရားတို့ကြောင့် အကြောင်းဖြစ်သော သီလ, သမာဓိ,
ပညာတည်းဟူသော ဝိဝဋ္ဋဂုဏ်တို့ကြောင့် အကျိုးဖြစ်သော ဝိပဿနာ
နာမကွန္ဓာ, မဂ္ဂနာမကွန္ဓာ, ဖလနာမကွန္ဓာ, တည်းဟူသော ဂိသုဒ္ဓိတရား

ခုနစ်ပါးတို့ကို ရနိုင်ခြင်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ စသော မီးတစ်ဆယ့်တစ်ပါးတို့၏ ကုန်ရခြင်း၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, စသော လောကုတ္တရာ မဂ်တရားတို့ကို ရနိုင်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်းတည်းဟူသော ဤအကျိုးတရားတို့ကို ကေန်မုခ္ဓ ရနိုင်မည်ဟူ၍ ဟောတော်မူသည်။

ဤသို့ ပြအပ်ခဲ့သော ဒေသနာပါဠိ၌ဝယ် ကောယနော အယံ မဂ္ဂေါ ဟူသော ပါဠိဖြင့် လောကီမဂ္ဂင်တရား ရှစ်ပါးကို ပြ၏။

ကာယာဒိစတုအာရမ္မဏပ္ပဝတ္တော ဟိ ပုဗ္ဗဘာဂသတိပဋ္ဌာန-
မဂ္ဂေါ ဣဓ အဓိပ္ပေတော၊ နု လောကုတ္တရော။ ဒီ–ဋ္ဌ၊ ၂–၄၄၆။

ဟင်း၊ သင့်စ္ဆ။ ကာယာဒိစတုအာရမ္မဏပ္ပဝတ္တော၊ ကာယာနုပဿနာ အစရှိသော လေးပါးသော အာရုံ၌ဖြစ်သော။ ပုဗ္ဗဘာဂသတိပဋ္ဌာန-မဂ္ဂေါ၊ လောကုတ္တရာမဂ်၏ ရှေအဖို့၌ဖြစ်သော လောကီသတိပဋ္ဌာန်တည်းဟူသောမဂ်ကို။ ဣဓ၊ ဤ 'ကောယနော အယံ မဂ္ဂေါ' ဟူသော အရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏၊ လောကုတ္တရော၊ လောကုတ္တရာဖြစ်သော မဂ်လေးပါးကို။ နု အဓိပ္ပေတော၊ အလိုမရှိအပ်။ (လောကီဖို့)။

သတ္တာနံ ဝိသုဒ္ဓိယာ, သောကပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခ-ဒေါမနဿာနံ အတ္ထင်္ဂမာယ·ဟူသော ပါဠိတို့ဖြင့် လောကီပုဗ္ဗဘာဂ မဂ္ဂင် ရှစ်ပါး, လောကုတ္တရာ မဂ္ဂင်ရှစ်ပါးတို့ကို ပြတော်မူသည်။ (မိဿကဖို့)

ဉာယဿ အဓိဂမာယ, နိဗ္ဗာနဿ သစ္ဆိကိရိယာယ ဟူသော ပါဠိတို့ဖြင့် လောကုတ္တရာမဂ်, ဖိုလ်, နိဗ္ဗာန်ကို ပြတော်မူသည်။ (လောကုတ္တရာဖို့)။

ဤသို့ ဆိုအပ်ခဲ့ပြီးသော လောကီယ, မိဿက, လောကုတ္တရာတည်းဟူသော မဂ္ဂင်တရား ရှစ်ပါးအပေါင်းတို့တွင် လောကီဖြစ်သော 'ပုဗ္ဗဘာဂ ဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါး မြတ်တရားကို ကြိုးစားအားထုတ်ကြသော

အမျိုးကောင်းသား ဟောကျားယောဂါဝစရတို့အား ယခုဘဝ၌ဖြစ်စေ၊ ဒုတိယဘဝ၌ဖြစ်စေ၊ တတိယဘဝတို့၌ဖြစ်စေ ကေန်မုချ လောကုတ္တရာဖြစ်သော မဂ္ဂင်ရှစ်ပါး မြတ်တရားတို့ကို စင်စစ်အားဖြင့် ရနိုင်လိမ့်မည်၊ (၀၊) ရရှာတော့အုံ၊ (၀၊) ကေန်မလွဲ အမြဲယူကျုံး စိတ်နှလုံးဖြင့် တုံးတုံးကြီး ချရတော့မည်။

အယဉ္စိ ပုဗ္ဗဘာဂေ လောကိယော သတိပဋ္ဌာနမဂ္ဂေါ ဘာဝိ-တော လောကုတ္တရမဂ္ဂသာ အဓိဂမာယ သံဝတ္တတိ။ ဒီ·ဋ္ဌ၊ ၂-၃၄၂။

ဟိ· သစ္စံ၊ မှန်၏။ ပုဗ္ဗဘာဂေ၊ လောကုတ္တရာမဂ်၏ ရှေအဖို့၌။ ဘာဝိတော၊ ပွားစေအပ်သော။ လောကိယော၊ လောကီဖြစ်သော။ အယं သတိပဋ္ဌာနမဂ္ဂေါ၊ ဤသတိပဋ္ဌာန်တည်းဟူသော မဂ်ခရီးသည်။ လောကုတ္တရမဂ္ဂသာ၊ လောကုတ္တရာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဤပုဗ္ဗဘာဂဖြစ်သော မဂ္ဂင်ရှစ်ပါးဟူသော်ကား သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ-ဟူ၍ ရှစ်ပါးဖြစ်သတည်း။ (မဂ္ဂင်ရှစ်ပါး၏ ပါဠိကို အလွန်ထင်ရှား ပေါများလှ၍ မရေးလိုက်ပြီ။ အောက်ကရေးခဲ့သမျှသော ပါဠိ-အဋ္ဌကထာစုသည် သတိပဋ္ဌာန်ပါဠိ-အဋ္ဌကထာနှင်နှင် ချည်းတည်း။)

၄–မဂ္ဂင်ရှစ်ပါးကို ဘုံသုံးဆင့်စပ်၍ ခန္ဓာသုံးပါးဖွဲ့ခြင်း

ထိုမဂ္ဂင်ရှစ်ပါးတို့၏ ခန္ဓပဟာတဗ္ဗကို ဤ ဆိုလတ္တံ့သောနည်းတို့ဖြင့် သိအပ်၏။ အဘယ်သို့သိအပ်သနည်းဟူမူ-တောဘူမက ဝဋ္ဋဒုက္ခသံသရာင်အိမ်ဝယ် တထိန်ထိန် လောင်ကျွမ်း၍ နေရှာသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့မှ ကင်းပြတ်ကွာဝေး တစ်ဆယ့်တစ်ပါးသော မီးတို့၏ အေးငြိမ်းရာ

မဟာအသင်္ဘ အောင်ဇေယျရှေဘုံကို ခိုလှုံစံမြန်းလိုသော အမျိုးကောင်းသား ယောကျ်ား သူတော်စင်တို့သည် **လက်မနှစ်မဆုတို့၌** သီလကို ကျင့်သုံးရမည်၊ ထိုထိုသီလဟူသမျှတို့နှင့် ပြည့်စုံသောသူသည် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ တည်းဟူသော သီလကွန်ရှ မဂ္ဂင်သုံးပါးနှင့် ပြည့်စုံသောသူ မည်ပေ၏။

ယာစာဝုသော ဝိသာခ သမ္မာဝါစာ၊ ယော စ သမ္မာကမ္မန္တော၊
ယော စ သမ္မာအာဇီဝေါ၊ ဣမေ ဓမ္မာ သီလကွန္ဓေ သင်္ဂဟိတာ။
မ-၁၊၃၇၅။

အာဝုသော ဝိသာခ- ဟကာ ဝိသာခ၊ ယော စ သမ္မာဝါစာ၊ **အကြင်** သမ္မာဝါစာသည် **လည်း**ကောင်း။ ယော စ သမ္မာကမ္မန္တော၊ **အကြင်** **သမ္မာ**ကမ္မန္တသည် **လည်း**ကောင်း။ ယော စ သမ္မာအာဇီဝေါ၊ **အကြင်** သမ္မာအာဇီဝသည် **လည်း**ကောင်း။ ဣမေ ဓမ္မာ- ဤမဂ္ဂင်တရား သုံးပါးတို့ကို၊ သီလကွန်ရှေ၊ သီလကွန်ရှမဂ္ဂင်၌။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။

ထို့နည်းတူစွာ သီလကို ပြည့်စုံစေပြီးသော အမျိုးကောင်းသား, ယောကျ်ား သူတော်စင်သည် သမာဓိကွန်ရှ မဂ္ဂင်ဟုဆိုအပ်သော သမ္မာ-ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော အဓိစိတ္တတရားကို အားသစ်ကြိုးစားပါလျှင် သမာဓိကွန်ရှ မဂ္ဂင်သုံးပါးနှင့် ပြည့်စုံသောသူ မည်ပေ၏။

ယော စ သမ္မာဝါယာမော၊ ယော စ သမ္မာသတိ၊ ယော စ
သမ္မာသမာဓိ၊ ဣမေ ဓမ္မာ သမာဓိကွန်ရှေ သင်္ဂဟိတာ။ ။
မ-၁၊၃၇၅။

ယော စ သမ္မာဝါယာမော၊ **အကြင်** သမ္မာဝါယာမ တရား**သည်** **လည်း**ကောင်း။ **ယော စ** သမ္မာသတိ၊ **အကြင်** သမ္မာသတိတရား**သည်** **လည်း**ကောင်း။ **ယော စ** သမ္မာသမာဓိ၊ **အကြင်** သမ္မာသမာဓိတရား

သည် လည်းကောင်း။ ဣမေ ဓမ္မာ၊ ဤတရားသုံးပါးတို့ကို။ သမာဓိကွန္ဓေ၊ သမာဓိကွန္ဓ မဂ္ဂင်၌။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။

ဂုဏ်းနည်းတူစွာ အဓိသီလ,အဓိစိတ္တ,သိက္ခာတို့နှင့်ပြည့်စုံပြီးသော အမျိုးကောင်းသား ယောဂျားသူတော်စင်သည် အဓိစိတ္တသိက္ခာကို ကောင်းစွာအားထုတ်စဉ် မြင်လာအပ်သော ရှုပ်နာမ်တရားတို့၌ ပဋ္ဌာန်စွဲတို့ကို သိမ်းဆည်းပြီး၍ သမ္မသန စသော ဝိပဿနာတရားတို့ကို ကောင်းစွာမြင်သော သူသည် သမ္မာဒိဋ္ဌိ–သမ္မာသင်္ကပ္ပ တည်းဟူသော ပညာကွန္ဓမဂ္ဂင် နှစ်ပါးနှင့် ပြည့်စုံ၍ အဓိပညာသိက္ခာနှင့် ပြည့်စုံသောသူ မည်၏။

ယာ စ သမ္မာဒိဋ္ဌိ၊ ယော စ သမ္မာသင်္ကပ္ပေါ၊ ဣမေ ဓမ္မာ ပညာက္ခန္ဓ သင်္ဂဟိတာ။ မ-၁၊၃၇၅။

ယာ စ သမ္မာဒိဋ္ဌိ၊အကြင်သမ္မာဒိဋ္ဌိ ထရားသည်လည်းကောင်း။ ယော စ သမ္မာသင်္ကပ္ပေါ၊အကြင်သမ္မာသင်္ကပ္ပတရားသည် လည်းကောင်း။ ဣမေ ဓမ္မာ၊ ဤတရားနှစ်ပါးတို့ကို။ ပညာက္ခန္ဓေ၊ ပညာက္ခန္ဓမဂ္ဂင်၌။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။

ဤသို့ ပြည့်စုံရုံမတ္တသည် လောကီပုဗ္ဗဘာဂ မဂ္ဂင်ရှစ်ပါးမျှ သာရှိသေးသည်၊ ထိုသို့ လောကီပုဗ္ဗဘာဂ မဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံလျှင်ပင် ရှင်တော်ဘုရား၏ ရှေရှင်တော်နှစ် သားတော်စစ်ဖြစ်ရ၍ သာသနာတော်တွင်းသို့ ရောက်ပေပြီ။ အဘယ်ကြောင့်နည်းဟူမူ မဂ္ဂင်ရှင်ပါး၏ တံခွန်အမှန် ပုဗ္ဗဂ်မဖြစ်သော သမ္မာဒိဋ္ဌိသည် လောကီသမ္မာဒိဋ္ဌိ, လောကုတ္တရာသမ္မာဒိဋ္ဌိဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ကံ-ကံ၏အကျိုးကို ယုံကြည်ရုံမတ္တဖြစ်သော ကမ္မဿကတာဉာဏ်, ဝိပဿနာဉာဏ်တို့၏ ရင့်သန်ခိုင်ခံ့သော သဒ္ဓါရှေးပေကွာဉာဏ်ဟု ဆိုအပ်သော သစ္စာနုလောမိကဉာဏ် နှစ်ပါးသည် လောကီသမ္မာဒိဋ္ဌိမည်၏။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် လောကုတ္တရာသမ္မာဒိဋ္ဌိ မည်၏။

၅–သာသနာတွင်း သာသနာပ ပုဂ္ဂိုလ်ကို ပြခြင်း

ထိုနှစ်ပါးတို့တွင် သာသနာပ ဗာဟိရပုဂ္ဂိုလ် ဟူဟူသမျှသည် လူဖြစ်စေ၊ သာမဏေဖြစ်စေ၊ရဟန်းဖြစ်စေ ကမ္မဿကတာ ဉာဏ်နှင့်သာ ပြည့်စုံရာသေး ပါမူ ဂတိမမြဲသေး။ သာသနာတော်တွင်း သားကောင်ရှင်း ဖြစ်ကြသော ပုဂ္ဂိုလ် ဟူဟူသမျှသည် လူ-ရှင်-ရဟန်း မည်သူမဆို ကမ္မဿကတာဉာဏ် သစ္စာနုလောမိကဉာဏ် နှစ်ပါးတို့နှင့် ပြည့်စုံရှာပါမူ ဂတိမြဲ၏ ဟူ၍ အဋ္ဌ-ကထာ ဆရာကြီးဘွဲ့ ဆိုပေသည်။

> တတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မဿကတာဒိဋ္ဌိယာ သမ္မာ-ဒိဋ္ဌိ ဟောတိ၊ နနဝ သစ္စာနုလောမိကာယ။ အတ္တာဒိဋ္ဌိပရာမာသ-ကတ္တာ၊ သာသနဿကော ဒ္ဋိဟိပိ။ မ–ဋ္ဌ၊၁၊ ၂၀၀။

တတ္ထ၊ ထိုနှစ်ပါးတို့တွင်၊ ဗာဟိရကော၊ သာသနာပ ပုဂ္ဂိုလ်သည်။ ကမ္မဝါဒီ၊ ကံကိုလည်း ယုံကြည်လေ့ရှိ၏။ ကမ္မဿကတာဒိဋ္ဌိယာ၊ ကံ၏အကျိုးကို မြင်သဖြင့်။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်သည်။ ဟောတိ၊ ဖြစ်၏။ သစ္စာနုလောမိကာယ၊ ဝိပဿနာဉာဏ်ဟု ဆိုအပ်သော သစ္စာ-နုလောမိကဉာဏ်ဖြင့်။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်သည်။ နော ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ အတ္တာဒိဋ္ဌိပရာမာသ-ကတ္တာ၊ ငါဟူသော အတ္တဒိဋ္ဌိကို သုံးသပ်ခြင်းရှိသည်၏ အဖြစ်ကြောင့် တည်း။ သာသနိကော၊ အဓိသီလ,အဓိစိတ္တ, အဓိပညာ ဤသိက္ခာသုံးပါး-တို့နှင့် ပြည့်စုံသော သာသနာတော်တွင်းဌ၌ နေသော ရဟန်း-ရှင်-လူ အမှတ်မဲ့ တစ်ယောက်ယောက် သော သူသည်။ ဒ္ဋိဟိပိ၊ နှစ်ပါးကုန်သော ကမ္မဿကတာဉာဏ်, သစ္စာနုလောမိကဉာဏ် တို့ဖြင့်လည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာ မြင်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

၆- မဂ္ဂင်ရှစ်ပါး၏ ခန္ဓပဟာန်ကို ပြခြင်း

လောကီပုဗ္ဗဘာဂ မဂ္ဂင်ရှစ်ပါး မြတ်တရားတို့တွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဤမဂ္ဂင်သုံးပါးကို လုံခြုံအောင် စောင့်သုံးသော သူတော်ကောင်းတို့သည် အဓိသီလ သိက္ခာနှင့် ပြည့်စုံကုန်၏။ အဓိသီလ သိက္ခာနှင့် ပြည့်စုံသော သူတော်တောင်း တို့သည် ကာယက် ဝစီက် တို့ကြောင့် ဖြစ်သော ဝီတိက္ကမ ကိလေသာကို ပယ်နိုင်၏၊ ဝိနည်းပိဋကတ် တော်နှင့် ညီအောင် ကျင့်ပေ၏။

> တထာ ဟိ ဝိနယပိဋကေ ဝိသေသေန အဓိသီလသိက္ခာ ဝုတ္တာ၊ ဝိနယပိဋကေ စ ဝီတိက္ကမပ္ပဟာနံ၊ ကိလေသာနံ ဝီတိက္ကမပဋိ ပက္ခတ္တာ သီလဿ။ အဘိ-ဋ-၁၊ ၂၂။

တထာ-တံဝစနံ၊ ထိုစကားကို။ ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ဝိနယပိဋကေ၊ ဝိနည်းပိဋကတ်၌။ ဝိသေသေန၊ အဓိစိတ္တသိက္ခာ-အဓိပညာသိက္ခာ တို့မှ ထူးသည်၏ အဖြစ်ဖြင့်။ အဓိသီလ သိက္ခာ၊ အဓိသီလ သိက္ခာကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ စ၊ သီလက္ခန္ဓသိက္ခာမှ တပါး ပဟာန်ကို ဆိုဦးအံ့။ ဝိနယပိဋကေ၊ ဝိနည်းပိဋကတ်၌။ ကိလေသာနံ၊ ကိလေသာတို့၏။ ဝီတိက္ကမပ္ပ-ဟာနံ၊ လွန်ကျူးခြင်း အ ခိုက်အတန့်ကို ပယ်ခြင်းကို။ ဝုတ္တံ၊ ဆိုအပ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ သီလဿ၊ သီလ၏။ ဝီတိက္ကမပဋိ ပက္ခတ္တာ၊ လွန်ကျူးခြင်း၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်တည်း။ (ပဌမ ဘုံမှတ်။)

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဤမဂ္ဂင်တရားသုံးပါးကို လုံခြုံအောင် စောင့်သုံးသော သူတော်ကောင်းတို့သည် အဓိစိတ္တသိက္ခာနှင့် ပြည့်စုံကုန်၏။ အဓိစိတ္တသိက္ခာနှင့် ပြည့်စုံသော သူတော်ကောင်းတို့သည် မနောက်ကြောင့်ဖြစ်သော ပရိယုဋ္ဌာန ကိလေသာကို ပယ်နိုင်၏၊ သူတို့နှင့် ပိဋကတ်တော်နှင့် ညီအောင်ကျင့်ပေ၏။

သုတ္တန္တပိဋကေ အဓိစိတ္တသိက္ခာ၊ သုတ္တန္တပိဋကေ ပရိယုဋ္ဌာနပ္ပဟာနံ၊ ပဋိပက္ခတ္တာ သမားမိသေ။ အဘိ-ဋီ-၂-၂၂။

သုတ္တန္တပိဋကေ၊ သုတ္တန်ပိဋကတော်၌။ ဝိသေသေန၊ အဓိသီလသိက္ခာ၊ အဓိပညာသိက္ခာတို့မှ ထူးသည်၏အဖြစ်ဖြင့်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာကို။ ဝုတ္တာ၊ ဟောကြောင်းမူအပ်၏။ သုတ္တန္တပိဋကေ၊ သုတ္တန်ပိဋကတော်၌။ ကိလေသာနံ၊ ကိလေသာ တို့၏။ ပရိယုဋ္ဌာနပ္ပဟာနံ။ ထက်ဝန်းကျင်မှ ကူသိုလ်တရားကို လုယက်မျိုတည်သော အခိုက်အတန့်ကို ပယ်ခြင်းကို။ ဝုတ္တံ-ဆိုအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သမာဓိ၊ သမာဓိ၏။ ပရိယုဋ္ဌာနပဋိပက္ခတ္တာ၊ လုယက်တတ်သော ပရိယုဋ္ဌာန်၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်တည်း။ (ဒုတိယ ဘုမ္မဖို့။)

သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပ-ဤမဂ္ဂင်္ဂုစ်ပါးကို လုံခြုံအောင် စောင့်သုံးသော သူတော်စင်တို့သည် အဓိပညာသိက္ခာနှင့် ပြည့်စုံကုန်၏၊ အဓိပညာသိက္ခာနှင့် ပြည့်စုံသော သူတော်စင် တို့သည် ကာယ-ဝစီ-မနောကံသို့ မရောက်သေးသော ဥပပတ္တိရှိဟု အနုသယ ကိလေသာကို ပယ်နိုင်၏၊ အဘိမမ္မာပိဋကတော်တော်နှင့် ညီအောင်ကျင့်ပေ၏။

အဘိဓမ္မပိဋကေ အဓိပညာသိက္ခာ၊ အဘိဓမ္မပိဋကေ အနုသယပ္ပဟာနံ၊ အနုသယပဋိပက္ခတ္တာပညာယ။ အဘိ-ဋီ-၁-၂၂။

အဘိဓမ္မပိဋကေ၊ အဘိဓမ္မာပိဋကတော်၌။ ဝိသေသေန၊ အဓိသီလသိက္ခာ အဓိစိတ္တတို့မှ ထူးသည်၏ အဖြစ်ဖြင့်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာကို။ ဝုတ္တာ၊ ဆိုအပ်၏။ အဘိဓမ္မပိဋကေ၊ အဘိဓမ္မာပိဋကတော်၌။ ကိလေသာနံ၊ ကိလေသာတို့၏။ အနုဟာယပ္ပဟာနံ အနုသယအခိုက်အတန့်ကို ပယ်ခြင်းကို။ ဝုတ္တံ၊ ဆိုအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပညာယ၊ ပညာ၏။ အနုသယပဋိပက္ခတ္တာ၊ အနုသယ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်တည်း။ (တတိယ ဘုမ္မဖို့။)

၇- သီလခံယူနိုင်ခြင်း အကျဉ်းစကား

ဤ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာတို့ဖြင့် လုံခြုံအောင် စောင့်သုံး၍ သိက္ခာသုံးပါးတို့နှင့် ပြည့်စုံလိုလတ်သော အမျိုးကောင်းသားယောကျ်ား သဇနသည် ရှေးဦးစွာ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဆယ်ပါးသောသီလ၏ လက္ခဏာကိုသိသော ဥပါသကာယောကျ်ား ဥပါသိကာ မိန်းမတို့၏အထံ၌ သရဏဂုံသုံးပါးနှင့် တကွ ငါးပါးသီလ၊ အာဇီဝဋ္ဌမကသီလ၊ ဒသင်္ဂသီလ၊ နဝင်္ဂသီလ၊ ဒသင်္ဂသီလတို့ကို ကျင့်သုံးဆောက်တည်ရာ၏။ ထိုသို့ ရဟန်းယောကျ်ားစသော ဘီလင်ဒူပုဂ္ဂိုလ် မရရှိသည်ဖြစ်စေ၊ ရှိပါသော်လည်း ဝေးကွာလျှ၍ မသွားနိုင်သည်ဖြစ်စေ မိမိတို့ဘာသာ ဘုရားရှင်၏ စေတီတော်ရှိရာသို့ ဦးခိုက်၍ ကျင့်သုံးဆောက်တည်ရာ၏။

ဥပေါသထဒိဝသေ ပါတေဝ ဘိက္ခုဿာဝါ ဘိက္ခုနိယာ ဝါ
ဒသသီလလက္ခဏညုနော ဥပါသကဿ ဝါ ဥပါသိကာယ ဝါ
သန္တိကေ ဝါစံ ဘိန္ဒိတ္ဝာ ဥပေါသထင်္ဂါနိ သမာဒါတဗ္ဗာနိ။
ပါဋိဟိ်ရေ အဇာနန္တေန ပန ဗုဒ္ဓပညတ္တံ ဥပေါသထံ အဓိဋ္ဌာဝိတိ
အဓိဋ္ဌာတဗ္ဗံ။ အညံ အလဘန္တေန အတ္တနာပိ အဓိဋ္ဌာတဗ္ဗံ။
ဝစီဘေဒေါ ပန၊ ကာတဗ္ဗောယေဝ။ အံ·ဋ္ဌ-၂၊၁၉၉-၂၀၀။

ယော၊အကြင်သူသည်။ ဥပေါသထ ဒိဝသေ၊ ဥပုသ်နေ့၌။ပါတေဝ၊ စောစောကလျှင်။ ဘိက္ခုဿဝါ၊ရဟန်းယောကျ်ား၏လည်းကောင်း။ဘိက္ခုနိယာဝါ၊ ရဟန်းမိန်းမ၏ လည်းကောင်း။ ဒသသီလလက္ခဏညုနော၊ ဆယ်ပါးသီလ၏ လက္ခဏာ ကိုသိသော။ဥပါသကဿဝါ၊သရဏဂုံတည်သော လူယောကျ်ား၏ လည်းကောင်း။ ဥပါသိကာယဝါ၊ သရဏဂုံတည်သောလူ-မိန်းမ၏လည်းကောင်း။ သန္တိကေ၊အထံ၌။ဝါစံ၊နှုတ်ကို။ ဘိန္ဒိတ္ဝာ၊မြွက်၍။ ဥပေါသထင်္ဂါနိ၊ဥပုသ်၏အင်္ဂါတို့ကို။သမာဒါတဗ္ဗာနိ၊ဆောက်တည်အပ်ကုန်၏။ပါဋိ်ဟိ ၊ ပါဋိ်ဟိုကို။ အဇာနန္တေနပန၊ မသိသောသူသည်ကား။ ဗုဒ္ဓပညတ္တံ

ဥပေါသထံအဓိဋ္ဌာမိတိ၊ဗုဒ္ဓပညတ္တံ ဥဒေါသထံ အဓိဋ္ဌာမိဟူ၍။အဓိဋ္ဌာတဗ္ဗံ၊ ဆောက်တည်အပ်၏။ အညံ၊ တစ်ပါး သော ရဟန်းယောကျ်ား စသော သူကို၊ အလဘန္တေန၊ မရသောသူသည်၊ အတ္တနာပိ၊ မိမိအလိုလိုလည်း။ အဓိဋ္ဌာတဗ္ဗံ၊ ဆောက်တည်အပ်၏၊ ဝစီဘေဒေါပန၊ နှုတ်မြွက်ခြင်းကို ကား။ ကာတဗ္ဗောယေဝ၊ ပြုအပ်သည်သာ လျှင်တည်း။

ရင်းအဋ္ဌကထာပါဠိ၌ သရဏဂုံယူပုံကိုကား မဆို။ ထိုသို့မဆိုသော်လည်း သရဏံ ပန ကေဘိက္ခုဃ၀ါ သန္တိကေ သံဃသ၀ါ ဂဏသ၀ါ ဟု ကုဋ္ဌဒန္ဓသုတ် အဋ္ဌကထာ [ဒီ-၂-၁၂၂] တို့၌ ဆိုသောကြောင့် ရေးလိုက်သည်။ သာမဏေ-ရဟန်းတို့ သီလမှာ ဒေ-ထူးမှာပင်ယဉ် မရှိပြီ။ ထို အဓိသီလသိက္ခာ၌ သရဏဂုံ၏ အာကာရ ပဘေဒ တို့ကဲ့သည်းကောင်း၊ သီလ၏အာကာရ ပဘေဒတို့ကဲ့သည်းကောင်း ဧကစိတ္တေ ချယ်၍ သရဏ၊ သရဏဂမန၊သရဏဂစ္ဆ၊ သရဏဂမနပဘေဒ၊ သရဏာဂမနာနိသံသ၊ သံဂါ လေသ၊ ဘေဒ-ဟူ၍ ခုနှစ်ပါး။ ဥပါသကာ ဥပါသကာ၏သီလ၊ ဥပါသကာ၏ အာဇီ၀၊ ဥပါသကာ၏ ပျက်စီးခြင်း၊ ဥပါသကာ၏ပြည့်စုံခြင်း၊ ဟူ၍ ငါးပါး အစရှိသ ဖြင့် ဆုံးဖြတ်အပ်ခြင်း။ လူတို့၏ ပဉ္စင်္ဂစသော သီလတို့၏ ဝါရိတ္တ၊ စာရိတ္တ၊ ဧတနာစသော သီလ ငါးပါး။ ဝဋ္ဋနိသိတ၊ ဝိ၀ဋ္ဋနိဿိတ စသော သီလတို့ကို ဆုံးဖြတ်အပ်ခြင်း။ ရဟန်းတို့၏ စတုပါရိသုဒ္ဓိသီလကိုဆုံးဖြတ်အပ်ခြင်း၊ ဤသို့သော အဆုံးအဖြတ်တို့ကို ရေး၍ ဆုံးဖြတ်အပ်သည်ရှိသော် အလွန်ကျယ်ဝန်း ဖြစ်လတ္တံ့။ သရဏဂုံယူနည်း၊ သီလယူနည်းတို့ကား ပေါမျှားထင်ရှားကြလေ၏။ သို့အတွက်ကြောင့် သရဏဂုံ၏ အဆုံးအဖြတ်၊ သီလ၏ အဆုံးအဖြတ်တို့ကို မရေးသေးမူ၍ အဓိစိတ္တသိက္ခာကို အားသစ်ကြိုးပမ်း ထမ်းဆောင်အားထုတ်လိုသော ဓယာကျ်ားသူငယ်ကလေးတို့၏ အကျိုးငှာ လေ့ဒွေါပဒေသ ဟူထိုမှုန်ယှဉ်ထိုအာဂမတို့နှင့် ဝေယျာ၀စ္စာ သခေါ်ပအာဒေါဖြင့် ကြိုးစားချီးမြှင့်ပေဦးတော့။

ယောဘိပါရဂု — ဗုဒ္ဓဃောသ (၅၆)

အဟံ ဟိ သစေပိ မေ တိဝိဓေန အသိနာ သီသံ ဆိန္ဒေယ္ယ၊ နေဝ ဗုဒ္ဓံ နဗုဒ္ဓေါတိ ဝါ ဓမ္မံ နဓမ္မောတိ ဝါ သံဃံ နသံဃောတိ ဝါဝဒေယ္ယန္တိ။ အံ-ဌ-၂၊၂၂။

ဟီ၊သင့်စု။ အဟံ၊ငါသည်။ သစေပိ၊အကယ်၍လည်း။ တိဝိဓေန၊ ထက်လှစ္စာခဲသာ။ အသိနာ၊သံလျက်ဖြင့်။ မေ၊ ငါ၏။ သီသံ၊ဦးခေါင်းကို။ ဆိန္ဒေယ္ယ၊ဖြတ်မူလည်း ဖြတ်ပစေ။ ဗုဒ္ဓံ၊ဖြတ်စွာဘုရားကို။ နဗုဒ္ဓေါတိဝါ၊ ငါ၏ ဆရာဘုရား မဟုတ်ဟူ၍လည်းကောင်း။ ဓမ္မံ၊ ကျင့်ဝတ်ပဋိပတ်နှင့် တကွ လောကုတ္တရာ တရားကို။ နဓမ္မောတိဝါ၊ တရား မဟုတ်ဟူ၍ လည်းကောင်း။ သံဃံ၊ကလျာဏ ပုထုဇဉ်နှင့်တကွ အရိယာရှစ်ယောက်ကို။ နသံဃောတိဝါ၊သံဃာ မဟုတ်ဟူ၍ လည်းကောင်း။နေဝဝဒေယ္ယ၊ မပြော မဆိုပါ့တော့အုံ့။

ဤ အဂုံတ္တရ အဋ္ဌကထာ မိန့်ခ္ပာတော်မူအပ်သည်နှင့်အညီ ကိုယ်အသက်ကိုလျှက် ငဲ့ကွက်ထောက်ထားညှာတာခြင်း မရှိမူ၍ သရဏဂုံ သုံးပါးနှင့်ကွ ငါးပါးသော သီလစသော အဓိသီလသိက္ခာကို ရှိသေစွာ ကျင့်သုံးပြီးသော သီလဝန္တ ပေသလ ပုဂ္ဂိုလ်သည် ပုဗ္ဗဘာဂ လောကီယ မဂ္ဂင်ရှစ်ပါးတို့တွင် ပုဗ္ဗသုဒ္ဓိက ပုဗ္ဗာရဂ် ပါရိသုဒ္ဓိကြီးသို့ ရောက်၍ သီလ-ဝိသုဒ္ဓိမည်ပေ၏။

ပုဗ္ဗေ ခေါ ပနဿာတိ အသ ဘိက္ခုနော ဝါစာကမ္မန္တာဇီဝါ ပုဗ္ဗသုဒ္ဓိကာ နာမ၊ အာဒိတော ပဋ္ဌာယ ဟိ သုဒ္ဓါ ဟောန္တိ။ မ-ဋ္ဌ-၄၊၂၄၈။

ပုဗ္ဗေ ခေါ ပနဿာတိ ဟူသည်ကား။ အသဘိက္ခုနော၊ထိုရဟန်းအား။ ဝါစာကမ္မန္တာဇီဝါ၊ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်ဆယ်သုံးပါးတို့သည်။ ပုဗ္ဗသုဒ္ဓိကာနာမ၊ ပုဗ္ဗသုဒ္ဓိကတို့ပညတ်ကုန်၏။ အာဒိတော၊

ပဋ္ဌင်း ဖြစ်သောအခါမှ၊ (ရဟန်းအဖို့)။ အာဒီတော၊ သရဏာဂုံသီလ ယူပြီးသော အခါမှ၊ (လူ-သာမဏေအဖို့)။ ပဋ္ဌာယ၊ စ၍။ ပရိသုဒ္ဓါဝ၊ စင်ကြယ်ကုန်တော့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဂုဏ်သီလ၏အကျယ်ကို နောက်သစ္စာပါရဂူကျမ်းဌ တွေ့ရလတ္တံ့။

၇–ကမ္မဋ္ဌာန်းစီးပြန်းသောသူတို့ မက်ကိုရနိုင်ခြင်း

ထိုသို့ ပုဗ္ဗဘာဂ လောကီယမဂ္ဂင် သုံးအင်သော ပုဗ္ဗသုဒ္ဓိ၏ သီလ၏ ပြုစင်ခြင်းနှင့် ပြည့်စုံပြီးသော အကျိုးကျေးဇူးသား ယောဂျိုး အာရုဒ္ဓသည့် အဓိသီလ သိက္ခာကို ဖြည့်ကျင့်ရခြင်းဖြင့် ရောင့်ရဲခြင်းမရှိပြုနိုင်ရာလျှင်။ (၀၊)သိက္ခာသုံးပါးနှင့် ပြည့်စုံလိုလျှင်။ (၀၊)ကသိဏာဘုံ သေကွဘုံ အသေကွဘုံသို့ ရောက်လိုလျှင်–

စတ္တာရော မေ ဘိက္ခဝေ မဂ္ဂါ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။ ကတမေ စတ္တာရော သပ္ပုရိသသံသေဝေါ သဒ္ဓမ္မသဝနံ ယောနိသောမနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိ ဣဒမေ ခေါ ဘိက္ခဝေ စတ္တာရော မဂ္ဂါ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလသစ္ဆိကိရိကာယ သံဝတ္တန္တိ။

ပဋိသံ၊၃၇၀။

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့ကား။ ဘာဝိတာ၊ ပွားများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပွားအပ်ကုန်သည်ရှိသော်။ သောတာပတ္တိဖလသစ္ဆိကိရိ-ယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ ဖြစ်ကုန်၏။ စတ္တာရော၊ လေးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ သပ္ပုရိသသံသေဝေါ၊ ဘုရားစသော သူတော်ကောင်းတို့ကို ပေါင်းဖော်ယှဉ်တွဲ မှီဝဲ ထမ်းကပ်ခြင်းလည်းကောင်း၊ သဒ္ဓမ္မသဝနံ၊ နာမ်ရှင်ပန္နစ်ပါးကို

ပိုင်းခြားသင်ဆင်သိမြင်နိုင်သော သူတော်ကောင်းတရားကို နာခံမှတ်သား နာ ကြားရခြင်း လည်ကောင်း။ ယောနိသောမနသိကာရော၊ နိစ္စဟု ထင်မြင်မှားယွင်းခြင်းကို အနိစ္စ, သုခဟု ထင်မြင်မှားယွင်းခြင်းကို ဒုက္ခ, အတ္တဟု ထင်မြင်မှားယွင်းခြင်းကို အနတ္တ, သုဘဟုထင်မြင်မှားယွင်းခြင်းကို အသုဘ အားဖြင့်နှလုံးသွင်းခြင်းလည်းကောင်း။ ဓမ္မာနုဒမ္မပဋိပတ္တိ၊ လောကုတ္တရာ တရား ကိုးပါးအားလျော်သော မဂ္ဂင်ရှစ်ပါးမြတ်တရားကို ကျင့်ဆောင်မယုတ် အားထုတ်ဆည်းပူးခြင်းလည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စဘ္ဘာရော၊ လေးပါးကုန်သော။ဣမေခေါဓမ္မာ၊ ဤတရားတို့ကို။ ဘာဝိတာ၊ ပွားများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပွားအပ်ကုန်သည်ရှိသော်။ သေ ဘာဝပတ္တိဖလသစ္ဆိကိရိယာယ၊သောဘာ-ပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

၉–ကမ္မဋ္ဌာန်းယူရန် ဆရာခြောက်ယောက်ကို ပြခြင်း

ဤသို့ အစရှိသောအားဖြင့် မိမိ၏ဥာဏ်သွား တရားကိုအားထားလျက် ဘုရားစသော သူတော်ကောင်းတို့ကို လိုက်လံ၍ ရှေးဦးစွာ ရှာကြံဆည်းကပ်ရာ၏။ ထိုသူတော်ကောင်းတို့တွင် ရှေးဦးစွာ ဘုရားကိုမရနိုင်ခဲ့လျှင် (၁) ရဟန္တာကို၊(၂)ရဟန္တာကိုမရနိုင်ခဲ့လျှင် အနာဂါမ်ကို၊(၃)အနာဂါမ်ကို မရရှိခဲ့လျှင် သကဒါဂါမ်ကို၊(၄)သကဒါဂါမ်ကိုမရရှိခဲ့လျှင်သောတာပန်ကို၊ (၅)သောတာပန်ကိုမရရှိခဲ့လျှင် ထိုကမ္မဋ္ဌာန်းဖြင့် စျာန်ရသောပုဂ္ဂိုလ်ကို၊ (၆) စျာန်ရပုဂ္ဂိုလ်ကို မရရှိခဲ့လျှင် တိပိဋကဓရ, ဒွိပိဋကဓရ, ကေပိဋကဓရ၊ ကေသင်္ဂီတိအင်္ဂကထာမရ, ကမ္မဋ္ဌာနပဂုဏ္ဏလင်္ဂီပေသလဖြစ်သော ဗဟုဿုတ ပုဂ္ဂိုလ်ကို ရှာကြံဆည်းကပ်အပ်၏။

သဒ္ဒ ခီဏာသဝံ လဘတိ၊ ဣစ္ဆတိ ကုသလံ၊ နော ဧဝ လဘတိ၊ ဒ္ဝေနဝါမိ သကဒါဂါမိ သောတာပန္နံ စျာနလာဘီ ပုထုဇ္ဇနတိပိဋကဓရ,ဒွိပိဋကဓရ ကေပိဋကဓရသု ပုရိမဿ ပုရိမဿ

၀၀–ပလိဗောဓ ပယ်ပြုတိုခြင်း

သန္တိကေ၊ကေပိဋ္ဌကဓရေ ပိ အသ[illegible]သကေသဂိသိ ပိ အဋ္ဌ-
ကထာယ သဒ္ဒိ ပဂုဏာ၊ အယဉ္စ လဒ္ဓိ [illegible] ဣဟ သဒ္ဒိ[illegible]
ဂဟေတဗ္ဗံ။ ဝိသုဒ္ဓိ ဋ္ဌ-၁၅၅။

ခီဏာသဝံ၊ရဟန္တာကို။သင်္ဃ လဘတိ၊အကယ်၏ ရခြားအံ့။ ဣဒေတံ ဣတိတေ၊ဤသို့ ရဟန္တာကို ရခြင်းသည်။ ကုသလံ၊ကောင်းလှ၏၊ နောစေ လဘတိ၊အကယ်၍ ရဟန္တာကို မရခြားအံ့။အနာဂါမိ,သကဒါဂါမိ, သော-တာပန္နံ စျာနလာဘီ, ပုထုဇ္ဇန တေပိဋ္ဌကဓရေ, ဒွိပိဋ္ဌကဓရေ, ကေဝိဋ္ဌက-ဓရေသု၊ အနာဂါမ်, သကဒါဂါမ်, သောတာပန်, စျာနဝင်ရ,ပုထုဇဉ်ဖြစ်လျက် ပိဋ္ဌကတ် သုံးပုံဆောင်,နှစ်ပုံဆောင်, တစ်ပုံဆောင် သခင်တို့တွင်၊ ပရိမဿ,ပုရိ-ဿ-ရှေးရှေးသခင်၏။ သန္တိကေ၊အထံ၌။ ကေပိဋ္ဌ ဓရေ,ပိ,ပိဋ္ဌကတ် တစ်ပုံ-ဆောင် သခင်သည်လည်း။ အသတိ၊မရှိခဲ့သော်။ ယဿ၊အကြင်သခင် သည်။ ကေသိဂိတိပိ၊တစ်ခုသော နိကာယ်ကိုမျှလည်း။ အဋ္ဌကထာယ၊အဋ္ဌ ကထာနှင့်။ သဒ္ဒိ၊တကွ။ ပဂုဏာ-လေ့လာအပ်သည်။ ဟောတိ၊ဖြစ်၏။ အယဉ္စ၊အဋ္ဌကထာနှင့်တကွ တစ်နိကာယ်ကို လေ့လာအပ်သော သင်္ဃ သည်လည်း။ လဒ္ဓိ၊လဒ္ဓိသည်။ဟောတိ၊ဖြစ်အံ့၊ တဿ၊ထိုလဒ္ဓိ၏။သ န္တိကေ။ အထံ၌။ ကမ္မဋ္ဌာနံ၊ကမ္မဋ္ဌာန်းကို။ (တည့်) ဂဟေတဗ္ဗံ၊ယူအပ်၏။

၁၀–ပလိဗောဓ ပယ်ဖြတ်ခြင်း

ထိုသို့ရှာကြံဆည်းကပ်ပြီးလျှင်–

ဒသသု ပလိဗောဓေသု ပလိဗောဓော အတ္ထိ။ တံ ဥပစ္ဆိန္ဒိတ္ဝာ ကမ္မဋ္ဌာနဒါယကံ ကလ္ယာဏမိတ္တံ ဥပသင်္သိတ္ဝာ အတ္တနော စရိယာနုကူလံ စတ္တာလီသာယ ကမ္မဋ္ဌာနေသု အညတရံ ကမ္မဋ္ဌာနံ သမာဓိဘာဝနာယ အနုရူပဝိဟာရံ ပဟာယ အနုရူပေ ဝိဟာရေ ဝိဟရန္တေန ခုဒ္ဒကပလိဗောဓုပစ္ဆေဒံ ကတ္ဝာ သပ္ပါယ ဘာဝနာဝိဓာနံ အပရိဟာပေန္တေန ကာတဗ္ဗော။ ဝိသုဒ္ဓိ-ဋ္ဌ၊၁၆၆။

ဒသာ၃ ပလိဗောဓေသု၊ဆယ်ပါးသော ပလိဗောဓတို့တွင်။ ပလိဗော ဓခေါ၊ ပလိဗောဓသည်။ အတ္ထိ၊ရှိ၏။ တံ၊ထိုပလိဗောဓကို။ ဥပစ္ဆိန္နိတွာ၊ဖြတ်၍။ ကမ္မဋ္ဌာနဒီယကံ၊ ကမ္မဋ္ဌာန်းကို ပေးတတ်သော။ ကလ္လာဏမိတ္တံ၊ ကလ္လာဏမိတ်သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ အတ္တနော၊ မိမိ၏။ စရိယာနု-ကူလံ၊ စရိုက်အားလျော်သော။ စတ္တာလီသာယကမ္မဋ္ဌာနေသု၊ အမျှ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။ အညတရံ၊တပါးပါးသော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ (ဘာဝေတဗ္ဗံ ဘ၌ စပ်)။ သမာဓိဘာဝနာယ၊ သမာဓိ ဘာဝနာနှင့်။ အနုရူပဝိဟာရံ၊ မလျောက်ပတ်သော ကျောင်းကို။ ပဟာယ၊ ပယ်စွန့်၍။ အနုရူပေ၊ လျောက်ပတ်သော။ ဝိဟာရေ၊ ကျောင်း၌။ ဝိဟာရဒ္ဒေန၊ နေလျက်။ ခုဒ္ဒကပလိဗောဓုပစ္ဆေဒံ၊ ငယ်သော ပလိဗောဓကို ဖြတ်ခြင်းကို။ ကတ္တာ၊ ပြု၍။ သဗ္ဗံ၊ အလုံးစုံသော။ ဘာဝနာဝိဓာနံ၊ ဆရာညွှန်ကြားအပ်သော အစီအရင်ကို။ အပရိဟာ-ဟေန၊ မယုတ်စေသဖြင့်။ ဘာဝေတဗ္ဗံ၊ ပွားများအပ်၏။

၁၁–သဗ္ဗတ္ထက ကမ္မဋ္ဌာန်းစီးပြန်းရန်

ဤသို့ အဋ္ဌကထာ မိန့်မှာတော်မူအပ်သည်နှင့်အညီ ကလျာဏ မိတ္တ ဖြစ်သော ကမ္မဋ္ဌာန်းဆရာ၏ ဩဝါဒကို ဦးလည်မသုန် အမှုန်မပေါ် ဆယ်ကျော်မရောက် ပြန်မခေါက်ဘဲ လျောက်ပတ်စွာ နံဘေးထောင် မှတ်သားပြီးလျှင် ဆယ်ပါးသော ပလိဗောဓကြီးစသော နဝကမ္မ ဝတ္တာ-နုရူပတို့ကို ကမ္မဋ္ဌာန်းကျောင်းသို့ မဝင်မီ ပြီးစေလျက် စရိုက်အား လျော်စွာ သဗ္ဗတ္ထက ကမ္မဋ္ဌာန်း၊ ပါရိဟာရိယ ကမ္မဋ္ဌာန်းတို့တွင် ဆရာသည် ပေးအပ်သော ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ဘုရားကို ပူဇော်ရခြင်း၊....မိမိနေသော အရာမ်သံယောမှစ၍ ရဟန်း၊နတ်၊လူ၊သတ္တဝါတို့ကို "သီမဋ္ဌကဘိက္ခု အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရေတု" စသည်ဖြင့် ၅၂၇–သွယ် မေတ္တာစသည်ကို ပွားများခြင်း၊...."အဝေသံ မယာ မရိတဗ္ဗံ"စသည် ကို ပွားများရခြင်းအားဖြင့် ၈စိရင်ကို ပြီးရေ၏။

တတ္ထ ၊သမ္ဘတ္ထကကမ္မဋ္ဌာနံ နာမ ဘိက္ခုသံဃာဒီသု မေတ္တာ မရဏသတိ စ၊ ဝိသုဒ္ဓိ-ဋ္ဌ-၁၊၉၄။

ကတ္ထ၊ထိုနှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင်။ သမ္ဘတ္ထကကမ္မဋ္ဌာန် နာမ၊ သမ္ဘတ္ထက ကမ္မဋ္ဌာန်းမည်သည်ကား။ ဘိက္ခုသံဃာဒီသု၊ ရဟန်းသံဃာ စသည်တို့၌။ မေတ္တာ စ၊ အမျှဝေခြင်းလည်းကောင်း။ မရဏသတိ စ၊ သေခြင်းတရားကို အောက်မေ့ခြင်းလည်းကောင်း။

သမ္ဘတ္ထက ကမ္မဋ္ဌာန်းကို ပြီးစေပြီ၍ စရိုက်အားလျော်စွာ ဆရာကပေးသော လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် သင့်လျော် လျောက်ပတ်သော ကမ္မဋ္ဌာန်းကို စီးဖြန်း အားသစ်လျက် နေ့ညဉ့်ကို ကုန်စေသော အားဖြင့် ပါရိဟာရိယ အစီအရင်ကို ပြီး-စရမည်။

စတ္တာလီသာယ ပန ကမ္မဋ္ဌာနေသု ယံ ယဿ ၎ရိယာနုကူလံ တံ တဿ နိစ္စံ ၎ရိဟရိတဗ္ဗတ္တာ ဥပရိမဿ စ ဘာဝနာ-ကမ္မဿ ပဒဋ္ဌာနတ္တာ ပါရိဟာရိယကမ္မဋ္ဌာနန္တိ ဝုစ္စတိ။
ဝိသုဒ္ဓိ ဋ္ဌ-၁၊၉၄။

စတ္တာလီသာယ ပန ကမ္မဋ္ဌာနေသု၊ အမျှလေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။ ယံ၊ အကြင်ကမ္မဋ္ဌာန်းသည်။ ယဿ၊ အကြင် ရဟန်းအား။ စရိယာနုကူလံ၊ စရိုက်အား လျော်၏။ တံ၊ ထိုကမ္မဋ္ဌာန်းကို။ တဿ၊ ထိုကမ္မဋ္ဌာနိက ရဟန်းသည်။ နိစ္စံ၊အမြဲ။ ပရိဟရိတဗ္ဗတ္တာ၊ ဆောင်ရွက်အားထုတ်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဥပရိမဿ ဥပရိ-မဿ၊ အထက် အထက်၌ ဖြစ်သော။ ဘာဝနာကမ္မဿ၊ ဘာဝနာမှု၏။ ပဒဋ္ဌာနတ္တာ စ၊ နီးသောအကြောင်း၏ အဖြစ်ကြောင့်လည်းကောင်း။ ပါရိဟာရိယကမ္မဋ္ဌာနန္တိ၊ ပါရိဟာရိယကမ္မဋ္ဌာန်းဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

သဗ္ဗတ္ထက၊ ပါရိဟာရိယ အစီအရင် နှစ်ပါးတို့တွင် သဗ္ဗတ္ထက အစီအရင်ကား ဆရာပြသော နည်းဖြင့် သိလွယ်၏။ ပါရိဟာရိယကမ္မဋ္ဌာန်းဖြစ်သော ၃၇-ပါးသော ကမ္မဋ္ဌာန်းဘို့တွင် တပါးပါးသော ကမ္မဋ္ဌာန်း၏ အစ, အလယ်, အဆုံးသို့ ရောက်အောင်ကား အလွန်ဖြစ်ခဲလှ၏။ ထိုသို့ဖြစ်ခဲလှသော်လည်း မိမိတို့၏ ယထာဗလအားလျော်စွာ အစတွင်ဖြစ်စေ အလယ်တွင်ဖြစ်စေ အဆုံးသို့ ရောက်အောင် ဖြစ်စေ မဆုတ်မနှစ်အားဆုတ်ရမ်း။ ထိုသို့အားထုတ်ရာ၌ အလယ်အဆုံးသို့ မရောက်မူ အားမထုတ်ဘဲ မဆုတ်ရာ, မနှစ်ရာ, မတွန့်ရာ။ အဘယ့်ကြောင့်နည်းဟူမူ-မိမိ၏ သီလ, သမာဓိ, ပညာကို သူတပါးအားထုတ်၍ အဘယ်အခါ၌ ပေးလာလိမ့်မည်ဟူ၍ တောင့်တ၍ မရခြင်းကြောင့်တည်း။

တသ္မာတိဟာနန္ဒ အတ္တဒီပါ ဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။ ဒီ ၂၊၇၅။

အာနန္ဒ၊ အာနန္ဒာ။ ဤဟာ၊ ဤလောကဌ်။ တသ္မာ၊ ထိုသို့ဓမ္မာနုဓမ္မဇဋ္ဌပန္နကိုကျင့်အပ်သည်၏ ဒီ ဖြစ်ကြောင့်။ အတ္တ,ဒီပါ၊မိမိကိုယ်ကိုသာလျှင် မှီခိုရာကျွန်းကြီးသဖွယ် ရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေရစ်ကြကုန်။ အတ္တသရဏာ၊ မိမိကိုယ်ကိုသာလျှင် ကိုးကွယ်ရာ ရှိကြကုန်သည် ဖြစ်၍။ ဝိဟရထ၊ နေမျစ်ကြကုန်။ အနညသရဏာ၊ မိမိကိုယ်မှတပါး မှီခိုရာမရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေရစ်ကြကုန်။ ဓမ္မဒီပါ၊ မဂ္ဂင်ရှစ်ပါး မြတ်တရားကိုသာလျှင် မှီခိုရာကျွန်းကြီးသဖွယ် ရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေရစ်ကြကုန်။ ဓမ္မသရဏာ၊ မဂ္ဂင်ရှစ်ပါး မြတ်တရားကို သာလျှင် ကိုးကွယ်ရာ ရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ ၊ နေရစ်ကြကုန်။ အနညသရဏာ၊ မဂ္ဂင်ရှစ်ပါး မြတ်တရားမှ တစ်ပါးသော ကိုးကွယ်ရာ မရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေရစ်ကြကုန်။

ထို့ကြောင့် ယခုအခါ၌ အောက်က ပဋိညာဉ်ရှိသည် အတိုင်း "အနုဝဂတော ပန ဥပနိဿယော ဗဟွော ဘဝိဿတိ" ရှင်တော်ဘုရား၏

မနော ဝိသယိတ် အလိုတော်ဗျာဒိတ်နှင့် လျော်စွာလည်းကောင်း။ (မဇ္ဈိမပဏ္ဏာသ)။ "အာနဘပါနံ မောဟစရိတဿ ဝိတက္ကူပရိ ဘဿစ" ဟု သင်ကြားတော်မူရာ၏ အာဘောဂ်သားရင်း နှလုံးသွင်းအားလျော်စွာလည်းကောင်း ယခုဘဝ လူ့လောကၦ မနုဿသားပေါ်ကျားရှိ ဖြာဖြာဝိတက် မပြိုမ်သက်သဖြင့် တိမ်ဖျက်သော လေပြုန်ကဲ့သို့ အာရုံမလောက် ကမောက်ကမ ရှိကြသောသူ မျိုးပါ လှသည် ပြစ်၍ လေးဆယ်သော ကမ္မဋ္ဌာန်းတို့မှ အသီးထုတ်နုတ်၍ အာနာပါနပါရိဟာရိယ ကမ္မဋ္ဌာန်းကို စီးပြန်းရန် ရေးလိုက်ပေအုံ့။ (၀၊) လဒ္ဓေါပဒေသ ဟတ္ထဠဒ္ဓိ ယုတ္တိအားဖြင့်နှင့် လျော်စွာရေးပေအုံ့ဟူလို။

၁၂–ပါရိဟာရိယကမ္မဋ္ဌာန်းကို စီးပြန်းရန် ပထမနည်းကိုပြခြင်း

ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ၀ါ ရုက္ခမူလဂတော ၀ါ သုညာဂါရဂတော ၀ါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္မာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္မာ၊ သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ၊ ဒီ ၂၊ ၂၃၁။

ဤကား သုံးလောကဓိပတိ တုမရှိ မုနိပုင်္ဂဝ သုံ့လူ့ဘ ချစ်ဆွေသည် များဝေနေလူတလွား တို့ကို သနားခြင်းအားကြီးလျှ၍ ဟောပြအပ်သော ဒေသနာနယတော်ပေတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ ငါဘုရားသာသနာတော်၌။ ဘိက္ခု၊ ရဟန်း ရှင် လူ ဘယ်လူမကောက် တရယာက်ယောက်သော သူသည်။ အရညဂတောဝါ၊ လူသံမနီး ရိပ်မြိုင်ကြီးသို့ကပ်၍ လည်းကောင်း။ ရုက္ခ-မူလဂတောဝါ၊ သစ်ပင်ရင်းသို့ကပ်၍လည်းကောင်း။ သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ လည်းကောင်း။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတ္မာ၊ ခွေ၍။ ကာယံ၊ ဥပရိကာယကိုယ်ကို။ ဥဇုံ၊ ဖြောင့်ဖြောင့်။ ပဏိဓာယ၊ ထား၍။ သတိံ၊ ထွက်သက်ဝင်သက်၌ မှတ်မိသောဉာဏ်ကို။

၀၁၊ ဖောင်ဘုကာယ၌ မှတ်သော သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ရှေးရှု။ ဥမင်ပေတွာ၊ ဖြစ်စေရ။ နိသီဒတိ၊ နေ၏။ သော၊ ထိုအာနာပါနကမ္မဋ္ဌာန်းကို စီးမြန်းသောရဟန်းရှင်လူ ဘယ်သူမကောက် တစ်ယောက်ယောက်သော သူသည်။ သတော၀၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်။(၀၁)ထွက်တိုင်း ထွက်တိုင်း မှတ်မိသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကို ရှု၏။ သတော၀၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင်။ (၀၁) ၀င်တိုင်း၀င်တိုင်း မှတ်မိသည်ဖြစ်၍သာလျှင်။ ပဿသတိ၊ ၀င်သက်ကို ရှု၏။

ထိုဒေသနာနယ်၌ မနသိကာရပဋိပတ်ကို အားထုတ်လိုသော အမျိုးကောင်းသား ယောဂျားအားတပတ်သည် တောအရပ်၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာအရပ်၊ ဥမင် ဂူ လိုဏ်စသော အရပ်သို့ ချဉ်းကပ်၍ ထက်ဝယ် ဖွဲ့ခွေနေပြီးမှ-...ငါ၏သတိကို နှာသီးဖျား၏အတွင်း မွေးညင်းပေါက်ရာ အနှောစမ္မ၏နံရံသို့ စိတ္တဇခြောင့် ဖြစ်သော ထွက်သက် လေတို့သည် တိုက်၍ တိုက်၍ ထွက်ကုန်၏။ ထို တိုက်၍ တိုက်၍ ထွက်သောလေကို ထွက်တိုင်း ထွက်ဝင်တိုင်း မှတ်အံ့။ ထို့အတူ တိုက်၍ ဆုံက်၍ ဝင်သော လေကို ဝင်တိုင်း ဝင်တိုင်း မှတ်အံ့ဟု ဖြစ်စေ၍ ထွက်တိုင်း ဝင်တိုင်း မှတ်ရမည်။

ထိုထွက်တိုင်း ဝင်တိုင်းမှတ်ရာ၌... အထွက်တစ်ကြိမ်၊ အ၀င်တစ်ကြိမ် တစ်ဟူ၍ လည်း မှတ်အပ်၏။ အထွက်ကို နှစ်ကြိမ် အ၀င်ကို နှစ်ကြိမ် ကိုးတစ်ဟူ၍လည်း မှတ်အပ်၏၊ အထွက်ကို သုံးကြိမ် အ၀င်ကိုသုံးကြိမ် တစ်ဟူ၍ လည်း မှတ်အပ်၏။ တစ်ဟုမှတ် ပြီးသော် ရှေးနည်း တူစွာ ထွက်သည် ဝင်သည် နှစ်။ ထွက်သည် ဝင်သည် သုံး။ ထွက်သည် ဝင်သည် လေး။ ထွက်သည် ဝင်သည် ငါး။ ထွက်သည် ဝင်သည် ခြောက်။ ထွက်သည် ဝင်သည် ခုနှစ်။ ထွက်သည် ဝင်သည် နှစ်ဟူ၍ မှတ်ရမည်။ နှစ်ကြိမ်မှတ်၊ သုံးကြိမ်မှတ်သော သူတို့သည်လည်း တစ်ကနှစ်သိမ်းအောင်မှတ်ကြလေ။ ရှစ်သို့ရောက်က တစ်၀ါရဟူခေါ်ရ၏။

ထိုဝါရသည်လည်း၊သံသယဝါရ၊သန္ဓိဋ္ဌာနဝါရ ဟု နှစ်ပါး အပြားရှိ၏။ ထိုတွင် ဘစ်ကရှစ်တိုင်ရုံ ဒေတွင်းမှ အာဝုံခြောက်ပါးတို့တွင် တစ်ပါးပါးသော အာရုံသို့ ပြေးဝင်ခြင်းရှိမှုလည်း၊ကောင်း။ နိဝရဏ ငါးပါးတို့တွင် တစ်ပါးပါးသော နိဝရဏသို့ ပြေးဝင်ခြင်းရှိမှု၊ ည်းကောင်း၊ အကုသလ-ဝိဘက် သုံးပါး တို့တွင် တပါးပါးသော ဝိတက်သို့ ပြေးဝင်ခြင်းရှိမှုလည်းကောင်း သံသယဝါရမည်၏။ ဝါရပေါက်ဟု ဝါရကျိုး မည်၏။ တစ်ဝါရဟု မရေတွက်အပ်။ ဣဃယဝိညတ် ဝစီဝိညတ် ဖြစ်သောသူမှု အာဘယ်ဆိုဖွယ် ရှိတော့အုံ့နည်း။ ဝါရဟုမှ်ု မျှမဆို။ ထို ဆိုခဲ့သော အာရုံခြောက်ပါး နိဝရဏ၊ ငါးပါး ဝိတက်သုံးပါးတို့သို့ တစ်ကြိမ်တစ်ခါမျှ မပြေးမသွားဘဲ တစ်ကရှစ်တိုင်အောင် ထုတ်တိုင်း ဝင်တိုင်း မှတ်မိသော ယောဂါဝစရသည် သန္ဓိဋ္ဌာနဝါရကို တစ်ဝါရ ရပေ၏။

အကြင်အခါ၌ တစ် နှစ် စသည်တို့ကို ရေတွက်စဉ် လူသံ, ဆင်သံ, မြင်းသံ, စည်သံ, မောင်းသံ စသည်တို့တွင် တင်ခုခုသော အသံကို ကြားလိုက်မှ၏။ ကြားခဲ့ပါမူ အာဝဇ္ဇနသော ဖြစ်ရ၏။ အနှာဝဇ္ဇန မဖြစ်ရာ၊ သဒ္ဒါရုံကိုကြားကာမျှဖြင့် ခြင်းသည် အာဝဇ္ဇန၊ ဤအသံကား (၁) လူသံ၊ (၂) မိန်းမသံလော ယောကျ်ားသံလော (၃)မီ မည်သူ၏ အသံတည်း၊ ဤသို့စသောအားဖြင့် ဖြစ်ခြင်းသည် အနှာဝဇ္ဇနဟူ၍မှတ်။ ထိုသဒ္ဒါရုံကိုပြုကာ ကြင်းသောကမ္မဋ္ဌာန်း၏ အာရုံမှတစ်ပါး ငါးပါးသော အာရုံတို့၏ အာဝဇ္ဇန, အနှာဝဇ္ဇနကို သိကြလေကုန်။

ဝါရလုပ်စဉ် ထွက်သက်,ဝင်သက်,လေတိုက်ခတ်၍သွားတိုင်းမမှတ်အပ်၊ နှာသီးဖျားဝ်ိုလက်တစ်သစ်ခန့် အတွင်း၌သာ မှတ်ရမည်၊ မျက်စိကိုမှိတ်၍ အားထုတ်ရမည်၊ ရှေ,နောက်,ဝဲ,ယာ,ထက်,အောက် လက်တစ်သစ်ခန့်မျှ နယ်မှတပါး အခြားကိုမကြည့်ရာ။ ၊အောက်ရမ့်ရာ မကြုံရာ မသိုရာ မမြင်ရာ၊ အာဘယကြောင့်နည်းဟူမူ ဤအာနာပါန ကမ္မဋ္ဌာန်းကို စီးပြန်း အားထုတ်သောသူအား ဃမ၊ခမ်ကို ပထမနည်းဖြင့် ဇာတ်ပြုပြစ်၍

ထိုသမာဓိ၌ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော မဂ္ဂင် သုံးပါးတို့ကို လုံ့ခြုံအောင် စောင့်သုံးရမည်။

အကယ်၍တည်း အားထုတ်စဉ်၌ ထွက်သော် ဝင်စေရမည်၊ ဝင်သော် ထွက်စေရမည်၊ ဆက်၍ ဆက်၍ ဝိရိယကို မချီးမပင့်တစ်က ရှစ်ထိအောင် အတွင်း၌ တစ်ကြိမ်မျှ နေမိအုံ့၊ သမ္မာဝါယာမ မဂ္ဂင်ပေါက်၏။ ဝိရိယက ချီးမြှင့်ဘိုင်း ချီးမြှင့်တိုင်း ဝစ်နှစ် သုံးစသည်ဖြင့် မမှတ်မိအုံ့ သမ္မာသတိ မဂ္ဂင်ပေါက်၏။ ဝိရိယက ချီးမြှင့်တိုင်း သတိက မှတ်တိုင်းတွင် ၌မတည်မှု၍ တပါးသော အာရုံသို့ပြေးမှု ကမ္မဋ္ဌာန်းကို နှလုံးသွင်းတုန်းကို မြုံးဝင်ပါးငယ်ကဲ့သို့ အာရုံရှိသောသူသည် သမ္မာသမာဓိ မဂ္ဂင်ပေါက်၏။ ထို့ကြောင့် အခြားကို မကြည့်ရာ၊ မအောက်မေ့ရာ၊ မကြံရာ၊ မသိရာ၊ မမြင်ရာ။

တစ်ခုခု မြင်ခဲ့ပါမူလည်း အလေးမပြုရာ၊ အကယ်၍ မိမိရှေ့တွင်ရှိ၌ အခိုးကိုလည်းကောင်း, အရောင်ကိုလည်းကောင်း, အဆင်းကိုလည်းကောင်း, ပတ္တမြားလောက် ဥက္ကာလောက် ကြယ်လောက်ပင် ဖေါက်ပသော အရောင်ကို မြင်ပါကြားသော်လည်း မကြည့်ရသေးရာ။ မိမိ နှလုံးသွင်းမြဲတိုင်းသော တစ်နှစ် စသော ကမ္မဋ္ဌာန်းအာရုံ၌သာ မြဲစွာသော သတိဖြင့် ဖွဲ့ချည်ထားရမည်။ အဘယ်ကဲ့သို့နည်းဟူမူ-စဉ်းလဲ ကောက်ကျစ်သော နွားငယ်မိုက်ကို ဆုံးမလိုသော ယောကျ်ားသည် ခိုင်မြဲစွာသော သည်တိုင်ကို စိုက်၍ ထိုသည်ဘိုင်၌ ခိုင်မြဲစွာသော ကြိုးဖြင့် ဖွဲ့ချည်ထားရာ၏။ ထိုအခါ နွားငယ်မိုက်သည် တပါးသောအရပ်သို့ ပြေးလို သွားလို ပါလျက် မပြေး မသွားနိုင်၍ ထိုတိုင်ရင်း၌သာ အိပ်ရရှာတော့သကဲ့သို့ ထို့အတူ ရှည်မြင့်စွာသော ကာလပတ်လုံး ရှုပါရုံ စသော အာရုံတို့၌ ကျက်စားတတ်သော စိတ်မိုက်ကို ဆုံးမလိုသော ရဟန်းရှင်လူသည် ထွက်သက်, ဝင်သက်တည်း ဟူသော သည်တို့၌ နွားငယ်နှင့်တူသော စိတ်မိုက်ကို သတိတည်း ဟူသော ကြိုးဖြင့် ဖွဲ့ချည်ထားရာ၏။

ဝေဝေဝ ဣမိနာ ပိ ဘိက္ခုနာ ဒီဃရတ္တံ ရူပါရုမ္မဏောဒိရသ-ပါနဝစိုတံ ဒုဋ္ဌစိတ္တံ ဒမေတုကာမေန ရူပါဒိအာရုမ္မဏတောအပနေတ္ဗာ အရညံ ဝါ။ပ။ သုညာဂါရံ ဝါ ပဝေသေတ္ဗာ တတ္ထ အဃာသပဃာသဋ္ဌာနေ သတိယောဂေ ဋဌတ္ဗံ။

ဝိသုဒ္ဓိ-၁။၁၂၂ဝ။

ဝေမေဝ၊ ဤသို့ ဆိုးညစ်ယုတ်မာ မကောင်းစွာသော နှားမိုက်ငယ်ကို ဆုံးမသောသူ အတူသာလျှင်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ရူပါရုမ္မဏာဒိ ရသပါနဝစိုတံ၊ ရူပါရုံစသည်ကို စွဲ၍ဖြစ်သော သာယာအပ်သော သုခဝေဒနာဟူသော အရသားကို သောက်သဖြင့် ကြီးပြင်းသော။ ဒုဋ္ဌစိတ္တံ၊ ပျက်ချော်သောစိတ်ကို။ ဒမေတုကာမေန၊ ဆုံးမလိုသော။ ဣမိနာပိ ဘိက္ခုနာ၊ ဤရဟန်းရှင်လူ အကြင်သူသည်လည်း။ ရူပါဒိအာရုမ္မဏတောဝ၊ ရူပါရုံ၊ အစရှိသော အာရုံမှ။ အပနေတ္ဗာ၊ ဝေး၍။ အရညံဝါ၊ တောသို့လည်းကောင်း။ (ပ)။ သုညာဂါရံဝါ၊ ဆိတ်ငြိမ်ရာသို့လည်းကောင်း။ ပဝေသေတ္ဗာ၊ ဝင်၍။ တတ္ထ၊ထိုတော၊စသည်၌။ အဃာသ-ပဃာသဋ္ဌာနေ၊ ထွက်သက် ဝင်သက်တည်းဟူသော သည်တိုင်၌။ သတိ-ယောဂေ၊ သတိဟူသော ကြိုးဖြင့်။ ဋဌတ္ဗံ၊ ဖွဲ့ချည်၍ထားအပ်၏။

(ပ)ကား ရှုကွက်မူလ သစ်ပင်ရင်းကိုယူ။ ဤသို့ ဒီဃာသပဃာသ ဟူသော သည်တိုင်၌ သတိဟူသော ကြိုးဖြင့် မိမိ၏စိတ်ကို ဖွဲ့ချည်၍ သန္ဓိဋ္ဌာနဝါရပေါင်း နှစ်ဆယ်တန်သည်, သုံးဆယ်တန်သည် စသည်ဖြင့် တစ်ခုတစ်ခုသော ကျေရိယာပုထ်၌ ရသမျှ အားထုတ်ကြရမည်။ အားထုတ်၍ အကြင်သူသည် တစ်နေ့နှင့် တစ်ညဉ့် အတွက်တို့တွင် ညဉ့်အဖို့၌ သုံးစုပြု၍ တစ်စုကို ချန်လှပ်ပြီးလျှင် ဆွမ်းခံခြင်း, ဆွမ်းစားခြင်း, ဝစ္စကုဋိ, ပဿာဝ-ကိစ္စတို့ကို ထား၍ တစ်နေ့နှင့် ညဉ့်အနှစ်ဖို့ကို အားထုတ်နိုင်ပါလျှင် ဥက္ကဋ္ဌဟု ဆိုသင့်ပေ၏။ ထိုသူအား ဆယ်ရက်မျှလောက်နှင့် ပဌမဈာန်ကို အားအာင်ဖေးထိုက်ပေ၏။ တိက္ခပြစ်၍ ဥဋ္ဌပဋိပဒါ ဖြစ်ခဲ့ အလွန် ကာ-ပြောလှပါမူ ခုနှစ်ရက်, ရှစ်ရက်နှင့် ပေးထိုက်ပေ၏။ အကြင်သူသည်

တစ်နေ့နှင့် ညဉ့်နှစ်ဖို့တို့တွင် ငါးစုပြု၍ လေးစုမျှ အားထုတ်နိုင်ပါလျှင် မဇ္ဈိ-ဟု ဆိုသင့်ပေ၏။ ထိုသူအား အရက်နှစ်ဆယ်လောက်နှင့် ပထမနည်းကို အအောင်ပေးထိုက်ပေ၏။ တိကွဖြစ်၍ နိမိတ်အလွန်စကားပြောလုပါမူ တစ်ဆယ့်ငါးရက်, တစ်ဆယ့်ခြောက်ရက်နှင့်ပင် အအောင်ပေးထိုက်ပေ၏။ အကြင်သူသည် တစ်နေ့နှင့် ညဉ့်နှစ်ဖို့တို့တွင် ငါးစုပြု၍ သုံးစုမျှ အားထုတ်နိုင်ပါလျှင် မုဒုဟု ဆိုသင့်ပေ၏။ ထိုသူအား တစ်လလောက်နှင့် ပထမနည်းကို အအောင်ပေးထိုက်ပေ၏။ တိကွဖြစ်၍ နိမိတ်အလွန် စကားပြောလုပါမူ အရက်နှစ်ဆယ်, နှစ်ဆယ့်ငါးရက်နှင့်ပင် အအောင်ပေးထိုက်ပေ၏။ ဤစကားရပ်၌ "စကားပြောလုပါမူ" ဟူ၍ ဆိုရာ၌ အကြင်သူသည် တစ်ရက်, နှစ်ရက် စသည်ဖြင့် အားထုတ်၍နေစဉ် မီးခိုး, တိမ်ကောင်, မီးရောင်, လျှပ်နွယ် စသည်တို့ကဲ့သို့ မိမိ၏ ရှေတူရွှေနံပါး စသည်၌ အကပ်၍ ထင်မြင်လာခဲ့အံ့။ ထိုသူသည် စကားပြောသောသူ မည်၏။ အကြင်သူသည် တစ်ရက်, နှစ်ရက် စသည်ဖြင့် အားထုတ်ပါငြားသော်လည်း မည်ကဲ့သို့မျှ မထင်မြင်၊ ထိုသူသည် စကားမပြောသောသူ မည်၏။

ထိုသို့ စကားပြောလာသည် ဖြစ်စေ မပြောလာသည် ဖြစ်စေ အာရမ္မဏသက်ဆိုက ကသိဏသက်ဆိုက ပြည့်စုံမှသာလျှင် ဒုတိယစသောတစ်နည်း, တစ်နည်းသို့ ပြောင်းရွှေ့ရမည်။ အာမေဋ္ဌသက်ဆိုက ဟူသည်ကား တစ်ရက်, နှစ်ရက် စသည် အားထုတ်ရုံမျှနှင့် ကမ္မဋ္ဌာန်း၏ အာရုံသည် ပထမအာရုံမှ ဒုတိယအာရုံသို့ ပြောင်းပါသော်လည်း အာရမ္မဏသက်ဆိုကသာ ရောက်၍ ကသိဏသက်ဆိုက မရောက်ရကား နည်းကို မပြောင်းအပ်။ ကမ္မဋ္ဌာန်း စီးပြန်းသောရက်ကား မျှားလှလေပြီ၊ ကမ္မဋ္ဌာန်း၏ အာရုံကား မရခဲ့။ ထိုသူသည် ကသိဏသက်ဆိုကသာ ရောက်၍ အာရမ္မဏသက်ဆိုကသို့ မရောက်ရကား နည်းကို မပြောင်းအပ်။ အကြင်သူသည် အာရမ္မဏသက်ဆိုကလည်း ရောက်ခဲ့၏။ ကသိဏသက်ဆိုကလည်း ရောက်ခဲ့၏။ ထိုသူအားသာလျှင် နည်းကို ပြောင်းရွှေ့၍

●ပေးအပ်၏။ အကြင်သူသည် ရှေးရှေးသော ဘဝက ဆည်းပူးခဲ့သော ပါရမီအားကြီးလုပေါ်၍ အာရုံကသက်ဆိုက်ပည်း အလုံနှိုးထက်သန်လျှင်။ မဆုတ်မနစ် ထင်မြင်၏။ ပြုပြင်၍မျှ မနစ်၊ ထွက်သစ်သော နေလုလင်ကဲ့သို့ လွန်စွာအားရှိလှပါမူကား သမာဓိ၏ အားကိုကြည့်၍ ပြောင်းရွှေ့ အပ်၏။

ဤသို့ အစဉ်ဖြင့် ငါတို့၏ ကျေးဇူးရှင် ဧက်ပံ်ဆရာတော်ဘုရားကြီးသည် အဌကထာကြီးတို့၌ လာအပ်သော ဂဏနနည်း၊ အနုဗန္ဓနနည်း၊ ဖုသနနည်း၊ ဃဋနနည်း၊ သလ္လက္ခဏနည်း၊ ဝိဝဋ္ဋနနည်း၊ ပါရိသုဒ္ဓိနည်း၊ ပဋိပဿဒ္ဓိနည်းတို့တွင် သမထနည်းလေးပါး, ဝိပဿနာ-ဝိဝဋ္ဋနနည်းလေးပါးတို့ကို သန့်၍ ပထမနည်း ဒုတိယနည်းတို့၌ ဂဏန, ဖုသန, ဃဋန တို့၏ အားကို ယှက်၍ ပြတော်မူ၏။ ထိုပြီးမှ၌လည်း ဒသက မယှက်၊ ယောဂါဝစရ၏ သုခပဋိပဒါအကျိုးငှာ အဌကထာနဝ'ဖြင့် ယှက်၍ ပြတော်မူ၏။ တတိယတို့ကို တွေ့လတ္တံ့။

"တသော စ ဂဏယတော နိက္ခမဋ္ဌာဝ ပဝိသဋ္ဌာဝ အဿာသပဿာသာ ပါကဋာ ဟောန္တိ"-ဟူသော ပါဠိ၏နည်းပြင့် ဂဏန-ဖုသန-ဃဋနကို ပြတော်မူ၏။ (၁) ဝိသုဒ္ဓိ-၂-၁၂၂။

"ဂဏနပဋိဗန္ဓေ ဟိ ကမ္မဋ္ဌာနေ ဂဏနပဋိလဒ္ဓေ စိတ္တံ ဧကဂ္ဂံ ဟောတိ"- ဟူသော ပါဠိ၏နည်းပြင့် ယမန-ဂဏန-ဖုသနကို ပြတော်မူ၏။ (၂) ဝိသုဒ္ဓိ-၂-၁၂၂။

"ဖုဋ္ဌဖုဋ္ဌောကာသေ ပန သတိ ဌပေတ္ဗာ ဟောဘဝန္တေသု ဘာဝနာ သမ္ပဇ္ဇတိ"- ဟူသော ပါဠိ၏နည်းပြင့် ဖုသန-ဃဋန-ဂဏနကို ပြတော်မူ၏။ (၃) ဝိသုဒ္ဓိ-၂-၁၂၂။

ဘစ်နည်း။ ပထမပါဠိပြင့် ဂ မှာ၀် ဆုံ မဂ္ဂ'ကို ပြ-တော်မူ၏
ဘစ်နည်း။ ဒုတိယပါဠိပြင့် သမ္ပာသဟတိ မဂ္ဂ'ကို ပြခဲ့ကြောင်း

တစ်နည်း။ ။တတိယပါဒ်ဖြင့် သမ္မာသတိမဂ္ဂင်ကို ပြတော်မူ၏။ ထပနမှာ ဥပစာ၏ အနှစ်သာရမာဓိကို ရည်လိုက်၏။

ဝေ-ဝုတ္တပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ ဂဏ-ယတော၊ ရေတွက်သော။ တသ၊ ထိုယောဂီအား။ နိက္ခမန္တော စ၊ ထွက်ဆည်လည်း ဖြစ်ကုန်သော။ ပဝိသန္တော စ၊ ဝင်သည်လည်း ဖြစ်ကုန်သော။ အသောသ ပဿောသာ၊ အသောသ ပဿောသတို့သည်။ ပါကဋာ၊ ဂဏ-နာပထဖြင့် ဗဟိဒ္ဓ ဝိကွေ့ပ၏ မရှိခြင်းကြောင့် ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (၁)၏ အနက်။

ဟိ၊ ထင်စွာ ပြဦးအံ့။ ဂဏနပဋိပန္နေ၊ ရေတွက်ခြင်းနှင့် စပ်သော။ ကမ္မဋ္ဌာနေ၊ ဂ မ္မဋ္ဌာန်း၌။ ဂဏနပလေနေ၀၊ ရေတွက်ခြင်းနှင့်စပ်သော အား၏ အစွမ်းအားဖြင့်သာလျှင်။ စိတ္တံ၊ စိတ်သည်။ ကေဝဠံ၊ တည်ကြည်ဏ သည်။ ဟောတိ၊ ဖြစ်၏။ ။(၂)၏ အနက်။

ဖုဋ္ဌဖုဋ္ဌောကာသေ ပန၊ ထိရာ ထိရာ အရပ်၌။ သတိ ၊ သတိကို။ ဌပေတွာ၊ ထား၍။ ဘာဝေန္တသေ၀၊ ပွားစေသောသူအား သာလျှင်။ ဘာ၀နာ၊ ဂဏန, ဖုသနတို့၏ ဘာ၀နာသည်။ ဏ မ္မဋ္ဌတိ၊ ပြည့်စုံ၏။ (၃)၏ အနက်။

ဤကား လဒ္ဓေါပဒေသ စသည်တို့နှင့် ယှက်၍ ရေးအပ်သော ပထမနည်း၏ ပဋ္ဌာန်း၊ စေ့စေ့စုံစုံ ရှိအောင်ကိုကား ဆရာနှင့်လက်ထပ် ယူကြရမှ ပြည့်စုံမည်၊ တစ်ယောက်သောသူ၏ ဓာတ်သည် တစ်ယောက် သော သူ၏ ဓာတ်နှင့် မတူ ကွဲပြားကြသည် မျှားလျှ၏၊ ကွဲပြားခြင်း မျှားကြသော်လည်း ခရီးကို လိမ္မာလှသော ခရီးလမ်းညွှန်ကွဲသို့ ပြသော သူသည် ခရီးလမ်း၏ အဆုံ, အဆုံးကို သိမြင်တတ်သည်သာ ဖ

့နေ ပေတည်း။

ဂ္ဂတိ ပဋေ၀ဒုကပဋ္ဌာန်း

၁၃-ပါရိဟာရိယ ကမ္မဋ္ဌာန်းကို စီးပြန်းရန် ဒုတိယနည်းကိုပြခြင်း

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊
ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။
ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊
ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

ဒီ၊ ၂၊ ၂၃၁။

ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက် ရှူလတ်သော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ထွက်သက် ရှူ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက် ရှိုက်လတ်သော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက် ရှိုက်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။အဿသန္တော၊ ထွက်သက် ရှူလတ်သော်။ ရဿံ၊ တိုစွာ။ အဿသာမီတိ၊ ထွက်သက် ရှူ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။ ပဿသန္တော၊ ဝင်သက် ရှိုက်လတ်သော်။ ရဿံ၊ တိုစွာ။ ပဿသာမီတိ၊ ဝင်သက် ရှိုက်၏ဟူ၍။ ပဇာနာတိ၊ သိ၏။

ဤသို့ ပထမ ဒုက၏ အခြားမဲ့၌ ဒုတိယ ဒုကကို ဟောတော်မူ၏၊ ထိုဒုတိယဒုကဟု ဆိုအပ်သော ဒုတိယနည်းကို ကြိုးပမ်း အားထုတ်လိုသော ယောဂါဝစရသည် ပြောလာမှ သာ၍ကောင်း၏။

ထင်စေအံ့၊ ပြောခြင်းသည်–

(၁) မမေးဘဲနှင့် ပြောသောသူ၊

(၂) မေးမှ ပြောသောသူ၊

(၃) မမေးဘဲလည်း မပြော၊ မေးသော်လည်း မပြောသောသူဟူ၍ သုံးယောက်ရှိ၏။

ထိုသုံးယောက်တို့တွင်-

(၁) အကြင်သူသည် အာရမ္မဏသက်နှိုက်လည်း ရောက်၊ ကသိဏ-သက်နှိုက်လည်း ရခဲ့အုံ့၊ ထိုသူသည် ဒုတိယ ဒုကသို့ ပြောင်းရခြင်း။

(၂) အကြင်သူသည် ကသိဏသက်နှိုက သာ ရ၍ အာရမ္မဏ-သက်နှိုက တစ်စုံတစ်ခုမျှ ထင်မြင်မလာ၍ ထင်မြင်မည်လောဟု ဒုတိယနည်းဖြင့် မေးလိုက်က တစ်စုံတစ်ခု ထင်မြင်လာမူ ထို သူသည် မေးမှုရ၍ ဒုတိယ ဒုကသို့ ပြောင်းရခြင်း။

(၃) အကြင်သူသည် ဘာသာလည်း မထင်မြင်၊ မေးသော်လည်း မရ၊ ကသိဏသက်နှိုက ကား ကြာလှလေပြီ၊ ဤသူကား သဒ္ဓါတရားလည်း ရှိ၏၊ မလှည့်စားတတ်၊ ဝီရိယလည်း ရှိ၏၊ ထိုသူကို ပြောင်း၍ ပေးသင့်ပြီဟု ဆရာက ဆ၍ ဒုတိယ ဒုကသို့ ပြောင်းရခြင်း။

ထို ဒုတိယ ဒုကသို့ ပြောင်းရာ၌လည်း အချို့ အချို့သော သူတို့သည် မြေ, ဆင်, ကျွဲ, နွားတို့ ကဲ့သို့ ထွက်သက်, ဝင်သက်ကို ရှည်ရှည်ရှု၍ ရှည်ရှည်ရှိုက်လေ့ ရှိကြ၏၊ အချို့ အချို့သော သူတို့သည် ခွေး, ယုန်တို့ ကဲ့သို့ထွက်သက်, ဝင်သက်ကို တိုတိုရှု၍ တိုတိုရှိုက်လေ့ ရှိကြ၏။

မနုဿသု ပန ကေစိ ဟတ္ထိ အ ဟိအာဒယော ဝိယ ကာလဒ္ဓါနဝသေန ဒီဃံ အဿသန္တိ စ ပဿသန္တိ စ၊ ကေစိ သုနခ သာသာဒယော ဝိယ ရဿံ။ ဝိသုဒ္ဓိ-၁-၂၆၃။

မနုဿသု ပန၊ သမာနပမာဏရှိကုန်သော လူတို့ကိုယ်၌ကား။ ကေစိ၊ ဟ ချို့ကုန်သော သူတို့သည်။ ဟတ္ထိ အဟိ အာဒယော ဝိယ၊ ဆင်, မြွေ စသည်တို့ကဲ့သို့။ ကာလဒ္ဓါနဝသေန၊ ကာလအဓွန့်၏ အစွမ်းဖြင့်။ ဒီဃံ၊ ရှည်စွာ။ အဿသန္တိ စ၊ အဿာသကိုလည်း ဖြစ်စေကုန်၏။ ပဿ သန္တိ စ၊

ပဿာသကိုလည်း ဖြစ်စေကုန်၏၊ ကေစိ၊ အချို့ကုန်သော သူတို့သည်။ သုနခ သသာဒယော ဝိယ၊ ခွေး, ယုန် စသည်တို့ကဲ့သို့။ ကာလဒ္ဓါန-ဝသေန၊ ကာလအဓွန်၏ အစွမ်းဖြင့်။ ရသံ၊ တိုစ္စာ။ အဿသန္တီ စ၊ အဿာသကိုလည်း ဖြစ်စေကုန်၏။ ပဿသန္တီ စ၊ ပဿာသကိုလည်း ဖြစ်စေကုန်၏။

ထိုနှစ်ပါးသော ဒီဃဗန္ဓန, ရဿဗန္ဓန တို့တွင် ယခုအခါ၌ကား မျှားသောအားဖြင့် ဒီဃဗန္ဓနသာ အလွန်မျှားကြ၍ ဒီဃဗန္ဓနကို ပခေန ပြု၍ ပြပေအုံ့။ ဤဒီဃဗန္ဓနကို အားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ် အား ဆရာဖြစ်သောသူက အဒ္ဓါနာကာရ, ဆန္ဒဝသာကာရ, ပါမောဇ္ဇ ဝသာကာရ-ဟူ၍ အာကာရကြီး သုံးပါးကိုမှတ်၍ တစ်ပါး တစ်ပါးဌ-

(၁) အဿာသာကာရ

(၂) ပဿာသာကာရ

(၃) အဿာသ ပဿာသာကာရ-

တို့ဖြင့် သုခုမ-သုခုမတရ- သုခုမတုမသို့ ရောက်စေအာင် သွင်းရမည်။

တတြာယံ ဘိက္ခု နဝဟာကာရေဟိ ဒီဃံ အဿသန္တော ပဿသန္တော စ ဒီဃံ အဿသာမိ ပဿ သာမီတိ ပဇာနာတိ။
ဝိသုဒ္ဓိ-ဌ-၁၊ ၂၆၄။

တတြ၊ ထိုဂါဌိတော်ဌ။ နဝဟာကာရေဟိ။ ကိုးပါးသော အခြင်းအရာ တို့ဖြင့်။ဒီဃံ၊ ရှည်စွာ။အဿသန္တော စ၊ ထွက်သက်ရှူသည်လည်းဖြစ်သော။ ပဿသန္တော စ၊ ဝင်သက်ရှိုက်သည်လည်းဖြစ်သော။ အယံ ဘိက္ခု၊ ဤ ရဟန်းသည်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိ၊ ထွက်သက်ကို ဖြစ်စေ၏။ ပဿသာမိ၊ ဝင်သက်ကို ဖြစ်စေ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

အဘယ်သို့ သွင်းရမည်နည်း၊ ငါ၏ ထွက်သက်လေကို ရှည်ရှည်ရှူမည်, ရှည်ရှည်ရှူမည်ဟု ရှည်ရှည်နေးနေး နှာဝမှ လွှတ်ရမည်။ ထို့အပြင် ငါ၏ ဝင်သက်လေကို ရှည်ရှည်ရှိုက်မည်, ရှည်ရှည်ရှိုက်မည်ဟု ရှည်ရှည်နေးနေး

လွတ်သော လေဒေါသမှ ရှိုက်ရမည်။ ထိုသို့ ရှုရာ ရှိုက်ရာ၌ မိမိနှာဝကို ဖြောင့်စွာ ထားရ၊ နှာဝမဖြောင့်သော်လည်း မိမိစိတ်က ဖြောင့်၏ဟု မှတ်ထားရ၊ နှာခေါင်းမှစ၍ နှစ်တောင့်ထွာခန့်, သုံးတောင်ခန့်, လေးတောင်ခန့်, အရပ်၌ သုံးထွာနှင့် လက်ရှစ်သစ်လောက်ရှိသော အမြင့်နှင့် ဖြောင့်စွာ တသားတပြေးတည်း ကိုက်စေလျက် ထွက်သက်ကို လွတ်လိုက်သော အခါ၌ ခုနှစ်ကြိမ်, ရှစ်ကြိမ်မျှလောက် တွန်း၍, တွန်း၍ တွန်းပို့၊ ဝင်သက်ကို ရှိုက်လိုက်သောအခါ ခုနှစ်ကြိမ်, ရှစ်ကြိမ်မျှလောက် ဆွဲ၍, ဆွဲ၍ယူ၊ လေးကြိမ်, ငါးကြိမ်လည်း ဖြစ်၏။ မိမိ နှာဝမှ တမျှင်းကြွေးဆွဲ၍ တန်းသကဲ့သို့သော အရပ်ဖြောင့်ဖြောင့်မှ ထက်အောက်-ဝဲ ယာ ရှေ့နောက် တို့ကို မကြည့်လင့်။

ဥပမာ အဘယ်ကဲ့သို့နည်း၊ တောင်သူလူမျိုး သူငယ်ကလေးတို့သည် စပါးပင်မှ စပါးရိုးကို တစ်ထွာခန့်မျှဖြတ်၍ ထိပ်မှ လေးမြှောခွဲပြီးလျှင် ဆီးကင်းငယ်ခန့်လောက် ရှုံလုံးကို လုံး၍ နှုတ်ခမ်းဖြင့် ငုံပြီးလျှင် လေးမြှောခွ ကြားခွ၌ တည်လုံးခေါ်သော ရှုံလုံးကို ဖြည်းညင်းသာယာစွာ အထက်သို့ မှုတ်၍, မှုတ်၍ မြင့်စေခြင်း၊ အောက်သို့ လျှော့၍, လျှော့၍ အခွသို့ ရောက်စေခြင်းကဲ့သို့။ ဤအတူ ယောဂါဝစရပုဂ္ဂိုလ်သည်လည်း နှာဝမှ စ၍စ၍ လေးကြိမ်, ငါးကြိမ်, ခြောက်ကြိမ်, ခုနှစ်ကြိမ်, ရှစ်ကြိမ်သော လေတို့ဖြင့် တွန်း၍ တွန်း၍ ထွက်သက်ကိုပို့။ ၎င်းနည်းတူစွာ လေးကြိမ်၊ (၀) ရှစ်ကြိမ်သော လေဘွားဖြင့် ဆွဲ၍ဆွဲ၍ ဝင်သက်ကို ယူရမည်။ ဗိုင်းငင့် ဥပမာ, ပွတ်ကြိုးဆွဲသော ဥပမာတို့လည်း နည်းတူ မှတ်ကြလေ။

တိုသို့ ရှုသော သူတို့တွင် ထွက်သက်၏ ရှည်ရှည် ရှုခြင်းကိုသာ မှတ်သောသူသည် အဿာသသာကာရအဒွါန ပုဂ္ဂိုလ်မည်၏။ ဝင်သက်၏ ရှည်ရှည်ရှိုက်ခြင်းကိုသာ မှတ်သောသူသည် ပဿာသသာကာရအဒွါန ပုဂ္ဂိုလ်မည်၏။ ထွက်သက်, ဝင်သက်၏ ရှည်ရှည်ရှုခြင်း ရှည်ရှည်ရှိုက်ခြင်းကို့ကိုသာ မှတ်သော သူသည် အဿာသပဿာသသာကာရအဒွါန ပုဂ္ဂိုလ်မည်၏။ (သုခုမ သွင်း။)

ထိုအဒ္ဓါနာဂေါဝရဖြင့် နှစ်တောင့်ဘွာ, သုံးတောင်ဟူသော မိမိနယ်ကို မလွန်မူ၍ မဂ္ဂင်သုံးပါးဖြင့် စောင့်ရှောက်ပေလျက် အားထုတ်အပ်သော ယောဂါဝစရ သားသည် တစ်ရှူထက်တစ်ရှူ, တစ်ရှိုက်ထက် တစ်ရှိုက်, တစ်ထိုင်ထက်တစ်ထိုင်, တစ်နေ့ထက်တစ်နေ့ မိမိ၏ ဘာဝနာ၌ သာယာသဖြင့် အစိုးရခြင်းရှိလျှ၍ တိုး၍, တိုး၍ အားထုတ်လိုသောဆန္ဒဖြင့် ကုသလစ္ဆန္ဒဖြစ်၍ တိုး၍, တိုး၍ အားထုတ်သော ယောဂါဝစရသည် ဆန္ဒဝသာကာရသို့ ရောက်ပေ၏။

ဆန္ဒော ဥပ္ပဇ္ဇတိ ဘာဝနာယ ပုဗ္ဗေနာပရံ ဝိသေသံ အာဝဟန္တိယာ လဒ္ဓဿာဒတ္တာ တတ္ထ သာတိသယော ကတ္တုကာမတာလက္ခဏော ကုသလစ္ဆန္ဒော ဥပ္ပဇ္ဇတိ။ ဝိသုဒ္ဓိ-ဋီ-၁၊၃၁၉။

ဆန္ဒော ဥပ္ပဇ္ဇတိတိ၊ ကား။ ဘာဝနာယ၊ အဒ္ဓါနာဂေါရ ဘာဝနာ၏ အဟုန်သည်။ ပုဗ္ဗေနာပရံ၊ ရှေးကာလမှ နောက်ကာလ၌။ ဝိသေသံ၊ ထူးသော သမာဓိဆန္ဒ ပါမောဇ္ဇကို။ အာဝဟန္တိယာ၊ဆောင်လတ်သော်။ လဒ္ဓဿာဒတ္တာ၊ ရအပ်သော သာယာဖွယ်ရှိသည်၏အဖြစ်ကြောင့်။ တတ္ထ၊ ထိုအဒ္ဓါနာဂေါရ ဘာဝနာ၌။ သာတိသယော၊ အစိုးရခြင်းရှိသည်ဖြစ်၍ ဖြစ်သော။ ကတ္တုကာမတာလက္ခဏော၊ စီးပြန်းခြင်းငှာ အလိုရှိသည်၏ အဖြစ်လျှင် လက္ခဏာရှိသော။ ကုသလစ္ဆန္ဒော၊ ကုသလစ္ဆန္ဒသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ထို ဆန္ဒဝသာကာရ အားရှိလှသဖြင့် တိုး၍, တိုး၍ အားထုတ်သော သူသည် ထွက်သက်, ဝင်သက်၏ ရှုံ့ရင်းခြင်းမရှိ၊ လေဟုန်ကို စီး၍ လိုက်သော ငှက်ကြီးကဲ့သို့ အလွန်နှုးညံ့ခြင်းသို့ ရောက်လေ၏။ ဤစကားသည် မှန်၏၊ ပူပန်ခြင်းမှ ကင်းသောသူသည် ထွက်သက် ဝင်သက်၌ အလွန် လိမ္မာလှ၍ အလွန် နှုးညံ့ခြင်းသို့ ရောက်လေ၏။

တတော သုခုမဘရန္တိ ယထာဝုတ္တဆန္ဒပ္ပဝတ္တိယာ ပုရိမတော သုခုမတရံ။ ဘာဝနာဗလေန ဟိ ပဋိပ္ပဿဒ္ဓိဒရထ ပရိဋ္ဌာဟတာယ ကာယသ္သ အသာသပဿာသာ သုခုမတရာ ဟုတ္ဝာ ပဝတ္တန္တိ။
ဝိသုဒ္ဓိ ၊ ၁၂၁၉။

တတော သုခုမတရန္တိ၊ ကား။ ယထာဝုတ္တဆန္ဒပ္ပဝတ္တိယာ၊ အကြင် အကြင် ဆိုခဲ့အပ်ပြီးသော ဆန္ဒ၏ဖြစ်ခြင်းကြောင့်။ ပုရိမတော၊ ရှေးဖြစ်ဟောင်း အသာသပဿာသတို့ထက်။ သုခုမတရံ၊ သာ၍သိမ်မွေ့သော။ ဟိ၊ သင့်စွ။ ဘာဝနာဗလေန၊ ဘာဝနာအစွမ်းဖြင့်။ ကာယသ္သ၊ ကိုယ်၏။ ပဋိပ္ပဿဒ္ဓိဒရထပရိဋ္ဌာဟတာယ၊ ငြိမ်းအေးပြီးသော ပူပန်ခြင်း ပူလောင်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ အသာသပဿာသာ၊ ထွက်သက်ဝင်သက်တို့သည်။ သုခုမတရာ၊ သာ၍သိမ်မွေ့ကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

ထိုအလွန်နူးညံ့ခြင်းသို့ရောက်သော ယောဂါဝစရအား ထိုဆန္ဒဝသာ-ကာရအစွမ်းသည် သုခုမတရ အကြိမ်များစွာ ဖြစ်လျှက် မိမိစိတ်သည် ငြိမ်သက်လှသည်ဖြစ်၍ ကမ္မဋ္ဌာန်း၏ခရီးသို့ သက်ခြင်းကြောင့် မထင်မြင်ဖွယ်သော ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့ကို ထင်မြင်ရခြင်းကြောင့် ပါမောဇ္ဇဝသာကာရသို့ ရောက်လေ၏။ ထိုပါမောဇ္ဇဝသာကာရသို့ရောက်သော ယောဂါဝစရအား ပကတိသော ထွက်သက်, ဝင်သက်ကို လွှတ်၍ နိမိတ်ဟူသော အာရုံ၌ တည်ရှာလေတော့သည်။

ပါမောဇ္ဇံ ဥပ္ပဇ္ဇတိ အသာသပဿာသာနံ သုခုမတရ-ဘာဝေန အာရမ္မဏသ္မိ သန္ဌာတရတာယ ကမ္မဋ္ဌာနသ္သ ဝီထိ-ပဋိပန္နတာယ ဘာဝနာစိတ္တသဟဂတော ပမောဒါ ခုဒ္ဒိကာဒိ-ဘေဒါ တရုဏပီတိ ဥပ္ပဇ္ဇတိ။

ဘာဝနာဗလေန ပန သုခုမတရဘာဝပတ္တေသု အသာသ-ပဿာသေသု တတ္ထ ပဋိဘာဂနိမိတ္တေ ဥပ္ပန္နေ ပကတိအသာသ-ပဿာသတော စိတ္တံ နိဝတ္တတိ။ ဝိသုဒ္ဓိ ၊ ၁၂၁၉။

ပါမောဇ္ဇ ဥပ္ပဇ္ဇတိ၏ ကား။ အသုဘသညာသညာနှင့်၊ ထုက်သက် ဝင်သက်တို့၏။ သုခုမတရဘာဝေန၊ အလွန်နှုးညံ့သိမ်မွေ့သည်၏ အဖြစ်ဖြင့်။ အာရမ္မဏသ၊ ဘာဝနာအာရုံ၏။ သန္ဌာတရတာယ စ၊ အလွန်ငြိမ်သက်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ကမ္မဋ္ဌာနသ၊ ထုက်သက် ဝင်သက် ကမ္မဋ္ဌာန်း၏။ ဝိသိပဋ္ဌိပန္နတာယ စ၊ လမ်းရှိုးလမ်းမှန်ကို သွားသည်၏ အဖြစ် ကြောင့် လည်း ကောင်း။ ဘာဝနာစိတ္တသဟဂတော၊ ဘာဝနာစိတ်နှင့်တကွဖြစ်သော။ ပမောဒေါ၊ ဝမ်းမြောက်ခြင်းတည်း ဟူသော။ ခုဒ္ဒိကာဒိဘေဒါ၊ ခုဒ္ဒိကာပီတိ အစရှိသည်အပြားရှိသော။ တရုဏပီတိ၊ နုဒသာပီတိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ပန၊ အထူးကို ဆိုဦးအုံ့။ ဘာဝနာဗလေန၊ အသုဘသညာသ ဘာဝနာ၏အားအစွမ်းဖြင့်။ (၀၊) ကြောင့်။ အသုဘသညာသော သု၊ ထုက်သက် ဝင်သက်တို့သည်။သုခုမဘရ ကာဝပတ္တော သု၊အလွန်နှုးညံ့သည်၏ အဖြစ်သို့ရောက်ကုန်လတ်သော်။ တတ္ထ၊ထိုအသုဘသညာသ ကမ္မဋ္ဌာန်း၌။ ပဋ္ဌိဘာဂနိမိတ္တော၊ ပဋ္ဌိဘာဂနိမိတ်သည်။ဥပ္ပန္နော၊ ဖြစ်လတ်သော်။ ပကတိ-အသုဘသညာသတော၊ ပြကတေ့ဖြစ်သော ထုက်သက် ဝင်သက်မှ။ စိတ္တံ၊ စိတ်သည်။ နိ၀တ္တတိ၊ နှစ်၏။

ထို၂ပါမောဇ္ဇ၀သာကာရသို့ ရောက်လျှင် ဥဂ္ဂဟနိမိတ်, ပဋ္ဌိဘာဂနိမိတ်တို့ ထင်မြင်လာရမြဲပေတည်း။ (ဤဌိကာရှင် ဗဒရတိတ္ထဆရာ ရှင်ဓမ္မပါလ ကြီးကား ဥဂ္ဂဟနည်းအားဖြင့် ပဋ္ဌိဘာဂနိမိတ်ကို ပြတော်မူသည်။အမှာ)။ ဤသို့ ပါမောဇ္ဇ၀သာကာရသို့ ရောက်သော ယောဂါ၀စရအား မိမိရအပ်သော အာနာပါနကို မှီ၍ ဖြစ်သော နိမိတ်ကိုသာ အစဉ်တစိုက် လိုက်၍ ကြည့်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူ ဤအသုဘသညာသ နိမိတ်သည်ပင်း အသုဘ ပယောဇန မည်ရာ၏ဘဝ်။ ထို့ကြောင့် အစဉ်တစိုက်လိုက်၍ ကြည့်အပ်၏။

အသုဘသညာသော နိ သုဘယ ဥပ္ပန္နနိမိတ္တေ ဇာတေ အသုဘ-ပယောဇနသမညမေ ဝုတ္တံ။ ဝိသုဒ္ဓိ-ဋီ-၁၊ ၃၁၉။

အာသာသ ပသာသေ၊ ထွက်သက်ဝင်သက်တို့ကို။ နိုသာသ၊ မှိ၍၊ ဥပဿနိမိတ္တမှ၊ ဖြစ်သောနိမိတ်ကိုလည်း။ ဣတ္ထ၊ ဤကမ္မဋ္ဌာန်းစီးဖြန်းသော အရာ၌။ အာသာသ ပသာသသမညေမဝ၊ အာသာသပသာသသမည်၏ဟူ၍ သာလျှင်။ ဝုတ္တံ၊ ဆိုအပ်၏။

ဤသို့သော စကားအစဉ်ဖြင့် ပဌမနည်းတို့နှင့် သတောကာရီ၏ အဖြစ်ကို ပြခဲ့၏။ ဤဒုတိယနည်းတို့ဖြင့် ကိုးပါးသော အာကာရတို့တွင် တစ်ပါးတစ်ပါးသော အာကာရသို့ တက်၍ တက်၍ အဆုံးဖြစ်သော ပါမောဇ္ဇဝသာကာရဖြင့် သတုပဋ္ဌာနကို ပြရ၏။ ထိုသတုပဋ္ဌာန်သို့ ရောက်မှ ကလျာဏ စသော ဘုံသို့ တက်နိုင်မည်။

ဥပဋ္ဌာနံ သတိဘိ တံ အာရမ္မဏံ ဥပဂန္တွာ တိဋ္ဌတိတိ သတိ ဥပဋ္ဌာနံ နာမ။ ဝိသုဒ္ဓိ-ဋီ-၁၊ ၃၁၉။

ဥပဋ္ဌာနံသတိတိ၊ ကား။ တံ အာရမ္မဏံ၊ ထိုအသာသ ပသာသ နိမိတ်၏ အာရုံကို။ ဥပဂန္တွာ၊ ကပ်၍။ ယံ စိတ္တံ၊ အကြင်ကမ္မဋ္ဌာန်း စီးဖြန်းသောစိတ်သည်။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ စိတ္တံ၊ ထိုစိတ်သည်။ သတိဥပဋ္ဌာနံနာမ၊ သတုပဋ္ဌာန မည်၏။
(ကလျာဏဘုံသို့ တက်ပုံကို သိတော့လတ္တံ့။)

ထိုသတုပဋ္ဌာနသို့ ရောက်က နိမိတ်တို့ ထင်မြင်ရ၏ဆိုသော် အဘယ်သို့ ထင်မြင်ရမည်နည်း၊ ယောဂါဝစရပုဂ္ဂိုလ်၏ ဝိရိယ, သတိ, သမာဓိတို့ ဘာဝနာအဟုန်ဂုဏ်ကြောင့် အလိုအလျောက် ပေါ်ပေါက်လာရသော ဥဂ္ဂဟ, ပဋိဘာဂနိမိတ် သည် သမာဓိ ကိုရသောသူ၏ ဘာဝနာသညာ ကြောင့် ဖြစ်သော ဟရုံးထူးတစ်ခုပေတည်း။

ပေါ်ပေါ်လည်း သမာဓိလာဘိနော ဥပဋ္ဌာနကာရမတ္တံ၊ သညေ-ဟမတ်။ ဝိသုဒ္ဓိ-ဋီ-၁၊ ၁၂၂။

သညဉ္ဉီ ဘာဝနာသညာ ဇနိတံ၊ ဘာဝနာသညာယ သဗ္ဗာတမတ္တံ။ နဟိ အသဘာဝေ ကုတောစိ သမုဋ္ဌာနံ အတ္ထိ၊ တေနေဝ ဥပဋ္ဌာနကာရမ္ပိ။ ဝိသဒ္ဒိ-ဋီ-၁၊၁၄၇။ ဒီ-ဋီ-၂-၂၁၉။

ဟိသင်စ့်မှန်၏။ ကေဝလံ၊ အလိုလို။ သမာဓိလာဘီနော၊ သမာဓိကို ရသောသူ၏။ ဥပဋ္ဌာန ကာရမတ္တံ၊ထင်မြင်လာသည်ကိုပြုရုံတွေ့သောတည်း။ တေ၊ဤနိမိတ်သည်။ သညာ၊ ဘာဝနာသညာကြောင့် ဖြစ်၏။ (အဋ္ဌ-ကထာအနက်)

သညဉ္ဉီ၊ ကား။ ဘာဝနာသညာဇနိတံ၊ ဘာဝနာသညာသည် ဖြစ်စေအပ်သော အာရုံတည်း။ ဘာဝနာသညာယ၊ ဘာဝနာသညာ ကြောင့်။ သဗ္ဗာတမတ္တံ၊ ဖြစ်သောအာရုံမျှသာတည်း။ ဟိ၊ သင့်စ့်။ အသဘာဝေ၊ ထင်ရှားမရှိသော တရား၏။ ကုတောစိ၊ တစ်စုံတစ်ခု သော အကြောင်းကြောင့်။ သမုဋ္ဌာနံ၊ ဖြစ်လာရခြင်းသည်။ နဲ အတ္ထိ၊ မရှိ။ တေန၊ ထို့ကြောင့်။ ဥပဋ္ဌာနကာရမတ္တန္တိ၊ ဟူ၍။ အာဟ၊ အဋ္ဌကထာအရှင် မိန့်တော်မူ၏။ (ဋီကာ အနက်)

ထိုတရားထူးသည် အကြင်အခါ မိမိယူအပ်သော အာနာပါနဟူသော ပရိကံ အားရှိလတ်သော် စိတ်ဖြင့် ကောင်းစွာ ထွက်သည်, ဝင်သည်ဟု သည်းက ယူခဲ့အံ့၊ (၀၊) ထွက်ရှာပြီ, ဝင်ရှာပြီ ဟူ၍ ထင်မြင်ခဲ့အံ့၊ ထိုအခါ၌ မျက်စိဖြင့် မြင်သကဲ့သို့၊ (၀၊) အခိုးကို နှာခေါင်းမှ လွှတ်၍ ကြည့်သကဲ့သို့ မိမိ၏ စိတ်အား ထင်မြင်ခဲ့၏။ ထိုသို့ ထင်မြင်သော တရားထူးတစ်ခုသည် ဥဂ္ဂဟနိမိတ် ခေါ်သော တရားသည် တည်လေ၏။

ယဒါ ပန တံ နိမိတ္တံ စိတ္တေန သမုဂ္ဂဟိတံ ဟောတိ၊ စက္ခုနာ ပဿန္တော်ယေဝ မနောဒ္ဒါရေ သာ အာပါထမာဂတံ၊ ဇ.ဒါ တမေဝါ-ရမ္မဏံ ဥဂ္ဂဟနိမိတ္တံ နာမ၊ သာ စ ဘာဝနာ သမာဓိယတိ။

(သင်္ဂဟ-၁၅၂-၁၅၃)

ပန၊ ပရိကမ္မနိမိတ်မှ တစ်ပါး ဥဂ္ဂဟနိမိတ်ကို ဆိုအံ့။ ယဒါ၊ အကြောင်အခါ၌။ တံ နိမိတ္တံ၊ ထိုပရိကမ္မနိမိတ်ဟု ဆိုအပ်သော ပထဝီကသိုဏ်းဝန်းအစရှိသော အာရုံကို။ (၁၂) ထို ပရိကမ္မနိမိတ်ဟု ဆိုအပ်သော ပထဝီကသိုဏ်းဝန်း အစရှိသော အာရုံသည်။ စိတ္တေန၊ မနောဒ္ဓါရစိတ်ဖြင့်။ သမုဂ္ဂဟိတံ၊ ကောင်းစွာ ယူအပ်သည်။ ဟောတိ၊ ဖြင့်၏။ စက္ခုနာ၊ စက္ခုဝိညာဉ်ဖြင့်။ ပဿန္တော၊ မြင်သကဲ့သို့။ မနောဒ္ဓါရဿ၊ မနောဒ္ဓါရအား။ အာပါထံ၊ ထင်ခြင်းသို့။ အာဂတံ၊ ရောက်၏။ တဒါ၊ ထိုအခါ၌။ တမေဝ-အာရမ္မဏံ၊ ထိုကသိုဏ်းဝန်း စသော အာရုံသည်ပင်လျှင်။ ဥဂ္ဂဟနိမိတ္တံ-နာမ၊ ဥဂ္ဂဟနိမိတ် မည်၏။ သာစ ဘာဝနာ၊ ထိုဘာဝနာသည်လည်း။ သမာဓိယတိ၊ တည်ကြည်၏။

ထို ထင်မြင်လာသော ဥဂ္ဂဟနိမိတ်သည် အမြဲမဟုတ်၊ အချို့သော သူတို့အား သောက်ရှူးကြယ်၊ အချို့သောသူတို့အား ပဉ္စာမြားလုံး၊ အချို့သော သူတို့အား ပုလဲလုံး၊ အချို့သော သူတို့အား ဝါစေ့၊ သစ်သားနှစ်တံကျင်၊ အချို့ ဆောက်လုံးကြိုး၊ ပန်းဆိုင်း၊ မီးခိုး၊ တိမ်ညွှန့် စသည်တို့ကဲ့သို့ ထင်မြင်လာရ၏၊ အမြဲမဟုတ်။

ဣဒဉ္စိ ကသိဏစိ တာဝကရုပံ ဝိယ မဏိဂုဋ္ဌိကာ ဝိယ မုတ္တာ-ဂုဋ္ဌိကာ ဝိယ စ၊ ကသိဏစိ ခရသမ္ဘဝေ ဟုတ္ဝာ ကပ္ပါသဋ္ဌိ ဝိယ ဒါရုသာရသုစိ ဝိယ စ၊ ကသိဏစိ ဒီဃပါမင်္ဂသုတ္တံ ဝိယ ကုသုမ-ဒါမံ ဝိ ယ ဓူမသိခါ ဝိယ စ။

ဝိသုဒ္ဓိ-၄၊ ၁။ ၂၇၂။

ဟိ၊ ထင်စွာပြုအံ့။ ဣဒံ နိမိတ္တံ၊ ဤနိမိတ်သည်။ ကသိဏစိ၊ အချို့သောသူအား။ တာဝကရုပံဝိယ၊ သောက်ရှူးကြယ်ကဲ့သို့လည်းကောင်း။ မဏိဂုဋ္ဌိကာဝိယ၊ ပဉ္စာမြားလုံးကဲ့သို့လည်းကောင်း။ မုတ္တာဂုဋ္ဌိကာဝိယ၊ ပုလဲလုံးကဲ့သို့လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်မြင်၏။ ကသိဏစိ၊ အချို့သောသူအား။ ခရသမ္ဘဝေ၊ ကြမ်းသောအတွေ့ရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။

ကပ္ပါသင့္ဟိ ဝိယ၊ ဝါစေ့ ကဲ့သို့လည်းကောင်း။ ဒါရုသားရသုစိ ဝိယ စ၊ သစ်သားနှစ် တံကျင်ကဲ့သို့ လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်မြင်၏။ ကဿစိ၊ အချို့သောသူအား။ ဒီဃပါမဂ်သုတ္တံ ဝိယ၊ ရှည်စွာသော ဆောက်လုံးကြိုးကဲ့သို့လည်းကောင်း။ ကုသုမဒါမံ ဝိယ၊ ပန်းဆိုင်းကဲ့သို့ လည်းကောင်း။ ဓူမသိခါဝိယ စ၊ အခိုးညွှန့်ကဲ့သို့လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်မြင်လာ၏။

ဤသို့ စသည် အဋ္ဌကထာကြီး၌ မျှားစွာ ဆို၏၊ ထိုအဋ္ဌကထာတို့၌ မျှားစွာဆိုအပ်သော နိမိတ်တို့တွင် တစ်ပါးပါးသော နိမိတ်ကို ထင်မြင်လာစဖြစ်သောယောဂါဝစရအား ရအပ်သော ဥဂ္ဂဟနိမိတ်ကို ယူဆောင်၍ ဘာဝေဘဗ္ဗ, သမန္နာဟာရိတဗ္ဗ, တက္ကာဟတ ဝိတက္ကာဟတတို့သို့ ရောက်အောင် စီးဖြန်းအပ်၏။

နိမိတ္တံ အာဒါယ အာဂန္တ္ဝာ သုခနိသိန္နေန ဘာဝေတဗ္ဗံ၊ ပုနပ္ပုနံ သမန္နာဟာရိတဗ္ဗံ၊ တက္ကာဟတ ဝိတက္ကာဟတံ ကာတဗ္ဗံ။

ဝိသုဒ္ဓိ-၂-၁၊၁၂၂။

နိမိတ္တံ၊ မိမိအားဖြစ်လာသော ဥဂ္ဂဟနိမိတ်ကို။ အာဒါယ၊ မိမိစိတ်ဖြင့် ယူ၍။ အာဂန္တ္ဝာ၊ ပဓာနကျောင်းသို့သွား၍။ သုခနိသိန္နေန၊ ချမ်းသာစွာ နေသဖြင့်။ ဘာဝေတဗ္ဗံ၊ မိမိစိတ်ကို နိမိတ်ရှေ့ရှု ပွားများအပ်၏။ ပုနပ္ပုနံ၊ အဖန်ဖန်။ သမန္နာဟာရိတဗ္ဗံ၊ နှလုံးဖြင့် ဆင်ခြင်အပ်၏။ တက္ကာဟတ ဝိတက္ကာဟတံ၊ တက္ကာဟတ ဝိတက္ကာဟတကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

ထိုသုံးပါးတို့တွင် ဥဂ္ဂဟနိမိတ်၌ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ပွားများခြင်းသည် ဘာဝေဘဗ္ဗမည်၏။ ထို နေ့ရောညဉ့်ပါ ပွားများအပ်သော ဥဂ္ဂနိမိတ်၌သာလျှင် မိမိစိတ်ကို ထားခြင်းသည် သမန္နာဟာရိတဗ္ဗမည်၏။ ထို နေ့ရောညဉ့်ပါ ပွားများအပ်သော ဥဂ္ဂဟနိမိတ်၌ ဘာဝနာစိတ်ကို သမ္မယုတ်တရားတို့နှင့် ရှေ့ရှုကြံဆောင်ခြင်း, ဝိသေသဖြစ်သော ဘာဝနာစိတ်ကို သမ္မယုတ်တရားတို့နှင့်တကွ ရှေ့ရှုကြံဆောင်ခြင်းသည်

တက္ကာဟတ ဝိတက္ကာဟတ မည်၏၊ ကြမ်းကြုတ်သော ဥဂ္ဂဟနိမိတ်၌ ကြမ်းသောအလျောက်, နူးညံ့သော ဥဂ္ဂဟနိမိတ်၌ နူးညံ့သောအလျောက် ရှေ့ရှုကြံဆောင်အပ်၏ ဟူလို။

ဤသို့လျှင် ပြုအပ်ပြီးသော စကားအစဉ်ဖြင့် ဂမ္ဘီဝဉာန်းဆရာက အာကာရသုံးပါးသို့ ရောက်အောင် သွင်းရမည်။ ထိုသို့သွင်းသောအခါ၌ မိမိ၏ဥဂ္ဂဟနိမိတ်အာရုံသည် သမာဓိရင့်သည် မရင့်သည်ကိုလည်း ပထမနည်း၌ပြုခဲ့သော သက်ဆိုက ဒုစ်ပါးဖြင့် သိအပ်၏၊ မဂ္ဂင်ကျိုးသည် ပေါက်သည်ကိုလည်း ပဿမနည်း၌ ပြုခဲ့သော နည်းကိုမှီး၍ သိအပ်၏။ ထိုဥဂ္ဂဟအာရုံနိမိတ်သည် ဤအာကာရသုံးပါး, ဘာဝေတဗ္ဗသုံးပါးတို့ဖြင့် အဒ္ဓါန-ဆန္ဒ-ပါမောဇ္ဇ သုံးပါး, ဘာဝေတဗ္ဗ သမန္နာဟာရိတဗ္ဗ တက္ကာဟတ ဝိတက္ကာဟတသုံးပါးကို ယူ။ ပွားများ အားထုတ်အပ်သော ယောဂါဝစရသည်—

(၁) အဘိက္ကမပဋိက္ကမဟူသော နောက်ဆုတ်ထိုင် တစ်ယောက်၊

(၂) ပဋိက္ကမ အဘိက္ကမဟူသော ရှေ့တိုးထိုင် တစ်ယောက်၊

(၃) ဌိတိ၊ ရပ်၍ ဝုတ်တုပ်ထိုင် တစ်ယောက်ဟူ၍ လူသုံးယောက်ရှိ၏။

ထိုသုံးယောက်သောသူတို့တွင် အကြင်သူသည် ပေါ်လာသောဥဂ္ဂဟနိမိတ်သည် နောက်ကျ၏၊ အခိုးကဲ့သို့ ထင်မြင်ခဲ့မူ ရေနံမီးခိုး, အမှိုက်မီးခိုး စသည်တို့ကဲ့သို့ နောက်ကျ၏၊ ထိုနောက်ကျသော ဥဂ္ဂဟနိမိတ်ကို တစ်ရက်, နှစ်ရက် စသည်ဖြင့် ရှည်ရှည် ရှုဖန်များလတ်သော် ဖြူစွာဖြစ်တတ်၏၊ ထိုနည်းတူစွာ များလတ်သော် ခတောက်ပန်း, တိမ်ညွှန့်, မရမ်စသည်တို့ကဲ့သို့ ဖြစ်တတ်၏၊ ထိုနည်းတူစွာ ရက်များလတ်သော် အဆင်းပျောက်၍ အလွန်ကြည်လင်ခြင်းသို့ ရောက်လေ၏။ ထိုအခါ မိမိ၏အာရုံကို သြော်-ငါ၏ဥဂ္ဂဟနိမိတ်သည် အဆင်းပျောက်ခဲ့ပြီ၊ အလွန်ကြည်လင်သော် ဆီးနှင်းရေ၏အရောင်ကဲ့သို့ လည်းကောင်း, ဆီ၏အရောင် ဖလင်၏အရောင်

ကိုကဲ့သို့လည်းကောင်း, တံလျှပ်၏အရောင်, မီးပေါက်မီးဖွား၏ အရောင် နှုတ်ခမ်းလေဖြင့် ပြင်းစွာလွှတ်အပ်သော ရေမှုံတို့၏ အရောင်ကိုကဲ့သို့ လည်းကောင်း ရှုရမည်ကို မရှု၊ ငါမြင်သောမီးခိုးကို မမြင်ပါခဲ့၊ မြင်စေ ရဦးမည်ဟူ၍ မီးခိုး၏အရောင်စသည်တို့ကဲ့သို့သော အရောင်ကို အာရုံ ပြုခြင်းသည် နောက်ဆုတ်ထိုင်မည်၏။

အကြင်သူသည် မြင်လာသော ဥဂ္ဂဟနိမိတ်ကား မီးခိုး-တိမ်ညွှန့်ကဲ့သို့ သာ ရှိသေးသည်မည်၏အာဇီဝကား ဆီးနှင်း ရေစသော အကြည်ကိုးပါး တို့အရောင်ကို အာရုံပြုခြင်းသည် ရှေ့တိုးထိုင် မည်၏။

အကြင်သူသည် မြင်လာသော ဥဂ္ဂဟနိမိတ်ကား မီးခိုး-တိမ်ညွှန့်စသည် ကို မြင်ရ၏။ ထိုပထမ မြင်ရသော အာရုံကိုသာ အာရုံပြု၏၊ နိမိတ်က တိုးသော်လည်း အာရုံက မလိုက်၊ ထိုသူသည် ဝုတ်တုပ်ထိုင် မည်၏။

ထိုသို့ နောက်ဆုတ်ထိုင်, ရှေ့တိုးထိုင်, ဝုပ်တုပ်ထိုင်တို့သို့ မသက်မှု၍ အနုပုဗ္ဗပဋိပဒါပါဏပြင့် နောက်ကျသော ဥဂ္ဂဟသည် တစ်နေ့ထက်တစ်နေ့ ရင့်သန်သဖြင့် အဆင်းပျောက်ခြင်းဟု ဆိုအပ်သော ကြည်လင်သန့်ရှင်း ခြင်းသို့ ရောက်လေ၏။ ထိုကြည်လင်သန့်ရှင်းခြင်းသည်လည်း ဥဂ္ဂဟ၏ ကြည်လင်ခြင်း, ပဋိဘာဂ၏ ကြည်လင်ခြင်းဟူ၍ နှစ်ပါးပြား၏။ ထို နှစ်ပါးတို့တွင် အကြင်သူသည် တစ်ရုံတစ်ခါမျှ နိမိတ်ကို မမြင်ဖူးသေး၊ ထိုသို့ မမြင်ဖူးသေးသောသူ၏ ထင်မြင်လာသော ဥဂ္ဂဟနိမိတ်သည် မည်းညစ်၏၊ မသန့်ရှင်း။ အမှိုက်ကိုတိုက်အပ်သော မီးခိုးစသည်နှင့် တူ၏၊ ထိုမီးခိုးနှင့်တူသောနိမိတ်သည် ရုံခါရုံခါသာရ၏၊ ရုံခါရုံခါမရ၊ ထိုသူသည် ဥပဒ္ဒဝနမတ္တသာတည်း၊ ဥဂ္ဂဟမဟုတ်။ အကြင်သူသည် ထိုနိမိတ်၏အာရုံကို ယူတိုင်းယူတိုင်း ရ၏၊ ထိုသူသည် ဥဂ္ဂဟမည်၏။

ထိုယူတိုင်း ယူတိုင်းရသော ဥဂ္ဂဟနိမိတ်သည် ပထမ ရဏကပင် ကြည်လင်အံ့၊ ဥဂ္ဂဟ၏ကြည်လင်ခြင်းမည်၏၊ မိမိ၏အလိုသို့ မလိုက်သေး၊ ပျံ့ဝှေ့မရသေး။ အကြင်သူ၏ ဥဂ္ဂဟသည် ယူတိုင်း ယူတိုင်းလည်း ရ၏၊

တစ်ရက်ထက် တစ်ရက်လည်း ကြည်လင်၏၊ မိမိ၏ အလိုသို့လည်း လိုက်၏၊ ပွားရ၍လည်း ရ၏။ ထိုနိမိတ်သည် ပဋ္ဌိဘာဂသို့ သက်သည်ဖြစ်၍ ပဋ္ဌိဘာဂ၏ ကြည်လင်ခြင်း မည်၏။

အဘယ်သို့သက်၍ အဘယ်သို့ ကြည်လင်သနည်း၊ အဘယ်သို့ ပွားရ၍ ရသနည်း ဟူမူ ယူတိုင်းယူတိုင်းရသော ဥဂ္ဂဟနိမိတ်သည် မည်းညစ်ခဲ့အံ့ အမှိုက်မီးခိုး၊ ရေနံမီးခိုးတို့ကဲ့သို့ ရှိအံ့။ ထိုမည်းညစ်သော ဥဂ္ဂဟနိမ်တ်ကိုပင် နေ့ရောညဉ့်ပါ ထပ်၍ထပ်၍ ရှုအပ် ရှိုက်အပ်၏။ ထိုသို့ ရှုဖန် ရှိုက်ဖန် မျှားလတ်သော် လဲ့ဝါဂွမ်းတို့ကဲ့သို့လည်းကောင်း၊ ဆောင်းလတို့၏ တိမ်တောင်ကဲ့သို့ လည်းကောင်း၊ ဇလပ်ဖြူပန်းတို့ကဲ့သို့လည်းကောင်း၊ ခတောက်ပန်းတို့ကဲ့သို့လည်းကောင်း စသည်ဖြင့် ဖြစ်၏။ ဤသို့ စသည်ဖြစ်လျှမူ ပဋ္ဌိဘာဂသို့ သက်၏။

ထို ပဋ္ဌိဘာဂသို့ သက်သော နိမိတ်ကို ရှေးနည်းတူစွာ ရှုဖန်ရှိုက်ဖန် မျှားလတ်သော် အလွန်ကြည်လင်သော ရေကဲ့သို့လည်းကောင်း၊ ဆီ,ဖလ်ကဲ့သို့ လည်းကောင်း၊ မီးပေါက်မီးပွားကဲ့သို့လည်းကောင်း၊ ထင်မြင်လျှမူ မိမိ၏စိတ်က ရှည်စေလိုရမူ ရှည်၏၊ တိုစေလိုရမူ တို၏၊ ကြီးစေလိုရမူ ကြီး၏၊ အကယ်၍ ထက်ခဲ့ပါမူ ကောင်းကင်သို့လည်းကောင်း၊ စကြဝဠာသို့ လည်းကောင်း ရောက်အောင် လွှတ်လိုက်နိုင်၏။ ဤကား သက်ပုံ၊ ကြည်ပုံ ပွားပုံတည်း။

> သဗ္ဗမ္ပိ ဟိ ဥဂ္ဂဟနိမိတ္တံ ဝစိုယမာနံ နု ဝစုတိယေဝ၊ သတိ ပိ စ ဝေဒုတုကာမတာယ ဝစုနာ နု သမ္ဘဝတိ၊ ဘာဝနာယ ပရိဒုဗ္ဗလတ္တာ၊ ဘာဝနာဝသေန ဟိ နိမိတ္တံဝစုနာ၊ ပဋ္ဌိဘာဂနိမိတ္တံ ပန တသ္မိံ ဥပ္ပဇ္ဇန္တေ ဘာဝနာ ထိရတိ ကတ္တာ ဝစိုယမာနံ ဝစုတိတိ ဝုတ္တံ။ ဝိသုဒ္ဓိ–ဋီ၊၁။၁၉۷။

ဟိ,ယုတ္တံ၊ ထိုစကားသင့်စွာ။ သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဝစိုယမာနံ၊ ပွားစေအပ်သည် ရှိသော်။ နု ဝစုတိယေဝ၊ မကျယ် မစန့် မပွားသည်သာတည်း။ ဝေဒုတုကာမ-

တာယံ၊ ပွားစေလိုသည်၏ အဖြစ်သည်။ သတိပိ စ၊ ရှိသော်သည်း။ ဘာဝနာယ၊ ဘာဝနာ၏။ ပရိဒုဗ္ဗလဘာဝ၊ ထက်ဝန်းကျင် အားနည်းသေးသည်၏ အခြစ်ကြောင့်။ ဝဟုနာ၊ ပြန်ပွားခြင်းသည်။ နာ သမ္ဘဝတိ၊ မဖြစ်သင့်။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဘာဝနာဝဏသန၊ အာရမ္မဏိက ဘာဝနာ၏ အစွမ်းဖြင့်။ နိမိတ္တဝဟုနာ၊ အာရုံနိမိတ်၏ ပွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပဋိဘာဂနိမိတ္တံ ပန၊ ပဋိဘာဂ နိမိတ်သည်ကား။ တသ္မိံ၊ ထိုပဋိဘာဂနိမိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်လာသည်ရှိသော်။ ဘာဝနာ၊ အာရမ္မဏိက ဘာဝနာစိတ်သည်။ ထပ်ရာ၊ ခိုင်ခံ့၏။ ဣတိ ကတ္တာ၊ ဤအကြောင်းကြောင့် (၀၊) ဤသို့ နှလုံးပြု၍။ ဝစိုယမာနံ၊ ပွားစေအပ်သည် ရှိသော်။ ဝဋ္ဋတိ၊ ကျယ်ပြန့်တိုးပွား၏။ ဣတိ၊ ဤသို့သော စကားကို။ ဝုတ္တံ၊ အဋ္ဌကထာ ဆရာမြတ်မိန့်အပ်၏။

ဤသို့သော စကားစဉ်ဖြင့် ဒုတိယနည်းခ်ီ အားထုတ်နိုင်လောက်ပြီ ဖြစ်၍ သိမ်းလိုက်ပြီ။ ကျကျနနမှာမူ ဟတ္ထမုဋ္ဌိမှ သာ၍ ပိုင်သည်။

ဣတိ ဒုတိယပဒ္ဓံ။

၁၄– ပါရိဟာရိယ ကမ္မဋ္ဌာန်းကို စီးပြန်းရန် တတိယနည်းကို ပြခြင်း

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမိတိ သိက္ခတိ၊သဗ္ဗကာယ-ပဋိသံဝေဒီ ပဿသိဿာမိတိ သိက္ခတိ။ ဒီ–၂၊၂၃၂။

သဗ္ဗကာယ ပဋိသံဝေဒီ၊ အလုံးစုံသော ထွက်သက်၏ အစ, အလယ်, အဆုံးသုံးပါးအပေါင်းကို ထင်စေလျက်။ **အဿသိဿာမိတိ**၊ ထွက်သက်ကိုရှူအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။ **သဗ္ဗကာယ ပဋိသံ-ဝေဒီ**၊ အလုံးစုံသော ဝင်သက်၏ အစ, အလယ်, အဆုံး သုံးပါးအပေါင်းကို ထင်စေလျက်။ **ပဿသိဿာမိတိ**၊ ဝင်သက်ကို ရှိုက်အံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။

ဤဒေသနာတော်နှင့် လျှော်ညီမျှ တဘိယနယကို အားထုတ်လိုသော အမျိုးကောင်းသားတို့သည် အနုဗန္ဓန, ဖုသနဟု ဆိုအပ်သော နည်းတို့ကို ထုတ်သက်၏ အစ,အလယ်,အဆုံး၊ဝင်သက်၏ အစ,အလယ်, အဆုံး သုံးပါးတို့၌ နှာသီးဖျားမှသည် ရင်လယ်၊ ရင်လယ်မှ သည် ချက် (ဝင်သက်) ။ ချက်မှ သည် ရင်လယ်၊ ရင်လယ်မှသည် နှာသီးဖျား၊ (ထုတ်သက်) ။ ဤသို့ အစဉ်လိုက်ခြင်းဟူသော အနုဗန္ဓန။ ထုတ်သက် ဝင်သက်၏ ထိရုထိရာ၌ မှတ်ခြင်းဟူသော ဖုသန ပြုၭပြုၭ ရှိုက်အပ် ရှုအပ်၏။ ထိုသို့ ရှိုက်အပ်, ရှုအပ်သော အနုဗန္ဓန, ဖုသနာကာရတို့တွင်

(၁) အကြင်သူသည် နှာသီးဖျားဌာန မှတ်မိလိုက်၏။ ရင်လယ်သို့ ရောက်ရာ၌ လည်းကောင်း, ချက်သို့ ရောက်ရာ၌ လည်းကောင်း မမှတ်မိ၊ ထိုသူသည် အာဒိလဒ္ဓ ပုဂ္ဂိုလ်မည်၏။

(၂) အကြင်သူသည် ရင်လယ်ဌာန မှတ်မိ၏၊ ချက်သို့ ရောက်ရာ၌ လည်းကောင်း, နှာသီးဖျားသို့ ရောက်ရာ၌ လည်းကောင်း, မမှတ်မိ၊ ထိုသူသည် မဇ္ဈေလဒ္ဓပုဂ္ဂိုလ်မည်၏။

(၃) အကြင်သူသည် ချက်ဌာန မှတ်မိ၏၊ ရင်လယ်သို့ ရောက်ရာ၌ လည်းကောင်း, နှာသီးဖျားသို့ ရောက်ရာ၌လည်းကောင်း မမှတ်မိ။ ထိုသူသည် အန္တောလဒ္ဓ ပုဂ္ဂိုလ်မည်၏။

(၄) အကြင်သူသည် ဝင်သက်-ထုတ်သက်၏ နှာသီးဖျား- ရင်လယ်- ချက်၊ ချက်-ရင်လယ် နှာသီးဖျား ဟူသော သုံးပါးလုံးသော အရပ်တို့၌ အစဉ်လျှောက်၍ ထိတိုင်း ထိတိုင်း မှတ်မိ၏၊ သိ၏။ ထိုသူသည်သာ လျှင် တဒေယျာလဒ္ဓပုဂ္ဂိုလ်မည်၏။

ကေသ သဗ္ဗမ္ပိ ပါကဋံ ဟောတိ၊ သော သဗ္ဗမ္ပိ ပရိဂ္ဂဟေတုံ သက္ကောတိ၊ နဂ္ဂတ္ထစိ ကိလမတိ၊ တာဒိသေန ဘဝိတဗ္ဗံ။

တာဒိသေန ဘဝိတဗ္ဗန္တိ စတုတ္ထပုဂ္ဂလသဒိသေန ဘဝိတဗ္ဗံ။

ဂိသုဒ္ဓိ- ဋီ၊၁၊၃၂။

ကေသ၊ တစ်ယောက်သော ယောဂါဝစရအား။ သဗ္ဗမ္မိ: အင်ဇုံးစုံသော ဝင်သက်ထွက်သက်၏ အစ အလယ်, အဆုံး သုံးပါးလုံးအပေါင်း သည်သည်း။ ပါကဋ်၊ အထူးသဖြင့် ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသူသည်။ သဗ္ဗမ္ပိ၊ အလုံးစုံသော ဝင်သက်ထွက်သက်၏ အစ, အလယ်, အဆုံး သုံးပါးလုံးအပေါင်းကိုလည်း။ ပရိဂ္ဂဟေတုံ၊ သိမ်းဆည်းခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ကတ္ထစိ၊ အစ, အလယ်, အဆုံးသုံးပါးလုံးတို့ဘွင် တစ်ပါးပါးသော အရပ်၌။ နု ကိလမတိ၊ မပင်ပန်း။ တာဒိသေန ထိုသို့သဘောရှိသော လေ.ယောက်မြောက်သော ပုဂ္ဂိုလ်နှင့် တူသည်သာ။ ဘဝိတဗ္ဗံ၊ ဖြစ်အပ်၏။ (အဋ္ဌကထာ အနက်)

တာဒိသေန ဘဝိ ဘဗ္ဗန္တိ၊ ကား။ စတုတ္ထ ပုဂ္ဂလသဒိသေန၊ လေးယောက်မြောက်သော တယောလဒ္ဓပုဂ္ဂိုလ်နှင့် တူသဖြင့်။ ဘဝိတဗ္ဗံ၊ ဖြစ်အပ်၏။ (ဋီကာ အနက်)

ဤသို့ ပြုတော်မူအပ်သော လေးယောက်သော ပုဂ္ဂိုလ်တို့တွင် လေးယောက်မြောက်သော တခယာလဒ္ဓပုဂ္ဂိုလ်ဖြစ်အောင် စီးပြန်းရာ။ ထိုသို့ စီးပြန်းဥဒ္ဒလည်း ဒုတိယနည်း၌ ပြခဲ့ပြီးသော ပဋ္ဌိဘာဂနိမိတ်ကို ရပြီးသော ယောဂါဝစရသည် ဤဘတိယနည်းကို အားထုတ်ရာ-နှာသီးဖျား-ရင်လယ်-ချက်၊ ချက်-ရင်လယ်-နှာသီးဖျားစသည်ဖြင့် အားထုတ်ဖန်များလတ်သော် နှာသီးဖျားမှ ချက်ဘိုင်အောင်သောအရပ်၌ ဒုတိယနည်း၌ မြင်ပြီးသော အလွန်ကြည်လင် သန့်ရှင်းသော ပဋ္ဌိဘာဂနိမိတ်သည်ပင် ဝင်သကဲ့သို့, ထွက်သကဲ့သို့ ထင်မြင်လာရ၏။

အဘယ်သို့ထင်မြင်လာသနည်းဟူမူ– ဖလ်ဖြူဖြင့်ပြီးသော လူရုပ်တစ်ခုသည် ရှိသတည်း၊ ထိုလူရုပ် ဝမ်းတွင်းသို့ ကြည်လင်လှစ္ဆာသော ရေကို နှာဝမှ လောင်းသွန်လိုက်သော် စက္ခုအမြင်နှင့် ပြည့်စုံသော အနီး၌ ရှိသော ယောကျ်ား သတိမသည့် သွန်းလောင်းလိုက်သော ရေကား နှာသီးဖျား၌ ရှိသေး၏၊ ရင်၏အလယ်သို့ ရောက်ခဲ့ပြီ၊ ချက်သို့ ရောက်ခဲ့

ပြီတကား ဟူ၍လည်းကောင်း၊ ဇ.စ်ဖန် အောက်မှအထက်သို့တက်အောင် ပိုက်ပြွန်တို့ဖြင့် မှုတ်လိုက်ပြန်သော် ထိုရေသည် ချွတ်ခ္ခ်ရှိသေး၏၊ ရင်၏ အလယ်ဘို့ ရောက်ခဲ့ပြီ၊ နှာသီးဖျားသို့ ရောက်ခဲ့ပြီတကား ဟူ၍ လည်းကောင်း ဝင်တိုင်း-ထွက်တိုင်း ထင်မြင်လာရ၏။ ၄င်းနည်းတူ အခ္ခါ အခ္ခါသော သူတို့အား ပုလဲလုံး ဆင်းသည် တက်သည်ကဲ့သို့ လည်းကောင်း၊ အိုးပူသောအခါ ရေနွေးတို့ပွက်၍ တက်သည်ဆင်းသည် ကဲ့သို့လည်းကောင်း၊ ယမ်းတုံး။ ယမ်းတိုင်ကို မီးစာလျက် သက်သည် တက်သည်ကဲ့သို့လည်းကောင်း၊ ဖလ်ပြွန်မှထွက်အပ်သော မီးခိုး-မီးဖွား-မီးပန်း-မီးပေါက်ကဲ့သို့လည်းကောင်း ဤသို့စသည်ဖြင့် ထင်မြင်လာရ၏။

ထိုသို့ ထင်မြင်လာသော တစ်ပါးပါးသော နိမိတ်၏ အစ, အလယ်, အဆုံးတို့ကို ကြည့်၍ ကြည့်၍ ငါ၏ဝင်သက်သည် နှာသီးဖျားဘွင်ရှိသေး၏၊ ရင်လယ်သို့ရောက်ခဲ့ပြီ၊ ချက်သို့ရောက်ခဲ့ပြီတကား။ ငါ၏ထွက်သက်သည် ချက်တွင်ရှိသေး၏၊ ရင်လယ်သို့ရောက်ခဲ့ပြီ၊ နှာသီးဖျားဘို့ရောက်ခဲ့ပြီ တကားဟု အဖန်ဖန် အစ, အလယ်, အဆုံးကို နှလုံးပြု၍ ကြည့်ရှုရမည်။

အလွန် ဉာဏ်ထက်လှ၍ လည်းကောင်း၊ ဒုတိယနည်းက ပရိုက်အား၊ ကောင်းလှ၍လည်းကောင်း။ ဤတတိယနည်းကို ပြောင်းရအံ့သော ယောဂါဝစရအား လွယ်လင့်တကူဖြင့် ဆရာက ပြောင်းလွှဲလိုလတ်မူ မိမိ ရပြီးသော အလွန် ကြည်လင်သန့်ရှင်းသော ဒုတိယဘ၍ရအပ်သော ပဋ္ဌိဘာဂနိမိတ်ကို ပဂုဏ်ပြုစေရာ၏။ အဘယ်ကဲ့သို့ ပြုစေရာသနည်း၊ ဒုတိယနည်းကို အားထုတ်၍ သက်ဆိုက ဘရားနှစ်ပါး လုံလောက်သော အခါ၌ အလွန် ကြည်လင် သန့်ရှင်းစွာသော အဿာသ, ပဿာသနိမိတ်သည် ရှုတိုင်း, ရှိုက်တိုင်း ရခဲ့အံ့၊ ထိုသို့ရသောနိမိတ်ကို ရှည်စေ-ရှည်စေ ဟူ၍လည်းကောင်း၊ တိုစေ-တိုစေဟူ၍လည်းကောင်း၊ ကြီးစေ-ကြီးစေ ဟူ၍လည်းကောင်း၊ ငယ်စေ ငယ်စေဟူ၍လည်းကောင်း၊ ကွေးစေ-ကောက်စေဟူ၍လည်းကောင်း၊ ထောင်စေ-စိုက်စေဟူ၍ လည်းကောင်း၊

ဝန်းစေ-အထောင့်ဖြစ်စေ ဟူ၍လည်းကောင်း၊ မျက်စိမှထွက်စေ၊ နှာမှထွက်စေ၊ ပါးမှထွက်စေ၊ ပါးစပ်မှထွက်စေ၊ နီးစေ၊ ဝေးစေ စသည်ဖြင့် မိမိအလိုရှိတိုင်း ရခဲ့ပါမူ ပဂုဏ်ဖြစ်ပေ၍ ၎င်းနိမိတ်သည် ငါ၏အလိုသို့ လိုက်ခဲ့ပြီ၊ ယခု ဗာဟိရ၌ ထင်မြင်၍နေသော ဤ ပဋိဘာဂနိမိတ်ကို အဋ္ဌာဘွဲ့သို့သင့်၍ ရှုတော့, ရှိုက်တော့အံ့ဟု ကြံစည်၍ ၎င်းဗာဟိရ၌ ရှိသော ကြည်လင်သော နိမိတ်ကို နှစ်ထွာတိုင်-သုံးထွာခန့် ကြီးစေလျက် ရှေ့ဝှေ့ရှေ့သို့ ခပ်လျင်လျင် ထွက်သက်ဖြင့်လွှတ်ရခြင်း, မိမိ၏ မျက်နှာသို့ ရှေ့ရှု၊ ခပ်လျင်လျင် ဝင်သက်ဖြင့် ဆွဲရှုခြင်းတို့ကို ပြီးစေ၍ ၎င်းနိမိတ် အကြည်ဓာတ်သည် ငါ၏ဦးခေါင်းကို ဖြတ်နှိုင်မည်လောဟု လျင်သော အဟုန်ဖြင့် ဖြတ်လိုက်ရမည်။ မကြောက်လင့်၊ မိမိဦးခေါင်း ပြုတ်၍ သွားအောင်ဖြတ်။ တစ်ကြိမ်တည်းနှင့်မရမူ ၃ ကြိမ် ကြိမ်ပြုတ်၊ တစ်ချက်တည်းနှင့် ဦးခေါင်းမပြုတ်မူ ထန်းလှီးသောသူ, တောင်ပို့ဖျက်သောသူ, ဆေးရိုးစည်းသောသူတို့ကဲ့သို့ တစ်ဖြည်းဖြည်း ဦးထိပ်က စ၍စ၍ပြုတ်၊ ပြုတ်၍ ဦးခေါင်းမရှိခဲ့ပြီဟု ထင်မြင်လာမူ အဋ္ဌတ္တသို့ စဲ့လေ၏။ ထို ဦးခေါင်းဖြတ်သော နည်းကို အားကိုး၍ ယခု ငါ၏နိမိတ်သည် ဦးခေါင်း ကိုကား စားခဲ့၏၊ ဤကိုယ်ကိုလည်း စားရှာတော့မည်ဟု ယုံကြည် မြတ်နိုးလျက် ယမ်းတုံးကို အပေါ်မှ မီးတိုက်လိုက်သကဲ့သို့လည်းကောင်း၊ ဝါဂွမ်းစိုင်ကို မီးတိုက်လိုက်သကဲ့သို့လည်းကောင်း၊ မိမိ၏နိမိတ်ကို နှမ်းပွတ် သော ကျည်ပွေ့ ၏ အရင်းလောက်ပြု၍ ထိပ်ထက်ပဲ့ထုတ်မှစ၍ အောက် သို့ ဝင်သက်ဖြင့် စားစေရာသည်။ တင်ပါး၏အစွန်းသို့လည်းကောင်း, ခြေဖျား သို့လည်းကောင်း ရောက်လျှင် ဖြည်းညင်းသာယာစွာ အောက်မှ အထက်သို့ ထွက်သက်ဖြင့် စားစေရာသည်။ ပခုံးစွန်းတင်ပါးစွန်းတို့ ကျွန် လျှင် ထပ်၍ ထပ်၍ စားစေရမည်။ အထက်မှသည် အောက်၊ အောက်မှ သည်အထက် ကောင်းကင်မှ ကျသော မိုးပေါက်တို့ကို မြင်ရသကဲ့သို့ လည်းကောင်း၊ ဖလပြွန်ဖြင့် အထက်သို့ပြန်၍ မှုတ်အပ်သော ရေမှုန် တို့ကို မြင်ရသကဲ့သို့လည်းကောင်း၊ သဲကမ်း ပြိုသကဲ့သို့လည်းကောင်း၊ ယမ်းတုံးယမ်းတိုင်ကို မီးစာ၍သွားသကဲ့သို့လည်းကောင်း စသည်ဖြင့်

ထင်မြင်လာမှု အစ္စတ္တသို့ ဝင်လေ၏။ ဤသို့ အစ္စတ္တသို့ ဝင်သော အဿာသ ပဿာသ ပဋ္ဌာဘာဂနိမိတ်၏ အစ, အလယ်, အဆုံး သုံးပါးလုံးကို ကြည့်၍ရ။ အဘယ်သို့ ရှုရမည်နည်း၊ ငါ၏ နိမိတ်ထင်မြင်လာသော အဿာသ-ပဿာသ သည် နောက်က ပြခဲ့သောအတိုင်း နှာသီးဖျား, ရင်လယ်, ချက်သို့ ရောက်ခဲ့ပြီ၊ ချက်, ရင်လယ်, နှာသီးဖျားသို့ ရောက်ခဲ့ပြီ၊ ဤသို့ရှု။ခြင်း, ရှိုက်ခြင်းကား ပဋ္ဌိသံဝေဒီသာ အတ္ထက္ခရဖြစ်သေးသည်။

အကြင်သူသည် သဗ္ဗကာယ၏ အတ္ထက္ခရဖြစ်အောင် ရှု။ ရှိုက်လိုသော် ထိပ်, ရင်လယ်, တင်ပါးသို့ရောက်ခဲ့ပြီ၊ တင်ပါး, ရင်လယ်, ထိပ်သို့ ရောက်ခဲ့ပြီဟူ၍လည်းကောင်း၊ ထိပ်,ရင်လယ်,ခြေဖျားသို့ ရောက်ခဲ့ပြီ၊ ခြေဖျား, ရင်လယ်, ထိပ်သို့ရောက်ခဲ့ပြီဟူ၍လည်းကောင်း အဿာသ-ပဿာသနိမိတ်ကို ကြည့်၍ ကြည့်၍ အစ,အလယ်,အဆုံး သုံးပါးတို့၌ လိုက်၍ လိုက်၍ ရှု။ရ, ရှိုက်ရမည်။ အစ္စတ္တနှင့်ဗဟိဒ္ဓ, ဗဟိဒ္ဓနှင့်အစ္စတ္တ အကြားမလပ် တစ်စပ်တည်းဖြစ်ရှာလေ၏ဟူလို။ ထိုသို့သောအနက်ကို ရည်တော်မူ၍ မူလပဏ္ဏာသ၊ သုတ်မဟာဝါအဋ္ဌကထာ၊ ဋ္ဌီကာ ဆရာကြီးတို့သည်-

ဇတေနဃ ပဂုဏကမ္မဋ္ဌာနံ အဋ္ဌပေတ္တာ အပရာပရံ သဉ္ဇရဏ-
ကာလောကထိတော။ ဒီ-ဋ္ဌ-၂၊၃၅၅။

အပရာပရံ သဉ္ဇရဏကာလောတိ အစ္စတ္တဗဟိဒ္ဓါ ဓမ္မေသု ပိ
နိရန္တရံ ဝါ ဘာဝနာယ ပဝတ္တနကာလော ကထိတော-
ဟု ပြတော်မူကြကုန်၏။ ဒီ-ဋ္ဌီ-၂၊၃၀၁။

ဇတေန၊ ထိုအစ္စတ္တဗဟိဒ္ဓါဝါ ဟူသောပါဠိဖြင့်။ အဿ၊ ထိုယောဂါ ဝစရပုဂ္ဂိုလ်၏။ ပဂုဏကမ္မဋ္ဌာနံ၊ လေ့လာအပ်သော ကမ္မဋ္ဌာန်းကို။ အဋ္ဌ-ပေတ္တာ အကြားဌ် မရုပ်မူ၍။ အပရာပရံ၊ အဆက်မပြတ်။ သဉ္ဇရဏ ကာလော၊ ဖြစ်သော ကာလကို။ ကထိတော-၊ ဟောတော်မူအပ်၏ (အဋ္ဌကထာ-အနက်)

အပရာပရံ သဠာယတနကာလောဘီ၊ ဂ.ား။ အဇ္ဈတ္တဗဟိဒ္ဓါ၊ အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်ကုန်သော၊ ဓမ္မေသုပိ၊ ဗာရားတို့ဉ်လည်း၊ နိရန္တရံဝါ၊ အကြားမလပ်သည်ကိုလည်း။ တတ္ထ၊ ပြု၍။ (ထည့်)။ ဘာဝနာယ၊ ဘာဝနာ၏။ ပဝတ္တနကာလော၊ ဖြစ်သောကာလကို။ ကထိတော၊ ဟောတော်မူအပ်၏။ (ဋီကာ အနက်)

ဤကား သဗ္ဗကာယ၏ သာမညဖြစ်သော အတ္ထကျမ္ဘရပဋိပုဒ်နည်းတည်း။

ဝိသေသ အားဖြင့်အားထုတ်လိုမူ ဤသို့ မှတ်ယူ၏၊ တတိယနည်းကို အားထုတ်သော ယောဂါဝစရအား အစ, အလယ်, အဆုံးကို မှတ်၍ မှတ်၍ ရှုဖန်, ရှိုက်ဖန်မျှားလှမူ—

(၁) အလယ်က မဏ္ဍိုင်စိုက်သကဲ့သို့ ထင်မြင်သောသူ၊

(၂) ကိုယ်၏ ထက်ခြမ်း ထင်မြင်သောသူ၊

(၃) ကောင်လုံးကျွတ် ထင်မြင်သောသူ–ဟူ၍ သုံးယောက်ရှိ၏။

ထိုသုံးယောက်တို့တွင် ကိုယ်၏အလယ်၌ မှန်တုံ, မှန်တိုင် စသည်တို့ကဲ့သို့ ထင်မြင်သောသူသည် မဏ္ဍိုင်စိုက်သကဲ့သို့ ထင်မြင်သောသူမည်၏။ ထိုသူသည် အပပနာသို့ မတက်မူ၍ ဝိပဿနာသို့ သက်လိုလတ်မူ မိမိထင်မြင်သော မဏ္ဍိုင်နိမိတ်ကို ပွားမ်ားပွားမ်ား ကိုယ်လုံးကျွတ်အောင် စားစေရု၏။

ဤစကားရင်း၌ အပပနာသို့ မတက်ဟူသော စကား၌ ငါတို့ကျေးဇူးရှင် ဘုရားတို့အား အပပနာသို့တက်ရန် စူးစမ်း၍ လျှောက်ထားရာ ကျမ်းဂန်နည်းကိုသာ ဟောတော်မူကြသည်။ အဇ္ဈတ္တကာယလေးပါး သုံးပုံကို ကား ဟတ္ထမုဋ္ဌိအားဖြင့် ပြတော်မမူကြ၍ မုခ္ယမရေးဝ၊ အကြင်ပညာရှိတို့သည် အဇ္ဈတ္တကာယလေးပါး သုံးပုံ၌ သံသယမဲ့ခဲ့၏၊ ထိုပညာရှိတို့တို့သည် အကျယ်ထဝင့် ဖွင့်ပြဆုံးမတော်မူကြစေသတည်း။ ငါတို့ကား ဝိပဿနာသို့ သက်ပုံကိုသာ ယထာရဟယူဖွ.၏၊ ထို့ကြောင့် ဝိပဿနာသို့ သက်ပုံကိုသာ ရှေ့၌ရေးတော့အုံ့။

ကိုယ်၏ထက်ခြမ်း ထင်မြင်လေးသော ဥပဓုပဌာနနိမိတ်ကိုလည်း ရှေးနည်းတူစွာ ပွားချီ ပွားချီ ကိုယ်လုံးကျွတ်အောင် စားစေရာ၏။

ကောင်လုံးကျွတ် ထင်မြင်သော သကလုပဌာန နိမိတ်ကိုလည်း ကောင်လုံး ကျွတ်သောအတိုင်း နိမိတ်၏ အစ, အလယ်, အဆုံး သုံးပါးကို မှတ်ချီ မှတ်ချီ ရှိုက်အပ်, ရှုအပ်၏။

ထိုသို့ရှုနည်းသည်လည်း—

(၁) မဏ္ဍလ

(၂) အာဟုမဏ္ဍလ

(၃) မဟာမဏ္ဍလ ဟူ၍လည်းကောင်း၊

(၁) ဩဒိ

(၂) အနွှောဒိ

(၃) အနနွှောဒိ ဟူ၍လည်းကောင်း သုံးနည်းပြားသေး၏။

ထိုသုံးပါးတို့တွင် မဏ္ဍလုပဌာန, ဥပဓုပဌာန, သကလုပဌာန သုံးပါးသို့ ရောက်အောင် အားထုတ်သော သူသည် မဏ္ဍလလည်း မည်၏၊ ဩဒိလည်း မည်၏။

ထိုမဏ္ဍလ, ဩဒိတို့ဆက် မိမိပဋိဘာဂကို ဦးစမ်းလိုသော ယောဂါဝစရသည် မိမိကိုယ်ကို လွှန်၍ အဆက်သို့ တစ်ဆယ့်နှစ်တောင်ရှု၍ ထိုတစ်ဆယ့်နှစ်တောင်ရှိရာ အရပ်က စ၍ "အစ"၊ မိမိကိုယ်ကို "အလယ်"၊ အောက် တစ်ဆယ့်နှစ်တောင်၏ အဆုံးကို "အဆုံး" ဟူ၍ ဝင်သက်ဖြင့် အောက်ကိုရှု။ ဂင်းနည်းတူ အောက်ကစ၍ "အစ"၊ မိမိကိုယ်ကို "အလယ်"၊ အပေါက် တစ်ဆယ့်နှစ်တောင်၏အဆုံးကို "အဆုံး" ဟူ၍ ထွက်သက်ဖြင့် အထက်ကိုရှု။ အခေါ်, အနောက်, တောင်, မြောက်

ဖြစ်သော အရပ်လေးမျက်နှာကိုလည်း တစ်ဆယ့်နှစ်တောင်လောက် ရောက်စေပါလျက် သက်တုံ, တက်တုံ, ရှိအောင် ရှု၊ ထိုသို့ရှုရ၍ ထက်-အောက်-ဖီလာ ဆယ်မျက်နှာတို့၌ အာကာသဂန္ဓိမှ ကုန်လွန်သော ရေစိုင်ကြီးတို့ကဲ့သို့လည်းကောင်း၊ တိရစ္ဆာန်တောင်တန်းကို တိုက်၍ အထက်သို့ တက်ရသော ရေစိုင်ကြီးတို့ကဲ့သို့လည်းကောင်း၊ ဝင်သက်, ထွက်သက်, အားလျော်စွာ မြင်ရ၊ခြင်းသည် အဟုမဂ္ဂလလည်းမည်၏၊ အန္တောဓိလည်းမည်၏။ မီးပုံကြီးတို့၏ အလုံ့ဥပမာ, ဥဒ္ဓဂ်မ အဝေဂမ-လေယူသော တံလှပ် ဥပမာတို့လည်း နည်းတူမှတ်။

ထိုနည်းတူစွာ အဟုမဂ္ဂလ, အန္တောဓိတို့ထက် မိမိ၏ပဋိဘာဂကို စူးစမ်းလိုသော ယောဂါဝစရသည် ထိုမိမိရပြီးသော အဟုမဂ္ဂလ, အန္တောဓိ တို့ဖြင့် ချင်ရဲမပြေရကား ဝင်သက်၏ ပဋိဘာဂနိမိတ်ကို အထက် မိုးကောင်းကင် အဆုံးမမြင်ရုက စ၍ "အစ"၊ မိမိကိုယ်ကို "အလယ်"၊ အောက်ဟင်းလင်းအပြင် အဆုံးမထင်ရ ကောင်းကင်သည် "အဆုံး"ဟူ၍ ဝင်သက်ဖြင့် အောက်ကိုရှု၊ ၎င်းနည်းတူ အောက်ကစ၍ ကောင်းကင်ကား "အစ"၊ မိမိကိုယ်ကို "အလယ်"၊ အဆုံးမထင် အထက်ကောင်းကင်သည် "အဆုံး"ဟူ၍ ထွက်သက်လေ ဖြင့် အထက်ကိုရှု။ ရှေ, နောက်, ဝဲ, ယာ ရှစ်မျက်နှာတို့ကိုလည်း အဆုံးမရှိ မှတ်၍မှတ်၍သက်တုံ, တက်တုံ ရှိအောင်ရှု။ ဝါယောသံဇဋ္ဌ-လေတို့တိုက်ဖျက်ခြင်းမှ လွင့်ပျောက်၍ ခပ်သိမ်းကုန်သော တော, တောင်, ရေ, မြေ,စကြဝဠာ, မြင်းမိုရ် စသည်တို့ မရှိလတ်သော် အထက်ကောင်းကင်နှင့် အောက် ကောင်းကင် တစ်စပ်တည်း တည်လတ်သော် ကမ္ဘာပြုမိုးတို့ ရှာရှာ၌ အဆီးအတားမရှိ အောက်ကောင်းကင်သို့ သက်သည်ကို ကြည့်ရသကဲ့သို့ ဝင်သက်, ထွက်သက်အားလျော်စွာ မြင်ရခြင်းသည် မဟာမဂ္ဂလလည်း မည်၏၊ အနန္တောဓိလည်း မည်၏။

ထိုသုံးပါးသော မဂ္ဂလ၊ သုံးပါးသောသြဓိ တို့တွင် ပဌမဖြစ်သော မဂ္ဂလ, သြဓိ ၌သာ မိမိ၏ ပဋိဘာဂ အာရုံကို အမြဲ ထားရှု၏။

အဗုမဏ္ဍလ မဟာမဏ္ဍလ, အနေ္တာဝိ အနန္တောဝိတ္ထိဠ္ဌကား ဂ္ဂန်မြူး စူးစမ်းရှုမျှသာ ရုံခါရုံခါ ရှုရာ ပဂ္ဂင်ဧောင့်နည်း, နယ်ပြင့် မှတ်နည်းတို့ကို ပဌမနည်းကို မှီး၍ သိကြလေ။

ဣတိ တတိယပဋ္ဌာ။

၁၅–ပါရိဟာရိယ ကမ္မဋ္ဌာန်းကို စီးပြန်းရန် စတုတ္ထနည်းကို ပြခြင်း

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယာ ခါရံ ပဿသိဿာမိတိ သိက္ခတိ။ ဒီ-၂-၂၃၂။

ကာယသင်္ခါရံ၊ အရှုပြင်း၍ ရှုနှိုးရင်းသော ထုက်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယဿေဒေါ၊ သားယာဖြည်းညင်း ရှုခြင်းဖြင့် ငြိမ်းစေလုက်၊ အဿသိဿာမိတိ၊ ထုက်သက်ကို ရှုအံ့ဟု၍။ သိက္ခတိ၊ အားထုတ်သဖြင့်ကျင့်၏။ ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရှုနှိုးရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ ပဿမ္ဘယဿေဒေါ၊ သားယားဖြည်းညင်း ရှိုက်ယူခြင်းဖြင့် ငြိမ်းစေလုက်။ ပဿာသိဿာမိတိ၊ ဝင်သက်ကို ရှိုက်အံ့ဟု၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။

ဤသို့လျှင် ပထမနယ်ဖြင့် သတောကာရီဖြစ်အောင် အားထုတ်ခြင်း၊ ဒုတိယနယ်ဖြင့် သတုပဋ္ဌာနဖြစ်အောင် အားထုတ်ခြင်း၊ တတိယနယ်ဖြင့် သတိဒုက္ခရကာရီဖြစ်အောင် အားထုတ်ခြင်းတို့ဖြင့် အားထုတ်ကုန်ပြီးသော ယောဂျား ယောဂါဝစရတို့အား သြော်-ယခု ငါအားထုတ်ခဲ့အပ်သော နည်းသုံးပါးတို့တွင် ပထမနည်းဖြင့် မိမိ၏အာရုံကို တပါးဘို့ မပြေးစေမူ၍ တစ်ခုသော နှာသီးဖျားဌာနသာ ထား၍ ထုက်သက်ဝင်သက်ကို မှတ်မိရုံမျှသားဟူသော သတောကာရီ။

....ဒုတိယနည်းဖြင့် နှာသီးဖူး၏ ရှေ့တူရှေ့ နှစ်ကောင့်ထား၊ သုံးတောင်စသော တမျှင်းကြိုးတန်းရာ အရေပ်ဌ ထုက်သက်, ဝင်သက်၏ အာရုံ ဥဂ္ဂဟနိမိတ်၊ အစ, အလယ်, အဆုံး၊ ပဋိဘာဂနိမိတ်၏ အစကိုသာ ထင်ရုံမျှဟူသော သတုပဋ္ဌာန။

....တတိယနည်းဖြင့် ဗာဟိရ၏အာရုံ လွန်စွာ ကြည်လင်သန့်ရှင်း

သော ပဋိဘာဂနိမိတ်ကို အဋ္ဌတ္တသို့မဝင်လျှင် ဝင်အောင်၊ မစားလျှင် စားအောင် မထင်လျှင်ထင်အောင် ပြုနိုင်ခဲသောအမှုကို ထွက်သက်ဝင်သက်ဖြင့် ပြုရုံမျှဟူသော သတိဒုက္ခရကာရီမျှသာ ရှိချေသေးသည်။ ထိုသို့ အားထုတ်အပ်သော နည်းသုံးပါးတို့၌ ငါ၏အဿာသ-အဿာသနိမိတ်, ပဿာသ-ပဿာသနိမိတ်တို့သည် ဂုန်ရင်းလှသေး၏၊ ကြမ်းကြုတ်လှသေး၏၊ ထိုဂုန်ရင်း ကြမ်းကြုတ်လှသော အဿာသ ပဿာသကို ယခု အခါ၌မှာမူသိမ်မွေ့စွာ ဖြစ်စေလျက် ငြိမ်းစေအံ့။

သဒရထ၊ သာပရိဋ္ဌာဟတို့နှင့် တကွဖြစ်သော ငါ၏ အဿာသ ပဿာသ ကိုငြိမ်သက်သာယာ ဖြည်းညင်းစွာ ငြိမ်းစေတော့အံ့ဟူ၍–(၁)ကိုယ်ကို ရှေးဦးစွာ သိမ်းဆည်းခြင်း ကာယပရိဂ္ဂဟ (၂)နီဝရဏငါးပါးတို့တွင် တစ်ပါးပါးကိုမျှ မကြုံမူ၍ ကမ္မဋ္ဌာန်းသို့သာ မိမိ၏စိတ်ကို ရှေ့ရှုထားခြင်းဟူသော စိတ်ကို သိမ်းဆည်းခြင်း စိတ္တပရိဂ္ဂဟ နှစ်ပါးတို့ကို ရှေးဦးစွာ ပြီးစေလျက်၊ ဤစကားရပ်၌ "ယဒါ ပနဿ ကာယော ပိ စိတ္တမ္ပိ ပရိဂ္ဂဟိတာ ဟောန္တိ၊ တဒါ တေ သန္တာ ဟောန္တိ ဝူပသန္တာ"[ဝိသုဒ္ဓိ-၂-၁၊ ၂၆၆]ဟူသော ဤစကားသည် လေးပါးသော နည်းတို့နှင့် ယထာရဟ- အကယ်၍ကား ဆက်ဆံ၏ရှင်၊ ထိုသို့ဆက်ဆံပါသော်လည်း ပဗုစတုတ္ထနယ၌သာ လွန်စွာ ငြိမ်သက်သဖြင့် အထူး ကိုယ်စိတ်နှစ်ပါးကို သိမ်းဆည်းရမည် ဟူ၍ အဋ္ဌကထာဆရာ ပြတော်မူသည်။ ထို ကြောင့်–တေသု ဝူပသန္တေသု- ဟူသော ဝါကျကို တစ်ဖန် ပြတော်မူပြန်သည်။ (ရှင်းဝါကျတွေ့လတ္တံ့။)

ယဒါပန ၊ အကြင်အခါ၌ကား။ အဿ၊ ထိုယောဂါဝစရပုဂ္ဂိုလ်အား။ ကာယော ပိ၊ ကိုယ်ကို လည်းကောင်း။ စိတ္တမ္ပိ၊ စိတ်ကို လည်းကောင်း။ (ပရိဂ္ဂဟိတာ ဘဝန္တိ စပ်)၊ ပရိဂ္ဂဟိတာ၊သိမ်းဆည်းအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ တေ၊ ထိုသိမ်းဆည်းအပ်သော ကိုယ်-စိတ်တို့သည်။ သန္တာ၊ငြိမ်သက်ကုန်သည်။ ဝူပသန္တာ၊ အထူးသဖြင့် ငြိမ်သက်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ (ရှင်းအနက်။)

ထိုသိမ်းဆည်းခြင်း နှစ်ပါးတို့တွင် "ပလ္လင်ံ အာဘုဇိတ္တာ ဥဇုံ ကာယံ ပဏိဓာယ" ဟူသောပါဠိဖြင့် ထိုင်သော ဣရိယာပုထ်ဖြင့် ထက်ဝက်သော ကိုယ်ကို ဖြောင့်စွာ ထား၍ ခြေ, လက်, ဦးခေါင်းစသည်ကို မလှုပ်ရှားအောင် နေရခြင်း၊ ဤမှဘပါးသော ရပ်သော ဣရိယာပုထ်, လျောင်းသော ဣရိယာပုတ် နှစ်ပါးတို့မှ လည်း ထိုနည်းတူစွာ မလှုပ်ရှားရအောင် နေရခြင်း ဟူသော ကာယပရိဂ္ဂဟိတ တစ်ပါး၊(သွားသော ဣရိယာပုထ်မှာ ကြမ်းကြုတ်လှ၏။) "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" ဟူသော ပါဠိဖြင့် မိမိစိတ်ကို ကမ္မဋ္ဌာန်း၏ အာရုံမှတပါး အခြားသော အာရုံသို့ မသွားစေဘဲ အဿာသ ပဿာသနိမိတ်၏ အာရုံ၌ ထားရခြင်းဟူသော စိတ္တပရိဂ္ဂဟိတ တစ်ပါးအားဖြင့် နှစ်ပါးသော ပရိဂ္ဂဟိတတို့ကို အထူးသဖြင့် သိမ်းဆည်းပြီး၍ အားထုတ်လိုသော ယောဂါဝစရသည် မိမိရှေးက ဒုတိယနည်း၌ ယူခဲ့ဖူးသော ဥဂ္ဂဟနိမိတ်နှင့်တူသော နှာသီးဖျား၌ လူတို့၏ မီးလင်းဖို၏ အခိုးထုတ်သော ခေါင်ပေါက်မှ ရံခါရံခါ လေ၏အဟုန်ကြောင့် ထွက်ပေါ်လာသော မီးတောက်ငယ်ကဲ့သို့ မိမိ၏နှာသီးဖျား၌ ထွက်သက်, ဝင်သက်ဖြင့် ပဋ္ဌိဘာဂနိမိတ်ကို အာရုံပြု၍ တစ်ဖန် အားထုတ်ဖန် များလတ်ပြန်သော် နှာသီးဖျား၌ လက်ဆလေးသစ်ခန့်၊ တစ်မိုက်ခန့်၊ ကွန်မြူးစမွယ်လာသော အဿာသ,သပဿာသ၏ ပဋ္ဌိဘာဂကို မြင်လတ္တံ့။ ထိုမြင်လာသောပဋ္ဌိဘာဂ နိမိတ်ကို "ငါသည်ငြိမ်းစေအံ့၊ ရုန်ရင်းကြမ်းကြုတ်သော သဒ္ဒရထ သပရိဋ္ဌာဟ တို့နှင့်တကွဖြစ်သော ထွက်သက်, ဝင်သက်ကို ငြိမ်းစေအံ့" ဟု၍ ဝင်သက်သလဖြင့် ၎င်းနိမိတ်ကို ရှေးဦးစွာ သိမ်းလိုက်ရမည်။ သိမ်းလိုက်ပြီး၍ တစ်ဖန် ထွက်သက်လေကိုကား ဖြည်းညင်းသာယာစွာ အထူးသာယာစေလျက် လွှတ်ရမည် ၎င်းနည်းတူ ဒုတိယစသော ဝင်သက်, ထွက်သက်တို့ကို သာနိုင်သမျှ-သာဆစ်၍ ဝင်စေ-ထွက်စေရမည်။ မိမိသည်မူကား အသက်ရှိက်ခြင်း, မှုတ်ခြင်း၌ ဥဿာဟ မပြု၊ ဝင်သက်, ထွက်သက်၏ ပဋ္ဌိဘာဂနိမိတ်၏ သက်တုံ, တက်တုံကိုသာ ရှု၍ ရှု၍ အလွန်ငြိမ်သက်စွာ နေရကား မိမိစိတ်သည် အပသို့မလွှင့်၊ ကမ္မဋ္ဌာန်း

ဌာသာ ၄ ဘက်ယူ၍ နေသောကြောင့် သန္တာ, ဝူပသန္တာသို့ ရောက်သည် ဖြစ်၍ ကောင်လုံးကျက် လောင်သော မီးပုံကြီး၏ အလယ်ဌာ နေသကဲ့သို့ ဖြစ်ရာ လေ၏။

ထို့ကြောင့် သန္တာ ဟောန္တိ ဝူပသန္တာ" ဟူသော အဋ္ဌကထာ၊ "သန္တာ ဟောန္တိတိ စိတ္တံ တာဝ ဗဟိဒ္ဓါ ဝိက္ခေပါဘावेန ကေဠံ ဟုတ္ဝာ ကမ္မဋ္ဌာနံ ပရိဂ္ဂဟေတ္ဝာ ပဝတ္တမာနံ သန္တံ ဟောတိ ဝူပသန္တံ(ဝိသုဒ္ဓိ-ဋီ-၁–၃၂၃။)ဟူ၍ ရှင်ဓမ္မပါလတို့ ပြတော်မူကြ၏။ (အဋ္ဌကထာအနက် နောက်က ရှိပြီ။)

သန္တာ ဟောန္တိဟိ၊ ကား။စိတ္တံ၊မနသိကာရစိတ်သည်။ တာဝ၊ရှေးဦးစွာ။ ဗဟိဒ္ဓါ၊ ကမ္မဋ္ဌာန်းအာရုံမှ အပဖြစ်သော အာရုံ၌။ ဝိက္ခေပါဘावेန၊ ပျံ့လွင့်ခြင်းမရှိသည်၏ အဖြစ်ဖြင့်။ ကေဠံ၊တည်ကြည်သည်။ ဟုတ္ဝာ၊ဖြစ်၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ပရိဂ္ဂဟေတ္ဝာ၊သိမ်းဆည်း၍။ ပဝတ္တမာနံ၊ဖြစ်လတ်သော်။ သန္တံ၊ ငြိမ်သက်သည်။ ဝူပသန္တာ၊အထူးသဖြင့် ငြိမ်သက်သည်။ ဟောတိ၊ ဖြစ်၏။ (ဋီကာ အနက်။)

ထို မိမိစိတ် ငြိမ်သက်လတ်သော် စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်နှင့်တကွ ဝိညတ္တိဘावက ဖြစ်သော ရုပ်တို့သည် ပေါ့ပါးခြင်း နူးညံ့ခြင်း ခိုင်ခံ့ခြင်းသို့ ရောက်ရသောကြောင့် ကြွင်းသော ကံကြောင့်ဖြစ်သော ရုပ်၊ ဥတုကြောင့်ဖြစ်သောရုပ်၊ ၊ အာဟာရကြောင့်ဖြစ်သော ရုပ်တို့သည်လည်း ပေါ့ပါး နူးညံ့ ခိုင်ခံ့ခြင်းသို့ ရောက်ရရှာ၍ စိတ်ကိုမှီ၍ ဖြစ်သော အဿာသ-ပဿာသတို့သည်လည်း နူးညံ့ခြင်း အထူးသဖြင့် နူးညံ့ခြင်း-အထူးသဖြင့် အလွန်နူးညံ့ခြင်းသို့ ရောက်လေ၏။

တတော ဧဝ တံသမုဋ္ဌာနာ ရူပဓမ္မာ လဟုမုဒုကမ္မညဘावပ္ပတ္တာ တဒနုဂုဏတာယ သေသံ တိသန္တတိရူပန္တိ ဧဝံ စိတ္တေကာယေ စ ဝူပသန္တေ ပဝတ္တမာနေ တန္နိဿိတာ အဿာသ ပဿာသာ သန္တသဘावါ အနုက္ကမေန သုခုမတရသုခုမတရာ ဟုတ္ဝာ ပဝတ္တန္တိ။ ဝိသုဒ္ဓိ-ဋီ-၁၊၃၂၃။

တတောဝေ၊ထိုစိတ်၏ ငြိမ်သက်ခြင်းကြောင့်သာလျှင်။ တံသမ္ဘဝနှာ၊ ထိုစိတ်ကြောင့်ဖြစ်ကုန်သော။ရှေ့ဓမ္မာ၊ရုပ်တရားတို့သည်။(ပဝတ္တန္တိဌိစပ်)။ လဟုမ္ပဒုကမ္ပညဘာဝပ္ပတ္တာ၊ ပေါ့ပါးခြင်း,နူးညံ့ခြင်း, ခိုင်နှံ့ခြင်း ရှိသည် ဖြစ်၍။(သန္ဓံ ဟောတိ သို့ပြန်)။တဒနုဂုဏတာယ၊ထိုစိတ်ကြောင့်ဖြစ်သော ဂုဏ်အား လျှောက်ပတ်စွာ ဖြစ်ခြင်းရှိသဖြင့်။ သေသံ၊ ကြွင်းသော။ တိသန္ဓတိရူပ်၊ ကံ, ဥတု, အာဟာရကြောင့်ဖြစ်သော ရူပ်သည်။ သန္ဓံ၊ ငြိမ်သက်သည်။ဟောတိ၊ဖြစ်၏။ဣတိဝေါ၊ ဤသို့။ ဝူပသန္တေ၊ အထူးသဖြင့် ငြိမ်သက်သော။ စိ ,တ္တစ၊ စိတ်သည်လည်းကောင်း။ ကာယေစ၊ ကိုယ်သည်လည်းကောင်း။ ပဝတ္တမာနေ၊ ဖြစ်လတ်သော်။ တန္ဒိသိတာ၊ ထိုကိုယ်စိတ်ကိုမှီ၍ဖြစ်ကုန်သော။ အဿာသ ပဿာသာ၊ ထွက်သက်, ဝင်သက်တို့သည်။ သန္ဓသဘာဝါ၊ငြိုက်သက်သော သဘောရှိကုန်သည် ဖြစ်၍။ အနုက္ကမေန၊ အစဉ်အတိုင်း။ သုခုမတရ၊ သုခုမတမာ, အထူးသဖြင့် နူးညံ့ခြင်း, အထူးသဖြင့် အလွန်နူးညံ့ခြင်း ရှိကုန်သည်။ ဟုတ္တာ၊ ဖြစ်၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

သုခုမ သုခုမတရ သုခုမတမသို့ ရောက်သည်ဖြစ်၍ အထူးသဖြင့် ငြိမ်သက်သော ယောဂါဝစရအား ယခု ငါ၏ထွက်သက်, ဝင်သက်သည် ရှိရှာလေသေးသလော၊ မရှိရှာလေသလောဟု မိမိ၏ထွက်သက် ဝင်သက်ကို စူးစမ်း၍ ကြည့်ရခြင်းသို့ ရောက်ရှာလေ၏။

> တေသု ဝူပသန္တေသု အဿာသပဿာသာ သုခုမာ ဟုတ္တာ ပဝတ္တန္တိ၊ ''အတ္ထိနုခေါ နတ္ထိ''တိ ဝိစေတဗ္ဗတာကာရပတ္တာ ဟောန္တိ။
>
> ဝိသုဒ္ဓိ–၂–၁၂၆။

တေသု၊ ထိုကိုယ်စိတ်တို့သည်။ ဝူပသန္တေသု၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်သည်ရှိသော်။ အဿာသပဿာသာ၊ ထွက်သက်, ဝင်သက်တို့သည်၊ သုခုမာ၊ နူးညံ့ခြင်းရှိကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ မေ၊ ငါ၏။ အဿာသ ပဿာသော၊ ထွက်သက်, ဝင်သက်သည် (ထည့်)။ အတ္ထိနုခေါ၊ ရှိလေသေးသလော။ နတ္ထိနုခေါ၊ မရှိရှာ

လေသလော။ ဣတိ၊ ဣတိ။ ဝိဝေတဗ္ဗတာကာရပတ္တာ၊ စူးစမ်းရှာဖွေ အပ်သည်၏အဖြစ် တည်းဟူသောအခြင်းအရာသို့ ရောက်ခြင်းရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣတိ ဝိဝေတဗ္ဗဟု ဆိုအပ်သော မိမိ၏ထုက်သက်၊ ဝင်သက်ကို မှိုလေ သေးသလော,မရှိရှာပြီလောဟု,စူးစမ်းလောက်အောင် သုခုမ=နှူးညံ့ခြင်း, သုခုမတရ=နှစ်ကြောမ် သုံးကြိမ် စသည်ဖြင့် အထူးသဖြင့် နှူးညံ့ခြင်း, သုခုမတမ=မိမိ အားလုက်လိုသမျှ ကာလပတ်လုံး အထူးသဖြင့် အလွန် နှူးညံ့ခြင်းသို့ ရောက်သော ယောဂါဝစရအား ထိုသို့ ရှုနှိုင်းကြမ်းကြုတ် သော ထုက်သက် ဝင်သက်ကို သိမ်းလိုက်၍ ပဋိဘာဂနိမိတ်ကိုသာ နှူးညံ့စွာလှသော ဝင်သက်ဖြင့် သက်တုံ့ကိုသာ ရှု၍လည်းကောင်း၊ နှူးညံ့ စွာလှသော ထုက်သက်ဖြင့် တက်တုံ့ကိုသာ ရှု၍လည်းကောင်း၊ ငြိမ်သက် စွာနေ၍ ရှုသောအခါတို့၌ မိမိ၏ ကိုယ်သည် နေရာမှ လွတ်၍ ကောင်း ကင်သို့ တက်သကဲ့သို့လည်းကောင်း၊ ကြီးထွားပွားပြန့်၍ လာသကဲ့သို့ လည်းကောင်း ရှည်ခြင်း, တိုခြင်း ရှိသကဲ့သို့လည်းကောင်း၊ လုံးခြင်း, ပြားခြင်း ရှိသကဲ့သို့လည်းကောင်း စသည်ဖြင့် ထင်လာရ၏။

ကာယဿ ပန ဂဏနာဝသေနေဝ မနသိကာရကာလတော ပဘုတိ အနုက္ကမတော သြဠာရိက အဿာသ ပဿာသ နိရောဓ-ဝသေန ကာယဿ ဒရထေ ဝူပသန္တေ ကာယောပိ စိတ္တမိဝ လဟုကံ ဟောတိ သဒ္ဓိံ အာကာသေ လင်္ဃနာကာရပတ္တံ ဝိယ ဟောတိ။

ဝိသုဒ္ဓိ–ဒု–၁၊ ၂၂၄။

ကာယဿ ပန၊ အ၍ကြီးသော ယောဂီအား။ ဂဏနာ ဝသေနေဝ၊ ပထမ နည်း၌ ရေတွက်သော အစွမ်းဖြင့်သာလျှင်။ မနသိကာရ ကာလတော၊ နှလုံးသွင်းသောကာလမှ။ ပဘုတိ၊ စ၍။ အနုက္ကမတော၊ အစဉ်အတိုင်း အားဖြင့်။ သြဠာရိက အဿာသ ပဿာသ နိရောဓ ဝသေန၊ ရှုနှိုင်း သော ထုက်သက် ဝင်သက် ချုပ်ခြင်း၏အစွမ်းဖြင့်။ ကာယ ဒရထေ၊

ကိုယ်၏ ပူပန်ခြင်းသည်။ ဝူပသန္တေ၊ ငြိမ်းလတ်သော်။ ကာယော၊ ကိုယ်သည်လည်းကောင်း။ စိတ္တမ္ပိ၊စိတ်သည်လည်းကောင်း။ လဟုကံ၊ ပေါ့သည်။ ဟောတိ၊ ဖြစ်၏။ သရီရံ၊ ကိုယ်သည်။ အာကာသေ၊ ကောင်းကင်၌။ လယံနာကာရပတ္တံ ဝိယ၊ ခုန်လွှားပျံဝဲကာအံ့သော အခြင်းအရာသို့ ရောက်သကဲ့သို့။ ဟောတိ၊ ဖြစ်၏။

ထိုသို့ စတုတ္ထနယ၏ ကာယပရိဂ္ဂဟိက, စိတ္တပရိဂ္ဂဟိတတို့ဖြင့် သိမ်းဆည်း၍ အားထုတ်သော ယောဂါဝစရအား သန္တေ၊ ဝူပသန္တေ၊ သုခုမ၊ ဝိစေတဗ္ဗာကာရပတ္တာ၊ လဟုကသို့ ရောက်စေလျက် အထူးသဖြင့် အလွန်နေ့ညဉ့်မယုတ် အားသုတ် ဆည်းပူးအပ်သည်ရှိသော် ပဘာဝနာ တရားလေးပါး၏ အညစ်အကြေးတို့ကို ကြဉ်ရှောင်ရခြင်း၊ ပဘာဝနာတရားလေးပါးတို့၏ ပြည့်စုံရာသည်ကို သိရခြင်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပဘာဝနာတရား၏ အညစ်အကြေး ဟူသော်ကား မိမိ၏ကိုယ်စိတ်နှစ်ပါးကို သိမ်းဆည်း၍ ထွက်သက်ကိုလည်းကောင်း၊ ဝင်သက်ကိုလည်းကောင်း၊ ထိုထွက်သက် ဝင်သက်၏ ပဋိဘာဂနိမိတ်ကို လည်းကောင်း၊ ထိုသုံးပါးတို့၌ အာရုံမမြဲ ကဲ့ပြားခြင်းမရှိ ဌိတိဘာဝ ကေဂ္ဂဟုဆိုအပ်သော တစ်သားတည်းသော အာရုံကို လုံခြုံစွာ စောင့်ရှောက်၍ သန္တေ၊ ဝူပသန္တေ၊ သုခုမ၊ ဝိစေတဗ္ဗ၊ လဟုက တို့သို့ ရောက်စေရာ မိမိ၏ကိုယ်ကို အသာသ၊အဿာသ၏ ပဋိဘာဂ နိမိတ်ကို ရှုစဉ်၍လည်းကောင်း၊ ပဿာသ၊ ပဿာသ၏ ပဋိဘာဂနိမိတ်ကို ရှုစဉ်၍လည်းကောင်း-

(၁) အာနုမန၊ ရှေ့ရှု ညွှတ်ခြင်း၊

(၂) ဝိနုမန၊ နံပါးသို့ ညွှတ်ခြင်း၊

(၃) သန္ဓမန၊ ထက်ဝန်းကျင် ညွှတ်ခြင်း၊

(၄) ပဏာမန၊ နောက်သို့ ညွှတ်ခြင်း၊

(၅) ဥဇ္ဇန၊ စဉ်းငယ် ရှေ့ရှု လှုပ်ခြင်း၊

(၆) ဖန္ဒန၊ စဉ်းငယ် နံပါးသို့ လှုပ်ခြင်း၊
(၇) စလန၊ စဉ်းငယ် ထက်ဝန်းကျင် လှုပ်ခြင်း၊
(၈) ကမ္ပန၊ စဉ်းငယ် နောက်သို့ လှုပ်ခြင်း–

အားဖြင့် ပဘာဝန အညစ်အကြေး ရှစ်ပါးတို့နှင့်လည်းကောင်း၊ ရှစ်ပါးလုံး မဟုတ်သော်လည်း တစ်ပါးပါးနှင့်လည်းကောင်း ယှဉ်စေသော ယောဂါဝစရသည် ပဘာဝနကား လေးပါးတို့နှင့် မပြည့်စုံသည်ဖြစ်၍ ဘာဝနာ၏ ပြီးဆုံးခြင်းသို့ မရောက်။

ထိုနည်းတူစွာ အားထုတ်အပ်သော ယောဂါဝစရအား မိမိကိုယ်ကို အဃောသ အဃောသ၏ ပဋိဘာဂနိမိတ်ကို ရှုစဉ်၍ လည်းကောင်း၊ ပဃောသ ပဃောသ၏ ပဋိဘာဂနိမိတ်ကို ရှုစဉ်၍လည်းကောင်း–

(၁) နအာနုမန၊ ရှေ့ရှု မညွှတ်ခြင်း၊
(၂) နဝိနုမန၊ နံပါးသို့ မညွှတ်ခြင်း၊
(၃) နသန္ဓုမန၊ ထက်ဝန်းကျင် မညွှတ်ခြင်း၊
(၄) နပဏမန၊ နောက်သို့ မညွှတ်ခြင်း၊
(၅) အ နိဋ္ဌန၊ စဉ်းငယ် ရှေ့ရှုမလှုပ်ခြင်း၊
(၆) နဖန္ဒန၊ စဉ်းငယ် နံပါးသို့ မလှုပ်ခြင်း၊
(၇) နစလန၊ စဉ်းငယ် ထက်ဝန်းကျင် မလှုပ်ခြင်း၊
(၈) နကမ္ပန၊ စဉ်းငယ် နောက်သို့ မလှုပ်ခြင်း–

အားဖြင့် ပဘာဝန အညစ်အကြေးရှစ်ပါးတို့နှင့်လည်းကောင်း၊ ရှစ်ပါးလုံး မဟုတ်သော်လည်း တစ်ပါးပါးနှင့်လည်းကောင်း မယှဉ်စေသော ယောဂဝစရသည် ပဘာဝန တရားလေးပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ဘာဝနာ၏ ပြီးဆုံးခြင်းသို့ ရောက်လေ၏။

ဣတိ ကိရ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။ ဧवံ သန္တေ ဝါတုပလဒ္ဓိယာ စ ပဘာဝနာ ဟောတိ၊ အဿာသ-ပဿာသာနဉ္စ ပဘာဝနာ ဟောတိ၊ အာနာပါနဿတိယာ စ ပဘာဝနာ ဟောတိ၊ အာနာပါနဿတိ သမာဓိဿ စ ပဘာဝနာ ဟောတိ။ ပဌိသံ-ဘဂဝ။

ဣတိ, ဧဝံ မယာ ဝုတ္တာကာရေန၊ ဤသို့ ငါဆိုအပ်ပြီးသော ပဘာဝနာ အညစ်အကြေးရှစ်ပါးမှ ကင်းသော အခြင်းအရာအားဖြင့်။ ကာယသင်္ခါရံ၊ ရှုနှုန်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ အဿသိဿာမိ၊ ရှူအုံ့။ ဣတိ၊ ဤသို့။ ကိရ ယဒိ သိက္ခတိ၊ အကယ်၍ ကျင့်ကြားအုံ့။ ကာယသင်္ခါရံ၊ ရှုနှုန်ရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ ငြိမ်းစေလျက်။ ပဿသိဿာမိ၊ ရှိုက်အုံ့။ ဣတိ၊ ဤသို့။ ကိရ ယဒိ သိက္ခတိ၊ အကယ်၍ ကျင့်ကြားအုံ့။ ဧवံ ပဿမ္ဘနေ၊ ဤသို့ ဩဇာရိကောဠာရိက ကာယသင်္ခါရကို ငြိမ်းစေ ချုပ်စေသည်။ သန္တေ၊ ဖြစ်လတ်သော်။ ဝါတုပလဒ္ဓိယာ၊ အဿာသပဿာသလေကို အာရုံမူသောအားဖြင့် ကပ်ရှိသိသော စိတ်၏။ ပဘာဝနာစ၊ ဖြစ်ခြင်းသည်လည်း (ဝါ) ပွားခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ အဿာသ ပဿာသာနံ၊ ထွက်သက် ဝင်သက်တို့၏။ ပဘာဝနာစ၊ ဖြစ်ခြင်းသည်လည်း (ဝါ) ပွားခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ အာနာပါနဿ-တိယာ၊ အာနာပါနလျှင် အာရုံရှိသော သတိ၏ (ဝါ) အာနာပါနနိမိတ်လျှင် အာရုံရှိသော သတိ၏။ ပဘာဝနာစ၊ ဖြစ်ခြင်းသည်လည်း (ဝါ) ပွားခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ အာနာပါနဿတိ သမာဓိဿ၊ အာနာပါန သတိနှင့် ယှဉ်သော သမာဓိ၏ (ဝါ) အာနာပါနနိမိတ် သတိနှင့်ယှဉ်သော ဈာန်ကြည်ခြင်း၏။ ပဘာဝနာစ၊ ဖြစ်ခြင်းသည်လည်း(ဝါ) ပွားခြင်းသည်လည်း။ ဟောတိ၊ ၏။

[ပဘာဝန တရားလေးပါးကိုလည်း သိပေလာက်ပြီ၊ ဤစကားရပ်၌ အရှင်သာရိပုတ္တရာသည် ဟောတော်မူရာ စောဒနာ-သောဓနာတို့ကို ယထာဝုတ္တ စောဒနာပြု၍ ယထာဝုဏ္ဏ ဝိသဇ္ဇနာတော်မူကြမှ သဘာဝသို့ ကျပါမည်။ ဒီကာကြီးကိုကို ကြည့်တော်မူကြပါ၊ အန္တောလီန စသည် မဟုတ်၊ ပညာရှင်တို့ မှာထားချက်။]

ပဘာဝန တရားလေးပါးသို့ ဆိုက်အောင် အားထုတ်အပ်သော ယောဂါဝစရသည် ရှုနှင်းကြမ်းကြုတ်သော အသောသ ပဿာသတို့သည် ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ နှုးညံ့သိမ်မွေ့လှစ္စာသော အသောသ ပဿာသ မျှသည်သာလျှင် ကျန်ရှာသေးတော့၏။ ထိုနှုးညံ့စွာလှသော အသောသ ပဿာသကား ပဋိဘာဂနိမိတ်၏ ဖြစ်ခြင်းကြောင့် အာနာပါနသတိလျှင် ပြန့်နှံ့ခြင်းရှိသော ပဋိဘာဂနိမိတ်၊ ထိုပဋိဘာဂနိမိတ်၌သာ အာရုံကို တစ်ခုတည်းထားခြင်းအားဖြင့်-

(၁) အာနာပါန၊

(၂) အာနာပါနသတိ၊

(၃) အာနာပါနသတိ သမာဓိ-

သုံးပါးတို့သည် ပြည့်စုံရှာရသည်ဖြစ်၍ အာနာပါန ပထမ စတုက္ကာ အာဒိကမ္မိက ဟုဂ္ဂိုလ်၏ ဥပစာရသို့ရောက်သော အပ္ပနာသို့ သက်ဝင်နိုင်လောက်သော ဘာဝနာ၏ ပြီးဆုံးခြင်းသို့ ရောက်ရှာလေတော့၏။

ပဘာဝနာ ဟောတိတိ ယဒိ ပိ သြဠာရိကာ ကာယသင်္ခါရာ ပဋိပ္ပဿမ္ဘန္တိ၊ သုခုမာ ပန အတ္ထေဝါတိ အနုက္ကမေန ပရမသုခုမ-ဘာဝပ္ပတ္တာသ ဝသေန နိမိတ္တုပ္ပတ္တိယာ အာနာပါနသတိယာ အာနာပါနသတိ သမာဓိသ စ ပဘာဝနာ ဂုဏ္ဏတေဝါတိ အဓိပ္ပါယော။ ဝိသုဒ္ဓိ-ဋီ-၁၊၃၂၂ဒေ

ဖောဂိပါရဂူ ၅-ပ-မ-သ-စ

ပဘာဝနာ ဟောတီတိ၊ ပဘာဝနာ ဟောတိ ဟူသည်ကား။ ဝါ၊ (၁) ဝါတုပလဒ္ဓပဘာဝနာ၊ (၂) အသုဘသ ပဿနာ ပဘာဝနာ၊ (၃) အာနာပါနသတိ ပဘာဝနာ၊ (၄) အာနာပါနသတိ သမာဓိ ပဘာဝနာသို့ ရောက်သောသူ ဟူသည်ကား။ သြဠာရိကာ၊ ရုန်ရင်းကုန်သော။ ကာယသခ်ါရ၊ ထွက်သက် ဝင်သက်တို့သည်။ ယဒိပိ ပဋ္ဌိပ္ပဿမ္ဘဒ္ဓိ၊ အကယ်၍ ငြိမ်းကုန်သည်ဖြစ်ငြားအံ့။ ဧဝံ သန္တေသု၊ ဤသို့ ငြိမ်းကုန်သည်ရှိသော် (ဖော်)။ သုခုမာပန၊ ဝိစေတဗ္ဗ ဖြစ်လောက်သော ထွက်သက် ဝင်သက်တို့သည်ကား။ အတ္ထေဝ, အတ္ထိ သန္တိ ဧဝ၊ ရှိကုန်သေးသည်သာလျှင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အနုဂ္ဂဟေန၊ အစဉ်အတိုင်းအားဖြင့်။ (၁) ပရမ သုခုမ ဘာဝပ္ပတ္တသ၊ အလွန်နူးညံ့သိမ်မွေ့သော အသုဘသ ပဿနာသဖြစ်ခြင်းသို့ ရောက်သော အဖြစ်၏။ ဝသေန၊ အစွမ်းဖြင့်။ နိမိတ္တုပ္ပတ္တိယာစ၊ ပဋိဘာဂနိမိတ် ဖြစ်ခြင်း၏ လည်းကောင်း။ (၂) အာနာပါနသတိယာစ၊ အာနာပါနသတိ၏ လည်းကောင်း။ (၃) အာနာပါနသတိ သမာဓိယ စ၊ အာနာပါနသတိ သမာဓိ၏ လည်းကောင်း။ ပဘာဝနာ၊ အာဒိကမ္မိက ပထမ စတုက္ကဓ္ယာ ဘာဝနာသည်။ ဣဒ္ဓတေ၊ ပြီးတော့သည် သာလျှင်တည်း။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ ပထမ စတုက္ကဓ္ယာ အဓိပ္ပာယ်တည်း။

ပဘာဝနာတရား လေးပါးသို့ရောက်အောင် အားထုတ်သော ယောဂါဝစရသည် မိမိကိုယ် ဦးခေါင်းမှစ၍ ခြေဖျားသို့ရောက်အောင်သော မဏ္ဍလအတွင်းတို့၌ လွန်စွာ ကြည်လင်သန့်ရှင်းသော မှန်တုံး, မှန်တိုင်း မှန်ရုပ်ကြီးကဲ့သို့လည်းကောင်း၊ မီးတုံး, မီးလှို, မီးရုပ်ကြီးကဲ့သို့လည်းကောင်း၊ တစ်ခုခုသော အဆင်းနှင့်တကွသော ဖလတုံး, ဖလတိုင်, ဖလ်ရုပ်ကြီးကဲ့သို့လည်းကောင်း၊ (သုညဂဖို)။ ဂွမ်းစိုင်, ဂွမ်းပုံကြီးတို့ကဲ့သို့လည်းကောင်း၊ နီသော ကမ္မလာ, ရွှေသော ကမ္မလာ, မောင်းသော ကမ္မလာ စသည်တို့ကဲ့သို့လည်းကောင်း၊ (ဝဏ္ဏဖို)။ မိမိကိုယ်၌ အရိုးစု, အသားစိုင်, အူသိမ်, အူမအစရှိသော ကြောက်မက်ဖွယ်တို့ကဲ့သို့လည်းကောင်း၊

(အသုဘဖို့)။ ထိုသုံးပါးတို့တွင် တစ်ပါးပါး တင်မြင်လာတတ်သည်။ ထိုသို့ ထင်မြင်လာသော အာကာရတို့တွင် ဝဏ္ဏ, အသုဘ တစ်ပါ;ပါး ထင်မြင်လာသောသူသည် ၎င်းထင်မြင်လာသော အဿာသပဿာသနိမိတ်ကို အကြိမ်များစွာ သုံးသပ်ရာ၏၊ သုံးသပ်ပါ များလတ်သော် လွန်စွာ ကြည်လင် သန့်ရှင်းလာရ၍ ပွတ်သစ်သော ခရေသင်း၊ အိတ်တွင်းမှ ထုတ်သောမှုန်၊ ကောင်းကင်ယံ၌ လဝန်း စသည်တို့ကဲ့သို့ တစ်ခုတစ်ခု သူ့အာရုံနှင့် သူ့အာရုံ တွေ့ကြုံကြလျက် ထိရဘာဝ ထာဝရ မြဲသော အခါ၌ သုညတ ဘောသို့သက်၍ တလက်လက် တဝင်းဝင်း တောက်လောင်သော မီးလျှံတွင်း၌ သက်ဆင်း ထိုင်နေသကဲ့သို့သော ပဋိဘာဂ နိမိတ်သို့ ဆိုက်လေ၏။

ပဋိဘာဂနိမိတ္တံ ထဝိကတော နီဟတာဒါသမဏ္ဍလံ ဝိယ သုခေါတသခ်ိတာလံ ဝိယ ဝလာဟကန္တရာ နိက္ခန္တစန္ဒမဏ္ဍလံ ဝိယ မေဃမုခေ ဗကာ ဝိယ ဥဋ္ဌဟနိမိတ္တံ ပဒါလေတွာ နိက္ခန္တမိုဝ တတော သဘဝုဏ်ံ သဟသဝုဏ်ံ သုပရိသုဒ္ဓံ ဟုတ္ဝာ ဥပဋ္ဌာတိ။
ဝိသုဒ္ဓိ ၆-၁၁၁၂၂။

ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ထဝိကတော၊ အိတ်မှ။နီဟတာ-ဒါသ မဏ္ဍလံ ဝိယ၊ ထုတ်အပ်သော ကြေးမုံဝန်းကဲ့သို့လည်းကောင်း။ သုခေါတ သခ်ိတာလံ ဝိယ၊ ကောင်းစွာ ပွတ်သပ်ပြီးသောခရေသင်း ခွက်ကဲ့သို့လည်းကောင်း။ ဝလာဟကန္တရာ၊ တိမ်တိုက်ကြားမှ။ နိက္ခန္တ စန္ဒ မဏ္ဍလံ ဝိယ၊ ထွက်သော လပြည့်ဝန်းကဲ့သို့လည်းကောင်း။ မေဃ မုခေ၊ မိုးတိမ်ညိုဝန်း။ ဗကာဝိယ၊ သဗျှိုင်းဖြူပျံကဲ့သို့လည်းကောင်း။ ဥဋ္ဌဟ နိမိတ္တံ၊ ဥဋ္ဌဟနိမိတ်ကို။ ပဒါလေတွာ၊ ထွင်းဖောက်၍။ နိက္ခန္တမိုဝ၊ ထွက်၏သို့။ တတော၊ ထိုဥဋ္ဌဟနိမိတ်ထက်။ သဘဝုဏ်ံ၊ အဆ အရာ။ သဟသဝုဏ်ံ၊ အဆအထောင်။ သုပရိသုဒ္ဓံ၊ အလွန်စင်ကျယ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်မြင်လာ၏။

ဤဥပမာစုတို့၌ ကြည်လင်သော အဆင်းကိုသာ ယူရမည်၊ သဏ္ဌာန်ကို မယူရ။ ထိုစကား၌ "တဠု ခေါ် ပန နေဝ ဝဏ္ဏဝန္တံ၊ နာ သဏ္ဌာနဝန္တံ" (ဝိသုဒ္ဓိ-၂-၁၊၁၂၂) ဟူသော စကားကို ထိုပဋိဘာဂ နိမိတ်သည် အဆင်းလည်းမရှိ သဏ္ဌာန်လည်းမရှိဆိုသည် မဟုတ်လော။ ဟူမူ၊ စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသော အဆင်းသဏ္ဌာန်သာ မရှိသည်၊ မနောဝိညာဏ်ဖြင့် မြင်ကောင်းသော အဆင်းသဏ္ဌာန်ကား ရှိ၏ဟူ၍မူတ်။

ထိုကောင်လုံးကျတ် ကြည်လင် သန့်ရှင်းသော ပဋိဘာဂနိမိတ် ထင်မြင်လာ၍ ယောဂါဝစရအား ပဋိဘာဂနိမိတ် ထင်မြင်လာသော အခါမှ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာဟု ဆိုအပ်သော နီဝရဏတရား ငါးပါးတို့သည် ၎င်းပဋိဘာဂ နိမိတ်ကို အာရုံပြုသော အတွင်းတို့၌ ဖဲခွာဆုတ်ရှားကြလျက် ကိလေသာတို့သည် ကုန်ခန်းသကဲ့သို့ ငြိမ်သက်စွာ နေကြ၍သာလျှင် မိမိစိတ်သည် ဥပစာရ ဘုံ၌ တည်ရှာလေတော့၏။

ဥပ္ပန္နကာလတော စ ပနသ္ဌ ပဋ္ဌာယ နီဝရဏာနိ ဝိက္ခမ္ဘိတာ နေဝ ဟောန္တိ၊ ကိလေသာ သန္နိသိန္နာဝ၊ ဥပစာရသမာဓိနာ စိတ္တံ သမာဟိတမေဝ ဟောတိ။ ဝိသုဒ္ဓိ ၂- ၁၊၁၂၂။

တတော ပဋ္ဌာယ ပရိဗန္ဓဝိပ္ပဟီနာ ကာမာဝစရသမာဓိ-သင်္ခါတာ ဥပစာရဘာဝနာ နိပ္ဖန္နာနာမ ဟောတိ။ (သင်္ဂြိဟ်။)

တတော ပဋ္ဌာယာတိ ပဋိဘာဂနိမိတ္တုပ္ပတ္တိတော ပဋ္ဌာယ။
(အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ-၂၆၃။)

တတောပဋ္ဌာယာတိ ပဋိဘာဂနိမိတ္တုပ္ပတ္တိတော ပဘုတိ။ (သုမင်္ဂလ)။

(မဟာဋီကာ အထူးမဖွင့်။)

ပန၊ အကျိုးကိုဆိုဒဲ့။ ဘယ၊ ထိုပဋ္ဌိဘာဂနိမိတ်၏။ ဥပ္ပဋ္ဌကာလ-တောစ၊ ဖြစ်သောအခါမှသာလျှင်။ ပဋ္ဌာယ၊ စ၍။ နိဝရဏာနိ၊ နိဝရဏာတရားတို့သည်။ ပိဟိတမ္ပိတာနေဝ၊ ပျောက်ကွယ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကိလေသာ၊ တဒေကဋ္ဌကိလေသာတို့သည်။ သန္နိသိန္နာဝ၊ ငြိမ်ဝပ်စွာ နေကုန်သည်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိသည်။ စိတ္တံ၊ စိတ်ကို။ သမာဟိတမေဝ၊ ကောင်းစွာ ထားအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်ကား။ ဝိသေသော၊ ဗဟုးတည်း။ (ဝိသုဒ္ဓိမဂ်အနက်။)

တတော၊ ထိုပဋ္ဌိဘာဂနိမိတ် ထင်မြင်သည်မှ။ ပဋ္ဌာယ၊ စ၍။ ပရိဗန္ဓ-ဝိပွဟီနာ၊ ပယ်အပ်ပြီးသော နိဝရဏတည်းဟူသော ဘေးရန်ရှိသော။ ကာမာဝစရ သမာဓိသင်္ခါတာ၊ ကာမာဝစရသမာဓိဟု ဆိုအပ်သော။ ဥပစာရဘာဝနာ၊ ဥပစာရဘာဝနာသည်။ နိပ္ပန္နာနာမ၊ ဖြစ်လာသည်မည်သည်။ (ဝါ) ပြီးပြည့်စုံသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ (သင်္ဂြိုဟ်အနက် ဋီကာနှစ်စောင်အနက်ကား လွယ်၏။)

ဤဥပစာရဘုံသို့ ရောက်ရာဌာနလည်း စတုတ္ထနည်းကို သိမ်းလိုက်ပြီး၍ မိမိ(၁) အသာသကိုလည်းကောင်း၊ (၂) ပဿာသကို လည်းကောင်း၊ (၃) ထိုအသာသပဿာသတို့၏ ပဋ္ဌိဘာဂနိမိတ်ကို လည်းကောင်း တို့သုံးပါးသော မနသိကာရတရားတို့ကို အာရုံပြုလျက် မကြည့်မရှုနေခဲ့သော ယောဂါဝစရသည် ဥပစာရဘုံသို့ မဆိုက်၊ အပ္ပနာဘုံသို့ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

အကြင်ယောဂါဝစရပညာရှိသည် (၁) ထွက်သက်ကိုလည်းကောင်း၊ (၂) ဝင်သက်ကိုလည်းကောင်း၊ (၃) ထိုထွက်သက်၊ ဝင်သက်တို့၏ ပဋ္ဌိ-ဘာဂ နိမိတ်ကိုလည်းကောင်း ထိုသုံးပါးသော မနသိကာရတရားတို့ကို

အာရုံပြုလျက် ကြည့်ရှုမှုနေသော ယောဂါဝစရသည်သာလျှင် ဥပစာရ ဘုံသို့ ဆိုက်လေ၏၊ အပ္ပနာဘုံသို့ တက်ခြင်းငှါလည်း ခုံ၏။

ဣတ္ထ စ အညမေဝ အဿာသာရမ္မဏံ စိတ္တံ၊ အညံ ပဿာသာ-ရမ္မဏံ၊ အညံ နိမိတ္တာရမ္မဏံ၊ ယဿ ဟိ ဣမေ တယော ဓမ္မာ နတ္ထိ၊ တဿ ကမ္မဋ္ဌာနံ နေဝ အပ္ပနံ၊ နေ ဥပစာရံ ပါပုဏာတိ။ ယဿ ပန ဣမေတယော ဓမ္မာ အတ္ထိ၊ တဿေဝ ကမ္မဋ္ဌာနံ ဥပစာရဉ္စ အပ္ပနဉ္စ ပါပုဏာတိ။ ဝိသုဒ္ဓိ-ဋီ၊ ၁၊ ၂၂၇။

ဣတ္ထစ၊ ဤသုံးပါးတို့တွင်လည်း။ အဿာသာရမ္မဏံ၊ အဿာသလျှင် အာရုံရှိသော။ စိတ္တံ၊ စိတ်သည်။ အညမေဝ၊ တပါးသာလျှင်တည်း။ ပဿာသာရမ္မဏံ၊ ပဿာသလျှင် အာရုံရှိသော။ စိတ္တံ၊ စိတ်သည်။ အညံဝေ၊ တပါးသာလျှင်တည်း။ နိမိတ္တာရမ္မဏံ၊ နိမိတ်လျှင်အာရုံရှိသော။ စိတ္တံ၊ စိတ်သည်။ အညံဝေ၊ တပါးသာလျှင်တည်း။ ဟိ၊ ဗျတ်ရိုက်ကို ဆိုဏီးအံ့။ ယဿ၊ အကြင်သူအား။ ဣမေ တယော ဓမ္မာ၊ ဤအဿာသ, ပဿာသ၊ နိမိတ်သုံးပါးကုန်သော တရားတို့သည်။ နတ္ထိ၊ မရှိကုန်။ တဿ၊ ထိုသူ၏။ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ အပ္ပနံ၊ အပ္ပနာသို့။ နေဝ ပါပုဏာတိ၊ မရောက်နိုင်။ ဥပစာရံ ဥပစာရမို့၊ ဥပစာရကိုသော်လည်း။ နေ ပါပုဏာတိ၊ မရောက်နိုင်။ ပန၊ အနှယကို ဆိုအံ့။ ယဿ၊ အကြင်သူအား။ ဣမေ တယော ဓမ္မာ၊ ဤအဿာသ, ပဿာသ, နိမိတ်-သုံးပါးကုန်သော တရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တဿေဝ၊ ထိုသူ၏သာလျှင်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ ဥပစာရဉ္စ၊ ဥပစာရသို့လည်းကောင်း။ အပ္ပနဉ္စ၊ အပ္ပနာသို့လည်းကောင်း။ ပါပုဏာတိ၊ ရောက်၏။

ဥပစာရဘုံသို့ ဆိုက်ပြီးသော ယောဂါဝစရသည် ရံခါရံခါ ဝိမိရအပ်သော ပဋိဘာဂနိမိတ်ကို အာရုံပြုရသောကြောင့် နိဝရဏတရားတို့မှ ကင်းကွာ၍ ဝိကွမ္ဘနပဟာန်သို့သက်လေ၏။ ရံခါရံခါမှာမူကား ထိုပဋိဘာဂ နိမိတ်အာရုံကို လွှတ်၍ ဘဝင်သို့လည်းကောင်း၊ တပါးသောအာရုံသို့

လည်းကောင်း သက်လေ၏။ အဘယ့်ကြောင့်နည်းဟူမူ- မိမိ၏ ပဋိဘာဂ နိမိတ်လျှင် အာရုံရှိသော ဥပစာရသမာဓိအား အင်္ဂါငါးပါးနှင့် ပြည့်စုံသော စျာန်ဟူသော အားအစုမ်းမရှိသေးသည်၏ အဖြစ်ကြောင့် ပေတည်း။ ဥဟမာ အဘယ်ကဲ့သို့နည်းဟူမူ- ထ၍မ ယှဉ်းနိုင်သေးသော သူငယ်ကလေးကို မိဘတို့က လက်ဖြင့်ကိုင်၍ ရပ်စေသောအခါ၌ ရံခါရံခါ၌ကား ရပ်တန်၍ မတ်မတ်တည့်တည့် နေနိုင်၏။ ရံခါရံခါ၌ကား ရပ်တန်ခြင်းငှါ မနှမ်းနိုင်ရှာ၍ ရှေ့သို့လည်းကောင်း၊ နောက်သို့ လည်းကောင်း ကိုယ်ကိုဆောင်ရွက်နိုင်သော စိတ္တဇဝါယောဓာတ်တည်း ဟူသော အားမရှိခြင်းကြောင့် လဲရှာရာဘိသို့တည်း။

ယထာ နာမ ဒဟရော ကုမာရကော ဥက္ခိပိတ္မာ ဌပိယ-
မာနော ပုနပ္ပုနံ ဘူမိယံ ပတတိ၊ ဧဝမေဝ ဥပစာရေ ဥပ္ပန္နေ စိတ္တံ
ကာလေန နိမိတ္တမာရမ္မဏံ ကရောတိ၊ကာလေန ဘဝင်္ဂမောတရတိ။
ဝသုဒ္ဓ ၅-၁၁၂၃။

ယထာနာမ၊ ဥပမာမည်သည်ကား။ ဒဟရော၊ နုသော။ ကုမာ-
ရကော၊ သူငယ်ကို။ ဥက္ခိပိတ္မာ၊ ထူမ၍။ ဌပိယမာနော၊ ထားအပ်
သည်ရှိသော်။ ပုနပ္ပုနံ၊ အဖန်ဖန်။ ဘူမိယံ၊ မြေ၌။ ပတတိယထာ၊
လဲရသကဲ့သို့။ ဧဝ မေဝ၊ ဤအတူသာလျှင်။ ဥပစာရေ၊ ဥပစာရသည်။
ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ စိတ္တံ၊ စိတ်သည်။ ကာလေန၊ ရံခါ။ နိမိတ္တာ-
ရမ္မဏံ၊ ပဋိဘာဂနိမိတ်၏ အာရုံကို။ ကရောတိ၊ ပြု၏။ ကာလေန၊ ရံခါ။
ဘဝင်္ဂံ၊ ဘဝင်ကို (၀၊) ဘဝင်သို့။ သြတရတိ၊ သက်လေ၏၊

ထိုဥပစာရ ဆိုက်ခြင်းတို့တွင် အလုပ်တို့ဝေါဟာရ၌ ရှုပ်ဥပစာ, နာမ်ဥပစာဟူ၍ နှစ်ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင် ရှုပ်ဥပစာဆိုက်ပုံကား ထိုစထုတ္ထနည်းကို သိမ်းလိုက်သောအခါ ထွက်သက် ဝင်သက်ကို ငြိမ်း သည်ထက် ငြိမ်းသည်, သာသည်ထက် သာသည် ဖြစ်လတ်သော် မိမိ ကိုယ်သည် လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ ဖောင်းကြွပြည့်ဖြိုး

တိုးတက်မြောက်ပင့် ချီးမြှင့်ဝဲပ်ုသကဲ့သို့ ဖြစ်သောအခါ၌ ရုပ်ဥပစာသို့ ဆိုက်သည်ဟုခေါ်၏။ ထိုနည်းတူစွာ စတုတ္ထနည်းကို သ်မ်းလိုက်သောအခါ၌ မ်မိ၏ကိုယ်ဟု ခေါ်အပ်သော လေးတောင်မျှ မဏ္ဍလအတွင်း လွန်မင်းစွာ ကြည်လင် သန့်ရှင်းလုသော အဃာသ ပဃာသ ပဋိဘာဂနိမိတ်ကို မြင်ရ၏၊ ထိုသို့ မြင်ရခြင်းသည်ပင် နာမ်ဥပစာဆိုက်သည်ဟု ခေါ်၏။

ဣတိ စတုတ္ထပဋ္ဌံ

၁၆– ကမ္မဋ္ဌာန်းတို့၏ ပဂုဏဂုဏ်ကို ပြခြင်း

ဣတိ အဗျတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဗျတ္တ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ဒီ၂-၂၃၂။

ဣတိ, ဝေဒ ဝုတ္တပကာရေန၊ ဤသို့ဆိုအပ်ပြီးသော အပြားအားဖြင့်။ အဗျတ္တံ ဝါ၊ မိမိသန္တာန်၌လည်း ဖြစ်သော။ ကာယေ၊ ထွက်သက်ဝင်သက် အပေါင်း၌။ ကာယာနုပဿီ၊ ထွက်သက် ဝင်သက်အပေါင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌ လည်း ဖြစ်သော။ ကာယေ၊ ထွက်သက်ဝင်သက် အပေါင်း၌၊ ကာယာ-နုပဿီ၊ ထွက်သက်ဝင်သက် အပေါင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဗျတ္တဗဟိဒ္ဓါ ဝါ၊ ရံခါ မိမိသန္တာန် ရံခါအပ သန္တာန်၌လည်း ဖြစ်သော။ ကာယေ၊ ထွက်သက်ဝင်သက်အပေါင်း၌။ ကာယာ-နုပဿီ၊ ထွက်သက်ဝင်သက် အပေါင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဤသို့ဟောတော်မူသော ဒေသနာ၏သဘောတော်ကိုကား ပထမနည်း စသည်တို့၌ ပဂုဏသဒ္ဒရဏာပြု၍ လေ့လာအပ်သည်၏အဖြစ်ကို ဟောတော်မူသည်၊ ထို ပဂုဏသဒ္ဒရဏ ပြုနည်းမှာ အဃာသ ပဃာသ၊ထို အဃာသ ပဃာသတို့၏ ဥဒ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့ကို ရမှ လေ့လာနိုင်သည်

ပဿမနည်းဌကား ရခဲ့၏၊ ဒုတိယ နည်းဖြင့်ကား ဗဟိဒ္ဓ သန္တာန်၌ အမျိုးမျိုးသော လေ့လာခြင်းဖြင့် လေ့လာနိုင်၏။ တတိယနည်းဖြင့်ကား အစ္ဈတ္တ ဗဟိဒ္ဓသန္တာန် နှစ်ပါးလုံးတို့၌ အမျိုးမျိုးသော လေ့လာခြင်းဖြင့် လေ့လာနိုင်၏။ စတုတ္ထနည်းဖြင့်ကား အစ္ဈတ္တသန္တာန်၌ လေ့လာနိုင်၏။ ထိုလေ့လာပုံကို တတိယနည်းက ပြခဲ့ပြီ၊ သို့ဖြစ်၍ အာဂုံစသည်ဖြင့် အကျယ်မရေးလိုက်သည်။

ထိုသို့လျက် လူသုံးဦးတို့၏ ကိုးကွယ်ရာ ရာဇာဓိရာဇ်နှင့် ဗြဟ္မာခံ့ဗြဟ္မာ ဂုဏ်မဟိန်ဟူသမျှတို့၏ ဦးခညွတ်ကျိုး ဝပ်လျှိုးကော်ရော် အပူဇော်ခံထိုက်သောသူ ဟူသမျှတို့၏ ထိပ်ပန်ဖြစ်တော်မူသော သုံးလောကထွတ်သား ရှင်တော်ဘုရားသည် "သော သတောဝ အသ-သတိ" အစ "အစ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ" အဆုံးရှိသော သမထဘာဝနာကို ကုရုရဋ္ဌကမ္မာသအရပ်၌ လျှောက်ပတ်စွာ မွေ့လျော်ကြသော ရဟန်း ရှင်လူ ဟူဟူသမျှတို့ကစ၍ သဗ္ဗညုတ္တာ ဝေနေယျာတို့ကို ခေမာရောက်လမ်း စိတ်ပြဋ္ဌာန်းကာ သာမဂ္ဂီသိက သဘာဝဖြင့် ထုတ်ပြီဟောညွှန်တော်မူအပ်ပေသတည်း။

ထိုဒေသနာနယ ပထမစတုက္ကဖြင့် သီလထက် လွန်ကဲ၍ မွန်မြတ်သော ဓာဝိစိတ္တသိက္ခာဘုံသို့တက်၍ ၊သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်တရား သုံးပါးတို့နှင့် လုံ့လောက်သဖြင့် ဥပစာရသမာဓိ အပ္ပနာသမာဓိ နှစ်ပါးတို့တွင် ယခုပြသရေးသားအပ်ခဲ့သော နည်းတို့နှင့် ပြည့်စုံသော အချိုးသားကောင်း ယောဂျားသတိမာတို့၏ ဥပစာရသမာဓိ စိတ္တဝိသုဒ္ဓိအဖြစ်သို့ ရောက်သည်ကိုလည်း ဟောတော်မူပေ၏။

၁၇–သမထမှ ဝိပဿနာ ကူးနိုင်ခြင်း

ထို ဥပစာရသမာဓိ စိတ္တဝိသုဒ္ဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒိဋ္ဌိဝိသုဒ္ဓိစသည်ကို ဟောတော်မူခြင်းငှါ "သမုဒယမ္မောနုပဿီ ဝါ ကာယသ္မိं ဝိဟရတိ" စသည်ကို ဟောတော်မူပြန်ပေ၏။ (ဝါ) သတိ

ပဋ္ဌာန်းကို ဟောတော်မူခဲ့သည်၏ အခြားမဲ့၌ သတိပဋ္ဌာန်၏ ဘာဝနာကို ဟောတော်မူခြင်းငှါ "သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" စသည်ကို ဟောတော်မူပြန်ပေ၏။ (၀၊) အဓိစိတ္တသိက္ခာကို ဟောတော်မူသည်၏ အခြားမဲ့၌ အဓိပညာသိက္ခာကို ဟောတော်မူခြင်းငှါ "သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" စသည်ကို ဟောတော်မူပြန်ပေ၏။ (၀၊) ဒုက္ခပဋိပဒါ, သုခပဋိပဒါတို့ကို ဟောတော်မူသည်၏ အခြားမဲ့၌ ခိပ္ပါဘိညာ ဒန္ဓာဘိညာတို့ကို ဟောတော်မူခြင်းငှါ "သမုဒယ ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" စသည်ကို ဟောတော်မူပြန်ပေ၏၊ (၀၊) သမထဉာဏ်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ဟောတော်မူခြင်းငှါ "သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" စသည်ကို ဟောတော်မူပြန်ပေ၏။ အကြင်သို့ ဟောတော်မူအပ်သော သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" အစရှိသော ဒေသနာနယ၏ သဘာဝသည် နက်နဲ၏၊ ခက်ခဲ၏၊ သိမ်မွေ့၏၊ သိနိုင်ခဲ၏။ ထိုသို့ နက်နဲ ခက်ခဲ သိမ်မွေ့လှစွာသော ဒေသနာနယ သဘာဝကို ငါတို့ရအပ်သော နယဂ္ဂါဟ ဟတ္တမုဋ္ဌိ ယုတ္တိအာဂမတို့နှင့် လျော်စွာ ပြအပ်သောနည်းကို ပညာရှင်တို့ ဆင်ခြင်စဉ်းစား၊ သတိထား၍ ပိုင်းခြားကြည့်ရှုတော်မူကြစေကုန်သတည်း။ (အမှာ။)

ပြန်ချုတက်။ ။ငါ့ရှင်သောဓန–သမထဉာဏ်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဟောပြတော်မူခြင်းငှါ "သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" အစရှိသော ဒေသနာကို ဟောတော်မူပြန်ပေ၏ဟူ ငါ့ရှင်ဆို၏။ ထိုငါ့ရှင်ဆိုသော စကားခ္ဍ ဝိပဿနာဉာဏ်ဟူသည် စျာန်၏အခြားမဲ့ခ္ဍသာလျှင် စျာန်၏ အင်္ဂါတို့ကို အရင်းပြု၍ တက်ရသည် မဟုတ်လော၊ ယခု ငါ့ရှင်ပြုခဲ့သော နည်းကား ဥပစာရသို့ ရောက်ရုံသာ ရှိသေးသည်။ ထိုဥပစာရက ဝိပဿနာသို့ ကူးနိုင်ရန် ရှင်တော်ဘုရား ဟောတော်မူသော "သမုဒယ-ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" ဟူသော ဤဝိပဿနာဉာဏ်

တက်နည်း စသည်ကို ငါတို့ ယုံကြည်သဖြင့် ယူရတော့အုံ့လောဟူ၍ မေးခဲ့မူ· အရှင်စောဒက-သင်တို့သည် စျာန်မှသာ ဝိပဿနာဉာဏ် စသည်ကို တက်ထိုက်သည်ဟု တစ်ခုတည်းသော သဘောကိုသာယူ၍ မမှတ်ပါလင့်။

၁၈-ဥပစာမှ ဝိပဿနာ ကူးနိုင်ခြင်း

ဤဝိပဿနာဉာဏ်-မဂ်ဉာဏ်-ဖိုလိဉာဏ်တို့မည်သည် စျာန်မှလည်းကောင်း ဥပစာမှလည်းကောင်း တက်ထိုက်၏၊ ထိုတက်ထိုက်သော အကြောင်းကိုလည်း ဤသို့ သိအပ်၏။

ဥပစာရကမ္မဋ္ဌာနေ အပ္ပနာကမ္မဋ္ဌာနေ စ ဝိပဿနာ ဘာဝပတ္တော ကာမာဝစရသမာဓိသခ်ါတော ဥပစာရသမာဓိ ရူပါရူပစျာန-သခ်ါတော အပ္ပနာသမာဓိ စာတိ ဒုဝိဓောပိ သမာဓိဝိမောက္ခ-သမ္ဘာရဘူတတ္တာ စိတ္တဝိသုဒ္ဓိနာမ။ (သင်္ဂြိဟ်ဋီကာဟောင်း-၄၀၇။)

ဥပစာရကမ္မဋ္ဌာနေစ၊ဗုဒ္ဓါနုဿတိ အစရှိသော ရှစ်ပါးသော အနုဿတိ ပဋ္ဌိကူလသညာ, ဓာတုသညာဟူဆိုအပ်သော ဆယ်ပါးသော ဥပစာရ-ကမ္မဋ္ဌာန်းဌာ်လည်းကောင်း။ အပ္ပနာကမ္မဋ္ဌာနေ စ၊ကသိုဏ်းစသော အပ္ပနာ-ဝဟ ကမ္မဋ္ဌာန်းသုံးဆယ်ဌာ် လည်းကောင်း။ ဝိပဿနာဘာဝပတ္တော၊ ဝိပဿနာဉာဏ်၏ ဖြစ်ကြောင်းသို့ ရောက်သော။ ကာမာဝစရ သမာဓိ-သခ်ါတော၊ ကာမာဝစရသမာဓိဟု ဆိုအပ်သော။ ဥပစာရ သမာဓိ စ၊ ဥပစာရ သမာဓိလည်းကောင်း။ ရူပါ ရူပစျာန သခ်ါတော၊ ရူပစျာန်, အရူပစျာန်ဟု ဆိုအပ်သော၊ အပ္ပနာသမာဓိ စ၊ အပ္ပနာ သမာဓိ လည်းကောင်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဒုဝိဓောပိ၊ နှစ်ပါး အပြားရှိသည်လည်းဖြစ်သော။ သမာဓိ၊ သမာဓိသည်။ ဝိမောက္ခသမ္ဘာရဘူတတ္တာ၊ မဂ်၏ အဆောက်အဦ ဖြစ်၍ ဖြစ်သည်၏ အဖြစ်ကြောင့်။ စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိမည်၏။

(ဋီကာကျော်ကား အထူးမဖွင့်။)

ဒုဝိခေါယေ၀ သွာယံ ဣဓ အဓိပ္ပေတော ဥပစာရသမာဓိ စေ၀ အပ္ပနာသမာဓိ စ၊ တတ္ထ ဒသသု ကမ္မဋ္ဌာနေသု အပ္ပနာ ပုဗ္ဗဘာဂစိတ္တေသု စ ဧကဂ္ဂတာ ဥပစာရသမာဓိ၊ အ၀သေသကမ္မဋ္ဌာနေသု စိတ္တေကဂ္ဂတာ အပ္ပနာသမာဓိ။

ဝိသုဒ္ဓိ ၄-၁၂၃၊၄။

ဥပစာရသမာဓိစေ၀၊ဥပစာရသမာဓိလည်းကောင်း။ အပ္ပနာသမာဓိစ၊ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိခေါယေ၀၊ နှစ်ပါးသာလျှင်ဖြစ်သော။ သွာယံသမာဓိ၊ ထိုသမာဓိကို။ ဣဓ၊ ဤဝိပဿနာ အရာစသော အကျိုးငါးပါးတို့၏အရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဒသသု၊ ဆယ်ပါးကုန်သော။ ကမ္မဋ္ဌာနေသုစ၊ ဥပစာရ၀ဟာ ကမ္မဋ္ဌာန်းတို့၌လည်းကောင်း။ အပ္ပနာ ပုဗ္ဗဘာဂ စိတ္တေသု စ၊ အပ္ပနာ၏ ပုဗ္ဗဘာဂ ဖြစ်ကုန်သော ရှစ်ပါးသော စျာန်တို့၏ ရှေအဖို့၌ဖြစ်သော စိတ္တုပ္ပါဒ်တို့၌လည်းကောင်း။ ပ၀တ္တာ၊ ဖြစ်သော။ (ထည့်) ကေဂ္ဂတာ၊ ကေဂ္ဂတာ စေတသိက်သည်။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိမည်၏။ အ၀သေသကမ္မဋ္ဌာနေသု၊ ကြွင်းကုန်သော သုံးဆယ်သော အပ္ပနာ ကမ္မဋ္ဌာန်းတို့၌။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာ စေတသိက်သည်။ အပ္ပနာသမာဓိ၊ အပ္ပနာသမာဓိမည်၏။

အပ္ပနာသမာဓိ, ဥပစာသမာဓိနှစ်ပါးတို့တွင် ဥပစာသမာဓိမှ ဝိပဿနာသို့ အဘယ်ကြောင့် ကူးလွှယ်ရာသနည်းဟူမူ–ယောဂါ၀စရ၏ဉာဏ်ဝ၌ 'ခြောက်–ငါသည် ကမ္မဋ္ဌာန်းကို အားထုတ်နိုင်သော အဘွာ၀ောဝထူးကိုလည်း ရပေ၏။ ရှင်တော်ဘုရား ထင်ရှားပင့်တော်မူသော ဗုဒ္ဓပြုဒေ နဝမခဏကိုလည်း ရခဲ့ပေ၏။ ထိုဗုဒ္ဓပြုဒေ နဝမဧ၀ တော်ကြီးကိုကား အလွန်ရခဲ၏။ စျာန်တရား ဟူသည်ကို ငါ ငုံလင့်၍ မနေနိုင်တော့ပြီ။ လျင်မြန်စွာသာလျှင် သံသရာ၀ဋ်ဒုက္ခကြီးမှ ကူးတော့အုံ"ဟူ၍ နှလုံးပိုက်သောကြောင့်လည်းကောင်း၊ စျာန်ကို ရလိုပါသော်လည်း အခါကာလ ခေတ်မဟုတ်ဟူ၍ နှလုံးပိုက်သောကြောင့် လည်းကောင်း ထိုနှစ်ပါး

သော သမာဓိတို့တွင် ဥပစာရသမာဓိ ရရှိရုံမျှဖြင့်ပင်လျှင် ဝိပဿနာဉာဏ်စသည်ကိုတက်ထိုက်ပေ၏။

> တသာ ဟိ ဒုလ္လဘတာယ အပ္ပနာဓိဂမမှိ အနုဓိဂမယမာနော သံဝေဂဗဟုလော ပုဂ္ဂလော ဥပစာရသမာဓိမှိယေဝ ဌတ္ဝာ ဝိပဿနာယ ကမ္မံ ကရောတိ''သီဃံ သံသာရဒုက္ခံ သမတိက္ကမိ-သာမိ''တိ။ ဝိသုဒ္ဓိ-၁၊၄၆၀။

ဟိသစ္စံ၊ မှန်၏။ တသာ၊ ထိုဗုဒ္ဓပွါဒနဝမကွဏ္ဍကို။ ဒုလ္လဘတာယ၊ ရခဲသည်၏အဖြစ်ကြောင့်။ အပ္ပနာမ်ာမ်၊ အပ္ပနာကိုရခြင်းကို။ အနုဓိဂမယ-မာနနာပီ၊ မရသေးပါသော်လည်း။ သံဝေဂဗဟုလော၊ သံဝေဂအဖြစ်များသော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ ဥပစာရသမာဓိမှိယေဝ၊ ဥပစာရသမာဓိ၌သာလျှင်။ ဌတ္ဝာ၊ ဟဉ်၍။ သီဃံ၊ လျှင်စွာ။ သံသာရဒုက္ခံ၊ သံသရာထည်းဟူသော ဝဋ္ဋဆင်းရဲကို။ သမတိက္ကမိသာမိ၊ လွန်မြောက်စေအံ့။ ဣတိမနသိကတ္ဝာ၊ ဤသို့နှလုံးပိုက်၍။ ဝိပဿနာယ၊ ဝိပဿနာ၏။ ကမ္မံ၊ အမှုကို။ ကရောတိ၊ ပြု၏။ဟုဖြေ။

ငါ့ရှင် သောခန-ဝိပဿနာဉာဏ်စသည်ကို တက်ခြင်းတို့မည်သည် စျာန်ကို ဝင်စား၍ စျာန်မှထပြီးလျှင် ဝိပဿနာသို့ ကူးသောသူသည်လော,ဖောင်စသည်တို့ကို မှီ၍ ကမ်းတစ်ဘက်ကို ကူးရသကဲ့သို့ သာ၍ပင်မလွယ်ပါလော။

> သမာပတ္တိံ တာဝ ပဒဋ္ဌာနံ ကတ္ဝာ ဝိပဿနံ ဝဍ္ဎေတ္ဝာ အရဟတ္တံ ဂဏှန္တော ဘိက္ခု နာဝံ ဝါ ဥဋ္ဌုမ္ပါဒိနိ ဝါ နိဿာယ မဟောဃံ တရိတ္ဝာ ပါရံ ဂစ္ဆန္တော ဝိယ နု ကိလမတိ။
>
> မဋ္ဌ-၄၊၄၄။

တာဝ၊ ရှေးဦးစွာ။ သမာပတ္တိံ၊ ရှစ်ပါးသော သမာပတ်ကို။ ပဒဋ္ဌာနံ ကတ္ဝာ၊ နီးသောအကြောင်းကို ပြု၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတ္ဝာ၊ ပွားမြှင့်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဏှန္တော၊ ယူသော။ ဘိက္ခု၊

ရဟန်းသည်။ နံ၁ဝ်ဝါ၊ လှေကိုလည်းကောင်း။ ဥဒ္ဒုမ္ပါဒိနိ၀ါ၊ ဖောင်စသည် တို့ကိုလည်းကောင်း။ နိဿဝယ၊ မ်ှ၍။ မဟောဃ၊ ကြီးသော ရေဝယ်ကို။ တရိတ္ဘာ၊ ကူး၍။ ပါရံ၊ ဂၢမ်းတစ်ဘက်သို့။ ဂစ္ဆန္တောဝိယ၊ ရောက်ဘိသကဲ့သို့။ နကိလမတ်၊ မပင်ပန်း-ဟူသော အဋ္ဌကထာပါဠိကို ထောက်၍ မေး။

၁၉- ယခုအခါ အရိယာဖြစ်ထိုက်ကြောင်း

အရှင်စောဒကာ-ဗျာန်ကိုဖြစ်စေ၍ ဗျာန်မှတ၍ ဝိပဿနာကို တက်ရခြင်းကား အလွန်ကောင်းလှပေ၏၊ ထိုသို့ ကောင်းလှပါသော်လည်း ငါတို့သာသနာငါးထောင်ကို ထားတော်မူရင်း ဖြစ်သော စူဠ၀ါပါဠိတော်၌ ရှင်တော်ဘုရား ထားတော်မူရင်းကား (တစ်ထောင်)၊ ဂင်းအဋ္ဌကထာ ဗုဒ္ဓမတည်ကို ဖြစ်တော်မူကြသော ရဟန္တာ အရှင်မြတ်တို့ ထားတော်မူရင်းကား-

(၁) ပဋိသမ္ဘိဒါပတ္တခေတ် တစ်ထောင်

(၂) သုက္ခ၀ိပဿကခေတ် တစ်ထောင်

(၃) အနာဂါမ်ခေတ် တစ်ထောင်

(၄) သကဒါဂါမ်ခေတ် တစ်ထောင်

(၅) သောတာပန်ခေတ် တစ်ထောင်-

တို့ကို ထားတော်မူခဲ့ကြ၍ ယခုအခါကား သာသနာ(၂၄၆၆)သို့ ရောက်လာပြီဖြစ်၍ ဗျာနလောဘီတို့ခေတ်မှာ ခဲလှသဖြင့် ဗျာန်မှတ၍ ဝိပဿနာသို့ တက်ခြင်းငှါ မထိုက်ဟု ဖြေ။ (တစ်ဝါဒ။)

ဒီဃဘာဏက, သံယုတ္တဘာဏက, အङ္ဂုတ္တရဆရာကြီးတို့ အလိုအား ဖြင့်-

(၁) ပဋိသမ္ဘိဒါပတ္တခေတ် တစ်ထောင်

(၂) ဆဋ္ဌာဘိညခေတ် တစ်ထောင်

(၃) တေဝိဇ္ဇခေတ် တစ်ထောင်

(၄) သုက္ခဝိပဿကခေတ် တစ်ထောင်

(၅) ပါတိမောက္ခ သံဝရခေတ် တစ်ထောင်-

ဟူ၍ သာသနာ ငါးထောင်ကို ထားတော်မူခဲ့ကြ၏။ (နှစ်ဝါဒ။)

အင်္ဂုတ္တရဘာဏက, ခုဒ္ဒကဘာဏက, သမ္မောဟဝိနောဒနီ အင်္ဂုတ္တရ ဆရာကြီးတို့ အလိုအားဖြင့်-

(၁) ပဋိသမ္ဘိဒါပတ္တခေတ် တစ်တောင်

(၂) ဆဋ္ဌာဘိညခေတ် တစ်သောင်

(၃) တေဝိဇ္ဇခေတ် တစ်ထောင်

(၄) သုက္ခဝိပဿကခေတ် တစ်ထောင်

(၅) အနာဂါမ်, သကဒါဂါမ်, သောတာပန်ခေတ် တစ်ထောင်-

ဟူ၍ သာသနာငါးထောင်ကို ထားတော်မူခဲ့ကြ၏။ (သုံးဝါဒ။)

ထိုအင်္ဂုတ္တရကြီး ငါးလက်တို့တွင် စူဠဝါအင်္ဂုတ္တရကို ထား၍ ကြွင်းသော အင်္ဂုတ္တရကြီး လေးလက်တို့၏ ဝါဒ တတိယခေတ်၌ တေဝိဇ္ဇဟူသော အရိပ်ရှိပေ၏။ တေဝိဇ္ဇဟူသည် ပဌမဈာန်၏ အခြားမဲ့ ၌ ဖြစ်ရသော အဘိညာဉ်မျိုးဖြစ်၍ ပထမဈာန် စသည်တို့ကို ရထိုက် ခြင်းငှာ အရိပ် ရှိပေသေးသည်။ ထိုသို့ အရိပ် ရှိသော်လည်း ကျမ်းဂန် လာသော နည်းကိုမှီး၍ နယဂ္ဂါဟ ဟတ္ထမုဋ္ဌိ ယူခဲ့ဖူးသော ဆရာ ကောင်းကို တွေ့ရမှသာလျှင် ရနိုင်မည်။ ယခုအခါမူ စူဠဂန္ဓာရိမန္တန်

ကိုကား တတ်လိုသည်ကိုမျှားလှပေ၏၊ ၎င်းမဏ္ဍန်ကို ပြုတတ်သောသူ ရှားလှ ချေသကဲ့သို့ဖြစ်၍ ဥပစာရ ဘုံကပင်လျှင် ဝိပဿနာသို့ တက်ရမည်ဟု ဖြေလေ၊ ၎င်းဝါဒတို့၏ အာဂုံကို အလိုရှိကြပါမူ ၎င်းအဋ္ဌကထာကြီး တို့မှာ ယူကြပါကုန်၊ ကျယ်အုံ့မည်စိုး၍ မထည့်လိုက်ပြီ။

ကျက်ဆောင်ရန် ပုဒ်ကား

"ဝိနည်းသဘော၊ ပ,သုက်,နာ,သ,သော" (စူဠဝါ အဋ္ဌကထာ အလို။)
"ဒီ-သံ-အလာ၊ ပ,ဆ,တေ,သုက်,ပါ"။ (ဒီဃနိကာယ်ပါထေယျဝဂ်, သံပသာဒနိယသုတ် အဋ္ဌကထာတို့၊ သံယုတ္တနိကာယ်, သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာတို့ အလို။)

"အင်-သမ်-သဘော၊ ပ,ဆ,တေ,သုက်,နာတြော"။ (အင်္ဂုတ္တရနိကာယ်, ကေဏ်တ္တရ အဋ္ဌကထာ, သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့ အလို။)

ထိုသို့ စျာန်ခေတ် မဟုတ်သောကြောင့်လည်းကောင်း၊ စျာန်ခေတ်ပင် အရိပ်ရှိပါသေးငြားသော်လည်း လက်သို့ရောက်အောင် ပြုသနိုင်သော ဆရာကောင်းကို ရနိုင်ခဲသည်၏ အပြစ်ကြောင့်လည်းကောင်း၊ ဥပစာရဘုံမှ ဝိပဿနာဘုံသို့လည်း တက်ထိုက်ပါ၏။ ထို့ကြောင့် သမုဒယ ဓမ္မာနုပဿီ ဝါ ကာယသို့ စိတ်ရတိ၊ ဝယမ္မောနုပဿီ ဝါ ကာယသို့ ပိတ်ရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသို့ ပိတ်ရတိ-ဟူသော ဒေသနာတော်ကို ပြုတော်မူရပြန်၏။

ကာယသို့ ၊ထုက်သက် ဝင်သက်အပေါင်းခု၊ (ဝါ) ထုက်သက်ဝင်သက်၏ ပဋိဘာဂနိမိတ် အပေါင်းခု။] အဿာသပဿာသေ နိဿာယ ဥပ္ပန္နနိမိတ္တမ္ပေတ္တ အဿာသပဿာသ သမညမေဝ ဝုတ္တံ-ဟူသော မဟာဋ္ဌကာကြီးကို ထောက်လိုက်သည်၊ အနက်လွယ်၏၊ ရှေ့,နောက်တို့ခွဲလည်း ဤနည်းတူမှတ်]။ သမုဒယဓမ္မာနုပဿီ ဝါ၊ ကိုယ် နှာခေါင်း,စိတ်ကိုစွဲ၍

ပြစ်သော သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ (၀၊) ဝတ္ထုရုပ် နှာခေါင်းဖု စိတ်ကို စွဲ၍ဖြစ်သော နိမိတ်၏ဖြစ်ကြောင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ["ဧ၀ံ ဘိက္ခုနော် ကရဇကာယဉ္စ နာသ-ပုဋ္ဌဉ္စ စိတ္တဉ္စ ပဋိစ္စ အဿာသပဿာသကာယော အပရုပရံ သဉ္ဇရတိ-(ဒီ ၂-၂-၃၅၆) ဟူသော သုတ်မဟာဝါ အဋ္ဌကထာကြီးကို ထောက်] ၀ဝ်၊ ဤ အတူ။ ဘိက္ခုနော၊ ရဟန်းခံ၊ ကရဇကာယဉ္စ၊ ဝတ္ထုရုပ်ကို လည်းကောင်း။ နာသပုဋ္ဌဉ္စ၊ နှာခေါင်းဖုကိုလည်းကောင်း။ စိတ္တဉ္စ၊ စိတ်ကို လည်းခကောင်း။ ပဋိစ္စ၊ စွဲ၍။ အဿာသပဿာသကာယော၊ ထွက်သက် ဝင်သက်သည်။ (၀၊) ထွက်သက် ဝင်သက်၏ ပဋိဘာဂနိမိတ်သည်။ အပရုပ ပရံ၊ ထိုမှ ဤမှ။ သဉ္ဇရတိ၊ ပြောင်းရွှေ့၏။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက် ဝင်သက်အပေါင်းဌ။ (၀၊) ထွက်သက်ဝင်သက်၏ ပဋိဘာဂ နိမိတ်အပေါင်းဌ။ ဝယမမှာ နုပသမ်ပါ၊ ကိုယ်, နှာခေါင်း, စိတ် တို့၏ ချုပ်ခြင်းဟူသော ပျက်စီးကြောင်း သဘောကို။ (၀၊) ဝတ္ထုရုပ် နှာခေါင်းဖု, စိတ်ကို ဖြစ်၍သော နိမိတ်၏ ပျက်ကြောင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက် ဝင်သက်အပေါင်းဌ။ (၀၊) ထွက်သက်ဝင်သက်၏ ပဋိဘာဂနိမိတ်အပေါင်းဌ။ သမုဒယဝယမမှာနုပသမီ (၀၊) ဖြစ်ကြောင်းသဘော ပျက်ကြောင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ (၀၊) ဝတ္ထုရုပ် နှာခေါင်းဖု, စိတ်ကိုစွဲ၍ဖြစ်သော နိမိတ်၏ ဖြစ်ကြောင်း ပျက်ကြောင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဘိုသို့ ပြတော်မူအပ်သော ဒေသနာနယ်၌ တိဘိတ်ပင်ရိုးသဓွေပညာ ကြွေ ပညာရှိကုန်သော ကျွတ်ဆိုက်သော ယောဂါဝစရ ပုဂ္ဂိုလ်တို့သည် ဘတုတ္ထနယကို သိမ်းလိုက်ပြီး၍ ဥပစာရဘုံသို့ ရောက်သောအခါ၌ ဗဇ္ဈာလဟုဆိုအပ်သော ဤကိုယ်၏အဘွင်း၌ အရိုန်မစဲ ကသိုဏ် ဈာန်ရိုင်ပြစ်၍နေသော ရူပ်တို့ ကိုလည်းကောင်း၊ ဝိညာဉ်-ဟု သာ ခဝေနှ ယဉ္ဇကာ၏ ဖြင့် သိအပ် ဇ္ဈာနပ်စံစားဟပ်သည်ဖြစ်၍ ဇပ်တည်ကြင်းမဟိဒေသာ ခုတ်ထရုံ

ယောဝိပါရဂူ ဖြစ်ကုန်သော

တို့၏ ဖြစ်ခြင်းတို့ကိုလည်းကောင်း၊ ထို ဆိုအပ်ပြီးသော ရုပ်နာမ်တရား တို့၏ ပျက်ခြင်းကို လည်းကောင်း၊ ထိုရုပ်နာမ်တရား နှစ်ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းတို့ကိုလည်းကောင်း ရှုရှုရှု နေကြကုန်၏ ဟူလို။

ထိုရုပ်နာမ်တို့၏ ဖြစ်ခြင်းကိုလည်းကောင်း၊ ပျက်ခြင်းကိုလည်းကောင်း၊ ဖြစ်ပျက်ခြင်းကိုလည်းကောင်း ရှုရှုရှုနေရာ၌လည်း သမထယာနိက ပုဂ္ဂိုလ်တို့၏ရှုခြင်း။ သုဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့၏ ရှုခြင်းအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဥပစာရသမာဓိ, အပ္ပနာသမာဓိနှစ်ပါးနှင့် ပြည့်စုံသောသူသည် သမထယာနိက ပုဂ္ဂိုလ်မည်၏။ ထိုသမထယာနိက ပုဂ္ဂိုလ်သည် နာမ်ကိုလည်းကောင်း၊ ရုပ်ကိုလည်းကောင်း ရှေသွားပြု၍ ရှုအပ်၏။

စိတ္တဝိသုဒ္ဓိ နာမ သဉ္ဇပစာရာ အဋ္ဌ သမာပတ္တိယော။
ဝိသုဒ္ဓိဋ္ဌ ၂'၂၂၂။

ဥပစာရသမာဓိပိ အပ္ပနာသမာဓိ ဝိယ ဝိပဿနာယ အဓိဋ္ဌာန-ဘာဝတော စိတ္တဝိသုဒ္ဓိယေဝါတိ အာဟ သဉ္ဇပစာရာတိ။
ဝိသုဒ္ဓိဋ္ဌ ၂၊၃၅၀။

သမထောဝ ယာနံ သမထယာနံ၊ ထံ ဟေယ အတ္ထိတိ သမထယာနိကော၊ စျာနေ စျာနူပစာရေ ဝါ ပတိဋ္ဌာယ ဝိယဿနံ အနုယုဉ္ဇန္တော နာမံ။ ဝိသုဒ္ဓိဋ္ဌ ၂၊ ၃၅၀။

စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိမည်သည်ကား။ သဉ္ဇပစာရာ၊ ဥပစာရ-သမာဓိနှင့် တကွ။ အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးကုန်သော သမာပတ်တို့တည်း။ (ဝိသုဒ္ဓိမဂ် အနက်။)

ဥပစာရသမာဓိပိ၊ ဥပစာရသမာဓိသည်လည်း။ အပ္ပနာသမာဓိ ဝိယ၊ အပ္ပနာသမာဓိကဲ့သို့။ ဝိပဿနာယ၊ ဝိပဿနာ၏။ အဓိဋ္ဌာနဘာဝတော၊ တည်ရာမူလအဖြစ်ကြောင့်။ စိတ္တဝိသုဒ္ဓိယေဝ၊ စိတ္တဝိသုဒ္ဓိမည်သည်သာတည်း။

တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သဉ္ဇပစာရတိ၊ သဉ္ဇပစာရဟူ၍။ အာဟာ၊အဋ္ဌကထာဆရာ မိန့်တော်မူ၏။ (ဋီကာ အနက်။)

သမ္ဘဝေါ၀၊ သမထသည်သာလျှင်။ (၀ါ)သုံးဆယ့်ရှစ်ပါးသော ကမ္မ-ဋ္ဌာန်း သည်သာလျှင်။ ယာနံ၊ ယာဉ်တည်း။ သမ္ဘဝယာနံ၊ သမထ သည်လျှင် ယာဉ်။ တံ၊ ထိုသမထယာဉ်သည်။ ဘောဃ၊ ဥပစာ-အပ္ပနာရဟပုဂ္ဂိုလ်အား။ ဘတ္တိ၊ ၌၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သမထ-ယာနိကော၊ သမထယာနိကမည်၏။ တေ၊ ထိုသမထယာနိက ဟူသော အမည်သည်။ ဗျာနေ၀ါ၊ဗျာန်ဌာလည်းကောင်း။ ဗျာနူပစာရေ၀ါ၊ ဗျာန်၏ ဥပစာဌာ လည်းကောင်း။ ပတိ-ဋ္ဌာယ၊ တည်၍။ ဝိပဿနံ၊ ဝိပဿနာကို။ အနုယုဉ္ဇန္တဿ၊ အားထုတ်သော ယောဂိပုဂ္ဂိုလ်၏။ နာမ်၊ အမည်တည်း။ (ဎင်းဋီကာ အနက်။)

သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် တစ်ပါးပါးကိုမျှ မယူမူ၍ ဥပစာရသမာဓိ-အပ္ပနာသမာဓိ နှစ်ပါးတို့တွင် တစ်ပါးပါးနှင့် မပြည့်စုံ သော သူသည် ဝိပဿနာကိုသာ အားထုတ်ခြင်းရှိပါမူ သုဒ္ဓဝိပဿက ပုဂ္ဂိုလ်မည်၏၊ ထိုသုဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့မှာကား ရှေ့ကိုရှေ့သွားပြု၍ ရှုအပ်၏။

ဝိပဿနာတိုင်ဝေသော ဝိပဿနာယာနိကသာ ပန သမထ-အနိုဿယယာထိ. အာဟ သုဒ္ဓဝိပဿနာယာနိကောထိ။

ဝိသုဒ္ဓိ၊-၂၊ ၃၅၁။

ဝိပဿနာယာနိကသပန၊ ဝိပဿနာယာနိက ပုဂ္ဂိုလ်အားကား။(၀ါ) သမထမဖက် သက်သက်သော ခဏိကသမာဓိသာလျှင် ယာဉ်ရှိသော ပုဂ္ဂိုလ်အားကား။ သမထံ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိဟု ဆိုအပ်-သော သမထသာ၀နာကို။ အနိုဿာယ၊ မမှီမူ၍။ ဝိပဿနာတိုင်ဝေသော ဝိပဿနာကို နှလုံးသွင်းခြင်းသာ။ ယောဂီ၊ ဖြာ်ဒေ။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုဒ္ဓဝိပဿနာယာနိကောထိ၊ သုဒ္ဓဝိပဿနာယာနိကမည်၏။ ပုဂ္ဂိုလ် ဟူ၍။ ဟောယ၊ ဆိုဆိုလတော်မူပြီ။

အဿာသ ပဿာသေ ပရိဂ္ဂဏှာတိ ရူပမုခေန ဝိပဿနံ အာဘိနိဝိသန္တော၊ ယော အဿာသပဿာသကမ္မိကောတိ ဥဇ္ဇောဟျာနဂ်ါနိ ပရိဂ္ဂဏှာဟိ အရူပမုခေန ဝိပဿနံ အာဘိနိ-ဝိသန္တော။ ဒီ.ဋ္ဌ၊ ၂-၃၀၀။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ရူပမုခေန၊ ရူပ်ကိုအဦးမူသဖြင့်။ ဝိပဿနံ၊ ဝိပဿနာကို။ အာဘိနိဝိသန္တော၊ နှလုံးသွင်းလိုသည်ရှိသော်။ အဿာသ-ပဿာသေ၊ ထွက်သက်ဝင်သက်တို့ကို။ ပရိဂ္ဂဏှာတိ၊သိမ်းဆည်း၏။ သော၊ ထိုပုဂ္ဂိုလ်ကို။ အဿာသပဿာသကမ္မိကောတိ၊အဿာသပဿာသကမ္မိက ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အရူပမုခေန၊ နာမ်ကိုအဦးမူသဖြင့်။ ဝိပဿနံ၊ ဝိပဿနာကို။ အာဘိနိဝိသန္တော၊ နှလုံးသွင်းလိုသည်ရှိသော်။ ဖျာနဂ်ါနိ၊ဖျာန်အင်္ဂါတို့ကို။ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။ သော၊ထိုပုဂ္ဂိုလ်ကို။ ဖျာနကမ္မိကောတိ၊ ဖျာနကမ္မိကပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

ဆရာကြီးတို့ကား ဤဥပစာရဘုံ၌နေသော ယောဂါဝစရပုဂ္ဂိုလ်သည် သမထယာနိကဟု ဟုတ်ခဲ့၏။ သို့သော်လည်း-

"သမထယာနိကေန တာဝ ဌပေတ္မာ ဒေဝသညာနာသညာ-ယတနံ အာဝသေန ရူပရူပါဝစရဇ္ဈာနာနံ အညတရတော ဝုဋ္ဌာယ ဝိတက္ကာဒီနိ ဖျာနင်္ဂါနိ၊ တံသမ္ပယုတ္တာ စ ဝေဒနာ လက္ခဏာဒိ-ဝသေန ပရိဂ္ဂဟေတဗ္ဗာ"-

ဖျာနဂ်ါနိဟူ၍ ဝိဇ္ဇမာန ၆-ယောက် အဋ္ဌကထာဆရာကြီး ပြောကြားမူသည် ဖြစ်၍ မိမိသန္တာန်၌ သိမ်းဆည်အပ်သော ဖျာန်အင်္ဂါမရှိရာသော် သုဒ္ဓ-ဝိသယက ပုဂ္ဂိုလ်ကဲ့သို့ ရူပ်ကိုရှေ့သွားပြု၍ သိမ်းဆည်းလိမ့် လေ့ကျင့်ပုံ၏ သိမ့်မည်လည်း ယူဟောမည်ကြောင်း။

သမထယာနိကေန၊ သမထယာနိကဟုဟိုလ်သည်။ တာဝ၊ ရှေးဦးစွာ။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတနစျာန်ကို။ ဌပေတွာ၊ ထား၍။ အဝေသသရူပါရူပါဟစရဏျာနာနံ၊ ကြွင်းသော ရူပါဝစရ, အရူ ၊ါဝစရစျာန်တို့တွင်။ အညဘရတော၊ တပါးပါးသောစျာန်မှ။ဝုဋ္ဌာယ. ထ၍။ ဝိတက္ကာဒီနိ၊ ဝိတက် အစရှိကုန်သော။ စျာနဂ်ါနိ၊ စျာနင်တို့ကို လည်းကောင်း။ ကံသမ္ပယုတ္တာ၊ ထိုစျာန်နှင့် ယှဉ်ကုန်သော။ ဓမ္မ ၈၊ ဖဿစသော တရားတို့ကို လည်းကောင်း။ လက္ခဏရသာဒိဝသေန၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့်။ ပရိဂ္ဂဟေတဗ္ဗာ၊ ဉာဏ်ဖြင့်ပိုင်းခြား၍ မှတ်သားအပ်ကုန်၏။

ပဋ္ဌိဘာဂနိမိတ်ကိုသိသော နာမ်ဘရားကစ၍ နာမ်ကို ရှေသွားပြုလျက် သိမ်းဆည်းခဲ့ပါမူလည်း နောက်ကပြုခဲ့သော "စျာနေ စျာနူပစာရေ ဝါ ပတိဋ္ဌာယ ဝိပဿနံ အနုယုဉ္ဇန္တသော နာမံ"ဟူသော ဌင်ဓမ္မပါလကြီး၏ အယူနှင့်ညီတန်ပေ၏ ဟူ၍လည်း ယူတော်မူကြ၏။

၂၀–ဓမ္မတာနည်းဖြင့် ရူပပရိဂ္ဂဟကို ပြခြင်း

ထိုသို့ သိမ်းဆည်းခြင်းနှစ်ပါးတို့တွင် ရှေးဦးစွာ—

(၁) ရူပ်ကို သိမ်းဆည်းခြင်း ရူပပရိဂ္ဂဟ၊ (ပြီးမှ)

(၂) နာမ်ကို သိမ်းဆည်းခြင်း နာမပရိဂ္ဂဟ၊

(၃) ထိုရူပ်နာမ် နှစ်ပါးဘွား၏ ဖြစ်ကြောင်းကို သိမ်းဆည်းခြင်း ပစ္စယပရိဂ္ဂဟ၊

(၄) အကြောင်းပါးပါးနှင့်တကွဖြစ်သော ရူပ်နာမ် တရားနှစ်ပါးတို့၏ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ဟူသော အဝဲန်ကို သိမ်းဆည်းခြင်း အဒ္ဓါနပရိဂ္ဂဟ–

ဟူသော သိမ်းဆည်းခြင်း(၄)ပါးတို့ဖြင့် သိမ်းဆည် ပြီး၍ ရူပ်,နာမ်နှစ်ပါး သဘော်ရေ တရားတို့၏ ဖြစ်ခြင်းဟု ဆိုအပ်သော သမုဒယ၊ ပျက်ခြင်းဟု

ဆိုအပ်သော ဝယ၊ ဖြစ်ခြင်း ပျက်ခြင်းဟု ဆိုအပ်သော ဥဒယဝယတို့ကို ရှု၍ နေအပ်၏၊ နေရမည်၊ နေကြလေ။

ထိုးလေးပါးသော သိမ်းဆည်းခြင်းတို့တွင်လည်း ရုပ်ကို သိမ်းဆည်းခြင်းသည် အာဂမသုတ ဖြင့် သိမ်းဆည်းခြင်း, အဓိဂမသုတဖြင့် သိမ်းဆည်းခြင်း ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့ဘက် အကြင်သူသည် ဆရာကောင်းဘို၏ အထံ၌ (၂၇)ပါးသော ရုပ်တို့၏ ဥဒ္ဒေသ, ဝိဘာဂ, သမုဋ္ဌာန, ကလာပ, ပဝိဘတ္တိကွမတို့၌လေ့လာကျမ်းကျင်လေ့သဖြင့် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋ္ဌိစ္စသမုပ္ပါဒ် စသော နည်းတို့၌ နှုတ်သို့ တက်အောင်ပြုခြင်း ဥဂ္ဂဟ၊ ဆွေးနွေးမေးမြန်းခြင်း ပရိပုစ္ဆာ၊ ဆုံးဖြတ်နိုင်ခြင်း ဝိနိစ္ဆယတို့နှင့် ပြည့်စုံလှ၍ ဤနေရာ၌ ရုပ်ဘရားသည် ဤ၍ ဤမျှ ရာဇိုဏ်၏ဟု သုဘမယညာဏ်ဖြင့် သိမ်းဆည်းခြင်းသည် အာဂမ-သုတဖြင့် သိမ်းဆည်းခြင်း မည်၏။

အကြင်သူသည် ထိုအာဂမသုတနှင့် ပြည့်စုံလှသဖြင့်လည်းကောင်း၊ အာဂမသုတ၏ မရှိပါသော်လည်း ဆရာကောင်းတို့၏ ဩဝါဒကို အလွန်ယုံကြည်လှသဖြင့် လည်းကောင်း ထိုဩဝါဒကို လိုက်၍ သမာဓိကို ထူထောင်ခြင်း အားကောင်းလှသဖြင့် အာလောက သညာကြောင့် ယထာဘူတ အားရှိလျက် ရုပ်တရားတို့၏ ဖြစ်ပွားဟန်၊ ချုပ်ပျက်ဟန်ကို ပစ္စက္ခဉာဏ်ဖြင့် ကောင်းမြင်ရသကဲ့သို့ ဘာဝနာမယဉာဏ်ဖြင့် သိမ်းဆည်းခြင်းသည် အဓိဂမသုတဖြင့် သိမ်းဆည်းခြင်းမည်၏။

ယသ ဟိ ခန္ဓာတု အာယတနသစ္စပစ္စယာကာရသတိပဋ္ဌာနာ-ဒိသု ဥဂ္ဂဟပရိပုစ္ဆာဝိနိစ္ဆယရဟိတတ္တာ မညနာပဋ္ဌေသေ ခကော နေ ဝ အာဂမော၊ ပဋ္ဌိပတ္တိယာ အဓိဂန္ဓဗ္ဗသ အနဓိဂတတ္တာ နေ ဝ အဓိဂမော အတ္ထိ၊ သော အာဂမာဓိဂမဘာဝါ ဥ ဘယ္ပေါ အသုတ ဝါ ဣတိ- မ ဋ္ဌ.၁၊ ၂၁။

ဟူသော မူလပရိယာယသုတ် အဋ္ဌကထာ၏ ဗျတိရိတ်ကို ထောက်။

ဟိ၊ ထင်စ္ဓာ ဆိုဦးအုံ့။ ယသ၊ အကြင်သူအား။ ခန္ဓာတုအာယတန-သစ္စပစ္စယာကာရ သတိပဋ္ဌာနာဒီသု၊ ခန္ဓာ,ဓာတ်,အာယတန,သစ္စာ,ပဋ္ဌာန်စ္ဆ သမုပ္ပါဒ်, သတိပဋ္ဌာန် စသည်တို့၌။ ဥဂ္ဂဟပရိပုစ္ဆာဝိနိစ္ဆယရဟိတတ္တာ၊ သင်ခြင်း, မေးမြန်းခြင်း, ဆုံးဖြတ်ခြင်း ကင်းသည်၏ အဖြစ်ကြောင့်။ မညနာပဋိသေဓကော၊ မညနာ သုံးပါးကို တားမြစ်တတ်သော။ အာဂ-မော၊ အာဂမသုတသည်။ နေဝအတ္ထိ၊မရှိခဲ့။ ပဋိပတ္တိယာ၊ကျင့်ဝတ်ကို ဋ္ဌိပတ်ဖြင့်။ အဓိဂန္ဒဗ္ဗဿ၊ရအပ်ရောက်အပ်သော အဓိသီလ,အဓိစိတ္တ,အဓိပညာ, မဂ်ဉာဏ်,ဖိုလ်ဉာဏ် ကို။ အနဓိဂတတ္တာ၊ မရအပ် မရောက်အပ်သေးသည်၏ အဖြစ်ကြောင့်။ အဓိဂမော၊ ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်သည်။နေဝ အတ္ထိ၊ မရှိ။ သော၊ ထိုသူကို။ အာဂမာဓိဂမာဘာဝါ၊ အာဂမသုတ,အဓိဂမ သုတ မရှိသည်၏အဖြစ်ကြောင့်။ အသုတဝါတ္တိ၊ အနုပုထုဇဉ်ပုဂ္ဂိုလ်ဟူ၍။ ဥ ယျော၊ သိအပ်၏။

ထိုသို့ အာဂမသုတ ရှိ၍ပင် ဖြစ်စေ၊ အဓိဂမသုတရှိ၍ပင် ဖြစ်စေ၊ နှစ်ပါးလုံးနှင့် ပြည့်စုံ၍ဖြစ်စေ ၎င်းကို သိမ်းဆည်းလိုလတ်သော် အဿာသ ပဿာသ ကမ္မဋ္ဌာန်းကို ဝီးပြန်းသော ယောဂါဝစရသည် အဿာသ ပဿာသ၏ ပဋိဘာဂကိုလည်းကောင်း၊ ထိုအဿာသ၏ ပဋိဘာဂ၏ အာလောကကြောင့် ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်လာရသော ဆယ်, ရာ, ထောင်, သောင်း, သိန်း, သန်း ဂဏန်းသခေါ် မရေတွက်နိုင်လောက် အောင် မျှားပြားလှစွာသော ဝတ္ထုရူပ်တို့ကိုလည်းကောင်း၊ ပဿာသ ပဿာသ၏ ပဋိဘာဂကို လည်းကောင်း၊ ထို ပဿာသ၏ ပဋိဘာဂ၏ အာလောကကြောင့် ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်လာရသော ဆယ်, ရာ, ထောင်, သောင်း, သိန်း, သန်း ဂဏန်းသခေါ် မရေမတွက်နိုင်လောက် အောင် မျှားပြားလှစွာသော ဝတ္ထုရူပ်တို့ကိုလည်းကောင်း[ပေါင်းတတ်မှု သုံ၊ခုသာ ရှိ၏]၊ "ဝေ ရူပ်၊ ဝေ ရူပ်"ဟူ၍ လည်းကောင်း၊ "ရူပ်,ရူပ်"ဟူ၍ လည်းကောင်း သိမ်းဆည်းအပ်၏။

တတ္ထ အဿာသပဿာသကမ္မဋ္ဌာနေ ဣမေ အဿာသပဿာ-
သာ ကိ နိဿိတာ၊ ဝတ္ထုံ နိဿိတာ၊ ဝတ္ထုနာမ ကရဇကာယော၊
ကရဇကာယော နာမ စတ္တာရိ မဟာ ဘူတာနိ ဥပါဒါရူပဉ္စာတိ
ဧဝံ ရူပံ ပရိဂ္ဂဏှာတိ။ မ.ဋ္ဌ-၁၊၂၅၄

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အဿာသပဿာသကမ္မဋ္ဌာန်း၊ အဿာသ ပဿာသ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ပဋိပဒါလည်း။ ဣမေ အဿာသ ပဿာသာ၊ ဤ ဆုက်သက် ဝင်သက် တို့သည်။(ဝါ)ဤထွက်သက်ဝင်သက် တို့၏ ပဋိဘာဂနိမိတ်တို့သည်။ ကိ နိဿိတာ၊ အဘယ်ကိုမှီ၍ ဖြစ်ကုန် သနည်း။ ဝတ္ထုနိဿိတာ၊ ဝတ္ထုကိုမှီ၍ ဖြစ်ကုန်၏။ ဝတ္ထုနာမ၊ ဝတ္ထုမည် သည်ကား။ ကရဇကာယော၊ ကရဇကာယတည်း။ ကရဇ ကာယော နာမ၊ ကရဇကာယ မည်သည်။ စတ္တာရိ၊ လေးပါး ကုန်သော။မဟာဘူတာနိ စ၊ မဟာဘုတ်တို့ပည်းကောင်း။ ဥပါဒါရူပဉ္စ၊ ဥပါဒါရုပ်လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ ရူပံ၊ ရူပ်ကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

ဤစကားရပ်၌ အဿာသ ပဿာသ၏ ပဋိဘာဂ နိမိတ်ကိုလည်း ကောင်း ဆိုရာ၌ "အဿာသပဿာသေ နိဿာယ ဥပဋ္ဌနိမိတ္တမေဝေတ္ထ အဿာသပဿာသသာမညမေဝ ဝုတ္တံ"။ [ဝိသုဒ္ဓိ-ဋီ-၁၊၃၁၉] ဟူသော မဟာဋီကာကို ထောက်၍ နိမိတ်သည် ရုပ်ပင် မဟုတ်ပါသော်လည်း အကြောင်း၏ အမည်ကို အကျိုးခံ တင်ပြ၍ အကျိုးဖြစ်သော ပဋိ-ဘာဂနိမိတ်ကို ရုပ်ဟူ၍ မှတ်ရမည်။ (အနက်ကို နောက်ကရေးခဲ့ပြီ။)

အာလောကကြောင့်ဖြစ်သော ဟူရာ၌ ဤအာလောကသည်သာဟူသည် လူသာမန် ဘို၌ မဖြစ်၊ ပဋိဘာဂနိမိတ်ကို ရရှိ၍ ဥပစာရသမာဓိသို့ရောက်မှ ထင်စွာ ဖြစ်လာရမြဲတည်း။

အာလောကသညာ ဥပစာရပတ္တာ ဝါ အပ္ပနာပတ္တာ ဝါ
ယောကောစိ ကသိဏဇ္ဈာနာဘိဘေဒေါ သမထော။

အံ-ဋီ-၃၊၅၈-၅၉။

အာလောကသည် နှင့် ဝိဘူတံ ကတ္တာ မနသိကရဏေန ဥပဋ္ဌိတ-
အာလောကသဉ္ဇနနံ။ အံ-ဋီ-၂၊ ၂၇၄။

ဥပစာရပတ္တာ ဝါ၊ ဥပစာရသို့ ရောက်သည်လည်း ဖြစ်သော။ အပ္ပနာ ပတ္တာ ဝါ၊ အပ္ပနာသို့ ရောက်သည်လည်း ဖြစ်သော။ အာလောကာ ညာ၊ အာလောက သညာသည်။ ကသိဏ ဌာနာဒိဘေဒေါ၊ ကသိုဏ်းစျာန်အစ ရှိသည် အပြားရှိသော။ သမဓိ ဘာ၊ သမထနှင့်ပြည့်စုံသော။ ယောကောစိ၊ အမှတ်မရှိ တစ်ယောက်ယောက်သော သူငယ်တည်း။

အာလောကသညန္တိ၊ အာလောကသည် ဟူသည်ကား။ ဝိဘူတံ၊ အထူးသဖြင့် ထင်ရှားသည်ကို။ ကတ္တာ၊ ပြု၍၊ မနသိကရဏေန၊ နှလုံးသွင်းခြင်းကို ပြုခြင်းကြောင့်။ ဥပဋ္ဌိတအာလောဂ သဉ္ဇနနံ၊ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝဋ္ဋ ထင်မြင်လာရသော ပဋိဘာဂ၏ အရောင် ပြစ်ခြင်းပင်တည်း။

၂၁–ပစ္စက္ခဉာဏ် အနုလောမဉာဏ်ကို ပြခြင်း

ပစ္စက္ခဉာဏ်ဝဋ္ဋ ထင်မြင်လာရ၏ဟူရာ၌ ဉာဏ်သည်—

(၁) အနုမာန ဉာဏ်၊

(၂) ပစ္စက္ခဉာဏ် ဟူ၍ နှစ်ပါးအပြားရှိ၏။
ထိုနှစ်ပါးသော ဉာဏ်သည်လည်း–

(၁) အန္ဓပုဂ္ဂိုလ်တို့၏ အနုမာနဉာဏ်, ပစ္စက္ခဉာဏ်ဟူ၍ နှစ်ပါး၊

(၂) ကလျာဏပုဂ္ဂိုလ်တို့၏ အနုမာနဉာဏ်, ပစ္စက္ခဉာဏ်ဟူ၍ နှစ်ပါး၊

(၃) သေက္ခပုဂ္ဂိုလ်တို့၏ အနုမာနဉာဏ်, ပစ္စက္ခဉာဏ်ဟူ၍ နှင်ပါး၊

(၄) အသေက္ခပုဂ္ဂိုလ်တို့၏ ပစ္စက္ခဉာဏ် ဟူ၍ တစ်ပါး—

ဤသို့ အပေါင်းအားဖြင့် လေးပါး၊ အစိတ်အားဖြင့် ခုနစ်ပါး ရတိုက်၏။

ထိုခုနစ်ပါးတို့တွင် အနှစ္စပုထုဇဉ်တို့ကား ခန္ဓာဟူသည် အဘယ်တရား နည်း၊ အဘယ်ကို ခန္ဓာဆိုသနည်း၊ ခန္ဓာတို့၏ဖြစ်မှုကား အဘယ်သို့ နေရှာဘိသနည်း၊ခန္ဓာတို့၏ပျက်မှုကားအဘယ်သို့ နေရှာဘိသနည်း၊ အနိစ္စ စသော ဝိပဿနာဉာဏ်ဆိုသည် ဤဘရားလေလော၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ဆိုသည် မည်ကဲ့သို့ နေရှာဘိသနည်း စသည်ဖြင့် တွေးတောမှန်းဆ ရသော ဉာဏ်သည် အနှစ္စပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အနုမာနဉာဏ် မည်၏။ အာယတနဟူသည်, ဓာတ်ဟူသည်, ပဋ္ဌိစ္စသမုပ္ပါဒ်ဟူသည်, သတိပဋ္ဌာန် ဟူသည်, ဝိပဿနာဟူသည် စသည်ဖြင့် နည်းတူ ပွားကြလေ။

ရူပါရုံကိုမြင်ခဲ့သော် နှစ်သက်အပ်သည်ဖြစ်အံ့ လှလေခြင်း၊ မနှစ်သက် အပ်သည်ဖြစ်အံ့ မလှလေခြင်း စသည်ဖြင့် သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟူဆိုအပ်သော ဤအာရုံ ခြောက်ပါးတို့နှင့် တွေ့ကြုံ သောအခါကာလတို့၌ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းတို့ အားကြီးလှ၍ လောကဓမ္မတာ တံထွာအလိုက် ရိုက်နှင့်လျော်စွာ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးတို့၌ ယဆာဘူတ အစစ်ကား မဟုတ်၊ ပညတ္တိမတ္တ မျှသာ ဖြစ်ကြသော ဉာဏ်သည် အနှစ္စပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ပစ္စက္ခဉာဏ် မည်၏။ ကလျာဏပုဟုဇ္ဇဉ်စသည်တို့ကဲ့သို့ အနိစ္စစစ်, ဒုက္ခစစ် စသည်ကို မမြင်ရှာသေး ဟူလို။

တေသု ဉာဏေန အဒဿာဝိ ဣဓ အဓိပ္ပေတော၊ မံသ စက္ခုနာ ဟိ ဒိဗ္ဗစက္ခုနာ ဝါ အရိယာ ဒိဋ္ဌာပိ အဒိဋ္ဌာဝ ဟောန္တိ၊ တေသံ စက္ခုနုံ ဝဏ္ဏမတ္တကတ္တာ။ မ ဋ္ဌ-၁၊ ၂၂။

တေသု၊ ထိုအရိယာကို မြင်သောသူ မမြင်သောသူတို့တွင်။ ဉာဏေန၊ ဝိပဿနာဉာဏ်ဖြင့်။ အဒဿာဝီ၊ အနိစ္စစသည်ကို မမြင်ခြင်းရှိသော သူကို။ ဣဓ၊ ဤအရိယာနှင့် အဒဿာဝီဟူသော ပုဒ်၌။ (ဝါ) အနှစ္စပုထုဇဉ်အရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဟာ၊ထိုစကားကို ထင်စေအံ့၊မံသစက္ခုနှာ ဝါ၊ မံသစက္ခုဖြင့်လည်းကောင်း။ ဒိဗ္ဗစက္ခုနှာဝါ၊ ဒိဗ္ဗစက္ခုဖြင့်လည်းကောင်း။

အရိယာ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့ကို။ ဒိဋ္ဌာပိ၊ မြင်ပါကုန်သော်လည်း။ အဒိဋ္ဌာဝ၊ မမြင်ရှာကုန်သည်ကာလျင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တေသံစက္ခုနှံ၊ တို့မဲ့သံစက္ခု, ဒိဗ္ဗစက္ခုတို့၏။ ဝဏ္ဏမတ္တဂ္ဂဟဏတော၊ အဆင်းကို ယူရုံကာ မတ္တမျှ ဖြစ်သောကြောင့်တည်း။ (အန္ဓပုထုဇဉ်ဖို့)

ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ဘို့ကား သောတာပတ္တိ မဂ်ဉာဏ်ဟူသည် အဘယ်ကဲ့သို့နည်း၊ အဘယ်ကဲ့သို့သော ဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ်မည်သနည်း၊ သောတာပတ္တိ ဖိုလ်ဉာဏ်ဟူသည် အဘယ်ကဲ့သို့နည်း၊ အဘယ်ကဲ့သို့သော ဉာဏ်သည် သောတာပတ္တိဖိုလ်ဉာဏ် မည်သနည်း၊ အဘယ်ကဲ့သို့သောဉာဏ်သည် သောတာပတ္တိမဂ်၏ ပစ္စဝေက္ခဏာ မည်သနည်း စသည်ဖြင့် တွေးဆတောမှန်းဆရသော ဉာဏ်သည် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အနုမာနဉာဏ်မည်၏၊

ခန္ဓာ-အာယတန ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ လိမ္မာလှစွာ လည်းကောင်း၊ ခန္ဓာ စသည်ကို၌ မလိမ္မာသော်လည်း ဘုရားကောင်းတို့၏ သြဝါဒ၌ကည်ညြိ ရှုနှာမ်းနှာတို့၏ ဖြစ်ခြင်း, ပျက်ခြင်း တို့ကို မျက်ဝါးဆတ်ဆတ် တပ်တပ်ထင်ထင် လက်ဆေပါ၌တင်ထားအင်သော မီးတောက်ကို၏ ငြိမ်းခြင်းကို မြင်ရသကဲ့သို့ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာတို့ကို မုချမြင်ရခြင်းသည် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ပစ္စက္ခဉာဏ်မည်၏။

တသ္မာ စက္ခုနာ ပသာဒ္ဓောပိ ဉာဏေန အရိယေဟိ ဒိဋ္ဌံ အနိစ္စာဒိလက္ခဏံ အပသဒ္ဓော ဗဟိယာဝ်ဂတဉ္စ မဲ့ အနမ်-ဂ္ဂဟဏ္ဍော အရိယဂရဝမ္မာနံ အရိယဘာဝယ စ အဒိဋ္ဌတ္တာ "အရိယာနံ အဒဿာဝီ" တိ ဝေဒိတဗ္ဗော– မဇ္ဈ-ဘ၊ ၂၃။ ဟူသော မူလပရိယာယသုတ် အဋ္ဌကထာ၏ ဗျတိရိတ် ၃ ဘောကို ထောက်။

တသွေ၊ ထို့ကြောင့်။ စကျွန်နှာ၊ မ်ိသစကျွန်ဖြင့်။ ပဿနွှောပိ၊ မြင်ပါ၏ဟုသော်လည်း။ ဥာဏေန၊ ဝိပဿနာဥာဏ်ကား။ အရိယေဟိ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ဒိဋ္ဌံ၊ မြင်တော်မူအပ်သော။ အနိစ္စာဒိလက္ခဏံ၊ အနိစ္စ အစရှိသော လက္ခဏာကို။ အပဿနွှော စ၊ မမြင်သောသူကို လည်းကောင်း (ဝေဒိတဗ္ဗောဠ်စပ်)၊ (အနွှဲကို ရည်၊ မြင်မူ ကလျာဏကို ရည်)။ အရိယာ-ဓိဂတံ၊ အရိယာတို့သည် ရအပ်သော။ ဓမ္မဠ္ဠ၊ ဝိပဿနာတရားကိုလည်း။ အနဓိဂစ္ဆနွှော စ၊ မရသောသူကိုလည်းကောင်း။ (အနွှဲကို ရည်၊ ရမူ ကလျာဏကို ရည်)။ အရိယဂဏရမ္မောနံ၊ အရိယာတို့သည် ပြုတော်မူအပ်သော ဝိပဿနာတရားအပေါင်းတို့ကို။ အကရောနွှော စ၊ မပြုသောသူကိုလည်းကောင်း။ (မုခ္ခဲ့၊ ထည့်) (အနွှဲကို ရည်၊ ပြုမူ ကလျာဏကို ရည်)။ အရိ ယဘာဝယသစ၊ မြတ်သော ဝိပဿနာဥာဏ်၏ အဖြစ်ကိုလည်း။ အဒိဋ္ဌတ္တာ၊ ဒိဋ္ဌမမြင်သည်အဖြစ်ကြောင့်။ (အနွှဲကို ရည်၊ ဒိဋ္ဌမြင်လျှင် ကလျာဏကို ရည်)။ အရိယာနံအဒဿာဝိဘာ၊ အရိယာနံအဒဿာဝိဟူ၍။ ဝေဒိ ဘဗ္ဗော၊ သင်အပ်၏။ (အနွှဲကို ရည်၊ အရိယာနံဒဿာဝိတိ–ပြန်လှန်ကမ္ဘ ကလျာဏ ထွက်၏)။ (ကလျာဏပို့)။

သေက္ခပုဂ္ဂိုလ်တို့ကား အထက်အထက်ဖြစ်သော မဂ်ဉာဏ်သည် အာဘယ်ကဲ့သို့နည်း၊ အာဘယ်ကဲ့သို့သော ဉာဏ်သည် အထက်အထက် မဂ်ဉာဏ်မည်သနည်း။ အထက်အထက် ဖြစ်သော ဖိုလ်ဉာဏ်သည် အာဘယ်ကဲ့သို့နည်း၊ အာဘယ်ကဲ့သို့သော ဉာဏ်သည် အထက်အထက် ဖိုလ်ဉာဏ်မည်သနည်း။ စသည်ဖြင့် တွေးတောမှန်းဆအပ်သော ဉာဏ်သည် သေက္ခပုဂ္ဂိုလ်တို့၏ အနုမာနဉာဏ်မည်၏။

ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ဝဋ္ဋိစ္စသမုပ္ပါဒ် စသည်တို့၌ လိမ္မာလျှင်လည်းကောင်း၊ ခန္ဓာ စသည်တို့၌ မလိမ္မာသော်လည်း ဆရာကောင်းတို့၏ ဩဝါဒခံ၍ ဝတ္တတ်ကျ ရုပ်နာမ် ခန္ဓာဟူ၏ ဖြစ်ခြင်း ပျက်ခြင်းတို့ကို မျက်ဝါး ဆတ်ဆတ် ပ ပ်ဘပ်ယင်ထင် လက်ပေါ်၌တင်ထားအပ်သော မီးတောက်တို့၏ ငြိမ်းခြင်းကို မြင်ရသကဲ့သို့ အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာတို့ကို

မုချမြင်မခြင်းသည် လည်းကောင်း၊ မိမိရပြီးသော အောက်အောက်ဖြစ်သော မဂ်ဉာဏ်သည် ဤကဲ့သို့တည်း၊ ဤကဲ့သို့သော ဉာဏ်သည် မိမိရပြီးသော အောက်အောက်ဖြစ်သော မဂ်ဉာဏ်မည်၏။ မိမိရပြီးသော အောက်အောက်ဖြစ်သော။ ဖိုလ်ဉာဏ်သည် ဤကဲ့သို့တည်း၊ ဤကဲ့သို့သော ဉာဏ်သည် မိမိရပြီးသော အောက်အောက်ဖြစ်သော ဖိုလ်ဉာဏ်မည်၏ စသည်ဖြင့် လက်နပါ၌ တင်ထားအပ်သော ပတ္တမြားကျောက်မျက်ရွှဲကို မြင်ရသကဲ့သို့ ဧကန်မုချ ဒိဋ္ဌထင်ထင် ပေါ်ရသော မဂ်ကို မြင်ရသောဉာဏ်သည်လည်းကောင်း သေက္ခပုဂ္ဂိုလ်တို့၏ ပစ္စက္ခဉာဏ်မည်၏။

> နိဗ္ဗာနံ ပန အနာသဝဘावेन တေဘူမကဝဋ္ဋသင်္ခါတသဏ္ဌာနတော ဥတ္တရဏတော အတိက္ကမနတော လောကုတ္တရဋ္ဌိသင်္ခါတေန စတုဗိဓအရိယမဂ္ဂေန သဟဇာတဉာဏေန သစ္ဆိကာတဗ္ဗံ ဣမိနာ အရိယပုဂ္ဂလသင်္ခါတာနံ ယောဂိနံ အရိယေန ဉာဏစက္ခုနာ ပသိတဗ္ဗတော နိဗ္ဗာနသ္မိံ ပစ္စက္ခသိဒ္ဓတာ ဒဿိတာ ဟောတိ၊ စတုန္နံ အရိယမဂ္ဂါနံ စတုန္နံ ပလာနုပ္ပတ္တိ အာရမ္မဏ ပစ္စယဘူတံ ဣမိနာ ဂတ္ထပုထုဇ္ဇနာနံ နိဗ္ဗာနသ္မိံ အနုမာန သိဒ္ဓတာ ဒဿိတာ ဟောတိ။ (သင်္ဂြိဟ်ဋီကာဟောင်း-၃၂၅)။ ဋီကာကျော်လည်း သဘောတူပင် ပြုခဲ့သေး၏။)

အနာသဝဘावေန၊ အာသဝေါ မရှိသည်၏ အဖြစ်ဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ (ပန-ကား နိပါတ်)။ တေဘူကေဝဋ္ဋသင်္ခါတေ ၊ တေဘူမကဝဋ်ဟု ဆိုအပ်သော။ လောကသ၊ လောကမှ။ ဥတ္တရဏတော ဘတ်ကျော်မနုံးတော၊ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်။ လောကုတ္တရဋ္ဌိသင်္ခါတေန၊ လောကုတ္တရာတို့ဟု ဆိုအပ်သော။ တေဘူမကဝဋ်ပယဝေန၊ လေးပါးဝသော မဂ်ဉာဏ်နှင့်။ သဟဇာတဉာဏေန၊ သဟဇာတ်ဖြစ်သော ဉာဏ်ဖြင့် (ပါ) သဟဇာတ်ဖြစ်သော ဉာဏ်သည်။ သစ္ဆိကာတဗ္ဗံ ကိုယ်တိုင်ကိုယ်စီ ရောက်ရှိတွေ့ကြုံအပ်သော။ ဣမိနာ၊ "လောကုတ္တရာသင်္ခါတေန ထေရမဂ္ဂ

ဉာဏေန သစ္ဆိကာတဗ္ဗံ" ဟူသော ဤ ဝိဒေသနဖြင့်။ အရိယပုဂ္ဂလ-သဒ္ဒါတာနှင့်၊ အရိယာပုဂ္ဂိုလ်ဟု ဆိုအင်္ဂဏန်သော။ ယောဂီနှင့်၊ ယောဂိပုဂ္ဂိုလ်တို့အား။ အရိယေန၊ မြတ်နိုးသော (၇) အရိယမဂ်နှင့် ယှဉ်သော။ ဉာဏစက္ခုနှာ၊ ဉာဏ်တည်းဟူသော မျက်စိဖြင့်။ ပဿိတဗ္ဗတော၊ မြင်အပ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ပစ္စက္ခသိဒ္ဓတာ၊ မျက်မှောက်အားဖြင့် ထင်ရှားသည်၏ အဖြစ်ကို။ ဒဿိတာ၊ ပြတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ စတုန္နံ၊ လေးပါးကုန်သော။ အရိယမဂ္ဂါနဉ္စ၊ အရိယမဂ်ဘို့၏ လည်းကောင်း။ စတုန္နံ၊ လေးပါးကုန်သော။ ဖလာနဉ္စ၊ ဖိုလ်တို့၏လည်းကောင်း။ အာရမ္မဏပစ္စယဘူတံ၊ အာရမ္မဏပစ္စည်းဖြစ်၍ ဖြစ်သော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ ဣမိနာ၊ "ဤဖလာနမာရမ္မဏဘူတံ" ဟူသော နောက်ဝိသေသနဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ ကလျာဏ ပုထုဇဉ်တို့အား။ အနုမာနသိဒ္ဓတာ၊ ရော်ရမ်းထောက်ဆ၍ သိခြင်းအားဖြင့် ထင်ရှားသည်၏အဖြစ်ကို။ ဒဿိတာ၊ ပြတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ (သေက္ခဖို)။

အသေက္ခ ပုဂ္ဂိုလ်တို့၏ကား အနုမာနဉာဏ် မရှိ။ အဘယ်ကြောင့်နည်း– မိမိတို့၏ ပြုဖွယ်ကိစ္စကို ပြုပြီးပြီဖြစ်သောကြောင့်တည်း။

ပစ္စက္ခဉာဏ်မှာမူ မိမိရအပ်သော အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့၏ သဘာဝတို့ကား ဤ၍တည်းဟု ကေနမုရ ဒီဠမြင်ရခြင်းသည်ပင် ပစ္စက္ခဉာဏ်မည်၏။

နိဗ္ဗာနသစ္စိကိရိယာ နာမ ဣဓ အရဟတ္တဖလံ အဓိပ္ပေတံ၊ တမ္မိ ဟိ ပဋ္ဌဂတိဝါနေန ဝါနသညိတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနဿ ဝုစ္စတိ၊ တသ္မာ ဟေတ္ထ ဝါ ပစ္စက္ခနာ ဝါ သစ္ဆိကိရိယာတိ။

ခုဒ္ဒကပါဋ္ဌ-၁၊ ၁၂၈။

နိဗ္ဗာနသစ္ဆိကိရိယာ နာမ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း မည်သည်ကား။ ဣဓ၊ ဤနေရာ၌။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဟိ၊ ယင်းရောက်။ တမ္မိ၊ ထိုအရဟတ္တဖိုလ်

ကိုလည်း။ ပဋ္ဌဂတိဝါနေန၊ ငါးပါးသော ဂတိကို ချုပ်စပ်တတ်သဖြင့်။ ဝါနသည်တာယ၊ ဝါနဟု ဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိဗ္ဗာနဗ္ဘတ္တာ၊ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကဿ၊ ထိုနိဗ္ဗာန်ကို။ ပဘိဝါ၊ ရောက်ခြင်း ကို လည်းကောင်း။ ပစ္စက္ခနာဝါ၊ မျက်မှောက်ပြုခြင်း ကို ၎င်းကောင်း၊ သစ္ဆိကိရိယာ၊ သစ္ဆိကိရိယာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။(အသေကွဖို့။)

၂၂-ရုပ်နာမ်တို့၏ပျက်ခြင်း အာကာရကို ပြခြင်း

ပစ္စက္ခညာဏ်ဝင်္ဂ ထင်မြင်လာရသော ဝတ္ထုရုပ်တို့ကိုဟူရာ၌ ထို တေတ္ထ နည်းကို သမ်းလိုက်ပြီးသော ယောဂါဝစရအား မိမိ၏ ပဋိဘာဂ အာ-လောက သညာအတွင်း၌ အရှိန်မစဲ တသဲသဲဖြစ်ပေါ်၍ ထင်မြင်လာရ ဒသာ သဘောတရားတို့ကား ဝတ္ထုရုပ်တို့ကို ပဋိဘာဂ၏ အာလောက ကြောင့် မြင်ကွန်၏ဟူလို။

ကာယာဒယော ဓမ္မာ သမုဒယဓမ္မာ၊ တေ ပဿန္တော"သမုဒယ ဓမ္မာနုပဿီ ဝါ ကာယသ္မိं ဝိဟရထိ"တ် ဝုစ္စတိ။ ဒီ ၂-၂၁၃-၄။

ကာယာဒယော၊ကာယအစရှိကုန်သော(ဝါ)အဿာသ ပဿာသဝတ္ထု ရုပ်ဟုဆိုအပ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သမုဒယဓမ္မာ၊ ဖြစ်တတ်သော သဘောတရားတို့ မည်ကုန်၏။ တေ၊ ထိုဝတ္ထုရုပ် အဿာသ ပဿာသ၏ ပဋိဘာဂတို့ကို။ [အဿာသပဿာသ ဟူဆုတ်၌ ပဋိဘာဂကို ကောက်ရကြောင်း နောက်ကရေးခဲ့လှပြီ]။ ပဿန္တော၊ ရှုမြင်သောပုဂ္ဂိုလ်ကို။ ကာယသ္မိं၊ ဝတ္ထုရုပ် ထွက်သက်၏ ပဋိဘာဂ, ဝင်သက်၏ ပဋိဘာဂ အားပါင်း၌။ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းဓမ္မတာ ဟူ၍ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ၎င်းတို့၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

တေ- ဟု သာမညသမ္ဗန္ဓာမ် ဆိုရုံမျှဖြင့် အာဘယ့်ကြောင့် ဝတ္ထုရူပ် စသည်ကို ဆင်နှိုင်ဘိသနည်း၊ "တေတိ ကရဇကာယဒီဂ"ဟု ဖွင့်သော ကြောင့် ဆိုး။ တေတိ၊ ဘေ ဟူသည်ကား။ ကရဇကာယာဒိကေ၊ ကရဇကာယ စသည်တို့ကို။ ဒီ၊ ဋီ၊ ၂-၃ဝ၁။

ကရဇကာယ လည်း ဝတ္ထု၊ ဝတ္ထုလည်း ကရဇကာယ မည်၏။ ထို့ကြောင့်- "ဝတ္ထု နာမ ကရဇကာယော စိတ္တစေတသိကာနံ ပဝတ္တိဋ္ဌာနဘာဝတော"ဟု ရင်းတို့ ဋီကာကြီးတို့ မိန့်၏။ ဒီ ဋီ၊ ၂-၃ဝ၁။

ဝတ္ထုနာမ၊ ဝတ္ထုရူပ်မည်သည်။ ကရဇကာယော၊ ကရဇကာယတည်း။ စိတ္တစေတသိကာနံ၊ စိတ်၊ စေတသိက်တို့၏။ ပဝတ္တိဋ္ဌာနဘာဝတော၊ ဖြစ်ရာအရပ်၏ အဖြစ်ကြောင့်တည်း။

ဝတ္ထုရူပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲဖြစ်ပေါ်၍ နေလာသော ဤကရဇကာယသည်ကား အဃာသ အဃာသ၏ပဋိဘာဂနှင့်စပ်ရမြဲ၊ ပဃာသ ပဃာသ၏ ပဋိဘာဂနှင့် စပ်ရမြဲ ဓမ္မတာပေတည်း။ ထိုအတူ. အဃာသ-အဃာသ၏ ပဋိဘာဂ၊ ပဃာသ-ပဃာသ၏ ပဋိဘာဂသည် လည်း ဝတ္ထုရူပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍ နေ လာသော ကရဇကာယနှင့် စပ်ရမြဲ ဓမ္မတာပေတည်း။ အာဘယ့်ကြောင့် နည်'ဟူမူ ပဋိဘာဂနိမိတ်၏ ထင်ခြင်းကြောင့်တည်း (၀၊) ပဋိဘာဂ နိမိတ်၏ အာလောကကြောင့်တည်း။

ယထာ အဃာသပဃာသကာယော ကရဇကာယသမ္ဗန္ဓိ တံ နိမိတ္တဟောတိ၊ ဧवं ကရဇကာယာဒယောပိ အဃာသပဃာသ-သမ္ဗန္ဓိနော တံ နိမိတ္တဘာဝေန။ ဒီ ဋီ၊ ၂-၃ဝ၁။

ဃယောသပယောသကာယော; အဃာသပယောသကာယသည်။ တံ နိမိတ္တတာယ၊ ထိုအဃာသပယောသကာယ၏ အကြောင်းရင်း၏အပြုပ် ကြောင့်။ ကရဇကာဒသမ္ဗန္ဓိ၊ ကရဇကာယ စသည်တို့နှင့် ဆက်ယပ်မှု ရှိသည်။ ယောတိ ယထာ၊ ဖြစ်သကဲ့သို့။

ဧဝံ တထာ၊ ထို့အတူ။ ကရဇကာယဒဟောပို၊ ကရဇကာယ စသည်တို့သည်လည်း။ တံ နိမိတ္တဘာဝေန၊ထိုအဿာသပဿာသကာယ၏ အကြောင်း၏ အပြစ်ကြောင့်။ အာသာသပဿာသသမ္ဘန္ဓိနော၊ အဿာသ-ပဿာသကာယနှင့် ဆက်စပ်မှုရှိကြကုန်၏။

၂၃–ရူပ်ခန္ဓာနာမ်ခန္ဓာတို့၏ မျှားခြင်းအကြောင်း

ဝတ္ထုရူပ်ကို မြင်ရ၏ဆိုသော် ဝတ္ထုရူပ်တစ်ခုကိုသာ မြင်ရမြဲ မဟုတ်လော၊ အဘယ့်ကြောင့် ဆယ်,ရာ,ထောင်,သောင်း,သိန်း,သန်း ဂဏန်းသခေါ်မရေတွက်နိုင်လောက်အောင် မျှားပြားလှစွာသော ဟူသော ဝိသေသနကို ဆိုဘိသနည်း။

ဤဝတ္ထုရူပ်မည်သည် နာမ်ခန္ဓာတို့၏ မှီရာတည်း၊ ထိုနာမ်ခန္ဓာတို့သည်လည်း မျက်စိတစ်မှိတ်, လျှပ်တစ်ပြက်, လက်ဖျစ်တစ်တွက် ကာလအတွင်းတစ်ခုခု ကုဋေအသိန်းမကဖြစ်၍ ချုပ်ကုန်၏၊ ထိုနာမ်ခန္ဓာမှီသော ဝတ္ထုရူပ်၊ ရူပ်ခန္ဓာတို့သည်လည်း ကုဋေငါးထောင် မက ဖြစ်၍ ချုပ်ကုန်၏၊ နာမ်ခန္ဓာ (၁,၀၀၀,၀၀၀,၀၀၀,၀၀၀) ကုဋေတစ်သိန်း ချုပ်ခဲ့လျှင် ရူပ်ခန္ဓာ(၅၇,၇၂၃,၅၂၉,၄၁၁) ငါးထောင်, ရှစ်ရာ,ရှစ်ဆယ်, နှစ်ကုဋေ, သုံးသန်း, ငါးသိန်း, နှစ်သောင်း, ကိုးထောင်, လေးရာ, တစ်ဆယ်, တစ်ခုလောက် ချုပ်ရရှာပြန်၏။ ထို နာမ်ခန္ဓာမျှားတိုင်း မျှားတိုင်း ရူပ်ခန္ဓာမျှားလှ၍ မရေမတွက်နိုင်လောက်အောင်ဖြစ်၍ ဖြစ်၍ ပျက်သည်ကို မြင်ရ၏။

ကေစ္ဆရက္ခဏေ ကောဋိသတသဟဿသခ်ျာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။
အဘိ ဌ-၂-၃၁။

ကေစ္ဆရက္ခဏေ၊ လက်ဖျစ်တစ်တွက်သောခဏ၌။ ကောဋိသတသဟဿသခ်ျာ၊ ကုဋေတုစ်သိန်းအားရေအတွက်ရှိသော၊ (၀၁) ဆယ်,ရာ,ထောင်,သောင်း,သိန်း,သန်း,ဂဏန်းသခေါ် မရေတွက်နိုင်သဖြင့် မျှားစွာဖြစ်ခြင်း

ရှိသော၊ [“ကောဋ္ဌိသတသဟဿသင်္ချာတိ ဣဒံ နိဗ္ဗာန ပရိစ္ဆေဒဒဿနံ၊ ဗဟုဘာဝ ဒဿနမေဝ ပနေတံ ဒဋ္ဌဗ္ဗံ” ဟူသော (မူလဋီကာ ၂၊၂၇)ကို ထောက်]။ ဝေဒနာ၊ ဝေဒနာသည်။ (၀ါ) ဝေဒနာ, သညာ, သင်္ခါရ ဝိညာဉ်သည်။ ဥပဓိတို့ကား၊ ဖြစ်ပြီး၍။ နိရုဒ္ဓတိ၊ချုပ်၏။[အဋ္ဌကထာအနက်။]

ကောဋ္ဌိသတသဟဿသင်္ချာတိဣဒံ ဟူသော ဤပုဒ်သည်။ ဂဏနပရိ-စ္ဆေဒဒဿနံ၊ ရေတွက်ခြင်း အပိုင်းအခြားကို ပြခြင်းသည်။ နဗဟုတ်။ ပန၊ စင်စစ်သော်ကား။ တေ၊ကောဋ္ဌိသတသဟဿ ဟုသော ဤသင်္ချာကို။ ဗဟုဘာဝဒဿနမေဝ၊ များသောအဖြစ်ကို ပြခြင်းကို သာလျှင်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မူလဋီ-၂-၂၇။

ထိုသို့ နာမ်ခန္ဓာ များတိုင်း များတိုင်း ရူပ်ခန္ဓာ များလျှ၍ ရေတွက်ပိုင်းခြား ဂဏန်းထားခြင်းငှာ မဝံ့လောက်အောင် ဖြစ်၍ လက်ဖျစ်တစ်တွက် အတွင်းကာလ၌ ဖြစ်သော စိတ္တကွဏကား စပါ်းတင်းပေါင်း (၇၀၅၉-တင်း,၆-ပြည်) ရှစ်ထောင်, ငါးဆယ့်, ကိုးတင်း, ခြောက်ပြည်မျှ လောက်သော စပါးစေ့တို့နှင့် ဥပမာ နှိုင်းယှဉ်၍ ရှင်နာဂသိန် ပြတော်မူရှာပေသတည်း။

ဝါဟသတံ ခေါ် မဟာရာဇ ဝီဟိနံ အဘုစ္စုဋ္ဌဉ္စ ဝါဟာ ဝီဟိ-သတ္တမ္ပိ ဏာနိ ဒွေ စတုမ္ပဿတိ ကေစ္စရက္ခဏေ ပဝတ္တစိတ္တာ ဏေ ကာ ဝီဟိလက္ခံ ဌပိယမာနာ ပရိက္ခယံ ပရိယာဒါနံ ဂစ္ဆေယ္ယုံ။ (မိလိန္ဒ–၁၀၉)

မဟာရာဇ၊မင်းမြတ်။ ဝီဟိနံ၊ စပါးတို့၏။ ဝါဟသတံခေါ်၊ လှည်းအစီး တစ်ရာလည်းကောင်း။ ဝါဟာ၊လှည်းတစ်စီးစပါးမှ။အဘုစ္စုဋ္ဌဉ္စ၊အနည်းငယ် လျှော့သော စပါးအတင်းလေးဆယ် လည်းကောင်း။ ဝီဟိသတ္တမ္ပိ ဏာနိ၊ စပါးတို့၏ခုနစ်အမျိုးကိုလည်းကောင်း။(၀ါ)တဆယ့်ကိုးတင်း၊တစ်စိတ်တို့ လည်းကောင်း။ ဒွေ စ တုမ္ပဿ၊ နှစ်ပြည်တို့ လည်းကောင်း။ ဏ္ဍတိ၊ ဤသို့။ ဏ္ဍကာဝီဟိ၊ဤမျှလောက်သော စပါးတို့သည်။ ကေစ္စရက္ခဏေ၊လက်ဖျစ်

တစ်တွက်ခဏာ၌။ ပဝတ္တိစိတ္တာဿ၊ ဖြစ်သောစိတ်၏။ လက္ခံ၊ မှတ်ကြောင်း စပါးလုံးတစ်လုံးကို။ ကတ္တာ၊ ပြု၍။ (ထည့်)၊ ဌပိယမာနာ၊ ထားအပ် ရေတွက်အပ် ကုန်သည်ရှိသော်။ ပရိကွယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ သိမ်းကျုံးယူ ငင်ခြင်းသို့။ ဂစ္ဆေယျုံ၊ ရောက်ကုန်ရာ၏။

ဤစကားခဲ့၌ ဝါဟဟူသည် လက်တစ်ဘက်ဖြင့် ဆုပ်ယူအပ်သော စပါး လေးဆုပ်သည် တစ်ကုဋေ့မည်၏၊ (တစ်လက်ခုပ်)၊ လေးကုဋေ့သည် တစ်ပတ္ထ(ကွမ်းစား)၊ လေးပတ္ထသည် တစ်အာဠက(ပြည်)၊လေးအာဠကသည် တစ်ဒေါဏ(စိတ်)၊ လေးဒေါဏသည် တစ်မာနိက(တင်း)၊ လေးမာနိကသည် တစ်ခါရီ(တောင်း)၊ ခါရီနှစ်ဆယ်သည် တစ်ဝါဟ (လှည်းတစ်စီးတိုက်စပါး)၊ အတင်းရှစ်ဆယ်ရှိ၏ဟု သာရတ္ထဒီပနီဆရာ ဆို၏။ တစ်ဆယ့်တစ်စိတ်သည် တစ်အမှုဏမည်၏၊ တုမ္မနှင့် အာဠကကာ ပြည် ချည်းဟု အဘိဓာန်ဆို၏။

ထိုသို့ ပဋိဘာဂ၏ အာလောကကြောင့် ပစ္စက္ခဉာဏ်ဝင်ခ် ထင်မြင်လာ ရသော ဆယ်, ရာ, ထောင်, သောင်း, သိန်း, သန်း, ဂဏန်းသင်္ချေ မရေ တွက်နိုင်သော ဝတ္ထုရုပ်ကို သိမ်းဆည်းသော ကာလဝ်ခ်လည်း တစ်ကိုယ်လုံး ကို တစ်စပ်တည်းကဲ့သို့ ထင်မြင်ခဲ့မှု သန္ဓိမည်၏။ ထိုသန္ဓိသည် အာရုံကို မပြတ်နိုင်သေးရကား မိမိကိုယ်ကို နှစ်ပိုင်း သုံးပိုင်း လေးပိုင်း ငါးပိုင်း စသည် ဆစ်၍ ဆစ်၍ ကြည့်ရာ၏၊ ထိုသို့ ဆစ်၍ ဆစ်၍ ကြည့်တိုင်း ကြည့်တိုင်းထင်မြင်လာခဲ့မှု ပဗ္ဗမည်၏၊ထိုပဗ္ဗသည်လည်း အာရုံကိုမပြတ်နိုင် သေးရကား မိမိကိုယ်ကို အာရုံယူနိုင်သမျှ လက်လေးသစ်ခန့် တစ်မိုက်ခန့် ပိုင်း၍ ပိုင်း၍ ရုပ်ကိုအာရုံပြုလျက် ရုပ်-ရုပ်-ဟု ထင်မြင်ခဲ့မှု ဩဘာသမည်၏။ ထိုဩဘာကို လက်မလွှတ်မူ၍ ရုပ် ရုပ်-ဟု၍ သိမ်းဆည်းရမည်။

အရှိန်မစဲ တသဲသဲဖြစ်ပေါ်၍နေသော ဤရုပ်ကား ဝတ္ထုရုပ်မည် သတတ်။ ဤဝတ္ထုရုပ်သည် ငါ၏နှလုံးအိမ် တစ်လက်ဖက်၏ ထက်ဝက်မျှ လောက်သောသွေးခ်ိ မှီ၍ဖြစ်၏။ ထိုသို့ဖြစ်သောအတိုင်း ငါ၏သန္တာန် တစ်ကိုယ်လုံးခ်ိ အရှိန်မစဲ တသဲသဲ တဖွားဖွား မြင်လာရ၏၊ ထိုမြင်လာရ

သော ဝတ္ထုရုပ်၏ အရင်းမူလကား အဘယ်ကဲ့သို့ ရှိသနည်းဟု စူးစမ်းလတ်သော် အနှစ်ရ ဗဟန္တရ ဗဟရန္တရဟု ဆိုအပ်သော အစုန်းသုံးပါးတို့တွင် ရှေးဦးစွာ ဗဟရန္တရဟု ဆိုအပ်သော မိမိ၏ နိမိတ်၏ ထိပ်မဏ္ဍလင္ဘာန် ပဿာဒမဏ္ဍုံ အပြင်ဝယ် ငယ်စွာသော ပုန်းညက်စေ့ ပမာဏ ရှိလောက်သော အရပ်၌ တဖျတ်ဖျတ်ခုန်၍ ပွင့်လျက်နေသော အာကာရကို မြင်ရ၏။ ထိုအာကာရကို အစပြု၍ မဏ္ဍလတစ်ပြင်လုံးကို ကြည့်လိုက်သော် တဖျတ်ဖျတ်ခုန်လျက်နေကြသော အာကာရကား ယောဂါဝစရပုဂ္ဂိုလ်၏ ဓမ္မတာအားဖြင့် ဝတ္ထုရုပ်တို့၏ ထင်မြင်ခြင်းပေတည်း။ အဘယ်ကဲ့သို့နည်းဟူမူ- သည်းခြေပျက်သော ရောဂါရှိသူသည် ညဉ့်အခါတို့၌ ကြည့်ရှုသည်ရှိသော် တိုင်ကြား ထုပ်လျှောက်စသည်တို့မှ မြေထွက်၍ လာသကဲ့သို့လည်းကောင်း၊ ဘီလူး၊ သရဲ၊ သားဘက်စသည်တို့ကဲ့သို့ လည်းကောင်း ရှေတူရှု စသည်တို့၌ မြင်ရသကဲ့သို့တည်း။ ထို့အတူ ယောဂါဝစရအား ထိုမဏ္ဍလင္ဘာန် ပဿာဒမဏ္ဍုံဝယ် မြင်လာရခြင်း ဓမ္မတာသည် ဗဟရန္ဓရအစုန်း၌ မိမိ၏ဝတ္ထုရုပ်ကို မြင်ရခြင်း ဓမ္မတာ တစ်ပါးပင်တည်း။

ထိုဗဟန္တရ အစုန်းကား ဝေးသော အစုန်းတည်း၊ အချို့သော စျာနလာဘီတို့၏ လမ်းနှင့်တူ၏။ ငါသည် ဤဗဟရန္ဓရဖြင့် အဘယ်မူစအံ့နည်းဟု မိမိဦးခေါင်း ထိပ်ထက်ကို စိုက်၍ နာနာ ကြည့်လတ်သော် အရှိန်မစဲ တစ်သဲသဲ ဖြစ်ပျက်၍နေသော ဝတ္ထုရုပ်ကို မြင်ရပြန်၏။ ထိုသို့ မြင်ရသော ဝတ္ထုရုပ်သည် ဗဟန္ဓရမည်၏။ ထိုဗဟန္ဓရအစုန်းကနေ၍ အောက်ကိုစိုက်လိုက်သော် တစ်ကိုယ်လုံး၏ ဝတ္ထုရုပ်တို့ ဖြစ်ပျက်ဟန်ကို မြင်ရ၏။ ထိုသို့မြင်ရခြင်းသည် ဗဟန္ဓရအစုန်းကစ၍ ဝတ္ထုရုပ်တို့ကို မြင်ရခြင်း ဓမ္မတာ တစ်ပါးပင်တည်း။

ထိုဗဟန္ဓရအစုန်းကား မနီးလွန်း-မဝေးလွန်းသော အစုန်းတည်း၊ အဇ္ဈတ္တသို့ ကောင်းစွာ မသက်သေး၊ ဤဗဟန္ဓရဖြင့် အဘယ်မူစအံ့နည်းဟု မိမိ၏နှလုံးအိမ်သို့ စိုက်၍စိုက်၍ နာနာကြည့်လတ်သော် မိမိ၏ ရင်လယ်

အတွင်းခ္ဓ ဗဟာရန္တရမဏ္ဍလဌာန ပသာဒမဏ္ဍိုဝယ် ဆတ်ဆတ်ခုန်ဖြစ်သော အသားကဲ့သို့လည်းကောင်း၊ မီးဒုံး-မီးကျည်တို့၏စနက်ပေါက်မှ ထွက်ပေါ်လာသော မီးပေါက်-မီးဖွားကဲ့သို့လည်းကောင်း၊ စက်ယန္တယားတို့လည်သကဲ့သို့လည်းကောင်း စသည်ဖြင့် မြင်လာတတ်၏။ ထိုသို့ မြင်လာသော ဟဒယပဒေသ အင်္ဂါတို့မှစ၍ တစ်ချက်တည်းသော အာရုံဖြင့် တစ်ကိုယ်လုံးကို ကြည့်လိုက်သော် ဤအရိုန်မစဲ တသဲသဲဖြစ်ပေါ်၍နေသော အာကာရကား ငါ၏ရင်လယ်ကစ၍ဖြစ်သော အာကာရတည်းဟု တစ်ချက်တစ်ချက်သော အာရုံဖြင့်သာ တစ်ကိုယ်လုံး ထင်မြင်၍နေသော ဝတ္ထုရူပ်ကို မြင်ရခြင်းသည် အန္တရဖြင့်မြင်ရခြင်း ဓမ္ဓတာတစ်ပါးပင်တည်း။

ထိုအန္တရဖြင့် ရူပ်ကိုသိမ်းဆည်းနိုင်ပါမူ ရောင်ကိုင်နိုင်၍ သိမ်းဆည်းသောသူ မည်ပေ၏။ ထိုသို့ ရောင်ကိုင်၍ ဖြစ်စေ, နောက်က ပြုခဲ့သော သြဒါနင့်ဖြစ်စေ မိမိရူပ်ကို သိမ်းဆည်း အပ်၏။ သိမ်းဆည်းဖန်များလတ်မူ ယောဂါဝစရ၏ ဉာဏ်ဝဋ္ဋ အခ္ခါသောသူတို့အား စတုတ္ထနည်း သိမ်းဆည်းရုံနှင့်၊ အခ္ခါသောသူတို့အား ရူပ်ကို သိမ်းဆည်းရုံနှင့်၊ အခ္ခါသောသူတို့အား သမ္မသနသို့ရောက်မှ ငါးပါးသောရူပ်၏ ဥပမာတို့တွင် တစ်ပါးပါး ဖြစ်စေ၊ ရောရှိဖြစ်စေ ထင်မြင်လာရမြဲ ဓမ္ဓတာတည်း။ ၄င်းဥပမာ ငါးပါးကို ရှေ့၌ တွေ့လတ္တံ့၊ ဤကား အလုပ်လမ်းရိုးတို့၏ ဝေါဟာရအစဉ်တည်း။ ရူပ်တို့၏ ဂဏန-ခန္ဓာ လက္ခဏာ စသည်တို့ကား နောက်မှပေါင်း၍ ရေးတော့မည်။

၂၄–ဓမ္ဓတာနည်းအားဖြင့် နာမပရိဂ္ဂဟကို ပြုခြင်း

တတော တဒါရမ္မဏော ဖဿပဋ္ဌမကော နာဝံန္တိ၊ ဧဝံ နာမရူပံ ပရိဂ္ဂဟေတ္တာ။ ဒီ ၊ ၂၊ ၃၁၅။

တတော၊ ထိုရူပ်ကိုသိမ်းဆည်းပြီးသော နောက်မှ။ တဒါရမ္မဏော၊ ထိုရူပ်လျှင် အာရုံရှိကုန်သော။ ဖဿပဋ္ဌမကော၊ ဖဿလျှင် ငါးခုမြောက်ရှိသော တရားတို့ကို။ နာမံ၊ နာမ်တည်း။ ဣတိ၊ ဤသို့။ နာမရူပံ၊ နာမ်ရူပ်ကို။

ပရိဂ္ဂဟောဘူဝ၊ သိမ်းဆည်း၍။ (ပြန်၁)။[ဝေ၊ဤသို့။ နာမရူပ၊နာမ်ရုပ်ကို။ ဝေဝတ္ထုပေတူ၊ မှတ်ပြီး၍။]

ဤသို့ အဋ္ဌကထာဆရာကြီးတို့ မိန့်မှာတော်မူအပ်သည်နှင့်အညီ ရုပ်ကို သိမ်းဆည်းပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်အား နာမ်ကိုသိမ်းဆည်းရာ၏။ ထိုနာမ်ကို သိမ်းဆည်းရာ၌လည်း အာဂမသုတဖြင့် သိမ်းဆည်းခြင်း၊အဓိဂမသုတဖြင့် သိမ်းဆည်းခြင်းဟူ၍ နှစ်ပါးပင် ရှိထိုက်၏။ ထိုနှစ်ပါးတို့တွင် အကြင် ယောဂါဝစရသည် ဆရာကောင်းတို့၏အထံ၌ စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသတို့၌ သခေါ်ပ၊ ဝိတ္ထာရ၊ ကုသလ၊ အကုသလ၊ အဗျာကတ၊ သမ္မယောဂ၊ ဝိပ္ပယောဂ၊ သင်္ဂဟာသင်္ဂဟ-စသည်တို့ဖြင့် လေ့လာ ကျမ်းကျင်လျှ၍ ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋ္ဌိစ္စသမုပ္ပါဒ် စသော နည်းတို့၌ ဥဂ္ဂဟ၊ ပရိပုစ္ဆာ၊ ဝိနိစ္ဆယတို့နှင့် ပြည့်စုံလျှ၍ ဤနေရာ၌ စိတ်ကား ဤရှေ့ဤမျှ ရထိုက်၏၊ အဘယ်စိတ်တို့ပေတည်း။ စေတသိက်ကား ဤရှေ့ဤမျှရထိုက်၏၊ အဘယ်စေတသိက်တို့ပေတည်းဟု သုတမယဉာဏ်ဖြင့် သိမ်းဆည်းခြင်းသည် အာဂမသုတဖြင့် သိမ်းဆည်းခြင်း မည်၏။

အကြင်သူသည် ထိုအာဂမသုတနှင့် ပြည့်စုံ၍လည်းကောင်း၊ အာဂမ-သုတပင် မရှိပါသော်လည်း ဆရာကောင်းတို့ ဩဝါဒကို အလွန်ယုံကြည်လျှသဖြင့် ထိုဩဝါဒကို လိုက်နာ၍ သမာဓိကို ထူထောင်လျက် နာမ်တရားတို့၏ ဖြစ်ပွားပျက်ဟန်ကို ယထာဘူတအားဖြင့် ပစ္စက္ခဉာဏ်ဝင်၌ ပဋ္ဌာကသုံးပါးတို့၏အဖို့တို့ကို ခိုက်စေလျက် ဘာဝနာမယဉာဏ်ဖြင့် သိမ်းဆည်းခြင်းသည် အဓိဂမသုတဖြင့် သိမ်းဆည်းခြင်း မည်၏။

အာဂမသုတ, အဓိဂမသုဘ နှစ်ပါးကို ရူပပရိဂ္ဂဟာ၌ပြအပ်သော နည်းကို မှီး၍ သိအပ်၏။ ထိုသို့အာဂမသုတ-အဓိဂမသုတအခြေတို့နှင့် ပြည့်စုံသော ယောဂါဝစရအား နာမ်ကို သိမ်းဆည်းလိုလတ်မူ ရူပပရိဂ္ဂဟာ၌ ပြခဲ့သော အဃနသ, အဃနသ၏ ပဋ္ဌိဘာဂ၊ ပဿာသပဿာသ၏ ပဋ္ဌိဘာဂ၏ အာဝလဲ့ဝက, သညာကြောင့် ပစ္စက္ခဉာဏ်ဝင်၌ ထင်မြင်လာရသော ဆယ်,

ရာ, ထောင်, သောင်း, သိန်း, သန်းဂဏန်းသင်္ချမရေတွက်နိုင်လောက်အောင် များပြားလှစွာသော ဝတ္ထုရုပ်တို့ကို အာမဏ္ဍပြုသော စိတ်-စေတသိက်တို့ကို "ဧဝံ နာမံ"ဟူ၍လည်းကောင်း၊ "နာမ်-နာမ်"ဟူ၍လည်းကောင်း၊ ပဋ္ဌာန အစုမ်းအားဖြင့် "သိသည်-သိသည်" ဟူ၍လည်းကောင်း သိမ်းဆည်း အပ်၏။

ထို စကားရပ်၌—

(၁) အဿာသ အဿာသ၏ ပဋိဘာဂ, ပဿာသ ပဿာသ၏ ပဋိဘာဂ၊

(၂) အာလောကသညာ၊

(၃) ပစ္စက္ခဉာဏ်၊

(၄) မရေတွက်နိုင်သော ဝတ္ထုရုပ်–

ဤ စကားလေးရပ်တို့ကိုလည်း ရူပပရိဂ္ဂဟ·က ပြခဲ့သော နည်းကို မှီ၍ သိအပ်၏။

အထူးအားဖြင့်ကား ပစ္စက္ခဉာဏ်ယူရာဝယ် ရုပ်တို့၏ပစ္စက္ခကဲ့သို့ ဥပမာ ငါးပါးသို့သက်၍ ထင်မြင်လာရသည် မဟုတ်၊ စင်စစ်သော်–

(၁) ဖဿ ပဋ္ဌာန

(၂) ဝေဒနာ ပဋ္ဌာန

(၃) ဝိညာဏ ပဋ္ဌာန–

တို့ဖြင့် သက်ဝင်၍ အာရုံနှင့်အာရမ္မဏိက တွေ့ရုံမတ္တ, ခံစားရုံမတ္တ, အာရုံကို သိရုံမတ္တမျှဖြစ်၍ ထင်မြင်ခြင်းသည်ပင် နာမ်တရားဌ ပစ္စက္ခဉာဏ်မည်၏။

ဧဝံ သုဝိသုဒ္ဓရူပပရိဂ္ဂဟာဿ ပနဿ အရူပမမ္မာ ဟိဟိ အာကာရေဟိ ဥပဌဟန္တိ ဖဿဝသေန ဝါ ဝေဒနာဝသေန ဝါ ဝိညာဏဝသေန ဝါ။ ဝိသုဒ္ဓိ ၆-၂၂၂ဒ။

ပန်၊ ရူပပရိဂ္ဂဟမှတစ်ပါး နာမပရိဂ္ဂဟကို ဆိုအံ့၊ ဧဝံ ဝုတ္တနယေန၊ ဤသို့ ရူပပရိဂ္ဂဟ၌ ဆိုအပ်ပြီးသောနည်းဖြင့်။ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿ၊ ကောင်းစွာ စင်ကြယ်သော ရူပ်ကိုသိမ်းဆည်းခြင်းရှိသော။ အာသ၊ ထိုယောဂီအား။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ ဖဿဝသေန ဝါ၊ ဖဿ၏သဘောသတ္တိ ဖုသနလက္ခဏာအားဖြင့်လည်းကောင်း။ (ဝါ) ဖဿ၊ ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်ဟုဆိုအပ်သော ဖဿပဋ္ဌမကအားဖြင့် လည်းကောင်း။ ဝေဒနာဝသေန ဝါ၊ ဝေဒနာ၏သဘောသတ္တိ အနုဘဝနလက္ခဏာအားဖြင့် လည်းကောင်း၊ (ဝါ)ဝေဒနာ,သညာ,ဖဿ,စေတနာ,ဝိညာဏ်ဟု ဆိုအပ်သော ဝေဒနာပဋ္ဌကအားဖြင့် လည်းကောင်း။ ဝိညာဏဝသေန ဝါ၊ ဝိညာဏ်၏သဘောသတ္တိ ဝိဇာနနလက္ခဏာအားဖြင့် လည်းကောင်း။ (ဝါ) ဝိညာဏ်,ဝေဒနာ,သညာ,ဖဿ,စေတနာဟု ဆိုအပ်သော ဝိညာဏပဋ္ဌက အားဖြင့် လည်းကောင်း။ ဣတိ၊ ဤသို့။ တီဟိ၊ သုံးပါးကုန်သော။ အာကာရေဟိ၊ နာမ်တရားတို့ကို သိခြင်း၏အကြောင်းတို့ဖြင့်။ (ဝါ) နာမ်တရားတို့၏ ဉာဏ်အား ရှေ့ရှုထင်မြင်ခြင်း၏ အကြောင်းတို့ဖြင့်။ ဥပဋ္ဌဟန္တိ၊ ဉာဏ်အားရှေ့ရှုကပ်၍ ထင်မြင်ကုန်၏။

ထို ပဋ္ဌာနသုံးပါးတို့ဖြင့် ရှုသော ယောဂါဝစရ ပုဂ္ဂိုလ်သည်လည်း မိမိ၏ ပစ္စက္ခဉာဏ်၌ ထင်မြင်လာရခြင်းသည် ရူပ်တို့ကဲ့သို့ ထင်မြင်လာသည် မဟုတ်၊ အလွန် ဉာဏ်တော်ကြီးကြပေသော အဘိညာ၌၏အရှင် ပဋိသမ္ဘိဒါ အရှင်မြတ်ကြီးတို့ သော်မှ ခဲယဉ်းလှစွာပြု၍ သိမြင်ရသော အရာပေတည်း။ အဘယ်ကဲ့သို့နည်းဟူမူ မိမိ၏ လက်ယာဘက် လက်ညှိုးဖြင့် ၎င်း လက်ယာဘက် လက်ညှိုး၏ ထိပ်ကို သုံးသပ်ခြင်းငှာ မတတ်နိုင်သကဲ့သို့ နာမ်ကို ရှုကြည့်သော ဝိပဿနာစိတ်ဖြင့် ၎င်းရှုကြည့်သော ဝိပဿနာ စိတ်ကို ရှုကြည့်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် ရူပ်တို့ကဲ့သို့ ပစ္စက္ခဉာဏ်၌ အရှိန်မစဲ တသဲသဲဖြစ်ပျက်၍ နေသည်ကို မြင်ရသည်မဟုတ်။ နာမ်၏ အစွမ်းအားဖြင့် တွေ့ရုံမတ္တ, ခံစားရုံမတ္တ, သိရုံမတ္တမျှဖြင့်ပင် နာမ်တရား၏ ပစ္စက္ခဉာဏ်ဟူ၍ မှတ်ကြရမည်။ (သီခဲစ)

ယထာ ဟိ တေနေဝ အဂုံလဂ္ဂေန တံ အဂုံလဂ္ဂံ နာ သက္ကာ ဖုသိတုံ၊ ဧဝမေဝ တေနေဝ စိတ္တေန တဿ စိတ္တဿ ဥပ္ပါဒေါ ဝါ ဌိတိ ဝါ ဘင်္ဂေါ ဝါ နာ သက္ကာ ဇာနိတုန္တိ။ မ ဋ္ဌ-၄၊၆၀။

ယထာ ဟိ ယထာ ပန၊ ဥပမာ မည်သည်ကား။ တေနေဝ အင်္ဂုံ-လဂ္ဂေန၊ ထိုလက်ယာလက်ညှိုး၏ အဖျားဖြင့်သာလျှင်။ တံအင်္ဂုံလဂ္ဂံ၊ ထိုလက်ယာလက်ညှိုး၏အဖျားကို။ဖုသိတုံ၊ စမ်းသပ်တွေ့ထိခြင်းငှာ။ နာ သက္ကာ၊ မတတ်နိုင်။ ဧဝမေဝ၊ ဤအတူသာလျှင်။ တေနေဝ စိတ္တေန၊ ထိုဝိပဿနာ စိတ်ဖြင့်သာလျှင်။ တဿ စိတ္တဿ၊ ထိုဝိပဿနာစိတ်၏။ ဥပ္ပါဒေါ ဝါ၊ ဥပါဒ်ကိုလည်းကောင်း။ ဌိတိ ဝါ၊ ဌိတိကိုလည်းကောင်း။ ဘင်္ဂေါ ဝါ၊ ဘင်္ဂကိုလည်းကောင်း။ ဇာနိတုံ၊ သိခြင်းငှာ။ နာ သက္ကာ၊ မတတ်နိုင်။

ဆယ်-ရာ-ထောင်-သောင်း-သိန်း-သန်း ဂဏန်းသင်္ချေ မရေတွက်နိုင်လောက်အောင် မျှားပြားလှစွာသော ဝတ္ထုရုပ်တို့ကို အာရုံပြုသော စိတ်၊ စေတသိက်ဟူသည်ကား ထိုထိုသို့သော ဝတ္ထုရုပ်တို့ကို အာရုံပြုသော သုံးပါးသော ပဋ္ဌာန်းတို့ဖြင့် မှတ်အပ်သော ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ်စိတ် (၁)၊ အညသမာန်းတေရသ၊ သောဘနစေတသိက် ပဋ္ဌာဒိသ အားဖြင့် (၃၈)ပါး ဤတရားတို့ပင်တည်း။

ကုသလစိတ္တသမ္ပယုတ္တံ ဝိပဿနာဉာဏံ ပညာ။ ဝိသုဒ္ဓိ-၂၊၆၆။

ကုသလစိတ္တသမ္ပယုတ္တံ၊ ကာမာဝစရ ကုသိုလ် စိတ်နှင့် ယှဉ်သော။ ဝိပဿနာဉာဏံ၊ ပညာရှိနေစေတသိက်ဟု ဆိုအပ်သော ဝိပဿနာဉာဏ်သည်။ ပညာ၊ ဤ၌ ဆိုအပ်သော ပညာမည်၏။

ထို စိတ်-စေတသိက်တို့ကို သုံးပါးသော ပဋ္ဌာန်းတို့ဖြင့် သက်စေ၍ ဆယ်-ရာ-ထောင်-သောင်း-သိန်း-သန်း ဂဏန်းသင်္ချေ မရေတွက်နိုင်သော ဝတ္ထုရုပ်တို့ကို အာရုံပြုလိုက်သော စိတ်စေတသိက်တို့၏ တစ်ဝတ္ထု-တစ်အာရုံတည်းဖြစ်သော နာမ်တရားတို့၏ အပေါင်းကို တပေါင်းတည်း

ပြု၍ သိမ်းဆည်းအပ်၏။ တစ်ခုတစ်ခုသော စိတ္တကွဏက္ခဏာ၌ဖြစ်သော နာမ်တရားတို့၏အခေါင်းကို မသိမ်းဆည်းအပ်၊ မသိမ်းဆည်းနိုင်ဟူလို။ ယခုကာလ ယှူတို့ကို မဆိုနှင့်ဦး၊ ငါတို့ခကျေးဇူးအရှင်သခင် သာရိပုတ္တရာကြီးသော်မှ တစ်ဝတ္ထု-တစ်အာခံ-တစ်ပီထိတို့၏ အဆုံး-အလယ်-အစ-၊ အစ-အလယ်-အဆုံးကို သိမ်းဆည်းတော်မူရသေး၏။

ထေရေန ဟိ ဝတ္ထုဠေဝ အာရမ္မဏဠ ပရိဂ္ဂဟိတံ၊ တေနသ တေသံ ဝမ္မာနံ ဥပ္ပါဒံ အာဝဇ္ဇန္တသ ဥပ္ပါဒေါ ပါကဋော ဟောတိ၊ ဌာနံ အာဝဇ္ဇန္တသ ဌာနံ ပါကဋံ ဟောတိ၊ ဘေဒံ အာဝဇ္ဇန္တသ ဘေဒေါ ပါကဋော ဟောတိ။ မ ဋ-၄၊၆၀။

ဟိ၊ ထင်စ္ဆာဆိုဦးအုံ။ ထေရေန၊အရှင်သာရိပုတ္တရာသည်။ ဝတ္ထုဠေဝ၊ တစ်ပါးသော ဝတ္ထုကိုလည်းကောင်း။ အာရမ္မဏဠ၊တစ်ခုသော အာရုံကို လည်းကောင်း။ ပရိဂ္ဂဟိတံ၊သိမ်းဆည်းတော်မူအပ်၏။တေန၊ထို ကြောင့်။ တေသံဝမ္မာနံ၊ ထိုခန္ဓာငါးပါး သင်္ခါရတရားတို့၏။ ဥပ္ပါဒံ၊ ဖြစ်ခြင်းကို။ အာဝဇ္ဇန္တသ၊ဆင်ခြင်သော။ အသ၊ ထိုအရှင်သာရိပုတ္တရာအား။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဌာနံ၊ တည်ခြင်းကို။ အာဝဇ္ဇန္တသ၊ဆင်ခြင်သော။ အသ၊ ထိုအရှင်သာရိပုတ္တရာအား။ ဌာနံ၊ ငှိခဏသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဘေဒံ၊ ပျက်ခြင်းကို။ (ဘင်ခဏကိုလည်းဟူ)။ အာဝဇ္ဇန္တသ၊ ဆင်ခြင်သော။ အသ၊ ထိုအရှင်သာရိပုတ္တရာအား။ ဟောဒေါ၊ ပျက်ခြင်းသည်။ (ဘင်ခဏသည်လည်းဟူ)။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

တစ်ဝတ္ထု၊ တစ်အာရုံတည်းဖြစ်သော နာမ်တရားတို့၏ အပေါင်းကို တစ်ပေါင်းတည်းပြု၍ သိမ်းဆည်းအပ်၏ဟုဆိုသော် အဘယ်ကဲ့သို့ ပေါင်း၍ သိမ်းဆည်းအပ်သနည်း။ နာမ်တရားဟူ၏သဘာဝတို့မည်သည် ဤစိတ်နှင့် ဤစေတသိက်ကို ယှဉ်စေအုံ၊ ဤစိတ်နှင့် ဤစေတသိက်ကို မယှဉ်စေအုံဟု တစ်စုံတစ်ယောက်သောသူ ပေါင်းဆုံ ယှဉ်တွဲခြင်းငှာ

မတတ်နိုင်၊ စင်စစ်သော်ကား စိတ္တနိယာမအားလျော်စွာ အဿသ ပဿာသတို့၏ ပဋိဘာဂ အလောက သညာကြောင့် ထင်လာရသော ဓမ္မတာဖြစ်၍ ငါးပါးသော ဥပမာတို့ကုန် တစ်ပါးပါးမသော ဥပမာဖြင့် ထင်မြင်ရသော သဘောတရားအပေါင်းကို အာရုံပြုသောစိတ်၊စေတသိက်တို့၏ အပေါင်းတို့ကို နမနလက္ခဏာဖြင့် တစ်ပေါင်းတည်းပြု၍ သိမ်းဆည်းအပ်၏။ ပဝတ္တိသဘာဝအားဖြင့်ကား ရအပ်သော ရူပ်တရား၊ နာမ်တရားတို့ကို နောက်မှ ရေးပေးအံ့၊

ထိုသို့ ထင်မြင်အပ်သော ဓမ္မတာသဘောတရားတို့ကို အာရုံပြုလိုက်သော စိတ်၊ စေတသိက်တရားတို့သည် မနောဒ္ဓါရ၏ အစွမ်းဖြင့် သုံးပါးသောပဋ္ဌာန်းသို့ သက်လေ၍ ဤတရားစုကား နာမ်တရားတို့ပေတည်းဟု ထင်ရှားစွာ သိရကုန်၏။

ဟသော်ဝံ ပရိဂ္ဂဟိတ ရူပဿ ဒ္ဒါရဝသေန အရူပဓမ္မာ ပါကဋာဟောန္တိ။ ဝိသုဒ္ဓိ ၂-၂၁၂။

ဧဝံ ဤမိနာ ဝုတ္တနယေန၊ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်။ ပရိဂ္ဂဟိတ ရူပဿ၊သိမ်းဆည်းအပ်ပြီးသော ရူပ်မျိုသော။တဿ၊ထိုယောဂါဝစရအား။ ဒ္ဒါရဝသေန၊ ဒ္ဒါရ၏ အစွမ်းအားဖြင့်။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထို နာမ်တရားတို့ကို သိမ်းဆည်းပါသော်လည်း သုံးပါးသော ပဋ္ဌာန်းသို့ သက်၍ မိမိ၏ အသင်္ခါရ် လေးဖင့်ရကား အကယ်၍မသိနိုင် မမြင်နိုင်သည် ဖြစ်ငြားအံ့၊ ထိုသို့ဖြစ်သော်လည်း ဝန်ချခြင်းကို မပြုမူ၍ ဓမ္မတာ၏ အစွမ်းဖြင့်မြင်သော ရူပ်တို့ကို အဖန်တလဲလဲ ထပ်၍ထပ်၍ ရှုအပ်၏။ထိုသို့ ရှုသောသူ၏အသိဉာဏ်ဖြစ်သော ပဋ္ဌာန်တရားသည်ပင် လွန်စွာသန့်ရှင်း၍ လာရ၏၊ နာမ်တရားတို့၏ ထင်ခြင်းသို့လည်း ရောက်ကုန်၏။

သစေ ပနဿ တေန တေန မုခေန ရူပံ ပရိဂ္ဂဟေတွာ အရူပံ ပရိဂ္ဂဏှာတော သုခုမတ္တာ အရူပံ နဥပဋ္ဌာတိ၊ တေန ဓုရနိက္ခေပံ

အကဘွာ ရူပမေဝ ပုနပ္ပုနံ သမ္မသိတဗ္ဗံ မနသိကာတဗ္ဗံ ပရိဂ္ဂဟေ-
တဗ္ဗံ ဝေဝတ္ထပေတဗ္ဗံ၊ ယထာ ယထာ ဟိဿ ရူပံ သုဝိက္ခာလိတံ
ဟောတိ နိဗ္ဗဒ္ဓံ သုပရိသုဒ္ဓံ၊ တထာ တထာ တဒါရမ္မဏာ အရူပ-
ဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ။ ဝိသုဒ္ဓိ ၌-၂၂၂၅။

ပန၊ ဆက်၍ဆိုအံ့၊ တေန တေန မုခေန၊ ထိုထိုသော မုခဖြင့်။ ရူပံ၊
ရူပ်ကို။ ပရိဂ္ဂဟေတွာ၊သိမ်းဆည်း၍။ အရူပံ၊နာမ်တရားကို။ ပရိဂ္ဂဏှတော၊
သိမ်းဆည်းသော။ အဿ၊ထိုယောဂီအား။ သုခုမတ္တာ၊ အလွန်နူးညံ့သည်
၏ အဖြစ်ကြောင့်။ အရူပံ၊နာမ်တရားသည်။ သစေ နုပဋ္ဌာတိ၊အကယ်၍
မထင်သည်ဖြစ်ငြားအံ့။ တေန၊ထိုကောဂီသည်။ ဓုရနိဂ္ဂေါ၊ဝန်ချခြင်းကို။
အကတွာ၊ မပြုမူ၍။ ရူပမေဝ၊ရူပ်ကိုသာလျှင်။ ပုနပ္ပုနံ၊ တဖန်တလဲလဲ။
သမ္မသိတဗ္ဗံ၊ သုံးသပ်အပ်၏။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ပရိဂ္ဂဟေ
တဗ္ဗံ၊ပိုင်းခြားရှု ယူအပ်၏။ ဝေဝတ္ထပေတဗ္ဗံ၊ အချင်းချင်း မရောယှက်သော
အားဖြင့် ဆုံးဖြတ်အပ်၏။ ဟိ၊ အကျိုးထူးကို ဆိုအံ့။ ယထာ ယထာ၊
အကြင် အကြင် သမ္မသန စသော အစီအရံင်ဖြင့်။ အဿ ယောဂိနော၊
ထိုယောဂီအား။ ရူပံ၊ ရူပ်သည်။ သုဝိက္ခာလိတံ၊ ကောင်းစွာ သုတ်သင်
အပ်သည်။နိဗ္ဗဒ္ဓံ၊အချင်းချင်းမရောယှက်သည်။သုပရိသုဒ္ဓံ၊ထက်ဝန်းကျင်မှ
စင်ကြယ်သည်။ ဟောတိ၊ဖြစ်၏။ တထာ တထာ၊ထိုထို သမ္မသနစသော
အစီအရင်ဖြင့်။ တဒါရမ္မဏာ၊ထိုရူပ်တရားလျှင် အာရုံရှိကုန်သော။ အရူပ-
ဓမ္မာ၊ နာမ်တရားတို့သည်။ သယမေဝ၊မိမိအလိုလိုလျှင်။ (ဝါ)သူသဘော
အတိုင်း။ ပါကဋာ၊ ထင်လာရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏

အဖန်တလဲလဲ ရှုအပ်သည်ရှိသော် ထိုသို့ရှုအပ်သော အသိဉာဏ်ဖြစ်
သော ပဋ္ဌာကတရားသည် လွန်စွာ သန့်ရှင်း၏ဟူရာ၌ အဘယ်သို့ သန့်ရှင်း
လာသနည်းဟူမူ–အဿာသ-အဿာသ၏ပဋိဘာဂ၊ ပဿာသ-ပဿာသ၏
ပဋိဘာဂ အာလောကကြောင့် ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်လာရသော ဝတ္ထု
ရူပ်တရား စသည်တို့ကို ညွှတ်လိုက်သော ရှေးဦးစွာသော ဝိပဿနာ
ကုသိုလ်စိတ်ယှဉ်သော ဖယောဘသိက်ဟူသော အာရမ္မဏိကနှင့်ကျေတရား

အပေါင်းစုကား ဖောက်ပြန်ခြင်း အစရှိသော ရုပ်တရားတို့တည်းဟု ရှေးဦးစွာ တွေ့ထိအပ်သော ရုပ်၏ အာရုံတရားသည် အာရမ္မဏိကနှင့် အာရုံတရားတို့ တွေ့ထိခြင်း အရင်းမူလကို ပြဋ္ဌာန်း၍ ခေါ်ဝေါ်အပ်သော ကြောင့် ဖဿပဋ္ဌာနမည်၏။ ဤဖဿပဋ္ဌာန်၌ ဖဿချည်းသာ မဟုတ်၊ ဖဿနှင့် သဟဇာတ် ဖြစ်ကြကုန်သော ဝေဒနာ သညာ, စေတနာ, ဝိညာဉ် ဤတရား လေးပါးသည်လည်းကောင်း၊ ဤသဟဇာတ်ပရား အပေါင်း၌ ကြင်းသော စေတသိက်တရား (၃၄) ပါးတို့သည် လည်းကောင်း၊ မိမိ မိမိတို့ ခန္ဓာအစုမ်းအားဖြင့် သူ့လက္ခဏာနှင့် သူ ပါကြရလေကုန်၏။

ဝေဒနာပဋ္ဌာန်၌လည်း ၎င်းနည်းတူ ဝေဒနာစေတသိက် ဟူသော အာရမ္မဏိကနှင့် ဤတရားစုအပေါင်းကား ဖောက်ပြန်ခြင်း အစရှိသော ရုပ်တရားတို့တည်းဟု ရှေးဦးစွာ ခံစားအပ်သော ရုပ်၏အာရုံတရားသည် အာရမ္မဏိကနှင့် အာရုံတရားတို့ ခံစားခြင်းမူလကို ပြဋ္ဌာန်း၍ ခေါ်ဝေါ်အပ်သောကြောင့် ဝေဒနာပဋ္ဌာနမည်၏။ ဤဝေဒနာပဋ္ဌာန်၌ ဝေဒနာချည်းသာမဟုတ်၊ ဝေဒနာနှင့် သဟဇာတ် ဖြစ်ကြကုန်သော သညာ, ဖဿ, စေတနာ, ဝိညာဉ် ဤတရားလေးပါးသည်လည်းကောင်း၊ ဤသဟဇာတ်တရားအပေါင်း၌ ကြင်းသော စေတသိက်တရား (၃၄)ပါး တို့သည် လည်းကောင်း မိမိ မိမိတို့ ခန္ဓာအစုမ်းအားဖြင့် သူ့လက္ခဏာနှင့် သူ ပါကြရလေကုန်၏။

ဝိညာဏပဋ္ဌာန်၌လည်း ၎င်းနည်းတူ ဝိပဿနာ ဝိညာဉ်စိတ် ဟူသော အာရမ္မဏိကနှင့် ဤတရားစုအပေါင်းကား ဖောက်ပြန်ခြင်း အစရှိသော ရုပ်တရားတို့တည်းဟု ရှေးဦးစွာ သိအပ်သော ရုပ်၏အာရုံတရားသည် အာရမ္မဏိကနှင့် အာရုံတရားတို့ သိခြင်းမူလကို ပြဋ္ဌာန်း၍ခေါ်ဝေါ်အပ်သောကြောင့် ဝိညာဏပဋ္ဌာနမည်၏။ ဤဝိညာဏပဋ္ဌာန်၌ ဝိညာဉ်ချည်းသာမဟုတ်၊ ဝိညာဉ်နှင့်သဟဇာတ် ဖြစ်ကြကုန်သော ဝေဒနာ, သညာ, ဖဿ, စေတနာ ဤတရားလေးပါးသည် လည်းကောင်း၊ ဤသဟဇာတ်

တရားအပေါင်းခွဲ ကြွင်းသော စေတသိက်တရား (၃၄)ပါးတို့သည် လည်း ကောင်း မိမိ မိမိတို့ ခန္ဓာအစုမ်းအားဖြင့် သူ့လက္ခဏာနှင့်သူ ပါကြရလေ ကုန်၏။ (အာဂုံကိုလိုမှ ဝိသုဒ္ဓိမဂ်မှာယူ။)

ဤကား ယောဂါဝစရပုဂ္ဂိုလ်တို့၏ ဆိုက်ရောက်မြဲ ဓမ္မတာ၏ အစုမ်းဖြင့် ပြအပ်သော ရူပပရိဂ္ဂဟ, နာမပရိဂ္ဂဟ နည်းတို့ပေတည်း၊ နာမ်ခွဲ အထပ်ထပ် ပြခြင်းသည်ကား အလွန်ထင်ရှားခဲ့လှ၍ ပြလိုက်ရသည်။

၂၅-ပဝတ္တိနည်းအားဖြင့် ရူပ ပရိဂ္ဂဟဲကို ပြခြင်း

ပဝတ္တိသဘာဝအားဖြင့်ကား ဤ ဆိုလတ္တံ့သော နည်းကို သိအပ်၏။ ထိုပဝတ္တိသဘာဝခွဲ သာမညမုခ, ခန္ဓမုခ, အာယတနမုခ, ဓာတုမုခအားဖြင့် လေးပါး အပြားရှိ၏။ ထိုလေးပါးတို့တွင် တစ်ပါး တစ်ပါးသော မုခခွဲ သာဝသေသ အနဝသေသ ဟူ၍လည်းကောင်၊ ဥပဂ, အနုပဂဟူ၍လည်း ကောင်း နှစ်ပါး နှစ်ပါးစီ ဝေဖန်အပ်၏။ ထိုသို့ဝေဖန်လျက် သာမညမုခခွဲ သာဝသေသအားဖြင့် ထုတ်၍ ရူပ်တရား, နာမ်တရားတို့ကို သိမ်းဆည်း လိုလတ်သော ယောဂါဝစရသည် မိမိအားထုတ်အပ်သော အာနာပါနခွဲ ရအပ်သော ရူပ်တရားကား အဘယ်ရှေ့ အဘယ်မျှလောက် ရအပ်ပေ သနည်းဟု စူးစမ်းလတ်သော်...အဿာသပဿာသခွဲ ရအပ်သောရူပ်ကား ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာဟူ၍ သုဒ္ဓိဋ္ဌက ကလာပ်တစ်စည်း ဟူ၍လည်းကောင်း၊ [သစ္စသင်္ခေပ အဋ္ဌကထာအလို တည်း။] ၎င်းသုဒ္ဓိဋ္ဌကကလာပ်တွင် သဒ္ဒရူပ်ထည့်၍ သဒ္ဒနဝက ကလာပ် တစ်စည်းဟူ၍ လည်းကောင်း၊ [ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အလိုတည်း။] ၎င်းသုဒ္ဓိဋ္ဌကကလာပ်နှင့် သမ္ဘဒ္ဓိကဖြစ်ကြသော ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတ, ဝတ္ထု– ဟူသော ဝတ္ထုဒသက ကလာပ်ဟူ၍ လည်းကောင်း ပေါင်း တစ်ဆယ့်ရှစ်ပါး၊ တစ်နည်းအားဖြင့် တစ်ဆယ့်ကိုးပါးသော ရူပ်တို့ကို ရအပ်ကုန်၏။

ဤကား–

တတော ယထာ နာမ ပုရိသော အန္ဓောဂေဟေ သပ္ပံ ဒိသ္ဝာ တံ အနုဗန္ဓမာနော တဿ အာသယံ ပဿတိ၊ ဧဝမေव အယမ္ပိ ယောဂါဝစရော တံ နာမံ ဥပပရိက္ခန္တော ဣဒံ နာမံ ကိံ နိဿာယ ပဝတ္တတိတိ ပရိယေသမာနော တဿ နိဿယံ ဟဒယရူပံ ပဿတိ– ဝိသုဒ္ဓိ ၂–၂၂၂။

ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို လည်းကောင်း။

"ကိဉ္စာပိ အာသာသပဿာသာ စိတ္တသမုဋ္ဌာနာ၊ ကရဇကာယံ ပန ဝိနာ တေသံ အပဝတ္တနတော ကာယဉ္စ စိတ္တဉ္စ ပဋ္ဌိစ္စ အာသာသ ပဿာသာတိ ဝုတ္တံ"– ဝိသုဒ္ဓိ ၂–၁၊၃၃၇။

ဟူသော မဟာဋီကာကြီးကို လည်းကောင်း ထောက်၍ သာဝသေသ သာမညမုခဋ္ဌ ယူရမည်ကို ပြလိုက်သည်။ ဝတ္ထုရူပ်နှင့် အာသာသပဿာသ နိမိတ်တို့ စပ်ပုံကို နောက်က ပြခဲ့ပြီ။

တတော တသ္မိံ ကာလေ၊ ထိုသို့ နာမ်ရူပ်ကို သိမ်းဆည်းရာ၌။ ယထာနာမ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ အန္ဓောဂေဟေ၊အိမ်တွင်း၌။ သပ္ပံ၊ မြွေကို။ ဒိသ္ဝာ၊ မြင်၍။ တံ၊ ထိုမြွေကို။ အနုဗန္ဓမာနော၊ အစဉ်တစိုက် လိုက်လတ်သည်ရှိသော်။ တဿ၊ ထိုမြွေ၏။ အာသယံ၊ အောင်းရာနေရာကို။ ပဿတိယထာ၊ မြင်၏သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အယမ္ပိ ယောဂါဝစရော၊ ဤယောဂါဝစရသည်လည်း။ တံ နာမံ၊ ထိုနာမ်ကို။ ဥပပရိက္ခန္တော၊ ဉာဏ်ဖြင့်ကပ်၍ ရှုအပ်သည်ရှိသော်။ ဣဒံ နာမံ၊ ဤနာမ်သည်။ကိံ ၊ အဘယ်တရားကို။ နိဿာယ၊မှီ၍။ ပဝတ္တတိ၊ ဖြစ်ဆန်း။ ဣတိ၊ဤသို့။ ပရိယေသမာနော၊ ထက်ဝန်းကျင်မှ ရှာလတ်သော်။ တဿ၊ ထိုနာမ်၏။ နိဿယံ၊ မှီရာဖြစ်သော။ ဟဒယရူပံ၊ ဟဒယဝတ္ထုရူပ်ကို။ ပဿတိ၊ မြင်၏။

အသာသ ပဿာသာ၊ ထွက်သက် ဝင်သက်တို့သည်။ ကိဉ္စာပိ စိတ္တ-သမုဋ္ဌာနာ၊ အကယ်၍ စိတ်ကြောင့်ဖြစ်ကုန်၏ရှင့်။ ပန် တထာပိ၊ ထိုသို့

စိတ်ကြောင့်ဖြစ်ပါကုန်သော်လည်း။ ကရဇကာ့ယံ၊ ကရဇကာယကို (၀၊) ဝတ္ထုရူပ်ကို။ ဝိနာ၊ ကြဉ်၍။ တေသံ၊ ထိုထုက်သက် ဝင်သက်တို့၏။ အပ္ပ ဝတ္တနတော၊ မဖြစ်ခြင်းကြောင့်။ ကာယဠ္ဟ စိတ္တဠ္ဟ ပဋ္ဌိစ္ဘ အသာသ ပဿာသာတိ၊ ကာယဠ္ဟ စိတ္တဠ္ဟ ပဋ္ဌိစ္ဘ အသာသ ပဿာသာ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်တော်မူအပ်၏။

ထို တစ်ဆယ့်ရှစ်ပါးသော ရူပ်တို့ကို တစ်ပေါင်းတစ်စည်းတည်းပြု၍ သိမ်းဆည်းအပ်သော အခါကာလ၌လည်း "ယာထာ၀ သရသလက္ခဏ-တော အာ၀ိဘူတာသု ခ၀တူသု"ဟု အဋ္ဌကထာဆရာ မိန့်မှာတော်မူအပ်သည်နှင့်အညီ ၎င်းတစ်ဆယ့်ရှစ်ပါးသော ရူပ်တို့၏ ဖောက်ပြန် ပျက်စီးခြင်း၏ သဘောကို မိမိ မိမိတို့ သဘောလက္ခဏာစသည်တို့၌ ဟုတ်မှန်စွာ ထိုးထွင်း၍ သိအပ်မြင်အပ်၏။

အာဘယ်သို့ သိအပ်မြင်အပ်သနည်းဟူမူ—

ပထ၀ိခေါတ်သည်–

(၁) ခက်မာသော အဖြစ်တည်းဟူသော့ လက္ခဏာ၊

(၂) သဟဇာတ်တရားတို့၏ တည်ခြင်းဟူသော ရသ!

(၃) ဆဟဇာတ်တရားတို့ကို ခံလင့်ခြင်းဟူသော ပစ္စုပဋ္ဌာန်၊

(၄) ကြွင်းသော ဘူတရူပ်လျှင် နီးစွာသော အကြောင်းရှိသော ပဒဋ္ဌာန်ရှိ၏။

အာပေါခေါတ်သည်–

(၁) ယိုစီးခြင်းဟူသော လက္ခဏာ၊

(၂) သဟဇာတ်တရားတို့ကို ပွားစေခြင်းဟူသော ရသ၊

(၃) သဟဇာတ်တရားတို့ကို ဖွဲ့စည်းခြင်းဟူသော ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ပဒဋ္ဌာန်မှာ ပဌ၀ီခေါတ်နှင့် တူသည်ချည်း မှတ်။

တေဇောဓာတ်သည်–

(၁) ပူခြင်း အေးခြင်းဟူသော လက္ခဏာ၊
(၂) ကျက်ခြင်း ရင့်ခြင်းဟူသော ရသ၊
(၃) သဟဇာတ် တရားတို့၏ နှုးညှံ့သော အဖြစ်ကို ပေးခြင်း ဟူသော ပစ္စုပဋ္ဌာန်ရှိ၏၊
(၄) ပဒဋ္ဌာန် နည်းတူ။

ဝါယောဓာတ်သည်–

(၁) သဟဇာတ်တရားတို့ကို ထောက်ပံ့ခြင်းဟူသော လက္ခဏာ၊
(၂) သဟဇာတ်တရားတို့ကို တွန်းပို့ခြင်းဟူသော ရသ၊
(၃) သဟဇာတ်တရားတို့ကို ရှေ့ရှုဆောင်ခြင်း ဟူသော ပစ္စုပဋ္ဌာန်ရှိ၏။
(၄) ပဒဋ္ဌာန် နည်းတူ။

ပထဝီဓာတု ကကွဇ္ဇတ္တလက္ခဏာ၊ ပတိဋ္ဌာနရသာ။
သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊ သေသဘူတတ္တယပဒဋ္ဌာနာ။

အာပေါဓာတု ပဗ္ဗရဏလက္ခဏာ၊ ပြုပြာနရသာ၊ သင်္ဂဟ ပစ္စုပဋ္ဌာနာ။

တေဇောဓာတု ဥဏှတ္တလက္ခဏာ၊ ပရိပါစန ရသာ၊ မဒ္ဒဝါ-နုပ္ပါဒနပစ္စုပဋ္ဌာနာ။

ဝါယောဓာတု ဝိတ္ထမ္ဘန လက္ခဏာ၊ သမုဒီရဏရသာ၊ အဘိနိ-ဟာရ ပစ္စုပဋ္ဌာနာ။ ဝိသုဒ္ဓိ–၁၊၄၆၂။

အနုက်မ္မာ ရေးခဲ့ပြီးသော သဘောအတိုင်း မှတ်ရာ၏။(ဘူတရူပ်ဖို)။
ယောဂိပါရဂူ ဂ ပ·မ·သ·ဗ

ဝဏ္ဏခေတ်သည်-

(၁) စက္ခုပသာဒကို ထိခတ်ခြင်းလျှင် မှတ်ကြောင်းရှိသော လက္ခဏာ၊

(၂) စက္ခုဝိညာဉ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဟူသော ရသ၊

(၃) စက္ခုဝိညာဉ်၏သာလျှင် ကျက်စားရာအာရုံ၏ အဖြစ် ဟူသော ပစ္စုပဋ္ဌာန်၊

(၄) လေးပါးသော မဟာဘုတ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။ (အာသန္နတ္ထ၊ အပ္ပကဋ္ဌ မြန်မာ ၂-ခုကို သတိပြု)။

စက္ခုပဋ္ဌိဟနနလက္ခဏံ ရူပံ၊ စက္ခုဝိညာဏဿ ဝိသယဘာဝ-ရသံ၊ တသ္မေဝ ဂေါစရပစ္စုပဋ္ဌာနံ၊ စတုမဟာဘူတပဒဋ္ဌာနံ။
ဝိသုဒ္ဓိ ၁-၂၊၇၆။

(အနက် ရေးပြီးသော သဘောအတိုင်း။)

ဃာနခေတ်သည်-

(၁) ဃာနပသာဒကို ထိခတ်ခြင်းလျှင် မှတ်ကြောင်းလက္ခဏာ၊

(၂) ဃာနဝိညာဉ်အား အာရမ္မဏပစ္စယသတ္တိဖြင့်ကျေးဇူးပြုခြင်း ဟူသော ရသ၊

(၃) ဃာနဝိညာဉ်၏ သာလျှင် ကျက်စားရာ အာရုံ၏ အဖြစ် တည်းဟူသော ပစ္စုပဋ္ဌာန်၊

(၄) လေးပါးသော မဟာဘုတ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

ဃာနပဋ္ဌိဟနနလက္ခဏော ဂန္ဓော၊ ဃာနဝိညာဏဿ ဝိသယ ဘာဝရသော၊ တသ္မေဝ ဂေါစရပစ္စုပဋ္ဌာနော။ ၎င်းနည်း။
ဝိသုဒ္ဓိ ၁-၂၊၇၇။

ရသစောတ်သည်-

(၁) ဇိဝှါပသာဒကို ထိခတ်ခြင်းလျှင် မှတ်ကြောင်းလက္ခဏာ၊

(၂) ဇိဝှါဝိညာဉ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းဟူသော ရသ၊

(၃) ဇိဝှါဝိညာဉ်၏သာလျှင် ကျက်စားရာအာရုံ၏ အဖြစ်တည်းဟူသော ပစ္စုပဋ္ဌာန်၊

(၄) လေးပါးသော မဟာဘုတ်လျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

ဇိဝှါပဋ္ဌိဟနနလက္ခဏော ရသော၊ ဇိဝှါဝိညာဏဿ ဝိသယဘावဝရသော၊ တသ္မေव ဂေါစရ ပစ္စုပဋ္ဌာနော။ ၎င်းနည်းတူ။

ဝိသုဒ္ဓိ ၂-၂၂၇။

သြဇာစောတ်သည်-

(၁) အလုတ်အစလုံး မဟုတ်သော်လည်း အလုတ်အလေးကဲ့သို့ ပြုအပ်သော အာဟာရသည် အင်္ဂါကြီးငယ်ကိုလျှောက်သော ရသ၏ အနှစ်သာရဟု ဆိုအပ်သော အာဟာရ၏ အစေးအဆီဖြစ်သောဘုတ်ဌမှိသော တစ်ခုသော ဝိသေသတရားဟူသော လက္ခဏာ၊

(၂) သြဇာလျှင်ရှစ်ခုမြောက်သော ရူပ်ကိုဆောင်ခြင်းဟူသော ရသ၊

(၃) သြဇာဌမကရူပ်ကို ဖြစ်စေသောအားဖြင့် ရူပကာရကိုထောက်ပံ့တတ်သော သဘောဟူသော ပစ္စုပဋ္ဌာန်၊

(၄) အလုတ်အလေး မဟုတ်သော်လည်း အလုတ်အလေးကဲ့သို့ ပြု၍ သြဇာလျှင် ရှစ်ခုမြောက်သော ရူပ်ကို ဆောင်ထတ်သော ဝတ္ထုလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

သြဇာလက္ခဏာ ကဗဠိကာရော အာဟာရော၊ ရူပါဟာရဏ-ရသော၊ ဥပထမ္ဘန ပစ္စုပဋ္ဌာနော၊ ကဗဠံ ကတ္တာ အာဟာရိ-တမ္ဘ ဝတ္ထုပဒဋ္ဌာနော။ (ဂင်းနည်းတူ) ဝိသုဒ္ဓိ ၂၊ ၂၊၈၀။

ဤကား စိတ်ကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်၌ ရအပ်သော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်လေးပါး လေးပါးတို့တည်း။

ဝတ္ထုဒသက ကလာပ်၌ ရအပ်သော လက္ခဏာ စသည်တို့တွင် အဝိ-နိဘောဂရူပ် ရှစ်ပါး၏ လက္ခဏာ စသည်တို့ကား ရေးခဲ့ပြီးသော စိတ္တဇ ကြောင့်ဖြစ်သော အဿာသ ပဿာသနှင့်အတူတူပင်တည်း။ ကြင်းသော ရူပ်၏ လက္ခဏာ စသည်တို့ကိုသာ ဖွဲ့၍ ပြတော့အုံ့။

ဇီဝိတိန္ဒြေသည်-

(၁) မိမိနှင့်တကွဖြစ်သော ကမ္မဇရူပ်တို့ကို စောင့်ရှောက်ခြင်း ဟူသော လက္ခဏာ၊

(၂) ထိုသဟဇာတ်ရူပ်တို့ကို မျှစေခြင်း၊ ယှဉ်စေခြင်း ဟူသော ရသ၊

(၃) ထိုသဟဇာတ်ရူပ်တို့ကိုသာလျှင် ထားခြင်း၊ တည်စေခြင်း ဟူသော ပစ္စုပဋ္ဌာန်၊

(၄) မိမိသည် အစဉ်စောင့်သည်၏အစွမ်းဖြင့် မျှစေအပ်သော သဟဇာတ် မဟာဘူတ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

သဟဇရူပါနုပါလန လက္ခဏာ ဇီဝိတိန္ဒြိယံ၊ တေသံ ပဝတ္တန ရသံ၊ တေသညေဝ ဌပနပစ္စုပဋ္ဌာနံ၊ ယာပယိတမ္ဘူတပဒဋ္ဌာနံ။ (ဂင်းနည်းတူ) ဝိသုဒ္ဓိ ၂-၂၊၇၇။

ဟဒယဝတ္ထုသည်-

(၁) မနောဓာတ်၊ မဒုနာဝိညာဏဓာတ်တို့၏ မှီရာ၏အဖြစ်တည်း ဟူသော လက္ခဏာ၊

(၂) ထိုဓာတ်နှစ်ပါးတို့ကိုသာလျှင် နိဿယပစ္စည်းအဖြစ်ဖြင့် လွန်စွာ ဆောင်ခြင်းဟူသော ရသ၊

(၃) ထိုဓာတ်နှစ်ပါးတို့ကို မိမိအပေါ်၌ တင်၍ ထမ်းဆောင်သကဲ့သို့ ထင်ခြင်းဟူသော ပစ္စုပဋ္ဌာန်၊

(၄) မဟာဘုတ်လျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

မနောဓာတုမနောဝိညာဏဓာတူနံ နိဿယလက္ခဏံ ဟဒယ-ဝတ္ထု၊ တာသညေဝဓာတူနံ အာဓာရဏရသံ၊ ဥဒ္ဓဟနပစ္စုပဋ္ဌာနံ။ (ဂင်းနည်းကူ) ဝိသုဒ္ဓိ ၌-၂၊၃၃၊

ဤကား သစ္စသင်္ခေပအဋ္ဌကထာအလို ဖွဲ့အပ်သော တစ်ဆယ့်ရှစ်ပါးသော ရူပ်တို့တည်း။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာအလို ဖွဲ့ပါမူ သဒ္ဒရူပ်၏ လက္ခဏစသည်တို့ကိုဖွဲ့၍ တစ်ဆယ့်ကိုးပါး ဖွဲ့ကြပါလေ။ (ဥပါဒါရူပ်ဖို့။)

၂၆–ပဝတ္တိနည်းအားဖြင့် နာမပရိဂ္ဂဟကို ပြခြင်း

အသောသ ပသောသကို စီးပြန်းအားထုတ်ခိုက်၌ ရအပ်သော နာမ်တရားကား- "ကုသလသမ္မယုတ္တစိတ္တံ ဝိပဿနာဉာဏံ"ဟူ၍ အဋ္ဌကထာပြတော်မူသောကြောင့် ကာမာဝစရကုသိုလ် အသင်္ခါရိကဉာဏ သမ္မယုတ်စိတ် တစ်ပါး။

ကာမာဝစရ သောဘနေ ဝါနိ ကုသလေသု တာဝ ပထမဒ္ဒုယေ အညသမာနာ စေတသိကာ ပဠေဝိသတိ သောဘနစေ-သိကာစေတိ အဋ္ဌတိ သ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ- ဤသို့ သင်္ဂဟ အဋ္ဌကထာ မိန့်မှာတော်မူသည်နှင့်အညီ-

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ။ ကေဠာ၊ ဇီဝိတိန္ဒြေ၊ မနသိ-ကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ–ဟူသော အညသမာန်း စေတသိက် တစ်ဆယ့်သုံးပါး။

သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ကာယလဟုတာ၊ စိတ္တလဟုတာ၊ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ-ဟူသော သောဘန-စေတသိက် တစ်ဆယ့်ကိုးပါး။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ-ဟူသော ဝိရတိစေတသိက် သုံးပါး။

ကရုဏာ၊ မုဒိတာ-ဟူသော အပ္ပမညာစေတသိက် နှစ်ပါး။
ပညိန္ဒြေ စေတသိက် တစ်ပါး အားဖြင့်-

ပေါင်း (၃၈) ပါးသော စေတသိက်တို့သည် ကာမာဝစရကုသိုလ်စိတ်၌ ယှဉ်၍ဖြစ်ကုန်ရကား (၃၉) ပါးသော နာမ်တရားတို့ကို ရအပ်ကုန်၏။

ပန၊ မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်းမှတစ်ပါး ကာမာဝစရသောဘာန စိတ်၌ သင်္ဂဟနည်းကို ဆိုဦးအုံ့။ ကာမာဝစရသောဘာနေသု၊ ကာမာဝစရ သောဘာနစိတ် နှစ်ဆယ့်လေးခုတို့တွင်။ ကုသလေသု၊ မဟာကုသိုလ်စိတ် ရှစ်ခုတို့၌။ တာဝ၊ ရှေးဦးစွာ။ သင်္ဂဟော၊ ပေါင်းခြင်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ မိန့်အပ်၏။ ပထမဒ္ဒယော၊ မဟာကုသိုလ်ပထမဒွေး၌။ အညသမာနာ၊ အညသမာန်းအမည်ရှိကုန်သော။ တေရသ၊ ၁၃-ပါး ကုန်သော။ စေတသိကာ စ၊ စေတသိက်တို့လည်းကောင်း။ ပဋ္ဌဝိသတိ၊ ၂၅-ပါးကုန်သော။ သောဘနစေတသိကာစ၊ ဇသောဘန စေတသိက်တို့ လည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌတိံသ၊ ၃၈-ပါးကုန်သော။ ဓမ္မာ၊ စေတသိက်တရားတို့သည်။ သင်္ဂဟံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ (သင်္ဂြိဟ် အနက်)

ထိုသုံးဆယ့်ကိုးပါးကုန်သော နာမ်တရားတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို အဋ္ဌကထာကြီးတို့နှင့် ညီညွတ်စွာ မှတ်လွယ်စေခြင်းငှါ ဆရာကြီးတို့ ဆောင်ရွက်ကြသော အစဉ်ကို ပြလိုက်အုံ့။

ကုသိုလ်စိတ်သည်-

(၁) အပြစ်မရှိခြင်း ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာ၊
(၂) အကုသိုလ်ကို ဖျက်ဆီးခြင်း ကိစ္စ၊
(၃) ဖြူစင်ခြင်းလျှင် ထင်သော အခြင်းအရာ၊
(၄) အသင့်အတင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်း ရှိ၏။

ကုသလံ အနဝဇ္ဇ သုခဝိပါက လက္ခဏံ၊ အကုသလ ဝိဒ္ဓံသန ရသံ၊ ဝေါဒါန ပစ္စုပဋ္ဌာနံ၊ ယောနိသော မနသိကာရပဒဋ္ဌာနံ။
အဘိဓ-၁၊၁၀၅

အနက်ရေးခဲ့ပြီးသော သဘောအတိုင်း နောက်ကိုလည်း နည်းတူ။ ယူလေ။ (စိတ်ဖို)

ဖဿသည်-

(၁) အာရုံကို တွေ့ထိခြင်း လက္ခဏာ၊
(၂) အာရုံကို ထိခတ်ခြင်း ကိစ္စ၊
(၃) ဝတ္ထု, အာရုံ, ဝိညာဉ်သုံးပါးတို့ စုဝေးခြင်းလျှင် အခြင်းအရာ၊
(၄) ထင်ခြင်းသို့ရောက်သောအာရုံလျှင် နီးစွာသောအကြောင်းရှိ၏၊

ဖဿော ဖုသနလက္ခဏော၊ သံဃဋ္ဋနရသော။
သန္နိပါတ ပစ္စုပဋ္ဌာနော၊ အာဂါဃဝတ္ထုပဒဋ္ဌာနော။
အဘိဓ-၁၊၁၅၁-၁၅၂။ ဝိသုဒ္ဓိ ၂-၂၊၁၅၉။

ဝေဒနာသည်-

(၁) အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာ၊
(၂) အာရုံ၏ အရသာကို သုံးဆောင်ခြင်း ကိစ္စ၊
(၃) သုခ, ဒုက္ခဖြစ်၍ ဉာဏ်အား ရှေ့ရှုထင်ခြင်း၊
(၄)ဖဿလျှင် နီးစွာသော အကြောင်းရှိ၏။

အနုဘဝနလက္ခဏာ ဝေဒနာ၊ ဝိသယရသသမ္ဘောဂ ရသာ။
သုခ ဒုက္ခ ပစ္စုပ္ပဋ္ဌာနာ၊ ဖဿ ပဒဋ္ဌာနာ။
အဘိ ၊-၁၊၁၅။ ဝိသုဒ္ဓိ ၊-၂၊၁၅၉။

သညာသည်-

(၁) အမှတ်ပြု၍ သိခြင်း လက္ခဏာ၊
(၂) "ဤဝတ္ထုသည် ထိုရှေးမှတ်ဖူးသော ဝတ္ထုပင်တည်း" ဤသို့ နောင် သိကြောင်းအမှတ်ကို ပြုခြင်း ကိစ္စ၊ (သစ် စသည်တို့၌ တစီးသမား စသည်တို့ကဲ့သို့တည်း။)
(၃) ယူတိုင်းသော အမှတ်အသား၏ အစွမ်းဖြင့် ထိုးဆွင်း၍ မကြဲဘဲ အပေါ်ရုံ လျှံကာသာ နှလုံးသွင်းခြင်း ပစ္စုပဋ္ဌာန် (ဆင်ကို စမ်းမိကြသော သူကန်းတို့ကဲ့သို့တည်း၊)
(၄) အကြင် အကြင် ထင်တိုင်းသော အာရုံလျှင် နှီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။ (မြက်ဖြင့်, ပြုလုပ်အပ်သော လူရုပ်တို့၌ သမင်ငယ်တို့၏ လူဟူ၍ ထင်မှတ်သကဲ့သို့တည်း။)

သညာ သဠာယတန လက္ခဏာ၊ "တဒေဝေတန္တိ" ပုန သဠာယတန ပစ္စယနိမိတ္တကရဏရသာ ဒါရုအာဒီသု တစ္ဆကာဒယော ဝိယ။ ယထာဂဟိတနိမိတ္တဝသေန အဘိနိဝေသကရဏပစ္စုပဋ္ဌာနာ ဟတ္ထိဒဿက အန္ဓာ ဝိယ။ ယထာ ဥပဋ္ဌိတဝိသယပဋိဗဒ္ဓနာ တိဏပုရိသကေသု မိဂပေါတကာနံ "ပုရိသာ"တိ ဥပ္ပန္နသညာ ဝိယ။ အဘိ ၊-၁၃-၁၅-၁၆။ ဝိသုဒ္ဓိ ၊-၂၊၉၂။

စေတနာသည်-

(၁) နှိုးဆော်ကြောင့်ကြခြင်း လက္ခဏာ၊
(၂) သမ္မယုတ်တရားတို့ကို ထိုထိုကိစ္စ၌ ရုံးစည်းယက်သယ်ခြင်းကိစ္စ၊
(၃) စီရင်ခြင်း ပစ္စုပဋ္ဌာန်၊
(၄) ကြင်းသော ခန္ဓာသည် ပဒဋ္ဌာန်။

စေတနာယ စေတနာဘာဝေါ၊ အာယူဟော သံဝိဓာနနံ။
အဘိ-၁၊၁၅၅။

ကေဂ္ဂတာသည်-

(၁) မိမိ၏ကာရံတပါး မရှေ့ရှားခြင်း၊ သမ္ပယုတ်ကရားတို့ကို မပျံ့လွင့်စေခြင်း နှစ်ပါးသော လက္ခဏာ၊

(၂) သဟဇာတ် နာမ်တို့ကို ပေါင်းစုခြင်း ကိစ္စ၊

(၃) စိတ်၏ငြိမ်သက်ခြင်း ပစ္စုပဋ္ဌာန်၊

(၄) သုခဝေဒနာလျှင် ပဒဋ္ဌာန်။

ကေဂ္ဂတာ အဝိသာရ- အဝိက္ခေပ ဒ္ဝိလက္ခဏာ။
သဟဇာတသံဃနှနာ၊ ဥပသမာ သုခါ ကမာ။
အဘိ ၁-၁၊၁၆၂။ ဝိသုဒ္ဓိ ၁-၂၊၉၄၆။

ဇီဝိတိန္ဒြေသည်-

(၁) မိမိနှင့်တကွဖြစ်သော သမ္ပယုတ်တရားတို့ကို စောင့်ရှောက်ခြင်း လက္ခဏာ၊

(၂) ထိုသဟဇာတ် နာမ်တို့ကို မျှစေခြင်း, ယှဉ်စေခြင်း ရသ၊

(၃) ထိုသဟဇာတ် နာမ်တို့ကိုသာလျှင် ထားခြင်း, တည်စေခြင်း ပစ္စုပဋ္ဌာန်၊

(၄) မိမိသည် အစဉ်စောင့်သည်၏ အစွမ်းဖြင့် မျှစေအပ်သော သဟဇာတ် နာမ်တရားတို့လျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်။

သဟဇာတနာမာနုပါလနလက္ခဏံ ဇီဝိတိန္ဒြိယံ၊
တေသံ ပဝတ္တနရသံ၊ တေသညေव ဌပနပစ္စုပဋ္ဌာနံ။
အဘိ ၁-၁၊၁၆-၇။

(ပဒဋ္ဌာန်မပါသော သဘောတို့၌ သေသခန္ဓပဒဋ္ဌာန်ချည်းမှတ်။)

မနုသိကာရသည်–

(၁) သမ္မယုတ်တရားတို့ကိုအာရုံသို့စိုင်းနှင်ခြင်း, ပြေးစေခြင်းလက္ခဏာ၊
(၂) အာရုံ၌ ယှဉ်စေခြင်း ကိစ္စ၊
(၃) အာရုံသို့ ရှေ့ရှုသည်၏အဖြစ်လျှင် ပစ္စုပဋ္ဌာန်၊
(၄) အာရုံလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

မနသိကာရော သာရဏော၊ သံယောဇနရသော။
အာလမ္မဏာဘိမုခဘာဝေါ၊ အာလမ္မဏ ပဒဋ္ဌာနော။
အဘိ ဋ္ဌ-၁၊၁၇၇။

ဝိတက်သည်–

(၁) သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ခြင်း လက္ခဏာ၊
(၂) အာရုံကို ရှေးဦးစွာ ခေါက်ခြင်း ကိစ္စ၊
(၃) အာရုံကို ရှေ့ရှုဆောင်ခြင်း ပစ္စုပဋ္ဌာန်၊ (ဌာတ်ကြီးတို့၏ ရှေးဦးစွာ အတောင်ခတ်သကဲ့သို့တည်း။)

ဝိတက္ကော ဘိနိရောပနော၊ အာဟနုပူရိယာဟနော။
အာနယနဥပဋ္ဌာနော၊ ပက္ခဝိက္ခေပနံ ယထာ။
အဘိ ဋ္ဌ-၁၊၁၅၇။

ဝိစာရသည်–

(၁) အဖန်တလဲလဲ သုံးသပ်ခြင်း လက္ခဏာ၊
(၂) သမ္မယုတ်တရားတို့ကို အာရုံ၌ မပြတ် ယှဉ်စပ်ခြင်း ကိစ္စ၊
(၃) အဖန်တလဲလဲ ဖွဲ့ခြင်း ပစ္စုပဋ္ဌာန်၊ (လေဟုန်စီးသော ဌက်ကြီး ကဲ့သို့တည်း။)

ဝိစာရော အနုမဇ္ဇနော၊ အနုသံယောဇနရသော။
အနုမ္ဘဇနဥပဋ္ဌာနော၊ ပက္ခပသာရဏံ ယထေဝ။ အဘိ ဋ္ဌ-၁၊၁၅၈။

အဓိမောက္ခသည်–

(၁) သန္ဓိဌာန်ချခြင်း လက္ခဏာ၊
(၂) မရွှေ့ရှားခြင်း ကိစ္စ၊
(၃) ဆုံးဖြတ်ခြင်းလျင် ပစ္စုပဋ္ဌာန်၊
(၄) နိယတသန္ဓိဌာန်လျှင် ပဒဋ္ဌာန်။

အဓိမောက္ခော သန္ဓိဌာနော၊ အသံသပ္ပနနိစ္ဆယော။
သန္ဓိဋ္ဌေယျပဒဋ္ဌာနော။ အဘိ ဋ္ဌ-၁၊၁၇၇။

ဝိရိယသည်—

(၁) အားထုတ်ခြင်း လက္ခဏာ၊
(၂) သဟဇာတ်တရားတို့ကို အားပေးထောက်ပံ့ခြင်း ကိစ္စ၊
(၃) မတွန့်တိုခြင်း ပစ္စုပဋ္ဌာန်၊
(၄) သံဝေဂရှစ်ပါးခဲ့ ထိတ်လန့်ခြင်း ပဒဋ္ဌာန်။

ဝိရိယံ တု ဥဿာဟနံ၊ သဟဇာတုပထမ္ဘနံ။
အသံသီဒနံ သံဝေဂံ။ ။

ပီတိသည်—

(၁) ချစ်နှစ်သက်ခြင်း လက္ခဏာ၊
(၂) ကိုယ်စိတ်တို့ကို ပြည့်ဖြိုးစေခြင်း ကိစ္စ၊
(၃) တက်ကြွခြင်း ပစ္စုပဋ္ဌာန်။

ပီတိ သံပိယာယနာ၊ ပီဏနောဒဂျုပဋ္ဌာနာ။
အဘိ ဋ္ဌ-၁၊၁၅၈။

ဆန္ဒသည်—

(၁) အာရုံကို ပြိုလိုသော အဖြစ်ဟူသော လက္ခဏာ၊
(၂) အာရုံကို ရှာမှီးခြင်း ကိစ္စ၊

(၃) အာရုံဖြင့် အလိုရှိသည်၏ အဖြစ်ဟူသော ပစ္စုပ္ပန္နာန်၊
(၄) အလိုရှိအပ်သော အာရုံလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်၊

ဆန္ဒဿ ကတ္တုကာမတာ၊ အာလမ္ဗပရိယေသနာ။
အာလမ္ဗဏေ နတ္ထိကတာ၊ အာလမ္ဗံ လက္ခဏာဒယော။
(အညသမာန်းဖို့။) အဘိ၊ ၁-၁၊ ၁၇၆။

သဒ္ဓါသည်—

(၁) ကြည်ညိုခြင်း လက္ခဏာ၊
(၂) ကြည်လင်စေခြင်း ကိစ္စ၊
(၃) မနောက်ကျခြင်း ပစ္စုပ္ပဋ္ဌာန်၊
(၄) ရတနတ္တယ စသော ကြည်ညိုဖွယ်သော ဝတ္ထုလျှင် ပဒဋ္ဌာန်ရှိ၏။

သဒ္ဓါ သဒ္ဓဟနလက္ခဏာ၊ ပသာဒနရသာ။
အကာဠုဿိယ ပစ္စုပ္ပဋ္ဌာနာ၊ သဒ္ဓေယျဝတ္ထု ပဒဋ္ဌာနာ။
အဘိ ၁-၁၊ ၁၆၃။

သတိ သည်–

(၁) သမ္ပယုတ်တရားအပေါင်းကို မပေါ်စေခြင်း လက္ခဏာ၊
(၂) မေ့လျော့ခြင်းကို ဖျက်ဆီးခြင်း ကိစ္စ၊
(၃) စိတ်ကိုစောင့်ရှောက်ခြင်း ပစ္စုပ္ပဋ္ဌာန်၊ (၀ါ) အာရုံတပါး မသွားမူ၍ စိတ်၏အာရုံ၌ ရှေ့ရှုသည်အဖြစ်လျှင် ပစ္စုပ္ပဋ္ဌာန်။
(၄) မြဲမြံသော အမှတ်သညာလျှင် ပဒဋ္ဌာန်ရှိ၏။

သတိ အပိလာပနာ၊ အသမ္မောသာ၊ အာရက္ခုပ္ပဋ္ဌာနာ, ဝိသယာ ဘိမုခတ္တာ ၀ါ၊ ထိရသညာ ပဒဋ္ဌာနာ။
အ ဘိ ၁-၁၊ ၁၆၅။

ဟိရီသည်-

(၁) တရားယုတ်ကို စက်ဆုပ်ခြင်း လက္ခဏာ၊
(၂) မပြုခြင်း ကိစ္စ၊
(၃) တွန့်ဆုတ်ခြင်း ပစ္စုပဋ္ဌာန်၊
(၄) မိမိကိုယ်ကို အလေးပြုခြင်း ပဒဋ္ဌာန်။

သြတ္တပ္ပသည်-

(၁) တရားယုတ်မှ လန့်ခြင်း၊ လက္ခဏာ!
(၂) မပြုခြင်း ကိစ္စ၊
(၃) တွန့်ဆုတ်ခြင်း ပစ္စုပဋ္ဌာန်၊
(၄) သူတပါးကို ရှိသေခြင်း ပဒဋ္ဌာန်။

ဇိဂုစ္ဆနာ ဟိရီ အကရဏံ၊ သင်္ကော်စနဋ္ဌ ဂါရဝါ။
ဥဗ္ဘာသနောတ္တပ္ပါ ကရဏံ၊ သင်္ကော်စံ ပရဂါရဝံ။
အဘိ ဋ္ဌ-၁၊၁၆၈-၁၇၀။

အလောဘသည်-

(၁) စိတ်၏ အာရုံ၌ မမက်မောခြင်း လက္ခဏာ၊
(၂) မသိမ်းဆည်းခြင်း ကိစ္စ၊
(၃) မကပ်ငြိလိုခြင်း ပစ္စုပဋ္ဌာန်။

အဒေါသသည်-

(၁) မကြမ်းတမ်းခြင်း လက္ခဏာ၊ (၀ါ) မဆန့်ကျင်ခြင်း လက္ခဏာ၊
(၂) ရန်ငြိုးဖွဲ့ခြင်းဟူသော အပူကိုဖျောက်စေခြင်း ကိစ္စ၊
(၃) အေးချမ်းခြင်း ပစ္စုပဋ္ဌာန်။

အလောဘော အဂေါ၀ေါ လက္ခဏာ၀ေါ အနလ္လီနော၊ အဒေါသော အ၀ဏ္ဏိကာ၀ိ ရောဂေါ အာ၊ယ၊ဘ၊ပရိဋ္ဌ၊ဟ၊ဝိနယော သောမ္ဘာ၀ုပဋ္ဌာနော။ အဘိ ဋ္ဌ-၁၊၁၇၀-၁၇၁။

တတြံမဏ္ဍတ္ထတာသည်–

(၁) သမ္မယုတ်တရားတို့ကို မိမိတို့ကိစ္စ၌ ညီအောင် ဆောင်ခြင်း လက္ခဏာ၊

(၂) ယုတ်လွန်သည်အဖြစ်ကို တားမြစ်ခြင်း ကိစ္စ၊

(၃) အလယ်အလတ်ဖြစ်ခြင်း ပစ္စုပဋ္ဌာန်။

တတြမဏ္ဍတ္ထတာ ယုတ္တာနံ၊ သမဝါဟိတ လက္ခဏာ။
ဥနာဓိကတာ နိဝါရဏာ၊ မဏ္ဍတ္ထဘာဝေ ပဋ္ဌာနာ။

အဘိ ဋ-၁၊၁၇၇။

ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးသည်–

(၁) ကိလေသာအပူတို့၏ ငြိမ်းခြင်း လက္ခဏာ၊

(၂) နှိမ်နင်းခြင်း ကိစ္စ၊

(၃) စေတသိက်, စိတ်တို့ တုန်လှုပ်ခြင်းကင်းသည်၏ အဖြစ်လျှင် ပစ္စုပဋ္ဌာန်၊

(၄) စေတသိက်, စိတ်လျှင် ပဒဋ္ဌာန်။ (ပဒဋ္ဌာန်မှာ နောက်ကိုလည်း နည်းတူ။)

ပဿဒ္ဓိယော ဝူပသမာ၊ ဒရထာနံ နိမဒ္ဒနာ။
အပရိပ္ပန္နသိတ္တာ၊ ကာယစိတ္တ ပဒဋ္ဌာနာ။

အဘိ ဋ-၁-၁၇၄။

လဟုတာ နှစ်ပါးသည်–

(၁) ပဿဒ္ဓိနှစ်ပါးနှင့် လက္ခဏာ တူ၏၊

(၂) လေးသော ကိလေသာ ဝန်တို့ကို နှိမ်နင်းခြင်း ကိစ္စ၊

(၃) ပေါ့ပါးခြင်း ပစ္စုပဋ္ဌာန်။

လဟုတာယော ဝူပသမာ၊ ဂရုကာနံ နိမဒ္ဒနာ။
အဒန္ဓတာ ဥပဋ္ဌာနာ၊ ကာယစိတ္တ ပဒဋ္ဌာနာ။

အဘိ ဋ-၁၊၁၇၄။

မုဒိတာ နှစ်ပါးသည်–

(၁) ၎င်းနည်း၊
(၂) ကိလေသာ ခက်ထန်ခြင်းတို့ကို နှိမ်နင်းခြင်း ကိစ္စ၊
(၃) မထိခတ်ခြင်း ပစ္စုပဋ္ဌာန်။

မုဒုတာယော ဝုပသမာ၊ ထဒ္ဓတာနံ နိမဒ္ဒနာ။
အပဋိဃာတဇုပဋ္ဌာနာ၊ ကာယစိတ္တ ပဒဋ္ဌာနာ။

အဘိ ဋ္ဌ-၁၊၁၇၄။

ကမ္မညတာ နှစ်ပါးသည်–

(၁) ၎င်းနည်း၊
(၂) ကောင်းသော အမှုဌာန် မခံခြင်းတို့ကို နှိမ်နင်းခြင်း ကိစ္စ၊
(၃) ကောင်းမွန်စွာ အာရုံကို ယူခြင်း ပစ္စုပဋ္ဌာန်။

ကမ္မညတာ ဝုပသမာ၊ အကမ္မညာနံ နိမဒ္ဒနာ။
အာလမ္မကရဏုပဋ္ဌာနာ၊ ကာယစိတ္တ ပဒဋ္ဌာနာ။

အဘိ ဋ္ဌ-၁၊၁၇၄။

ပါဂုညတာ နှစ်ပါးသည်–

(၁) ၎င်းနည်း၊
(၂) အကုသိုလ် ကျင်နာခြင်းတို့ကို နှိမ်နင်းခြင်း ကိစ္စ၊
(၃) အပြစ်ဒေါသ ကင်းခြင်း ပစ္စုပဋ္ဌာန်။

ပါဂုညတာ ဝုပသမာ၊ ဂေလညာနံ နိမဒ္ဒနာ။
နိရာဒီနဝုပဋ္ဌာနာ၊ ကာယစိတ္တ ပဒဋ္ဌာနာ။

အဘိ ဋ္ဌ-၁၊၁၇၅။

ဥဇုကတာ နှစ်ပါးသည်–

(၁) ဖြောင့်မတ်ခြင်း လက္ခဏာ၊
(၂) ကောက်ခြင်းသုံးပါးတို့ကို နှိမ်နင်းခြင်း ကိစ္စ၊
(၃) ဖြောင့်မတ်ခြင်း ပစ္စုပဋ္ဌာန်။

ဥဇုကတာ အဇ္ဇဝတာ၊ ကောဋ္ဌိလ္လဲာနံ နိမဒ္ဒနာ။
အဇ်ီမှတာ ဥပဒ္ဒဝနာ၊ ကာယစိတ္တ ပဒဋ္ဌာနာ။

အဘိ ဋ္ဌ-၁၊၁၇၅။

ဝိရတိစေတသိက် သုံးပါးတို့သည်-

(၁) မလွန်ကျူးမကျော်နင်းခြင်း လက္ခဏာ၊
(၂) တန်ဆုတ်ခြင်း ကိစ္စ၊
(၃) မပြုမကျင့်ခြင်း ပစ္စုပဋ္ဌာန်၊
(၄) သဒ္ဓါ အစရှိသော ဂုဏ်လျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

ဝိရတိ အဝိတိက္ကမာ၊ ဝတ္ထုတော သကော်စရသာ။
အကြိယ ပစ္စုပဋ္ဌာနာ၊ သဒ္ဓါဒိဂုဏ ပဒဋ္ဌာနာ။

အဘိ ဋ္ဌ-၁၊၁၇၇။

ကရုဏာသည်-

(၁) သူတပါးဆင်းရဲကို ပယ်လိုသော အခြင်းအရာဖြစ်ခြင်း လက္ခဏာ၊
(၂) သူတပါးဆင်းရဲကို သည်းခံခြင်း ကိစ္စ၊
(၃) မညှဉ်းဆဲခြင်း ပစ္စုပဋ္ဌာန်၊
(၄) ကိုးကွယ်ရာ မရှိသည်၏အဖြစ်ကို တွေ့မြင်ခြင်း ပဒဋ္ဌာန်။

ကရုဏာ ပရဒုက္ခာပနယာကာရပဝတ္တိကာ။
ဒုက္ခာသဟနာ ဝိဟိ သာ၊ အနာထဘာဝဒဿနာ။

အဘ ဋ္ဌ-၁၊၂၃၇။

မုဒိတာသည်-

(၁) သူတပါးစည်းစိမ်ကို ဝမ်းမြောက်ခြင်း လက္ခဏာ၊
(၂) မငြူစူခြင်း ကိစ္စ၊
(၃) သူတပါးစည်းစိမ်ဌာနမှ လျော်ခြင်းကိုဖျက်ဆီးခြင်း ပစ္စုပဋ္ဌာန်၊
(၄) သူတပါးစည်းစိမ်ကို တွေ့မြင်ခြင်း ပဒဋ္ဌာန်။

မုဒိတာ ပမောဒနာ၊ အနိဿာယန ရသာ။
အရတိဝိဃာတုပဋ္ဌာနာ၊ ပရသမ္ပတ္တိ ဒဿနာ။
အဘိ-ဋ-၁၊ ၂၃၈။

ပညိုနှိုး စေတသိက်သည်–

၁။ အနိစ္စ, ဒုက္ခ, ကက္ခဋ, ဖုသန စသော ဟုတ်မှန်တိုင်းသော သဘောကို သိမြင်ခြင်း လက္ခဏာ။ တစ်နည်းကား လိမ္မာသော လေးသမားသည် ပစ်အပ်သော မြား၏ စူးဝင်ခြင်းကဲ့သို့ မချုတ်မယှင်း ဖောက်ထွင်းခြင်း လက္ခဏာ၊
၂။ ဆီမီးတောက်ကဲ့သို့ အာရုံကို ထွန်းပြခြင်း လင်းစေခြင်းကိစ္စ၊
၃။ လမ်းညွှန် လိမ္မာတောရောက်ခါကဲ့သို့ မတွေ့ဝေသော အခြင်း အရာလျှင် အာရုံ၌ ရှေ့ရှုတည်၏။

အမောဟ၊ ယထာသဘာဝပဋိဝေဓလက္ခဏော၊ အကွလိ-တပဋိဝေဓလက္ခဏော ဝါ ကုသလိယာသော ခိတ္တဥသုပဋိ-ဝေဓော ဝိယ၊ ဝိသယောဘာသနရသော ပဒီပေါ ဝိယ၊ အသမ္မောဟပစ္စုပဋ္ဌာနော အရညဂတသုဒေသကော ဝိယ။ (နာမ်ဖို့။) အဘိ-ဋ-၁၊ ၁၆၆။

၂၇–ရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟတို့ကိုယှက်၍ ခန္ဓာအာယတနဓာတ်တို့ကို သာမညမုခ၊ သာဝသေသမုခ၊ အနဝသေသမုခတို့ဖြင့် ပြခြင်း

ဤကား – "ကာယညတရန္တိ ပထဝီကာယာဒီသု စတူသု ကာယေသု အညတရံ ဝဒါမိ၊ ဝါယောကာယံ ဝဒါမီတိ အတ္ထော" ဟူသော ဥပရိပဏ္ဏာသ အဋ္ဌကထာကြီး [မဋ-၄၊ ၉၉]တို့နှင့် အညီ ဝါယောကာယကို ပုဗ္ဗဂ်မပြု၍ ပြအပ်သော နာမရူပ သာဝသေသ သာမညမုခ ပေတည်း။

ကာယညတရန္တိ၊ ကာယညတရံဟူသည်ကား။ စတူသု၊ လေးပါးကုန်သော။ ပထဝီကာယာဒီသု၊ ပထဝီကာယ အစရှိကုန်သော။ ကာယေသု၊

ကိုယ်တို့ဝင်။ အညတရုံ၊ တစ်ပါးပါးသော ကိုယ်ကို။ ဝဒါမိ၊ ဟောတော်မူ၏။ ဝါယောကာယံ၊ ဝါယောကာယ သုဒ္ဓိဋ္ဌက ကလာပ်ကို။ ဝဒါမိ ဟောတော်မူ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

တစ်နည်းကား–ဝင်း ဝါယောကာယဖြင့် ပြအပ်သော ရူပကာယ ဇာစ်ဆယ့်ရှစ်ပါးတို့တွင် ဖေါ်ဌမ္ဘဖြင့် ရေတွက်အပ်သောကြောင့် ကာယ ဒသက ကလာပ်ကို လောင်းစွက်ပြန်၍နှစ်ဆယ့်ရှစ်ပါးသော ရုပ်တို့ကို ရေတွက်အပ်ကုန်၏။ (သင်္ဂြိုဟ်နည်း)။ (ထိုကာယဒသက ကလာပ်၌ ပထဝီ အစ ဇီဝိတအဆုံးရှိသော ရုပ်ကိုးပါးတို့၏ လက္ခဏ, ရသ စသည်တို့ကား နောက်က ပြအပ်ပြီးသည်နှင့် တူ၏။)

ဖေါ်ဌမ္ဘာယတန ထိုက်သော ကာယပသာဒရုပ်ကား– ကာယပသာဒ သည်–

(၁) ဖေါ်ဌမ္ဘာရုံ၌ ထိခတ်ခြင်း လက္ခဏာ၊
(၀၊) ဖေါ်ဌမ္ဘာရုံ၏ထိခတ်ခြင်းကို ထိုက်သော မဟာဘုတ်တို့ကို ကြည့်စေခြင်း လက္ခဏာရှိ၏၊
(၂) ဖေါ်ဌမ္ဘာရုံတို့၌ အာဝဇ္ဇန်းစသော ဝိညာဉ်ကို ဆွဲငင်ခြင်းကိစ္စရှိ၏၊
(၃) ကာယဝိညာဉ်၏ တည်ရာအဖြစ် ဟူသော ပစ္စုပဋ္ဌာန်ရှိ၏။
(၄) တွေ့ထိလိုသော အဖြစ်ဟု ဆိုအပ်သော ဖေါ်ဌမ္ဘဝဏ္ဏာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်လျှင် နီးစွာသော အကြောင်း ရှိ၏။

ဖောဋ္ဌဗ္ဗာဘိဃာတာရဟဘူတပ္ပသာဒလက္ခဏော၊ ဖုသိတုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏော ဝါ ကာယော၏၊ ဖောဋ္ဌဗ္ဗေသု အာဝိဇ္ဇနရသော၊ ကာယဝိညာဏဿ အာမဝရဘာဝပစ္စုပဋ္ဌာနော၊ ဖုသိတုကာမတာနိဒါနကမ္မဇဘူတ-ပဒဋ္ဌာနော။ ဝိသုဒ္ဓိ-၁-၂၇၄။ (အနက်ရေးခဲ့သော သဘောအတိုင်း။)

ဤကား- အတ ဝါ ရူပါယတနံ ။လ။ ကဗဠီကာရော အာဟာရောတိ ပဉ္စဝိသတိ ရူပကောဋ္ဌာသာ ရူပကာယော နာမ။ စေသု အာနာပါနံ ဖေါ့ဌဗ္ဗာယတနေ သင်္ဂဟိတဋ္ဌာ ကာယညတရံ ဟောတိ-ဟူသော ၎င်း ဥပရိပဏ္ဏာသ အဋ္ဌကထာကြီး (မဋ္ဌ-၄၊၉၉) နှင့်အညီ ဖေါ့ဌဗ္ဗကာယကို ပုဗ္ဗဂ်မပြု၍ ပြအပ်သော နာမရူပ သာဝသေသ သာမညမုခပေတည်း။

အဝ ဝါ၊ တစ်နည်းကား။ ရူပါယတနံ၊ ရူပါရုံလည်းကောင်း။ ။လ။ ကဗဠီကာရော၊ အလုတ်ကဲ့လေးကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော။အာဟာရော၊ အာဟာရလည်းကောင်း။ဤတို့၊ ဤသို့။ ပဉ္စဝိသတိ-၂၅ ပါးကုန်သော။ ရူပကောဋ္ဌာသာ၊ ရူပ်၏အစုတို့သည်။ ရူပကာယော နာမ၊ ရူပကာယမည်၏။ တေသု၊ ထို ၂၅-ပါးကုန်သော ရူပ်တို့တွင်။အာနာ-ပါနံ၊ ထွက်သက်ဝင်သက်ကို။ ဖေါ့ဌဗ္ဗာယတနေ၊ ဖေါ့ဌဗ္ဗာယတနဟု။ သင်္ဂဟိတဋ္ဌာ၊ ရေတွက်အပ်သည်၏ အဖြစ်ကြောင့်။ ကာယညတရံ၊ ၂၅-ပါးသော ကိုယ်တို့တွင် ဖေါ့ဌဗ္ဗကိုယ်သည်။ ဟောတိ၊ ဖြစ်၏။

တစ်နည်းကား။ ။ဖေါ့ဌဗ္ဗကာယဖြင့်ရအပ်သော (၂၇) ပါးသော ရူပ်တို့တွင် ဘာဝဒသက, ဥတုဇသုဒ္ဓဋ္ဌက,အာဟာရဇသုဒ္ဓဋ္ဌက,တို့ကိုလည်း ရေတွက်သိမ်းကျုံးအပ်သည်၏ အဖြစ်ကြောင့် ပေါင်း အဿာသပဿာသ အခိုက်၌ (၅၄) ပါးသော ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရူပ်တို့ကို ရအပ်ကုန်၏။ ။(စိတ္တဇနောက်က ပြခဲ့ပြီးပြီ။)

ဤကား "ဝေ၀ စတုသမုဋ္ဌာနေသု စတုဝီသတိ ကောဋ္ဌာသေသု စတု-စတ္တာလီသ စတုစတ္တာလီသရူပါနိ"ဟူသော ဝိသုဒ္ဓိမဂ်၌ ပြအပ်သော.... ဥဒရိယံ, ကရိသံ, ပုဗ္ဗော, မုတ္တံ-ဟူသော ဥတုဇ, ကောဋ္ဌာသ လေးပါး၊ သေဒေါ,မေဒေါ,အဿု, သိင်္ဃာဏိကာ- ဟူသော စိတ္တဇ,ဥတုဇ ကောဋ္ဌာ-သလေးပါး၊ ပေါင်း ၈ကေ လေးပါး၊ ဒ္ဒိဇ လေးပါးကိုချန်လှပ်၍ ကြွင်း သော ကောဋ္ဌာသ(၂၄)ပါးတို့၌ ကာယဒသက, ဘာဝဒသက, စိတ္တဇ ဥတုဇ, အာဟာရဇ, သုဒ္ဓဋ္ဌကလာပ်တို့၌ (၄၄)ပါးစီသော ရူပ်တို့ကို ရအပ်

ရကား ၎င်းအဿာသပဿာသအခိုက်၌ ဖောဌဗ္ဗကာယသို့ ထိုက်လေသော အူမ, ရင်လယ်, **လည်ချောင်း**တို့အတွင်းသို့ **သက်**တုံ, တက်တုံ ဖြစ်ခါဝယ် (၄၄)ပါးစီ ရအပ်လျှ၍ ၎င်း (၄၄)ပါးတို့တွင် ဝတ္ထုဒသက, သုဒ္ဓစိတ္တာ-ဝါယော ထည့်၍ ကလာပ်တူချေ၍(၆၂) ပါးသော ရူပ်တို့ကို ရအပ်ပေ၏။

ဝေ၀ံ၊ ဤကေသာနှင့်အတူ။ လောမာဒီသု၊ လောမ အစရှိကုန်သော။ (ထည့်) စတုသမုဋ္ဌာနေသု၊ ကံ, စိတ်, ဥတု,အာဟာရဟူသော လေးပါး သောအကြောင်းတို့ကြောင့် ဖြစ်ကုန်သော။ စတုဝီသတိ ကောဋ္ဌာ-သေသု၊ (၂၄)ပါးသော ကောဋ္ဌာသတို့၌။ ,စတုစတ္တာလီသ စတုစတ္တာလီသ ရူပါနိ၊(၄၄)ပါး၊ (၄၄)ပါးသော ရူပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထို (၆၂) ပါးသော ရူပ်တို့တွင် ဘာ၀ရူပ်နှစ်ပါး၏ လက္ခဏ, ရသ **စသည်ကား**– ဣတ္ထိဘာ၀ရူပ်သည်–

(၁) ဤသူကား မိန်းမဟု သိစေသော ဉာဏ်, ဣတ္ထိသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း၏အဖြစ် တည်းဟူသော မှတ်ကြောင်း လက္ခဏာ၊

(၂) ဤသူကား မိန်းမဟု ပြခြင်း ကိစ္စ၊

(၃) ဣတ္ထိလိင်,ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပတို့၏ အကြောင်း လျှင် ပစ္စုပဋ္ဌာန်။

(ပုံဘာ၀ရူပ်သည် ဣတ္ထိဘာ၀ရူပ်နှင့်တူ၏၊ လှည့်၍ထည့်။)

ဣတ္ထိဘာ၀လက္ခဏံ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိတိ ပကာသနရသံ။
ဣတ္ထိလိင်နိမိတ္တကုတ္တာကပ္ပါနံ ကာရဏဘာ၀ ပစ္စုပဋ္ဌာနံ။

ပုရိသဘာ၀လက္ခဏံ ပုရိသိန္ဒြိယံ၊ ပုရိသောတိပကာသနရသံ။
ပုရိသလိင် နိမိတ္တကုတ္တာကပ္ပါနံ ကာရဏဘာ၀ ပစ္စုပဋ္ဌာနံ။

အဘိဓ-၁၊၃၅၈။

(ပဒဋ္ဌာန်မှာ မဟာဘူတ သာတည်း၊ ကြွင်းသောရူပ်စုမှာ နည်းတူမှတ်။)

ဤကား သာဝသေသ သာမညမုခဖြင့်ရအပ်သော ရုပ် (၆၂) ပါး နာမ်(၃၉) ပါး ပေါင်း(၁၀၁)ပါးသော ပရမတ္ထတရားတို့သည် အဿာသ-ပဿာသ အခိုက်၌ ရအပ် ရထိုက်ကုန်၏။

ထိုသို့ ရကိုက်ကုန်သော ရုပ်နာမ်နှစ်ပါးတို့တွင် (၆၂) ပါးသော ရုပ်တရားအပေါင်းတို့ အနက်ဝယ် ပဌဝီ, အာပေါ, တေဇော, ဝါယော ဤရုပ်(၄)ပါးကား ဘူတရုပ်တည်း။ ကြွင်းကုန်သော ရုပ်တို့ကား ဥပါဒါရုပ်တို့တည်း။ ထို ဘူတရုပ်, ဥပါဒါရုပ် (၆၂) ပါးတို့သည် ဖောက်ပြန်တတ်သော လက္ခဏာချည်း ရှိကုန်၏ဟု တစ်ပေါင်းတည်းပြု၍ နောက်ကပြခဲ့သောအတိုင်း ရုပ်ကို သိမ်းဆည်းရာ၏။

(၃၉)ပါးသော စိတ်, စေတသိက် တရားတို့သည် နာမ်တို့ချည်းသာတည်း။ ထိုနာမ်တရား(၃၉)ပါးတို့သည် အာရုံသို့ညွှတ်ခြင်းလက္ခဏာချည်း ရှိကုန်၏ဟု တစ်ပေါင်းတည်းပြု၍ နောက်ကပြခဲ့သောအတိုင်း နာမ်ကို သိမ်းဆည်းကုန်ရာ၏။

ရုပ် (၆၂)ပါး ယူပုံကား၊ ဝတ္ထုရုပ်၌ ရအပ်ကုန်သော ကာယဒသက(၁၀)၊ ဘာဝဒသက(၁၀)၊ ဝတ္ထုဒသက(၁၀)၊စိတ္တဇ(၇)၊ ဥတုဇ(၇)၊ အာဟာရဇ(၇)၊ ဖောဋ္ဌဗ္ဗာယတနာ၌ရအပ်ကုန်သော ကာယဒသက(၁၀)၊ ဘာဝဒသက(၁၀)၊ စိတ္တဇ(၇)၊ ဥတုဇ(၇)၊ အာဟာရဇ(၇)၊ ထက်သက်ဝင်သက် သက်သက်သုဒ္ဓဋ္ဌက (၇) တို့တွင် တူသော ကလာပ်တို့ကိုချေ၍ အကြွင်း(၆၂)ပါးပြု၍ ယူတော်မူကြကုန်။ (အမှာ။)

တတော ဟဒယရူပဿ နိဿယဘူတာနိ ဘူတနိဿိတာနိ စ သေသုပါဒါရူပါနိတိ ရူပံ ပရိဂ္ဂဏှာတိ၊ သော သဗ္ဗံပေတံ ရုပ္ပနတော ရူပန္တိ ဝဝတ္ထပေတိ၊တတော နမနလက္ခဏံ နာမံ။ဝိသုဒ္ဓိ ၂-၂၂၂။

တတော၊ထိုဟဒယဝတ္ထုရုပ်ကို မြင်သည်မူ။ ပရုံ၊နောက်၌။ ဟဒယရူ-ပဿ၊ဟဒယဝတ္ထုရုပ်၏။ နိဿယဘူတာနိ၊ မှီရာဖြစ်ကုန်သော မဟာဘူတ်

တို့ကိုလည်းကောင်း။ ဘူတနိဿိတာနိ၊ ဘူတရူပ်တို့ကို မှီကုန်သော။ သေသု-ပါဒါရူပါနိစ၊ ဘူတရူပ်မှကြွင်းသော ဥပါဒါရူပ်တို့ကိုလည်းကောင်း။ ပဿတိ၊ မြင်၏။ ဣတိ၊ ဤသို့။ ရူပံ၊ ရူပ်ကို၊ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။ သော၊ ထိုယောဂါဝစရသည်။ သမ္ဘုပ်၊ အလုံးစုံလည်းဖြစ်သော။ တေမမ္ပဇာတံ၊ ဤဘူတရူပ်, ဥပါဒါရူပ်ဟုဆိုအပ်သော တရားအပေါင်းသည်။ ရုပ္ပနတော၊ ဖောက်ပြန်တတ်သည်၏ အဖြစ်ကြောင့်။ ရူပံ၊ ရူပ်မည်၏။ ဣတိ၊ ဤသို့။ ဝေါဌပေတိ၊ မရောမယှက်သောအားဖြင့် နှလုံး၌ ထား၏။ တတော၊ ထိုထားပြီးသည်မှ။ ပရံ၊ နောက်၌။ နာမံ၊ နာမ်သည်။ နမနလက္ခဏံ၊ အာရုံကို ရှေ့ရှည်တက်ခြင်း လက္ခဏာရှိ၏။ ဣတိ၊ ဤသို့။ ဝေါဌပေတိ၊ ထား၏။

(ဤကား သာမညမုခ သာဝဝေသနည်းဖြင့် ရူပ်နာမ်နှစ်ပါးတို့ကို သိမ်းဆည်းပုံပေတည်း။)

အနုဝေသနအားဖြင့်ကား – သုံးဆယ့်နှစ်ပါးသော ဂေါစရာသင်္ခ် ဥဒရိယ၊ ကရီသ၊ ပုဗ္ဗ၊ မုတ္တ-လေးပါးတို့၌ ဥတုဇသုခုဒ္ဓက ကလာပ်-လေးစည်း။ သေခဒါ၊ ပေဒေါ၊ အဿု၊ သိင်္ဃာဏိကာ-လေးပါးတို့၌ စိတ္တဇ-ဥတုဇ၊သုခုဒ္ဓက ကလာပ် လေးစည်းဖြစ်ရကား ပေါင်း ရှစ်စည်း။ ကြွင်းသော ကောဌာသ(၂၄)ပါးတို့၌ ကာယဒသက၊ ဘာဝဒသက၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇကလာပ် ငါးစည်းစီ ဖြစ်ရကား ကလာပ်ပေါင်း(၁၂၀)။

တေဇော ကောဌာသ လေးခုတို့တွင် ပါစကဝမ်းမီး၌ ဇီဝိတနဝက ကလာပ်တစ်ခု၊ ကြွင်းသော သန္ဓေပွန်၊ ဇီရဏ၊ ဒဟန-သုံးပါး၌ ဇီဝိတနဝက ကလာပ်တစ်စည်း၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ၊ သုခုဒ္ဓကကလာပ် သုံးစည်းအားဖြင့် ကလာပ်ပေါင်း (၁၃) စည်း။

ဝါယောကောဌာသ ခြောက်ပါးတို့တွင် အဿာသ ပဿာသ၌ စိတ္တဇ သုခုဒ္ဓက ကလာပ်တစ်စည်း၊ ကြွင်းသော ဥဒ္ဓက်မ၊ အဓောဂမ၊ ကုစ္ဆိဋ္ဌ၊ ကောဌာသယ၊ အင်္ဂမင်္ဂါနုသာရီတို့၌ ဇီဝိတနဝက ကလာပ်၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ၊ သုခုဒ္ဓက ကလာပ် သုံးစည်းစီ ဖြစ်ရကား ပေါင်း ကလာပ် (၂၁) စည်း။

ပထဝီကောဋ္ဌာသ (၂၀)၊ အာပေါကောဋ္ဌာသ(၁၂)၊ တေဇောကော-ဋ္ဌာသ(၄)၊ ဝါယောကောဋ္ဌာသ(၆)မှ ကြွင်းသော ပဒေသဝုတ္တိကလာပ်ဟု ဆိုအပ်သော ထိုထိုဆိုင်ရာ မ်ိုးသားနုယနတို့၌ ဖြစ်ကြသော စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ဇိဝှာဒသက၊ဝတ္ထုဒသက၊စိတ္တဇ၊သဒ္ဒနဝက၊ ဥတုဇသဒ္ဒနဝကအားဖြင့် ခုနစ်စည်း။ ပဒေသဝုတ္တိကလာပ်နှင့်တကွ (၄၂) ပါးသော ကောဋ္ဌာသတို့၌ (၁၂၃) ပါးသော ကလာပ်တို့ကို ရအပ်ကုန်၏။

ထို (၁၂၃) ပါးသော ကလာပ်တို့တွင် ဒသက ကလာပ် (၅၃)၊နဝက-ကလာပ် (၁၁)၊ သုဒ္ဓဋ္ဌက ကလာပ်(၁၀၉)ပါးတို့ကို ရအပ်သည်ဖြစ်၍ ဒသကကလာပ် (၅၃)က (၅၃၀)၊နဝက ကလာပ်(၁၁)က (၉၉)၊သုဒ္ဓဋ္ဌက ကလာပ်(၁၀၉)က (၇၂၂) ပါးသော ရူပ်တို့ကို ရအပ်လျှ၍ ပေါင်း ဤရူပကာယ ခန္ဓာကိုယ်၌ (၁၅၀၁-ပါး) တစ်ထောင့်ငါးရာ့တစ်ပါးသော ရူပ်တို့ကို ရအပ်ပေ၏။ ထိုကြောင့်—

သေကပဋ္ဌသတံ ကာယေ၊ သဟာသံ တံ ပဝတ္တတိ။
ပရိပုဏ္ဏိန္ဒြိယေ ရူပံ၊ နိပ္ဖန္နံ ဓာတုဘေဒတော-

ဟူသော ဂါထာကို သစ္စသင်္ခေပအဋ္ဌကထာဆရာ မိန့်တော်မူ၏။

သစ္စသင်္ခေ-ဋ-၅

တံ နိပ္ဖန္နရူပံ၊ ထိုနိပ္ဖန္နရူပ်သည်။ ပရိပုဏ္ဏိန္ဒြိယေ၊ ပြည့်စုံသော ဣန္ဒြေရှိ သော။. ကာယေ၊ကိုယ်၌။ ဓာတုဘေဒတော၊ ဓာတ်တို့၏အပြားအားဖြင့်။ သေကပဋ္ဌသတံ-သ ဧက ပဋ္ဌသတံ၊ ငါးရာ့တစ်ခုနှင့် တကွသော။သဟာသံ၊ တစ်ထောင်သည်။ (ဝါ) တစ်ထောင့်ငါးရာ့တစ်ခုသည်။ ပဝတ္တတိ၊ဖြစ်၏။

ဝိသုဒ္ဓမဂ်အဋ္ဌကထာ၌ကား တစ်ထောင့်လေးရာကိုးဆယ့်လေး၊ ၎င်း မဟာဋီကာရှင်ကား တစ်ထောင့်လေးရာရှစ်ဆယ့်ငါး ရှိ၏ဟု ပြတော်မူ ကြ၏။ သင်္ခ်ာ သခ်ေ့ မညီကြ၍ မပြလိုက်ပြီ။

ထို တစ်ထောင့်ငါးရာ့တစ်ခုသော ရူပ်တို့ကို တစ်ပေါ်င်းတည်း ပြု၍ သိုင်းဆည်းရမည်ဟူ၏။ ထိုသိမ်းဆည်းရာ၌လည်း ရူပ်တို့၏ အရေအတွက်

ရုပ်တို့၏ဖြစ်ခြင်း လက္ခဏာ, ရသ စသည်တို့နှင့်တကွ သိမ်းဆည်းရမည်။ ဂုဏ်းလက္ခဏာ, ရသ စသည်တို့ကား နောက် သာဝေသသနည်းကို မှီး၍ သိလောက်ပြီ။ (ရုပ်ဖို့။)

နာမ်တရားခဲ့လည်း သုဒ္ဓိပဿကပုဂ္ဂိုလ်, ဥပစာရသမထယာနိက ပုဂ္ဂိုလ်တို့မှာမူ ကာမစိတ် စတုပညာသ=ငါးဆယ့်လေး၊ စေတသိက် ဒွေပညာသ=ငါးဆယ့်နှစ်တို့ကို တစ်ပေါင်းတည်းပြု၍ နာမ်တရားတို့ကို သိမ်းဆည်းအပ်၏။ စျာနလာဘီပုဂ္ဂိုလ်မှာမူ ကာမစိတ် စတုပညာသ(၅၄)။ မဟဂ္ဂုတ်စိတ် သတ္တဝီသ (၂၇)၊ စေတသိက် ဒွေပညာသ တို့ကို တစ်ပေါင်းတည်းပြု၍ သိမ်းဆည်းအပ်၏။ နာမ်ကို သိမ်းဆည်းရာ၌လည်း နာမ်တို့၏ အရေအတွက်၊ နာမ်တို့၏ ဖြစ်ခြင်း လက္ခဏာ, ရသ စသည်တို့နှင့် တကွ သိမ်းဆည်းအပ်၏။ ဂုဏ် လက္ခဏာ, ရသ စသည်တို့ကား နောက် သာဝ-သေသနည်းကို မှီး၍ သိလောက်ပြီ။ လောကုတ္တရာစိတ်ကိုကား မသိမ်းဆည်းကောင်း။

သော သဗ္ဗေပိ တေ အရူပဓမ္မေ နမနလက္ခဏေန ဧကတော ကတ္တာ ဧတံ နာမန္တိ ပဿတိ။ ဝိသုဒ္ဓိ၊ ၂၊ ၂၂၃။

သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တေ အရူပဓမ္မေ၊ ထိုလောကီစိတ် ဧကဝီသတိ, ဖဿ စသော စေတသိက် ဒွေပညာသဟု ဆိုအပ်သော နာမ်တရားတို့ကို။ နမနလက္ခ-ဏေန၊ အာရုံကို ညွတ်တတ်သော လက္ခဏာဖြင့်။ ဧကတော ကတ္တာ၊ တစ်ပေါင်းတည်းပြု၍။ ဧတံ ဓမ္မဇာတံ၊ လောကီစိတ် ဧကဝီသတိ, စေတသိက် ဒွေပညာသဟု ဆိုအပ်သော ဤတရားသဘောသည်။ နာမံ၊ နာမ်မည်၏ဟူ၍။ (ဝါ) နာမန္တိ၊ နာမ်မည်၏ဟူ၍။ ပဿတိ၊ ရှု၏။ (နာမ်ဖို့)

ဤသို့သော စကားအစဉ်ဖြင့် ရုပ် (၁၅၀၁)ခု၊ နာမ်ပေါင်း သုဒ္ဓ-ဝိပဿကပုဂ္ဂိုလ်, ဥပစာရသမထယာနိက ပုဂ္ဂိုလ်တို့မှာမူ (၁၀၆) ခု၊ စျာနလာဘီအပ္ပနာသမထယာနိကပုဂ္ဂိုလ်မှာမူ (၁၃၃)ခုတို့ကို တစ်ပေါင်းတည်းပြု၍ ရုပ် နာမ်တို့ကို သိမ်းဆည်းအပ်ကုန်၏။

အထူးမှာမူ-သာဝေသသ သာမညမုခသာ ပခာနဖြစ်၍ အနုဝေသသ သာမညမုခဠဲ အကျယ်မခေးလိုက်ပြီ။ (သာမညမုခ နာမရူပပရိဂ္ဂဟ။)

ခန္ဓမုခဠဲလည်း ဤသို့မှတ်အပ်၏။ ခန္ဓာသည် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူ၍ ငါးပါးအပြားရှိ၏။ ထိုငါးပါးသော ခန္ဓာတို့ကိုလည်း သာဝေသသ, အနုဝေသသ နှစ်နည်းပင် ရအပ်၏။ ထိုနှစ်ပါးတို့တွင် သာဝေသ သသာမညမုခဠဲ ပြုခဲ့ပြီးသော–

(၁) ရူပ်ပေါင်း (၆၂)ပါးသည် ရူပက္ခန္ဓာ မည်၏။
(၂) နာမ်ပေါင်း (၃၉)ပါးတို့တွင် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။
(၃) သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။
(၄) ဝေဒနာ, သညာမှကြွင်းသော စေတသိက် (၃၆) ပါးသည် သင်္ခါရက္ခန္ဓာ မည်၏။
(၅) ဝိပဿနာကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။

လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့မှာမူ သာမညမုခကို မှီး၍ သိလေ။ (သာဝေသသ သာမညမုခ။)

အနုဝေသသ သာမညမုခဠဲ (၂၇) ပါးကုန်သော ရူပ်တို့၏ အာကာရ, ဝိကာရ, ဌာန, ပဗန္ဓ-အားလျော်စွာ ဖြစ်ကုန်သော–

(၁) ရူပ်ပေါင်း (၁၅၀၁) ခုတို့သည် ရူပက္ခန္ဓာ မည်၏။
(၂) နာမ်ပေါင်း (၁၀၆) ခု တို့တွင် ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။
(၃) သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။
(၄) ဝေဒနာ, သညာမှကြွင်းသော စေတသိက် (၅၀) သည် သင်္ခါရက္ခန္ဓာ မည်၏။
(၅) ကာမစိတ် စတုပညာသ သည် ဝိညာဏက္ခန္ဓာ မည်၏။

ဗျာနလာဘီတို့ ရအပ်သော နာမ်ကိုကား အရာမဟုတ်၍ မဖွဲ့လိုက်ပြီ။ (နောက်ကိုလည်း နည်းတူ။)

ဤကား—

ဣတိ သဗ္ဗာနိ ပေတာနိ သတ္တဝိသတိ ရူပါနိ ရူပက္ခန္ဓော၊ ကောသီတိယာ လောကိယစိတ္တေဟိ သဒ္ဓိ ဥပ္ပန္နာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ ကံ သမ္ပယုတ္တာ သညာ သညာက္ခန္ဓော၊ သင်္ခါရာ သင်္ခါရက္ခန္ဓော၊ ဝိညာဏံ ဝိညာဏက္ခန္ဓောတိ၊ ဣတိ ရူပက္ခန္ဓော ရူပံ၊ စတ္တာရော အရူပိနော ခန္ဓာ နာမန္တိ ဧဝမေကော ပဉ္စက္ခန္ဓ-ဝသေန နာမရူပံ ဝဝတ္ထပေတိ။ ဝိသုဒ္ဓိ-၂၊၂၂၅။

ဟူသော ဝိသုဒ္ဓိမဂ်၏ သဘာဝကို ဆောင်၍ လဒ္ဓ, လဒ္ဓါကာရ တို့ဖြင့် ပြအပ်သော သင်္ခေပသော အနုပသော ခန္ဓမုခ တို့ပေတည်း။

ဣတိ ဣမိနာနယေန၊ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့်။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧတာနိ သတ္တဝိသတိ ရူပါနိ၊ ထို (၂၇)ပါး ကုန်သော ရူပ်တို့သည်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မည်၏။ ကောသီတိယာ၊ (၈၁)ခုကုန်သော၊ လောကိယစိတ္တေဟိ၊ လောကီစိတ်တို့နှင့်။ သဒ္ဓိ၊ တကွ။ ဥပ္ပန္နာ၊ ဖြစ်သော။ ဝေဒနာ၊ ဝေဒနာစေတသိက်သည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာမည်၏။ တံ သမ္ပယုတ္တာ၊ ထိုလောကီစိတ်နှင့်ယှဉ်သော။ သညာ၊ သညာစေတသိက်သည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာ မည်၏။ တံ သမ္ပယုတ္တာ၊ ထိုလောကီစိတ်နှင့် ယှဉ်ကုန်သော။ သင်္ခါရာ၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက် (၅၀) တို့သည်။ သင်္ခါရ-က္ခန္ဓော၊ သင်္ခါရက္ခန္ဓာ မည်၏။ ဝိညာဏံ၊ လောကီစိတ် ကောသီတိသည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာမည်၏။ ဣတိ၊ ဤသို့။ ဝဝတ္ထပေတိ၊ မှတ်၏။ ဣတိ၊ ဤသို့။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ရူပံ၊ ရူပ်မည်၏။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊

ခန္ဓာတို့သည်။ နာမ်၊ နာမ်မည်၏။ ဣတိ ဝေ၊ ဤသို့၊ ကော၊ တစ်ဦးသော ယောဂိသည်။ ပဋ္ဌာနမုခသော၊ ခန္ဓာငါးပါး၏ အစုမ်းဖြင့်။ နာမရူပံ၊ နာမ်ရူပ်ကို။ ဝဝတ္ထပေတိ၊ မှတ်၏။ (ခန္ဓမုခ။)

အာယတနမုခ၌ ဤသို့ မှတ်အပ်၏။ အာယတနသည် ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန ဟူ၍ ဗာဟိရာယတန ခြောက်ပါး။ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန ဟူ၍ အဋ္ဌတ္တိ ကာယတန ခြောက်ပါး အားဖြင့် (၁၂) ပါး အပြားရှိ၏။ ထို(၁၂)ပါးသော အာယတနတို့ကိုလည်း သာဝသေသ အနဝသေသ နှစ်နည်းရအပ်၏။

ထိုနှစ်ပါးတို့တွင် အသာသပဿာသတို့၏ ထွက်ရာကာလတို့မှ ၅၍ ကာယာယတန၌ ရအပ်သော-

ကာယဒသက ၁၀-ပါး၊ ဘာဝဒသက ၁၀-ပါး၊ စိတ္တဇသုဒ္ဓဋ္ဌက ၈-ပါး၊ ဥတုဇ၈-ပါး အာဟာရဇ ၈-ပါး၊ ပေါင်း ၄၄-ပါးသည် ကာယာယတန မည်၏။

ဖောဋ္ဌဗ္ဗာယတန၌ ရအပ်သော စီတ်ကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက-ကလာပ်သည် ဖောဋ္ဌဗ္ဗာယတန မည်၏။

ဝတ္ထုဒသကသည် ဓမ္မာယတန တစ်ခဲ့ မည်၏။ ပေါင်း ရူပ်အာယတန နှစ်ခုခဲ့။

ဝိပဿနာကုသိုလ်စိတ်သည် မနာယတန မည်၏။ စေတသိက်(၃၈) ပါးသည် ဓမ္မာယတန တစ်ခဲ့ မည်၏။ (ပေါင်း နာမ်အာယတန တစ်ခုခဲ့။)

ရူပ်အာယတန (၂) ခုခဲ့ နာမ်အာယတန (၁) ခုခဲ့ ပေါင်းသော် အသာသပဿာသ အခိုက်၌ အာယတန လေးပါးမှ၏။ (ဥပစာနည်း။) (သာဝသေသ အာယတနမုခ။)

အနဝသေသ မုခဋ္ဌ (၂၇) ပါးကုန်သော ရူပ်တို့၏ အာကာရ, ဝိကာရ, ဌာန, ပဗန္ဓ- အားလျော်စွာ ဖြစ်ကုန်သော ရူပ်ပေါင်း(၁၅၀၁)ခုတို့တွင် စက္ခုဒသက (၁၀) ကို မံသနှင့်စပ်၍ ကာယဒသက(၁၀)၊ ဘာဝဒသက (၁၀)၊ စိတ္တဇ(၇)၊ ဥတုဇ(၇)၊ အာဟာရဇ(၇) ထည့်၍ (၅၄)ပါးသော ရူပ်တို့ကို စက္ခာယတနဟု ပဗန္ဓပြု၍ယူမူ ရအပ်ရကား စက္ခာယတန(၅၄)။ ၎င်းနည်းတူ သောတာယတန(၅၄)၊ ဃာနာယတန(၅၄)၊ ဇိဝှါယတန (၅၄)၊ ကာယာယတန (၄၄)၊ ရူပါယတန (၇)၊ သဒ္ဒါယတန (၉)၊ ဂန္ဓာယတန(၇)၊ ရသာယတန(၇)၊ ဖောဋ္ဌဗ္ဗာယတန(၇)၊ ဘာဝရူပ်နှစ်ခု, ဇီဝိတ, ဟဒယဝတ္ထု, အာပေါ, သြဇာရူပ် (၆) ခုတို့သည် ရူပ်မမှီ-ယတနတစ်ခဲ့ မည်၏။ ကြင်းသော်နှင့်သြဇာရိုကရူပ်တို့ကား အဋ္ဌတ္ထ,ဗာဟိရ-ပဋ္ဌာယတနတို့ဖြင့် သင်္ဂြိုဟ်အပ်၏။ မနောမာတ်(၃)၊ မနောဝိညာဏ-ဓာတ်(၄၁)၊ ပဋ္ဌဝိညာဏဓာတ် (၁၀) ပေါင်း ကာမစိတ် စတုပညာသ (၅၄)ပါးသည် မနာယတန မည်၏။ စေတသိက် ဒွေပညာသ (၅၂) ပါး သည် နာမ်မမှီယတန တစ်ခဲ့မည်၏။

ပေါင်း အသာသ ပဿ ဘသအခိုက်၌ ရူပ်အာယတန (၁၀) ခုခဲ့၊ နာမ်အာယတန(၁)ခုခဲ့အားဖြင့် (၁၂)ပါးသော အာယတန၊ စိတ်(၅၄)၊ စေတသိက်(၅၂)၊ ရူပ်(၂၇) (၀၊) ရူပ်(၁၅၀၁)ပါး၊ အာယတနအားဖြင့် (၁၂)ပါးရ၏။ ရူပ်ပေါင်း(၁၅၀၁)၊ နာမ်ပေါင်း(၁၀၆)ရ၏။ ဤကား-

> အပရော ဒ္ဓါဒသာယတနဝသေန ကထံ၊ စက္ခုဓာတုယံ ဝုတ္တနယေနေဝ ဌပေတ္မာ တေပဏ္ဏာသရူပါနိ စက္ခုပသာဒ-မတ္တံ စက္ခာယတနန္တိ ဝဝတ္ထပေဟိ၊ တတ္ထ ဝုတ္တနယေနေဝ စ သောတဃာနဇိဝှါကာယဓာတုယော သောတဃာနဇိဝှါကာ-ယာယတနာနိတိ၊ တေသံ ဝိသယဘူတေ ပဋ္ဌမေ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာ ယတနာနိတိ၊ လောကိယသတ္တဝိညာဏ-ဓာတုယော မနာယတနန္တိ၊ တံ သမ္ပယုတ္တဖဿာဒယော သေသ-

ရူပဠာ ဧမွာယတနန္တိ၊ ဧဝ မေတ္ထ အဿုကာဒသ အာယတနာနိ ရူပံ၊ ဒိယဿုအာယတနာနိ နာမန္တိ၊ ဧဝမေကော ဒ္ဝါဒသာယ-တနဝသေန နာမရူပံ ဝဝတ္ထပေတိ– ဝိသုဒ္ဓိ-၂၊၂၂၄–၂၂၅။

ဟူသော ဝိသုဒ္ဓိမဂ်၏ သဘာဝကိုဆောင်၍ လဒ္ဓ, လဒ္ဓါကာရ တို့ဖြင့် ပြအပ်သော သာဝသေသ,အနဝသေသ အာယတနမုခတို့ပေတည်း။

အပဏော၊ တစ်ပါးသော ယောဂိသည်။ ဒ္ဝါဒသာယတနဝသေန၊ တစ်ဆယ့်နှစ်ပါးသော အာယတနတို့၏ အစွမ်းအားဖြင့်။ နာမရူပံ၊ နာမ်ရူပ်ကို။ ဝဝတ္ထပေတိ၊ မှတ်၏။ ဂဏံ ဝဝတ္ထပေတိ၊ အာဃယ်သို့မှတ်သနည်း ဟူမူကား။ စက္ခုဓာတုယံ၊ စက္ခုဓာတ်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ တေပဏ္ဏာသရူပါနိ၊ ၅၃-ပါးကုန်သော ရူပ်တို့ကို။ ဌပေတွာ၊ ထား၍။ စက္ခုပသာဒမတ္တံ၊ စက္ခုပသာဒမျှကို။ စက္ခာယတ-နန္တိ၊ စက္ခာယတနဟူ၍။ ဝဝတ္ထပေတိ၊ မှတ်၏။ တတ္ထ စက္ခုဓာတုယာ၊ ထိုစက္ခုဓာတ်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ သောတဃာနဇိဝှါကာယဓာတုယော၊ သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်တို့ကို။ သောတ ဃာန ဇိဝှါ ကာယာယတနာ-နိတိ၊ သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနတို့ ဟူ၍။ ဝဝတ္ထပေတိ၊ မှတ်၏။ တေသံ၊ ထိုငါးပါးသော အာယတနတို့၏။ ဝိသယဘူတေ၊ အာရုံဖြစ်၍ ဖြစ်ကုန်သော။ ပဋ္ဌမမ္မေ၊ ငါးပါးသော ဓမ္မ တို့ကို။ ရူပသဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗာယတနာနိတိ၊ ရူပါယတန, သဒ္ဒါ-ယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန မည်ကုန်၏ ဟူ၍။ ဝဝတ္ထပေတိ၊ မှတ်၏။ လောကိယ သတ္တဝိညာဏ ဓာတုယော၊ လောကီ ဖြစ်သော ခုနှစ်ပါးသော ဝိညာဏဓာတ်တို့ကို။ မနာယတနန္တိ၊ မနာ-ယတနဟူ၍။ ဝဝတ္ထပေတိ၊ မှတ်၏။ တံ သမ္ပယုတ္တ ဖဿာဒယော၊ ထို လောက်ယသတ္တဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော ဖဿ စသော တရား တို့ကိုလည်းကောင်း။ သေသရူပဠာ၊ ဩဠာရိကာယတနမ္မ ကြွင်းသော ရူပ်ကိုလည်းကောင်း။ ဓမ္မာယတနန္တိ၊ ဓမ္မာယတနဟူ၍။ ဝဝတ္ထပေတိ၊

မှတ်၏။ ဝေ၀ံ ယထာဝုတ္တနယေန၊ ဤသို့ အကြင်အကြင်ဆိုအပ်ပြီးသော နည်းဖြင့်။ ဣတ္ထ၊ ဤအာယတနတို့တွင်။ အဟေတုကာဒသအာယတနာနိ၊ အခဲ့နှင့်တကွ တစ်ဆယ့်ဓာစ်ခုသော အာယတနတို့ကို။ (၀၊) အခဲ့လျှင် တစ်ဆယ့်တစ်ခုမြောက် ရှိသော အာယတနတို့ကို။ ရူပံ၊ ရူပ်ဟူ၍။ (၀ဝတ္ထုပေတိ၌ စပ်)။ ဒီယစုအာယတနာနိ၊ အခဲ့နှင့်တကွ နှစ်ခုသော အာယတနတို့ကို (ပါ) တစ်ခုခဲ့သော အာယတနတို့ကို။ နာမန္တိ၊ နာမ်ဟူ၍။ ၀ဝတ္ထုပေတိ၊ မှတ်၏။ ဝေ၀ံ၊ ဤသို့။ ဧကော၊ တစ်ဦးသော ယောဂီသည်။ ဒ္ဝါဒသာယတနဝသေန၊ တစ်ဆယ့်နှစ်ပါးသော အာယတနတို့၏ အစွမ်းအားဖြင့်။ နာမရူပံ၊ နာမ်ရူပ်ကို၊ ၀ဝတ္ထုပေတိ၊ မှတ်၏။ (အာယတနမုခ။)

ခေါတုမုခဋ္ဌ ဤသို့ မှတ်အပ်၏။ ခေါတ်သည် စက္ခုခေါတ်, သောတခေါတ်, ဃာနခေါတ်, ဇိဝှါခေါတ်, ကာယခေါတ်, ရူပခေါတ်, သဒ္ဒခေါတ်, ဂန္ဓခေါတ်, ရသခေါတ်, ဖေါဋ္ဌဗ္ဗခေါတ်, စက္ခုဝိညာဏခေါတ်, သောတ-ဝိညာဏခေါတ်, ဃာနဝိညာဏခေါတ်, ဇိဝှါဝိညာဏခေါတ်, ကာယဝိညာဏခေါတ်, မနောခေါတ်, မနောဝိညာဏခေါတ် ဓမ္မခေါတ်,အားဖြင့် (၁၈)ပါး အပြားရှိ၏။ ထို (၁၈)ပါးသော ခေါတ်တို့ကိုလည်း သာ၀သေသ, အနု၀သေသ နှစ်နည်းတို့ဖြင့် ရအပ်၏။ ထိုနှစ်ပါးတို့တွင် အဿာသ ပဿာသ ထွက်ရာ ဝင်ရာ ကာလတို့မှစ၍ ကာယခေါတ်၌ ရအပ်သော ကာယဒသက(၁၀)၊ ဘာ၀ဒသက(၁၀)၊ စိတ္တဇသုဒ္ဓဋ္ဌက(၇)၊ ဥတုဇ (၇)၊ အာဟာရဇ(၇)၊ ပေါင်း (၄၄)ပါးသည် ကာယခေါတ် မည်၏။ (ဥပစာဖွဲ့)။

ဖေါဋ္ဌဗ္ဗခေါတ်၌ ရအပ်သော စိတ်ကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်သည် ဖေါဋ္ဌဗ္ဗခေါတ် မည်၏။ ၀ဝတ္ထုဒသက ကလာပ်သည် ဓမ္မခေါတ် တစ်ခဲ့ မည်၏။ ပေါင်း ရူပ်ခေါတ် နှစ်မုခဲ့ရ၏၊ ဝိပဿနာကုသိုဟ်စိတ်သည် မနောဝိညာဏခေါတ် မည်၏။ စေတသိက်(၃၈)ပါးသည် ဓမ္မခေါတ်တစ်ခဲ့

မည်၏၊ ပေါင်း ရုပ်ဓာတ်နှစ်ခုခွဲ, နာမ်ဓာတ် တစ်ခုခွဲအားဖြင့် ပေါင်းသော် အဿာသ ပဿာသအခိုက်၌ ဓာတ်ပေါင်း လေးခု ရ၏။ (သာဝသေသ-ဓာတုမုခ။)

အနစသေသမုခ၌ (၂၇)ပါးကုန်သော ရုပ်တို့၏ အာကာရ, ဝိကာရ, ဌာန, ပဗန္ဓ အားလျော်စွာ ဖြစ်ကုန်သော ရုပ်ပေါင်း"၁၅၁၁"ခုတို့တွင် စက္ခုဒသက(၁၀)ကို မံသနှင့်စပ်၍ ကာယဒသက(၁၀)၊ ဘာဝဒသက(၁၀)၊ စိတ္တ(၈)၊ ဥကုဇ(၈)၊ အာဟာရ (၈)ထည့်၍ (၅၄) ပါးသော ရုပ်တို့ကို စက္ခုဓာတ်ဟု ပဗန္ဓပြု၍ ယူအပ်ရကား စက္ခုဓာတ် (၅၄)၊ ၄င်းနည်းတူ သောတဓာတ်(၅၄)၊ ဃာနဓာတ်(၅၄)၊ ဇိဝှါဓာတ်(၅၄)၊ ကာယဓာတ်(၅၄)၊ ရူပဓာတ်(၈)၊ သဒ္ဒဓာတ်(၉)၊ ဂန္ဓဓာတ်(၈)၊ ရသဓာတ်(၈)၊ ဖောဋ္ဌဗ္ဗဓာတ်(၈)၊ ဘာဝရုပ်(၂)ခု, ဇီဝိတ, ဟဒယဝတ္ထု, အာပေါ, သြဇာ ရုပ် (၆) ခုတို့သည် ရုပ်ဓမ္မဓာတ် တစ်ခွဲမည်၏။ [ကြွင်းသော သြဇာရိုက ရုပ်တို့ကိုကား အစ္ဆရိတ္တ, ဗာဟိရဓာတ်တို့ဖြင့် သင်္ဂြိုဟ်အပ်၏။] သမ္ဘဝဋ္ဌိတ္ထိုင်းဒွေး, ပဋ္ဌဒ္ဓါရဝဇွန်း ပေါင်း(၃)ခုသည် မနောဓာတ်မည်၏၊ ပဋ္ဌဝိညာဏဓာတ် (၁၀) သည် စက္ခုဝိညာဏဓာတ်စသော ပဋ္ဌဝိညာဏဓာတ် ၈ပါးခု မည်၏။ ကြွင်းသော ကာမစိတ် (၄၁)ခုသည် မနောဝိညာဏဓာတ် မည်၏။ စေပါသိက် ဒွေပညာသ (၅၂)ခုသည် နာမ်ဓမ္မဓာတ်တစ်ခွဲ မည်၏၊ ပေါင်း အဿာသ ပဿာသပဗန္ဓ အခိုက်၌ ရုပ်ဓာတ်ဆယ်ခုခွဲ,နာမ်ဓာတ်ခုနစ်ခုခွဲအားဖြင့်(၁၈)ပါးသော ဓာတ်တို့ကို ရအပ်ကုန်၏။ စိတ် (၅၄)စေတသိက် (၅၂)ရုပ် (၂၇) (၀၊) (၁၅၁၁)ပါး အားဖြင့် ရုပ်ပေါင်း (၁၅၁၁)ခု၊ နာမ်ပေါင်း (၁၀၆)ခု ရအပ်၏။

ဤကား—

ဝေမေတ္တ အဖေကာဒသ ဓာတုယော ရှုပ်၊ အစ္ဆဋ္ဌမာ ဓာတုယော နာမန္တိ ဝေမေကော အဋ္ဌာရသဓာတုဝသေန နာမ-ရှုပ် ဝဝတ္ထပေတိ။ ဝိသုဒ္ဓိ၊-၂၊ ၂၂၄။

ဟူသော ဝိသုဒ္ဓိမဂ်၊ ဥပရိပဏ္ဏာသအဋ္ဌကထာတို့၏ သဘာဝကို ဆောင်၍ လဒ္ဓ, လဒ္ဓါကာရ တို့ဖြင့် ပြအပ်သော သာဝသေသ, အနုဝသေသ ဓာတုမုခတို့ပေတည်း။(ဥပစာဘာဝနာဖွဲ့ အကျယ်ကိုလိုမူ ၎င်းတို့မှာယူ။)

ဧဝံ ဣမိနာ ဝုတ္တနယေန၊ ဤဆိုအပ်ခဲ့သော နည်းဖြင့်။ ဣတ္ထ၊ ဤ (၁၈)ပါးသော ဓာတ်တို့တွင်။ အဓေါကာဒသ ဓာတုယော၊ အခဲ့နှင့်တကွ တစ်ဆယ့်တစ်ပါးသော ဓာတ်တို့သည်။ (ဝါ) အခဲ့လျှင် တစ်ဆယ့်တစ်ခု မြောက်ရှိသော ဓာတ်တို့သည်။ ရူပံ၊ ရူပ်မည်၏။ အဓုဒ္ဒမာ၊ အခဲ့နှင့်တကွ ရှစ်ခုကုန်သော။ (ဝါ) အခဲ့လျှင် ရှစ်ခုမြောက်ရှိကုန်သော။ ဓာတုယော၊ ဓာတ်တို့သည်။ နာမံ၊ နာမ်မည်၏။ ဣတိ ဧဝံ၊ ဤသို့။ ဧကော၊ တစ်ဦးသော ယောဂီသည်။ အဒ္ဓာရသ ဓာတုဝသေန၊ တစ်ဆယ့်ရှစ်ပါးသော ဓာတ်တို့၏ အစွမ်းအားဖြင့်။ နာမရူပံ၊ နာမ်ရူပ်ကို။ ဝဝတ္ထပေတိ၊ မှတ်၏။ (အနုဝသေသ ဓာတုမုခ။)

(၁) ဤသို့လော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့် ဓမ္မတာ၊
(၂) ပဝတ္တိ၏ သာမညမုခ နှစ်ပါး၊
(၃) ခန္ဓမုခ နှစ်ပါး၊
(၄) အာယတနမုခ နှစ်ပါး၊
(၅) ဓာတုမုခ နှစ်ပါးတို့ဖြင့်–

ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ဟန်, ပျက်ဟန်တို့ကို ဝေဖန်ပိုင်းခြား၍ ငါးကြိမ်တိုင်တိုင် ပြရခြင်းကား အလွန်သိမြင်နိုင်ခဲ့၍ ပြလိုက်ရသည်၊ စင်စစ်မှာမူ တစ်ခုတစ်ခုသော မုခဖြင့် ဤရုပ်ဓမ္မ, နာမ်ဓမ္မတို့ကို ဓမ္မတာနှင့် ပဝတ္တိ, ပဝတ္တိနှင့်ဓမ္မတာ ဆောရ၍ သိနိုင် မြင်နိုင် ထင်နိုင်ပါမူ ကိစ္စပြီးတော့သည် သာတည်း။

ထိုသို့သော ကမ္မဋ္ဌာန်းကို ဘုန်းပြန်းအားထုတ်သောသူ၏ ထိုထိုသော အာရုံတို့၌ စိတ်တရားကား အဘယ်စိတ်၊ စေတသိက်တရားတို့ကား အဘယ်စေတသိက်၊ ရုပ်တရားတို့ကား အဘယ်ရုပ်တို့တည်းဟု ကေန်

သိျမင္ျခင္းသည္ကား ရွင္ေတာ္ဘုရား၏ ဉာဏ္ေတာ္ သတ္တိတို့အရာေပ တည္း။ အဘယ္ကဲ့သို့နည္းဟူမူ–လ့ေသေဘာတို့ျဖင့္ မဟာသမုဒ္ဒရာကို ကူးေသာသူတို့သည္ ခ်ဳပ္ငယ္တစ္ခုျဖင့္ မဟာသမုဒ္ဒရာရေကို ခပ်ဳ၍ ေသာက္ခ်ိဳးအံ့ေသာ၄ ဤမဟာသမုဒ္ဒရာ၏ အတုင္းခ်ိန္ ဤရြက္ကား အစိရ၀တီ ရြက္တည္း၊ ဤရြက္ကား မဟီ ရြက္တည္း၊ ဤရြက္ကား သရဘူ ရြက္တည္း၊ ဤရြက္ကား ယမုနာ ရြက္တည္း၊ ဤရြက္ကား ဂင်္ဂါ ရြက္တည္းဟု တပါးေသာသူတို့ ပိုင္းျခားေ၀ဖန္၍ မသိျမင္နိုင္ရာ။ ရွင္ေတာ္ဘုရားမ်ားမူ ျမစ္ၾကီး ငါးသွယ် ျမစ္ငယ် ငါးရာ ကန္ဒရာ တစ္ေသာင္းတို့၏ ရြက္ေသာ္ လည္း ဤရြက္ကား အဘယ္ျမစ္ၾကီး၊ အဘယ္ျမစ္ငယ်၊ အဘယ္ကန္ဒရာမ္ လာေသာ ရြက္ေပတည္း စသည္ျဖင့္ ခဲ့ျခမ်ားေ၀ဖန္၍ ကုန္သည္ျမင္ေတာ္ မူနိုင္သကဲ့သို့ ဤကမၽြန္း၏ အာရုံ စသည္တို့၌ ရထိုက္ေသာ ရုပ်နာမ် တရားတို့ကို ပိုင္းျခားေ၀ဖန္၍ ကုန္သည္ျမင္ေတာ္မူနိုင္၏။ တပါးေသာသူတို့ အရာ မဟုတ္ကုန်၊ ထို့ေၾကာင့္ ရွင္နာဂသိန္သည္–

> ဒုက္ခရံ မဟာရာဇ ဘဂ၀တာ ကတံ၊ ဣမေသံ အရူပိနံ စိတ္တ-
> စေတသိကာနံ ဓမ္မာနံ ဧကာရမ္မဏေ ၀တ္တမာနာနံ ၀ေ၀ဋ္ဌာနံ
> အက္ခာတံ အယံ ဖဿော, အယံ ေ၀ဒနာ, အယံ သညာ,
> အယံ စေတနာ ဣဒံ စိတ္တန္တိ– မိလိန္ဒ-၉၄။

အစရွိသျဖင့္ ယခင္ျပခဲ့ေသာ ဥပမာနဲ့ေတူစ၀ာ ဥပမာကို ျပေတာ္မူ၍ ေဟာေတာ္မူပ၏။

မဟာရာဇ၊ မင်းမြတ်။ ဒုက္ခရံ၊ လူသာမန်တို့ သိခြင်းငှာပြုရန် ခဲယဉ်း သည်ကို။ ဘဂ၀တာ၊ ရှင်တော်ဘုရားသည်။ ကတံ၊ ပြုတော်မူခဲ့ပေ၏။ ဒုက္ခရံ၊ လူသာမန်တို့ သိခြင်းငှာပြုရန် ခဲယဉ်းသည်ကို။ ကိုယ်ကတံ၊ အဘယ်သို့ပြုသနည်းဟူမူ။ ဧကာရမ္မဏေ၊ တစ်ခုခုသော အာရုံ၌။ ၀တ္တမာနာနံ၊ ဖြစ်ကုန်သော။ အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ ဣမေသံ စိတ္တစေတသိကာနံ ဓမ္မာနံ၊ ဤ စိတ်စေတသိက်တရားတို့၏။ အယံ၊ ဤ သဘောကား။ ဖဿော၊ ဖဿပေတည်း။ အယံ၊ ဤသဘောကား။ ေ၀ဒနာ၊ ေ၀ဒနာပေတည်း။ အယံ၊ ဤသဘောကား။ သညာ၊ သညာ

ပေတည်း။ အယံ၊ ဤသဒ္ဒေဘာကား။ စေတနာ၊ စေတနာပေတည်း။ ဣဒံ၊ ဤသဘောကား။ စိတ္တံ၊ စိတ်ပေတည်း။ ဤတိ၊ ဤသို့။ ယံ ဝဝတ္ထာနံ၊ အကြင် ပိုင်းခြားခြင်းကို။ အကွာတံ၊ ဟောတော်မူအပ်၏။ တံ ဝဝတ္ထာနံ၊ ထိုပိုင်းခြားခြင်းသည်။ ဘဝဂတာ၊ မှင်တော်ဘုရားသည်။ ကတံ၊ ပြုအပ်သော။ ဒုက္ခရံ၊ ခဲယဉ်းသောအမှုပေတည်း။ (ဤကား နိဒဿနအာဘော်ပေတည်း။)

ထိုထိုကမ္မဋ္ဌာန်းတို့၏ အာရုံတို့ဌာလည်းကောင်း၊ တပါးသောအာရုံတို့ဌာလည်းကောင်း ဤ သင်္ခါရ, နိမိတ္တ, သန္ဓတိ အစဉ်ဝယ် ရူပ်တရားကား ဘယ်ရှေ့ ဘယ်မျှရှိ၏၊ နာမ်တရားကား ဘယ်ရှေ့ ဘယ်မျှရှိ၏ဟု အဲရေ အတွက်နှင့်တကွ သဘာဝတို့ကို သိမြင်မှ ၎င်းသင်္ခါရ, နိမိတ္တ, သန္ဓတိ အစဉ်သည် ရူပ်ပေါင်း ဘယ်မျှတို့ အစဉ်တည်း၊ နာမ်ပေါင်းဘယ်မျှတို့ အစဉ်တည်းဟု ကေန်သိမြင်ပြီးမှ ထိုရူပ်နာမ်နှစ်ပါးတို့ အကြောင်းကို ရှာ၍ အကြောင်းနှင့်တကွသော ရူပ်နာမ်နှစ်ပါးတို့ကို လက္ခဏာရေး (၃)ပါးသို့ တင်၍ သုံးသပ်မှသာ အထက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်နိုင်မည်ဟူ၍ မှတ်။

ယခု ဥပစာရ သမထယာနိကလမ်းဌာလည်း ဓမ္မတာနှင့် ပဝတ္တိကို ရော၍ ရူပ်တရားကား အဿာသပဿာသပဋိဘာဂအခိုက်ဌ (၆၂) ပါး၊ နာမ်တရားကား (၃၉) ပါးသာတည်းဟူ၍ သာဝသေသနည်းတို့ဖြင့် သိမ်းဆည်းပါ၍ အကြောင်းကိုရှာ၍ အကြောင်းနှင့်တကွသော ရူပ်နာမ်နှစ်ပါးတို့ကို လက္ခဏာရေး (၃)ပါးသို့တင်၍ သုံးသပ်ကြရမည် ဟူလို။

သော ဂဏနတော ရူပံ အဇာနန္ဒော ရူပံ ပရိဂ္ဂဟေတ္ဝာ အရူပံ ဝဝတ္ထပေတ္ဝာ ရူပါရူပံ ပရိဂ္ဂဟေတ္ဝာ ပစ္စယံ သလ္လက္ခေတ္ဝာ လက္ခဏံ အာရောပေတ္ဝာ ကမ္မဋ္ဌာနံ မတ္ထကံ ပါပေတုံ နု သက္ကောတိ—

ဟူသော မဟာဂေါပါလသုတ် အဋ္ဌကထာ၏ ဗျတိရိတ်ကို ထောက်။
မဋ္ဌ ၂-၁၆၃။

သော၊ ထိုယောဂီသည်။ ဂဏနတော၊ အရေအတွက်အားဖြင့်။ ရူပံ၊ ရုပ်တရားအပေါင်းကို။ အဇာနန္တော၊ မသိဘဲလျက်။ ရူပံ၊ ရုပ်တရားအပေါင်းကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ အရူပံ၊ နာမ်တရားကို။ ဝဝတ္ထပေတွာ၊ မှတ်၍။ ရူပါရူပံ၊ ရုပ်နာမ်နှစ်ပါးကို။ ပရိဂ္ဂဟေတွာ၊ ယူ၍။ ပစ္စယံ၊ အကြောင်းကို။ သလ္လက္ခေတွာ၊ မှတ်၍။ လက္ခဏံ၊ လက္ခဏာရေးသို့။ အာရောပေတွာ၊ တင်၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ မတ္ထကံ၊ အပြီးသို့။ ပါပေတုံ၊ ရောက်စေခြင်းငှာ။ နသက္ကောတိ၊ မတတ်နိုင်။

ထို အဿာသပဿာသ အခိုက်၌ ရုပ်နာမ် (၂)ပါး၊ ခန္ဓာ (၅)ပါး၊ အာယတန (၄)ပါး၊ ဓာတ် (၄)ပါး၊ ပရမတ္ထတရား (၁၀၁)ပါးတို့ကို မျက်ဝါးထင်ထင် သိမြင်အပ်သည်ရှိသော် တေဘူမက ဟု ဆိုအပ်သော ဤသခ်ါရတရား (၁၀၁)ပါးတို့၌ (၀၊) (၁၆၀၇)ပါးသော သခ်ါရတရားတို့၌ [သာဝသေသ, အနုဝသေသ(၂)နည်းငဲ့။]အကြင် ထက်လွန်စွာသော သန်လျက်ဖြင့် ပန်းကပ်ကို ဖွင့်သကဲ့သို့လည်းကောင်း၊ နှစ်ရှက်ပူး၍ နေသော ထန်းဖူးကို ခွဲ၍ ကြည့်သကဲ့သို့လည်းကောင်း မိမိ၏ ကိုယ်ဟု ခေါ်သော ဤသခ်ါရ, နိမိတ္တ, သန္တတိ နာမရူပသမူဟ၏အတွင်း၌ ရုပ်နာမ်နှစ်ပါးကိုသာ မြင်ရှာတော့၏။ ရုပ်နာမ်မှတစ်ပါး သတ္တ, ပုဂ္ဂလ, ငါ, သူတစ်ပါး, ယောကျ်ား,မိန်းမ, လူ,နတ်, ဗြဟ္မာမရှိဟု ယောဂါဝစရ၏ ယထာဘူတသခ်ါရ ပဋိစ္စသမုပ္ပါဒ်တော်ဟု ဆိုအပ်သော ဝိပဿနာခန္ဓာ ငါးပါးဘော်သည်ဖြစ်၍ ဆုံးဖြတ်ခြင်းသို့ ရောက်လေ၏။

ဤတို့ အဋ္ဌာရသခေါတုယော ဒ္ဝါဒသာယတနာနိ ပဉ္စက္ခန္ဓာတော် သဗ္ဗေပိ တေဘူမကေ ဓမ္မေ ခဏေန သမုဂ္ဂံ ဝိဝရမာနော ဝိယ ယမကတာလက္ခန္ဓံ ဖါလယမာနော ဝိယ စ နာမဉ္စ ရူပဉ္စာတိ ဒ္ဝေခေ ဝဝတ္ထပေတိ၊ နာမရူပမတ္တတော အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိတိ နိဋ္ဌံ ဂစ္ဆတိ။ ဝိသုဒ္ဓိ ၂၊၂၂၇။

ဤတို့ ဤမိနာ နယေန၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဋ္ဌာရသ-ခေါတုယော၊ (၁၈)ပါးသော ခေါတ်တို့ကိုလည်းကောင်း။ ဒ္ဝါဒသာ-

ယတနာနှီ၊ (၁၂)ပါးသော အာယတနတို့ကိုလည်းကောင်း။ ပဋ္ဌာန္ဓာ၊ ၎င်းပါးသော ခန္ဓာတို့ကိုလည်းကောင်း။ ဣတိ၊ ဤသို့။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေဘူမကေ၊ ဘုံသုံးပါး၌ ဖြစ်ကုန်သော။ ဝမ္မေ၊ ရုပ်နာမ်ဓမ္မတို့ကို။ ခဏေန ခဏအရေန၊ သန်လျက်ဖျားဖြင့်။ သမုဋ္ဌာ၊ ပူတာတံတင်းနှင့် တူသော ပန်းကပ်ကို။ ဝိဝရမာနော ဝိယ၊ ဖွင့်သကဲ့သို့လည်းကောင်း။ ယမကတာလကွန္ဒံ၊ အစုံသော ထန်းပူးညောက်ကို။ ဖါလယမာနော ဝိယစ၊ ခွဲသကဲ့သို့လည်းကောင်း။ နာမဉ္စ၊ နာမ်ဟူ၍လည်းကောင်း။ ရူပဉ္စာတိ၊ ရုပ်ဟူ၍လည်းကောင်း။ ဒ္ဒိဓာ၊ နှစ်ဖို့အားဖြင့်။ ဝဝတ္ထပေတိ၊ မှတ်၏။ နာမရူပမတ္တတော၊ နာမ်ရုပ်မတ္တမှ။ ဥဒ္ဓံ၊ အထက်၌။ အညော၊ တစ်ပါးသော။ သတ္တောဝါ၊ သတ္တဝါဟူသည်လည်းကောင်း။ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ်ဟူသည်လည်းကောင်း။ ဒေဝေါဝါ၊ နတ်ဟူသည်လည်းကောင်း။ ဗြဟ္မာဝါ၊ ဗြဟ္မာဟူသည်လည်းကောင်း။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ရုပ်နာမ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ပြီးသော ယောဂါဝစရသည် သတ္တ, ပုဂ္ဂလ, ဝါ, သူတစ်ပါး, ယောကျား, မိန်းမ, လူ, နတ်, ဗြဟ္မာဟူသော ဝေါဟာရကို ဖျောက်ခြင်းငါလည်းကောင်း၊ သတ္တဝါဟု ယူသော တွေဝေခြင်းကို လွန်ခြင်းငါလည်းကောင်း၊ အသမ္မောဟဘုံ၌ စိတ်ကို အမြဲထားခြင်းငါလည်းကောင်း ဆိုလတ္တံ့သော သမ္မဟုလသုတ္တန်တို့ကို အခါမလပ် သုံးသပ်ဆင်ခြင်၍ မိမိဉာဏ်အမြင်နှင့် ရောကုန်ရာ၏။

ယထာ ဟိ အဂ်သမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧवं ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

ဝိသုဒ္ဓိ-၂၊၂၂၈။

ဒုက္ခမေव ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဧတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

သံ-၁၊၁၃၇။

အင်္ဂသမ္ဘာရာ၊ ဝင်ရိုး လှည့်ဘီး စသော အကြောင်းရှိသောကြောင့်။ ရထော ဣတိ သဒ္ဒေါ၊ လှည်း ရထားဟူသော။ ဝေါဟာရော၊ ခေါ်ဝေါ်ခြင်းသည်။ ဟောတိ ယထာ ဖြစ်၏သို့။ ဧवံတထာ၊ ဤအတူ။ ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာတို့သည်။ (ဝါ) ငါ သူတစ်ပါး ယောကျ်ား မိန်းမ စသည်ဖြင့် စွဲလမ်းခြင်းတို့သည်။သန္တေသု၊ ရှိကုန်လတ်သော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟူသော ဝေါဟာရသည်။ ဟောတိ၊ ဖြစ်၏။

ဟိသစ္စံ၊ မှန်၏။ ဒုက္ခမေဝ၊ ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ သည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံ၊ သုံးပါးသော ဒုက္ခတရား သည်သာလျှင်။ တိဋ္ဌတိ၊ ခဏဋ္ဌိ၊ ပဗန္ဓဋ္ဌိအားဖြင့် တည်၏။ ဧဝတိစ၊ ခဏနိရောဓအားဖြင့်ချုပ်ပျက်မူလည်း ချုပ်ပျက်၏။ ဒုက္ခာ၊ သုံးပါးသော ဒုက္ခကို။ အညတြ၊ ထား၍။ တတော၊ ထိုဆိုအပ်ပြီးသောဒုက္ခမှ။ အညံ၊ တစ်ပါးသော။ ကိဉ္စိ ဧမ္မဇာတံ၊ တစ်စုံတစ်ခုသော တရားသဘောသည်။ နိ သမ္ဘောတိ၊ မဖြစ်။ ဒုက္ခာ၊ သုံးပါးသော ဒုက္ခမှ။ အညံ၊ တစ်ပါးသော။ ကိဉ္စိ ဧမ္မဇာတံ၊ တစ်စုံတစ်ခုသော တရားသဘောသည်။ နိ နိရုဇ္ဈတိ၊ ချုပ်သည် မဟုတ်။

နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော၊
နိ ဟောတ္ထ သတ္တောမနုဇော စ ဝိဇ္ဇတိ။
သုညံ ဣဒံ ယန္တမိဝါဘိသင်္ခံတံ၊
ဒုက္ခသာ ပုဉ္ဇော တိဏကဋ္ဌသဒိသောတိ။

ယမကံ နာမရူပဉ္စ၊ ဥဘော အညောညနိဿိတာ။
ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာတိ။

ဝိသုဒ္ဓိ-ဋီ-၂၊ ၂၃၀။

ဣဓ၊ ဤခန္ဓာဟူသော လောကဌ်။ သစ္စတော၊ အမှန်အားဖြင့်။ (ဝါ) ပရမတ္ထအားဖြင့်။ နာမဉ္စ၊ နာမ်သည်လည်းကောင်း။ ရူပဉ္စ၊ ရုပ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဟိသစ္စံ၊ မှန်၏။ တွေ့ဆ၊ ဤရုပ်နာမ်အစုမျှဌ်။

သတ္တောဿ စ၊ သတ္တဝါသည်လည်းကောင်း။ မနုဿော စ၊ လူမည်သည်လည်းကောင်း။ နိ ဝိဇ္ဇတိ၊ မရှိ။ ဣဒံ ဒုယံ၊ ဤနာမ်ရူပ်နှစ်ပါးအပေါင်းသည်။ သုညံ၊ သတ္တဇီဝမူ ဆိတ်၏။ အဘိသင်္ခတံ၊ ယန္တရားကြိုးငင်ခြင်းတည်းဟူသော အကြောင်းထူးသည် ပြုပြင်အပ်သော။ယန္တမိဝ၊ ယန္တရားရူပ်ကဲ့သို့။ ပစ္စယဝသေန၊ ပစ္စည်း၏အစွမ်းအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ (ထည့်)၊ နိစ္စာတုရတာယ၊ အမြဲ ကျင်နာသည်၏အဖြစ်ကြောင့်။ ဒုက္ခဿ၊ ဆင်းရဲ၏။ ပုဗ္ဗော၊ အစုမျှသာဖြစ်၏။ အတ္တာသုညတာယ၊ အတ္တမှ ဆိတ်သည်၏အဖြစ်ကြောင့်။ တိဏကဋ္ဌသဒိသော၊ မြက်, ထင်းတုံးနှင့်တူ၏။ (၁)

နာမဉ္စ၊ နာမ်လည်းကောင်း။ ရူပဉ္စ၊ ရူပ်လည်းကောင်း။ ဣတိ၊ဤသို့။ ယမကံ၊ အစုံဖြစ်သော။ ယံ ဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ အတ္ထိ၊ ရှိ၏။ (ထည့်)။ တေ ဥဘော၊ ထိုနှစ်ပါးစုံသော တရားတို့သည်။ အညောညနိဿိတာ၊ တစ်ပါးသည် တစ်ပါးကိုမှီ၍ ဖြစ်ကုန်၏။ တတော ဧဝ၊ ထို့ကြောင့်သာလျှင်။ ဧကသ္မိံ၊ တစ်ပါးသည်။ ဘိဇ္ဇမာနသ္မိံ၊ ပျက်သည်ရှိသော်။ ဥဘော၊ နှစ်ပါးကုန်သော ရူပ်နာမ်တို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ယ္ဟာယံ-ယော အယံ ဘဂေါ၊ အကြင်ရူပ်နာမ်၏ ပျက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သ္ဟာယံ-သော အယံ ဘဂေါ၊ ထိုရူပ်နာမ်၏ ပျက်ခြင်းသည်။ ပစ္စယာ-ပစ္စယနိရောဓေန၊ အကြောင်းတရား၏ ချုပ်ခြင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ [အကျယ်ကိုလိုမူ ဝိသုဒ္ဓိမဂ်မှာယူ။]

သမ္မဟုလသုတ္တ ပေါရာဏာဂါထာတို့ဖြင့် မိမိမြင်သော ဉာဏ်၊ ကေန်ရောက်အပ်သော တရား၊ ၎င်းနှစ်ပါးတို့၏လက္ခဏာတို့နှင့် မှန်စွာ ပြည့်စုံသော ယောဂီသည် နှစ်လီသောနာမ်ရူပ်ကို အဟုတ်ကြီးသိရှာ၍ ရှေးခါခုတိုင် မစွန့်နိုင်၍ လက်မှိုင်ကြီးချ ငါဟူသောဝါဒသည် အစသတ် ပြုတ်လေ၍ တွေ့ဝေသော မှောင်မိုက် အဝိဇ္ဇာလောင်တိုက်ကို မီးတိုက်၍ခပင်းယထာဉာဏ်တောက်လင်းလျက် သားရင်းစုဌ၊ သေက္ခညီ ကလျာဏတို့၏

ရအောပ်သော ဗုဒ္ဓိ ဒိဋ္ဌိ ဉာဏ်သုဒ္ဓိနှင့် ဒိုနိစ္ဆယ ခေါ်ဝေါ်ရသော နာမရူပ ဝဝတ္ထာန သင်္ခါရပရိစ္ဆေဒ တေဇမသုန် ဉာဏ်တော်ဘုံသို့ ခိုလှုံစံမြန်းတော်မူပေသတည်း။

> ၎ဝ် နာနာနယေဟ နာမရူပ ဝဝတ္ထာပယတော သတ္တသည် အဘိဘဝိတ္တာ အသမ္မောဟဘူမိယံ ဌိတ် နာမရူပါနံ ယာထာဝ-ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။ ဝိသုဒ္ဓိ-၂၊၂၃၂။

၎ဝ် ဤမိနာ ဝုတ္တနယေန၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ နာနာနယေဟိ၊ အထူးထူးသော နည်းတို့ဖြင့်။ နာမရူပံ၊ နာမ်ရူပ်ကို။ ဝဝတ္ထာပယတော၊ ပိုင်းခြားမှတ်သားသော ယောဂီ၏။ သတ္တသည်၊ အစမထင် သံသရာကာလပတ်လုံး ထုံအပ်သော ခန္ဓာပဋ္ဌာန်ဌ အတ္တဟု စွဲလမ်းသော အမှတ်သညာကို။ အဘိဘဝိတ္တာ ဝိဂ္ဂမ္ဘတ္တာ၊ ခွဲ၍။ အသမ္မောဟဘူမိယံ၊ အသမ္မောဟဘုံ၌။ ဌိတံ၊ တည်သော။ နာမရူပါနံ၊ နာမ်ရူပ်တို့ကို။ ယာထာဝဒဿနံ၊ မဖောက်မပြန်သော သဘောအားဖြင့် ပြခြင်းကို(ဝါ)မဖောက်မပြန် မှန်သောသဘောကိုပြခြင်းကို။ ဒိဋ္ဌိဝိသုဒ္ဓိတိ၊ အတ္တစွဲဟု စွဲလမ်းအပ်သော ဒိဋ္ဌိဟူသော အညစ်အကြေးကို သုတ်သင်တတ်စင်ကြယ်စေတတ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

နာမ ရူပပရိဂ္ဂဟ ပုဗ္ဗကိစ္စံ။

၂၇–သက္ကာယဒိဋ္ဌိနှစ်ဆယ်တို့ကို ပြခြင်း

ဤ နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သည်၏ အဖြစ်ကို သိအပ်၏ ဟူရာ၌ ဒိဋ္ဌိသည်—

နိယတမိစ္ဆာဒိဋ္ဌိ၊
ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ၊
အန္တဂ္ဂါဟိကဒိဋ္ဌိ၊
ပုဗ္ဗန္တာပရန္တာနုကပ္ပိကဒိဋ္ဌိ၊
သက္ကာယဒိဋ္ဌိ–

ဟူ၍ (၅)ပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် နိယတမိစ္ဆာဒိဋ္ဌိ (၃)ပါး ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ (၁၀)ပါး တို့ကို အစစ္ဓာ ကံ, ကံ၏အကျိုးကို ယုံကြည်သည်ဖြစ်၍ သရဏဂုံစသည်တို့ကို မြဲမြံစွာ ဆောက်တည်ခဲ့လျှင်ပင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၏။

အနုဂ္ဂါဟိကဒိဋ္ဌိ (၁၀) ပါး၊ သက္ကာယဒိဋ္ဌိ (၂၀)၊ ပုဗ္ဗန္တာပရန္တာနုကပ္ပိကဒိဋ္ဌိ (၆၂)ပါးတို့ကိုကား အလွန်အားရှိသော ဝိပဿနာဉာဏ်ဖြင့် ရှုနှုတ်ရင်းသော ဒိဋ္ဌိတို့ကို ပယ်နိုင်သည်ဖြစ်မှ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။ ထို့ကြောင့် ဤအရာ၌ သက္ကာယဒိဋ္ဌိသာ ပဓာနဖြစ်၍ သက္ကာယဒိဋ္ဌိတို့၏ စွဲယူဟန်ကို အတန်ငယ် ပြဦးအုံ-

သက္ကာယဒိဋ္ဌိပမုခါနိ ဒ္ဝါဒသဒ္ဌိဒိဋ္ဌိဂတိကာနိ၊
ပဋ္ဌိ သံ-၁၆၀။

ဒ္ဝါသဋ္ဌိ ဒိဋ္ဌိဂတိကာနိ၊(၆၂) ဖြာ မိစ္ဆာအယူတို့သည်။ သက္ကာဒိဋ္ဌိပမုခါနိ၊(၂၀) သော သက္ကာယဒိဋ္ဌိလျှင် အဦးအစဖြစ်ရာ ပဘဝအကြောင်းရှိကုန်၏၊

ထို့ကြောင့် ဤလောကဌ အရိယာတို့၏ဉာဏ်, အရိယာတို့၏ဝိနည်း, အရိယာဘို့၏ဘရားတို့၌ မလိမ္မာသော ပုထုဇဉ်မိုက်သည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကို ကိုယ်ဟူ၍မြဲမြံစွာ စွဲလမ်း၏။ ထိုသို့ စွဲလမ်းသော သူမိုက်ကို ထို ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်းတို့သည် သံသရာမှ မလွတ်ရအောင် အတွင်းအပ တည်းဟူသော နှောင်အိမ်, ခြေကျင်း, ကြိုးလွန်တို့ဖြင့် ဖွဲ့ချည်၏။ ထိုသို့ ဖွဲ့ချည်သောသူအား နိဗ္ဗာန်တည်းဟူသော ကမ်းကိုလည်း မမြင်၊ သံသရာနှောင်အိမ်ကြိုးလွန်တို့ဖြင့် ဖွဲ့ချည်လျက် အိုပည်း အိုရ၏။ နာလည်း နာရ၏။ သေလည်း သေရ၏။ ဤဘဝမှ ထိုဘဝသို့ ပြောင်းလည်း ပြောင်းရ၏။ ဤသက္ကာယဒိဋ္ဌိဟူသည် သြော်-လွန်စွာ ကြောက်ဖွယ်ကောင်းလှစွတကား။

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ ။(ပ)။ သပ္ပုရိသဓမ္မေ အဝိနီတော ရူပံ အတ္တတော သမနုပဿတိ၊

ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တာနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ၊အယံ ဝုစ္စတိ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော ရူပဗန္ဓနဗန္ဓော၊ **အန္တရ**-ဗာဟိရ ဗန္ဓနဗန္ဓော။ (ပ)။ အသ္မာ ;ုလောကာ ပရံ လောကံ ဂစ္ဆတိ။ သံ-၂၊၁၃၄။

(ဝေဒနာကွန္ဒာ စသည်တို့ကိုလည်း နည်းတူယှဉ်၍ ဟောတော်မူ၏။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဤ၊ ဤလောက၌။ အရိယာနံ၊ အရိယာတို့ကို။ အဒဿာဝီ၊ ဉာဏ်ဖြင့်မြင်လေ့ မရှိသော။ (ပ)။ သပ္ပုရိသဓမ္မေ၊ သူတော်ကောင်းတရား၌။ အဝိနီတော၊ သော။ အသုတဝါ၊ အကြားအမြင်မရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ ရူပံ၊ ရူပကွန္ဒာကို။ အတ္တတော၊မိမိရောင်မိမိလျှံ မပြားဟန်သို့ ရုပ်ကား ငါ,ငါကား ရုပ်ဟူ၍။ သမနုပဿတိ၊ **အမြဲ**ရှု၏။ အတ္တာနံ၊ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်ဟူသော **အ**တ္တကို။ ရူပ-ဝန္တံဝါ၊ အရိပ်ရှိသော သစ်ပင်ကဲ့သို့ ရုပ်ရှိ;ုဟူ၍လည်း။ သမနုပဿတိ၊၏။ အတ္တနိဝါ၊ ဝေဒနာစသော နာမ်အတ္တ၌မူလည်း။ ရူပံ၊ ရုပ်ကို။ သမနုပဿတိ၊ ပန်းရနံ့ကဲ့သို့ရှု၏။ အတ္တာနံ၊ ဝေဒနာစသော နာမ်အတ္တကို။ ရူပသ္မိံ ဝါ၊ ရုပ်၌မူလည်း။ သမနုပဿတိ၊ ကြုတ်၌ ပတ္တမြားကဲ့သို့ ရှု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အသုတဝါ၊ သော။ **အ**ယံ ပုထုဇ္ဇနော၊ ဤရုပ်ကို အတ္တရှုခြင်း**စ**သော သက္ကာယဒိဋ္ဌိရှိသော ပုဿုဇဉ်ကို။ ရူပဗန္ဓနဗန္ဓော၊ ရုပ်တည်းဟူသော **အ**နှောင်**အ**ဖွဲ့ **အ**ချုပ်**အ**ထိန်းသည် ကိန်းအောင်းရှည်ကြာ သံသရာနှောင်အိမ်မှ မကျွတ်ရအောင် ဖွဲ့နှောင်ချုပ်ထိန်း**ထား**အပ်၏။ **အ**န္တရ ဗာဟိရ ဗန္ဓန ဗန္ဓော၊ ကိုယ်တွင်း ကိုယ်ပ နှစ်ဝ**သော**အနှောင်**အ**ဖွဲ့သည် ဖွဲ့ချည် တုပ်နှောင် အပ်၏။ (ဝါ) **အ**တွင်း**အ**ပဖြစ်သော ကာမဓာတ်, **အ**ပဖြစ်သော ရူပါရူပဓာတ်**အ**ဖွဲ့သည် ဖွဲ့ချည်တုပ်နှောင်**အ**င်၏။ **အ**တီရဒဿီ၊ သံသရာ**ဝ**ဋ်တည်းဟူသော ဤမှာ ဘက်ကမ်းကိုလည်း မမြင်။ **အ**ပါရဒဿီ၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာ ဘက်ကမ်းကိုလည်းမမြင်။ ဗန္ဓော၊ ကိုလေသာသည် ဖွဲ့ချည်တုပ်နှောင်အပ်လျက်။ ဇိယျတိ၊ အိုရ**၏**။ ဗန္ဓော၊ လျက်။ မိယျတိ၊ သေရ**၏**။ ဗန္ဓော၊ လျက်။ **အ**သ္မာလောကာ၊ ဤလောက ဤဘဝမှ။ ပရံ**လော**ကံ၊ **တ**မလွန်

လောက တမလွန်ဘဝသို့။ ဂစ္ဆတိ၊ သွားရ၏။ ဣတိ၊ ဤသို့။ (ထည့်) ဝုစ္စတိ၊ ဆိုအာပ်၏။

ဌင်းသက္ကာယဒိဋ္ဌိ (၂၀) တို့၏ "ဖုဒ်လေးချက် အနက်ခြောက်သွယ် ပြန့်ပြောကျယ် နှစ်ဆယ်သက္ကာယ"ဟု ဆရာမြတ်တို့ မိန့်အပ်သည်နှင့်အညီ ယူဟန်ကား– ရူပ်သည်ပင် ငါ, ငါသည်ပင် ရူပ် ဟူ၍—

(၁) ရူပ်နှင့်အတ္တ, အတ္တနှင့်ရူပ် မကွဲမပြား မှတ်ခြင်း တစ်ပါး၊

(၂) ရူပ်ရှိသောငါ, ရူပ်နှင့်ပြည့်စုံသော ငါဟူ၍ ရူပ်နှင့်မကင်း အတ္တကို ဆ၍မှတ်ခြင်း တစ်ပါး၊

(၃) ငါ၌ရူပ်တည်၏, ရူပ်သည် ငါ၌တည်၏ဟူ၍ မှတ်ခြင်း တစ်ပါး၊

(၄) ရူပ်၌ ငါတည်၏, ငါသည်ရူပ်၌တည်၏ဟူ၍ မှတ်ခြင်းတစ်ပါး— ဤသို့ ရူပကွန္ဓာ၌ သက္ကာယဒိဋ္ဌိ လေးပါး။

(၁) ဝေဒနာသည် ငါ, ငါသည်ပင် ဝေဒနာဟူ၍ မှတ်ခြင်း တစ်ပါး၊

(၂) ဝေဒနာရှိသော ငါ, ငါသည် ဝေဒနာရှိ၏ဟူ၍ မှတ်ခြင်းတစ်ပါး၊

(၃) ငါ၌ ဝေဒနာတည်၏, ဝေဒနာသည် ငါ၌တည်၏ဟူ၍မှတ်ခြင်း တစ်ပါး၊

(၄) ဝေဒနာ၌ ငါတည်၏, ငါသည် ဝေဒနာ၌ဘည်၏ဟူ၍ မှတ်ခြင်း တစ်ပါး—

ဤသို့ ဝေဒနာကွန္ဓာ၌ သက္ကာယဒိဋ္ဌိ လေးပါး။

(၁) သညာသည်ပင် ငါ, ငါသည်ပင် သညာဟူ၍ မှတ်ခြင်း တစ်ပါး၊

(၂) သညာရှိသော ငါ, ငါသည် သညာရှိ၏ ဟူ၍ မှတ်ခြင်း တစ်ပါး၊

(၃) ငါ၌ သညာတည်၏, သညာသည် ငါ၌တည်၏ဟူ၍ မှတ်ခြင်း တစ်ပါး၊

(၄) သညာ၌ ငါတည်၏, ငါသည် သညာ၌ တည်၏ဟူ၍ မှတ်ခြင်း တစ်ပါး–

ဤသို့ သညာကွန္ဒာ၌ သက္ကာယဒိဋ္ဌိ လေးပါး။

(၁) သင်္ခါရသည်ပင် ငါ, ငါသည်ပင် သင်္ခါရဟူ၍ မှတ်ခြင်း တစ်ပါး၊

(၂) သင်္ခါရရှိသော ငါ,ငါသည် သင်္ခါရရှိ၏ဟူ၍ မှတ်ခြင်း တစ်ပါး၊

(၃) ငါ၌ သင်္ခါရတည်၏, သင်္ခါရသည် ငါ၌တည်၏ဟူ၍ မှတ်ခြင်း တစ်ပါး၊

(၄) သင်္ခါရ၌ ငါတည်၏, ငါသည် သင်္ခါရ၌တည်၏ ဟူ၍ မှတ်ခြင်း တစ်ပါး–

ဤသို့ သင်္ခါရကွန္ဒာ၌ သက္ကာယဒိဋ္ဌိ လေးပါး။

(၁) ဝိညာဉ်သည်ပင် ငါ, ငါသည်ပင် ဝိညာဉ် ဟူ၍ မှတ်ခြင်း တစ်ပါး၊

(၂) ဝိညာဉ်ရှိသော ငါ,ငါသည် ဝိညာဉ်ရှိ၏ဟူ၍ မှတ်ခြင်း တစ်ပါး၊

(၃) ငါ၌ ဝိညာဉ်တည်၏, ဝိညာဉ်သည် ငါ၌ တည်၏ ဟူ၍ မှတ်ခြင်း တစ်ပါး၊

(၄) ဝိညာဉ်၌ ငါတည်၏, ငါသည် ဝိညာဉ်၌တည်၏ ဟူ၍ မှတ်ခြင်း တစ်ပါး–

ဤသို့ ဝိညာဏကွန္ဒာ၌ သက္ကာယဒိဋ္ဌိ လေးပါး။

ဤသို့ ပုဒ်လေးချက်တို့၌ အနက်ခြောက်သွယ်တို့သည် ယှဉ်၍ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် ပုထုဇဉ်မိုက်တို့၏ သန္တာန်၌ လွန်စွာလည်း စဲ့လမ်းတတ်ကုန်၏၊ စဲ့လမ်းသော အတိုင်းအားဖြင့် ပြောဆိုလေ့ ရှိကြကုန်၏။

အဘယ်ကဲ့သို့ စွဲလမ်းပြောဆိုကြကုန်သနည်းဟူမူကား-
ရုပ်၌ မာသည်၊ ပျော့သည်၊ ပူသည်၊ လှုပ်သည်၊ စသည်ဖြင့် မျိုးနှင့် ငါကို မကွဲပြားအောင် ပြောဆိုတတ်ကြကုန်၏။ (ပ-၏ ပထမတွဲ။)

အဘယ်သူသည် မာသနည်းဟု မေးမူ ငါဟူ၍လည်းကောင်း, သူဟူ၍လည်းကောင်း ပြောဆိုလေ့ရှိ၏။ (ပ-၏ ဒုတိယတွဲ။)
မာသည် ကျွန်ုပ်မာသောသူဟူ၍ ပြောဆိုလေ့ရှိ၏။(ဒု-၏ ပထမတွဲ။)

ငါ မာသည် သူ မာသည်ဟူ၍ ပြောဆိုလေ့ရှိ၏။ (ဒု-၏ ဒုတိယတွဲ။)
ငါ မာသည် ကြာပြီဟူ၍ ပြောဆိုလေ့ရှိ၏။(တတိယတွဲ။)
မာသည် ငါ ကြာပြီဟူ၍ ပြောဆိုလေ့ရှိ၏။ (စတုတ္ထတွဲ၊)

ဤသို့ ပထဝီဓာတ် တစ်ခုကိုပြလျှင် ကြင်းသော ရုပ်(၂၇)ပါးကိုလည်း သိအပ်၏။ (ရုပ်၌ သက္ကာယ စွဲပုံ။)

ဝေဒနာ၌ နာသည် (ပ-၏ ပထမတွဲ။)
ဘယ်သူ နာသနည်း မေးမူ ငါ သူဟူ၍ ပြောဆို၏၊ (ပ-၏ ဒုတိယတွဲ။)
နာသောသူ (ဒု-၏ ပထမတွဲ။)
သူ နာသည် (ဒု-၏ ဒုတိယတွဲ။)
နာသော ငါ ကြာပြီ (တတိယတွဲ။)
ငါ နာသည်၊ ကြာပြီ (စတုတ္ထတွဲ။)

ဤသို့ ဒုက္ခဝေဒနာကို ပြလျှင် ကြင်းသော ဝေဒနာ လေးပါးတို့ကို သိအပ်ကုန်၏။ (ဝေဒနာ၌ သက္ကာယ စွဲပုံ။)

သညာ၌ မှတ်မိသည် (ပ-၏ ပထမတွဲ။)
အဘယ်သူ မှတ်သနည်း မေးမူ ငါဟုပြောဆို၏ (ပ-၏ ဒုတိယတွဲ။)
မှတ်သော သူ (ဒု-၏ ပထမတွဲ။)

သူ မှတ်သည်၊ (ဒု-၏ ဒုတိယတွဏ။)
ငါ မှတ်မိသည် ကြာပြီ၊(တတိယတွဏ။)
မှတ်သည်ငါ ကြာပြီ၊ (စတုတ္ထတွဏ။)

ဤသို့ သညာတစ်ခုကိုပြလျှင် ကြွင်းသော သညာတို့ကို သိအပ်ကုန်၏။ (သညာ၌ သက္ကာယ စွဲပုံ။)

သင်္ခါရ၌ တွေ့သည်၊ (ပ-၏ ပထမတွဏ။)
ဘယ်သူတွေ့သနည်း မေးမူ ငါဟုပြော၏၊(ပ-၏ ဒုတိယတွဏ။)
တွေ့သော သူ၊(ဒု-၏ ပထမတွဏ။)
သူ တွေ့သည်၊ (ဒု ၏ ဒုတိယတွဏ။)
ငါ တွေ့သည် ကြာပြီ၊ (တတိယတွဏ။)
တွေ့သည် ငါကြာပြီ၊ (စတုတ္ထတွဏ။)

ဤသို့ ဖဿတစ်ခုကို ပြလျှင် ကြွင်းသော စေတသိက် (၄၉)ပါးကို သိအပ်၏။ (သင်္ခါရ၌ သက္ကာယ စွဲပုံ။)

ဝိညာဉ်၌ မြင်သည်၊ (ပ-၏ ပထမတွဏ။)
ဘယ်သူမြင်သနည်း မေးမူ ငါဟု ပြောဆို၏၊ (ပ-၏ ဒုတိယတွဏ။)
မြင်သော သူ၊(ဒု-၏ ပထမတွဏ။)
သူ မြင်သည်၊(ဒု-၏ ဒုတိယတွဏ။)
ငါ မြင်သည်၊ ကြာပြီ၊(တတိယတွဏ။)
မြင်သည် ငါကြာပြီ (စတုတ္ထတွဏ)

ဤသို့ စက္ခုဝိညာဉ်တစ်ခုကို ပြလျှင် ကြွင်းသော လောကီဝိညာဉ် ဟူသမျှကို သိအပ်၏။ (ဝိညာဉ်၌သက္ကာယ စွဲပုံ။)

ဤသို့ ပုထုဇဉ်မိုက်တို့သည် စွဲလည်း စွဲလမ်းကုန်၏၊ စွဲလမ်းသော အတိုင်းလည်း ပြောဆိုလေ့ ရှိကုန်၏။

ဒိဋ္ဌိ ဂဏ္ဌာတိတိ တသ္မိ တသ္မိ ဝစနေ သဒ္ဓါဝေသေနေဝ ဂန္ဓာ ပညာယ အတ္ထံ အနုပဿရိကၠန္တော "အတ္ထိ ပုဂ္ဂလောတိ" အာဒိဝသေန ဒိဋ္ဌိ ဂဏ္ဌာတိ။ အဘိ၊ ၃-၄၄၃။

ဒိဋ္ဌိ ဂဏ္ဌာတိတိ၊ ဒိဋ္ဌိ ဂဏ္ဌာတိဟူသည်ကား။ တသ္မိ တသ္မိ ဝစနေ၊ ထိုထိုပြောဆိုတိုင်းသော စကား၌။ သဒ္ဓါဝေသေနေဝ၊ ယုံကြည်သော အစွမ်းအားဖြင့်သာလျှင်။ ဂန္ဓာ၊ မှားသောအားဖြင့် သွား၍။ ပညာယ၊ ယထာဘူတဉာဏ်ဖြင့်။ အတ္ထံ၊ဟုတ်မှန်သော သဘောကို။ အနုပဿရိကၠန္တော၊ မစူးစမ်း မဆင်ခြင်ဘဲ။ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ (ဝါ)သူ, ငါသည်။ အတ္ထိ၊ ရှိ၏။ ဣတိ အာဒိဝသေန၊ ဤသို့ အစရှိသော အစွမ်းအားဖြင့်။ ဒိဋ္ဌိ ၊ မှားယွင်းချက်ချော် မတော်သော အယူကို။ ဂဏ္ဌာတိ၊ ယူ၏။

ကလျာဏ ပုထုဇဉ်စသော အရိယာ သူတော်ကောင်းတို့မှာကား လောက စရိုက် အလိုက်သင့် ကိုကား ပြောဆိုတော်မူကြကုန်၏။ ပုထုဇဉ်တို့ကဲ့သို့ကား ငါ,သူ စသည်ဖြင့် စွဲလမ်းခြင်း မရှိကုန်။

ယဉ္စ လောကေ ဝုတ္တံ၊ တေန ဝေါဟရတိ အပရာမသံ။
မ-၂၊၁၆၈။

ယဉ္စ၊ အကြင်စကားကိုလည်း။ လောကေ၊ လောက၌။ ဝုတ္တံ၊ပြောဆို ခေါ်ဝေါ်အပ်၏။ တေန၊ ထိုလောက ဝေါဟာရဖြင့်။ အပရာမသံ-အပရာ-မသန္တော၊ မိစ္ဆာယောင်ရမ်း မစွဲလမ်းဘဲ။ ဝိမုတ္တစိတ္တော၊ ကိလေသာမှ လွတ်ပြီးသော စိတ် ရှိသော ရဟန္တာပုဂ္ဂိုလ်သည်။ ဝေါဟရတိ၊ ခေါ်ဝေါ်ပြောဆို၏။

ငါ,သူ,လူ,နတ်, ဗြဟ္မာ, မိန်းမ, ယောကျ်ား, ရေ, မြေ, တော, တောင်, သစ်ပင် စသော အမည်မျိုးတို့သည် အတ္တစွဲကြီးဟူ၍မှတ်။
(သက္ကာယဒိဋ္ဌိ ပြီး၏။)
နာမရူပပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

၂၉–ပစ္စယပရိဂ္ဂဟကို အကျယ်ပြခြင်း

တသ ပစ္စယံ ပရိယေသန္တော အဝိဇ္ဇာဒိပဋိစ္စသမုပ္ပါဒံ ဒိသ္ဝာ ပစ္စယပစ္စယုပ္ပန္နဓမ္မမတ္တမေဝေတံ– ဒီဃ ၂-၃၅၅။

ဟူသော သုတ်မဟာဝါ, မူလပဏ္ဏာသအဋ္ဌကထာ ဆရာမြတ်တို့ မိန့်အပ်သည်နှင့် လျှော်ညီစွာ ဆရာကောင်းတို့အထံ၌ သင်အပ်ပြီးသော အတတ်ရှိသော ပါရိဟာရိယပညာနှင့် ပြည့်စုံသော သမားလူလိမ္မာသည် တစ်စုံတစ်ယောက်သော သူနာက ခေါ်ပင့် အပ်နှံအပ်သည်ရှိသော် ထိုသူနာရောဂါကိုမြင်လျှင် ၎င်းရောဂါ၏ ဖြစ်ကြောင်းကား အဘယ်တရား တို့နည်း၊ ၎င်းရောဂါသည် ဘယ်အကြောင်းကြောင့် ဖြစ်သနည်း၊ ၎င်းရောဂါ၏ ဖြစ်ကြောင်းကား အကြောင်းဘယ်နှစ်ပါး ရှိသနည်းဟု ဤသို့စသည်ဖြင့် စူးစမ်းရှာဖွေလတ်သော် ရောဂါ၏ ဖြစ်ကြောင်း ၎င်းသမုဋ္ဌာန်တို့ကို ကေန်တိတိ ဉာဏ်မျက်စိဖြင့် သိမြင်ဘိသကဲ့သို့၊ ထိုနည်းတူစွာ ဆရာကောင်း ခြောက်ယောက်တို့တွင်တစ်ယောက်ယောက်သောသူတို့၏ အထံ၌ ကေန် သင်အပ်အားထုတ်အပ်ပြီးသော ပါရိဟာရိယပညာနှင့် ပြည့်စုံသော လိမ္မာသော ယောဂီသည်လည်း (၁) ဓမ္မတာ၊ (၂) ပဝတ္တိတို့ဖြင့် လက်ဝါးပေါ်၌ တင်ထားအပ်သော ပတ္တမြားကို မျက်ဝါးထင်ထင် ငါးစိုသော ဥပမာတို့တွင် (၁) တစ်ပါးပါးသော ဥပမာဖြင့် မြင်အပ်သော အမြင်ဉာဏ်ဟူသော ဓမ္မတာ၊ (၂)ထိုထို ဓမ္မတာတို့၌ ရူပ်နာမ်တို့၏ အရေအတွက်ဂဏန်း, ရူပ်နာမ်တို့၏အပိုင်းအခြား ပရိစ္ဆေဒ, ရူပ်နာမ်တရားတို့၏ ဖြစ်ရာဌာန, ရူပ်နာမ်တရားတို့၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် သဘာဝတို့ကို ကေန်သိသော အသိဉာဏ် ဟူသော ပဝတ္တိ (ဥပမာ ငါးစိုကား တွေ့လတ္တံ့) နှစ်ပါးတို့ဖြင့် ရူပ်ဓမ္မ,နာမ်ဓမ္မတို့ကို သိမ်းဆည်းပြီး၍ ထိုရူပ်နာမ်နှစ်ပါးတို့သည်၊ (၀၁) ခန္ဓာငါးပါးတို့သည်၊ (၀၂) အာယတနလေးပါးတို့သည်၊ (၀၃) ဓာတ်လေးပါးတို့သည်၊ (၀၄) ပရမတ္ထတရား (၁၀၁)ပါးတို့သည် အကြောင်းကင်း၍ ဖြစ်သည်မဟုတ်၊ အကြောင်းနှင့်တကွ ဖြစ်၏၊ အဘယ့်ကြောင့်နည်းဟူမူ–

(၁) အလုံးစုံသော သတ္တဝါတို့၏ အစ္စတ္တ, ဗဟိဒ္ဓသန္တာန်၌ ဤနာမ်ရူပ်နှစ်ပါးသည် တစ်ခုတည်းကဲ့သို့ တည်သည်၏ အဖြစ်သို့ရောက်ရခြင်းကြောင့်လည်းကောင်း၊

(၂) ခပ်သိမ်းသော သတ္တဝါတို့၏ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ၌ တစ်ခုတည်းကဲ့သို့ တည်သည်၏အဖြစ်သို့ ရောက်ရခြင်းကြောင့်လည်းကောင်း၊

(၃) ခပ်သိမ်းကုန်သော သတ္တဝါတို့အားလည်း တစ်ခုတည်းကဲ့သို့ တည်သည်၏အဖြစ်သို့ ရောက်ရခြင်းကြောင့် လည်းကောင်း— အကြောင်းမရှိသည်မဟုတ် အကြောင်းနှင့်တကွ ဖြစ်၏၊ထိုအကြောင်းနှင့်တကွ ဖြစ်သော်လည်း ဣသရ နိမ္မာနဝိသမဟေတုဟု ဆိုအပ်သော ဗြဟ္မာ ဗိဿနိုး စသော တန်ခိုးကြီးသူတို့ ဖန်ဆင်း၍ ဤနာမ်ရူပ်နှစ်ပါးသည် ဖြစ်လာရသည် မဟုတ်ဟု သိအပ်၏။

သော အာဒိတောဝ ဣတိ ပဋိသဒ္ဓိကွတိ၊ နှ တာဝဒိဒံ နာမရူပံ အဟေတုကံ။ သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗေသဉ္စ ကေသဒိ-သဘာဝပတ္တိတော နှ ဣသရာဒိဟေတုကံ။ နာမရူပတော ဥဒ္ဓံ ဣသရာဒီနံ အဘာဝတော။ "ဝိသုဒ္ဓိ၊-၂၊ ၂၃၃"

သော၊ ထိုယောဂီသည်။ အာဒိတောဝ၊ အစဉ်သာလျှင်။ ဣတိ၊ ဤသို့။ ပဋိသဒ္ဓိကွဘိ၊ ဆင်ခြင်၏။ ဣဒံ နာမရူပံ၊ ဤနာမ်ရူပ်သည်။ တာဝ၊ ရှေးဦးစွာ။ အဟေတုကံ၊ အကြောင်းမရှိသည်။ နှ၊ မဟုတ်။ သဟေတုကမေဝ၊ အကြောင်းရှိသလျှင်ကတည်း၊ (ထည့်)။ကသွာ၊ အဘယ်ကြောင့်ကား။ သဗ္ဗတ္ထ၊ အလုံးစုံသော အစ္စတ္တ, ဗဟိဒ္ဓသန္တာန်၌။ ကေ သဒိ-သဘာဝပတ္တိတော၊ တစ်ခုဘည်းကဲ့သို့ တည်သည်၏အဖြစ်သို့ ရောက်ခြင်းကြောင့် လည်းကောင်း။ သဗ္ဗဒါစ၊ ခပ်သိမ်းသော အခါ၌လည်း။ ကေသဒိသဘာဝပတ္တိတော၊ တစ်ခုတည်းကဲ့သို့ တည်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် လည်းကောင်း။ သဗ္ဗေသဉ္စ၊ ခပ်သိမ်းသောပုဂ္ဂိုလ်တို့

အားလည်း။ ကေ သဒိသဘာဝပတ္တိတော၊ တစ်ခုတည်းကဲ့သို့တည်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် လည်းကောင်း။ နာမရူပံ၊ နာမ်ရုပ်သည်။ (ထည့်) ဣဿရာဒိ ဟေတုကံ၊ ဣဿရ နိမ္မာန ဝိသမဟေတု စသော အကြောင်းရှိသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်ကား။ နာမ ရူပတော၊ နာမ်ရုပ်မှ။ ဥဒ္ဓံ၊ အလွန်။ ဣဿရာဒီနံ၊ ဣဿရစသည်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။

ထိုနာမ်ရုပ်နှစ်ပါးသည် အကြောင်းမရှိသည် မဟုတ်၊ အကြောင်းနှင့် တကွ ဖြစ်၏ ဟူသော်။ ၎င်းနာမ်ရုပ်နှစ်ပါး၏ အကြောင်းကား အဘယ် တရားတို့နည်းဟု စူးစမ်းလတ်သော်.... အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ ဟူသော ဟေတုအကြောင်း၊ ပစ္စယအကြောင်း၊ ပဋ္ဌိစ္စ အကြောင်းအားဖြင့် အကြောင်းရင်းကြီး သုံးပါးကို မြင်လေ၏။ ထိုသုံးပါးတို့တွင် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ကံ ဤလေးပါးတို့ကား ဇနက ဖြစ်၍ ဟေတုအကြောင်းမည်၏။ အာ၀ရသည် ဥပထမ္ဘကဖြစ်၍ ပစ္စယ အကြောင်းမည်၏။ အစိတ်အားဖြင့်ကား ထိုဟေတု အကြောင်း လေးပါးတို့တွင် အဝိဇ္ဇာ,တဏှာ,ဥပါဒါန် သုံးပါးတို့သည် အမိနှင့်တူသည်ဖြစ်၍ ဥပနိဿယဟေတု အကြောင်းမည်၏။ ကံသည် အဖနှင့်တူသည်ဖြစ်၍ ဇနကဟေတုအကြောင်း မည်၏။ ပစ္စယအကြောင်းဌာ အာဟာရသည် နို့ထိန်းနှင့်တူသည်ဖြစ်၍ သန္ဓာရကပစ္စယ အကြောင်းမည်၏။ ဤကား ပဋ္ဌိယနွေအခါ ပစ်ချတုတ်သော ကံကြောင့်ဖြစ်သော ရူပ်တို့၏ ဟေတု ပစ္စယ အခကြောင်း တို့တည်း။ (ရူပ်ဖို)

ပဋ္ဌိသန္ဓေ ဝိညာဉ်စသော နာမ်တို့ ဖြစ်ခြင်း၏မူလ ၎င်းအဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ အကြောင်း ငါးပါးတို့ပင် အပကာရန္တ အစွမ်းဖြင့် ရထိုက်၏။

ကာမဇ္ဇေဟ္တ အဝိဇ္ဇာဒယော နာမကာယသာပိ ပစ္စယော၊
ပဏာရန္ဓေန ပန ဘသ ပါကဋံ ပစ္စယပရိဂ္ဂဟဝိဓိ ဒသ္သေတုံ
စက္ခုဒ္ဒ ပဋ္ဌိစ္စာတ် အာဒိ ဝုတ္တံ။ ဝိသုဒ္ဓိ–၂၊၃၂၂။

ဣတ္ထေ၊ ဤပစ္စယပရိဂ္ဂဟာ၌။ အဝိဇ္ဇာဒယော၊ အဝိဇ္ဇာ အစရှိသော အကြောင်းတရား ငါးပါးတို့ ၏ည်။ နာမကာယသာပိ၊ နာမကာယအား လည်း။ ပစ္စယော၊ အကြောင်းတရားသည်။ ကာမဠောဟောတိ၊ အကယ်၍ ကား ဟုတ်၏ရှင်။ ပန၊ ထိုသို့ အပကာရန္တအားဖြင့် ဟုတ်သော်လည်း။ ပကာရန္တေန၊ အစိတ်၏အပြားအားဖြင့်။ တသာ နာမကာယသာ၊ ထိုနာမ-ကာယ၏။ ပစ္စယပရိဂ္ဂဟဝိဓိ ၊ပစ္စယပရိဂ္ဂဟ၏အစီရင်ကို။ ပါကဋံ၊ထင်စွာ။ ဒဿေတုံ၊ ပြခြင်းငှါ။ စက္ခုဠောပဋ္ဌိစ္စာတာ အာဒိ၊ စက္ခုဠော ပဋ္ဌိစ္စ ဤသို့ အစ ရှိသော စကားကို။ ဝုတ္တံ၊ အဋ္ဌကထာ အရှင်မိန့်တော်မူ၏။ (နာမ်ဖို။)

ထိုသို့ အပကာရန္တအားဖြင့် ရထိုက်သောကြောင့် ပဋ္ဌိသန္ဓေအခါ ရအပ်သော ရူပ်တရား, နာမ်တရားတို့၏ အကြောင်းငါးပါးတို့တွင် ရူပ်တရား၏ အကြောင်းငါးပါး၌ အဝိဇ္ဇာသည် ရှေးရှေးသော အမှတ်မဲ့ တစ်ခုခုဘဝ၌ ကာမ,ရူပ,အရူပဘဝတို့ကို မတပ်မက်အပ်သော တရားစု ဖြစ်လျက်နှင့် ဒါန,သီလ,ဘာဝနာတို့ကို ပြုပြီး၍ မစားအပ်သော အဆိပ်ကို စားအပ်၏ဟု ထင်မှားသော ယောကျားမိုက်ကဲ့သို့ နောက်နောင် ဖြစ်လတ္တံ့သော လူ,နတ်,ပြဟ္မာတို့၏သန္တာန်၌ ကေန် ကပ်ငြိသော ဇာတိ, ဇရာ,မရဏ စသော ဘေးကြီးတို့ကို မှန်ကန်စွာ ယုံကြည်ပိုင်းဖြတ်၍ မသိတတ်သော တရားသည် အဝိဇ္ဇာမည်၏။ (၁)

> အဝိဒ္ဒါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိ-
> သင်္ခရောတိ၊အပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အာနေ၎ဘိ-
> သင်္ခါရမ္ပိ အဘိသင်္ခရောတိ– ဝိသုဒ္ဓိ ၌–၂၊၁၆၃။

ဟူသော ဝိသုဒ္ဓိမဂ်၏ သာဓကပါဠိတော်ကို ထောက်။

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဒ္ဒါ၊ ပညာမရှိသော။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာနှင့် ပြည့်စုံသောသူသည်။ ပုညာဘိသင်္ခါရမ္ပိ၊ ပုညာဘိသင်္ခါရကို လည်း။ အဘိသင်္ခရောတိ၊ ပြုပြင်စီရင်၏။ (၀ါ)အားထုတ်၏။ အပုညာဘိ-

သခ်ၢိရမ့ၢ်၊ အပုညၢဘိ သခ်ၢိရကိုလည်း။ အဘိသခ်ၣ်ရောတိ၊ အားထုတ်၏။ အာနေဉ္ဇာဘိသခ်ၢိရမ့ၢ်၊ အာနေဉ္ဇာဘိသခ်ၢိရကိုလည်း။ အဘိသခ်ၣ်ရောတိ၊ အားထုတ်၏။

ထိုထိုလူ,ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ ရအပ်သော ရုပ်တရားတို့ကို "ငါသည် ရမ္မ ဩေဒ်.... ကောင်းလေစ, ချမ်းသာလေစ"ဟု နှလုံးပြု၍ ဒါန, သီလ, ဘာဝနာတို့ကို ပြုပြီး၍ သင်တုန်း သွားခ၌ ထားအပ်သော ပျားရည်ကို လျက်လိုသော လူမိုက်ကဲ့သို့ နောက်နောင်ဖြစ်လတ္တံ့သော နတ်,လူ, ဗြဟ္မာတို့၏သန္တာန်၌ ကေန်ကပ်ငြိတတ်သော ဇာတိ, ဇရာ, မရဏစသော ဘေးကြီးတို့ကို မှန်ကန်စွာ မသိဘဲလျက် အာသာဝင်းဝင်း တပ်မက်ခြင်းသည် တဏှာမည်၏။ (၂)

အဆက်ဆက် တပ်မက်ခြင်းသည် ဥပါဒါန်မည်၏။ (၃)

တဿ သမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ။ ဒီ ဋ္ဌ-၂၊၃၅၆။
နိကန္တိတဏှာ ဥပဂမနံ ဥပါဒါနံ–ဟူသော ဝိသုဒ္ဓိမဂ်စသည်ကဲ့ထောက်။

တဿာ၊ထိုသတိုကို။ သမုဋ္ဌာပိကာ၊ဖြစ်စေအပ်သော။ ပုရိမတဏှာ၊ ရှေးဘဝ၌ ဖြစ်စေအပ်သော တဏှာသည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာ မည်၏။

နိကန္တိ၊ ဘဝကို တပ်မက်ခြင်းသဘောသည်။ တဏှာ၊ တဏှာမည်၏။ ဥပဂမနံ၊ တပ်ခြင်း စွဲလမ်းခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။

ထိုထို လူ,ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ ရအပ်သော ရုပ်တရားတို့ကို "ငါသည်ရပါမူ ဩေဒ် ကောင်းလေစ" ဟု နှလုံးပြု၍ ဒါန, သီလ ဘာဝနာတို့ကို ပြုပြီး၍ ၎င်းကုသိုလ်တို့၏ အကျိုးအားဖြင့် လူ နတ်တို့၏ သမ္ပတ္တိကို ရရစေသတည်းဟု မိမိ၏ စေတနာကို ဖြစ်စေခြင်းသည်လည်း ကောင်း၊ ကာမဂုဏ်အရသာကို ခံစားလိုသော ယောဂျားမိုက်သည် ဘီလူးမတို့၏ လှည့်ပတ်သော ရှုပါရုံ၌ အာသာဝင်းဝင်း တပ်မက်ခြင်း

ကြောင့် မငြင်းမဆန် သွားနိုင်ခဲ့၍ အစားခံလိုက်ရသကဲ့သို့ ဇာတိ, ဇရာ, မရဏ၏ အာရုံ၌ အာသာငင်းငင်း တပ်မက်ခြင်းသည် လည်းကောင်း ကံမည်ပေ၏။ (၄)

ဣမေ ပဉ္စ ဓမ္မာ ပုရိမကမ္မဘဝသ္မိं ဣဓ ပဋိသန္ဓိယာ ပစ္စယာ။
ဝိသုဒ္ဓိ-၂၊၂၃၅။
ကမ္မန္တိ စေတနာဝ အဓိပ္ပေတာ၊ သာစ ခေါ ကုသလာကုသလာ။
ဝိသုဒ္ဓိ-၂၊၃၂၅။

ဣမေ ပဉ္စဓမ္မာ၊ ဤအဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝဟူသော တရားငါးပါးတို့သည်။ ပုရိမ ကမ္မဘဝသို့ ရှေးဖြစ်သော ကမ္မဘဝကို။ ကရိယမာနေ၊ ပြုအပ်သည်ရှိသော်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကမ္မန္တိ၊ ကံဟူသည်ကား။ စေတနာဝ၊ စေတနာကို သာလျှင်။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ သာ ဓ ခေါ၊ ထို စေတနာသည်လည်း။ ကုသလာကုသလာ၊ ကုသိုလ်, အကုသိုလ်ပင်တည်း။ (ရူပ်မှာ ဥပပတ္တိ ဘဝကိုင်ဲ၊ နာမ်မှာ ကမ္မဘဝကိုင်ဲ၍ ယူကြလေ။)

ထိုထို လူ,ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ ရအပ်သော ရူပ်တရားတို့ကို "ငါသည် ရပါမူ သြော်-ကောင်းလေစ" ဟု နှလုံးပြု၍ ဒါန, သီလ, ဘာဝနာတို့ကို ပြုပြီး၍ လာလတ္တံ့သော နိကန္တိ ဘေး,ဥပဂမန ဘေး အာယူဟနဘေး,အဘိနိပါတဘေးဟူသော လေပါးသော ဘေးကြီးတို့ကို မကြည့်မရှု မှုမှုရရ အားကျပါးကျ အစာကို မက်သော ငှက်ခါးသည့် အစာကိုသာမြင်၍ ညောင်စေးကျော့ကွင်းတို့ ဘေးကို မမြင်သကဲ့သို့ အာသဝနှင့်တကွ အားထုတ်ဆောင်ရွက်တတ်သော တရားလည်းအာဟာရ မည်၏။ (၅)

ထို အာဟာရသည်လည်း ရူပ်အာဟာရ, နာမ်အာဟာရ ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ရူပ်အာဟာရသည် ပဝတ္တိဖြစ်သော ဥပါဒိန္နက

ရုပ်, အနုပါဒိန္နကရုပ်ကိုသာ, ဆောင်နိုင်၏၊ နာမ်အာဟာရသည် ပဋိသန္ဓေ အခါ၌ဖြစ်သော ကမ္မဇရုပ် သုံးဆယ်ကို လည်းကောင်း၊ ပဋိသန္ဓေ၌ ဖြစ်သော နာမ်တရားတို့ကိုလည်းကောင်းဆောင်နိုင်၏။ ထိုနှစ်ပါးသော အာဟာရတို့တွင် ရုပ်အာဟာရ၌ ကမ္မဇရုပ်သုံးဆယ်၏ အတွင်း၌ရှိသော သြဇာသည် ဥပါဒိန္နက ကဗဠိကာရာဟာရမည်၏။ မိမိသုံးစွဲ စားသောက်သော ဆွမ်းစသော အာဟာရသည် ကမ္မဇရုပ်၏အတွင်းသို့ သြဇာ၏ အဖြစ်ဖြင့် မသက်သေးမူ အနုပါဒိန္နက ကဗဠိကာရာဟာရမည်၏။ သြဇာလျှင် ရှစ်ခုမြောက်သော ရုပ်ကို ဆောင်နိုင်၏။

နာမ်အာဟာရ၌ အပြားတို့သည် ဖဿာဟာရ, စေတနာဟာရ, ဝိညာဏာဟာရ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင်–

(၁) အာရုံခြောက်ပါးတို့၌ ဣဋ္ဌ သုခ သောမနဿတို့ကို တွေ့စဉ်ဆဲဆဲဖြစ်မူ ဖဿာဟာရသည် သုခဝေဒနာကို ဆောင်၏။ အနိဋ္ဌ ဒုက္ခ ဒေါမနဿတို့ကိုတွေ့စဉ်ဆဲဆဲဖြစ်မူ ဖဿာဟာရသည် ဒုက္ခဝေဒနာကို ဆောင်၏။ ဣဋ္ဌာ နိဋ္ဌ မဇ္ဈတ္တတို့ကို တွေ့စဉ်ဆဲဆဲ ဖြစ်မူ ဖဿာဟာရသည် ဥပေက္ခာဝေဒနာကို ဆောင်၏။

(၂) ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ တို့၌ဖြစ်သော စေတနာသည် ပုညာဘိသင်္ခါရဖြစ်ပါမူ ကာမသုဂတိဘဝ, ရူပဘဝဟု ဆိုအပ်သော ကမ္မဘဝ, ဥပပတ္တိဘဝ နှစ်ပါးကို ဆောင်၏၊ အပုညာဘိသင်္ခါရ ဖြစ်ပါမူ အပါယိက ကာမဘဝဟု ဆိုအပ်သော ကမ္မဘဝ, ဥပပတ္တိ ဘဝနှစ်ပါးကို ဆောင်၏ အာနေဉ္ဇာဘိသင်္ခါရဖြစ်ပါမူ အရူပဘဝဟုဆိုအပ်သော ကမ္မဘဝ, ဥပပတ္တိဘဝနှစ်ပါးကို ဆောင်၏။

(၃) ဝိညာဏာဟာရ၌ ဝိညာဉ်သည် ပဋိသန္ဓေဝိညာဉ်, ပဝတ္တိ ဝိညာဉ်ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ပဋိသန္ဓေ ဝိညာဉ်သည် မိမိနှင့်သမ္ပယုတ်ဖြစ်သော နာမက္ခန္ဓာ သုံးပါးတို့ကိုလည်းကောင်း၊

ကမ္မဇရုပ် သုံးဆယ်တို့ကို လည်းကောင်း ဤသို့သော နာမ်ရုပ်နှစ်ပါးတို့ကိုဆောင်၏။ ပဝတ္တိဝိညာဉ်သည်လည်း မိမိနှင့် သမ္မယုတ် နာမကွန္ဓာ သုံးပါးတို့ကိုလည်းကောင်း၊ သဟဇာတအဖြစ်ဖြင့် တည်သော စိတ်ကြောင့်ဖြစ်သော ရုပ်တို့ကို လည်းကောင်း ဤသို့ အစရှိသော နာမ်ရုပ်နှစ်ပါးကို ဆောင်၏။

ကဗဠိကာရာဟာရော ဩဇဋ္ဌမ'ဘ ရူပါနိ အာဟရတိ။ ဖဿာ ဟာရောတိသော ဝေဒနာ၊ မနောသဉ္စေတနာဟာရော တယော ဘဝေ၊ ဝိညာဏာဟာရော ပဋိသန္ဓိနာမရူပန္တိ။

မ ဌ-၁၊ ၂၁၃။

ကဗဠိကာရာဟာရော၊ကဗဠိကာရ အာဟာရသည်။ ဩဇဋ္ဌမကရူပါနိ၊ ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ်တို့ကို။ အာဟရတိ၊ ဆောင်နိုင်၏။ ဖဿာဟာရောပိ၊ဖဿာဟာရသည်လည်း။ တိသော်ဝေဒနာ၊သုံးပါးသော ဝေဒနာတို့ကို။ အာဟာရတိ၊ ဆောင်နိုင်၏။ မနောသဉ္စေတနာဟာရော၊ မနောသဉ္စေတနာဟာရသည်။ တယောဘဝေ၊ သုံးပါးသောဘဝတို့ကို။ အာဟရတိ၊ ဆောင်နိုင်၏။ ဝိညာဏာဟာရော၊ ဝိညာဏာဟာရသည်။ ပဋိသန္ဓိနာမရူပံ၊ ပဋိသန္ဓေ နာမ်ရုပ်ကို။ အာဟရတိ၊ ဆောင်နိုင်၏။

ဤပါဠိဖြင့်ကား ပဋိသန္ဓေဝိညာဉ်သာ ပါသေး၏၊ပဝတ္တိဝိညာဉ်မပါခဲ့ချေ ဟူမူ– "စိတ္တသမုဋ္ဌာနံ နာမ တယော အရူပိနော ခန္ဓာ သဒ္ဒနဝကံ ကာယ-ဝိညတ္တိ ဝစီဝိညတ္တိ အာကာသဓာတု လဟုတာ မုဒုတာ ကမ္မညတာ ဥပစယော သန္တတိတိ သတ္တရသဝိဓံ ရူပဥ္စ' ဟူသော ဝိသုဒ္ဓိပါဠိ စသည်ဖြင့် ပဝတ္တိ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပုံကို သိအပ်၏။

တယော၊ သုံးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော၊ ခန္ဓာဝ၊ ခန္ဓာတို့သည်တည်း။ သဒ္ဒနဝကံ၊ အသံဖြင့် မူတ်အပ်သော ရုပ်ကိုးခု လည်းကောင်း။ကာယဝိညတ္တိ၊ ကာယဝိညတ္တိရုပ်လည်းကောင်း။ (ပ) သန္တတိ၊ သန္တတိရုပ် လည်းကောင်း။ ဣတိ ဣမိနာ ပဘေဒေန၊

ဤသို့သော အပြားအားဖြင့်။ သတ္တရသဝိဓံ၊ တစ်ဆယ့်ခုနစ်ပါး အပြား ရှိသော။ ရူပဠ္ဠ၊ ရူပ်တရားသည် လည်းကောင်း။ စိတ္တာသမုဋ္ဌာနံ နဝမ၊ စိတ်ကြောင့်ဖြစ်သော တရားစု မည်၏။

ဤသို့ ပြခဲ့ပြီးသော အာဟာရလေးပါးတို့တွင် ကဗဠိကာရာဟာရ, ဖဿာဟာရ, ဝိညာဏာဟာရ သုံးပါးသည် ပစ္စုပ္ပန်ဖြာ်သော ရူပ်တရား နာမ်တရားတို့ကို ဆောင်၏။ မနောသဉ္စေတနာဟာရသည်ကား ပစ္စုပ္ပန် အနာဂတ် နှစ်ပါးကို သာသဝ, သဉ္ဇပါဒါန, သရာဂ, ဝဋ္ဋနိဿိတ ဖြစ်ပါမူ ဆောင်နိုင်သော သတ္တိထူး ရှိ၏။

ဣတ္ထ မနောသဉ္စေတနာဟာရော တယော ဘဝေ အာဟာရ-ကိစ္စံ သာသဝါ ကုသလာ ကုသလစေတနာဝ ဝုတ္တာ။
မ ဋ္ဌ-၁၊ ၂၁၃။

ဣတ္ထ၊ ဤအာဟာရ လေးပါးတို့တွင်။ မနောသဉ္စေတနာဟာရော၊ မနောသဉ္စေတနာဟာရသည်။ တယော ဘဝေ၊ သုံးပါးသောဘဝတို့ကို။ အာဟာရကိစ္စံ၊ ဆောင်နိုင်၏ဟူသည်ကား။ သာသဝါ၊ အာသဝေါနှင့်တကွ ဖြစ်ကုန်သော။ ကုသလာ ကုသလစေတနာဝ၊ ကုသိုလ် အကုသိုလ် စေတနာတို့ကိုသာလျှင်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ထိုကြောင့် ပစ္စုပ္ပန် ပဋိသန္ဓေ၏ အကြောင်းကား စေတနာဟာရပင် တည်း။ ပြခဲ့ပြီးသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကား ကံ, စေတနာ ဟာရ၏ အာသဝချည်းဖြစ်ကြ၍ "အဝိဇ္ဇာနုသယပရိကိ္ခတ္တေန တဏှာ-နုသယ မူလကေန သခ်ါရေန ဇနိယမာနံ"ဟူသော လက်သန်းအဋ္ဌကထာ နှင့် လျော်ညီ၏ ကံ, စေတနာဟာရ၏ ပရိကိ္ခတ္တ မူလတို့သာ-ဟု မှတ်ကြလျက် ရှေးဘဝ၌ ဖြစ်ခဲ့ဖူးသော စေတနာဟာရသည် အနာဂတ် ဖြစ်သော ယခုဘဝ၏ အကြောင်းငါးပါးတို့ပေတည်း။

ဤကား ပဋ္ဌိသန္ဓေအခါ၌ ရထိုက်သော အပကာရန် အစွမ်းဖြင့် ယူအပ်သော ဟေတုအကြောင်း ပစ္စယအကြောင်းတို့ ပေတည်း။ ထိုဟေတု, ပစ္စယအကြောင်းတို့ဖြင့် ရအပ်သော ပဋ္ဌိသန္ဓေဝိပါက်ခန္ဓာတို့ ချုပ်ပြီးသော ပဝတ္တိခန္ဓာငါးပါး, ငါးပါးတို့၏ အစဉ်၌ကား ပဋ္ဌိစ္စအကြောင်းကို ရအပ်၏။ အဘယ့်ကြောင့်ဟူမူ ဟေတု, ပစ္စယဖြင့် ပစ်ချ၍ ရောက်အပ်ပြီးသော ပဋ္ဌိသန္ဓေခန္ဓာ၏နောက်မှ စိတ္တဇရူပ်စသည်တို့ ဖြစ်လာရခြင်းကြောင့်တည်း။

ဤစကား၌ စတုဇရူပ်, နာမက္ခန္ဓာဖြစ်ပုံ သာမညကား မနောသင်္ခေတနာဟာရဟု ဆိုအပ်သော ကံကြောင့်ဖြစ်သောရူပ်သည် ပဋ္ဌိသန္ဓေစိတ်ဥပါဒ်ကစ၍ ကာယ, ဘာဝ, ဝတ္ထုအားဖြင့် သုံးဆယ်စီဖြစ်၍ ကလာပ်တို့ကြီးပွားလတ်သော် (၁၅)စည်းသော ကလာပ်အားဖြင့်ဆောင်၍ စက္ခု, သောတ, ဃာန, ဇိဝှါဒသက လေးလီတို့ဖြင့် အားရှိပြန်၍(၃၅)စည်းသော ကလာပ်တို့၏အားဖြင့် အသက်ရှည်သမျှ ကာလပတ်လုံး တည်သည်ဖြစ်၍ စုတိစိတ်မှ ပြန်၍ရေသော် (၁၇) ချက်မြောက်သော စိတ်နှင့် ဥပါဒ်ပြိုင်လျက် ချုပ်ပျက်ရာလေ၏။ (ကမ္မဇရူပ်။)

ဖဿာဟာရ, ဝိညာဏာဟာရ ဟု ဆိုအပ်သော စိတ်ကြောင့်ဖြစ်သော ရူပ်သည် ပဋ္ဌိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်ကစ၍ သုဒ္ဓဋ္ဌက ကလာပ်တစ်စည်း တစ်စည်းအားဖြင့် တိုးပွားလတ်သော် (၁၇) စည်းသော ကလာပ်တို့အားဖြင့် ဆောင်၍ အဋ္ဌကထာ အလုံအားဖြင့် ရဟန္တာဖြစ်အံ့ စုတိစိတ် အနန္တရစိတ်တိုင်၊ မူလဋီကာ အလိုအားဖြင့် ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား စုတိစိတ်တို့မှ ပြန်၍ရေသော် (၃၃)ချက်သော စိတ်နှင့် ဥပါဒ်ပြိုင်လျက် ချုပ်ရာလေ၏။ (စိတ္တဇရူပ်။)

ကဗဠိကာရာဟာရဟု ဆိုအပ်သော အာဟာရကြောင့် ဖြစ်သော ရူပ်သည် အကြင်အခါ၌ အမိသည် စားသောက်အပ်သော အစာမှ ဖြစ်သော သြဇာရူပ်ကို ပဋ္ဌိသန္ဓေနေသော သူသည် ကျေးဇူးကိုခံနိုင်သဖြင့်

အမိ၏ဝမ်းရေနှင့် စပ်သော ချက်ကြိုးဖြင့် ယူနိုင်၏။ ထိုအခါကစ၍ သုဒ္ဓဌက ကလာပ် တစ်စည်း တစ်စည်းအားဖြင့် တိုးပွားလတ်သော် (၅၁)စည်းသော ကလာပ်တို့အားဖြင့်ဆောင်၍ စုတ်စိတ်မှ ပြန်၍ရေသော် (၁၇)ချက်သော စိတ်နှင့် ဥပါဒ်ပြိုင်၍ ချုပ်ရာလေ၏။ ဤစကားဌ် ချက်ကြိုးဖြင့် ယူနိုင်၏ ဟူရာဝယ် "ကေသ ဝါ ဒ္ဌိန္ဒံ ဝါ သတ္တာဟာနံ ဂတကာလေ ပတိဋ္ဌာတိ" ဟူသော ဝိဘင်းအဋ္ဌကထာ(အဘိ ဋ္ဌ- ၂၊ ၂၃။)ကို ထောက်၍ နှစ်သတ္တာဟ, သုံးသတ္တာဟသို့ ရောက်မှ ယူနိုင်ရာ၏ဟု မှတ်။ (အာဟာရဇရုပ်။)

ဥတုသည် ကံကြောင့်ဖြစ်သော ဥတု, စိတ်ကြောင့်ဖြစ်သော ဥတု အာဟာရကြောင့်ဖြစ်သော ဥတု, ဗဟိဒ္ဓဥတုကြောင့်ဖြစ်သော ဥတုဟူ၍ လေးပါးအပြား ရှိ၏။

ထိုလေးပါးတို့တွင်—

(၁) ကံကြောင့်ဖြစ်သော ဥတုသည် ပဋိသန္ဓေစိတ်၏ဌီကစ၍ ကမ္မဇ သုံးဆယ်ဌ် ပါသော တေဇောဓာတ်သည် ကမ္မဇ ရုပ်ကလာပ်နှင့်အတူ (၃၅၂)ပါးသော် ကလာပ်တို့ အားကိုဆောင်၍ စုတိစိတ်မှ ပြန်၍ရေသော် (၁၇)ချက်မြောက်သော စိတ်၏ဌီနှင့် ဥပါဒ်ပြိုင်၍ ချုပ်ရာလေ၏။

(၂) စိတ်ကြောင့်ဖြစ်သော ဥတုသည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဌီကစ၍ သုဒ္ဓဌက ကလာပ်ဌ်ပါသော တေဇောဓာတ်သည် စိတ္တဇရုပ်နှင့် အတူ (၁၇)ပါးသော ကလာပ်တို့အားကို ဆောင်၍ စုတိစိတ်မှ ပြန်၍, ရေသော် (၃၂)ချက်မြောက်သော စိတ်၏ဌီနှင့် ဥပါဒ်ပြိုင်၍ ချုပ်ရာ လေ၏။

(၃) အာဟာရကြောင့် ဖြစ်သော ဥတုသည် နှစ်သတ္တာဟ, သုံး သတ္တာဟသို့ ရောက်သောအခါ အမိသည် မျိုအပ်သော အစာမှ သြဇာ ရှုပ်သည် အကြင်အမှတ်မဲ့ တစ်ပါးပါးသော စိတ်၏ ဥပါဒ်, ဌီ, ဘင်

တို့တွင် တစ်ခုခုက စ၍ဖြစ်၏။ ထိုအခါ၌ဖြစ်သော အာဟာရဇ သုဒ္ဓဋ္ဌက ကလာပ်ဝယ် ပါသော တေဇောခေါတ်သည် အာဟာရဇ ကလာပ်နှင့်အတူ (၅၁)စည်းသော ကလာပ်တို့အားကိုဆောင်၍ စုတိစိတ်မှမြဲ၍ရှေသော် (၁၇)ချက်မြောက်သော စိတ်နှင့် စုတိစိတ်သည် ဥပါဒ်ပြိုင်၍ ချုပ်ရာ လေ၏။

(၄) ဗဟိဒ္ဓဥတုကြောင့်ဖြစ်သော ဥစာဌသည် ပဋိသန္ဓေစိတ်၏ဦးဏေက စ၍ သော်လည်းကောင်း၊ ပဋိသန္ဓေစိတ်နောင် အမှတ်မဲ့ တစ်ခုခုသော စိတ်က စ၍ သော်လည်းကောင်း ဖြစ်နိုင်၍ ၎င်းဗဟိဒ္ဓဥတု သုဒ္ဓဋ္ဌက ကလာပ်ဝယ် ပါသော တေဇောခေါတ် သည် ကမ္မဇကလာပ်နှင့် အတူ လည်းကောင်း၊ အာဟာရဇနှင့်အတူ လည်းကောင်း (၃၅)စည်းသော ကလာပ်၊ (၅၁)စည်းသော ကလာပ်တို့အားကို ဆောင်၍ စုတိစိတ်မှ ပြန်၍ရှေသော် (၁၇)ချက်မြောက်သော စိတ်နှင့် စုတိစိတ်သည် ဥပါဒ် ပြိုင်၍ ချုပ်ရာလေ၏။ (ဥတုဇရုပ်။)

(ဥပါဒ်ပြိုင်ရာ၌ ကမ္မဇရုပ်, စိတ္တဇရုပ်တို့သာ လျှော့၍မှတ်၊ အာဟာ ရဇရုပ်, ဥတုဇရုပ် တို့မှာ စုတိစိတ်ဘိုင်အောင် ကလာပ်ရင်းအတိုင်း သွား၍ ချုပ်ကြလေ။ အကျယ်ကိုသိလိုမူ ရုပ်ဝိထိလက်ရိုးတို့မှာ ယူ။)

ဤသို့ ပြခဲ့ပြီးသော ရှေးဦးစွာသောကံလျှင် ပြုပြင်သော ဟေတု, ပစ္စယကြောင့် ဖြစ်သော ကမ္မဇရုပ်, ၎င်းကမ္မဇရုပ်နောင် ဥတုဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ် တို့သည် ယခုထက်တိုင် ထိုထိုသောနာမ်တရား တို့နှင့် အတူတကွ မြစ်ရေအလျှဉ် တသွင်သွင်စီးသကဲ့သို့လည်းကောင်း၊ ဆီမီးအလျှံကဲ့သို့လည်းကောင်း၊ အကြောင်းအကျိုးစပ်ကြ၍ ပရမတ်တို့ ဘာသာ အာရုမ္မဏိကနှင့် အာရုံနှစ်ပါးတို့သည် ငါးထန်းရွက်စပ် စပ်သကဲ့သို့ လည်းကောင်း၊ အစ္စတ္တာယတနနှင့် ဗာဟိရာယတနတို့သည် ငကန်းနှင့် ငဆွံတို့ ပေါင်းဖက်၍ အသက်မွေး ဝမ်းကျောင်းသကဲ့သို့ လည်းကောင်း အကြောင်းလေးပါး လေးပါးတို့ကိုစွဲ၍ ပဋ္ဌာရမ္ဘိက

ခန္ဓာငါးပါး ငါးလီ၊ အကြောင်းသုံးပါး သုံးပါးတို့ကိုစဉ်၍ ဓမ္မာရမ္မဏိက ခန္ဓာငါးပါး (၇၆) လီတို့၏ ဖြစ်ရခြင်းသည် ပဋ္ဌိစ္စအကြောင်းမည်၏။

ထို ပဋ္ဌိစ္စအကြောင်း ခြောက်ပါး၊ အကျယ်ရှစ်ဆယ်တစ်ပါးတို့တွင် ပဥ္စာရမ္မဏိကခန္ဓာ၏အစ စက္ခုဒ္ဒါရကြောင့်ဖြစ်သော အကြောင်းလေးပါး ဟသော်ကား—

(၁) စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရ ဟူသော အကြောင်းလေးပါးကိုစဉ်၍ ခန္ဓာငါးပါး ဖြစ်ရရှာ၏၊

ဂင်းနည်းတူ–

(၂) သောတပသာဒ, သဒ္ဒါရုံ, အာကာသ, မနသိကာရ၊

(၃) ဃာနပသာဒ, ဂန္ဓာရုံ, ဝါယောဓာတ်, မနသိကာရ၊

(၄) ဇိဝှါပသာဒ, ရသာရုံ, အာပေါဓာတ်, မနသိကာရ၊

(၅) ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ, ပထဝီ၊ တေဇော၊ ဝါယောဓာတ် တစ်ခုခု, မနသိကာရ–

ဟူသော အကြောင်းလေးပါး, လေးပါးတို့ကိုစဉ်၍ ခန္ဓာငါးပါး, ငါးပါးတို့ ဖြစ်ရှာကြကုန်၏။ (လူ,နတ်, ဗြဟ္မာ, ဖြစ်ကြသည် မဟုတ်။)

> စက္ခုရူပါဧလောက မနသိကာရာဒိဘေဒံ ဓမ္မဇာတံ နိဿယ-ပစ္စယဘူတံ ကာရဏံ လဘိတ္ဝာ တေဟိ သမေစ္စ သမ္ဘူယ ကတတ္တာ သခ်ံတာ ဖဿာဒယော ဓမ္မာ ဥပ္ပဇ္ဇန္တိ။ ဝိသုဒ္ဓိ ဋီ၊ ၂-၃၆၅။

စက္ခုရူပါလောက မနသိကာရာဒိဘေဒံ၊ စက္ခုပသာဒ, ရူပါရုံ အာလောက, မနသိကာရ အစရှိ ည် ဒေ-ပြားရှိသော။ မွေဇာတံ၊တရား သဘောသည်။ နိဿယ ပစ္စယဘူတံ၊ နိဿယပစ္စည်း ဖြစ်၍ဖြစ်သော, ကာရဏံ၊ ပဋ္ဌိစ္စအကြောင်းကို။ လဘိတ္ဝာ၊ ရ၍။ တေဟိ၊ ထိုအကြောင်း တရားလေးပါး လေးပါးတို့သည်။ သမေစ္စ၊ ပေါင်းဆုံ၍။ သမ္ဘူယ၊

တစ်ပေါင်းတည်းပြု၍။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ သခ်ၨတာ၊ သခ်ၨတဟု ဆိုအပ်ကုန်သော။ ဖဿာဒယော၊ ဖဿ အစရှိကုန်သော။ ဓမ္မာ၊ ဖဿပဋ္ဌာနက ဟရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

(ပဋ္ဌာဌာနမူဝိကခန္ဓဖို့။)

ဓမ္မာရမ္မဏိက ခန္ဓာငါးပါးတို့၏ အပြားမျှာမှ အလွန် မျှားပြား၏၊ မနောဝိညာဏဓာတ်လျှင် အပိုင်းအခြားရှိ၏၊ ထိုသို့ မျှားပြားသော ခန္ဓာတို့၏ အကြောင်းမူကား—

နဝတ္ထုရူပါ ပဘဝန္တိ သခ်ၨတာ၊
နစာပိ ဓမ္မာယတနေဟိ နိဂ္ဂတာ။
ဟေတုံ ပဋ္ဌိစ္စ ပဘဝန္တိ သခ်ၨတာ၊
ယထာပိ သဒ္ဒေါ ပဟတာယ ဘေရိယာတိ—[ဝိသုဒ္ဓိ ၂-၂၊ ၂၃၁]

ဟူသော ဝိသုဒ္ဓိမဂ်ဂါထာကို ထောက်၍ ဝတ္ထုရူပ်, ဓမ္မာရုံ ပဋ္ဌာဌာနမူဝိကကို ထောက်သောအားဖြင့် မနသိကာရဟူသော သုံးပါးသော အကြောင်းတရားတို့ကို စွဲ၍ ငါးပါး ငါးပါးသော ခန္ဓာတို့ ဖြစ်ရှာကြကုန်၏။

ဝတ္ထုရူပါ၊ ဟဒယဝတ္ထုရူပ်မှ။ နိဂ္ဂစ္ဆန ဝသေန၊ ထွက်သည်၏ အစွမ်းဖြင့်။ (ထည့်) သခ်ၨတာ၊ ဖဿပဋ္ဌာနက တရားတို့သည်။ နပဘဝန္တိ၊ မဖြစ်ကုန်။ ဓမ္မာယတနေဟိ၊ ဓမ္မာယတနတို့မှ။ နိဂ္ဂတာစာပိ၊ ထွက်ကုန်၍လည်း။ နပဘဝန္တိ၊ မဖြစ်ကုန်။ ဟေတုံ၊ မိမိတို့ လျှောက်ပတ်သော ပစ္စည်းတရားကို။ ပဋ္ဌိစ္စ၊ စွဲ၍။ သခ်ၨတာ၊ ဖဿပဋ္ဌာနက တရားတို့သည်။ ပဟတာယ၊ တီးခတ်အပ်သော။ ဘေရိယာ၊ စည်ကြီးမှ။ သဒ္ဒေါ၊ အသံသည်။ ဘဝတိ ယထာ၊ ဖြစ်သကဲ့သို့။ ပဘဝန္တိ၊ ဖြစ်ကုန်၏။ (အပိ-ကား နိပါတ်။)

ဤသို့ ပြခဲ့ပြီးသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ ဟူသော ရှေးရှေးသော သမုဒယဖြစ်သော အကြောင်းတရား ငါးပါးတို့သည် ဟေတုအင်္ဂမ်း ပစ္စယအစွမ်းသတ္တိဟု ဆိုအပ်သော အပကာရန္တိ

ဂုဏ်တို့ဖြင့် ပဋ္ဌိသန္ဓေအခါ ရူပ်, နာမ် ၂-ပါးတို့ကို ဆောင်ပို့လိုက်၍ ရင်းအကြောင်း ငါးပါးတို့ပင် အကြောင်းရင်း မကင်းရာဝယ် အမိသည်သားကို မွေးဖွားရ၍ နို့ထိန်းအား အပ်နှံသကဲ့သို့ လည်းကောင်း၊ ဟိုမှာဘက်ကမ်းကို ကူးခတ်လိုသော ယောဂျားဗလဝါသည် ကမ်းထိပ်၌ရှိသော လှေငယ်ကို မြစ်တွင်းသို့ဆွဲချ၍ မိမိသည်ပင် လှော်ခပ်၍ကူးသကဲ့သို့ လည်းကောင်း ကံသည် မိမိသည်ပင်ဆွဲချ၍ မိမိသည်ပင် စုတိစိတ်သို့ ရောက်အောင် စောင့်ရှောက်ထောက်ပံ့လျက် ရူပ်နာမ်နှစ်ပါးတို့ကို အပကာရန္တဂုဏ်တို့ဖြင့် ပဝတ္တိအခါ၌ဖြစ်သော ပဋ္ဌိစ္စအကြောင်းတို့အား ဆောင်ပို့ အပ်နှင်းပြန်၏။(အပကာရန္တအကြောင်းမှာ ရူပ်နာမ်နှစ်ပါးလုံး သက်နိုင်၏။)

ပကာရန္တဖြစ်သော ပဋ္ဌိစ္စအကြောင်းမှာ နာမ်တရားတစ်ခုသာ ရထိုက်၏။ အဘယ်နာမ်တရားကို ရထိုက်သနည်း၊ ပဝတ္တိအခါ၌ ယောဂီပုဂ္ဂိုလ်၏ ဒိဋ္ဌထင်ထင် သိအပ်, တွေ့အပ်သော ဖဿပဋ္ဌမကဟူသော နာမ်တရားကိုသာ ရထိုက်၏။ ထင်စေအံ့ ထိုဖဿပဋ္ဌမကဖြစ်သော နာမ်တရားကို သိမ်းဆည်းသော ယောဂီသည် အာရုံခြောက်ပါး၌ ပဋ္ဌိစ္စအကြောင်းသုံးပါး, သုံးပါးကို စွဲ၍ဖြစ်သည်ဟု အကြောင်းသုံးပါးနှင့်တကွသော နာမ်တရားကို သိမ်းဆည်းအပ်၏။

အကြောင်းသုံးပါး, သုံးပါးဟူသော်ကား—

(၁) စက္ခုပသာဒ၊

(၂) ရူပါရုံ၊

(၃) စက္ခုဝိညာဉ်—

ရင်းသုံးပါးတို့ ပေါင်းဆုံယှဉ်တွဲမိခြင်းတည်းဟူသော ပဋ္ဌိစ္စအကြောင်းကြောင့် စက္ခုသမ္ဖဿတည်းဟူသော ဖဿပဋ္ဌမကနာမ်သည် ဖြစ်ပေါ်လာရ၏ဟု ဧကန် သိအပ်၏။ (၁)

ထို့ကြောင့်—

စက္ခုဥ္ဆ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧवमेတဿ ကेवလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ—

သံ ၂၊ ၃၀၆။

အစရှိသည်ဖြင့် မျှားစွာသော ပါဠိတော်တို့၌ ဟောတော်မူသည်။

စက္ခုဥ္ဆ၊ စက္ခုဓာတ်ကို လည်းကောင်း။ ရူပေစ၊ ရူပဓာတ်တို့ကို လည်းကောင်း။ ပဋိစ္စ၊ စဲ့၍။ စက္ခု ဝိညာဏံ၊ စက္ခုဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခုဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ် သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမှုသည်၊ ဖဿော၊ ဖဿမည်၏။ ဖဿ-ပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာ ဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန် ဟူသောအကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်း ကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိ ဟူသော အကြောင်းကြောင့်။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း၊ သက်ကြီးရွက်တင်ခြင်း ပင်ပန်းခြင်း တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧवं၊ ဤသို့။ ကेवလဿ ဒုက္ခက္ခန္ဓဿ၊ သုခမဖက် သက်သက်ဒုက္ခအစုဖြစ်သော။ တေဿ၊ ထိုဝဋ္ဋတရား၏။ သမုဒယော၊ အဖန်ဖန်ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

စက္ခုကိုပြုလျှင် သောတ, ဃာန, ဇိဝှါ, ကာယ, မန တို့ကို သိလေ။ ထိုသို့ ပဏာဝရန္တ ပဋ္ဌိစ္စ အခြောင်းသည် ဒွါရခြောက်ပါး၌ လေးပါး-ငါးလီ၊ သုံးပါး တစ်လီ ဟူသော အကြောင်းတို့ကြောင့် ဖဿပဋ္ဌမက ဟူသော နာမ်တို့ ဖြစ်ကုန်၏။ အကြောင်းမရှိက မဖြစ်နိုင်။

ဝေမေဝံ စက္ခုဉ္စ ပဋ္ဌိစ္စ ရူပေ စ ဥပ္ပန္နံ ဝိညာဏံ၊ တဿိ ဒွါရေ စက္ခုရူပအာလောကမနသိကာရသခ်ါတေ ပစ္စယမ္ပိ သတိယေဝ ဥပ္ပဇ္ဇတိ၊ တဿိ အသတိ ပစ္စယဝေကလ္လေန တတ္ထေဝ နိရုဇ္ဈတိ။

မ ဌ-၂၊၂၀၇။

ဝေါတထာ၊ ဤတင်းမီး,မြက်မီး အစရှိသော ဥပမာအတူ။ဝေါ စက္ခုဉ္စ၊ ဤစက္ခုခြောက်ကိုလည်းကောင်း။ ရူပေစ၊ ရူပခြောက်တို့ကိုလည်းကောင်း။ ပဋ္ဌိစ္စ၊ စွဲ၍။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဥပ္ပန္နံ၊ ဖြစ်၏။ တဿိ ဒွါရေ၊ ထို စက္ခုစသော တစ်ခုခုသောဒွါရ၌။ စက္ခု ရူပ အာလောက မနသိကာရ-သခ်ါတေ၊ စက္ခု ရူပ အာလောက မနသိကာရဟု ဆိုအပ်သော။ ပစ္စယမ္ပိ၊ အကြောင်းသည်။ သတိယေဝ၊ ရှိသော်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဿိ ၊ ထိုအကြောင်းသည်။ အသတိ၊ မရှိခဲ့သော်။ ပစ္စယ ဝေကလ္လေန၊ ပစ္စည်း၏ ချို့တဲ့ခြင်းကြောင့်။ တတ္ထေဝ၊ ထိုဒွါရ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်၏။

ထို ဟေတုအကြောင်း, ပစ္စယအကြောင်းတို့သည် ဆောင်ပို့၍ ပဋ္ဌိစ္စ အကြောင်းသို့ ရောက်သော ရုပ်နာမ်နှစ်ပါးတို့သည် ၎င်းဟေတု ပစ္စယကမ္မ သဘော်သည်လျှင် စောင့်ရှောက်ခြင်း, ထောက်ပံ့ခြင်းရှိရလျက် ပဋ္ဌိစ္စ အကြောင်းရင်း ခြောက်ပါးတို့ပြင့် ပဋ္ဌိသန္ဓေမှစ၍ စုတိစိတ်သို့တိုင်အောင် တစ်ဘဝ, တစ်ဘဝ၏ ရုပ်နာမ်ကို ဆီထည့်၍ ထွန်းညှိအပ်သော မီးစာသည် မီးစား၍ ကုန်လောက်ပါလျက်နှင့် ဆီကို ထပ်ရ်ထပ်၍ ထည့်ပြန်သော် မိုးသောက်အောင် မီးလျှံ၏အစဉ် ခံရှာသကဲ့သို့ ကဗဠီကာရာဟာရ

တည်းဟူသော သြဇာကို ထပ်၍ထပ်၍ ထည့်သွင်းရပြန်ရကား ကမ္မဇရူပ် အားရှိသလောက် ဆယ်နှစ်, အနှစ်နှစ်ဆယ် ။ပ။ အနှစ်တစ်ရာစသည်တို့ တိုင်တိုင် အစဉ်ဖြစ်လျက် ဆောင်၍ တည်ရှာလေ၏။

> ကမ္မဇနိတော ပိ ဟိ အယံ ကာယော ဂ.ဗဇ္ဇိကာရာဟာရေန ဥပထမ္ဘိတော ဒသပိ ဝဿာနိ ဝဿသတမ္ပိ ယာဝ အာယုပရိမာဏံ တိဋ္ဌတိ။ မ ဋ္ဌ-၁၊ ၂၁၄။ [ဝိသုဒ္ဓိလည်း ပါဠိ၌လဲ-သဘောတူ ရှိသေး၏။]

ဟိ၊ ထိုစကားကိုထင်စွာ ဆိုအံ့။ ကမ္မဇနိတော၊ ကံသည် ဖြစ်စေ အပ်သော။ အယံပိ ကာယော၊ ဤနာမကာယ, ရူပကာယသည်လည်း။ ကဗဋ္ဌိကာရာဟာရေန၊ ကဗဋ္ဌိကာရာဟာရသည်။ ဥပထမ္ဘိတော၊ ထောက်ပံ့ အပ်သည်ဖြစ်၍။ ဒသပိဝဿာနိ၊ ဆယ်နှစ်တို့ပတ်လုံးလည်းကောင်း။ ဝဿသတမ္ပိ၊ အနှစ်တစ်ရာတို့ပတ်လုံးလည်းကောင်း။ ယာဝ အာယု-ပရိမာဏံ၊ အကြင် အသက်အပိုင်းအခြားရှိသမျှ ကာလပတ်လုံး။ တိဋ္ဌတိ၊ အဖဉ်ဖြစ်၍ တည်၏။

ပြခဲ့ပြီးသော ပဋ္ဌိစ္စအကြောင်းခြောက်ပါးတို့တွင် ယခု ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်အပ်သောအခါ၌ကား။ "မနဋ္ဌ ပဋ္ဌိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော"အစရှိသဖြင့် ဟောတော်မူအပ် သော ဝိပဿနာ နာမကွန္ဒာနှင့် သဟဇာတ်ဖြစ်သော ပဋ္ဌိဘာဂနိမိတ် အာလောကသညာ၌ ထင်လာရသော ရုပ်တရား နာမ်တ ရား တို့ အကြောင်းဖြစ်သော—

(၁) ပစ္စုပ္ပန် ရုပ်နာမ်နှစ်ပါးတို့၏ ဓမ္မာရုံ၊
(၂) ဝတ္ထုရုပ်၌ ပုရေဇာတ်ဖြစ်သော ဘဝင်စိတ်၊
(၃) ဝိပဿနာကိုနှလုံးသွင်းခြင်းဟူသော မနသိကာရ—

ဤအကြောင်းသုံးပါးတို့ကို စွဲ၍ ဖဿပဋ္ဌမကဟူသော ဤနာမ်ဖြစ်၏ဟူ၍ သိမ်းဆည်းရမည်၊ အဘယ့်ကြောင့်နည်းဟူမူ– ပဋ္ဌဒ္ဓါရအာရုံဖြစ်ခိုက်တို့၌

မဂ်ကို မကူးနိုင်၊ မနောဒ္ဓါရဝိပဿနာအာရုံဖြစ်ခိုက်၌သာ မဂ်ကို ကူးနိုင်ခြင်းကြောင့်တည်း။

> သတ္ထာရာ ဟိ ပဋ္ဌဝိညာဏကာယာ ကေန္တအဗျာကတာဝ ဝုတ္တာ၊ တံ သမဋ္ဌိသ္မိ ကုသလာကုသလံ ပဋ္ဌိဏ္ဍိတ္တံ၊ လောကုတ္တရမဂ္ဂေါ စ ကေန္တကုသလော။ မ ဋ္ဌ-၃၊၁၃၄။
>
> ဧဝံ တုမ္မေ ပိ ဆဒ္ဒါရိကေသု အာရမ္မဏေသု သေသာနိ ပဋ္ဌဒ္ဓါရာနိ ပိဓာယ မနောဒ္ဓါရေ ကမ္မံ ပဋ္ဌပေထာတိ။
>
> ဓမ္မပဒ ဋ္ဌ-၂၊၂၆၃။

ဟိ၊ ထင်စွာပြဦးအုံ့။ သတ္ထာရာ၊ မြတ်စွာဘုရားသခင်သည်။ ဖဋ္ဌဝိညာ-ဏကာယာ၊ ပဋ္ဌဝိညာဉ်၌ဖြစ်သော ရုပ်နာမ်တို့ကို။ ကေန္တံ၊ စင်စစ်။ အဗျာကတာဝ၊ အဗျာကကဟူ၍ သာလျှင်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တံသမဋ္ဌိသ္မိ၊ ထိုပဋ္ဌဝိညာဉ်နှင့် ပြည့်စုံဆဲဖြစ်သော ပုဂ္ဂိုလ်အား။ ကုသလာ ကုသလံ၊ ကုသိုလ်, အကုသိုလ်ကို။ ပဋ္ဌိဏ္ဍိတ္တံ၊ ပယ်အပ်၏။ လောကုတ္တရမဂ္ဂေါစ၊ လောကုတ္တရာမဂ်သည်ကား။ ကေန္တ ကုသလော၊ ကေန္တကုသိုလ်သာတည်း။ (ကိဋ္ဌာဂိရိသုတ် အဋ္ဌကထာ အနက်။)

ဧဝံ၊ ဤ ဖွတ်ဖမ်းသော ယောဂျားအတူ။ တုမ္မေပိ၊ အရှင်ဘုရားတို့သည်လည်း။ ဆဒ္ဒါရိကေသု၊ ဒွါရခြောက်ပါး၌ဖြစ်ကုန်သော၊ အာရမ္မ-ဏေသု၊ အာရုံတို့တွင်။ သေသာနိ၊ မနောဒ္ဓါရမှ ကြွင်းကုန်သော။ ပဋ္ဌဒ္ဓါရာနိ၊စက္ခုဒ္ဓါရ, သောတဒ္ဓါရ, ဃာနဒ္ဓါရ, ဇိဝှါဒ္ဓါရ, ကာယဒ္ဓါရတို့ကို။ ပိဓာယ၊ ပိတ်၍။ မနောဒ္ဓါရေ၊ မနောဒ္ဓါရ၌။ ကမ္မံ၊ ကမ္မဋ္ဌာန်းစီးဖြန်းသောအမှုကို။ ပဋ္ဌပေထ၊ ဖြစ်စေကုန်ပါလော့။

ထိုသို့ မနောဒ္ဓါရဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းအပ်သောကြောင့်အပကာ-ရန္တ, ပကာရန္တတို့ဖြင့် ရအပ်သော ဤမနောဒ္ဓါရ ပဋ္ဌိစ္စအကြောင်းဖြင့် ဖြစ်ပေါ်၍နေလာသော ရုပ်နာမ်တရားတို့အား ရှေးဦးစွာ ပဋ္ဌိသန္ဓေအခါ ဟေတုအကြောင်း, ပစ္စယအကြောင်းဟု ဆိုအပ်သော ရှေးရှေးသော ဘဝက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရသည် ပစ်ချလုံ့လရ

သည်ဖြစ်၍ လည်းကောင်း၊ ပဝတ္တိကာလဟု ဆိုအပ်သော ယခုကမ္မဋ္ဌာန်း စီးဖြန်းသော အခါ၌လည်း မျက်ဝါးထင်ထင်မြင်လာသော ငါးပါးသော ဥပမာတို့တွင် တစ်ပါးပါးသော ဥပမာဖြင့် ထင်လာသော ရူပ်, ရူပ်ကဲ့သို့ မမြင်အပ်သော်လည်း ဒိဋ္ဌသို့လိုက်အပ်သော နာမ်နှစ်ပါးတို့၏ မနော ဟူသော ဘဝင်၊ ရူပ်နာမ်ဟူသော ဓမ္မာရုံ၊ နှလုံးသွင်းခြင်းဟူသော မနသိကာရ၊ ဤပဋိစ္စ အကြောင်းသုံးပါးသည် လည်း အဝိဇ္ဇာစသော ဟေတုပစ္စယ အကြောင်းငါးပါးပြုပြင်၍ ဖြစ်၏ဟူ၍လည်းကောင်း ၊အတိတ် အကြောင်း ငါးပါးကို ပစ္စုပ္ပန် အကြောင်းသုံးပါး၌ ပေါင်း၍ "ပစ္စယ ပစ္စယုပ္ပန္နဓမ္မမတ္တ မေဝေါ၊ ပစ္စယ ပစ္စယုပ္ပန္န ဓမ္မမတ္တ မေဝေတံ" ဟူ၍ လည်းကောင်း။ ယခုဖြစ်ဆဲဖြစ်သော ရူပ်နာမ်နှစ်ပါးသည် အတိတ် အကြောင်းငါးပါးကြောင့် ဖြစ်ပေါ်လာသော ပစ္စုပ္ပန် အကြောင်း သုံးပါးတို့သည်ပြုပြင်၍ဖြစ်သည်ကို ရည်၍ "ပြုပြင်သည် ၊ပြုပြင်သည်" ဟူ၍ လည်းကောင်း အကြောင်းကို သိမ်းဆည်းအပ်၏။

ပစ္စယပရိဂ္ဂဟပုဗ္ဗကိစ္စံ။

၃၀-အဒ္ဓါနပရိဂ္ဂဟကိုပြခြင်း

ဤသို့ အတိတ်အကြောင်း ငါးပါးကြောင့်ဖြစ်သော ပဋိသန္ဓေနာမ်ရူပ်၊ အတိတ်အကြောင်း ငါးပါးလျှင် အရင်းရှိသော ပစ္စုပ္ပန်အကြောင်း သုံးပါးသုံပါးတို့ကြောင့် ဖြစ်သော ပဝတ္တိနာမ်ရူပ်တို့ကို သိမ်းဆည်း ပြီးသော ယောဂါဝစရအား ဤအကြောင်း ငါးပါး၊ အကြောင်းသုံးပါး နှင့်တကွ ဖြစ်စေအပ်သော နာမ်ရူပ်နှစ်ပါးသည် ယခုအခါ ပစ္စုပ္ပန်ဘဝ ဤခဏ၌ ဖြစ်သကဲ့သို့ ရှေးရှေးသော အတိတ်ဘဝ ထိုထိုကာလတို့၌လည်း ၎င်းနည်းတူ ဖြစ်ခဲ့ဖူးလျှပြီ။ နောင်လာလတို့ အနာဂတ်ဘဝ ထိုထိုကာလ တို့၌လည်း ၎င်းနည်းတူ ဖြစ်လတို့ ဟူ၍ ပိုင်းဖြတ်ယုံကြည်စွာ နှလုံးထား၍ အတိတ်ကာလ၊ အနာဂတ်ကာလနှစ်ပါးကို ပစ္စုပ္ပန်ကာလ၌ ပေါင်း၍ "ဣဒံ တေရဟိ၊ ဣဒံ တေရဟိ" ဟူ၍လည်းကောင်း။ "ဤ ခန္ဓာငါးပါး

ရူပ်နာမ်တရား တို့သည် "ဖြစ်ဆဲ- ဖြစ်ဆဲ"ဟူ၍လည်းကောင်း။ ကာလ သုံးပါး ဟူသော အခွန်ကို သိမ်းဆည်းအပ်၏။

သော ဧဝံ ပစ္စယတော နာမရူပဿ ပဝတ္တိ ဒိဋ္ဌာ ယထာ ဣဒံ ဧတရဟိ၊ ဧဝံ အတီတေ ပိ အဒ္ဓါနေ ပစ္စယတော ပဝတ္တိတ္ထ၊ အနာဂတေ ပိ ပစ္စယတော ပဝတ္တိဿတိ သမနုပဿတိ။

ဝိသုဒ္ဓိ ၄-၂၊၂၁၄။

သောဘိက္ခု၊ ထိုယောဂီရဟန်းသည်။ ဧဝံ၊ ဤသို့။ ပစ္စယတော၊ အကြောင်းအားဖြင့်။ နာမရူပဿ၊ နာမ်ရူပ်၏။ ပဝတ္တိ ၊ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်ခြင်းကို။ (၀၊) ယခုဘဝ၌ ဖြစ်ခြင်းကို။ ဒိဋ္ဌာ၊ မြင်၍။ ဣဒံ၊ 'ဤနာမ်ရူပ်သည်။ ဧတရဟိ၊ ယခုပစ္စုပ္ပန်ဘဝ၌။ (၀၊)ယခုဘဝ၌။ ပစ္စယတော၊ အဝိဇ္ဇာစသော အကြောင်းကြောင့်။ပဝတ္တတိ ယထာ၊ ဖြစ်၏သို့(ထည့်)။ ဧဝံ တထာ၊ ဤအတူ။ အတီတေပိ အဒ္ဓါနေ၊ အတိတ်ဖြစ်သော အခွန်၌လည်း။ ဣဒံ၊ ဤနာမ်ရူပ်သည်။ပစ္စယတော၊အဝိဇ္ဇာစသော အကြောင်းကြောင့်။ ပဝတ္တိတ္ထ၊ ဖြစ်ပြီ။ အနာဂတေပိ အဒ္ဓါနေ၊အနာဂတ်ဖြစ်သော အခွန်၌လည်း။ ပစ္စယတော၊ အဝိဇ္ဇာစသော အကြောင်းကြောင့်။ ပဝတ္တိ-ဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ အဖန်တလဲလဲ ရှု၏။

အဓိပ္ပာယ်ကား။ ။အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး တို့တွင် အတိတ်ဘဝ၌ဖြစ်သော အကြောင်းငါးပါးတို့သည် ပြုပြင်၍ ဖြစ်သောရူပ်, နာမ်ခန္ဓာတို့ ခုနှစ်၍သာ ယခုဘဝပစ္စုပ္ပန်၌ ရူပ်နာမ်ခန္ဓာတို့ဖြစ်လာကုန်၏။ (၀၊) ယောဂါ၀စရပုဂ္ဂိုလ်၏ ပဋိဘာဂနိမိတ်၏ အာလောကဋ္ဌ ပစ္စက္ခဖြစ်သောဉာဏ်ဖြင့် နာမကွန္ဓာနှင့် ဇာကွ ဥပမာငါးပါးတို့တွင် တစ်ပါးပါးဖြင့် မြင်လာရသော ဝတ္ထု ရုပ်နှင့်တကွ ဖြစ်သော အကြောင်းငါးပါးတို့သည် ပြုပြင်၍ဖြစ်သော အတိတ်စိတ္တက္ခဏ ခန္ဓာငါးပါး ရူပ်နာမ်တရားဝတို့သည် ယခုတွင် ခုနှစ်၍သာ ယခုတစ်ဖန် ဤရူပ်နာမ်တို့သည် ဖြစ်လာရပြန်ကုန်၏။

ယခုပစ္စုပ္ပန် ဘဝ၌ရှိသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ချုပ်ပြန်ပါမူ နောင်တစ်ဖန် ဘဝသစ်၌ ဖြစ်ရှာရဦးလတ္တံ့။ (၀၊) ယောဂါ၀စရ ပုဂ္ဂိုလ်၏ ပဋိဘာဂနိမိတ်၏ အလောကဌ် ပစ္စက္ခ ဖြစ်သောဉာဏ်ဖြင့် နာမကွန္ဓာနှင့်တကွ ဥပမာ ငါးပါးတို့တွင် တစ်ပါးပါးဖြင့် မြင်လာရသော ဝတ္ထုရုပ်နှင့်တကွဖြစ်သော အကြောင်းငါးပါးတို့သည် ပြုပြင်၍ ဖြစ်သော ပစ္စုပ္ပန်ဖြစ်သော ယခုခဏ မျက်မှောက် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ယခုပင် ဖြစ်ခြင်း, ချုပ်ခြင်းကိုပြု၍ တစ်ဖန်ယခုပင် ဖြစ်ရှာရဦးတော့လတ္တံ့ဟု ရှုအပ်၏ ဟူလို။

ထိုအဓွန့်သုံးပါးကို အဖန်တလဲလဲရှု၍ သိမ်းဆည်းသော ယောဂီအား အတိတ်အဓွန့်ကို သိမ်းဆည်းသောအခါအတိတ်ခန္ဓာငါးပါးကိုအာရုံပြု၍–

(၁) ငါသည် လွန်လေပြီးသော ဘဝကာလ၌ ဖြစ်ဖူး လေပြီးလော၊

(၂) ငါသည် လွန်လေပြီးသော ဘဝကာလ၌ မဖြစ်ဖူး လေသေးသလော၊

(၃) ငါသည် လွန်လေပြီးသော ဘဝကာလ၌ အဘယ်သို့သောသူ ဖြစ်ဖူးလေသနည်း၊ (၀၊) အဘယ်သို့သောသူ၏ ရုပ်နာမ်ဖြစ်ဖူး လေသနည်း၊

(၄) ငါသည် လွန်လေပြီးသော ဘဝကာလ၌ အဘယ်သို့ မြဲသော အခြင်းအရာဖြင့် ဖြစ်ဖူးလေသနည်း၊ (၀၊) မြဲသောရုပ်နာမ်ဖြင့် ဖြစ်ဖူးလေသနည်း၊

(၅) ငါသည် လွန်လေပြီးသော ဘဝကာလ၌ အဘယ်သို့သော သူသည်ဖြစ်၍၊ အဘယ်သို့သော သူသည် ဖြစ်ဖူးလေသနည်း၊ (၀၊)အဘယ်သူ၏ ရုပ်နာမ်သည် ဖြစ်၍ အဘယ်သို့သောသူ၏ ရုပ်နာမ်ဖြစ်ဖူး လေသနည်း—

ဤသို့ အတိတ်ဘဝ အတိတ်ကာလ၌ ဖြစ်သော ယုံမှားခြင်းငါးပါးကို ဖျောက်နိုင်၏။

ရင်းနည်းတူ အနာဂတ်ဘဝ ကာလတို့၌လည်း—

(၁) ငါသည် အနာဂတ်ဘဝ ကာလ၌ ဖြစ်လတ္တံ့လော၊

(၂) ငါသည် အနာဂတ်ဘဝကာလ၌ မဖြစ်လတ္တံ့လော၊

(၃) ငါသည် အနာဂတ်ဘဝကာလ၌ အဘယ်သို့သော သူသည် ဖြစ်ရလတ္တံ့နည်း၊(၀ါ)အဘယ်သို့သောသူ၏ ရုပ်နာမ်ဖြစ်ရလတ္တံ့နည်း။

(၄) ငါသည် အနာဂတ်ဘဝကာလ၌ အဘယ်သို့ မြဲသော အခြင်းအရာအားဖြင့် ဖြစ်ရလတ္တံ့နည်း၊ (၀ါ) မြဲသော ရုပ်နာမ်ဖြင့် ဖြစ်ရလတ္တံ့နည်း၊

(၅) ငါသည် အနာဂတ် ဘဝကာလ၌ အဘယ်သို့သောသူ ဖြစ်၍, အဘယ်သို့သော သူသည် ဖြစ်လတ္တံ့နည်း၊

(၀ါ) အဘယ်သူ၏ရုပ်နာမ်သည် ဖြစ်၍, အဘယ်သို့သောသူ၏ ရုပ်နာမ်သည် ဖြစ်လတ္တံ့နည်း—

ဤသို့ အနာဂတ်ဘဝ, အနာဂတ်ကာလ၌ဖြစ်သော ယုံမှားခြင်းငါးပါးကို ဖျောက်နိုင်၏။

ရင်းနည်းတူ ပစ္စုပ္ပန်ခန္ဓာကောင်ဘသကို အာရုံပြု၍ ယခုပစ္စုပ္ပန်ဘဝ၌ (၀ါ) ပစ္စုပ္ပန်ယခုကာလ၌—

(၁) ငါသည် ဟုတ်ပါ၏လော၊

(၂) ငါသည် မဟုတ်လေသလော၊

(၃) ငါသည် အဘယ်သို့သောသူသည် ဖြစ်လေသနည်း၊ (၀ါ)အဘယ်သို့သောသူ၏ ရုပ်နာမ်သည် ဖြစ်လေသနည်း၊

(၄) ငါသည် အဘယ်သို့ မြဲသော အခြင်းအရာအားဖြင့် ဖြစ်လေသနည်း၊ (၀၊) မြဲသောရုပ်နာမ်ဖြင့် ဖြစ်လေသနည်း၊

(၅) ဤသတ္တဝါသည် အဘယ်ဘဝမှလာသနည်း၊ (၀၊) ဤသတ္တဝါ၏ ရုပ်နာမ်သည် အဘယ်ဘဝ အဘယ်ကာလမှ လာသနည်း၊

(၆) ထိုသတ္တဝါသည် အဘယ်ဘဝ အဘယ်ကာလသို့ သွားသည် ဖြစ်လတ္တံ့နည်း၊ (၀၊) ထိုသတ္တဝါ၏ရုပ်နာမ်သည် အဘယ်ဘဝ အဘယ်ကာလသို့သွားသည် ဖြစ်လတ္တံ့နည်း—

ဤသို့ ပစ္စုပ္ပန်ဘဝ ပစ္စုပ္ပန်ကာလ၌ ဖြစ်သော ယုံမှားခြင်းခြောက်ပါးကို ဖျောက်နိုင်၏။ (အာဂုံကိုလိုမှ ဝိသုဒ္ဓိမဂ် ဂၢ၀ါ၀ိတရဏ.ဝိသုဒ္ဓိ နိဒ္ဒေသ မှာယူ။)

ဆောင်ပုဒ်ကား—

(၁) ဖြစ်ဖူးသလား၊ (၂) မဖြစ်လားနှင့်၊ (၃) ငါ့အားဘယ်သူ၊
(၄) ခြင်းရာယူ၊ (၅) ဘယ်သူဖြစ်၍-ဘယ်သူနည်း။
(အတိတ် ကာလဖို့)

(၁) ဖြစ်လတ္တံ့လား၊ (၂) မဖြစ်လားနှင့်၊ (၃) ငါအားဘယ်သူ၊
(၄) ခြင်းရာယူ၊ (၅) ဘယ်သူဖြစ်၍- ဘယ်သူနည်း။
(အနာဂတ်ကာလဖို့၊)

(၁) ဟုတ်လေသလား။ (၂) မဟုတ်လားနှင့်၊ (၃) ငါ့အား ဘယ်သူ၊ (၄) ခြင်းရာယူ၊ (၅) သူဘာဉ်ဘယ်ကလာ၊ (၆) သူသာ,ဘယ်ကိုသွား။ (ပစ္စုပ္ပန်ကာလဖို့။)

ဤကား ယုံမှားခြင်း (၁၆)ပါး ဖျောက်ပုံတည်း။

တစ်နည်း။ ။ယုံမှားခြင်းရှစ်ပါး ဖျောက်ပုံမှာ အတ္တနိယျာတန စသော သရဏာဂုံကြီး လေးပါးတို့တွင် တစ်ပါးပါးတည်သော သူသည်–

(၁) ဗုဒ္ဓေ ကင်္ခတိ၊

(၂) ဓမ္မေ ကင်္ခတိ၊

(၃) သံဃေ ကင်္ခတိ-ဟူသော ယုံမှားခြင်း သုံးပါးကို ဖျောက်နိုင်ပေ၏။

(၄) ပဠုဂ်သီလ, အဌဂ်သီလ အစရှိသော ဂဟဋ္ဌသီလ, ရဟန်းတို့စတုပါရိသုဒ္ဓိသီလတို့ကိုမကျိုးမပေါက် မပြောက်မကျားအောင် ကျင့်သုံးသော သူတို့သည် သိက္ခာယ ကင်္ခတိ ဟူသော ယုံမှားခြင်းကို ဖျောက်နိုင်ပေ၏။

(၅) ရှေးဘဝ, ရှေးကာလ၌ ဖြစ်ပြီးသော အကြောင်း ငါးပါးနှင့် တကွသော ရူပ်,နာမ်တို့သည် ဖြစ်၍ ဖြစ်၍ ပျက်ပြီးငါသူတစ်ပါး ပျက်သည် မဟုတ်ဟု မိမိ၏ သံသယကင်းလျင် ပုဗ္ဗန္တကင်္ခတိ ဟူသော ယုံမှားခြင်းကို ဖျောက်နိုင်ပေ၏။

(၆) နောက်ဘဝ, နောက်ကာလ၌ ဖြစ်လတ္တံ့သော အကြောင်း ငါးပါးနှင့်တကွသော ရူပ်နာမ်တို့သည် ဖြစ်၍ ဖြစ်၍ ပျက်လတ္တံ့ ငါ သူတစ်ပါး ပျက်သည်မဟုတ်ဟု မိမိ၏ သံသယကင်းလျင် အပရန္တ ကင်္ခတိ ဟူသော ယုံမှားခြင်းကို ဖျောက်နိုင်ပေ၏။

(၇) ရှေနောက်ဘဝကာလတို့၌ ဖြစ်ပြီးဖြစ်လတ္တံ့သော အကြောင်း ငါးပါးနှင့်တကွသော ရူပ်နာမ်တို့သည် ဖြစ်၍ပျက်ပြီးပြီ၊ ဖြစ်၍ ပျက်လတ္တံ့။ ငါ သူတစ်ပါး ပျက်သည်မဟုတ်ဟု မိမိ၏ သံသယကင်းလျင်ပင် ပုဗ္ဗန္တာပရန္တ ကင်္ခတိ ဟူသော ယုံမှားခြင်းကို ဖျောက်နိုင်ပေ၏။

(၈) ရှေနောက် ကာလနှင့်တကွ ယခု ပစ္စုပ္ပန်ဘဝ ကာလ၌ ဖြစ်ဆဲ ဖြစ်သော အကြောင်းငါးပါးနှင့်တကွသော ရုပ်နာမ် တို့သည် ဖြစ်၍ ဖြစ်၍ ပျက်ဆဲ ဖြစ်၏။ ငါ သူတစ်ပါး ဖြစ်၍ ပျက်သည် မဟုတ်ဟု မိမိ၏ သံသယ ကင်းလျင်ပင် "ဣဓ ပစ္စယတာ ပဋိစ္စ-သမုပ္ပါဒေ ကခ်ံတိ" ဟူသော ယုံမှားခြင်းကို ဖျောက်နိုင်ပေ၏။

နေ ကေဝလဿ သာ ဝေ၊သတ္ထရိ ကခ်ံတိတိ အာဒိနယ ပ္ပဝတ္တာ
အဋ္ဌဝိဓာပိ ကခ်ါ ပဟီယတိယေဝ။ ဝိသုဒ္ဓိ ၂-၂၁၉။

ကေဝလဿ၊ သက်သက်သော်ကား။ သာ ဝေ၊ ထို တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းသည်သာလျှင်၊ ပဟီယတိ၊ ကင်းသည်။ နေ၊ မဟုတ်သေး။ သတ္ထရိကခ်ံတိတိ အာဒိနယ ပ္ပဝတ္တာ၊ သတ္ထရိကခ်ံတိ ဤသို့ အစရှိသော နည်းဖြင့် ဖြစ်သော။ အဋ္ဌဝိဓာ၊ ရှစ်ပါးအပြားရှိသော။ ကခ်ါပိ၊ ယုံမှားခြင်းသည်လည်း။ ပဟီယတိယေဝ၊ ကင်းပျောက်တော့သည်သာ လျှင်တည်း။

ထိုအဓွန့်ကို သိမ်းဆည်းထုတ်၍ အချို့သော ယောဂိသည် သာဓာရဏာ-သာဓာရဏအားဖြင့် နာမ်၏အကြောင်းနှစ်ပါးကို ကံ့စိတ်ဉတု အာဟာရ အားဖြင့် ရုပ်၏ အကြောင်းလေးပါးကို ရှု၏။ "ထိုတဲ့ဝင် ဒွါရအာရုံ ပေါင်းဆုံခြင်း တို့သည် နာမ်၏ သာဓာရဏ အကြောင်းပေတည်း။ ယောနိသော မနသိကာရ,သဒ္ဓမ္မသဝန,သပ္ပုရိသူပနိဿယ, စတုစက္ကသမ္ပတ္တိ တို့သည် ကုသိုလ်၏ အသာဓာရဏ အကြောင်းကြောင့် ပေတည်း။ အဲ့ယောနိသောမနသိကာရ အသဒ္ဓမ္မသဝန အသပ္ပုရိသူပနိဿယ စတုစက္ကဝိပတ္တိ စသည်တို့သည် အကုသိုလ်၏ အသာဓာရဏ အဲ့ကြောင်းကြောင့် ဖြစ်ပေသတည်း။

ကံ အဝိဇ္ဇာ ဂတိ ကာလ စသည်တို့သည် ဝိပါက်၏ အသာဓာရဏ အကြောင်းကြောင့် ဖြစ်ပေသတည်း။ ဘဝင် သန္ဓိရဏ, ကာမကြိယာ, မဂ်ဖိုလ်တို့သည် အာဝဇ္ဇန်း,ဝုဋ္ဌော,မဟဂ္ဂုတ် ကြိယာ, ဇောကြိယာ တို့၏ အသာဓာရဏ အကြောင်းကြောင့် ဖြစ်ပေသတည်း။ ဤ နည်းကို

ဆောင်၍ အတိတ်, အနာဂတ်ဌာလည်း နာမ်ရုပ်၏ အကြောင်းကို မြင်သည်ရှိသော် အဓွန့်သုံးပါး တို့ဌ ယုံမှားခြင်း(၁၆)ပါး (ဂ)ပါးတို့ ကင်းပျောက်ပေ၏။

တစ်နည်း။ ။အချို့သော ယောဂီသည်နာမ်ရုပ်၏ ဇရာ, မရဏ မြင်သည် သိသည်ရှိသော် ဤဇရာ, မရဏသည် ဇာတိကြောင့် ဖြစ်၏၊ ဇာတိသည် ရှေးကံဟူသော ဘဝကြောင့် ဖြစ်၏။ (ပ)။ သင်္ခါရသည် အဝိဇ္ဇာကြောင့် ဖြစ်၏ဟု ပဋိစ္စသမုပ္ပါဒ်၏အစွမ်းဖြင့် အဓွန့်သုံးပါးတို့ဌ အကြောင်းကို သိမ်းဆည်း၍ ယုံမှားခြင်း (၁၆) ပါး၊(ဂ)ပါးတို့ ကင်းပျောက်ပေ၏။

တစ်နည်း။ ။အချို့သော ယောဂီသည် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ စသည်ဖြင့် အနုလောမရှုရှု အဓွန့်သုံးပါးတို့ဌ အကြောင်းကို သိမ်းဆည်း၍ ယုံမှားခြင်း (၁၆) ပါး (ဂ)ပါးတို့ ကင်းပျောက်ပေ၏။

တစ်နည်း။ ။အချို့သော ယောဂီသည် အတိတ်အကြောင်း ငါးပါးဟူသော အဝိဇ္ဇာ သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝကြောင့် ပစ္စုပ္ပန်အကျိုး ငါးပါးဟူသော ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ ဖြစ်ကုန်၏။ တဏှာ,ဥပါဒါန်, ဘဝ,အဝိဇ္ဇာ,သင်္ခါရဟူသော ပစ္စုပ္ပန်အကြောင်း ငါးပါးကြောင့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အနာဂတ် အကျိုးငါးပါးသည် ဖြစ်လတ္တံ့ဟု ကမ္မဝဋ် ဝိပါကဝဋ် နှစ်ပါးဖြင့် အဓွန့်သုံးပါးတို့ဌ အကြောင်းကို သိမ်းဆည်း၍ ယုံမှားခြင်း (၁၆)ပါး (ဂ)ပါးတို့ ကင်းပျောက်ပေ၏။ (မဟာဋီကာကြီး နည်း။)

ထိုသို့ အနည်းနည်းသော ပစ္စယပရိဂ္ဂဟ အဒ္ဓါနပရိဂ္ဂဟတို့ဖြင့် ယုံမှားခြင်း (၁၆) ပါး (ဂ)ပါးတို့ကို ကင်းပျောက်စေအပ်သော ယောဂီအားသြော်-ငါဟုခေါ်သော ဤသင်္ခါရနိမိတ္တ သန္ဓာန်ဝယ် ကံသည် ပြုပြင်၍ ဝိပါက်မျှဖြစ်ချေ၏ဟူသော ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်၊ ကိလေသဝဋ်ကြောင့် ဝိပါကဝဋ်တို့ အနမတဂ္ဂသံသရာက စ၍ စ၍ ဖြစ်ဟန်ကို မြင်စေတော်မူပြန်ပေ၏။

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧवं လောကော ပဝတ္တတိ။
ဝိသုဒ္ဓိ ၆-၂၊၂၃၇။

ကမ္မာ၊ ကံ စသောငါးပါးသော ဂ.မ္မဝင်္ဂကြောင့်။ ဝိပါကာ၊ ဝိညာဉ် စသော ငါးပါးသော အကျိုးဝိပါကဝင်္ဂတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝိပါကော၊ ဝိပါကဝင်္ဂသည်။ ကမ္မသမ္ဘဝေါ၊ အဝိဇ္ဇာ စသော ကမ္မဝင်္ဂငါးပါးလျှင် ဖြစ်ကြောင်းရှိ၏။ ကမ္မာ၊ ကမ္မဝင်္ဂကြောင့်။ ပုနဗ္ဘဝေါ၊ အသစ်တစ်ဖန် ဖြစ်ပြန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧवं၊ ဤသို့။ လောကော၊ ခန္ဓာငါးပါး ရုပ် နာမ်တရားတည်းဟူသော သတ္တလောကသည်။ ပဝတ္တတိ၊ ဖြစ်၏။ (ကိလေသဝင်္ဂကို ကမ္မဝင်္ဂ၌ ထည့်သွင်း၍ ယူ။)

ကမ္မဝင်္ဂ, ဝိပါကဝင်္ဂတို့ ဖြစ်ဟန်ကို အမှန်မြင်သော ယောဂီသည် စင်စစ်တမူ ယုံမှားခြင်း (၁၄) ပါး (၇)ပါးတို့ကို ဖျောက်၍ ဤသင်္ခါရသန္တာန်ကိုယ်ကိုယ် အမှန်မှာမူ အကြောင်းကြောင့် အကျိုးဖြစ်ရုံမျှသာ ရှိချေသည်။ ပြုတတ်သောသူ ဟူသော ကာရကပုဂ္ဂိုလ်၊ ခံစားတတ်သောသူ ဟူသော ဝေဒကပုဂ္ဂိုလ်၊ ငါသူတစ်ပါးယောကျ်ား မိန်းမ မရှိချေဟူ၍ သိတော်မူလျက် အကြောင်းနှင့်တကွသော ရုပ်နာမ်တရားတို့၏ ဖြစ်ဟန် ပျက်ဟန်ကိုကေန် မြင်တော်မူ၏။

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧवेတं သမ္မဒဿနံ။
ယထေဝ ဧကွေ ဝိညာဏံ၊ မနောဓာတုအနန္တရံ။
နစ ဧစ ဘာဝကတံ နာပိ၊ နစ နိဗ္ဗတ္တံ အနန္တရံ။
တထေဝ ပဋိသန္ဓိမ္ပိ၊ ဝတ္တကေ စိတ္တသန္တတိ။
ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တတော။
ဝိသုဒ္ဓိ ၆-၂၊၂၃၇-၂၃၉။

ကမ္မဿ၊ ကံကို။ ကာရကော၊ ပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ဝိပါက်ကို။ ဝေဒကောစ၊ ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါသည်လည်း။ နတ္ထိ၊ မရှိ။ သုဒ္ဓမ္မော၊ပုဂ္ဂိုလ်သတ္တဝါနှင့် မရောမယှက်သက်သက်သော နာမ်ရုပ်တို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝေတံ-ဧဝံ ဧတံ ဒဿနံ၊ ဤသို့သော မြင်ခြင်းသည်သာလျှင်။ သမ္မဒဿနံ၊ မဖောက်မပြန် ဟုတ်မှန်သော မြင်ခြင်းမည်ပေ၏။

မနောဓာတု အနန္တရံ၊ ပဋ္ဌဒ္ဓါရာ ဝဇ္ဇန်း၏အခြားမဲ့၌။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်စိတ်သည်။နစေဝအာဂတံ၊ ထိုစိတ်မှ လာသည်လည်း မဟုတ်။ အနန္တရံ၊ အခြားမဲ့၌။ နာပိ နနိဗ္ဗတ္တံ၊ မဖြစ်ဘဲလည်းမနေ။ နိဗ္ဗတ္တံဧဝ၊ ဖြစ်သည်သာလျှင်။ ဟောတိယထေဝ၊ ဖြစ်၏သို့လျှင်။ တထေဝ၊ ထိုအတူ။ ပဋိသန္ဓိမှိ၊ ပဋိသန္ဓေအခါ၌။ စိတ္တသန္တတိ၊ စိတ်အစဉ်သည်။ ဝတ္တတေ၊ ဖြစ်၏။ ပုရိမံစိတ္တံ၊ ရှေး စုတိစိတ်သည်၊ (ဝါ) စုတိနှင့်တကွသော ရုပ်သည်။ ဘိဇ္ဇတေ၊ ပျက်၏။ တဇ္ဇေ.ဝ၊ ထိုစုတိစိတ်မှ။ အနန္တရံ၊ အခြားမဲ့၌။ ပစ္ဆိမံ၊ နောက်ဖြစ်သော ပဋိသန္ဓေစိတ်သည်။ (ဝါ) ပဋိသန္ဓေစိတ်နှင့်တကွသော ရုပ်သည်။ ဇာယတေ၊ ဖြစ်၏။

ဤသို့လျှင် နာမ်ရုပ်နှစ်ပါး၏ အကြောင်းကို ကောင်းစွာ သိမ်းဆည်းလျက် အဓွန့်သုံးပါး၌ ယုံမှားခြင်း (၁၆)ပါး၊ (၈)ပါးတို့ကို ကူးမြောက်ပြီးသော ဉာဏ်တော်သည်—

(၁) အကြောင်းတရားတို့ကို သိမ်းဆည်းနိုင်သောကြောင့် ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော အမည်၊

(၂) မဂ်ဖိုလ်ဟူသော အကျိုးတရားတို့၏တည်ရာ ဝိပဿနာဉာဏ်တည်းဟူသော အကြောင်းတရား၌ တည်နိုင်သောကြောင့် ဓမ္မဋ္ဌိတိဉာဏ်ဟူသော အမည်၊

(၃) သင်္ခါရတို့၏ ဖြစ်ခြင်း, ပျက်ခြင်း ဟုတ်မှန်သော သဘောကို သိနိုင်သောကြောင့် ယထာဘူတဉာဏ်ဟူသော အမည်၊

(၄) မချုတ်မယှင်း မဖောက်မပြန် အမှန်ကို သိနိုင်သောကြောင့် သမ္မာဒဿနဉာဏ်ဟူသော အမည်၊

(၅) အထက် ဝိပဿနာဉာဏ် ဆယ်တန်တို့၏ အနီးသို့ ကပ်၍ လျှောက်ပတ်စွာ သိနိုင်သောကြောင့် အနုလောမဝိပဿနာ ဉာဏ်ဟူသော အမည်၊

(၆) ဝါတာဘပ ဘယဘေရဝ အရတိ ရတိ နိ၀ါတ နိမာန ခန္ဓီ စသည်တို့ တည်လေ့ရသည်ဖြစ်သောကြောင့် ဌိတိဉာဏ်ဟူသော အမည်—

ဤခြောက်လီသော အမည်ထူးနှင့်တကွ—

(၁) သောဋ္ဌသဝိဓ အဋ္ဌဝိဓ ဝိစိကိစ္ဆာတို့ကို ပယ်ခွာခုတ်ပိုင်း ဉာဏ်မုန်းတိုင်းဖြင့် လူ့တိုင်းဒေသ လူ့ဌာနဝယ် သာမည မဟုတ် လောကုတ်မဂ္ဂံ ဤလေးတန်တို့၏ တည်နိုင်ရန်သော ပတိဋ္ဌ၊

(၂) လေးဝဖလာ ကဲ့ပမာသို့ သက်သာရုဟူသော အဿာသ၊

(၃) ယခုဘ၀ မဂ်မရ၍ လက်စမပြတ်သေးသော်လည်း ပါယ်မြေ မရောက် လမ်းမကောက်ဘဲ ထက်အောက်လူနတ် ကံပစ်၍ ရပ်ရသော နိယတဂတိ၊

(၄) အာဒီဒဿန ဉာဏ်ထူးရသည့် မဟာန္တသောတာပန် မဟုတ်ပြန်သော်လည်း လေးတန်သော သစ္စာကို ဝိပဿနာကာရဖြင့် ကေန္တ သိတော်မူသော စူဠသောတာပန်၊ လေးတန်သော ဂုဏမဟတ္တာဘွဲ့တံဆိပ်တို့ဖြင့် ခပ်နှိပ်သော သမညာကြောင့် ကခ်ါဝိတရဏဝိသုဒ္ဓိဘုမ္မ၌ ခေတ္တမျှပျော်စံတော်မူ**လေ၏**။

ဤစကားခ၌ သစ္စာလေးပါးကို သိ၏ဟူရာ၌ မုဗ္ဗကိစ္စလေးပါးတို့တွင်—

(၁) ရူပပရိဂ္ဂဟ,နာမပရိဂ္ဂဟ နှစ်ပါးဟူသော နာမရူပ၀ေဝတ္ထာန ဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍သိ၏၊

(၂) ပစ္စယပရိဂ္ဂဟ, အဒ္ဓါနပရိဂ္ဂဟ နှစ်ပါးဟူသော ဓမ္မဋ္ဌိတိဉာဏ်ဖြင့် သမုဒယသစ္စာကိုပယ်၏၊

(၃) ထိုဉာဏ်၏ နောက်အဖို့၌ ဖြစ်ခြင်း ပျက်ခြင်းကို သိသော အနုလောမဝိပဿနာ ဟူသော လောကီဝိပဿနာမဂ်ဖြင့် မဂ္ဂသစ္စာကို ပွား၏၊

(၄) ထိုသို့ လောကီဝိပဿနာမဂ်ဖြင့် ရူပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်းပဝတ္တိကို သိမြင်သဖြင့် ရူပ်နာမ်ခန္ဓာတို့၏ မဖြစ်ခြင်း အပဝတ္တိ, နိရောဓ၌ ကေန်ညွတ်ကိုင်းသော အဇ္ဈာသယတော်ကြီးသည် နိရောဓသစ္စာကိုမျက်မှောက်ပြုသည် မည်တော့၏။

နာမရူပဝဝတ္ထာနေန ဒုက္ခသစ္စံ၊ ဓမ္မဋ္ဌိတိဉာဏေန သမုဒယသစ္စံ၊ တဿေव အပရဘာဂေန အနိစ္စတော မနသိကာရာဒိဝိဓိနာ မဂ္ဂသစ္စဉ္စ အဘိညာယ ပဝတ္တိယာ ဒုက္ခဘာဝံ ဒိသ္ဝာ အပဝတ္တေ နိရောဓေ ဧကံသေနေဝ နိန္နဇ္ဈာသယတာယ လောကိယေနေဝ ဉာဏေန စတုန္နံ အရိယသစ္စာနံ အဓိဂတတ္တာ အပါယေသု အဘဗ္ဗပုဂ္ဂိုကော သောတာပန္နဘူမိယံ ဘဗ္ဗပုဂ္ဂိုကော စ ဟောတိတိ ဝုတ္တံ နိယတဂဟဏတိကောတိ။ ဝိသုဒ္ဓိ ၌-၂၊၃၇၅။

နံဝမရူပဝဝတ္ထာနေန၊ နာမရူပဝဝတ္ထနဉာဏ်ဖြင့်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ဓမ္မဋ္ဌိတိဉာဏေန၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ အပရဘာဂေနံ၊ ပစ္စယပရိဂ္ဂဟကို သိမ်ားပြီးသောနောက်မှ။ တဿေဝ ဉာဏဝသေနံ၊ ထိုပစ္စယ ပရိဂ္ဂဟဉာဏ်၏ အစွမ်းဖြင့်သာလျှင်။ အနိစ္စတော မနသိကာရာဒိ ဝိဓိနံ၊ အနိစ္စကို နှုတ်လုံးသင်းခြင်း အစရှိသော အစီအရင်ဖြင့်။ မဂ္ဂသစ္စဉ္စ၊ မဂ္ဂသစ္စာကိုလည်း။ အဘိညာယ၊ ထူးသော ဝိပဿနာဉာဏ်ဖြင့်သိ၍။ ပဝတ္တိယာ၊ နံဝမ် ရူပ်တို့ အဆက်ဆက်ဖြစ်ခြင်း၏။ ဒုက္ခ-ဘာဝံ၊ ဒုက္ခ၏အဖြစ်ကို။ ဒိသ္ဝာ၊ မြင်၍။ အပဝတ္တေ၊ အသစ်အဆက်ဆက်ဖြစ်ခြင်း ကင်းသော။ နိရောဓေ၊ နိရောဓသစ္စာ၌။ (၀၊) နိဗ္ဗာန်၌။ ဧကံ-

သေနေ၀ နိန္ဒဗျာသယတာယ၊ စင်စစ်အားဖြင့် ညွှတ်ကိုင်းသက်ဝင်သော အဗျာသယ ရှိသည်၏အဖြစ်ကြောင့်သာလျှင်။ လောကိယေနေ၀၊ လောကီဖြစ်သော။ ဉာဏေန၊ ဉာဏ်ဖြင့်။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယာသစ္စာတို့ကို။ အဓိဂတတ္တာ၊ သိအပ်သည်၏ အဖြစ်ကြောင့်။ အပါယေသု၊ အပါယ်လေးဘုံတို့၌။ အဘဗ္ဗပုဂ္ဂိုကောစ၊ ဖြစ်ခြင်းငှာ မထိုက်သည်လည်းကောင်း။ သောတာပတ္တိဘူမိယံ၊ သောတာပန်၏ဘုံ၌။ ဘဗ္ဗပုဂ္ဂိုကောစ၊ ဖြစ်ခြင်းငှါထိုက်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နိယတဂတိကောတိ၊ နိယတဂတိကောဟူ၍။ ဝုတ္တံ။ အဋ္ဌကထာရှင် မိန့်တော်မူအုပ်၏။

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာ-
သနေ လဒ္ဓဿာသော လဒ္ဓပတိट္ဌော နိယတဂတိကော စူဠ-
သောတာပန္နော နာမ ဟောတိ။ ဝိသုဒ္ဓိ ၂-၂၊ ၂၄၀။

ပန၊ အကျိုးကြီးမားသည်ကို ဆိုဦးအံ့။ ဣမိနာ ဉာဏေန၊ ဤဆိုအပ်ခဲ့ပြီးသော ယထာဘူတဉာဏ်ဟု ဆိုအပ်သော ပစ္စယပရိဂ္ဂဟဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂိသည်။ ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်။ လဒ္ဓပတိट္ဌော၊ ရအပ်သော။ ထောက်တည်ရာရှိသည်။ နိယတဂတိကော၊ ပြုသော ဂတိရှိသော။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့သော နည်းဖြင့် ရူပ်နာမ်ဓမ္မသင်္ခါရအာရုံတို့၏ ဖြစ်ခြင်း, ပျက်ခြင်းတို့ကို ဧကန္တ ဥပမာ ငါးပါးတို့တွင် တစ်ပါးပါးသော ဥပမာဖြင့် ပစ္စက္ခဉာဏ်ဖြင့် မြင်ရ၍ တေဘုမ္မက ဝဋ္ဋဒုက္ခဟူသော ရူပ်နာမ်တို့တွင်—

(၁) ယခု ငါမြင်ရသော ရူပ်တရားကား မည်သည့်ရူပ်, ဘယ်ရွှေ ဘယ်မျှရှိ၏။ ငါသိရသော နာမ်တရားကား မည်သည့်နာမ်, ဘယ်ရွှေ ဘယ်မျှ ရှိ၏ဟု သိခြင်း။

(၂) ထိုရူပ်နာမ်တို့၌ ခင်မင်တွယ်တာခြင်း မရှိခြင်း၊

(၃) ၎င်း ရူပ်နာမ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်း တို့ကို လောကီဝိပဿနာ ဉာဏ်ဖြင့် ရှုနိုင်ခြင်း၊

(၄) ၎င်းရူပ်နာမ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်းတို့ကို မြင်က ထိုရူပ်နာမ်တို့၏ မဖြစ်ခြင်း, မပျက်ခြင်းရှိသော နိဗ္ဗာန်ကို အာရုံညွှတ်ကိုင်းစေခြင်း။

ဤသို့သော သစ္စာလေးပါးကို လောကီ ဝိပဿနာ ပညာဖြင့် မျက်မှောက်ပြုရုံမျှဖြင့် ငါသည် လောကုတ္တရာမဂ်ကို ရလေပြီဟု ထင်မှတ်မှားယွင်းတတ်သည်။ အဘယ်ကြောင့်ဟူမူ ထိုသို့သော ဉာဏ်မျိုးသည် လောကုတ္တရာစိတ်၏ အဓိပတိ မတတ်သေး သောကြောင့်တည်း။ စင်စစ်မူကား စုဠသောတာပန် ပုထုဇဉ်ကလျာဏအနုယ်သို့ သက်ရုံမျှသာတည်း။

ထင်စေဦးအုံ။ , ။ထိုသို့သော ဝိပဿနာဉာဏ်ဖြင့် လောကီသစ္စာလေးပါးကို မျက်မှောက်ပြုခြင်းငှာ စွမ်းနိုင်ကြသော ယောဂီတို့သည် ကိလေသာကို ပယ်ခွာကြသော—

(၁) အသမုဒါစာရ သတ္တိ၊

(၂) အနုနုံဘူတာရမ္မဏ သတ္တိ၊

(၃) မဂ္ဂ သတ္တိ–

ဟူသော သတ္တိကြီး သုံးပါးတို့တွင် အသမုဒါစာရသတ္တိ မျှသာ ရှိသေးရ၍ လောကုတ္တရာမဂ်ဟူ၍ မဆိုထိုက်။

ထို အသမုဒါစာရသည်—

(၁) ဝတ္ထု၊

(၂) ဂန္ဓ၊

(၃) ဓုတင်၊

(၄) သမထ၊
(၅) ဝိပဿနာ၊
(၆) နဝကမ္မ၊
(၇) ဗြဟ္မလောကာဂတ—
စသည်ဖြင့် ရှိ၏။ ထိုတွင်–

(၁) အကြင်သူသည် စေတိယဂိုဏ် ဗောဓိယဂိုဏ် စသော ဝတ်တို့ကို နှေးညှဉ်းမစဲ အားထုတ်၍ နေရသောကြောင့် ကိလေသာ နိဝရဏာတို့ ခဏမျှ မဥပါဒ် ရသောကြောင့် ကိလေသာ စသည်တို့ မဖြစ်ခြင်းသည်ဝတ္တာသမုဒါစာရ မည်၏။

(၂) ဂုဏ်းနည်းတူ ကျမ်းဂန်တို့ကို နှေးညှဉ်းမစဲ အားထုတ်၍ နေရသောကြောင့် ကိလေသာတို့ မဥပါဒ်ရခြင်း ဂန္ထာသမုဒါစာရ၊

(၃) ဓုတင်တရားတို့ကို နှေးညှဉ်းမစဲ အားထုတ်၍ နေရသောကြောင့် ကိလေသာတို့ မဥပါဒ်ရခြင်း ဓုတင်္ဂါသမုဒါစာရ၊

(၄) သမထ(၄၀)ကို ပွားများ၍ ရအပ်သော ဥပစာရျာန် အဘိညာဉ်၊ သမာပတ်တို့ကို နှေးညှဉ်းမစဲ အားထုတ်၍ နေရသောကြောင့် ကိလေသာတို့ မဥပါဒ်ရခြင်း သမထာ သမုဒါစာရ၊

(၅) အနိစ္စစသော ဝိပဿနာတို့ကို နှေးညှဉ်းမစဲအားထုတ်၍ နေရသောကြောင့် ကိလေသာတို့ ဗဥပါဒ်ရခြင်း ဝိပဿနာ သမုဒါစာရ၊

(၆) စေတီ,ကျောင်း,ဗရပ် စသည်တို့ အမှုကို နှေးညှဉ်းမစဲအားထုတ်၍ နေ့ရသောကြောင့် ကိုလေသာတို့ မဥပါဒ်ရခြင်း နဝကမ္မာ သမုဒါစာရ၊

(၂) ဗြဟ္မာပြည်မှလာသော သတ္တဝါသည် ရှေးဝယ်၏အနိုးခ္ခ် တည်သည် ဖြစ်သော ကြောင့် ကိုလေသာတို့ မဥပါဒ်ရခြင်း ဗြဟ္မလောကတာ သမုဒါစာရ မည်၏။

ထိုဆိုအပ်ခဲ့ပြီးသော အသမုဒါစာရတို့သည် အကြင်အခါ၌ အယောနိသော မနသိကာရကြောင့်လည်းကောင်း။ သတိဝေါသဂ္ဂကြောင့်လည်းကောင်း ကိုလေသာတို့ အခွင့်ကို ရခဲ့အုံ့၊ ထိုအခါ၌ ဥပါဒ်ခြင်းသို့ ရောက်နိုင် ကုန်သေးသည်သာတည်း။ (၁)

အကြင်သူသည် တစ်ပါးပါးသော မနာပိယ ဣဋ္ဌ ကန္တ စသော အာရုံတို့တွင် တစ်ခုခုသော အာရုံကို ရှေးကမှစ၍ ယခုတိုင်တိုင် အာရုံမပြုဖူးသည်ဖြစ်အုံ့၊ ထိုအာရုံမပြုဖူးသော မနာပိယ စသော တရားသည်ပင် အနုနုဘူတာရမ္မဏသတ္တိမည်၏။ အကြင်အခါ၌ အယောနိသောမနသိကာရကြောင့် လည်းကောင်း၊ သတိဝေါသဂ္ဂကြောင့် လည်းကောင်း ကိုလေသာတို့ အခွင့်ရခဲ့အုံ့၊ ထိုအခါ၌ အာရုံဖြစ်ခြင်းသို့ ရောက်နိုင်ကုန်သေးသည်သာတည်း။ (၂)။

သော ပနေသ အသမုဒါစာရဝသေန ဝါ အနုနုဘူတာရမ္မဏ-ဝသေန ဝါ အနုပ္ပန္နော ဥပ္ပဇ္ဇတိတိ ဝေဒိတဗ္ဗော။ အံ ၆-၁၊ ၂၃။

သော ပနေသ-သော ပန ဧသ ဧသော အနုပ္ပန္နော၊ ထိုသို့ကိုလေသာနိဝရဏတို့၏ မဖြစ်ခြင်းကို။ အသမုဒါစာရဝသေနဝါ၊ အသမုဒါစာရအစွမ်းဖြင့်လည်းကောင်း။ ["ကိုလေသာ မဥပါဒ်သည်၏ အစွမ်းဖြင့် လည်းကောင်း"လည်းဟု]။ အနုနုဘူတာရမ္မဏဝသေနဝါ၊ အနုနုဘူတာ-ရမ္မဏ အစွမ်းဖြင့် လည်းကောင်း။ ["ကိုလေသာအာရုံ မဖြစ်ဖူးသည်၏ အစွမ်းဖြင့် လည်းကောင်း"လည်းဟု]။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

နိဗ္ဗာနံ ပန လောကုတ္တရသङ်ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာ-
တဗ္ဗံ မဂ္ဂဖလာနမာလမ္ဗဏဘူတံ။ [သင်္ဂြိဟ်။]

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံ တံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ၊ မဂ္ဂဖလာနမာလမ္ဗဏ-ဘူတန္တိ ဣမိနာ ကလျာဏပုထုဇ္ဇနာနံ အနုမာနသိဒ္ဓတံ။
ဋီကာကျော်–၂၁၆။

ဤသို့ အဋ္ဌကထာ၊ဋီကာ စသည်တို့နှင့်အညီ လေးပါးသော မဂ်ဉာဏ်တို့တွင် တစ်ပါးပါးသော လောကုတ္တရာစိတ်၏ မဂ်ဉာဏ်ဖြင့် သင်္ခါရ-ပဋိကွေပဖြစ်သော နိဗ္ဗာန်ကို ကေန်မုခ္ဂ ဒိဋ္ဌထင်ထင် မြင်ဖူးပေသော အရိယာ၏ ပစ္စက္ခမဂ်ဉာဏ်သည် မဂ္ဂသတ္တိမည်ပေ၏။ (၃)

ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့ သုတမယဉာဏ်ဖြင့် ရူပ်နာမ်တို့ မဖြစ်ခြင်းတို့ကို ညွှတ်ကိုင်းရှုမျှ နိဗ္ဗာန်ကိုတောင့်တရုံမျှသည် မဂ္ဂသတ္တိမမည်သေးပေ၊ အသမုဒါစာရ သာတည်း။

ပန၊ ရူပဉ္ဇဒ္ဓေသ၏ ဝိဘာဂမှတစ်ပါး နိဗ္ဗာနဉ္ဇဒ္ဓေသ၏ ဝိဘာဂကို ဆိုအံ့။ လောကုတ္တရ သင်္ခါတံ၊ လောကုတ္တရာဟုဆိုအပ်သော။ စတုမဂ္ဂ-ဉာဏေန၊ လေးပါးသော မဂ်ဉာဏ်နှင့် သဟဇာတ်ဖြစ်သော ဉာဏ်ဖြင့်။ (၀ါ)မဂ်ဉာဏ်သည်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာလမ္ဗဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ [သင်္ဂြိဟ် အနက်။]

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ၊ စတုမဂ္ဂဉာဏေန သစ္ဆိကာ-တဗ္ဗံဟူသော ဤဝိသေသနပါဒ်ဖြင့်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။(၀ါ)နိဗ္ဗာန်ကို။ တံ တံ အရိယပုဂ္ဂလာနံ၊ သောတာပန်အစရှိသော ထိုထိုသော အရိယာ-ပုဂ္ဂိုလ်တို့အား။ ပစ္စက္ခသိဒ္ဓတံ၊ ပစ္စက္ခသိဒ္ဓိအဖြစ်ကို။ ဒဿေတိ၊ ပြတော်မူပေ၏။ မဂ္ဂဖလာနမာလမ္ဗဏဘူတန္တိ ဣမိနာ၊ မဂ္ဂဖလာနမာလမ္ဗဏဘူတံ

ဟူသော ဤပါဠိဖြင့်။ ကလျာဏပုထုဇဉ်နှာနှံ၊ ကလျာဏ ပုထုဇဉ်တို့အား။ **အနုမာနသိဒ္ဓတံ**၊ အနုမာနသိဒ္ဓိအဖြစ်ကို။ ဒသေတိ၊ ပြတော်မူ၏။
[ဋီကာကျော် အနက်။]

အယောနိသောမနသိကာရ, သတိဝေါသဂ္ဂတို့ကြောင့် မိမိတို့ ပယ်ပြီးသော ကိလေသာတို့သည် အခွင့်ရထိုက်သော်လည်း အသစ်တစ်ဖန် ဖြစ်ရိုးမရှိတော့ပြီ။ (၃)

[ဤသတ္တိကြီး သုံးပါးနှင့်တကွ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, ဋီကာ၊ အဂ်ုံတို့၏ အဋ္ဌကထာတို့စကားကို ပညာရှင်တို့ ဆင်ခြင်၍ယူရန် ထည့်လိုက်သည်။]

အဒ္ဓါနပရိဂ္ဂဟပုဗ္ဗကံစ်ုံ။

၃၁–ပရိညာသုံးပါးကို ပြခြင်း

အယံ မဂ္ဂေါ အယံ နု မဂ္ဂေါတိ **ဧဝံ** မဂ်ံဌ အမဂ္ဂဌ ဥ.တ္ဝာ ဌိတံ ဉာဏံ ပန မဂ္ဂါမဂ္ဂဉ္ဇာဏဒဿနဝိသုဒ္ဓိနာမ။

ဝိသုဒ္ဓိ ၆-၂၊ ၂၄၁။

ဤသို့ အဋ္ဌကထာ မိန့်မှာတော်မူ**အပ်**သည်နှင့်အညီ မဂ်ဟုတ်သည် မဟုတ်သည်ကို ယုံကြည်ပိုင်းဖြတ် နှလုံးသွင်းနိုင်သော မဂ္ဂါမဂ္ဂဉ္ဇာဏဒဿနဝိသုဒ္ဓိကို ကူးခပ်လိုသော ကခ်ါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံပြီးသော ယောဂျီး ယောဂါ၀စရ သူမြတ်သည် ယံကိဉ္စိ ရူပ်-အစရှိသော သမ္မသနဉာဏ်ဟုဆိုအပ်သော နယဝိပဿနာကို လွန်စွာ ကြိုးပမ်းထမ်းဆောင်အားထုတ်သော အခါ အခါ၌ သြဘာသအစရှိသော ဝိပဿနုပက္ကိလေသတရားဆယ်ပါးတို့တွင် တစ်ပါးပါးကို တွေ့ကြုံသော အခါဝယ် ဤတရားကား လောကုတ္တရာမဂ် မဟုတ်၊ သြဘာသစသော တရားသာတည်းဟု ကေန် မဂ်မဟုတ်သည်, ဟုတ်သည်၌ ဆုံးဖြတ်နိုင်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉ္ဇာဏဒဿနဝိသုဒ္ဓိဉာဏ်မည်၏။

သမ္မသနဉာဏ်, နယဝိပဿနာဉာဏ်, ကလာပသမ္မသနဉာဏ် ဟူသော သုံးတန်သောအမည်ကိုရသော သမ္မသနဉာဏ်ကို အားထုတ်ကြိုးပမ်း ထမ်းဆောင်လိုသော ယောဂိသည် ဖရှင်းဦးစွာ လောကီပရိညာသုံးပါးကို ပိုင်းခြားဝေဖန်၍ သိအပ်၏။

ထိုစကားကို ထင်စေဦးအံ့၊ ထိုပရိညာသည်–

(၁) ဉာတ ပရိညာ၊

(၂) တီရဏ ပရိညာ၊

(၃) ပဟာန ပရိညာ–

ဟူ၍ သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင်–

(၁) ရူပ်သည် ဖောက်ပြန်ခြင်း ရုပ္ပနလက္ခဏာ။ ဝေဒနာသည် ခံစားခြင်း ဝေဒယိတလက္ခဏာ။ သညာသည် ကောင်းစွာမှတ်ခြင်း သဉ္ဇာနနလက္ခဏာ။ သင်္ခါရသည် ပြုပြင်ခြင်း အဘိသင်္ခရဏလက္ခဏာ။ ဝိညာဉ်သည် အထူးသဖြင့်သိခြင်း ဝိဇာနနလက္ခဏာ–ဤသို့ စသည်ဖြင့် အကျဉ်းအားဖြင့်လည်းကောင်း။

တစ်နည်း။ ။ရူပ်နှစ်ဆယ့်ရှစ်ပါး၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။ ဝေဒနာခြောက်ပါး၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။ သညာခြောက်ပါး၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။ သင်္ခါရ ငါးဆယ်၏ လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။ ၊လောကီဝိညာဉ် ရှစ်ဆယ့်တစ်၏ လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် တို့၏ သဘောကို သိခြင်းအားဖြင့်လည်းကောင်း။ အထူးအားဖြင့် မိမိ၏အာရုံပြုသော နိယကဇ္ဈတ္တသို့သက်သော ကမ္မဋ္ဌာန်း၏ အတွင်းဌ အကျုံးဝင်သော ရူပ်တရား, နာမ်တရားတို့၏ လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့၏ သဘောကို ကေန်သိခြင်းသည်ပင် ဉာတ-ပရိညာမည်၏။ (လက္ခဏာ,ရသ စသည်တို့ကို နောက်က ဖွင့်ပြခဲ့ပြီးပြီ)။

(၂) ထို နိယကဗျတ္တသို့သက်သော ကမ္မဋ္ဌာန်း၏ အတွင်း၌ အကျုံးဝင်သော ရူပ်တရား, နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော အလုံးစုံ သဘာဝနှင့်ဆိုင်သော သာမညလက္ခဏာ သုံးပါးတို့တွင် တစ်ပါးပါးဖြင့် ဖြစ်စေ, သုံးပါးလုံးဖြင့် ဖြစ်စေ သုံးသပ်ဆင်ခြင်သော အာရမ္မဏိက ဝိပဿနာပညာဖြင့် ဧကန်ပစ္စက္ခဖြစ်သော သုံးသပ်သော ဉာဏ်သည် တိရဏ ပရိညာမည်၏။

(၃) ထို နိယကဗျတ္တသို့ သက်သော ကမ္မဋ္ဌာန်း၏ အတွင်း၌ အကျုံးဝင်သော ရူပ်တရားနမ်တရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တစသည်ဖြင့် သုံးသပ်ဆင်ခြင်သောအခါ အနိစ္စကို ဆင်ခြင်က နိစ္စဟူသော သညာ၊ နိစ္စ၌ တပ်သော ဆန္ဒရာဂ၊ ဒုက္ခကိုဆင်ခြင်က သုခဟူသော သညာ၊ သုခ၌ တပ်သော ဆန္ဒရာဂ၊ အနတ္တကိုဆင်ခြင်က အတ္တဟူသော သညာ၊ အတ္တ၌ တပ်သော ဆန္ဒရာဂတို့ကို ဥပစာ, အပ္ပနာသို့ မသက်မီ တဒင်္ဂပဟာန်ဖြင့် ပယ်ခြင်း, ဥပစာ-အပ္ပနာသို့သက်၍ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခြင်းသည် ပဟာနပရိညာ မည်၏။

> တတ္ထ ရူပဉ္စနလက္ခဏံ ရူပံ ဝေဒယိတလက္ခဏာ ဝေဒနာတိ ဧဝံ တေသံ တေသံ ဓမ္မာနံ ပစ္စတ္တလက္ခဏသလ္လက္ခဏဝသေန ပဝတ္တာ ပညာ ဉာတပရိညာ နာမ၊ ရူပံ အနိစ္စံ ဝေဒနာ အနိစ္စာတိ အာဒိနာ ပန နယေန တေသံ တေသံ ဓမ္မာနံ သာမညလက္ခဏံ အာရောပေတ္မာ ပဝတ္တာ လက္ခဏာရမ္မဏဝသေန ပဝတ္တာ ပညာ တီရဏပရိညာနာမ၊ တေသုယေဝ ပန ဓမ္မေသု နိစ္စသညာဒိ-ပဇဟနဝသေန ပဝတ္တာ လက္ခဏာရမ္မဏဝသေန ပဝတ္တာ ပညာ ပဟာနပရိညာနာမ။ ဝိသုဒ္ဓိ-၂၊၂၄၁။

(ရင်းနည်းသဘောတူ ပါဠိလဲ့ ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာ စသည်တို့၊)

(၁)တတ္ထ၊ ထိုသုံးပါးသောပရိညာတို့တွင်။ ရူပံ၊ ရူပ်သည်။ ရူပ္ပန-လက္ခဏံ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝေဒနာ၊ ဝေဒနာသည်။ ဝေဒယိတ-လက္ခဏာ၊ အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိ၏။ ဣတိ ဧဝံ၊ ဤသို့။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုရူပ်ဝေဒနာသညာ သင်္ခါရ စသောတရား တို့၏။ ပစ္စတ္တ လက္ခဏ သလ္လက္ခဏ ဝသေန၊ မိမိတို့၏လက္ခဏာကိုကောင်းစွာ မှတ်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ ပညာသည်။ ဉာတပရိညာနာမ၊ ညာတပရိညာမည်၏။

(၂) ပန၊ ထိုမှတပါး။ ရူပံ၊ ရူပ်သည်။ အနိစ္စံ၊ မမြဲ။ ဝေဒနာ၊ ဝေဒနာသည်။ အနိစ္စာ၊ မမြဲ။ ဣတိ အာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်၊ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုမိမိ မိမိတို့၏ အသီးသီးသော လက္ခဏာကို ကောင်းစွာ မှတ်သောအားဖြင့် ယူအပ်ကုန်သော တေဘူမက တရားတို့၏သာလျှင် (ဝါ)ရူပ် ဝေဒနာ စသော တရားတို့၏ သာလျှင်။ သာမညလက္ခဏံ၊ အလုံးစုံတို့အား ဆက်ဆံသော အနိစ္စစသော လက္ခဏာ ကို။ အာရောပေတွာ၊ တင်၍။ ပဝတ္တာ၊ ဖြစ်သော။ လက္ခဏာရမ္မဏိက ဝိပဿနာပညာ၊ အနိစ္စတာစသော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာသည်။ တီရဏပရိညာနာမ၊ အနိစ္စတာ စသောလက္ခဏာကို စုံစမ်း သုံးသပ် အတပ်ပိုင်းခြားမှ သိတတ်သော ပညာမည်၏။

(၃) ပန၊ ထိုမှတပါး။ တေသုယေဝ ဓမ္မေသု၊ ထိုပစ္စတ္တလက္ခဏာ, သာမည လက္ခဏာကို ကောင်းစွာ မှတ်အပ်သည်၏အစွမ်းဖြင့် ယူအပ်ကုန်သော တေဘူမကဓမ္မတို့၌သာလျှင်။ နိစ္စသညာဒိပဋိဟာနဝသေန၊ မြဲ၏ဟု မှတ်မှား သောသညာ စသည်တို့ကို ပယ်စွန့်သည်၏ အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ လက္ခဏာရမ္မဏိကဝိပဿနာပညာ၊ အနိစ္စတာစသော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာသည်။ ပဟာနပရိညာ နာမ၊ မဟာတမ္ဘဓမ္မကို စွန့်ပယ်ကင်းသော ပရိညာမည်၏။

ဟိုသို့ ပြဲပြီးသော ပရိညာ သုံးပါးဟူတွင် နောက်က ပြခဲ့ပြီးသော ပုဗ္ဗကိစ္စ လေးပါးကို၌ ပထမ ရူပပရိဂ္ဂဟမှသည် ပစ္စယပရိဂ္ဂဟ၊ အဒ္ဓါနပရိဂ္ဂဟ

တိုင်တိုင် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကခ်ီဝိတရဏဝိသုဒ္ဓိနှစ်ပါးတို့ကို ဖစ္စတ္ထလက္ခဏပဋ္ဌိ ဧဝဝသည် အစိုးရလျက် ဥဟပရိညာ၏ နယ်မည်၏။

ယံ ကိဉ္စိ ဝါရ-စည်ဖြင့် ရူပ်တရား, နာမ်တရားတို့ကို ကလာပ သမ္မသနဉာဏ်သို့သက်၍ စီးဖြန်းသောကာလမှစ၍ ဥဒယဝယဉာဏ်သို့ ဆိုက်အောင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၏ နယ်ကို သာမညလက္ခဏ ပဋ္ဌိဝေဝသည် အစိုးရလျက်း တီရဏပရိညာ၏ နယ်မည်၏။

သမ္မသနဉာဏ်, ဥဒယဝယဉာဏ် အားသန် ထက်မြက်လှ၍ သခ်ါရတို့ ပျက်ခြင်းကိုသာ ထင်၍နေသော ယောဂီအား ဂင်းပျက်ခြင်းသည် ဘင်ဉာဏ်မည်၏၊ ထို ဘင်ဉာဏ်မှ စ၍ အထက်အထက်ဖြစ်သော ဘယ။(ပ)။ အနုလေဝမဉာဏ် တိုင်အောင် ပဋ္ဌိပဒါဉာဏဒဿနဝိသုဒ္ဓိနယ်အတွင်း၌ကား လောကီသစ္စာ, လောကီအဘိညာဉ်, လောကီပဟာနပရိညာ ဘာဝနာကို အားကောင်းလှသဖြင့် ဆန္ဒရာဂတို့ကို ပယ်ဖျောက်နိုင်သော ပဟာနပရိညာ၏ နယ်မည်၏။

ထို ပရိညာ သုံးပါးတို့တွင် ဉာတပရိညာ၏ အစီအရင်စသည်ကို ပြခဲ့ပြီးသော ပုဗ္ဗကိစ္စလေးပါးဖြင့် သိအပ်၏။ တီရဏပရိညာ၏ အစီအရင်ကို ဤဆိုလတ္တံ့သောနည်းကို အစဉ်မှီးသဖြင့် ပညာရှင်တို့ သိအပ်၏။

၃၂—လက္ခဏဝဝတ္ထာနဝါရကို ပြခြင်း

တီရဏပရိညာဖြင့် သမ္မသနဉာဏ်မှစ၍ ဥဒယဝယဉာဏ် ရင့်သန်ကြီးပွားလျက် ဆယ်ပါးသော ဝိပဿနာဉာဏ်ကို ဧကန်တိတိ မြင်လိုဘိသော ယောဂီသည် (၀၊) ဥဒယဝယဉာဏ်သို့ ငါးပါးသော ဥပမာတို့တွင် တစ်ပါးပါးသို့သက်၍ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၏ အခြားမဲ့ဥ်ကို မြင်ထိုက်သော အထက်ထက် ဝိပဿနာဉာဏ်တို့ကို ဧကန်တိဟိ မြင်လိုဘိသော ယောဂီသည်—

(၁) သခေါ်ပ ဝါရ၊
(၂) အနုလောမခန္ဓိ ဝါရ၊
(၃) နာမရူပပဝတ္တိက္ကမ ဝါရ၊
(၄) နဲာမရူပသတ္တက ဝါရ၊
(၅) မဟာဝိပဿနာ ဝါရ—

ဟူသော ငါးပါးသောဝါရတို့ကို အစဉ်အတိုင်း မကိုင်းမဖောက်, မကောက် မကွေး, မလေးမဖင့် ပွင့်သစ်စသော ကြာ တက်ခါစသော နဲလုလင်, ပြည့်ဝင်စသော မန္ဒတ်မင်းတို့ကဲ့သို့ မပျင်းမနှမ်း မပန်းမရှိ စိတ်ထိကိုယ်ကျ လေးအင်သောဝိရိယတို့ဖြင့် ဥဿာဟပြုကြရမည်။

ပြိုဟန်ကား—

ကထံ အတီတာနာဂတပစ္စုပ္ပန္နာနံ ဓမ္မာနံ သံခိပိတ္တာ ဝေ-ဒ္ဓာနေ ပညာ သမ္မသနေ ဉာဏံ။ ယံကိဉ္စိ ရူပံ အတီတာ-နာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ အနိစ္စ-တော ဝေါဝတ္ထပေတိ ကေ သမ္မသနံ၊ ဒုက္ခတော ဝေါဝတ္ထပေတိ ကေ သမ္မသနံ၊ အနတ္တတော ဝေါဝတ္ထပေတိ, ကေ သမ္မသနံ၊ ယာကာစိ ဝေဒနာ ။ (ပ) ။ ယာကာစိ သညာ ။ ပ ။ ယေကေစိ သခါရာ ။ ပ ။ ယံကိဉ္စိ ဝိညာဏံ။ ပ ။ အနတ္တတော ဝေါဝတ္ထပေတိ, ကေ သမ္မသနံ၊ စက္ခု။ ။ ပ ။ ဇရာ, မရဏံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စတော ဝေါဝတ္ထပေတိ, ကေ သမ္မသနံ၊ ဒုက္ခတော ဝေါဝတ္ထပေတိ ကေ သမ္မသနံ၊အနတ္တတော ဝေါဝတ္ထပေတိ, ကေ သမ္မသနံ။ ပဋိသံ၊၅၁-၅၂။

ဤသို့ စသည်ဖြင့် ဓမ္မသေနာပတိ ကဝိအမှန် ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မိန်းမှာ ကျူးရင့်တော်မူသည်နှင့်အညီ ရှေးဦးစွာ

သခေါ်ပဝါရဖြင့် သမ္မာသန ဉာဏ်သို့ မသက်မီ ပုဗ္ဗကိစ္စ လေးပါးဖြင့် သိမ်းဆည်းပြီးသောအတိုင်း ယခုအခါ၌လည်း အကြောင်းငါးပါးတို့သည် ပြုပြင်ခဲ့ဖူး၍ ဖြစ်ဆဲဖြစ်သော ရူပ်တရား နာမ်တရားဟု ဆိုအပ်သော နိယကဗျတ္တအာရုံအင်္ဂုတ်းသို့ ရောက်သော သင်္ခါရတရားတို့ကိုသာလျှင် အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ မိမိ၏ပစ္စက္ခဝိပဿနာဉာဏ်ဖြင့် ရှုကြရမည်။

ထင်စေဦးအံ့။ ။ထို ဝါရကြီးငါးပါးတို့တွင် သခေါ်ပဝါရ၌လည်း–

(၁) လက္ခဏဝေတ္ထာန ဝါရ၊

(၂) ဟေတု ဝါရ၊

(၃) ဟေတုပတိဋ္ဌာပန ဝါရ–

ဟူ၍ သုံးပါး အပြားရှိ၏။

ထိုသုံးပါးတို့တွင် "ယံကိဉ္စိ ရူပံ (ပ) အနိစ္စတော ဝေတ္ထပေတိ" စသည်ဖြင့်—

(၁) လက္ခဏာကို မှတ်သော ဝါရသည် လက္ခဏဝေတ္ထာနဝါရ မည်၏။

(၂) အနိစ္စံ ခယဋ္ဌေန-စသည်ဖြင့် လက္ခဏာတို့၏ အကြောင်းကို ကြားသော ဝါရသည် ဟေတုဝါရ မည်၏၊

(၃) အနိစ္စံ သင်္ခတံ စသည်ဖြင့် အကြောင်းတို့၏တည်ရာ ဖြစ်သော အကျိုးကို ကြားသော ဝါရသည် ဟေတုပတိဋ္ဌာပန ဝါရ မည်၏။

ထိုသုံးပါးတို့တွင် လက္ခဏဝေတ္ထာန ဝါရဖြင့်ပင် လောကုတ္တရာ တရားထူးကို ယူနိုင်ပုံကို အနတ္တလက္ခဏသုတ် စသည်တို့၌ ရှင်တော်ဘုရား ဟောတော်မူခြင်းကြောင့် ၄င်းလက္ခဏဝေတ္ထာနဝါရကိုသာ ပဓာနပြု၍ ပြုပေအံ့။

၄င်းပဋ္ဌိသမ္ဘိဒါမဂ်၏ အနက်ကား-

အတီတာနာဂတပစ္စုပ္ပန္နာနံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တော့ဘူမဂ္ဂတရူးတို့ကို။ (၀ါ)ရုပ်, ဝေဒနာ စသော တရားတို့ကို။ သံခိပိတ္ဝာ၊တစ်ခုအားဖြင့် ရုံးချဉ်းပေါင်းစု၍။ ၀ဝတ္ထာနေ၊ အနိစ္စ စသည်အားဖြင့် ဆုံးဖြတ်မှတ်သားခြင်းကို။ သာဓေတိ ဟူ၊ပြီးစေအပ်သည် ရှိသော်။ (ထည့်) ပညာ၊ထိုသို့သော ဆုံးဖြတ်ခြင်းကို ပြီးစေတတ်သော ပညာကို။ သမ္မသနေ၊အနိစ္စ စသည်တို့၏ အစွမ်းဖြင့် စုံစမ်းခြင်း၌။ (၀ါ) စုံစမ်းခြင်းကို။ နိပ္ပါဒေတဟူ၊ ပြီးစေအပ်သည်ရှိသော်၊ (ထည့်) ဉာဏံ၊ သမ္မသနဉာဏ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သာ ပညာ၊ ထိုပညာသည်။ ကထံ၊အဘယ်နည်း။ ယံကိဉ္စိ၊ အကြင် အမှတ်မရှိ အလုံးစုံသော။ ရူပံ၊ရုပ်သည်။ အတ္ထိ၊ရှိ၏။ အတီတာနာဂတပစ္စုပ္ပန္နံ၊အတိတ်-အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရုပ်သည်လည်းကောင်း။ အဇ္ဈတ္တံ၀ါ၊ အင်္ဂတ္တသန္တာန်၌ဖြစ်သော ရုပ်သည်လည်းကောင်း။ ဗဟိဒ္ဓါ၀ါ၊ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ရုပ်သည်လည်းကောင်း။ သြဠာရိကံ၀ါ၊ ရှုန့်ရင်းသော ရုပ်သည်လည်းကောင်း။ သုခုမံ ၀ါ၊ နူးညံ့သော ရုပ်သည်လည်းကောင်း။ ဟီနံ၀ါ ယုတ်ညံ့သော ရုပ်သည်လည်းကောင်း။ ပဏီတံ၀ါ၊ မွန်မြတ်သော ရုပ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ယံ၊ အကြင်ရုပ်သည်။ ဒူရေ၊ ဝေးသောအရပ်၌။ အတ္ထ၊ ရှိ၏။ ယံ၀ါ၊ အကြင်ရုပ်သည်မူလည်း။သန္တိကေ၊ နီးသောအရပ်၌။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ ရူ ပံ၊ ထိုရုပ်ကို။ အနိစ္စတော၊ မမြဲသော အခြင်းအရာအားဖြင့်။ ၀ဝတ္ထပေတိ၊ ဆုံးဖြတ်ပိုင်းခြား မှတ်သား၏။ တံ၊ ထို တိုက် တစ်ပါး, ဒုက် လေးပါး, အပေါင်းတစ်ဆယ့်တစ်ပါးတို့ဖြင့် ပိုင်းခြား၍ အနိစ္စဟု သုံးသပ်အပ်သောဉာဏ်သည်။ ကေ၀သမ္မသနံ၊ တစ်ခုသော သမ္မသနဉာဏ်မည်၏။ ဒုက္ခတော၊ ဖြစ်ခြင်း, ပျက်ခြင်းဟူသော အားဖြင့်။ ၀ဝတ္ထပေတိ၊ ဆုံးဖြတ်ပိုင်းခြား မှတ်သား၏။ တံ၊ ထို တိုက် တစ်ပါး, ဒုတ် လေးပါး, အပေါင်းတစ်ဆယ့်တစ်ပါးတို့ဖြင့် ပိုင်းခြား၍ ဒုက္ခဟု ဆုံးသပ်အပ်သော ဉာဏ်

သည်။ ဧကံ သမ္မသနံ၊ တစ်ခုသော သမ္မသနဉာဏ်မည်၏။ အနတ္တတော၊ ကိုယ်မဟုတ်သောအားဖြင့်။ (၀၊) အစိုးမရ, မိမိအလိုသို့ မလိုက်, နိစ္စ စသော အနှစ်မရှိသော အားဖြင့်။ ဝဝတ္ထပေတိ၊ ဆုံးဖြတ်ပိုင်းခြား မှတ်သား၏။ တံ၊ ထို တိုက်တစ်ပါး, ဒုက် လေးပါး, အပေါင်း တစ်ဆယ့် တစ်ပါးတို့ဖြင့် ပိုင်းခြား၍ အနတ္တဟုသုံးသပ်အပ်သော ဉာဏ်သည်။ ဧကံ သမ္မသနံ၊ တစ်ခုသော သမ္မသနဉာဏ်မည်၏။ (ရူပက္ခန္ဓာ)။ယာဝကာစိ၊ အကြင်အမှတ်မရှိ အလုံးစုံသော။ ဝေဒနာ၊ ဝေဒနာသည်။ (ခံစားတတ်သော လက္ခဏာသည် လည်းဟူ။)

(ဤသို့ စသည်ဖြင့် ထည့်သွင်း၍ သညာ, သင်္ခါရ, ဝိညာဉ်တို့ကိုလည်း သိလေ။)

ထည့်သွင်းဟန်ကား

ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တं ဝါ ဗဟိဒ္ဓါ၀ါ သြဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊သဗ္ဗာ ဝေဒနာ အနိစ္စတော ဝဝတ္ထပေတိ, ဧကံ သမ္မသနံ၊ဒုက္ခတော ဝဝတ္ထပေတိ,ဧကံ သမ္မသနံ၊အနတ္တတော ဝဝတ္ထပေတိ, ဧကံ သမ္မသနံ။ (ဝေဒနာက္ခန္ဓာ။)

ယာကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တं ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ သညာ အနိစ္စတော ဝဝတ္ထပေတိ, ဧကံ သမ္မသနံ၊ ဒုက္ခတော ဝဝတ္ထပေတိ, ဧကံ သမ္မသနံ၊ အနတ္တတော ဝဝတ္ထပေတိ, ဧကံ သမ္မသနံ။ (သညာက္ခန္ဓာ။)

ယေကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တं ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယေ ဒူရေ သန္တိကေ ဝါ၊သဗ္ဗေ သင်္ခါရေ အနိစ္စတော ဝဝတ္ထပေန္တိ

ငေါ် သမ္မသနံ ဒုက္ခတော ဝေတ္ထပေန္တိ, ငေါ် သမ္မသနံ၊အနတ္တတော ဝေတ္ထပေန္တိ, ငေါ် သမ္မသနံ။ (သခ်ာရကၠန္ဓာ။)

ယုံကိုဋ္ဌိ ဝိညာဏ် အတိတာနာဂတပစ္စုပ္ပန္နံအဗ္ဗတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ၊ယံ ဒူရေ သန္တိကေ ဝါ သဗ္ဗံ ဝိညာဏံ အနိစ္စတော ဝေတ္ထပေတိ, ငေါ် သမ္မသနံ၊ဒုက္ခတော ဝေတ္ထပေတိ, ဧငေါ် သမ္မသနံ၊ အနတ္တတော ဝေတ္ထပေတိ, ငေါ် သမ္မသနံ။ (ဝိညာဏကၠန္ဓာ။)

စက္ခု အတိတာနာဂတပစ္စုပ္ပန္နာ အနိစ္စတော ဝေတ္ထပေတိ,ငေါ် သမ္မသနံ၊ ဒုက္ခတော ဝေတ္ထပေတိ, ငေါ် သမ္မသနံ၊ အနတ္တတော ဝေတ္ထပေတိ, ငေါ် သမ္မသနံ။ ။

ဤသို့ချည်းနှင်နှင် အနိစ္စ, ဒုက္ခ, အနတ္တထိုက်ကုန်သော အဘိညေယျတရားဟု ဆိုအပ်သော စက္ခုအစ ဇရာ မရဏ အဆုံးရှိသော တရားတို့ကို ပါဠိဝေတ္ထာန် ပြုကြ၍ သိလေကုန်။

အနိစ္စ, ဒုက္ခ, အနတ္တထိုက်ကုန်သော အဘိညေယျတရားတို့ဟူသည်ကား—

(၁) ခန္ဓာ ငါးပါး၊
(၂) ဒွါရ ခြောက်ပါး၊
(၃) အာရုံ ခြောယ်ပါး၊
(၄) ဝိညာဉ် ခြောက်ပါး၊
(၅) ဖဿ ခြောက်ပါး၊
(၆) ဝေဒနာ ခြောက်ပါး၊
(၇) သညာ ခြောက်ပါး၊

(၈) စေတနာ ခြောက်ပါး၊
(၉) တဏှာ ခြောက်ပါး၊
(၁၀) ဝိတက် ခြောက်ပါး၊
(၁၁) ဝိစာရခြောက်ပါး၊
(၁၂) ဓာတ် ခြောက်ပါး
(၁၃) ကသိုဏ်း ဆယ်ပါး၊
(၁၄) ကောဋ္ဌာသ သုံးဆယ့်နှစ်ပါး၊
(၁၅) အာယတန တစ်ဆယ့်နှစ်ပါး
(၁၆) ဓာတ် တစ်ဆယ့်ရှစ်ပါး၊
(၁၇) လောကီဇွန်ဒြေ တစ်ဆယ့် ရှစ်ပါး၊
(၁၈) ကာမစသော ဓာတ် သုံးပါး၊
(၁၉) ဘဝ ကိုးပါး၊
(၂၀) စျာန် လေးပါး၊
(၂၁) အပ္ပမညာ လေးပါး၊
(၂၂) သမာပတ် လေးပါး၊
(၂၃) ပဋ္ဌိစ္စသမုပ္ပါဒ် တစ်ဆယ့်နှစ်ပါး။

ရူပစျာန်, ရူပသမာပတ်နှင့် ယှက်ရှိယူသော် (၂၅) ပါးသော ဝါရကို ရ၏၊ ပဘေဒအားဖြင့် (၁၉၈) ပါးသော အနိစ္စ, ဒုက္ခ, အနတ္တထိုက်ကုန်သော အဘိညေယျ တရားတို့ကို သိအပ်ကုန်၏။

ထို့ကြောင့်—

ဝေ မေတေ သမ္မသနိယဘာဝေန ဂဟိတာ ခန္ဓာဒိဝသေန ကောဋ္ဌာသတော ပဋ္ဌဝိသတိဝိဓာ ပဘေဒတော ပန အတိတာဒိ ဘေဒံ အနာမသိတ္ဘာဝ ဂယှမာနာ ဒ္ဝိဟိ ဥနာနိ ဒ္ဝေသတာနိ ဟောန္တိ— ဟု မဟာဋီကာရှင် မိန့်တော်မူပေ၏။

ဝိသုဒ္ဓိ ၆-၂၊ ၃၇၈-၃၉၀။

ဝေ ဥာမိနာ ဝုတ္တာနယေန၊ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်။ ဧတေ၊ ထိုခန္ဓာငါးပါး အစရှိကုန်သော တစ်ရာ့ကိုးဆယ့်ရှစ်ပါးသော သဘောတရားတို့ ကို။ (၀၊) တစ်ဆယ့်တစ်ပါးသော အာကာရတို့ဖြင့် ဖွဲ့အပ်သော ရူပ်နာမ်တို့ကို။ သမ္မသနိယဘာဝေန၊ အနိစ္စ အစရှိသော လက္ခဏာတို့ကို သုံးသပ်အပ်သည်၏ အဖြစ်ဖြင့်။ ဂဟိတာ၊ ယူအပ်ကုန်သည် ရှိသော်။ ခန္ဓာဒိ၀သေန၊ ခန္ဓာအစရှိသည် အစုမ်းရှိသော။ ကောဋ္ဌာသတော၊ အစုအားဖြင့်။ ပဋ္ဌိ၀ိသတိ ၀ိဓာ၊ ၂၅-ပါး အပြားရှိကုန်သည်။ (ဟောန္တိ၌စပ်)။ ပဘေဒတောပိ၊ အပြားအားဖြင့်ကား။ အတီတာဒိဘေဒံ၊ အတိတ် အစရှိသော အပြားကို။ အနာမသိ-တ္ဌာ၀ေ၊ မသုံးသပ်မူ၍ သာလျှင်။ ဂယှမာနာ၊ ယူအပ်ကုန်သည်ရှိသော်။ ဒ္ဒိဟိဥိနာနိ၊ နှစ်ခုတို့ဖြင့် ယုတ်ကုန်သော။ ဒ္ဒသတာနိ၊ နှစ်ရာ တို့သည်။ (၀၊) တစ်ရာ့ကိုးဆယ့်ရှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထို လက္ခဏ၀ ၀တ္ထာနု၀ါရဒ္ဓ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ ဗဟိဒ္ဓ, သြဠာရိက, သုခုမ, ဟီန, ပဏီတ, သန္တိက, ဒူရဟူသော တိုက်တစ်ပါး, ဒုက် လေးပါး, အပေါင်းတစ်ဆယ့်တစ်ပါးတို့၏ သဘာ၀ကား ပိမိ၏ ပဋိသန္ဓေစိတ်၏ ရှေးအနန္တရာ၀တို့၌ ဖြစ်စေ၊ ဘ၀ကုဋေတစ်သိန်းထက်တို့၌ ဖြစ်စေ ရှေးရှေး ဖြစ်သော ရူပ်သည် အတိတ်ဖြစ်သော ရူပ်မည်၏။ စုတိစိတ်၏ နောက်အဖို့ကာလတို့၌ဖြစ်စေ၊ ဘ၀ကုဋေတစ်သိန်းထက်၌ ဖြစ်စေ နောက်နောက်ဖြစ်သော ရူပ်သည် အနာဂတ်ဖြစ်သော ရူပ်မည်၏။ စုတိ, ပဋိသန္ဓေ နှစ်ပါးတို့၏အကြား၌ ဖြစ်စေအပ်သော ရူပ်တို့သည် ပစ္စုပ္ပန်ဖြစ်သော ရူပ်မည်ကုန်၏။ (ဤကား သုတ္တန်နည်းတည်း။)

တစ်ခုခုသော ဝိထိ၏ အာရုံအတွင်း၌ ဥပါဒ်,ဌိ, ဘင် ဟူ၍ သုံးပါး အပြားရှိ၏။ ထိုရုပ်၏ ဥပါဒ်,ဌိ,ဘင် သုံးပါးတို့နှင့်ပြည့်စုံသော တစ်ဝိထိတစ်အာရုံ အတွင်းသို့ မရောက်သေး၊ ရှေးရှေးဖြစ်သော ရူပ်ဖြစ်စေ၊ ဘ၀ကုဋေ တစ်သိန်းထက်တို့၌ ဖြစ်စေ ရှေးရှေးသော ရူပ်သည်

အတိတ်ဖြစ်သော ရူပ်မည်၏၊ ၎င်းရောက်ဆဲဖြစ်သော ဇာ.ဧ်ဝိထိ, တစ်အာရုံ အတွင်းသို့ မရောက်သေး၊ နောက်နောက်ဖြစ်သော ရူပ်ဖြစ်စေ၊ ဘဝ ကုဋ္ဌေ တစ်သိန်း လာလတ္တံ့တို့ဌ် ဖြစ်စေ၊ နောက်နောက်သော ရူပ်သည် အနာဂတ်ဖြစ်သော ရူပ်မည်၏၊ ၎င်းရောက်ဆဲဖြစ်သော တစ်ဝိထိ, တစ်အာရုံအတွင်း ရူပ်၏ ဥပါဒ်, ဌိ, ဘင် အဘွင်းဌ် ဖြစ်ခသောရူပ်သည် ပစ္စုပ္ပန်ဖြစ်သော ရူပ်မည်၏။

တစ်နည်းကား။ ။ထိုအတိတ်, အနာဂတ်, ပစ္စုပ္ပန်သည် အဒ္ဓါ အတိတ်, သန္ဓတိအတိတ်, သမယအတိတ်, ဧကအတိတ်ဟူ၍ အတိတ်ဌ် **လေးပါး။** ၎င်းအမည်အဘိုင်းပင် **အနာဂတ်ဌ် လေးပါး။** ပစ္စုပ္ပန်ဌ် **လေးပါး** အပြားရှိ၏။ ထိုလေးပါး, **လေးပါး**တွင် တစ်ယောက်သောသူ၏ **တစ်ခုတစ်ခု**သော ဘဝဌ် ပဋိသန္ဓေစိတ်၏ ရှေးရှေးတစ်ဘဝ, **တစ်ဘဝ**၏ **အဓွန့်ကာလ**ရူပ်သည် **အဒ္ဓါအတိတ်** ရူပ်မည်၏။စုတိစိတ်၏ **နောက်နောက်** **တစ်ဘဝ** **တစ်ဘဝ**၏ **အဓွန့်ကာလ**ရူပ်သည် **အဒ္ဓါအနာဂတ်**ရူပ် မည်၏။ **စုဘိ**, ပဋိသန္ဓေ, နှစ်ခုတို့၏ **အကြား** **တစ်ဘဝ**၏ **အဓွန့်ကာလ**ရူပ်သည် **အဒ္ဓါ**ပစ္စုပ္ပန် ရူပ်မည်၏။ (**အဒ္ဓါ**ဖို့။)

သဘောတူသော **တစ်ခုတစ်ခု**သော ဥတုကြောင့်ဖြစ်သော ရူပ်သည် **လည်း**ကောင်း၊ **တစ်ခုတစ်ခု**သော **အာ**ဟာရကြောင့်ဖြစ်သော ရူပ်သည် **လည်း**ကောင်း၊ ၎င်း **တစ်**ဥတု, **အာ**ဟာရ**တစ်ခုအ**တွက် ရူပ်တို့၏ **အစဉ်** **တစ်ခု** ဖြစ်ခြင်းသည် **သန္ဓတိ**ပစ္စုပ္ပန်မည်၏။ ၎င်း**သဘောတူ**သော ဥတု, **တစ်ခု**သော **အာ**ဟာရတို့၏ ရှေ့ဌ် **သဘော**မတူသော ဥတု, **တစ်ခု**သော **အာ**ဟာရတို့၏**အ**တွက် ဖြစ်ကြသောရူပ်တို့၏ **အစဉ်**တစ်ခုဖြစ်ခြင်းသည် **သန္ဓတိ** **အ**တိတ်မည်၏။ ၎င်းနည်း **နောက်**ဌ်, **နောက်**ဌ်ဖြစ်ခြင်း ရူပ်**အစဉ်**တစ်ခုသည် **သန္ဓတိ**အနာဂတ် **မည်**၏၊စိတ္တဇဌ်**ကား** **တစ်ခု**သော ဝိထိ **တစ်ခု**သော **ဇော**အတွင်းဌ်ဖြစ်သော ရူပ်**အစဉ်**သည် **သန္ဓတိ** ပစ္စုပ္ပန်မည်၏။ ၎င်းဝိထိတစ်ခု၏ ရှေ့တစ်ဝိထိအတွင်းဌ်ဖြစ်**သော** ရူပ်**အစဉ်**သည် **သန္ဓတိ** **အ**တိတ်မည်၏။ ၎င်းနည်းတူ **နောက်**တစ်ဝိထိအတွင်းဌ်

ဖြစ်သော ရုပ်အစဉ်သည် သန္တတိအနာဂတ်မည်၏။ တစ်ဝိထိ, တစ်ဇော ဆိုသော်လည်း စာစ်ဝါရ, တစ်အာရုံကို ယူရမည်ဟု အနုဋ္ဌိကာ ဆိုတော်မူ၏။ ကံကြောင့်ဖြစ်သော ရုပ်တို့၏ သန္တတိကိုကား အသီး မဖွဲ့ကောင်း၊ စိတ်, ဥတု, အာဟာရတို့ အစဉ်၌ ထောက်ပံ့စောင့်ရှောက်ရုံမျှသာရှိ၏။ (သန္တတိဖို့။)

တစ်ခုသော ခဏ၊တစ်နံနက်၊ တစ်နေ့တစ်ညဉ့် စသည်ဖြင့် တစ်ခုတစ်ခုသောအခါအတွင်း၌ ဖြစ်သောရုပ်သည် သမယ ပစ္စုပ္ပန်မည်၏။ ၎င်းတစ်ခုတစ်ခုသော အခါမှ ရှေး၌ဖြစ်သောရုပ်သည် သမယအတိတ် မည်၏။ ၎င်းနည်းတူ နောက်နောက်အခါ၌ ဖြစ်သောရုပ်သည် သမယအနာဂတ် မည်၏၊ သမယယူဆုတ်ခ်ိန်လည်း မျက်စိတစ်မှိတ်ကစ၍ ယူလေ။ (သမယဖို့။)

ဥပါဒ်, ဌိ, ဘင် သုံးခုတို့၏ အပေါင်း၌ အကျုံးဝင်သော ရုပ်သည် ခဏ ပစ္စုပ္ပန်မည်၏။ ၎င်းဥပါဒ်၏ ရှေး၌ဖြစ်သော ရုပ်သည် ခဏအတိတ် မည်၏။ ဘင်၏နောက်၌ဖြစ်သော ရုပ်သည် ခဏအနာဂတ် မည်၏။

တစ်နည်းကား။ ။လွန်လေပြီးသော ဟေတုကိစ္စ, ပစ္စယကိစ္စ ရှိပြီးသော ရုပ်သည် ခဏအတိတ် မည်၏။ ပြီးပြီးသော ဟေတုကိစ္စ, မပြီးသေးသော ပစ္စယကိစ္စရှိသော ရုပ်သည် ခဏပစ္စုပ္ပန်မည်၏။ မပြီးသေးသော ဟေတုကိစ္စ, ပစ္စယကိစ္စရှိသော ရုပ်သည်၊(ဝါ) မရောက်သေးသော ကိစ္စရှိသော ရုပ်သည် ခဏအနာဂါတ်မည်၏။

တစ်နည်းကား– မိမိ၏ ကိစ္စခဏ၌၊ (ဝါ)ကိစ္စနှင့် တကွသော ခဏ၌ ဖြစ်ဆဲ ဖြစ်သော ရုပ်သည် ခဏပစ္စုပ္ပန်မည်၏။ ၎င်းကိစ္စနှင့်တကွ ဖြစ်ဆဲ ဖြစ်သော ရုပ်၏ ရှေအဖို့၌ ဖြစ်ပြီးသောရုပ်သည် ခဏအတိတ်မည်၏။ ၎င်းရုပ်၏နောက်အဖို့၌ ဖြစ်လတ္တံ့ ဖြစ်သောရုပ်သည်ခဏအနာဂတ်မည်၏။

ဤအဒ္ဓါ, သန္တတိ, သမယ, ခဏ လေးပါးတို့တွင် ယခုပြခဲ့ပြီးသော ခဏအတိတ်, ခဏပစ္စုပ္ပန်, ခဏအနာဂတ်သည်သာလျှင် မုချစကားမျိုး

ဖြစ်၍ ဤကမ္မဋ္ဌာန်းကိုစီးပြန်းသော အရာ၌မုချအလို ရှိအပ်ပေ၏၊ အဒ္ဓါ စသော အတိတ်,အနာဂတ်, ပစ္စုပ္ပန် သုံးပါးတို့ကို ဥပစာစကားမျိုးဖြစ်၍ ဥပစာဖြင့်သာ အလိုရှိအပ်ပေ၏။

ဣတ္ထ စ ခဏာဒိကထာဝ နိပ္ပရိယာယာ၊ သေသာ သပရိ
ယာယာ၊ တာသု နိပ္ပရိယာယကထာ ဣဓ အဓိပ္ပေတာ။
အဘိ ၌- ၂၊ ဂ။

ဣတ္ထ ဧကေသုစ- ထိုလေးပါးသော စကားတို့တွင်လည်း။ ခဏာဒိ-ကထာဝ၊ ဧကအစရှိသော စကားသည် သာလျှင်၊ (ဝါ) ခဏဖြစ်သော စကားသည်သာလျှင်။ နိပ္ပရိယာယာ၊ မုချဖြစ်သော စကားပေတည်း။ သေသာ၊ကြွင်းသောစကားသည်။ သပရိယာယာ၊ ဥပစာဖြစ်သောစကား ပေတည်း။ တာသု၊ ထိုနှစ်ပါးသော စကားတို့တွင်။ နိပ္ပရိယာယကထာ၊ မုချဖြစ်သော စကားကိုသာလျှင်။ ဣဓ၊ ဤပဓာနအရာ၌၊ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ (ဝိသုဒ္ဓိ, ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာကြီးတို့လည်း နည်းတူ။) (ခဏဖို့)၊ (တိက်၏သဘော၊ အာဘိမှာနည်း။)

အဗ္ဗတ္တ, ဗဟိဒ္ဓဖြစ်သော ဒုက်ခ၌ အဗ္ဗတ္တသည် ဂေါစရဗ္ဗတ္တ,နိယကဗ္ဗတ္တ အဗ္ဗတ္တဗ္ဗတ္တ, ဝိသယဗ္ဗတ္တဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်-

(၁) အကြင်ယောဂီသည် ရှေးဦး လေ့လာဖူးသော ထိုပထမစျာန် အစရှိသော သမာဓိ၏ အာရုံဖြစ်သော ကသိုဏ်းစသော ပဋ္ဌိဘာဂ၏ အာရုံ၌သာလျှင် မိမိ၏ စိတ်ကို ကောင်းစွာထားနိုင်၏၊ထိုသို့ထားနိုင်ခြင်း အစရှိသည်သည် ဂေါစရဗ္ဗတ္တမည်၏။

တစ်နည်း။ ။သမာဓိ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း၌ ကာမာဝစရ ကုသိုလ်,ကာမာဝစရကြိယာစိတ်တို့ဖြင့်ထိုက်သည်အားလျော်စွာမွေ့လျော်သော ကောင်းစွာတည်ကြည်သော စိတ်သည် ဂေါစရဗ္ဗတ္တ မည်၏။

(၂) မိမိသန္တာန်၌ အကျုံးဝင်သော၊ (၀၊) မိမိကိုစွဲ၍ ဖြစ်သော စိတ်ကိုကြည်စေတတ်သော မိမိသန္တာန်၌ အကျုံးဝင်သော၊ (၀၊)မိမိကို စွဲ၍ဖြစ်သော သခ်ါရတရားတို့၌မူလည်း ဤတရားတို့ကား သခ်ါရတို့ သာတည်း၊ သတ္တ မဟုတ်, ဇီဝ မဟုတ်ဟု ရှုလေ့ ရှိသည်ဖြစ်၍ နေသော စိတ်သည် နိယကဗျတ္တမည်၏။

(၃) ခြောက်ပါးကုန်သော အပေါင်းဖြစ်သော နိယကဗျတ္တ၌ဖြစ်ကုန် သော။(၀၊)အပေါင်းဖြစ်သော နိယကဗျတ္တ၌အစိတ်အဖြစ်ဖြင့် တည်ကုန် သော အာယတနတို့သည် အဗျတ္တဗျတ္တ မည်၏။

(၄) အကြင်အရိယာ သူမြတ်တို့သည် အလုံးစုံသော ရူပါရုံစသော သခ်ံတနိမိတ်တို့ကို နှလုံးမမူခြင်းကြောင့် လည်းကောင်း၊ နိဗ္ဗာန်ဟူသော အသခ်ံတနိမိတ်ကိုသာလျှင် နှလုံးမူခြင်းကြောင့် လည်းကောင်း အစိုးရ သောအရာဖြစ်၍ဖြစ်သော အကြင် သုညဘဝလသမာပတ်ကို ပြည့်စုံစေ၍ နေနိုင်သော အရိယာသူမြတ်သည် ဝိသယဗျတ္တ မည်၏။

တေနာနန္ဒ ဘိက္ခုနာ တသ္မိं ယေဝ ပုရိမသ္မိं သမာဓိ နိမိတ္တေ အဗျတ္တမေဝ စိတ္တံ သဏ္ဌပေတဗ္ဗံ။ အဗျတ္တေ ရတော သမာဟိတောတိ အာဒီသု ဟိ ဂေါစရဗျတ္တေ ဒီသတိ။ အဗျတ္တံ သမ္ပသာဒနံ အဗျတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတီတိ အဒီသု နိယကဗျတ္တေ။ ဆ အဗျတ္တိကာနိ အာယတနာနိတိ အာဒီသု အဗျတ္တဗျတ္တေ။ အယံ ခေါ ပနာနန္ဒ ဝိဟာရော တထာဂတေန အဘိသမ္ဗုဒ္ဓေါ ယဒိဒံ သဗ္ဗနိမိတ္တာနံ အမနသိ ကာရာ အဗျတ္တံ သုညတံ ဥပသမ္ပဇ္ဇ ဝိဟရတီတိ အာဒီသု ဝိသယဗျတ္တေ။

အဘိဌ-၁၊၈၈။

ဟိ၊ထိုစကားကို ထင်စွာဆိုဦးအံ့။ အာနန္ဒ၊အာနန္ဒာ။ ဟေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ပုရိမသ္မိं၊ရှေ့၌ပြုဖူးသော။ တသ္မိं ယေဝ သမာဓိနိမိတ္တေ၊ ထိုပဌမဈာန် အစရှိသော သမာဓိ၏ အာရုံဖြစ်သော ကသိုဏ်း စသော ပဋိဘာဂအာရုံ၌ သာလျှင်။ စိတ္တံ၊ မိမိစိတ်ကို။ သဏ္ဌပေဘဗ္ဗံ၊ကောင်းစွာ

ထားအပ်၏။အဗ္ဗတ္တမေဝ၊ ပဌမစျာန်စသော သမာဓိပဋိဘာဂ၏အာရုံ၌ သာလျှင်။ စိတ္တံ၊ မိမိစိတ်ကို။ သဏ္ဌပေဓာတ်ံ၊ ကောင်းစွာ ထားအပ်၏။ အဗ္ဗတ္တရတော၊သမာဓိ၏ အာရုံဖြစ်သောကမ္မဋ္ဌာန်းခ၌ကာမဝစရကုသိုလ်, ကြိယာ စိတ်တို့ဖြင့် ထိုက်သည် အားလျော်စွာ ဗေဒ္ဓ လျော်သော။ သမာဟိတော၊ ကောင်းစွာ တည်ကြည်သောသူ၊ ဧကတ္တ ကြည်ညိုသည်။ ဣတိ အာဒီသု၊ ဤသို့ အစရှိသည်တို့၌။ အယံ အဗ္ဗတ္တသဒ္ဒေါ၊ ဤအဗ္ဗတ္တ သဒ္ဒါသည်။ ဂေါစရဗ္ဗတ္တေ၊ ဂေါစရဗ္ဗတ္တ၌။ ဒိဿတိ၊ ထင်၏။ (၁)

အဗ္ဗတ္တံ၊ မိမိသန္တာန်၌ အကျိုးဝင်သော။ (ဝါ)မိမိကို စွဲ၍ဖြစ်သော စိတ်ကို။ သမ္မသာဒနံ၊ကြည်စေတတ်သော။ အဗ္ဗတ္တံ၊မိမိသန္တာန်၌ အကျိုးဝင်ကုန်သော။(ဝါ)မိမိကိုစွဲ၍ဖြစ်ကုန်သော။ ဓမ္မေသုဝါ၊သင်္ခါရတရား၊တို့၌ မူလည်း။ဓမ္မာနုပဿီ၊ဤတရားတို့ကား သင်္ခါရတို့သာတည်း, သတ္တမဟုတ်, ဇီဝမဟုတ်ဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ ဣတိအာဒီသု၊ ဤသို့ အစရှိသည်တို့၌။ နိယကဗ္ဗတ္တေ၊ နိယကဗ္ဗတ္တ၌။ ဒိဿတိ၊ ထင်၏။(၂)

ဆ၊ ခြောက်ပါး ကုန်သော။ အဗ္ဗတ္တိကာနိ၊ အပေါင်း ဖြစ်သော နိယကဗ္ဗတ္တ၌ ဖြစ်ကုန်သော (ဝါ)အပေါင်းဖြစ်သော နိယကဗ္ဗတ္တ၌အစိတ် အဖြစ်ဖြင့်တည်ကုန်သော။ အာယတနာနိ၊ အာယတနတို့သည်။ ဣတိ အာဒီသု၊ ဤသို့အစရှိသည်တို့၌။ အဗ္ဗတ္တဗ္ဗတ္တေ၊ အဗ္ဗတ္တဗ္ဗတ္တ၌။ ဒိဿတိ၊ ထင်၏။ (၃)

အာနန္ဒ၊ အာနန္ဒာ။ သဗ္ဗနိမိတ္တာနံ၊ အလုံးစုံ ရူပါရုံစသော သင်္ခတ နိမိတ်တို့ကို။ အမနသိကာရာ၊ နှလုံး မမူခြင်းကြောင့် လည်းကောင်း။ အသင်္ခတ နိမိတ္တဿ၊ နိဗ္ဗာန်ဟူသော အသင်္ခတ နိမိတ်ကိုသာလျှင်။ မနသိကာရာ၊ နှလုံးမူခြင်းကြောင့် လည်းကောင်း။ အဗ္ဗတ္တံ၊အစိုးရသော အရာဖြစ်၍ဖြစ်သော။ ယဒိဒံ ယံ ဣဒံ သုညတံ၊ အကြင်သုညတဖလ သမာပတ်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ အယံ ဝိဟာရော၊ ဤသို့ သုညတဖလ သမာပတ်ဟူသော နေခြင်းကို။ တထာ-

ဂတေန၊ မြတ်စွာဘုရားသည်။ ဗောဓိပလ္လင်ကေ်ယေ၀၊ ဗောဓိပလ္လင်၌ သာလျှင်။ (ထည့်) အဘိသမ္မုဒ္ဓါ၊ ထိုးထွင်းရှိသော်အပ်ပြီ။ ဣတိ အာဒီသု၊ ဤသို့ အစရှိသည်တို့၌။-ဝိသယဗျတ္တေ၊ ဝိသယဗျတ္တိ၌။ဒီဃတိ၊ထင်၏။(၄)

ထိုအဗျတ္တလေးပါးတို့တွင်ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့၏ နယ်ဥပစာ ဗျာန်၊ စိတ္တဝိသုဒ္ဓိတို့၏ အတွင်း၌ ဂေါစရဗျတ္တသည် နိယကဗျတ္တ၊ အဗျတ္တဗျတ္တတို့ထက် ထက်၏။ ပုဗ္ဗကိစ္စကို သိမ်းသည်မှစ၍ ဝိပဿနာဉာဏ် ဆယ်တန်တို့အတွင်း၌ နိယကဗျတ္တသည် ဂေါစရဗျတ္တ အဗျတ္တဗျတ္တတို့ထက် ထက်၏၊ အရိယာဘုံသို့ တက်ပြီးသော်လည်း ဝိပဿနာတို့ကိုစွဲ အထက်မဂ်အလို့ငှာ အားထုတ်သော ယောဂီ အားလည်း ၎င်း နိယကဗျတ္တသည်ပင် အမှန်ရှိ၏၊ ဒိဋ္ဌဓမ္မသုခ၀ိဟာရ အကျိုးငှာ အကြင်အခါ၌ သုညတဖလသုခ သမာပတ်ကို ၀င်စား၏၊ ထိုအခါ ဝိသယဗျတ္တသည် အောက်အဗျတ္တ သုံးပါးကို လွှမ်းမိုး၍ ဖြစ်လေ၏၊ ဤ အဗျတ္တလေးပါးတို့တွင် ဤ လက္ခဏ ၀ တ္ထာန အစရှိသော ဝိပဿနာဉာဏ်၏ အဆုံး၌လည်း နိယကဗျတ္တကိုသာလျှင် အလိုရှိအပ်၏။

ဣဓ ပန နိယကဗျတ္တေ အဓိပ္ပေတော။ အဘိ ဋ္ဌ-၁၊၈၈။

ပန၊ အဂ္ဂဒ္ဒါရမှတပါး အတ္ထဒ္ဒေသကို ဆိုဦးအံ့။ ဣဓ၊ ဤအဗျတ္တ တိုက်၌၊ (၀ါ) အဗျတ္တံ၀ါဟူသောပုဒ်၌၊ နိယကဗျတ္တေ၊ နိယကဗျတ္တကို။ အဓိပ္ပေဟော၊ အလိုရှိအပ်၏။

မိမိသည် စီးဖြန်းအားထုတ်သော နိယကဗျတ္တ အာရုံဖြစ်သော ရူပ်တရားဖြစ်စေ၊ နာမ်တရားဖြစ်စေ ထိုကမ္မဋ္ဌာန်း၏ အာရုံမှတစ်ပါး ရူပ်ဣန္ဒြေ နာမ်ဣန္ဒြေ တို့သည် ဖွဲ့သည်လည်း ဖြစ်ကုန်သော မဖွဲ့သည်လည်း ဖြစ်ကုန်သော သင်္ခါရတရားတို့သည် ဗဟိဒ္ဓမည်သော တရားတို့မည်ကုန်၏။

တတော ဗာဟိရဘူတာ ပန ဣန္ဒြိယဗဒ္ဓါ ၀ါ အနိန္ဒြိယ ဗဒ္ဓါ ၀ါ ဗဟိဒ္ဓါ နာမ။ အဘိ ဋ္ဌ-၁၊၈၈။

ပန၊ထိုမှတစ်စေါ်။ တစောဝ၊ ထိုစီမံသန္ဓာန်မှ။ (၀၁) နိယကဗျတ္တမှ။ ဗာဟိရဘူတာ၊ အပဖြစ်၍ ဖြစ်ကုန်သော။ ဋ္ဌေ၊ယဗဒ္ဓါ ၀၁၊ ဣန္ဒြေ ဖွဲ့သည်လည်း ဖြစ်ကုန်သော။ အနိန္ဒြိယဗဒ္ဓါ ၀၁၊ ဣန္ဒြေ မဖွဲ့သည်လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ သခ်ါရတရားတို့သည်။ (ကတ္တားထည့်)၊ ဗဟိဒ္ဓါနာမ၊ ဗဟိဒ္ဓမည်သော တရားတို့ မည်ကုန်၏။ (အဗ္ဗတ္တဒုက် သဘော)

သြဠာရိကဒုက်ဌ– စက္ခု,သောတ,ဃာန,ဇိဝှာ,ကာယ,ရူပ,သဒ္ဒ,ဂန္ဓ, ရသ,ဖောဋ္ဌဗ္ဗဟု ဆိုအပ်သော် ပထဝီ,တေဇော,ဝါယော အားဖြင့် ပေါင်း(၁၂)ပါးသော ရူပ်တို့သည် ဝိသယီ ဝိသယဖြစ်၍ ထိခိုက်သည်၏အစွမ်းဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် သြဠာရိကမည်၏။ အာပေါ,ဋ္ဌတ္ထိန္ဒြေ, ပုရိသိန္ဒြေ,ဇီဝိတိန္ဒြေ,ဟဒယ၀တ္ထု, သြဇာ,အာကာသဓာတ်,ကာယဝိညတ်, ဝစီဝိညတ်,ရူပသဿလဟုတာ,မုဒုတာ, ကမ္မညတာ,ဥပစယ, သန္တတိ,ဇရတာ, အနိစ္စတာအားဖြင့် (၁၆)ပါးသော ရူပ်တို့သည် ဝိသယီ-ဝိသယဖြစ်၍ ထိခိုက်သည်၏ အစွမ်းဖြင့် မယူအပ်သည်၏အဖြစ်ကြောင့် သုခုမ မည်၏။ ဝိသယီ-ဝိသယဟူသည် ကမ္မဋ္ဌာန်း စီးပြန်းသော လက္ခဏာစသော အာရုံသည် ဝိသယမည်၏။ ကမ္မဋ္ဌာန်းစီးပြန်းသောစိတ်သည် ဝိသယီ မည်၏၊

စက္ခာဒီနိ နဝ အာပေါဓာတုဝဇ္ဇီတာ တိသော ဓာတုယော စာတိ ဒ္ဝါဒသဝိဓံ ဃဋ္ဋနဝသေန ဂဟေတဗ္ဗတော သြဠာရိကံ၊ သေသံ တတော ဝိပရီတတ္တာ သုခုမံ။ ဝိသုဒ္ဓိ ၆-၂၊၈၁။

စက္ခာဒီနိ၊ စက္ခု အစရှိကုန်သော။ နဝ၊ ကိုးပါးသော ရူပ်တို့လည်းကောင်း။ အာပေါဓာတု ဝဇ္ဇီတာ၊ အာပေါဓာတ်သည် ကြဉ်အပ်ကုန်သော၊ တိသော မာတုယောစ၊ သုံးပါးသော ဓာတ်တို့လည်းကောင်း၊ ဤတို့ ဤသို့။ ဒ္ဝါဒသဝိဓံ၊ ၁၂-ပါး အပြားရှိသော ရူပ်သည်။ ဃဋ္ဋန ဝသေန၊ ဝိသယီ, ဝိသယဖြစ်၍။ (၀၁) အာရမ္မဏိက, အာရုံဖြစ်၍ ထိခိုက်သည်၏ အစွမ်းဖြင့်။ ဂဟေတဗ္ဗတော၊ ယူအပ်သည်၏ အဖြစ်ကြောင့်။ သြဠာရိကံ၊ ရှုန့်ရင်းသော ရူပ်မည်၏။ သေသံ၊ ကြွင်းသော ၁၆-ပါးသော ရူပ်သည်။

ကတော၊ ထိုဆိုအပ်ပြီးသည်မှ။ ဝိပရိတတ္တာ၊ ပြန်၍ ဃဋ္ဋနအဖြစ်ဖြင့် မယူ အပ်သည်၏ အဖြစ်ကြောင့်။ သုခုမံ၊ သိမ်မွေ့သော ရူပ်မည်၏။ (သြဠာရိကဒုက် သဘော။)

ဟိနဒုက်၌—ထို ဟိန၊ပဏီတသည် ပရိယာယဟိန, ပဏီတ၊ နိပ္ပရိယာယ ဟိန, ပဏီတဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အကနိဋ္ဌပြဟ္မာတို့၏ ရူပ်သည် ပဏီတမည်၏။ သုဒဿီပြဟ္မာတို့ရူပ်သည် ဟိနမည်၏။ သုဒဿီ ပြဟ္မာတို့ရူပ်သည် ပဏီတမည်၏။ သုဒဿာပြဟ္မာတို့ရူပ်သည် ဟိနမည်၏။ ၎င်းနည်းတူ အောက်အောက်ဖြစ်သော သတ္တဝါတို့ရူပ်ထက်အထက်အထက် ဖြစ်သော သတ္တဝါတို့ရူပ်သည် မြတ်၏။ ဤအဘိုင်းအဝိစိသို့ ကျအောင်ယူ ကြ၍ပရိယာယအားဖြင့် ဟိနရူပ်, ပဏီတရူပ်ကို သိအပ်၏။အကြင်အကြင် အာယတနဖြစ်၍ ဖြစ်သောရူပ်၌ အကုသိုလ်၏ အကျိုးကြောင့် ဖြစ်သော ဝိညာဉ်သည် ဖြစ်၏၊ ထိုအကုသလ ဝိပါက် ဝိညာဉ်၏ အာရုံဖြစ်သော ရူပ်သည် ဟိနရူပ်မည်၏။ အကြင်အကြင် အာယတနဖြစ်၍ ဖြစ်သော ရူပ်၌ ကုသိုလ်၏ အကျိုးကြောင့် ဖြစ်သော ဝိညာဉ်သည် ဖြစ်၏။ ထိုကုသလဝိပါက် ဝိညာဉ်၏ အာရုံဖြစ်သော ရူပ်သည် ပဏီတရူပ် မည်၏။

ဟိနပဏီတဘေဒေါ ဒုဝိဓော ပရိယာယတော နိပ္ပရိယာယ တောစ၊ တတ္ထ အကနိဋ္ဌာနံ ရူပတော သုဒဿီနံ ရူပံ ဟီနံ၊ တဒေဝ သုဒဿာနံ ရူပတော ပဏီတံ၊ ဧवं ယာဝ နရက သတ္တာနံ ရူပံ။ တာဝ ပရိယာယတော ဟိနပဏီတတာ ဝေဒိတဗ္ဗာ။ နိပ္ပရိယာ-ယတော ပန ယတ္ထ အကုသလဝိပါကံ ဥပ္ပဇ္ဇတိ၊ တံဟီနံ။ ယတ္ထ ကုသလဝိပါကံ၊ တံ ပဏီတံ။ ဝိသုဒ္ဓိ ၆-၂၊၁၀၃။

ဟိနပဏီတဘေဒေါ၊ ဟိနပဏီတ အပြားကို။ ပရိယာယတော၊ ပရိယာယ်အားဖြင့်လည်းကောင်း။ နိပ္ပရိယာယတော၊ မုချအားဖြင့် လည်းကောင်း။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ် ၏။ (ထည့်စပ်) တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အကနိဋ္ဌာနံ၊ အကနိဋ္ဌပြဟ္မာ တို့၏၊ရူပတော၊၊ ရူပ်အောက်။ သုဒဿီနံ၊သုဒဿီပြဟ္မာတို့၏။ရူပံ၊ရူပ်သည်။

ဟီနံ၊ယုတ်၏။တဒေဝ၊ထိုသုဒဿီပြဟ္မာတို့၏ရူပ်သည်ပင်လျှင်။ သုဒဿာနံ၊ သုဒဿာပြဟ္မာတို့၏။ ရူပတော၊ ရုမ်ထက်။ ပဏီတံ၊ မြတ်၏။ ဧဝံ၊ ဤ အတူနှင်နှင်။ ယာဝ၊ အကြင်မျှလောက်။ နရက သတ္တာနံ၊ နရက် သတ္တဝါတို့၏။ ရူပံ၊ ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ ပရိယာယတော၊ ပရိယာယ်အားဖြင့်။ ဟီန မဏီတတော၊ ယုတ်သည်၏ အဖြစ် မြတ်သည်၏အဖြစ် တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

နိပ္ပရိယာယတော ပန၊ မုချအားဖြင့်ကား။ ယတ္ထ ယဿိံ အာယတနဘူတော၊ အကြင်အာယတန ဖြစ်၍ ဖြစ်သော။ ရူပေ၊ ရုပ်၌။(လိုက်)။ အကုသလ ဝိပါကံ၊ အကုသိုလ်၏ အကျိုးကြောင့်ဖြစ်သော။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝံ၊ ထိုအကုသလဝိပါက် ဝိညာဉ်၏ အာရုံဖြစ်သော ရုပ်သည်။ ဟီနံ၊ ဟီနရုပ်မည်၏။ ယတ္ထ ယဿိံ အာယတနဘူတော၊ အကြင် အာယတနဖြစ်၍ဖြစ်သော။ ရူပေ၊ ရုပ်၌။ ကုသလဝိပါကံ၊ ကုသိုလ်၏ အကျိုးကြောင့်ဖြစ်သော။ ဝိညာဏံ၊ ဝိညာဉ် သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ဝိပါက်ဝိညာဉ်၏ အာရုံဖြစ်သော ရုပ်သည်။ ပဏီတံ၊ ပဏီတရုပ်မည်၏။ ထိုကုသလ (ဤသို့ ဦးကာနှင့်အညီ ယောဇနာ။ ဟီနဒုက် သဘော။)

ဒူရဒုက်၌–ယခင် သြဠာရိကဒုက်၌ ဆိုအပ်ခဲ့ပြီးသော အကြင်သုခုမ ရုပ်သည် ရှိ၏။ ထိုသုခုမရုပ်သည်ပင်လျှင် သိမ်မွေ့သည်ဖြစ်၍ ထိုးထွင်း၍သိနိုင်ခဲသော သဘောရှိသည်၏ အဖြစ်ကြောင့် ဉာဏ်နှင့်ဝေးသည် ဖြစ်၍ ဒူရရုပ်မည်၏။ ဤ သုခုမရုပ်မှ တပါးသော တစ်ဆယ့်နှစ်ပါးသော သြဠာရိကရုပ်သည် ရုန်ရင်းသည်အဖြစ်ဖြင့် ထိုးထွင်း၍ သိလွယ်သော သဘောရှိသည်၏ အဖြစ်ကြောင့် ဉာဏ်၏ အနီးဌာ ဖြစ်၍ သန္တိကေ ရုပ်မည်၏။

တဒေဝ ဒုပ္ပဋိဝိဇ္ဈသဘာဝတ္တာ ဒူရေ။ ဣတရံ သုပ္ပဋိဝိဇ္ဈ သဘာဝတ္တာ သန္တိကေ။ ဝိသုဒ္ဓိ ၆-၂၊၈၁။

တဒေဝ၊ ထို ၁၆-မျိုးသော သုခုမရူပ်သည် ပင်လျှင်။ **ဩပဋ္ဌိဝိဇ္ဇာသဘာ**-ဝတ္တာ၊ သိမ်မွေ့သည်ဖြစ်၍ ထိုးထွင်းသိနိုင်ခဲသော သဘောရှိသည်၏ အဖြစ်ကြောင့်။ ဒုရေ၊ မိမိကိုယ်တွင်း၌ ရှိသော်လည်း ဉာဏ်နှင့်ဝေးသည်ဖြစ်၍ ဒူရရူပ်မည်၏။ ဣတရံ၊ ဤမှတပါးသော ၁၂-ပါးသော သြဠာရိကရူပ်သည်။ သုပဋ္ဌိဝိဇ္ဇာသဘာဝတ္တာ။ ရှုနှိုက်ရင်းသည်၏ အဖြစ်ဖြင့် ထိုးထွင်းမှ သိလွယ်သော သဘောရှိသည်၏ **အဖြစ်ကြောင့်**။ သန္ဓိကေ၊ အလွန်ဝေးသော်လည်း ဉာဏ်နှင့်နီးသည်ဖြစ်၍ သန္ဓိကရူပ်မည်၏။ (ရူပ်ဖို့။)

(ဒုရဒုက်သဘော)

နာမ်တရားဟူ၍ ခေါ်ဝေါ်သော နာမကွန္ဓာ**လေး**ပါးတို့၏ **အ**တိတ်, **အ**နာဂါတ်, ပစ္စုပ္ပန် **စ**သော တစ်ဆယ့် တစ်ပါ**း**သော **အ**ခြင်**း**အရာတို့ကို **ကား** တစ်ပါ**း**သော ဝေဒနာကွန္ဓာကို ပြုလျှင်ပင် ကြွင်းသော သညာကွန္ဓာ, **သ**ခ်ါရကွန္ဓာ, ဝိညာဏကွန္ဓာ သုံ**း**ပါ**း**တို့ကို သိလိမ့်မည်ဖြစ်၍ (၀ါ)သိနိုင်လောက်သော**ကြောင့်** ဝေဒနာကွန္ဓာကိုသာ ပြုလိုက်တော့အုံ့။ ထို နာ-မကွန္ဓာ**လေ**းပါ**း**တို့တွင် ဝေဒနာကွန္ဓာ၌ **အ**တိတ်**စ**သည်တို့**ကား** သန္ဓတိ, ခဏ**၏ အ**စုမ်**း**အား**ဖြ**င့် နှစ်ပါ**း**သာ ရထိုက်၏။ ထိုတွင် တစ်ခု**သော** ဝိထိ, တစ်ခု**သော** အာရုံ**၏** **အ**တွင်**း**၌ ဖြစ်**သော** ဝေဒနာ**သ**ည် **သ**န္ဓတိ**ပ**စ္စုပ္ပန်**မ**ည်၏။ ၎င်**း**တစ်ဝိထိ, **တ**စ်**အာ**ရုံ**၏** ရှေ့၌ ဖြစ်**သော** ဝိထိ၊ **အ**ာရုံ၌ ယှဉ်**သော** ဝေဒနာ**သ**ည် **သ**န္ဓတိ **အ**တိတ်**မ**ည်၏။ ၎င်**း**နည်**း**တူ နောက်၌ ဖြစ်**သော** ဝေဒနာ**သ**ည် **သ**န္ဓတိ**အ**နာဂတ် **မ**ည်၏။ (သန္ဓတိဖို့။)

ဥ**ပ**ါဒ်, ဌိ, ဘင်တို့**၏အ**စုမ်**း**ဖြင့် ဖြစ်ဆဲဖြစ်**သော** ဝေဒနာ**သ**ည် ခဏ **ပ**စ္စုပ္ပန်**မ**ည်၏။ ပုရေဇာတ **အ**ဖြစ်ဖြင့် ရှေ့ဖြစ်**သော** စိတ်၌ ယှဉ်**သော** ဝေဒနာ**သ**ည် ခဏ**အ**တိတ်**မ**ည်၏။ ၎င်**း**နည်**း**တူ **ပ**စ္ဆာဇာတ **အ**ဖြစ်ဖြင့် နောက်ဖြစ်**သော** စိတ်၌ ယှဉ်**သော** ဝေဒနာ**သ**ည် ခဏ **အ**နာဂတ်**မ**ည်၏။ (ခဏဖို့)။ (တိက် သဘော။)

အဗ္ဗဘူဒုက်၌– **လေ**းပါ**း**သော **အ**ဗ္ဗတ္တတို့တွင် နိယာကဗ္ဗတ္တ**အ**ာရုံ၌ ရှိ**သော**ဝေဒနာ**သ**ည် **အ**ဗ္ဗတ္တ**မ**ည်၏။ ထိုနိ**ယ**ကဗ္ဗတ္တ**အ**ာရုံ**၏ အ**ပ၌ရှိ**သော**

ဝေဒနာသည် ဗဟိဒ္ဓမည်၏။ နောက်ကနည်း တူ၍ မခဲ့ပြီ။ (ဆဋ္ဌတ္တ–ဒုက်သဘော။)

သြဠာရိကဒုက်ခ္ခကား — ဇာတ် သဘာဝ ပုဂ္ဂိုလ် လောကီ လောကုတ္တရာတို့၏ အစွမ်းဖြင့် ဝိဘင်းခ္ခ ဟောတော်မူသော နည်းကိုသိအပ်၏။ ခဲ့ညီးအုံ– ဇာတ်၏ အစွမ်းဖြင့် အကုသိုလ်ခ္ခ ယှဉ်သော ဝေဒနာသည် ပါဏာတိပါတ စသော ကဲ့ရဲ့အပ်သော အမှုအရာ၏ အကြောင်း၏အဖြစ်ကြောင့် လည်းကောင်း၊ ကိလေသာ ဟူသော မီးဖြင့် ပူလောင်ခြင်း ရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း အပူမငြိမ်းသော ဖြစ်ခြင်း ရှိသည် ဖြစ်၏။ ထို့ကြောင့် အပူ ငြိမ်းအေးသော သဘောရှိသော ကုသိုလ်စိတ်ခ္ခ ယှဉ်သော ဝေဒနာအောက် ရှုန့်ရင်းလှ၍ သြဠာရိက ဝေဒနာမည်၏။ အကုသိုလ်စိတ်ခ္ခ ယှဉ်ခိုက် ဝေဒနာသည် သြဠာရိက၊ ကုသိုလ် ဝိပါက် ကြိယာတို့ခ္ခ ယှဉ်ခိုက် သုခုမ၊ (၁) (နောက်ကိုလည်း နည်းတူ။)

(၁) ကြောင့်ကြဗျာပါရ နှင့်တကွ ဖြစ်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊

(၂) ဝိပါက်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော သတ္တိနှင့်တကွ ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊

(၃) ဝိပါက်၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊

(၄) ကိလေသာဟူသော မီးဖြင့် ပူလောင်ခြင်း ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊

(၅) ကဲ့ရဲ့ထိုက်သော အပြစ်နှင့်တကွ ဖြစ်သည်၏ အဖြစ်ကြောင့် လည်းကောင်း အကုသိုလ်ခ္ခ ယှဉ်သော ဝေဒနာသည် ဝိပါက် အဗျာကတအောက် ရှုန့်ရင်းလှ၏။ အကုသလ ဝေဒနာ သြဠာရိက။ ဝိပါကဝေဒနာ သုခုမ။ (၂)

(၁) ဝိပါက်ထင်ရှား ရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊

(၂) ကိလေသာ ဟူသော မီးဖြင့် ပူလောင်ခြင်း ရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊

(၃) ကိလေသာ ဒုက္ခဖြင့် ဒုက္ခမကင်းသည်၏ အဖြစ်ကြောင့် လည်းကောင်း၊

(၄) ကဲ့ရဲ့ဆိုက်သော အပြစ်နှင့်တကွဖြစ်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊

(၅) အကုသိုလ်၌ ယှဉ်သော ဝေဒနာသည် ကြိယာအဗျာကတ အောက် ရုန်ရင်းလှ၏။ အကုသလ ဝေဒနာ သြဇာရိက ကြိယာဝေဒနာ သုခုမ။ (၃) (အကုသိုလ် ဝေဒနာဖို့)

ကုသိုလ်စိတ်၌ ယှဉ်သော ဝေဒနာ, အဗျာကတစိတ်၌ ယှဉ်သော ဝေဒနာ တို့သည် ဆိုအပ်ခဲ့ပြီးသော နည်းသုံးပါးမှ ပြန်သောအားဖြင့် အကုသိုလ် စိတ်၌ ယှဉ်သော ဝေဒနာထက် နှုးညှံကုန်၏။ အကုသိုလ်စိတ်၌ ယှဉ်သော ဝေဒနာသည် ရုန်ရင်း၏။ အစိတ်အစိတ်မူ—အကုသလဝေဒနာ သြဇာရိက၊ ကုသလ, အဗျာကတ သုခုမ၊ ကုသလာ, ကုသလ သြဇာရိက။ အဗျာကတ သုခုမ။ ကုသလ, ဝိပါက သြဇာရိက၊ ကြိယာ သုခုမ စသည် ထွက်လေ၏။ (ဇာတ်ဖို့။)

သဘော၏ အစွမ်းအားဖြင့် ဒုက္ခဖြစ်သော ဝေဒနာသည် –

(၁) သာယာအပ်သော သဘောမရှိ သည်၏ အဖြစ်ကြောင့် လည်းကောင်း၊

(၂) တုန်လှုပ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊

(၃) ချောက်ချားခြင်းကို ပြုတတ် သည်၏ အဖြစ်ကြောင့် လည်းကောင်း၊

(၄) ထိတ်လန့်ဖွယ် ရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း၊

(၅) နှိပ်စက်ဖွယ် ရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း—**နှစ်ပါး**ကုန်သော သုခဝေဒနာ, ဥပေက္ခာဝေဒနာတို့အောက် ရှုနှုရင်း၏။

ဒုက္ခဝေဒနာ သြဠာရိက။ သုခဝေဒနာ, ဥပေက္ခာဝေဒနာ သုခုမ။ ဒုက္ခမှ တပါးကုန်သော သုခဝေဒနာ, ဥပေက္ခာဝေဒနာတို့သည် သာယာခြင်း ငြိမ်သက်ခြင်း မွန်မြတ်ခြင်းနှလုံးကို ပွားစေခြင်း လျစ်လျူရှုစေခြင်း ရှိသည်၏ အဖြစ်ကြောင့် ယထာရဟ ဒုက္ခဝေဒနာထက် နူးညံ့ကုန်၏။ ဒုက္ခဝေဒနာသည် ရှုနှုရင်း၏။ အစိတ်အစိတ်မူ—ဒုက္ခဝေဒနာ သြဠာရိက၊ သုခ, ဥပေက္ခာ သုခုမ၊ သုခ, ဒုက္ခ သြဠာရိက၊ ဥပေက္ခာ၊ သုခုမ။ (သဘာဝဖို့)

ပုဂ္ဂိုလ်အစုမ်းအားဖြင့် သမာပတ် မဝင်စားနိုင်သေးသော ပုဂ္ဂိုလ်၏ ဝေဒနာသည် အထူးထူးသော အာရုံ၌ ပျံ့လွင့်သည် အဖြစ်ကြောင့် သမာပတ်ကို ဝင်စားနိုင်သော ပုဂ္ဂိုလ်၏ ဝေဒနာအောက် ရှုနှုရင်း၏။ သမာပတ်ကို ဝင်စားနိုင်သော ပုဂ္ဂိုလ်၏ဝေဒနာသည် နူးညံ့၏။ (ပုဂ္ဂိုလ်ဖို့။)

· လောကီ, လောကုတ္တရာအစုမ်းအားဖြင့် အာသဝေါနှင့်တကွ ဖြစ်စေအပ်သော ဝေဒနာသည် လောကီမည်၏။

ထိုလောကီဝေဒနာသည်–

(၁) အာသဝေါဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် လည်းကောင်း၊

(၂) သြဃလေးပါးတို့သည် အာရုံပြု၍ လွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊

(၃) ယောဂလေးပါးတို့သည် အာရုံပြု၍ လွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊

(၄) ဂန္ထလေးပါးတို့၏ အစီးအပွားဖြစ်တတ်သောကြောင့် လည်းကောင်း၊

(၅) နိဝရဏတရားတို့သည် အာရုံပြုသောအားဖြင့် မြှေးယှက်ပိတ်ဖုံး အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊

(၆) ဥပါဒါန်တရားတို့၏ အစီးအပွားအဖြစ်ကြောင့် လည်းကောင်း၊

(၇) ပူပန်စေတတ်သော ကိလေသာကို ရခြင်းငှာထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊

(၈) ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ဆက်ဆံသည်၏ အဖြစ်ကြောင့် လည်းကောင်း—

အနာသဝ ဝေဒနာအောက် ရှုနှုရင်းကုန်၏။ ထိုသာသဝမပြန်သော အားဖြင့် အနာသဝ ဝေဒနာသည် သာသဝ ဝေဒနာထက် နူးညံ့၏။ (လောကီ,လောကုတ္တရာဖို့။)

ထိုလေးပါးသော အာကာရဘေဒတို့၌ အကြင်အခြင်းဖြင့် သြဠာရိက, သုခုမ, ဝေဒနာသည် ဇာတ်စသော အစွမ်းဖြင့် ဖြစ်တတ်ရောက်တတ်၏၊ ထိုအခြင်းဖြင့် ဖြစ်တတ် ရောက်တတ်သော်လည်း သက်ရဒေါသကို ဖျောက်၍ ယူအပ်၏၊ ယူလော့။

အဘယ်သို့ ရောက်တတ်သနည်းဟူမူ—

(၁) အကုသလဝိပါက် ကာယဝိညာဉ်၌ ယှဉ်သော ဝေဒနာသည် ဇာတ်အားဖြင့် အဗျာကတဖြစ်သောကြောင့် သုခုမ၊ သဘာဝ, ပုဂ္ဂိုလ်, လောကိယအားဖြင့် သြဠာရိက၊

(၂) အကုသိုလ် သုခဝေဒနာသည် ဇာတ်အားဖြင့် သြဠာရိက၊ သဘာဝအားဖြင့် သုခုမ၊

(၃) ကုသလဈာန သဟဂတ သုခဝေဒနာသည် ဇာတ်အားဖြင့် သြဠာရိက၊ ပုဂ္ဂိုလ်၏အစွမ်းဖြင့် သုခုမ၊

ဤနည်းကိုမှီး၍ ဇာတ်, သဘာဝ, ပုဂ္ဂိုလ်, လောကိယ, လောကုတ္တရာ ဖြစ်သော အစုမ်းဖြင့် ရောယှက်တတ်သော သဘောကို သိကြလေ၊ ထိုသို့ရောယှက်တတ်သော်လည်း သက်ရဒေါသကို ပယ်ရမည်။

တတ္ထ ဇာတိအာဒီဝသေန သမ္ဘေဒေါ ပရိဟာရိတဗ္ဗော။
ဝိသုဒ္ဓိ ၂-၂၊ ၁၀၅။

တဟ္ထ–ယထာ ဝုတ္တာယ သြဠာရိက သုခုမတာယ၊ အကြင် ;ဆိုအပ်ခဲ့ပြီးသော သြဠာရိက, သုခုမ အဖြစ်၌။ ဇာတိ အာဒီဝသေန၊ ဇာတ် အစရှိသော အစုမ်းဖြင့်။ သမ္ဘေဒေါ သက်ရော၊ ရောယှက်ခြင်း ;သက်ရ ဒေါသကို။ ပရိဟာရိတဗ္ဗော၊ ပယ်အပ်၏။

ဤ သြဠာရိက, သုခုမသည်–

(၁) ဥပါဒါယုပါဒါယတို့၏အစုမ်းအားဖြင့်အောက်အောက်ဖြစ်သော ဝေဒနာသည်လည်းကောင်း၊

(၂) အယုတ်အယုတ်ဖြစ်သော ဝေဒနာသည်လည်းကောင်း၊

(၃) ကြမ်းကြုတ်သော ဝေဒနာသည် လည်းကောင်း–

သြဠာရိက, သြဠာရိက မည်ကုန်၏၊

(၁) အထက်အထက်ဖြစ်သော ဝေဒနာသည် လည်းကောင်း၊

(၂) အမြတ်အမြတ်ဖြစ်သော ဝေဒနာသည် လည်းကောင်း၊

(၃) နူးညံ့သော ဝေဒနာသည် လည်းကောင်း–

သုခုမ, သုခုမတို့ မည်ကုန်၏။ အကျယ်ကို သိလိုမူ ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်တို့မှာ ယူကြလေ။ (သြဠာရိက ဒုက်သဘော။)

ဟီနဒုက်သဘောကား— အကြင်ဝေဒနာသည် ရွှန်ရင်း၏၊ ကြမ်းကြုတ်၏၊ ဒုက္ခနှင့် စပ်လွယ်၏၊ ထိုဝေဒနာသည် ဟီနဝေဒနာမည်၏။

အကြင်ဝေဒနာသည် နှုးညံ့၏၊ မကြမ်းကြုတ်၊ သုခနှင့် စပ်လွယ်၏၊ ထိုဝေဒနာသည် ပဏီတဝေဒနာ မည်၏။ (ဟီနဒုက် သဘော။)

သန္တိကဒုက်ဌကား-အကြင်ဝေဒနာသည် အကုသိုလ်စိတ်ဌ ယှဉ်၏၊ ထိုဝေဒနာသည် ကုသိုလ်, အဗျာကတဖြစ်ကုန်သော ဝေဒနာတို့မှဝေးလျှ၍ ဒုရ ဝေဒနာမည်၏။ အကုသိုလ်စိတ်ဌ ယှဉ်ကုန်သော ဝေဒနာတို့သည် အကုသိုလ်ဖြစ်ကုန်သော ဝေဒနာနှင့်ကား နီးလျှ၍ သန္တိက ဝေဒနာ မည်၏။ ကုသိုလ်, အဗျာကတဌ ယှဉ်ကုန်သောဝေဒနာတို့သည် အကုသိုလ် ဖြစ်ကုန်သော ဝေဒနာတို့မှ ဝေးလျှ၍ ဒုရ ဝေဒနာမည်ကုန်၏။ ကုသိုလ်, အဗျာကတဌ ယှဉ်ကုန်သော ဝေဒနာတို့သည် ကုသိုလ်, အဗျာကတ ဖြစ်ကုန်သော ဝေဒနာတို့နှင့်ကား နီးလျှ၍ သန္တိက ဝေဒနာမည်ကုန်၏။ (သန္တိကဒုက် သဘော)။ (ဝေဒနာကွန္ဒာဖို)

ဤနည်းအတူ ဝေဒနာကွန္ဒာနှင့် အတူတကွ ဖြစ်ကြကုန်သော သညာ, သင်္ခါရ, ဝိညာဉ်တို့၏လည်း အတိတ်, အနာဂတ်, ပစ္စုပ္ပန် အစရှိသော တစ်ဆယ့်တစ်ပါးသော ဝိဘာဂကို ဤဝေဒနာနှင့် အတူသာလျှင် သိအပ်၏။ (နာမကွန္ဒာဖို။)

တံ တံ ဝေဒနာသမ္ပယုတ္တာနံ ပန သညာဒီနမ္ပိ တေ ဝေမေ ဝေဒိတဗ္ဗံ။ ဝိသုဒ္ဓိ-၂၊၁၀၇။

တံတံ ဝေဒနာသမ္ပယုတ္တာနံ၊ ထိုထိုဝေဒနာနှင့် အတူတကွယှဉ်ကုန်သော။ သညာဒီနမ္ပိ၊ သညာ စသည်တို့၏လည်း။ တေ၊ အတိတာဒိဝိ ဘာဂဟု ဆိုအပ်သော ဤ ဝိတ္တာရမုခကို။ ဝေမေ၊ ဤ ဝေဒနာနှင့် အတူ သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤသို့ ပြခဲ့အပ်ပြီးသော ရူပ်ခန္ဓာ, နာမ်ခန္ဓာတို့ဌ အထူးအားဖြင့် သက်ရှိသော အသက်ရှိသောတို့ကိုလည်း သိအပ်၏။

အသို့ သိအပ်သနည်း–

(၁) ရူပ်ခန္ဓာ၌ သြဠာရိကကို ဆင်ခြင်ရာ သုခုမနှင့် ရောရ၍တည်၏၊ သဘာဝသာ ကွဲရမည်။

(၂) ဒူရကိုဆင်ခြင်ရာ သန္တိကနှင့် ရောရ၍တည်၏၊ သဘာဝသာ ကွဲရမည်၊

(၃) နာမ်ခန္ဓာ၌ ဝေဒနာကိုဆင်ခြင်ရာ သညာ, သင်္ခါရ, ဝိညာဉ်တို့နှင့် ရောရ၍တည်၏၊ သဘာဝသာ ကွဲရမည်၊

(၄) သညာ၊

(၅) သင်္ခါရ၊

(၆) ဝိညာဉ်တို့လည်း နည်းတူ၊

(၇) နာမ်ကိုဆင်ခြင်ရာ ရူပ်နှင့်ရောရ၍ တည်၏၊ သဘာဝသာ ကွဲရမည်၊

(၈) ရူပ်ကိုဆင်ခြင်ရာ နာမ်နှင့်ရောရ၍ တည်၏၊ သဘာဝသာ ကွဲရမည်–

ဤသို့ စသည်ဖြင့် သက်ရောဘောကို သိအပ်၏။

(၁) ရူပ်ခန္ဓာ၌ အတိတ်ကိုဆင်ခြင်ရာ ပစ္စုပ္ပန်နှင့် မရောမူ၍ တည်၏၊ သဘာဝလည်း ကွဲရ၏၊

(၂) ပစ္စုပ္ပန်ကိုဆင်ခြင်ရာ အနာဂတ်နှင့် မရောမူ၍ တည်၏၊ သဘာဝလည်း ကွဲရ၏။

(၃) အနာဂတ်ကို ဆင်ခြင်ရာ ဗဟိဒ္ဓနှင့် မရောမူ၍ တည်၏၊ သဘာဝလည်း ကွဲရ၏၊

(၄) ဟိနကိုဆင်ခြင်ရာ ပဏီတနှင့် မရောမူ၍ တည်၏၊ သဘာဝလည်း ကွဲရ၏၊ (နာမ်ခန္ဓာ၌ အသက်ရောဘော မရှိ)–

ဤသို့ စသည်ဖြင့် အသက်ရောဘောကို သိအပ်၏။

ထို အတိတ်, ပစ္စုပ္ပန်, အနာဂတ်, ဒ တ္တဇ္ဈ, ဗဟိဒ္ဓ, ဩဇာရိက, သုခုမ, ဟီန, ပဏီတ, သန္တိက, ဒူရဟုဆိုအပ်သော တစ်ဆယ့်တစ်ပါးသော အာကာရ ဘေဒတို့တွင် အကြင်ယောဂါဝစရ ပုဂ္ဂိုလ်သည် မိမိ၏ပဋိဘာဂ အာလောကသညာကြောင့် မြင်ရပြီးသော အဿာသ ကဿာသ၏ ပဋိဘာဂ, ပဿာသ ပဿာသ၏ပဋိဘာဂ အတွင်း၌ အဿာသ ပဿာသနှင့်တကွ ဆယ် ရာ ထောင် သောင်း သိန်းသန်း ဂဏန်းသခြေ့ မရေတွက်နိုင်လောက်အောင် မျိုးပြားသော ဝတ္ထုရုပ်တို့ကို အစိတ်အစိတ်အားဖြင့် ခြောက်ဆယ့်နှစ်ပါးပင်ရှိသော်လည်း တစ်ပေါင်းတည်းပြု၍ ရူပပရိဂ္ဂဟ-ဉာဏ်၌ သိမ်းဆည်းသောအတိုင်း ယခု သမ္မသနဉာဏ် အာကာရဘေဒ တစ်ဆယ့်တစ်ပါးသို့ သက်သောအခါဝယ် အာရုံတစ်ခုကို မူတည်၍ ၄င်း အာရုံတစ်ခု၏အတွင်းသို့ (၁) မသက်မီ။ (၂) သက်ဆဲ။ (၃) သက်လတ္တံ့ဟူသော အတိတ်စသော ကာလသုံးပါးတို့တွင် ခဏ အတိတ် ခဏ ပစ္စုပ္ပန် ခဏ အနာဂတ် ရူပ်တို့ကိုသာ ယူရမည်။ အဇ္ဈတ္တ စသည်တို့တွင် နိယကဇ္ဈတ္တရူပ် ပဏီတရူပ် သြဠာရိကဒုက် သန္တိကဒုက်တို့မှာ သက်ရဘောဖြစ်ကြ၍ သဘာဝကဲ့သောရူပ်ကို ယူရမည်။(ဤကာ-ရှင်ကား အဒ္ဓါကိုပြု၏ နီးမှ သာ၍ ကောင်းသည်။) (ရူပ်။)

ဝိညာဏပဋ္ဌာနဖြင့် ထိုထိုရူပ်အပေါင်းသိလိုက်သော အစိတ်အစိတ်အားဖြင့် (၃၉)ပါးပင်ရှိသော်လည်း တစ်ပေါင်းတည်းပြု၍ နာမပရိဂ္ဂဟ-ဉာဏ်၌ သိမ်းဆည်းသောအတိုင်း ယခုသမ္မသနဉာဏ် အာကာရဘေဒ တစ်ဆယ့်တစ်ပါးသို့ သက်သောအခါဝယ် အာရုံတစ်ခုကို မူတည်၍ ၄င်း အာရုံတစ်ခု၏ အတွင်းသို့ (၁)မသက်မီ၊ (၂) သက်ဆဲ၊ (၃) သက်လတ္တံ့ဟူသော အတိတ်စသော ကာလသုံးပါးတို့တွင် သန္တတိ-အတိတ်, သန္တတိပစ္စုပ္ပန်, သန္တတိအနာဂတ် နာမ်တို့ကိုသာ ယူရပြီ။ အဇ္ဈတ္တစသည်တို့တွင် နိယကဇ္ဈတ္တဖြစ်သော နာမ်၊ သြဠာရိကဒ္ဒ ဇာတ်၊ သဘာဝမှာ သုခုမ၊ ပုဂ္ဂိုလ် လောဘီယ၊ လောကုတ္တရာမှာ သြဠာရိက

ဖြစ်သော နာမ်၊ ဟီနပဏီတဋ္ဌ ပဏီတနာမ် ထက်လွန်မှု ဟီနနာမ်၊ သန္ဓိကဒုက်ခ ဒုရနာမ်တို့ကိုသာ ယူရမည်။ (နာမ် သဘောစု။)

ထိုသို့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်စသော တစ်ဆယ့်တစ်ပါးသော အာကာရတို့သဘောကို သိပြီး၍ ၄၈ ၊ တစ်ဆယ့်တစ်ပါးသော အာကာရသို့သက်လျက် တည်၍နေသော ရူပ်နာမ်မမှီသခါရတို့ကို တိရုဏ ပရိညာဖြင့်တင်၍ အနိစ္စ စသောအဖြစ်ဖြင့် စီးဖြန်းအားထုတ်လိုသော ယောဂီသည် မိမိ၏အာလေါက ပစ္စက္ခဉာဏ်ဝင်၍ ဥပမာငါးပါးကိုတွင် တစ်ပါးပါးဖြင့် ထင်မြင်လာရသော ရူပ်အခေါင်းတို့ကို နိ ဃကဏ္ဍတွေ့ ကရုပ်လျက် ဧ၍ ဤရူပ်အပေါင်းတို့တွင် အတိတ်ခဏ၌ အတိတ်ဘဝတို့၌ ဖြစ်ကြကုန်သော ရူပ်အပေါင်းသည် အတိတ်ခဏစသည်တို့၌ ပင်လျင်ကုန်ခဲ့ပြီ။ ယခု ပစ္စုပ္ပန်ခဏ စသည်သို့ မရောက်။ ထိုသို့လျှင် အတိတ်ရူပ်သည် ပစ္စုပ္ပန်သို့ မခရောက်၊ကုန်ခြင်းကို မြင်ရသိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ) ဟူ၍ မိမိ၏ဉာဏ်ကို သန္နိဋ္ဌာန်ကျကျ ဆုံးဖြတ်။ (နောက်ကိုလည်း နည်းတူ။)

ပစ္စုပ္ပန်ခဏစသည်တို့၌ ဖြစ်ကြသော ရူပ်အပေါင်းသည် ပစ္စုပ္ပန်ခဏ စသည်၌ပင်လျင် ကုန်ဆဲဖြစ်ခဲ့၏။ အနာဂတ်မဏသို့ မရောက်။ ထိုသို့လျှင် ပစ္စုပ္ပန်ရူပ်သည် အနာဂတ်သို့မရောက်၊ ကုန်ခြင်းကိုမြင်ရ သိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ) ဟူ၍ မိမိ၏ဉာဏ်ကို သန္နိဋ္ဌာန်ကျကျ ဆုံးဖြတ်။

အနာဂတ်ခဏစသည်တို့၌ ဖြစ်ကြလတ္တံ့သော ရူပ်အပေါင်းသည် အနာဂတ်ခဏ စသည်၌ပင်လျင် ကုန်ရဦးလတ္တံ့။ တစ်ဖန် နှစ်ခုသောခဏ စသည်သို့ မရောက်။ ထိုသို့လျှင် အနာဂတ်ရူပ်သည် တစ်ဖန် နှစ်ခုသော အနာဂတ်သို့ မခရောက်၊ ကုန်ခြင်းကို မြင်ရ သိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ) ဟူ၍ မိမိ၏ဉာဏ်ကို သန္နိဋ္ဌာန်ကျကျ ဆုံးဖြတ်။ (ဘိုက်သဘော။)

နိယကဗျတ္တ အာရုံ၏အတွင်း စသည်တို့၌ ဖြစ်ကြသော ရူပ်အပေါင်းသည် ထိုနိယကဗျတ္တအာရုံအတွင်း . စသည်၌သာလျှင် ကုန်ဆဲဖြစ်ခဲ့၏။ နောက်တစ်ခုတစ်ခုသော နိယကဗျတ္တအာရုံ အစရှိသော ဗဟိဒ္ဓအာရုံ၏ အတွင်းစသည်၌ဖြစ်ကြသော ရူပ်၏အပေါင်းသို့ မရောက်။ ထိုသို့လျှင် နိယကဗျတ္တအာရုံ၏ အတွင်း စသည်၌ ဖြစ်သော ရူပ်သည် ဗဟိဒ္ဓအာရုံ၏ အတွင်း စသည်၌ ဖြစ်ကြသော ရူပ်သို့မရောက်၊ ကုန်ခြင်းကို မြင်ရ သိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ) ဟူ၍ မိမိ၏ဉာဏ်ကို သန္ဌိဌာန်ကျကျ ဆုံးဖြတ်။

နောက်တစ်ခုတစ်ခုသော နိယကဗျတ္တအာရုံအစရှိသော ဗဟိဒ္ဓအာရုံ၏ အတွင်း စသည်၌ဖြစ်ကြသော ရူပ်အပေါင်းသည်လည်း ထိုဗဟိဒ္ဓအာရုံ၏ အတွင်း၌သာလျှင် ကုန်ခဲ့၏။ နိယကဗျတ္တအာရုံ အတွင်းရူပ်သို့ မရောက်။ ထိုသို့ ဗဟိဒ္ဓရူပ်သည် နိယကဗျတ္တသို့ မရောက်၊ ကုန်ခြင်းကို မြင်ရ သိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ) ဟူ၍ မိမိ၏ဉာဏ်ကို သန္ဌိဌာန်ကျကျ ဆုံးဖြတ်။ (တစ်ဒုက်။) ထိုနိယကဗျတ္တအာရုံသာလျှင် ဝိပဿနာ အရာ၌ ပဓာနပြု၍ နာနာမှတ်။

နိယကဗျတ္တအာရုံ၏အတွင်း စသည်၌ သြဠာရိကဇာတ်ဖြစ်ကြသော ရူပ်အပေါင်းသည်လည်း ထိုသြဠာရိဇာတ်အတွင်း၌ပင်လျှင် ကုန်ခဲ့၏။ သုခုမဇာတ်သို့ မရောက်။ ထိုသို့ သြဠာရိကဇာတ်ဖြစ်သော ရူပ်အပေါင်းသည် သုခုမဇာတ်သို့ မရောက်၊ ကုန်ခြင်းကို မြင်ရ သိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ) ဟူ၍ မိမိ၏ဉာဏ်ကို သန္ဌိဌာန်ကျကျ ဆုံးဖြတ်။

နိယကဗျတ္တအာရုံ၏ အတွင်းစသည်၌ သုခုမဇာတ်ဖြစ်ကြသော ရူပ်အပေါင်းသည်လည်း ထိုသုခုမဇာတ်အတွင်း၌ပင်လျှင် ကုန်ခဲ့၏၊ သြဠာရိကဇာတ်သို့ မရောက်။ ထိုသို့ သုခုမဇာတ်ဖြစ်သော ရူပ်အပေါင်းသည် သြဠာရိကဇာတ်သို့ မရောက်၊ ကုန်ခြင်းကို မြင်ရ သိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ) ဟူ၍ မိမိ၏ဉာဏ်ကို သန္ဌိဌာန်ကျကျ ဆုံးဖြတ်။

ယခု နိယကဋ္ဌတ္တအာနာပါန အာရုံအတွင်းဌာကား ဩဠာရိကဇာတ် (၄၃)ပါး၊ သုခုမဇာတ် (၁၉)ပါး ရထိုက်၏။ (နှစ်ဒုက်။)

နိယကဋ္ဌတ္တအာရုံ၏အတွင်း စသည်ဌ ပဏီတဖြစ်သော ရူပ်အပေါင်းသည်လည်း ထိုပဏီတဖြစ်သော ရူပ်ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ ဟီနသို့ မရောက်။ ထိုသို့ ပဏီတဖြစ်သော ရူပ်အပေါင်းသည် ဟီနသို့ မရောက်၊ ကုန်ခြင်းကို မြင်ရ သိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ) ဟူ၍ မိမိ၏ဉာဏ်ကို သန္ဓိဌာန်ကျကျ ဆုံးဖြတ်။

၄င်းနည်းတူ– ဟီနဖြစ်သော ရူပ်အပေါင်းသည်လည်း ထိုဟီနရူပ်ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ ပဏီတရူပ်သို့ မရောက်။ ထိုသို့ ဟီနဖြစ်သော ရူပ်အပေါင်းသည် ပဏီတသို့ မရောက်။ ကုန်ခြင်းကို မြင်ရ သိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ)ဟူ၍ မိမိ၏ဉာဏ်ကို သန္ဓိဌာန်ကျကျ ဆုံးဖြတ်။ (သုံးဒုက်။)

၄င်းနည်းတူ–သန္တိကဖြစ်သော ရူပ်အပေါင်းသည်လည်း ထိုသန္တိကရူပ်ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ ဒူရရူပ်သို့ မရောက်။ ထိုသို့ သန္တိကဖြစ်သော ရူပ်အပေါင်းသည် ဒူရသို့ မရောက်၊ ကုန်ခြင်းကို မြင်ရ သိရသော အနက်ကြောင့်(အနိစ္စ, အနိစ္စ) ဟူ၍ မိမိ၏ဉာဏ်ကို သန္ဓိဌာန်ကျကျ ဆုံးဖြတ်။

၄င်းနည်းတူ–ဒူရဖြစ်သော ရူပ်အပေါင်းသည်လည်း ထိုဒူရရူပ်ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ သန္တိကရူပ်သို့ မရောက်။ ထိုသို့ ဒူရဖြစ်သော ရူပ်အပေါင်းသည် သန္တိကသို့ မရောက်၊ ကုန်ခြင်းကို မြင်ရ သိရသော အနက်ကြောင့် (အနိစ္စ, အနိစ္စ)ဟူ၍ မိမိ၏ဉာဏ်ကို သန္ဓိဌာန်ကျကျ ဆုံးဖြတ်။ (လေးဒုက်)။ (ရူပ်သဘော ဖို့။)

တသ္မာ သေ ယံ အတီတံ ရူပံ၊တံ ယဒသ္မာ အတီတေယေဝ ခီဏံ၊ နယိမံ ဘဝံ သမ္ပတ္တေ အနိစ္စံ ဘယဋ္ဌေန။ ယံ အနာဂတံ အနုန္ဓရ

ဘဝေ နိဗ္ဗတ္တိသတိ၊ တမ္ပိ ကတ္ကေ၀ ခီယိသတိ၊ နု ကတော ပရံ ဘ၀ं ဘ၀ိဿတီတိ အနိစ္စံ ခယဝေ့ဒနာ၊ ယံ ပစ္စုပ္ပန္နံ ရူပံ၊ တမ္ပိ ဣဒေ၀ ခီယတိ၊ နု ဣတော ဂစ္ဆတီတိ အနိစ္စံ ခယဝေ့ဒနာ၊ ယံ အ၊ဣ၏တ္တံ၊ တမ္ပိ အ၊ဣ၏တ္တမေ၀ ခီယတိ၊ နု ဗဟိဒ္ဓါဘာ၀ं ဂစ္ဆတီတိ အနိစ္စံ ခယဝေ့ဒနာ၊ ယံ ဗဟိဒ္ဓါ၊ တမ္ပိ ဗဟိဒ္ဓါ၊ေ ခီယတိ၊ နု အ၊ဣ၏တ္တာဘာ၀ं ဂစ္ဆတီတိ အနိစ္စံ ခယဝေ့ဒနာ၊ ယံ[သ္ပ]ဿ၊ တမ္ပိ ကတ္ထေ၀ ခီယတိ၊ နု သုခုမ ဘာ၀ं ဂစ္ဆတီတိ အနိစ္စံ ခယဝေ့ဒနာ၊ ယံ သုခုမံ၊ တမ္ပိ တတ္ထေ၀ ခီယတိ၊ နု [သ]ဿ၊ ဂိကဘာ၀ं ဂစ္ဆတီတိ အနိစ္စံ ခယဝေ့ဒနာ၊ ယံ ဟိနံ၊ တမ္ပိ တတ္ထေ၀ ခီယတိ၊ နု ပဏီတဘာ၀ं ဂစ္ဆတီတိ အနိစ္စံ ခယဝေ့ဒနာ၊ ယံ ပဏီတံ၊ တမ္ပိ တတ္ထေ၀ ခီယတိ၊ နု ဟီနဘာ၀ं ဂစ္ဆတီတိ အနိစ္စံ ခယဝေ့ဒနာ၊ ယံ ဒူရေ၊ တမ္ပိ တတ္ထေ၀ ခီယတိ၊ နု သန္တိကဘာ၀ं ဂစ္ဆတီတိ အနိစ္စံ ခယဝေ့ဒနာ၊ ယံ သန္တိကေ၊ တမ္ပိ တတ္ထေ၀ ခီယတိ၊ နု ဒူရဘာ၀ं ဂစ္ဆတီတိ အနိစ္စံ ခယဝေ့ဒနာတိ သမ္မသတိ။

ဝိသုဒ္ဓိ-၃-၂-၂၄၅၊

[ဝိသုဒ္ဓိမဂ်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ပေယျာလဖေါ်သည်။]

ဩ ဩသော၊ ဤယောဂီဘည်။ အတိတ်၊ အတိတ်၌ဖြစ်သော။ယံရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တံ ရူပံ၊ ထိုရူပ်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ အတီတေယေ၀၊ အတိတ်၌သာလျှင်။ ခီဏံ၊ ကုန်ခဲ့ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဣမံ ဘ၀ं၊ ဤပစ္စုပ္ပန်ဘ၀သို့။ နု သမ္မတ္တံ၊ မရောက်လာ။ ဣတိ တသ္မာ။ ထို့ကြောင့်၊ ခယဝေ့ဒနာ၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ အနိစ္စံ၊ အနိစ္စမည်၏။ ဣတိ၊ ဤသို့။ သမ္မသတိ၊ သုံးသပ်၏။ (ဂင်းနည်းတူ နောက်နောက်ကိုလည်း ဣတိ သမ္မသတိ ထည့်၍ဖတ်။)

အနာဂတံ၊ အနာဂတ်ဖြစ်သော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အနန္တရ ဘ၀ေ၊ အခြားမဲ့ဘ၀၌။ နိဗ္ဗတ္တိသတိ၊ ဖြစ်လတ္တံ့။ တမ္ပိ၊ ထိုရူပ်သည်လည်း။ တတ္ထေ၀၊ ထိုဘ၀၌သာလျှင်။ ဒီယိသတိ၊ ကုန်လတ္တံ့။ တတော၊

ထိုအနန္တရဘဝမှ။ ပရုံ ဘဝံ၊ တစ်ပါးသော ဘဝသို့။ နဂမိဿတိ၊ မရောက်လတ္တံ့။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ (ဣတိ, သမ္မသတိ စပ်။)

ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ္မဲ၊ ထိုရူပ်သည်လည်း။ ဣဒေဝ၊ ဤပစ္စုပ္ပန်ခဏ၌သာလျှင်။ ဒီယတိ၊ ကုန်ဆဲ။ ဣတောဝ၊ ဤပစ္စုပ္ပန်ခဏမှ။ ပရံ၊ နောက်ဖြစ်သော အနာဂတ်ခဏသို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ (ဣဒံ)။

အဗ္ဗတ္တံ၊ အဗ္ဗတ္တဖြစ်သော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ္မဲ၊ ထိုရူပ်သည်လည်း။ အဗ္ဗတ္တမေဝ၊ အဗ္ဗတ္တ၌သာလျှင်။ ဒီယတိ၊ ကုန်၏။ ဗဟိဒ္ဓာဘावံ၊ ဗဟိဒ္ဓအဖြစ်သို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ တသ္မာ! ထို့ကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ (ဣဒံ)။

ဗဟိဒ္ဓါ၊ ဗဟိဒ္ဓဖြစ်သော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ္မဲ၊ ထိုရူပ်သည်လည်း။ ဗဟိဒ္ဓါဝေ၊ ဗဟိဒ္ဓ၌သာလျှင်။ ဒီယတိ၊ ကုန်၏။ အဗ္ဗတ္တာဘावံ၊ အဗ္ဗတ္တအဖြာ်သို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ-တသ္မာ၊ ထို့ကြောင့်၊ ခယဋ္ဌေန၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ (ဣဒံ)။

သြဠာရိကံ၊ သြဠာရိကဖြစ်သော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ္မဲ၊ ထိုရူပ်သည်လည်း။ တတ္ထေဝ၊ ထိုသြဠာရိက၌သာလျှင်။ ဒီယတိ၊ ကုန်၏။ သုခုမဘावံ၊ သုခုမအဖြစ်သို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ အနိစ္စံ၊ အနိစ္စမည်၏။ (ဣဒံ)။

သုခုမံ၊ သုခုမဖြစ်သော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ္မိ၊ ထိုရူပ်သည်လည်း။ တတ္ထော၀ ထိုသုခုမ၌သာလျှင်။ ခ၀ိယတိ၊ ကုန်၏။ သြ-ဠာရိကဘာ၀ံ၊ သြဠာရိက အဖြစ်သို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ အနိစ္စံ၊ အနိစ္စမည်၏။ (၎င်း)။

ဟီနံ၊ ဟီနဖြစ်သော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ္မိ၊ ထိုရူပ်သည်လည်း။ တတ္ထော၀ ထိုဟီန၌သာလျှင်။ ခ၀ိယတိ၊ ကုန်၏။ ပဏီတ-ဘာ၀ံ၊ ပဏီတအဖြစ်သို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ (၎င်း)။

ပဏီတံ၊ ပဏီတဖြစ်သော။ ယံရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ္မိ၊ ထိုရူပ်သည်လည်း။ တတ္ထော၀ ထိုပဏီတ၌သာလျှင်။ ခ၀ိယတိ၊ ကုန်၏။ ဟီနဘာ၀ံ၊ဟီနအဖြစ်သို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ (၎င်း)။

ဒူရေ၊ ဒူရဖြစ်သော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ္မိ ထိုရူပ်သည်လည်း။ တတ္ထော၀ ထိုဒူရ၌သာလျှင်။ ခ၀ိယတိ၊ ကုန်၏။ သန္တိကဘာ၀ံ၊ သန္တိကအဖြစ်သို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ (၎င်း)။

သန္တိကေ၊ သန္တိကဖြစ်သော။ ယံ ရူပံ၊ အကြင်ရူပ်သည်။ အတ္ထိ၊ ရှိ၏။ တမ္မိ၊ ထိုရူပ်သည်လည်း။ တတ္ထော၀ ထိုသန္တိက၌သာလျှင်။ ခ၀ိယတိ၊ ကုန်၏။ ဒူရဘာ၀ံ၊ ဒူရအဖြစ်သို့။ နဂစ္ဆတိ၊ မရောက်။ ဣတိ ဘသ္မာ၊ ထို့ကြောင့်။ ခယဋ္ဌေန ကုန်တတ်သော သဘောရှိသည်၏အဖြစ်ကြောင့်။ အနိစ္စံ၊အနိစ္စ မည်၏။ ဣတိ၊ ဤသို့။သမ္မသတိ၊ သုံးသပ်၏။

(အဌကထာ ဆရာကျေးဇူးရှင်တို့ကား ဒေသနက္ကမအတိုင်း ဖွင့်တော်မူကြပေ၏၊ ယခုကား ပဝတ္တိက္ကမအတိုင်း ပြလိုက်ပေသည်။)

ဤသို့ပြခဲ့ပြီးသော တိက်ဒုက်တို့ကို အနုလုံ၊ ပဋိလုံ အတိတ်မှသည် သန္ဓိက၊သန္ဓိကမှသည်အတိတ်တိုင်အောင် အကြိမ်ကြိမ်အဖန်ဖန် သုံးသပ်ပြီး၍မိမိ၏ပဋိဘာဂ အာလောကသည်ပ ဥပစာပစွက္ခ၌ ထင်လာ မြင်လာသော ဥပမာ ငါးပါးတွင် တစ်ပါးပါးသို့ သက်လာသော ရူပ်အပေါင်းကို ကောင်းစွာ သန္ဓတိပြတ်အောင် ဝိပဿနာစိတ်ဖြင့် တရိပ်ရိပ် အနိစ္စ, အနိစ္စဟု နေ့ရက်မညောင်း နေ့, လ နှင့်ပေါင်း၍ ကောင်းကောင်းကြီး ဆင်ခြင်ကြရမည်။ နိဗ္ဗာန်ကိုမြင်လိုသော ချစ်ဆွေ ယောဂီရှင်တို့။ (ရူပ်သဘောဖို့)

နာမ်တရားတို့၌ ၎င်းနည်းတူ အတိတ်ခဏ, အတိတ်ဘဝတို့၌ ဖြစ်ကြကုန်သော နာမ်အပေါင်းသည် အတိတ်ခဏ, အတိတ်ဘဝစသည်၌ ကုန်ခဲ့ပြီ။ ယခု ပစ္စုပ္ပန် ခဏ, ဘဝ စသည်သို့ မရောက်။ ထိုသို့လျှင် အတိတ်နာမ်သည် ပစ္စုပ္ပန်သို့ မရောက်၊ ကုန်ခြင်းကို မြင်ရ သိရသော အနက်(အနိစ္စ,အနိစ္စ)ဟု မိမိဉာဏ်ကို သန္ဓိဌာန်ကျကျ ဆုံးဖြတ် –စသည်ဖြင့် ရှုပ်နေထုဝယ် နာမ်ကို ထည့်သွင်း၍ နှလုံးသွင်းကြလေ။

ဤသို့သောနည်းတို့ဖြင့် နာမ်တရားတို့၏ တိက်, ဒုက်တို့ကိုလည်း အနုလုံ, ပဋိလုံ အတိတ်မှသည် သန္ဓိက၊ သန္ဓိကမှသည် အတိတ်တိုင်အောင် အကြိမ်ကြိမ် အဖန်ဖန် သုံးသပ်ပြီး၍ ဥပမာ သက်၍နေသော ရူပ်အပေါင်းကို အာရုံပြုသော နာမ်အပေါင်းကိုလည်းကောင်း၊ မိမိ၏ နှလုံးအိမ်၌ တန်ရုပ် ထောက်တည်လျက် ထားခြင်းငှာ စွမ်းနိုင်သော ဓိတိ သမာဓိဂုဏ်နှင့် ပြည့်စုံသော ယောဂီသည် နှလုံးအိမ်၌ ရပ်၍ ပထမစိတ်ကို ဒုတိယစိတ်က အနိစ္စ, ဒုတိယစိတ်ကို တတိယစိတ်က အနိစ္စ, (၄) နဝမစိတ်ကို ဒသမစိတ်က အနိစ္စဟူ၍ အနိစ္စသည်ပင်လျှင် အာရုံ၊ အာရုံသည်ပင်လျှင် အနိစ္စဖြစ်စေ၍ သန္ဓိဂုဏ်နှင့် ပြည့်စုံသော

နာမ်အပေါင်းကို လည်းကောင်း၊ ကောင်းစွာ သန္တတိ ပြတ်အောင် ဝိပဿနာစိတ်ဖြင့် တရိပ်ရိပ် အနိစ္စ, အနိစ္စ ဟု နေ့ရက်မညောင်း နေ့, လနှင့် ပေါင်း၍ ကောင်းကောင်းကြီး ဆင်ခြင်ကြရမည်။ နိဗ္ဗာန်ကို မြင်လိုသော ချစ်ဆွေ ယောဂီရှင်တို့။ (နာမ်သဘောဖို့။)

ဂင်း ရုပ်,နာမ် နှစ်ပါးတို့တွင် ရုပ်ကို အာရုံပြု၍ အနိစ္စရှုက နာမ်လည်း အနိစ္စဖြစ်၍ ပါမြဲ၊ နာမ်ကိုအာရုံပြု၍ အနိစ္စရှုက ရုပ်လည်း အနိစ္စဖြစ်၍ ပါမြဲ ဓမ္မတာသာတည်း။

ရူပံ ပန အရူပံ, အရူပံ ဝါ ရူပံ, သြဟာယ ပဝတ္တိတုံ နသက္ကောန္တိ။ အဘိ ၆ ၂၊၂၄။

ပန၊ အံ့။ ရူပံ၊ ရုပ်တရားသည်။ အရူပံ၊ နာမ်တရားကို။ အရူပံ ဝါ၊ နာမ်တရားသည် မူလည်း။ ရူပံ၊ ရုပ်တရားကို။ သြဟာယ၊ စွန့်၍။ ပဝတ္တိတုံ၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခြင်းငှာ။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။

ထိုသို့ နှစ်ပါးစုံပင်ပါသော်လည်း လက္ခဏာကိုခွဲ၍ ရှေးဦးစွာ ရုပ်ကို အာရုံပြုလျက် အနိစ္စ, အနိစ္စဟူ၍ နေ့ရက်မျှားစွာ အားထုတ်ရမည်။ ထိုသို့အားထုတ်စဉ် ငါဟုခေါ်သော ဤရုပ်အပေါင်းသည် အာရုံတစ်ခုခု အာဘွဲ့ဝင်း၌ ဖြစ်၍ဖြစ်၍ ပျက်ဆဲပျက်ဆဲကိုသာ ငါဟုခေါ်သော ပဋ္ဌိဘာဂ အာလောကသည်ပ ပစ္စက္ခဝိပဿနာဉာဏ်ဖြင့် မြင်ရပြန်ပြီ။ အဖန်ဖန် ဖြစ်၍ အဖန်ဖန်ပျက်ခဲ့ရာ၌ အကျုံ့မြူခန့်မျှ ကျန်ရစ်သော ဝတ္ထုမရှိသည် ဖြစ်၍ ဖြစ်ခြင်းတို့လည်း မမြဲ, ပျက်ခြင်းတို့လည်း မမြဲသောကြောင့် အနိစ္စ, အနိစ္စဟု အဖန်ဖန် ရှုကြရမည်။

အနိစ္စံ ခဏဋ္ဌေနာတိ စ ဟုတ္ဝာ အဘာဝါကာရတော ပဝတ္တိတိ။ (သင်္ဂြိဟ်ဋီကာဟောင်း။ ၄ ၀ ၅)

အနိစ္စာတိ ဟုတ္ဝာ အဘာဝဋ္ဌေန အနိစ္စာ။ အံ ၆ ၂၊၂၄၂။

အနိစ္စံ ခယဌေနာတိစ၊ အနိစ္စံ ခယဌေန ဟူသည်လည်း၊ ဟုတ္တာ၊ ထင်ရှားဖြစ်၍၊ အဘာဝါကာရော၊ ထင်ရှားမရှိသော အခြင်းအရာတည်း။ ဣတိ၊ ဤသို့။ ပဝုစ္စတိ၊ ဆိုအပ်၏။

အနိစ္စာတိ၊ အနိစ္စ ဟူသည်ကား။ ဟုတ္တာ၊ ပရမတ္ထအားဖြင့် ထင်ရှားဖြစ်၍။ အဘာဝဌေန၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်၏ အနက်ကြောင့်၊ အနိစ္စာ၊ အနိစ္စမည်၏။ (ပညတ်မှာ ဆိုဖွယ်မရှိ။)

ထိုသို့ ရုပ်အပေါင်းကို တစ်ပေါင်းတည်းပြု၍ "အနိစ္စ, အနိစ္စ" ဟု သုံးသပ်ဖန် မျှားလှ၍ နေ့ရက်ကြာပါမူ ဉာဏ်ထက်သော သူတို့အား ဤလက္ခဏဝဝတ္ထာနဝါရဖြင့်ပင်လျှင် ဥဒယ, ဝယ ဉာဏ်သို့ သက်လျက်သော် ဤရုပ်အပေါင်းသည် ရှေးဦးမဖြစ်ဖူးကုန်သည်ဖြစ်၍ ယခုတရိပ်ရိပ် ဖြစ်ခဲ့ကုန်၏။ ဇ ရိပ်ရိပ် ဖြစ်ကုန်ပြီး၍လည်း တစ်ဖန် ချုပ်ကြပြန်ကုန်၏။ ဤသို့အသစ်အသစ်ဖြစ်သော ရုပ်တရားတို့သည်ပင်လျှင် ယောဂါဝစရ၏ ပစ္စက္ခဉာဏ်ဝဋ္ဋ ဖြစ်၍ပြီး၍ ပျက်ခြင်းပျက်ခြင်းတို့သည် အဟုတ်မျက်စိဖြင့် မြင်သကဲ့သို့ ထင်မြင်လာရကုန်၏။

> တသော်ဝ ပါကဋီဘူတသစ္စပဋိစ္စသမုပ္ပါဒနယလက္ခဏဘေဒသော ဧဝံ ကိရ နာမိမေ ဓမ္မာ အနုပ္ပန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ,ဥပ္ပန္နာ နိရုဇ္ဈန္တိတိ နိစ္စ နဝါဝ ဟုတ္တာ သခ်ါရာ ဥပဋ္ဌဟန္တိ။
>
> ဝိသုဒ္ဓိ-၂၊ ၂၆၈။

ဧဝံ ယထာဝုတ္တ နယေန၊ ဖြင့်။ ပါကဋီဘူတ သစ္စ ပဋိစ္စသမုပ္ပါဒ နယ လက္ခဏ ဘေဒသ၊ ထင်ရှားသည်ဖြစ်၍ ဖြစ်သော သစ္စာအပြား ပဋိစ္စသမုပ္ပါဒ်နည်းအပြား, အနိစ္စ စသော လက္ခဏာအပြားရှိသော။ တသ၊ ထိုသို့ဝဂီအား။ ဧဝံ၊ ဤသို့၊ ဣမေ ဓမ္မာ၊ ဤသင်္ခါရတရားတို့သည်။ အနုပ္ပန္နပုဗ္ဗာ၊ ရှေးဦး ဥပါဒ်ဝဏမျှ မဖြစ်ဖူးကုန်သည်ဖြစ်၍။ ဥပ္ပဇ္ဇန္တိ ကိရနာမ၊ ယခုမှ အသစ်ဖြစ်ကုန်သတတ်။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော သင်္ခါရတရားဟူသည်။ နိရုဇ္ဈန္တိ ကိရ၊ ချုပ်ပျက်ကုန်သတတ်။

ဣတိ၊ ဣဿိ။ နိစ္စနဝါဝ၊ အမြဲအမြဲ အသစ်အသစ်တို့သည်သာလျှင်။ ဟုတ္ထာ၊ ဖြစ်၍။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ယောဂိနံ၊ ယောဂိတို့အား။ (ထည့်)။ ဥပဋ္ဌဟန္တိ၊ ထင်လာမြင်လာရကုန်၏။

၃၃–ဝိပဿနာရှုသောသူအား ဥပမာငါးပါး ထင်လာရခြင်း

ဣဿိ အကြိမ်ကြိမ် အဖန်ဖန် အဘန်ဟန် လက္ခဏာ ဝေဝတ္ထာနဝါရဖြင့် ရုပ်ဘရားတို့၏ ဖြစ်ပွားပျက်ဟန်ကို ရှုဖန်မျှားလှသော ယောဂိအား အမြဲမပြတ် တရိပ်ရိပ်ဖြစ်၍ တရိပ်ရိပ်ပျက်ပုံကို၊ အသစ်အသစ်ဖြစ်၍ အဆဟာင်းအဟောင်း ချုပ်ပျက်ဟန်ကို ဧကန် မိမိ၏မျက်စိနှင့် ကြည့်၍ မြင်ရဘိသကဲ့သို့ မုချတင်ထင် သိမြင်ရရှာတော့၏။ အဘယ်ကဲ့သို့ ထင်ရမြင်ရသနည်းဟူမူ—

(၁) နေအရုဏ်တက်၍ နေထွက်သောအခါ ပြိုန်းမြက်ပင်တို့၏ အဖျားခို တသားတည်း ခဲ၍နေသော ဆီးနှင်းပေါက်တို့သည် တ ဖြောက် ဖြောက် ကြွေ ကျ သည် ကို မြင် ရဘိ သကဲ့သို့ လည်းကောင်း၊

(၂) ထုံးချောင်းဂရက် ကျောက်စပျက် ဝဲကျွေ့၍ ရေတွေ့၍ ထုတ် အပ်သော ရေပြွက်ကို မြင်ရဘိသကဲ့သို့လည်းကောင်း၊

(၃) ကြည်လင် ငြိမ်သက်လှသော ရေအပြင်ဝယ် နှင်တံတောင်ပေး တို့ဖြင့် ရေးခြစ်လိုက်သောအခါ အလ္ဘာအလ္ဘာ အလိပ်အလိပ် တရိပ်ရိပ်သောရေလှိုင်းအစဉ်ကို မြင်ရဘိသကဲ့သို့လည်းကောင်း၊

(၄) ပွတ်ခဆောက်ဖျားခို တင်ထားသော မုန်ညင်းစေ့၊ လေလွှ အပ်သော လူးနှမ်းစေ့တို့၏ တရွှေ့ရွှေ့ တရိပ်ရိပ် တဖိတ်ဖိတ် ကြွေကျသည်ကို မြင်ရဘိသကဲ့သို့လည်းကောင်း၊

(၅) မိုးလအခါ ဝဿန္တာဝယ် ညီပြာရီမှောင် တိမ်တောင်တိမ်လိပ်တို့၏ အတွင်း၌ လေပြင်းမီးခတ် နဂါးပတ်တွင်း လေဟုန်ဆင်းရှိတဝင်းဝင်း တောက်ပအပ်သော လျှပ်စစ်နှယ်ရောင် မျှားအမြောင်းကို မြင်ရဘိသကဲ့သို့ လည်းကောင်း–အလွန်လျှင်မြန်၍ တိုသော အသက်ရှိသော ရုပ်တို့၏ ဖြစ်ဟန်,ပျက်ဟန်ကို ကေန်မုခ္ဍ ထင်မြင်လာရကုန်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ ဆရာကြီးတို့သည်—

နံ ကေဝလဋ္ဌ နံစ္ဆနဝါ၊ (၁) သူရိယုဂ္ဂမနေ ဥဿာဝဝိန္ဒု ဝိယ၊ (၂) ဥဒက ပုပ္ဖုဋ္ဌော ဝိယ၊ (၃) ဥဒကေ ဒဏ္ဍရာဇိ ဝိယ၊ (၄) အာရဂ္ဂေ သာသပေါ ဝိယ၊ (၅) ဝိဇ္ဇုပ္ပါဒေါ ဝိယ ပရိတ္တ ဋ္ဌာယိနော–

ဟူသော ပါဠိကို မိန်ဆိုဖွင့်လှစ်တော်မူကြကုန်၏။ ဝိသုဒ္ဓိ ၂-၂၂၆၉

ကေဝလဋ္ဌ၊ သက်သက်ကား။ နံစ္ဆ နဝါ၊ အမြဲအမြဲ အသစ်အသစ်သော သခ်ါရတရားတို့သည်သာလျှင်။ နဲ၊ မဟုတ်ကုန်သေး။ (ဤသခ်ါရတရားတို့သည် တိုသောအသက်ရှိကုန်၏ဟု မိမိ၏ဉာဏ်ဖြင့် သိရသာဝ မဟုတ်သေးဟူလို)။သူရိယုဂ္ဂေမနေ၊ နေထွက်သောအခါ၌။ (၁) ဥရုံသာ။ ဝိန္ဒုဝိယစ၊ ကြေကွဲသော ဆီးနှင်းပေါက်ကဲ့သို့လည်းကောင်း။ (၂) ဥဒက ပုပ္ဖုဋ္ဌော ဝိယ စ၊ ရေပြွက်ကဲ့သို့လည်းကောင်း။ (၃) ဥဒကေ၊ ရေ၌။ ဒဏ္ဍရာဇိ ဝိယ စ၊ တောင်ဝှေးဖြင့် ရေးခြစ်အပ်သော အရေးကဲ့သို့လည်းကောင်း။ (၄) အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပေါ ဝိယစ၊ မုန်ညင်းစေ့ကဲ့သို့ လည်း ကောင်း။ (၅) ဝိဇ္ဇုပ္ပါဒေါ ဝိယစ၊ လျှပ်စစ်နှယ်ရောင် ပြက်သကဲ့သို့လည်းကောင်း။ပရိတ္တဋ္ဌာယိနော ပရိတ္တဋ္ဌာယိနော-တိစ၊ တိုစွာ, တိုစွာသောကာလမျှသာ တည်ခြင်းရှိကုန်၏ဟူ၍လည်း။ ဥပဋ္ဌဟန်တ်၊ ထင်မြင်ကုန်၏။ (ပြန်စပ်)။

ဆီးနှင်းပေါက် အစရှိသော ဤဥပမာငါးပါးကိုပြခြင်းသည် မိမ်သန္တာန်၌ အတိုင်းထက်အလွန် တိုသောဖြစ်ခြင်းကို ပြခြင်းငှါ နိဒဿနဥပမာသာ ရှိသေး၏။ ထိုဥပမာတို့ နှိုင်းရည်ရာဖြစ်သော ဤ ရုပ်သခ်ါရ

တို့က သာ၍ လျင်မြင်းရှိ၏။ အဘယ်ကဲ့သို့နည်းဟူမူ—ဦးခေါင်းခြေတို့၌ သင်တုန်းစက်သွားတို့ကိုဖွဲ့၍ ရှေကျမ်း, နောက်ကျမ်း ပစ်လျက် ကစား အပ်သော ဂန္ဓဗ္ဗနတ်သားတို့အား သင်တုန်းသွား နှစ်ခုတို့ သည် တစပ်တည်းနေအောင် ဖြစ်၍သွားနိုင်သည်ထက် ယောဂီ၏ဉာဏ်ဝင်္ဂ ထင်မြင်သောရုပ်တို့ ချုပ်ခြင်းသည်သာလျင် သာ၍ လျင်မြန်၏။

ဥဿာဝဗိန္ဒုအာဒယော ပဌ ကိဉ္စာပိ ဥတ္တရုတ္တရိ အကိ-ပရိတ္ကဒ္ဒဿယိဘာဝဒဿနတ္ထं နိဒဿိတာ၊ တထာပိ တေ ဒန္ဓ-နိရောဓာ ဧဝ နိဒဿိတာ၊ တတောပိ လဟုတရနိရောဓတ္တာ သခ်ါရာနံ၊ တထာ ဟိ ဂမနသာဒါနံ ဒေဝပုတ္တာနံ ဟေဋ္ဌ-ပရိယာယေန ပရိမုခံ ဓာဝန္တာနံ သိရသိ ပါဒေစ ဗန္ဓခုရဓာရာ သန္ဓိပါတတောပိ သိယဝါရော ရူပဓမ္မာနံ နိရောဓော ဝုတ္တော။

ဝိသုဒ္ဓိ ၌- ၂၊ ၄၂၆။

ဥဿာဝဗိန္ဒုအာဒယော၊ ဆိုးနှင်းပေါက် အစရှိကုန်သော။ ပဌ၊ ငါးပါးကုန်သော ဥပမာတို့ကို။ ဥတ္တရုတ္တရိ အတိပရိတ္တဒ္ဒဿယိဘာဝ ဒဿနတ္ထံ၊ လျင်မြန်သည်ထက် အလွန်လျင်မြန်ကုန်သော, တိုသောတည်ခြင်း ရှိသောအဖြစ်ကို ပြခြင်းအကျိုးငှါ။ ကိဉ္စာပိ နိဒဿိတာ၊ အကယ်၍ပြအပ်ကုန်၏ရှင့်။ တထာပိ၊ ထိုသို့ပြအပ်ကုန်သော်လည်း။ တေ၊ ထိုဥပမာဖြင့် ပြအပ်သော ရုပ်တရားတို့သည်။ ဒန္ဓနိရောဓာ ဧဝ၊ နှေးသော ချုပ်ခြင်း တို့ကိုသာလျင်။ နိဒဿိတာ၊ ညွှန်ပြအပ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ တတောပိ၊ ထိုထက်။ သခ်ါရာနံ၊ သခ်ါရတို့၏။ လဟုတရ နိရောဓတ္တာ၊ ပေါ့သော လျင်ခြင်းရှိသည်ဖြစ်၍ ချုပ်သည်၏အဖြစ်ကြောင့် တည်း။ ကထာ ဟိ ဟတော ဧဝ၊ ထို့ကြောင့်သာသည်။ ပရိမုခံ၊ ရှေးရှု။ ဟေဋ္ဌပရိယာယေန၊ ဆောက် အကက်ပြုနိုင်သောအားဖြင့်။ ဓာဝန္တာနံ၊ ပြေးကုန်သော။ ဂမနသာဒါနံ၊ သွားခြင်းဌာ သာယာကုန်သော။ ဒေဝ-ပုတ္တာနံ၊ နတ်သားတို့၏။ သိရသိ စ၊ ဦးခေါင်းဌာလည်းကောင်း။ ပါဒေစ၊ ခြေဌာလည်းကောင်း။ ဗန္ဓ ခုရ ဓာရာ၊ ပွဲအပ်သောသင်တုန်းစက်တို့သည်။

သန္ဓိပါတတောပိ၊ ကျပ်၍ တစ်စပ်တည်းတည်သည်ထက်လည်း။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ သီဃတရော၊ သာ၏ လျင်မြန်သော၊ နိရောဓော၊ ချုပ်ခြင်းကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။

ဥပမာငါးပါးသို့ သက်၍ နေသော ရုပ်တို့၏ အသစ် အသစ် ဖြစ်၍ ဖြစ်၍ သွားသည်ကို တရိပ်ရိပ် ဥပမာ အာကာရဖြင့်မြင်သော ယောဂီအား ဤအသစ် အသစ်ဖြစ်ခြင်းကား အဟောင်း အဟောင်းချုပ်၍သာ ဖြစ်ခဲ့ရာ၏ဟု တစ်ဖန်ဖြစ်ခြင်းကို မြင်ရက ပျက်ခြင်းကို မြင်ရှာမပြန်၏။

ရူပဿ နိဗ္ဗတ္တိယာ ဒိဋ္ဌာယ တဿ ဘင်္ဂေါ ဒိဋ္ဌောယေဝ ဟောတိ။ ဝိသုဒ္ဓိ ၌-၂၊ ၄၀၄။

ရူပဿ၊ ရုပ်တရား၏။ နိဗ္ဗတ္တိယာ၊ ဖြစ်ခြင်းကို။ ဒိဋ္ဌာယ၊ မြင်အပ်သည်ရှိသော်။ တဿ၊ ထိုရုပ်တရား၏။ ဘင်္ဂေါ၊ ပျက်ခြင်းကိုလည်း။ ဒိဋ္ဌောယေဝ၊ မြင်အပ်တော၃သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ထိုသို့ ရှုပ်တို့၏ ဥပမာသို့သက်အောင်သော ကာလတိုင်တိုင်အားထုတ်သော ယောဂီအား နာမ်တရားတို့၏ ဖြစ်ပုံး ပျက်ချုပ်ဟန်ကို ဒွါရ၏ အစွမ်းဖြင့် သိရရှာတော၃လေ၏။

တသော ပရိဂ္ဂဟိတရူပဿ ဒွါရဝသေန အရူပဓမ္မာ ပါကဋာ ဟောန္တိ။ ဝိသုဒ္ဓိ ၌- ၂၊ ၂၂၃။

ဧဝံ၊ ဤသို့။ ပရိဂ္ဂဟိတရူပဿ၊ ရုပ်ကိုသိမ်းဆည်းပြီးသော။ တဿ၊ ထိုယောဂီအား။ ဒွါရဝသေန၊ ဒွါရ၏အစွမ်းဖြင့်။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ ပါကဋာ၊ တင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အထူးအားဖြင့်ကား ရုပ်တရားတို့မှာ ထင်မြင်၍ဖြစ်လျက် ထင်မြင်၍ ပျက်ရမြဲတည်း။ နာမ်တရားတို့မှာ—

(၁) အာရုံကို တွေ့ထိ၍လည်းကောင်း၊
(၂) အာရုံ၏အရသာကို ခံစား၍လည်းကောင်း၊
(၃) အာရုံကို သိ၍ လည်းကောင်း၊ ဖြစ် လျက် တွေ့ထိ၍ လည်းကောင်း၊ ခံစား၍ လည်းကောင်း၊ သိ၍လည်း ကောင်း ပျက်မြဲသာတည်း။

ရူပ်နာမ်နှစ်ပါး ခန္ဓာငါးပါး သခါရတရားတို့ကို ဤလက္ခဏာဝေတ္ထာန-ဝါရဖြင့် နေ့ရက်မျှားစွာ အခါခါသုံးသပ်၍ ဥပမာငါးပါးတို့တွင် တစ်ပါး ပါးသို့ အဒ္ဓါန, ကာလတို့ကို မသုတ်သင်ရဘဲနှင့် သက်သည်ဖြစ်စေ၊ သို့မဟုတ် နှစ်ပါးသုံးပါးစသည်သို့သက်၍ နေမှ မိမိ၏နှလုံးအိမ်၏ လက်ရှစ်သစ်အဝှန်ဌ ရပ်လျက် နေ့ရက်မျှားစွာကြည့်၍လည်းကောင်း၊ မွန်းတည့် နေဝင်, ညဥ့်ဦး, မိုးသောက်ကာလတို့ဌ ရသောအာရုံကို မလွတ်မှီ၍ လည်းကောင်း အားထုတ်ခဲ့လျင် တစ်ပါးပါးဌ ရပ်ရမြဲတည်း၊ ထိုသို့ ရပ်သော ဥပမာအာကာရကို မလွတ်စေမှီ၍ ဖြစ်ခြင်းပျက်ခြင်းတို့ကို ဥဒယ, ဝယသို့သက်၍အထက်ဝိပဿနာဉာဏ်, မဂ်ဉာဏ်သို့တိုင်အောင် အားထုတ်ရမည်။ အဘယ်သို့ ဥဒယ, ဝယသို့ သက်မည်နည်း။ ဤသို့ လက္ခဏာဝေတ္ထာနဝါရဖြင့် ရူပ်ကစ၍ ဇရာ, မရဏတိုင်တိုင်ဖြစ်စေ၊ ရူပ်နာမ် နှစ်ပါး, ခန္ဓာငါးပါးတွင်ဖြစ်စေ သမ္မသနဉာဏ်ကို အတန်တန်အားထုတ် ပြီးသော ယောဂီအား ....

၃၄—ဥဒယဝယဉာဏ်ကို ပြခြင်း

ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာ နုပဿနေ ဉာဏံ။ (ပဋိသံ၊၅၂။)

ဤသို့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ မိန့်မှာတော်မူသည်နှင့်အညီ အတိတ်, အနာဂတ်တို့ကိုမယူမူ၍ သန္တတိခဏ ပစ္စုပ္ပန်တို့အစွမ်းဖြင့် ဖြစ်ဆဲဖြစ်သော အာနာပါန ပဋိဘာဂနိမိတ်၏ အတွင်း၌ နိယကဇ္ဈတ္တ၏ အာရုံဖြစ်သော

(၆၂)ပါးသော ရူပ်အပေါင်းသည် ပစ္စုပ္ပန် မည်၏။ ထိုပစ္စုပ္ပန် ဖြစ်သော ရူပ်အပေါင်း၏ စဉ်ဖြစ်ခြင်းဟူ၍ မှတ်အပ်သော သခ်ာ၏လက္ခဏာသည် ဖြစ်ခြင်း မည်၏။ ဤ (၆၂)ပါးသော ရူပ်အပေါင်း၏ ဖောက်ပြန် ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သခ်ာ၏လက္ခဏာသည် ပျက်ခြင်း မည်၏၊အကြင်ရူပ် ဥဒယ, ဝယကို အဖန်တလဲလဲရှိသော ပညာသည် ရှိ၏၊ ထိုပညာသည် ဥဒယ, ဝယဝိပဿနာဉာဏ် မည်၏၊

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိ-ဏာမလက္ခဏံ ဝယော၊အနုပဿနာ ဉာဏံ။ ဝိသုဒ္ဓိ ၄-၂၊၂၆၅။

ဇာတံ၊ ဖြစ်ဆဲဖြစ်သော။ (ဝါ) ရအပ်သော အတ္တဘောရှိသော။ ရူပံ၊ ရူပ်အပေါင်းသည်။ ပစ္စုပ္ပန္နံ၊ ခဏပစ္စုပ္ပန်မည်၏။ တဿရူပဿ၊ ထိုခဏပစ္စုပ္ပန်ဖြစ်သော ရူပ်အပေါင်း၏။ နိဗ္ဗတ္တိလက္ခဏံ၊စဉ် ဖြစ်ခြင်းဟူ၍ မှတ်အပ်သော သခ်ာ၏ လက္ခဏာသည်။ ဥဒယော၊ ဖြစ်ခြင်းမည်၏။ ဝိပရိဏာမလက္ခဏံ၊ ရူပ်အပေါင်း၏ ဖောက်ပြန်ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သခ်ာ၏ လက္ခဏာသည်။ ဝယော၊ ပျက်စီးခြင်းမည်၏။ ယာ အနုပဿနာ၊ အကြင် ဥဒယ, ဝယကို အဖန်တလဲလဲရှုသောပညာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပညာသည်။ ဉာဏံ၊ ဥဒယ, ဝယ ဝိပဿနာဉာဏ်မည်၏။

ထိုသို့ ဥပမာတစ်ပါးပါး၏ အာကာရဖြင့် လက္ခဏဝဝတ္ထာနဌာကဲ့သို့ တစ်ဆယ့်တစ်ပါးကို ပေါင်းရုံးရှုဖြစ်ခြင်း, ပျက်ခြင်းတို့ကိုသာ သုံးသပ်အပ်၏။ ရိပ်ခနဲ, ရိပ်ခနဲ ဖြစ်စေ၊ သိမ့်ခနဲ, သိမ့်ခနဲဖြစ်စေ သန္ဓတိသန့်ရှင်းသန့်ရှင်း ပြတ်လိမ့်မည်ဟူလို။ ထိုကဲ့သို့ သိမ့်ခနဲ, သိမ့်ခနဲ နေသောအခါ အနိစ္စ, အနိစ္စဟု နေ့ရက်များစွာ အားထုတ်ရမည်၊ အကြင်ရှေ့လောက် ကာလပတ်လုံး အထက်ဝိပဿနာသို့တက်ရှု မဂ်ဉာဏ်ကို မကူးသေး၊ ထိုရှေ့လောက် ကာလပတ်လုံး ဤဥဒယ, ဝယကို မလွှတ်အပ်။ စင်စစ်မှာ

မူ သောဘာပတ္တိမဂ်ဉာဏ်ကို ကူးပြီးသော်လည်း ဖလသမာပတ်ကိုဝင်စား သော သေက္ခအား လည်းကောင်း၊ အထက်အထက် မဂ်ဉာဏ်၏ အကျိုး ၎ါ ဝိပဿနာဉာဏ်ကို အားထုတ်သော သေက္ခအားလည်းကောင်း ဤ ဥဒယ, ဝယကို မလွှတ်အပ်၊ ပဓာနနှိုး ထိုင်ပြီ ဟူလို။

(၁) နာမ်တရားတို့မှာလည်း ဤရုပ်တရားနှင့်အတူအတိတ်, အနာဂတ် တို့ကိုလွှတ်၍ ခဏ ပစ္စုပ္ပန်အစုမ်းဖြင့် ဖြစ်ဆဲဖြစ်သော အာနာ ပါန ပဋ္ဌိဘာဂနိမိတ် ၏အတွင်း၌ နိယကဋ္ဌတ္တ၏အာရုံအာရမ္မဏိ က ဖြစ်သော (၃၉) ပါးသော နာမ်အပေါင်းသည် အစိတ် အစိတ်အားဖြင့်ကား (၃၉)–တွင်

(၂) ဝေဒနာသည်–

(၃) သညာသည်–

(၄) သင်္ခါရတို့သည်–

(၅) ဝိညာဉ်သည်–

ခဏပစ္စုပ္ပန်မည်၏။ (စသည်ဖြင့်ဆို။)

ထိုပစ္စုပ္ပန်ဖြစ်သော နာမ်အပေါင်း၏ (၁) ဝေဒနာ၏။ (ပ)။ ဝိညာဉ် ၏ စဉ်ဖြစ်ခြင်းဟူ မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည် ဖြစ်ခြင်း မည်၏။ ဤ (၃၉) ပါးသော နာမ်အပေါင်း၏ (၁) ဝေဒနာ၏။ (ပ) ။ ဝိညာဉ်၏ ဖောက်ပြန်ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာ သည် ပျက်ခြင်းမည်၏။ ဒုတိယနာမ်၏ ဥဒယ, ဝယ ကို အဖန်တလဲလဲ ရှုသော ပညာသည် ရှိ၏၊ ထိုပညာသည် ဥဒယ ဝယ ဝိပဿနာဉာဏ် မည်၏။

ဇာတံ နာမံ ပစ္စုပ္ပန္နံ၊ တသ္မာ နိမ္မတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ ။နယဟာရ။

ဇဝဲတာဝေဒနာ၊ ဇာတာ သညာ၊ ဇာတာ သင်္ခါရာ၊ ဇာတံ ဝိညာဏံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမ လက္ခဏံ ဝယော၊ အဲနုပဿနာ ဉာဏံ။ ဝိသုဒ္ဓိ ၌ ၂၊၂၆၅။

[ဇရာ, မရဏ, တိုင်အောင် သွားနိုင်၏။ ဝိသုဒ္ဓိမဂ်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။ ပေယျာလနှင့်အနက်မှာ နောက်နည်းအတိုင်း မှတ်လေ။]

ဖြစ်ခြင်း, ပျက်ခြင်း, ကို အဖန်တလဲလဲရှုရှုနေသော ယောဂီသည် ဤသို့သောနည်းဖြင့် ရူပ်နာမ်တရားတို့၏ စဲ့ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတ၏ လက္ခဏာဖြစ်သော ဖြစ်ခြင်းကို အသစ်ဖြစ်သော အခြင်းအရာကို ဥဒယဟူ၍ အဖန်တလဲလဲရှု၏၊ ဖောက်ပြန်ခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာဖြစ်သော ကုန်ခြင်းကို ပျက်ခြင်းကို ဝယဟူ၍ အဖန်တလဲလဲရှု၏။ ထိုယောဂီသည် ဤသို့သော အခြင်းအရာဖြင့် သိ၏။ ဤရူပ်နာမ်၏ ဖြစ်သည်မှ ရှေးဦးမဖြစ်သေးသော အကြင်အစုမှ ဖြစ်ရာသို့ လာရာ၏။ ထိုအစုသည် လည်းကောင်း၊ ထို ဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲသည် လည်းကောင်း မရှိ။ အဘယ့်ကြောင့်နည်းဟူမူကား– မရအပ်သော အတ္တဘောဝ၏ အချင်းခပ်သိမ်း မရှိသည်၏ အဖြစ်ကြောင့်တည်း။ ဖြစ်ဆဲဖြစ်သော ရူပ်နာမ်၏လည်း စုန့်စုန့်တက်သော အစုမှ လည်းကောင်း၊ ဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲမှ လည်းကောင်း လာခြင်းသည် မရှိ။ ချုပ်ဆဲဖြစ်သော ရူပ်နာမ်၏လည်း တူရွှေထောင့် အရပ်သို့ ကပ်၍ သွားခြင်းသည် မရှိ။ ချုပ်ပြီးသော ရူပ်နာမ်၏လည်း တစ်ခုသောအရပ်၌ စုန့်စုန့်တက်သော အစုအားဖြင့် လည်းကောင်း၊ ဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲအားဖြင့် လည်းကောင်း၊ မြေ၌ မြှုပ်ထားသောအားဖြင့် လည်းကောင်း တည်ခြင်းမည်သည် မရှိရှာတော့ပြီ။

သော ဧဝံ ပဇာနာတိ ဣမဿ နာမရူပဿ ဥပ္ပတ္တိတော ပုဗ္ဗေ အနုပ္ပန္နဿ ရာသိ ဝါ နိစယောဝါ နတ္ထိ၊ ဥပ္ပဇ္ဇမာနဿာပိ ရာသိ

တော ဝါ နိစ ယတော ဝါ အာဂမနံ နာမ နတ္ထိ နိရုဇ္ဈမာနသာပိ ဒိသာဝိဒိသာ ဂမနံ နာမ နတ္ထိ၊ နိရုဒ္ဓသာပိ ကေသ္မိ ဌာနေ ရာသိ တော နိစယတော နိခာနတော အဝဋ္ဌာနံ နာမ နတ္ထိ။

ဝိသုဒ္ဓိ ၆-၂၊ ၂၆၆။

သော ယောဂီ၊ ထိုယောဂိသည်။ ဒဂ်၊ ဤသို့သော အခြင်းအရာ အားဖြင့်။ ပဇာနာတိ၊ သိ၏။ ဣမသ္မာ နာမရူပသ္မာ၊ ဤ နာမ်ရူပ်၏။ ဥပ္ပတ္တိတော၊ ဖြစ်သည်မှ။ ပုဗ္ဗေ၊ ရှေးဦး၊ အနုပ္ပန္နသ္မာ၊ မဖြစ်သေးသော။ ယတော၊ အကြင်အစုမှ။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ရာသို့။ အာဂစ္ဆယ္ယ၊ လာရာ၏၊ (ထည့်)။ သာ ရာသိ ဝါ၊ ထို စုန့်စုန့်တက်သော အစုသည် လည်းကောင်း။ သော နိစ်ယော ဝါ၊ ထို ဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲသည် လည်းကောင်း။ နတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ်ကြောင့်ကား။ အလဒ္ဓအတ္တဘာဝသ္မာ၊ မရအပ်သေးသော အတ္တဘောမှ။ သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ အဝိဇ္ဇမာနတ္တာ၊ ထင်ရှားမရှိသေးသည်၏ အဖြစ်ကြောင့်တည်း။ (ထည့်)။ ဥပ္ပဇ္ဇမာနသာပိ၊ ဖြစ်ဆဲဖြစ်သော ရူပ်နာမ်၏လည်း။ ရာသိတော ဂါ၊ စုန့်စုန့်တက်ဒသာ အစုမှလည်းကောင်း။ နိစယတော ဝါ၊ ဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲမှ လည်းကောင်း။ အာဂမနံ နာမ၊ လာခြင်းမည်သည်။ နတ္ထိ၊ မရှိ။ နိရုဇ္ဈမာနသာပိ၊ ချုပ်ဆဲဖြစ်သော ရူပ်နာမ်၏လည်း။ ဒိသာဝိဒိသာဂမနံ နာမ၊ တူရွှ အထောင့်အရပ်သို့ ကပ်ရှိသွားခြင်းသည်။ နတ္ထိ၊ မရှိ။ နိရုဒ္ဓသာပိ၊ ချုပ်ပြီးသော ရူပ်နာမ်၏လည်း။ ကေသ္မိ ဌာနေ၊ တစ်ခုသောအရပ်၌။ ရာသိတော၊ စုန့်စုန့်တက်သော အစုအားဖြင့် လည်းကောင်း။ နိစယတော၊ ဟုတ်ဟုတ်ငြားငြား အစိုင်အခဲအားဖြင့် လည်းကောင်း။ နိခာနတော၊ မြေ၌မြှုပ်ထားသောအားဖြင့် လည်းကောင်း။ အဝဋ္ဌာနံနာမ၊ တည်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

ဥပမာအားဖြင့်ကား တီးသောစောင်းမှ အသံသည် အသံဖြစ်သည်မှ ရှေးကာလ၌ အစိုင်အခဲစုဝှေ့ ရှိနှင့်သော မည်သည်မျိုးလည်း မရှိ၊ ဖြစ်ဆဲသော အသံသည် အစိုင်အခဲ စုံသော အစုမှ လာသည်လည်း မဟုတ်၊ ချုပ်ဆဲသောအသံ၏လည်း တူရှ ထောင့်စပ် အရပ်တစ်ပါးသို့ သွားခြင်းလည်း မရှိ၊ ချုပ်ပြီးသော အသံသည်လည်း ထိုထို အရပ် တစ်ပါးဌာ ပေါင်းစုမ်ိလည်း မတည်၊ စင်စစ်သော်ကား စောင်းကို လည်းကောင်း၊ သားရေလွှမ်း ကြိုးကို လည်းကောင်း၊ စောင်းတီးသောသူ၏ လုံ့လကို လည်းကောင်း၊ အကြောင်းသုံးပါးကို စွဲ၍ ရှေးကမရှိမှ၍ ယခုမှဖြစ်၏။ ယခုဖြစ်ပြီး၍လည်း အရှည်မတည် ချုပ်ပျောက်၏။

ထို့ကြောင့်—

ဧဝံ သဗ္ဗေပိ ရူပါရူပိနော ဓမ္မာ အဟုတ္ဝာ သမ္ဘောန္တိ၊ ဟုတ္ဝာ ပဋိဝေန္တိ— ဝိသုဒ္ဓိ ၃-၂၊ ၂၆၆။

ဟူသောစကားကို ၎င်းအဋ္ဌကထာရှင်တို့ မိန့်တော်မူအပ်ပေ၏။

ဧဝံ တထာ၊ ဤစောင်းသံပမာ အတူသာလျှင်။ သဗ္ဗေပိ၊ အလုံးစုံ လည်းဖြစ်ကုန်သော။ ရူပါ ရူပိနော၊ ရူပ်နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အဟုတ္ဝာ၊ ရှေးကမရှိမှ၍။ သမ္ဘောန္တိ၊ ယခုမှ ဖြစ်ကြကုန်၏။ ဟုတ္ဝာ၊ယခုဖြစ်ကုန်ပြီး၍။ ပဋိဝေန္တိ၊ အရှည်မတည် ခပ်တစ်ဖြုတ်ဖြုတ် ချုပ်ပျောက်ကြကုန်၏။ (ဤကား အကျဉ်းနည်းတည်း။)

၃၅–တစ်နည်း ဥဒယ ဝယဉာဏ်ကို အကျယ်ပြခြင်း

အစိတ် အစိတ် အကျယ်အားဖြင့် နှလုံးသွင်းလိုသော ယောဂိအား ဤအာနာပါန ပဋိဘာဂ နိယကဈာန် အာရုံအတွင်း၌ တစ်ရာ့တစ်ပါး တည်းဟူသော ရူပ်နာမ်နှစ်ပါး, ခန္ဓာငါးပါး, ဟူသော သင်္ခါရတရား တို့ကို ရူပ်အစုအားဖြင့် ရူပကွန္ဓာ (၆၂)ပါး နာမ်အစုအားဖြင့်

ဝေဒနာကွန္ဓာ (၁)ပါး၊ သညာကွန္ဓာ (၁)ပါး၊ သင်္ခါရကွန္ဓာ (၃၆)ပါး ဝိညာဏကွန္ဓာ(၁)ပါး၊ အားဖြင့် ပေါင်း ၎င်းပါး။ အပြား တစ်ရာ့ တစ်ပါးရှိ၏။

ထိုင်းပါးတိတင်—

(၁) ရှေးဘဝ၌ အဝိဇ္ဇာ၏ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ ရူပကွန္ဓာ၏ ဖြစ်ရခြင်းကို ရှု၏။

(၂) ရှေးဘဝ၌ တဏှာ၏ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ ရူပကွန္ဓာ၏ ဖြစ်ခြင်းကို ရှု၏။

(၃) ရှေးဘဝ၌ ကံ၏ ဖြစ်ပြီးခြင်းကြောင် ယခုဘဝ၌ ရူပကွန္ဓာ၏ ဖြစ်ခြင်းကို ရှု၏။ (အတိတ်အကြောင်းသုံးပါး)

(၄) ယခုဘဝ၌ အဆက်ဆက်သော ကဗဠိကာရအာဟာရ၏ ထင်ရှား ရှိသည်၏အဖြစ်ကြောင့် ရူပကွန္ဓာ၏ ဖြစ်ခြင်းကို ရှု၏။

(၅) စ၍ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ဘတလကွဏာကို ရှုသည် ဖြစ်၍လည်း ရူပကွန္ဓာ၏ ဖြစ်ခြင်းကိုရှု၏။ (ပစ္စုပ္ပန်အကြောင်း နှစ်ပါး)

ပေါင်း ရူပကွန္ဓာ၌ ဥဒယဉာဏ် ၎င်းပါး။

(၁) အရဟတ္တမဂ်ဉာဏ်ဖြင့် အဝိဇ္ဇာ၏ တစ်ဖန်မဖြစ်ပြန်ခြင်း တည်းဟူသော ချုပ်ခြင်းကြောင့် ရူပကွန္ဓာ၏ အနာဂတ်ကာလ၌ မဖြစ်ခြင်းဟူသော ချုပ်ခြင်းသည်ဖြစ်၏။ ဤသို့ အကြောင်း ချုပ်ခြင်း၏ အဖြင့်ဖြင့် ရုပ်၏ပျက်ခြင်းကို ရှု၏။

(၂) အရဟတ္တမဂ်ဉာဏ်ဖြင့် တဏှာ၏ တစ်ဖန် မဖြစ်ပြန်ခြင်း တည်းဟူသော ချုပ်ခြင်းကြောင့် ရူပကွန္ဓာ၏ အနာဂတ်ကာလ၌ မဖြစ်ခြင်း ဟူသော ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း ချုပ်ခြင်း၏ အဖြစ်ဖြင့် ရုပ်၏ပျက်ခြင်းကို ရှု၏။

(၃) အရဟတ္တမဂ်ဉာဏ်ဖြင့် ကံ၏ တစ်ဖန် မဖြစ်ပြန်ခြင်းတည်း ဟူသော ချုပ်ခြင်းကြောင့် ရူပကွန္ဓာ၏ အနာဂတ် ကာလ၌ မဖြစ်ခြင်းဟူသော ချုပ်ခြင်းသည်ဖြစ်၏။ ဤသို့ အကြောင်း ချုပ်ခြင်း၏ အဖြစ်ဖြင့် ရုပ်၏ ပျက်ခြင်းကို ရှု၏။ (အတိတ် အကြောင်း သုံးပါး)

(၄) ပစ္စုပ္ပန်အကြောင်းဖြစ်သော ကဗဠိကာဟာရ အာဟာရ၏ မရှိခြင်းကြောင့် ရူပကွန္ဓာ၏ မဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့အကြောင်း ချုပ်ခြင်း၏ အဖြစ်ဖြင့် ရုပ်၏ပျက်ခြင်းကို ရှု၏။

(၅) ရုပ်၏ ဘင်ဟု ဆိုအပ်သော ဖောက်ပြန်ခြင်းလက္ခဏာကိုရှိသော သူသည်လည်း ရုပ်၏ပျက်ခြင်းကို ရှု၏။ (ပစ္စုပ္ပန်အကြောင်း နှစ်ပါး)။

ပေါင်း ရူပကွန္ဓာ၌ ဝယဉာဏ် ငါးပါး။ ထို့အတူ-

(၁) အဝိဇ္ဇာ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ ဝေဒနာ ဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် ဝေဒနာကွန္ဓာ၏ ဖြစ်ခြင်းကို ရှု၏။

(၂) တဏှာ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ ဝေဒနာ၏ ဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် ဝေဒနာကွန္ဓာ၏ ဖြစ်ခြင်းကို ရှု၏။

(၃) ကံ၏ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ ဝေဒနာ၏ ဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် ဝေဒနာကွန္ဓာ၏ ဖြစ်ခြင်းကို ရှု၏။ (အတိတ်အကြောင်းသုံးပါး)

(၄) ယခုဘဝ၌ ဖဿ၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ဝေဒနာ၏ ဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့အကြောင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ဝေဒနာကွန္ဓာ၏ ဖြစ်ခြင်းကို ရှု၏။

(၅) စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သခ်ၢတလက္ခဏာကို ရှုသည်ဖြစ်၍ လည်း ဝေဒနာကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏။ (ပစ္စုပ္ပန်အကြောင်း နှစ်ပါး)။

ပေါင်း ဝေဒနာကွန္ဒာ၌ ဥဒယဉာဏ်ငါးပါး။

(၁) အရဟတ္တမဂ်ဉာဏ်ဖြင့် အဝိဇ္ဇာ၏ တစ်ဖန် မဖြစ်ခြင်းဟူသော ချုပ်ခြင်းကြောင့် ဝေဒနာ၏ ချုပ်ခြင်းသည် ဖြစ်၏။ ဤသို့ အနာဂတ်၌ ဝေဒနာဖြစ်ခြင်း၏ အကြောင်း၏ ချုပ်သည်၏ အဖြစ်ဖြင့် ဝေဒနာကွန္ဒာ၏ ချုပ်ခြင်းကို ရှု၏။

(၂) အရဟတ္တမဂ်ဉာဏ်ဖြင့် တဏှာ၏ တစ်ဖန် မဖြစ်ခြင်း ဟူသော ချုပ်ခြင်းကြောင့် ဝေဒနာ၏ မဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့ အနာဂတ်၌ ဝေဒနာဖြစ်ခြင်း၏ အကြောင်း၏ ချုပ်သည်၏ အဖြစ်ဖြင့် ဝေဒနာကွန္ဒာ၏ ချုပ်ခြင်းကို ရှု၏။

(၃) အရဟတ္တမဂ်ဉာဏ်ဖြင့် ကံ၏ တစ်ဖန် မဖြစ်ခြင်းဟူသော ချုပ်ခြင်းကြောင့် ဝေဒနာ၏ မဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့ အနာဂတ်၌ ဝေဒနာဖြစ်ခြင်း၏ အကြောင်း၏ ချုပ်သည်၏အဖြစ်ဖြင့် ဝေဒနာကွန္ဒာ၏ ချုပ်ခြင်းကို ရှု၏။ (အတိတ်အကြောင်း သုံးပါး။)

(၄) ပစ္စုပ္ပန်အကြောင်းဖြစ်သော ဖဿ၏မရှိခြင်းကြောင့် ဝေဒနာ၏ မရှိခြင်းသည် ဖြစ်၏။ ဤသို့ ဝေဝေဒနာဖြစ်ခြင်း၏ အကြောင်း မရှိသည်၏ အဖြစ်ဖြင့် ဝေဒနာကွန္ဒာ၏ ပျက်ခြင်းကို ရှု၏။

(၅) ဝေဒနာ၏ ဘင်ဟုဆိုအပ်သော ဖောက်ပြန်ခြင်း လက္ခဏာကို ရှုသော ယောဂိသည်လည်း ဝေဒနာကွန္ဒာ၏ ပျက်ခြင်းကို ရှု၏။ (ပစ္စုပ္ပန်အကြောင်း နှစ်ပါး။)။

ပေါင်း ဝေဒနာကွန္ဒာ၌ဝယဉာဏ် ငါးပါး။

(၁) အဝိဇ္ဇာ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ သညာ၏ ဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် သညာကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏။

(၂) တဏှာ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ သညာ၏ ဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် သညာကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏။

(၃) ကံ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ သညာ၏ ဖြစ်ခြင်းသည် ဖြစ်၏။ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် သညာကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏။ (အတိတ် အကြောင်း သုံးပါး။)

(၄) ယခုဘဝ၌ ဖဿ၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် သညာ၏ ဖြစ်ခြင်းသည်ဖြစ်၏။ ဤသို့ အကြောင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် သညာကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏။

(၅) စရှိဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတလက္ခဏာကို ရှုသည်ဖြစ် ၍လည်း သညာကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏။(ပစ္စုပ္ပန် အကြောင်း နှစ်ပါး–

ပေါင်း သညာကွန္ဒာ၌ ဥဒယဉာဏ် ငါးပါး။

(၁) အရဟတ္တမဂ်ဉာဏ်ဖြင့် အဝိဇ္ဇာ၏ ဝဋ်ဖန်မဖြစ်ခြင်း ဟူသော ချုပ်ခြင်းကြောင့် သညာ၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ အနာဂတ်၌ သညာ၏ဖြစ်ခြင်း အကြောင်း၏ ချုပ်သည်၏ အဖြစ်ဖြင့် သညာကွန္ဒာ၏ ချုပ်ခြင်းကို ရှု၏၊

(၂) အရဟတ္တ မဂ်ဉာဏ်ဖြင့် ဝဋ်ဏာ၏ တဖန် မဖြစ်ခြင်း ဟူသော ချုပ်ခြင်းကြောင့် သညာ၏ မဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အနာဂတ်၌ သညာ ဖြစ်ခြင်း၏ အကြောင်း၏ ချုပ်သည်၏ အဖြစ်ဖြင့် သညာကွန္ဒာ၏ ချုပ်ခြင်းကို ရှု၏၊

(၃) အရဟတ္တ မဝ်ဉာဏ်ဖြင့် ကံ၏တစ်ဖန် မဖြစ်ခြင်းဟူသော ချုပ်ခြင်းကြောင့် သဉ္ဇာ၏ မဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အနာဂတ်၌ သညာဖြစ်ခြင်း၏ အကြောင်း၏ ချုပ်သည်၏ အဖြစ်ဖြင့် သညာကွန္ဒာ၏ ချုပ်ခြင်းကိုရ၏။ (အတိတ် အကြောင်း သုံးပါး။)

(၄) ပစ္စုပ္ပန်အကြောင်းဖြစ်သော ဖဿ၏ မရှိခြင်းကြောင့် သညာ၏ မရှိခြင်းသည် ဖြစ်၏၊ ဤသို့ သညာဖြစ်ခြင်း၏ အကြောင်း မရှိသည်၏အဖြစ်ဖြင့် သညာကွန္ဒာ၏ ပျက်ခြင်းကို ရ၏၊

(၅) သညာ၏ ဘင်ဟု ဆိုအပ်သော ဖောက်ပြန်ခြင်း လက္ခဏာကို ရှုသော ယောဂိသည်လည်း သညာကွန္ဒာ၏ ပျက်ခြင်းကိုရ၏။ (ပစ္စုပ္ပန်အကြောင်း နှစ်ပါး–
ပေါင်း သညာကွန္ဒာ၌ ဝယဉာဏ်ငါးပါး။

(၁) အဝိဇ္ဇာ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ သင်္ခါရတို့၏ ဖြစ်ခြင်းသည်ဖြစ်၏၊ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့်သင်္ခါရကွန္ဒာတို့၏ ဖြစ်ခြင်းကို ရ၏၊

(၂) တဏှာ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ သင်္ခါရတို့၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် သင်္ခါရကွန္ဒာတို့၏ ဖြစ်ခြင်းကို ရ၏၊

(၃) ကံ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ သင်္ခါရတို့၏ ဖြစ်ခြင်းသည်ဖြစ်၏၊ ဤသို့အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် သင်္ခါရကွန္ဒာတို့၏ဖြစ်ခြင်းကို ရ၏။(အတိတ်အကြောင်းသုံးပါး)

(၄) ယခုဘဝ၌ ဖဿ၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် သင်္ခါရတို့၏ ဖြစ်ခြင်းသည်ဖြစ်၏၊ ဤသို့ အကြောင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် သင်္ခါရကွန္ဒာတို့၏ ဖြစ်ခြင်းကို ရ၏၊

(၅) စ၍ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတ လက္ခဏာကို ရှုသည် ဖြစ်၍လည်း သင်္ခါရကွန္ဒာတို့၏ ဖြစ်ခြင်းကို ရှု၏။ (ပစ္စုပ္ပန် အကြောင်း နှစ်ပါး)–

ပေါင်း သင်္ခါရကွန္ဒာ၌ ဥဒယဉာဏ်ငါးပါး။

(၁) အရဟတ္တမဂ်ဉာဏ်ဖြင့် အဝိဇ္ဇာ၏ တဖန်မဖြစ်ခြင်း ဟူသော ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ အနာဂတ်၌ သင်္ခါရတို့၏ ဖြစ်ခြင်းတို့၏ အကြောင်း၏ချုပ်သည် ၏ အဖြစ်ဖြင့် သင်္ခါရကွန္ဒာတို့၏ ချုပ်ခြင်းကို ရှု၏၊

(၂) အရဟတ္တ မဂ်ဉာဏ်ဖြင့် တဏှာ၏ တဖန် မဖြစ်ခြင်း ဟူသော ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ မဖြစ်ခြင်းသည်ဖြစ်၏၊ ဤသို့ အနာဂါတ်၌သင်္ခါရတို့၏ ဖြစ်ခြင်းတို့၏ အကြောင်း၏ ချုပ်သည် ၏ အဖြစ်ဖြင့် သင်္ခါရကွန္ဒာတို့၏ ချုပ်ခြင်းကို ရှု၏၊

(၃) အရဟတ္တမဂ်ဉာဏ်ဖြင့် ကံ၏ တဖန် မဖြစ်ခြင်းဟူသောချုပ်ခြင်း ကြောင့် သင်္ခါရတို့၏ မဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့အနာဂတ် ၌ သင်္ခါရတို့၏ ဖြစ်ခြင်းတို့၏ အကြောင်း၏ ချုပ်သည်၏ အဖြစ်ဖြင့် သင်္ခါရကွန္ဒာတို့၏ ချုပ်ခြင်းကို ရှု၏။ (အတိတ် အကြောင်း သုံးပါး)

(၄) ပစ္စုပ္ပန်အကြောင်းဖြစ်သော ဖဿ၏ မရှိခြင်းကြောင့် သင်္ခါရ တို့၏ မရှိခြင်းသည် ဖြစ်၏၊ ဤသို့ သင်္ခါရတို့၏ အကြောင်း မရှိသည်၏ အဖြစ်ဖြင့် သင်္ခါရကွန္ဒာတို့၏ ပျက်ခြင်းကိုရှု၏၊

(၅) သင်္ခါရကွန္ဒာတို့၏ ဘင်ဟု ဆိုအပ်သော ဖောက်ပြန်ခြင်း လက္ခဏာကို ရှုသော ယောဂီ သည်လည်း သင်္ခါရကွန္ဒာတို့၏ ပျက်ခြင်းကို ရှု၏၊ (ပစ္စုပ္ပန်အကြောင်း နှစ်ပါး)–

ပေါင်း သင်္ခါရကွန္ဒာ၌ ဝယဉာဏ် ငါးပါး။

(၁) အဝိဇ္ဇာ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် အခုဘဝ၌ဝိညာဉ်၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် ဝိညာဏကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏၊

(၂) တဏှာ၏ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ ဝိညာဉ်၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် ဝိညာဏကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏၊

(၃) ကံ၏ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ယခုဘဝ၌ ဝိညာဉ်၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ဤသို့ အကြောင်း၏ ဖြစ်ပြီးခြင်းကြောင့် ဝိညာဏကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏။(အတိတ်အကြောင်းသုံးပါး)

(၄) ယခုဘဝ၌ နာမ်ရูပ်၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ဝိညာဉ်၏ဖြစ်ခြင်းသည်ဖြစ်၏၊ ဤသို့ အကြောင်း၏ ထင်ရှားရှိသည်၏အဖြစ်ကြောင့် ဝိညာဏကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏၊

(၅) စဋ္ဌ ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ဘာလကွဏာကို ရှုသည် ဖြစ်၍လည်း ဝိညာဏကွန္ဒာ၏ ဖြစ်ခြင်းကို ရှု၏။ (ပစ္စုပ္ပန် အကြောင်း နှစ်ပါး)

ပေါင်း ဝိညာဏကွန္ဒာ၌ ဥဒယဉာဏ်ငါးပါး။

(၁) အရဟတ္တမဂ်ဉာဏ်ဖြင့် အဝိဇ္ဇာ၏ တစ်ဖန်မဖြစ်ခြင်း ဟူသော ချုပ်ခြင်းကြောင့် ဝိညာဉ်၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ အနာဂတ်၌ ဝိညာဉ် ဖြစ်ခြင်း၏ အကြောင်း၏ ချုပ်သည်၏ အဖြစ်ဖြင့် ဝိညာဏကွန္ဒာ၏ ချုပ်ခြင်းကို ရှု၏၊

(၂) အရဟတ္တမဂ်ဉာဏ်ဖြင့် တဏှာ၏ တစ်ဖန်မဖြစ်ခြင်း ဟူသော ချုပ်ခြင်းကြောင့် ဝိညာဉ်၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ အနာဂတ်၌ ဝိညာဉ် ဖြစ်ခြင်း၏ အကြောင်း၏ ချုပ်သည်၏ အဖြစ်ဖြင့် ဝိညာဏကွန္ဒာ၏ ချုပ်ခြင်းကို ရှု၏၊

(၃) အရဟတ္တမဂ်ဉာဏ်ဖြင့် ကံ၏ တစ်ဖန် မဖြစ်ခြင်းဟူသော ချုပ်ခြင်းကြောင့် ဝိညာဉ်၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဤသို့ အနာဂတ်၌ ဝိညာဉ်ဖြစ်ခြင်း၏ အကြောင်း၏ ချုပ်သည်၏ အဖြစ်ဖြင့် ဝိညာဏာဟာရ၏ ချုပ်ခြင်းကို ရှု၏။ (အတိတ် အကြောင်း သုံးပါး)

(၄) ပစ္စုပ္ပန် အကြောင်းဖြစ်သော နာမ်ရုပ်၏ မရှိခြင်းကြောင့် ဝိညာဉ်၏ မရှိခြင်းသည် ဖြစ်၏၊ ဤသို့ အနာဂတ်အကြောင်း မရှိသည်၏ အဖြစ်ဖြင့် ဝိညာဏာဟာရ၏ ပျက်ခြင်းကို ရှု၏၊

(၅) ဝိညာဏာဟာရ၏ ဘင်ဟု ဆိုအပ်သော ဖောက်ပြန်ခြင်း လက္ခဏာကို ရှုသော ယောဂီသည်လည်း ဝိညာဏာဟာရ၏ ပျက်ခြင်းကို ရှု၏။ (ပစ္စုပ္ပန် အကြောင်း နှစ်ပါး)–

ပေါင်း ဝိညာဏာဟာရ၌ ဝယဉာဏ် ငါးပါး။

ရူပဟာရ၌ ပေါင်းဥဒယဉာဏ်ငါးပါး,ဝယဉာဏ်ငါးပါး။
ဝေဒနာဟာရ၌ ပေါင်း ဥဒယဉာဏ်ငါးပါး,ဝယဉာဏ်ငါးပါး။
သညာဟာရ၌ ပေါင်း ဥဒယဉာဏ်ငါးပါး, ဝယဉာဏ်ငါးပါး။
သင်္ခါရဟာရ၌ ပေါင်း ဥဒယဉာဏ်ငါးပါး-ဝယဉာဏ်ငါးပါး။
ဝိညာဏာဟာရ၌ပေါင်း ဥဒယဉာဏ်ငါးပါး,ဝယဉာဏ်ငါးပါး။

ဤသို့အားဖြင့် ငါးဆယ်သော ဥဒယဗ္ဗယဉာဏ်တို့ကို အစိတ်စိတ်အားဖြင့် ရှု၍ ဆင်ခြင်အပ်၏။

မာတိကာကား

(၁) အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊
(၂) တဏှာသမုဒယာ ရူပသမုဒယော၊
(၃) ကမ္မသမုဒယာ ရူပသမုဒယော၊

(၄) အာဟာရ သမုဒယာ ရူပသမုဒယော၊ (နိုဗ္ဗတ္တိ လက္ခဏံ)

(၅) အဝိဇ္ဇာနိရောဓာ ရူပနိရောဓော၊

(၂) တဏှာနိရောဓာ ရူပနိရောဓော၊

(၃) ကမ္မနိရောဓာ ရူပနိရောဓော၊

(၄) အာဟာရ နိရောဓာ ရူပနိရောဓော၊ (ဝိပရိဏာမလက္ခဏံ) (ရူပက္ခန္ဓာဖို့)

(၁) အဝိဇ္ဇာသမုဒယာ ဝေဒနာသမုဒယော၊

(၂) တဏှာသမုဒယာ ဝေဒနာသမုဒယော၊

(၃) ကမ္မသမုဒယာ ဝေဒနာသမုဒယော၊

(၄) ဖဿသမုဒယာ ဝေဒနာသမုဒယော၊ (နိုဗ္ဗတ္တိလက္ခဏံ)

(၁) အဝိဇ္ဇာနိရောဓာ ဝေဒနာနိရောဓော၊

(၂) တဏှာနိရောဓာ ဝေဒနာနိရောဓော၊

(၃) ကမ္မနိရောဓာ ဝေဒနာနိရောဓော၊

(၄) ဖဿနိရောဓာ ဝေဒနာနိရောဓော၊ (ဝိပရိဏာမလက္ခဏံ) (ဝေဒနာက္ခန္ဓာဖို့)။

(၁) အဝိဇ္ဇာသမုဒယာ သညာသမုဒယော၊

(၂) တဏှာသမုဒယာ သညာသမုဒယော၊

(၃) ကမ္မသမုဒယာ သညာသမုဒယော၊

(၄) ဖဿသမုဒယာ သညာသမုဒယော၊ (နိုဗ္ဗတ္တိလက္ခဏံ)

(၁) အဝိဇ္ဇာနိရောဓာ သညာနိရောဓော၊
(၂) တဏှာနိရောဓာ သညာနိရောဓော၊
(၃) ကမ္မနိရောဓာ သညာနိရောဓော၊
(၄) ဖဿနိရောဓာ သညာနိရောဓော၊ (ဝိပရိဏာမလက္ခဏံ။)
(သညာကွန္ဒာဖို့။)
(၁) အဝိဇ္ဇာသမုဒယာ သခ်ါရသမုဒယော၊
(၂) တဏှာသမုဒယာ သခ်ါရသမုဒယော၊
(၃) ကမ္မသမုဒယာ သခ်ါရသမုဒယော၊
(၄) ဖဿသမုဒယာ သခ်ါရသမုဒယော၊ (နိဗ္ဗတ္တိလက္ခဏံ။)
(၁) အဝိဇ္ဇာနိရောဓာ သခ်ါရနိရောဓော၊
(၂) တဏှာနိရောဓာ သခ်ါရနိရောဓော၊
(၃) ကမ္မနိရောဓာ သခ်ါရနိရောဓော၊
(၄) ဖဿနိရောဓာ သခ်ါရနိရောဓော၊ (ဝိပရိဏာမလက္ခဏံ။)
(သခ်ါရကွန္ဒာဖို့။)
(၁) အဝိဇ္ဇာသမုဒယာ ဝိညာဏသမုဒယော၊
(၂) တဏှာသမုဒယာ ဝိညာဏသမုဒယော၊
(၃) ကမ္မသမုဒယာ ဝိညာဏသမုဒယော၊
(၄) နာမရူပ သမုဒယာ ဝိညာဏသမုဒယော၊ (နိဗ္ဗတ္တိလက္ခဏံ။)
(၁) အဝိဇ္ဇာနိရောဓာ ဝိညာဏနိရောဓော၊
(၂) တဏှာနိရောဓာ ဝိညာဏနိရောဓော၊
(၃) ကမ္မနိရောဓာ ဝိညာဏနိရောဓော၊
(၄) နာမရူပနိရောဓာ ဝိညာဏနိရောဓော၊ (ဝိပရိဏာမလက္ခဏံ။)
(ဝိညာဏ်ကွန္ဒာဖို့။)
(အကျယ်ကိုလိုပါမူ ပဋ္ဌာန်သမ္ဘိဒါမဂ်မှာ ယူပါလေ။)

ဤသို့ ဥပမာငါးပါးတို့တွင် တစ်ပါးပါးဖြင့် ထင်မြင်အောင် ရှုလျက် အစိတ်စိတ်အားဖြင့် ပြခဲ့ပြီးသော အမျှငါးဆယ်သော လက္ခဏာတို့ကို ထိုးထွင်း၍တည်သော ယောဂီသည် ရှေးဦးစွာသော တရားဥဒယဗ္ဗယ ဝိပဿနာဉာဏ်ကို ရလေ၏။

ဣမိနာ အာကာရေန သမပညာသ လက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဌိတံ ဥဒယဗ္ဗယာနုပဿနံ နာမ ပဌမံ တရုဏဝိပဿနာ ဉာဏံ အဓိဂတံ ဟောတိ။ ဝိသုဒ္ဓိ ၌-၂၊၂၆၉၊

ဣမိနာအာကာရေန၊ဤသို့ ဆိုအပ်ပြီးသော အပြားရှိသော ဥဒယ, ဝယ, ကို ပစ္စက္ခပြုသော အခြင်းအရာအားဖြင့်။ သမပညာသလက္ခဏာနိ၊ အမျှငါးဆယ်သော လက္ခဏာတို့ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်း၍။ ဌိတံ၊ တည်သော။ ဥဒယဗ္ဗယာနုပဿနံ နာမ၊ ဥဒယဗ္ဗယာနုပဿနာမည်သော။ ပဌမံ၊ ရှေးဦးစွာသော။ တရုဏ ဝိပဿနာ ဉာဏံ၊ နုသော ဝိပဿနာ ဉာဏ်ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ဖြစ်၏။ ။

၃၆–အနိစ္စလက္ခဏာကို မြင်က ကြင်းသောလက္ခဏာတို့ကို မြင်နိုင်ခြင်း

ဤသို့ ဥပမာ ငါးပါးတို့တွင် တစ်ပါးပါးသို့ သက်စေလျက် အကျဉ်းအားဖြင့်လည်းကောင်း၊ အကျယ်အားဖြင့်လည်းကောင်း ရုပ်နာမ်နှစ်ပါးတို့ကို အနိစ္စလက္ခဏာဖြင့် သုံးသပ်ဆင်ခြင်သော ယောဂီသည် ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့သည် မိမိမိမိတို့သဘောအားဖြင့် အလိုလို ထင်လာ မြင်လာရတော့၏။

ယေတသု ဟိ တီသု လက္ခဏေသု ကေသွိ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေव ဟောတိ။ အံ ၌-၃၊၂၅၈။

အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ။
အံ ၃၊၁၆၉။

ဟိ၊ ထိုစကား၊ သင့်စ္ဓ။ တီသု၊ သုံးပါးကုန်သော။ ဧတေသု လက္ခ-ဏေသု၊ ထိုလက္ခဏာရေးတရားတို့တွင်။ ကေသို့၊ တစ်ခုသော အနိစ္စ လက္ခဏာကို။ ဒိဋ္ဌေ၊ မြင်အပ်သည်ရှိသော်။ ဣတရဒွယံ၊ ဤမှတပါးသော ဒုက္ခ အနတ္တ လက္ခဏာနှစ်ပါးကို။ ဒိဋ္ဌမေဝ၊ မြင်အပ်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ [အဋ္ဌကထာအနက်။]

မေယျိယ၊ ချစ်သား မေယ်ယ။ အနိစ္စသည်နော်၊ အနိစ္စသည်ကို ကောင်းစွာ သိမြင်သောသူအား။ အနတ္တသည်၊ အနတ္တသည်သည်။ သဏ္ဌာတိ၊ ကောင်းစွာ ဟည်လာ၏။ [သုတ်အနက်။]

ထိုသို့ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့ကို အနိစ္စအဖြစ်ဖြင့် ထင်မြင်အောင် စီးဖြန်းအားထုတ်သော ယောဂီသည် ဒုက္ခလက္ခဏာကို အဘယ်သို့ ထင်မြင်လာသနည်း။ ပြခဲ့ပြီးသော ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် ဂါ၏သန္ဓာန်ဝယ် အရှိန်မစဲ တသဲသဲဖြစ်ခြင်းတည်းဟူသော ဘေး၊ ပျက်ခြင်းတည်းဟူသော ဘေး၊ (၀၊)ဖြစ်ခြင်းဖြင့် နှိပ်စက်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်ခြင်းဟူသော ဘေးကို ဆောင်တတ်ချေ၏ဟု ဖြစ်ခြင်း ပျက်ခြင်းဌ ဒုက္ခဒုက္ခဝယ် ရပ်လျက် သင်္ခါရတရားတို့၏ ဖြစ်ပွားပျက်ချုပ်ဟန်ကို အဖန်ဖန်တောင့်တ၍ မရခြင်းတည်းဟူသော သင်္ခါရဒုက္ခ၊ တောင့်တစဉ် ဆဲဆဲဝယ် တသဲသဲ တလိပ်လိပ် တရိပ်ရိပ် နှိပ်စက်၍ ဖောက်ပြန်အပ်သော ဝိပရိဏာမ ဒုက္ခတည်းဟူသော ဒုက္ခဘေးကြီး သုံးတန်ကို နှစ်တန်နှစ်ဘန်သော ဘယာဝဟပဋ္ဌိပီဠနသဘောရှိခြင်း ကြောင့် ကောင်းစွာ ဒုက္ခ, ဒုက္ခ, ဟု ရှုအပ်၏။

၃၇–ဒုက္ခလက္ခဏာကို ပြခြင်း

သဗ္ဗမေဝ စ တံ ဒုက္ခံ ဘယဋ္ဌေန၊ ဘယဋ္ဌေနာတိ သပ္ပဋိဘယ တာယ၊ ယဉ္စိ အနိစ္စံ, တံ ဘယာ၀ဟံ ဟောတိ။

ဝိသုဒ္ဓိ ၂-၂၄၅။

ဗုဒ္ဓဝစနံ သမ္ပဋိပီဠနဋ္ဌေန ဒုက္ခာ။ ။အံဋ္ဌ- ၂-၂၄၂။

ယောဂိဝါမ္ဂ ၁၇—ဟ-မ-သ-ဃ

စ၊ ထိုမှတစ်ပါး။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ တံ ကော. ဒသဝိဓမ္မိရှုပ်၊ ထိုတစ်ဆယ်တစ်ပါးသော ရုပ်သည်။ (၀၊) တစ်ဆယ့်တစ်ပါးသော အခြင်းအရာဖြင့် သိမ်းဆည်းအပ်သော ရုပ်အပေါင်းသည်။ (၀၊) တစ်ဆယ့်တစ်ပါးသော အခြင်းအရာဖြင့် သိမ်းဆည်းအပ်သော နာမ်အပေါင်းသည်။ ဘယဉ္စေန၊ ကြောက်အပ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ [ငါသည် ပျက်စီးတော့အုံ့။ ငါ၏ဥစ္စာသည် ပျက်စီးတော့အုံ့၊ ရုပ်နာမ်သည် ပျက်စီးတော့အုံ့၊ ရုပ်နာမ်၏ ဥစ္စာဟုဆင်မှတ်သော ဝိပလ္လာသကို မပယ်နိုင်သောကြောင့် ရုပ်နာမ်ဟုမထင်မှု၍ ငါ့ကိုယ်, ငါ့သား, ငါ့မယား အစရှိသည့် ပျက်စီးတော့အုံ့ဟု သဘောရှိသည်ဟူလို၊ ဠီကာ။] ဒုက္ခံ၊ ဒုက္ခမည်၏။ ဣတိ၊ ဤသို့။ သမ္မသတိ၊ သုံးသပ်၏။ ဘယဉ္စေနာတိ၊ ဘယဉ္စေနဟူသည်ကား။ သပ္ပဋိဘယတာယ၊ ကြောက်အပ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ ဟိ သစ္စံ၊ မှန်၏။ ယံ ရူပံ၊ အကြင်ရုပ်သည်။ (၀၊) အကြင်နာမ်သည်။ အနိစ္စံ၊ မမြဲသောသဘောရှိ၏။ တံ ရူပံ၊ ထိုရုပ်သည်။ (၀၊) ထိုနာမ်သည်။ ဘယာဝဟံ၊ ဘေးကိုဆောင်တတ်သည်။ ဟောတိ၊ ဖြစ်၏။

ဒုက္ခာတိ၊ ဒုက္ခဟူသည်ကား။ သမ္ပဋိပီဠနဋ္ဌေန၊ ဘေးဘျမ်းနှင့်တကွ အကြိမ်ကြိမ် အဖန်ဖန် ဒုတန်တန် ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်အပ်သည်အဖြစ်ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။

တစ်နည်းကား။ ထိုရုပ်နာမ် နှစ်ပါး သာ၏ရတရားတို့သည် ပရမတ္ထအားဖြင့် ထင်ရှားဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည့် အနက်ကြောင့် အနိစ္စမည်ရုံသာ မဟုတ်သေး–

(၁) ကစ်ခုတစ်ခုသော နိယကဗျတ္တအာရုံအတွင်း၌ ရအပ်ရောက်အပ်သော ဖြစ်ခြင်းဟူသော ဥပါဒ်၊ ပျက်မြင်းဟူသော ဘင် အားဖြင့် လည်းကောင်း၊

(၂) မပြတ်မလပ် ထပ်၍ထပ်၍ ဖောက်ပြန်တတ်သောအားဖြင့် လည်းကောင်း၊

(၃) တစ်မှုဟူတွေ့ တစ်ခဏ အခိုက်အတန့်မျှ တည်သော အားဖြင့် လည်းကောင်း၊

(၄) မြဲသော သဘောဘရား၏ ဆန့်ကျင်ဖက်အားဖြင့် -လည်း ကောင်း-

ဤသို့ လေးပါးသော အကြောင်းတို့ဖြင့် ရုပ်နာမ်တရားတို့၏ အနိစ္စတို့ကို သိအပ်၏။

စိုးရိမ်ရခြင်းဖြစ်ပြီး၍ ဌိသို့ရောက်ခြင်း၊ ဌိသို့ရောက်ပြီး၍ ပျက်ရခြင်း တည်းဟူသော -

(၁) ဘင်သို့ ရောက်ခြင်းအားဖြင့် မပြတ်မလပ် ထပ်၍ထပ်၍ နှိပ်စက် တတ်သော အားဖြင့်လည်းကောင်း၊

(၂) ယောဂီပုဂ္ဂိုလ်အား မဖြစ်လိုဘဲလျက် ဖြစ်ရခြင်းဟူသော ငြိုငြင်စွာ သည်းခံနိုင်ခဲသောအားဖြင့်လည်းကောင်း၊

(၃) တေဘူမကဓာတ်ဖြစ်၍ ဒုက္ခမှုမလွတ်နိုင်သေးရကား ဒုက္ခ၏ အကြောင်းအားဖြင့်လည်းကောင်း၊

(၄) ချမ်းသာခြင်း၏ ဆန့်ကျင်ဖက် ဒုက္ခအားဖြင့်လည်းကောင်း- ဤသို့ လေးပါးသော အကြောင်းတို့ဖြင့် ဒုက္ခကို ရှုအပ်၏။

အပရေဟိ ပိ စတူဟိ ကာရဏေဟိ အနိစ္စံ ဥပ္ပါဒဝယဝန္တတော ဝိပရိဏာမတော တာဝကာလိကတော နိစ္စပဋိပက္ခတောတိ၊ တဒေဝ သပ္ပဋိဘယဋ္ဌေန ဒုက္ခံ၊ ယသ္မာ ဝါ ဧတေ ဥပ္ပဇ္ဇနံ ဌိတိံ ပါပုဏာတိ၊ ဌိတိယံ ဇရာယ ကိလမတိ၊ ဇရံပတ္တာ အဝဿံ ဘိဇ္ဇတိ၊ တသ္မာ အဘိဏှ သပ္ပဋိဘယဋ္ဌေနတော ဒုက္ခမတော ဒုက္ခ-ဝတ္ထုတော သုခပဋိပက္ခတောတိ ဣမေဟိ စတူဟိ ကာရဏေဟိ ဒုက္ခံ။ ။အဘိဓ-၂၊၄၅။

အပရေဟိ၊ တစ်ပါးကုန်သော (ကာရဏေဟိ ၌ ဝိသေသန စပ်။) ဥပ္ပါဒ ဝယဝန္တတော စ၊ ဥပါဒ်,ဘင် လျှင် အဆုံးရှိသောအားဖြင့် လည်းကောင်း။ ဝိပရိဏာမတော စ၊ ဖောက်ပြန်တတ်သောအားဖြင့် လည်းကောင်း။ တာဝကာလိကတော စ၊ အခိုက်အတန့်အားဖြင့်လည်းကောင်း။ နိစ္စပဋိပက္ခတော စ၊ နိစ္စ၏ဆန့်ကျင်ဖက်အားဖြင့် လည်းကောင်း။ ဣတိ ဣမေဟိ စတူဟိ ကာရဏေဟိ၊ ဤလေးပါးသော အကြောင်းတို့ဖြင့်။ နာမရူပံ၊ နာမ်ရူပ်သည်။ အနိစ္စံ၊ အနိစ္စမည်၏။ တဒေဝ၊ ထိုနာမ်ရူပ်သည်လျှင်။ သပ္ပဋိပီဠနဋ္ဌေန၊ မပြတ်နှိပ်စက်ခြင်း အနက်ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ (၀၊) တစ်နည်းကား။ ယသ္မာ၊ အကြင်ကြောင့်။ ဥပ္ပန္နံ၊ ဖြစ်ပြီးသော။ ဧတံ၊ ထိုနာမ်ရူပ်သည်။ ဌိတိ ံ၊ ဌိသို့။ ပါပုဏာတိ၊ ရောက်၏။ ဌိတိယံ၊ ဌိ၌။ ဥပ္ပန္နံ၊ ဖြစ်ပြီးသော။ ဧတံ၊ ထိုနာမ်ရူပ်သည်။ ဇရာယ၊ ဇရာဖြင့်။ ကိလမတိ၊ ပင်ပန်း၏။ ဇရံ၊ ဇရာသို့။ ပတ္တာ၊ ရောက်၍။ အဝယံ၊ မချုတ်။ ဘိဇ္ဇတိ၊ ပျက်၏။ တသ္မာ၊ ထို့ကြောင့်။ အဘိဏှ-သပ္ပဋိပီဠနတော စ၊ မပြတ်နှိပ်စက်တတ်သော အားဖြင့်လည်းကောင်း။ ဒုက္ခမတော စ၊ သည်းခံနိုင်ခဲသော အားဖြင့်လည်းကောင်း။ ဒုက္ခဝတ္ထုတော စ၊ ဒုက္ခ၏ အကြောင်းအားဖြင့်လည်းကောင်း။ သုခ ပဋိပက္ခတော စ၊ သုခ၏ ဆန့်ကျင်ဖက်အားဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ကာရဏေဟိပိ၊ ဤအကြောင်းတို့ဖြင့်လည်း။ ဒုက္ခံ၊ ဒုက္ခမည်၏။

ရူပ်နာမ်ဓမ္မသခါရတို့၏ အနိစ္စ, ဒုက္ခတို့၏ ဖြစ်ဟန်ကို အတန့်တန်သော ဒေသနာ အဖြာဖြာသော သုတ်တို့ဖြင့် ထုတ်ဖော်၍ ရှင်တော်ဘုရား ဟောကြားတော်မူခြင်းသည် စင်စစ် အနတ္တလက္ခဏာကို သိစေတော်မူလို သောကြောင့် ဟောတော်မူပေ၏။ ထိုစကားသင့်စ၊ "စက္ခု အတ္တာ" တိ ယော ဝဒေယျ၊ ဟံ နုပပဇ္ဇတိ စက္ခုဿ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ–အစရှိသော ဆဆက္ကသုတ် ပါဠိတော်တို့၌ အနိစ္စလက္ခဏာ၏ အစွမ်းအားဖြင့် အနတ္တလက္ခဏာကို ကောင်းစွာ ပြတော်မူပေ၏။

"ရူပဠု ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယ္ယ" အစရှိသော အနတ္တလက္ခဏသုတ်ပါဠိတော်၌ ဒုက္ခလက္ခဏာ၏ အစွမ်းအားဖြင့် အနတ္တလက္ခဏာကို ကောင်းစွာ ပြတော်မူပေ၏။ "ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ, တံ ဒုက္ခံ၊ ယံဒုက္ခံ, တဒနတ္တာ၊ ယဒနတ္တာ, တံ နေတံ မမ, နေသော ဟမသ္မိ, န မေသော အတ္တာတိ ဧवमेတं ယထာ-ဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ" အစရှိသော အရဟတ္တသုတ်ပါဠိတော်တို့၌ အနိစ္စ, ဒုက္ခ လက္ခဏာနှစ်ပါးတို့၏ အစွမ်းအားဖြင့် အနတ္တလက္ခဏာကို ကောင်းစွာ ပြတော်မူပေ၏။

၃၇-အနတ္တလက္ခဏာကို ပြခြင်း

ဤအာနာပါနဒေသနာတော်၌လည်း အနိစ္စ, ဒုက္ခ, လက္ခဏာတို့၏ အစွမ်းအားဖြင့် အနတ္တလက္ခဏာကို ကောင်းစွာ ပြတော်မူပေ၏၊ ထို အနတ္တ လက္ခဏာသည် လူသာမာန်တို့၏ ဉာဏ်ဝယ် မထင်ရှားနိုင်၊ အမိုက်အတိသာဖြစ်၏၊ ထင်ရှားစွာ မဖြစ်၊ ထိုးထွင်းမြင်သိနိုင်ခဲ၏၊ ပြန့်နှံ့ခဲ၏၊ ပညတ်ခြင်းငှါ တတ်နိုင်ခဲ၏၊ အနိစ္စ, ဒုက္ခ လက္ခဏာ တို့သည်မူကား ဘုရားရှင်တို့သည် ဖြစ်ကုန်သော်လည်းကောင်း၊ မဖြစ်ကုန်သော် လည်းကောင်း၊ သရဘင်္ဂအစရှိသော သုခမိန်ကြီးတို့သည် ဟောကြားပညတ်ခြင်းငှါ စွမ်းနိုင်ကုန်၏၊ အနတ္တလက္ခဏာကိုကား ဟောကြားခြင်းငှါ မစွမ်းနိုင်ကုန်။ ထိုအနတ္တလက္ခဏာသည် ဘုရားဖြစ်တော်မူခြင်းမှကြဉ်၍ မထင်နိုင်၊ ဘုရားဖြစ်တော်မူသောအခါ၌သာလျှင် အနိစ္စ, ဒုက္ခ လက္ခဏာတို့၏ အစွမ်းအားဖြင့် အနတ္တလက္ခဏာကို ကောင်းစွာ ပြတော်မူပေရကား အနတ္တလက္ခဏာသည် ထင်ရှားဖြစ်ပေ၏။

အနတ္တလက္ခဏံ အပါကဋံ အန္ဓကာရံ အဝိဘူတံ ဒုပ္ပဋိဝေဓံ ဒုဒ္ဒိပနံ ဒုပ္ပညာပနံ၊ အနိစ္စ ဒုက္ခ လက္ခဏာနိ ဥပ္ပါဒါ ဝါ တထာ-ဂတာနံ အနုပ္ပါဒါ ဝါ ပညာယန္တိ၊ အနတ္တလ ဒ္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ နပညာယတိ၊ ဗုဒ္ဓုပ္ပါဒေယေဝ ပညာယတိ။ အဘိဓ-၂၊ ၄၆၊

အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ အပါကဋ်၊ မထင်။ အနွဲကာရံ၊ အမိုက်တိုက်ဖြစ်၏။ အဝိဘူတ၊ ထင်ရှားစွာ မဖြင်။ ဒုပ္ပဋိဝိဇ္ဇံ၊ ထိုးထွင်း၍ သိခြင်းငှါ တတ်နိုင်ခဲ၏။ ဒုဒ္ဒိပနံ၊ ပြုနိုင်ခဲ၏။ ဒုပ္ပညာပနံ၊ ပညတ်ခြင်းငှါ တတ်နိုင်ခဲ၏။ အနိစ္စ, ဒုက္ခ လက္ခဏာနိ၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ တို့သည်။ တထာဂတာနံ၊ ဘုရားရှင်တို့သည်။ ဥပ္ပါဒါ၀ါ၊ ဖြစ်ကုန်သော်လည်းကောင်း။ အနုပ္ပါဒါ၀ါ၊မဖြစ်ကုန်သော်လည်းကောင်း။ ပညာယန္တိ၊ ထင်ကုန်၏။ အနတ္တလက္ခဏံ၊ အနတ္တ လက္ခဏာသည်။ ဗုဒ္ဓုပ္ပါဒါ၊ ဘုရားဖြစ်သည်မှ။ ဝိနာ၊ ကြဉ်၍။ နပညာယတိ၊ မထင်။ ဗုဒ္ဓုပ္ပါဒေယေ၀၊ ဘုရားဖြစ်သောအခါ၌သာလျှင်။ ပညာယတိ၊ ထင်၏။

ထို့ကြောင့် လွန်စွာထင်နိုင်ခဲသော အနတ္တလက္ခဏာကို ထိုးထွင်း၍ သိတော်မူနိုင်ကြရန် ဤသို့ မူတ်အပ်၏။ အနိစ္စ, ဒုက္ခ လက္ခဏာတို့ဖြင့် ကောင်းစွာ သိမြင်အပ်သော အဿာသပဿာသ ပဋိဘာဂ၏ အာရုံ၌ တရိပ်ရိပ်ပျက်စီးခြင်း၊ မပြတ် နှိပ်စက်ခြင်းဖြင့် အရှိန်မစဲ တစ်သဲသဲ ဖြစ်ပျက်၍နေသော ရုပ်နာမ်ဓမ္မ သခါရတရားအပေါင်းတို့သည် ဖြစ်၍ လည်းကောင်း ပျက်ခဲ့၏။ ပျက်၍လည်းကောင်း အသစ် ဖြစ်ပြန်ခဲ့၏။ ထိုသို့ ဖြစ်ပျက်သောကြောင့် ကိုယ်ဟူ၍ စဲ့လမ်းစရာ အနှစ်သာရ မရှိသဖြင့် အနတ္တ, အနတ္တဟု အဖန်တလဲလဲ အမြဲမကွာ သုံးသပ်အပ်၏။

ထင်ရှားစေဦးအံ့–အနှစ်သာရ မရှိဟူသည် သာသနာပ ဗာဟိရ-တိတ္ထိတို့ ယူအပ်သော အယူမှာ–

(၁) ဤငါ၏ကိုယ်သည် သူတစ်ပါးတို့နှင့် မဆိုင်၊ သူတစ်ပါးတို့နှင့် မစပ်၊ သူတစ်ပါးတို့၏အရာမဟုတ်၊ သူတစ်ပါးတို့နှင့် စပ်ယှက်ခြင်းမရှိ။ နိ၀ါသီမည်၏ဟု ယူခြင်း။

(၂) ဤကိုယ်သည် ချမ်းသာခြင်းကို ပြုတတ်၏၊ ဆင်းရဲခြင်းကို ပြုတတ်၏၊ ချမ်းသာ ဆင်းရဲကို စီရင်တတ်၏ဟု ကာရကဟု ယူခြင်း။

(၃) ဤကိုယ်သည် ချမ်းသာကို ခံစားတတ်၏၊ ဆင်းရဲကို ခံစားတတ်၏၊ချမ်းသာဆင်းရဲကို ခံစားတတ်၏ဟု ဝေဒကဟုယူခြင်း။

(၄) ဤကိုယ်သည် ငါ၏အလိုအားတိုင်း ဖြစ်၏၊ ငါ၏အလိုနှင့် စပ်၏၊ ငါသည် အစိုးရခြင်း ရှိ၏၊ ငါ၏အလိုသို့ လိုက်စေနိုင်၏ဟု သယံဝသီဟု ယူခြင်း–

ဤသို့အားဖြင့် အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီ ဟူသော ငါးပါးသော အယူတို့ကို အနှစ်မဟုတ်ဘဲလျက် အနှစ်ဟု စွဲလမ်းမှတ်ယူလေ့ ရှိကြကုန်၏။

ငါတို့မြက်စွာဘုရား သာသနာတော်၌မှာမူကား ၎င်းတိတ္ထိတို့ ကြံဆအပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီဟူသော အနှစ်ကို ကြံဆခြင်းသည် စိန္တနမတ္တ (ကြံဆရုံမျှ) သာရှိချေ၏။ ဝေါဟာရမတ္တ (ခေါ်ဝေါ်ရုံမျှ)သာ ရှိချေ၏။ (ဝါ)ပညတ်ရုံမျှသာ ရှိချေ၏။ (ဝါ) သမုတ်ရုံမျှသာ ရှိချေ၏။ စင်စစ်သော်ကား ရုပ်တရား နာမ်တရားတို့၏ ဖြစ်စဉ်ဝယ် တင်၍ခေါ်ဝေါ်အပ်သော ပေါရာဏဝိပလ္လာသဝါဒီမျှသာ ရှိချေ၏။

ထိုစကားမှန်၏၊ အကြင်ရုပ်နာမ်နှစ်ပါး သခါရတရားသည် အဖြစ်လည်းမမြဲ။ အပျက်လည်းမမြဲ။ ထိုရုပ်နာမ်နှစ်ပါး သခါရတရားသည် စိုးရိမ်ရခြင်း အနှိပ်စက်ကို ခံရခြင်းသာ ရှိ၏။ ထိုသို့ အနိစ္စ,ဒုက္ခဖြစ်သော ရုပ်နာမ်နှစ်ပါး သခါရတရားသည် မိမိသော်လည်း မမြဲသော အဖြစ်ကို လည်းကောင်း၊ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်ခြင်းကိုလည်းကောင်း။ တစ်မူဟုတ္တ, တစ်ခဏမျှ ဆီးတားပိတ်ပင်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီဟူသော တိတ္ထိတို့ ကြံဆယူဝင်အပ်သော အနှစ်သာရသည် အဘယ်မှာ ရှိနိုင်တော့အုံနည်း။ စင်စစ်မရှိဟု သန္နိဋ္ဌာန်ကျကျ မူတ်။

ယထာ စ ဒုက္ခံ၊ ဧဝံ သဗ္ဗမ္ပိ တံ အနတ္တာ အသာရကဋ္ဌေန။ အသာရကဋ္ဌေနာတိ အတ္တာ နိဝါသီ ကာရကော ဝေဒကော သယံဝသီတိ ဧဝံ ပရိကပ္ပိတသ အတ္တသာရသ အဘာဝေန။ ယဉ္စိ အနိစ္စံ ဒုက္ခံ၊ တံ အတ္တနော ပိ အနိစ္စတံ ဝါ ဥဒယဗ္ဗယ-ပီဠနံ ဝါ ဝါရေတုံ နိ သက္ကောတိ၊ ကုတော တသ ကာရ-ကာဒိဘာဝေါ။ (ဝိသုဒ္ဓိ၊ ၂၊ ၂၄၅။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။)

သဗ္ဗံ ရူပံ၊ အလုံးစုံသောရုပ်သည်။ ဒုက္ခံ ယထာစ၊ ဒုက္ခချည်းသာလျှင် ဖြစ်၏သို့။ ဧဝံတထာ၊ ဤအတူ။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော၊ တံ ရူပံ၊ ထိုရုပ်သည်။ အသာရကဋ္ဌေန၊ ကိုယ်ဟူသော အနှစ်သာရ မရှိသည်၏ အဖြစ်ကြောင့်။ အနတ္တာ၊ အနတ္တမည်၏။ (ဝါ) ကိုယ်ဟူသော အနှစ်သာရ မရှိ။ ဣတိ၊ ဤသို့။ သမ္မသတိ၊ သုံးသပ်၏။ အသာရကဋ္ဌေနာတိ၊ အသာရာကဋ္ဌေန ဟူသည်ကား။ အတ္တာ၊ ကိုယ်သည်။ နိဝါသီ၊ သူတပါးတို့ အလိုနှင့် စပ်ခြင်းမရှိ။ ကာရကော၊ သုခဒုက္ခကို ပြုတတ်စီရင်တတ်၏။ ဝေဒကော၊ သုခဒုက္ခကို ခံစားတတ်၏။ သယံဝသီ၊ မိမိအလိုနှင့်သာ စပ်ခြင်းရှိ၏။ (ဝါ) မိမိအစိုးရခြင်းရှိ၏။ (ဝါ) မိမိအလိုသို့ လိုက်စေနိုင်၏။ ဣတိ ဧဝံ၊ ဤသို့။ ပရိကပ္ပိတသ၊ ဟဲတ္ထိတို့သည် ကြံဆအပ်သော။ အတ္တသာရသ၊ ကိုယ်ဟူသော အနှစ်သာရ၏။ အဘာဝေန၊ မရှိသည်၏ အဖြစ်ကြောင့်။ ဟိ သစ္စံ၊ မှန်၏။ ယံ ရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ မမြဲ။ တံ ရူပံ၊ ထိုရုပ်သည်။ ဒုက္ခံ၊ ဒုက္ခသာတည်း။ တံ၊ ထိုအနိစ္စ ဒုက္ခဖြစ်သော ရုပ်သည်။ အတ္တနောပိ၊ မိမိ၏သော်လည်း။ အနိစ္စတံဝါ၊ အနိစ္စ၏ အဖြစ်ကို လည်းကောင်း။ ဥဒယဗ္ဗယပီဠနံဝါ၊ ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်ခြင်းကို လည်းကောင်း။ ဝါရေတုံ နိဝါရေတုံ၊ တားမြစ်ခြင်းငှာ။ နိ သက္ကောတိ၊ မတတ်နိုင်သေး၏ရှင့်။ တသ ၊ထိုအနိစ္စဒုက္ခဖြစ်သောရုပ်၏။ ကာရကာဒိ-ဘာဝေါ၊ ပြုပြင်စီရင်တတ်သည် အစရှိသော အဖြစ်သည်။ (ဝါ)ကာရက, ဝေဒက, သယံဝသီ၏အဖြစ်သည်။ ကုတောအတ္ထိ၊ အတ်မှာ ရှိအံ့နည်း။

ဤကား အဝသဝတ္တန အစွမ်းအားဖြင့် ပြအပ်သော အနတ္တ-လက္ခဏာ ပေတည်း။

ခဲ့ဦးအုံ့-ထိုအနတ္တလက္ခဏာသည် အဝသဝတ္တနသလ္လက္ခဏာ၊ တုစ္ဆသခ်ိရ-သမနုပဿနာ အစွမ်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အကြင်အကြင်ယောဂီသည် မိမိ၏သန္တာန်၌ အရှိန်မစဲ ဝေ့စ်သဲသဲဖြစ်၍ နေသော ရုပ်အပေါင်းတို့၌ တစ်ခုဖြစ်စေ နှစ်ခုဖြစ်စေ အားလုံးကို ဖြစ်စေ ဤပထဝီသည် ဤအာပေါသည်။ (၀) ။ဤအနိစ္စတာသည် ငါ၏သန္တာန်၌ မဖြစ်စေသတည်း၊ ဤရုပ်သည် မည်ကဲ့သို့ဖြစ်စေသတည်း စသည်ဖြင့် တောင့်တပါသော်လည်း မိမိအလိုသို့ မလိုက်၊ သူသဘာဝ အတိုင်းဖြစ်၍သာ ပျက်ရာခဲ့၏။ ထို့ကြောင့် ရုပ်တရားဟူဟူသမျှသည် အ, ဝသ မည်ပေရကား အနတ္တမှန်ပေ၏။ (၁)

အကြင်အကြင်ယောဂီသည် မိမိ၏သန္တာန်၌ အရှိန်မစဲ တသဲသဲဖြစ်၍ နေသော ဝေဒနာအပေါင်းတို့၌ တစ်ခုဖြစ်စေ နှစ်ခုဖြစ်စေ အားလုံးကို ဖြစ်စေ ဤသုခဝေဒနာသည် ဤဒုက္ခဝေဒနာသည်။ (၀) ။ ဤဥပေက္ခာ ဝေဒနာသည် ငါ၏သန္တာန်၌ မဖြစ်စေသတည်း။ ဤဒုက္ခဝေဒနာသည် သုခဖြစ်စေသတည်း စသည်ဖြင့် တောင့်တပါသော်လည်း မိမိအလိုသို့ မလိုက်၊ သူသဘာဝအတိုင်း ဖြစ်၍သာ ပျက်ရာခဲ့၏။ ထို့ကြောင့် ဝေဒနာတရားဟူဟူသမျှသည် အ, ဝသ မည်ပေရကား အနတ္တ မှန်ပေ၏။ (၂)

အကြင်အကြင်ယောဂီသည် မိမိ၏သန္တာန်၌ အရှိန်မစဲ တသဲသဲဖြစ်၍ နေသော သညာအပေါင်းတို့၌ တစ်ခုဖြစ်စေ နှစ်ခုဖြစ်စေ အားလုံးကို ဖြစ်စေ ဤရူပသညာသည် ။(၀)။ ဤဓမ္မသညာသည် ငါ၏သန္တာန်၌ မဖြစ်စေသတည်း။ ဤရူပ သညာသည် သဒ္ဒသညာ ဖြစ်စေသတည်း စသည်ဖြင့် တောင့်တပါသော်လည်း မိမိအလိုသို့မလိုက်၊ သူသဘာဝ အဘိုင်း ဖြစ်၍သာ ပျက်ရာခဲ့၏။ ထို့ကြောင့် သညာတရားဟူဟူသမျှ သည် အ,ဝသ မည်ပေရကား အနတ္တ မှန်ပေ၏။ (၃)

အကြင်အကြင်ယောဂီသည် မိမိ၏သန္တာန်၌ အရှိန်မစဲတသဲသဲဖြစ်၍ နေသော သစ္စာရအပေါင်းတို့၌ တစ်ခုဖြစ်စေ။ နှစ်ခုဖြစ်စေ။ အားလုံးကိုဖြစ်စေ။ ဤဖဿသည် ။ပ။ ဤပညိန္ဒြေသည် ငါ၏သန္တာန်၌ မဖြစ်စေသတည်း။ ဤဖဿသည် စေတနာ ဖြစ်စေသတည်း စသည်ဖြင့် တောင့်တပါ သော်လည်း မိမိအလိုသို့မလိုက် သူသဘာဝ အတိုင်းဖြစ်၍သာ ပျက်ရှာခဲ့၏။ ထို့ကြောင့် သစ္စာရတရားဟူသမျှသည် အ ဝသမည်ပေရကား အနတ္တမှန်ပေ၏။ (၄)

အကြင်အကြင် ယောဂီသည် မိမိ၏သန္တာန်၌အရှိန်မစဲ တသဲသဲဖြစ်၍ နေသောဝိညာဉ် အပေါင်းတို့၌ တစ်ခုဖြစ်စေ။ နှစ်ခုဖြစ်စေ။ အားလုံးကို ဖြစ်စေ။ ဤစက္ခုဝိညာဉ် ။ပ။ ဤမနောဝိညာဉ်သည် ငါ၏သန္တာန်၌မဖြစ်စေသတည်း။ ဤစက္ခုဝိညာဉ်သည် မနောဝ်ညာဉ် ဖြစ်စေသတည်းစသည်ဖြင့် တောင့်တပါသော်လည်း မိမိအလိုသို့မလိုက် သူသဘာဝအတိုင်းဖြစ်၍သာပျက်ရှာခဲ့၏။ ထို့ကြောင့် ဝိညာဉ်တရားဟူသမျှသည် အ ဝသမည်ပေရကား အနတ္တမှန်ပေ၏။ (၅)

ယင်းသို့ပြုအပ်ပြီးသော ရူပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို ချန်လှပ်၍ မိမိအလိုသို့လိုက်စေတတ်သော တရားထူးလည်း တစ်ခုမျှ မရှိချေတော့သည်။

> ကထံ အဝသိယပဝတ္တသလ္လက္ခဏဝသေန သုညတော လောကံ အဝေက္ခတိ။ ရူပေ ဝသော နလဗ္ဘတိ ဝေဒနာယ ဝသော နလဗ္ဘတိ။ သညာယ ဝသော နလဗ္ဘတိ။သင်္ခါရေသု ဝသော နလဗ္ဘတိ။ ဝိညာဏေ ဝသော နလဗ္ဘတိ။ [ခု၅၁၊၁၀၁၁၊ စူဠနိဒ္ဒေသ ပါဠိတော်။]

အဝသိယ ပဝတ္တ သလ္လက္ခဏ ဝသေန၊ မိမိအလိုသို့ မလိုက်သော ဖြစ်ခြင်းကို ကောင်းစွာ မှတ်သည်၏ အစွမ်းအားဖြင့်။ လောကံ၊ ခန္ဓာငါးပါးတည်းဟူသော လောကကို၊ သုညတော၊ သုဉ်းသောအားဖြင့်။

ကထံ အဝေက္ခတိ၊ အဘယ်သို့ ရှုသနည်းဟူမူကား။ ရူပေ၊ရုပ်အပေါင်းခို၏ (၀ါ)ရူပက္ခန္ဓာခို။ ဝသော၊ မိမိအလိုသို့ လိုက်သည်၏အဖြစ်ကို။ နလဗ္ဘတိ၊ မရအပ်။ ဣတိ၊ ဤသို့။ အဝေက္ခတိ၊ ရှု၏။ ဝေဒနာယ၊ ဝေဒနာ အပေါင်းခို။ (၀ါ) ဝေဒနာက္ခန္ဓာခို။ ဝသော၊ မိမိအလိုသို့ လိုက်သော အဖြစ်ကို။ နလဗ္ဘတိ၊ မရအ. ပ်။ ဣတိ၊ ဤသို့။ အဝေက္ခတိ၊ ရှု၏။သညာယ၊ သညာအပေါင်းခို။ (၀ါ) သညာက္ခန္ဓာခို။ ဝသော၊ မိမိအလိုသို့ လိုက်သော အဖြစ်ကို။ နလဗ္ဘတိ၊မရအပ်။ ဣတိ၊ဤသို့။ အဝေက္ခတိ၊ရှု၏။ သင်္ခါရေသု၊ သင်္ခါရအပေါင်းတို့ခို။ (၀ါ) သင်္ခါရက္ခန္ဓာတို့ခို။ ဝသော၊ မိမိအလိုသို့ လိုက်သော အဖြစ်ကို၊ နလဗ္ဘတိ၊ မရအပ်။ ဣတိ၊ ဤသို့။ အဝေက္ခတိ၊ရှု၏။ ဝိညာဏေ၊ ဝိညာဉ်အပေါင်းခို။ (၀ါ) ဝိညာဏက္ခန္ဓာခို။ ဝသော၊ မိမိအလိုသို့ လိုက်သောအဖြစ်ကို။ နလဗ္ဘတိ၊မရအပ်။ ဣတိ၊ ဤသို့။ အဝေက္ခတိ၊ရှု၏။

(ဤကား အဝသိယပဝတ္တသလက္ခဏ အစွမ်းအားဖြင့် မှတ်အပ်သော အနတ္တလက္ခဏာပေတည်း၊ အကျယ်ကိုလိုပါမူ ခန္ဓပဋ္ဌသံယုတ်။ နိဒ္ဒေသ။ သမ္မောဒဋ္ဌကထာတို့မှာ ယူပါလေ။)

တုစ္ဆသင်္ခါရ သမနုပဿနာ၏ အစွမ်းအားဖြင့်ကား အကြင်အကြင် ယောဂီသည် အရှိန်မစဲ တသဲသဲဖြစ်၍နေသော ရုပ်အပေါင်းခို မျက်စိ တစ်မှိတ်ခန့်မျှ မြဲသော အနှစ်ကိုလည်းကောင်း။ မျက်စိတမှိတ်ခန့်မျှ ချမ်းသာသော အနှစ်ကိုလည်းကောင်း။ တိတ္ထိတို့ကြုံဆအပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီ ဟူသော အနှစ်ကိုလည်းကောင်း အခိုင်အမြဲစွဲ၍ တည်သောနိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ ဟူသော အနှစ်တို့ကိုလည်းကောင်း။ အကြိမ်ကြိမ် အဖန်ဖန် အတန်တန် ရှာပါငြား သော်လည်း အကျုံ့ခန့်မျှ မရခဲ့ရကား နိစ္စအစရှိသော ခြောက်ပါးသော အနှစ်မရှိ။ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏။ ထို့ကြောင့် အနတ္တ မှန်ပေ၏ဟု ရှု၏။ (၁)

အကြင် အကြင်ယောဂီသည် အရှိန်မစဲ တသဲသဲဖြစ်၍ နေသော ဝေဒနာအပေါင်းဌ မျက်စိတစ်မှိတ်ခန့်မျှ မြဲသောအနှစ်ကို လည်းကောင်း။ မျက်စိတစ်မှိတ်ခန့်မျှ ချမ်းသာသော အနှစ်ကို လည်းကောင်း။ တိတ္ထိတို့ ကြုံဆအပ်သော အတ္တ,နိဝါသီ, ကာရက, ဝေဒက, သယံဝသီ ဟူသော အနှစ်ကိုလည်းကောင်း။ အခိုင်အမြဲစွဲ၍တည်သော နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ ဟူသော အနှစ်တို့ကိုလည်းကောင်း အကြိမ်ကြိမ်အဖန်ဖန် အတန်တန် ရှာပါငြားသော်လည်း အဏုမြူခန့်မျှ မရခဲ့ရကား နိစ္စ အစရှိသော ခြောက်ပါးသော အနှစ်မရှိ။ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏။ ထို့ကြောင့် အနတ္တမှန်ပေ၏ဟု ရှု၏။ (၂)

အကြင်အကြင်ယောဂီသည် အရှိန်မစဲတသဲသဲဖြစ်၍နေသော သညာ အပေါင်းဌ မျက်စိတစ်မှိတ်ခန့်မျှ မြဲသော အနှစ်ကို လည်းကောင်း။ မျက်စိတစ်မှိတ်ခန့်မျှ ချမ်းသာသော အနှစ်ကို လည်းကောင်း။ တိတ္ထိတို့ ကြုံဆအပ်သောအတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီ ဟူသော အနှစ်ကိုလည်းကောင်း။ အခိုင်အမြဲစွဲ၍တည်သော နိစ္စ, ဓုဝ,သဿတ, အဝိပရိဏာမ ဟူသော အနှစ်တို့ကိုလည်းကောင်း။ အကြိမ်ကြိမ်အဖန်ဖန် အတန်တန် ရှာပါငြားသော်လည်း အဏုမြူခန့်မျှ မရခဲ့ရကား နိစ္စ အစရှိသော ခြောက်ပါးသော အနှစ်မရှိ။ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏၊ ထို့ကြောင့် အနတ္တမှန်ပေ၏ဟု ရှု၏။ (၃)

အကြင်အကြင်ယောဂီသည် အရှိန်မစဲ တသဲသဲဖြစ်၍နေသောသင်္ခါရ အပေါင်းတို့ဌ မျက်စိတစ်မှိတ်ခန့်မျှ မြဲသော အနှစ်ကို လည်းကောင်း။ မျက်စိတမှိတ်ခန့်မျှ ချမ်းသာသော အနှစ်ကိုလည်းကောင်း။ တိတ္ထိတို့ ကြုံဆအပ်သော အတ္တ,နိဝါသီ,ကာရက,ဝေဒက,သယံဝသီ, ဟူသောအနှစ် ကိုလည်းကောင်း။ အခိုင်အမြဲစွဲ၍တည်သော နိစ္စ, ဓုဝ,သဿတ, အဝိပရိ· ဏာမ ဟူသော အနှစ်တို့ကို လည်းကောင်း အကြိမ်ကြိမ် အဖန်ဖန်

အတန်တန် ရှာပါ၊ ငြားသော်လည်း အကျိုးမြတ်ခန့်မျှ မရခဲ့ရကား နိစ္စ အစရှိသော ခြောက်ပါးသော အနှစ်မရှိ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏။ ထို့ကြောင့်အနတ္တ မှန်ပေ၏ဟု ရှု၏။ (၄)

အကြင်အကြင်ယောဂီသည် အရှိန်မစဲတသဲသဲဖြစ်၍နေသော ဝိညာဉ် အပေါင်းခြင်း မျက်စိတမှိတ်ခန့်မျှသော အနှစ်ကိုလည်းကောင်း။ မျက်စိ တမှိတ်ခန့်မျှ ချမ်းသာသော အနှစ်ကိုလည်းကောင်း။ တိတ္ထိတို့ ကြုံဆ အပ်သော အတ္တ, နိဝါသီ, ကာရက, ဝေဒက, သယံဝသီ ဟူသောအနှစ် ကိုလည်းကောင်း။ အခိုင်အမြဲစွဲ၍ တည်သောနိစ္စ, ဓုဝ, သဿတ,အဝိ-ပရိဏာမ ဟူသော အနှစ်တို့ကိုလည်းကောင်း အကြိမ်ကြိမ် အဖန်ဖန် အတန်တန် ရှာပါ ငြားသော်လည်း အကျိုးမြတ်ခန့်မျှ မရခဲ့ရကား နိစ္စ အစရှိသော ခြောက်ပါးသော အနှစ်မရှိ ခြောက်ပါးသော အနှစ်မှ ကင်းခဲ့၏။ ထို့ကြောင့် အနတ္တမှန်ပေ၏ဟု ရှု၏။ (၅)

ကထံ တုစ္ဆသခ်ါရ သမနုပဿနာ ဝသေန သုညတောလောကံ အဝေက္ခတိ။ ရူပေ သာရော နလဗ္ဘတိ၊ ဝေဒနာယသာရော နလဗ္ဘတိ။ သညာယ သာရော နလဗ္ဘတိ။ သခ်ါရေသုသာရော နလဗ္ဘတိ။ ဝိညာဏေ သာရော နလဗ္ဘတိ။ ရူပံအသာရံ နိဿာရံ သာရုပဂတံ။နိစ္စသာရ သာရေနဝါ သုခသာရသာရေန ဝါ၊ အတ္တသာရသာရေနဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ၊ ဝေဒနာ အသာရာ နိဿာရာ သာရုပဂတာ၊ သညာ အသာရာ နိဿာရာ သာရုပဂတာ၊ သခ်ါရာ အသာရာ နိဿာရာ သာရုပဂတာ၊ ဝိညာဏံ အသာရံ နိဿာရံ သာရုပ ဂတံ၊ နိစ္စသာရ သာရေန ဝါ သုခသာရသာ-ရေန ဝါ အတ္တသာရသာရေန ဝါ နိစ္စေနဝါ ဓုဝေန ဝါ သဿတေ-နေ ဝါ အဝိပရိဏာမဓမ္မေန ဝါ။[ခု-၅-၁၈၂။စူဠနိဒ္ဒေသပါဠိတော်။]

ဘုန္တ သစ်ါရ သမနုပဿနာ ဝေသေန၊ အချည်းနှီးသော သခ်ါရကို ရှုဆည်၏ အစွမ်းအားဖြင့်။ လောကံ၊ ခန္ဓာငါးပါးတည်း ဟူသော လောကကို။ သုညတော၊ သုဉ်းသောအားဖြင့်။ ကထံ အဝကွတိ၊ အဘယ်သို့ ရှုသနည်းဟူမူကား။ ရူပေ၊ ရူပ်အပေါင်း၌။ သာရော၊ ခြောက်ပါးသောအနှစ်ကို။ နိ လဗ္ဘတိ၊ မရအပ်။ ဝေဒနာယ၊ ဝေဒနာ အပေါင်း၌။ သာရော၊ ခြောက်ပါးသောအနှစ်ကို။ နိ လဗ္ဘတိ၊ မရအပ်။ သညာယ၊ သညာအပေါင်း၌။ သာရော၊ ခြောက်ပါးသောအနှစ်ကို။ နိ လဗ္ဘတိ၊ မရအပ်။ သခ်ါရေသု၊ သခ်ါရအပေါင်းတို့၌။ သာရော၊ ခြောက်ပါးသော အနှစ်ကို။ နိ လဗ္ဘတိ၊ မရအပ်။ ဝိညာဏေ၊ ဝိညာဉ် အပေါင်း၌။ သာရော၊ ခြောက်ပါးသောအနှစ်ကို။ နိ လဗ္ဘတိ၊ မရအပ်။ ရူပံ၊ ရူပ်တရားသည်။ အသာရံ၊ အနှစ်မဟုတ်။ နိသာရံ၊ အနှစ်မရှိ။ သာရာပဂတံ၊ အနှစ်မှကင်း၏။ နိစ္စ သာရ သာရေနဝါ၊ မြဲသော အနှစ်ဟု ဆိုအပ်သော အနှစ်ဖြင့် လည်းကောင်း။ သုခသာရ သာရေနဝါ၊ ချမ်းသာသော အနှစ်ဟုဆိုအပ်သော အနှစ်ဖြင့်လည်းကောင်း။ အတ္တသာရ-သာရေနဝါ၊ အတ္တ, နိဝါသီ အစရှိသော အနှစ်ဟုဆိုအပ်သော အနှစ်ဖြင့် လည်းကောင်း။ နိစ္စေနဝါ၊ မြဲသောအားဖြင့် လည်းကောင်း။ ဓုဝေနဝါ၊ ခိုင်ခန့်သောအားဖြင့် လည်းကောင်း။ သဿတေနဝါ၊ အရှည်တည်သော အားဖြင့် လည်းကောင်း။ အဝိပရိဏာမဓမ္မေနဝါ၊ မဖောက်မပြန်သော အားဖြင့် လည်းကောင်း။ သာရော၊ အနှစ်ကို။ နိ လဗ္ဘတိ၊ မရအပ်။ (ပြန်စပ်။) ဝေဒနာ၊ ဝေဒနာသည်။ အသာရာ၊ အနှစ်မဟုတ်။ နိသာရာ၊ အနှစ်မရှိ။ သာရာပဂတာ၊ အနှစ်မှကင်း၏။ (ပ)။ အဝိပရိဏာမဓမ္မေ-နဝါ၊ မဖောက်မပြန်သော အားဖြင့်လည်းကောင်း။ သာရော၊ အနှစ်ကို။ နလဗ္ဘတိ၊ မရအပ်။

ဤကား တုစ္ဆသခ်ါရသမနုပဿနာ၏ အစွမ်းအားဖြင့် အနတ္တလက္ခဏာ ကိုပြခြင်းပေတည်း။ ဤမှတစ်ပါးလည်း ခြောက်ပါးသော အခြင်းအရာ၊ ဆယ်ပါးသော အခြင်းအရာ၊ တစ်ဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်

လည်းကောင်း၊ နိဗ္ဗေဿ၌ အရှင်သာရိပုတ္တရာသည် အကျယ်အားဖြင့် ပြီးတော်မူပေ၏။ အလိုရှိသောသူတို့ ယူကြလေကုန်။ ပဓာနအဖြစ်ဖြင့် ဝိပဿနာအာရုံသည် မဂ်အာရုံသို့သာ ကူးနိုင်လောက်ရုံ ပြလိုက်ပေသည်။

၃၉–အနတ္တလက္ခဏာကို ထင်-မြင်-မြဲ အခြင်းအရာ သုံးပါးဖြင့် ပြခြင်း

ဤသို့ ရူပ်နာမ်ဓမ္မ သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ သဘောအားဖြင့် ကောင်းစွာမြင်အောင် ရှုရာ၏၊ ထိုအနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာတို့ကိုလည်းကောင်း၊ အသုဘလက္ခဏာကိုလည်းကောင်း ထင်အောင် ရှုသောသူတို့သည် လွန်စွာ ထင်နိုင်ခဲကုန်၏။

သိစေအံ့–ထိုအနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ သဘောတို့ကို ရှုကြသော သူတို့သည် ထင်သော သူတစ်ယောက်၊ မြင်သော သူတစ်ယောက်၊ မြဲသော သူတစ်ယောက်ဟူ၍ သုံးယောက် ရှိကုန်၏၊ အကြောင်းမှာကား–လက္ခဏာသဘောတို့၏ ဖြစ်ရာသည် သတ္တဝါတို့၌ ဖြစ်သော လက္ခဏာရေးသုံးပါး, သင်္ခါရတို့၌ ဖြစ်သော လက္ခဏာရေး သုံးပါး ဟူ၍ နှစ်ပါးအပြားရှိ၏။ ဤအရာ၌ သင်္ခါရဟူသည် ရေ-မြေ-လေ-တော-တောင် အစရှိသော အဝိညာဏက ဝတ္ထုမျိုးတို့ကိုသာ ယူအပ်ကုန်၏၊ သတ္တဝါကို သင်္ခါရမဟုတ်ဟု ဆိုသည်မဟုတ်၊ (တစ်ဆင့်)။ သတ္တဝါတို့၏ လက္ခဏာရေးသုံးပါးတို့မှာ ခန္ဓာငါးပါးစသည်ကို ရအပ်၏၊ သင်္ခါရတို့၏ လက္ခဏာရေးမှာ ဓမ္မတာရုပ်တစ်ခုကိုသာ ရအပ်၏၊ (နှစ်ဆင့်)။ သတ္တဝါတို့၏ လက္ခဏာရေးမှာ ကာလသုံးပါးကို ရအပ်၏၊ သင်္ခါရတို့၏ လက္ခဏာရေးမှာ ပစ္စုပ္ပန်တစ်ခုကိုသာ ရအပ်၏၊ (သုံးဆင့်)။ သတ္တဝါတို့၏ လက္ခဏာရေးမှာ အဒ္ဓါ-သန္တတိ-ခဏ-သမယ-လေးပါးကို ရအပ်၏၊ သင်္ခါရတို့၏ လက္ခဏာရေးမှာ သန္တတိ-ခဏ-သမယ တို့ကိုသာ ရအပ်ကုန်၏၊ (လေးဆင့်)။

ထို့ကြောင့် အနိစ္စ အစရှိသော သဘောတို့ကို လွန်စွာ မြင်နိုင်ခဲသည်၊ ထိုစကားသင့်စ္ဓ၊ အကြင်အနှမ ပုထုဇဉ်သည် ထိုအနိစ္စ အစရှိသော သဘောလေးပါးတို့ကို ထင်ရှဲသာ ထင်နိုင်၏၊ မြင်လည်းမမြင်၊ မြဲလည်းမမြဲ၊ အကြင်ကလျာဏ ပုထုဇဉ်သည် ထိုအနိစ္စ စသော သဘောလေးပါးတို့ကို ထင်လည်းထင်၏၊ မြင်လည်းမြင်၏၊ မြဲကားမမြဲ၊ အကြင်သောတာပန် ပုဂ္ဂိုလ်သည် ထိုအနိစ္စအစရှိသောလေးပါးကို ထင်လည်းထင်၏၊ မြင်လည်းမြင်၏။ အမှန်မူ အနိစ္စ လ.ဗ္ဘဏာ-အနတ္တ လက္ခဏာ နှစ်ပါးတို့ မြဲလည်းမြဲ၏၊ ဒုက္ခ-အသုဘတို့ကား မမြဲနိုင်၊ အကြင်အနာဂါမ်သည် ထိုအနိစ္စ စသော သဘောလေးပါးကို ထင်လည်းထင်၏၊ မြင်လည်းမြင်၏။ အမှန်မူ အနိစ္စ-အနတ္တ-အသုဘ သဘောတို့ မြဲလည်းမြဲ၏၊ ဒုက္ခကား မမြဲနိုင်၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည် ထိုအနိစ္စစသော သဘောလေးပါးတို့ကို ထင်လည်းထင်၏၊ မြင်လည်းမြင်၏၊ မြဲလည်းမြဲ၏၊ ထို့ကြောင့် ထင်သာ ထင်၍ မမြင်နိုင်၊ မြင်သာမြင်၍ မမြဲနိုင် ဟူသတတ်။

ဥပမာကိုဆိုဦးအုံ–ထိုင်းယောက်သော ပုဂ္ဂိုလ်တို့တွင် အနှမပုထုဇဉ်သည် အကြင်အခါ၌ လုပတင့်တယ်သော ခတ္တိယမဟာသာလ၏ ၁၆-နှစ် အရွယ်ရှိသော သတို့သမီးငယ်ကို အနိစ္စစသော သဘောတို့ဖြင့် တင်၍ ရှုသတတ်၊ ထိုသို့ရှုခိုက်၌သာလျှင် မတ္တမျှသာထင်၏၊ ရုပ်နာမ်ခန္ဓာ စသည်တို့ဖြင့် ပိုင်းခြားဝေဖန်၍ မထင်သကဲ့သို့ရှိ၏။ ကလျာဏပုထုဇဉ်ကား ထိုသတို့သမီး၏ သန္တာန်၌ဖြစ်သော ရုပ်နာမ်စသည်တို့ကို အနိစ္စစသည်တို့ဖြင့် ရှုလတ်သော် အခါတစ်ပါးဝယ် စကြာမင်းအား ကာမာဝစရနတ်တို့သည် ဒိဗ္ဗစက္ခု မျက်မှန်ကို ဆက်လှာသတတ်၊ ထိုမျက်မှန်ဖြင့် အရပ်ထက်ဝန်းကျင်ကို ကြည့်လတ်သော် ရေ-မြေ-လေ-တော-တောင်-သစ်ပင်-သတ္တဝါတို့၏ အတွင်း၌ ဝတ္ထုဒြပ် ဟူသမျှတို့ကို အကုန်မြင်သကဲ့သို့ ကလျာဏပုထုဇဉ်သည်လည်း ထိုသူငယ်မ၏သန္တာန်၌ ဤသည်ကား ရုပ်, ဤသည်ကား နာမ်, ဤသည်ကား ခန္ဓာ စသည် ထင်လည်းထင်၏၊

မြင်လည်းမြင်၏။ အကြောင်းမူ ထိုမျက်မှန်ဖြင့် ကြည့်ခိုက်သာလျှင် မြင်ရကား မြဲသော သဘောရှိသကဲ့သို့ဖြစ်၏။

သောတာပန် ဟိုလ်အားကား ထိုဒိဋ္ဌစက္ခုမျက်မှန်ဖြင့် စကြာမင်းသည် ထို ၁၆-နှစ်ရွယ် သတ္တိသမီးငယ်အား အခါခပ်သိမ်းကြည့်သကဲ့သို့ ရုပ်နာမ်စသောသဘောတို့၏ အနိစ္စစသည်တို့ဖြစ်စဉ်ကို ထင်လည်းထင်၏၊ မြင်လည်းမြင်၏၊ အနိစ္စ, အနတ္တ မြဲလည်းမြဲ၏၊ အသုဘနှင့်ဒုက္ခကို မပယ်နိုင်သေးရကား တပ်ခြင်းကား မကင်းနိုင်သကဲ့သို့ဖြစ်၏။ သကဒါဂါမ်အားကား ထို ၁۶-နှစ်ရွယ် သတ္တိသမီးငယ်၏ လတ်တလော သေသော အလောင်းကို စကြာမင်းရှုလျှင် အနိစ္စ စသော သဘောတို့ကို ထင်လည်းထင်၏, မြင်လည်းမြင်၏၊ သောတာပန်ကဲ့သို့ မြဲလည်းမြဲ၏။ အသုဘတို့ကို အလျင်းမဲ့ မပယ်နိုင်သေးရကား ဆန္ဒရာဂ လျော့ရှဲ့မျှသာ ရှိသကဲ့သို့ဖြစ်၏။ အနာဂါမ်အားကား ထိုသတ္တိသမီးငယ်၏ အလောင်းသည် ခြောက်ရက် လွန်ရကား ပိုးလောက်တို့ ပြည့်သည်ဖြစ်၍ တည်သော အပုပ်ကောင်ကို စကြာမင်း ရှုသတတ်၊ ထိုအခါ ထိုအပုပ်ကောင်၏ အတွင်း၌ရှိသော အနိစ္စ စသော သဘောတို့ကို ကောင်းစွာလည်း မြင်၏၊ ဆန္ဒရာဂကင်းသည်ဖြစ်၍ မြဲလည်း မြဲ၏၊ ဒုက္ခကို မပယ်နိုင်သေးရကား လျစ်လျူမရှုနိုင်သကဲ့သို့ ဖြစ်၏။ ရဟန္တာအားကား ထိုသတ္တိသမီး၏ အလောင်းကို ကောင်းစွာ မီးကျီဖြင့် ဖုတ်ကြည်းပြီးသော ပြာစုကို ယခင် စကြာမင်းသည် ရှုသတတ်၊ ထိုအခါ ထိုသူငယ်မ၏ သဏ္ဌာန်၌ ဖြစ်ထိုက်သော အနိစ္စစသော သဘောတို့ကို ထင်လည်း ထင်၏, မြင်လည်း မြင်၏၊ မြဲလည်း မြဲသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် ရဟန္တာအား ဆဋ္ဌဂုံပေကွာဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။ ခဲလေစု။

၄၀–အနတ္တလက္ခဏာ လွန်စွာ နက်နဲခြင်း အကြောင်း

ဤ အနတ္တလက္ခဏာဟူသည် လွန်စွာ နက်နဲ၏, သိမ်မွေ့၏, သိနိုင်ခဲ၏၊ လေးစင်းသော သမုဒ္ဒရာဝယ် လေးဖြာသော နက်နဲခြင်းဟူကဲ့သို့ ငါးမျိုး

ယောဂိပါရဂူ ၁၈-ပ-မ-သ-စ

သော နိကာယ်ဝယ် လေးသွယ်သော နယတို့ဖြင့် အနတ္တသဘောကို ဘုရားအစရှိသော သူတော်ကောင်းတို့သည် ဟောကြားပြသ ဆုံးမတော်မူကြပေ၏။

ထင်စေအုံ–အနတ္တဟူ၍ ဟောတော်မူခြင်းသည်–

(၁) သင်္ခါရတရားတို့နှင့်တကွ နိဗ္ဗာန်ကိုသာ ဟောတော်မူသော အနတ္တ၊

(၂) လောကီသင်္ခါရတရားတို့နှင့်တကွ ပညတ်ကိုသာ ဟောတော်မူသော အနတ္တ၊

(၃) သင်္ခါရ တရားတို့ကိုသာ ဟောတော်မူသော အနတ္တ၊

(၄) သင်္ခါရတရားတို့နှင့်တကွ နိဗ္ဗာန်, ပညတ်, နှစ်ပါးကိုပင် ဟောတော်မူသော အနတ္တ–

ဟူ၍ လေးချက် ရှိ၏။

ထိုလေးချက်တို့တွင် "သဗ္ဗေ ဓမ္မာ အနတ္တာတိ သောတာဝဓာနေ ပညာ သုတမယေ ဉာဏံ"ဟူသော ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်၌ သင်္ခါရတရားဘို့နှင့်တကွ နိဗ္ဗာန်ကို အတွင်းပြု၍ အနတ္တဟု ဟောတော်မူသတည်း။ ထို့ကြောင့် "သဗ္ဗေ ဓမ္မာ အနတ္တာတိ နိဗ္ဗာနံ အဇ္ဈော ကတ္တာ ဝုတ္တာ" ဟူ၍ ၎င်းအဋ္ဌကထာ ဖွင့်ပြတော်မူသည်။ ပဋ္ဌ-သံ-ဋ္ဌ၊၅၈။

သဗ္ဗေ ဓမ္မာ အနတ္တာတိ–ဟူသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အဇ္ဈော ကတ္တာ၊ အတွင်းပြု၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ (အနက်)

ရင်းခ၌ ပညတ်မပါ၊ မပါ့ကြောင်းကား အနတ္တအစရှိသဖြင့် ကသိုဏ်း ပဋ္ဌိဘာဝနိမိတ်တို့၌ အတ္တဒိဋ္ဌိစွဲယူခြင်း ဖြစ်သင့်သောကြောင့် လည်းကောင်း၊ တစ်နည်း–ဤအလုံးစုံ ဓမ္မသဘာဝတို့ကို အနတ္တဟူ၍ သင်ကြားနာခံခြင်း သုတမယ ပညာ၏ အရာ ဖြစ်သောကြောင့် လည်းကောင်း မပါ၊ ပညတ်ကား ဓမ္မသဘာဝ မဟုတ် ဟူ၏။

နိဗ္ဗာန် အနေ္တာ ကတ္တာတိ ဣတ္ထ ပညတ္တိမဝစနံ အတ္တာ-နတ္တာဒီနာ ကသိဏာဒီသု အတ္တဂါဟသမ္ဘဝါ ကတံ၊ ဣမာယ ဝါ ပညာယ သဘာဝဝိသယတ္တာ တံ ကတံ။ (ပဋ္ဌိသံဂဏ္ဌိ၊၇၂။)

နိဗ္ဗာန် အနေ္တာ ကတ္တာတိ ဣတ္ထ၊ ဟူသောပုဒ်ဘို့၌ ပညတ္တိ၊ ပညတ်ကို။ အဝစနံ၊ မဆိုခြင်းကို။ အတ္တာနတ္တာဒီနာ၊ အတ္တ အနတ္တ အစရှိသည်ဖြင့်။ ကသိဏာဒီသု၊ ကသိုဏ်းပဋိဘာဂ နိမိတ်စသည်တို့၌။ အတ္တဂါဟ-သမ္ဘဝါ၊ အတ္တဒိဋ္ဌိ စွဲလမ်းခြင်း၏ ဖြစ်ဆင့်သောကြောင့်။ ကတံ၊ ပြုအပ်၏။ (ဝါ) တစ်နည်းကား၊ ဣမာယ ပညာယ၊ ဤသုတမယပညာ၏။ သဘာဝ ဝိသယတ္တာ၊ သဘာဝဓမ္မလျှင် အရာရှိသည်၏အဖြစ်ကြောင့်။ တံ၊ ထိုပညတ်ကို မဆိုခြင်းကို။ ကတံ၊ ပြုအပ်၏။ (အနက်)

"ဣမာယ ဝါ ပညာယ သဘာဝဝိသယတ္တာ"ဟူသော ဤဟိတ်ပါဌ်ဖြင့် "သဗ္ဗေ ဓမ္မာ အနတ္တာတိ သောတာဝဓာနေ ပညာ သုတမယေ ဉာဏံ"ဟူသော အရာသည် သင်္ခတဓမ္မသဘာဝ အသင်္ခတဓမ္မသဘာဝတို့ကို အနတ္တအဖြစ်ဖြင့် သင်ကြား နာခံသော အရာဖြစ်၏။ ထိုနှစ်ပါးတို့တွင် သင်္ခတဓမ္မသဘာဝကား ဥပါဒ်, ဌိ, ဘင်နှင့် စပ်သဖြင့် ကာရက, ဝေဒက, စသော ပရပရိကပ္ပိတ အတ္တသဘော ကင်းသောကြောင့် အနတ္တ၊ အသင်္ခတဓမ္မ သဘာဝကား ဥပါဒ်, ဌိ, ဘင် နှင့် မစပ်သဖြင့် ကာရက, ဝေဒက စသော ပရပရိကပ္ပိတ အတ္တသဘော ကင်းသောကြောင့် လည်းကောင်း အနတ္တအဖြစ်ကိုပြသော အရာဖြစ်၏။

ဤသို့ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဓမ္မသဘာဝ ဖြစ်သောကြောင့် နိဗ္ဗာန်ကို အတွင်းပြု၍ အနတ္တအရာ၌ ဟောတော်မူသည်၏ အဖြစ်ကို ဗျတိရိက်နည်းဖြင့် ပြတော်မူသည်။ ပညတ်ကား အနတ္တပင် ဖြစ်သော်လည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဓမ္မသဘာဝ မဟုတ်သောကြောင့် ဤ အနတ္တအရာ၌ ဟောတော်မမူ။ ဤ အနတ္တဟူသည်ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဓမ္မသဘာဝ ဟူသမျှကိုသာ ပြသည်ဟူလို၊ သိမ်မွေ့ခက်ခဲစွ။ (၁)

လောကီသခ်ၢတ သဘာဝတရားတို့နှင့် ပညတ်ကိုသာ ဟောတော်မူသော အရာကား-"အဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိ-သမ္ပန္နော ပုဂ္ဂလော ကိဉ္စိ ဓမ္မံ အတ္တတော ဥပဂစ္ဆေယ္ယ၊ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဌာနဉ္စ ခေါ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကိဉ္စိ ဓမ္မံ အတ္တတော ဥပဂစ္ဆေယ္ယ၊ ဌာနမေတံ ဝိဇ္ဇတိ" ဟူ၍ ဟောတော်မူသော ကေဂ်ုတ္တရ၊ အဌာနသုတ် ပါဠိတော်၊ ဉာဏဝိဘင်း ပါဠိတော်တို့တည်း။ ဤပါဠိတော်တို့၌ နိဗ္ဗာန်မပါ၊ လောကီသခ်ၢတ သဘာဝတရားကိုနှင့်တကွ ပညတ်ကိုသာ ဟောတော်မူ၏။

အတ္တဝါဒေ ကသိဏာဒိပဏ္ဏတ္တိသင်္ဂဟဏတ္ထံ သခ်ၢါရဋ္ဌိ အဝတ္ထာ ကိဉ္စိဓမ္မဋ္ဌိ ဝုတ္တံ။ အဘိ ဌ-၂၊၄၀၅။

[ရင်းအင်္ဂုတ္တရ အဌကထာ၊ ဘမ္မောဟဝိနောဒနီ ဉာဏဝိဘင်း အဌကထာ။]

အတ္တဝါဒေ၊ အတ္တဝါဒ၌။ ကသိဏာဒိ ပဏ္ဏတ္တိ သင်္ဂဟဏတ္ထံ၊ ကသိုဏ်း အစရှိသော ပဋိဘာဂနိမိတ်ပညတ်ကို ပေါင်းယူခြင်းအကျိုးငှါ။ သခ်ၢါရဋ္ဌိ၊ သခ်ၢါရဟူ၍။ အဝတ္ထာ၊ ရှေး နိစ္စ သုခ တို့၌ကဲ့သို့ မဆိုမူ၍။ ကိဉ္စိ ဓမ္မဋ္ဌိ၊ ဟူ၍။ ဝုတ္တံ၊ သဒ္ဒါအထူးအားဖြင့် ဟောတော်မူ၏။ (အနက်)

ဤ၌ နိဗ္ဗာန် အဘယ်ကြောင့် မပါသနည်း၊ မိစ္ဆာဒိဋ္ဌိ၏ အာရုံပြုရာ အရုမဟုတ်သောကြောင့် မိစ္ဆာဒိဋ္ဌိ၏ အာရုံပြုရာ အရု ဖြစ်သော ကသိုဏ်းစသော နိမိတ်ပညတ်ကိုသာ ယူသတည်း။

ထို့ကြောင့်—

ဒိဋ္ဌိယာ နိဗ္ဗာနဿ အဝိသယဘာဝေါ ဟေဌာ ဝုတ္တော ဇေါတိ ကသိဏာဒိပဏ္ဏတ္တိသင်္ဂဟဏတ္ထဋ္ဌိ ဝုတ္တံ— (အံ ဌ-၁၊၂၁၁။)

ဤသို့ ရင်းအင်္ဂုတ္တရမဟာဋီကာကြီး မှန်တော်မူသည်။

ဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိ၏။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အဝိသယဘာဝေါ၊ အာရုံပြုရာ အရုမဟုတ်သည်၏ အဖြစ်ကို။ ဟေဌာ၊ အောက်၌။

ဝုတ္တောဝေ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကသိဏာဒိ ပဏ္ဏတ္တိ သင်္ဂဟဏတ္ထံ၊ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်ဆိုအပ်၏။ (အနက်)

ဤအဋ္ဌာနသုတ်ကား ပုထုဇဉ်ဘို့ နိစ္စ, သုခ, အတ္တ ဟူ၍ မိစ္ဆာဒိဋ္ဌိစဲ့လမ်းရာ လောကီ သင်္ခတဓမ္မ သဘာဝတို့နှင့်တကွ ကသိုဏ်း စသော နိမိတ်ပညတ်တို့ကို သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့က အနိစ္စ ဒုက္ခ, အနတ္တဟူ၍ ယထာဘူတ သမ္မာဒိဋ္ဌိဉာဏ် အမြင်ဖြင့် ဖြေခြင်းကို ဟောရာဖြစ်သတည်း။ ထို့ကြောင့် နိဗ္ဗာန်ကို ပုထုဇဉ်တို့၏ အရာမဟုတ်၊ မိစ္ဆာဒိဋ္ဌိ၏ အာရုံပြု၍ အတ္တဟု မစဲ့လမ်းနှင်သောကြောင့်လည်းကောင်း၊ အနတ္တဟူ၍ ဖြေဖွယ်မရှိဖြစ်သဖြင့်လည်းကောင်း ဝါ နိဗ္ဗာန်ကို အတ္တဝါရဏ် မသွင်းမယူ၊ ပုထုဇဉ်တို့ အတ္တဟုစဲ့လမ်းရာ လောကီသင်္ခတ သဘာဝတို့နှင့်တကွ ကသိုဏ်း စသော ပဋ္ဌာဘာဂနိမိတ် ပညတ်ကိုသာ အရိယာတို့၏ အနတ္တ ဖြေရန် သွင်းယူပါသတည်း။ နိဗ္ဗာန်သည် အတ္တဖြစ်သောကြောင့် မသွင်းမယူဘဲချန်ထားသည် မဟုတ်၊ ရှေးကပြုဆိုခဲ့ပြီးသည့်နည်းအတိုင်း အသင်္ခတ ဓမ္မသဘာဝဖြစ်၍ အနတ္တသာတည်း။ ဤလည်းသိမ်မွေ့စ။

သင်္ခတဓမ္မ သဘာဝတို့ကိုသာ ဟောတော်မူသော အရာကား "သုဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂေါ ဝိသုဒ္ဓိယာ" ဟူသော ဓမ္မပဒဂါထာ [ဓမ္မပဒ၊ ၂၇၉] ၌ တောဘုမက သင်္ခါရဖြစ်သော ခန္ဓာငါးပါးတို့ကိုသာ ဟောတော်မူသတည်း။ ထို့ကြောင့် ရဟန်းဓမ္မပဒ အဋ္ဌကထာ၌ "သဗ္ဗေ ဓမ္မာ တိ ပဉ္စက္ခန္ဓာယေव အဓိပ္ပေတာ" ဟူ၍ ဖွင့်တော်မူသတည်း။ အဘယ့်ကြောင့် နိဗ္ဗာန်, ပညတ်တို့ကို မယူပါသနည်း ဟူမူကား၊ ဝိပဿနာ၏ အရာဖြစ်သောကြောင့်ပေတည်း။ ထိုနိဗ္ဗာန်, ပညတ်တို့သည်ကား သင်္ခတမဟုတ်၊ အသင်္ခတမျိုး ဖြစ်သော ကြောင့် ဝိပဿနာ၏ အရာမဟုတ်သောအားဖြင့် ဤဝိပဿနာအရာ၌ နိဗ္ဗာန်, ပညတ် နှစ်ပါးလုံးကိုပင် မယူ။ လောကီသင်္ခတဓမ္မ သဘာဝတို့ကို သာ အနတ္တဟု ယူသည် ဟူလို။ ဤလည်း သိမ်မွေ့စ။ (၃)

သခ်ၤတရားတို့နင့်တကွ နိဗၺာန်, ပညတ် နှစ်ပါးလုံးကိုပင် ဟောတော်မူသော အရာကား—

"အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာ စ သခ်ၤာ။
နိဗၺာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ"—
ဝိ ၅၊ ၁၅၇။

ဟူသော ပရိဝါပါဠိတော်တည်း။ ဤပါဠိတော်၌ အလုံးစုံသခ်ၤသဘာဝတရားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ တို့သာတည်း။ နိဗၺာန်,ပညတ်တရားတို့ကား အနိစ္စ, ဒုက္ခ မမည်ကုန်၊ အနတ္တကား မည်ကုန်ရာသတည်း။ အဘယ့်ကြောင့်နည်း၊ ပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ကြောင့်လည်းကောင်း။ ဖြစ်ခြင်း,ပျက်ခြင်းအားဖြင့်လည်း သဘာဝတရားတို့၏မြဲသောအမှတ်ကြောင့်လည်းကောင်း အနိစ္စ,ဒုက္ခလက္ခဏာ နှစ်ပါးနှင့် ယှဉ်၏ဟု ဆိုခြင်းငှာ မသင့်။ ကာရက,ဝေဒက စသော သာသနာတော်မှ အပ တိတ္ထိတို့ ကြုံဆသော အတ္တသဘောမှ ကင်းသောကြောင့်ကား အနတ္တဟု ဆိုခြင်းငှာ သင့်၏။ ထို့ကြောင့် သခ်ၤတသဘာဝမှ ပေါ်တော်၊ အသခ်ၤတမျိုးဖြစ်သော ဤပညတ်ကို အသခ်ၤတမျိုးချင်းတူသောအားဖြင့် သဘာဝတရား ထင်ရှားရှိသော အသခ်ၤတနိဗၺာန်နှင့်တကွ အနတ္တဟူ၍ ဟောပါသတည်း။ ဤအရာကား အနတ္တထိုက်သမျှကို ဖော်ပြဆုံးဖြတ်သော အရာပေတည်း၊ ဤနိဗၺာန်ပညတ်ကို ဝိပဿနာရှုစရာမဟုတ် ဟူလို။

ပါဠိယံ နိဗၺာနဉ္စေဝ ပညတ္တိတိ ဇ္ဈတ္ထ ယသ္မာ သခ်ၤခမ္မေ ဥပါဒါယ ပညတ္တာ သမ္မုတိသစ္စဘူတာ ပုဂ္ဂလာဒိပညတ္တိ ပရမတ္ထတော အဝိဇ္ဇမာနတ္တာ စ ဥပ္ပတ္တိဝိနာသတောပိ ဝတ္ထု-ခမ္မနိယတေန အနိစ္စဒုက္ခလက္ခဏဒ္ဒယေန ယုတ္တာတိ ဝတ္တုံ၊ အယုတ္တာ၊ ကာရကဝေဒကာဒိရူပေန ပန ပရိကပ္ပိတေန အတ္တသဘာဝေန ဝိရဟိတတ္တာ အနတ္တာတိ ဝတ္တုံ ယုတ္တာ၊

တသွာ အယံ ပညတ္တိပိ အသခ်ံတတ္ထသာမညတော ဝတ္ထု-
ဘူတေန နိဗ္ဗာနေနေဝ အနတ္တာ ဣတိ နိစ္ဆယာတိ ဝုတ္တာ။
(ဝိမတိ ဋီ၂၊၂၇၂။)

ပါဠိယံ၊ ပါဠိတော်၌။ နိဗ္ဗာနဥ္စ ဝ ပညတ္တိဘိ ဧတ္ထ–ဟူသော ပုဒ်တို့၌။ ယသ္မာ၊ အကြင်နကြောင့်။ သခ်ံတဝမ္မေ၊ အကြောင်းလေးပါး ပြုပြင်အပ်သော ရုပ်နာမ်တရားဘို့ကို။ ဥပါဒါယ၊ စွဲ၍။ ပညတ္တာ၊ ပညတ်အပ်သော။ သမ္မုတိသစ္စဘူတာ၊ သမ္မုတိသစ္စာဖြစ်၍ ဖြစ်သော။ ပုဂ္ဂလာဒိပညတ္တိ၊ ပုဂ္ဂိုလ်အစရှိသော ပညတ်သည်။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ အဝိဇ္ဇမာနတ္တာ စ၊ ထင်ရှားမနေသည်၏ အဖြစ်ကြောင့်လည်း။ ဥပ္ပတ္တိဝိနာသတော ပိ၊ ဖြစ်ခဲပါ ခြင်း ပျောက်ပျက်ခြင်းအားဖြင့်လည်း။ ဝတ္ထုဒ္ဒမ္မနိယ-တေန၊ သဘာဝခမ္ဘာ၏ မြဲသော အနှတ်ဖြင့်သော။ အနိစ္စ ဒုက္ခ လက္ခဏ-ဒွယေန၊ အနိစ္စ ဒုက္ခ လက္ခဏာနှစ်ပါးအပေါင်းနှင့်။ ယုတ္တာတိ၊ ယှဉ်၏ဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှာ။ အယုတ္တာ၊ မသင့်။ ကာ၊ က ဝေဒကာဒေ ရှုပေန၊ ကာရဏ, ဝေဒက စသည်သဘောရှိသော။ ပရိကပ္ပိတေန၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တသဘာဝေန၊ အတ္တသဘောမှ။ ဝိရဟိ ဘတ္တာ ပန၊ ကင်းသည်၏ အဖြစ်ကြောင့်ကား။ အနတ္တာတိ၊ အနတ္တဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ယုတ္တာ၊ သင့်၏။ တသ္မာ၊ ထို့ကြောင့်။ အယံ ပညတ္တိပိ၊ ဤအဝိဇ္ဇမာနပညတ်ကိုလည်း။ အသခ်ံ-တ္ထသာမညတော၊ အသခ်ံဘသဘောချင်း တူသည်၏ အဖြစ်ကြောင့်။ ဝတ္ထုဘူတေန၊ သဘာဝအားဖြင့် ထင်ရှားရှိသော၊ နိဗ္ဗာနေန၊ နိဗ္ဗာန် အသခ်ံတတရားနှင့်။ သဟ ဧဝ၊ တကွသာလျှင်။ အနတ္တာ ဣတိ၊ အနတ္တဟူ၍။ နိစ္ဆယာ၊ ဆုံးဖြတ်အပ်၏။ ဣတိ၊ ဤ သို့။ ဝုတ္တာ၊ ဟောအပ်၏။

ယသ္မာ။ (ပ)။ အဝိဇ္ဇမာနတ္တာ– ဟူ၍ မိန့်ခြင်းကြောင့်။ အဝိဇ္ဇ-မာနသမ္မုတိ ပညတ်သည်သာ အသခ်ံတ ဖြစ်ရာ၏၊ ဝိဇ္ဇမာနသမ္မုတိ ပညတ်သည်ကား အသခ်ံတ မဖြစ်ရာဟူသော ဝါကျမရှင်း အဖြစ်တင် ဖွယ်မကင်းမသော အတွင်းငုပ်လိုနှစ်ရ စောဒနာ၊ ဂန်နည်း–အနေ့ဘာလိုန စောဒနာကို ဋီကာအရှင် ကောင်းစွာမြင်သဖြင့် ပြင်တင်လွှတ်စေ ရှင်းရှင်း

ကြေအောင် ဖြေဘော်မူပြန်လိုသောကြောင့် "ဝိဇ္ဇမာနာပိ ဟိ သမ္မုတိ ကေနစိ ပစ္စယေန အကတတ္တာ အသမ္ဘဝတာ ဧဝါတိ" ဟူ၍လည်းကောင်း ဝိမတိဋ္ဌိကာဆရာ မိန့်ပြန်ရှာသတည်း။

ဟိ၊ ရှေဝါကျတွင် ပြစ်တင်မကင်း စကားကြွင်းကို ဆိုပေဦးအုံ့။ ဝိဇ္ဇ-မာနာပိ၊ပရမတ္ထအားဖြင့် ထင်ရှားရှိသည်လည်းဖြစ်သော။ သမ္မုတိ၊ ဖဿ, ဝေဒနာစသော ပညတ်သည်။ ကေနစိ၊ တစ်စုံတစ်ခုသော၊ ပစ္စယေန၊ အကြောင်းသည်။ အ၊ကတတ္တာ၊ မပြုမပြင် မစီရင်အပ်သည်၏ အဖြစ်ကြောင့်။ အသမ္ဘဝတာ ဧဝ၊ အသမ်ဘဝဖြစ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့မှတ်လေ။

ဤသို့သော ဋီကာပါဌ်ဖြင့် နိဗ္ဗာန်, ပညတ်တို့၏ အသမ်ဘဝအဖြစ်ကို ပြသည်။ နိဗ္ဗာန် အသမ်ဘဝသည် အကြောင်းလေးပါးတို့ မပြုပြင် မစီရင် အ၊ပ်သော ဥပါဒ်, ဌိ, ဘင်, ကင်းသော သန္ဓိလက္ခဏာနှင့် ပြည့်စုံသော ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသမ်ဘ တရားပေတည်း။ပညတ်သည်ကား အကြောင်းလေးပါးတို့ မပြုပြင် မစီရင်အပ်သော ဥပါဒ် ,ဌိ,ဘင်လည်းကင်းသော ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အသမ်ဘတတရားပေတည်းဟု ခွဲ၍သိမှတ်လေ။ အသမ်ဘ နှစ်ပါးလုံးပင် အနတ္တချည်းသာဟူ၍လည်း သိလေ၊ မှတ်လေ။ ဤလည်း သိမ်မွေ့စု။ (၄)

ထိုသို့ ပြခဲ့အပ်ပြီးသော အနတ္တလက္ခဏာကို ဟောတော်မူသော အချက်ကြီးလေးပါးတို့တွင် သုံးခုမြောက်သော အသမ်ဘ လက္ခဏာကိုသာ ဟောတော်မူသော အနတ္တဖြင့်သာလျှင် ယခုအခါ ဝိပဿနာ၏ အရာဌ်ယူအပ်၏။ ဤသို့ ဥပမာငါးပါးဖြင့် ထင်မြင်အပ်သော ရူပ်၊ ဖဿပဉ္စက, ဝေဒနာ ပဉ္စက, ပိညာဏပဉ္စကတို့ဖြင့် မှတ်အပ်သော နာမ်၊ ထိုရူပ်နာမ် နှစ်ပါး သခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ, ဟုဆိုအပ်သော လက္ခဏာရေးသုံးပါးတို့ဖြင့် သုံးသပ်ဆင်ခြင်အပ်သော ယောဂီအား

ဥဒယ, ဝယ တည်းဟူသော တရုဏဝိပဿနာဉာဏ်သို့ သက်လျက် သြဘာသအစရှိသော ဥပက္ကိလေသ တရားတို့ကို လွန်မြောက်၍ မဂ္ဂါမဂ္ဂ-ဉာဏဒဿန ဝိသုဒ္ဓိ စသည်မှကူး၍ အဏက်မဂ်ဉာဏ်ကို ကူးတတ်သည်။

၄၁-အနုလောမခန္ဓာဝါရကို ပြခြင်း

အကယ်၍ တရုဏဝိပဿနာသို့ သက်လျက် မဂ္ဂါမဂ္ဂဉာဏဒဿန စသည်မှ မကူးမြောက်နိုင်သေးလျှင် လက္ခဏဝဝတ္ထာနဝါရကို လွှတ်၍ အနုလောမ ခန္ဓာဝါရဖြင့် ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်အပ်၏။

သုံးသပ်ဟန်ကား

ခန္ဓာငါးပါးဌ် အနိစ္စလက္ခဏာရှုရန် မာတိကာ (၁၀) ပါး။

"နိစ္စ, ပလောက, စလ, ပဘင်္ဂ, အဓုဝ, ပရိဏာ, အသာ-
ရက, ဝိဘဝ, သင်္ခ, မရဏ"။

ခန္ဓာငါးပါးဌ် ဒုက္ခလက္ခဏာ ဆင်ခြင်ရန် မာတိကာ (၂၅) ပါး။

"ဒုက္ခ, ရောဂ, အဃ, ဂဏ္ဍာ, သလ္လ, အာဗာဓ, ဥပဒ္ဒဝ,
ဘယာ, ဣတိ, သာဟု, ဥပသဂ္ဂါ, အတာ, လေဏ,
သရဏ, ဝဓ, အဃမူလ, အာဒီ, မှန်လွှက်, သာသဝ,
မာရ, ဇာ, ဇ, ဗျာ, သော, ဒေဝေါပရိ, ဥ, သံကိ"။

ခန္ဓာငါးပါးဌ် အနတ္တလက္ခဏာ ဆင်ခြင်ရန် မာတိကာ (၅) ပါး။

"ပရ, ရိတ္တ, တုစ္ဆ, သညာ, အနတ္တာ"။
(ဂင်းလက်ာ သုံးပိုဒ်ဌ် အကန့်ရှု မပြည့်လျှင် ရှေ့အနက်
ဖြင့် ဖြည့်၍ ယူတော်မူကြကုန်။)

အနက်ကား။ ။ရှုပ်၊ ရှုပ်သည်။ အနိစ္စ၊ မမြဲ။ ပလောက၊ ပျက်စီးတတ်၏။ စလ၊ တုန်လှုပ်တတ်၏။ ပဘင်္ဂ၊ သွားဘာသာ ပျက်တတ်ချေ၏။ အဓုဝ၊ မခိုင်ခန့်။ ဝိပရိဏာမ၊ ဖောက်ပြန်တတ်၏။ အသာရက၊ အနှစ်

မရှိ။ ဝိဘဝံ၊ တဏှာ, ဒိဋ္ဌိ,လျှင် ဖြစ်ကြောင်းရှိ၏။ သခ်ံတံ၊ အကြောင်း တရားတို့သည် ပြုပြင်အပ်၏။ မရဏံ၊ သေတတ်သော အလေ့ရှိ၏။

(အနိစ္စလက္ခဏာအနက် ၁၀-ပါး။)

အနက်ကား။ ။ရူပံ၊ ရူပ်သည်။ ဒုက္ခံ၊ ဥပါဒ် ဘင်ဖြင့် နှိပ်စက်တတ်၏။ ရောဂံ၊ ပစ္စည်းနှင့်တကွ ယာယျဟူသော ရောဂါရှိချေ၏။ **အဃံ**၊ **မကောင်းမှုတို့၏** တည်ရာဖြစ်၏။ ဂဏ္ဍံ၊ ကိလေသာတည်းဟူသော မန်းပြည့်သော အိုင်းအမာရှိ၏။ သလ္လံ၊ ကိလေသာတည်းဟူသော ငြောင့်ရှိ၏။ အာဗာဓံ၊ ယာယျမှတစ်ပါး များသော အနာရှိချေ၏။ ဥပဒ္ဒဝံ၊ မထင်မရှား များသောဥပဒ္ဒဝဝါရှိ၏။ ဘယံ၊ နိဗ္ဗာန်**၏** ဆန့်ကျင်ဘက်ဖြစ်သော ဘေးရှိချေ၏။ ဣတိ၊ အနေကဗျသနဘိုးကြောင့် များသော ဘေးရန်ရှိ၏။ ဥပသဂ္ဂါ၊ များပြားစွာသော အနတ္ထရှိချေ၏။ အတာဏံ၊ သူကိုယ်လည်း မစောင့်, မိမိလည်း ဘေးမငြိမ်းချေ။ အလေဏံ၊ မိမိ သူတစ်ပါး ပုန်းအောင်းရာမရှိ။ အသရဏံ၊ မိမိ သူတစ်ပါ; ကိုးကွယ်ရာမရှိ။ ဝဓံ၊ သူသတ်ယောကျ်ားနှင့်တူချေ၏။ **အဃမူလံ**၊ **မကောင်းမှုတို့၏** **အကြောင်းရင်းတည်း**။ အာဒီနဝံ၊ ဖြစ်ခြင်း, ပျက်ခြင်းတည်းဟူသော ဘေးရှိ၏။ သာသဝံ၊ အသာဝေါတရားတို့နှင့် တကွဖြစ်၏။ မာရာမိသံ၊ မာရ်တို့**၏** **အစာ** ဖြစ်ချေ၏။ ဇာတိ၊ ပဋိသန္ဓေနေရခြင်း ရှိ၏။ ဇရံ၊ အိုရခြင်း ရှိ၏။ ဗျာဓိ၊ ကျင်နာရခြင်း **ရှိ၏**။ သောကံ၊ စိုးရိမ်ရခြင်း ရှိ**၏**။ ပရိဒေဝံ၊ ငိုကြွေးရခြင်း ရှိ၏။ ဥပါယာသံ၊ သက်ကြီးရွက်တင်ပင်ပန်းရခြင်း ရှိ၏။ သံကိလေသိကံ၊ တဏှာ, ဒိဋ္ဌိတို့၏ **အာဝဇ္ဇဖြစ်၍** ညစ်ညူးရခြင်း ရှိ၏။

(ဒုက္ခလက္ခဏာအနက် ၂၅-ပါး။)

အနက်ကား။ ။ရူပံ၊ ရူပ်သည်။ ပဇာ၊ မိမိမဟုတ်သဖြင့် သူစိမ်းပြင်ပနှင့်တူချေ၏။ ရိတ္တံ၊ တိတ္ထိတို့ကြုံဆအပ်သော အနှစ်မှ ကင်းချေ၏။ တုစ္ဆံ၊ တိတ္ထိတို့ကြုံဆအပ်သော အနှစ်မှ အချည်းနှီးရှိချေ၏။ သုညံ၊ သာမီ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယက ဟု ကြုံဆခေါ်ဆိုအပ်

သောကိုယ်မှ ဆိတ်ချေ၏။ အနတ္တာ၊ သာမီ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယက ဟု ကြံဆခေါ်ဆိုအပ်သော ကိုယ်လည်း မဟုတ်ချေ။
(အနတ္တလက္ခဏာ၏အနက် ၅-ပါး။)

ဤသို့သော အမျှ (၄၀) သော ဝိပဿနာတို့ဖြင့် ခန္ဓာငါးပါးတို့ကို ခန္ဓာငါးပါးတို့၌ အကြိမ်ကြိမ် အဖန်ဖန် အတန်တန် သုံးသပ်အပ်သည် ရှိသော် နှစ်ထောသော အနုလောမခန္တီဉာဏ်သို့ သက်လေ၏။ ထိုအနုလောမ ခန္တီဉာဏ်သို့ သက်ပြီးသော ယောဂီအား မြေကြီးလက်ခတ်မလဲ တောင်ထိပ်မှကျသော ရေအလျှဉ်သည် မြစ်ပြင်သို့ သက်နောက်ချသကဲ့သို့ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်တို့သို့ စင်စစ်မုချ မျက်မှောက်ပြုရတော့မည် မလွဲတည်း၊

သော ဝတ ဘိက္ခဝေ ဘိက္ခု သဗ္ဗသခ်ါရေ အနိစ္စတော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတိတိ ဌာနမေတံ ဝိဇ္ဇတိ၊ အနုလောမိကာယ ခန္တိယာ သမန္နာဂတော သမ္မတ္တနိယာမံ သြက္ကမိဿတိတိ ဌာနမေတံ ဝိဇ္ဇတိ၊ သမ္မတ္တနိယာမံ သြက္ကမမာနော သောတာပတ္တိဖလံ ဝါ သကဒါဂါမိဖလံ ဝါ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ သစ္ဆိကရိဿတိတိ ဌာနမေတံ ဝိဇ္ဇတိ။ ပဋိသံ-၄၀၉။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝတ၊ စင်စစ်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ သဗ္ဗသခ်ါရေ၊ အလုံးစုံသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ အနိစ္စတော၊ မမြဲသောအားဖြင့်။ သမနုပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကာယ၊ မဂ်လေးတန်အား ရခြင်းငှါလျော်သော (အနုလောမိကန္တိ အရိယမဂ္ဂါမိဂမဿ အနုကူလံ–မဟာဋီကာ)၊ ခန္တိယာ၊ ဝိပဿနာဉာဏ်နှင့်။(ခန္တိ ခန္တိ-ဉာဏခန္တိ–မဟာဋီကာ)။ သမန္နာဂတော၊ ပြည့်စုံသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ တေ ဌာနံ၊ ဤသို့သော အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ အနုလောမိကာယ၊ မဂ်လေးတန်အား ရခြင်းငှါလျော်သော။ ခန္တိယာ၊ ဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော

သူသည်။ သမ္မတ္တနိယာမ်၊ အရိယာမဂ်သို့။(သမ္မတ္တနိယာမန္တိ အရိယမဂ္ဂ-မဟာဋီကာ)။ သြဂ္ဂမိဿတိ၊ သက်လတ္တံ့။ ဣတိ၊ ဤသို့။ တေ ဌာနံ၊ ဤသို့သောအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ သမ္မတ္တ နိယာမ်၊ အရိယာမဂ်သို့။ သြဂ္ဂမမာနော၊ သက်သောသူသည်။ သောတာပတ္တိဖလံ ဝါ၊ သောတာပတ္တိဖိုလ်သို့လည်းကောင်း။ သကဒါဂါမိဖလံ ဝါ၊သကဒါဂါမိဖိုလ်သို့လည်းကောင်း။ အနာဂါမိဖလံဝါ၊ အနာဂါမိဖိုလ်သို့ လည်းကောင်း။ အရဟတ္တဖလံဝါ၊ အရဟတ္တဖိုလ်သို့လည်းကောင်း။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုလတ္တံ့။ ဣတိ၊ ဤသို့။ တေဌာနံ၊ ဤသို့သော အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ (အနက်။) (ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ,တို့၌လည်း ၎င်းနည်းတူပင်တည်း။)

ဤ ဝိပဿနာလေးဆယ်ဖြင့် ထိရဘာဝဖြစ်အောင် နေ့ရက်မညောင်းကောင်းစွာ အားထုတ်သော ယောဂီအား သောတာပန်ပင် မုချမဟုတ်သေးသော်လည်း သောဘာပန်ဟု ခေါ်ဝေါ်အပ်၏။

ဥပမာ။ ။တိုင်းနိုင်ငံကို သိမ်းကျုံး၍ အောင်အပ်ပြီးသော ရန်သူရှိသော မင်းသည် ရာဇာဘိသေက အဘိသိက်ကို မသွန်းရသေးမီ ရှင်ဘုရင် မဟုတ်သေးသော်လည်း ရှင်ဘုရင်ဟု ခေါ်ဝေါ်အပ်သကဲ့သို့ ပေတည်း။

ထို့ကြောင့်—

သော ထေရေ အနုမောဒနံ ကထေန္တေ ကေဂ္ဂစိတ္တော ဟုတ္ဝာ ဓမ္မံ သုဏန္တော သောတာပတ္တိမဂ္ဂသာ သြရတော အနုလောမိကံ ခန္တိံ နိဗ္ဗတ္တေသိ—

ဤသို့ ဓမ္မပဒအဋ္ဌကထာရှင် မိန့်တော်မူ၏။ ဓမ္မပဒ ၆-၁၊၄၀၇။

သော၊ ထို စောရယဝတက ခိုးသူသတ် ယောကျ်ားသည်။ ထေရေ၊ ရှင်သာရိပုတ္တာ ဆုမထေရ်သည်။ အနုမောဒနံ၊အနုမောဒနာကို။ ကထေန္တေ၊ တစ်ဖန် ဟောအပ်သည်ရှိသော်။ ကေဂ္ဂစိတ္တော၊ တည်ကြည်သော

စိတ်ရှိသည်။ ဟုတ္တာ၊ ဖြစ်၍။မေ့ပ်ေ၊တရားကို။ သုဏာန္တော၊ နာသည်ရှိသော်။ သောတာပတ္တိမဂ္ဂသ၊ သောတာပတ္တိမဂ်၏။ သြရတော၊ အတွင်း၌။ အနုလောမိကံ၊ မဂ်အား လျော်သော။ ခန္တီ၊ ဝိပဿနာ ဉာဏ်ကို။ နိဗ္ဗတ္တေသိ၊ ဖြစ်စေ၏။

ဤ အနုလောမခန္တီဝါရဖြင့်လည်း ပြခဲ့ပြီးသော အတိုင်း မဂ္ဂါမဂ္ဂဉာဏ-ဒဿနဝိသုဒ္ဓိ စသည်ကို ကူးရောက်၍ အထက်မဂ်ဉာဏ်သို့ ရောက်နိုင်၏။

၄၂–နာမရူပ ပဝတ္တိကွမဝါရကို ပြခြင်း

အကယ်၍ မကူးမြောက်နိုင်သေးပါမူ—

(၁) ဣန္ဒြေငါးပါးတို့ကို အထူးသဖြင့် တက်မြက်ရန် ဥပါဒ်,ဌိ,ဘင်တို့ကို လွှတ်၍ ပျက်ခြင်း။

(၂) အာဝါသသပ္ပါယ, ဂေါစရသပ္ပါယ, ဘာသသပ္ပါယ, ပုဂ္ဂလ-သပ္ပါယ, ဘောဇနသပ္ပါယ, ဥတုသပ္ပါယ, ဣရိယာပထ-သပ္ပါယ, အားဖြင့် ၇-ပါးသော သပ္ပါယ်တို့တွင် မိမိနှင့် လျောက်ပတ်သော သပ္ပါယ်ကို မှီဝဲ၍ ဘင်ကို ရှုခြင်း။

(၃) နေ့ရော ညဉ့်ပါ အခါပေါ်သိမ်း ဘင်ကို ရှုခြင်း။

(၄) အရှိအသေ အလေးအမြတ်ပြု၍ ဘင်ကို ရှုခြင်း။

(၅) ဝိပဿနာ အာရုံ၌ အခါခပ်သိမ်း ယူ၍ ဘင်ကို ရှုခြင်း။

(၆) စိတ်တွန့်လွန်းသော် သတိနှင့်တကွ ဓမ္မဝိစယ, ဝီရိယ, ပီတိ, ဗောဇ္ဈင်လေးပါးကို မှီဝဲလျက်၊ စိတ်တွန့်လွန်းသော် သတိနှင့် တကွ ပဿဒ္ဓိ,သမာဓိ,ဥပေက္ခာ, ဗောဇ္ဈင်လေးပါးကို မှီဝဲလျက် ဘင်ကို ရှုခြင်း။

(၇) မိမိကိုယ်အသက်ကိုလျက် ငဲ့ကွက်ခြင်းမရှိ အားထုတ်၍ ဘင်ကို ရှုခြင်း။

(၈) ဖြစ်တိုင်း ဖြစ်တိုင်းသော ဒုက္ခ,သုခတို့ကို ဝိပဿနာဖြင့်လွှမ်းမိုး၍ ဘင်ကို ရှုခြင်း။

(၉) ငါသည် အလိုရှိအပ်သော မဂ်သို့ မရောက်လျှင် ဤကိုယ်စိတ်ကို မလျှော့ခြင်းတည်းဟူသော အဗျာသာန ဂုဏ်ကိုဆောက်တည်၍ ဘင်ကိုသာ ရှုခြင်း—

အားဖြင့် ကိုးပါးသော ဣန္ဒြိယပဋိပက္ခတရားတို့ကို ဆောက်တည်လျက် ရုံခါ ရုပ်တို့၏ ဖြစ်ခြင်းအစ, ရုံခါ နာမ်တို့၏ ဖြစ်ခြင်းအစ ဟုဆိုအပ်သော နာမရူပပဝတ္ထုဏမဝါရကို တစ်ဖန်ပြန်၍ သုံးသပ်ရာ၏။

သုံးသပ်ဟန်ကား—

ငါ၏သန္တာန်ဝယ် အမှန်မှုခ,ဖြစ်ရသော သခ်တ စာရားတို့ဝယ် ရှေးဦးအစစွာ—

(၁) ကမ္မ

(၂) ကမ္မသမုဋ္ဌာန၊

(၃) ကမ္မပစ္စယ၊

(၄) ကမ္မပစ္စယ စိတ္တသမုဋ္ဌာန၊

(၅) ကမ္မပစ္စယ အာဟာရသမုဋ္ဌာန၊

(၆) ကမ္မပစ္စယ ဥတုသမုဋ္ဌာန—

ဟူသော ကံ၌ဝေဖန်ခြင်း ခြောက်ပါး။

(၁) စိတ္တ၊

(၂) စိတ္တသမုဋ္ဌာန၊

(၃) စိတ္တပစ္စယ၊

(၄) စိတ္တပစ္စယ အာဟာရသမုဋ္ဌာန၊

(၅) ဇီတ္တပစ္စယ ဥတုသမုဋ္ဌာန—

ဟူ၍ စိတ်၌ ဝေဖန်ခြင်း ငါးပါး။

(၁) အာဟာရ၊

(၂) အာဟာရသမုဋ္ဌာန၊

(၃) အာဟာရပစ္စယ၊

(၄) အာဟာရပစ္စယ အာဟာရသမုဋ္ဌာန၊

(၅) အာဟာရပစ္စယ ဥတုသမုဋ္ဌာန—

ဟူ၍ အာဟာရ၌ ဝေဖန်ခြင်း ငါးပါး။

(၁) ဥတု၊

(၂) ဥတုသမုဋ္ဌာန၊

(၃) ဥတုပစ္စယ၊

(၄) ဥတုပစ္စယ ဥတုသမုဋ္ဌာန၊

(၅) ဥတုပစ္စယ အာဟာရသမုဋ္ဌာန–

ဟူ၍ ဥတု၌ ဝေဖန်ခြင်းငါးပါး။ အပေါင်းအားဖြင့် နှစ်ဆယ့်တစ်ပါး။

ဤသို့အားဖြင့် ရူပ်နာမ် နှစ်ပါး သင်္ခါတရားတို့၏ ဖြစ်ပွားခြင်း အစကို ရှုအပ်၏။

ထိုတွင် ရှေးရှေးသောဘဝ၌ ယခုအခါ ရှိသော ရူပ်နာမ်တို့ကို ဖြစ်ရာ ဖြစ်ကြောင်းဖြစ်သော—

(၁) နာနာက္ခဏိကစေတနာ–နှစ်ဆယ့်ငါးပါးသည် ကံမည်၏၊

(၂) ပဋိသန္ဓေ စိတ် နှင့် တက္ခ နာမက္ခန္ဓာ လေးပါး တို့သည် လည်းကောင်း၊

စက္ခုဒသက-သောတ-ဃာန-ဇိဝှာ-ကာယ-ဘာဝ-ဝတ္ထု ဒသက ဟူသော ကံကြောင့် ဖြစ်သော ရူပ်သည် လည်းကောင်း ကမ္မသမုဋ္ဌာန မည်၏၊

(၃) ၎င်းကမ္မသမုဋ္ဌာန တရားတို့သည်ပင်လျှင် ကံဟူသော အထောက် အပံ့ရှိ၍ ကမ္မပစ္စယ မည်ပေ၏၊

(၄) ပဋိသန္ဓေစိတ်လျှင်ဖြစ်ကြောင်းရှိသော ကမ္မဇရူပ်သုံးဆယ်သည် ကံလျှင် အထောက်အပံ့ရှိသည်ဖြစ်၍ စိုက်လျှင်ဖြစ်ခြင်း နှိုရ ကား ကမ္မပစ္စယ စိတ္တသမုဋ္ဌာန မည်၏၊

(၅) ကံကြောင့်ဖြစ်သော ပဋိသန္ဓေ၏ ရူပ်တို့၌ ဌီသို့ ရောက်သော သြဇာသည် တပါးသော သြဇဋ္ဌမကရူပ်ကို ဖြစ်စေခြင်း၊ ၎င်း ဒုတိယသြဇဋ္ဌမကရူပ်၌ ဌီသို့ရောက်သော သြဇာသည် တတိယ သြဇဋ္ဌမကရူပ်ကို ဖြစ်စေခြင်း။ ၎င်းနည်းတူ လေးဆက်-ငါး ဆက်သော သြဇာကို ဖြစ်စေသော ရူပ်သည် ကမ္မပစ္စယ အာဟာရ သမုဋ္ဌာနမည်၏၊

(၆) ၎င်းနည်းတူ ကံကြောင့်ဖြစ်သော ပဋိသန္ဓေ စိတ်၏ ရူပ်တို့၌ ဌီသို့ရောက်သော ဇေတဇောဝတ်သည် ဥတုလျှင် ဖြစ်ကြောင်း ရှိသော သြဇဋ္ဌမကရူပ်ကို ဖြစ်စေ၏။ ထိုသြဇဋ္ဌမကရူပ်၌လည်း ဌီသို့ရောက်သော ဥတုသည် သြဇဋ္ဌမကရူပ်ကို တစ်ဖန် ဖြစ်စေ၏။ ၎င်းနည်းတူ— လေးဆက်လည်းကောင်း, ငါးဆက်လည်း ကောင်း၊ ကံကြောင့်ဖြစ်သော ဥတုတို့၏ အဆက်ဆက်ဖြစ်ခြင်း သည် ကမ္မပစ္စယ ဥတုသမုဋ္ဌာန မည်ပေ၏။ ဤကား ကံ, ကံ ကြောင့် ဖြစ်သော စိတ်, ကံကြောင့်ဖြစ်သော အာဟာရ, ကံ ကြောင့်ဖြစ်သော ဥဘုဟုဆိုအပ်သော သင်္ခါရတရားတို့၏ ဖြစ် ခြင်း အရင်းအစ ပေတည်း။

စိတ် တစ်ခုယုတ်ကိုးဆယ်သည် စိတ်မည်၏။ထိုတွင်ဝုဋ္ဌော၊ ကာမဇော တစ်ခုယုတ်သုံးဆယ်၊ အဘိညာဉ်ဒွေး ပေါင်း(၃၂)ပါးတစ်ရပ်။ မဟဂ္ဂုတ် လောကုတ္တရာဇော(၂၆)ပါး တစ်ရပ်။ တဒါရုံ ဇကာဒသ၊သမ္ပဋိစ္ဆိုင်းဒွေး၊ ရူပါဝစရဝိပါက်ငါးခု၊ ပဉ္စဒ္ဓါရဝဇ္ဇန်းဟု ဆိုအပ်သော တစ်ဆယ့် ကိုးပါး တစ်ရပ်။ ဒွေပဉ္စဝိညာဉ်တစ်ဆယ်၊ အရူပဝိပါက် လေးခု၊ ခပ်သိမ်းသော ပဋိသန္ဓေစိတ်၊ ရဟန္တာတို့၏ စုတိစိတ်၊ (၀၊) ခပ်သိမ်းသော သူတို့၏ စုတိစိတ်အားဖြင့် တစ်ဆယ့်ခြောက်ပါး တစ်ရပ်။

ထိုလေးရပ်သော အစုကိုတွင်—

(၁) ပဌမသုံးဆယ့်နှစ်ပါးသော စိတ်အစုတို့သည် ရူပ်, ဣရိယာပုထ် ဝိညတ်ဘို့ကို ဖြစ်စေနိုင်ကုန်၏၊

(၂) ဒုတိယအစု(၂၆)ပါးသော စိတ်တို့သည် ရူပ်,ဣရိယာပုထ်တို့ကို ဖြစ်စေနိုင်ကုန်၏၊

(၃) တတိယအစု(၁၉)ပါးသော စိတ်တို့သည် ရူပ်ကိုသာလျှင် ဖြစ်စေနိုင်ကုန်၏၊

(၄) စဘုဇ္ဈအစု(၁၆)ပါးသော စိတ်တို့သည် ရူပ်ကိုလည်းကောင်း၊ ဣရိယာပုထ်ကိုလည်းကောင်း၊ ဝိညတ်ကိုလည်းကောင်း မဖြစ်စေနိုင်ကုန်။

(၁) ဤသို့ အပေါင်းအားဖြင့် (၇၇)ပါးသော စိတ်တို့သည် ရူပ်ကို ဖြစ်စေနိုင်သော စိတ်မည်ကုန်၏။

ဆောင်ရန်လက်ုံ

ဝုဋ္ဌော ဇောလည်းကာမ၊ ဘိညာဉ်ဒွ၊ ; တိ ံသဗျာတ်ဟုရော။
ဆဗ္ဗိသေ မဟဂ္ဂုတ်၊ ဇောမှန် ကြဉ်ရှုတ်။

ယောဂိပါရဂူ ၁၉ ပမ်းသမ

ရုဒ်ရုဒ်တဒါ၊ ဌိစ္ဆိုင်းပါ၊ ရူပါဝိပါက်၊ ပဉ္စဒ္ဒါစ္ဆက်။
ဝိပါက်အရှု၊ ဆယ်ဝိဉ်ကူ၊ ဘိန္နူ သန္ဓိဟော။
သုံးသဘော ရုပ် ၇ ဝိ၊ နောက်ကကြဉ်၍ နဝယ်ထည့်။ ။

(၂) သုံးပါးသော နာမကွန္ဓာ၊ သဒ္ဒနဝက ကလာပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ အာကာသဓာတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ ဤသို့ အပေါင်းအားဖြင့် (၁၇)ပါးသော ရုပ်သည် စိတ်ကြောင့် ဖြစ်ခြင်းကြောင့် စိတ္တသမုဋ္ဌာန်မည်၏။

(၃) တစ်ဝိထိအတွင်း၌ စိတ်တို့အဆက်ဆက်ကြောင့်ဖြစ်သော စတုဇ ရုပ်သည် စိတ္တပစ္စယ မည်၏၊

(၄) စိတ်ကြောင့်ဖြစ်သော ရုပ်တို့၌ ဌိသို့ရောက်သော သြဇာသည် တစ်ပါးသော သြဇဋ္ဌမဂ္ဂ ရုပ်ကို ဖြစ်စေ၏။ ဤသို့ နှစ်ဆက်, သုံးဆက် ဖြစ်သော သြဇဋ္ဌမကရုပ်သည် စိတ္တပစ္စယအာဟာရ သမုဋ္ဌာန် မည်၏၊

(၅) ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်၏ ဌိသို့ရောက်သော ဥတုသည် တစ်ပါးသော သြဇဋ္ဌမကရုပ်ကို ဖြစ်စေ၏၊ ဤသို့ နှစ်ဆက်, သုံးဆက်,သြဇဋ္ဌမကရုပ်ဖြစ်ခြင်းသည် စိတ္တပစ္စယ ဥတုသမုဋ္ဌာန် မည်၏။

ဤသို့ စိတ်ကြောင့်ဖြစ်သော သခ်ၢတ တရားတို့၏ဖြစ်ပွားခြင်း အစကို သိအပ်၏။

(၁) အလုပ်အလေ့းကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော အာဟာရသည် အာဟာရ မည်၏၊

(၂) ဥပါဒိန္နဖြစ်သော ကမ္မဇရူပ်ကို ထောက်ပံ့မှီ၍ အမှတ်မဲ့သော ကာလ၌ ဌီသို့ရောက်သော သြဇာသည် ဖြစ်စေအပ်သော သြဇ-ဌမကရူပ်၊ အာကာသဓာတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ဥပစယ၊သန္တတိ၊ဤတစ်ဆယ့်လေးပါးသောရူပ်သည် အာဟာရ ကြောင့်ဖြစ်သောကြောင့် အာဟာရ သမုဋ္ဌာနမည်၏၊

(၃) အာဟာရကြောင့်ဖြစ်သော ရူပ်တို့၌ ဌီသို့ရောက်သော သြဇာသည် တစ်ပါးသော သြဇဋ္ဌမကရူပ်ကို ဖြစ်စေ၏ ဤသို့ ဆယ်ဆက်, ဆယ့်နှစ်ဆက်, သြဇဋ္ဌမကရူပ်တို့၏ ဖြစ်ခြင်းသည် အာဟာရပစ္စယ အာဟာရ သမုဋ္ဌာန မည်၏၊

(၄) အာဟာရပစ္စယ-မှာ ဥပါဒိန္နရူပ်သို့ ရောက်အောင် ထောက်ပံ့ခြင်းကို ယူ။

(၅) ကမ္မဇာဟာရဟု ဆိုအပ်သော ဥပါဒိန္နကာဟာရ၏ ဌီသို့ရောက်သော ရူပ်ကို ဖြစ်စေရာ၌ သြဇာသည် တစ်ပါးသော ရူပ်ကို ဖြစ်စေ၏၊ ဤသို့ လေးကြိမ်, ငါးကြိမ်,ဆက်သောအခါ အာဟာရ ကြောင့် ဖြစ်သော ဥတုသည် ဌီသို့ရောက်၍ သြဇဋ္ဌမကရူပ်ကို ဖြစ်စေ၏။ ဤသို့ဖြစ်ခြင်းသည် အာဟာရပစ္စယ ဥတုသမုဋ္ဌာန် မည်၏။

ဤသို့ အာဟာရကြောင့်ဖြစ်သော သခ်ၤတတရားတို့၏ ဖြစ်ပွားခြင်း အစကိုသိအပ်၏။

(၁) လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်သော တေဇော ဓာတ်သည် ဥတု မည်၏၊

(၂) ထိုဥတုသည် ဥပါဒိန္နရူပ်ကို ထောက်ပံ့၍ ဌီသို့ရောက်လျက် ထိုဌ၌ရူပ်ကို ဖြစ်စေ၏၊ ထိုရူပ်သည် သဒ္ဒနဝကာ-အာကာသဓာတ် လဟုတာ-မုဒုတာ-ကမ္မညတာ-ဥပစယ-သန္တတိအားဖြင့် ပေါင်း-တဆယ့် ငါးပါးသည် ဥတုသမုဋ္ဌာန် မည်၏၊

(၃) ဥတုပစ္စယလည်း ၎င်းတို့ပင်တည်း၊

(၄) ဥတုကြောင့်ဖြစ်သောတေဇောခေါတ်သည် ဌီသို့ရောက်၍ ဝ.ပါး သော သြဇဋ္ဌမကရုပ်ကိုဖြစ်စေ၏၊ ဤနည်းအတူ ရှည်မြင့်စွာသော ကာလပတ်လုံး အနုပါဒိန္နဖြစ်သော အရိုးပျောက်သည့် တိုင်-အောင် အဆက်ဆက် ဖြစ်ခြင်းသည် ဥတုပစ္စယ ဥတုသမုဋ္ဌာန် မည်၏။

(၅) ဥတုကြောင့်ဖြစ်သော ဌီ သို့ရောက်သော သြဇာသည် ၀.ပါး သော သြဇဋ္ဌမကရုပ်ကို ဖြစ်စေ၏၊ ဤသို့ဆယ်ဆက်,ဆယ့်နှစ်ဆက်,ဖြစ်ခြင်းသည် ဥတုပစ္စယ အာဟာရသမုဋ္ဌာန် မည်၏။

ဤသို့ ပြခဲ့ပြီးသော လေးပါးသော သစ်တ တရားတို့တွင် ရှေးရှေး ဘဝဌ် အမှတ်မဲ့သောကံသည် ကံအစစ်ပင်တည်း၊ ထိုကံကြောင့်ဖြစ်သော ပဋိသန္ဓေစိတ်ဌ်ပါသော ရုပ်နာမ်သည် ကံ၏သားပင်တည်း၊ ၎င်း စိတ်, ၏ ဌီမှစ၍ ကလာပ်တို့၏ လေးဆက်, ငါးဆက်ဖြစ်ခြင်းသည် ကံ၏ မြေး, ကံ၏ မြစ်, ကံ၏ တီ, ကံ၏ တွတ် တို့ပင်တည်း၊ ၎င်းနည်းတူ ယခုထက်တိုင် ကံကြောင့်ဖြစ်သောရုပ်နာမ်တို့သည်ဆက်၍,ဆက်၍ဖြစ်ကုန် ၏။

ပဋိသန္ဓေနောင် ပဌမဘဝင်ဌ်ဖြစ်သော နာမ်သည် စိတ်မည်၏၊ ထို-စိတ်၏ ဌီမှစ၍ ရှင်တို့၏ နှစ်ဆက်,သုံးဆက် ဖြစ်ခြင်းသည် စ်တ်သား, စ်တ်မြေး, စ်တ်မြစ်တို့ဝတည်း၊ ၎င်းနည်းတူ ယခုထက် တိုင်တိုင် ဖြစ်ကုန်၏။

အမှတ်မဲ့သောကာလ တပါးပါးသော စိတ်၏ ဥပါဒ်ဌ် ဖြစ်သော အာဟာရသည် အာဟာရမည်၏၊ ထိုအာဟာရကြောင့်ဖြစ်သောရုပ်တို့၏ ဆယ်ဆက်,ဆယ့်နှစ်ဆက်သည် အာဟာရ၏သား, မြေး,မြစ်,တီ, တွတ်, ကျတဲ, ဆပ်, ဆပ်သား, ဆပ်မြေး စသည်တို့ပင်တည်း၊ ၎င်းနည်းတူ ယခု ထက် တိုင်တိုင် ဖြစ်ကုန်၏။

ဗဟိဒ္ဓဥတုနှင့် တွေ့ရှိဖြစ်သော ဥတုသည် ဥတုမည်၏၊ ထိုဥတုဌ ပါသော တေဇောဓာတ်သည် အဆက်ဆက်သောင်းရှိ အရိုးပျောက် သည်တိုင်အောင်၊(ဝါ)ကမ္မာပျက်သည်တိုင်အောင် ရုပ်တို့၏အဆက်ဆက် ဖြစ်ခြင်းသည် ဥတု၏သား,မြေး,မြစ် စသည်တို့ပင်တည်း၊ (အာဂုံကိုလိုပါ မူ ဝိသုဒ္ဓိမဂ်မှာယူ။)

ထို့ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားဘို့၏ ဖြစ်ခြင်း, ပျက်ခြင်း သည်—

(၁) ကေ့ပ္ပါဒ နာနာနိရောဓ၊

(၂) နာနုပ္ပါဒ ကေနိရောဓ၊

(၃) ကေ့ပ္ပါဒ ကေနိဓရောဓ၊

(၄) နာနုပ္ပါဒ နာနာ နိရောဓ–

ဟူ၍ လေးပါးအပြားရှိ၏။ ထိုတွင် အဆုံးဖြစ်သော ကမ္မဇရုပ်ကို ထား၍ ပဋိသန္ဓေစိတ်၏ ဥပါဒ်ဌဖြစ်၍ဖြစ်သော ကမ္မဇရုပ် သုံးဆယ်သည် တစ်ဆယ့် ခုနစ်ချက်မြောက်သော ဘဝင်စိတ်၏ ဥပါဒ်ဌ ချုပ်၏၊ ဌိတိရှိ သော ကမ္မဇရုပ်(၃၀)သည်ဌိသို့ရောက်မှသာလျှင် ချုပ်၏၊ ဘင်ဌရှိသော ကမ္မဇရုပ်(၃၀)သည် ဘင်သို့ရောက်မှသာလျှင် ချုပ်၏၊ ၎င်းနည်းတူ ဒုတိယဘဝင်စိတ် စသည်ကိုယူ။ ဤသို့ အဖြစ်သာတူ၍ အပျက်မတူသော တရားသည် ဧကေ့ပ္ပါဒ နာနာနိရောဓမည်၏။ (၁)

ထို့ကြောင့်—

ဝေ၀ ဒုတိယဘဝင်စိတ္တံ အာဒိ ကတ္ဝာ ဌိတ္တာနော အတ္တနော သတ္တရသမေန စိတ္တေန သဒ္ဓိ ယောဇေတ္ဝာ နယော နေတဗ္ဗော- ဟူသော ပါဠိကို သမ္မောဟ ဝိနောဒနီ ဗိုလ်ကြီး၏ အဘိဓ-၂၂၅။

ဧဝံ ယထာ ဝုတ္တ နယေန၊ ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဒုတိယဘဝင်စိတ်တို့၊ ဒုတိယဘဝင်စိတ်ကို။ အာဒိ ကတ္ဝာ၊ အစပြု၍။ အတ္တနောအတ္တနော မိမိ မိမိ၏။ ဘတ္တရသမေန-ဘဂ္ဂ၊ခုမြောက်သော။ စိတ္တေန၊ စိတ်နှင့်။ သဒ္ဓိ၊ တကွ။ ယောဇေတ္ဝာ၊ ယှဉ်၍။ နယော၊ နည်းကို။ နေတဗ္ဗော၊ ဆောင်အပ်၏။

စုတိစိတ်၏အောက် ၁၇-ချက်မြောက်သော စိတ်၏ဥပါဒ်ဌာဏဖြင့်သော ကမ္မဇရုပ်သုံးဆယ်သည် စုတိစိတ်၏ ဥပါဒ်ဌာ ချုပ်၏၊ ဌီ ဌာဏဖြစ်သော ကမ္မဇရုပ် သုံးဆယ်သည် စုတိစိတ်၏ ဌီ ဌာ ချုပ်၏၊ ဘင် ဌာဏဖြစ်သော ကမ္မဇရုပ်သုံးဆယ်သည် စုတိစိတ်၏ဘင်ဌာ ချုပ်၏၊ ဤသို့ အဖြစ်မတူ အပျက်သာတူသော တရားသည် နာနုပ္ပါဒ ဧကနိရောဓ ဟုခေါ်၏။(၂)

ထို့ကြောင့်-

တတော ပဌမယ ကမ္မဇရူပပဝေဏိ နပဝတ္တတိ-(အဘိ ဌ-၂၊ ၂၆။)ဟု ဌင်းအဌကထာရှင် မိန့်တော်မူ၏၊

တတော၊ ထိုစုတိစိတ်မှ။ ပဌမယ၊ စ၍။ ကမ္မဇရူပ ပဝေဏိ၊ ကမ္မဇရုပ်တို့၏ အစဉ်သည်။ နပဝတ္တတိ၊ မဖြစ်။ (ဥတုဇမျှသာ ကျန်တော့သည်၊ မီးဖုတ်တော့ ဟူလို။)

ကံကြောင့်ဖြစ်သော ရုပ်သည် ကံကြောင့်ဖြစ်သော ရုပ်နှင့်တကွ၊ စိတ်ကြောင့်ဖြစ်သော ရုပ်သည် စိတ်ကြောင့်ဖြစ်သော ရုပ်နှင့်တကွ၊ အာဟာရကြောင့်ဖြစ်သော ရုပ်သည် အာဟာရကြောင့်ဖြစ်သော ရုပ်နှင့်တကွ၊ ဥတုကြောင့်ဖြစ်သော ရုပ်သည် ဥတုကြောင့်ဖြစ်သော ရုပ်နှင့်တကွ (၁၇) ချက်အတွင်း, နာမ်သည် နာမ်နှင့်တကွ စိတ္တက္ခဏအတွင်းတူသော ဖြစ်ခြင်းရှိသည်ဖြစ်၍ တူသော ပျက်ခြင်းမျိုးသော တရားအပေါင်းသည် ဧကုပ္ပါဒ ဧကနိရောဓ မည်၏။ (၃)

လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်သော ရူပ်အပေါင်းတို့တွင် ကံကြောင့်ဖြစ်သော ရူပ်၏ ဥပါဒ်ခဏ၌ စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်သော တစ်ခုဘစ်ခုသော ရူပ်၏ဥပ၊ဒ်ဆဲလည်း ဖြစ်၏၊ ဌီသို့ရောက်ဆဲ လည်း ဖြစ်၏၊ ဘင်သို့ ရောက်ဆဲလည်းဖြစ်၏၊ ၎င်းနည်းတူ ကမ္မဇရူပ်၏ ဌီခဏ၌ တစ်ပါးသောရူပ်၏ ဥပါဒ်, ဌီ, ဘင်တို့သည် ဖြစ်ကုန်၏။ ဤအတူ စိတ္တဇရူပ်ကို မူသုံးချက်ဘည်၍ ကြင်းသော ရူပ်သုံးပါးကို မူလိသ့တ်။ အာဟာရကို မူသုံးချက်တည်၍ ကြင်းသောရူပ် သုံးပ၊ားကို မူလိသ့တ်။ ဥတုကို မူသုံးချက်တည်၍ ကြင်းသောရူပ်သုံးပ၊ားကို မူလိသ့တ်။ ဤသို့ စတုသန္တတိရူပ်တို့၏ အဖြစ်မတူ, အပျက်မတူခြင်းသည် နာနုပ္ပါဒ နာနာ-နိရောဓ မည်၏။ (၄)

ဥပမာ။ ။ငွေ့ငွေ့စွင့်စွင့် မြင့်၍နေသော တောင်ပို့တစ်ခုကို ကြည့်လိုက်သည်ရှိသော် တစ်ချက်တည်း ဖွဲ့သကဲ့သို့ ထင်မြင်ရ၏၊ စင်စစ်မှာမူ အခ္ခါလည်းပြုစ, အခ္ခါလည်းပြုဆဲ, အခ္ခါလည်းပြီးဆဲ မပြတ်မလပ် စပ်၍ ပြုရ၏သို့၊ ဤခန္ဓာကိုယ်၌လည်း ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော **လေးပါး**သော အကြောင်းတို့ကြောင့် ဖြစ်သော ရူပ်တို့သည် အခ္ခါလည်း ဖြစ်ဆဲ, အခ္ခါလ်ည်း တည်ဆဲ, အခ္ခါလည်းပျက်ဆဲဖြစ်၍ နေရှာကြကုန်၏။

> ဝေမေဝ စတုသန္တတိရူပါနမ္ပိ အညဿ ဥပ္ပါဒ ကွဏေ အညဿ ဥပ္ပါဒေါပိ ဟောတိ ဌိတိပိ ဘင်္ဂေါပိ၊ အညဿ ဌိတိ-ကွဏေ အညဿ ဥပ္ပါဒေါပိ ဟောတိ ဌိတ်ပိ ဘင်္ဂေါပိ၊ အညဿ ဘင်္ဂကွဏေ အညဿ ဥပ္ပါဒေါပိ ဟောတိ ဌိတိပိ ဘင်္ဂေါပိ။
>
> အဘိ ၆-၂၊၂၇။

ဝေမေဝ၊ ဤတောင်ပို့ပမာ အတူသာလျှင်။ စတုသန္တတိရူပါနမ္ပိ၊ စတုသန္တတိရူပ်ဘို့တွင်လည်း။ အညဿ၊ တစ်ပါးသောရူပ်၏။ ဥပ္ပါဒကွဏေ၊ ဥပါဒ်ခဏ၌။ အညဿ၊ တစ်ပါးသော ရူပ်၏။ ဥပ္ပါဒေါပိ၊ ဥပ၊ဒ်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဌိတိပိ၊ တည်ခြင်းသည်လည်း။ ဟောတိ၊

ဖြစ်၏။ ဘဂေါ်ပါ၊ ပျက်ခြင်းသည်လည်း။ မောတိ၊ ဖြစ်၏။ အညဿ၊ တပါးသော ရုပ်၏။ ဌိတိကွဏော၊ ဌိခဏဋ္ဌာ၊ အညဿ၊ တစ်မျိုးသောရုပ်၏။ ဥပ္ပါဒေါပိ၊ ဥပါဒ်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဌိတိပိ၊ တည်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘဂေါ်ပါ၊ ပျက်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘဂေါ်ပါ၊ ပျက်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ အညဿ၊ တပါးသောရုပ်၏။ ဘင်္ဂက္ခဏော၊ ဘင်ခဏဋ္ဌာ။ အညဿ၊ တပါးသောရုပ်၏။ ဥပ္ပါဒေါပိ၊ ဥပါဒ်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဌိတိပိ၊ တည်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘဂေါ်ပါ၊ ပျက်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။

ဤသို့ လေးပါးသောရုပ်တို့၏ အစဉ်ဝယ် ကမ္မဇရုပ်ကို ချန်လှပ်၍ ယခုအခါ စိတ်ကြောင့်ဖြစ်သော အာနာပါန ပဋ္ဌိဘာဂဋ္ဌ ရုပ်တို့၏ဖြစ်ခြင်းကို ရှုသည်ရှိသော် ပျက်ခြင်းကိုလည်း မြင်လတ္တံ့။ ထိုသို့ရှုရာ၌ တွေးဆရော်ရမ်း စိတ်မှန်းမြင်သော အမြင်မျိုးသည် ဖြစ်ခြင်းပျက်ခြင်းကို မြင်သည်မဟုတ်သေး။ စင်စစ် လက်ပေါ်၌တင်၍ ရှိ၏ပ်သော ယမ်းမီးလို၏ ဖြစ်ခြင်းချုပ်ခြင်းတို့ကို မြင်သကဲ့သို့ မြင်မှသာလျှင် ဝိပဿနာ အမြင်ဟူ၍ မှတ်ရမည်။

န ဟိ နိုဗ္ဗတ္တိမတ္တဒဿနံ သမ္မသနံ နာမ ဟောတိ။

ပ်ဝုဒ္ဓိ ဋီ-၂၊၄၀၄။

ဟိ၊ ထိုစကားသင့်စ္ဆ။ နိုဗ္ဗတ္တိမတ္တ ဒဿနံ၊ အနုမာနဉာဏ်ဖြင့် ဖြစ်ခြင်းမျှကို မြင်ခြင်းသည်။ သမ္မသနံနာမ၊ သုံးသပ်သည်မည်သည်။ န ဟောတိ၊ မဖြစ်။

လက္ခဏာရေး တင်ပုံမှာ လက္ခဏာ ဝဝတ္ထာနဝါရ၌ကဲ့သို့ ရုပ်တရား နာမ်တရားတို့ကို တင်လျှင် ရှေးနည်းတူစွာ တရားဝ ဥဒယဝယ ဝိပဿနာ သို့သက်သျှက် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိစသည်တို့ လွန်မြောက်၍ အထက် မဂ်ဉာဏ်သို့ ကူးနိုင်၏။

၄၃–နာမရူပသတ္တကဝါရကို ပြခြင်း

အကယ်၍ မကူးနိုင်သေးမူ နာမရူပသတ္တကအစွမ်းအားဖြင့် ဆင်ခြင်အပ်၏ထေင်စေဉီးအံ့၊ ။ယင်းတို့ကသည် ရူပသတ္တက နာမသတ္တကဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုတွင် (၁) အာဒါနနိုက္ခေပ၊ (၂) ဝယောဝုဒ္ဓ၊ (၃) အာဟာရ၊ (၄) ဥတု၊ (၅) ကံ၊ (၆)စိတ်၊ (၇) ဓမ္မတာရုပ်အားဖြင့် ရုပ်၌ (၇)ပါးအပြားရှိ၏။

ထိုတွင် တစ်ခုသော ဘဝဟောင်းကိုစွန့်၍ ဘဝသစ်ကိုယူရာ အကြား၌ ဖြစ်ကုန်သော ရုပ်တို့သည် ဖြစ်၍ ပျက်ခဲ့၏၊ ဖောက်ပြန်တတ်၏၊ အခိုက်အတန့်မျှ ဖြစ်၏၊ မြဲသောသဘောကို ပယ်တတ်၏၊ အမြဲမရှိကုန်။ ဖြစ်သော ရုပ်တို့သည် ဌီသို့ရောက်၍ ပင်ပန်းကုန်၏၊ ပင်ပန်းကုန်၍ ပျက်တတ်၏။ ဤသို့ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ကုန်၏ဟု ဒုက္ခကို ရှုခြင်း။ ဖြစ်သော ရုပ်တရားတို့သည် ဌီသို့မရောက်စေလင့်၊ ဌီသို့ရောက်သော ရုပ်တရားတို့သည် မအို့စေလင့်၊ အို့သော ရုပ်တရားတို့သည် မပျက်စေလင့်ဟု တောင့်တ၍မရခြင်း, နိဝါသီ ကာရက ဝေဒက အဒိဋ္ဌာယက ဖြစ်၍ အစိုးမရခြင်းကြောင့် အနတ္တဟုရှုခြင်း။ ဤသို့ တစ်ဘဝလုံး၏ အကြား၌ဖြစ်သော ရုပ်တို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုခြင်းသည် အာဒါနနိုက္ခေပ မည်၏။ (၁)

ပဌမအရွယ်၌ဖြစ်သောရုပ်သည် ဒုတိယအရွယ်သို့ မရောက်မီ ချုပ်ခဲ့၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တမည်၏။ ဒုတိယအရွယ်၌ဖြစ်သော ရုပ်သည် တတိယအရွယ်သို့ မရောက်မီ ချုပ်ခဲ့၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တမည်၏။ တတိယအရွယ်၌ဖြစ်သော ရုပ်သည် သေသည်မှနောက်သို့ မရောက်မူ၍ ချုပ်ခဲ့၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တမည်၏။ဤနည်းတူ (၁) မန္ဒဒသက၊ (၂) ခိဍ္ဍာဒသက၊ (၃) ဝဏ္ဏဒသက၊ (၄) ဗလဒသက၊ (၅) ပညာဒသက၊ (၆) ဟာနိဒသက၊ (၇) ပဋ္ဌာဝရဒသက၊ (၈) ဝက်ဒသက၊ (၉) မောမူဟဒသက၊ (၁၀) သရဏဒသက-ဟူသော ဒသကတို့။

ပဌမငါးနှစ်၊ ဒုတိယငါးနှစ်။ (၀) လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်။ ဒက္ခိဏာဝယန်၊ ဥတ္တရာယန်။ ဝဿန္တ၊ ဟေမန္တ၊ ဂိမှာန။ ဝဿာန၊ သရဒ၊ ဟေမန္တ၊ သိသိရ၊ ဝဿန္တ၊ ဂိမှ။ တန်ခူးလ။ (၀)။ တပေါင်းလ။ ကာဋ္ဌပက္ခ၊ ဇုဏ္ဏပက္ခ၊ တနေ့။ နေ့ ညဉ့်။ ပုဗ္ဗဏ္ဏ၊ မဇ္ဈန္တ၊ သာယဏ္ဏ။ ပဌမယာမ၊ ပဇ္ဈိမယာမ၊ ပစ္ဆိမယာမ။ အာဘိက္ကမ၊ ပဋိက္ကမ၊ အာလောကန ဝိလောကန၊ သမိဉ္ဇန၊ ပသာရဏ။ ဥဒ္ဒရဏ၊ ခြေကြွခြင်း။ အာဘိဟာရဏ၊ ခြေကိုရှေ့သို့ဆောင်ခြင်း။ ဝိတိဟာရဏ၊ ဂုဏ်းရှိ ဆောင်ခြင်း။ ဝေါသဇ္ဇန၊ အောက်သို့ လှတ်ခြင်း။ သန္ဒိဋ္ဌေပန၊ မြေ၌ချခြင်း။ သန္ဒိရုဇ္ဈန၊ ဒုတိယ ခြေကို ကြွခြင်းတို့၌ ဖြစ်သော ရုပ်တို့သည် ရှေဖြစ်သောရုပ်သို့ မရောက်မီ ချုပ်ခဲ့၏။ ထို့ကြောင့် အနိစ္စ ဒုက္ခ အနတ္တမည်၏။ ဤသို့လျှင် ရှုခြင်းသည် ဝယောဝုဒ္ဓ မည်၏။

ဣတိ တတ္ထ တတ္ထ ဥပ္ပန္နာ ဣတရံ ဣတရံ ကောဋ္ဌာသံ အပတ္တာ တတ္ထတတ္ထေဝ ပဗ္ဗံပဗ္ဗံ သန္ဓိသန္ဓိ ဩဓိဩဓိ ဟုတ္ဝာတတ္ထ-ကပါလေ ပက္ခိတ္တတိလာဝိယ တဠတဠာယန္တာ သခါရာ ဘိဇ္ဇန္တိ။ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ဝိသုဒ္ဓိ ၆ ၂၊ ၂၅၇။

ဣတိ ဧဝံ၊ ဤသို့။ တတ္ထ တတ္ထ၊ ထိုထိုဥဒ္ဓရဏစသော ကောဋ္ဌာသင်္ဘာ။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သခါရာ၊ ဘူတရုပ် ဥပါဒါရုပ်ဖြစ်ကုန်သော သင်္ခါရတို့သည်။ ဣတရံ ဣတရံ ကောဋ္ဌာသံ၊ ဤမှတပါး ဤမှတပါးသော အဖိုးသို့။ အပတ္တာ၊ မရောက်မူ၍။ တတ္ထ တတ္ထေဝ။ ထိုထိုအဖိုးဌာနပင်လျှင်။ ပဗ္ဗံ ပဗ္ဗံ၊ အဆစ်အဆစ်။ သန္ဓိ သန္ဓိ၊ အစပ်အစပ်။ ဩဓိဩဓိ၊ အပိုင်းအပိုင်း။ ဟုတ္ဝာ၊ ဖြစ်၍။ တတ္ထ ကပါလေ၊ ခြစ်ခြစ်ပူသော အိုးကင်းဌ။ ပက္ခိတ္တတိ-လာဝိယ၊ ထည့်အပ်သောနှမ်းတို့ကဲ့သို့။ တဠတဠာယန္တာ၊ ဖျစ်ဖျစ်အသံပြု ကုန်၏သို့။ ဣ သခါရာ၊ ဘူတရုပ် ဥပါဒါရုပ် အားဖြင့် ပြားကုန်သောသင်္ခါရတရားတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ပြားကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ (ဤကား ဝယောဝုဒ္ဓဌ် ရှုပုံ။) (၂)

ဆာမ္ဘတ်သောအခါ၌ဖြစ်သောရုပ်သည် ဝဖြိုးသောအခါသို့ မရောက်မူ၍ ချုပ်၏။ ဝဖြိုးသောအခါ၌ ဖြစ်သောရုပ်သည် ဆာမ္ဘတ်သောအခါသို့ မရောက်မူ၍ ချုပ်၏။ ထိုကြောင့် အနိစ္စ ဒုက္ခ အနတ္တမည်ကုန်၏ (ဤကားအာဟာရ၌ ရှုပုံ။) (၃)

ဧးသောအခါ၌ဖြစ်သောရုပ်သည် ပူသောအခါသို့မရောက်မီ ချုပ်၏။ ပူသောအခါ၌ ဖြစ်သော ရုပ်သည် ဧးသောအခါသို့ မရောက်မီ ချုပ်၏။ ထို့ကြောင့် အနိစ္စ ဒုက္ခ အနတ္တ မည်၏။ (ဥတု၌ ရှုပုံ။) (၄)

စက္ခုဒ္ဓါရ၌ဖြစ်သော ငါးဆယ့် လေးပါးသော ရုပ်သည် သောတဒ္ဓါရသို့မရောက်မီ ချုပ်၏။ စက္ခုဒသက, ကာယဒသက, ဘာဝဒသက, စိတ္တဇ, ဥတုဇ, အာဟာရဇ, သုဒ္ဓဋ္ဌက,အားဖြင့် (၅၄)ပါး ဖြစ်၏။ ၎င်းနည်းတူ သောတ, ဃာန, ဇိဝှါ,တို့၌ဖြစ်၏။ ကာယဒ္ဓါကား စက္ခုဒသကကိုနှုတ်၍ (၄၄)ပါးဖြစ်၏။ မနောဒ္ဓါရ၌ကား ဝတ္ထုဒသကကို ထည့်၍ (၅၄)ပါး ဖြစ်၏။ ထို့ကြောင့် အနိစ္စ ဒုက္ခ အနတ္တ မည်၏။(ကမ္မဇရုပ်၌ ရှုပုံ)။(၅)။

ဝမ်းမြောက်သောအခါ၌ ဖြစ်သောရုပ်သည် နှလုံးမသာယာသောအခါသို့ မရောက်မီ ချုပ်၏။ ထို့ကြောင့် အနိစ္စ ဒုက္ခ အနတ္တမည်၏။ ၎င်းနည်းတူ ဒေါမနဿ, သောမနဿ, လောဘ, ဒေါသ, မောဟ,ကစ၍ နေဝသညာနာသညာ, တိုင်အောင် ရှုလေ။ (စိတ်၌ ရှုပုံ။) (၆)

နီသော ရုပ်သည် ဖြူသော ရုပ်သို့ မရောက်မီ ချုပ်၏။ ပြာသော ရုပ်သည် မာသော ရုပ်သို့မရောက်မီ ချုပ်၏။ ထို့ကြောင့် အနိစ္စ ဒုက္ခ အနတ္တမည်၏။ ၎င်းနည်းတူ အဝိညာဏကရုပ်တို့၌ ရှုလေ။ (ခမ္မတာရုပ်၌ ရှုပုံ။) (၇)

ရူပသင်္ဂြိုဟ်ကပြီး၏။

အရူပသင်္ဂြိုဟ်၌ (၁) ကလာပ၊ (၂)ယမက၊ (၃)ခဏိက၊ (၄)ပဋိပါဋိ၊ (၅)ဒီဋ္ဌဇဉ္ဇာဌန။ (၆) မာနဇဉ္ဇာဌန၊ (၇) နိကန္တိပရိယာဒါန အားဖြင့် (၇)ပါးအပြားရှိ၏။

ထိုတွင် အောက်ရူပသတ္တကတို့၌ ဖြစ်သော စိတ်တို့သည်ရှိကုန်၏။ ထိုစိတ်တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မည်ကုန်၏။ ဤကား အရိယဝံသ-ကထာ၌ လာသော ကလာပ ရှုပုံတည်း။ တစ်ခုတစ်ခုသော အာရုံ၌ ဖြစ်သောစိတ်သည် တစ်ခုတစ်ခုသော အာရုံသို့မရောက်မီ ချုပ်၏။ ဤသို့ တစ်ခုဘစ်ခုသော ပန္နက အပေါင်းသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မည်၏။ (ဤကား ဝိသုဒ္ဓိကထာ၌လာသော ကလာပရှုပုံ။) (၁)

ရူပသတ္တကဋ္ဌ ရူပ်သည် ချုပ်သည်ရှိသော် နာမ်လည်း ချုပ်ခဲ့၏။ နာမ်သည်ချုပ်သည်ရှိသော် ရူပ်သည်လည်း ချုပ်ခဲ့၏။ ဤသို့ ရူပသတ္တက အစဉ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုခြင်းသည် ယမကမည်၏။ (၂)

ရူပ်ကိုလည်းကောင်း နာမ်ကိုလည်းကောင်း အာရုံပြုသောစိတ်ကို ဒုတိယစိတ်ဖြင့် ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ တတိယစိတ်ကို စတုတ္ထစိတ်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုခြင်းသည် ခဏိကမည်၏။ (၃)

ဂဏန်းနည်းတူ ပထမမှသည် ဒသမတိုင်အောင် ရှုခြင်းသည် ပဋိပါဋိ မည်၏။ (၄)

ဒိဋ္ဌိဥဿာဝဋ္ဌန၊ မာနဥဿာဝဋ္ဌန၊ နိကန္တိပရိယာဒါန သုံးပါးတို့၌ သုံးသပ်နည်းသည် အသီးအခြားမရှိပြီ။ အောက်ရူပသတ္တကဖြင့် ရူပ်ကိုသုံးသပ်ခြင်း၊ ဤအရူပသတ္တကဖြင့် နာမ်ကို သုံးသပ်ခြင်းဖြင့် ဖြစ်ပြီး ရဂ.ဘး ရူပ်နာမ်မှဘပါး သတ္တဝါကို မမြင် ရူပ်နာမ်သာရှိ၏။ သတ္တဝါ, ငါ, သူတစ်ပါး, ယောကျား, မိန်းမဟု ထင်မှတ်သော သညာဝိပလ္လာသ သည် ပျောက်ခဲ့၏။ ယင်းသို့ သညာဝိပလ္လာသ ပျောက်ခဲ့လျှင် စိတ္တ-ဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ တို့သည် ပျောက်ခဲ့ကုန်၏။ ဤသို့ဖြစ်ခြင်းသည် ဒိဋ္ဌိဥဿာဝဋ္ဌနမည်၏။ (၅)

ယင်းသို့ ဒိဋ္ဌိဝိပလ္လာသ ပျောက်ခဲ့လျှင် ဒိဋ္ဌိကြောင့် ဖြစ်သော အပါယ်လားကြောင်း မကောင်းသော မာနသည် ပျောက်ခဲ့၏။ ဤသို့ ဖြစ်ခြင်းသည် မာနဥဿာဝဋ္ဌန မည်၏။ (၆)

ယင်းသို့ မာနပျောက်ခဲ့လျှင် သိမ်မွေ့စွာသော တဏှာ နိကန္တိသည် ပျောက်ခဲ့လေ၏၊ ဤသို့ဖြစ်ခြင်းသည် နိကန္တိ ပရိယာဒါနမည်၏။ (၇)

တံ ပဿန္တော ရူပါရူပတော ဥဒ္ဓံ အညံ သတ္တံ နာ ဝမ နာ ပဿတိ သတ္တာသ အဒဿနတော ပဌာယ သတ္တာသညာ ဥဿဝဋ္ဌိတာ ဟောတိ။ သတ္တာသညံ ဥဿဝဋ္ဌိတၿိတ္တေန သခ်ိရေ ပရိဂ္ဂဏှတော ဒိဋ္ဌိ နုပ္ပဇ္ဇတိ။ ဒိဋ္ဌိယာ အနုပ္ပဇ္ဇမာနာယ ဒိဋ္ဌိ ဥဿဝဋ္ဌိတာ နာမ ဟောတိ။ ဒိဋ္ဌိဥဿဝဋ္ဌိယာၿိတ္တေန သခ်ိရေ ပရိဂ္ဂဏှတော မာနော နုပ္ပဇ္ဇတိ။ မာနေ အနုပ္ပဇ္ဇန္တေ မာနော သမုဿဝဋ္ဌိတော နာမ ဟောတိ။ မာနသမုဿဝဋ္ဌိယာ စိတ္တေန သခ်ိရေ ပရိဂ္ဂဏှတော တဏှာ နုပ္ပဇ္ဇတိ။ တဏှာယ အနုပ္ပဇ္ဇန္တိယာ နိကန္တိ ပရိယာဒိန္နာ နာမ ဟောတိ။ ဝိသုဒ္ဓိ ၂၊ ၂၊ ၂၆၃။

တံ ရူပါရူပံ၊ ထိုရူပ်နာမ်ကို။ ပဿန္တော၊ ရှုသော ယောဂီသည်။ ရူပါ-ရူပတော၊ ရူပ်နာမ်ထက်၊ ဥဒ္ဓံ၊ အလွန်။ အညံ၊ တပါးသော။ သတ္တံနာမ၊ သတ္တဝါမည်သည်ကို။ နာ ပဿတိ၊ မမြင်။ သတ္တာသ၊ သတ္တဝါ၏။ အဒဿန-တော၊ မမြင်သောအခါမှ။ ပဌာယ၊ စ၍။ သတ္တာသညာ-သတ္တောအတ္ထိတိ-ဥပ္ပဇ္ဇနကသညာ၊ သတ္တဝါသည် ပရမတ္ထအားဖြင့် ရှိသည်ဟု ဖြစ်သော သညာသည်။ ဥဿဝဋ္ဌိတာ၊ ကွာသည်။ (ဝါ) ခွာအပ်သည်။ ဟောတိ၊ ဖြစ်၏။ သတ္တာသညံ၊ သတ္တဝါဟူသော အမှတ်ကို။ ဥဿဝါဋ္ဌိတစိတ္တေန၊ ခွာခြင်း၏ အစွမ်းဖြင့် ဖြစ်သော စိတ်ဖြင့်။ သခ်ိရေ၊ သခ်ိရတို့ကို။ ပရိဂ္ဂဏှတော၊ သိမ်းဆည်းသော ပုဂ္ဂိုလ်အား။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်၊ နုပ္ပဇ္ဇတိ၊ မဖြစ်။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိသည်။ အနုပ္ပဇ္ဇမာနာယ၊ မဖြစ်သည်ရှိသော်။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ဥဿဝဋ္ဌိတာနာမ၊ ကွာသည် မည်သည်။ (ဝါ) ခွာအပ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌိဥဿဝါဋ္ဌိတစိတ္တေန၊ ဒိဋ္ဌိကို ခွာခြင်း၏ အစွမ်းဖြင့်ဖြစ်သောစိတ်ဖြင့်။ သခ်ိရေ၊ သခ်ိရတို့ကို။ ပရိဂ္ဂဏှတော၊သိမ်း ဆည်းသော ပုဂ္ဂိုလ်အား။မာနော၊မာနသည်။ နုပ္ပဇ္ဇတိ၊မဖြစ်။ မာနေ၊မာန

သည်။ အနုပ္ပဇ္ဇန္တေ၊ မဖြစ်သည်ရှိသော်။ မာနော၊ မာနသည်။ သမ္ဘုဿ ဣဋ္ဌိ-တောနာမ၊ ခွာအပ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ မာနသမ္ဘုဿ ဣ-ဋ္ဌိတစိတ္တေန၊ မာနကို ခွာသည်၏ အစွမ်းအားဖြင့် ဖြစ်သော စိတ်ဖြင့်။ သခ်ါရေ၊ သခ်ါရတို့ကို။ ပရိဂ္ဂဏှတော၊ သိမ်းဆည်းသော ပဋိဂ္ဂါလ်အား။ တဏှာ၊ တဏှာသည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ တဏှာယ၊ သိမ်မွေ့သော တဏှာ သည်။ အနုပ္ပဇ္ဇန္တိယာ၊ မဖြစ်သည်ရှိသော်။ နိကန္တိ၊ သိမ်မွေ့သော တဏှာ ဟူသော နိကန္တိသည်။ ပရိယာဒါနာနာမ၊ ကုန်သည်မည်သည်။ (၀ါ) ခန်းခြောက်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား ဝိသုဒ္ဓိ-အဋ္ဌကထာ၌လာသော နည်းတည်း။)

အကြင်အကြင်ယောဂီသည် မိမိရှုသော ဝိပဿနာ၌ ငါသည် ဝိပဿနာ ရှုအံ့။ ငါ၏ ဝိပဿနာတည်း။ ဤသို့ယူသော ယောဂီအား ဒိဋ္ဌိကိုခွာသည် မမည်။ ဤစကား၌ ဒိဋ္ဌိကို ခွာခြင်းမည်သည် ရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟ၊ ပစ္စယပရိဂ္ဂဟ တို့၌ ကပင်လျှင် အတ္တဒိဋ္ဌိကို ခွာသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ပဒုမ္မ အတ္တဒိဋ္ဌိကို ခွာရပြန်ပါသနည်းဟု မေး။ ။ ရူပပရိဂ္ဂဟ စသည်တို့၌ အတ္တဒိဋ္ဌိကို ခွာသည်ကား တဒင်္ဂ, ဝိက္ခမ္ဘန ဘုံ၏ အစွမ်းအားဖြင့် အကယ်၍ ခွာရုံသာရှိသေး၏။ သမုစ္ဆေဒဟု ဆိုအပ်သော မဂ်ဖြင့် မပယ်ရသေးသောကြောင့် နှုးညံ့သော ဒိဋ္ဌိကို ပယ်သည့် အစွမ်း အားဖြင့် ပယ်ရမည်ဟု ဖြေ။

> ကာမဠောယ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ သမဓိဂမေန ဝိသုဒ္ဓဒိဋ္ဌိကော မဂ္ဂေန ပန အသမုဿ ဣဋ္ဌိတတ္တာ အနောဌာရိ-ကာယ စ ဒိဋ္ဌိယာ ဝသေနေ၀ ဝုတ္တံ။ ဝိသုဒ္ဓိ ဋီ-၂၊၄၁၅။

အယံ၊ ဤယောဂီသည်။ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ သမဓိဂမေန၊ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိကို ကောင်းစွာ ရသဖြင့်။ ဝိသုဒ္ဓဒိဋ္ဌိကော၊ စင်ကြယ်သော ဒိဋ္ဌိရှိသည်။ ကာမံ ဟောတိ၊ အကယ်၍ကား ဖြစ်ပေ၏။ ပန တထာပိ၊ ထိုသို့ပင်ဖြစ်ပါသော်လည်း။ မဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။ အသမုဿ ဣဋ္ဌိတတ္တာ၊ မပယ်အပ်သေးသည်၏ အဖြစ်ကြောင့်။ (၀ါ)

မရောက်အပ်သေးသည်၏ အဖြစ်ကြောင့်။ အနောဌာရိကာယ၊ နှုးညံ့သော။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိ၏။ ဝသေနေ၀ စ၊ အစွမ်းအားဖြင့်သာလျှင်၊ ဝုတ္တံ၊ ဆိုအပ်၏။

ထို့ကြောင့် ဝိပဿနာရှုအပ်သော ရုပ်နာမ်ဓမ္မ သခါရပဋိဘာဂတို့ကို ဝိပဿနာ ရှုတတ်သော ရုပ်နာမ်ဓမ္မသခါရတို့သည်သာလျှင် ရှုကြကုန်၏၊ သုံးသပ်ကြကုန်၏၊ မှတ်ကြကုန်၏၊ သိမ်းဆည်းကြကုန်၏၊ ပိုင်းခြားကြကုန်၏။ ဤသို့ယူသော ယောဂီအား ငါဟူသော ဒိဋ္ဌိကို ခွာသည်မည်၏။

အဟံ ဝိပဿိသာမိ, မမ ဝိပဿနာတိ ဂဏှတော ဟိ ဒိဋ္ဌိ-သမုဋ္ဌာနံ နာမ နတ္ထိ ဟောတိ၊ သခါရာ၀ သခါရေ ဝိပဿန္တိ သမ္မသန္တိ ဝ၀ဋ္ဌပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိတိ ဂဏှတော ပန ဒိဋ္ဌိဋ္ဌာနံ နာမ ဟောတိ။ ဝိသုဒ္ဓိ ၆-၂၊၂ဖြာ။

အဟံ၊ ငါသည်။ ဝိပဿိသာမိ၊ ဝိပဿနာရှုဒဲ့။ မမ၊ ငါ၏။ ဝိပဿနာ၊ ဝိပဿနာတည်း။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူသော ယောဂီအား။ ဒိဋ္ဌိသမုဋ္ဌာနံ နာမ၊ ဒိဋ္ဌိ၏ ပျောက်ခြင်း ကွာခြင်းမည်သည်။နတ္ထိ ဟောတိ၊ မဖြစ်။ ပန၊ အလျှောက်ကို ဆိုဦးအံ့။ သခါရာ၀၊ သခါရတို့သည်သာလျှင်။ သခါရေ၊ သခါရတို့ကို။ ဝိပဿန္တိ၊ ရှုကုန်၏။ သမ္မသန္တိ၊ သုံးသပ်ကုန်၏။ ဝ၀ဋ္ဌပေန္တိ၊ မှတ်ကုန်၏။ (ဝါ) နှလုံးဌဿ ထားကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ပိုင်းခြားကုန်၏။ ဣတိ၊ ဤသို့၊ ဂဏှတော၊ ယူသော ယောဂီအား။ ဒိဋ္ဌိဋ္ဌာနံ နာမ၊ ဒိဋ္ဌိကို ခွာခြင်း မည်သည်။ ဟောတိ၊ ဖြစ်၏။

ကောင်းစွာရှုအံ့, နှလုံးကိုပွားစေ၍ ရှုအံ့, အကြိမ် အရာအထောင်ပွားစေအံ့ဟူလို။ ဤသို့ ယူသော ယောဂီအား မာနကို ခွာသည်မမည်။ စင်စစ် ဝိပဿနာရှုအပ်သော ရုပ်နာမ်ဓမ္မသခါရတို့ကို ဝိပဿနာ ရှုတတ်သော ရုပ်နာမ်မှသခါရတို့သည်သာလျှင် ရှုကြကုန်၏။ (ပ)။ ပိုင်းခြားကြကုန်၏။ ဤသို့ ယူသော ယောဂီအား မာနကို ခွာသည် မည်၏။

သုဋ္ဌု ဝိပဿိသောမိ မနာပံ ဝိပဿိသောမိတိ ဂဏ္ဍတော မာန သမုဋ္ဌါဒေါ နာမ နု ဟောတိ၊ သခ်ၦာရဝ သခ်ၦရေ ဝိပဿနၦိ သမ္မသနၦိ ဝဝတ္ထပေနၦိ ပရိဂ္ဂဏှနၦိ ပရိစ္ဆိန္နနၦိတိ ဂဏ္ဍတော ပန မာနသမုဋ္ဌါဒေါ နာမ ဟောတိ၊ ဝိသုဒ္ဓိ ၆-၂၊၂၆၃။

သုဋ္ဌု၊ ကောင်းစွာ။ ဝိပဿိသောမိ၊ ရှုအံ့။ မနာပံ၊ နှလုံးကို ပွားစေ သည်ဖြစ်၍။ (၀၊) ပွားစေသော အခြင်းအရာဖြင့်။ ဝိပဿိသောမိ၊ ရှုအံ့။ ဣတိ၊ ဤသို့။ ဂဏ္ဍတော၊ ယူသော ယောဂီအား။ မာနသမုဋ္ဌါဒေါ နာမ၊ မာနကို ခွာအပ်သည် မည်သည်။ နု ဟောတိ၊ မဖြစ်။ ပန၊ အလျှောက်ကို ဆိုဦးအံ့။ သခ်ၦာရဝ၊ သခ်ၦရတို့သည်သာလျှင်။ သခ်ၦရေ၊ သခ်ၦရတို့ကို။ ဝိပဿနၦိ၊ ရှုကုန်၏။ သမ္မသနၦိ၊ သုံးသပ်ကုန်၏။ ဝဝတ္ထပေနၦိ၊ မှတ်ကုန်၏။ ပရိဂ္ဂဏှနၦိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္နနၦိ၊ ပိုင်းခြားကုန်၏။ ဣတိ၊ ဤသို့။ ဂဏ္ဍတော၊ ယူသော ယောဂီအား။ မာနသမုဋ္ဌါဒေါနာမ၊ မာနကို ခွာအပ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။

၎င်းသည် ဝိပဿနာကို ရှုခြင်းငှာ စွမ်းနိုင်၏။ ထို့ကြောင့် ဝိပဿနာကို ရှု၍သာလျှင် ကာလကို လွန်စေအံ့။ ဤသို့ ဝိပဿနာကို သာယာသော ယောဂီအား တဏှာကို ခွာသည်မမည်။ စင်စစ်အားဖြင့် ဝိပဿနာ ရှုအပ်သော ရုပ်နာမ်ဓမ္မသခ်ၦရတို့ကို ဝိပဿနာ ရှုတတ်သော ရုပ်နာမ်ဓမ္မသခ်ၦရတို့သည်သာလျှင် ရှုကြကုန်၏။ (ပ) ။ပိုင်းခြားကြကုန်၏ဟု ယူသော ယောဂီအား တဏှာကို ခွာသည် မည်ပေ၏။

ဝိပဿတုံ သင်္ကော်မိတိ ဝိပဿနံ အဿာဒေန္တဿ နိကန္တိ-ပရိယာ ဒါနံ နာမ နု ဟောတိ၊ သခ်ၦာရဝ သခ်ၦရေ ဝိပဿနၦိ သမ္မသနၦိ ဝဝတ္ထပေနၦိ ပရိဂ္ဂဏှနၦိ ပရိစ္ဆိန္နနၦိတိ ဂဏ္ဍတော ပန နိကန္တိ ပရိယာဒါနံ နာမ ဟောတိ။ ဝိသုဒ္ဓိ ၆-၂၊၂၆၃။

အဟံ၊ ၎င်းသည်။ စိတ္တံ၊ စိတ်ကို။ (ထည့်) ဝိပဿိတုံ၊ ရှုခြင်းငှာ။ သင်္ကော်မိ၊ စွမ်းနိုင်၏။တဿ၊ ထို့ကြောင့်။ ဝိပဿနှော ဧဝ၊ ဝိပဿနာ

ရှုရ၍သာလျှင်။ ကာလံ၊ အခါကာလကို။ ဝိတိနာမေယျာမိ၊ လွန်စေအံ့။ (ထည့်)။ ဣတိ၊ ဤသို့။ ဝိပဿနံ၊ ဝိပဿနာကို။ အဿာဒေန္တိယ၊ သာယာသော ယောဂီအား။ နိကန္တိ ပရိယာဒါနံ နာမ၊ တဏှာကို ကုန်စေသည် မည်သည်။ (၀၊) နိကန္တိဟူသော ရေကို ခန်းခြောက်စေသည် မည်သည်။ နု ဟောတိ၊ မဖြစ်။ ပန၊ စင်စစ်သော်ကား။ သခ်ါရာ၀၊ သင်္ခါရတို့သည်သာလျှင်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ဝိပဿန္တိ၊ ရှုကုန်၏။ သမ္မသန္တိ၊ သုံးသပ်ကုန်၏။ ၀ဝတ္ထပေန္တိ၊ မှတ်သားကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ပိုင်းခြားကုန်၏။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူသော ယောဂီအား။ နိကန္တိပရိယာဒါနံ နာမ၊ တဏှာကို ကုန်စေသည် မည်သည်။ ဟောတိ၊ ဖြစ်၏။

ရူပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် အကယ်၍ ကိုယ်ဖြစ်ငြားအံ့၊ ကိုယ်ဟူ၍ ခေါ်ဝေါ်ခြင်းငှာ သင့်ကုန်ရာ၏။ အကယ်၍ကား ကိုယ်မဟုတ်သည် ဖြစ်၍ အနတ္တဟူ၍ ယူအပ်ကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ–မိမိအလိုသို့ မလိုက်၊ တိတ္ထိတို့ ကြံဆအပ်သော ကိုယ်မဟုတ်သည်၏ အဖြစ်ကြောင့် အနတ္တမည်ကုန်၏။ ထို သင်္ခါရတရားတို့သည် ရှေးအဖို့၌ တစ်ခုမျှ မရှိ၊ ယခုမှ အသစ်ဖြစ်၍ အရှည်မတည် ပျက်စီးခြင်းကြောင့် အနိစ္စမည်ကုန်၏။ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် အဖန်တလဲလဲ အမြဲနှိပ်စက်တတ်သည်၏ အဖြစ်ကြောင့် ဒုက္ခ မည်ကုန်၏။ ထိုသင်္ခါရတရားတို့သည် နှစ်စု, သုခ ဖြစ်ခဲ့အံ့၊ နိစ္စ, သုခဟု ခေါ်ဝေါ်ကုန်ရာ၏။ ငင်စစ်မြဲသောအဖြစ်၊ ချမ်းသာသော အဖြစ် မရှိသောကြောင့် အနိစ္စ, ဒုက္ခ မည်ကုန်၏။ ဤသို့သောနည်းဖြင့် ရူပ်နာမ်ဓမ္မ သင်္ခါရတို့ကို အနတ္တလက္ခဏာဖြင့်ရှုသော ယောဂီအား ဒိဋ္ဌိကို ခွာနိုင်၏။ အနိစ္စလက္ခဏာဖြင့်ရှုသော ယောဂီအား မာနကို ခွာနိုင်၏။ ဒုက္ခလက္ခဏာဖြင့်ရှုသော ယောဂီအား တဏှာကို ခွာနိုင်၏။

ဧ၀ं သင်္ခါရေ အနတ္တတော ပဿန္တဿ ဒိဋ္ဌိသမုဋ္ဌာ၊ နာမ ဟောတိ၊ အနိစ္စတော ပဿန္တဿ မာနသမုဋ္ဌာ၊ နာမ ဟောတိ၊ ဒုက္ခတော ပဿန္တဿ နိကန္တိပရိယာဒါနံ နာမ ဟောတိ။

ဝိသုဒ္ဓိ ၂၊ ၂၆ရ။

ယောဂီမဂ္ဂ ၂၀–စ:မ:ထ:စ

ဝေ၀ံ ဣမိနာ ဝုတ္တနယေန၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ သခ်ါရေ၊ ရူပ်နာမ်ဓမ္မ သခ်ါရတို့ကို။ အနတ္တတော၊ အနတ္တအားဖြင့်။ ပဿန္တိ၊ ရှုသောသူအား။ ဒိဋ္ဌိသမုဋ္ဌါဌနံ နာမ၊ ဒိဋ္ဌိကိုကောင်းစွာခွာသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ပဿန္တိ၊ ရှုသော သူအား။ မာနသမုဋ္ဌါဌနံ နာမ၊ မာနကို ကောင်းစွာ ခွာသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ခတော၊ဒုက္ခအားဖြင့်။ ပဿန္တိ၊ ရှုသောသူအား။ နိကန္တိပရိယာဒါနံ နာမ၊ နိကန္တိတဏှာကို ကုန်စေသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဤကား အရိယဝံသကထာ၌ပြအပ်သောနည်းတည်း။

အရူပသတ္တက ပြီး၏။

ဤသို့ နာမရူပသတ္တကဖြင့် တရားဒုဒယ ဗွယဉာဏ်သို့ သက်၍ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ စသည်ကို လွန်မြောက်လျက် အထက်မဂ်ဉာဏ်ကို ကူးနိုင်၏။

၄၄—မဟာဝိပဿနာဝါရကို ပြခြင်း

အကယ်၍ နာမရူပသတ္တကဝါရဖြင့် ဥဒယဝယတရားဏ ဝိပဿနာသို့ သက်လျက် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိစသည်ကို ကူးမြောက်၍ အထက် မဂ်ဉာဏ်သို့ မကူးရောက်နိုင်သေးမူ မိမိသည် ရှုအပ်သော အာနာပါန ပဋိဘာဂ၏အာရုံ၌ ရုပ်တရား နာမ်တရားတို့၏ ပျက်ခြင်းတည်းဟူသော ဘင်ဉာဏ်၏ အစွမ်းအားဖြင့် ရုပ်တရား နာမ်တရားတို့၌ ဆန္ဒရာဂကို ပယ်လျက် အနိစ္စ, ဒုက္ခ, အနတ္တတို့ကို လွန်မင်းစွာ အားထုတ်သည်ရှိသော် သုံးပါးသောလက္ခဏာရေးတို့နှင့်ပြည့်စုံခြင်းကြောင့် နိဗ္ဗိဒါဉာဏ်တိုင်အောင် ဖြစ်လာရခြင်း၊ ထို နိဗ္ဗိဒါဉာဏ်နှင့်တကွ သုံးပါးသော လက္ခဏာတို့ ပြည့်စုံခြင်းကြောင့် ဝိရာဂဉာဏ်နှင့်တကွ လေးပါးသော ဝိပဿနာတို့ ပြည့်စုံရခြင်း၊ ထိုလေးပါးသော ဝိပဿနာတို့ ပြည့်စုံခြင်းကြောင့် နိရောဓ ဉာဏ်နှစ်ပြည့်စုံရခြင်း၊ နိရောဓဉာဏ်နှင့်တကွ ငါးပါးသော ဝိပဿနာ

ဉာဏ်တို့ ပြည့်စုံခြင်းကြောင့် ပဋိနိဿဂ္ဂဉာဏ်နှင့်ပြည့်စုံရခြင်း၊ ဤ ၃-ပါး သော အနုပဿနာဉာဏ်နှင့်ပြည့်စုံသော ယောဂီသည် (၁၈) ပါးသော မဟာဝိပဿနာနှင့် ပြည့်စုံလေ၏။

တိဿနှံ့ အနုပဿနာနံ့ ပရိပူရတ္တာ နိဗ္ဗိန္ဒတိတိ နိဗ္ဗိဒါ၊ စတဿနှံ့ အနုပဿနာနံ့ ပရိပူရတ္တာ ဝိရဇ္ဇတိတိ ဝိရာဂေါ၊ ပဉ္စန္နံ့ အနုပဿ-နာနံ့ပရိပူရတ္တာ နိရောဓေတိတိ နိရောဓော၊ ဆန္နံ့ အနုပဿနာနံ့ ပရိပူရတ္တာ ပဋိနိဿဇ္ဇတိတိ ပဋိနိဿဂ္ဂေါ။

ပဋိသံ ၂-၁၊၈၆။

တိဿနှံ့၊ သုံးပါးကုန်သော။ အနုပဿနာနံ့၊ အနိစ္စ ဒုက္ခ အနတ္တ အနုပဿနာတို့၏။ ပရိပူရတ္တာ၊ ပြည့်စုံသည်၏အဖြစ်ကြောင့်။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဤတိ တသ္မာ၊ ထို့ကြောင့်။ နိဗ္ဗိဒါ၊ နိဗ္ဗိဒါ မည်၏။ စတဿနှံ့၊ လေးပါးကုန်သော။ အနုပဿနာနံ့၊ အနုပဿနာတို့၏။ ပရိပူရတ္တာ၊ ပြည့်စုံသည်၏အဖြစ်ကြောင့်။ ဝိရဇ္ဇတိ၊ ရာဂမှ ကင်း၏။ ဤတိ တသ္မာ၊ ထို့ကြောင့်။ဝိရာဂေါ၊ ဝိရာဂမည်၏။ပဉ္စန္နံ့၊ငါးပါးကုန်သော။ အနုပဿနာနံ့၊ အနုပဿနာတို့၏။ ပရိပူရတ္တာ၊ ပြည့်စုံသည်၏အဖြစ်ကြောင့်။ နိရောဓေတိ၊ ချုပ်တတ်၏။ ဤတိ တသ္မာ၊ ထို့ကြောင့်။ နိရောဓော၊ နိရောဓ မည်၏။ ဆန္နံ့၊ ခြောက်ပါးကုန်သော။အနုပဿနာနံ့၊ အနုပဿနာတို့၏။ ပရိပူရတ္တာ၊ ပြည့်စုံသည်၏အဖြစ်ကြောင့်။ ပဋိနိဿဇ္ဇတိ၊ စွန့်တတ်၏။ ဤတိ တသ္မာ၊ ထို့ကြောင့်။ ပဋိနိဿဂ္ဂေါ၊ ပဋိနိဿဂ္ဂ မည်၏။

ဤသို့ လက္ခဏာရေးသုံးပါးတို့၏ ပြည့်စုံခြင်းတည်းဟူသော ဘင်ကို ရှုသဖြင့် နိစ္စ, သုခ, အတ္တ, သညာတို့ကို ပယ်နှိုင်ခြင်း လက္ခဏာရေး သုံးပါးတို့၏ ပြည့်စုံခြင်းကြောင့် နိဗ္ဗိဒါအစရှိသော အနုပဿနာဉာဏ် (၇) ပါးတို့နှင့် အစ္စန္ဓသတို့ကိုပင် မဇရာက်ငြားသော်လည်း ခယသတ္တိသို့ ရောက်စေ၍ တစ်ဆယ့်ရှစ်ရပ်သော မဟာဝိပဿနာနှင့် ပြည့်စုံလျက် ပဟာနပရိညာဖြင့် ပယ်အပ်သော သညာ ဝိပလ္လာသစသည်တို့ကို ပယ်နှိုင်လေ၏။

ဤစကားဌ် လက္ခဏာရေးသုံးပါး ပြည့်စုံလျှင် (၇) ပါးသော အနုပဿနာ၊ (၁၈) ပါးသော မဟာဝိပဿနာတို့နှင့် အဘယ်သို့ ပြည့်စုံ၍ ဈာဝိပလ္လာသ စသည်ကို အဘယ်သို့ ပယ်သနည်း။ ထင်စေဉီးအုံ- အနိစ္စလက္ခဏာကို ထင်မြင်အောင် စီးဖြန်းသော ယောဂိသည် အနိစ္စ, အနိမိတ္တ, နိရောဓ, ခယ, ဝယ, ဝိပရိဏာမ ဟူသော (၆)ပါးသော အနုပဿနာဉာဏ်တို့နှင့် ပြည့်စုံသည်မည်၏။ ဒုက္ခလက္ခဏာကို ထင်မြင်အောင် စီးဖြန်းသော ယောဂိသည် ဒုက္ခ၊ အပ္ပဏိဟိတ၊ နိဗ္ဗိဒါ၊အာဒီနဝ ဟူသော (၄) ပါးသော အနုပဿနာဉာဏ်တို့နှင့် ပြည့်စုံသည်မည်၏။ အနတ္တလက္ခဏာကို ထင်မြင်အောင် စီးဖြန်းသော ယောဂိသည် အနတ္တ၊ သုညတ၊ ဝိရာဂ၊ ပဋိနိဿဂ္ဂ၊ ပဋိသင်္ခါ၊ ဝိဝဋ္ဋ ဟူသော (၆) ပါးသော အနုပဿနာဉာဏ်တို့နှင့် ပြည့်စုံသည်မည်၏။ ထိုသို့ သုလက္ခဏာနှင့်သု ပြည့်စုံကြ၍ပဟာနပရိညာဖြင့် ဈာဝိပလ္လာသစသည်ကို ပယ်ဟန်ကား-

အနိစ္စာနုပဿနံ ဘာဝေန္တော နိစ္စသညံ ပဇဟတိ၊ ဒုက္ခာနုပဿနံ ဘာဝေန္တော သုခသညံ ပဇဟတိ၊ အနတ္တာနုပဿနံ ဘာဝေန္တော အတ္တသညံ ပဇဟတိ။ ဧဝံ နိဗ္ဗိဒါနုပဿနံ နန္ဒိ၊ ဝိရာဂါနုပဿနံ ရာဂံ၊ နိရောဓာနုပဿနံ သမုဒယံ၊ ပဋိနိဿဂ္ဂါနုပဿနံ အာဒါနံ၊ ခယာနုပဿနံ ဃနသညံ၊ ဝယာနုပဿနံ အာယူဟနံ၊ ဝိပရိဏာမာ နုပဿနံ ဓုဝသညံ၊ အနိမိတ္တာနုပဿနံ နိမိတ္တံ၊ အပ္ပဏိဟိတာနုပဿနံ ပဏိဓိ၊ သုညတာနုပ-ဿနံ အဘိနိဝေသံ၊ အဓိပညာမမ္မဝိပဿနံ သာရာ-ဒါနာဘိနိဝေသံ၊ ယထာဘူတ ဉာဏဒဿနံ သမ္မောဟာ-ဘိနိဝေသံ၊ အာဒီနဝါနုပဿနံ အာလယာဘိနိဝေသံ၊ ပဋိသင်္ခါ-နုပဿနံ အပ္ပဋိသင်္ခံ၊ ဝိဝဋ္ဋာနုပဿနံ ဘာဝေန္တော သံယောဂါ ဘိနိဝေသံ ပဇဟတိ။

ပဋိသံ၊၂၅။

အနိစ္စာနုပဿနံ၊ အနိစ္စာနုပဿနာကို။ ဘာဝေဝန္ဆော၊ ပွားများသော သူသည်။ နိစ္စသညံ၊ နိစ္စသညာကို။ ပဇဟတိ၊ ပယ်၏။ ဒုက္ခာနုပဿနံ၊ ဒုက္ခာနုပဿနာကို။ ဘာဝေန္ဆော၊ ပွားများသောသူသည်။ သုခသညံ၊ သုခသညာကို။ ပဇဟတိ၊ ပယ်၏။ အနတ္တာနုပဿနံ၊ အနတ္တာနုပဿနာကို။ ဘာဝေန္ဆော၊ ပွားများသောသူသည်။ အတ္တသညံ၊ အတ္တသညာကို။ ပဇဟတိ၊ ပယ်၏။ ဧဝံ၊ ဤအတူ။ နိဗ္ဗိဒါနုပဿနံ၊ နိဗ္ဗိဒါနုပဿနာကို။ နန္ဒိ ၊ နှစ်သက်ခြင်း သပ္ပိတိကတဏှာကို။ ဝိရာဂါနုပဿနံ၊ စက်ဆုပ်သော အခြင်းအရာကို အဖန်တလဲလဲရှိသော အနုပဿနာကို။ ရာဂံ၊ တပ်ခြင်း ရာဂကို။ နိရောဓာနုပဿနံ၊ တစ်ဖန်မဖြစ် ချုပ်ကြောင်းဖြစ်သော အနုပဿနာကို။ သမုဒယံ၊ တစ်ဖန်ဖြစ်ခြင်းကို။ ပဋိနိဿဂ္ဂါနုပဿနံ၊ တစ်ဖန်မစဲလမ်းမှ၍ စွန့်လွှတ်ကြောင်းဖြစ်သော အနုပဿနာကို။ အာဒါနံ၊ ဘဝသစ်ကို ယူခြင်းကို။ ခယာနုပဿနံ၊ သင်္ခါရတို့၏ ကုန်ခြင်းဟူသော အနုပဿနာကို။ ဃနသညံ၊ သန္တတိသမူဟအာရုံ၌ မပြိုမကွဲ တခဲတည်းမှတ်ခြင်းကို။ ဝယာနုပဿနံ၊ သင်္ခါရတို့၏ပျက်ခြင်း အနုပဿနာကို။ အာယူဟနံ၊ သင်္ခါရတို့ကို ပေါင်းစုရုံးစည်း ဆည်းပူးခြင်းကိုပြုသော တဏှာကို။ ဝိပရိဏာမာနုပဿနံ၊ ဇရာမရဏတို့ကြောင့် ဖောက်ပြန်တတ်သော အနုပဿနာကို။ ဓုဝသညံ၊ မြဲ၏ဟူသော အမှတ်ကို။ အနိမိတ္တာနုပဿနံ၊ အနိစ္စာနုပဿနာကို။ နိမိတ္တံ၊ လုံးလုံးလျှောင်းလျှောင်း ပေါင်းရှိကြာရှည်တည်၏ဟုထင်သော သန္တတိသမူဟ သင်္ခါရနိမိတ်ကို။ အပ္ပဏိဟိတာနုပဿနံ၊ ဒုက္ခာနုပဿနာကို။ ပဏိဓိ ၊ သုခကို တောင့်တခြင်း တဏှာကို။ သုညတာနုပဿနံ၊ အနတ္တာနုပဿနာကို။ အဘိနိဝေသံ၊ ကိုယ်ဟူ၍ မှားသော နှလုံးသွင်းခြင်းကို။ အဓိပညာဓမ္မဝိပဿနံ၊ လွန်ကဲသော ဝိပဿနာပညာကို။ သာရာဒါနာဘိနိဝေသံ၊ နိစ္စ သာရ စသည်ကို ယူ၍ ဖြစ်သော မှားသော နှလုံးသွင်းခြင်းဟူသော တဏှာနှင့်တကွသော ဒိဋ္ဌိကို။ ယထာဘူတ ဉာဏ ဒဿနံ၊ အကြောင်းပြုပြင်သော ရုပ်နှင့်နာမ်ကို မှန်သောအတိုင်း သိသောဉာဏ်အမြင်ကို။ သမ္မောဟာဘိနိဝေသံ၊ ယုံမှား

ခြင်း (၁၆) ပါးဌ် တော်ဝေသော နှလုံးသွင်းခြင်းကို။ အာဒီနဝါနုပဿနံ၊ ဘေးဟုရှုသော အာဒီနဝဉာဏ်ကို။ ဒ ၁၈ ယာဘ်နိုဝေသံ၊ ဂ ပ်ုဋိတ္ထယ် တာ မှီခိုရာ မှားသော နှလုံးသွင်းခြင်းကို။ ပဋိသင်္ခါနုပဿနံ၊ သင်္ခါရတို့ကို စွန့်လွှတ်ရကြောင်း ကောင်းစွာ အနိစ္စစသည်ဖြင့် ဆင်ခြင်ပြန်သော ဉာဏ်ကို။ အပဋိသင်္ခံ ၊ ဆင်ခြင်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အစိုင်္ဂါကို။ ဝိဝဋ္ဋာနုပဿနံ၊ ခပ်သိမ်းသော ဘဝသင်္ခါရတို့မှ စိတ်၏တွန့်တို့ ဆုတ်နစ်ကြောင်းဖြစ်သော သင်္ခါရူပေက္ခာ အနုလောမဉာဏ်ကို။ ဘာ-ဝနွှာ၊ ပွားများသောသူသည်။ သံယောဂါဘိနိုဝေသံ၊ ကာမသံယောဂ စသော ကိလေသာ၏ ဖြစ်ခြင်းကို။ ပဇဟတိ၊ စွန့်ပယ်၏။ [ယထာဘူတ ဉာဏ်မှာ ကခ်ါ ဝိတရဏ ဝိသုဒ္ဓိက ပြီးခဲ့ပြီ။ အဓိပညာဓမ္မ ဝိပဿနာ ဉာဏ်မှာ (၁၈) ပါးသော ဝိပဿနာတို့၏ အမည်သာတည်း။]

ဆောင်ပုဒ်

နိစ်, နိ, ရောဓိ,၊ ခ, ဝ, ရိ,၊ ဒုက်, အပ်, ဗီဒါဒိ,။
နတ်, သုဉ်, ဝိရာ,၊ နိဿဂ္ဂါ,၊ သင်္ခါ, ဝိဝဋ္ဋိ,။

ဤသို့ မဟာဝိပဿနာ ဝါရဖြင့် သမ္မသနဉာဏ်တို့၏ ကမ်းတစ်ဘက်သို့ ရောက်၍ လက္ခဏဝဝတ္ထာနဝါရ၏ အဆုံးဌ် ပြခဲ့သော ဥဒယ, ဝယ ဉာဏ်သက်လျက် တည်တတ်၏၊ အကယ်၍ မတည်သေးပါမူ တစ်ဖန် လက္ခဏ ဝဝတ္ထာနဝါရကို ပြန်၍ သုံးသပ်အပ်၏။ ဒုကြောင်ယောဂီသည် ဤငါးပါးသော ဝါရတို့တွင် မိမိနှစ်သက်သော ဝါရသည် ရှိ၏၊ သုံးသပ်ခြင်းငှာလွယ်၏၊ ထိုဝါရဖြင့်သာလျှင် ကောင်းစွာ သုံးသပ်အပ်၏၊ တစ်ခု တစ်ခုသောဝါရ၌ အယုတ်ဆုံးအားဖြင့် သုံးလလောက် အားထုတ်အပ်၏။

ယေပိ စ သမ္မသနူပဂါ၊ တေသု ယေ ယသ ပါကဋာ ဟောန္တိ၊ သုခေန ပရိဂ္ဂဟံ ဂစ္ဆန္တိ၊ တေသု တေန သမ္မသနံ အာရဘိတဗ္ဗံ။ ဝိသုဒ္ဓိ ၂၊၂၄၄။

ယေပိ စ၊ အကြင်ရုပ်နာမ် ဓမ္မတို့သည်လည်း။ သမ္မသနုပဂါ၊ သုံးသပ်ခြင်းငှါ ကပ်ကုန်၏။ တေသု၊ ထိုရုပ်နာမ်တို့တွင်။ ယေ၊ ရုပ်တရား နာမ်တရားတို့သည်။ ယဿ၊ အကြင် ယောဂီပုဂ္ဂိုလ်အား။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သုခေန၊ လွယ်လွယ်။ ပရိဂ္ဂဟံ၊ သိမ်းဆည်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တေသု၊ ထိုရုပ်နာမ်တို့၌။ တေန ယောဂိနာ၊ ထိုယောဂီသည်။ သမ္မသနံ၊ သုံးသပ်ခြင်းကို။ အာရဘိတဗ္ဗံ၊ အားထုတ်အပ်၏။

၄၅–ဥပက္ကိုလေသတရား ဆယ်ပါးကို ပြခြင်း

ထိုသို့ ဥဒယဝယဉာဏ်သို့ကပ်၍ တည်နိုင်လောက်သော ဉာဏ်ရှိသော ယောဂီအား လက္ခဏဝဝတ္ထာနဝါရ၏အတွင်း၌ ဖြစ်စေ၊ ငါးပါးသော ဝါရတို့တွင် တစ်ပါးပါးသော ဝါရအတွင်း၌ ဖြစ်စေ၊ ဩဘာသ၊ ဉာဏ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ ဥပဋ္ဌာန၊ ဥပေက္ခာ၊ နိကန္တိ–ဟူသော ဥပက္ကိုလေသတရား ဆယ်ပါးတို့တွင် တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ စသည်ဖြင့် ဖြစ်ပေါ်လာတတ်၏။

ထိုဆယ်ပါးတို့တွင် ဩဘာသဟူသည် ဝိပဿနာ၏ အရောင်တည်း၊ ထိုဝိပဿနာ၏ အရောင်အလင်းသည် တစ်ခါတစ်ရံမျှ မဖြစ်ဖူးဘဲ ဖြစ်လာ၍ "သြော် ငါသည် မဂ်ကိုရပေပြီ၊ ဖိုလ်ကို ရပေပြီ" ဟု ထင်မှတ်မှားရ၏ အဓိမာန လွှမ်းမိုးတတ်သည်၊ မိမိ၏ ကမ္မဋ္ဌာန်းကို လွှတ်၍နေတတ်၏၊ ထိုဩဘာသသည် အခ္ခါသေဝသူအား ဟတ္ထပါသ်၊ အခ္ခါသေဝသူအား လေးတောင်, ငါးတောင်, အတောင်တစ်ရာ,စကြဝဠာနှံမျှ ထင်တတ်၏၊ ရင်းထင်လာသော အရောင်အလင်းကိုပင် ဩဘာသဟု ခေါ်၏။

ဝတ္ထုကား–သီဟိုဠ်ကျွန်း စိတ္တလတောင်၌ အထွတ် နှစ်ဋ္ဌိသော ကျောင်းငယ်ဘစ်ခု၌ မထေရ်နှစ်ပါးတို့ နေကြသတတ်၊ တစ်ရံသောအခါ အရှင်ကောင်းတို့ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍နေစဉ် အလွန်မိုးမှောင်ကျ

သော လက္ခဏာနှင့် ညဉ့်အခါ၌ မမေထရ်ကယ်သည် မထေရ်ကြီးအား ဤသို့ လျှောက်၏။ "အရှင်ဘုရား အကျွန်ုပ်အား ယခုအခါ၌ စေတီရင်ပြင်ဝယ် မြတ်သောနေရာ၌ ဘေးပါးသောအဆင်းရှိကုန်သော ပန်းတို့သည် ထင်ကုန်၏" ဟု လျှောက်၏။ ဆိုစကားကို ကြားသော် မထေရ်ကြီးသည် "ငါ့ရှင်သင်သည် မအံ့လောက်သည်ကိုဆိုဘ၏၊ ငါ့အားမူကား ယခုအခါ၌ မဟာသမုဒ္ဒရာဝယ် ယူဇနာမျှလောက်သော အရပ်၌ ငါးလိပ်တို့သည် ထင်ကုန်၏" ဟု ဆို၏။ ဤကား သြဘာသ သဘောတည်း။ (၁)

အကြင်ယောဂီသည် မိမိသုံးသပ်အပ်သော ရူပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ခြင်းကိုလည်းကောင်း၊ ပျက်ခြင်းကိုလည်းကောင်း၊ သိကြားမင်း၏ ပစ်လွတ်အပ်သော ဝဇိရစိန်ကဲ့သို့ ထက်မြက်စူးရှလျက် မြင်၏၊ ဤသို့မြင်သည်ကို မဂ်ဟုထင်တတ်၏။ ဤကား ဥဒယ သဘောတည်း။ (၂)

အကြင်ယောဂီသည် ဝိပဿနာ စီးဖြန်းစဉ်ကာလ၌ ခုဒ္ဒိကာပီတိ, ခဏိကာပီတိ, သြက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိတို့သည် အစဉ်အဆက်ပြိုင်း ဖြစ်ကုန်၏။ ဤသို့ဖြစ်သည်ကို မဂ်ဟုထင်တတ်၏။ ဤကား ပီတိ သဘောတည်း။ (၃)

အကြင်ယောဂီသည် ဝိပဿနာစီးဖြန်းစဉ်ကာလ၌ ညဉ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း ကိုယ်စိတ်တို့၏ (၁) ပူပန်ခြင်း မဖြစ်၊ (၂) လေးသည် မဖြစ်၊ (၃) ကြမ်းတမ်းသည်မဖြစ်၊ (၄) မခံ့သည်မဖြစ်၊ (၅) ကျင်နာသည်မဖြစ်၊ (၆) ကောက်သည်မဖြစ်၊ စင်စစ်ကား ကိုယ်စိတ်တို့၏ (၁) ငြိမ်းခြင်း၊ (၂) ပေါ့ပါးခြင်း၊ (၃) နူးညံ့ခြင်း၊ (၄) ခံ့ခြင်း၊ (၅) စင်ကြယ်ခြင်း၊ (၆) ဖြောင့်ခြင်းဟူသော ဤခြောက်ပါးသောဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ လေးကျန်းသောနှင်း မနွှာတ်မင်း၊ နတ်, သိကြားတို့၏ ခံစားအပ်သော စည်းစိမ်ထက် ဆတက်ထောင်ရာ မကသာသော အမာနုသ်မည်သော ဝိပဿနာ ချမ်းသာကြီးကို ခံစားတော်မူလျက် နေတော်မူ၏။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

ခု ၁၊၆၇

သုညာဂါရံ၊ဆိတ်ငြိမ်သောကျောင်းသို့ (၀ါ) ဝိပဿနာသို့။ ပဝိဋ္ဌသ၊ ဝင်၍။ သန္တစိတ္တသ၊ငြိမ်သက်သော စိတ်ရှိသော။ သမ္မာ၊အသင့်အားဖြင့်။ မေမ်ာ်ရုပ်နာမ်တရားကို။ ဝိပဿတောဝ၊ဥဒယ, ဗယ စသည်ဖြင့်ရှုသော။ ဘိက္ခု၊ နော၊ ယောဂိရဟန်းအား။ အမာနုသ်၊ အားထုတ်အပ်သော ဝိပဿနာ မရှိသောသူတို့၏ အရာမဟုတ်သည်၏အဖြစ်ကြောင့် အမာနုသီမည်သော။ ရတိ၊ ဝိပဿနာနှင့်ယှဉ်သော မေမ္ဗလောဘ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ထိုခြောက်ပါးသော ဂုဏ်နှင့်ပြည့်စုံစေ၍ နေသော ယောဂိသည် ငါသည် မဂ်ကိုရောက်ပြီဟု ထင်တတ်၏။ ဤကား ပဿဒ္ဓိ သဘောတည်း။ (၄)

အကြင်ယောဂိသည် ဝိပဿနာစီးဖြန်းစဉ်ကာလ၌ ဝိပဿနာနှင့်ယှဉ်သော စေတသိက သုခသည် ကိုယ်အလုံးကို ဧတံစိုစေလျက် အလွန်မြတ်သော ချမ်းသာသည် ဖြစ်၏။ ဤသို့ ချမ်းသာသည်ကို မဂ်ဟုထင်မှတ်တတ်၏။ ဤကား သုခ သဘောတည်း။ (၅)

အကြင်ယောဂိသည် ဝိပဿနာစီးဖြန်းစဉ်ကာလ၌ ကိုလေသချောက်ချားခြင်း ကင်းသဖြင့် အလွန်ကြည်လင်သန့်ရှင်းသော အလွန်အားရှိသော သဒ္ဓါတရားသည်ဖြစ်၏။ ထိုသဒ္ဓါတရားကိုပင် မဂ်ဟုထင်မှတ်တတ်၏။ ဤကား အဓိမောက္ခသဘောတည်း။ (၆)

အကြင်ယောဂိသည် ဝိပဿနာစီးဖြန်းစဉ်ကာလ၌ ဝိပဿနာနှင့်ယှဉ်သော မလျော့သော၊ အားမထုတ်လွန်းသော၊ ကောင်းစွာချိပ်ငြိမ်သော ဝီရိယသည် ဖြစ်၏။ ဤ ဝီရိယကိုပင် မဂ်ဟုထင်မှတ်တတ်၏။ ဤကား ပဂ္ဂဟ သဘောတည်း။ (၇)

အကြင်ယောဂိသည် ဝိပဿနာစီးဖြန်းစဉ်ကာလ၌ ဝိပဿနာနှင့်ယှဉ်သော ကျောက်စာတိုင်နှင့်တူသော သတိသည် ဖြစ်၏၊ ရှေးရှုသော ရူပ

နာမ်တရားတို့ကို နှလုံးသွင်းတိုင်း ရ၏၊ ဆင်ခြင်တိုင်း ထင်၏၊ သက်ဝင်၏၊ ဤ သတိကိုပင် မဂ်ဟုထင်မှတ်တတ်၏။ ဤကား ဥပဌာန သဘောတည်း။ (၈)

အကြင်ယောဂီသည် ဝိပဿနာစီးဖြန်းစဉ် ကာလ၌ သင်္ခါရတို့ကို လျှစ်လျှူရှုခြင်းရှိသည်ဖြင့်၍ သမ္မယုတ်တရားတို့ကို လျှင်လျှူရှုလျက် သင်္ခါရတို့၌ အလွန်အားရှိသော ဥပေက္ခာသည် ဖြစ်၏၊ ထိုဥပေက္ခာကိုပင် မဂ်ဟုထင်မှတ်တတ်၏။ ဤကား ဥပေက္ခာ သဘောတည်း။ (၉)

အကြင်ယောဂီသည် ဝိပဿနာစီးဖြန်းစဉ်ကာလ၌ သြဘာသစသည် တို့ဖြင့် တန်ဆာဆင်အပ်သော ဝိပဿနာ၌ အာသာငင်းငင်း တွယ်တာခြင်းကို ပြုလျက် သိမ်မွေ့ငြိမ်သက်သော တဏှာသည် ဖြစ်၏။ ထိုတဏှာကို သိမ်းဆည်းခြင်းငှာ မတတ်နိုင်၊ ထိုကပ်ငြိတတ်သော တဏှာကိုပင်လျှင် မဂ်ဟုထင်မှတ်တတ်၏။ ဤကား နိကန္တိသဒ္ဒာတည်း။ (၁၀)

အကြင်ပညာမဲ့သော ယောဂီသည် ဤဆယ်ပါးသော ဥပက္ကိလေသ တရားတို့တွင် တစ်ပါးပါးဖြစ်လာ၏၊ ထိုအခါ ငါသည် ဤသို့သောတရားကို ရှောင်ခဲ့မဖြစ်ဖူး၊ ငါသည်မဂ်သို့ရောက်သည် ဖြစ်ရာ၏ဟု ထင်မှတ်တတ်၏၊ ထိုသို့ထင်မှတ်ခြင်းသည် မဂ်မဟုတ်သည်ကို မဂ်ဟုထင်မှတ်ခြင်းကြောင့် 'အမဂ္ဂ'မည်၏။ အကြင်ပညာရှိသော ယောဂီသည် ဤဆယ်ပါးသော ဥပက္ကိလေသ တရားတို့တွင် တစ်ပါးပါးဖြစ်လာသောအခါ ဆရာကို ကြားအပ်၏။

တစ်နည်း။ ။ဤတရားကား ဆရာမှာလိုက်သော ဥပက္ကိလေသ တရားသာတည်း။ ဤကရားသည်လည်း မြဲသော သဘောမရှိ၊ ဆင်းရဲသော သဘောရှိ၏၊ ကိုယ်လည်းမဟုတ်ဟု လက္ခဏာရေးကို တင်၍ သုံးသပ်၏၊ ၎င်းဥပက္ကိလေသတရားဆယ်ပါးနှင့် တစ်ပါးပါးဝယ် တဏှာ, မာန, ဒိဋ္ဌိ ပြားရကား ဥပက္ကိလေသတရား သုံးဆယ်ဖြစ်၏၊ ထိုသုံးဆယ်သော ဥပက္ကိလေသတရားတို့ကို ရှင်းလင်း၍ ဤ ဥဒယဝယ စသော

ဝိပဿနာဉာဏ်သည်သာလျှင် မဂ်ဘို့ရောက်ကြောင်း ကောင်းသော ခရီး ဖြစ်ပေ၍ 'မဂ္ဂ' မည်၏၊ ဤသို့'မဂ်မဟုတ်သည်ကို' လည်းကောင်း၊ မဂ်ဟုတ် သည်ကို'လည်းကောင်း သိ၍ မဂ်မဟုတ်သည်ကို မလိုက်ဘဲ မဂ်ဟုတ်သော ဥဒယဝယ စသော လမ်းမှန်ကို လိုက်၍ တည်သော ဉာဏ်တော်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

သော ဧဝံ ဝိဂ္ဂေါပမဂ္ဂဆ္ဆန္နော တံ သမတိ်သဝိဓံ ဥပက္ကိ-လေသဇဋ္ဌံ ဝိဇဋ္ဌေတ္မာ ဩဘာသာဒယော ဓမ္မာ နမဂ္ဂေါ၊ ဥပက္ကိ-လေသဝိမုတ္တံ ပန ဓိဌိပဋ္ဌိပန္နံ ဝိပဿနာဉာဏံ မဂ္ဂေါတိ မဂ္ဂဋ္ဌ အမဂ္ဂဋ္ဌ ဝဝတ္ထပေတိ။ တသ္မာ ဝိသေသတော အယံ မဂ္ဂေါ, အယံ နမဂ္ဂေါတိ မဂ္ဂဋ္ဌ အမဂ္ဂဋ္ဌ ဥ တ္မာ ဒ္ဝိတံ ဉာဏံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။ ဝိသုဒ္ဓိ ၂၊၂၇၄။

သော၊ ထိုယောဂိသည်။ ဧဝံ၊ ဤသို့။ ဝိဂ္ဂေါပံ၊ ပို့လွှင့်ခြင်းသို့။ အဂစ္ဆန္နော၊ မရောက်သည်ဖြစ်၍။ သမတိ်သဝိဓံ၊ အမျှသုံးဆယ် အပြားရှိသော။ တံဥပက္ကိုလေသဇဋ္ဌံ၊ ထို ဥပက္ကိုလေသတည်းဟူသော အမြှေး အယှက်ကို။ ဝိဇဋ္ဌေတ္မာ၊ သုတ်သင်ရှင်းလင်း တျင်းတျင်း-ကုန်အောင်ဖျက်ဆီး၍။ ဩဘာသာဒယော၊ ဩဘာသအစရှိကုန်သော။ ဓမ္မာ၊တရားတို့သည်။ နမဂ္ဂေါ၊ မဂ်မဟုတ်ကုန်။ ပန၊ အလျှော်ကိုဆိုဦးအုံ့။ ဥပက္ကိုလေသဝိမုတ္တံ၊ ဥပက္ကိုလေသမှလွတ်သော။ ဝိဌိပဋ္ဌိပန္နံ၊ ဥဒယ ဗ္ဗယာနုပဿနာ၏အစွမ်းဖြင့် ဝိပဿနာခရီးမှန်သွားသော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ မဂ္ဂေါ၊ ဖြောင့်မှန်သော ခရီးတည်း။ ဣတိ၊ ဤသို့။ မဂ္ဂဋ္ဌ၊ ခရီးဟုတ်သည်ကိုလည်းကောင်း။ အမဂ္ဂဋ္ဌ၊ ခရီးမဟုတ်သည်ကို လည်းကောင်း။ ဝဝတ္ထပေတိ၊ ပိုင်းခြားမှတ်သား၏။ တသ္မာ၊ ထိုယောဂိ-၏။ ဧဝံ၊ ဤသို့။ အယံ၊ ဤဝိဌိပဋ္ဌိပန္နံ ဝိပဿနာဉာဏ်သည်။ မဂ္ဂေါ၊ ခရီးတည်း။ အယံ၊ ဤဥပက္ကိုလေသသည်။ နမဂ္ဂေါ၊ ခရီးမဟုတ်။ ဣတိ၊ ဤသို့။ မဂ္ဂဋ္ဌ၊ မဂ်ကိုလည်းကောင်း။ အမဂ္ဂဋ္ဌ၊ မဂ်မဟုတ်သည်ကို လည်းကောင်း။ ဥ, တ္မာ၊ သိ၍။ ဒ္ဝိတံ၊ တည်သော။ ဉာဏံ၊ ဉာဏ်သည်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။ (၀၊) အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်သော မြင်တတ်သောဉာဏ် အမြင်၏ စင်ကြယ်ခြင်းမည်၏။ ဤတို၊ ဤသို့။ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤကားလောကသေဋ္ဌနင်း တရားမင်းဘုရားသည် ဟောကြားတော်-မူအပ်သော အာနာပါန ဒေသနာတော်ဝယ် ကျယ်စွာသော နယတို့ကို ဝိသေသနမဂ္ဂပေသော်လည်း ကေဒေသ နည်းနယ်တို့ဖြင့် ပြုသတော်မူ-အပ်သော ရူပပရိဂ္ဂဟကစ၍ ဥဒယဝယဉာဏ်တိုင်အောင် ယူရာ ယူကြောင်း ကောင်းမြတ်သော။ 'သမုဒယ ဓမ္မာနုပဿီ၀ါ ကာယသ္မိံ ဝိဟရတိ။ ဝယဓမ္မာနုပဿီ၀ါ ကာယသ္မိံ ဝိဟရတိ။ သမုဒယဝယဓမ္မာ နုပဿီ၀ါ ကာယသ္မိံ ဝိဟရတိ' ဟူသော ဒေသနာတော်၏ အကျဉ်း အားဖြင့် ယူအပ်သော အဓိပ္ပာယ်ပေတည်း။

၄၆-အနု, ကလျာဏတို့ အမည်ကဲ့ပြားပုံကို ပြခြင်း

ယင်းသို့ ရုပ်တရားနာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းတို့ကို ပဋ္ဌာန်း အားဖြင့် မျက်စိဖြင့်မြင်သကဲ့သို့ ရုပ်တရားတို့၏ အာကာရကို မြင်ခြင်း, ဝိညာဏပဋ္ဌာနအစွမ်းဖြင့် နာမ်တရားတို့၏ အာကာရကို မြင်ခြင်းအားဖြင့် မြင်ကုန်သော ယောဂီတို့အား အရိယာတို့မြင်တော်မူအပ်သော မြင်တော်-မူမြဲဖြစ်သော ဥပမာ ငါးပါးသို့ သက်ဝင်၍ ထင်လာရသော အနိစ္စ ဒုက္ခ အနတ္တတို့ကို မြင်ပေရ၍ ထိုယောဂီသည် အရိယဒဿာ၀ီမည်ပေ၏။

ယင်းစကြားအံ့-ရှင်တော်ဘုန်းလည်း ထိုထိုသော ဒေသနာသုတ္တန်တို့၌

(၁) အရိယာနံ ဒဿာ၀ီ ဟူ၍လည်းကောင်း

(၂) အရိယဓမ္မကောဝိဒ ဟူ၍လည်းကောင်း

(၃) အရိယမ္မေ၀ိနီတ ဟူ၍လည်းကောင်း

(၄) သပ္ပုရိသာနံ ဒဿာ၀ီ ဟူ၍လည်းကောင်း၊

(၅) သပ္ပုရိသမမ္မကောဝိဒ ဟူ၍လည်းကောင်း၊
(၆) သပ္ပုရိသမမ္မဝိနီတ ဟူ၍လည်းကောင်း၊
(၇) သုတဝါ ဟူ၍လည်းကောင်း၊
(၈) သာသနိကပုဂ္ဂိုလ် ဟူ၍လည်းကောင်း၊
(၉) ကလျာဏပုထုဇဉ် ဟူ၍လည်းကောင်း၊
(၁၀) စူဠသောတာပန် ဟူ၍လည်းကောင်း—
ဤသို့ အထူးယူးသော အမည်တို့ဖြင့် ဟောတော်မူ၏။

တသ္မာ စက္ခုနာ ပဿန္တောပိ ဥဏေန အရိယေဟိ ဒိဋ္ဌံ အနိစ္စာဒိလက္ခဏံ အပဿန္တော အရိယာမိဂတဋ္ဌ ဓမ္မံ အနမိ-ဂစ္ဆန္တော အရိယဂုဏရဟိတောနံ အရိယဘာဝဿ စ အဒိဋ္ဌတ္တာ အရိယာနံ အဒဿာဝီတိ ဝေဒိတဗ္ဗော။

မ ဋ္ဌ-၁၊ ၂၃။

ဤသို့ မူလပရိယာယသုတ် အဋ္ဌကထာ၏ ဗျတိရိတ်ကိုထောက်။ (အနက်ကို နောက်က ရေးခဲ့ပြီးပြီ။)

သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ပဋ္ဌာန်း-၁၊ ၁၃၃။

သေက္ခာဝါ၊ သေဘွပုဂ္ဂိုလ် ၇-ယောက်တို့သည်လည်းကောင်း။ ပုထုဇ္ဇ-နာဝါ၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ ကုသလ်၊ ကုသိုလ် နာမက္ခန္ဓာကို။ အနိစ္စတော၊ အနိစ္စအားဖြင့် လည်းကောင်း။ ဒုက္ခတော၊ ဒုက္ခအားဖြင့်လည်းကောင်း။ အနတ္တတော၊ အနတ္တအားဖြင့် လည်းကောင်း။ ဝိပဿန္တိ၊ ရှုကုန်၏။

ထိုမှ ပြန်သောအားဖြင့်—
(၁) အရိယာနံ အဒဿာဝီ၊
(၂) **အရိယဓမ္မ အဒေဿဝီ**၊

(၃) အရိယမဂ္ဂ အဝိနီတ၊
(၄) သပ္ပုရိသာနံ အဒဿာဝီ၊
(၅) သပ္ပုရိသမဂ္ဂ အကောဝိဒ၊
(၆) သပ္ပုရိသမဂ္ဂအဝိနီတ၊
(၇) အသုတဝါ၊
(၈) ဗဟိရကပုဂ္ဂိုလ်၊
(၉) အန္ဓပုထုဇဉ်—

ဟူ၍ ခေါ်ဝေါ်သော အမည်တို့သည် ၎င်းအန္ဓပုတုဇဉ်၏ အမည်ချည်း သာမှတ်။ (နောက်ပါဌ်ကိုရှု)

ထိုသို့ ရှုပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း လက္ခဏာကို သိမြင်သော ယောဂီသည် ကလျာဏပုထုဇဉ် ဖြစ်ခဲ့လျှင် အဘယ်အကျိုး ရှိသနည်း။ အရိယာပင်မဟုတ်ပါသေးခြားသော်လည်း အရိယာတို့ကဲ့သို့ ဝဋ္ဋမှ ထွက်မြောက်ခြင်းအဖို့၌ ဝင်ခဲ့၍ သိမ်းဆည်းအပ်သောကြောင့် ဒက္ခိဏေယျ ဂုဏ်တော်၌ တည်ပေ၏။

သော ပိ ဟိ ကိဉ္စာပိ အရိယေန ဒိဋ္ဌိသီလသာမညေန အသံ-ဟတော၊ နိယျာနိကပက္ခေယေန ပန ပေါထုဇ္ဇနိကေန သံဟတတ္တာ ဒက္ခိဏေယျပါဏိပါတာရဟော သံဃော၀။ ကခ်ါ၌-သစ်၊ ၁၂၁။ (ဝိနယတ္ထမဉ္ဇူ)သာ၊ ၎င်းအတူ သီလကွန်ရှိကာကြီး၊ မဏိဒီပတို့၌ ရှိသေး၏။)

ဟိသစ္စံ၊ မှန်၏။ သောပိ၊ ထိုကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်ကိုလည်း။ အရိယေန၊ အရိယာပုဂ္ဂိုလ်နှင့်။ ဒိဋ္ဌိ သီလ သာမညေန၊ အယူ သီလ ဟူမျှသည်၏အဖြစ်ဖြင့်။ ကိဉ္စာပိ အသံဟတော၊ အာဘယ်၍ကား မပေါင်းသေး၏ရှင့်။ ပနတထေဝ၊ ထိုသို့ မပေါင်းဝေးသော်လည်း။ နိယျာနိက-

ပက္ခီယေန၊ ဝဋ္ဋမှ ထွက်မြောက်ခြင်းအဖို့ဖြစ်တည်သော။ ပေါ့ဇုထုနိကေန၊ ပုထုဇဉ်၏အကျင့်ဖြင့်။ သံဟတတ္တာ၊ ပေါင်းရုံးအပ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခီကောယျ ပါဏိပါတာဝရဟော၊ မြတ်သောအလှူကိုခံထိုက် လက်အုပ်ချီမိုး ရှိခိုးခြင်းငှာထိုက်သော။ သံဃောဝ၊ သံဃာတော် တစ်ယောက် ပေပင်တည်း။

ဤဒီကာဆရာကြီးတို့ ပြတော်မူအပ်သော စကားကို ကျမ်းနှုသည်ဟု မထင်အပ်၊ နိကာယ်ငါးရပ် အဋ္ဌကထာရှင်ကြီးတို့ပင် သေက္ခပုဂ္ဂိုလ်တို့နှင့် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ကို ဝသန္တိက ပုဂ္ဂိုလ်အဖြစ်ဖြင့်–"ကလျာဏ ပုထုဇဉ်နေန သဒ္ဓိ သတ္တ အရိယာ တိသော သက္ခာ သိက္ခန္တိ"ဟူ၍ ပြတော်မူ၏။ ပါရာဇိကဏ် အဋ္ဌကထာစသည်တို့၌ သဘောတူ ပါဠိလုံ့ရုံမျှ ထား၍ ပြတော်မူခြင်းကြောင့်တည်း။ ၎င်းကလျာဏပုထုဇဉ်ပုဂ္ဂိုလ်ကို လည်း ကျမ်းဂန်ကို လိမ္မာလှ၍ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋ္ဌာန်-သမုပ္ပါဒ်, သတိပဋ္ဌာန် စသော နည်းတို့ကို ဆရာကောင်းတို့ထံ၌ သင်အံ မှတ်သား ပိုင်းခြားဝေဖန်နိုင်ရုံမျှနှင့် ငါ ကလျာဏပုထုဇဉ် ဖြစ်ပြီးပြီဟု ထင်မှတ်၍ မာနမညန ကပ်တတ်ကြသည်၊ အာဘယ့်ကြောင့်နည်းဟူမူ ဤ ကလျာဏပုထုဇဉ်၏ အဆုကို သီလအစ, သမာဓိအလယ်, ပညာအဆုံး ထား၍ ဟောကြားခြင်းရှိသောကြောင့် အာဂမသုတမျှနှင့် မယှူသင့်ပေ ဟူ၍ မှတ်တော်မူကြကုန်။

ထို့ကြောင့်–

"တေသု ကလျာဏပုထုဇ္ဇနော ဣဓာဓိပ္ပေတော၊ ဣတရဿ ဘာဝနာယ ဧဝ အဘာဝါ"–

ဟူ၍လည်းကောင်း။ ပဋ္ဌာ-သံ၊ဌ-၁၊၂၄၆။

"ပုထုဇ္ဇနော စ ကိလေသာနံ အသမုစ္ဆိန္နတ္တာ, ကလျာဏော စ သီလာဒိပဋ္ဌိပတ္တိယုတ္တတ္တာတိ ပုထုဇ္ဇနကလျာဏော—

ဟူ၍လည်းကောင်း။ ပဋ္ဌသမ္ဘိဒါမဂ်အဋ္ဌကထာရှင် ပြတော်မူသည်။

ပဋ္ဌိ သံ ဌ-၂၊၀၀၅။

တေသု၊ ထိုနှစ်ယောက်ကုန်သော ပုထုဇဉ်တို့တွင်။ ကလျာဏပုထုဇဉ်-နော၊ ကလျာဏ ပုထုဇဉ်ကို။ ဣဒ၊ ဥဒယအစ, သခ်ါရပေကွ်ာ အဆုံးရှိသော ဝိပဿနာဉာဏ်အရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဣတရသု၊ ဤကလျာဏမှ တပါးသော အနှစ်ပုထုဇဉ်အား။ ဘာဝနာယ၊ သမထ-ဝိပဿနာ ဘာဝနာ၏။ အဘာဝါ ဧဝ၊ မရှိခြင်းကြောင့်သာလျှင်။ ဣဒ၊ ဤအရာ၌။ နအဓိပ္ပေတော၊ အလိုမရှိအပ်။

ကိလေသာနံ၊ ကိလေသာတို့ကို။ အသမုစ္ဆိန္နတ္တာ၊ မပယ် မဖြတ်အပ်သေးသည်၏ အဖြစ်ကြောင့်။ ပုထုဇ္ဇနော စ၊ ပုထုဇဉ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သီလာဒိပဋိပတ္တိယုတ္တတ္တာ၊ သီလအစရှိသော။ (ဝါ) သီလ သမာဓိ ပညာဟု ဆိုအပ်သော ပဋိပတ်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့်။ ကလျာဏော စ၊ ကလျာဏသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ ပုထုဇ္ဇနကလျာဏော၊ ပုထုဇ္ဇနကလျာဏ မည်၏။

ထိုသို့ ရုပ်နာမ်ဓမ္မ သခ်ါရတို့၏ ဖြစ်ခြင်းပျက်ခြင်းတို့ကို မြင်၍နေသော ကလျာဏ ပုထုဇဉ်ယောဂိသည် ဤကိုယ်၌ ရုပ်ဟူသော ကိုယ်, နာမ်ဟူသော ကိုယ်သာ ရှိ၏။ သတ္တဝါမဟုတ်၊ ပုဂ္ဂိုလ်မဟုတ် စသည်ဖြင့် ဝိပဿနာဉာဏ် သတိတို့သည် အတိုင်းထက်အလွန် ထင်မြင်၍ သာယာခြင်း၊ ငါဟူသော ယူခြင်းတို့ကို မမှီမူ၍ နေတော်မူနိုင်သည်၏ အဖြစ်ကို ပြတော်မူခြင်းငှာ—

> အတ္ထိ ကာယောတိ ဝါ ပနဿ သုတ္တ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိသတိမတ္တာယ၊ အနိဿိတော စ ဝိဟရတိ— ဒီ ၂၊၂၃၂။

ဟူသော ဒေသနာကို မိန့်မှာတော် မူပြန်ပေ၏။

ကာယော၊ ထွက်သက်ဝင်သက် အပေါင်းသည်သာလျှင်။ (ဝါ) ရုပ်အပေါင်းသည်မျှသာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုယောဂီ

ရဟန်း၏။ သတိ၀ါ ပန၊ အာနာပါန သတိသည်မူလည်း။ ပစ္စုပ္ပဋ္ဌိတာ၊ ရှေ့ရှုထင်လာသည်။ ဟောတိ၊ ဖြစ်၏။ သာ သတိ၊ ထိုအာနာပါနသတိ သည်။ ယာ၀ ဒေ၀၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အထက်၌ အဆင့် ဆင့် ကာယာနုပဿနာဉာဏ်၏ ပွားခြင်း အတိုင်းအရှည် အကျိုးငှာ လည်းကောင်း၊ (၀၊) အထက်၌ အဆင့်ဆင့် ဘင်ဉာဏ်၊ ဘယဉာဏ် စသည်တို့ ပွားခြင်းအတိုင်းအရှည် အကျိုးငှာ လည်းကောင်း။ ပဋိသတိ မတ္တာယ၊ အထက်၌ အဆင့်ဆင့် အာနာပါနသတိ၏ ပွားခြင်း အတိုင်း အရှည် အကျိုးငှာလည်းကောင်း။ ဟောတိ၊ ဖြစ်၏။ သောဘိက္ခု၊ ထို ရဟန်းသည်။ အနိဿိတောစ၊ အာနာပါန၌ တဏှာဒိဋ္ဌိအားဖြင့် မမှီမူ၍ လည်း။ ဝိဟရတိ၊ နေ၏။

ဤ ရူပ်ခမ္ဘ နာမ်ခမ္ဘတို့ ဖြစ်ပွားပျက်ချုပ်ဟန်ကို ကေန်မုခ္ဂ ထင်မြင် ရသော ယောဂီသည် အသားသ ပဿာသပဋိဘာဂ အာရုံအတွင်း၌ (၆၂)ပါးသော ရူပကာယ၊ (၃၉)ပါးသော နာမကာယသာလျှင် ရှိချေ၏၊ စင်စစ် သတ္တ၀ါစသည် မရှိချေ-မဟုတ်ချေ ဟု သတိပြဋ္ဌာန်းလျက် ဝိပဿနာသည်ဖြစ်၏။ ထို သတိပြဋ္ဌာန်းလျက် ဖြစ်သော ဝိပဿနာသည် အထက်၌ အဆင့်ဆင့် ဘင်ဉာဏ်ဘယ။ (ပ) ။သခ်ါရုပေက္ခာဉာဏ်တိုးပွားခြင်း အတိုင်းအရှည် အကျိုးငှာဖြစ်၏။

အတ္ထိ ကာယောတိ၀ါ ပနသတိ ကာယော၀ အတ္ထိ၊ နသတ္တော နပုဂ္ဂလော၊ နဣတ္ထိ၊ နပုရိသော၊ နအတ္တာ၊ နအတ္တနိယံ၊ နဟံ၊ နမမ၊ နကောစိ၊ နကဿစိတိ ဧ၀မဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ဒီ ၂-၂၊၃၅၆။

သာ နအညမတ္တာယ အထ ခေါ် ယာ၀ဒေ၀ ဉာဏမတ္တာယ အပရုပရံ ဥတ္တရုတ္တရိ ဉာဏပမာဏတ္တာယ ဧ၀ သတိပမာဏတ္တာ ယ စ။ ဒီ ၂-၂၊၃၅၆။

အတ္ထိ ကာယောတိ ဝါ ပနသောတိ၊ **ကား**။ ကာယော၀၊ ရူပကာယ နာမကာယသည်သာလျှင်။ **အတ္ထိ**၊ ရှိ၏။ **သ**တ္တော၊ သတ္တ၀ါသည်။ **န** **အတ္ထိ**၊ **မ**ရှိ။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ **န** **အတ္ထိ**၊ **မ**ရှိ။ ဣတ္ထီ၊မိန်းမသည်။ **န** **အတ္ထိ**၊**မ**ရှိ။ ပုရိသော၊ ယောကျ်ားသည်။ **န** **အတ္ထိ**၊ **မ**ရှိ။ **အ**တ္တာ၊ ကိုယ်သည်။ **န** **အတ္ထိ**၊ **မ**ရှိ။ **အ**တ္တနိယံ၊ ကိုယ်နှင့်စပ်သော ဝတ္ထုသည်၊ **န** **အတ္ထိ**၊ **မ**ရှိ။ **အ**ဟံ၊ ငါသည်။ **န** **အတ္ထိ**၊ **မ**ရှိ။ **မ**မ၊ ငါ၏။ **သ**ဿကံ၊ ဥစ္စာသည်။ **န** **အတ္ထိ**၊ **မ**ရှိ။ ကောစိ၊ တစ်စုံ တစ်ယောက်သော သူသည်။ **န** **အတ္ထိ**၊ **မ**ရှိ။ ကဿစိ၊ တစ်စုံ တစ်ယောက်သော သူ၏။ **သ**ဿကံ၊ ဥစ္စာသည်။ **န** **အတ္ထိ**၊**မ**ရှိ။ ဣတိ ဧ၀ံ၊ ဤသို့။ **အ**ဿ၊ ထိုယောဂီ**အား**။ **သ**တိ၊ **သ**တိ**သ**ည်။ ပစ္စုပဋ္ဌိတာ၊ ရှေ့ရှုတည်သည်။ ဟောတိ၊ ဖြစ်၏။

သာ **သ**တိ၊ ထိုသတိ**သ**ည်။ **အ**ညဒတ္ထာယ၊ တစ်ပါး**သော**အကျိုးငှာ။ **န** ဟောတိ၊ **မ**ဖြစ်။ **အ**ထခေါ၊ ဧ၀ံစ**သော**်**ကား**။ ယာ၀ဒေ၀၊ **အ**ကြင်မျှလောက်။ ဉာဏမတ္တာယ၊ ဉာဏ်**အ**တိုင်း **အ**ရှည် **အ**လို့ငှာ။ **အ**ပရာပရံ၊ **အ**ဆင့်ဆင့်။ ဥဂ္ဂဟရတ္တာရိ ဉာဏ ပမာဏတ္ထာယ စေ၀၊ **အ**ထက် **အ**ထက်၌ ဉာဏ်**အ**တိုင်း **အ**ရှည် **အ**ကျိုးငှာ လည်းကောင်း။ **သ**တိပမာဏတ္ထာယ**စ**၊ **သ**တိ**အ**တိုင်း**အ**ရှည် **အ**ကျိုးငှာ လည်းကောင်း၊ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူ**သ**ည်။ ဟောတိ၊ ဖြစ်၏။

ဤစကားရပ်၌ "**အ**ပရာပရံ ဥဂ္ဂဟရတ္တာရိဉာဏပမာဏတ္ထာယ ဧ၀ံ"ဟု **အ**ဋ္ဌကထာ**ဆ**ရာ မိန့်တော်မူ**အ**ပ်သည်နှင့်**အ**ညီ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**ကို** လွန်မြောက်၍ ပဋ္ဌိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ**သို့** ကူးခပ်လို**သော** ယောဂီ**သ**ည်။ ဥဒယဗ္ဗယ**အ**စ, သခ်ါရပေက္ခာ**အ**ဆုံးရှိကုန်**သော** ရှစ်ပါးကုန်**သော** ဉာဏ်တို့၏ **အ**စွမ်းဖြင့် **အ**ထူတ်သို့ရောက်**သော** သိခါပတ္တဉာဏ်, **အ**နုလောဉာဏ် နှစ်ပါးတို့နှင့် ပြည့်စုံခြင်း**သည်** ပဋ္ဌိပဒါဉာဏဒဿန ဝိသုဒ္ဓိ**မ**ည်၏။ ထိုပဋ္ဌိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ**ကို** ပြည့်စုံ**လို**သော ယောဂီ**သ**ည် တစ်ဖန် ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယ ဉာဏ်**စ**သည်**ကို** တည်ထောင်ပြန်**အ**ပ်၏။ **အ**ဘယ့်ကြောင့် တည်ထောင်**အ**ပ်**သ**နည်းဟူမူ–ရှေး၌

စီးဖြန်းအပ်ခဲ့သော ဥဒယဗ္ဗယဉာဏ်သည် ဥပက္ကိုလေသတို့ဖြင့် မြေးယှက်အပ်သည်ဖြစ်၍ မိမိတို့ သဘောအားဖြင့် အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာကို ဧကာင်းစွာမှတ်ခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် ဥပက္ကိုလေသမှ လွတ်သော ဥဒယဗ္ဗဉာဏ်ကို တစ်ဖန် သုံးသပ်ပြန်အပ်၏။

ထင်စေဦးအံ့— ဤလက္ခဏာရေးသုံးပါးတို့သည် အာဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့် အာဘယ်တရားသည် ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့် မထင်ကုန်သနည်း။ အကြင်အကြင် ယောဂီသည် ရုပ်နာမ် ဓမ္မတို့၏ ဖြစ်ပွားပျက်ချုပ်ဟန်ကို ကေန်နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ ရုပ်တရား နာမ်တရားတို့၏ ပွားဆင့်ဆက်လက်၍ မပျက်သော အစဉ်ကို ငါပင်ဟု ထင်မှတ်သဖြင့် အစဉ်သည်ဖုံးလွှမ်းခြင်းကြောင့် လည်းကောင်း အနိစ္စလက္ခဏာသည် မထင်နိုင်။ အကယ်၍ ဖြစ်ခြင်း ပျက်ခြင်းကို နှလုံးသွင်းအံ့၊ ရုပ်နာမ်တို့၏ အစဉ်ကို သိအံ့၊ အနိစ္စသည်ထင်နိုင်၏။ရုပ်နာမ်ဓမ္မတို့၏ဖြစ်ခြင်းဖြင့် နှိပ်စက်ခြင်း ပျက်ခြင်းဖြင့်နှိပ်စက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းတို့သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် လည်းကောင်း ဒုက္ခကို မထင်နိုင်။ အကယ်၍ အဖန်တလဲလဲ နှိပ်စက်သည်ကို နှလုံးသွင်းအံ့၊ ရူပကာယ၏ ဣရိယာပုထ်ကို ပိုင်းဖြတ်အံ့၊ ဒုက္ခကို ထင်နိုင်၏။ ပထဝီ အာပေါ စသော အထူးထူးသော ဓာတ်၊ ဖဿဝေဒနာစသော အထူးထူးသော သဘောကို အသီးအသီး မိမိတို့၏ လက္ခဏာအားဖြင့် ဝေဖန်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ သမ္ဘဟဃန, ကိစ္စဃန, အာရမ္မဏဃန တို့သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း အနတ္တကို မထင်နိုင်။ အကယ်၍ အထူးထူးသော ဓာတ်၊ အထူးထူးသော နာမ်တို့ကို ဝေဖန်ခြင်းကို နှလုံးသွင်းအံ့၊ သမ္ဘဟကိစ္စ–အာရမ္မဏဟူသော ဃနကို ပိုင်းခြားမှ သိအံ့၊ အနတ္တကို ထင်နိုင်၏။

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိ-
ယာ ပဋိစ္ဆဒ္ဒတ္တာ နဥပဋ္ဌာတိ၊ ဒုက္ခလက္ခဏံ အာဘိဏှသမ္ပဋိပီဋ-

နဿ အမနသိကာရ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ နဉ္ စ ပဋ္ဌာတိ၊ အနုတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရ ဃနေန ပဋိစ္ဆန္နတ္တာ နဉ္ စ ပဋ္ဌာတိ။ ဝိသုဒ္ဓိ ၂-၂၁၂၆။

တာဝ၊ ရှေးဦးစွာ။ အနိစ္စလက္ခဏံ၊အနိစ္စလက္ခဏာသည်။ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ကို။ အမနသိကာရ၊ နှလုံးမသွင်းခြင်းကြောင့်။ သန္တတိယာ၊ အစဉ်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ နဉ္ စ ပဋ္ဌာတိ၊ မထင်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ အဘင်္ဂသမ္ပဋ္ဌိပီဠနဿ၊ မပြတ် အဖန်တလဲလဲ နှိပ်စက်ခြင်းကို။ အမနသိကာရ၊ နှလုံးမသွင်းခြင်းကြောင့်။ ဣရိယာပထေဟိ၊ ဣရိယာပုထ်တို့သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ နဉ္ စ ပဋ္ဌာတိ၊ မထင်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ နာနာဓာတု ဝိနိဗ္ဘောဂဿ၊ ပထဝီ အာပေါ စသော အထူးထူးသော ဓာတ်, ဖဿဝေဒနာ စသော အထူးထူးသော သဘာဝမျိုးတို့ ကွဲပြားခွဲခြမ်းဝေဖန်ခြင်းကို။ အမနသိ-ကာရ၊ နှလုံးမသွင်းခြင်းကြောင့်။ ဃနေန၊ တစ်ခဲနက်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ နဉ္ စ ပဋ္ဌာတိ၊ မထင်။

အချင်းချင်း ထောက်ပံ့၍ ပေါင်းစုံကုန်သော ရူပ်နာမ်တရားတို့၌ တစ်ပေါင်းတည်းထင်ခြင်းသည် သမူဟဃနမည်၏၊ ထိုရူပ်နာမ်တရား တို့တွင် ပထဝီသည် ပထဝီကိစ္စ, အာပေါသည် အာပေါကိစ္စ, ဖဿသည် ဖဿကိစ္စ, ဝေဒနာသည် ဝေဒနာကိစ္စ စသည်အားဖြင့် ယူအပ်ပါလျက် တစ်ပေါင်းတည်းပြု၍ ကိုယ်ပြုသည်လည်း သူပြုသည် စသည်ဖြင့် ယူခြင်းသည် ကိစ္စဃနမည်၏၊ အာရုံကိုယူတတ်ကုန်သော တရားတို့၏ အာရုံပြုခြင်း အရှေ့အပြားသည် ရှိပါလျက် ငါသိသည် သူသိသည် စသည်ဖြင့် ယူခြင်း သည် အာရမ္မဏဃနမည်၏။(ဋီကာ) ။

ဥဒယဗ္ဗယညာဏ်။

၄၇–ဘင်္ဂညာဏ်ကို ပြခြင်း

ဤသို့ ဥပက္ကိလေသမှလွတ်သော လမ်းဖြောင့်သော ဥဒယဗ္ဗယညာဏ်ဖြင့် ဟုတ်မှန်သော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို အဖန်တလဲလဲစွဲယူ သိမ်းပိုက်နိုင်သော ယောဂီသည် ရုပ်ဓမ္မ နာမ်ဓမ္မတို့၌ ချိန်ဖန်ဆဖန်များ၍ ညာဏ်အား ထက်သန်သည်ရှိသော် ဖြစ်ခြင်း ပျက်ခြင်းတို့သည် လျင်စွာ လျင်စွာ ထင်ခဲ့ကုန်၏။ ထိုသို့ ထင်ခဲ့ကုန်သည်ရှိသော် တီရဏပရိညာကို ကူးမြောက်၍ ပဟာန ပရိညာဖြင့် ဖြစ်ခြင်း တည်ခြင်းကို လွတ်လျက် ကုန်ခြင်း ပျက်ခြင်း ချုပ်ခြင်းတို့သည်သာလျှင် အနိစ္စ, ဒုက္ခ, အနတ္တကို အာရုံပြု၍ ကောင်းစွာ တည်ကုန်၏။ ထိုသို့ အာရုံ၏ ပျက်ခြင်း ချုပ်ခြင်းကို ရှုသော ယောဂီသည် ဥဒယဗ္ဗယညာဏ်ကို လွန်၍ ဘင်္ဂညာဏ်၌ တည်သည် မည်၏။

တယိဒံ သဗ္ဗမ္ပိ အယံ ယောဂါဝစရော ဥပက္ကိလေသဝိနိမုတ္တေန ဝီထိပဋိပန္နဝိပဿနာသင်္ခါတေန ဥဒယဗ္ဗယာ နုပဿနာညာဏေန ယာထာဝသရသတော သလ္လက္ခေတွာ။ တဿေဝံ သလ္လက္ခေတွာ ပုနပ္ပုနံ "အနိစ္စံ ဒုက္ခမနတ္တာ"တိ ရူပါရူပဓမ္မေ တုလယတော တီရယတော တံ ညာဏံ တိက္ခံ ဟုတွာ ဝဟတိ၊ သင်္ခါရာ လဟုံ ဥပဋ္ဌဟန္တိ၊ ညာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌ-ဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န သမ္ပာပုဏာတိ၊ ခယဝယဘေဒနိရောဓေယေဝ သတိ သန္တိဋ္ဌတိ၊ တဿေဝံ ဥပ္ပဇ္ဇိတွာ ဝေဝံ နာမ သင်္ခါရဂတံ နိရုဇ္ဈတီတိ ပဿတော ဧတ္ထ ဌာနေ ဘင်္ဂါနုပဿနံ နာမ ဝိပဿနာညာဏံ ဥပ္ပဇ္ဇတိ။

ဝိသုဒ္ဓိ ၂-၂၇၇၊

တယိဒံ–တံ ဣဒံ သဗ္ဗမ္ပိ၊ ထိုအလုံးစုံသော လက္ခဏတ္တယ လက်တစ်မှု ဖြစ်သော ခန္ဓာပဉ္စကကိုလည်း။ အယံယောဂါဝစရော၊ ဤယောဂါဝစရ သည်။ ဥပက္ကိလေသ ဝိနိမုတ္တေန၊ ဥပက္ကိလေသမှ လွတ်သော။ ဝီထိ ပဋိပန္နဝိပဿနာသင်္ခါတေန၊ ခရီးလမ်းမှန်သွားသော ဝိပဿနာဟုဆိုအပ်

သော။။ ဥဒယဗ္ဗယာနုပဿနာဉာဏေန၊ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့်။ ယာသာဝသရသတော၊ မဖောက်မပြန် ဟုတ်မှန်သော မိမိ၏ သဘော လက္ခဏာအားဖြင့်။ သလ္လက္ခေတိ၊ ကောင်းစွာမှတ်၏။ ဝေ၊ ဤသို့။ သလ္လက္ခေတွာ၊ ကောင်းစွာမှတ်ပြီး၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ ဤသို့။ ရူပါရူပဓမ္မေ၊ ရုပ်နာမ်တရားတို့ကို။ တုလယတော၊ ချိန်သော။ တီရယတော၊ စူးစမ်းသော။ တယ၊ ထိုယောဂါဝစရ၏။ တံဉာဏံ၊ ထိုဉာဏ်သည်။ တိက္ခံ၊ ထက်သည်။ ဟုတ္တာ၊ ဖြစ်၍။ ဝဟတိ ပဝတ္တတိ၊ ဖြစ်၏။

တစ်နည်း။ ။အတ္တနော၊ မိမိ၏။ တိက္ခဘာဝံ၊ ထက်သည်၏အဖြစ်ကို။(ထည့်)။ ဝဟတိ၊ ဆောင်၏။ သခ်ါရာ၊ သခ်ါရတရားတို့သည်။ လဟုံ၊ လျင်စွာ။ ဥပဌဟန္တိ၊ ထင်ကုန်၏။ ဉာဏေ၊ ဉာဏ်သည်။ တိက္ခေ၊ ထက်သည်ဖြစ်၍။ ဝဟန္တေ၊ ဆောင်သည်ရှိသော်။ ဝါ၊ ကား။ တိက္ခေ တိက္ခဘာဝံ၊ ထက်သည်၏အဖြစ်ကို။ ဝဟန္တေ၊ ဆောင်သည်ရှိသော်။ သခ်ါရေသု၊ သခ်ါရတို့သည်။ လဟုံ၊ လျင်စွာ။ ဥပဌဟန္တေသု၊ ထင်ကုန်သည်ရှိသော်။ ဥပါဒံဝါ၊ ဖြစ်ခြင်းဟုဆိုအပ်သော ဝိကာရသို့လည်းကောင်း။ ဌိတိ ံ ဝါ၊ ဌီဟုဆိုအပ်သော ဇရာသို့လည်းကောင်း။ ပဝတ္တံဝါ၊ ဥပါဒိန္နကဟုဆိုအပ်သော ပဝတ္တတရားသို့ လည်းကောင်း။ နိမိတ္တံဝါ၊ သခ်ါရတို့၏ အထည်ကိုယ် လုံးလုံးလျှောင်းလျှောင်း ထင်ခြင်းမျှသို့လည်းကောင်း။ ပဝတ္တံ ဝ်ါ၊ ရူပါရူပဘာဝဟု ဆိုအပ်သော ပဝတ္တကိုလည်းကောင်း။ နိမိတ္တံ ဝါ၊ သခ်ါရဟူသော နိမိတ်ကိုလည်းကောင်း။ နသမ္မာပုဏာတိ၊ မရောက်။ ခယာယတောဒနိရောဓေယော၊ ခယဝယတောဒဟု ဆိုအပ်သော စဏိဂဏနိရောဓ၌သာလျှင်။ သတိ၊ သတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်၏။ သခ်ါရဂတံ၊ သခ်ါရ၌ အတွင်းဝင်သော တရားအပေါင်းသည်။ ဝေ၊ ဤသို့။ ဥပဋ္ဌိတွာ၊ ဖြစ်၍။ ဝေ၊ ဤသို့။ နိရုဇ္ဈတိ နာမ၊ စက်ဆုပ်ဖွယ်လို ချုပ်ဘိ၏တကား။ ဣတိ၊ ဤသို့။ ပယတော၊ ရှုသော။ တယ၊ ထိုယောဂါဝစရအား။ ကေသို ံ ဌာနေ၊ ဖြစ်ခြင်းကိုလွှတ်၍ ပျက်ခြင်းကို

သာလျှင် နှလုံးပြုရာ တစ်ခုသောဌာနခ္ခ။ ဘ.ဂ် ါနုပဿနံနှာမ၊ ဘင်ကိုသာ လျှင် အဖန်တလဲလဲ ရှုသည်မည်သော။ ဝိပဿနာဉာဏ်၊ ဝိပဿနာဉာဏ် သည်။ ဥပဓိတို၊ ဖြစ်၏။

ဖြစ်ခြင်းကိုလွှတ်၍ ပျက်ခြင်းကိုရှုရာ၌လည်း အကြင်အကြင်ယောဂီ သည် အာနာပါနပဋိဘာဂအာရုံ၏အတွင်း၌ (၁)ရုပ်၏ပျက်ခြင်းကိုလည်း ကောင်း၊ (၂) နာမ်၏ပျက်ခြင်းကိုလည်းကောင်း ဆင်ခြင်၏၊ (၁) ထိုရုပ်၏ ပျက်ခြင်း၊ (၂) နာမ်၏ပျက်ခြင်းကို ဆင်ခြင်သောစိတ်၏ ဘင်ကို ဆက်၍ဆက်၍ အဖန်တလဲလဲရှု၍ခြင်း၌ ငါ၏ဝိပဿနာစိတ်သည် ပျက်ခဲ့ပြီ, ပျက်ခဲ့ပြီ,ဟု ဝိပဿနာ ပညာသည် ရှိသ ကဲ့တတ်။ ဤပညာသည်ပင်လျှင် ဘင်ဉာဏ် မည်၏။ ထိုဘင်ဉာဏ်သည်လည်း မမြဲသောအားဖြင့် ဘင်ကို အနိစ္စ ရှု၏။ (၁) မြဲသောအားဖြင့် မရှု၊ (၂) နှိပ်စက်သောအားဖြင့် ဒုက္ခဟု ရှု၏၊ သုခဟု မရှု။ (၃) အစိုးမရသောအားဖြင့် ဘင်ကို အနတ္တဟု ရှု၏၊ အတ္တဟု မရှု။ ထိုသို့ ပျက်ခြင်း၌ ငြိုးငွေ့၏၊ မနှစ်သက်။ တပ်ခြင်းကင်း၏၊ မတပ်မက်။ တဏှာကို ချုပ်စေ၏၊ မဖြစ်စေ။ စွန့်လွှတ်၏၊ မစွဲလမ်း။ ဤသို့စသည်ဖြင့် ရုပ်ကိုဆင်ခြင်သော စိတ်၏ ဘင်ကိုလည်းကောင်း၊ နာမ်ကိုဆင်ခြင်သောစိတ်၏ ဘင်ကိုလည်း ကောင်း ရှုသောဉာဏ်သည် ဘဂ်ဉာဏ်မည်၏။

ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ဝာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါတသ စိတ္တသ ဘဂ်ံ အနုပဿတိ၊ အနုပဿတိတိ ကထံ အနုပဿတိ၊ အနိစ္စတော အနုပဿတိ၊ နော နိစ္စတော၊ ဒုက္ခတော အနုပဿတိ၊ နော သုခတော၊ အနတ္တတော အနုပ-ဿတိ၊ နော အတ္တတော၊ နိဗ္ဗိန္ဒတိ၊ နော နန္ဒတိ၊ ဝိရဇ္ဇတိ နော ရဇ္ဇတိတိ နိရောဓေတိ၊ နော သမုဒေတိ၊ ပဋိနိဿဇ္ဇတိ၊ နောအာဒိယတိ။ ပဋိ-သံ ၅၅။

(ဂုဏ်းနည်းတူ – ဝေဒနာရမ္မဏတာ၊ သညာရမ္မဏတာ၊ သင်္ခါရာရမ္မ-
ဏတာ၊ ဝိညာဏာရမ္မဏတာဟု ထည့်၍ ယူကြလေ။)

ရူပါရမ္မဏတာ၊ ရုပ်လျှင် အာရုံရှိသော (၀၊) ရူပါရမ္မဏတာ၊ ရူပါ-
ရမ္မဏတာယ၊ ရုပ်လျှင် အာရုံရှိသည်၏အဖြစ်၌ (၀၊) ရုပ်လျှင် အာရုံ
ရှိသည်၏ အဖြစ်ဖြင့်။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၍။ ဘိဇ္ဇတိ၊
ပျက်၏။ တံ အာရမ္မဏံ၊ ထိုရုပ်ဟူသော အာရုံကို။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊
သိ၍ (၀၊) ခယဝယအားဖြင့် မြင်၍၊ တသ စိတ္တသ၊ ထိုခယဝယအားဖြင့်
သိသောစိတ်၏။ ဘင်္ဂံ၊ ဘင်ကို။ အနုပဿတိ၊ အဖန်တလဲလဲ ရှု၏။
အနုပဿတီတိ၊ ကား။ ကထံ၊ အသို့သော အခြင်းအရာအားဖြင့်။
အနုပဿတိ၊ အဖန်တလဲလဲ ရှုသနည်း။ အနိစ္စတော၊ အနိစ္စအားဖြင့်။
အနုပဿတိ၊ အဖန်တလဲလဲ ရှု၏။ နိစ္စတော၊ မြဲသောအားဖြင့်။
နော အနုပဿတိ၊ မရှု။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနုပဿတိ၊ ရှု၏။
သုခတော၊ သုခအားဖြင့်။ နော အနုပဿတိ၊ မရှု။ အနတ္တတော၊ အနတ္တ
အားဖြင့်။ အနုပဿတိ၊ ရှု၏။ အတ္တတော၊ အတ္တအားဖြင့်။ နော အနုပ-
သတိ၊ မရှု။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နော နန္ဒတိ၊ မနှစ်သက်။ ဝိရဇ္ဇတိ၊
တပ်ခြင်းကင်း၏။ နော ရဇ္ဇတိ၊ မတပ်မက်။ နိရောဓေတိ၊ ချုပ်စေ၏။ နော-
သမုဒေတိ၊ မဖြစ်စေ။ ပဋိနိဿဇ္ဇတိ၊ စွန့်၏။ နော အာဒိယတိ၊ မစွဲလမ်း။

ဤသို့ ရုပ်နာမ်နှစ်ပါးတို့တွင် တစ်ပါးပါးသောတရားကို အာရုံပြု
သော စိတ်၏ ပျက်ခြင်းဟူသိုအပ်သော ဘင်္ဂဉာဏ်သည်အလွန်ထက်သန်
သည်ဖြစ်၍ အနိစ္စ အစရှိသော ဒုက္ခပဿနာဉာဏ် ရင့်သန်လတ်သည်
ရှိသော် အနိစ္စဟု ရှုအံ့။ မြဲ၏ဟူသော အမှတ်ကို ပယ်၏။ ဒုက္ခဟု ရှုအံ့၊
ချမ်းသာ၏ဟူသော အမှတ်ကို ပယ်၏။ အနတ္တဟု ရှုအံ့၊ အတ္တဟူသော
အမှတ်ကို ပယ်၏။ ငြီးငွေ့အံ့၊ နှစ်သက်ခြင်းတဏှာကို ပယ်၏။ တပ်ခြင်း
ကင်းအံ့၊ ရာဂကို ပယ်၏။ တဏှာ ကို ချုပ်စေအံ့၊ တစ်ဖန် ဖြစ်ခြင်းကို
ပယ်၏။ စွန့်လွှတ်သည် ဖြစ်အံ့၊ စွဲလမ်းခြင်းကို ပယ်၏။

ဘင်္ဂဉာဏ် ပြီး၏။

၄၈-ဘယဉာဏ်ကို ပြခြင်း

အကြင်အကြင်ယောဂီသည် ရူပ်နာမ်ဓမ္မသခါရတို့၏ ခယဝယဘေဒ နိရောဓဟု ဆိုအပ်သော ပျက်ခြင်းအာရုံကိုသာလျှင် အာရုံပြု၍ မှီဝဲခြင်း ပွားများခြင်း အကြိမ်များစွာ ပွားများခြင်းတို့ကို ပြုလတ်သော် အလုံးစုံ မသာ ယောနိ-ဂတိ-ဝိညာဏဌိတိဟု ဆိုအပ်သော တေဘူမက သခါရ တို့၌ ချမ်းသာစွာ အသက်မွေး၍နေရန် တစ်မုဟုတ္တ တစ်ခဏမျှ ချမ်းသာ ခွင့်ကို မမြင်ရ၍ ကြောက်တတ်သော ယောဂျားသည် ခြသေ့် သစ်ကျား သားစားကျူးသော ဘီလူး စသည်တို့၏ နေရာကို ရောက်လတ်သကဲ့သို့ မိမိ၏ အတိတ်အာရုံ၌ ဖြစ်သော ရူပ်နာမ်တရားတို့၏ ချုပ်ပြီးခြင်း, ပစ္စုပ္ပန်ဖြစ်သော ရူပ်နာမ်တရားတို့၏ ချုပ်ခြင်း, ဖြစ်လတ္တံ့သော အနာဂတ်ဖြစ်သော ရူပ်နာမ်တရားတို့၏ ချုပ်လတ္တံ့သည်ကို ဧကန်မုချ မြင်ရသည်ရှိသော် ရပ်တည်မရ မင်းဒဏ်သင့်၍ အသတ်ခိုင်းအပ်သော သားသုံးခယောက်၏ မိခင်သည် သုသာန်တစဝယ် သတ်ပြီးဖြစ်သော သားကြီးကိုရှု၍ ကြောက်ရွံ့ခြင်း, သတ်မည်ဆဲဆဲဖြစ်သော သားလတ်ကို ရှု၍ ကြောက်ရွံ့ခြင်း, သတ်လတ္တံ့သော သားငယ်ကိုရှု၍ ကြောက်ရွံ့ တုန်လှုပ်ခြင်း ရှိသကဲ့သို့ အတိတ် အနာဂတ် ပစ္စုပ္ပန်၌ဖြစ်သော ရူပ်နာမ် ဓမ္မ သခါရတို့၌ လွန်စွာ ကြောက်ရွံ့တတ်သောဉာဏ်သည် ဘယဉာဏ် မည်၏။

> တတ္ထ တသာ ဣတ္ထိယာ ဧဇဋ္ဌပုတ္တသ္သ ဆိန္နသီသဒဿနံ ဝိယ ယောဂိနော အတီတသခါရာနံ နိရောဓဒဿနံ၊ မဏ္ဍိမသ္သ ဆိဒ္ဒမာန သီသဒဿနံ ဝိယ ပစ္စုပ္ပန္နာနံ နိရောဓဒဿနံ၊ အယမ္ပိ တေသဉ္ဉေ သဒ္ဒေသော ဘဝိဿတိ ကနိဋ္ဌပုတ္တမ္ပိ အာလယ-ဝိဿဇ္ဇနံ ဝိယ အနာဂတေ ပိ နိဗ္ဗတ္တနကသခါရာ ဘိဒ္ဒိဿန္တီတိ အနာဂတ္ဘာနံ နိရောဓဒဿနံ၊ တသ္မေ ပသ္ဒတော ဘေသ္ဘိ ဌာနေ ဥပ္ပဇ္ဇတိ ဘယတုပဋ္ဌာနညာဏံ။ ဝိသုဒ္ဓိ-၂၊၂၇၂။

တတ္တဲ့၊ ထိုဥပမာ၌။ တဿာဂ္ဂတ္ထိယာ၊ ထိုမိန်းမ၏။ ဧဇ္ဇပုတ္တာသ၊ သားကြီး၏။ ဆိန္ဒ သီသ ဒဿနံ ဝိယ၊ ပြတ်ပြီးသော ဦးခေါင်းကို ရှုခြင်းကဲ့သို့။ ယောဂိနော၊ ယောဂီ၏။ အတိတသခ်ါရာနံ၊ အတိတ်သခ်ါရတို့၏။ နိရောဓဒဿနံ၊ ခဏိကနိရောဓကို ရှုခြင်းကို (၀၊) ဘင်ကို ရှုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မဇ္ဈိမဿ၊ သားလတ်၏။ ဆိဒ္ဓမာနသီသ ဒဿနံ ဝိယ၊ ပြတ်ဆဲသော ဦးခေါင်းကို ရှုခြင်းကဲ့သို့။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်သခ်ါရတို့၏။ နိရောဓ ဒဿနံ၊ ခဏိက နိရောဓကို ရှုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ အယမ္ပိ၊ ဤသားငယ်သည်လည်း။ ဧတေသညေव၊ ထိုသားကြီး သားလတ်တို့၏သာလျှင်။ သဒိသော၊ အတူ ဦးခေါင်းပြတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ကနိဋ္ဌပုတ္တမ္ပိ၊ သားငယ်၌။ အာလယ ဝိဿဇ္ဇနံ ဝိယ၊ တပ်ခြင်း အာလယကိုစွန့်၏ သို့။ အနာဂတေပိ၊ နောင်အခါ၌လည်း။ နိဗ္ဗတ္တနက သခ်ါရာ၊ ဖြစ်လတ္တံ့သော သခ်ါရတို့သည်။ ဘိဇ္ဇိဿန္တိ၊ ပျက်ကုန်လတ္တံ့ (၀၊) ချုပ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ အနာဂတာနံ၊ အနာဂတ်ဖြစ်သော သခ်ါရတို့၏။ နိရောဓ ဒဿနံ၊ ချုပ်လတ္တံ့သော ဘင်ကိုရှုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧဝံ၊ ဤသို့။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂီအား။ ဧတသ္မိံ ဌာနေ၊ ထိုရှုသော အရာ၌။ ဘယတု ပဋ္ဌာနဉာဏံ၊ ဘယတု ပဋ္ဌာနဉာဏ်သည်။ ဥပဋ္ဌဟတိ၊ ဖြစ်၏။

ဘယဉာဏ် ပြီး၏။

၄၉–အာဒီနဝဉာဏ်ကို ပြခြင်း

ထိုသို့ ရုပ်နာမ်သခ်ါရတို့၏ ပျက်ခြင်းတည်းဟူသောဘေးကို မြင်သည်ဖြစ်၍ အဖန်တလဲလဲ မှီဝဲအပ်သော ယောဂီအား အလုံးစုံသော တေဘူမကဖြစ်သော ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိတို့၌ မှီခိုရာ ပုန်းအောင်းရာ ကိုးကွယ်ရာကို မထင်ခြင်းသည် ဖြစ်ခဲ့၏။ အဘယ်ကဲ့သို့နည်းဟူမူ–ချမ်းသာစွာ အသက်ရှည်လိုသော ကြောက်တတ်သောယောက္ခြားအား မွေ့လျော်

ဗွာနေလိုသော်လည်း သားရဲ့သစ်ကျားထူပြောသော တောအုပ်ကိုမဝင်ဝံ့သကဲ့သို့ လည်းကောင်း၊ မိမိဦးခေါင်းကို ဖြတ်တောဲ့အံ့ဟု ချီဆပ်သော သန်လျက်ရှိသောရန်သူကို မြင်သကဲ့သို့လည်းကောင်း ဤယောဂါဝစရသည် ပျက်ခြင်းကိုရှု၍ ကြောက်အပ်သည်အဖြစ်ဖြင့် ထင်ကုန်လတ်သော် ထက်ဝန်းကျင်သော တောဘူးကစားရာမှ ပြည့်စုံခြင်းကင်းသော သာယာအပ်သည်၏အဖြစ်ကင်းသော အပြစ်ကဲ့သာလျှင် အဖန်ဖန်မြင်၏။ ထိုသို့မြင်သောဉာဏ်သည် ရုပ်နာမ်တရားတို့၏အပြစ်ကို မြင်ရကား အာဒီနဝဉာဏ်မည်၏။

ယထာ ဟိ သော ပုရိသော တောနိ သဝါဠကဝနဂဟနာဒီနိ အာဂမ္မ ဘီတော သံဝိဂ္ဂေါ လောမဟဋ္ဌော သမန္တတော အာဒီနဝမေဝ ပဿတိ၊ ဧဝမေဝ ယောဂါဝစရော ဘဂ်ါနုပဿနာဝသေန သဗ္ဗသခ်ါရေသု ဘယတော ဥပဋ္ဌိတေသု သမန္တတော နိရသံ နိရသာဒံ အာဒီနဝမေဝ ပဿတိ၊ တသ္မာ ပဿတော အာဒီနဝဉာဏံ နာမ ဥပ္ပဇ္ဇတိ။ ဝိသုဒ္ဓိ-၂၊ ၂၇၄။

ဟိ တပ္ပါကဋ္ဌ ကရောမိ၊ ထိုစကားကို ထင်စွာပြုအံ့။ သော ပုရိသော၊ ထိုကြောက်တတ်သော ယောကျ်ားသည်။ တောနိ သဝါဠက ဝနဂဟနာဒီနိ၊ ထိုသားရဲရှိသော သက်ဝင်ခြင်းဌာ ခဲယဉ်းသော တောအုပ်စသည်တို့သို့။ အာဂမ္မ၊ ရောက်လတ်၍။ ဘီတော၊ ကြောက်သည်ဖြစ်၍။ သံဝိဂ္ဂေါ၊ ထိတ်လန့်သည်ဖြစ်၍။ လောမဟဋ္ဌော၊ ဖြစ်သော ကြက်သီးမွေးညင်းထခြင်း ရှိသည်ဖြစ်၍။ သမန္တတော၊ ထက်ဝန်းကျင်မှ။ အာဒီနဝမေဝ၊ အပြစ်ကိုသာလျှင်။ ပဿတိ ယထာ၊ မြင်သကဲ့သို့။ ဧဝမေဝ၊ ဤအတူ။ အယံ ရောဂါဝစရော၊ ဤရောဂါဝစရာသည်။ ဘဂ်ါနုပဿနာဝသေန၊ သခ်ါရတို့၏ ပျက်ခြင်းကိုရှုသည်၏အစွမ်းဖြင့်။ သဗ္ဗသခ်ါရေသု၊ အလုံးစုံသော သခ်ါရတို့သည်။ ဘယတော၊ ကြောက်အပ်သည်၏အဖြစ်ဖြင့်။ ဥပဋ္ဌိတေသု၊ ထင်ကုန်လတ်သော်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ နိရသံ၊

ပြည့်စုံခြင်းကင်းသော။ နိဗ္ဗာန်သာဒံ၊သာယာအပ်သည်၏အဖြစ် ကင်းသော။ အာဒီနဝမေဝ၊ အပြစ်ကိုသာလျှင်။ ပဿထိ၊ ရှု၏။ ဝေ၊ ဤသို့သော နည်းဖြင့်။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂါဝစရအား။ အာဒီ-နဝဉာဏံ နာမ၊ အပြစ်ကိုရှာတတ်သော ဉာဏ်မည်သည်။ ဥပဋ္ဌာ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

အာဒီနဝဉာဏ် ပြီး၏။

၅၀-နိဗ္ဗိဒါဉာဏ်ကို ပြခြင်း

ထိုယောဂီသည် ဤသို့အလုံးစုံသော ရူပ်နာမ်မမှီသော်ငါ့ရဲ့ ရှေးကံကြောင့် ဖြစ်ခြင်းရှိသော ရူပ်နာမ်အပေါင်းတို့၏ ပေါင်းရှိတည်လာခြင်း အစရှိသောအဖြစ်တို့ကို မြင်သည်ရှိသော် အလုံးစုံသော တေဘူမကဖြစ်သော ယောနိ ဂတိ စသည်တို့၌ ပျက်စီးခြင်းနှင့်တကွဖြစ်သော သင်္ခါရတရားအပေါင်း၌ လွန်စွာ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်အဖြစ်သို့ ရောက်၏။

အဘယ်ကဲ့သို့နည်းဟူမူ ဟသ်ကိုးသောင်းတို့၏အရှင် ဘုရင် ဓတရဋ္ဌ ရှေဟသ်မင်းသည် စက်ဆုပ်အပ်သော ဒုန်းစက္ကားဂါမ တံခါးဝ၌ ခဏမျှ မပျော်၊ ခုနစ်ဘော်သော ရေအိုင်၌သာလျှင် နှင်ခြိုက်မှုလျော် ပျော်နိုင်ဘိသကဲ့သို့လည်းကောင်း၊ တောသုံးတောင်ကိုအစိုးရသော ခြေသုံ့မင်းကို နှောင်သွင်းရှိထားဘိသကဲ့သို့ လည်းကောင်း၊ ကိုယ်လုံးကျတ် ဖြူစင်သော ဆဒ္ဒန်ဆင်မင်းကို ပြည့်တွင်း၌ ဝစွာကျေးရှိ မွေးမြူပါသော်လည်း တစ်ခဏမျှ မပျော်ဘိသကဲ့သို့ လည်းကောင်း၊ ထို့အတူ ရှေဟသ်မင်း စသည်တို့နှင့်တူသော ယောဂီသည်လည်း တေဘူမက သင်္ခါရ၌ လွန်စွာ ငြီးငွေ့လျှက် ခုနှစ်ပါးသောအနုပဿနာဉာဏ်သုံးတန်သော လက္ခဏာရေးတို့ဖြင့် အေးမြ ငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်ကို ကေန် ကိုင်းရှိုင်းသက်ဝင်ပျော်ရွှာဘိ၏။

ဝေမယံ ယောဂိ ဝရဝါရဏော သဗ္ဗသ္မိမ္ပိ သခ်ါရဂတေ နာဘိရမတိ အနုပ္ပါဒေါ ခေမန္တိ အာဒိနာ နယေန ဒိဋ္ဌေ သန္တိပဒေယေဝ အာဘိရမတိ၊ တန္နိန္နတပ္ပေါဏတပ္ပဗ္ဘာရ မာနသော ဟောတိ။ ဝိသုဒ္ဓိ ၂-၂၊ ၂၈၈။

ဝေ၊ ဤအတူ။ အယံ ယောဂိဝရဝါရဏော၊ ဤယောဂီ ဟူသော ဆင်မြတ်သည်လည်း။ သဗ္ဗသ္မိမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ သခ်ါရဂတေ၊ တေဘူမကသခ်ါရ၌။ နာဘိရမတိ၊ မမွေ့လျော်။ အနုပ္ပါဒေါခေမန္တိ အာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ ဒိဋ္ဌေ၊ နှလုံးသွင်းခြင်းရှေရှိသော အလျော်သဘောဉာဏ်ဖြင့် မြင်အပ်သော။ သန္တိပဒေယေဝ၊ အလုံးစုံသော သခ်ါရတို့၏ ငြိမ်းရာဖြစ်သော အမြိုက်နိဗ္ဗာန်၌သာလျှင်။ အာဘိရမတိ၊ မွေ့လျော်၏။ တန္နိန္နတပ္ပေါဏ တပ္ပဗ္ဘာရ မာနသော၊ ထိုသန္တိပဒ၌ ညွတ်သော ထိုသန္တိပဒ၌ ကိုင်းသော ထိုသန္တိပဒ၌ ရှိုင်းသောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

နိဗ္ဗိဒါဉာဏ် ပြီး၏။

၅၁–မုစ္စိတုကမျတာဘဉ္ဇာ်ကို ပြခြင်း

ဤသို့ နိဗ္ဗိဒါဉာဏ်ဖြင့် အလုံးစုံသော တေဘူမကသခ်ါရဟုဆိုအပ်သော ယောနိဂတိ ၀သည်တို့၌ အလွန် ငြီးငွေ့ခြင်းရှိသော ယောဂီအားထို တေဘူမက တရားတို့တွင် ဇာစ်ခုသော ရုပ်တရားနာမ်တရား၌လည်း ငြီးငွေ့ယှဉ်ခြင်း မရှိ။ အလုံးစုံသော တေဘူမက သခ်ါရတရားအပေါင်းမှ လွတ်လိုခြင်း ထွက်မြောက်လိုခြင်းသည် ဖြစ်၏။ အာဘယ်ကဲ့သို့နည်းဟူမူ–ကွန်မီသော ငါး, မြွေဖမ်းအပ်သောဖား ၀သည်တို့သည် လွန်စွာလွတ်လိုကုန်သကဲ့သို့ဟုတည်း။

ဧဝံ တဿ ယောဂိနော စိတ္တံ သဗ္ဗသ္မာ သခ်ါရဂတာ မုစ္စိတုကာမံ နိဿရိတုကာမံ ဟောတိ၊ အထဿ ဧဝံ သဗ္ဗသခ်ါရေသု ဝိဂတာလယဿ သဗ္ဗသ္မာ သခ်ါရဂတာ မုစ္စိတုကာမဿ ဥပ္ပဇ္ဇတိ မုစ္စိတုကမ္မတာဘာ၊ ဝိသုဒ္ဓိ-၂၊၂၇၉။

ဧဝံ၊ ဤအတူ။ တဿ ယောဂိနော၊ ထိုယောဂီ၏။ စိတ္တံ၊ စိတ်သည်။ သဗ္ဗသ္မာ၊ အလုံးစုံသော်။ သခ်ါရဂတာ၊ သခ်ါရ၌ အတွင်းဝင်သော တေဘူမက ဝဋဆင်းရဲ။ မုစ္စိတုကာမံ၊ လွတ်လိုသည်။ နိဿရိတုကာမံ၊ ထွက်မြောက်လိုသည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ ဧဝံ၊ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ သဗ္ဗသခ်ါရေသု၊ အလုံးစုံသော သခ်ါရတို့၌၊ ဝိဂတာ လယဿ၊ ကင်းသော အာလယရှိသော။ သဗ္ဗသ္မာ၊ အလုံးစုံသော။ သခ်ါရဂတာ၊ သခ်ါရ ဝဋဆင်းရဲ။ မုစ္စိတုကာမဿ၊ လွတ်ခြင်းငှာအလိုရှိသော။ အဿ၊ ထိုယောဂီအား။ မုစ္စိတုကမ္မတာဘာ၊ မုစ္စိတုကမ္မတာဘာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

မုစ္စိတုကမ္မတာဘာဏ် ပြီး၏။

၅၂-ပဋိသခ်ါဘာဏ်ကို ပြခြင်း

ဤသို့ တေဘူမက သခ်ါရဟုဆိုအပ်သော ယောနိုဂတိ စသည်တို့မှ၊ (ဝါ) ဖြစ်ဆဲပျက်ဆဲဖြစ်သော ရုပ်တရားနာမ်တရားတို့မှ လွတ်လိုသော ယောဂီသည် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဟူသော အနုပဿနာဘာဏ်တို့ကို အဖန်ဖန်သုံးသပ်အပ်၏။ ထိုဝဋ် အနိစ္စလက္ခဏာ ဆယ်ပါး, ဒုက္ခလက္ခဏာ နှစ်ဆယ့်ငါးပါး, အနတ္တလက္ခဏာ ငါးပါးတို့ကို အနုလောမခန္တီ-ဝါရက ပြခဲ့ပြီးပြီ။ အသုဘမှာမူ ဖြစ်ဆဲ ပျက်ဆဲသော ရုပ်တရားတို့ကိုရည်၍-"အဇည်-ဒုဂ္ဂန္ဓံ-ဇေဂုစ္ဆံ-ပဋိကူလံ-အမဏ္ဍနဟတံ-ဝိရူပံ-ဝိဂစ္ဆံ" ဟု ရှုအပ်၏။ အဇည်၊ မနှစ်သက်ဖွယ်ရှိ၏။ ဒုဂ္ဂန္ဓံ၊ မကောင်းသော အနံ့ရှိ၏။ ဇေဂုစ္ဆံ၊ စက်ဆုပ်ဖွယ်ရှိ၏။ ပဋိကူလံ၊ ရွံရှာဖွယ်ရှိ၏။ အမဏ္ဍနဟတံ၊ ဝတ်စား

တန်ဆာကို ပယ်ခွာအပ်သည်ရှိသော် လွန်စွာ စက်ဆုပ်ဖွယ်ရှိ၏။ ဝိရူပံ၊ မကောင်းသဖြင့်တည်ဧသာ ရှုပ်ရှိ၏။ ဝိဂစ္ဆံ၊ ရွှေသောသူတို့ကို ဖွဲ့တတ်၏။

ဤသို့ အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘတို့ဖြင့်သခ်ၤရတရားတို့ကိုအားနည်းအောင် ပြု၍ ရှုအပ်၏။

အဘယ်ကဲ့သို့နည်းဟူမူ ငါးဆောင်းအပ်သော ယောကျ်ားသည် အဆောတလျင် ရေခ္ခဏ်ဆောင်းကိုလွတ်ရှ် အုပ်သည်ရှိသော် မြေနဂါးကို အုပ်မိလျက် ငါးဟုထင်မှတ်၍ လက်ဖြင့် ဆောင်းဝမှ မြေနဂါး၏လည်ကို ဆုံဝင် ကြည့်ရှုသည်ရှိသော် မြေနဂါးမှန်းသိ၍ ငြီးငွေ့ကြောက်ရွံ့ရကား ထိုမြေနဂါး၏ဘေးမှ လွတ်လိုသ၍ မိမိ၏ထိပ်ထက်၌ နှစ်ပတ်သုံးပတ် လည်စေ၍ အားနည်းအောင်ပြု၍ မြေနဂါးကို စွန့်ပစ်ပြီးလျင် ဂမ်းသို့ တက်၍ မြေနဂါးဘေးမှလွတ်ပေပြီဟု မိမိလာလမ်းကို ကြည့်ရှုလျက် တည်ဘိသကဲ့သို့တည်း။ ဤဥပမာ၌ မြေနဂါးကို ငါးဟုတင်မှတ်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ငါ့ရုပ်ငါ့နာမ်ဟုမှတ်ခြင်းကို ဥပမေယျယှဉ်ရမည်။ လည်ကို ကိုင်၍ကြည့်ရှုသောအခါ မြေနဂါးမှန်း သိမြင်သကဲ့သို့ ရုပ်နာမ်ဓမ္မတို့၏ မမြဲခြင်း, နှိပ်စက်ခြင်း, ကိုယ်မဟုတ်ခြင်းကိုရှုသကဲ့သို့ ဥဒယဝယ ဘင်္ဂဉာဏ်၌ ဥပမေယျယှဉ်ရမည်၊ ကြောက်သကဲ့သို့ ဘယဉာဏ်၊ မြေနဂါး၏အပြစ်ကိုမြင်သကဲ့သို့ အာဒီနဝဉာဏ်၊ မြေနဂါး၌ ငြီးငွေ့သကဲ့သို့ နိဗ္ဗိဒါဉာဏ်၊ မြေနဂါးကို လွတ်ပစ်လိုဘိသကဲ့သို့ မုစ္စိတုကမျတာဉာဏ်၊ မြေနဂါးကို အားနည်းအောင်ပြုသကဲ့သို့ ဤ ပဋ္ဌိသခ်ၤဥာဏ်၌ ဥပမေယျ ယှဉ်ရမည်။

ဝေမယံ ယောဂါဝစရော တိလက္ခဏာရောပနေန သခ်ၤရေ ဒုဝဝိဋ္ဌိတ္တာ ဒုဗ္ဗလေ ကတ္တာ ပုန နိစ္စသုခသုဘအတ္တာကာရေန ဥပဋ္ဌာတုံ အသမတ္ထတံ ပါပေတ္တာ သုမုတ္တံ မုစ္စတိ၊ တေန ဝုတ္တံ မုစ္စနဿ ဥပါယသမ္ပါဒနတ္ထံ ဧဝံ ပရိဂ္ဂဏှာတီတိ၊ တ္တောဝတာ တသာ ဥပ္ပန္နံ မောတိ ပဋ္ဌိသခ်ၤဥာဏံ။ ဝိသုဒ္ဓိ ၂-၂၂၉ဝ။

ဝေါတထာ၊ ထို့အစာ၊ အယံယောဂါဝစရော၊ ဣရိယောဂါဝစရသည်။ စိတ်လက္ခဏာရောပနေန၊ လက္ခဏာရေးသုံးပါးသို့ ထင်သဖြင့်။ သခ်ါရေ၊ သခ်ါရတို့ကို။ အာဝိဇ္ဇိတ္ဌာ၊ ပတ်ပတ်မြေ့၍။ ဒုဗ္ဗလေ၊ အားနည်းသည်တို့ကို။ ကတ္ဌာ၊ ပြု၍။ ပုန၊ တစ်ဖန်။ နိစ္စ သုခ သုဘ အတ္တာကာရေန၊ နိစ္စအခြင်းအရာ သုခသုဘ အတ္တ-အခြင်းအရာဖြင့်။ ဥပဋ္ဌာတုံ၊ ထင်ခြင်းငှာ။ အသမတ္ထာတံ၊ မစ္စမ်းနိုင်သည်၏ အဖြစ်ကို။ ပါပေတ္ဌာ၊ ရောက်စေ၍။ သုမုတ္တံ၊ လွတ်ခြင်းကောင်းစွာ။ မုစ္စတိ၊ လွတ်၏။ တေန၊ ထို့ကြောင့်။ မုစ္စနသေ။ (ပ) ။ဂဏ္ဌာတိတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တ္တောဝတာ၊ ဤသို့ အနိစ္စန္တိကတော အစရှိသော လေးဆယ်ကျော်သော အခြင်းအရာတို့ဖြင့် သခ်ါရတို့၏ အနိစ္စ စသည်၏အဖြစ်ကို ကောင်းစွာ မှတ်သည်၏ အစ္စမ်းဖြင့်ဖြစ်သော ဆင်ခြင်ခြင်းဖြင့်။ တသေ၊ ထိုယောဂီအား။ ပဋိသခ်ါ-ဉာဏံ၊ ပဋိသခ်ါဉာဏ်သည်။ ဥပဋ္ဌာနံ၊ ဖြစ်သည်။ ဟောတိ၊ ထင်ရှားဖြစ်၏။

ပဋိသခ်ါဉာဏ် ပြီး၏။

၅၃-သခ်ါရုပေက္ခာဉာဏ်ကို ပြခြင်း

ထိုယောဂီသည် ဤပဋိသခ်ါဉာဏ်ဖြင့် အကြိမ်ကြိမ် အဖန်ဖန် အတန်တန် ရှုအပ်သည်ဖြစ်၍ အသာသ ပဿာသပဋိဘာဂ၏ အာရုံအတွင်းဝ်ဖြစ်သော ရုပ်နာမ်နှစ်ပါး သခ်ါရတရားတို့သည် အတ္တ မှ ဆိတ်ကုန်၏ဟု အနိစ္စ ဒုက္ခ အနတ္တ တို့ဖြင့် သိမ်းဆည်းအပ်သည်ရှိသော် ဉာဏ်ထက်သောသူတို့အား ဃောမနသ, ဒေါမနသတို့သို့ မသက်မူ၍ ဥပေက္ခာအဖြစ်၌ တည်လေ၏။

ထိုသို့ သုံးသပ်၍ ဥပေက္ခာ၌ မတည်သေးသော် "သုညမိဒံ ဃေတ္တေနဝါ အတ္တနိယေန ဝါ"ဟု ဒိဋ္ဌိကောဋ္ဌိက နည်းဖြင့် သိမ်းဆည်း ဆင်ခြင်အပ်၏။ ဣဒံ ဓမ္မတာတံ၊ ဤရုပ်နာမ်ဓမ္မ သခ်ါရသဘောသည်။ အတ္တေန ဝါ၊ အတ္တမူလည်းကောင်း။ အတ္တနိယေန ဝါ၊ အတ္တနှင့် စပ်သော ဥစ္စာမူလည်းကောင်း။ ဃသုည်၊ ဆိတ်၏။

ထိုသို့ သုံးသပ်၍ ဥပေက္ခာ၌ မတည်သေးသော် "နာဟံ ကုစနိ ကဿစိ ကိဉ္စနတသ္မိं၊ နစ မမ ကုစနိ၊ ကိသ္မိဉ္စိ ကိဉ္စနတတ္ထိတိ" ဟု စတုကောဋိက နည်းဖြင့် သိမ်းဆည်းဆင်ခြင်အပ်၏။ အဟံ၊ ငါသည်။ ကုစနိ၊ တစ်စုံတစ်ခုသော အဇ္ဈတ္တ ဗဟိဒ္ဓ၌။ အတ္တာနံ၊ ကိုယ်ကို။ နပသဿတိ၊ မမြင်။ အတ္တနော၊ မိမိ၏၊ အတ္တာနံ၊ ကိုယ်ကို (ထည့်)။ ကဿစိ၊ တစ်စုံတစ်ယောက်သောသူ၏။ ကိဉ္စနတသ္မိं၊ ကြောင့်ကြအပ်သော ဥစ္စာ၏ အဖြစ်၌။ ဥပနေတဗ္ဗံ၊ ဆောင်အပ်သည်ကို။ နပသဿတိ၊ မမြင်။ ကုစနိ၊ တစ်စုံတစ်ခုသော ဌာန၌။ ပရဿ စ၊ သူတပါး၏လည်း။ အတ္တာနံ၊ ကိုယ်ကို၊ နပသဿတိ၊ မမြင်။ ပရဿ၊ သူတပါး၏။ အတ္တာ၊ ကိုယ်သည်။ (ထည့်)။ မမ၊ ငါ၏။ ကိသ္မိဉ္စိ၊ တစ်စုံတစ်ခုသော အဇ္ဈတ္တ ဗဟိဒ္ဓ၌။ ကိဉ္စနတာ ကိဉ္စနဘာဝေ၊ ကြောင့်ကြအပ်သော အဖြစ်၌။ အတ္ထိတိ၊ ရှိ၏ ဟူ၍။ နပသဿတိ၊ မမြင်။

ထိုသို့ သုံးသပ်၍ဥပေက္ခာ၌ မတည်သေးသော်၊ "ရူပံ သုညံ အတ္တေန-ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိ-ဏာမဓမ္မေန ဝါ"ဟု ဆကောဋိက နည်းဖြင့် ဝေဒနာ သညာ သင်္ခါရ-ဝိညာဉ်တိုင်အောင် သုံးသပ်အပ်၏။ (အနက်ကို အနတ္တလက္ခဏာက ရေးခဲ့ပြီးပြီ။)

ထိုသို့ သုံးသပ်၍ ဥပေက္ခာ၌ မတည်သေးသော် "ရူပံ အသာရံ နိဿာရံ သာရပရိတံ နိစ္စသာရသာရေ နဝါ ဓုဝသာရသာရေနဝါ သုဒ-သာရသာရေနဝါ အတ္တသာရလာရေန ဝါနိစ္စေနဝါ ဓုဝေန ဝါသဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ၊ ဝေဒနာ၊ သညာ၊ သင်္ခါရာ၊ဝိညာဏံ" (အနက်ကို ရေးခဲ့ပြီးပြီ။)

ထိုသို့ သိမ်းဆည်း၍ ဥပေက္ခာ၌ မတည်သေးသော် "ရူပံ ရိတ္တတော ပဿတိ၊ တုစ္ဆတော သုညတော အနတ္တတော အနိဿရိယတော အကာမ-ကာရိယတော အလဗ္ဘနိယတော အဝသဝတ္တနတော ပရတော ဝိဝိတ္တတော ပဿတိ၊ ဝေဒနံ။ (ပ) ။ဝိညာဏံ"။

ရူပံ၊ ရူပ်ကို။ ရိတ္တတော၊ နိစ္စသာရ စသည်တို့၏ မရှိခြင်းကြောင့် အနှစ်ဓာတ်းသော် အားဖြင့်။ ပဿတိ၊ ရှု၏။ တုစ္ဆတော၊ အနည်းငယ်အားဖြင့် (၀ါ) အယုတ်အားဖြင့်။ ပဿတိ၊ ရှု၏။ သုညတော၊ အတ္တသာရမှုဆိတ်သောအားဖြင့်။ အနတ္တတော၊ အတ္တမဟုတ်သော အားဖြင့်။ အနိဿရိယတော၊ အစိုးရသူမရှိသောအားဖြင့်။ (၀ါ) တစ်စုံတစ်ယောက်သော အစိုးရသည်၏အဖြစ်ကို ပြုစေခြင်းငှာ မတတ်ကောင်းသောအားဖြင့်။ အကာမကာရိယတော၊ အလိုအလျောက် မပြုအပ်သောအားဖြင့်။အလဗ္ဘနိယတော၊ ရုပ်သည်ဤသို့ဖြစ်စေသတည်း ဤသို့ မဖြစ်စေသတည်းဟု အလိုကိုမရကောင်းသည်၏ အဖြစ်အားဖြင့်။ အစသဝတ္ထုနတော၊ မိမိသည် တစ်ပါးသောသူ၏ အလိုသို့ မလိုက်တတ်သည်၏အဖြစ်၊ သူတစ်ပါးကို မိမိအလို၌ မလိုက်စေနိုင်သည်၏ အဖြစ်အားဖြင့်။ ပရတော၊ သူစိမ်းပြင်ပအားဖြင့်။ ဝိဝိတ္တဲတော၊ အကြောင်းမှုဆိတ်သောအားဖြင့် (၀ါ) အကျိုးမှ ဆိတ်သောအားဖြင့်။ ပဿတိ၊ ရှု၏။ ဤသို့ ဒသကောဋ္ဌက နည်းဖြင့်သုံးသပ်အပ်၏။

ဤသို့ သိမ်းဆည်း၍ ဥပေက္ခာ၌မတည်မ်

်ေးသော် "ရူပံ နိ သတ္တော၊ နိ ဇီဝေါ၊ နိ နရော၊ နိ မာဏဝေါ၊ နိ ဣတ္ထီ၊ နိ ပုရိသော၊ နိ အတ္တာ၊ နိ ဟဲ၊ နိ အတ္တနိယံ၊ နိ မမ၊ နိ အညဿ၊ နိ ကဿစိ။ ဝေဒနာ။ (ပ)။ ဝိညာဏံ"ဟု ဒ္ဒါဒသကောဋ္ဌက နည်းဖြင့် သုံးသပ်အပ်၏။

ရူပံ၊ ရူပ်သည်။ သတ္တော၊ တိတ္ထိတို့ ကြုံဆအပ်သော အတ္တဟု ဆိုအပ်သော သတ္တဝါသည်။ နိ ဟောတိ၊ မဖြစ်။ ရူပံ၊ ရူပ်သည်။ ဇီဝေါ၊ တိတ္ထိတို့သည် ကြုံဆအပ်သော ဇီဝသည်။ နိ ဟောတိ၊ မဖြစ်။ နရော၊ ဆောင်တတ်သော သူသည်။ နိ ဟောတိ၊ မဖြစ်။ မာဏဝေါ၊ မာဏဝ၏ ဖြစ်ရာသည်။ နိ ဟောတိ၊ မဖြစ်။ ဣတ္ထီ၊ တိတ္ထိတို့ ကြုံဆအပ်သော ဣတ္ထိသည်။ ပုရိသော၊ တိတ္ထိတို့ ကြုံဆအပ်သော ပုရိသသည်။ အတ္တာ၊ ငါဟူသောမာနကို ထားရှိ အတ္တသည်။ အဟံ၊ ငါသည်။ အတ္တနိယံ၊ အတ္တ၏ အရံအာကာ အ စောင့် အ ရှောက် အ ဖြစ် တည်းဟူသော သတ္တဝါသင်္ခါရသည်၊ (၀ါ) အတ္တ၏ဥစ္စာဖြစ်သော သတ္တဝါသင်္ခါရသည်။

မမ၊ ဒါ၏။အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာသည်။ (ထည့်)။နဟောတိ၊ မဖြစ်။ အညဿ၊ တစ်ပါးသောသူ၏။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာသည်။ နဟောတိ၊ မဖြစ်။ ကဿစိ၊ တစ်စုံတစ်ယောက်သောသူ၏။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာသည်။ နဟောတိ၊ မဖြစ်။

ထိုသို့ သုံးသပ်၍ ဥပေက္ခာဌာနမတည်သေးသော် အနုလောမခန္တီဝါရဌာ ပြခဲ့အပ်သော အနုလောမဉာဏ် လေးဆယ်တို့ဖြင့် တစ်ဖန် သုံးသပ်ပြန်အပ်၏။ ဤသခ်ၢိရုပေက္ခာဉာဏ်၌ အကြိမ်ကြိမ် အဖန်ဖန် ထပ်မံ၍ပြခြင်းသည် သခ်ၢိရတရားတို့၏ အတ္တမှ သုဉ်းသည်၏အဖြစ်ကို သိနိုင်ခဲသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ထိုးထွင်း၍သိပါဘြားသော်လည်း သုညတာနုပဿနာဉာဏ်၏ မြဲစွာဖြစ်သည်၏ အဖြစ်ကို ရောက်ခြင်းအကျိုးငှာလည်းကောင်း ပြတော်မူရာဘီ၏။

သခ်ၢိရာနံ အတ္တသုညတာယဒုဝိညေ ဘာဝတော အနေကဝါရံ ပဋိဝိဒ္ဓါယပိ သုညတာနုပဿနာယ ဒဋ္ဌိဘာဝါပါဒနတ္ထံ ပုန် သုညမိဒန္တိအာဒိ အာရဒ္ဓံ။ ဝိသုဒ္ဓိ၊ ၂၊၄၅၅။

သခ်ၢိရာနံ၊သခ်ၢိရတရားတို့၏။အတ္တသုညတာယ၊ အတ္တမှဆိတ်သည်၏ အဖြစ်ကို။ ဒုဝိညေယ္ယ ဘာဝဟာ၊ အလွန်သိနိုင်ခဲသည်၏အဖြစ်ကြောင့်လည်းကောင်း။ ပဋိဝိဒ္ဓါယပိ၊ ထိုးထွင်း၍ သိပါဘြားသော်လည်း။ သုညတာနုပဿနာယ၊ သုညတာနုပဿနာဉာဏ်၏။ ဒဋ္ဌိဘာဝါပါဒနတ္ထံ၊ မြဲမြံသည်၏အဖြစ်သို့ ရောက်ခြင်းအကျိုးငှာလည်းကောင်း။ ပုန်၊ တစ်ဖန်။ အနေကဝါရံ၊ အကြိမ်ကြိမ်။ သုညမိဒန္တိအာဒိ၊ သုညမိဒံ ဤသို့အစရှိသော စကားကို။ အာရဒ္ဓံ၊ အားထုတ်တော်မူပေ၏။

ဤသို့ အတ္တမှသုဉ်းသည်၏အဖြစ်ဖြင့် ကောင်းစွာမြင်၍ လက္ခဏာရေးသုံးပါးသို့ တင်၍ သခ်ၢိရတရားတို့ကို သိမ်းဆည်းသော ယောဂီအားဒေါမနဿ-သောမနဿ တို့ကို ပယ်ခွာ၍ လျစ်လျူရှုတော်မူ၍ ငါဟူ၍

လည်းကောင်း၊ ငါ၏ဥစ္စာဟူ၍လည်းကောင်း ယူတော်မမူရှာ။ အဘယ်ကဲ့သို့နည်းဟူမူ— ချစ်ဖွယ်စုံသော မယားရှိသော ယောကျ်ားသည် ထိုမယားနှင့် ကျေကွဲခင်းရှိနေရခြင်းငှာ တစ်နေ့တစ်ရက် တစ်နံနက်မျှ မစွမ်းနိုင်၊ တရုံသောအခါ ထိုမိန်းမသည် တစ်ပါးသောယောကျ်ားနှင့် ပေါင်းဖက်ယှဉ်တွဲ မှီဝဲသည်ကိုမြင်ရ၍ လွန်စွာ အမျက်ထွက်လျက်ဖြင့် ထိုမိန်းမ၌ တပ်ခြင်းကင်း၍ ဤမိန်းမယုတ်ဖြင့် ငါသည် အဘယ်မှု စအံ့နည်း၊ ဤမိန်းမမှ လွတ်ပါမူ ကောင်းလေစွဟု အကြမ်းကြိမ် ကြံ၍ စွန့်လွှတ်ကွာရှင်းလိုက်၏။ မိမိမိန်းမဟု မထင်မှတ်၊ တရုံသောအခါ ထိုမိန်းမသည် တပါးသောယောကျ်ားတို့နှင့် အတိစာရကျင့်သည်ကို မြင်သော်လည်း အမျက်ထွက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ မရှိမူ၍ လျစ်လျူရှု၍ နေနိုင်ဘ်သကဲ့သို့ ဤယောဂီသည်လည်း မိမိ၏ ရူပ်နာမ်ဓမ္မ သင်္ခါရတို့၌ သောမနဿ ဒေါမနဿတို့ကိုခွာ၍ ဥပေက္ခာဖြင့် နေရှာတော်မူပေ၏။

> ၉၀ မေဝါယံ သဗ္ဗသင်္ခါရေဟိ မုစ္စိတုကာမော ဟုတ္ဝာ ပဋိသင်္ခါနုပဿနာယ သင်္ခါရေ ပရိဂ္ဂဏှန္တော အဟံ မမာတိ ဂဟေတဗ္ဗံ အဒိသ္ဝာ ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သဗ္ဗသင်္ခါရေသု ဥဒါသီနော ဟောတိ မဇ္ဈတ္တော။ ဝိသုဒ္ဓိ ၆- ၂၊ ၂၉၄။

၉၀ မေ၀၊ ဤမိန်းမကို စွန့်ပစ်သော ယောကျ်ားပမာ အတူသာလျှင်။ အယံ၊ ဤယောဂီသည်။ သဗ္ဗသင်္ခါရေဟိ၊ အလုံးစုံသော သင်္ခါရတို့မှ၊ မုစ္စိတုကာမော၊ လွတ်လိုသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ပဋိသင်္ခါနုပဿနာယ၊ ပဋိသင်္ခါနုပဿနာဖြင့်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ပရိဂ္ဂဏှန္တော သမ္မသန္တော်, သုံးသပ်သော ယောဂီသည်။ အဟံ၊ ငါ။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာ။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်သည်ကို။ အဒိသ္ဝာ၊ မမြင်မူ၍။ ဘယဉ္စ၊ လျစ်လျူမရှုသည်၏အပြစ်ဖြင့် သင်္ခါရတို့၏ ပျက်စီးခြင်းကိုမှီ၍ ဖြစ်လတ္တံ့သော ဘေးကိုလည်းကောင်း။ နန္ဒိဉ္စ၊ ထိုသင်္ခါရတို့၏ ပြည့်စုံခြင်းကိုမှီ၍

ဖြစ်လတ္တံ့သော ဝမ်းမြောက်နှစ်သက်ခြင်းကိုလည်းကောင်း။ ဝိပွဟာယ၊ စွန့်၍။ သဗ္ဗသခ်ၤရေသု၊ အလုံးစုံဃသာသခ်ၤရတို့၌၊ ဥဒါသိနော၊ ဥပေက္ခာ ဖြင့်နေသည်။ မဗ္ဗတ္တော၊ လျစ်လျူ၊ ရှုသည်။ ဟောတိ၊ ဖြစ်၏။

ထိုယောဂီအား ဤသို့ ဥပေက္ခာအဖြစ်၌ တည်သည်ရှိသော် ၃-ပါး သော ဘဝ၊ ၄ ပါးသော ယောနိ၊ ၅-ပါးသော ဂတိ၊ ၇-ပါးသော ဝိညာဏဋ္ဌိတိ၊၉-ပါးသော သတ္တာဝါသတို့၌ မိမိ၏စိတ်သည် ကြက်တောင်, သားရေလွန်ကြိုးတို့ကို မီးခိုထည့်ဘိသကဲ့သို့ တုယ်တာခြင်းမရှိ၊ တွန့်၏၊ ဆုတ်၏၊ နှစ်၏။မေ့လျော်သောအားဖြင့် မပြေးဝင်သည်ဖြစ်၍ သခ်ၤ-ရုပေက္ခာဉာဏ်၌ တည်ရှာတော့၏။ ထိုသခ်ၤရုပေက္ခာဉာဏ်သည် အကြင် အခါ၌ တိက္ခ, ဝိသဒ, သူရဘာဝသို့ ရောက်၍ အာဘိနန္ဒနဝတ်ကို လွှတ်၍ ဝိပဿနာဟုဆိုအပ်သော ပက္ခန္ဒနဝတ်သို့ရောက်လျက် နိဗ္ဗာန်တည်း ဟူသော အာရုံကို မြင်သည်ဖြစ်အံ့၊ ထိုအခါ အလုံးစုံသော သခ်ၤရတို့ကို လွှတ်၍၊ (၀၊) ပစ္စက္ခအားဖြင့် မျက်ဝါးထင်ထင် အနိစ္စ, ဒုက္ခ, အနတ္တ အဖြစ်ဖြင့် မြင်အပ်သိအပ်သော ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းကို ရိပ်ခနဲ လွှတ်၍ နိဗ္ဗာန်၏အာရုံတော်သို့ ပြေးဝင်ရှာလေ၏။ အကယ်၍ နိဗ္ဗာန်ကို မမြင်သည်ဖြစ်အံ့၊ မိမိ၏ ပစ္စက္ခဉာဏ်ဝ၌ မြင်အပ် သိအပ်သော အနိစ္စ စသည်ဖြင့်ရှိသော ရုပ်နာမ်ဓမ္မသခ်ၤရအာရုံ၌သာလျှင် အာရုံပြုသည်ဖြစ်၍ နေရှာ၏။

(ဥပမာ) သမုဒ္ဒရာကို ကူးခပ်တတ်သော သင်းဘောသူကြီးတို့သည် အရပ်ကိုစူးစမ်းရန် ဒိသာကာကကျီးတို့ကိုယူ၍ သွားကုန်သတတ်၊ အကြင် အခါ၌ လေ၏အဟုန်ကြောင့် ပြေးလွှင့်ကုန်၏။ အရှေ့,အနောက်,တောင်, မြောက်, ဝဲ, ယာ မသိ၊ကမ်းမျှမမြင်သည် ဖြစ်ခဲ့၏။ ထိုအခါ ဒိသာကာက ကျီးကို လွှတ်ကုန်၏၊ထိုကျီးသည် ကောင်းကင်သို့တက်၍ အရပ်ရှစ်မျက်နှာ ကို ကြည့်လတ်သော် အရှေ့အရပ်၌ကမ်းကိုမြင်သည်ဖြစ်အံ့၊ အရှေ့အရပ်သို့ ပျံလေ၏၊ အကယ်၍ ကမ်းကို မမြင်သည်ဖြစ်အံ့၊ အဖန်ဖန်စူးစမ်းပျံလာ၍ လင်းယဉ်တုံ့ထက်၌ နားရှာသကဲ့သို့တည်း။

ဝေမေဝ သစေ သခ်ၦိရုပေက္ခာဘာဏံ သန္တိပဒံ နိဗ္ဗာနံ သန္တတောပဿတိ၊ သဗ္ဗံ သခ်ၦိရပဝတ္တံ ဝိသင်္ခေတ္ဝာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ။ နော စေ ပဿတိ၊ ပုနပ္ပုနံ သခ်ၦိရာရမ္မဏမေဝ ဟုတ္ဝာ ပဝတ္တေ။

ဝိသုဒ္ဓိ-၂၊ ၂၉၅။

ဝေ မေဝ၊ ဤ ဒိသာကာကကျီး၏အတူသာလျှင်။ သခ်ၦိရုပေက္ခာဘာဏံ၊ သခ်ၦိရုပေက္ခာဘာဏ်သည်။ သန္တိပဒံ၊ ငြိမ်သက်ခြင်း၏ အကြောင်းဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သန္တတောဝါ၊ ငြိမ်သက်သောအားဖြင့်။ သစေ ပဿတိ၊ အကယ်၍မြင်အံ့။ သဗ္ဗံ၊ အလုံးစုံသော။ သခ်ၦိရ ပဝတ္တံ၊ သခ်ၦိရ၌ဖြစ်ခြင်းကို။ ဝိသင်္ခေဘာ့ဝ၊ လွှတ်၍။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်သို့သာလျှင်။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ နော စေ ပဿတိ၊ အကယ်၍မမြင်သည်ဖြစ်အံ့။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သခ်ၦိရာရမ္မဏမေဝ၊ သခ်ၦိရတရားလျှင် အာရုံရှိသည်သာလျှင်။ ဟုတ္ဝာ၊ ဖြစ်၍။ ပဝတ္တတိ၊ ဖြစ်၏။

၅၄–သာမညအားဖြင့်မဂ်ကိုကူးနိုင်ခြင်း အကျဉ်းစကား

ဤကား သာမညအားဖြင့်မဂ်ကိုကူးပုံ၊ဝိသေသအားဖြင့်ကူးပုံကို ရှေ့၌တွေ့ဦးလတ္တံ့။သမ္မာသနဉာဏ်အစ,သခ်ၦိရုပေက္ခာဉာဏ်အဆုံးရှိသော ဉာဏ်သို့သက်၍ မဂ်ကိုကူးရာ၌ ဤမဟာဝိပဿနာဝါရဖြင့် ကူးပုံကို မဆိုထားဧကင်၊ ရှေးဦးစွာသော လက္ခဏဝဝတ္ထာနဝါရဖြင့်ပင်လျှင် ကူးခြင်းငှာ စွမ်းနိုင်၏။

တေပရိဝဋ္ဋဒေ သနာဝသာနေ ပန ထေရော အရဟတ္တံ ပတ္တော။

သံဋ-၂၊ ၁၁၇။

ပန၊ အထူးကိုဆိုအံ့၊ တေပရိဝဋ္ဋဒေသနာဝသာနေ၊ သုံးကြိမ်သုံးဖန် မြန်လှန်၍ ဟောအပ်သော လက္ခဏဝဝတ္ထာနဒေသနာတော်၏ အဆုံး၌။ ဆေရော၊ သုသိမ မထေရ်သည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်တော်မူ၏။

ဂင်းနည်းတူ။ ။သမ္မပ္ပညာယ ပဿတိ တံ သဟ ဝိပဿနာယ
မဂ္ဂပညာယ သမ္မာ ပဿတိ။ အံ၌-၃၊၁၇၂။

သမ္မပ္ပညာယ ပဿတိတိ၊ဟူသည်ကား။တံ၊ ထိုနိဗ္ဗာန်ကို။ဝိပဿနာယ၊ ဝိပဿနာဉာဏ်နှင့် တကွဖြစ်သော။ မဂ္ဂပညာယ၊ မဂ်ပညာနှင့်။ သဟ၊ တကွ။ သမ္မာ၊ ကောင်းစွာ။ ပဿတိ၊ မြင်၏။

သခ်ါရုပေက္ခာဉာဏ် ပြီး၏။

၇၅-ဝိပဿနာဉာဏ်တို့ ရောယှက်ပုံကို ပြခြင်း

ဤသို့ ပြအပ်ပြီးသော ဝိပဿနာဉာဏ်တို့တွင် သမ္မသနဉာဏ် ဥဒယဉာဏ်ဖြစ်က ဝယဉာဏ်,ဘင်္ဂဉာဏ်နှစ်ပါးတို့သည် ဖြစ်မြဲ ဓမ္မတာသာတည်း၊ အနိစ္စလက္ခဏာ၌ ထင်ပေါ်ခြင်းတည်း သင်္ဂြိုဟ်ခြင်းကြောင့်တည်း။ (အနိစ္စ။)

ဘယဉာဏ်ဖြစ်ခဲ့လျှင် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်ဆို့သည် ဖြစ်မြဲ ဓမ္မတာသာတည်း။

ယာ စ ဘယတုပဋ္ဌာနေ ပညာ, ယဉ္စ အာဒီနဝေ ဉာဏံ,
ယာစ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။ပဋိသံ-၂၅၉ ။

ဘယတုပဋ္ဌာနေ၊ ဘယတုပဋ္ဌာနဉာဏ်၌။ ပဝတ္တာ၊ ဖြစ်သော။ ယာစ ပညာ၊ အကြင်ပညာသည်လည်းကောင်း။ အာဒီနဝေ၊ အာဒီနဝဉာဏ်၌။ ပဝတ္တံ၊ ဖြစ်သော။ ယဉ္စ ဉာဏံ၊ အကြင်ဉာဏ်သည်လည်းကောင်း။ နိဗ္ဗိဒါ၊ ငြီးငွေ့သောအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ယာ စ ပညာ၊ အကြင်ပညာသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဧကတ္ထာ၊ တူသောအနက်ရှိကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါသည်သာလျှင်။ နာနံ၊ ၏းထူ၊ ၁(ဒုကွ။)

မုစ္စိတုကမျှတာဉာဏ်ဖြစ်ခဲ့လျှင် ပဋိသခ်ါဉာဏ်၊ သခ်ါရုပေက္ခာဉာဏ်တို့သည် ဖြစ်မြဲဓမ္မတာသာတည်း။

ယာ စ မုစ္စိတုကမျတာ, ယာ စ ပဋ္ဌိသခ်ါနုပဿနာ, ယာ စ သခ်ါရုပေက္ခာ, ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဥ္ဇနမေဝ နာနံ။
ပဋ္ဌိသံ–၂၅၉။

ယာ စ မုစ္စိတုကမျတာ၊ အကြင်မုစ္စိတုကမျတာဉာဏ်သည် လည်းကောင်း။ ယာ စ ပဋ္ဌိသခ်ါ နုပဿနာ၊ အကြင် ပဋ္ဌိသခ်ါ နုပဿနာ ဉာဏ်သည်လည်းကောင်း။ ယာ စ သခ်ါရုပေက္ခာ၊ အကြင်သခ်ါရုပေက္ခာဉာဏ်သည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ဣမေ ဓမ္မာ၊ဤတရားတို့သည်။ ဧကတ္ထာ၊ တူသောအနက်ရှိကုန်၏။ ဗျဥ္ဇနမေဝ၊ သဒ္ဒါသည်သာလျှင်။ နာနံ၊ ထူး၏။ (အနတ္တ)

ထို့ကြောင့် "ဧကေကတော တယော တိဏ်"ဟူသည်တည်း။ တစ်ခုတစ်ခုသော သမ္မသနဉာဏ်နောင်မှ သုံးပါးသုံးပါးသော ဝိပဿနာဉာဏ်တို့သည် ဖြစ်ကုန်၏ ဟူလို။

ထိုဝိပဿနာဉာဏ်တို့တွင် အားတို့သည် တရားအား, ဗလဝအား ဟူ၍ နှစ်ပါးအပြားရှိကုန်၏။ ထိုတွင် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ဥပမာ ၁၂ပါး ထင်သောကာလ, ဘင်္ဂဉာဏ်တိုင်တိုင် တရားဝိပဿနာအားမည်၏။ ဘယဉာဏ်မှစ၍ နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋ္ဌိသခ်ါဉာဏ်, သခ်ါရုပေက္ခာဉာဏ်တို့၏အားသည် ဗလဝ ဝိပဿနာအား မည်၏။ ထိုအားနှစ်ပါးတို့တွင်လည်း တရားအားသည် ဥပမာ ၁၂ပါးသို့ သက်၍တည်၏။ ဗလဝအားသည် အကြင်အခါ၌ ဝိပဿနာကို အားထုတ်သော ယောဂိသည် ဒုက္ခနှင့်နီးလှ၍ နေသောကာလ၌ ထိုထိုရပ်တိုင်း ရပ်တိုင်း၌ လည်းကောင်း၊ ထိုင်တိုင်း ထိုင်တိုင်း၌လည်းကောင်း မိမိ၏ကိုယ် ဟတ္ထပါသ်ဗဟိဒ္ဓအဏ္ဍတ္တ ကို၌ မီးကောက်သကဲ့သို့ လည်းကောင်း လက်ကတီးကြားတို့မှ ချွေးတို့သည် ယိုစီးကုန်၏။ ဦးခေါင်းထက်မှ အမိုးတို့ကိုကျစ်ကုန်သကဲ့သို့ လည်းကောင်း၊ ကဲ့ပြိုသကဲ့သို့ လည်းကောင်း ဖြစ်၏။ မိမိ၏စိတ်သည် ပင်ပန်း၏၊ အထူးသဖြင့်ပင်ပန်း၏၊ တုန်လှုပ်၏၊ ထိုအခါ ဒုက္ခနှင့်ယှဉ်၍ ဗလဝအားသို့သက်၍ တည်၏။

ယထာဘူတ ဉာဏဒဿနန္တိ နာမရူပပရိစ္ဆေဒဉာဏံ အာဒိံ ကတ္ဝာ တရုဏဝိပဿနာ၊ နိဗ္ဗိဒါဝိရာဂေါတိ နိဗ္ဗိဒါ စ ဝိရာဂေါ စ၊ တတ္ထ နိဗ္ဗိဒါ ဗလဝဝိပဿနာ၊ ဝိရာဂေါ မဂ္ဂေါ။

အံဋ္ဌ-၃၊၇၊

ဝိပဿနံ ပဋ္ဌပေတ္ဝာ နိသိန္နာ ဟိ အဒ္ဓါနေ ဂစ္ဆန္တေ ဂစ္ဆန္တေ တတ္ထ တတ္ထ အဂ္ဂိ ဥဋ္ဌာနံ ဝိယ ဟောတိ။ ကစ္စေဟိ သေဒါ မုစ္စန္တိ၊ မတ္ထကတော ဥသုမဝဋ္ဋိဥဋ္ဌာနံ ဝိယ ဟောတိ တိစ္ဆံ ဟညတိ ဝိဟညတိ ဝိပ္ပန္နတိ၊ ဧवं တာဝ ဝိပဿနာ သုခသဟ ပစ္စုပ္ပန်ကာ၊ ဒုက္ခသ အာသန္နာ။

မဋ္ဌ–၂၊၁၈၇။

ယထာဘူတ ဉာဏဒဿနန္တိ၊ သည်ကား။ နာမရူပ ပရိစ္ဆေဒဉာဏံ၊ နာမရူပပရိစ္ဆေဒဉာဏ်ကို။ အာဒိံ ကတ္ဝာ။ အစပြု၍။ ဥဒယဗ္ဗယဉာဏာ၊ ဥဒယဗ္ဗယဉာဏ်တိုင်အောင်လော။ တရုဏဝိပဿနာ၊ နုသောဝိပဿနာ ဉာဏ်တည်း။ နိဗ္ဗိဒါဝိရာဂေါတိ၊ သည်ကား။ နိဗ္ဗိဒါ စ၊ နိဗ္ဗိဒါဉာဏ်လည်း ကောင်း။ ဝိရာဂေါ စ၊ မဂ်ဉာဏ်လည်းကောင်း။ တတ္ထ၊ ထိုတွင်။ နိဗ္ဗိဒါ၊ နိဗ္ဗိဒါဉာဏ်သည်၊ ဗလဝဝိပဿနာ၊ အားရှိသော ဝိပဿနာဉာဏ်တည်း။ ဝိရောဂေါ၊ အစ္စန္တဝိရာဂဉာဏ်သည်။ မဂ္ဂေါ၊ မဂ်ဉာဏ်သာတည်း။

ဟိ၊ ထင်စွာပြဦးအုံ့။ ယော၊ အကြင်ယောဂီသည်။ ဝိပဿနံ၊ ဝိပဿနာကို။ ပဋ္ဌပေတ္ဝာ၊ ဖြစ်စေ၍။ နိသိန္နဿ၊ နေသောသူ၏။ အဒ္ဓါနေ၊ ပစ္စုပ္ပန်ကာလ၌။ ဂစ္ဆန္တေ ဂစ္ဆန္တေ၊ ရောက်တိုင်း ရောက်တိုင်းဟု ဆိုအပ်သော။ တတ္ထတတ္ထ၊ တိုထိုသော[illegible]ရာပယ်၌။ အဂ္ဂိ၊ မီးသည်။ ဥဋ္ဌာနံ၊ စီယ၊ ထဘိသကဲ့သို့။ ဟောတိ ဖြစ်၏။ ကစ္စေဟိ၊ [illegible]ဟု၊ လက်ကတီးကြားတို့မှ။ သေဒါ၊ ချွေးတို့သည်။ မုစ္စန္တိ၊ [illegible] ထုတ်ကုန်၏၊ တတ္ထကတော၊ ဆံပင်ထက်မှ။ ဥသုမဝဋ္ဋိဥဋ္ဌာနံဝိယ၊ အခိုးလိပ်ကဲ့သည် ထဘိသကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ဖြစ်သည်ရှိသော်။ စိတ္တံ၊ စိတ်သည်၊ ဟညတိ၊ ပင်ပန်း၏။ ဝိဟညတိ၊ အထူးသဖြင့် ပင်ပန်း၏။ ဝိပ္ပန္နတိ၊

တုန်လှုပ်၏။ ဝေ၀ံ၊ ဤသို့။ ဝိပဿနာ၊ ဝိပဿနာသည်။ (တာ၁၀-ကား နိပါတ်)။သုခဿ၊ သုခ၏။ ပစ္စနိကာ၊ ဆန့်ကျင်ဘက်ဖြစ်၏။ ဒုက္ခဿ၊ ဒုက္ခနှင့်။ အာသန္နာ၊ အလွန်နီး၏။

၅၆–ဝိပဿနာဉာဏ်ကို ပစ္စက္ခအားဖြင့် မြင်နိုင်ခြင်း

သမ္မသနဉာဏ်အစ သခ်ါရပေက္ခာဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ်တို့ကို သုံးသပ်ဆင်ခြင်သော ယောဂီသည်၊ "နာ ဟိ နိဗ္ဗတ္တိမတ္တဒဿနံ သမ္မသနံ နာမ ဟောတိ" ဟူ၍ မဟာဋီကာ မိန့်မှာတော်မူသည်နှင့် အညီ အနိစ္စ ဒုက္ခ အနတ္တတို့၏ ဖြစ်ဟန်ကို လူသာမန်တို့ သိအပ်သော အနုမာနဉာဏ်မျိုးမဟုတ်၊ ဟုတ်ဟုတ်ဟတ်ဟတ် တပ်တပ်ထင်ထင် သိမြင်အပ်သော ကသိုဏာပုထုဇဉ် သီလဝန်ပညာရှင်တို့ သိတော်မူအပ်သော ပစ္စက္ခဉာဏ်မျိုးဖြင့် ကေန်သိမြင်အပ်၏။ အဘယ်ကဲ့သို့နည်းဟူမူ-မျက်စိအမြင်နှင့် ပြည့်စုံသော မင်းသားပျိုသည် အဘ၏ ဥစ္စာဖြစ်သော အကောက်သုံးခုရှိသော ပတ္တမြားဝယ် ကကောက်ပေါက်၌ ကြိုးဖြူ, ကြိုးနီ, ကြိုးနက်တို့ဖြင့် လျှို၍ထားအပ်သော ပတ္တမြားကိုရ၍ စိမ်းစိမ်း ဝါးဝါး ကြည့်ရှုသည်ရှိသော် ဤကား ပတ္တမြား, ဤသည်တို့ကား ကြိုးဖြူ, ကြိုးနီ, ကြိုးနက် တို့တည်းဟု မြင်ရသကဲ့သို့တည်း။

ဤဥပမာ၌ ပတ္တမြားကဲ့သို့ ဤ ကရဇကာယကို မှတ်ရမည်၊ သီသော ကြိုးဘိုကဲ့သို့ ဖဿပဉ္စက, ဝေဒနာပဉ္စက, ဝိညာဏပဉ္စက ဖြစ်သော ဝိပဿနာဉာဏ်ကို မှတ်ရမည်၊ စက္ခုအမြင်နှင့် ပြည့်စုံသော မင်းသားကဲ့သို့ ယောဂီပုဂ္ဂိုလ်ကို မှတ်ရမည်၊ ဤ၌ ပတ္တမြားကိုလည်းကောင်း၊ ပတ္တမြား၌တည်သော ကြိုးတို့ကိုလည်းကောင်း၊ ကြည့်သောသူကိုလည်းကောင်း ပစ္စက္ခခုနည်းယူရာကဲ့သို့ ဤအသောသပဿာသ အာရုံအတွင်း၌ ပစ္စက္ခဖြစ်သော (၉၂) ပါးသော ရုပ်တို့ကို လည်းကောင်း၊ ဝိပဿနာနာမကွန္ဓာဖြစ်သော ဖဿပဉ္စက, ဝေဒနာပဉ္စက, ဝိညာဏပဉ္စက ဟူသော

ဝိပဿနာဉာဏ်ကိုလည်းကောင်း၊ ရူပ်နှင့်နာမ်ကို မကွဲလျှင်ကွဲအောင် မသိလျှင်သိအောင် မမြင်လျှင်မြင်အောင် ရှုသောယောဂီကိုလည်းကောင်း ပစ္စံကွာအားဖြင့် ယူကြရမည်၊ ထိုသို့ ပစ္စံကွာဖြစ်မှ မဂ်ကို ကူးနိုင်သည်။

ဟတ္ထေ ကရိတ္ဝာ ပစ္စဝေက္ခတော အယံ ခေါ မဏိတိ မဏိနော အာဝိဘူတကာလော ဝိယ ဝိပဿနာ ဉာဏံ၊ အဘိနိဟရိတ္ဝာ နိသိန္နဿ ဘိက္ခုနော စာတုမဟာဘူတိကကာယဿ အာဝိဘူတ-ကာလော၊ တတြိဒံ သုတ္တံ အာဝုတန္တိ သုတ္တဿ အာဝိဘူတ-ကာလော ဝိယ ဝိပဿနာဉာဏံ၊ အဘိနိဟရိတ္ဝာ နိသိန္နဿ ဘိက္ခုနော တဒါရမ္မဏာနံ ဖဿပဋ္ဌမကာနံ ဝါ သဗ္ဗစိတ္တစေတသိ-ကာနံ ဝါ ဝိပဿနာ ဉာဏသော ဝါ အာဝိဘူတကာလော။

မ-ဋ္ဌ-၃၊၁၈၀။

ဟတ္ထေ၊ လက်၌။ ကရိတ္ဝာ၊ တင်ထားသည်ကို ပြု၍။ ပစ္စဝေက္ခတော၊ ဆင်ခြင်သောယောဂျီးအား။ အယံ ခေါ၊ ဤဝတ္ထုသည်။ မဏိတိ၊ ပတ္တမြားဟူ၍။ မဏိနော၊ ပတ္တမြား၏။ အာဝိဘူတကာလော ဝိယ၊ လွန်စွာထင်သော ကာလကဲ့သို့။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်ကို။ အဘိနိ-ဟရိတ္ဝာ၊ အာရုံပြု၍။ နိသိန္နဿ၊ နေသော။ ဘိက္ခုနော၊ ရဟန်းအား။ စာတုမဟာဘူတိက ကာယဿ၊ လေးပါးသော မဟာဘူတ်နှင့် ယှဉ်သော ကရုဏ ကာယ၏။ အာဝိဘူတကာလော၊ လွန်စွာထင်သော ကာလသည်။ ဟောတိ၊ ဖြစ်၏။ (ထည့်စပ်)။ တတြ၊ ထိုပတ္တမြား၌။ ဣဒံ သုတ္တံ၊ ဤ ချည်ကို။ အာဝုတံ၊ သီအပ်၏။ ဣတိ၊ ဤသို့။ သုတ္တဿ၊ ချည်၏။ အာဝိဘူတကာလော ဝိယ၊ လွန်စွာထင်သော ကာလကဲ့သို့။ ဝိပဿနာ-ဉာဏံ၊ ဝိပဿနာဉာဏ်ကို။ အဘိနိဟရိတ္ဝာ၊ အာရုံပြု၍။ နိသိန္နဿ၊ နေသော။ ဘိက္ခုနော၊ ရဟန်းအား။ တဒါရမ္မဏာနံ၊ ထိုရုပ်လျှင် အာရုံရှိကုန်သော။ ဖဿပဋ္ဌမကာနံ ဝါ၊ ဖဿပဋ္ဌမကတို့သည်လည်းကောင်း။ သဗ္ဗစိတ္ထ-စေတသိကာနံ ဝါ၊ ဇလုံးစုံသော စိတ်နှစ်တသိုက်တို့သည် လည်းကောင်း။ ဝိပဿနာဉာဏသော ဝါ၊ ဝိပဿနာဉာဏ်အားသာလျှင် လည်းကောင်း။ အာဝိဘူတကာလော၊ လွန်စွာထင်သော ကာလသည်။ ဟောတိ၊ ဖြစ်၏။

ထိုလက်ပေါ်၌ တင်ထားအပ်သော ကြိုးတို့ဖြင့်သီအပ်သော ပတ္တမြားကို မျက်ဝါးဆင်ထင် ရှုမြင်အပ်သောသူကဲ့သို့ ဝိပဿနာဉာဏ်(၉) တန်ကို ကေန်သိမြင်သော ယောဂီသည်လည်း အကြင်အခါ အနုလောမဉာဏ်သို့သက်၍ အထက်ဖြစ်သော မဂ်ဉာဏ်သို့ကူးခြင်းငှာ ခံ့သည်ဖြစ်အံ့၊ ထိုအခါ ဝိပဿနာဉာဏ် (၁၀)တန်တို့သည် ခေးပါးသော ဓာတ်တို့၏ကိစ္စကို ဆောင်နိုင်၏။

၅၂–ဝိပဿနာဉာဏ်ဆယ်တန်ကို ဓာတ်လေးပါး၌ သွင်း၍ ပြခြင်း

အဘယ်လေးပါးတို့နည်းဟူမူ–သမ္မသနဓာတ်, နိဗ္ဗိဒါဓာတ်, ပဋ္ဌာနဓာတ်, သြက္ကမဓာတ်, ဤလေးပါးတို့တည်း၊ မဂ္ဂေါနိုင်သေးသည်ဖြစ်အံ့၊ စဘုတ္ထဓာတ်သို့ မရောက်နိုင်။ ထိုလေးပါးတို့တွင် အကြင်ယောဂီသည် ကောင်းစွာကျင့်သည်ဖြစ်၍ နိယကဒ္ဓိဟု အာရုံအတွင်း၌ ရုပ်တရား နာမ်ဘရားဟူ၏ ဖြစ်ခြင်းပျက်ခြင်းတို့ကို သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ် စိုင်အောင် ပစ္စက္ခအားဖြင့် သုံးသပ်၏။ ထိုယောဂီသည် သမ္မသနဓာတ်ကို ဆောင်နိုင်ပေ၏။

ထိုရုပ်နာမ်ဓမ္မ သခါရတို့၏ ဖြစ်ခြင်းပျက်ခြင်း အရှိန်မစဲ တသဲသဲ တရိပ်ရိပ် ဖြစ်ပျက်ဟန်တို့ကိုကေန်မှု၍ သိမြင်ရသည်ရှိသော်ချမ်းသာဖယ် သာယာဖွယ် နှစ်သက်ဖွယ် တစ်စုံတစ်ခုသော ရုပ်တရား နာမ်တရားတို့ကို အစမှလည်းကောင်း၊ အလယ်မှလည်းကောင်း၊ အဆုံးမှလည်းကောင်း ယူအပ်သော ဝတ္ထုကို မမြင်၊ အလျှံပြောင်ပြောင်တောက်သော တစ်နေ့လုံးလောင်အပ်သော သံစိုင်သဏ္ဌာန်၌ ချမ်းသာဖွယ် နှစ်သက်ဖွယ်ရှိသော ယူအပ်သော ဝတ္ထုကို မမြင်သကဲ့သို့ ဤရုပ်နာမ်ဓမ္မ သခါရတို့၏ အရှိန်မစဲ တသဲသဲ ဖြစ်ပျက်၍နေသောအခါ၌ ချမ်းသာဖွယ် နှစ်သက်ဖွယ်ဖြစ်သော ယူဝင်အပ်သော တရားတို့ကို မမြင်ရဘဲလျက်နှင့် သုံးသပ်ရာပေ၏။

ထိုယောဂီသည် ထိုသစ္စာသုခဓာတ်ဖြင့် သုံးသပ်လျက် ရူပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းကိုမြင်ရသဲ့ ထိုဖြစ်ခြင်းပျက်ခြင်းခွဲ ချမ်းသာဖွယ် သာယာဖွယ်ဖြစ်သော အစ အလယ် အဆုံးမှ ယူအပ်သော တရားကို မမြင်သော ယောဂီအား စိတ်ခွဲ မပျော်မွေ့ခြင်း ကိုယ်ခွဲ ပူလောင်ခြင်းသို့ သက်၏၊ ထိုယောဂီသည် ပုန်းအောင်းရာ ကိုးကွယ်ရာမရှိသည်ဖြစ်၍ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ် တို့ဖြင့် မိမိ၏ ရူပ်နာမ်တို့ခွဲလည်းကောင်း၊ဘဝယောနိဂတိတို့ခွဲ လည်းကောင်း လွန်စွာပြီးငွေ့၏။ ထိုယောဂီသည် နိဗ္ဗိဒါဓာတ်ကို ဆောင်နိုင်ပေ။ အဘယ်ကဲ့သို့နည်းဟူမူ- အလျှံပြောင်ပြောင်တောက်သော မီးပုံ၏အတွင်းသို့ ဝင်မှားသော ယောကျ်ားသည် ပုန်းအောင်းရာ ကိုးကွယ်ရာမရှိသည်ဖြစ်၍ ပြီးငွေ့သကဲ့သို့တည်း၊ ရူပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းခွဲ ဟေးဟုရှုလေ့ရှိသော ယောဂီအား ဤရူပ်တရား နာမ်တရားသည် ပူလောင်ခြင်းရှိ၏၊ အလျှံပြောင်ပြောင် တောက်လောင်၏၊ များသောဒုက္ခ ရှိ၏၊ များသောစိုးရိမ်ပူပန်ဖွယ် ရှိ၏၊ အကယ်၍ ရူပ်တရား ;နာမ်တရားတို့၏ မဖြစ်ခြင်းရှိသော ငြိမ်သက်သော မြတ်သော အလုံးစုံသော သခ်ါရတို့၏။ ငြိမ်းရာဖြစ်သော ဥပဓိကင်းသော တဏှာရာဂတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို ရခြားအံ့၊ သြော်-ကောင်းလေစွဟု နှလုံးပြု၍ ရူပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်းမရှိသော နိဗ္ဗာန်၌ မိမိစိတ်ကို မုစ္စိတုကမျတာဉာဏ်, ပဋိသခ်ါဉာဏ်, သခ်ါရပေက္ခာဉာဏ်တို့ဖြင့် ပြေးဝင်စေ၏၊ ကြည်စေ၏၊ ရှင်စေ၏။ငါ့အား ကိုးကွယ်ရာရပြီ၊ဟူလိုက္ခါ၌၊ပကၠန္ဒနဟူသည် ရူပ်တရား နာမ်တရားတို့ကို အနိစ္စစသည်ဖြင့် သုံးသပ်သည်ရှိသော် ကိုယ်ကိုမလွှပ်ရှားစေခြင်း စိတ်ကို မပျံ့လွင့်စေခြင်းဟူသော ကာယဝိဝေက, စိတ္တဝိဝေကတို့ကို အဆူးပြု၍ နိဗ္ဗာန်သို့ အာရုံကိုလွှတ်လျက် စီးပြန်းသည်ရှိသော် တွေ့ဝေ မိန့်မောသကဲ့သို့ ရူပ်နာမ်တရားတို့ကို လျစ်လျူ||ရှုလျက်နေ၏။ မိမိကိုယ်သည် ရှည်သကဲ့သို့လည်းကောင်း၊ တိုသကဲ့သို့လည်းကောင်း၊

ဦးစောက်သွားဖက်သို့ လည်းကောင်း စသည်ဖြင့် ဖြစ်သော်လည်း ချမ်းသာခြင်း ဆင်းရဲခြင်းမရှိ၊ ပကတိသော ဝိပဿနာဉာဏ်ဖြင့် နေနိုင်ရှာ၏၊ ပဠာရုံတို့သည်လည်း ချုပ်၍နေကုန်၏ဟူလို။

ထိုယောဂီသည် ပဋ္ဌာန္တနခဝတ်ကို ဆောင်နိုင်ပေ၏၊ အဘယ်ကဲ့သို့နည်း ဟူမူ–ခရီးမှဝေးသောယောဂျားသည် လမ်းမှန်လမ်းကောင်းကို တွေ့သကဲ့သို့ သံသရာ၌ မိစ္ဆာမဂ္ဂတည်းဟူသော ခရီးမှားသော ယောဂျားသည် နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သောခရီးကို ပြင်သည်ဖြစ်၍ နိဗ္ဗာန်ကို အာရုံလွှတ်၍ ပြေးဝင်စေ၏၊ ကြည်စေ၏၊ ရှင်စေ၏၊ နှစ်သက်စေ၏၊ နိဗ္ဗာန်ခရီးကို ငါ့အားရပြီဟူလို ။ထိုယောဂီသည် ပဋ္ဌာန္တနခဝတ်ဟု ဆိုအပ်သော သင်္ခါရပေကွာဉာဏ်ဖြင့် ရူပ်နာမ်တရားတို့၏ မဖြစ်ခြင်းငါ့လည်းကောင်း ပဋ္ဌာန္တနခဝတ် သင်္ခါရပေကွာဉာဏ်တည်းဟူသော ခရီးမှန်ကို အားထုတ်၏၊ ရှာမှီး၏၊ ပွားများ၏၊ အကြိမ်များစွာပြု၏။ ထိုသို့ အားထုတ်ရာ၌ ထိုနိဗ္ဗာန်ကို ရောက်ခြင်းအကျိုးငါ သတိကို တည်စေ၏၊ ဝီရိယကို ခိုင်စေ၏၊ ပီတိကို ရှင်စေ၏။ထိုယောဂီအား ထိုဝိပဿနာစိတ်ကို အကြိမ်ကြိမ် အဖန်ဖန် နှစ်-လ-မညောင်း ကောင်းစွာနှလုံးသွင်းသည်ရှိသော် သင်္ခါရတို့၏ ဖြစ်ခြင်းကိုလွန်၍ သင်္ခါရတို့၏ ဖြစ်ခြင်းမရှိသော နိဗ္ဗာန်တည်းဟူသော အာရုံတော်ကြီးသည် သက်လာပေ၏၊ ထိုယောဂီသည်သြက္ကမစောမ်ကို ဆောင်နိုင်ပေ၏၊ ၎င်းသြက္ကမစောတ်၏ ဥပမာနှင့် တကွ အကျယ်ကို တွေ့ဦးလတ္တံ့။

ယော သော မဟာရာဇ သမ္မာပဋ္ဌိပန္နော၊ သော သင်္ခါရာနံ ပဝတ္တံ သမ္မသတိ။ ပဝတ္တံ သမ္မသမာနော တတ္ထ ဇာတိ ပသ္သတိ ဇရံ ပသ္သတိ ဗျာဓိံ ပသ္သတိ မရဏံ ပသ္သတိ၊ နှ တတ္ထ ကိဉ္စိ သုခံ သာတံ ပသ္သတိ အာဒီဟောပိ မဇ္ဈေဟောပိ ပရိယောသာနေ ဟောပိ။ သော တတ္ထ နှ ကိဉ္စိ ဂယ္ဟတိ ပသ္သတိ။ ယထာ မဟာ-ရာဇ ပုရိသော ဒီဃသံ သန္ဓေ အယောဂုဠေ ဇလိတေ တတ္ထ ကုထိတေ အာဒီတော ပိ မဇ္ဈတော ပိ ပရိယောသာနတော ပိ

နကိုဠိ ဂယှူပဂံ ပဒေသံ ပဿတိ၊ဝေမေဝ ခေါ မဟာရာဇ ယော သခ်ါရာနံ ပဝတ္တံ သမ္မသတိ၊ သော ပဝတ္တံ သမ္မသမာနော တတ္ထ ဇာတိ ပဿတိ ဇရံ ပဿတိ ဗျာဓိံ ပဿတိ မရဏံ ပဿတိ၊ နတတ္ထ ကိဠိ သုခံ သာတံ ပဿတိ အာဒီတောပိ မဇ္ဈတောပိ ပရိယောသာနတောပိ။ သော တဂ္ဃ နကိဠိ ဂယှူပဂံ ပဿတိ၊ တဿ ဂယှူပဂံ အပဿန္တဿ စိတ္တေ အရတိ သဏ္ဌာတိ၊ ကာယသ္မိံ ဒုဗ္ဘောဟော သဏ္ဌာတိ၊ သော အတာဏော အသရဏော အသရဏီဘူတောဝ ဘဝေသု နိဗ္ဗိဒတိ။

ယထာ မဟာရာဇ ပုရိသော ဇလိတဇာလံ မဟန္တံ အဂ္ဂိက္ခန္ဓံ ပဝိသေယျ။ သော တတ္ထ အတာဏော အသရဏော အသရဏီ-ဘူတော အဂ္ဂိမှိ နိမ္မိဇ္ဇေယျ၊ ဝေမေဝ ခေါ မဟာရာဇ တဿ ဂယှူပဂံ အပဿန္တဿ စိတ္တေ အရတိ သဏ္ဌာတိ၊ ကာယသ္မိံ ဒုဗ္ဘောဟော သဏ္ဌာတိ၊ သော အတာဏော အသရဏော အသ-ရဏီဘူတော ဘဝေသု နိမ္မိဇ္ဇတိ။

တဿ ပဝတ္တေ ဘယဒဿာဝိနော ဧဝံ စိတ္တံ ဥပ္ပဇ္ဇတိ "သန္တိတ္တံ ခေါ ပနေတံ ပဝတ္တံ အာဒီတ္တံ သမ္ပဇ္ဇလိတံ ဗဟုဒုက္ခံ ဗဟုပါယာသံ၊ ယဒိ ကောစိ လဘေထ အပ္ပဝတ္တံ ဧတံ သန္တံ ဧတံ ပဏီတံ၊ ယဒိဒံ သဗ္ဗသခ်ါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ" ဣတိဟေတံ တဿ အပ္ပဝတ္တေ စိတ္တံ ပက္ခန္ဒတိ ပသီဒတိ သဏ္ဌာတိ ဝိမုစ္စတိ ပဋ္ဌလဒ္ဓံ ခေါ မေ နိဿရဏ"န္တိ။

ယထာ မဟာရာဇ ပုရိသော ဝိပ္ပနဋ္ဌော ဝိဒေသပက္ခန္ဒော နိဗ္ဗာဟနမဂ္ဂံ ဒိသ္ဝာ တတ္ထ ပက္ခန္ဒတိ ပသီဒတိ သဏ္ဌာတိ ဝိမုစ္စတိ ဝုဋ္ဌိယတိ "ပဋ္ဌလဒ္ဓေါ မေ နိဗ္ဗာဟနမဂ္ဂေါ"တိ။ ဧဝမေဝ ခေါ

> မဟာရာဇ ပဝေတ္တ ဘယဒဿာဝီသ အပ္ပဝတ္တေ စိတ္တံ ပက္ခန္ဒတိ ပသီဒတိ သမ္မဟံသိယတိ တုသိယတိ "ပဋ္ဌိလဒ္ဓံ ခေါ မေ နိဿရဏ"န္တိ။
>
> သော အပ္ပဝတ္တတ္ထာယ မဂ္ဂံ အာယူဟတိ ပဝေသတိ ဘာ-ဝေတိ ဗဟုလီကရောတိ၊ တတ္ထ တဒတ္ထံ သတိ သန္တိဋ္ဌတိ၊ တဒတ္ထံ ဝီရိယံ သန္တိဋ္ဌတိ၊ တဒတ္ထံ ပီတိ သန္တိဋ္ဌတိ၊ တဿ တံ စိတ္တံ အပရာပရံ မနသိကရောတော ပဝတ္တံ သမတိက္ကမိတ္ဝာ အပ္ပဝတ္တံ သြက္ကမတိ၊ အပ္ပဝတ္တမနုပ္ပတ္တော မဟာရာဇ သမ္မာ ပဋ္ဌိပန္နော နိဗ္ဗာနံ သစ္ဆိကရောတီတိ ဝုစ္စတိ။ ။ မိလိန္ဒ-၃၁၀။

မဟာရာဇ၊ မင်းမြတ်။ ယော၊ အကြင်သူသည်။ သမ္မာပဋ္ဌိပန္နော၊ ကောင်းစွာကျင့်၏။ သော၊ ထိုသူသည်။ သခ်ါရာနံ၊ ရူပ်နာမ်ဓမ္မသခ်ါရ တို့၏။ ပဝတ္တံ၊ ဖြစ်သောအစဉ်ကို (ဝါ) ပျက်သောအစဉ်ကို။ သမ္မသတိ၊ သုံးသပ်၏။ ပဝတ္တံ၊ ဖြစ်သောအစဉ်ကို (ပါ) ပျက်သောအစဉ်ကို။ သမ္မ-သမာနော၊ သုံးသပ်သည်ရှိသော်။ တတ္ထ၊ ထိုရူပ်နာမ်ဓမ္မ သခ်ါရ၌။ ဇာတိံ၊ ဖြစ်ဆဲကို။ ပဿတိ၊ မြင်၏။ ဇရံ၊ ရင့်ဆဲကို။ ပဿတိ၊ မြင်၏။ ဗျာဓိံ၊ နာကျင်ဆဲကို။ ပဿတိ၊ မြင်၏။ မရဏံ၊ ပျက်ဆဲကို။ ပဿတိ၊ မြင်၏။ တတ္ထ၊ ထိုရူပ်နာမ်ဓမ္မ သခ်ါရ၌။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ သုခံ၊ ချမ်းသာဖွယ်ကို။ သာတံ၊ သာယာဖွယ်ကို။ နပဿတိ၊ မမြင်လေ။ သော၊ ထိုသူသည်။ တတ္ထ၊ ထိုသခ်ါရ၌။ အာဒီနဝေါ၊ အစမှ လည်းကောင်း၊ မဇ္ဈေ၊ အလယ်မှလည်းကောင်း။ ပရိယောသာနေ၊ အဆုံးမှလည်းကောင်း။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ဂယှ္ဟူပဂံ၊ ယူအပ်သော သခ်ါရကို။ နပဿတိ၊ မမြင်။ မဟာရာဇ၊ မင်းမြတ်။ ပုရိသော၊ ယောကျ်ားသည်။ ဒိဝသံ၊ တစ်နေ့လုံး။ သန္တတ္တော၊ ပူလောင်သော။ ဇလိတော၊ တောက်လောင်သော။ တတ္တော၊ ရဲရဲပြောင်သော။ ကုထိတော၊ ပြင်းထန်သော။ အယောဂုဠေ၊ သံတွေ့ခဲ၌။ အာဒီတောပိ၊ အစမှ လည်းကောင်း၊ မဇ္ဈတောပိ၊ အလယ်မှလည်းကောင်း။ ပရိယောသာနတောပိ၊ **အဆုံးမှလည်းကောင်း။** ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ဂယှ္ဟူပဂံ၊ ယူအပ်သော။

ပဒေသံ၊ အရပ်ကို။ နု ပဿတိယထာ၊ မမြင်သကဲ့သို့။ မဟာရာဇ၊ မင်းမြတ်။ ဧဝမေဝ ခေါ၊ ဤ သံတွေ့ခဲတမူ အတူသာလျှင်။ ယော၊ အကြင်သူသည်။ သခ်ၢါရာနံ၊ သခ်ၢါရတို့၏။ ပဝတ္တံ၊ ဖြစ်သောအစဉ်ကို (ဝါ) ပျက်သောအစဉ်ကို။ ဣမ္မသတိ၊ သုံးသပ်၏။ သော၊ ထိုသူသည်။ ပဝတ္တံ၊ ဖြစ်သောအစဉ်ကို (ဝါ) ပျက်သောအစဉ်ကို။ သမ္မသမာနော၊ သုံးသပ်သည်ရှိသော်။ တတ္ထ၊ထိုသခ်ၢါရ၌။ ဇာတိ ၊ ဖြစ်ဆဲကို။ ပဿတိ၊ မြင်၏။ ဇရံ၊ ရင့်ဆဲကို။ ပဿတိ၊ မြင်၏။ ဗျာဓိ ၊ နာကျင်ဆဲကို။ပဿတိ၊ မြင်၏။ မရဏံ၊ ပျက်ဆဲကို။ ပဿတိ၊ မြင်၏။ တတ္ထ၊ ထိုသခ်ၢါရ၌။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ သုခံ၊ ချမ်းသာဖွယ်ကို။ သာတံ၊ သာယာဖွယ်ကို။ ဒေ၊ဝဒိတောပိ၊ အစမှုလည်းကောင်း။ မဇ္ဈတောပိ၊အလယ်မှလည်းကောင်း။ ပရိယောသာနတောပိ၊ အဆုံးမှုလည်းကောင်း။ နု ပဿတိ၊ မမြင်။ သော၊ ထိုသူသည်။တတ္ထ၊ ထိုသခ်ၢါရ၌။ ကဉ္စိ၊ တစ်စုံဘစ်ခုသော။ဂယ္ဟုပဂံ၊ ယူအပ်သော သခ်ၢါရကို။ နု ပဿတိ၊ မမြင်။ဂယ္ဟုပဂံ၊ ရယူအပ်သောသခ်ၢါကို။ အပဿန္တော၊ မမြင်သော။ တာသာ၊ ထိုယောဂီ၏။ စိတ္တေ၊ စိတ်၌။ အရတိ၊ ငြီငွေ့ခြင်းသည်။ သဏ္ဌာတိ၊ ဖားကောင်းစွာ တည်လာ၏။ ကာယသ္မိ ၊ ကိုယ်၌။ ဥာဟော၊ ပူလောင်ခြင်းသည်။ ဩက္ကမတိ၊ သက်လာ၏။ သော၊ ထိုသူသည်။ အတာဏော၊ ပုန်းခိုရာမရှု၍။ အသရဏော၊ ကိုးစားရာမရှု၍။ အသရဏီဘူတော၊ ကိုးစားရာ မရှိသကဲ့သို့ ဖြစ်၍။ ဘဝေသု၊ ဘုံသုံးပါးတို့၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။

မဟာရာဇ၊ မင်းမြတ်။ ပုရိသော၊ ယောကျ်ားသည်။ ဇလိတဇာလံ၊ တောက်လောင်သော မီးတောက်ရှိသော။ မဟန္တံ၊ ကြီးစွာ သော။ အင်္ဂါကၖန္ဒံ၊ မီးပုံတွင်းသို့။ ပဝိသေယ္ယ၊ ဝင်မှားခြားအံ့။ သော၊ ထိုသူသည်။ တတ္ထ၊ ထိုသခ်ၢါရ၌။ အတာဏော၊ ပုန်းခိုရာမရှု၍။ အသရဏော၊ ကိုးစားရာ မရှု၍။ အသရဏီဘူတော၊ ကိုးစားရာ မရှိသကဲ့သို့ ဖြစ်၍။ အင်္ဂါမှိ၊ မီးပုံတွင်း၌။ နိဗ္ဗိန္ဒေယ္ယ ယထာ၊ ငြီးငွေ့သကဲ့သို့။ မဟာရာဇ၊ မင်းမြတ်။ ဧဝမေဝ ခေါ၊ ဤမီးပုံတွင်းသို့ ဆင်းမှားသောသူ အတူသာ

လျှင်။ ဂယှူပဂံ၊ ယူအပ်သောသင်္ခါရကို။ အပသာနွှယ်၊ မမြင်သော။ တဿ၊ ထိုသူ၏။ စိတ္တေ၊ စိတ်၌။ အရတိ၊ ငြီးငွေ့ခြင်းသည်။ သဏ္ဌာတိ၊ ကောင်းစွာ တည်လာ၏။ ကာယသ္မိံ၊ ကိုယ်၌။ ဥာဟော၊ ပူလောင်ခြင်းသည်။ ဩက္ကမတိ၊ သက်လာ၏။ သော၊ ထိုသူသည်။ အတာဏော၊ ပုန်းခိုရာမရှိ။ အသရဏော၊ ကိုးစားနာမရှိ။ အသရဏီဘူတော၊ ကိုးစားရာ မရှိသကဲ့သို့ဖြစ်၍၊ ဘဝေသု၊ ဘုံသုံးပါးတို့၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။

တဿ၊ ထိုယောဂီသည်။ ပဝတ္တေ၊ ဖြစ်စဉ်၌။ ဘယဒဿာဝီသ၊ ဘေးဟု ရှုလေ့ရှိ၏။ ဧဝံ၊ ဤသို့ ရှုသည်ရှိသော်။ စိတ္တံ၊ စိတ်သည်။ ဥပဋ္ဌိတိ၊ ဖြစ်၏။ ဧတံ ပဝတ္တံ၊ ဤသို့ဖြစ်ခြင်း အစဉ်သည်။ သန္တတ္တံ-ခေါပန၊ ပူလောင်လှ၏တကား။ ဧတံ ပဝတ္တံ၊ ဤသို့ဖြစ်ခြင်းအစဉ်သည်။ အာဒီတ္တံခေါပန၊ ရဲရဲတောက်သည်တကား။ ဧတံ ပဝတ္တံ၊ ဤသို့ဖြစ်ခြင်းအစဉ်သည်။သမ္ပဇ္ဇလိတံခေါပန၊ အလျှံတပြောင်ပြောင်တောက်လောင်၏တကား။ ဧတံ ပဝတ္တံ၊ဤသို့ဖြစ်ခြင်းအစဉ်သည်။ ဗဟုဒုက္ခံ ခေါပန၊ ဒုက္ခများလှ၏တကား။ ဧတံ ပဝတ္တံ၊ဤသို့ဖြစ်ခြင်းအစဉ်သည်။ ဗဟုပါယာသံ-ခေါပန၊ ပူပန်ခြင်းများလှ၏တကား။ ကောစိ၊ တစ်စုံတစ်ယောက်သည်။ အပ္ပဝတ္တံ၊ သင်္ခါရတို့ အစဉ်မဖြစ်ရာကို။ ယဒိ၊ အကယ်၍။ လဘေထ၊ ရလေရာ၏။ ယဒိဒံ သဗ္ဗသင်္ခါရ သမထော၊ အကြင် အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းအေးရာသည်။ ယဒိဒံ သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ၊ အကြင် အလုံးစုံသော ခန္ဓာငါးပါးတို့၏ လွတ်လွတ် စွန့်ပစ်ရာသည်။ ယဒိဒံ တဏှာက္ခယော၊ အကြင်တဏှာ၏ ကုန်ခန်းရာသည်။ ယဒိဒံ ဝိရာဂေါ၊ အကြင် ရာဂကင်းရာသည်။ ယဒိဒံ နိရောဓော၊ အကြင် သင်္ခါရတို့၏ ချုပ်ရာသည်။ ယဒိဒံ နိဗ္ဗာနံ၊ အကြင်တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်၏။ ဧတံ၊ ဤနိဗ္ဗာန်သည်။ ပဏီတံ၊ မွန်မြတ်၏။ ဣတိ၊ ဤသို့။ ဥပဋ္ဌိတိ၊ ဖြစ်၏။ ဣတိဟိ၊ ဤသို့လျှင်။ ဟဿ၊ ထိုသူ၏။ ဧတံ စိတ္တံ၊ ဤစိတ်သည်။ အပ္ပဝတ္တော၊ သင်္ခါရအစဉ်မဖြစ်ရာ နိဗ္ဗာန်၌။ ပက္ခန္ဒတိ၊ ပြေးဝင်၏။

ပသီဒတိ၊ ကြည်လင်၏။ သမ္မဟံသယတိ၊ ရှင်ပျ၏။ မေ၊ ငါ့အား။ နိဿရဏံ၊ သင်္ခါရမှ ထွက်မြောက်ကြောင်းကို။ ပဋိလဒ္ဓံခေါ၊ ရအာပ်လေပြီ။ ဣတိ၊ ဤသို့။ တုသိယတိ၊ နှစ်သက်၏။

မဟာရာဇ၊ မင်းမြတ်၊ ဝိပွနဋ္ဌော၊ ပျက်စီးသော။ ဝိဓေဿပက္ခေနော၊ ခရီးမှားသို့ ရောက်သော။ ပုရိသော၊ ယောကျ်ားသည်။ နိဗ္ဗာနမဂ္ဂံ၊ ထွက်မြောက်ကြောင်းဖြစ်သော ခရီးကို။ ဒိသွာ၊ မြင်၍။ တတ္ထ၊ ထိုခရီးလမ်းမှန်၌။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ပသီဒတိ၊ ကြည်၏။ သမ္မဟံသယတိ၊ ကောင်းစွာ ရှင်၏။ မေ၊ ငါ့အား။ နိဗ္ဗာနမဂ္ဂေါ၊ ထွက်မြောက်ကြောင်းဖြစ်သော ခရီးကို။ ပဋိလဒ္ဓေါ၊ ရအာပ်ပြီ။ ဣတိ၊ ဤသို့။ တုသိယတိယထာ၊ နှစ်သက်သကဲ့သို့။ မဟာရာဇ၊ မင်းမြတ်။ ဝေမေဝ-ခေါ၊ လမ်းမှန်ကိုမူ ဝေဖွဲ့သောသူ၏ ဤအတူသာလျှင်။ ပဝတ္တော၊ ဖြစ်ခြင်းအစဉ်၌။ ဘယဒဿာဝီသု၊ ဘေးဟုရှုလေ့ရှိသော ယောဂီအား။ အပ္ပ-ဝတ္တော၊ ဖြစ်ခြင်းမရှိသော နိဗ္ဗာန်၌။ စိတ္တံ၊ စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ပသီဒတိ၊ ကြည်လင်၏။ သမ္မဟံသယထိ၊ ရှင်ပျ၏။ မေ၊ ငါ့အား။ နိဿရဏံ၊ ထွက်မြောက်ကြောင်းကို။ ပဋိလဒ္ဓံခေါ၊ ရအာပ်ပြီ။ ဣတိ၊ ဤဆို။ တုသိယတိ၊ နှစ်သက်၏။

သော၊ ထိုယောဂီသည်။ အပ္ပဝတ္တတ္ထာယ၊ နိဗ္ဗာန်၏ အကျိုးငှါ။ မဂ္ဂံ၊ ရောက်ကြောင်းခရီးကို။ အာယူဟတိ၊ အားထုတ်၏။ ဂဝေသတိ၊ ရှာ၏။ ဘာဝေတိ၊ ပွားများ၏။ ဗဟုလီကရောတိ၊ အကြိမ်များစွာ ပြု၏။ တတ္ထ၊ ထိုအားထုတ်ရာ၌။ ဒဒတ္ထံ၊ ထိုနိဗ္ဗာန်အကျိုးငှာ၊ သတိ၊ သတိသည်။ သန္ဋိဋ္ဌတိ၊ ကောင်းစွာ တည်၏။ တဒတ္ထံ၊ ထိုနိဗ္ဗာန်အကျိုးငှာ။ ဝီရိယံ၊ ဝီရိယသည်။ သန္ဋိဋ္ဌတိ၊ စွဲ၍ တည်၏။ တဒတ္ထံ၊ ထိုနိဗ္ဗာန်အကျိုးငှာ။ ပီတိ၊ ပီတိသည်။ သန္ဋိဋ္ဌတိ၊ စွဲ၍တည်၏။ တဿ၊ ထိုယောဂီအား။ တံစိတ္တံ၊ ထိုစိတ်ကို။ အပရာပရံ၊ အထပ်ထပ်။ မနသိ-ကာရောတော၊ နှလုံးသွင်းစဉ်။ ပဝတ္တံ၊ ဖြစ်ခြင်းအစဉ်ကို၊ (ဝါ) ပျက်ခြင်းအစဉ်ကို။ သမတိက္ကမိတ္ဝာ၊ လွန်၍။ အပ္ပဝတ္တံ၊ ဖြစ်ခြင်းမရှိသောနိဗ္ဗာန်သို့

(ဝါ)ဖြစ်ခြင်းမရှိသော နိဗ္ဗာန်အာရုံသို့။ သြက္ကမတိ၊ သက်၏။ မဟာရာဇ၊ မင်းမြတ်။ အပ္ပဝတ္ထုံ၊ ဖြစ်ခြင်.မရှိသော နိဗ္ဗာန်သို့။ (ဝါ) ဖြစ်ခြင်းမရှိသော နိဗ္ဗာန်အာရုံသို့။ အနုပ္ပတ္တော၊ အစဉ်ရောက်သော။ သမ္မာပဋိ-ပန္နော၊ ကောင်းစွာကျင့်သောသူကို။ နိဗ္ဗာနံ သစ္ဆိကရောတိတိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုသြက္ကမဓာတ်ဟုဆိုအပ်သော နိဗ္ဗာန်အာရုံတော်ကြီးကို သက်လို လှသော ယောဂီသည် ဤသို့ ပြုနိုးပြီးသော–

(၁) လက္ခဏဝဝတ္ထာန ဝါရ
(၂) အနုလောမခန္တီ ဝါရ
(၃) နာမရူပပဝတ္တိက္ကမ ဝါရ
(၄) နာမရူပသဘာဂ ဝါရ
(၅) မဟာဝိပဿနာ ဝါရ—

အားဖြင့် ငါးပါးသောဝါရတို့တွင် တစ်ပါး တစ်ပါးသောဝါရ၌ ကိုးလ' ကိုးလတို့တိုင်တိုင် အားထုတ်ရာ၏။

ထိုသို့အားထုတ်၍ သမ္မသနဓာတ်ဟုဆိုအပ်သော အနိစ္စ,ဒုက္ခ,အနတ္တ' နိဗ္ဗိန္ဒဓာတ်ဟုဆိုအပ်သော နိဗ္ဗိန္ဒ, ခယဝိရာဂ, ခယနိရောဓ, ပရိစ္စာဂ, ဝေါဿဂ္ဂ၊ ပက္ခန္ဒနဓာတ်ဟုဆိုအပ်သော အစ္စန္တဝိရာဂ, အစ္စန္တနိရောဓ, ပက္ခန္ဒန, ဝေါဿဂ္ဂသို့ သက်ဝင်၍ သြက္ကမဓာတ်ဟု ဆိုအပ်သော နိဗ္ဗာန်အာရုံတော်ကြီးကို သက်နိုင်သည်ဖြစ်အံ့၊ ထိုငါးပါးသော ဝါရတို့တွင် တစ်ပါးတစ်ပါးသောဝါရဖြင့် သက်စေရ၏။ မသက်နိုင်သေးသည်ဖြစ်အံ့၊ တစ်ဖန် လက္ခဏဝဝတ္ထာနဝါရကစ၍ တစ်ဆယ့်ရှစ်လစီ, သုံးနှစ်စီ ပြန်၍ ပြန်၍ အားထုတ်ရာ၏။

အကြင်ယောဂီသည် ထိုငါးပါးသောဝါရတို့တွင် တစ်ပါးပါးသော ဝါရဖြင့် သုံးသပ်နိုင်၏။ သခ်ါရထင်လှယ်၏။ ထိုချမ်းသားသော ဝါရဖြင့်

သာလျှင် အသက်ထ က်ဆုံးယူကျ ုံးသိမ်းပိုက် စီးဖြန်းရာ၏။ထိုယောဂီသည် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဟု ဆိုအပ်သော ပဋိသခ်ါဉာဏ်, သခ်ါရုပေက္ခာ ဉာဏ်တို့ကို အတန်တန် အာသေဝန၊ ဘာဝန၊ဗဟုလီကရဏပြု သည်ရှိသော် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ တို့သည် လွန်စွာထက်မြက်လှ၍ ဩကာသမဓေတ်ဟုဆိုအပ်သော မဂ်ဉာဏ်သို့ သက်တော့မည်ဖြစ်အံ့၊ ထိုအခါ ၎င်းဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တတို့တွင် တစ်ပါးပါးကို နှလုံးသွင်း၍ မနေ။ဒုဒ္ဓါရုဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလောမဉာဏ်ဟု ဆိုအပ်သော အနုလုံ၊ ဂေါတြဘူဉာဏ်ဟု ဆိုအပ်သော ဂေါတြဘူသို့ ပြေးဝင်၍ ၎င်းဂေါတြဘူဉာဏ်သည် မဂ်ဉာဏ်အား အမှတ်ပေး၍ သက်စေလျက် ချုပ်ငြိမ်းလေ၏။ (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ)။

၅၀—အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့နှင့် တကွ မဂ်ကို ကူးနိုင်ခြင်း

ပြခဲ့ပြီးသော လေးပါးသောခေတ်တို့တွင် သြဝဏ္ဏမခေတ်ဟုဆိုအပ်သော သောဘာပတ္တိမဂ် ဉာဏဒဿနဝိသုဒ္ဓိကို ပစ္စက္ခအားဖြင့် သက်လိုသော ပြဿဒုံစေလိုသော ယောဂီသည် ဥဒယ အစ အနုလောမ အဆုံးရှိသော ဝိပဿနာဉာဏ်တို့ကို အဖန်ဖန် အာသေဝန၊ ဘာဝန၊ ဗဟုလီကရဏ ပြုသည်ရှိသော် ဝိပဿနာအာနုဘော်အားလျော်စွာ ရွှန်ရင်းကြမ်းကြုတ် ကုန်သော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကို ကွယ်စေအပ်သည်ရှိသော် အလုံးစုံသောရူပ်နာမ်ဓမ္မသခ်ါရတို့၌ မိမိစိတ်သည် မပြေးဝင်မတည် နှလုံးမသွင်း မကပ်ငြို၊ ပဒုမ္မာကြာဖက်မှလျှောကျသော ရေကဲ့သို့ တွန့်လိပ်၍ တည်၏။ အလုံးစုံသော သခ်ါရနိမိတ်ဟူသော ဝိပဿနာ အာရုံသည်လည်းကောင်း, အလုံးစုံသော အရှိန်မစဲ တသဲသဲ တလျှပ်လျှပ် စပ်၍ ဖြစ်တတ်သော ဥပါဒိန္နက ခန္ဓာဟူသော ပဝတ္တ အာရုံသည်လည်းကောင်း အလွန်ကြောင့်ကြသည်ဖြစ်၍ ထင်၏။ ထိုယောဂီအား အလုံးစုံသော နိမိတ္တ၊ ပဝတ္တ အာရုံသည် ကြောင့်ကြသောအားဖြင့် ထင်

လတ်သော် နှစ်ကြိမ် သုံးကြိမ်မြောက်သော အနုလောမဉာဏ်၏အဆုံးဌ် (၀၊) ပရိကံ၊ ဥပစာ၊ အနုလုံ၏ အဆုံးဌ် ဝိပဿနာအာရုံဟူသော သင်္ခါရ နိမိတ်မှကင်းယော အစဉ်မလပ် စပ်၍ ဖြစ်ခြင်းဟူသော ပဝတ္တအာရုံမှ ကင်းသော သင်္ခါရမဟုတ်သော သင်္ခါရ၏ချုပ်ရာ ဖြင့်သော နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်ဘို၏အနှယ်၊ အမည်၊ ပညတ်၊ အရာ၊ အခိုက် အတန့်ကိုလွှမ်းမိုးဖျက်ဆီး၍ အရိယာတို၏အနှယ်၊ အမည်၊ ပညတ်၊ အရာ ဟူသော အဝတ္ထုဘုံသို့ သက်ဝင်လျက် နိဗ္ဗာန်အာရုံဌ်ရှေးဦးစွာလည်ခြင်း နှလုံးသွင်းခြင်းဆင်ခြင်ခြင်းဖြစ်၍ဖြစ်သောမဂ်စိတ်အား အနန္တရသမနန္တရ အာသေဝန ဥပနိဿယ နတ္ထိ ဝိဂတ ဟူသော ခြောက်ပါးသော ပစ္စယာဝတ္တိတို့ဖြင့် ကျေးဇူးပြုလျက် အပြီးသို့ရောက်သော အဦးဖြစ်သော ကေန္ဒအားဖြင့် တစ်ကြိမ်သာဖြစ်အပ်သော ဂေါတြဘူဉာဏ်သည်ဖြင့်၍ ချုပ်၏၊ထို့ကြောင့် ၎င်းဂေါတြဘူဉာဏ်သည် မဂ်စိတ်၏အာဝဇ္ဇန်း မည်၏။

(ဥပမာ) ရေမြောင်းကြီးတစ်ခုကို ခုန်လိုသော ယောကျ်ားသည် လျှင်စွာပြေး၍ ဤမှာဘက်ကမ်းဌ်နှောင်ဖွဲ့အပ်သော ကြိုးကိုလည်းကောင်း၊ လှောင်ကန်ကိုလည်းကောင်း ကိုင်၍ ခုန်သည်ရှိသော် ထိုမှာဘက်ကမ်းသို့ ညွှတ်သော ကိုယ်ရှိသည်ဖြစ်၍ ထိုမှာဘက်ကမ်း၏အထက်သို့ ရောက်သည် ဖြစ်၍ ကိုင်သော ကြိုး,လှောင်ကန်တို့ကို လွှတ်၍ ထိုမှာဘက်ကမ်းဌ်တည်ရှာ သကဲ့သို့တည်း။ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း ဘဝ, ယောနိ,ဂတိ ဟူဆိုအပ်သော ဤမှာဘက်ကမ်းမှ နိဗ္ဗာန်အာရုံဟူဆိုအပ်သော ထိုမှာ ဘက်ကမ်းဌ် တည်လိုသည်ဖြစ်၍ ဥဒယဝယအစရှိသော ဝိပဿနာဉာဏ် အဟုန်တို့ဖြင့် ရူပ်ကိုလည်းကောင်း၊ နာမ်ကိုလည်းကောင်း အနိစ္စ, ဒုက္ခ, အနတ္တတို့တွင် တစ်ပါးပါးဖြင့် ဆွဲကိုင်လျက် နိဗ္ဗာန်တည်းဟူသော ထိုမှာ ဘက်ကမ်းသို့ ကျရှာလေ၏။ ထိုစကားဌ် အနုလောမဉာဏ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာဟူသော အမိုက်မှောင်ကို ဖျောက်နိုင်၏၊ နိဗ္ဗာန်ကိုကား အာရုံမပြုနိုင်၊ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုကား အာရုံ ပြုနိုင်၏၊ကိုလေသာဟူသော အမိုက်မှောင်ကို မဖျောက်နိုင်။

အဘယ်ကဲ့သို့ နှသ်းဟူမှု မျက်စိအမြင်နှင့် ပြည့်စုံသော ယောဂျားသည် စန်းယုဉ်နက္ခတ်ကို သိအံ့ဟူ၍ အိမ်မှထွက်၍ မော်လျက် ကြည့်လတ်သော် ထိုအခါ လကို တိမ်တိုက်ဘို့သည် ပုံးလွှမ်းခြင်းကြောင့် လကို မမြင်ခဲ့။ ထိုယောဂျားရှစင်အခါ တစ်ခုသောလေသည် ထ၍ ထူသော တိမ်တိုက်ကို လွင့်၏။ ထို့နောင် နှစ်ခုသောလေသည် တ၍ မထူမပါးသော တိမ်တိုက်ကို လွင့်၏၊ ထို့နောင် သုံးခုသောလေသည်ထ၍ သိမ်မွေ့ပါးလျားသော တိမ်တိုက်ကို လွှင့်သည်ရှိသော် ကြည်လင်သန့်ရှင်းစွာ လနှင့်တကွ နက္ခတ်ကို မြင်ရဘိသကဲ့သို့တည်း။

ဤဥပမာ၌ တိမ်တိုက်သုံးခုကဲ့သို့ သစ္စာပဋိစ္စာဒက ကိလေသာ အမိုက်မှောင် သုံးပါးကို မှတ်ရမည်။ လေသုံးပါးကိုကဲ့သို့ အနုလုံသုံးပါးကို၊ (၀ါ) ပရိကံ–ဥပစာ-အနုလုံတို့ကို မှတ်ရမည်။ မျက်စိအမြင်နှင့် ပြည့်စုံသော ယောဂျားကဲ့သို့ အလွန်စင်ကြယ်သော နိဗ္ဗာန်အာရုံတော်ကြီးကို မြင်နိုင်သော ဂေါတြဘူဉာဏ်ကို မှတ်ရမည်။ ထိုဂေါတြဘူဉာဏ်သည် မဂ်၏ အာဝဇ္ဇန်းဖြစ်၍ အနုလောမစသော အောက်အောက်ဖြစ်သော ဝိပဿနာ ဉာဏ်တို့ကဲ့သို့ သင်္ခါရကို အာရုံမပြုမူ၍ မဂ်စိတ်ကို ငါကဲ့သို့ နိဗ္ဗာန်ကို အာရုံပြုပါလောဟု အမှတ်ကို ပေးသကဲ့သို့ ဖြစ်၍ ချုပ်၏။ မဂ်စိတ်သည်လည်း ထိုဂေါတြဘူဉာဏ်ပေးသော နိဗ္ဗာန် အာရုံအမှတ်ကို မလွှတ်မူ၍ သာလျှင် အကြားမလပ် တစ်စပ်တည်းလိုက်လျက် ဖောက်မထွင်း မခဲ့ မစိုက်ဖူးသေးသော လောဘအစု, ဒေါသအစု, မောဟအစုတို့ကို ဖောက်ထွင်းခဲ့စိတ်၌ သာလျှင် ဖြစ်၏။

အဘယ်ကဲ့သို့နည်းဟူမူ သဒ္ဒေ၀ခ် လေးအတာ်ကို တတ်သော လေးသမားကို စူးစမ်းအံ့ သောငှာ ဆီဆုံချားကဲ့သို့ အပေါင်ဝ.ပ်၍ အပေါင်လှည့်ဘိုင်း လှည့်ဘိုင်း ထိခိုက်အပ်သော အမှတ်တိုင်ငယ်ကို စိုက်လျက် ထိုတိုင်ငယ်နှင့်တည့်တည့်ပိတောက်နှစ် ပျဉ်ချပ်တစ်ရာကို ထိုယန္တရားမှ ရှစ်ဉသဘဝေးသောအရပ်၌ စိုက်ထားစေ၍ လေးသမားကို

ယန္တရားခ္ဍ ရပ်စေလျက် မျက်နှာကိုဦးရစ်စည်းလျက် အချင်းလေးသမား-ယန္တရားအပေါင်ခတ်သော အသံတူရွ၏ရှစ်ဥသဘခ္ဍ ပိတောက်နှစ်ပျဉ်ချပ်ကစ်ရာရှိ၏၊ ပစ်ဘိလေ့ဟု လေးသမားကို ယန္တရားခ္ဍတင်၍ တစ်ပါးသော ယောကျ်ားသည် ယန္တရားကိုလည်စေ၏။ ထိုအခါ လေးသမားသည် ကောင်းစွာ ဖွဲ့အပ်သော မြားရှိသောလေးကိုကိုင်လျက် တျက်, တျက် ဟူသော အသံ၏အမှတ်ကိုမလွတ်မူ၍ ထိုပိတောက်နှစ် ပျဉ်ချပ်တစ်ရာကို ဖောက်ထွင်း ခဲ့စိတ်အောင် ပစ်နိုင်ဘိသကဲ့သို့တည်း။

ထိုဥပမာခ္ဍ တျက်, တျက်, ဟူသော တိုင်ငယ်၏အသံ အမှတ်အသားကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်ရမည်၊ လေးသမားကဲ့သို့ မဂ်ဉာဏ်ကို မှတ်ရမည်။ ထိုစကား မှန်၏၊ လေးသမားသည် တျက်, တျက်, ဟူသော အသံအမှတ်ကို မလွတ်မူ၍ ပိတောက်နှစ် ပျဉ်ချပ်ကို ဖောက်ထွင်းအောင် ပစ်နိုင်သကဲ့သို့ မဂ်ဉာဏ်၏ ဂေါတြဘူသည် ပေးသောအမှတ်ကို မလွတ်မူ၍ နိဗ္ဗာန်တည်းဟူသော အာရုံတော်ကြီးကို အာရုံပြု၍ အနုမတာဂ်စက်သံသရာ အဏ္ဏဝါခ္ဍ ရုံခါလေမျှ အိပ်မက်တွင်မှသော်လည်း မဖောက်မထွင်း မခဲ့မစိတ်ဖူးသေးသော လောဘ-ဒေါသ-မောဟ-အစုတို့ကို အသင်္ခတခေတ် မွန်မြတ်သော နိဗ္ဗာန် အာရုံတော်ကြီးကို မျက်ဝါးဆတ်ဆတ် တပ်တပ်ထင်ထင် ပစ္စက္ခအားဖြင့် သိမြင်ရခြင်းဟူရာ စကားရပ်ခ္ဍ နက်နဲသည်၊ ခက်ခဲသည်၊ သိနိုင်ခက်သည်။ အနွယုထုဇဉ် ကလျာဏပုထုဇဉ် လူသာမန်တို့၏ အရာမဟုတ်ကုန်။ ပိဋကတ်သုံးပုံကြီးကို ပါဠိအားဖြင့်လည်းကောင်း၊ အနက်အားဖြင့်လည်းကောင်း၊ အနုသန္ဓေအားဖြင့် လည်းကောင်း ဌေနောက်အားဖြင့် အထက်အောက်ပြန်လှန်လျက် သင်ကြားပို့ချနိုင်ပါငြားသော်လည်း ထိုနိဗ္ဗာန်အာရုံတော်ကြီးကို မျက်မှောက်မပြုဖူးပါက ပညာရှိ

မမည်ကုန်။ ဝိညာဏစရိတမျှသာ မည်မေးသည်။ အနိစ္စ ဒုက္ခ အနတ္တ တို့ကို ဒီဋ္ဌထင်ထင်သိမြင်ရ၍ ဤယနေ့ ရဟန္တာဖြစ်စေရမည်ဟု အားထုတ်ဆဲ ဖြစ်သော ကလျာဏ ပုထုဇဉ်သည်လည်း ပညာရှိ မမည်၊ ပညဝါပကွမျှသာ မည်မေးသည်။ အကြင်သူသည် အသခ်ံတဓာတ် မှန်မြတ်သော နိဗ္ဗာန် အာရုံတော်ကြီးကို တစ်ကြိမ်မျှမြင်ဖူး၏၊ ထိုသူသည်သာလျှင် ကေန္တ ပညာရှိမည်ပေ၏။ ထို့ကြောင့် ကေန္တပညာရှိကြီးတို့၏ အရေးဖြစ်၍ နကဲနဲသည် ခက်ခဲသည် သိနိုင်ခက်သည်။

> တသ္မာ ပညဝါတိ ဝုစ္စတိ ဇော ဟေဋ္ဌိမကောဋ္ဌိယာ သောတာပန္နော ဥပရိမကောဋ္ဌိယာ ခီဏာသဝေါ ပညဝါ နိဒ္ဒေ၂–
>
> မ ၆-၂၂-၄

အစရှိသော မဟာဝေဒလ္လသုတ် အဋ္ဌကထာကြီးကို ထောက်။

တသ္မာ ပညဝါတိ ဝုစ္စတိတိ ပဿ၊ ဟူသော ဤပ၊ ဒဋ္ဌ၊ ဟေဋ္ဌိမကော-ဋ္ဌိယာ၊ အောက်ဆုံးအစွန်းအား ဖြင့်။ သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်ကို။ ဥပရိမကောဋ္ဌိယာ၊ အထက်အစွန်းအား ဖြင့်။ ခီဏာသဝေါ၊ ရဟန္တာပုဂ္ဂိုလ်ကို။ ပညဝါတိ၊ ပညာရှိဟူ၍။ နိဒ္ဒိဋ္ဌော၊ ပြအပ်၏။

ထိုသို့ နက်နဲခက်ခဲလှစွာသော အသခ်ံတဓာတ်မှန်မြတ်သော နိဗ္ဗာန် အာရုံတော်ကြီးကို ပစ္စက္ခအားဖြင့် မျက်မှောက်ပြုလိုက်ရခြင်းကြောင့် ထိုမျက်မှောက်ပြုဆဲခဏမှစ၍ ခန္ဓာငါးပါးတည်းဟူသော ဤလောကဌ် (၀၊) မဂ်ကိုရောက်ဆဲဖြစ်သော ဘူမိလဒ္ဓတည်းဟူသော လောကဌ် ဂဟဏုပါဒါန်, ပစ္စယုပါဒါန်နှစ်ပါးတို့ဖြင့် စွဲလမ်းခြင်းမရှိ ဌိတိဘာဝသန္တတ္တ ဂုဏ်ကိုပြတော်မူလိုသော သုံးလူ့ဘချစ်ဆွေ တို့ဆရာ စိန္တေသည်....
"သော သတောဝ အသ္သသတိ။ (လ) ။အနိသိတော စ ဝိဟရတိ" ဟူသော သမာဓိ လောကီပညာ ဒေသနာကိုထင်စွာဟောကြားပြီးသည်၏ အခြားမဲ့ဌ်–

နစ ကိုဠိ လောကေ ဥပါဒိယတိ၊ ဝေ ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ–
ဟူသော ဒေသနာကို မိန့်မှာကျ။ ။ရင့်တော်မူပေ၏။ ဒီ ၂၊ ၂၃၂။

လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသော လောကဌ်။ (၀၊) နိဗ္ဗာန်အာရုံကို မြင်ဆဲဖြစ်သော ဘူမိလဒ္ဓဟူသော လောကဌ်။ ကိုဠိ၊ တစ်စုံတစ်ခုသော ရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ကို။ အတ္တာတိ၀ါ၊ ငါအစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်လည်းကောင်း။ အတ္တနိယန္တိ၀ါ၊ ငါ၏ဥစ္စာဟူ၍ တဏှာအားဖြင့်လည်းကောင်း။ နစဥပါဒိယတိ၊ ဥပါဒါန်နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် မစွဲ၊ မ်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေ၀ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ နာမကာယဌ်။ ကာယာ-နုပဿီ၊ ရူပကာယ နာမကာယကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဥပါဒါန်နှစ်ပါးဟူရာ–ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တ၀ါဒုပါဒါန်ဤလေးပါးသည် ဂဟဏုပါဒါန်မည်၏။ အကြောင်းကြောင့် အကျိုးတို့ ဖြစ်ခြင်းဟူသော အ၀ိဇ္ဇာပစ္စယာ သင်္ခါရာ အစရှိသော အကြောင်း–အကျိုး–မချုပ်ငြိမ်းသေးသော တရားသည် ပစ္စယုပါဒါန် မည်၏။ ဤအသင်္ခတခေတ် မွန်မြတ်သော နိဗ္ဗာန်အာရုံတော်ကြီးကို မျက်မှောက်ပြုရာ၌ အကြောင်းအကျိုးဖြစ်သော ရူပ်နာမ် တရားတို့၏ ချုပ်ငြိမ်းဟန်ကို ကေန်ပြပေရကား ပစ္စယုပါဒါန်ဖြင့် မစွဲ၊ မ်းသော နိဗ္ဗာန်ဟူလို။ (ဂဟဏုပါဒါန်လည်းပါ၏။)

အနုပါဒါပရိနိဗ္ဗာနတ္ထံ ခေါ အာ၀ုသောတိ ဣတ္ထ အနုပါဒါ–ပရိနိဗ္ဗာနံ နာမ အပ္ပစ္စယပရိနိဗ္ဗာနံ။ မ ၆-၂၊ ၆၂။

အနုပါဒါ ပရိနိဗ္ဗာနတ္ထံ ခေါ အာ၀ုသောတိ ဣတ္ထ၊ ဟူသော ဤပါဋိ၌။ အနုပါဒါ ပရိနိဗ္ဗာနံ နာမ၊ မစွဲလမ်းခြင်းသည် နိဗ္ဗာန်မည်သည်ကား။

အပ္ပစ္စယ ပရိနိဗ္ဗာနံ၊ အပ္ပစ္စယပရိနိဗ္ဗာန်တည်း။ (၀၊) အကြောင်းအကျိုး ငြိမ်းသော တရားထူးတစ်ခုပင်တည်း။

ထိုအသခ်ိတ, အပ္ပစ္စယ နိဗ္ဗာနအာရုံကို ပစ္စက္ခအားပြင့် မျက်မှောက်ပြုရခြင်းကြောင့် ခန္ဓာငါးပါးတည်းဟူသော ဤလောကဌ် ဥပါဒါန်တို့ မစဲ့လမ်းဟန်ကို ဤဆိုလတ္တံ့ သော ပဉ္စာကထနတို့ဖြင့် အမျိုးကောင်းသား ယောဂျားသူမှန် ပညဝန်သူမြတ်တို့ ဆုံးဖြတ်ယုံကြည်အင်ကုန်၏။

၅၉– မဂ်ဖိုလ်တို့ အာရုံပြုအပ်သော နိဗ္ဗာန်ကို ပုစ္ဆာ ၇-ချက်တို့ဖြင့်မေးပုံ

(၁) အဘယ့်ကြောင့် နိဗ္ဗာန်မည်သနည်း၊

(၂) ထိုနိဗ္ဗာန်သည် အဘယ်မျှ ပြားသနည်း၊

(၃) ထိုနိဗ္ဗာန်၏ သဘောသည် အဘယ်သို့ရှိသနည်း၊

(၄) ထိုနိဗ္ဗာန်ကို အဘယ်သူ ဟောအပ်သနည်း၊

(၅) ထိုနိဗ္ဗာန်ကို အဘယ်မှာရှာရမည်နည်း၊

(၆) နိဗ္ဗာန်ကို အဘယ်သူသာ မြင်အပ်သနည်း၊ အဘယ်သူ မမြင်အပ်သနည်း၊

(၇) ထိုနိဗ္ဗာန်ကို မြင်သောအခါ အဘယ်သို့ မြင်ရာဘီသနည်း၊

ဤသို့ ပုစ္ဆာ (၇) ပါးတို့ဖြင့် မေးအပ်၏။

၆၀–နိဗ္ဗာန်၏ ဝစနတ္ထကို ပြခြင်း

ထိုပုစ္ဆာ (၇)ပါးတို့တွင် အဘယ့်ကြောင့် နိဗ္ဗာန်မည်သနည်းဟူသော ပဌမပုစ္ဆာ၌ "ဝါနသခ်ါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ" ဟူသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ။ "ဝါနသခ်ါတာယ တဏှာယ

နိုက္ခန္တံ"ဟူသော ဋီကာကျေး။ "ဝါနတော နိုက္ခန္တတ္တာ နိဗ္ဗာနံ"ဟူသော သင်္ဂြိုဟ်ဋီကာဟောင်း။ "တတော ဝါနတော နိုက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ"ဟူသော အဘိဓမ္မာဝတာရအဋ္ဌကထာတို့နှင့် အညီ ဝါန ဟု ဆိုအပ်သော ဇရာမှာမှ ကင်းလွတ်ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်မည် ဟူလေ။ ဤအဋ္ဌကထာ ဋီကာတို့အလိုအားဖြင့် "ဝါနတော နိုက္ခန္တတ္တာ နိဗ္ဗာနံ"ဟု ဝစနတ္ထပြု။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝါနတော၊ တဏှာမှ၊ နိုက္ခန္တံ၊ ကင်းလွတ်ထွက်မြောက်၏။ဤတိတသ္မာ၊ထို့ကြောင့်။ တံမဇ္ဇာတံ၊ ထိုတရားသဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ နိ-ပုဒ်,ဝါန-ပုဒ်၊ နိ-ကား နိုက္ခန္တတ္ထ။ နိ ကို နာမ်ပုဒ်ဟူသော် ပဋ္ဌမိတပ္ပုရိသ်။ မဏိသာရမဇ္ဇု။ဤ ဝါနတော နိုက္ခန္တံ စသည်၌ ဝါန-သဒ္ဒါကို ကတ္တုသာဓ်, နိ-နှင့် ဝါနကို ပဋ္ဌမိတပ္ပုရိသ်သမာသ် ပြုရမည့်အကြောင်းကို ဤ စ ပဌမဝိဂဟပေ ဝိသံသိဗ္ဗနေတိ ဓာတု။ဝါန-သဒ္ဒါ ကတ္တုသာဓနော၊ နိဗ္ဗာနသဒ္ဒါ စ ပဋ္ဌမိဘပ္ပုရိသသမာသော"ဟူ၍ ပြဆိုသည်နှင့်အညီတည်း။

စ၊အထူးကိုဆိုဉီးအံ့။ဤ၊ဤနှစ်ဝိဂဟ်တို့တွင်။ပဌမဝိဂဟေ၊၌။ဝိ၊ဝိသဒ္ဒါ၊ သည်။ သံသိဗ္ဗနေတိ အဓိပ္ပာ၊ ချုပ်စပ်ခြင်းဟူသော အနက်၌။ ဓာတု၊ ဖြစ်သော ဓာတ်တည်း။ ဝါန သဒ္ဒါ၊ ဝါနသဒ္ဒါသည်။ ကတ္တုသာ-သာဓနော၊ ကတ္တုသာဓ်ဖြင့်ပြီး၏။ နိဗ္ဗာနသဒ္ဒါစ၊ သည်လည်း။ ပဋ္ဌမိ-ဘ ပ္ပုရိသသမာသော၊ တည်း။ ဝါနနိ ဟုဆိုအပ်လျက် ပုဒ်ကို ရှေ့နောက် ပြန်ခြင်း ပဒဝိပရိတ်ပြု၍ ဝ၊ကို ဗပြု၍ ယင်းဗကို ဒွေးဘော်ပြု၍ နိဗ္ဗာန-ဟုဖြစ်သည်။ နိ-ကိုဥပသာရသော် လည်းကောင်း၊ နိပါတ်သော်လည်း ကောင်း ယူမူ–ဥပသဂ္ဂ နိပါတပုဗ္ဗကော အဗျယီဘာဝေါ ဟူသည်နှင့် အညီ ဥပသာရနိပါတ်ပုဒ်အနက် ပြဋ္ဌာန်းခြင်းရှိသောကြောင့် အဗျယီ-ဘော။ ဤနှစ်နောက်နည်းအလိုသော်ပဒဝိပရိတ်ပြုဖွယ်မရှိပြီ။"နိုက္ခန္တေတ္တာ-တိ ဝိသံယောဂဝသေန နိဿဋ္ဌတ္တာ" ဟူသော အဘိဓမ္မာဝတာရဋီကာ အလိုအားဖြင့် တဏှာမှထွက်မြောက်သော ဟူသည် တဏှာနှင့် မယှဉ်

သည်၏အစွမ်းဖြင့် တရားမှလွတ်သည်ဟူလို၏။ နိကွန္ဒတ္တာကို "အနာ-သဝဘာဝေန တဗ္ဗိသယာတိတတ္တာ"ဟု ဖွင့်သော သင်္ဂြိုဟ်ဋီကာဟောင်း၊ "ဝိ ဃယာတိ ဣမနုပသေန အာ[illegible]တတ္တာ"ဟု ဖွင့်သော ဋီကာကျော်တို့ အလိုအားဖြင့် အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏အစွမ်း၊ တရား၏အာရုံအပြစ်ကို လွန်သည်၏အစွမ်းအားဖြင့် တရားမှ ထွက်မြောက်သည်ဟူလို၏။ "ဝါနံ ဘာဝေန နိဗ္ဗာနံ" ဟူသော သံယုတ်အဋ္ဌကထာ။ " တဏှာသင်္ခါတဝါနဘာဝေန နိဗ္ဗာနံ", ဟူသော သုတ္တသင်္ဂဟအဋ္ဌကထာတို့အလိုသော်-"နတ္ထိ ဝါနံ ဧတဿာတိ နိဗ္ဗာနံ"ဟု စတုတ္ထိ ဗဟုဗ္ဗီဟိသမာသ်ပြု။ ဤကဲလို နိ-ကား အဘာဝတ္ထေ၊ ဝါနဆိုတော်သည်၊ ထိုနိဗ္ဗာန်အား။ ဝါနံ၊ ဝါနဟူသော တဏှာ သည်။ နတ္ထိ၊ မရှိ။ ဣတိ ဘဝတိ ထို့ကြောင့်။ ဣတိ၊ ထိုနိဗ္ဗာန်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ကိယဉ္စိ နိ-ကား, အာရုံပုံနိုင်သော တဏှာမရှိသောကြောင့် နိဗ္ဗာန်မည်၏ဟူလေ။

၆၁–နိဗ္ဗာန်၏အပြားကို ပြခြင်း

ထိုနိဗ္ဗာန်သည်အဘယ်မျှပြားသနည်းဟူသောဒုတိယပုစ္ဆာ၌နိဗ္ဗာန်သည် တစ်ပါးတည်းပင်ရှိသော်လည်း သဘောအားဖြင့် (၁) သဥပါဒိသေသ နိဗ္ဗာန်၊ (၂) အနုပါဒိသေသ နိဗ္ဗာန် ဟူ၍ သိစေတတ်သော အကြောင်း၏ အမြွက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုမှတပါး သုညတ နိဗ္ဗာန်၊အနိမိတ္တ နိဗ္ဗာန် အပ္ပဏိဟိတ နိဗ္ဗာန်ဟူ၍ အခြင်းအရာတို့၏ အပြားအားဖြင့် သုံးပါးအပြားရှိ၏။

> တဒေတံ သဘာဝတော ဧကဝိဓမ္မိ သဥပါဒိသေသနိဗ္ဗာနဓာတု အနုပါဒိသေသနိဗ္ဗာနဓာတုစေတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာ-ယေန၊ တထာ သုညတံ အနိမိတ္တံ အပ္ပဏိဟိတဥ္စေတိ တိဝိဓံ ဟောတိ အာကာရဘေဒေန။ [သင်္ဂြိုဟ်ပါဠိ။]

သဘာဝတော၊ သဘောအားဖြင့်။ (၀၊) မိမိ၏ ကိစ္စလက္ခဏာအား ဖြင့်။ ကေဝိမမ်ို၊ တစ်ခုသောအဖို့ရှိသည်လည်း ဖြစ်သော။ တဒေတံ တံ ဇေတံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သ ဥပါဒိ သေသ နိဗ္ဗာန ဓာတု စ၊ ခန္ဓာ ငါးပါးသာလျှင် ကိလေသာတို့မှ ကြွင်းသည်နှင့်တကွဖြစ်သော သဥပါဒိ သေသ နိဗ္ဗာနဓာတ်လည်းကောင်း။ အနုပါဒိသေသ နိဗ္ဗာနဓာတု စ၊ ခန္ဓာ ငါးပါးသာလျှင် ကိလေသာတို့မှ အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန ဓာတ်လည်းကောင်း။ (၀၊) ကိလေသာတို့မှ ကြွင်းသော ခန္ဓာ ငါးပါးမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်လည်းကောင်း။ ဤတို၊ ဤသို့။ ကာရဏပရိယာယေန၊ သိစေတတ်သော အကြောင်း၏ အမြှက် အားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုမှ တပါး။ သုညတဉ္စ၊ ရာဂ ဒေါသ မောဟတို့မှ ဆိတ်သည်၏အဖြစ်ကြောင့် သုညဘာအမည်ရှိသော နိဗ္ဗာန်လည်းကောင်း။ အနိမိတ္တဉ္စ၊ ရာဂ ဒေါသ မောဟ တည်းဟူသော အကြောင်းကင်းသည်၏ အဖြစ်ကြောင့် အနိမိတ္တ အမည်ရှိသော နိဗ္ဗာန်လည်းကောင်း။ အပ္ပဏိဟိတဉ္စ၊ ရာဂ ဒေါသ မောဟ ကည်းဟူသော တောင့်တခြင်းကင်းသည်၏ အဖြစ်ကြောင့် ၆.ပ္ပဏိဟိတ အမည်ရှိသော နိဗ္ဗာန်လည်းကောင်း။ ဤတို၊ ဤသို့။ အာကာရဘေဒေန၊ အခြင်းအရာတို့၏ အပြားအားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤမှတစ်ပါးလည်း အဘိဓမ္မာ၀ဝေါရ၌ (၃၆) ပါး၊ သဠာယတန သံယုတ်၌ (၃၂)ပါး၊ အနုဋ္ဌိကာ၌ (၃၁)ပါး၊ အသိခန်း၌ (၄၆)ပါး အစရှိသောအားဖြင့် နိဗ္ဗာန်၏ပရိယာယ်တို့ကို အသီးသီး ဟောတော် မူကြကုန်၏။ ထိုသို့ ဟောတော်မူကြသော်လည်း သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန် နှစ်ပါး၌သာလျှင် အကျုံးဝင်ကုန်၏။ ထို့ကြောင့် ရှင်တော်ဘုရားသည် "ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော၊ ကတမာ ဒွေ- သဥပါဒိသေသာ စ နိဗ္ဗာနဓာတု အနုပါဒိသေသာ စ နိဗ္ဗာနဓာတူတိ" ဟူ၍သာ၎ကန့်လျှက် ဤတိဝုတ်ပါဠိတော်၌ ဟောတော်မူသော ကြောင့် နှစ်ပါးသာရှိ၏ ဟူပေ။

၆၂– နိုဗ္ဗာန်၏သဘောကို ပြခြင်း

ထိုနိုဗ္ဗာန်၏ သဘောသည် အဘယ်သို့ရှိသနည်းဟူသော တတိယ ပုစ္ဆာ၌—

(၁) ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် မြတ်သော နိုဗ္ဗာန်သည် ရာဂ၏ကုန်ခြင်း အစရှိသောအားဖြင့် အလုံးစုံသော ဒုက္ခတို့၏ ငြိမ်းခြင်းအကြောင်းဖြစ်သည်၏အဖြစ်၊ ကိလေသာ ဟူသော ပူပန်ခြင်းမရှိသည်၏ အဖြစ်တို့ကြောင့် ငြိမ်းခြင်းလက္ခဏာရှိ၏။

(၂) မိမိ၏သဘောကို တရုံတခါမျှ မစွန့်ခြင်းကြောင့် စုတိ ရွှေ့လျောခြင်းမရှိဟူသော ဂုဏ်နှင့် ပြည့်စုံ၏၊(၀၊) သက်သာရာကို ရအောင် ပြုခြင်း ကိစ္စရှိ၏။

(၃) ရူပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဟူသော ခန္ဓနိမိတ်မှ ကင်းဆိတ်သည်၏အဖြစ်ကြောင့် ခန္ဓာမဟုတ်ဟူ၍ ဉာဏ်သည် အာရုံပြုသောအားဖြင့် ယူအပ်ရကား ခန္ဓနိမိတ်မှ ကင်းဆိတ်သောတရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ (၀၊) သံသရာကို မြင့်ကြာရှည်လျား ပြန့်ပွားစေတတ်သော တဏှာ, မာန, ဒိဋ္ဌိတို့ကို နိုဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဖြင့် အကြင်းမဲ့ ဖြတ်အပ်ပြီးသည် ဖြစ်၍ ပပဉ္စတရားမချွတ်ခြင်း အကျိုးရှိ၏။ ပဒဋ္ဌာန်မရအပ်။ (နေတ္တံ၌ "တံ နိဗ္ဗာနမေဝ ပဒဋ္ဌာနံ"ဟု ပြတော်မူခြင်းကား သမ္မာပဋိပတ်ကိုရည်၍ ပြတော်မူသည်၊ ဇနဂ.မဟုတ်။)

တယိဒံသန္တိလ ဥက်၊ အစ္ဆုတိရသ်၊ အသသသဂရဏရသ် ၀ါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊ နိပ္ပပဉ္စ ပစ္စုပဋ္ဌာနံ ၀ါ။ ဝိသုဒ္ဓိ- ၂၂၊၁၃၉။

တယိဒံ တံ ဣဒံ နိုဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓာတ် နိုဗ္ဗာန်သည်။ သန္တိလက္ခဏာ၊ ဂုဏ၏ ကုန်ခြင်းအစရှိသော အားဖြင့် အလုံးစုံသော ဒုက္ခငြိမ်းခြင်း၏ အကြောင်းဖြစ်သည်၏အဖြစ်, ကိလေသာ

ဟူသော ပူပန်ခြင်းမရှိသည်၏ အဖြစ်ဘို့ကြောင့် ငြိမ်းခြင်း လက္ခဏာ ရှိ၏။ အစ္စုတိရသံ၊ မိမိ၏သဘောကို တရံတခါမျှ မစွန့်ခြင်းကြောင့် မိ၁ သန္ဓိသဘောမှ မရွှေ့လျှောခြင်းဟူသော ဂုဏ်နှင့် ပြည့်စုံ၏၊ (၀) တစ်နည်းကား။ အဿာသကရဏ ရသံ၊ သက်သာလွယ်ကိုရအောင်ပြုခြင်း ကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာန်၊ ရူပ- ဝေဒနာ-သညာ- သင်္ခါရ-ဝိညာဉ် ဟူသော ခန္ဓာနိမိတ်မှကင်းဆိတ်သည်၏ အဖြစ်ကြောင့် ခန္ဓာမဟုတ်ဟူ၍ ဉာဏ်သည် အာရုံပြုသောအားဖြင့် ယူအပ်ရကား ခန္ဓနိမိတ်မှ ကင်းဆိတ်သော တရားဟူ၍ ယောဂိပုဂ္ဂိုလ်၏ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာဟူသော အနိမိတ္တပစ္စုပဋ္ဌာန်ရှိ၏။ (၀၊)တစ်နည်းကား။ နိုပ္ပပဉ္စ ပစ္စုပဋ္ဌာန်၊ သံသရာကို မြင့်ကြာရှည်လျား စည်းကားပြန့်ပွားအောင် ချဲ့တတ်သော တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စတရား တို့ကို နိုဗ္ဗာန်လျင် အာရုံရှိ၏သော အရိယာမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်ပြီး သည်ဖြစ်၍ ပပဉ္စတရားမရှိခြင်း ဟူသော အကျိုး ရှိ၏။ (၀၊)ပယ်အပ်ပြီးသည် ဖြစ်၍ သံသရာ စက်ရဟတ်ပြတ်ကင်း မကျယ်ပြန့်ခြင်း အကျိုးရှိ၏။ ဤကား သဉ္ဇပါဒိသေသ, အနုပ!ဒိသေသ နှစ်ပါးလုံး၌ ယထာရဟ ရထိုက်သော သဘောတို့ပေတည်း။

ဤသာသနာတော်၌ သပ္ပုရိသသံသေဝ-စသော ဂုဏ်တို့နှင့် ပြည့်စုံသောသူသည် လောကုတ္တရာ တရား ကိုးပါးအားလျော်သော အကျင့်နှင့် ပြည့်စုံသည်ဖြစ်၍ လေးပါးသော အာသဝေါတရားတို့ကို ကုန်စေသည်ဖြစ်၍ ရဟန္တာသည်ဖြစ်၏၊ ထိုရဟန္တာအား ငါးပါးသော ဣန္ဒြေတို့သည် အဆုံးစွန်သောဘဝကို ဖြစ်စေတတ်သော ဇနကကံကြောင့် ဖြစ်သော ရူပ်နာမ်တရားတို့သည် တစ်သက်လျှာ တည်သမျှ ကာလပတ်လုံးတည်ကုန်သေးသည်သာတည်း။ ဣဋ္ဌ၊ အနိဋ္ဌ၊ သုခ၊ ဒုက္ခတို့ကိုလည်း ဣန္ဒြေရှိသေးသည်အဖြစ်ကြောင့်ခံစားရုံမတ္တဖြင့် ခံစားသေးသည်သာတည်း။ ထိုရဟန္တာအား ရာဂ, ဒေါသ, မောဟတို့သည်ကုန်ခဲ့၏။ဤသို့ကိလေသာမှကြင်းသော

ခန္ဓာငါးပါးဟူသော ဥပါဒိရှိသေးသော ရဟန္တာ၏ အရဟတ္တ မဂ်သည် အကြင်းမဲ့ပယ်ဖျက်အပ်သည်ဖြစ်၍ ရဂစသည်တို့၏ ကေန်စင်စစ်တစ်ဖန် မဖြစ်ခြင်း ကုန်ခြင်းကို သဥပါဒိသေသ နိဗ္ဗာန်မည်၏ဟူ၍ ဆိုအပ်၏။

ဣဓ ဘိက္ခဝေ ဘိက္ခု အရဟာ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏ-ဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိ-ယာနိ၊ ယေသံ ဘာဝိတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒယတိ၊ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သဥပါဒိသေသာ နိဗ္ဗာန-ဓာတု။ ဣတိဝုတ်-၂၂၁။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်း သည်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသည်ဖြစ်၍။ ဝုသိတဝါ၊ ကျင့်သုံးအပ်ပြီးသော အရိယမဂ်ဟူသော အကျင့်ရှိသည်ဖြစ်၍။ ကတ-ကရဏီယော၊ ပြုအပ်ပြီးသော တစ်ဆယ့်ခြောက်ချက်သော မဂ်ကိစ္စရှိသည် ဖြစ်၍။ ဩဟိတဘာရော၊ သွန်ချစွန့်ပစ်အပ်ပြီးသော ကိလေသာဟူ သော ဝန်ရှိသည်ဖြစ်၍။ အနုပ္ပတ္တသဒတ္ထော၊ မဂ်လေးပါး အစဉ်အား ဖြင့် ရောက်အပ်ပြီးသော အရဟတ္တဖိုလ် ရှိသည်ဖြစ်၍။ ပရိက္ခီဏဘဝ-သံယောဇနော၊ အရဟတ္တမဂ်ဖြင့် အကြင်းမဲ့ ကုန်ခန်းစေအပ် ပြီးသော သတ္တဝါတို့ကို ဘဝမှမကင်း မလျှတ် မလွတ်နိုင်အောင် ဖွဲ့နှောင်တတ်သော သံယောဇဉ် ရှိသည်ဖြစ်၍။ သမ္မဒညာဝိမုတ္တော၊ မဖောက်မပြန် အမှန် သိမြင်သဖြင့် ကိလေသာတို့မှ လွတ်ပြီးသည်ဖြစ်၍။ အရဟာ၊ လူနတ် ပြဟ္မာတို့၏ ပူဇော်အထူးကို ခံထိုက်သော ရဟန္တာသည်။ ဟောတိ၊ ဖြစ်၏။

ယောဂိပါရဂူ ၂၄-ပ-မ-သ-စ

တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ပဋ္ဌိန္ဒြိယာနိ၊ စက္ခုအစရှိကုန်သော ပသာဒိန္ဒြေ ငါးပါးတို့သည်။ တိဋ္ဌန္တေ၀၊ အဆုံးစွန်သော ဘ၀ကိုဖြစ်စေတတ်သော ထိုပစ္ဆိမဘ၀၏ ဇနကအကြောင်းဖြစ်သောကံ၏ အစွမ်းသတ္တိအဟုန် မကုန်သေးသမျှကာလပတ်လုံး တည်ကုန် သေးသည်သာလျှင် တည်း။ ယေသံ၊ အကြင်ငါးပါးသော ပသာဒိန္ဒြေတို့၏။ ဘာ၀ိတတ္တာ၊ ထင်ရှားဖြစ်သေး ရှိသေးသည်၏ ဒေ၀ဖြစ်ကြောင့်။ မနာပါမနာပံ၊ စိတ်နှလုံးကို ပွားစေတတ်သော ဣဋ္ဌာရုံ,စိတ်နှလုံးကို မပွားစေတတ်သော အနိဋ္ဌာရုံ ဟူသော ရူပါရုံအစရှိသော အာရုံငါးပါးကို။ ပစ္စနုဘောတိ၊ ခံဗားရ၏။ သုခဒုက္ခံ၊ ဝိပါက်ဖြစ်သော သုခ၀েဒနာ ဒုက္ခ၀েဒနာကို။ ပဋိသံ၀েဒယတိ၊ ခံစား၏။

တဿ၊ ထိုတဏှာဒိဋ္ဌိတို့သည် အာရုံပြုသောအားဖြင့် ပြင်းစွာစွဲလမ်းအပ်သည်ဖြစ်၍ဥပါဒိမည်သောခန္ဓာငါးပါးအကြင်းရှိသေးသော ရဟန္တာပုဂ္ဂိုလ်အား။ ယောရာဂဿယော၊ အရိယာမဂ်သည် အကြင်းမဲ့ပယ်ဖျက်အပ်သည်ဖြစ်၍ရာဂ၏တစ်ဖန် အသစ်မဖြစ် နိုင်ခြင်းဟူသော အကြင်ရာဂ၏ ကုန်ခြင်းသည်။ (၀ါ) အကြင်ရာဂ၏ ကုန်ခြင်းဟူသော မရှိခြင်းသည်။ ယောဒေါသက္ခယော၊ အကြင်ဒေါသ၏ကုန်ခြင်းဟူသော မင်္ဂခြင်းသည်။ ယော မောဟက္ခယော၊ အကြင် မောဟ၏ ကုန်ခြင်းဟူသော မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခ၀ေ၊ ရဟန်းတို့။ အယံ၊ ဤကဲ့သို့လေသာမှကြင်းသော ခန္ဓာငါးပါးဟူသောဥပါဒိရှိသေးသောရဟန္တာ ပုဂ္ဂိုလ်၏အဟရတ္တမဂ်သည်အကြင်းမဲ့ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂဒေါသ မောဟတို့၏ ကေန်စင်စစ် တစ်ဖန်မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော ရာဂဒေါသမောဟတို့၏ကုန်ခြင်းကို။ သဥပါဒိသေသာ၊ တဏှာဒိဋ္ဌိ ဟူသော ဥပါဒါန်တို့သည် အာရုံပြုသောအားဖြင့် စွဲယူအပ်သော ခန္ဓာငါးပါးဟူသော ကိလေသာတို့မှ ကြင်းကျန်

ရစ်သော ဥပါဒိနှင့်တကွ ဖြစ်သော။ (၀ါ)ဥပါဒိရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။(၀ါ)၊ရာဂ ဒေါသ မောဟကိလေသာတို့၏ ငြိမ်းအေး ခြင်းသဘောဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

တစ်နည်း။ ။ကာမုပဓိ၊ ခန္ဓုပဓိ၊ ကိလေသုပဓိ၊ အဘိသင်္ခါရူပဓိဟု ဆိုအပ်သော ဥပဓိခလေးပါးတို့တွင် အရဟတ္တမဂ်သို့ ရောက်သောပုဂ္ဂိုလ် သည် ကာမုပဓိ၊ ကိလေသုပဓိ၊ အဘိသင်္ခါရူပဓိဟူသော ဥပဓိသုံးပါး တို့ကိုအကြွင်းမဲ့ ပယ်အပ်ပြီးသည်မှကြွင်းကျန်ရစ်သော ဝိပါက်နာမကွန္ဓာ ကမ္မဇရူပ်ဟူသော ခန္ဓုပဓိသာ ရှိမှာတော့သည်၊ ထိုရဟန္တာအား ရာဂ ဒေါသ မောဟ တို့၏ကုန်ခြင်း ငြိမ်းခြင်းစ်စ် တစ်ဖန် ဖြစ်ခြင်း မရှိသော ကိလေသာဘာဝကို သဥပါဒိသေသ နိဗ္ဗာန် ဟု၍ မှတ်အပ်၏။

တတ္ထ ဟသ္တာတိ ဥပါဒိသေသသ္မိ သတော အရဟတော၊
ယော ရာဂကွယောတိရာဂသ္မ ခယော ခီဏာသဝဿ ခယော
အစ္စန္တမနုပ္ပါဒေါ၊ ဒေါသကွယော ဒေါသသ္မ ခယော
ဇာတိ ဝ ဟာ ရာဂါဒီခယော သဥပါဒိသေသာ နိဗ္ဗာနဓာတ္မတိ။
ဣတိဝုတ် ၄-၁၅၉။

တတ္ထ၊ ထို တသ္မိ ယော- ဟူစရှိသော ဧကာ:၌။ တဿာတိ၊ တဿ ဟူသည်ကား။ ဥပါဒိသေ သသ္မိ၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်အပ် ပြီးသော ကိလေသာမှ ကြွင်းကျန်ရစ်သော ဝိပါက်နာမကွန္ဓာကမ္မဇရူပ် ဟူသော ဥပါဒိသည်။ သတော၊ ထင်ရှားရှိသေးသော။ (၀ါ) ထင်ရှား ဖြစ်သော။ တဿ အရဟတော၊ထိုရဟန္တာအား။ ယော ရာဂကွယောတိ၊ ယော ရာဂကွယော ဟူသည်ကား။ ရာဂသ္မ၊ ရာဂ၏။ ခယော၊ ကုန်ခြင်း တည်း။ ခီဏာသဝဿ၊ ကုန်သော အခြင်းအရာတည်း။ အဘာဝေါ၊ မရှိခြင်းတည်း။ အစ္စန္တမနုပ္ပါဒေါ၊ အ ရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်ဖျက် အပ်သည်ဖြစ်၍ကေန်စင်စစ် တစ်ဖန်မဖြစ်ကောင်းသော မဖြစ်ခြင်းတည်း။ ဒေသသေသုပိ၊ ကြွင်းသော ဒေါသကွယော မောဟကွယော ဟူသော

ဟုဒ်တို့ဌ္ဌလည်း။ ဩနယော၊ ဤနည်းကို၊ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဘွာဝတာ၊ ဤမျှ အတိုင်းအရည်ရှိသော စကားအစဉ်ဖြင့်။ ရာဂါဒိ-ခယော၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂ အစရှိသည်တို့၏ ရဟန္တာပုဂ္ဂိုလ်သန္တာန်ဝယ် တစ်ဖန်အသစ် မဖြစ်နိုင်ခြင်း၊ တည်းဟူသော ကုန်ခြင်းအဘာဝကို။ သဉ္ဇပါဒိသေသာ နိဗ္ဗာနဓာတူတိ၊ သဉ္ဇပါဒိသေသနိဗ္ဗာနမာတ်ဟူ၍။ ဒဿိတော၊ ပြတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဤ သဉ္ဇပါဒိသေသနိဗ္ဗာနဓာတ်ကို ပြဆိုသောအရာ၌ အရဟတ္တဖိုလ်ကိုသာမဟုတ်၊ အောက်အောက်ဖြစ်ကုန်သော သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်တို့ကိုလည်း ဥပါဒါပညတ်နည်း၊ နေယျတ္ထနည်းတို့ဖြင့် သဉ္ဇပါဒိသေသ နိဗ္ဗာန်ဓာတ်ဟူ၍ ယူအပ်ယူထိုက်ပေသည်။

(ဤကား သဉ္ဇပါဒိသေသနိဗ္ဗာန် သဘောတည်း။)

ဤသာသနာတော်၌ အာသဝေါကုန်ပြီးသော ရဟန္တာသည် ဤပစ္စက္ခ၌ပင်လျှင် အလုံးစုံသောဝေဒနာတို့သည်၊(၀၊) ခန္ဓာငါးပါးတို့သည် တဏှာ မာန ဒိဋ္ဌိတို့၏ အစွမ်းဖြင့် မစဲ့လမ်းသည်ဖြစ်၍ ပူပန်ခြင်းမရှိ ငြိမ်းအေးကုန်လတ္တံ့၊ ပဋိသန္ဓေကိုစွဲတပ်၍မဖြစ်နိုင်ခြင်းဟူသောချုပ်ခြင်းဖြင့် စုတိစိတ်၏ ဘင်ခဏ၌ ချုပ်ပြီးသည်၏ အခြားမဲ့ဝယ် ဖြစ်လတ္တံ့သော အလုံးစုံသော ဝေဒယိတတရားတို့၏ သဒ္ဓါရဟူသော ပူပန်ခြင်းမှ၊ (၀၊) ခန္ဓာငါးပါးတည်းဟူသော ပူပန်ခြင်းမှ၊ (၀၊) သံသရာတွင် အစဉ်မပြတ် စပ်ရှိစပ်၍ ဖြစ်ခြင်းတည်းဟူသော ပူပန်ခြင်းမှ ငြိမ်းအေးခြင်းကို၊ (၀၊) အပူဟူသမျှ လက်စသတ်ဇာတ်သိမ်း ငြိမ်းအေးခြင်းတကာတို့ထက် အလွန်ငြိမ်းပေးရကား "သိုဝ" မည်သော ငြိမ်းအေးခြင်းကို အနုပါဒိသေသ နိဗ္ဗာနဓာတ်မည်၏ဟူ၍ ဆိုအပ်၏။

ဣဓ ဘိက္ခဝေ ဘိက္ခု အရဟာ ဟောတိ ခီဏာသဝေါ ဝုသိ-တဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ

ဣဒေဝ ဘိက္ခဝေ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိ ဘဝိဿန္တိ၊ အယံ ဝုစ္စတိ ဘိက္ခဝေအနုပါဒိသေသာ နိဗ္ဗာနဓာတု။

ဣတိဝုတ်-၂၂၁။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသည်ဖြစ်၍။ ဝုသိတဝါ၊ကျင့်သုံး အပ်ပြီးသော အရိယမဂ်ဟူသော အကျင့်ရှိသည်ဖြစ်၍။ ကတ ကရဏီ-ယော၊ ပြုအပ်ပြီးသော တစ်ဆယ့်ခြောက်ချက်သော မဂ်ကိစ္စရှိသည်ဖြစ်၍။ သြဟိတဘာရော၊ သွန်ချစွန့်ပစ်အပ်ပြီးသော ကိလေသာဟူသော ဝန်ရှိသည်ဖြစ်၍။ အနုပ္ပတ္တသဒတ္ထော၊ မဂ်လေးပါး အစဉ်အားဖြင့် ရောက်အပ်ပြီးသော အရဟတ္တဖိုလ်ရှိသည်ဖြစ်၍။ ပရိက္ခီဏဘဝသံယောဇနော၊အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့၊ကုန်ခန်းစေအပ်ပြီးသော သုတ္တဝါတို့ကို ဘဝမှ မကင်းမကျွတ် မလွတ်နိုင်အောင် ဖွဲ့နှောင်တတ်သော သံယောဇဉ် ရှိသည်ဖြစ်၍။ သမ္မဒညာဝိမုတ္တော၊ မဖောက်မပြန် အမှန် သိမြင်သဖြင့် ကိလေသာတို့မှ လွတ်ပြီးသည်ဖြစ်၍။ အရဟာ၊ ရဟန္တာသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တဿ၊ ထိုရဟန္တာဖြစ်ပြီးသောပုဂ္ဂိုလ်အား။ ဣဒေဝ၊ ဤ ပစ္စက္ခဘဝ၌ပင်လျှင်။ သဗ္ဗဝေဒယိတာနိ၊ သုခအစရှိကုန်သော အလုံးစုံသော အဗျာကတဝေဒနာတို့သည်။ (ဝါ)ဝေဒနာကို အဦးထား၍ ဟောကြားဘော်မူအပ်ကုန်သော အလုံးစုံသော ခန္ဓာငါးပါးတို့သည်။ အနဘိနန္ဒိတာနိ၊ တဏှာစသည်တို့ဖြင့် မစုံလမ်း မစုံမက် မနှစ်သက် မချစ်ခင်အပ်ကုန်သည်ဖြစ်၍။ သီတိ၊ စင်စစ်ကောန် အမှန်ငြိမ်းသောအား ဖြင့် သမ်ိုးရဟူသော ပူပန်ခြင်းမှ ငြိမ်းအေးသဖြင့် ငြိမ်းအေးခြင်းရှိကုန် သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်ခြင်းဟူသော ချုပ်ခြင်းဖြင့် ချုပ်လတ္တံ့ သည်ဟု ဆိုအပ်သော စုတိဘင်္ဂဏဖြစ်လတ္တံ့သော အလုံးစုံသော ဝေဒယိတရူးတို့၏ သမ်ိုးရဟူသော ပူပန်ခြင်းမှငြိမ်းအေးခြင်းဟူသော ငြိမ်းအေးခြင်းကို။ အနုပါဒိသေသာ၊ အနုပါဒိသေသမည်သော။ (ဝါ)

ဥပါဒါန်တရားတို့သည် အာရုံပြုသောအားဖြင့် စွဲလမ်းအပ်သော ဝိပါက်နာမကွန္ဓာကမမူဇရုပ် ဟူသော ခန္ဓာငါးပါးအကြင်းမရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ (၀၊) ဥပါဒိမည်သော ခန္ဓာငါးပါးတို့၏ ပဋိသန္ဓေကိစ္စတပ်သောအားဖြင့် ကေန်စင်စစ် တစ်ဖန်အသစ်မဖြစ်ခြင်း ဟူသော အေးငြိမ်းခြင်းသဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုနှစ်ပါးတို့တွင် သဉပါဒိသေသ နိဗ္ဗာန်သည် ကိလေသာဟူသော ဝဋ္ဋဒုက္ခမျိုးတို့၏ ချုပ်ငြိမ်းမှုကြီးပေတည်း။ အနုပါဒိသေသ နိဗ္ဗာန်သည် ကိလေသာဟူသော ဝဋ္ဋဒုက္ခ, ဝိပါက်နာမကွန္ဓာ ကမမူဇရုပ်ဟူသော ခန္ဓာငါးပါး တည်းဟူသော ဝဋ္ဋဒုက္ခ ဤဒုက္ခကြီးနှစ်မျိုးတို့၏ ချုပ်ငြိမ်းမှုကြီးပေတည်း။ ထိုကြောင့် ရှင်တော်ဘုရားသည် ထိုထိုသောဒေသနာတော်၌ "ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ဟူ၍ ဟောတော်မူသည်။ ။ကေဝလဿ၊ အလုံးစုံသော။(၀၊) သုခစသည်တို့နှင့် ရောယှက်ခြင်းမရှိ သက်သက်သော။ ဒုက္ခက္ခန္ဓဿ၊ ကိလေသဒုက္ခ ခန္ဓဒုက္ခအစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ (၀၊) မဖြစ်ရာသည်။ ဟောတိ၊ ဖြစ်၏။

ထို ပါဠိတော်၏အနက်ကို ပြက်ပြက်ထင်ထင် သိမြင်အောင် ပြတော်မူခြင်းငှာ ၎င်းအနုပါဒိသေသ နိဗ္ဗာန်၏သဘောကို နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာရှင်သည်—

> တတ္ထ ကေဝလဿာတိ သကလဿ သုဒ္ဓဿ'၀၊ သတ္တ ဝိရဟိ-
> တဿာတိ အတ္ထော။ ဒုက္ခက္ခန္ဓဿာတိ ဒုက္ခရာသိဿ။ နိရောဓော
> ဟောတီတိ အနုပ္ပါဒေါ ဟောတိ– သံဋ္ဌ-၂၊၉။

ဟူ၍ ဖွင့်တော်မူ၏။

တတ္ထ၊ ထို ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓောတော်တို ဟူသော ပါဠိ၌။ ကေဝလဿာတိ ပဒဿ၊ ကေဝလသဟူသောပုဒ်၏။ သကလဿ၊ အလုံးစုံသော။ (၀၊) တစ်နည်းကား။ သုဒ္ဓဿ၊ သတ္တ ဇီဝစသည်တို့နှင့် ရေခြင်းမရှိ သက်သက်သော။ သတ္တဝိရဟိတဿ၊ သတ္တ၀ါ

ကြည့်ပါသော ဆင်းရဲအစုံ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်ကား။ ဒုက္ခဒုက္ခတာ ပဒဿ၊ ဒုက္ခဒုက္ခဿ ဟူသော ပုဒ်၏။ ဒုက္ခရသိယ၊ ဆင်းရဲအစုံ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ နိရောဓော ဟောတိတိ ပဒဿ၊ နိရောဓော ဟောတိဟူသော ပုဒ်၏။ အနုပ္ပါဒေါ၊ မဖြစ်ရာသဟောသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

ဤအနုပါဒိသေသ နိဗ္ဗာန်ကို ခိုလှုံစိမ့်နှန်းသော ပုဂ္ဂိုလ်တို့ကို ယူရာ၌ လွန်စွာ နေရာကျအောင် ယူနိုင်ခဲသည်။

ထင်စေအုံ– နိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်စံဝင်သော စုတိစိတ်၏ ဘဝင်္ဂဏ၏အခြားမဲ့၌ မြေ၊မပျက်မစီး၊ အိုခြင်းနာခြင်း သေခြင်း မရှိဟု ယူခဲ့အုံ၊ သဿတဒိဋ္ဌိအယူကို ယူသောသူမည်ပေ၏။ ထိုနိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်စံဝင်သော စုတိစိတ်၏ ဘဝင်္ဂဏ၏ အခြားမဲ့၌ ပြတ်၏၊ ချုပ်၏၊ ငြိမ်း၏၊ ဘာမျှမရှိဟု ယူခဲ့အုံ၊ ဥစ္ဆေ ဒဒိဋ္ဌိအယူကို ယူသောသူ မည်ပေ၏။ ထိုစကား မှန်၏၊ ပုဂ္ဂိုလ်သတ္တဝါ သူတစ်ပါး ယောကျ်း မိန်းမ စသည်တို့သည် ပညတ်မျှသာတည်း၊ ၎င်းပညတ်သည် ပင်ကိုယ်ကပင်လျှင် အလျှဉ်းမရှိရကား နိဗ္ဗာန်စံယူဖွယ် မရှိ၊ နိဗ္ဗာန်မစံယူရက အရှည်စွဲ၍ မြဲမြံစွာ အဘယ်မှာတည်ခြင်း အဘယ်မှာ ပြတ်ခြင်း ရှိနိုင်တော့အုံနည်း၊ မရှိသည် ဧကန်သာတည်း။

ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ နေ ဟေဝံ ဝတ္တေ။
ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိဇ္ဇနောတိ၊ နေ ဟေဝံ ဝတ္တေ။ အဘိ ၅၊ ၅၄။

ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံလွန်ပြီးသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သဿတောတိ၊ အရှည်စွဲ၍ မြဲလေသလော။ ဧဝံ၊ ဤသို့ အရှည်စွဲ၍ မြဲလေသည်ဟူ၍။ နေ ဟိ ဝတ္တေ၊ မဆိုအပ်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံလွန်ပြီးသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥစ္ဆိဇ္ဇနောတိ၊ ပြတ်လေသလော။ ဧဝံ၊ ဤသို့ ပြတ်လေသည်ဟူ၍။ နေ ဟိ ဝတ္တေ၊ မဆိုအပ်။

ဤသို့ သကဿမေး ပရမာတ္ထ၊ ပရမာတ္ထ သကဿ ထုတ်ရကား ဃဿတဿယူ ဥစ္ဆေဒအယူသို့ သက်ဝင်တတ်သည်ဖြစ်၍ ၎င်းအယူနှစ်ပါး တို့မှ ကင်းလွတ်သော သမ္မာအယူသို့ သက်ဝင်အောင် ဤသို့ ယူအပ်၏။ ပရိနိဗ္ဗာန်စံလွန်တော်မူပေသော ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်တို့၏ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟု ဆိုအပ်သော ခန္ဓာငါးပါးသင်္ခါရ တရားတို့သည် ပရိနိဗ္ဗာန်မယူမီ အစဉ်မပြတ် စပ်၍ ဖြစ်လည်း ဖြစ်ကုန်၏၊ ချုပ်လည်းချုပ်ကုန်၏။ ၎င်းအစဉ်မပြတ် စပ်၍ ဖြစ်တတ် ချုပ်တတ် ကုန်သောရှင်နာမ်ဝမ္မ သင်္ခါရအပေါင်းသည်ပင်လျှင် ပရိနိဗ္ဗာန် စံလွန်သော အခါ၌၊ (၀၊)စုတိစိတ်တော်၏ ဘင်္ဂကွဏမှစ၍ မဖြစ်သည် ချုပ်ငြိမ်းသည် ဖြစ်၏။ ဤသို့ယူသည်ရှိသော် သာသနာတော်ဝယ် သင့်လျော်လျောက် ပတ်သော ရှင်တော်ဘုရား၏အယူတော်နှင့် ညီမျှသော သမ္မာအယူ ဖြစ်ပေ၏ဟု ယူအပ်၏၊ ယူကြလေ။

တတိယေ ဒိဋ္ဌိဂတန္တိ သစေ ဟိသ ဧဝံ ဘဝေယ္ယ၊ "သင်္ခါရာ ဥပ္ပဇ္ဇန္တိ စေဝ နိရုဇ္ဈန္တိစ သင်္ခါရပ္ပဝတ္တေ မေဝ အပ္ပဝတ္တံ ဟောတိ" တိ၊ ဒိဋ္ဌိဂတံ နာမ နု ဘဝေယ္ယ၊ သာသနာဝစာရိကံ ဥဏ္ဍံ ဘဝေယ္ယ၊ ယသ္မာ ပန သ "သတ္တော ဥစ္ဆိဇ္ဇတိ ဝိနသ္သတိ" တိ အဟောသိ၊ တသ္မာ ဒိဋ္ဌိဂတံ နာမ ဇာတံ။ သံ ဋီ-၂၊ ၂၈၄။

ဟိ၊ ခဲ့ဦးအုံ့။ တတိယေ၊ တတိယသုတ်၌၊ ဒိဋ္ဌိဂတန္တိ၊ ဟူသည်ကား။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဥပ္ပဇ္ဇန္တိစေဝ၊ ဖြစ်လည်း ဖြစ်ကုန်၏။ နိရုဇ္ဈန္တိ စ၊ ချုပ်လည်းချုပ်ကုန်၏။ သင်္ခါရပ္ပဝတ္တေ မေဝ၊ အစဉ်မပြတ် ဖြစ်တတ်သော သင်္ခါရတရားသည် သာလျှင်။ အပ္ပဝတ္တံ၊ မဖြစ်သည်, ပြတ်သည်, ချုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့သော အယူ သည်။ အဿ၊ ထိုယမကထေရ်အား။ သစေ ဘဝေယ္ယ၊ အကယ်၍ ဖြစ်ငြားအုံ့။ ဒိဋ္ဌိဂတံ နာမ၊ မိစ္ဆာအယူမည်သည်၊ နု ဘဝေယ္ယ၊ မဖြစ်ရာ။ သာသနာဝ စာရိကံ၊ သာသနာတော်၌ သက်ဝင်သော။ ဥဏ်ံ၊ သမ္မာ ဥဏ်သည်။ ဘဝေယ္ယ၊ ဖြစ်ရာ၏။ ယသ္မာ ပန၊ အကြင်ကြောင့်ကား။

သတ္တဝါ၊ ရဟန္တာမြတ်ဖြစ်သော သတ္တဝါသည်။ ဥစ္ဆိဋ္ဌတို၊ သေသည်မှ နောက်၌ ပြတ်၏။ ဝိနသတို၊ ပျောက်၏၊ ဣတို၊ ဤသို့သော အယူသည်။ အသ၊ ထိုအရှင်ယမကအား။ အဒဟာသိ၊ ဖြစ်၏။ ဘသ္မာ၊ ထိုကြောင့်။ ဒိဋ္ဌိဂတံ နာမ၊ မိစ္ဆာအယူမည်သည်။ ဇာတံ၊ ဖြစ်၏။

ဤသို့ အနုပါဒိသေသနိဗ္ဗာန်ကို ခိုလှုံစံမြန်းတော်မူသော ရဟန္တာ အရှင်မြတ်၏ ရုပ်,ဝေဒနာ, သညာ, သင်္ခါ, ဝိညာဉ် တို့သည် တစ်ဖန် ဖြစ်ခြင်း မရှိ ချုပ်ငြိမ်းခဲ့တည်ရှိသော် ခံစားမှုတ်သော ဝေဒနာ စေတသိက်တို့သည် အလျဉ်းမဲ့ကုန်သည်ဖြစ်ခဲ့ရကား တိုအနုပါဒိသေသ နိဗ္ဗာန်၌ အဘယ်သို့သော သဘောကို နိဗ္ဗာန်နသုခဟူ၍ ယူကျေးဇူးနည်း၊ ၎င်းအနုပါဒိသေသနိဗ္ဗာန်ကို ခိုလှုံစံမြန်းတော်မူပြီးသော ရဟန္တာအား စက္ခုသမ္ဘဝကြောင့်ဖြစ်သော ဝေဒနာသုံးပါး။ (၀) ။မနောသမ္ဘဝ ကြောင့်ဖြစ်သော ဝေဒနာသုံးပါး၊ အကျဉ်းအားဖြင့် (၁၈)ပါး။ အကျယ် အားဖြင့် (၆၃)ပါး၊ ဧကာရုံ ကာလ သန္တာန ကိစ္စတို့၏ အစွမ်းအားဖြင့် အနေကပဘေဒရှိသော ဝေဒနာတို့သည် ထိုရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ် ဘင်္ဂဖြစ်၌ တစ်ပြိုင်နက် ချုပ်ငြိမ်းရကား ထိုနိဗ္ဗာန်၌ အကြင် ခံစား သော အခြင်းအရာဖြင့် ဝေဒနာတို့သည် အလျဉ်းမဲ့ မရှိကုန်၊ ဤနိဗ္ဗာန်၌ ထိုခံစားသော အခြင်းအရာဖြင့် ဖြစ်သော ဝေဒနာ၏မရှိခြင်းသည်ပင် လျှင် ကောင်းမှု အသခ်ာတော်မြတ်သောနိဗ္ဗာန်တော်မည်၏။

(၁) လောကိကာမသုခ၊ (၂) ဈာနသုခ၊ (၃) အနရိယာသုခ၊ (၄) နေက္ခမ္မသုခ၊ (၅) ပဝိဝေကသုခ တို့ဝက် လွန်ကဲသော သမ္ဘောဓ သုခ ကြောင့် ရောက်အပ်ရအပ်သော ဥပသမသုခ ကြီးပေတည်း။

ကိုဝ် ပနေတ္ထ အာဝုဘော သာရိပုတ္တ သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတန္တိ၊ တေဒေဝ ခွေတ္ထ အာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ။ အံ၊၃၊၂၁၃။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ တ္ထေ၊ ဤနိဗ္ဗာန်၌။ ယံ ဝေဒယိတံ၊ အကြင် ခံစားသောအခြင်းအရာဖြင့်ဖြစ်သော ဝေဒနာသည်။ နတ္ထိ၊ မရှိ။ တ္ထေ၊ ဤနိဗ္ဗာန်၌။ သုခံ၊ ချမ်းသာသည်။ ကိံ ပန၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ အရှင်ကာဠုဒၢယိက မေးလျှောက်၏။ အာဝုသော· ကာဠုဒၢယိ၊ ငါ့ရှင်ကာဠုဒၢယိ။ တ္ထေ၊ ဤနိဗ္ဗာန်၌။ ယံ ဝေဒယိတံ၊ အကြင်ခံစားသော အခြင်းအရာဖြင့် ဖြစ်သောဝေဒနာသည်။ နတ္ထိ၊ မရှိ။ တ္ထေ၊ ဤနိဗ္ဗာန်၌။ တေဒေဝ၊ ထိုခံစားသော အခြင်းအရာဖြင့် ဖြစ်သောဝေဒနာ၏ မရှိခြင်းသည်ပင်လျှင်။ သုခံ၊ ချမ်းသာကြီးမည်ဖေ၏။ [ခေါ်-ကား နိပါတ်]၊ (ဤကား အနုပါဒိသေသ နိဗ္ဗာန်၏သဘောတည်း။)

၆၃- နိဗ္ဗာန်ကို ဟောတော်မူခြင်းအကြောင်း

ထိုနိဗ္ဗာန်ကို အဘယ်သူ ဟောသနည်းဟူသော စတုတ္ထပုစ္ဆာ၌-

ယာဝတာ ဘိက္ခဝေ ဓမ္မာ သခ်ဟာ ဝါ အသခ်ဟာ ဝါ၊ဝိရာဂေါ
တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ- (အံ-၁၊၃၇၄)

ဟူသော စတုကဂ်ုတ္တရ ပါဠိတော်ဖြင့်ပင် ရှင်တော်ဘုရားဟောတော်မူသည့် အဖြစ်ကို သိရာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ သခ်ဟာ ဝါ၊ သခ်ဟလည်းဖြစ်ကုန်သော။ (ဝါ) စိတ် စေတသိက် ရူပ်လည်းဖြစ်ကုန်သော။ အသခ်ဟာ ဝါ၊အသခ်ဟလည်းဖြစ်ကုန်သော။ (ဝါ) နိဗ္ဗာန်ပညတ်လည်းဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ ဓမ္မာနံ၊ ထိုတရားတို့တွင်။ ဝိရာဂေါ၊ နိဗ္ဗာန်ကို။ အဂ္ဂံအဂ္ဂေါ် အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ဟောတော်မူအပ်၏။

ဤပုစ္ဆာကိုကား ဒဠှီကရဏအကျိုးငှာသာ ရေးလိုက်သည်။ စင်စစ်မှာမူ ငါးရင်သောနိကယ်တို့ဝယ် အကျယ် အကျဉ်းအားဖြင့်သုံးလူ့မင်းထိပ်ခါင် တို့ဆများ ငါးမာရ်အောင်သည် အဆောင်ဆောင်သော သုတ်ဝေဝုစ် နေယျတ္ထနီတတ္ထ အဖြာဖြာတို့ဖြင့် ကောင်းမွန်စွာ ဟောတော်မူကြောင်း ကုံယဇေတော်မြတ်ဝန်ခံဟန်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

အသခ်ံတဠ္ဆ ဝေါ ဘိက္ခဝေ ဒေသိဿामိ။ သစ္စဠ္ဆ ပါရဠ္ဆ သုဒုဒ္ဒသဠ္ဆ အဇရဠ္ဆ ဓုဝဠ္ဆ နိပ္ပပဉ္စဠ္ဆ ဂမတဠ္ဆ သိဝဠ္ဆ ခေမဠ္ဆ အဗ္ဘုတဠ္ဆ အနီဘိကဠ္ဆ အဗျာပဇ္ဇဠ္ဆ ဝိသုဒ္ဓဠ္ဆ ဒီပဠ္ဆ တာဏဠ္ဆ လေဏဠ္ဆ ဝေါ ဘိက္ခဝေ ဒေသိဿာမိတိ အာဒိတော သုတ္တေသု ဥပသမဂုဏာ ဝုတ္တာ။

သံ ၂၊ ၅၃၅၊ ၅၄၃။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား။အသခ်ံတဠ္ဆ၊ အသခ်ံတတရား ကိုလည်းကောင်း။ ဒေသိဿာမိ၊ ဟောအံ့။ သစ္စဠ္ဆ၊ မှန်သော တရားကို လည်းကောင်း။ ပါရဠ္ဆ၊ ကမ်းမည်သော တရားကိုလည်းကောင်း။ သုဒုဒ္ဒ-သဠ္ဆ၊ မြင်နိုင်ခဲသော တရားကိုလည်းကောင်း။ အဇရဠ္ဆ၊ အိုခြင်းမရှိသော တရားကို လည်းကောင်း။ ဓုဝဠ္ဆ၊ မြဲသော တရားကို လည်းကောင်း။ နိပ္ပပဉ္စဠ္ဆ၊ ခွဲခြင်းကင်းသော တရားကို လည်းကောင်း။အမတဠ္ဆ၊ သေခြင်းမရှိသော တရားကိုလည်းကောင်း။ သိဝဠ္ဆ၊ ချမ်းအေးသော တရားကို လည်းကောင်း။ ခေမဠ္ဆ၊ ဘေးကင်းသော တရားကို လည်းကောင်း။ အဗ္ဘုတဠ္ဆ၊ အံ့ဖွယ်ဖြစ်သော တရားကို လည်းကောင်း။ အနီတိကဠ္ဆ၊ အကျိုးမဲ့ကင်းသော တရားကိုလည်းကောင်း။ အဗျာပဇ္ဇဠ္ဆ၊ ကြောင့်ကြကင်းသော တရားကိုလည်းကောင်း။ ဝိသုဒ္ဓဠ္ဆ၊ စင်ကြယ်သော တရားကို လည်းကောင်း။ ဒီပဠ္ဆ၊ ကျွန်းသဖွယ်ဖြစ်သော တရားကို လည်းကောင်း။ တာဏဠ္ဆ၊ စောင့်ရှောက်တတ်သော တရားကို လည်းကောင်း။ လေဏဠ္ဆ၊ ပုန်းအောင်းရာဖြစ်သော တရားကို လည်းကောင်း။ ဘိက္ခဝေ၊ ရဟန်တို့။ ဝေါ၊ သင်တို့အား။ ဒေသိဿာမိ၊ ဟောအံ့။ ဣတိ အာဒိသု၊ ဤသို့အစရှိကုန်သော။ သုတ္တေသု၊ သုတ်တို့၌။ ဥပသမဂုဏာ၊ နိဗ္ဗာန်၏ဂုဏ်တို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

၆၄- နိဗ္ဗာန်ကို ရှာရခြင်းအကြောင်း

ထိုနိဗ္ဗာန်ကို အဘယ်မှာရှာရမည်နည်းဟူမေးသော ပဋ္ဌမပုစ္ဆာ၌။ မဟာသမုဒ္ဒရာ၏အတွင်းသို့ ဆင်းလိုသက်လို တက်လိုသော သူတို့သည် ဇမ္ဗူဒီပ်ကျွန်း၏ အရှေ့အနောက် တောင် မြောက်အထောင့် အမှတ်မဲ့သော ဆိပ်ကမ်းမှ သက်ခြင်းငှာ အလိုရှိကုန်၏။ ထိုဆိပ်ကမ်းဖြင့်သာလျှင် အမုဒ္ဒရာသို့ သက်ရာဖြစ်၍ ဆိပ်မည်၏။ ဆိပ်မရှိ ဟူ၍ ဗရိုနိုင်သကဲ့သို့ ထိုနည်းတူစွာ နိဗ္ဗာန်ကို ရလိုရောက်လိုသောသူတို့သည် မြတ်စွာဘုရား၏ သာသနာတော်ဝယ် အာကာသကသိုဏ်း အာလောက ကသိုဏ်း တို့ကို ကြဉ်၍(၃၇)ပါးသော ကမ္မဋ္ဌာန်းတို့တွင်တစ်ပါးပါးသော ကမ္မဋ္ဌာန်းဖြင့် နိဗ္ဗာန်သို့ သက်လိုကုန်၏။ ထိုကမ္မဋ္ဌာန်းဖြင့်သာလျှင် နိဗ္ဗာန်သို့သက်ရာ ဖြစ်သော ကြောင့် ဆိပ်မည်၏။ နိဗ္ဗာန်၏ ဆိပ်မဟုတ်သော ကမ္မဋ္ဌာန်း မည်သည် မရှိ။

> နိဗ္ဗာနဿ ကိရ ယထာ မဟာသမုဒ္ဒဿ ယတော ယတော သြတရိတုကာမာ ဟောန္တိ။ တံ တဒေဝ တိတ္ထံ၊ အတိတ္ထံ နာမ နတ္ထိ။ ဧဝမေဝံ အဋ္ဌတိံသာယ ကမ္မဋ္ဌာနေသု ယေန ယေန မုခေန နိဗ္ဗာနံ သြတရိတုကာမာ ဟောန္တိ။ တံ တဒေဝ တိတ္ထံ နိဗ္ဗာနဿ အတိတ္ထံ နာမ ဂ.မ္မဋ္ဌာနံ နတ္ထိ။ မ ဋ္ဌ. ၂၊ ၃၁၁။

ကိရ၊ ထင်စေဉီးအံ့။ နိဗ္ဗာနဿ၊ နိဗ္ဗာန်အား။ မဟာသမုဒ္ဒဿ၊ မဟာသမုဒ္ဒရာ၏။ (ဝါ)မဟာသမုဒ္ဒရာသို့။ ယတော ယတော၊ အကြင်အကြင် အရပ်မှ။ သြတရိတုကာမာ၊ သက်ခြင်းငှာအလိုရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံ၊ ထိုသမုဒ္ဒရာကို။ တဒေဝ၊ သက်ခြင်းငှါ အလိုရှိသော အရပ်သည်သာလျှင်။ တိတ္ထံ၊ သက်ရာဆိပ်မည်၏။ အတိတ္ထံ နာမ၊ ဆိပ်မဟုတ်သော အရပ်မည်သည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ ဧဝ မေဝံ ဧဝံ တထာ၊ ဤအတူ။ အဋ္ဌတိံသာယ၊ ၃၇-ပါးကုန်သော။ ကမ္မဋ္ဌာနေသု၊ ကမ္မဋ္ဌာန်းတို့တွင်။ ယေန ယေန မုခေန။ အကြင်အကြင် အမှုးဖြစ်သော ကမ္မဋ္ဌာန်းဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ သြတရိတုကာမာ၊ သက်ခြင်းငှာ အလို

ရှိကုန်သည်။ ဟောဒီ၊ ပြစ်ကုန်၏။ တံ၊ ထိုနိဗ္ဗာန်ကို။ တဒေဝ၊ ထိုကမ္မ-ဌာန်းဖြင့်သာလျှင်။ တိဟ္ဍံ၊ သက်ရှုဆိပ်မည်၏။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အတိတ္ထံ၊ ဆိုင်မဟုတ်ဧသာ။ ကမ္မဋ္ဌာနံ နာမ၊ ကမ္မဋ္ဌာန်းမည်သည်။ နတ္ထိ၊ မရှိ။

ထိုသို့ သက်သေသာလည်း ခြောက်ပါးသော ဒွါရတို့တွင် စက္ခုဒ္ဒါရ သောတဒ္ဒါရ ဃာနဒ္ဒါရ ဇိဝှာဒ္ဒါရ ကာယဒ္ဒါရတို့ဖြင့် မသက်ကောင်း။ အဘယ် ကြောင့်နည်း ဟူမူ–ပဋ္ဌဝိညာဉ် တို့သည် အဗျာကတ ဖြစ်သော ကြောင့် ထိုပဋ္ဌဝိညာဉ်နှင့် ပြည့်စုံဆဲဖြစ်သော ဈာဂိအား ကုသိုလ် အကုသိုလ်ကို ပယ်အပ်၏။ ထို့ကြောင့် ပဋ္ဌဝိညာဉ်ဒွါရဖြင့် မသက်ကောင်း။ မနောဒွါရဖြင့်သာလျှင် သက်ကောင်း၏။ ဘဝယ် ကြောင့်နည်းဟူမူ–နိဗ္ဗာန်ကိုအာရုံပြုသော မဂ်စိတ်သည် စင်စစ်ကုသိုလ်စိတ်ဖြစ်သောကြောင့် တည်း။ ထို့ကြောင့် လောကုတ္တရာ မနောဝိညာဉ် ကုသိုလ်မဂ်စိတ်ဖြင့် သာလျှင် သက်အပ်၏။

> သတ္ထာရာ ဟိ ပဋ္ဌဝိညာဏကာယော ကေန္တံ အဗျာကတောဝ ဝုတ္တော။ တံသမဋ္ဌိယာ ကုသလာကုသလံ ပဋိက္ခိတ္တံ။ လောကုတ္တရာ-မဂ္ဂေါ စ ကေန္တကုသလော။ မ ဋ္ဌ- ၃၊ ၁၃၄။

ဟိ၊ ထိုစကားသင့်စွ။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ပဋ္ဌဝိညာဏ-ကာယော၊ ပဋ္ဌဝိညာဉ် ငါးပါးတို့၏ အပေါင်းကို။ ကေန္တံ၊ စင်စစ်။ အဗျာ-ကတောဝ၊ အဗျာကတ ဟူ၍ သာလျှင်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တံ သမဋ္ဌိယာ၊ ထိုပဋ္ဌဝိညာဉ်နှင့် ပြည့်စုံဆဲဖြစ်သော ပုဂ္ဂိုလ်အား။ ကုသလာ ကုသလံ၊ကုသိုလ် အကုသိုလ်ကို။ ပဋိက္ခိတ္တံ၊ ပယ်အပ်၏။ လောကုတ္တရ မဂ္ဂေါစ၊ လောကုတ္တရာ မဂ်စိတ်သည်လည်း။ ကေန္တကုသလော၊ စင်စစ် ကုသိုလ်စိတ်သာတည်း။

၆၅–နိဗ္ဗာန်ကို မြင်သောသူတို့ကို ပြခြင်း

ထိုနိဗ္ဗာန်ကို အဘယ်သူမှ မြင်အပ်သနည်း။ အဘယ်သူ မမြင်အပ်သနည်း ဟူသော ဆဋ္ဌပုစ္ဆာ၌။ "နိဗ္ဗာန် ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂညာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာန မာလမ္မဏဘူတံ" ဟူသော လက်သန်းအဋ္ဌကထာ မိန့်မှာကျူးရင့်တော်မူသည်နှင့် အညီ ထိုနိဗ္ဗာန်ကို လူသာမန်တို့ ဉာဏ်ပညာမျက်စိတွဲ့ဖြင့် ကြည့်ရှုထင်မြင်ခြင်းငှါ မထိုက်။ လေးကျွန်း သေဋ္ဌနင်း မန္ဒာတင်မင်းပင် ဖြစ်သော် လည်းကောင်း။ တစ်သောင်းသော လောကဓာတ်ကို တလျှပ်လျှပ် တဝင်းဝင်း ကိုယ်ရောင်ဖြင့်ထွန်းလင်းနိုင်သော ဗြဟ္မာမင်းကြီးပင်ဖြစ်သော်လည်းကောင်း။ မိမိ၏ အလို ပင်ကိုယ်ဖြစ်သော ပညာမျက်စိဖြင့် ကြည့်ရှုထင်မြင်ခြင်းငှါ မထိုက်။ သုံးတိုက်လုံးမှန်ကူ သယမ္ဘူထွတ်ထား ရှင်တော်ဘုရား၏ သားရင်းအစစ်ဖြစ်တော်မူ ကြပေသော ရှစ်ယောက်သော အရိယာတို့ အားသာလျှင် မြတ်လှစွာသော မဂ်ဉာဏ်နှင့်ယှဉ်သော ပညာ စက္ခုဖြင့် သာလျှင် လက်ပေါ်၌ တင်ထားသော ပတ္တမြားကို ရှုသကဲ့သို့ အသင်္ခတခေတ် မြက်သော နိဗ္ဗာန်၏အာရုံကို ပစ္စက္ခအားဖြင့် မြင်ထိုက်မြင်အပ်လှပေ၏။ ထိုသို့ အရိယာအစစ်အဖြစ်သို့ မရောက်သေးသော ကလျာဏပုထုဇဉ် ပညဝန်ပုဂ္ဂိုလ်တို့အား ရော်ရမ်းမှန်းဆ၍ ဤနိဗ္ဗာန်သည် အဘယ်သို့ရှိမည်, ဤသို့ရှိမည်, ထိုသို့ရှိမည် စသည်ဖြင့် အာရုံပြုလျက် အနုမာနဉာဏ်အားဖြင့် မြင်ခြင်းငှာသာ ထိုက်၏၊ ပစ္စက္ခအားဖြင့် မထိုက်။

> နိဗ္ဗာနံ ပန အနာသဝဘာဝေန တေဘူမကဝဋ္ဋသင်္ခါတာ လောကသ ဥတ္တရဏတော အတိက္ကမနတော လောကုတ္တရန္တိ သင်္ခါတေန စတုဗိဓအရိယမဂ္ဂေန သဟ ဇာတဉာဏေန သစ္ဆိကာတဗ္ဗံ၊ ဣမိနာ အရိယပုဂ္ဂလသင်္ခါတာနံ ယောဂိနံ အရိယေန ဉာဏစက္ခုနာ ပသီဒိတဗ္ဗကော နိဗ္ဗာနသ ပစ္စက္ခသိဒ္ဓတာ ဒဿိတာ ဟောတိ။

စ့ုတုန့် အရိယမဂ္ဂါနံ စတုန့် ဖလာနဉ္စ အာရမ္မဏပစ္စယဘူတံ၊ ဣမိနာ ကလျာဏပုထုဇ္ဇနာနံ နိဗ္ဗာနသ အနုမာနသိဒ္ဓတာ ဒဿိတာ ဟောတိ။ [သင်္ဂြိဟ်ဋီကာဟောင်း။]

အနာသဝဘာဝေန၊ အာသဝေါတရားမဟုတ်သည်၏ အဖြစ်ဖြင့်။ တေဘူမကဝဋ္ဋသခ်ါတသ၊ တေဘူမကဝဋ်ဟုခေါ်အပ်သော။ လောကဿ၊ လောကကို။ ဥတ္တရဏတော၊ ကူးမြောက်သောကြောင့်။ အတိက္ကမနတော၊ လွန်သောကြောင့်။ လောကုတ္တရန္တိ သခ်ါတေန၊ လောကုတ္တရာဟုဆိုအပ်သော။ စတုဗိဓအရိယ မဂ္ဂေန၊ လေးပါးအပြားရှိသော အရိယာမဂ်နှင့်။ သဟဇာတဉာဏေန၊ တကွဖြစ်သောဉာဏ်ဖြင့် (၀ါ) ဉာဏ်သည်။ သစ္စ-ကာတမ္ပိ၊ မျက်မှောက်ပြုအပ်သော။ ဣမိနာ၊ ဤလောကုတ္တရ သခ်ါတ စတုမဂ္ဂဉာဏေန သစ္စိကာတမ္ပိ ဟူသော ရည်ရွယ်သောနည်းဖြင့်။ အရိယပုဂ္ဂလ-သခ်ါတာနံ၊ အရိယာပုဂ္ဂိုလ်ပုံ ဆိုအပ်ကုန်သော။ ယောဂိနံ၊ ယောဂပုဂ္ဂိုလ်တို့အား။ အရိယေန၊ မြတ်သော (၀ါ) အရိယာမဂ်နှင့်ယှဉ်သော။ ဉာဏစက္ခုနာ၊ ဉာဏ်တည်းဟူသောမျက်စိဖြင့် ပဿိတ ဗ္ဗတော၊ မြင်အပ်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနသ၊ နိဗ္ဗာန်၏။ ပစ္စက္ခသိဒ္ဓတာ၊ မျက်မှောက်အားဖြင့် ထင်ရှားရှိသည်၏အဖြစ်ကို။ ဒဿိတာ၊ ပြတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ စတုန့်၊ လေးပါးကုန်သော။ အရိယာမဂ္ဂါနဉ္စ၊ အရိယမဂ်တို့၏လည်းကောင်း။ စတုန့်၊ လေးပါးကုန်သော။ ဖလာနဉ္စ၊ ဖိုလ်တို့၏လည်းကောင်း။ အာရမ္မဏ ပစ္စယဘူတံ၊ အာရမ္မဏပစ္စည်းဖြစ်၍ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣမိနာ၊ ဤမဂ္ဂဖလာန မလမ္ဗဏာဘူတံ ဟူသော နောက် ဝိသေသနဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ ကလျာဏ ပုထုဇဉ်တို့အား။ နိဗ္ဗာနသ၊ နိဗ္ဗာန်၏။ အနုမာနသိဒ္ဓတာ၊ ရော်ရမ်းထောက်ဆ၍ သိသော အားဖြင့် ထင်ရှားရှိသည်၏အဖြစ်ကို။ ဒဿိတာ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

အဘယ်သူ မမြင်အပ်သနည်း ဟူရာ၌—

ယေ စ တေ သတ္တာ ကမ္မာဝရဏေန ဝါ သမန္နာဂတာ ကိလေ-သာဝရဏေန ဝါ သမန္နာဂတာ ဝိပါကာဝရဏေန ဝါ သမန္နာ-ဂတာ အသညိ အစ္ဆန္ဒိကာ ဒုပ္ပညာ အဘဗ္ဗာ နိယာမမောက္ခမိတုံ ကုသလေသု ဓမ္မေသု သမ္မတ္တာယ ဝုတ္တာ၊ တေသမေကသာပေက-ကသိဏေပိ ဘာဝနာ နိ ဣဒ္ဓတိ— ဝိသုဒ္ဓိ-၂-၁၊၁၇၁။

ဟူသော ဝိဘင်း၊ ပုဂ္ဂလပညတ်၊ အဂ်ုတ္တိရ်၊ ပဋ္ဌိသမ္ဘိဒါမဂ် တို့ကို ဆောင်၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင် ပြတော်မူသော ပါဠိနှင့်အညီ—

(၁) ကမ္မာဝရဏ ပုဂ္ဂိုလ်၊

(၂) ကိလေသာဝရဏ ပုဂ္ဂိုလ်၊

(၃) ဝိပါကာဝရဏ ပုဂ္ဂိုလ်၊

(၄) အသဒ္ဓ ပုဂ္ဂိုလ်၊

(၅) အစ္ဆန္ဒ ပုဂ္ဂိုလ်၊

(၆) ဒုပ္ပညာ ပုဂ္ဂိုလ်၊

(၇) (ပုဂ္ဂလပညတ်အဋ္ဌကထာအလိုအားဖြင့်)အနုပနိဿယ ပုဂ္ဂိုလ်— ဤခြောက်ယော, ခုနစ်ယောက်သောသူတို့သည် ကုသိုလ်တရားတို့၌ သမ္မတ္တနိယာမဟု ဆိုအပ်သော အရိယမဂ်သို့ သက်ရောက်ခြင်းငှာ မထိုက်ကုန်။ တစ်ခုခုသော ကမ္မဌာန်းကို စီး ဖြန်း အား ထုတ် ပါ ပြား သော် လည်း (၁) ဥပစာဘာဝနာ၊ အပ္ပနာဘာဝနာဟု ဆိုအပ်သော သမာဓိဘာဝနာ၊ (၂) ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဟုဆိုအပ်သော ပညာဘာဝနာ ဤ ဘာဝနာ နှစ်ပါးတို့နှင့် မပြည့်စုံထိုက်။ မကျွတ်ထိုက်သော သူတို့ဖြစ်၍ ဤ ခြောက်ယောက်, ခုနစ်ယောက်သော သူတို့သည် နိဗ္ဗာန်ကို မမြင်အပ်ကုန်။

ကမ္မာဝရဏေန၊ ကံတားမြစ်ခြင်းနှင့်။ သမန္နာဂတာ ဝါ၊ ပြည့်စုံကုန်သော သူတို့သည် လည်းကောင်း။ ကိလေသဝ ဝရဏေန၊ ကိလေသာ တားမြစ်ခြင်းနှင့်။ သမန္နာဂတာ ဝါ၊ ပြည့်စုံကုန်သော သူတို့သည်လည်း ကောင်း။ ဝိပါကာဝရဏေန၊ ဝိပါက်ပဋိသန္ဓေ တားမြစ်ခြင်းနှင့်။ သမန္နာ-ဂတာဝါ၊ ပြည့်စုံကုန်သောသူတို့သည်လည်းကောင်း။ အသဒ္ဓါ ဝါ၊ သဒ္ဓါ တရား ကင်းကုန်သော သူဟူသည်လည်းကောင်း။ အစ္ဆန္ဒိကာ ဝါ၊ အလိုမရှိ ကုန်သော သူတို့သည် လည်းကောင်း။ ဒုပ္ပညာ ဝါ၊ ပညာကင်းကုန်သော သူတို့သည် လည်းကောင်း။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ နိယာမံ၊ နိယာမဟူဆိုအပ်သော။ သမ္မတ္တံ၊ သမ္မတ္တဟူဆိုအပ် သော အရိယာမဂ်သို့။ သြက္ကမိတုံ၊ သက်ခြင်းငှာ။ အဘဗ္ဗာ၊ မထိုက်ကုန်။ ဣတိ၊ ဤသို့၊ ယေ စ တေ သတ္တာ၊ အကြင်သတ္တဝါတို့ကုန်သည်း။ ဝုတ္တာ၊ ဘုရားမြတ်စွာ ဟောတော်မူအပ်ကုန်၏။ တေသံ၊ ထိုသတ္တဝါတို့တွင်။ ကေဝိ၊ တစ်ယောက်သော သတ္တဝါအားလည်း။ ကေဝိ၊ တစ်ခုသောကသိုဏ်းဌာန်လည်း။ သာဝနာ၊ သမာဓိသာဝနာသည်။ နတ္ထိ၊ မပြည့်စုံနိုင်။

ထို ၆-ယောက်, ၇-ယောက်သော သူတို့တွင်—

(၁) ပဋ္ဌာနန္တရိယ ကံငါးပါးတို့၌ တစ်ပါးပါး ထိုက်သောသူသည် ကမ္မာဝရဏမည်၏။ (ကမ္မာဝရဏေနာတိ ပဋ္ဌဝိဓေန အနန္တရိယကမ္မေန။ အဘိ-ဋီ-၂၊၆၆၂။

(၂) နိယတမိစ္ဆာဒိဋ္ဌိအယူနှင့် ပြည့်စုံသော သူသည် ကိလေသာဝရဏ မည်၏။ ကိလေသာဝရဏေနာတိ နိယတမိစ္ဆာဒိဋ္ဌိယာ–အဘိ-ဋီ ၂၊၆၆၂။

(၃) ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ဒွိဟိတ် ပဋိသန္ဓေ နေသောသူ သည် ဝိပါကာဝရဏ မည်၏။ (ဝိပါကာဝရဏေန သမန္နာဂတာတိ အဟေတုက ဒွိဟေတုက ပဋိသန္ဓိကာ–အဘိ-ဋီ-၂-၆၆၂)

(၄) ဘုရားအစရှိသော ရတနာသုံးပါးတို့၌ ယုံကြည်ခြင်းကင်းသော သူသည် အသဒ္ဓမည်၏။ (အသဒ္ဓါတိ ဗုဒ္ဓါဒီသု သဒ္ဓါရဟိတာ–အဘိ ဋ္ဌ-၂၊၄၄၃။)

(၅) ပြုလိုသော ဆန္ဒကင်းသောသူသည် အစ္ဆန္ဒမည်၏။ (အစ္ဆန္ဒိကာ တိ ကတ္တုကမ္မတာ ဆန္ဒရဟိတာ–အဘိ ဋ္ဌ-၂၊၄၄၃။)

(၆) ဘဝင်ပညာချို့သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒ္ဝိဟိတ်, ဘဝင်ပညာနှုံ့သော တိဟိတ်, ဘဝင်ပညာနှင့် ပြည့်စုံသော တိဟိတ်သော် လည်း စျာန်အားလည်းကောင်း၊ မဂ်ဖိုလ်အားလည်းကောင်းအခြေပါဒက မဖြစ်နိုင်ပါမူ ဒုပ္ပညာ မည်၏။ (ဒုပ္ပညာတိ ဘဝင်ပညာယ ပရိဟီနာ–အဘိဋ္ဌ-၂၊၄၄၃။)

ဘဝင်ပညာယ ပန ပရိပုဏ္ဏာပိ ယသ္သ ဘဝင်ံ စျနာသ္သဝါ လောကုတ္တရသ္သဝါ ပါဒကံ နဟောတိ၊ သော ဒုပ္ပညော ယေဝ နာမ။ ပဋ္ဌိသံ-ဋ္ဌ-၂၊၁၁။

ပန၊ဥပစာကို ဆိုဦးအုံ့။ ဘဝင်ပညာယ၊ ဘဝင်ပညာနှင့်။ ပရိပုဏ္ဏာပိ၊ပြည့်စုံသည်လည်း ဖြစ်သော။ ယသ္သ၊အကြင် တိဟိတ်ပုဂ္ဂိုလ်၏။ ဘဝင်ံ၊ဘဝင်သည်။ စျာနသ္သဝါ၊ စျာန်၏လည်းကောင်း။လောကုတ္တရသ္သ ဝါ၊မဂ်ဖိုလ်၏ လည်းကောင်း၊ ပါဒကံ၊ အခြေသည်။ နဟောတိ၊ မဖြစ်။ သော၊ ထိုတိဟိတ်ပုဂ္ဂိုလ်သည်။ ဒုပ္ပညော ယေဝ နာမ၊ ဒုပ္ပညမည်သာ လျှင် ကတည်း။

ဆောင်ပုဒ်

ကံ ကိလေသ၊ ဝိပါက၊ အသဒ် အစ္ဆန် ဒုပ်။
သောတာမဂ်ကို၊ မရလို၊ လူဗိုလ် ၆-ယောက်ထုတ်။

ပုဂ္ဂလပညတ်အဋ္ဌကထာ၌"ယေသဉ္စ မဂ္ဂဖလာနံ ဥပနိဿယော နတ္ထိ" ဟူသော စကားအရ အနုပနိဿယ ပုဂ္ဂိုလ်ကို ခွဲ၍ ရေမူ ခုနစ်ယောက် ဖြစ်၏။ ၎င်းပုဂ္ဂိုလ်ကို ၂ါဠိတော်ဝယ် ဒုပ္ပညပုဂ္ဂိုလ်၌ ထည့်သွင်း၍ ဟောတော်မူအပ်၏။

ဤပြခဲ့အပ်ပြီးသော ၆-ယောက် ၇-ယောက်သော သူတို့တွင် အကြင်တစ်ယောက်ယောက်သော သူသည် စျာန်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို ၎င်းအား မရထိုက်ဟူ၍ အားလျှော့လျက် မနေအပ်၊ အဘယ့်ကြောင့် နည်းဟူမူ။ မိမိအား ဥပနိဿယ မရှိသေးမူ ရှိခြင်း အကျိုးငှာလည်းကောင်း ရှိပြီးဖြစ်မူ ရင့်စေခြင်းအကျိုးငှာလည်းကောင်း လင်းနို့သား၊ မဟာဒတ္တ နှားလား၊ တိပိဋကလင်း၊ ဖားသူငယ်၊ ဥဒုမ္ဗရိကပရိဗိုဇ်၊ သစ္စကပရိဗိုဇ် စသော သူတို့ကဲ့သို့ ၎င်းကားတိဟိတ် မဟုတ်ဟု အားမလျှော့ရာ။ အကယ်၍ သီလ၊ သမာဓိ၊ ပညာ၊ ဟူသော သိက္ခာသုံးထပ် အကျင့်မြတ်တို့ကို အလုန်ကြိုးပမ်း နိဗ္ဗာန်လမ်းကို စွမ်းသမျှဖွင့် အားထုတ်၍ကျင့်ပါမူ လူ့ရွာဒေသ လူ့လောကဝယ် ပဒပရမ မုချစင်စစ် ဖြစ်နိုင်ပေ၏။ ထိုသို့မုချ ပဒပရမ ဖြစ်ကြပါမူ ဒုတိယစသော ဘဝတို့၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ကေန်မုချ ရတော့မည် စင်စစ်ပေတည်း။

ပဒပရမဿ ဟိ ဣမသ္မိံ အတ္တဘာဝေ ဓမ္မံ ပဋိဝိဇ္ဈိတုံ
အသက္ကောန္တဿာပိ အနာဂတေ ပစ္စယော ဘဝိဿတိ။

အံဋ္ဌ-၂၊၀၉။

ဟိ၊အံ့။ ပဒပရမဿ၊ ပဒပရမပုဂ္ဂိုလ်အား။ ဣမသ္မိံ အတ္တဘာဝေ၊ ဤကိုယ်၏အဖြစ်၌။ ဓမ္မံ၊မဂ်ဖိုလ် လောကုတ္တရာတရားကို။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍ သိခြင်းငှာ။ အသက္ကောန္တဿာပိ၊ မတတ်နိုင်သော်လည်း။ အနာဂတေ၊ ဒုတိယစသော ဘဝနောင်လာ ဖြစ်သောအခါ၌။ ပစ္စယော၊ မဂ်ဖိုလ်၏ အထောက်အပံ့ဖြစ်သော ဥပနိဿယ ဗလဝအကြောင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

၆၆–နိဗ္ဗာန်ကိုမြင်သောအခါ ဖြစ်သော အာကာရဘာဝတို့ကို ပြခြင်း

ထိုနိဗ္ဗာန်ကို မြင်သောအခါ အဘယ်သို့ မြင်ရာဘိ သနည်းဟူသော သတ္တမပုစ္ဆာ၌ ၎င်းပုစ္ဆာ၏ သဘာဝကား နှက်နဲခက်ခဲသည်။ ကေန္ဒ ပညာရှင်ကြီးတို့၏ အရာဖြစ်သည်။ ပရာနအလုပ်ကို အားထုတ်တော်မူကြ ပေသော သူတော်ကောင်းတို့၏ လိုရင်းအချက်ကြီး ဖြစ်ပေသည်။

ထို့ကြောင့် ဆင်ခြင်စဉ်းစား သတိထား၍ မှတ်သားကြည့်ရှုကြစေ ကုန်သတည်း။ ထိုသို့ အသခ်ံတဓာတ် မွန်မြတ်သော နိဗ္ဗာန် အာရုံတော် ကြီးကို မြင်လိုလျှ၍ ဓနာက်ကပြုခဲ့ပြီးသောအတိုင်း အနိစ္စ-ဒုက္ခ-အနတ္တ တို့ကိုဂေါ်တြဘူဉာဏ်တိုင်အောင်စီးဖြန်းမယုတ် အားထုတ် ဆည်းပူးသော ယောဂီအား အကြင်အခါ ဂေါ်တြဘူဉာဏ်သည် အမှတ်ပေးအပ်သည်ဖြစ်၍ နိဗ္ဗာန်ကိုမြင်ခြင်းငှာခံ့၏။ ထိုအခါ(၁)အာကာရ၊(၂)ဘာဝ၊ (၃)ဒဿန၊ (၄)သတ္တိ၊(၅)လဟုက၊ (၆)လက္ခဏ ဟူသော ၆.ပါးသော ဂုဏ်တို့ကို ဆောင်ယူလျက် မြင်တော်မူရာပေ၏။

ထိုစကားကို ထင်စွာ ချဲ့ဦးအုံ—ထို ၆.ပါးတို့တွင် အာကာရ ဟူသည် သမ္မာသနဓာတ်၊ နိဗ္ဗိဒါဓာတ်၊ ပကၠန္ဒနဓာတ်သုံးပါးကိုလွန်၍ ဩက္ကမဓာတ် ဟု ဆိုအပ်သော၊ လောကုတ္တရာ မဂ်စိတ်သည် သခ်ါရနိမိတ် ဖြစ်သော အနိစ္စ၊ အနိစ္စဟူသော နိမိတ္တအာရုံမှလည်းကောင်း၊ အနုမတဂ် စက်သံသ ရာ အဏ္ဍဝါ၌ လွန်စွာဆည်းပူးခြင်း သမုဒယကြောင့်ဖြစ်သော ဥပါဒိန္နက ခန္ဓာဟူသော ပဝတ္တမှလည်းကောင်း၊ နိဗ္ဗာန်တည်းဟူသော အာရုံတော် ကြီးကို မပြုဖူး မမြင်ဖူးပါဘဲလျက် ယခုမှ မြင်ရသောကြောင့် နိမိတ္တ! ပဝတ္တဟူသော ၎င်းနှစ်ပါးစုံမှ လွတ်လိုက်ရခြင်းသည် အာကာရမည်၏။

ဥာဟတော ဝုဋ္ဌာနဝိဝဋ္ဋာနေ ပညာ မဂ္ဂေ ဥဏှံ။
ပဋ္ဌိသံ၊ခ။

ဥာဟတော၊ နှစ်ပါးစုံသော ဃနသညာ ပြစ်ခြင်းအကြောင်း လုံးလုံး လျှောင်းလျှောင်းပေါင်း၍ တည်ဟန် သဏ္ဌာန် အထည်အားဖြင့်ထင်တတ် သော သခ်ါရနိမိတ်၊ [နိမ်တ္တန္တိ သခ်ါရနိမ်တ္တံ၊ အတ္ထတော ပဋ္ဌကၠန္ဓာ၊

တေဟိ ဃနသညာပဝတ္တိယာ ဝတ္ထုဘာဝတော နိမိတ္တံ။ မဟာဋီကာ။] ကိလေသာ ဘိသင်္ခါရတို့ကြောင့် အဆင့်ဆင့် ဖြစ်ပွားလို့ မှားယွင်းလျက်နေသော ဥပါဒိန္နကခန္ဓာဟုဆိုအပ်သော ပဝတ္တ၊[ပဝတ္တန္တိ ဥပါဒိန္နပ္ပဝတ္တံ၊ တံ ဟိ ကိလေသာဘိသင်္ခါရေဟိ ပဝတ္တိတတ္တာ သာတိသယံဒုက္ခဘာဝေန ဥပဋ္ဌာတိ။ ။ဗဟာဋီကာ။] ဤသို့အားဖြင့် နိမိတ္တ, ပဝတ္တမှ၊ ဝုဋ္ဌာန ဝိဝဋ္ဋာနေ၊ ထမြောက်ခြင်း အာရုံမပြုခြင်းဌာ။ ပဝတ္တာ၊ ဖြစ်သော။ (ထည့်)ပညာ၊ ပညာသည်။ မဂ္ဂေဉာဏ်၊ မဂ်ဉာဏ်မည်၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ရှင်သည်—

တေနေဝါဟ စတ္တာရိပိ မဂ္ဂဉာဏာနိ အနိမိတ္တာရမ္မဏတ္တာ နိမိတ္တတော ဝုဋ္ဌဟန္တိ၊ သမုဒယဿ သမုစ္ဆိန္နနတော ပဝတ္တာ ဝုဋ္ဌာဟန္တိတိ ဥဘတော ဝုဋ္ဌာနာနိ ဟောန္တိတိ။

ပဋိသံ-ဌ-၁၊ ၂၅။ဝိသုဒ္ဓိ၊ ၂- ၂၊ ၃၂၁။

ဟူသော သာဓကစကားကို မှာထား ဖွင့်လှစ်တော်မူပေ၏။

တေနေဝ၊ ထို့ကြောင့်သာလျှင်။ စတ္တာရိပိ။ (ပ)။ ဟောန္တိတိ၊ ဟောန္တိဟူ၍။ အာဟ၊ ရှင်သာရိပုတ္တရာ မိန့်တော်မူ၏။

သာဓကအနက်ကား–စတ္တာရိပိ၊ လေးပါးလည်းဖြစ်ကုန်သော။ မဂ္ဂဉာဏာနိ၊ မဂ်ဉာဏ်တို့သည်။ အနိမိတ္တာရမ္မဏတ္တာ၊ နိဗ္ဗာန်ကို အာရုံပြုသည်၏ အဖြစ်ဖြင့်၊(၀ါ)အဖြစ်ကြောင့်။ နိမိတ္တတော၊ သင်္ခါရနိမိတ်မှ။ ဝုဋ္ဌဟန္တိ၊ ထမြောက်ကုန်၏၊ သမုဒယဿ၊ အဆက်ဆက် ဖြစ်ကြောင်းကို။ သမုစ္ဆိန္နနတော၊ နိဗ္ဗာန်ကိုအာရုံပြုရ၍ ကောင်းစွာ ဖြတ်ခြင်းကြောင့်။ ပဝတ္တာ၊ အဆက်ဆက်ဖြစ်တတ်သော ဥပါဒိန္နကခန္ဓ ပဝတ္တာမှ။ ဝုဋ္ဌဟန္တိ။ ထမြောက်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥဘတော ဝုဋ္ဌာနာနိ၊ ဥဘတောဝုဋ္ဌာနံမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သဘောမှာ–မင်သို့ရောက်အောင် ရှုနိုင်သော ပဗ္ဗဇ္ဇနှ အားရှိသော ဝိပဿနာ ဉာဏ်သည် အကြင်အခါ နိဗ္ဗာန်ကို မြင်လိုက်ရ၏။ ထိုအခါ အနိစ္စ-အနိစ္စ-ဟူသော မိမိအသိဉာဏ်သည် ရိပ်ခနဲလွှတ်၍ သင်္ခါရနိမိတ်မှ ထမြောက်ရခြင်း, ထိုနိဗ္ဗာန်ကို မမြင်ရသေးပါက သံသရာဝယ် ချာချာ ပတ်ပတ် ချားရဟတ်ကဲ့သို့ စပ်ရှုဖြစ်ရခြင်းမှ မလွှတ်နိုင်ချေ။ ယခုမှာ မူကား နိဗ္ဗာန်ကိုမြင်လိုက်ရသောကြောင့် သံသရာ၌ လွှန်စွာဖြစ်ကြောင်း မကောင်းသော ဥပါဒိန္နကခန္ဓပဝတ္တမှ ထမြောက်ရခြင်းတည်း ဟူသော ထမြောက်ခြင်းကြီး နှစ်ပါးတို့ဖြင့် ထမြောက်တော်မူရာ၏ ဟူလို။ ။ (အာကာရဖို့။)

ဤသို့ အာကာရ၏ အစွမ်းအားဖြင့် နိဗ္ဗာန်၏အာရုံတော်ကိုမြင်သော အခါ၌ နိမိတ္တ ပဝတ္တ တည်းဟူသော အခြင်းအရာ နှစ်ပါးသာလျှင် ထမြောက်ရှုံ့ မဟုတ်သေး၊ ဝိပဿနာဉာဏ်စိတ်ဖြင့် တေဘူမက သင်္ခါရ တရားတို့ကိုလောကီဝိပဿနာဉာဏ်ဖြင့်အနိစ္စ အစရှိသည် အစွမ်းအားဖြင့် ဖျက်ဆီးသော အဆုံး၌ မဂ်စိတ်သည် ဘုမ္မိလဒ္ဓအစွမ်းအားဖြင့် တည်သော ဝဋ္ဋဒုက္ခအပေါင်းကို ကောင်းစွာ ပယ်လျက် ကောင်းစွာ ငြိမ်းစေလျက် ဖြစ်တော်မူပေ၏။ ထိုသို့ ဝဋ္ဋဒုက္ခအပေါင်းကို ကောင်းစွာ ပယ်လျက် ကောင်းစွာငြိမ်းစေလျက် ဖြစ်သောအခါ ဗေးမြလှစ္စာသော ရေအိုး တစ်ထောင်ကို မ-၍ မိမိ၏ ထိပ်ထက်၌ သွန်းလောင်း လိုက်ဘိသကဲ့သို့ နိဗ္ဗာန်ကို အာရုံမြင်သောအခါ ဖြစ်တော်မူရာပေ၏။

ဝိပဿနာသမ္မာဒိဋ္ဌိ စ တေဘူမကသင်္ခါရေ အနိစ္စာဒိ ဝသေန ပရိဝိဒ္ဓံသတိ၊ မဂ္ဂသမ္မာဒိဋ္ဌိ ပန ပရိဝိဒ္ဓံသနပရိယောသာနေ ဘုမ္မိလဒ္ဓံ ဝတ္တံ သမုဋ္ဌိတယမာနာ ဝူပသမယမာနာ သီတုဒကဃ-ဋသဟဿံ မတ္ထကေ အာသိဉ္စမာနာဝိယ ဥပ္ပဇ္ဇတိ။ ။

မ-ဌ-၄၊၉၂။

၆၇–နိဗ္ဗာန်ကိုမြင်ရာ၌ သစ္စာလေးပါးကို ဒဿနအားဖြင့်မြင်ခြင်း ၃၉၁

ဝိပဿနာသမ္မာဒိဋ္ဌိ စ၊ ဝိပဿနာ သမ္မာဒိဋ္ဌိသည်ကား။ တေဘူမက သင်္ခါရေ၊တေဘူမက သင်္ခါရဟုဆိုအပ်သော ရူပ်နာမ်တရား၊ကိုကို။အနိစ္စာ ဒိဝသေန၊ အနိစ္စအစရှိသည်တို့၏ အစွမ်းအားဖြင့်။ ပရိဝိဒ္ဓံသတိ၊ တဏှာ မာန ဒိဋ္ဌိ မဖြစ်အောင် ဖျက်ဆီး၏။ မဂ္ဂသမ္မာဒိဋ္ဌိ ပန်၊ မဂ္ဂသမ္မာဒိဋ္ဌိသည် လည်း။ ပရိဝိဒ္ဓံသနပရိယောသာနေ၊ ဝိပဿနာသမ္မာဒိဋ္ဌိ ဖျက်ဆီးသော အဆုံး၌။ ဘူမ္မိလဒ္ဓံ၊ ဘူမိလဒ္ဓ၏ အစွမ်းအားဖြင့်ရအပ်သော။ ဝဋ္ဋံ၊ တေဘူမကဝဋ္ဋကရား၊ကို။ သမုဋ္ဌါတဗ္ဗမာနာ၊ ကောင်းစွာပယ်လျက်။ ဥပသမယမာနာ၊ ငြိမ်းစေလျက်။ သိတုဒကဃဋ္ဌသဟာသံ၊ မြေလှစ္စာသော ရေအိုး တစ်ထောင်ကို။မတ္ထကေ၊ ထိပ်ထက်၌။ အာသိဉ္စမာနာ ဝိယ၊ သွန်းလောင်းလိုက်ဘိသကဲ့သို့။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။(ဘာဝဖို့။)

၆၇–နိဗ္ဗာန်ကိုမြင်ရာ၌ သစ္စာလေးပါးကို ဒဿနအားဖြင့် မြင်ခြင်း

နိဗ္ဗာန်၏ အာရုံတော်ကြီးကို မြင်ဆဲသောအခါ၌ နိမိတ္တ ပဝတ္တတို့မှ ထမြောက်၍ ရူပကာယကြီးသည် ပီတိလှမ်း၍ ချမ်းဧး တုန်လှုပ်ရုံမျှသာ မဟုတ်သေး။ စင်စစ်မှာမူ နိဗ္ဗာန်၏အာရုံတော်ကြီးကို မြင်ခြင်းဟူသည် သစ္စာလေးပါးကို မြင်ခြင်းပင်တည်း။ ထို့ကြောင့် "အရိယသစ္စာနဒဿန်" ဟူ၍ ရှင်တော်ဘုရား ဟောတော်မူအပ်၏။

ထင်စေအံ့–အရိယသစ္စာသည် ဒုက္ခသစ္စာ သမุဒယသစ္စာ နိရောဓ သစ္စာ မဂ္ဂသစ္စာဟူ၍ လောကီသစ္စာနှစ်ပါး။ လောကုတ္တရာ သစ္စာနှစ်ပါး (၀၊)လောကီသစ္စာ နှစ်ပါးခဲ့။ လောကုတ္တရာ သစ္စာတစ်ပါးခဲ့ အားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ဧဝဘူမကသင်္ခါရ တရားဟု ဆိုအပ်သော ဤရူပ်နာမ်တရား ခန္ဓာငါးပါး အပေါင်းသည် လွန်စွာ စက်ဆုပ်အပ်သည်၏ အဖြစ်ကြောင့်(၃)မည်၏။ ဤ တေဘူမကသင်္ခါရဟု ဆိုအပ်သော ရူပ်နာမ်နှစ်ပါး သင်္ခါရတရား၊တို့သည် ဖြစ်၍ပျက်ခြင်း၊ ပျက်၍ဖြစ်ခြင်းသာ ရှိခဲ့၏။ အနှစ်မရှိ။ ကောင်းကင်သို့ တက်သော ဝါဂွမ်းစိုင်ကို မီးလောင်သကဲ့သို့လည်းကောင်း။ ကောင်းကင်သို့ စုန်စုန်

တက်သော ယမ်းစိုင်ကို မီးလောင်သကဲ့သို့ လည်းကောင်း။ တစ်စုံတစ်ခု သုံးစားရစ်စရာ မကျန်ရစ်။ အချည်းနှီးဖြစ်၍(ခံ)မည်၏။ ထိုနှစ်ပါးကို ပေါင်းသည်ရှိသော်(ဒုက္ခံ)မည်၏။ ထိုသို့စက်ဆုပ်အပ်သော အချည်းနှီးသည်းတတ်သော သဘောအမှန်သည် သစ္စာမည်၏။

ဒုက္ခောဘိ ဏ္ဍ ဒုက္ခတိ အယံ သဒ္ဒေါ ကုစ္ဆိတေ ဒိဿတိ၊ ခံသဒ္ဒေါ ပန တုစ္ဆေ။ ပဋိသံဘိ-၁၊၅၁။

ဒုက္ခေတိဏ္ဍေ၊ ဌ။ ဒုက္ခတိ အယံ သဒ္ဒေါ၊ ဒု-ဟူသော ဤသဒ္ဒါသည် ဂုစ္ဆိတေ၊ စက်ဆုပ်အပ်သော အနက်ဌ။ ဒိဿတိ၊ ထင်၏။ ခံသဒ္ဒေါပန၊ ခံ-သဒ္ဒါသည်ကား။ တုစ္ဆေ၊ အချည်းနှီးသည်းသော အနက်ဌ။ ဒိဿတိ၊ ထင်၏။

ဤသို့ စက်ဆုပ်အပ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်လျှင်ပျက်မြဲ၊ ပျက်လျှင်ဖြစ်မြဲ မလဲ့ကေန် အမှန်မုချ ဖြစ်ပေလျှ၍ ဒုက္ခသစ္စာမည်၏။ (ဒုက္ခသစ္စာ။)

တောဘုမက သင်္ခါရဟု ဆိုအပ်သော ရုပ်နာမ်တရားတို့ကို လောဘ စေတသိက်ဟု ဆိုအပ်သော သမုဒယ။ ၎င်းမှကြင်းသော အကုတိုလ်စိတ်၊ အကုသိုလ်စေတသိက်။ ဉာဏဝိပ္ပယုတ်စိတ်။ ၎င်းနှင့်ယှဉ်သော စေတသိက်တို့သည် သမုဒယ ပဋ္ဌမည်း။ ထိုသမုဒယ, သမုဒယပဋ္ဌတို့သည် သံသရာတွင် တမင်မင်စုံမက် နှစ်သက်တွယ်တာ၍ ယှဉ်ခြင်းသည် (သံ)မည်၏။ ထိုသမုဒယ, သမုဒယပဋ္ဌတို့သည် မိမိကိုလည်းကောင်း။ ဒုက္ခကို လည်းကောင်း ဖြစ်စေခြင်းသည် (ဥဒ)မည်၏။ ထိုသမုဒယတို့သည် နောင်တစ်ဖန် ရုပ်နာမ်တရားတို့၏ ဖြစ်ကြောင်းတည်းဟု အကြောင်းကို ပြခြင်းသည် (အယ) မည်၏။ ၎င်းသာဘာဝတရား သုံးပါးတို့သည် ပေါင်းဆုံယှဉ်ဘဲ မှီဝဲထုံအပ်သည်ဖြစ်၍ ဧင်စစ်ကေန် မှန်သော ပရမတ္ထတရားသည် သမုဒယသစ္စာမည်၏။

ဒုက္ခသမုဒယတိ ဟော သံဂျတိ အယံသဒ္ဒါ "သမာဂမော သမေတာ"နှင့် အာဒီသု ဝိယ သံယောဂံ ဒီပေတိ၊ ဥဂ္ဂတိ အယံ သဒ္ဒါဥပ္ပန္နံ "ဥဒိတ"နှင့် အာဒီသု ဝိယ ဥပ္ပတ္တိံ၊ ဇာယသဒ္ဒါ ပန ကာရဏံ ဒီပေတိ။ ပဋိသံ၊ ၁၊၅၁။

ဒုက္ခသမုဒယတိ ဟော၊ ၌။ သံဂျတိ အယံသဒ္ဒါ၊ သံ ဟူသော ဤသဒ္ဒါသည်။ သမာဂမော သမေတာနှင့် အာဒီသုဝိယ၊ ကျိုးကြီး အစရှိသည်တို့၌ ကဲ့သို့။ သံယောဂံ၊ သံသရာတွင် တမင်မင်စုံမက်၍ ယှဉ်ခြင်းတည်းဟူသော အနက်ကို။ ဒီပေတိ၊ ပြုပေ၏။ ဥဒ္ဂတိ အယံသဒ္ဒါ၊ ဥဒဟူသော ဤသဒ္ဒါသည်။ ဥပ္ပန္နံဥဒိတနှင့် အာဒီသုဝိယ၊ ဥပ္ပန္နံ ဥဒိတံ ဤကဲ့သို့ အစရှိသည်တို့၌ ကဲ့သို့။ ဥပ္ပတ္တိံ၊ သမုဒယ သမုဒယပက္ခတို့၏ ဖြစ်ခြင်း အနက်ကို။ ဒီပေတိ၊ ပြ၏။ အယသဒ္ဒါပန၊ အယသဒ္ဒါသည်ကား။ ကာရဏံ၊ သမုဒယဒုက္ခတို့၏ဖြစ်ကြောင်းအနက်ကို။ ဒီပေတိ၊ ပြ၏။ (သမုဒယသစ္စာ။)

အစမထင်သော သံသရာမှစ၍ အသခ်ၤတခေတ် မြတ်သော နိဗ္ဗာန် အာရုံတော်ကို မြင်ရသော သောတာပတ္တိမဂ်တိုင်အောင် ဘဝများစွာ သံသရာ၌ ရုပ်တရား နာမ်တရား ဥပါဒါနက္ခန္ဓာငါးပါးဟု ဆိုအပ်သောဝဋ္ဋ ဒုက္ခတို့၏ အကြိမ်ကြိမ်အမျိုးမျိုးအတန်တန် ကျင်လည်ရခြင်းသည် (ရောဂ) မည်၏။ ထိုခန္ဓာမမူ ဝဋ္ဋဒုက္ခတို့၏ နိဗ္ဗာန်တည်းဟူသော အာရုံတော်ကို မျက်မှောက်ပြုရသောကြောင့် သောတာပန်အား ခုနစ်ဘဝကိုထားရ၍ ချုပ်ငြိမ်းခြင်းမရှိရခြင်း၊ တစ်ဖန် မဖြစ်ရခြင်းသည် (နိ)မည်၏။ ထိုသို့ နိဗ္ဗာန်တည်းဟူသော အာရုံတော်ကို ကေန်မြင်ဖူးသောကြောင့် သံသရာ၌ ကျင်လည်တတ်သော ဤခန္ဓာ မမူ ဝဋ္ဋဒုက္ခတို့၏ မရှိခြင်းသည် စင်စစ်ကောင်း အမှန်ဖြစ်သော သဘောတရား သုံးပါးတို့၏ အပေါင်းသည် နိရောဓသစ္စာ မည်၏။

ဒုက္ခနိရောဓော ဟော နိသဒ္ဒါ ဘာဝံ၊ ရောဓသဒ္ဒါစ စာရကံ ဒီပေတိ။ တသ္မာ အံဘာဝေါ ဟော သံသာရစာရကသခ်ၤ-တသ ဒုက္ခရောဓယ သဗ္ဗဂတိသုညတ္တာ။ ပဋိသံ၊ ၁၊၅၁။

ဒုက္ခနိရောဓေတိ ဇော္ဓ၊ ဥ။ ယသ္မာ၊ အကြင်ကြောင့်။ နိသဒ္ဒါ၊ နိ-သဒ္ဒါသည်။အဘာဝံ၊ မရှိခြင်းအနက်ကို။ ဒီပေတိ၊ ပြ၏။ ရောဓသဒ္ဒါ-စ၊ ရောဓ-သဒ္ဒါသည်ကား။ စာရက်၊ သံသရာ၌ မပြတ်ကျင်လည်ထက်ဖြစ်တတ်သော ဝဋ္ဋဒုက္ခအပေါင်းကို။ ဒီပေတိ၊ ပြ၏။ တသ္မာ၊ ထို့ကြောင့်။ ဇော္ဓ၊ ဤအသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်၌။ သဗ္ဗဂတိသုညတ္တာ၊ အလုံးစုံသော ဃာနိဂတိ ဘုံဌာန ဘဝတို့မှ ဆိတ်သည်၏အဖြစ်ကြောင့်။ သံသာရစာရကသင်္ခါတသ၊ သံသရာ၌ မပြတ် ကျင်လည်တက်သော သဘောဟုဆိုအပ်သော။ ဒုက္ခရောဓသ၊ ခန္ဓာဟူသောကျင်လည်ခြင်း၏။ အဘာဝေါ၊ မရှိခြင်းတည်း။

ထို ခန္ဓာမှ ဝဋ္ဋဒုက္ခတို့၏ မရှိခြင်းအမှန်ကို သာမညဖြင့် မရအပ်။ သမာဓိအာဂမ၊ ဝိပဿနာအာဂမ၊ မဂ္ဂအာဂမ အားဖြင့် အာဂမတရားသုံးပါးဘို့တင် မဂ္ဂအာဂမကို ရမှသာလျှင်ခန္ဓာဝမ ဝဋ္ဋဒုက္ခတို့၏ကျင်လည်တတ်သော သဘော၏ မရှိခြင်းအမှန်ကို ဇကန် ရပေလိမ့်မည်။

ထင်စေဉီးအံ့–သမာဓိအာဂမသည် ကသိုဏ်း ပညတ် စသော ပဋိဘာဂနိမိတ်ကို အာရုံပြုခြင်းကြောင့် သံသရာမှ ထွက်မြောက်ကြောင်း မဟုတ်သေး၊ ဝိပဿနာအာဂမသည် သင်္ခါရတရားကို အာရုံပြုသော်လည်း သံသရာမှ ထွက်မြောက်ကြောင်းကား မှန်၏၊ နိဗ္ဗာန်ကိုအာရုံပြုသော မဂ္ဂအာဂမမကဲ့သို့ သမုစ္ဆေဒမဟုတ်၊တဒင်္ဂဖြစ်ခဲ့ရကား စင်စစ်ထွက်မြောက်ကြောင်း မဟုတ်သေး၊ မဂ္ဂအာဂမသည်ကား နိဗ္ဗာန်ကို အာရုံပြုရသောကြောင့် စင်စစ်ထွက်မြောက်ကြောင်း မှန်ပေ၏။

တတ္ထ အသင်္ခတဓာတူတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ။ ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ၊ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ။ အဘိ။ဋ္ဌ-၂၊ ၄၇။

ဟတ္ထဝစနေ၊ ထိုစကား၌။ အသင်္ခတဓာတုဟူ၏ ဟူသည်ကား။ အသင်္ခတသဘာဝံ၊ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်း

တရား လေးပါးတို့သည် မပြုမပြင် မစီရင်အပ်သော သဘောရှိသော။ နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာဝုံဖြစ်သော နိဗ္ဗာန်ဟည်း။ ယာသ္မာ ပန၊ အကြင်ကြောင့်ကား။ ဧတံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ အာဂ္ဂမ္မ၊ အရိယမဂ်ဖြင့် မျက်မှောက်ပြုကောအားဖြင့် ရောက်ခြင်းကြောင့်။ ရာဂါဒယော၊ ရာဂ အစရှိသည်တို့သည်။ ခီယန္တိ၊ ကုန်တတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ဟူ၍။ ဝုတ္တံ၊ သိုအပ်၏။

ထိုသို့ မဂ္ဂအာဝဇ္ဇမှဖြင့် ရအပ် ရောက်အပ် မျက်မှောက်ပြုအပ်သော ခန္ဓာဝမ္မ ဝဋ္ဋဒုက္ခတို့၏ ကျင်လည်ခြင်း၏ မရှိခြင်းဟုဆိုအပ်သော နိရောဓ သည်လည်း (၁) အကြောင်းနိရောဓ၊ (၂) အကျိုးနိရောဓ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် အရိယမဂ်ဖြင့် မျက်မှောက်ပြုရရှိ၍ မဂ်လေးပါး တို့၏ သက္ကိုယ်ကိုးလျှော်ရှိသော ကိုယ်လေးသောတို့၏ ချုပ်ခြင်း, မမျိုးခြင်းသည် အကြောင်း နိရောဓမည်၏။

ကိုယ်လေးသော ဟိ နိဗ္ဗာနံ အာဝဇ္ဇမှ နိရုဒ္ဓါပိ ယတ္ထ နတ္ထိ၊ ဟတ္ထ နိရုဒ္ဓါတိ ဝုစ္စန္တိ၊ သုဘယမတ္ထာ ဒဏ္ဍေသော တဏှာ နိရုဇ္ဈမာနာ နိရုဇ္ဈတီတိ သမုဒယပဋ္ဌာန ဒီပေတဗ္ဗော။ မ ဋ္ဌ-၄၊ ၂၁၃။

ဟိ၊ သင့်စု။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာဝဇ္ဇမှ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် အာရုံပြုသည်ဖြစ်၍ ရောက်ခြင်းကြောင့်။ ကိုယ်လေးသော၊ ကိုယ်လေးသောတို့ သည်။ နိရုဒ္ဓါပိ၊ ချုပ်ကုန်သော်လည်း။ (ဝါ) သံသရာဝယ်ကျင်လည် ကြောင်း မရှိကုန်သော်သည်း။ ယတ္ထ၊ အကြင်မဂ်စိတ်၌။ တဏှာ၊ တဏှာ သည်။ နတ္ထိ၊ မရှိ။ တတ္ထ၊ ထိုတဏှာမရှိသော မဂ်စိတ်ကို။ နိရုဒ္ဓါတိ၊ နိရုဒ္ဓဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ သုဘယမတ္ထာ- သောအယ်အတ္ထာ၊ ထိုအနက်ကို။ ဧတ္ထေသော တဏှာ နိရုဇ္ဈမာနာ နိရုဇ္ဈတီတိ၊ နိရုဇ္ဈတီဟူ၍။ သမုဒယပဋ္ဌာန၊ သမုဒယပဋ္ဌာဖြင့်။ ဒီပေတဗ္ဗော၊ ပြအပ်၏။

ကိုလေသဒုက္ခ ခန္ဓဒုက္ခတို့၏ အသစ်တစ်ဖန် ဖြစ်ပြန်ခြင်းမရှိ စင်စစ် ငြိမ်းခြင်း သင်္ခါရဟူသော ပူပန်ခြင်း ငြိမ်းသောအားဖြင့် ငြိမ်းလတ္တံ့သော ပဋိသန္ဓေ ကိုယ်အားဖြင့် မဖြစ်နိုင်ခြင်းဟူသော ချုပ်ခြင်းဖြင့် တစ်ခါတည်းပြီး ခန္ဓာ ဓမ္မ ဝဋ်ဒုက္ခတို့၏ ကျင်လည်ခြင်း၏ မရှိလတ္တံ့သော ရဟန္တာတို့၏ စုတိစိတ်တော်၏ ဘင်္ဂဏ၏ အခြားမဲ့သည် အကျိုးနိဗ္ဗာန်ရောဓမည်၏။

သီတိ ဘဝိသန္တိတိ အစ္စန္တဝူပသမေန သင်္ခါရဒရထပဋိ-ပဿဒ္ဓိယာ သီတလီ ဘဝိသန္တိ၊ အပ္ပဋိသန္ဓိကနိရောဓေန နိရု-ဇ္ဈိသန္တိတိ အတ္ထော။ ဣတိဝုတ်ဋ္ဌ-၁၅၉။

အနုပ္ပါဒေါ ဇဝ နိရောဓော အနုပ္ပါဒနိရောဓော၊ အာယတိं ဘဝါဒီသု အပ္ပဝတ္တိ။ မူလ-ဋီ-၂၊၅၁။

သီတိ ဘဝိသန္တိတိ၊ သီတိ ဘဝိသန္တိဟူသည်ကား။ အစ္စန္တဝူပသမေန၊ စင်စစ် ငြိမ်းအေးသောအားဖြင့်။သင်္ခါရ ဒရထ ပဋိပဿဒ္ဓိယာ၊သင်္ခါရဟူသော ပူပန်ခြင်း အေးငြိမ်းသော အားဖြင့်။ သီတလီ၊အေးငြိမ်းခြင်းရှိကုန်သည်။ ဘဝိသန္တိ၊ ဖြစ်ကုန်လတ္တံ့။ အပ္ပဋိသန္ဓိက နိရောဓေန၊ ပဋိ-သန္ဓေကိုယ်အားဖြင့် မဖြစ်နိုင်ခြင်းတည်း ဟူသော ချုပ်ခြင်းဖြင့်။ နိရုဇ္ဈိ-သန္တိ၊ ချုပ်ကုန်လတ္တံ့။ ဣတိအယံ၊ ဤဆိုအပ်ပြီးသည်ကား။ အတ္ထော၊ အနက်တည်း။ [ဣတိဝုတ်အဋ္ဌကထာ အနက်]

အနုပ္ပါဒေါ ဇဝ၊ ဒုက္ခတို့၏ မဖြစ်ခြင်းသည်ပင်လျှင်။ နိရောဓော၊ ချုပ်ခြင်းတည်း။ အနုပ္ပါဒနိရောဓော၊ ဒုက္ခတို့၏ မဖြစ်ခြင်းသည်ပင်လျှင် ချုပ်ခြင်း။ အာယတိं၊ စုတိကျပြီးသည်မှ နောက်ကာလ၌။ ဘဝါဒီသု၊ ဘဝဝအစရှိသည်တို့၌။ (ဝါ) ဘဝ၊ ယောနိ၊ဂတိ၊ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသတို့၌။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းတည်း။ [မူလဋီကာအနက်။]

ထိုရဟန္တာတို့၏ စုတိစိတ်တော်၏ ဘင်္ဂကွဏ်၏ အခြားမဲ့၌ ရအပ်ရောက်အပ်သော အကျိုးနိုရောဖြစ်သော နိဗ္ဗာန်ကို "အာ စ်တခေတု နိုရောဓသစ္စံ"ဟု ဓနတ္တိအဋ္ဌကထာ မိန့်မှာကော် မူအင်္ဂါသည်နှင့်အညီ စင်စစ် ပရမတ္ထ၏ အစွမ်းအားဖြင် မဟောက်မပြန် မှန်လှသော နိဗ္ဗာန်ကို နိုရောဓသစ္စာမည်၏ ဟူ၍ ဆိုအပ်၏။

ပရမတ္ထတော ပါ ဒုက္ခနိရောဓံ အရိယာသစ္စန္တိ နိဗ္ဗာနံ ဝုစ္စတိ။
ပဋိသံ၊ဋ္ဌ-၁၊၁၄၇။

ပရမတ္ထတော ပါ-ပရမတ္ထဝေ.ဒ၀၀၊ မဟောက်မပြန် မီးတစ်ဆယ့်တစ်တန်တို့၏ ငြိမ်းအေးရာပြစ်သောသဘော၏ အစွမ်းအားဖြင့်သာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဒုက္ခနိရောဓံအရိယသစ္စန္တိ၊ဒုက္ခနိရောဓံ အရိယသစ္စံ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤအကျိုးဖြစ်သော နိုရောဓသည်ပင်လျှင် စင်စစ် အသင်္ခတာတ်ဖြစ်သော နိဗ္ဗာန်မည်၏၊(ထောက်)။သို့သော် ရဟန္တာတို့၏ စုတိစိတ်တော်၏ ဘင်္ဂကွဏ်၏ အခြားမဲ့၌ ရအပ် ရောက်အပ်သော မဟောက်မပြန် ငြိမ်းအေးသောသဘောသည်သာလျှင် အသင်္ခတာတ်မည်၏ဟု ဆိုသော် ပဋုတ်တန်စေ၊ သောတာပတ္တိမဂ် သကဒါဂါမိမဂ် စသည်တို့သည် နိဗ္ဗာန်ကို အာဝဇ္ဇိပြုရကား ဤသောတာပတ္တိမဂ် စသည်တို့သည် အာရမ္မဏိက၊ နိဗ္ဗန်သည် အာရုံ ရှိသို့ဖြစ်၍၊ ထိုမဂ်စိတ်သည် ဥပါဒ်-ဌိ-ဘင်္ဂနှင့် မကင်းရကား သင်္ခတအရိပ်ထင်ခဲ့၏။ သို့ဖြစ်၍ ထိုမဂ်စိတ်တို့၌ သပစ္စယ-သင်္ခတတရားတို့သည် အပစ္စယအသင်္ခတမည်နိုင်ပါမည်လော၊ မဂ်စိတ်တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ အခိုက်၌ ဥပါဒ်၊ဌိ-ဘင်္ဂနှင့် မကင်းသော်လည်း အသင်္ခတဟု ဆိုအပ်ပေ၏။

ဉာဏဒဿနဝိသုဒ္ဓိယံ ပန သပ္ပစ္စယဓမ္မမေဝ အပ္ပစ္စယဓမ္မံ သင်္ခ-တဓမ္မမေဝ အသင်္ခတဓမ္မန္တိ ပညပေယျာတိ အယမေဝ အတ္ထော ဂဟေတဗ္ဗော။ မဋ္ဌ-၂၊၆၂။

ပန၊ အထူးကို ဆိုဦးအံ့။ ဉာဏဒဿနဝိသုဒ္ဓိယံ၊ ဉာဏဒဿနဝိသုဒ္ဓိ၌။ သပ္ပစ္စယဓမ္မမေဝ၊ သပ္ပစ္စယဓမ္မကို သာလျှင်။ အပ္ပစ္စယဓမ္မံ၊ အပ္ပစ္စယဓမ္မ ဟူ၍။ သခ်ိတဓမ္မမေဝ၊ သခ်ိတဓမ္မကိုသာလျှင်။ အသခ်ိတဓမ္မန္တိ၊ ဃသခ်ိ-တဓမ္မဟူ၍။ ပညေယ္ယ၊ ပညတ်ရာ၏။ ဣတိအယမေဝ အတ္ထော၊ ဤသို့ သောအနက်ကိုသာလျှင်။ ဂဟေတဗ္ဗော၊ ယူအပ်၏။(နိဒေါဒသစ္စော။)

စတုတ္ထသစ္စာ၌ မဂ္ဂသဒ္ဒါသည် "မဂ္ဂေါ ပန္ထော ပထော ပဇ္ဇော" စသည်တို့၌ကဲ့သို့ သွားရာလမ်းကြောင်း ကောင်းသော ခရီးသည် မဂ္ဂ မည်၏၊ ထို မဂ္ဂဿည် "သာဝတ္ထိမဂ္ဂံ ရာဇဂဟမဂ္ဂံ" စသည်တို့၌ ရုံခါ ခရီးသက်သက်ကို ဟော၏၊ "တတ္ထ ရူပုပပတ္တိယာ မဂ္ဂံ ဘာဝေတိတိ 'ရူပံ ဝုစ္စတိ ရူပဘဝေါ၊ ဥပပတ္တိတိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ၊ မဂ္ဂေါတိ ဥပါယော" ဟူသော အဌသာလိနီ စသည်တို့၌ ဇနကအကြောင်းဖြစ်သော လောကီ မဂ်ကို ဟော၏။ ထိုလောကီမဂ်သည်လည်း အကုသိုလ်မဂ် ကုသိုလ်မဂ် ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် "နိရယဠာဟံ သာရိပုတ္တ ပဇာနာမိ နိရယဂါမိဉ္စ မဂ္ဂန္တိ" စသည်တို့၌ ဇနကအကြောင်းဖြစ်သော အကုသိုလ် မဂ်ကို ဟော၏။ ၎င်းအကုသိုလ်မဂ်သည်လည်း ငရဲသို့လားကြောင်း တိရစ္ဆာန်သို့လားကြောင်း စသော ဘူမိဘေဒအားဖြင့်လေးပါး၊ မိစ္ဆာ-ဒိဋ္ဌိ။ (၀)။ မိစ္ဆာဝိမုတ္တိဟူသော ဇာတိဘေဒအားဖြင့် ဆယ်ပါး၊ အကု-သလရာသိအားဖြင့် (၁၂၄)ပါး အပြားရှိ၏။ ကုသိုလ်မဂ်သည်လည်း ဝဋ္ဋနိဿိတကုသိုလ်မဂ်၊ ဝိဝဋ္ဋနိဿိတကုသိုလ်မဂ်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် လူပြည်, နတ်ပြည်, ဗြဟ္မာပြည်ကို လိုလားတောင့်တ၍ ပြုအပ် သော ဒါန, သီလ, ဘာဝနာ အစရှိသော ဇနကအကြောင်းသည် ဝဋ္ဋနိဿိတ ကုသိုလ်မဂ်မည်၏။ ထိုဝဋ္ဋနိဿိတကုသိုလ်မဂ်၌လည်း လူ.ပြည် အစ ဗြဟ္မာပြည်အဆုံးရှိသော ဘူမိဘေဒ, ကာမကုသိုလ်အစ အရူပ ကုသိုလ်အဆုံးရှိသော ဇာတိဘေဒ စသည်တို့ကို ယူအပ်၏။ ဝိဝဋ္ဋနိဿိတ ကုသိုလ်မဂ်၌လည်း လူ.ပြည်, နတ်ပြည်, ဗြဟ္မာပြည်တို့ကို မလိုလား မတောင့်တမူ၍ ပြုအပ်သော ဒါန, သီလ, ဘာဝနာ ဟူသော ဇနက

အကြောင်းရင်းကြီး သုံးပါးပင်တည်း။ ထိုတွင် လောကီဖြစ်သော ကာမ ကုသိုလ်အစ အရူပကုသိုလ် အဆုံးရှိသော ဇာတိဘေဒကို သိအပ်၏။ သမ္မာဒိဋ္ဌိ။ (၀)။ သမ္မာဝိမုတ္တိတို့ကိုလည်း ရအပ်၏၊ ဤ အာနာပါန ကမ္မဋ္ဌာန်းအရာ၌ကား လောကုတ္တရာမဂ်ဖြစ်ကြောင်း ကောင်းမြတ်သော ဇနကမဂ်ကို ဆည်းပူးရာ ဆည်းပူးကြောင်းဖြစ်၍ ဝိဝဋ္ဋနိဿတ သီလ သမာဓိ ပညာဖြစ်သော ကုသိုလ်မဂ်သည် လောကုတ္တရာမဂ်ကို ရခြင်း အကျိုးငှာ ဖြည့်ကျင့်အပ်၏။

> အယဉ္စိ ပုဗ္ဗဘာဂေ လောကိယော သတိ ပဋ္ဌာနမဂ္ဂေါ ဘာဝိ-တော လောကုတ္တရမဂ္ဂဿ အဓိဂမာယ သံဝတ္တတိ။ ဒီ-ဋ္ဌ-၂-၃၄၂။ [အနက် နောက်က ရေးပြီးပြီ။]

ထိုဝိဝဋ္ဋနိဿိတ ကုသိုလ်မဂ်ဖြစ်သော ဇနကအကြောင်းသည်လည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အင်္ဂဏိကမဂ်သည်သာလျှင် နိဗ္ဗာန် ရောက်ကြောင်းမဟုတ်သေး၊ယခင်ပြအပ်ခဲ့ပြီးသော ဒါန, သီလ, ဘာဝနာ တို့၌ဖြစ်သော ပဋ္ဌဂ်ိုက ဆင်ဋ္ဌ ဂ်ိုကမဂ်တို့သည်လည်း နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ထိုပဋ္ဌ ဂ်ိုကမဂ်-ဆင်ဋ္ဌ ဂ်ိုကမဂ်တို့ကို မဆိုလင့်ဦး၊ သမ္မယုတ်ဖြစ်သော တရားတို့သည်လည်း နိဗ္ဗာန်သို့ ရောက်ကြောင်းပင်တည်း။

> နကေဝလံ အင်္ဂ ဂ်ိုကော မဂ္ဂေါ ပဋ္ဌိပဒါ၊ ပုဗ္ဗေ ဝေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ ဝစနတော ပန ပုဂ္ဂလဇ္ဈာသယဝသေန ပဋ္ဌ ဂ်ိုကောပိ မဂ္ဂေါ ပဋ္ဌိပဒါ ဧဝ၊ နကေဝလံ အင်္ဂ ဂ်ိုက ပဋ္ဌ ဂ်ိုကမဂ္ဂေါ ပဋ္ဌိပဒါ၊သမ္ပ-ယုတ္တာ ပန အတိရေကပညာသမ္ပယောပိ ပဋ္ဌိပဒါ ဧဝ။
>
> အဘိ၊ဋ္ဌ-၂၊၁၁၅။

ကေဝလံ၊ သက်သက်။ အင်္ဂ ဂ်ိုကော၊ သမ္မာဒိဋ္ဌိစသော အင်္ဂါရှစ်ပါး ရှိသော။ မဂ္ဂေါ၊ လောကုတ္တရာမဂ်သည်သာလျှင်။ ပဋ္ဌိပဒါ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်သည်။ နဟောတိ၊ ဖြစ်သည်မဟုတ်။ ပန၊ စင်စစ်

ပေါ်ကား။ ပုဗ္ဗေ၀ ခေါ် ပနသ ကာယကမ္မံ ၀စီကမ္မံ အာဇီ၀ေါ သုပရိ-သုဒ္ဓေါ ဟောတိတိ၊ ပုဗ္ဗေ၀။ ပ။ ဟောတိဟူ၍။ ၀စနုတော၊ဟောတော်မူ ကေသာကြောင့်။ ပုဂ္ဂလဗျာ သယ၀သေန၊ မြေပဋ္ဌိဂ္ဂါဟကပုဂ္ဂိုလ်၏ အလို ဆန္ဒအဗျာသယ၏ အစုမ်းဖြင့်။ ပဋ္ဌဂိကော၊ သမ္မာ၀ါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီ၀တို့မှ တပါးသော သမ္မာဒိဋ္ဌိစသော အင်္ဂါငါးပါးရှိသော။ မဂ္ဂေါပိ၊ လောကီ ကုသိုလ်မဂ်သည်လည်း။ ပဋ္ဌိပဒါ၀ေ၀၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သည် သာတည်း။ အဋ္ဌင်္ဂိက ပဋ္ဌင်္ဂိကမဂ္ဂါ၀၊ အဋ္ဌင်္ဂိက ပဋ္ဌင်္ဂိကဖြစ်သော မဂ္ဂင်ဘာရားကိုယ်တို့သည်သာလျှင်။ ကေ၀လံ၊ သက်သက်။ နပဋ္ဌိပဒါ၊ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်ကုန်သည် မဟုတ်သေး။ ပန၊ စင်စစ်သော်ကား။သမ္မယုတ္တာ၊ မဂ်နှင့်ယှဉ်ကုန်သော။ အတိရေကပညာသမမ္မာပိ၊ ငါးဆယ်ထက်ပိုလွန်သော အရေအတွက် ရှိကုန်သော ဖယသအစရှိသော ဝေဒနာ၊ ဘုရားတို့သည်လည်း။ ပဋ္ဌိပဒါ၀၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တို့ပင်တည်း။

ထိုဝိ၀ဋ္ဋနိဿိတဖြစ်သော ကုသိုလ်မဂ်သည် ပါရမီကို ဆည်းပူးသော ဘ၀မှစ၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ကြာသော်လည်း အကျိုးဆက်တို့ကိုမကုန်စေနိုင်၊အကြင်အခါ အရဟတ္တမဂ်ဉာဏ်၏ဝေါဒါန်-သို့ရောက်၏၊ ထိုအခါ အောက်မဂ်တို့ကို ချန်လှပ်ပြီး ကြင်းသမျှသော ဝိ၀ဋ္ဋ-နိဿိတ ကုသိုလ်ဇနက အကြောင်းဟူသမျှသည် လောကုတ္တရာ မဂ်ကို ဖြစ်စေခြင်း, ရောက်စေခြင်း အကြောင်းရင်းချည်းသာတည်း။ (လောကီ မဂ်ပြီး၏။)

"နိဗ္ဗာနံ မဂ္ဂတိ ဂ၀ေသတိတိ မဂ္ဂေါ၊ ဂ်လေသာ ၀ါ မာရေန္တော ဂစ္ဆတိတိ မဂ္ဂေါ" ဟူသော ၀စနတ္ထတို့နှင့်အညီ နိဗ္ဗာန်ကို ရှာမှီးခြင်း, ကိလေသာကိုသတ်လျက် နိဗ္ဗာန်ကို သွားခြင်းရောက်ခြင်း ဟူသောအနက်ကြောင့် မဂ်မည်၏၊ ထိုမဂ်သည်လည်း သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်အား၊ဖြင့် လေးပါး၊ အ၀တ္ထာအား၊ဖြင့် တစ်ပါး ဟူသော ဇာတိဘေဒ စသည်ကို ရအပ်၏။ ထိုလောကုတ္တရာမဂ်သည်

လောကီအကုသိုလ်၊ ကုသိုလ်မက်တို့ကဲ့သို့ ဇနကအကြောင်းမဟုတ်၊ နိဗ္ဗာန်ကိုရောက်စေတတ်သော် အကြောင်းဖြစ်၍သမ္မာပဓာနအကြောင်းသာဖြစ်၏၊ နိဗ္ဗာန်သည် အရိယမက်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော အကျိုးမည်၏။

ဇော်ဆစ နိဗ္ဗာနံ ပတ္တေဗော အတ္ထော၊ မဂ္ဂေါ သမ္မာပဓာနော ဟေတု။
[အဘိဓမ္မတ္ထဝိကာသနီဋီကာ။]

ပတ္တေဗမေ ဟိ တံ မဂ္ဂေန၊ န ဥပ္ပါဒေတဗ္ဗံ။
[ဝိသုဒ္ဓိ၊ဌ၊ ၂၊ ၁၄၀။]

ဇော်ဆ စ၊ ဤ အတ္ထ ငါးပါးတို့တွင်လည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပတ္တေဗော၊ အရိယမက်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော။ အတ္ထော၊ အကျိုးဖြစ်သော အနက်မည်၏။ မဂ္ဂေါ၊ အရိယမက်သည်။ သမ္မာပဓာနော၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဟေတု၊ အကြောင်းမည်၏။

ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုနိဗ္ဗာန်သည်။ မဂ္ဂေန၊ အရိယာမက်သည်။ ပတ္တေဗမေ၊ ရောက်အပ်သော အကျိုးတရားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဥပ္ပါဒေတဗ္ဗံ၊ အရိယာမက်သည် ဖြစ်စေအပ်သော ဇနက နိဗ္ဗာန်တော် အကျိုးတရားသည်။ န ဟောတိ၊ မဖြစ်။

ထို့သမ္မာပဓာနအကြောင်းဖြစ်သော အရိယမက်သည် စင်စစ် နိဗ္ဗာန်သို့ ရောက်ကြောင်း အမှန်ဖြစ်သော အရိယမဂ္ဂသစ္စာ တရားမည်၏။
(မဂ္ဂသစ္စာ။)

(ဤသို့ သစ္စာလေးပါးတို့၏ သဘောကို သိအပ်၏။)

ကိစ္စအားဖြင့်ကား–ဌင်းသစ္စာလေးပါးကို မြင်ရာ၌ (၁) လောကီဝိပဿနာဉာဏ်ဖြင့် မြင်ခြင်း၊ (၂) လောကုတ္တရာမက်ဉာဏ်ဖြင့် မြင်ခြင်း

ဟူ၍ မြင်ခြင်းနှစ်ပါးအပြားရှိ၏။ ထိုတွင် နာမ်ရูပ်ကို ပိုင် ခြားမှတ်သိခြင်းဖြင့် ဒုက္ခသစ္စာကို မြင်ခြင်း၊ ဓမ္မဋ္ဌိတိဉာဏ်ဖြင့် သမုဒယသစ္စာကို ပယ်ခြင်း၊ အနိစ္စအစရှိသော လောကီမဂ္ဂသစ္စာကို ပွားခြင်း၊ ဒုက္ခသစ္စာ၏ ဖြစ်ခြင်းကို မြင်သဖြင့် ဖြစ်ခြင်းမရှိသောနိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် ဘုရားအစရှိသော သူတော်ကောင်းတို့ ပြောဟောသံကို အစဉ်လျှောက်၍ အောက်မေ့သဖြင့် သိမ်းဆည်းလျက် လောကီဉာဏ်ပစ္စက္ခ, လောကုတ္တရာဉာဏ် အနုမာနအားဖြင့် မြင်ခြင်းသည် လောကီဝိပဿနာဉာဏ်တို့၏ မြင်ခြင်းမည်၏။

ကထံ ပန အာဒိကမ္မိကော နိရောဓေ မဂ္ဂသစ္စာနိ ပရိဂ္ဂဏှာတိ။ အနုဿဝါဒိသိဒ္ဓမာကာရံ ပရိဂ္ဂဏှာတိ။ ဒီ-ဋ္ဌ-၂၊ ၃၄၄။

ကထံ ပန၊ အာဘယ်သို့လျှင်။ အာဒိကမ္မိကော၊ မဂ်ဖိုလ်ကို မရသေးသော အာဒိကမ္မိကပုဂ္ဂိုလ်သည်။ နိရောဓ မဂ္ဂသစ္စာနိ၊ နိရောဓသစ္စာ မဂ္ဂသစ္စာတို့ကို။ ပရိဂ္ဂဏှာတိ၊ အာရုံပြု၍သိမ်းဆည်းနိုင်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ အနုဿဝါဒိသိဒ္ဓံ၊ အဆင့်ကြားခြင်း အစရှိသည်ဖြင့် ပြီးသော။ အာကာရံ၊ နိရောဓသစ္စာ မဂ္ဂသစ္စာ၏ အခြင်းအရာ အရိပ်အရောင် အတုမျှကို။ ပရိဂ္ဂဏှာတိ၊ အာရုံပြု၍ သိမ်းဆည်းနိုင်၏။

လောကုတ္တရာ မဂ်ဉာဏ်ဖြင့် မြင်ခြင်းကား၊ လောကုတ္တရာဉာဏ်ပစ္စက္ခ၊ လောကီဝိပဿနာဉာဏ် အဝုတ္တသိဒ္ဓိအားဖြင့် မြင်ပေ၏။

အဝုတ္တသိဒ္ဓေါ ဟိ တဿ ဘာဝနာပဋ္ဌိဝေဓော။ ဒီ-ဋ္ဌ-၂၊ ၃၀၃။

ဟိ၊ သင့်စ္ဓ။ တဿ၊ ထိုမဂ္ဂသစ္စာ၏။ ဘာဝနာပဋ္ဌိဝေဓော၊ ဘာဝနာဖြင့် ထိုးထွင်း၍ သိခြင်းသည်။ အဝုတ္တသိဒ္ဓေါ၊ မဆိုသဖြင့် ပြီး၏။

ဤသို့ မဂ္ဂသစ္စာသည် နိဗ္ဗာန်ကို အာရုံပြု၍ခြင်လိုက်သဖြင့် ကြွင်းသော သစ္စာတို့၏ အလိုလိုပြင်ခြင်းတို့သည် ပြီးရတော့သည်သာတည်း။

ကာလတစ်ပါး၌ ခြားရ၍မြင်ခြင်းကို မယူဘဲ၊ တစ်ပြိုင်နက် တစ်ချက် တည်းသော မြင်ခြင်းဖြင့် မြင်သည်ကို သစ္စာလေးပါး၌မြင်သော ဉာဏ် ဟူ၍ ဆိုအပ်၏။

> နှ စေတံ ကာလန္တရဒဿနံ သန္ဓာယ ဝုတ္တံ၊ အထ ခေါ ကေပဠိဝေဓမေဝါတိ ဒဿေန္တေန မဂ္ဂသမင်္ဂီသဉ္ဉာဏံ၊ ဒုက္ခေ-ပေတံ ဉာဏန္တိ အာဒိနာ အပရံ သုတ္တပဒံ အာနီတံ။
>
> ဝိသုဒ္ဓိ-၂၊၅၁၀၄။

ဤ ဒဿနံ၊ ဤသို့ သစ္စာတစ်ပါးကိုမြင်က သစ္စာသုံးပါး၌ပြီးသော မြင်ခြင်းကို။ ကာလန္တရ ဒဿနံ၊ ကာလတစ်ပါး၌ မြင်ခြင်းကို။ သန္ဓာယ၊ ရည်၍။ နစဝုတ္တံ၊ ဆိုလည်း မဆိုအပ်။ အထခေါ၊ ဧကစ်သော်ကား။ ကေ ပဠိဝေဓမေဝါတိ၊ ဟူ၍။ ဒဿေန္တေန၊ ပြခြင်းကြောင့်။ မဂ္ဂသမင်္ဂီသ၊ မဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏။ ဧတံ ဉာဏံ၊ ဤမဂ်ဉာဏ်သည်။ ဒုက္ခေပိ၊ ဒုက္ခသစ္စာ၌လည်း။ ဉာဏံ၊ သိသောဉာဏ်မည်၏။ (ပိသဒ္ဒါဖြင့် ကျန်သစ္စာကို ဆည်း။) ဣတိအာဒိနာ၊ ဤသို့အစရှိသဖြင့်။ အပရံ သုတ္တပဒံ၊ တစ်ပါးသော သုတ်ပုဒ်ကို။ အာနီတံ၊ ဆောင်အပ်၏။

(၁) ဒုက္ခ, ပစ္စက္ခ, ကြွင်းသုံးပါး အာဝုတ္တသိဒ္ဓိ၊
(၂) သမုဒယ, ပစ္စက္ခ, ကြွင်းသုံးပါး အဝုတ္တသိဒ္ဓိ (လောကီဖို့)။
(၁) မဂ္ဂ, ပစ္စက္ခ, ကြွင်းသုံးပါး အဝုတ္တသိဒ္ဓိ၊
(၂) နိရောဓ, ပစ္စက္ခ, ကြွင်းသုံးပါး အဝုတ္တသိဒ္ဓိ–

ဤသို့ သစ္စစတုက္ကကို လောကီ ဝိပဿနာဉာဏ်၌ လည်းကောင်း၊ လောကုတ္တရာမဂ်ဉာဏ်၌လည်းကောင်း ရအပ်ကြောင်းကို အရှင်ဂဝံပတိ ဟောတော်မူသည်။ ၎င်းစတုက္ကတို့ အဆက်ဆက်မျက်မှောက်ပြုကြ၍ နိရောဓစတုက္ကကို မျက်မှောက်ပြုမှသာလျှင် အရိယသစ္စာနဒဿနံ ဟူသောပုဒ်၏ အရသာကို ခံစားရမည်။

ထင်စေဦးအုံ-အကြင်ယောဂိသည် ပြအပ်ခဲ့ပြီးသော အာနာပါန ကမ္မဋ္ဌာန်းခ္ခဲ့ အကြင်အခါ ရူပ်ကိုသိမ်းဆည်းခြင်း, နာမ်ကိုသိမ်းဆည်းခြင်းဟုဆိုအပ်သော သိမ်းဆည်းခြင်းတို့ဖြင့် ရူပ်နာမ်နှစ်ပါး သခ်ၢရတနားတို့ကို ပိုင်းခြားထင်ထင် သိမြင်ခဲ့၏၊ ထိုအခါ ပိဋ္ဌန, သခ်ၢတ, သန္ဓာပ, ဝိပရိဏာမဟု ဆိုအပ်သော နှိပ်စက်ခြင်း, ပြုပြင်ခြင်း, ပူပန်ခြင်း, ဖောက်ပြန်ခြင်း အနက်လေးပါးတို့နှင့်တကွ ဒုက္ခသစ္စာစတုက္ကကို လောကီဝိပဿနာဉာဏ်ဖြင့် ပြီးစေ၏။ အကြင်အခါ အကြောင်းကို သိမ်းဆည်းခြင်း, အဓွန့်ကိုသိမ်းဆည်းခြင်းဟု ဆိုအပ်သော သိမ်းဆည်းခြင်းတို့ဖြင့် သိမ်းဆည်း၏၊ ထိုအခါ အာယူဟန, နိဒါန, သံယောဂ, ပလိဗောဓ ဟုဆိုအပ်သော အားထုတ်ခြင်း, ဆောင်နှင်းခြင်း, ယှဉ်ခြင်း, နှောင့်ယှက်ခြင်း, အနက်လေးပါးတို့နှင့်တကွ သမုဒယသစ္စာစတုက္ကကို လောကီဝိပဿနာဉာဏ်ဖြင့် ပြီးစေ၏၊ အကြင်အခါ ဆည်းပူးအပ်ခဲ့သော ဒါန သီလ တို့ဌ္ဌလည်းကောင်း၊ သမာဓိတို့ဌ္ဌလည်းကောင်း၊ သမ္မသနဉာဏ်အစ အနုလောမဉာဏ်အဆုံးရှိသော ဝိပဿနာဉာဏ်တို့ဌ္ဌ လည်းကောင်း ဝဋ်မှထွက်မြောက်လိုသဖြင့် ကောင်းစွာ အားထုတ် ဆည်းပူးပွားများ၏၊ ထိုအခါ ;ဖြစ်ခြင်း ပျက်ခြင်းတို့ကို လောကီမဂ္ဂသစ္စာဖြင့် ပွားများ၍ ဖြစ်ခြင်း ပျက်ခြင်းမရှိသော နိဗ္ဗာန်ဌ္ဌ ညွတ်ကိုင်း ရှိုင်းဝှမ်းလျက် သက်ဝင်သော စိတ်ကို ထား၍ အား ထုတ်ခြင်း ကြောင့် နိယျာန, ဟေတု, ဒဿန, အဓိပတေယျဟူသော ထွက်မြောက်ခြင်း၊ နိဗ္ဗာန်ကို ရခြင်းအကြောင်း၊ မြင်ခြင်းအကြောင်း၊ အစိုးရခြင်း အနက်လေးပါးတို့နှင့်တကွ လောကီမဂ္ဂသစ္စာစတုက္ကကို လောကီဝိပဿနာဉာဏ်ဖြင့်ပြီးစေ၏။

ဂင်းနည်းတူ နိဗ္ဗာန်ကို ညွတ်ကိုင်းရှိုင်းဝှမ်းလျက်သက်ဝင်သောစိတ်ဖြစ်သော အခါဌ္ဌ နိဿရဏ, ဂိဝေက, အသခ်ၢတ, အမတဟု ဆိုအပ်သော သံသရာမှထွက်မြောက်ခြင်း၊ တဏှာမှ ဆိတ်ခြင်း၊အကြောင်း တရား

ကို့သည် မပြုပြင်ခြင်း၊ သေခြင်းမှ ကင်းခြင်း အနက်လေးပါးတို့နှင့်တကွ နိရောဓသစ္စာစတုက္ကကို လောကီဝိပဿနာဉာဏ်ဖြင့် ပြီးစေ၏။

(လောကီဖို့။)

အကြင်အခါ လောကီကိုလွန်မြောက်၍ လောကုတ္တရာသို့ ရောက်အံ့သော ယောဂီသည်နောက်ကပြန်ခဲ့အပ်ပြီးသော ဝိပဿနာဉာဏ် ဆယ်တန်တို့၌ သမ္မသနဓာတ် နိဗ္ဗိဒါဓာတ် ပက္ခန္ဒနဓာတ်တို့အားကိုးဆောင်၍ ဩကွမ္ဘဓာတ်သို့ သက်ခြင်းငှာ စွမ်းနိုင်၏၊ ထိုအခါ "ယသ ဣဒါနိ မဂ္ဂေါ ဥပ္ပဇ္ဇိဿတိ တိ သခ်ါရုပေက္ခာယ သခ်ါရေ အနိစ္စာတိ၀ါ ဒုက္ခာတိ၀ါ အနတ္တာတိ၀ါ သမ္မသိတ္ဝာ ဘ၀ံ ဩတရတိ" အစရှိသဖြင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ မိန့်မှာတော်မူအပ်သည်နှင့်အညီ အကြင်သခ်ါရုပေက္ခာဉာဏ်သည် မိမိယူအပ်သော လက္ခဏာရေးသုံးပါးတို့တွင် တစ်ပါးပါးကို သုံးသပ်၍ မဂ်ကိုကူးအံ့သောအခါ၌—

နိ	ဒ	မ	ပ	ဥ	နုံ	ဟ	မဂ်
၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀
		ဖိုလ်	ဖိုလ်	ဖိုလ်		ဘွင်	ဘွင်–
		၀၀၀	၀၀၀	၀၀၀		၀၀၀	၀၀၀

ဟူသော မဂ္ဂ၀ိထိသို့ သက်လာရ၏။ ၎င်း၀ိထိ၌ နိ-သည် ဘ၀ံ-စလနမည်၏။ ဒ-ဘ၀ဂုံပစ္ဆေဒမည်၏။ မ-သည် မနောဒ္ဒါရာ၀ဇ္ဇန်းမည်၏။ ပ-သည် ပရိကံမည်၏။ ဥ-သည် ဥပစာရမည်၏။ နုံ-သည် အနုလုံမည်၏။ ဟ-သည် ဂေါတြဘူမည်၏။ မဂ်-သည် သောတာပတ္တိမဂ်မည်၏။ ဖိုလ်-သည် သောတာပတ္တိဖိုလ်မည်၏။ ထိုဝိထိ၌ အနုလုံတိုင်အောင်သော ၀ုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်သော သခ်ါရုပေက္ခာဉာဏ်သည် ၎င်းလောကီမဂ္ဂသစ္စာ၏ အစွမ်း

ဖြင့် သခ်ၢါရတရားတို့ကို အာရုံပြု၏။ ထိုအနုလောမဉာဏ်၏ အခြားမဲ့ဖြစ်သော ဂေါတြဘူစိတ် မဂ်စိတ်၊ဖိုလ်စိတ်တို့သည်သာလျှင် နိုဗ္ဗာန်ကို အာရုံပြုကုန်၏။

စတုန္နံ မဂ္ဂါနံယေဝ ဂေါတြဘူ နိုဗ္ဗာနာရမ္မဏံ။
ပဋ္ဌာန်-၁-၁၅၄၊

မဂ္ဂဉာဏ်သည် ဂေါတြဘုဉာဏေန ဒိန္နသည့် အမုဉ္စိတ္ဘာဝ နိုဗ္ဗာနံ အာရမ္မဏံ ကတ္ဝာ။ ဝိသုဒ္ဓိ-၂-၂-၃၁၄၊ ပဋ္ဌာန် ၁-၁၊ ၂၆။

စတုန္နု၊ခေါ်ပါးကုန်သော။ မဂ္ဂါနံယေဝ၊မဂ်တို့၏သာလျှင်၊ဂေါတြဘု၊ ဂေါတြဘူသည်။ နိုဗ္ဗာနာရမ္မဏံ၊ နိုဗ္ဗာန်လျှင် အာရုံရှိ၏။

မဂ္ဂဉာဏ်သည်၊မဂ်ဉာဏ်အား။ ဂေါတြဘုဉာဏေန၊ဂေါတြဘူဉာဏ်သည်။ ဒိန္နသည်၊ ပေးအပ်သောအမှတ်ကို။ အမုဉ္စိတ္ဘာဝ၊ မလွှတ်မူ၍သာလျှင်။ နိုဗ္ဗာနံ၊နိုဗ္ဗာန်ကို။ အာရမ္မဏံကတ္ဝာ၊အာရုံပြု၍။

ထိုသို့ နိုဗ္ဗာန်ကို အာရုံပြုရခြင်းကြောင့် မဂ်စိတ်သည် သံသရာမှ၊ စင်စစ် ထွက်မြောက်ကြောင်းကြီး ဖြစ်ပေ၍ လောဘဒေါသစရှိသော။ ကိလေသာတို့ကို မဂ္ဂသမ္မာဒိဋ္ဌိ အစရှိသော လေးကုတ္တရာ မဂ်တရားတို့သည် ကောင်းစွာ ဖြတ်တောက်ကုန်၏။

အရိယမဂ္ဂမ္မာယေဝ ဟိ နိယ္ယာနိကာ။ ဥဒါန၊ ၂-၃-၂၂။

ဟိ သစ္စံ၊မှန်၏။ အရိယမဂ္ဂမ္မာယေဝ၊ အရိယာမဂ်တရားတို့သည်သာလျှင်။ နိယ္ယာနိကာ၊ ထွက်မြောက်ကြောင်းတို့သည်။ ဟောန္တိ ဖြစ်ကုန်၏။

နိုဗ္ဗာနဉ္စိ အာရမ္မဏံ ကတ္ဝာ ပဝတ္တမာနာ သမ္မာဒိဋ္ဌိအာဒယော အရိယမဂ္ဂမ္မာ အနဝသေသ ကိလေသေ သမုစ္ဆိန္နန္တိ။ဥဒါန-၂-၁-၁-။

နိဗ္ဗာနဥ္စ နိဗ္ဗာနံ ၎ဝ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏကတွာအာရုံပြုရခြင်းကြောင့်။ပဝတ္တမာနာ၊ဖြစ်သော။သမ္မာဒိဋ္ဌိ အာဒယော၊ သမ္မာဒိဋ္ဌိ အစရှိကုန်သော။ အရိယမဂ္ဂင်မှာ၊ အရိယမဂ်တရားတို့သည်။ အနဝသေသ ကိလေသေ၊ အကြွင်းမရှိသော ကိလေသာတို့ကို။ သမုစ္ဆိန္နန္တိ၊ ကောင်းစွာဖြတ်ကုန်၏။

ထိုသို့ ကိလေသာတို့ကို ဖြတ်နိုင်ခြင်းကား အာရမ္မဏိကဖြစ်သော မဂ်စိတ်သည် အာရုံဖြစ်သော နိဗ္ဗာန်ကို အာရုံပြုရခြင်းကြောင့်သာ သမုစ္ဆေဒပဟာန်ဖြင့် ပယ်ဖြတ်နိုင်၏။ ထို့ကြောင့် အာရမ္မဏိကဖြစ်သော မဂ်စိတ်သည် နိယျာန၊ ဟေတု၊ ဒဿန၊ အဓိပတေယျ ဟူသော သံသရာမှ ထွက်မြောက်ခြင်း, နိဗ္ဗာန်သို့ရောက်ကြောင်း, နိဗ္ဗာန်ကိုမြင်ခြင်း, သမ္မယုတ်တရားတို့ထက် အကြီးအမှူးဖြစ်ခြင်း အနက်လေးပါးတို့နှင့်တကွ လောကုတ္တရာမဂ္ဂသစ္စာစတုက္ကကို ပြီးစေ၏။ အာရုံဖြစ်သော အသင်္ခတခေါ်မြတ်သော နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာသည် အနုမတက် စက်သံသရာ အကျွဲဝါဝယ် လွန်စွာ ဆင်းရဲခြင်းတည်းဟူသော ကိလေသ ဒုက္ခ, ခန္ဓဒုက္ခ အပေါင်းကို ချုပ်ငြိမ်းကြောင်းဖြစ်၍ နိဿရဏ၊ ဝိဝေက၊ အသင်္ခတ၊ အမတ ဟူသော သံသရာမှထွက်မြောက်ခြင်း, သမုဒယသစ္စာ၊ တဏှာမှဆိတ်ခြင်း, အကြောင်းတရားလေးပါးတို့သည် မပြုပြင်ခြင်း, သေခြင်းမှကင်းခြင်း, အနက်လေးပါးတို့နှင့်ကွာ လောကုတ္တရာ နိရောဓသစ္စာ စတုက္ကကို ပြီးမစေ၏။

နိရောဓောတိ နိဗ္ဗာနံ။ နိဗ္ဗာနဥ္စ အာဂမ္မ ဒုက္ခံ နိရုဇ္ဈတိတိ နိရောဓောတိ ဝုစ္စတိ။ ပဋိသံ-ဋီ-၁၊၁၁၃။

နိရောဓောတိ၊ ဟူသည်ကား။ နိဗ္ဗာနံ, မှတ်၏အာရုံ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်တည်း။ ဟိ သစ္စံ၊ မန်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာဂမ္မ၊ မဂ်ဉာဏ်ဖြင့် အာရုံပြုရ၍။ ဒုက္ခံ၊ ဝဋ္ဋဒုက္ခအပေါင်းသည်။ နိရုဇ္ဈတိ၊ချုပ်၏။ (ဝါ)မပြစ်။ ဣတိဘာသာ၊ ထို့ကြောင့်။ နိရောဓောတိ၊ နိရောဓသစ္စာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုမဂ္ဂသစ္စာစတုက္က၊ နိရောဓသစ္စာစတုက္ကဆိုက်ခြင်းကို အကြောင်းအဆုံးပြု၍ ပဓာနအလုပ်လမ်းရှိုးတို့၌ (၁) မုစ္စန၊ (၂)သစ္ဆိကိရိယ၊ (၃) ပဿဒ္ဓိကို ပြအပ်၏။ ထိုတွင်—

(၁)ဝိပဿနာဉာဏ်မှ လွှတ်လိုက်ရခြင်းသည် မုစ္စန မည်၏။
(၂) နိဗ္ဗာန်ကို မြင်လိုက်ရခြင်းသည် သစ္ဆိကိရိယ မည်၏။
(၃) ဖိုလ်စိတ်တို့၏ ငြိမ်းချမ်းခြင်းသည် ပဿဒ္ဓိမည်၏။

တစ်နည်း– (၁)သိလည်းသိစေ- (၂)မသိလည်း မသိစေနှင့်၊ (၃) မြင်လည်းမြင်လိုက်စေ၊ ကိုယ္ယူအပ်၏။ ထိုတွင်–

(၁) ဝိပဿနာဉာဏ်ကို သိခြင်းသည် သိလည်း သိစေမည်၏။
(၂)ဝိပဿနာဉာဏ်မှ လွှတ်လိုက်ခြင်းသည် မသိလည်း မသိမစေနှင့် မည်၏။
(၃)နိဗ္ဗာန်ကို မြင်လိုက်ခြင်းသည် မြင်လည်း မြင်လိုက်စေမည်၏။

တစ်နည်း။ ။နိမိတ္တ၊ ဗတ္တ၊ ပဲကား၊ ညာ၊ သက်ဝ ။ ဟူ၍ ငါးပါး အပြားရှိ၏။ နိမိတ္တ၊ ဗတ္တ၊ ပဓာန၊ ညာဏရှိ၊ သက်ရောဟု ဖတ်လေ။ ထိုတွင် အကြင်ယောဂီအား ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ကို မြင်ရခြင်းသည် နိမိတ္တမည်၏။ ဝတ္ထုရုပ်တို့ကို မြင်ရခြင်းသည် ဗတ္တမည်၏။ ပုဗ္ဗကိစ္စလေးပါးကို သိမ်းဆည်းရခြင်းသည် ပဓာနမည်၏။ ဝိပဿနာဉာဏ်ဆယ်တန်ကို မြင်ရခြင်းသည် ညာဏရှိမည်၏။ ဝိပဿနာ-ဉာဏ်ဆယ်တန်ကိုလွှတ်၍ နိဗ္ဗာန်ကိုအာရုံပြုသဖြင့် မဂ်သို့ပြောင်းရွှေ့လိုက်ရခြင်းသည် သက်ရော မည်၏ဟု ဓမ္မတာသုံးပါး၊ ဓမ္မတာငါးပါးတို့ကို ဒီဘက်ဆရာကြီးတို့၏နည်းဟူ၍ ငါ့တို့ကျေးဇူးရှင် အဆက်ဆက်မှ မှတ်ယူအပ်၏။

ထိုမဂ္ဂစတုက္ကာ၊ နိရောဓစတုက္ကသို့ ဆိုက်ရောက်သောအခါ မဂ်စိတ်ကော ဆဲဆဲ၌ ငါသည်—

(၁) ဒုက္ခသစ္စာကိုသိ၏။

(၂) သမุဒယသစ္စာကို ပယ်၏။

(၃) နိရောဓသစ္စာကို မျက်မှောက်ပြု၏။

(၄) မဂ္ဂသစ္စာကိုပွားစေ၏။

ဤသို့ အလွန်နီးသော နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းသာ မဟု၊ မဂ္ဂသစ္စာကို အာရုံမူကိုကပြု၍ နိရောဓသစ္စာကို အာရုံပြုလျက် သိမ်းဆည်းဆဲဖြစ်သော ထိုယောဂီအား မဂ္ဂသစ္စာသည် သုံးပါးကုန်သော သစ္စာတို့၌ ပရိညာကိစ္စ၊ ပဟာနကိစ္စ၊ ဘာဝနာကိစ္စတို့ကို နိဗ္ဗာန်ကိုမြင်လိုက်ရသောကြောင့် အဝုတ္တာသိဒ္ဓိအားဖြင့် ပြီးစေလျက် မဂ္ဂစတုက္ကာ၊ နိရောဓစတုက္ကကို ထိုးထွင်း၍ သိတော်မူ၏။

> တသ္မိं စသ ခဏေ အဟံ ဒုက္ခံ ပရိဇာနာမိ၊သမุဒယံပဇဟာမိ၊ နိရောဓံ သစ္ဆိကရောမိ၊မဂ္ဂံ ဘာဝေမိတိ **အာဘောဂသန္နာဟာရ=** မနသိကာရပစ္စဝေက္ခဏာ နတ္ထိ။ **ဇော**သ ပန ပရိဂ္ဂဏ္ဍနသ္မိံ ဝ မဂ္ဂေါဟီသု သစ္ဆိကရောသု ပရိညာဒီကိစ္စံ သာဓေန္တော ဝ နိရောဓံအာရုံမူကတော ပဋိဝိဇ္ဈတိ။ မ-ဋ-၂၃၉။

စ၊ ဆက်၍ဆိုဦးအုံ့။ အသ၊ ထိုယောဂီအား။ တသ္မိं ခဏေ၊ ထိုမဂ်စိတ်ခဏ၌။ အဟံ၊ ငါသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာမိ၊ သိ၏။ သမุဒယံ၊ သမุဒယသစ္စာကို။ ပဇဟာမိ၊ ပယ်၏။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္ဆိကရောမိ၊ မျက်မှောက်ပြု၏။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝေမိ၊ ပွားစေ၏။ ဣတိ၊ ဤသို့။ အာဘောဂသန္နာဟာရ မနသိကာရ ပစ္စဝေက္ခဏာဖြင့် နှလုံးသွင်းခြင်း စူးစမ်းခြင်း ဆုံးဖြတ်ခြင်း ဆင်ခြင်ခြင်းသည်။ နတ္ထိ၊ မရှိ။ ပန၊ စင်စစ်

သော်ကား။ ပရိဂ္ဂဏှာန္ဒသော၀၊ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိမ်းဆည်းဆဲသာလျှင်ဖြစ်သော။ တေသာ၊ ထိုယောဂီ၏။ မဂ္ဂေါ၊ မဂ္ဂသစ္စာသည်။ တီသု၊ သုံးပါးကုန်သော။ သစ္စေသု၊ သစ္စာတို့၌။ နိရောဓံ၊ နိဗ္ဗာန်ကို။ အာရမ္မဏတော အာရုံပြုရသောကြောင့်။ ပရိညာဒီကိစ္စံ၊ ပရိညာအစရှိ၀သော ကိစ္စကို။ သာဓေန္တော၀၊ ပြီးစေလျက်သာလျှင်။ ပဋ္ဌိ၀ိဗျတိ၊ ထိုးထွင်းရှိသည်၏။

အဘယ်ကဲ့သို့နည်းဟူမူ – ဆီမီးသည် မရှေးမနှောင်း တပေါင်းတည်းသောခဏ၌ လေးပါးသော ကိစ္စတို့ကိုပြု၏။ မီးစာကို လောင်စေ၏။ အမိုက်တိုက်ကို ဖျောက်၏။ အလင်းကိုပြု၏။ ဆီကိုကုန်စေ၏–သို့ဤအတူ မဂ္ဂစတုက္ကဋ္ဌဖြစ်သော မဂ်ဉာဏ်သည် မရှေးမနှောင်း တပေါင်းတည်းသော မဂ်ဏေ၌ လေးပါးသော သစ္စာတို့ကို အ၀ုတ္တာသီဒိုဏ်ဆောင်၍သိ၏။ ဒုက္ခသစ္စာကို ပိုင်းခြားမှ သိ၏။ သမုဒယသစ္စာကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်၏။ မဂ္ဂသစ္စာကို။ (၀ါ) သမ္မာသင်္ကပ္ပစသော မဂ္ဂင်-ပါးကို။ (၀ါ) ဥဖ-ပါးသော ဗောဓိပက္ခိယဓမ္မတရားကို ပွားစေ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုစေ၏။ ဤသို့၄-ပါးသော ကိစ္စတို့ဖြင့် ထိုးထွင်းရှိသည်၏။ (ဒုက္ခ-ဥပမာ, လေ့, ဥပမာတို့ကိုလည်း နည်းတူယူလေ။)

ထိုမဂ္ဂသစ္စာစတုက္ကဋ္ဌ နိဗ္ဗာန်ကို မျက်မှောက်ပြု၏ ဟူသည် အနုမာနဖြင့် ရောင်ရမ်းမှုန်းဆ၍ ပြုရမည်လောမျက်မှောက်အားဖြင့် ပြုရမည်လော ဟူသော–“ နိရောဓံ သစ္ဆိကိရိယာဘိသမ ယေန အာဘိသမေတိ။ တံ ဝုတ္တံ ဟောတိ”–ဟူသော အဋ္ဌကထာ ပုစ္ဆား။

“နိရောဓံ အာရမ္မဏံ ကရိတ္ဝာ စတ္တာရိ သစ္စာနိ ပါပုဏာတိ ပဿတိ ပဋ္ဌိ၀ိဗျတိ—”

ဟူသော ၀ိသုဒ္ဓိမဂ်အဋ္ဌကထာ အဓြေအာဘောင်ကို ထင်စွဲပြုတော်မူလို့သော မဟာဋီကာရှင်သည်-နိရောဓေ နိဗ္ဗာနံ။ သစ္ဆိကြိယာဘိ သမယော-

နာတိ ပစ္စက္ခကရဏသခ်ါဘေန ပဋိဝိဇ္ဈနေန၊ ပါ၊ဏာတိတိ ဒုဓိဂစ္ဆတိ။ သ့ဘယံအဓိဂမော ဒဿန ပဋိဝေဓောတိ အာဟ ပဿတိ ပဋိဝိဇ္ဈတိတိ” ဟူသော ပစ္စက္ခဉာဏ်ဖြင့် မြင်အပ်သော ဖြစ်ကို ဝန်ခံတော်မူသည်။

နိရောဓန္တိ၊ ဟူသည်ကား။ နိဗ္ဗာန်၊မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်တည်း။ သစ္စိက်ရိယာဘိ သမယေနာတိ၊ ဟူသည်ကား။ ပစ္စက္ခကရဏသခ်ါတေန၊ မျက်မှောက်ပြုသည်၏ အဖြစ်ဟုဆိုအပ်သော်။ ပဋိဝိဇ္ဈနေန၊ ထိုးထွင်း၍ သိခြင်းဖြင့်။ ပါပုဏာတိတိ၊ ဟူသည်ကား။ အဓိဂစ္ဆတိ၊ ရ၏။ သ့ဘယံ အဓိဂမော၊ ထိုသို့ရခြင်းသည်။ ဒဿန ပဋိဝေဓော၊ မြင်သော ထိုးထွင်းခြင်းပင်တည်း။ ဣတိ ဣမံ၊ အတ္ထံ၊ ဤသို့သော အနက်ကို။ သန္ဓာယ၊ ရည်ရွယ်။ ပဿဟိ ပဋိဝိဇ္ဈတိတိ၊ ဟူ၍။ အာဟ၊ အဋ္ဌကထာရှင် မိန့်တော်မူ၏။

ဤဦးကာ စကားဖြင့် နိဗ္ဗာန်ကို ပစ္စက္ခဉာဏ်ဖြင့် မြင်ရ၏ဟု ဝန်ခံရာ မခိုင်သေးဟူမူ–

(၁) ပစ္စတ္တံယေဝ ပရိနိဗ္ဗာယတီတိ သယမေဝ ကိလေသပရိနိဗ္ဗာနေန ပရိနိဗ္ဗာယတိ။ မ-ဋ-၂၊ ၂၀၀။

(၂) သယံ အဘိညာ သစ္ဆိကတ္ဝာတိ အတ္တနာယေဝ ပညာယ ပစ္စက္ခံ ကတ္ဝာ။ မ-ဋ-၃-၇၅။

(၃) နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ အပစ္စယနိဗ္ဗာနဿ ပစ္စက္ခ-ကရကာတ္ထာယ အံ-ဋ-၂၇၉။

(၄) နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ တဏှာဝါနဝိရ ဟိတတ္တာ နိဗ္ဗာနန္တိလဒ္ဓနာမဿ အမတဿ သစ္ဆိကိရိယာယ၊ အတ္တ-ပစ္စက္ခတာယာတိ ဝုတ္တံ ဟောတိ– မ-ဋ-၁-၂၄၁။

ဟူသောသုတ်မဟာဝါ၊ မူလပဏ္ဏာသအဋ္ဌကထာကြီးစသည်တို့ကိုထောက်။

(၁) ဖစ္စတ္တံယေဝ ပရိနိဗ္ဗာယတိတိ၊ ဟူသည်ကား။ သယမေဝ၊ကိုယ်တိုင်သာလျှင်။ ကိလေသပရိနိဗ္ဗာနေန၊ ကိလေသပရိနိဗ္ဗာန်ဖြင့်။ ပရိနိဗ္ဗာ၊ ယတိ၊ ပရိနိဗ္ဗာနိယူ၏။

(၂) သယံ အဘိညာ သစ္ဆိကတ္ဝာတိ၊ ဟူသည်ကား။ အတ္တနာယေဝ၊ မိမိဉစ္စေသာလျှင်ဖြစ်သော။ ပညာယ၊ မဂ်ပညာဖြင့်။ ပစ္စက္ခံကတ္ဝာ၊ မျက်မှောက်ပြု၍။

(၃) နိဗ္ဗာနသ သစ္ဆိကိရိယာယာတိ၊ ဟူသည်ကား။ အပစ္စယ နိဗ္ဗာ-နသ၊ အပစ္စယနိဗ္ဗာန်ကို။ (၀၊) အကြောင်းကင်းသော နိဗ္ဗာန်ကို။ပစ္စက္ခ ကရဏတ္ထာယ၊ မျက်မှောက်ပြုခြင်းအကျိုးငှါ။

(၄) နိဗ္ဗာနသ သစ္ဆိကိရိယာယာတိ၊ ဟူသည်ကား။ တဏှာ ၀ါန ဂိရဟိတတ္တာ။ တဏှာတည်းဟူသောချုပ်စပ်တတ်သော ၀ါနမှကင်းသ ည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ ဟူ၍။လဒ္ဓနာမသ၊ ရအပ်သောအမည်ရှိသော။ အမတသ၊ အမြိုက်နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ အတ္တပစ္စက္ခတာယ၊ မိမိကိုယ်တိုင် မျက်မှောက်ပြုခြင်းငှါ။ ဣတိ၊ ဤသို့။ ဂုတ္တံ ဝုတ္တောဟု၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

ထင်စွာပြပါဦး ဟူမူ – ပဋိသန္ဓေအားဖြင့် ကန်းသော သူအား နေ စသည်တို့ကို ကြည့်၍မမြင်ရသောကြောင့် နေ၊စသည်တို့သည် မရှိကုန်ဟူ၍ မဆိုအပ်သကဲ့သို့ မျက်စိအမြင်နှင့် ပြည့်စုံသော သူတို့အား အာရုံ၏ အဖြစ်ဖြင့် ထင်ရှားသည်၏အဖြစ်ကြောင့် နေ-စသည်တို့သည် ရှိကုန်၏ ဟူ၍ ဆိုအပ်သကဲ့သို့။ ဤအတူ ထိုနိဗ္ဗာန်ကိုလည်း အနုပုဒုဇဉ်ပုဂ္ဂိုလ်တို့ မမြင်နိုင်ရုံမျှနှင့် မရှိဟူ၍ မဆိုအပ်။ စင်ကြယ်သော်ကား အရိယာပုဂ္ဂိုလ် ကိုအား ပညာစက္ခုတည်းဟူသော အရောင်အလင်းဖြင့်သာလျှင် ကောန် ထင်လာခြင်းကြောင့် နိဗ္ဗာန်သည် ရှိ၏ဟူ၍ ကောန်ဝန်ခံအပ်၏။

ယထာ ဟိ ဇစ္စန္ဓတေမိရိကာဒီနံ အဒဿနေန သူရိယာဒယော နတ္ထိတိ နဝတ္တေ၊ စက္ခုမန္ဓာနံ ဂေါစရဘာဝေန ဒေ့ဏ္ဍေ ဝါတိ သိဒ္ဓတ္တာ၊ ဧဝမေဝ တမ္မိ ဗာလပုထုဇ္ဇနဿ အဒဿနမတ္တေန နတ္ထိတိ နဝတ္တေ။ အရိယာနံ ပန ပညာ စက္ခုနောပဒေသေနဝ ဥပဋ္ဌာနတော ဂေကန္ဓေန သမ္မဒ္ဒိစ္ဆိတေ ဗုဒ္ဓတ္ထိ နိဗ္ဗာနန္တိ။ အယမေတ္ထ အဓိပ္ပါယော။ အဘိဓမ္မာဝတာရ ဋီ-ဒု၊ ၁၉၁။

ဇစ္စန္ဓတေမိရိကာဒီနံ၊ ပဋ္ဌိသန္ဓေအားဖြင့် ကန်းသော အမျှောင်ရှိသူ (ဝါ)မျက်စိရောဂါရှိသူ စသည်တို့၏။ အဒဿနေန၊ နေဗိမာန်စသည်တို့ကို မမြင်နိုင်ခြင်းကြောင့်။ (ဝါ) မမြင်ရခြင်းကြောင့်။ သူရိယာဒယော၊ နေအစရှိသည်တို့သည်။ နတ္ထိတိ၊မရှိကုန်ဟူ၍။ နဝတ္တေ့ယဝ ၊ မဆိုအပ်သကဲ့သို့။ စက္ခုမန္ဓာနံ၊ မျက်စိအမြင်ရှိကုန်သော သူတို့အား။ ဂေါစရဘာဝေန၊ အာရုံ၏အဖြစ်ဖြင့်။ သိဒ္ဓတ္တာ၊ စက္ခုဝိညာဉ်၌ ထင်ရှားသည်၏အဖြစ်ကြောင့်။ အဒ္ဌေ့ဝါတိ၊ ရှိကုန်၏ဟူ၍ သာလျှင်။ ဝတ္တေ့ယ့ယထာ၊ဆိုအပ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ တမ္မိ၊ ထိုနိဗ္ဗာန်ကိုလည်း။ ဗာလ-ပုထုဇ္ဇနဿ. ဗာလပုထုဇဉ်၏။ အဒဿနမတ္တေန၊မမြင်နိုင်ရုံမျှဖြင့်။နတ္ထိတိ၊ မရှိဟူ၍။ နဝတ္တေ့၊ မဆိုအပ် မဆိုထိုက်။ ပန၊ ထိုသို့ ပုထုဇဉ်တို့ မြင်နိုင်သော်လည်း။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့အား။ ပညာစက္ခုနော၊ ပညာစက္ခု၏။ ပဒေသေနဝ၊ အရာဖြင့်သာလျှင်။ ဥပဋ္ဌာနတော၊ ထင်ခြင်းကြောင့်။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ဤသို့။ ဧကေန္တေန၊ ဧကန်စေ့ဖြင့်။ သမ္မဒ္ဒိစ္ဆိတေ့ဝ၊ဝန်ခံအပ်၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ တတ္ထ၊ ဤယံ့ဟိအစရှိသော ဝါကျ၌။ အဓိပ္ပါယော၊အဋ္ဌကထာ ဆရာ၏အလိုတော်တည်း။

ဤသို့ မဂ်စိတ်သည် နိဗ္ဗာန်ကိုမြင်ရာ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာကြီးတို့ကား လ-ကိုမြင်ခြင်းကို ဥပမာပြု၍ပြကုန်၏။ အဘိဓမ္မာဝတာရ၊ဎင်းဋီကာဆရာကြီးတို့ကား နေ-ကို မြင်ပုံကို ဥပမာပြု၍ပြကုန်၏။ ထိုဆရာကြီးဘို့ပြခြင်းကား အကြောင်း

ကင်းသည်မဟုတ်၊ စင်စစ်မှာမူ ဤနိုရောဝသစ္စာဖြစ်သော နိုဗ္ဗာန-ဓာတ်သည် ပရမတ္ထတရားတို့တွင် အကဲအလွန် အမှန်အမြတ်ဆုံးဖြစ်၍ အလွန် စင်ကြယ်သော တရားထူးဖြစ်ပေ၏။ ထိုအလွန်စင်ကြယ်သော နိုဗ္ဗာနဓာတ်ကို မြင်သောဓဏကို သောတာပတ္တိမဂ်ဟု ခေါ်ရ၏။

သောတာပတ္တိမဂ္ဂသမ္မာဒိဋ္ဌိသင်္ခါတေန ဒဿနေန သမ္ပန္နော။
သုတ္တနိ၊ ဋ-၁၊ ၁၉၁။

သောဘာပတ္တိမဂ္ဂသမ္မာဒိဋ္ဌိသင်္ခါတေန၊ သောတာပတ္တိမဂ္ဂသမ္မာဒိဋ္ဌိဟု ဆိုအပ်သော။ (၀ါ)သောတာပတ္တိမဂ်ဉာဏ်ဖြင့် ကောင်းစွာ မြင်ခြင်းဟု ဆိုအပ်သော။ ဒဿနေန၊ ပစ္စက္ခဖြစ်သော ဉာဏ်အမြင်နှင့်။ သမ္ပန္နော၊ ပြည့်စုံ၏။

ထိုသို့ နိုဗ္ဗာန်ကို မြင်သောအခိုက်၌ ပရမတ္ထတရား အပေါင်းတို့သည် အလွန်စင်ကြယ်ခြင်းသို့ ရောက်ကုန်၏၊ ထိုသို့ရောက်ခြင်းသည် မြင်ခြင်းပင်တည်း။

အထ တေသု သဗ္ဗသတ္တာသညိတေသု သင်္ခါရေသု အနိစ္စတာ ဒဿနေန နိဗ္ဗိန္ဒမာနာ အနုပုဗ္ဗေန ဒုက္ခဿန္တကရော ဟောတိ၊ ပရမတ္ထဝိသုဒ္ဓိ ပါပုဏာတိ။ ခုဒ္ဒကပါ၊ ၁၂၊ ၆၄။

အထ၊ ထိုမြို့။ သဗ္ဗ သတ္တ သညိတေသု၊ အလုံးစုံသတ္တဝါဟု ဆိုအပ်ကုန်သော။ တေသုသင်္ခါရေသု၊ ထိုသင်္ခါရ တရားတို့၌။ အနိစ္စတာဒဿနေန်၊ အနိစ္စအဖြစ်ဖြင့် မြင်ခြင်းရှိသဖြင့်။ နိဗ္ဗိန္ဒမာနာ၊ ငြီးငွေ့အပ်သည် ရှိသော်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ဒုက္ခဿန္တကရော၊ ဒုက္ခ၏အဆုံးကို ပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ပရမတ္ထ ဝိသုဒ္ဓိ ၊ ပရမတ္ထတရားတို့၏ အထူးသဖြင့် စင်ကြယ်ခြင်းအဖြစ်သို့၊ ပါပုဏာတိ၊ ရောက်ရှာ၏။

ပရမတ္ထတရားတို့၏ အထူးသဖြင့် စင်ကြယ်ခြင်းသို့ ရောက်သောအခါ မြင်အပ်သော အာရမ္မဏိက ဖြစ်သော မဂ်စိတ်ဖြင့် အာရုံဖြစ်သော သင်္ခါရ

တို့မှာလွတ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို မြင်ခြင်းသည်ပင် ပထမသောတာ-ပတ္တမဂ်ဟူ၏လည်းမည်၏။ ထို သောတာပတ္တိမဂ် ဟူ၏လည်သည် နိဗ္ဗာန်ကို မြင်လိုက်သောအခါ၌ ဉာဏ်ထက်သောသူတို့အား မိုးကောင်းကင်ပြည့်မျှ အလွန်ကြည်လင်သန့်ရှင်းသော တခဲနက်တောက်ပသော အလင်းကြီး ကို မြင်လိုက်ရ၏။ ဉာဏ်နှံ့သော သူတို့အားကား မှန်းတည့်သောအခါ ထွန်းလင်းသောနေလုလင်ကို ဦးဖြင့်တိုက်လိုက်ရာဘိသကဲ့သို့လည်းကောင်း၊ ဟတ္ထပါသ် အတွင်း၌ မြင်လိုက်ရကဲသကဲ့သို့လည်းကောင်း, သရဒအခါ လမင်းကို မြင်လိုက်ရာဘိ သကဲ့သို့ လည်းကောင်း၊ အလွန်စင်ကြယ် သန့်ရှင်းသော အရောင်အလင်းကြီး ကို မြင်ရတော်၏။ ထိုသို့ မြင်လိုက် ရသည်ရှိသော်မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်သစ္စာစတုက္ကဟုခေါ်အပ် သော နိဗ္ဗာန်ကို မဂ္ဂသစ္စာ စတုက္ကဖြင့် ကေန်ပြုက်မှောက်ပြုသည်မည်၏။ ခန္ဓာ ၅-ပါးတို့ ချုပ်ငြိမ်းဟန်ကို မြင်လိုက်ရသည်မည်၏။ (ခက်ခဲစ)။

ထိုသို့တခဲနက်သော အရောင်အလင်းကြီးကို မြင်ရာ၌ (၁)အာလောက သညာကိုမြင်ခြင်း။ (၂)ပညိန္ဒြေပွင့်ခြင်းကိုမြင်ခြင်း။ (၃)ပဋိဘာဏနိမိတ် ကိုမြင်ခြင်း။ (၄)သြဘာသကိုမြင်ခြင်း။ (၅)ဗလဝဆိုက်သည်ကိုမြင်ခြင်း။ (၆)နိဗ္ဗာန်ကို မြင်ခြင်းအားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်(၁)မိမိ၏ ဟစ်ဆယ်နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ပဋိဘာဏနိမိတ်၏ သတ္တိ ကြောင့်ကြည့်တိုင်းမြင် ခြင်းသည် အာလောကသညာကို မြင်ခြင်းမည်၏။ (၂)အကြင်ယောဂီ၏သမာဓိသည်လွန်စွာ ငြိမ်သက်သည်ဖြစ်၍ ညဉ့်အခါ ပိုးစုန်းကြူး တောက်သကဲ့သို့လည်းကောင်း၊ ပိုးပြိတ္တာ ဂန္ဓန်မြူးသကဲ့သို့ လည်းကောင်း၊ မီးဖွားကိုချသကဲ့သို့ လည်းကောင်း၊စသည်ဖြင့် ပွင့်၍ မြင်ခြင်းသည် ပညိန္ဒြေပွင့်သည်ကို မြင်ခြင်းမည်၏။(၃)အကြင်ယောဂီ၏ သမာဓိသည်ငြိမ်သက်လှ၍ဥဂ္ဂဟနိမိတ်ကို ဖောက်ထွင်းလွှမ်းမိုး၍ ဖလ်တုံး၊ မှန်တုံး၊ စိန်တုံး၊ မီးခဲ၊ရွှေ၊ ပတ္တမြား၊ မြဿား၊ပုလဲသွယ် စသည်တို့ကဲ့သို့ မြင်ခြင်းသည် ပဋိဘာဏနိမိတ်ကိုမြင်ခြင်းမည်၏။(၄)အကြင်ယောဂီသည် သမာဓိရင့်လှသည်ဖြစ်၍ ကမ္မဋ္ဌာန်းကိုနှလုံးသွင်းစဉ်အတွင်း၌ ဟတ္ထပါသ်

ကိုလွန်၍ တစ်တိုင်၊ နှစ်တိုင်၊ တစ်သောင်း၊ နှစ်သောင်း စသည်တို့ဖြင့် ဖောက်ထွင်းရှုမြင်ခြင်းသည် သြဘာသကိုမြင်ခြင်းမည်၏။ (၅)အကြင် ယောဂီသည်ဝိပဿနာ၏ အတွင်းခ္ခ အနီးခ္ခ လည်းကောင်း၊ အဝေးခ္ခ လည်းကောင်း မီးတောက် မီးလျှံ အခိုးတော်မဲတောင် နဂါးပတ် လျှပ်စစ် နှယ်ရောင် စသည်တို့ကို မြင်ခြင်းသည်ဗလဝဆိုက်သည်ကို မြင်ခြင်းမည်၏။ ထို၅-ပါးသော မြင်ခြင်းတို့တွင် တစ်ပါးပါးကိုမြင်သော ယောဂီသည် အာကာရ၊ ဘာဝ၊ ဒဿန၊ သတ္တိ၊ လဟုက၊ လက္ခဏာ၊ တို့နှင့်မပြည့်စုံ ခြင်းကြောင့် နိရောဓသစ္စာကို မျက်မှောက်ပြုသည်မမည်။ (၆) အကြင် ယောဂီသည် ဆိုအပ်ပြီးသော မဂ်ဂုဏ် ခြောက်ပါးကို ဆောင်လျက် ဆိုခဲ့ပြီးသောအတိုင်း အလွန်စင်ကြယ် သန့်ရှင်းသော တခဲနက် တောက်ပသော အရောင်အလင်းကြီးကို မြင်လိုက်ရ၏။ ထိုသို့ မြင်လိုက်ရသည်ရှိသော် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိုဗျောဓသစ္စာဟု ဆိုအပ်သော နိဗ္ဗာန်တော်ကြီးကို မဂ္ဂသစ္စာ စတုက္ကဖြင့် ကေန် မျက်မှောက်ပြုသော ခြောက်ခုမြောက်သော မြင်ခြင်းမည်၏။ ထိုသို့ နိဗ္ဗာန်ကို မြင်ခြင်းမှန်ပါလျှင် ဟစ်ဖန်–ဥဒယဝယညာဏ်ကို အစပြု၍ နိဗ္ဗာန်သည် ငြိမ်သက်၏ မှန်မြတ်၏ဟု နိဗ္ဗာန်သို့ စိတ်ကို ညွှတ်ကိုင်းစေလျက် ဖယ သမာပတ်ဖြင့် သုံးသပ်ပါမူ ဝသီဘော် နှင်လောက်လျှင် သုံးသပ်တိုင်း သုံးသပ်တိုင်း ထိုနိဗ္ဗာန်၏ အာမုံတော်ကြီးကို မဂ်ဌကဲ့သို့ မြင်လာရတတ်၏၊ ဝသီဘော် နှင်လောက်လျက်နှင့် နိဗ္ဗာန်ကို မမြင်ရပါမူ မဂ်ဟူ၍ မဆိုအပ် (သတိရှုကြစေ)။ ။ထို့ကြောင့် "မဂ်ကိုသိလို၊ ဖိုလ်နှင့်မေး" ဟူသဘော်။ ထိုသို့ မဂ်စိတ်ခဏခ္ခ ဆိုခဲ့ပြီးသောအတိုင်း အလွန်စင်ကြယ် သန့်ရှင်းသောတခဲနက် တောက်ပသောအရောင်အလင်းကြီးကို မြင်လိုက်ရ၏ ဟူ၍ခ္ခ အာဂုံကိုဆောင်၍ ထင်ရှားစွာပြုပါဦးဟူမူ—

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗသော ပဘံ။
သဗ္ဗတောပဘန္တိ သဗ္ဗသော ပဘာသမုန္နံ၊ နိဗ္ဗာနတော ဟိ အညော မမ္မော သပဘ တရော ဝါ ဇောတိဝန္တ တရော ဝါ ပရိသုဒ္ဓ တရော ဝါ ပဏ္ဍရတရော ဝါ နတ္ထိ။ ။မ၊ဋ္ဌ၊၂-၃၁၀။

တံ၊ ထိုနိုင္ဗာန်ကို။ ဝိညာဏ်၊ မနောဝိညာဉ်ဖြင့် သိအပ်၏။ [ဝိညာ-ဏန္တိ ဝိဇာနိတဗ္ဗံ၊ ၎င်းအဋ္ဌကထာ]။ အနိဒဿနံ၊ စက္ခုဝိညာဉ်၏ မကပ်မရောက်နိုင်ခြင်းကြောင့် စက္ခုဝိညာဉ်ဖြင့် မမြင်အပ်။ [အနိဒဿနန္တိ စက္ခုဝိညာဏဿ အနုပဂမနတော အနိဒဿနံနာမ။ ၎င်းအဋ္ဌကထာ]။ အနန္တံ၊ ဘင်ဟူသော အစွန်းမရှိ။ [အနန္တန္တိ တယိဒံ ဥပါဒဝယအန္တရ-ဟိတတ္တာ အနန္တံ နာမ။ ၎င်း အဋ္ဌကထာ]။သမ္ဘတောပဘံ၊ အချင်းခပ်သိမ်း အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းနှင့် ပြည့်စုံ၏။

[ပါဠိတော်အနက်။] မ-ဋ-၂၊၃၁၀၊

သမ္ဘတောပဘန္တိ၊ သမ္ဘတော ပဘံဟု သည်ကား။ သမ္ဘသော၊ အချင်းခပ်သိမ်း။ ပဘာသမ္ပန္နံ၊ အရောင်အဆင်း ထွန်းလင်း တောက်ပခြင်းနှင့် ပြည့်စုံ၏။ ဟိ တဒေဝ သစ္စံ၊နိုင္ဗာန်သည် အချင်းခပ်သိမ်း အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းနှင့် ပြည့်စုံ၏ဟု ငါဆိုသော စကားသည်သာ လျှင် ကောင်းမလွဲ အမြဲ မှန်၏။ နိုင္ဗာနတော၊ အသင်္ခတဓာတ် မြတ်သော နိုင္ဗာန်အာရုံတက်။ သု ပဘတရော ဝါ၊ အလွန် အရောင်အဆင်းရှိသည်လည်း ဖြစ်သော။ ဇောတိဝန္တတရော ဝါ၊ အလွန် ထွန်းလင်းတောက်ပခြင်း ရှိသည်လည်းဖြစ်သော၊ ပရိသုဒ္ဓတရော ဝါ၊ ထက်ဝန်းကျင်းမှ စင်ကြယ်သန့်ရှင်းသည်လည်း ဖြစ်သော။ ပဏ္ဍရတရော ဝါ၊ ဖြူစင်သန့်ရှင်းသည်လည်းဖြစ်သော။ အညော၊ တပါးသော။ ဓမ္မော၊ တရားမည်သည်။ နတ္ထိ၊ မရှိ။ [အဋ္ဌကထာအနက်။]

နစ သက္ကာ နိုင္ဗာနံ ဥပဒဿိတုံ ဝဏ္ဏေန ဝါ၊ သဏ္ဌာနေန ဝါ၊ မလန္ဒ၊၃ဝ၃။

နိုင္ဗာနံ၊ နိုင္ဗာန်ကို။ ဝဏ္ဏေန ဝါ၊ အဆင်းအားဖြင့် လည်းကောင်း။ သဏ္ဌာနေန ဝါ၊ သဏ္ဌာန်အားဖြင့်လည်းကောင်း။ ဥပဒဿိတုံ၊ ကပ်၍ရှုမြင်ခြင်းငှာ။ နစ သက္ကာ၊ မတတ်ကောင်း။

ဤသို့ အရှင်နာဂသိန် မထေရ်မြတ် ဟောတော်မူသော စကားခွဲ အဆင်းဟူသော ပရမတ်သဏ္ဌာန်ပဲ အစစ်ကို ရည်၍ ဟောတော်မူသည်။ ယခု နိုင္ဗာနဓာတ်ကို မြင်သောအခါ၌ ပရမတ္ထတရားတို့ ဝိသုဒ္ဓိဖြစ်သော

အခါ၌ မြင်သော ပဘာသရခေတ်ကြီးကို မယူအပ်။ ထိုပဘာသရခေတ်ကြီး သည်ကား သာမညလူတို့ မထိုက်။ ဧင်စစ်မှာမူ ရူပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဉ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ရူပ်နာမ်တရားတို့ ချုပ်ငြိမ်းဟန်ကို ဧကန်မြင်ရသော သင်္ခါရပဋိက္ခေပဖြစ်သော တရားထူး စာရားမှန် တရားမြတ်ကြီးပေတည်း။

ထို့ကြောင့်–ဝိညာဏံ အနိဒဿနံ, အနန္တံ သဗ္ဗတော ပဘန္တိ စ ဣတ္ထ သင်္ခါရပဋိက္ခေပေန နိဗ္ဗာနံ ဒဿိတံ– မ-၌-၄၊၁၀။

ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာဆရာ မိန့်မှာဖွင့်ပြတော်မူသည်။

ဝိညာဏံ အနိဒဿနံ, အနန္တံ သဗ္ဗတော ပဘန္တိ စ ဣတ္ထ၊ ဟူသော ဤပါဠိ၌။ သင်္ခါရပဋိက္ခေပေန၊ သင်္ခါရတို့ကို စွန့်လွှတ်လိုက်သော အားဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဒဿိတံ၊ ရှင်တော်ဘုရား ပြတော်မူအပ်၏။

သို့ တခဲနက်သော အရောင်ကြီးကို ဦးထိပ်ထက် တူရှ စသည်တို့၌ မြင်ရခြင်းသည် မနောဒ္ဓါရဖြင့် မြင်ရခြင်း ဟုတ်ပါ၏လော၊ ဟုတ်ပါ၏။ ၎င်း မနောဒ္ဓါရဖြင့် မြင်ရာ၌လည်း မျက်စိဖြင့် မြင်လိုက်သကဲ့သို့ မြင်တတ်သော သဘောတရားမျိုးကို ဒဿ-ဓာတ်ဖြင့် ဟောတော်မူမြဲတည်း။

ယဒါ ပန တံ နိမိတ္တံ စိတ္တေန သမုဋ္ဌဟိတံ ဟောတိ၊ စက္ခုနာ ပဿန္တော သေယ္ယထာပိ ဓမ္မာဒေါ၊ ဧवံ ပါ ထမ ဇ္ဈာနတံ ဘဒါ ဘမေ ဆာလမ္ဗဏံ ဥဋ္ဌဟနိမိတ္တံ နာမ–(သင်္ဂီ-၁၅)။

စသည်တို့၌ကဲ့သို့တည်း။ (အနက်ရေးခဲ့ပြီးပြီ။)

မနောဒ္ဓါရသက်သက်ဖြင့်မြင်သော အမြင်မျိုးတို့ကို ဉာတဇ်၊ အညာ-တဇ်၊ ဝေဒိတဇ်၊ ဇညာ၊ ဇာနေယျ-စသည်တို့၌ကဲ့သို့ ဉာ-ဓာတ်၊ဝိဒ-ဓာတ်တို့ဖြင့် ဟောတော်မူမြဲတည်း။ ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၌ "အရိယသစ္စာန ဒဿနံ" ဟူသောပုဒ်ဖြင့် မျက်စိဖြင့်မြင်သကဲ့သို့ မနောဒ္ဓါရအားဖြင့်မြင်ခြင်းကိုဒိဿ-ဓာတ်ဖြင့် ပြတော်မူပေ၏။(ဒဿနဖို့)

၆၈–နိဗ္ဗာန်ကိုမြင်သောအခါ သတ္တိကိုပြခြင်း

ဤသို့ အလုန် စင်ကြယ် သန့်ရှင်းသော တခဲ့နက် တောက်ပသော အရောင် အလင်းကြီးရှိသော နိဗ္ဗာန်ကိုမြင်တတ်သော မဂ်စိတ်၏ သတ္တိ ကြောင့် "တသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တီ" ဟူသော ဝိဘင်းအဋ္ဌကထာဆရာ မိန့်မှာတော်မူအပ်သည်နှင့်အညီ နိဗ္ဗာန်ကို အာရုံပြုရသောကြောင့် ရာဂ ဒေါသ မောဟာဒီတို့၏ကုန်ခြင်းသည် သတ္တိမည်၏။ ဤစကားဌ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုရခြင်းကြောင့် ရာဂ ဒေါသ မောဟတို့သည် အကြွင်းမရှိကုန်လေသလော ဟူမူ၊ အကြွင်း မရှိသောအားဖြင့်ကား မကုန်နိုင်၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ-သီလဗ္ဗတပရာ-မာသ သုံးပါးတို့ကိုသာလျှင် ကုန်စေနိုင်၏။

သဟာဝဿ ဒဿနသမ္ပဒါယ၊ တယသု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆဉ္စ၊ သီလဗ္ဗတံ ဝါ ပိ ယဒတ္ထိ ကိဉ္စိ။

ခုဒ္ဒကပါဋ၊ ၆။ သုတ္တနိပါတ်၊ ၃၁၃။

သက္ကာယဒိဋ္ဌိစ၊ မိမိကိုယ်ရှိ၏ဟူသော အယူလည်းကောင်း။ ဝိစိကိစ္ဆ-တည်း ရှစ်ပါးသော ဌာနဋ္ဌယုံမှားခြင်းလည်းကောင်း။ သီလဗ္ဗတံဝါပိ၊ နွားဏသီတင်းအကျင့် ခွေးဏသီတင်းအကျင့် စသည်ဖြင့် သံသရာမှ ထွက်မြောက်၏ဟူသော အယူလည်းကောင်း။ တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ သဘောတရားတို့ ။ အသာ၊ ထိုသောတာပန်ပုဂ္ဂိုလ်၏။ ဒဿန-သမ္ပဒါယ၊ သောတာပတ္တိမဂ်၏ ပြည့်စုံခြင်းနှင့်။ သဟာဝ၊ တကွနက်လျှင်။ ဇဟိတာ၊ စွန့်အပ်ကုန်သည်။ အသု ဘဝန္တိ၊ ဖြစ်ကုန်၏။ ကိဉ္စိ၊ တစ်စုံ တစ်ခုသော။ ယံ၊ အကြင် မှားသောအယူသည်။ အတ္ထိ၊ ရှိ၏။ တမ္ပိ၊ ထိုမှားသောအယူကိုလည်း။ ဇဟိတံ၊ စွန့်အပ်၏။

အကုသလရာသီဖြစ်သော—

၁။ ကာမရာဂ၊ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ၊ ပဋ္ဌိဃ- ဟူသော သံယောဇဉ် (၁၀) ပါး။

၂။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူသော ကိလေသာ (၁၀) ပါး။

၃။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ ၄-ပါး၊ မိစ္ဆာကမ္မန္တ ၃-ပါး၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာဝိမုတ္တိ၊ မိစ္ဆာဉာဏ-ဟူသော မိစ္ဆတ္တ (၁၅) ပါး။

၄။ လာဘ၊ အလာဘ၊ ယသ၊ အယသ၊ သုခ၊ ဒုက္ခ၊ နိန္ဒာ၊ပသံသာ- ဟူသော လောကဓံ (၈)ပါး။

၅။ အာဝါသမစ္ဆရိယ၊ ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယ၊ မေမမစ္ဆရိယ ဝဏ္ဏမစ္ဆရိယ-ဟူသော မစ္ဆရိယ (၅) ပါး။

၆။ အနိစ္စေ နိစ္စသညာ၊ပလ္လာသ၊ ဒုက္ခေ သုခသညာဝိပလ္လာသ၊ အနတ္တေ အတ္တသညာဝိပလ္လာသ၊ အသုဘေ သုဘသညာ ဝိပလ္လာသ။

အနိစ္စေ နိစ္စစိတ္တဝိပလ္လာသ၊ ဒုက္ခေ သုခစိတ္တဝိပလ္လာသ၊ အနတ္တေ အတ္တစိတ္တဝိပလ္လာသ၊ အသုဘေ သုဘစိတ္တဝိပလ္လာသ။

အနိစ္စေ နိစ္စဒိဋ္ဌိဝိပလ္လာသ၊ ဒုက္ခေ သုခဒိဋ္ဌိဝိပလ္လာသ၊ အနတ္တေ အတ္တဒိဋ္ဌိ၊ဝိပလ္လာသ၊ အသုဘေ သုဘဒိဋ္ဌိဝိပလ္လာသ ဟူသော ဝိပလ္လာသ (၁၂) ပါး။

၇။ အဘိဇ္ဈာကာယဂန္ထ၊ ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာသ ကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ဟူသော ဂန္ထ (၄) ပါး။

၈။ ဆန္ဒ၊ ဒေါသ၊ မောဟ၊ ဘယ-ဟူသော အဂတိ (၄) ပါး။

၉။ ကာမေသု၊ ဘဝေါသု၊ ဒိဋ္ဌေသု၊ အဝိဇ္ဇေသု- ဟူသော သြဃ (၄) ပါး။

၁၀။ ဂင်းနည်းတူ ယောဂ (၄) ပါး။

၁၁။ ဂင်းနည်းတူ အာသဝ (၄) ပါး။

၁၂။ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ ဟူသော နီဝရဏ (၅)ပါး။ (၂)ပါး။

၁၃။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်– ဟူသော ဥပါဒါန် (၄) ပါး။

၁၄။ ကာမရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိ ကိစ္ဆာ၊ ဘဝရာဂ၊ အဝိဇ္ဇာ- ဟူသော အနုသယ (၇) ပါး။

၁၅။ လောဘ၊ ဒေါသ၊ မောဟ- ဟူသော မလ (၃) ပါး။

၁၆။ ပါဏာတိပါတ။ (၀)။ မိစ္ဆာဒိဋ္ဌိ-ဟူသော အကုသလကမ္မပထ (၁၀) ပါး။

၁၇။ အကုသိုလ်စိတ် (၁၂) ပါး။

၁၈။ ဒိဋ္ဌိပရာမာသ တစ်ပါး။

ဤသို့အားဖြင့် ၁၈-ပါးသော အကုသလရာသီတို့တွင် သောတာပန် ပုဂ္ဂိုလ်အား အနဝသေသအစွမ်းအားဖြင့် (၅၀)၊ တနုကရအားဖြင့် (၂၇) ပါးတို့ကို ပယ်နိုင်သောသတ္တိရှိ၏။ ထိုကြောင့် မဂ်လေးပါးတို့၏ ပယ်ဟန်ကို သောတုဇနတို့၏ အကျိုးငှါ ဓဋ္ဌကထာနှင့်အညီ လက်ဝဲကို ပြလိုက်ပေအုံ့။

ပယ်ကြ ရိယာ၊ ယောဇဉ်မှာကား၊ မှတ်သားဒိဋ္ဌိ၊ ဝိစိသီလဗ္ဗ၊ ဤသုံးရပ်ကို၊ သောတာပ် ပယ်ခွာ၊ ကာမရာဂ၊ပဋိဃကို၊ ပယ်ထ

နာဂါမ်၊ ကြွင်းငါးတန်ကို၊ အဂဟန်မှ၊ ပယ်နိုင်ကြ၏။ ဆယ်ဝ ကီလေ၊ ယင်းအနေတွင်၊ ဒိဋ္ဌေ ဝိစိ၊ ပတ္တိပယ်ရ၊ ဒေါသနာဂါမ်၊ ကြွင်းသတ္တံကို၊ အရဟန်ချ။ မိစ္ဆတ္တဝေယ်။ ဒိဋ္ဌ မုပါ၊ ဒိန္နာဂ၊ မေ၊ မိဇ္ဈေဇီဝ၊ သောတပယ်ခ၊ ပိ၊ ဇရာကို၊ ပယ်မှနာဂါမ်။ ကြွင်းခြောက်တန်ကို၊ အရဟန်ပစ်။ မေဓာစ်ဝယ်၊ ဖြစ်သည်-အ-လာ၊ အ-ယသာနှင့်၊ ဒုက္ခာ-နိန္ဒ၊ ဤလေးဝကို၊ ပယ်ကြ နာဂါမ်၊ လေးတန်ဆုံးဘီ။ မစ္ဆရိဝါး၊ ပယ်ကြားပထမ။ ဝိပလ္လ ဝယ်၊ အနိစ္စသုံး၊ အနတ်သုံးနှင့်၊ ပေါ်ငါးရုံးဒုက္ခ၊ အသုဘမှ၊ ဒိဋ္ဌ ကိုယူ၍၊ ရှစ်မှသေဝပ၊ အသုဘ၌၊ သညစိတ္တာ၊ အနာပယ်ရ၊ ဒုက်ပလ္လ၌၊ သည-စိတ္တာ၊ ပယ်ခ္ခာစတုတ္ထ။ ဂန်လေးဝ၌၊ သီလ ဣဒ၊ ပယ်ပြန်ပထမ၊ ဗျာပါဒကို၊ တတိယခ္ခ၊ အဘိဇ္ဈာမှ၊ ပယ်ရ ဆုံးဘီ။ ဂတိသောခ္ခ၊။ သြယောဂါသ့၊ဣ ဒ္ဒါဒ၌၊ ဒိဋ္ဌ သောတာ၊ ကာမာ နာဂါမ်၊ နှစ်ဘ.နှ်ဆုံးပ။ နိဝရဏာ၌၊ ကိစ္ဆ သောပစ်၊ ကာမစ် ဗျာဂ၊ ဆုံးခုနှာပယ်၊ သုံးသွယ်ဆုံးပ။ ဥပါဒ၌၊ ဒိဋ္ဌသိအတ်၊ သုံးရပ်သောခ္ခ၊ ကာမာဆုံးပ။ နုသယဝယ်၊ ဒိဋ္ဌ ကိစ္ဆာ၊ သော မဂ်ခ္ခါ၍။ ကာမာ ပဋ္ဌိ၊ ပယ်ဘီအနာ၊ သုံးဖြာဟတ္ထ။ သုံးမလတွင်၊ ဒေါသနာပစ်၊ ကြွင်းလစ်ဟန္ဓာ။ ဒုဆယ်ဖြာတွင်၊ ဒိဋ္ဌပါဒိန္ဒ၊ ကာမေ မုသ၊ ဤငါးဝကို၊ သောတာ့ပယ်ပြု၊ ပိ ဖရှုဗျာ၊ သုံးဖြာ နာပစ်၊ ကြွင်းနှစ်ဟတ္ထ။ စိတ်ခ္ခါဒ၌၊ ဒိဋ္ဌိယောဂါ၊ စိကိစ္ဆာကို၊ သောတာပယ်လစ်၊ ဒေါနာပစ်၏၊ ကြွင်းလစ်ငါး၀၊ စတုတ္ထတည်း။ ပရာမ ပယ်။ လေးသွယ်မဂ္ဂ၊ လေး၀ဖလေ၊ ယင်းအနေတွင်၊ ဝသေသန၊ သောကငါးဆယ်၊ နာ၀ယ်သတ်ဗီ၊ သတ်စာလီကို၊ ဆုံးမည်ပယ်ကြ၊ နုကရကား၊ သောအားသတ်ဗီ၊ ထိုပြိုသဂ.ခါ၊ အနာ၁သတ်ဇော၊ အဂုန်ရောမှ၊ ဇော ဒ္ဒေးဂ၊ ပေါင်းရုံး ရသည် ဂန္ဓ အဆီ နက်လေးဘည်း။

ဤလက်ဘကိုမ်ီးမ်ှ မဂ်လေးပါးတို့၏ ပယ်ဟန်ကို သိအပ်၏။

ထိုသောတာပတ္တိမဂ်သည် မိမိပယ်ထိုက်သောကိလေသာတို့ကို ပယ်၏ ဟူသည်-ၦင်းသောတာပတ္တိမဂ်သည် အာရမ္မဏိကဖြစ်၍ နိဗ္ဗာန်ကိုအာရုံပြု ရကား ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သောနိဗ္ဗာန်ကို-'နိဗ္ဗာန် ၎ပေတ္တာ သဗ္ဗေ ဓမ္မာ သိယာ အတီတာတိပိ သိယာ အနာဂတာတိပိ သိယာ ပစ္စုပ္ပန္နာ တိပိ၊ နိဗ္ဗာန် ပန နေ ဝတ္တဗ္ဗံ အတီတန္တိပိ အနာဂတန္တိပိ ပစ္စုပ္ပန္တိပိ'' ဟူ၍ ဝိဘင်း၌ ဟောတော်မူသောကြောင့် နိဗ္ဗာန်ကို အတိတ် အနာဂတ်, ပစ္စုပ္ပန် ဟူ၍ မဆိုအပ်သောကြောင့်ထိုမဂ်စိတ်၏ အနိုက်၌လည်း ကိလေသာတို့ကို ပယ်ရာ အတိဘ်ကာလ၌ ပယ်သလော။ အနာဂတ် ကာလ၌ပယ်သလော။ ပစ္စုပ္ပန်ကာလ၌ ပယ်သလော။ ထိုကာလ သုံးပါးတို့တွင်တစ်ပါးပါးသော ကာလ၌ ပယ်သည် မဟုတ်၊ မပယ်နိုင်။ အကယ်၍ အတိတ်ပြုစ်သော ကိလေသာကို ပယ်အံ့ ၎င်းအတိတ် ကိလေသာတို့သည် ကုန်ပြီးခ,,ုပ်ပြီး ဖြစ်သောကြောင့် မရှိ၊ ထိုကြောင့် မပယ်နိုင်။ အကယ်၍ အနာဂတ်ကိလေ သာတို့ကိုပယ်အံ့၊ထိုအနာဂတ်ကိလေ သာတို့သည်ဖြစ်ရသေး။ထိုကြောင့် မပယ်နိုင်။ အကယ်၍ ပစ္စုပ္ပန် ကိလေသာတို့ကိုပယ်အံ့၊ ထိုသို့ ပစ္စုပ္ပန် ကိလေသာတို့ကို ပယ်ခဲ့လျှင်ရဟသည် ရာဂကုံလည်းကောင်း၊ ဒေါသသည် ဒေါသကိုလည်းကောင်း၊ မောဟသည် မောဟကိုလည်းကောင်း၊ စသည် ဖြင့် ပယ်သည်မည်ရာ၏။ ၎င်းမဂ်သည် ကဏ္ဍသုက္ကတို့ ပြွမ်းလျက် ကုသိုလ်, အကုသိုလ်တို့သည် အစုံဖြစ်၍ မည်းညစ်သောမဂ်ဖြစ်ခဲ့ရာ၏။ ထို့ကြောင့် ၎င်းမဂ်သည် မဂ္ဂင်ရှစ်ပါးကို ပွားခြင်း, ဖိုလ်ကို မျက်မှောက်ပြုခြင်း,ကိလေ သာကိုပယ်ခြင်း,သစ္စာလေးပါးကို ထိုထွင်းရှိသိခြင်းသည်မရှိခဲ့ရာ၊ ရှိကား ရှိခဲ့၏။ အဘယ်ကဲ့သို့ နည်းဟူမူ-အသီးရှိ သရက်ပင်ကိုကပ်၍ လူတို့သည် သရက်သီးတို့ကိုကုန်အောင် ဆွတ်ယူကုန်၏။ ထို့နောင် တစ်ပါးသော သူတို့ သည် ထိုသရက်ပင်မှအသီးကိုမရ၍ ပုဆိန်ဖြင့် ဖြတ်လဲ ဖျက်ဆီးကုန်၏။ ထို နောက်လူတို့သည် အတိတ်သရက်သီးတို့ကို ဖျက်ဆီးသလော။ ၎င်း အတိတ်သရက်သီးတို့သည် မရှိတော့ရကား မဖျက်ဆီးနိုင်။ အနာဂတ် သရက်သီးတို့ကို ဖျက်ဆီးသလော။ ၎င်းအနာဂတ် သရက်သီးတို့သည်

မသီးသေးရကား မဖျက်ဆီးနိုင်။ ပစ္စုပ္ပန် သရက်သီးတို့ကို ဖျက်ဆီး သလော၊ ၎င်းပစ္စုပ္ပန် သရက်သီးတို့သည် ရှိဆဲမဟုတ်ရကား မဖျက်ဆီးနိုင်။ စင်စစ်သော်ကား ၎င်းသရက်ပင်ကို မခုတ်မဖြတ် မဖျက်ဆီးသည် ရှိသော် ရှေးနှစ်စသည်တို့၌ သီးထိုက်သေး၏။ ထိုသီးထိုက်သော သရက်သီးတို့ကို သာ ဖျက်ဆီးနိုင်ကုန်၏ သို့တည်း။ ထို့ကြောင့် အတိတ် အနာဂတ်ပစ္စုပ္ပန် ကာလသုံးပါးမှလွတ်သော နိဗ္ဗာန်ကို အာရုံပြုရကား အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ကိလေသာတို့ကို မပယ်နိုင်။ ဥပုတ္တိရဟာဖြစ်သော ဘူမိ လဒ္ဓကိလေသာတို့ကိုသာလျှင် ပယ်နိုင်၏။

> မဂ္ဂေါ ဟိ ဥပုဇ္ဇမာနော ဧတေ ကိလေသေ ပဇဟတိ၊ သော ယေ ကိလေသေ ပဇဟတိ၊ တေ အတီတာ ဝါ အနာဂတာ ဝါ ပစ္စုပ္ပန္နာ ဝါတိ နဝတ္တေဗ္ဗာ။ မ ဋ္ဌ- ၃၊ ၁၇၄။

ဟိ၊ သင့်စ္ပ။ မဂ္ဂေါ၊ မဂ်သည်။ ဥပုဇ္ဇမာနော၊ ဖြစ်သည်ရှိသော်။ ဧတေ ကိလေသေ၊ ထိုကိလေသာတို့ကို။ ပဇဟတိ၊ ပယ်၏။ သော မဂ္ဂေါ၊ ထိုမဂ်သည်။ ယေ ကိလေသေ၊ အကြင်ကိလေသာတို့ကို။ ပဇဟတိ၊ ပယ်၏။ တေ ကိလေသေ၊ ထိုပယ်သော ကိလေသာတို့ကို။ အတီတာ ဝါ၊ အတိတ်ဟူ၍လည်းကောင်း။ အနာဂတာ ဝါ၊ အနာဂတ် ဟူ၍လည်း-ကောင်း။ ပစ္စုပ္ပန္နာ ဝါ၊ ပစ္စုပ္ပန် ဟူ၍လည်းကောင်း။ ဣတိ၊ ဤသို့။ နဝတ္တေဗ္ဗာ၊ မဆိုအပ်ကုန်။

ထိုသို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလ သုံးပါးမှလွတ်သော ဘူမိ လဒ္ဓဖြစ်သော ကိလေသာတို့ကိုသာလျှင် ဖယ်နိုင်၏ဟူရာ၌ ကိလေသာတို့ ၏ ဖြစ်ရာဌာနသည် (၁) ဝတ္ထုမာနုပ္ပန္နေ၊(၂) ဘူတာပ ဂတုပ္ပန္နေ၊ (၃) သြကာသ ဂတုပ္ပန္နေ၊(၄) ဘူမိလဒ္ဓုပ္ပန္နဟူ၍ လေးပါးအပြားရှိ၏။ ထိုတွင်

(၁) ဥပါဒ်၊ဌိ၊ ဘင်နှင့် ပြည့်စုံသည်ဟု ဆိုအပ်သော အလုံးစုံသော သင်္ခါရတရားအပေါင်းသည် ဖြစ်ခဲဖြစ်သော ဝတ္ထုမာနုပ္ပန္နမည်၏။

(၂) ဣဋ္ဌ အနိဋ္ဌ စသောအာရုံ၏ အရသာကို ခံစား၍ ချုပ်ပြီးသော၊ ခံစားပြီး၍ ကင်းသည်ချုပ်သည်ဟု ဆိုအပ်သော ကုသိုလ်၊အကုသိုလ်သည် အာရုံ၏အရသာကို ခံစားပြီး၍ ချုပ်ပြီး ကင်းပြီးသော ဘူတာပဂတုပ္ပန္နမည်၏။

(၃) ရှေးဘ၀ပြုအပ်ကုန်ပြီးသော ကံတို့သည် ရှိကုန်၏၊ထိုကံကို တစ်ပါးသောကံသည် တားမြစ်၍ မိမိ၏အကျိုးကို တည်စေတတ်သော ဖြစ်ခြင်းသည် သြကာသဂတုပ္ပန္နမည်၏။

(၄) လူနတ်စသည်တို့၏ အတ္တဘောဟု ဆိုအပ်သော ထိုထို ဥပါဒါနက္ခန္ဓာတို့၌ တစ်ဖန် မဖြစ်ခြင်းသဘောရှိသည်၏အဖြစ်သို့မရောက်စေအုပ်သေးသည်၏အဖြစ်ကြောင့် အရိယမဂ်ဖြင့် မပယ် မနုတ်အပ်သေးသော ဖြစ်ထိုက်သော အကုသိုလ်သည် ဘူမိလဒ္ဓပ္ပန္နမည်၏။

ဤဘူမိလဒ္ဓပ္ပန္နဌ–

(၁)ဘူမိ၊ (၂)ဘူမိလဒ္ဓ ဟူ၍နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင်–

(၁) ဝိပဿနာ၏အာရုံဖြစ်ကုန်သော တေဘူမကခန္ဓာငါးပါးတို့သည် ဘူမိမည်၏။

(၂) ထို ဥပါဒါနက္ခန္ဓာ တို့၌ ဖြစ်ခြင်းငှါထိုက်သော ကိလေသာ အပေါင်းသည် ဘူမိလဒ္ဓမည်၏၊ ထို ဘူမိလဒ္ဓ၌ ဖြစ်သော ကိလေသာတို့ကို သာလျှင် မဂ်ဖြင့်ပယ်နိုင်၏။

ဘူမိလဒ္ဓါနံ ကိလေသာနံ ပဟာနံ ဒီပိတံ ဟောတိ။

ဝိသုဒ္ဓိ၊၂-၂၁၃၂၀။

ဘူမိလဒ္ဓါနံ၊ဘူမိလဒ္ဓ ဖြစ်ကုန်သော။ ကိလေသာနံ၊ ကိလေသာတို့ကို။ ပဟာနံ၊ မဂ်ဖြင့်ပယ်ခြင်းကို။ ဒီပိတံ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

ထိုစကားမှန်၏၊ အကြင်သူတို့၏ ကိလေသာတို့အား မဂ်ဖြင့်သမုစ္ဆေဒ ပဟာန်ဖြင့် မပယ်အပ်သေးသော ခန္ဓာတို့ဥ္ဇာဖြစ်၏၊ မဂ်သည် ဖြစ်ခြင်းကြောင့် ခန္ဓာတို့ကို သမုစ္ဆေဒဖြင့် ပိုင်းခြားရှိသိခြင်းကြောင့် ကိလေသာတို့သည် မဖြစ်နိုင်ကုန်တော့သည် သာလျှင်တည်း။

ယေသံ ဟိ ကိလေသာနံ မဂ္ဂေန ခန္ဓေသု အပရိညာတေသု ဥပ္ပတ္တိ သိယာ၊ မဂ္ဂေန ဥပ္ပဇ္ဇိတ္မာ ခန္ဓာနံ ပရိညာတ္တာ တေ ကိသော အဇာတာဝ နာ ဇာယန္တိ၊ အနိဗ္ဗတ္တာ နာ နိဗ္ဗတ္တန္တိ၊ အပါတုဘူတာဝ နာ ပါတုဘာဝန္တိ။

မ ဋ္ဌ-၃၊၁၇၅။

ဟိသစ္ခံ၊ မှန်၏။ ယေသံ၊ အကြင်သူတို့၏။ ကိလေသာနံ၊ ကိလေသာတို့အား။ မဂ္ဂေန၊ မဂ်ဉာဏ်ဖြင့်။ အပရိညာတေသု၊ မပိုင်းခြားအပ်ကုန်သေးသော။ ခန္ဓေသု၊ခန္ဓာတို့ဥ္ဇာ၊ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ သိယာ၊ဖြစ်ရု၏။ မဂ္ဂေန၊ မဂ်ဉာဏ်သည်။ ဥပ္ပဇ္ဇိတ္မာ၊ ဖြစ်ခြင်းကြောင့်။ ခန္ဓာနံ၊ ခန္ဓာတို့ကို။ ပရိညာတတ္တာ၊ သမုစ္ဆေဒပဟာန်ဖြင့် ပိုင်းခြားသည်၏ အဖြစ်ကြောင့်။ တေ ကိလေသာ၊ ထိုကိလေသာတို့သည်။ အဇာတာဝ၊ မဖြစ်ကုန်မူ၍သာလျှင်။ နဇာယန္တိ၊ မဖြစ်နိုင်ကုန်။ အနိဗ္ဗတ္တာ၊ မဖြစ်ကုန်မူ၍သာလျှင်။ နနိဗ္ဗတ္တန္တိ၊ မဖြစ်နိုင်ကုန်။ အပါတုဘူတာ၊ ထင်ရှားမဖြစ်ကုန်မူ၍သာလျှင်။ နပါတုဘာဝန္တိ၊ ထင်ရှားမဖြစ်နိုင်ကုန်။

ထို့ကြောင့် ပုထုဇဉ်တို့၏ ခန္ဓာငါးပါးရုပ်နာမ်တရားသည် ကိလေသာတည်းဟူသော အနုသယတို့ကို မဂ်ဉာဏ်ဖြင့် မပယ်ရသေးသောကြောင့် ကိလေသာတည်းဟူသော ပြောင်း၊ ပဲ၊ လူး၊ ဆပ်တို့၏ တည်ရာဘူမိဟု ဆိုအပ်သော ဝတ္ထုမည်၏။

ယဿ ယေသု ခန္ဓေသု အပ္ပဟီနဋ္ဌေန အနုသယိတာ ကိလေ-
သာ၊ တဿ တေ ဝေ ခန္ဓာ တေသံ ကိလေသာနံ ဝတ္ထု။

ဝိသုဒ္ဓိ ဋ-၂။၃၂၉။

ယဿ၊ အကြင်သူ၏။ အစ္စတ္ထာ ကာဝသာမညော၊ အစ္စတ္ထအဖြစ်ဖြင့် တူသည်၏ အဖြစ်သည်။ သတိပိ၊ ရှိခဲသော်လည်း။ (ထည့်။)ယေသု ခန္ဓေ-သု၊ အကြင်ခန္ဓာတို့၌။ အပ္ပဟီနဋ္ဌေန၊ မဂ်ဖြင့်ပယ်အပ်သေးသည်၏ အဖြစ်ကြောင့်။ ကိလေသာ၊ ကိလေသာတို့သည်။ အနုသယိတာ၊ ကိန်းကုန်၏။ တဿ၊ ထိုသူ၏။ တေ ဝေ ခန္ဓာ၊ ထိုကိလေသာတို့၏ကိန်းရာ ဖြစ်သော ခန္ဓာတို့သည်သာလျှင်။ တေသံ ကိလေသာနှင့်၊ ထို လူး-ပဲ-ပြောင်း-ဆပ်နှင့် တူသော ကိလေသာတို့၏။ ဝတ္ထု၊တည်ရာဘူမိဖြစ်သော ဝတ္ထုမည်၏။

သောတာပန်အစရှိသည်တို့တွင် အကြင်အကြင် အရိယာပုဂ္ဂိုလ်၏ ခန္ဓာတို့၌ ထိုဝဋ်မြစ်ဖြစ်သော ကိလေသာ၏ဖြစ်ခြင်းကို ထိုထိုမဂ်ဖြင့် ပယ်အပ်၏။ ထိုထိုအရိယာပုဂ္ဂိုလ်အား ထိုခန္ဓာငါးပါးတို့သည် ပယ်အပ်ကုန်ပြီးသော ထိုထို ဝဋ်မြစ်ဖြစ်ကုန်သော လူး-ပဲ-ပြောင်း-ဆပ်နှင့် တူသော ကိလေသာတို့၏ စိုက်ပျိုးရာ ဘူမိမဟုတ်သောကြောင့် အဝတ္ထုမည်၏။

သောတာပန္နာဒီသု ပန ယဿ ယဿ အရိယပုဂ္ဂလဿ ခန္ဓေသု တံ တံ ဝဋ္ဋမူလံ ကိလေသဝေါ တေန တေန မဂ္ဂေန ပဟီနံ၊ တဿ တဿ တေ တေ ခန္ဓာ ပဟီနာနံ တေသံ တေသံ ဝဋ္ဋမူလ-ကိလေသာနံ အဝတ္ထုတော ဘူမိတိ သင်္ခံ နယတိ။

ဝိသုဒ္ဓိ ၂-၂။၃၂၉။

ပန၊ အထူးကို ဆိုဦးအံ့။ သောတာပန္နာဒီသု၊ သောတာပန်ပုဂ္ဂိုလ်စသည်တို့တွင်။ ယဿယဿ အရိယပုဂ္ဂလဿ၊ အကြင် အကြင် အရိယာပုဂ္ဂိုလ်၏။ ခန္ဓေသု၊ ခန္ဓာတို့၌။ ဝဋ္ဋမူလံ၊ ဝဋ်၏အမြစ်ဖြစ်သော။ တံ တံ ကိလေသဝေါ၊ ထိုထို ကိလေသာအပေါင်းကို။ တေန တေန မဂ္ဂေန၊ ထိုထိုမဂ်ဖြင့်။ ပဟီနံ၊ ပယ်အပ်ပြီ။ တဿ တဿ အရိယပုဂ္ဂလဿ၊ ထိုထို အရိယာပုဂ္ဂိုလ်၏။ တေ တေ ခန္ဓာ၊ ထိုထို ခန္ဓာတို့သည်။ ပဟီနာနံ၊

ပယ်အပ်ကုန်ပြီးသော။ တေသံ တေသံ ဝန္ဓမူလ ကိလေသာနှံ၊ ထိုထို ဝန္ဓမူလကိလေသာ တို့၏။ ဒေ၀တ္ထုတော၊ တည်ရာဌာန ၀တ္ထု ယာ၀င်း မဟုတ်သည်၏ အဖြစ်ကြောင့်။ ဘူမိတိသခ်ီ၊ ဘူမိဟူသော ခေါ်ဝေါ်ခြင်းကို။ နုလဘန္တိ၊ မရကုန်။

ထိုအ၀တ္ထုသည်- (၁) သောတာ၀ပန်၏အ၀တ္ထု၊ (၂) သကဒါဂါမ်၏ အ၀တ္ထု၊ (၃) အနာဂါမ်၏အ၀တ္ထု၊ (၄) ရဟန္တာ၏အ၀တ္ထုအားဖြင့် လေးပါးအပြားရှိ၏၊ ထိုတွင်-

(၁) သောတာ၀တ္တိမဂ်ဖြင့် ကိလေသာတို့ကို မိမိ၏သတ္တိအားလျော်စွာ ပယ်နိုင်သော သတ္တိသည် သောတာ၀ပန်၏ အ၀တ္ထုမည်၏၊

(၂) သကဒါဂါမိမဂ်ဖြင့် မိမိသတ္တိအားလျော်စွာ ပယ်နိုင်သော သတ္တိသည် သကဒါဂါမ်၏ အ၀တ္ထုမည်၏၊

(၃) အနာဂါမိမဂ်ဖြင့် မိမိသတ္တိအားလျော်စွာ ပယ်နိုင်သော သတ္တိသည် အနာဂါမ်၏ အ၀တ္ထုမည်၏၊

(၄) အရဟတ္တမဂ်ဖြင့် မိမိ၏သတ္တိအားလျော်စွာ ပယ်နိုင်သော သတ္တိသည် ရဟန္တာ၏ အ၀တ္ထုမည်၏။ (ပယ်ပုံကို နောက်က ပြခဲ့ပြီးပြီ။)

အဘယ်ကဲ့သို့နည်းဟူမူ- သတ္တ၀ါတို့ကို လွန်စွာ သေကြောပျက်စီးစေတတ်သော အဆိပ်ပင်ကြီး တစ်ပင်သည် အပင်အဆက်ဆက်ကို ဆောင်လျက် ရှိသတတ်၊ ထိုအဆိပ်ပင်တို့၏ အဆက်ဆက်သည် အသီးအဆိပ် အရွက်အဆိပ် ပင်စည်အဆိပ် အမြစ်အဆိပ်အားဖြင့် လေးပါးယော အဆင်ပ်တို့ဖြင့် ကာလရှည်ကြာစွာ လောကဓာတ်၌ သတ္တ၀ါတို့ကို အဆက်ဆက် သေကြေ ပျက်စီးစေကုန်၏။ ထိုအခါ ဗြဟ္မာမင်းကြီး တစ်ယောက်သည် သတ္တ၀ါတို့အား လွန်စွာသနားသဖြင့် လူ့လောကသို့ ဆက်လာ၍ ပညာရှိသောသူတစ်ယောက်အား-

(၁) ဖလဝိသကို ပြေစေတတ်သော မဇ္ဈန်၊

(၂) ပတ္တဝိသကို ပြေစေတတ်သော မဇ္ဈန်၊

(၃) ခန္ဓဝိသကို ပြေစေတတ်သော မဇ္ဈန်၊

(၄) မူလဝိသကို ပြေစေတတ်သော မဇ္ဈန်– ဤမဇ္ဈန်လေးပုဒ်ကို သင်ကြား၏။

ထိုယောဂျားသည် ထိုမဇ္ဈန်လေးပုဒ်ကို ဆောင်ယူ၍ ၎င်းအဆိပ်ပင် သို့ကပ်လျက် အသီးကိုကိုင်၍ သရဇ္ဈာယ်သည်ရှိသော် ထိုအဆိပ်ပင်နှင့် အတူ အဆိပ်သီးမျိုးတို့၏ အဆိပ်တို့သည် ပြေပျောက်ကုန်၏။ ထိုနည်းထူ စွာ အရွက် ပင်စည်·အမြစ်တို့ကိုကိုင်လျက် သရဇ္ဈာယ်သည်ရှိသော် ၎င်း တို့၏ အဆိပ်တို့သည် အပင်ရှိတိုင်း ပြေပျောက်ရကုန်၏။ သတ္တဝါတို့သည် ချမ်းသာခြင်းသို့ ရောက်ကုန်၏။ ထိုမဇ္ဈန်လည်း အဆက်ဆက် ပြန့်ပွားမှ လောကဓာတ်ဖြင့် ရှည်ကြာစွာ တည်ကုန်သကဲ့သို့တည်း။

ဤဥပမာ၌ အဆိပ်ရှိသော အပင်ကဲ့သို့ ကိလေသာကိုမှတ်ရမည်၊ ပြဟွာကိုကဲ့သို့ ဘုရားကို မှတ်ရမည်။ မဇ္ဈန်ကဲ့သို့ တရားကို မှတ်ရမည်၊ မဇ္ဈန်ကို သင်သကဲ့သို့ တရားနာခြင်း၊ အားထုတ်ခြင်းကို မှတ်ရမည်၊ သရဇ္ဈာယ်၍ အဆိပ်တို့ကို ပြေစေသကဲ့သို့ ကိလေသာတို့ ပြေခြင်းကို မှတ်ရမည်၊ ထိုမဇ္ဈန်တည်သော ကာသကဲ့သို့သာသနာတော်ကို မှတ်ရ မည်၊ အဆက်ဆက် သရဇ္ဈာယ်၍ အဆက်ဆက် အဆိပ်ပြေသကဲ့သို့ ဘုရားသားတော်တို့ကို မှတ်ရမည်။ ဤကား ဘူမိလဒ္ဓဖြစ်သော ကိလေသာ တို့ကို ပယ်ပုံတည်း။

ထိုသောတာပတ္တိမဂ်ဖြင့်ဘူမိလဒ္ဓဖြစ်သောကိလေသာတို့ကိုဖောက်ထွင်း၍ ပယ်ခဲ့သောမဟာတ်ဆီး၊ စင်စစ်သော်ကား–

(၁) အနုမတက် စက်သံသရာ အဏ္ဏဝါဟူဆိုအပ်သော ကိလေသာ ဒုက္ခ၊ခန္ဓာ ဒုက္ခ တည်းဟူသော မဟာသမုဒ္ဒရာရေကို ခုနစ်ဘဝ ကို ချန်လှပ်၍ ခန်းခြောက်စေခြင်း၊

(၂) အလုံးစုံသော အပါယ်တံခါးတို့ကို ပိတ်စေခြင်း၊

(၃) သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ-ဟူသော သူတော်ကောင်းဥစ္စာ ၇-ပါးတို့ကို မျက်မှောက်ပြုခြင်း၊

(၄) မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပစသော မိစ္ဆာဝဂ္ဂ ၈-ပါးကို ပယ်ခြင်း၊

(၅) ပါဏာတိပါတစသော ငါးပါးသောရန်တို့ကို ငြိမ်းစေခြင်း၊

(၆) မြတ်စွာဘုရား၏ ရှေရှင်တော်နှစ် သားတော်အစစ်အမှန်ဖြစ်သို့ ရောက်ခြင်း။

(၇) ရတနာသုံးပါးခို မတုန်မလှုပ်သော ယုံကြည်ခြင်း-
အားဖြင့် ၇-ပါးသော တံဆိပ်တို့ဖြင့် ခတ်နှိပ်ခြင်း စသည်ကို ခံတော်မူရာ၏။

အပိ စ ခေါ အနုမတဂ္ဂသံသာရဝဋ္ဋဒုက္ခသမုဒ္ဒံ သောသေတိ၊ သဗ္ဗအပါယဒ္ဒါရာနိ ပိဒဟတိ၊ သတ္တန္နံ အရိယဓနာနံ သမ္မုခီဘာ-ဝံ ကရောတိ၊ အဋ္ဌင်္ဂိကံ မိစ္ဆာမဂ္ဂံ ပဇဟတိ၊ သဗ္ဗဝေရဘယာနိ ဝူပသမေတိ သမ္မာသမ္ဗုဒ္ဓဿ သြရသပုတ္တဘာဝံ ဥပနေတိ၊အညေ-သဉ္စ အနေကသတ္တာနံ အာနိသံသာနံ ပဋိလာဘာယ သံဝတ္တတိ။
ဝိသုဒ္ဓိ၊ ၂-၂၁၁၄။

အပိ စ ခေါ၊ စင်စစ်သော်ကား၊ အနုမတဂ္ဂ သံသာရဝဋ္ဋဒုက္ခသမုဒ္ဒံ၊ ပထမဘဝမှစ၍ ဖြစ်လတ္တံ့သော မသိုးအပ်သော အစရှိသော သံသရာ ဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာရေကို။ သောသေ တိ၊ ခြောက်စေ၏။ သဗ္ဗ-အပါယဒ္ဒါရာနိ၊ အလုံးစုံသော အပါယ်တံခါးတို့ကို။ ပိဒဟတိ၊ ပိတ်၏။ သတ္တန္နံ အရိယဓနာနံ၊ သဒ္ဓါ သီလစသော သူတော်ကောင်းဥစ္စာ ခုနစ်ပါး တို့၏။ သမ္မုခီဘာဝံ၊ မျက်မှောက်ပြုသည်၏အဖြစ်ကို။ ကရောတိ၊ ပြု၏။

အဋ္ဌဂိုဏ်၊ အင်္ဂါရှစ်ပါးရှိသော။ မိစ္ဆာမဂ္ဂ၊ မိစ္ဆာမက်ကို။ ပဇဟတိ၊ စွန့်၏။ ဆဗ္ဗဝေရဘယာနိ၊ ပါဏာတိပါတစသော ငါးပါးသောရန် နှစ်ဆဲ့ငါးပါးသော ဘေးကြီးတို့ကို။ ဝူပသမေတိ၊ ငြိမ်းစေ၏။ သမ္မာသမ္မုဒ္ဓဿ၊ သဗ္ဗညုရှင်တော်ဘုရား၏။သြရသပုတ္တသာဝပ်၊ ရှေရှင်တော်နှစ် သားတော်စစ်အဖြစ်သို့။ ဥပနေတိ၊ ဆောင်တတ်၏။ အညေသု၊ ထိုမှတပါးကုန်သော။ အနေကသတာနံ၊ အရာမကမျှားကုန်သော။ အာနိသံသာနဿ၊ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ခြင်းစသော အာဝနိသင်တို့ကိုလည်း။ ပဋိလာဘာယ၊ ရခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။

ဤစကား၌ ဘုန်းမဟာဂ္ဂသံသာရဝဋ္ဋဒုက္ခသမုဒ္ဒါ သောသေတိ-ဟူသော ပါဠိဖြင့် သောတာပန် ပုဂ္ဂိုလ်အား ကာမလောကဓာတ်၌ ခုနစ်ဘဝကို ထားရှိ ထို့ထက်အလွန် မနေကြောင်းကို ပြပေ၏။ သဗ္ဗအပါယဒုက္ခါဏုနိ ပိဒဟတိ- ဟူသောပါဠိဖြင့် သောတာပန်အား အပါယ်လေးပါးတို့သို့ မလားမူ၍ လူ့ဘုံနှစ်ရပ် မြတ်သောအမျိုးတို့၌ သာလျှင် ချမ်းသာစွာ ဖြစ်ရကြောင်းကို ပြပေ၏။ သဗ္ဗဒုက္ခေ။ပ။ သံဝတ္တတိ- ဟူသောပါဠိတို့ဖြင့် သောတာပန်အား ခုနှစ်ပါးသော သူတော်ကောင်း ဥစ္စာရတနာတို့နှင့် ပြည့်စုံလျက် မိစ္ဆာအယူကို စွန့်၍ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလနှင့်ပြည့်စုံသော အရိယာအဖြစ်ကိုပြပေ၏။ထိုသရဏဂုံသုံးပါးနှင့်တကွ ငါးပါးသောသီလနှင့်ပြည့်စုံပြီးသော သောတာပန်သည် ယခုဘဝမှစုတေ၍ ဘဝတပါး၌ မိမိကိုယ်ကို အရိယာဖြစ်ပြီးသော အဖြစ်ကို မသိပါငြားသော်လည်း၊ ပါဏာတိပါတစသောငါးပါးသောသီလကိုအရိယာတို့ဓမ္မတာ အားဖြင့် မပြစ်မှားမလွန်ကျူး၊ တစ်ခုတစ်ယောက်သောသူသည် ထိုသူကို အချင်းယောက်ျား-ဤပိုးရှခြုပုန်းငယ်ကို သတ်ပါမူကား လေးကျွန်းသေ၌နင်း စကြာမင်းဘဝ်ကို ရပေအုံ့ ဟု ဆိုပါငြားသော်လည်းမသတ်တော့ပြီ၊ ထိုနည်းဘတူ ဟယ်အချင်းယောက်ျား ဤပိုးရှခြုပုန်းငယ်ကို သတ်လော့၊ အကယ်၍မသတ်လျှင် သင်၏ဦးခေါင်းကို ငါဖြတ်အံ့ဟု ဆိုပါ

ငြားသော်လည်း မသတ်၊ ဦးခေါင်းကို အဖြတ်ခံ၀ံ့ရှာလေ၏။ အဗိန္ဒာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာ၀ါဒ သုရာမေရယတို့မှာလည်း ၎င်းနည်းတူ မှတ်လေ။

သစေပိ ဘဝန္တရဂတံ အရိယသာ၀ကံ အတ္တနောအရိယသာ၀ကဘာ၀ံ အဇာနန္တမ္ပိ ကောစိ ဧ၀ं ၀ဒေယ္ယ၊ ဣမံ ကုန္ဆကိပိလ္လိကံ ဇီ၀ိတာ ၀ေါရောပေဟိ သကလစက္ကဝါဠဂဗ္ဘေ စက္ကဝတ္တိရဇ္ဇं ပဋိပဇ္ဇာဟိတိ၊ နေ၀သော တံ ဇီ၀ိတာ ၀ေါရောပေယ္ယ၊အထာ-ပိနံ ဧဝं ၀ဒေယ္ယုံ၊ သစေ ဣမံ နယာတေသာသိ၊ သိသံ တေ ဆိန္ဒိဿာ မာတိ၊ သိသမေ၀သာ ဆိန္ဒေယ္ယုံ၊ နစ သော တံ ဃာတေယ္ယ။ ။

အံ-ဌ-၁၊၃၅၃။

အရိယကန္တသီလာနိနာမ ပဉ္စ သီလာနိ၊ တာနိ ဟိ ဘဝန္တရဂတောပိ အရိယသာ၀ကော အတ္တနော အရိယသာ၀ကဘာ၀ं အဇာနန္တောပိ နဝိတိက္ကမတိ၊ မ၊ဌ၊၃၁၄။

ဘဝန္တရဂတံ၊ ဘ၀တပါးသို့ လားပြီးသော။ အရိယသာ၀ကံ၊ အရိယသာ၀ကကို။ အတ္တနော၊ မိမိ၏။ အရိယသာ၀ကဘာ၀ं၊အရိယသာ၀ကအဖြစ်ကို။ အဇာနန္တမ္ပိ၊မသိဘဲလျက်လည်း။ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ဧ၀ं၊ဤသို့။ သစေပိ ၀ဒေယ္ယ၊ အကယ်၍ဆိုငြားအုံ့။ဘော၊ အချင်း။ ဣမံကုန္ဆကိပ်လ္လိကံ၊ ဤပိုးရွခြုပုန်းကို။ ဇီ၀ိတာ၊အသက်မှ။ ၀ေါရောပေတ္ဝာ၊ချ၍။သကလစက္ကဝါဠဂဗ္ဘေ၊အလုံးစုံသော စကြာ၀ဠာတိုက်၌။ စက္ကဝတ္တိရဇ္ဇं၊စကြာ၀တေးမင်းအဖြစ်ကို။ ပတိပဇ္ဇာဟိ-ဆောက်လော့။ ဤတံ ဧ၀ं၊ဤသို့။ ၀ဒေယ္ယ၊ဆိုငြားအုံ့။သော၊ ထိုသူသည်။ တံ၊ထိုပိုးရွခြုပုန်းကို။ ဇီ၀ိတာ၊ အသက်မှ။ နေ၀ ၀ေါရောပေယ္ယ၊ ချလည်းမချရာ။ (၀၊) ကောန် မချသည်သာ။ အထာပိ၊ ထိုမှတပါးလည်း။ နံ၊ဆိုသူကို။ ဧ၀ं၊ဤသို့။ ၀ဒေယ္ယုံ၊ ဘိုကုန်ရာ၏။ ဟရေ၊ဟယ်အချင်း။ ဤ၊ ဤပိုးရွခြုပုန်းကို။ သစေ နယာတေသာသိ၊ အကယ်၍ မသတ်ငြားအုံ့။ တေ၊ သင်၏။ သီသံ၊ဦးခေါင်းကို။ ဆိန္ဒိဿာမ၊ဖြတ်ကုန်အုံ့။ ဤတိ ဧ၀ं၊ဤသို့။ ၀ဒေယ္ယုံ၊

ဆိုကုန်ရာ၏။ အဃ၊ ထိုသူအား။ သီသမေဝ၊ ဦးခေါင်းကို သာလျှင်။ ဆိန္နေယျုံ၊ ဖြတ်ကုန်ရာ၏။ သော၊ ထိုသူသည်၊ တံထိပိုးရွှေခြပုန်းကို။ နစဃသာတေယျ၊ မုချမသတ်ပေရာ။ (အဂ္ဂိုတ္တိုရ်အနက်)။

အရိယကန္ဓသီလာနိ နာမ။ အရိယာတို့နှစ်သက်သော သီလတို့ မည်သည်ကား။ပဋ္ဌသီလာနိ ငါးပါးသောသီလတို့တည်း။ ဟိ၊သင့်စ္ဓ ။ ဘဝန္တ ရဂတော။ ဘဝတပါးသို့လားသော။ အရိယသာဝကောပိ၊ အရိယသာဝကသည်လည်း။ တာနိ၊ ထိုငါးပါးသီလတို့ကို။ အတ္တနော၊ မိမိ၏၊ အရိယသာဝကဘာဝံ၊ အရိယသာဝကအဖြစ်ကို၊ အဇာနန္တောပိ၊မသိသော်လည်း။ နဝိတိက္ကမတိ၊ မလွန်ကျူးပြီ။ (မူလပဏ္ဏာသအနက်။)

ရဟန်းသာမဏေဖြစ်ကုန်သော သောတာပန် ပုဂ္ဂိုလ်တို့အားကား မြတ်စွာဘုရားသခင်သည် ဗညတ်တော်မူအပ်သော လောကဝဇ္ဇသိက္ခာပုဒ်တို့ကို လွန်ကျူးလိုသောစိတ်ဖြင့် မိမိ၏ အသက်ကြောင့်လည်း မလွန်ကျူးရှေ့ဦးထင်ဦးလတ္တံ့။ ။ဤကား သောတာပတ္တိမဂ်ဖြင့် ပယ်နိုင်သော အစွမ်းကို ပြသော သတ္တိတည်း။ ။(သတ္တိပို)။

၆၉– နိဗ္ဗာန်ကိုမြင်သောသူတို့၏စိတ်ပေါ့ပါးခြင်းသုံးပါးကိုပြခြင်း

နိဗ္ဗာန်ကိုအာရုံပြု၍ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗွတပရာမာသဟု ဆိုအပ်သော သုံးပါးသောအရှုဒ္ဒါနတို့၌ အလွန်ပေါ့ပါး၏။ အလွန်လျှင်၏။ အထက်မဂ်တို့၏အရှုဌာနတို့၌သာလျှင် လေးဖင့်၏။ အဘယ်ကဲ့သို့နည်း ဟူမူ·ခုနစ်ခုသောအဆစ်အမျက်အခက်တို့ဖြင့် မြေးယှက်သပ်သော ဝါးမျိုး၌ သုံးခုသောအဆစ်အမျက်အခက်တို့ကို ဓားငယ်တို့ဖြင့် သုတ်သင်လျက် ဆဲငင်အပ်သည်ရှိသော် သုံးဆင့်သောအရှုဌာနတို့၌ အလွန်ပေါ့၏၊အလွန်လွယ်၏။အတက် အဆစ် အမျက် အခက်တို့၏ အရှု ဌာနတို့၌သာလျှင် လေးဖင့်သကဲ့သို့တည်း။

အဘယ်ကြောင့်ဟူမူ၊ သောတာပန်ပုဂ္ဂိုလ်တို့အား ပုထုဇဉ်ပုဂ္ဂိုလ်တို့ကဲ့သို့မဟုတ်၊ ပွားအပ်ပြီးသောကိုယ်, ပွားအပ်ပြီးသောသံလ, ပွားအပ်ပြီးသောသမာဓိ, ပွားအပ်ပြီးသော ဝိပဿနာညာဏ် ရှိကြကုန်၏၊ ထို့ကြောင့် စက္ခု, သောတ, ဃာန, ဇိဝှါ, အစောဟနကာယ, ကာယဝိညတ်, ဝစီဝိညတ်, မနောဒ္ဓါရ ဟူသော သံဝရတရားတို့၌ လည်းကောင်း၊ ဗဟိဒ္ဓဖြစ်သော ဣန္ဒြိယဗဒ္ဓ အနိန္ဒြိယဗဒ္ဓတို့၌ လည်းကောင်း အကြင်အခါ အာရုံ အာရမ္မဏိဂ သို့သက်၏။ ထိုအခါ ရုပ်ချင်းခိုက်၍ နာမ်ကမြင်သည်၊ ထိုရုပ်, နာမ်နှစ်ပါးတို့သည် အဝိဇ္ဇာစသော အကြောင်းတရားတို့ကြောင့် ဖြစ်ကုန်၏၊ ဤသို့မြင်ခြင်းကား ပရမတ္ထဓမ္မတို့၏ ဓမ္မတာသာတည်းဟု စက္ခု၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီတဗွတပရာမာသ သုံးဌာနတို့၌ လွန်စွာ ပေါ့၏။

ရင်းနည်းတူ ရုပ်ချင်းချင်းခိုက်၍ နာမ်ကြားသည်။(ဒိဋ္ဌိ ပေါ့ပုံ။)

ထိုရုပ်နာမ်တို့၏ဖြစ်ကြောင်းကား အဝိဇ္ဇာစသော အကြောင်းငါးပါး ပင်တည်း၊(ဝိစိကိစ္ဆာ ပေါ့ပုံ။)

ထိုသို့ကြားခြင်းသည် ပရမတ္ထဓမ္မတို့၏ ဓမ္မတာသာတည်း။(သီလဗွတ ပေါ့ပုံ။)

ဃာန, ဇိဝှါ, ကာယ, ကာယပိညတ်, ဝစီဝိညတ် မနောဒ္ဓါရ စသည်တို့၌ လည်း ရင်းနည်းကိုမှီး၍ ၎င်းလောက်ပေပြီ၊ (၀၊) နာမရူပသတ္တကဝါရ၌ ပြခဲ့ပြီးသော နည်းကိုမှီး၍ သိလောက်ပေပြီ။

ယေ တေ မဟာရာဇ သောတာပန္နာ ပိဟိတာပါယာ ဒိဋ္ဌိပ္ပတ္တာ ဝိညာတသတ္ထုသာသနာ၊ တေသံ တံ စိတ္တံ တိသု ဌာနေသု လဟုကံ ဥပ္ပဇ္ဇတိ၊ လဟုကံ ပဝတ္တတိ။ ဥပရိဘူမိသု ဂရုကံ ဥပ္ပဇ္ဇတိ၊ ဒန္ဓံပဝတ္တတိ၊ကိုယ်ကာရဏာ၊ တိသု ဌာနေသု စိတ္တဿ ပရိသုဒ္ဓတ္တာ ဥပရိကိုလေသာနံ အပ္ပဟီနတ္တာ။ (မိလိန္ဒ-၁၀၉။)

မဟာဆုဇ၊ မင်းမြတ်။ ယေတေ သောတာပန္နာ၊ အကြင်သောတာပန်ပုဂ္ဂိုလ်တို့သည်။ ပိဟိတာပါယာ၊ ပိတ်အပ်ပြီးသောအပါယ်တံခါးရှိကုန်၏။ ဒိဋ္ဌပ္ပတ္တာ၊ သစ္စာလေးအင်ကို သိမြင်ခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်ကုန်၏။ ဝိညာတ သတ္တု သာသနာ၊ သိပြီးသော ဘုရားရှင်၏ ပဋိဝေဓ သာသနာ ရှိကုန်၏။ တေသံ သောတာပန္နာနံ၊ ထိုသောတာပန်ပုဂ္ဂိုလ်တို့၏။ တံစိတ္တံ၊ ထိုစိတ်သည်။ တီသုဌာနေသု၊ သုံးပါးသောအရာတို့၌။ (၀၊) ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ တို့၌။ လဟုကံ၊ လျင်စွာ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ လဟုကံ၊ လျင်စွာ။ ပဝတ္တတိ၊ ဖြစ်၏။ ဥပရိဘူမိသု၊ အထက်မဂ်ဖိုလ်အရာတို့၌။ ဂရုကံ၊ လေးဖင့်စွာ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒန္ဓံ၊ နှေးစွာ။ ပဝတ္တတိ၊ ဖြစ်၏။ ကိံ ကာရဏာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တီသုဌာနေသု၊ သုံးပါးသောအရာတို့၌။ စိတ္တဿ၊ စိတ်၏။ ပရိသုဒ္ဓတ္တာ၊ စင်ကြယ်ပြီးသည်၏အဖြစ်ကြောင့်။ ဥပရိကိလေသာနံ၊ အထက်ကိလေသာတို့ကို။ အပ္ပဟီနတ္တာ၊ မပယ်အပ်သေးသည်၏ အဖြစ်ကြောင့်တည်း။

(လဟုကဖို)

၇၀-နိဗ္ဗာန်ကိုမြင်ပြီးသောသူတို့၏ လက္ခဏာကို ပြခြင်း

နိဗ္ဗာန်ကို မြင်ပြီးသော သောတာပန် ပုဂ္ဂိုလ်အား (၁) အပဋိစ္ဆာဒ လက္ခဏာ။ (၂) အသမ္ဘိန္ဒိစ္ဆန လက္ခဏာ အားဖြင့် နှစ်ပါးသော လက္ခဏာတို့နှင့် ပြည့်စုံရ၏။ ထိုတွင် အကြင်သောတာပန်သည် မေ့လျော့ခြင်းကို စွဲ၍ မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော အကြင် လောကဝဋ္ဋ သံကွာပုဒ်သည်ရှိ၏။ထိုလောကဝဋ္ဋသံကွာပုဒ်ကို လွန်ကျူးလိုသောစိတ်ဖြင့် မလွန်ကျူး။ လူ နတ် အရိယာတို့မှာ ငါးပါးသီလ၊ ရဟန်း သာမဏေ အရိယာတို့မှာ လောကဝဋ္ဋ သံကွာပုဒ်ဟူသမျှတို့ကို အသက်ကိုပင် သတ်မည် ဆိုသော်လည်း စေတနာနှင့်ဘက္ခ မလွန်ကျူး။

သော ဒဿနသမ္ပန္နော ကိဉ္စာပိ သတိသမ္မောသေန ပမာဒ-ဝိဟာရံ အာဂမ္မ ယံ တံ ဘဂဝတာ လောကဝဋ္ဋံ သဉ္ဇိစ္စ နာတိက္ကမနံ

သန္ဓာယ ဝုတ္တံ၊ ယံမယာ သာဝကာနံ သိက္ခာပဒံ ပညတ္တံ။ တံ မမ သာဝကာ ဇီဝိတဟေတုပိ နာတိက္ကမန္တိတိ။ သုတ္တန်ဋ္ဌ-၁၊ ၂၇၈။

ဒဿနသမ္ပဒေါ၊ နိဗ္ဗာန်ကိုမြင်ခြင်းနှင့်ပြည့်စုံသော။ (၀၊) ရှေးဦးစွာ နိဗ္ဗာန်ကိုမြင်သော။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ သတိ သမ္မောသေန၊ သတိမေ့လျော့သဖြင့်။ ပမာဒဝိဟာရံ၊ မေ့လျော့သော နေခြင်းကို။ အာဂမ္မ၊ စွဲ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယံ လောကဝဇ္ဇံ၊ အကြင်လောကဝဇ္ဇ သိက္ခာပုဒ်အပေါင်းကို။ ပညတ္တံ၊ ပညတ်တော်မူအပ်၏။ တံ လောကဝဇ္ဇံ၊ ထို လောကဝဇ္ဇ သိက္ခာပုဒ်အပေါင်းကို။ သဏ္ဌိစ္ဘ၊ လွန်ကျူးလိုသော စိတ်ဖြင့်။ နာတိက္ကမနံ၊ မလွန်ကျူးခြင်းကို။ သန္ဓာယ၊ ရည်၍။ ယံ မယာ သာဝကာနံ ။ပ။ နာတိက္ကမန္တိတိ၊ နာတိက္ကမန္တိ ဟူ၍ ကိုဋ္ဌာပိဝုတ္တံ၊ အကယ်၍ကား ဟောတော်မူအပ်၏။

သာဝကအနက်ကား– သိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ သာဝကာနံ၊ တပည့်တို့အား။ ယံ သိက္ခာပဒံ၊ အကြင်သိက္ခာပုဒ်ကို။ ပညတ္တံ ပညတ်အပ်၏။ တံ သိက္ခာပဒံ၊ ထိုသိက္ခာပုဒ်ကို။ မမ သာဝကာ၊ ငါဘုရား၏၊ တပည့်တို့သည်။ ဇီဝိတဟေတုပိ၊ မိမိအသက်ဟူသော အကြောင်းကြောင့်လည်း။ နာတိက္ကမန္တိ၊ မလွန်ကျူးကုန်။

ထိုလောကဝဇ္ဇသိက္ခာပုဒ်အပေါင်းကို ချန်ထား၍ ဂုဏ်းသောတာပန်သည် တပါးသော (၁) ကုဋ္ဌိကာရ။ (၂) သဟသေယ္ယ။ (၃)ဒိ၀ါသေယ္ယ အစရှိသော မြတ်စွာဘုရားသခင်သည် စက်ဆုပ်တော်မူအပ်သော ပဏ္ဏတ္တိ-ဝဇ္ဇ သိက္ခာပုဒ်တို့ကိုကား ကာယကံဖြင့် လွန်ကျူးမိသေး၏။ (၁)ပဒသော ဓမ္မ။။ (၂) ဥတ္တရိဆပဒ္ဓ၀ါစာ၊ (၃) ဖရုသ၀ါစာ၊ (၄)သမ္ဖပ္ပလာပ အစရှိသော ပဏ္ဏတ္တိ၀ဇ္ဇသိက္ခာပုဒ်။ (၁)ဇာတရူပါဒိသာဒိယန။ (၂)စိ၀ရာဒိ ပရိဘောဂေသု အပစ္စ၀ေက္ခဏ ဤသို့အစရှိသော ပဏ္ဏတ္တိ၀ဇ္ဇသိက္ခာပုဒ်။ ထိုမြတ်စွာဘုရားသခင်သည် စက်ဆုပ်တော်မူအပ်သော သိက္ခာပုဒ်တို့ကိုကား ဂုဏ်းသောတာပန်သည် ဝဓိကံဖြင့်လည်းကောင်း၊ မနောကံ

ဖြင့် လည်းကောင်း၊ လွန်ကျူးမိသေး၏။ ထိုသို့ လွန်ကျူးမိသည် ရှိသော် ဤမအပ်သောအမှုကို ငါသည်မပြုအပ်ဟုသိ၍ တစ်ခဏမျှ မဖုံးလွှမ်း။ ထို လွန်ကျူးမိရာ ခဏ၌ပင်လျှင် ဆရာဘုရားထံ၌ လည်းကောင်း၊ သီကြားလိမ္မာကုန်သော သီတင်းသုံးဖော်တို့၏ အထံ၌ လည်းကောင်း ထင်စွာပြု၍ ကန်တော့ခြင်း လျှောက်ထားခြင်း ပြောကြားခြင်းကို မီးခဲကိုနင်းမိသောသူသည် လျင်စွာကြွဘိသကဲ့သို့ လျင်မြန်စွာ ကုသ၍ အပြစ်ကို မဖုံးလွှမ်းခြင်းသည် အပဋ္ဌိစ္ဆာဒ လက္ခဏာ မည်၏။

နသော တံ ဣဒံ အကပ္ပိယ မကရဏီယန္တိ ဇာနိတ္တာ မုဟုတ္တေ မိ ပဋိစ္ဆာဒေတိ။ တံ ခဏံယေဝ ပန သတ္ထရိ ဝါ ဝိညူသု ဝါ သဗြဟ္မ-စာရီသု အာဝိ ကတ္တာ ယထာဓမ္မံ ပဋိကရောတိ။ ပုန နကရိဿာမီတိ ဧဝံ သံဝရိတဗ္ဗံ သံဝရတိ။ သုတ္တနိ ၌.၁၊ ၂၈၈။

သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ တံ၊ ထိုလွန်ကျူးခြင်းကို။ ဣဒံအကပ္ပိယံ၊ ဤမအပ်သောအမှုကို။ အကရဏီယံ၊ မပြုမကျင့်အပ်။ ဣတိ၊ ဤသို့။ ဇာနိတ္တာ၊ သိ၍။ (ဝါ) သိသည်ရှိသော်။ မုဟုတ္တေ၊ တစ်ဏမျှလည်း။ နပဋိစ္ဆာဒေတိ၊ မဖုံးလွှမ်း။ ပန၊ အထူးကိုဆိုဦးအံ့။ တံ ခဏံ ယေဝ၊ ထိုလွန်ကျူးသော ခဏ၌၌သာလျှင်။ သတ္ထရိ ဝါ၊ ဆရာဘုရား အထံ၌လည်းကောင်း။ ဝိညူသု၊ သီကြားလိမ္မာကုန်သော။ သဗြဟ္မစာရီ-သု ဝါ၊ သီတင်းသုံးဖော်တို့ အထံ၌လည်းကောင်း။ အာဝိကတ္တာ၊ ထင်စွာ ပြု၍။ ယထာဓမ္မံ၊ အပြစ်အလျောက်။ ပဋိကရောတိ၊ ကုစားဏ်။ (ဝါ) ကန်တော့ဏ်။ ပုန၊ တစ်ဖန်။နေ ကရိဿာမိ၊ ဤအမှုကိုငါမပြုတော့အံ့။ ဣတိ ဧဝံ၊ ဤသို့။ သံဝရိတဗ္ဗံ၊ စောင့်ရှောက်အပ်သည်ကို။ သံဝရတိ၊ စောင့်ရှောက်၏။

လူအရိယာတို့မှာ ဘုရားအုစရှိသော အထံတို့၌ ကန်တော့၍ စောင့်ရှောက်၏။ ရဟန်းသာမဏေ အရိယာတို့မှာ ဘုရားအစရှိသည်တို့၏

အထံတို့၌ ကန်တော့၍ ကုစားပြီးလျှင် စောင့်ရှောက်၏။ (အပဋ္ဌိစ္ဆာဒ-လက္ခဏာ။)

လောကဌ် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ငါ့မြင်သည်၊ သူမြင်သည်၊ မိန်းမမြင်သည်၊ ယေကျားမြင်သည်၊ လူမြင်သည်၊ နတ်မြင်သည်၊ ဗြဟ္မာမြင်သည်ဟု ခေါ်ဝေါ်ပညတ်သမုတ်အပ်သော စကားသည် မှန်ပေ၏ဟု မှတ်ယူစွဲလမ်းခြင်း ရှိကုန်၏။ နိဗ္ဗာန်ကိုမြင်ပြီးသော သောတာပန်အစရှိသော ပုဂ္ဂိုလ်တို့အား ဤလူနတ် ဗြဟ္မာတို့ခေါ်ဝေါ်အပ်သော စကားသည် အမှားချည်းသာတည်း။ စင်စစ်မှာမူ ရုပ်ချင်းချင်း ထိခိုက်၍ နာမ်ကမြင်ပေရကား ပရမတ္ထတရားတို့၏ ဓမ္မတာအားဖြင့် မမြဲသော သဘော၊ နှိပ်စက်တတ်သော သဘော၊ ကိုယ်မဟုတ်သော သဘောပေတည်းဟု ယထာဘူတ မြင်ပေရကား သူတို့ခေါ်ဝေါ်ခြင်းကို ဝန်မခံခြင်း အသမ္မာဒိဋ္ဌိနလက္ခဏာရှိ၏။

ရင်းနည်းတူ ငါကြားသည်။ ပ ။ ဗြဟ္မာကြားသည်ဟု။ ငါနံ့သည်။ ပ။ နတ်နံ့သည်ဟု။ ငါလျက်သည်။ ပ ။ နတ်လျက်သည်ဟု။ ငါတွေ့ထိသည်။ ပ ။ နတ်တွေ့ထိသည်ဟု ခေါ်ဝေါ် ပညတ်သမုတ်အပ်သော စကားသည်မှန်ပေ၏ဟု မှတ်ယူစွဲလမ်းခြင်းရှိကုန်၏။ နိဗ္ဗာန်ကို မြင်ပြီးသော သောတာပန် အစရှိသော ပုဂ္ဂိုလ်တို့အား ဤလူနတ်ဗြဟ္မာတို့ ခေါ်ဝေါ်အပ်သော စကားသည် အမှားချည်းသာတည်း။ စင်စစ်မှာမူ ရုပ်ချင်းချင်းထိခိုက်၍ နာမ်က တွေ့ပေရကား ပရမတ္ထတရားတို့၏ ဓမ္မတာအားဖြင့် မမြဲသောသဘော နှိပ်စက်တတ်သော သဘော ကိုယ်မဟုတ်သော သဘောပေတည်းဟု ယထာဘူတ မြင်ပေရကား သူတို့ခေါ်ဝေါ်ခြင်းကိုဝန်မခံခြင်း အသမ္မာဒိဋ္ဌိနလက္ခဏာရှိ၏။

ငါသွားသည် သူသွားသည်။ပ။ဗြဟ္မာသွားသည်ဟု၊ ငါဆိုသည်။ ။ပ။ ဗြဟ္မာဆိုသည်ဟု၊ ငါလိုခွင်သည် ။ပ။ ဗြဟ္မာသိုချင်သည် ဟု၊ ငါ အမျက်ထွက်သည်။ ပ ။ဗြဟ္မာ အမျက်ထွက်သည်ဟု ငါဒါန သီလ

ဘာဝနာပြုသည်။ ပ။ ဗြဟ္မာ ဒါန သီလ ဘာဝနာ ပြုသည်ဟု၊ စသည်ဖြင့် ခေါ်ဝေါ်ပညတ် သမုတ်အပ်သော စကားသည် မှန်ပေ၏ဟု မှတ်ယူ စွဲလမ်းခြင်း ရှိကုန်၏။ နိဗ္ဗာန်ကို မြင်ပြီးသော သောတာပန် အစရှိသောပုဂ္ဂိုလ်တို့အား ဤလူနတ်ဗြဟ္မာတို့ ခေါ်ဝေါ်အပ်သောစကား သည် အမှားခုည်းသာတည်း။ စင်စစ်မှာမူ ရုပ်နာမ်ချင်းထိခိုက်ကြ၍ ရုပ်နာမ်ချင်း ဆောင်ပေရကား ပရမတ္ထတရားတို့၏ ခံမှုတာအားဖြင့် မမြဲသော်လည်းဘော၊နှိပ်စက်တတ်သောသဘော၊ကိုယ်မဟုတ်သောသဘော ပေတည်းဟု ယထာဘူတမြင်ပေရကားသူတို့ခေါ်ဝေါ်ခြင်းကို ဝန်မခံခြင်း အသမ္ဘဝိဿနလက္ခဏာဟု၏။

ယံ ဘိက္ခဝေ သဒေဝကဿ လောကဿ သမာရကဿ သဗြဟ္မကဿ သဿမဏဗြဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ ဣဒံ သစ္စန္တိ ဥပနိဇ္ဈာယတိ။ တဒရိယာနံ ဧတံ မုသာတိ ယထာဘူတံ သမ္မပ္ပညာယ သုဒိဋ္ဌံ။ [သုတ္တနိ–၃၉၆။]

ဘိက္ခဝေ၊ရဟန်းတို့။ သဒေဝကဿ၊ နတ်နှင့်တကွသော။ သမာရကဿ၊မာရ်နှင့်တကွသော။ သဗြဟ္မကဿ၊ဗြဟ္မာနှင့်တကွသော။ သဿမဏဗြဟ္မဏိယာ၊ ရဟန်းပုဏ္ဏားနှင့် တကွသော။ ပဇာယ၊အပြားအားဖြင့် ဖြစ်သော။ သဒေဝမနုဿာယ- နတ်လူနှင့်တကွသော။ လောကဿ၊လူ အပေါင်းအား။ ယံ ဣဒံ ဝစနံ၊ အကြင် ငါ, သူတပါး, ယောကျား, မိန်းမ, လူ, နတ်, ဗြဟ္မာ, သတ္တဝါ အစရှိသဖြင့် ခေါ်ဝေါ်ပညတ် သမုတ်အပ်သောဤစကားသည်။သစ္စံ၊မှန်ပေ၏။ဣတိ၊ ဤသို့။ ဥပနိဇ္ဈာ-ယိတံ၊ မှားသောအားဖြင့် မှတ်ယူစွဲလမ်းလေ့ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တံ၊ ထိုလူနတ်ဗြဟ္မာ သတ္တဝါတို့ မှားသောအားဖြင့် စွဲလမ်း၍ ခေါ်ဝေါ် ပညတ် သမုတ်အပ်သော စကားကို။ အရိယာနံ၊သောတာပန် စသော အရိယာပုဂ္ဂိုလ်တို့အား။ ဧတံ၊ ဤသူတို့ ၏ကားသည်။ မုသာတိ၊ အမှားချည်း သာတည်းဟု။ ယထာဘူတံ၊ ဟုတ်မှန်သော အတိုင်း။

(၀၊) ရုပ်ချင်းချင်း နာမ်ချင်းချင်း ရုပ်နာမ်ချင်း ဖြစ်သော အတိုင်း။ သမ္မပ္ပညာယ၊ ကောင်းသော ဝိပဿနာပညာဖြင့်။ (၀၊) မဖေါ်ကာ် မပြန်သော ဝိပဿနာပညာ မဂ်ပညာဖြင့်။ သုဒ္ဓိ၌၊ ကောင်းစွာမြင်လေ့ ရှိတော်မူ၏။ (အသမ္ပဒ္ဓိစ္ဆနလက္ခဏာ)။ (လက္ခဏာဖို့။)

၇၁– သောတာပတ္တိမဂ်စိတ်၏ လက္ခဏာကိုပြခြင်း

ဤသို့သောတာပတ္တိမဂ်ခဏာ၌(၁)အာကာရ၊ (၂)ဘာဝ၊ (၃)ဒဿန၊ (၄)သတ္တိ။(၅)လဟုက၊ (၆)လက္ခဏာဟူသော ဤခြောက်ပါးသော ဂုဏ်ကိုဆောင်ယူတော်မူလျက် နိဗ္ဗာန်ကို မြင်တော်မူရာ၏။ ထိုနိဗ္ဗာန်ကို အာရုံပြုသောသောတာပတ္တိမဂ်ဉာဏ်၏ ဘခြားမဲ့၌ ထိုမဂ်ဉာဏ်၏ အကျိုး ဖြစ်၍ ဖြစ်ကုန်သော နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့သည်ဖြစ်ကုန်၏။

ဣမသ္မိ ပန ဉာဏသ္မိ အနုဒ္ဓရံ တသ္မိ ဝ ဝိပါကဘူတာနိ
ဒ္ဝေ တီဏိ ဝါ ဖလစိတ္တာနိ ဥပ္ပဇ္ဇန္တိ။ ဝိသုဒ္ဓိ ၂၊၃၁၅။

ပန၊မဂ်စိတ်မှတပါး ဖိုလ်စိတ်ကိုဆိုဦးအုံ့။ဣမသ္မိ ဉာဏသ၊ဤသောတာ ပတ္တိမဂ်ဉာဏ်၏။ အနုဒ္ဓရံ၊ အခြားမဲ့၌။ တသ္မိ ဝ၊ ထိုမဂ်စိတ်၏သာလျှင်။ ဝိပါကဘူတာနိ၊ အကျိုးဖြစ်၍ဖြစ်ကုန်သော။ ဒ္ဝေ တီဏိ၊ နှစ်ကြိမ်သုံးကြိမ် ကုန်သော။ဖလစိတ္တာနိ ဝါ၊ဖိုလ်စိတ်တို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကြကုန်၏။

ထိုနှစ်ကြိမ်သုံးကြိမ်သော ဖိုလ်စိတ်တို့၏ဖြစ်ခြင်းဟူသည်။ နိမိတ္တ၊ပဝတ္တ ဟူသောအာကာရ၌ ပြုခဲ့ပြီးသော အခြင်းအရာနှစ်ပါးမှ ထမြောက်ခြင်း ဟူ၎သောနိဗ္ဗာန်ကို မြင်လိုက်သော အာရုံ၏ ငြိမ်းခြင်း ပြီးဆုံးခြင်းသည် ဖိုလ်စိတ်တို့မည်ကုန်၏။ နိဗ္ဗာန်ကို မြင်လိုက်သော အာရုံ၏ ရိပ်ခနဲငြိမ်း၍ အဆုံးသို့ရောက်သော တရားထူးဟူလို့။

ပယောဂပဋိပဿဒ္ဓိ ပညာ ဖလေ ဉာဏံ။ ပဋ္ဌာ-သံ-၆၈+၁

ပယောဂပဋိပဿဒ္ဓိ၊ သင်္ခါရ ပဝတ္တ-နှစ်ပါးမှ ထမြောက်ခြင်း ပယောဂ၏ ငြိမ်းခြင်းကြောင့်။ ပဝတ္တာ၊ ဖြစ်သော။ပညာ၊ ပညာသည်။ ဖလေ ဉာဏံ၊ ဖိုလ်ဉာဏ်မည်၏။

ပယောဂပဋိပဿဒ္ဓိပညာဖလေ ဉာဏန္တိ ဘွေ ပယောဂေါတိ ဘုသော ယောဂေါ၊ ဖလသစ္ဆိကိရိယာယ မဂ္ဂဘာဝနာယ ဥဘတော ဝုဋ္ဌာနပယောဂေါ။ တဿ ပယောဂဿ ပဋိပ္ပဿမ္ဘနံ နိဋ္ဌာနံ ပယောဂပဋိပဿဒ္ဓိ။ ပဋိ၊သံ-ဋ-၁၊ ၂၇။

ပယောဂေါ ပဋိပဿဒ္ဓိ ပညာ ဖလေဉာဏန္တိ ဘွေ၊ ဟူသောဤပါဠိတော်။ ပယောဂေါတိ၊ ပယောဂေါဟူသည်ကား။ ဘုသော၊ ပြင်းစွာသော။ ယောဂေါ၊ လုံ့လတည်း။ ဖလသ စ္ဆိ ကိရိယာယ၊ ဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါဖြစ်သော။မဂ္ဂဘာဝနာယ၊ မဂ္ဂဘာဝနာ၏။ ဥဘတော၊ နှစ်ပါးစုံသော နိမိတ္တပဝတ္တမှ။ဝုဋ္ဌာနပယောဂေါ၊ ထမြောက်သောလုံ့လတည်း။ တဿပယောဂဿ၊ ထိုလုံ့လ၏။ ပဋ္ဌပ္ပဿမ္ဘနံ နိဋ္ဌာနံ၊ နိဗ္ဗာန်အာရုံ၏ ပြီးဆုံးခြင်းသည်။ ပယောဂ ပဋိပဿဒ္ဓိ၊ ပယောဂပဋိပဿဒ္ဓိမည်၏။

ထိုဖိုလ်စိတ်တို့သည်လည်း "မဂ္ဂဖလာနိ နိဗ္ဗာနာရမ္မဏာနိ"ဟု ဋီကာဆရာတို့ မိန့်မှာတော်မူအပ်သည်နှင့် အညီ နိဗ္ဗာန်ကိုသာလျှင် အာရုံပြုကုန်၏။ ဤကား မဇ္ဈိမမဋ္ဌပညာ ပုဂ္ဂိုလ်တို့ ဝိသိအစဉ်တည်း။

တိကွပညာပုဂ္ဂိုလ်တို့မှာမူ—

နာ	ဒ	မ	ဥ	နု	ဘူ	မဂ်	ဖိုလ်	ဖိုလ်	ဖိုလ်
○○○	○○○	○○○	○○○	○○○	○○○	○○○	○○○	○○○	○○○

ဘင် ဘင် ဘင်
○○○ ○○○ ○○○

ဟူ၍သက်ရာ၏။

မဟာပညာဿ ပန ဒ္ဒေ အနုလောမာနိ ဟောန္တိ။ ဇာတိယံ ဂေါတြဘူ။ စတုတ္ထံ မဂ္ဂစိတ္တံ။ တီဏိ ဖလာနိ။ မဇ္ဈိမပညာဿ တီဏိ

အနုလောမာနိ။ စတုတ္ထံ ဂေါတြဘူ။ ပဌမံ မဂ္ဂစိတ္တံ။ ဒေ့ ဖလာနိ။ မန္ဒပညဿ စတ္တာရိ အနုလောမာနိ ဟောန္တိ။ ပဌမံ ဂေါတြဘူ။ ဆဋ္ဌံ မဂ္ဂစိတ္တံ။ သတ္တမံ ဖလံ— အဘိ ဌ-၁၊ ၂၇၅။

ဟူသော အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာသစ်နှင့်အညီ ပြအပ်သော ဝိထီအစဉ်တို့ပေတည်း။

မဟာပညဿ ပန၊ မဟာပညာ ပုဂ္ဂိုလ်အားကား၊ ဒေ့ အနုလောမာနိ၊ နှစ်ကြိမ်ကုန်သော အနုလုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတိယံ၊ သုံးကြိမ်မြောက်သော၊ ဂေါတြဘူ၊ ဂေါတြဘူသည်။ ဟောတိ၊ ဖြစ်၏။ စတုတ္ထံ၊ လေးကြိမ်မြောက်သော။ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်၊ ဟောတိ၊ ဖြစ်၏။ တိဏိဖလစိတ္တာနိ၊ သုံးကြိမ်ကုန်သော ဖိုလ်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဇ္ဈိမပညဿ၊ ပညာအလတ်ရှိသော ပုဂ္ဂိုလ်အား။ တိဏိ၊ သုံးကြိမ်ကုန်သော။ အနုလောမာနိ၊ အနုလုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုတ္ထံ၊ လေးကြိမ် မြောက်သော။ ဂေါတြဘူ၊ ဂေါတြဘူသည်။ ဟောတိ၊ ဖြစ်၏။ ပဌမံ၊ ငါးကြိမ်မြောက်သော၊ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ ဟောတိ၊ ဖြစ်၏။ ဒေ့ ဖလစိတ္တာနိ၊ နှစ်ကြိမ်သော ဖိုလ်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မန္ဒပညဿ၊ နှုန်သော ပညာရှိသော ပုဂ္ဂိုလ်အား။ စတ္တာရိ၊ လေးကြိမ်ကုန်သော။ အနုလောမာနိ၊ အနုလုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဌမံ၊ ငါးကြိမ်မြောက်သော။ ဂေါတြဘူ၊ ဂေါတြဘူသည်။ ဟောတိ၊ ဖြစ်၏။ ဆဋ္ဌံ၊ ခြောက်ကြိမ်မြောက်သော၊ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ ဟောတိ၊ ဖြစ်၏။ သတ္တမံ၊ မုနှစ်ကြိမ်မြောက်သော။ ဖလံ၊ ဖိုလ်သည်။ ဟောတိ၊ ဖြစ်၏။

၃၂-မဂ္ဂပစ္စဝေက္ခဏာ ငါးပါးစသည်ကို ပြခြင်း

ထိုနှစ်ကြိမ်သုံးကြိမ်သော ဖိုလ်စိတ်တို့၏ အဆုံးဌာ သောဘာဝပတ္တိ ဖလ ဌာန်ပုဂ္ဂိုလ်၏စိတ်သည် ဘဝင်သို့ သက်ရှာ၍၊ ရင်းဘဝင်အစဉ်ကိုဖြတ်၍

သောတာပန်သည် ငါသည် ဤအာရမ္မဏိကဖြစ်သော မဂ်စိတ်ဖြင့် နိဗ္ဗာန်ကို မြင်လျက်လာ၏တကား၊ ဟု မဂ်ကို မနောဒ္ဓါရဝိထိဖြင့် ဆင်ခြင်၏။

သော ဟိ ဣမိနာ ဝတာဟं မဂ္ဂေန အာဂတောတိ မဂ္ဂံ ပစ္စဝေက္ခတိ။ ။ ဝိသုဒ္ဓိ၊ ၂-၂၁၃။

ဟိ၊ ထင်စေဉီးအုံ့။ သော ပုဂ္ဂလော၊ ယိုသောတာပတ္တိ ဖလဌာန် ပုဂ္ဂိုလ်သည်။ အဟံ၊ ငါသည်။ ဣမိနာ မဂ္ဂေန၊ ဤအာရမ္မဏိကဖြစ်သော မဂ်စိတ်ဖြင့်။ အာဂတော ဝတ၊ အာရုံပြုသော နိဗ္ဗာန်ကို မြင်လျက်လာ၏တကား။ ဣတိ၊ ဤသို့။ မဂ္ဂံ၊ နိဗ္ဗာန်ကို မြင်တတ်သော အာရမ္မဏိကဖြစ်သော မိမိမဂ်စိတ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

နဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘုင် ဘုင်

ဝ၀ဝ ဝ၀ဝ ဝ၀ဝ ဝ၀ဝ ဝ၀ဝ ဝ၀ဝ ဝ၀ဝ ဝ၀ဝ ဝ၀ဝ ဝ၀ဝ ဝ၀ဝ ဝ၀ဝ

ဤကား သောတာပတ္တိဖလဌာန်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုမြင်တတ်သော အာရမ္မဏိကဖြစ်သော မိမိမဂ်စိတ်ကို ဆင်ခြင်သော မဂ္ဂပစ္စဝေက္ခဏာဝိထိ ပုံတည်း။

မဂ်ကိုဆင်ခြင်ပြီးသောနောင်မှ ၎င်းသောတာပတ္တိ ဖလဌာန်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုမြင်လိုက်သော အာရုံ၏အဆုံးဌ် ကိုယ်စိတ်တို့သည် လွန်စွာ ငြိမ်းချမ်း၏။ ထိုအခါ ငါသည် ဤနိဗ္ဗာန်အာရုံကို မြင်ပြီးဆဲဆဲ၌ငြိမ်းချမ်းသော ဤအကျိုးကို ခုအပ်ပေ၏ဟု အကျိုးကို မနောဒ္ဓါရဖြင့် ဆင်ခြင်၏။

တတော အယံ မေ အာနိသံသော လဒ္ဓေါတိ ဖလံ ပစ္စဝေက္ခတိ။ ဝိသုဒ္ဓိ- ၂-၃၁၆၊

တတော၊ ထိုမဂ်ကို ဆင်ခြင်ပြီးသော နောက်မှ။ မေ မယာ၊ ငါသည်။ အယံ အာနိသံသော, နိဗ္ဗာန်ကိုမြင်သော အဆုံးဌ်ကိုယ်စိတ်တို့၏ ငြိမ်းချမ်း

သော ဤအကျိုးကို၊ လဒ္ဓေါ၊ ရအပ်၏။ ဤတို၊ ဤသို့၊ ဖလံ၊ ဖိုလ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

နှ	ဒ	မ	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဘုဉ်
၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၁	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀

ဤကား သောတာပတ္တိဖလဌာန်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုမြင်တတ်သော အာရမ္မဏိကဖြစ်သော မိမိဖိုလ်စိတ်ကို ဆင်ခြင်သော ဖလပစ္စဝေက္ခဏာ ဝိထိပုံတည်း။

(၁) ပယ်ပြီးသော ကိလေသာ၊(၂) ပယ်ကြွင်းကိလေသာ တို့ကို ဆင်ခြင်ရာ၌ သေက္ခပုဂ္ဂိုလ်တို့အား ဆင်ခြင်မိသောသူလည်း ရှိ၏။ မဆင်ခြင်မိသောသူလည်း ရှိ၏။ ဆင်ခြင်မိသောသူတို့မှာ ငါသည် ဤအမည် ရှိသော ကိလေသာတို့ကိုပယ်အပ်ပြီ၊ ဤမျှလောက် ကြွင်းကျန်သေးသည် ဟု ဆင်ခြင်၏။ ဝိထိပုံစံမှာ နောက်က ပစ္စဝေက္ခဏာ မနောဒ္ဒါရဝိထိ အတိုင်း ဖြစ်၏၊ မဆင်ခြင်မိသော သူတို့မှာ မဆင်ခြင်မူ၍ နိဗ္ဗာန်ကိုသာ ဆင်ခြင်၏။ ထို့ကြောင့် သကဒါဂါမ်တည်ပြီး၍ အနာဂါမ်ဟု ဆိုလောက်သော မဟာနာမ် မင်းသားသည် မိမိ၌မပယ်အပ်သေးသော ကိလေသာကို မေးလိုရကား—

ကောသု နာမ မေ ခမ္မော အဗ္ဘန္တော် အပ္ပဟီနော၊ ယေန မေ ဧကဒါ လောဘခမ္မာပိ စိတ္တံ ပရိယာဒါယတိ ဌိတိ ပုန္ဆိ—
မ ၁၊၁၂၆။

အစရှိသဖြင့် ရှင်တော်ဘုရားအား မေးလျှောက်တော်မူ၏။

ဘန္တေ၊ ရှေဘုန်းတော်သခင် အရှင်ဘုရား။ ယေန၊ အကြင် မပယ်အပ်သေးသော ကိလေသာဖြင့်။ မေ၊ အကျွန်ုပ်၏။ စိတ္တံ၊ ဝိပဿနာစိတ်ကို၊ ဧကဒါ၊ တစ်ရံတစ်ခါ။ လောဘခမ္မာပိ၊ လောဘ ဖြစ်သော

တရားတို့သည်လည်း။ ပရိယာဒါယ၊ ကုန်စေ၍။ တိဋ္ဌန္တိ၊ တည်လာကုန်၏။ မေ၊ အကျွန်ုပ်၏။ အဗ္ဗတ္တံ၊ အတွင်းသန္တာန်၌။ အပ္ပဟီနော၊ မပယ်အပ်သေးသော။ သော ဓမ္မော၊ ထိုကိလေသာ တရားသည်။ ကောသု နာမ အဘယ်မည်သော ကိလေသာ တရားမည်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလျှောက်၏။

ထိုပယ်ကြောင်း ကိလေသာကို ဆင်ခြင်ပြီးသော နောင်မှ အာရမ္မဏိကဖြစ်သော ဂေါ်ဖိုလ်တို့ဖြင့် ပစ္စက္ခဒိဋ္ဌထင်ထင် သိမြင်လိုက်ရသော နိဗ္ဗာန်၏ အာရုံတော်ကြီးကို "သြော်– ငါသည် မြင်ဖူးဘဲ ထူးကဲမှန်မြတ်သော အာရုံဖြစ်၍ ဖြစ်သောနိဗ္ဗာန်ကို အာရုံ ပြုသောအားဖြင့် ထိုးထွင်း၍ မြင်လိုက်ရပေပြီ၊ သိလိုက် ရပေပြီ"ဟု မိမိမြင်လိုက်သော နိဗ္ဗာန်ကို ဆင်ခြင်၏။

အဝသာနေ စ အယံ မေ ဓမ္မော အာရမ္မဏတော ပဋ္ဌိ
ဝိဒ္ဓေါ တိ အမတံ နိဗ္ဗာနံ ပစ္စဝေက္ခတိ။ ဝိသုဒ္ဓိ-၂၊၃၁၆။

အဝသာနေစ၊ အဆုံးဌ်လည်း။ အယံ ဓမ္မော၊ ဤနိဗ္ဗာန်အာရုံတရားတော်ကြီးကို။ မေ မယာ၊ ငါသည်။ အာရမ္မဏတော၊ ပစ္စက္ခအာရုံပြုသောအားဖြင့်။ ပဋ္ဌိဝိဒ္ဓေါ၊ ထိုးထွင်း၍သိအပ်ပြီ။ ဣတိ၊ ဤသို့။ အမတံ၊ သေခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

နမ ဓ ဓ ဓ ဓ ဓ ဓ ဓ ဘွဲ့ ဘွဲ့
ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ဤကား သောတာပတ္တိ ဖလဌာန်ပုဂ္ဂိုလ်သည် မြင်အပ်သော အာရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်သော နိဗ္ဗာနပစ္စဝေက္ခဏာ ဝိထိပုံတည်း။

ဤဏား ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပဋ္ဌိသမ္ဘိဒါမဂ်အဋ္ဌကထာ ဆရာကြီးတို့နည်းတည်း။ ဆရာကြီးတို့ကား နိဗ္ဗာနပစ္စဝေက္ခဏာကို တတိယထားရ

ပြတော်မူကြကုန်၏။ ထိုသို့ ပြတော်မူကြသော်လည်း ၎င်းမင်္ဂလာ ရောက်သော ယောဂီအား စိတ္တက္ခဏအလွန်လျှင် မြန်လှ၍ တပြိုင်နက်တည်းကဲ့သို့ သာထင်လိုက်ရသည်။ အကြောင်းမှာ (၁) နိဗ္ဗာန်ကိုမြင်၍၊ (၂) ငြိမ်း၍၊ (၃) မြင်သောစိတ်ကိုဆင်ခြင်၊ (၄) ငြိမ်းသောစိတ်ကို ဆင်ခြင်၊ (၅) မြင်လိုက်သောအာရုံကို ဆင်ခြင် ဤသို့ ဆင်ခြင်လိုက်သည်သာ ဖြစ်မှုတာ မျှားသောအားဖြင့် ဖြစ်စဉ်ပေတည်း။ ထိုသို့ သောတာပတ္တိမင်္ဂလာ ရောက်ပြီးသော ပုဂ္ဂိုလ်သည် အထက်မင်္ဂလာ ရောက်ခြင်းအကျိုးငှာ ဥဒယ-ဝယ အစရှိသော ဝိပဿနာဉာဏ်ကိုလည်း အားထုတ်အပ်၏။ (၎င်းသည် ထင်ဦးလတ္တံ့။) သို့မဟုတ် ကိလေသာတို့ကို ဖျက်ဆီး၍ ဒိဋ္ဌမ္မေ သုခ-ဝိဟာရ အကျိုးငှာ ဖလသမာပတ်ကိုလည်း ဝင်စား၍ နေကြကုန်၏။

၃၃-ဖလသမာပတ်ကို ပြခြင်း

ထိုဖလသမာပတ်သည်လည်း (၁) နိရောဓဖလသမာပတ်၊ (၂) သမာပဇ္ဇနဖလသမာပတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုထဲ၌ နိရောဓ ဖလသမာပတ် ကိုကား စျာန်ရသော အနာဂါမ်ရဟန္တာတို့မှသာ ဝင်စားနိုင်ကုန်၏။ ဤသမာပဇ္ဇန ဖလသမာပတ် ကိုကား အလုံးစုံသော စျာန်ရသော ပုထုဇဉ် စျာန်မရသော ပုထုဇဉ် တို့သည် မဝင်စားနိုင်ကုန်။ အရိယာတို့မှာကား–"ဝိပဿနာ နိယမေန ဟိ သုက္ခဝိပဿကာသ ဥပ္ပန္နမဂ္ဂေါပိ သမာပတ္တိ လာဘီနော" (ဝိသုဒ္ဓိ ၌-၂-၃၀၅)ဟု အဋ္ဌကထာဆရာ မိန့်မှာတော်မူသည့်နှင့်အညီ စျာန်မရသော အရိယာသည်လည်း စျာန်ရမည်ပေရကား စျာန်ရသည်ဖြစ်စေ, စျာန်မရသည်ဖြစ်စေ အလုံးစုံသော အရိယာတို့သည် ဝင်စားနိုင်ကုန်၏။

ကေန သမာပဇ္ဇန္တိ သဗ္ဗေပိ ပုထုဇ္ဇနာ န သမာပဇ္ဇန္တိ။
ကသ္မာ၊ အနဓိဂတတ္တာ။ အရိယာ ပန သဗ္ဗေပိ သမာပဇ္ဇန္တိ။
ဝိသုဒ္ဓိ ၌-၂၊ ၃၁၄

သဗ္ဗေပိ ပုထုဇ္ဇနာတိ စျာနသမာပတ္တိလာဘိနောပိ ပုထုဇ္ဇနာ
နံ သမာပဇ္ဇန္တိ။ ဝိသုဒ္ဓိ ၌-၂၇၁၅

ကေန သမာပဇ္ဇန္တိတိ၊ ဟူသည်ကား။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပုထုဇ္ဇနာပိ၊ စျာန်ရ, မရကုန်သော ပုထုဇဉ်တို့သည်လည်း။ နံ သမာပဇ္ဇန္တိ၊ မဝင်စားနိုင်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ အနမိ-ဂတတ္တာ၊ မဂ်ဉာဏ်ကို မရောက်သည်၏ အဖြစ်ကြောင့်တည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အရိယာ ပန၊ အရိယာပုဂ္ဂိုလ်တို့သည်ကား။ သမာပဇ္ဇန္တိ၊ ဝင်စားနိုင်ကုန်၏။

သဗ္ဗေပိ ပုထုဇ္ဇနာတိ၊ ဟူသည်ကား။ စျာန သမာပတ္တိ လာဘိနောပိ၊ စျာန်ရသော ပုထုဇဉ်တို့သည်လည်းကောင်း။ ပုထုဇ္ဇနာပိ၊ စျာန်မရသော ပုထုဇဉ်တို့သည်လည်းကောင်း။ နံ သမာပဇ္ဇန္တိ၊ မဝင်စားနိုင်ကုန်။

ထိုသို့ အရိယာတို့သည် ဝင်စားနိုင်ကုန်သော်လည်း မိမိ, မိမိတို့ရပြီးကာ မတ္တ ဖြစ်သော ဖိုလ်တို့ကိုသာလျှင် ဝင်စားနိုင်ကုန်၏။ အောက်,အထက် ဖြစ်သော ဖိုလ်တို့ကို မဝင်စားနိုင်ကုန်။ ထိုမိမိတို့၏ ဖိုလ်ကို ဝင်စားလို လတ်သော ဖလဌာန်ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ ရှုပ်နှောမ်မမှ သခါရတို့၏ ဖြစ်ခြင်း, ပျက်ခြင်းဟု ဆိုအပ်သော ဥဒယ, ဝယဉာဏ် စသည်တို့၏ အစွမ်းအားဖြင့် အနိစ္စ, အနိစ္စ စသည်အားဖြင့် သမ္မသနဓာတ်, နိဗ္ဗိဒါဓာတ်, ပက္ခန္ဒနဓာတ် တို့ကို လွန်အောင် ရှုအပ်၏။ ထိုသို့ ရှုသောအခါ အစဉ်အတိုင်း ဂေါတြဘူ၏ အခြားမဲ့၌ သောတာပန် အား သောတာပတ္တိဖိုလ်၏အစွမ်းအားဖြင့် သြက္ကမဓာတ်ဟု ဆိုအပ် သော နိဗ္ဗာန်အာရုံ၌ မိမိ၏ စိတ်သည် မဂ်ဌကဲ့သို့ ဖြစ်ပြန်၏။ ဖိုလ်ကို ညွှတ်ခြင်းကြောင့်ကား ဂေါတြဘူ၏ အခြားမဲ့၌ အာရုံမဟာဂတဖြစ်သော ဖိုလ်စိတ်သည် အာရုံဖြစ်သော နိဗ္ဗာန်၌ မျက်မှောက်ပြု၍ ဖြစ်၏။ မဂ်စိတ် သည် မဖြစ်လာ။

ဖလသမာပတ္တိတ္ထိကေန ဟိ အရိယသာဝကေန ရဟောဂတေန ပဋိသလ္လီနေန ဥဒယဗ္ဗယာဒိဝသေန သခ်ါရာ ပဿိတဗ္ဗာ၊ တသ္မာ ပဝတ္တာနုပုဗ္ဗဝိပဿနာသ သခ်ါရာ ရမ္မကေ ဂေါတြဘု ဉာဏာနန္တရာ ဖလသမာပတ္တိဝသေန နိရောဓေ ဧတ္တံ အပ္ပေတိ၊ ဖလသမာပတ္တိနိန္နတာယ စေတ္ထ သေက္ခသာပိ ဖလမေव ဥပ္ပဇ္ဇတိ၊ နာ မဂ္ဂေါ။ ဝိသုဒ္ဓိ–၂။၃၄၂။

ဟိ၊ ခ္ဝေအုံ့။ ဖလသမာပတ္တိတ္ထိကေန၊ ဖလသမာပတ်ကို ဝင်စားခြင်းဖြင့် အလိုရှိသော။ အရိယသာဝကေန၊ အရိယသာဝကသည်။ ရဟောဂတေန၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက်။ ပဋိသလ္လီနေန၊ အထူးထူးသောအာရုံမှ ဖဲ့ခွာ၍ တစ်ယောက်တည်းသာ ကိန်းအောင်းလျက်။ ဥဒယဗ္ဗယာဒိဝသေန၊ ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယတုပဋ္ဌာနဉာဏ် အစရှိသော ကိုးပါးသော ဉာဏ်တို့၏ အစွမ်းဖြင့်။ သခ်ါရာ၊ သခ်ါရတို့ကို။ ပဿိတဗ္ဗာ၊ ရှုအပ်ကုန်၏။ ပဝတ္တာနုပုဗ္ဗဝိပဿနာသ၊ ဖြစ်သော ဥဒယဗ္ဗယ ဘင်္ဂ စသော အစဉ် အတိုင်းသော ဝိပဿနာရှိသော။ တသ္မာ အရိယသာဝကသ၊ ထို အရိယသာဝက၏။ သခ်ါရာရမ္မ ဂေါတြဘု ဉာဏာနန္တရာ၊ သခ်ါရလျှင် အာရုံရှိသော ဝေါဒါန်ဟု ရအပ်သော အမည်ရှိသော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌။ ဖလသမာပတ္တိဝသေန၊ ဖလသမာပတ်၏ အစွမ်းဖြင့်။နိရောဓေ၊ နိဗ္ဗာန် တည်းဟူသော အာရုံ၌။ စိတ္တံ၊ စိတ်သည်။အပ္ပေတိ၊ အပ္ပနာ၊ စျာန်၏ အစွမ်းဖြင့်ဖြစ်၏။ စ၊ ဆက်၍ ဆိုဦးအုံ့။ တ္ထ၊ ဤအနုပုဗ္ဗ ဝိပဿနာ၏ အစွမ်းဖြင့်။ ဖလသမာပတ်ကို ဝင်စားထု၌။ ဖလသမာပတ္တိ နိန္နတာယ၊ ဖလသမာပတ်သို့ ညွှတ်သည်၏ အဖြစ်ကြောင့်။ သေက္ခသာပိ၊ သေက္ခအားလည်း။ ဖလမေဝ၊ ဖိုလ်သည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ မဂ္ဂေါ၊ မဂ်သည်။ နာ ဥပ္ပဇ္ဇတိ၊ မဖြစ်။

ဤသို့ ဖလသမာပတ်ကို ဝင်စားသောအခါ သခ်ါရလျှင် အာရုံရှိသော မနောဒ္ဓါရဝိထိတို့သည် ရှေးဦးစွာ အကြိမ်များစွာ ကျမ်းဖြစ်၏။ ထိုထို မနောဒ္ဓါရဝိထိတို့နောင်မှသာလျှင်—

နှ	ဒ	မ	နှ	နှ	နှ	နှ	ဖိုလ်	ဖိုလ်	မျှားစ္စာကျမ်း ဘုင်
ooo	ooo	ooo	ooo	ooo	ooo	ooo	ooo	ooo

ဤဖလသမာပတ္တိဝိထိဖြင့် အကြိမ်မျှားစ္စာသက်၍ ကျမ်း၊ မန္ဒပုဂ္ဂိုလ် ဝိထိတည်း။ တိကွ ပုဂ္ဂိုလ်မှာ အနုလုံ သုံးကြိမ်သာ ချ၊ ထိုသို့ ဝင်စားသော အခါ၌လည်း (၁)ဌာနအား၊ (၂) ဝုဋ္ဌာနအား တို့ကို အလွန် နိုးခြင်း, အလွန် လိမ္မာခြင်းရှိမှသာလျှင် ဝင်စားရာ၏။ ထိုတွင် အကြင်ယောဂီသည် ဥဒယ ဝယ အစရှိသော ဝိပဿနာဉာဏ် ကိုးပါးဖြင့်သာလျှင် သုံးသပ်နိုင်သေး၏။ နိဗ္ဗာန်အာရုံသို့ရောက်အောင် မခံဆောင်နိုင်သေး။ ထိုပုဂ္ဂိုလ်သည် ဖလသမာပတ်ကို ညွှတ်ရုံမျှသာ ရှိသေး၍ ဌာနအားဖြင့် မပြည့်စုံသေး။

> စတာသန္နံ ဖလသမာပတ္တိနံ ဂေါတြဘူ သခ်ါရာရမ္မဏံ၊ ဖလ-
> သမာပတ္တိ နိန္နတ္တာတိ ဝဒန္တိ။ (ပဋိသံ ဋ-၁၊၂၅၄။)

စတာသန္နံ၊ လေးပါးကုန်သော။ ဖလ သမာပတ္တိနံ၊ ဖလသမာပတ်တို့၏။ ဂေါတြဘူ၊ ဂေါတြဘူသည်။ သခ်ါရာရမ္မဏံ၊ သခ်ါရတရားလျှင် အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဖလသမာပတ္တိနိန္နတ္တာ၊ ဖလသမာပတ်သို့ ညွှတ်သည်၏အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။

အကြင်ယောဂီသည် ထိုဝိပဿနာဉာဏ်တို့၏ ရုပ်, ဝေဒနာ, သညာ သခ်ါရ, ဝိညာဉ်ဟု ဆိုအပ်သော နိမိတ္တအာရုံတို့ကိုလွန်၍ အနိမိတ္တဖြစ်သော နိဗ္ဗာန်အာရုံ၌သာလျှင် အကြင်ရွေ့လျောက် တည်စေသတည်းဟု အဓိဋ္ဌာန်၍ မိမိ ဝိပဿနာအာရုံကို သြဂ္ဂမဓာတ်သို့လက်အောင် ငြိမ်စေလျက်၊ အထူးသဖြင့် ငြိမ်စေလျက်၊ အထူးသဖြင့် ပယ်လွှဲ၍ငြိမ်စေလျက် လွှတ်၏။ ထိုယောဂီသည် ထိုပိုင်းခြားသော ကာလပတ်လုံး နိဗ္ဗာန်အာရုံ၌ "သန္တမေတံ, ပဏီတမေတံ, နိဗ္ဗာနမေတံ" စသည်ဖြင့် မိမိစိတ်ကို တစ်နေ့လုံးသော်လည်း တည်ခြင်းငှာ ခံ၏။ ထိုယောဂီသည်

(၁) နိမိတ္တမနသိကာရ၊ (၂) အနိမိတ္တအမနသိကာရ၊ (၃)အဘိသင်္ခါရဟု ဆိုအပ်သော ၎ာန အင်္ဂါသုံးပါးနှင့် ပြည့်စုံပေ၍ ဖလသမာပတ်ကို ဝင်စားနိုင်သောသူ မည်ပေ၏။

ဧတံ သန္တံ, ဧတံ ပဏီတန္တိ သန္တံ သန္တန္တိ အပ္ပေတ္စာ နိသိန္နဿ ဒိဝသမ္မိ စိတ္တုပ္ပါဒေါ သန္တံ သန္တန္တေ ပဝတ္တတိ၊ ပဏီဘံ ပဏီတန္တိ အပ္ပေတ္စာ နိသိန္နဿ ဒိဝသမ္မိ စိတ္တုပ္ပါဒေါ ပဏီတံ ပဏီတန္တေ ပဝတ္တတိ။ ယဒိဒံ သဗ္ဗ သင်္ခါရသမထောတိ နိဗ္ဗာနံ နိဗ္ဗာနန္တိ အပ္ပေတ္စာ နိသိန္နဿ ဒိဝသမ္မိ စိတ္တုပ္ပါဒေါ နိဗ္ဗာနံ နိဗ္ဗာနန္တေ ပဝတ္တတိတိ သဗ္ဗမ္ပေတံ ဖလသမာပတ္တိ သမာဓိ သန္ဓာယ ဝုတ္တံ။ အံ-ဋ-၃-၂၈၈။

ဧတံ သန္တံ, ဧတံ ပဏီတန္တိ၊ ဟူသည်ကား။ သန္တံသန္တန္တိ၊ ရာဂစသည်ဖုံးမှ ငြိမ်သက်ပေ, ငြိမ်သက်ပေ၏ဟု။ အပ္ပေတ္စာ၊ နိဗ္ဗာန်၌ အာရုံကိုဖြစ်စေ၍။ နိသိန္နဿ၊ နေသော ဖလဌာန်ပုဂ္ဂိုလ်အား။ ဒိဝသမ္မိ၊ တစ်နေ့ပတ်လုံးလည်း။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ်၏ဖြစ်ခြင်းသည်။ သန္တံ သန္တန္တေ၀၊ သန္တံ သန္တံ ဟူ၍သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ ပဏီတံ ပဏီတန္တိ၊ မြတ်ပေ၏ မြတ်ပေ၏ဟု။ အပ္ပေဘ္စာ၊ ဖြစ်စေ၍။ နိသိန္နဿ၊ နေသော ဖလဌာန်ပုဂ္ဂိုလ်အား။ ဒိဝသမ္မိ၊ တစ်နေ့ပတ်လုံးလည်း။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ်၏ ဖြစ်ခြင်းသည်။ ပဏီတံ ပဏီတန္တေ၀၊ ပဏီတံ ပဏီတံဟူ၍သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ ယဒိဒံ သဗ္ဗ သင်္ခါရ သမထောတိ၊ ဟူသည်ကား။ နိဗ္ဗာနံ နိဗ္ဗာနန္တိ၊ ရာဂစသည်တို့မှ ငြိမ်းပေ၏,ငြိမ်းပေ၏ဟု။ အပ္ပေတ္စာ၊ နိဗ္ဗာန်၌ အာရုံကိုဖြစ်စေ၍။ နိသိန္နဿ၊ နေသော ဖလဌာန်ပုဂ္ဂိုလ်အား။ ဒိဝသမ္မိ၊ တစ်နေ့ပတ်လုံးလည်း။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ်၏ ဖြစ်ခြင်းသည်။ နိဗ္ဗာနံ နိဗ္ဗာနန္တေ၀၊ နိဗ္ဗာနံ နိဗ္ဗာနံ ဟူ၍သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ ဧတံ ဝစနံ၊ ဤစကားကို။ ဖလသမာပတ္တိ သမာဓိ၊ ဖလသမာပတ္တိ သမာဓိကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ရှင်တော်ဘုရား ဟောအပ်၏။

အကြင်ယောဂီသည် ဆိုခဲ့ပြီးသော ဌာနအင်္ဂါ၊သုံးပါးကို ပြည့်စုံစေပြီး၍ ဖလသမာပတ်မှ အကြင်အခါ ထ၏။ ထိုအခါ ရူပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဉ်ဟု ဆိုအပ်သော ငါးပါးသော သင်္ခါရနိမိတ္တအာရုံတို့တွင် (၁) တစ်ပါးပါးကို အာရုံပြုခြင်းဟု ဆိုအပ်သော နိမိတ္တမနသိကာရ၊ (၂) နိဗ္ဗာန်အာရုံကို အာရုံမပြုခြင်းဟု ဆိုအပ်သော အနိမိတ္တအမနသိကာရ ၎င်းအင်္ဂါနှစ်ပါးသို့ သက်ခဲ့လျှင် သမာပတ်မှ ထရခြင်းဟူသော ဝုဋ္ဌာနဖြစ်ပေ၏။ ဤသို့ သမာပတ်ကို ပြန်၍ဝင်စားနိုင်အောင် နေ့ရက်များစွာ ပြန်လှန်၍ သုံးသပ်ကြရမည်။ သို့မှ မိမိမဂ်ဌ် စိတ်ချရမည်။ ယုံကြည်ရမည် သူတော်ကောင်းတို့။

"ဝေဒံ ပစ္စဝေက္ခိတ္တာ ပန သော သောတာပန္နော အရိယသာဝကော တသ္မိညေव ဝါ အာသနေ နိသိန္နော အပရေန ဝါ သမယေန ကာမရာဂဗျာပါဒါနံ တနုကာဝေယ ဒုတိယာ ဘူမိယာ ပတ္တိယာ ယောဂံ ကရောတိ" (ဝိသုဒ္ဓိ ၂-၂-၃၁၆) ဟု အဋ္ဌကထာဆရာ မိန့်တော်မူအပ်သည်နှင့်အညီ ဤသို့ ပစ္စဝေက္ခဏာဘူးကို ဆင်ခြင်ပြီး၍ ထိုသောတာပန်သည် ထိုဈာစ်ဆိုင်တည်း နေဆဲ၌လည်းကောင်း၊ သို့မဟုတ် ဖလသမာပတ်တို့ကို အကြိမ်ကြိမ်နေ့ရက်များစွာ ဝင်စားပြီးသောအခါ၌ လည်းကောင်း ကာမရာဂ, ဗျာပါဒတို့ကို ခေါင်းပါး စေခြင်း သကဒါဂါမိ မဂ်သို့ ရောက်ခြင်းငှာ တစ်ဖန် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို ပြုအပ်၏၊

၃၄-အထက်မဂ်ကိုကူးရန် ဝိပဿနာအားထုတ်ခြင်း

ထိုသောတာပန်အား ကာမရာဂ-ဗျာပါဒတို့ကို ခေါင်းပါးစေခြင်း သကဒါဂါမိမဂ်သို့ရောက်ခြင်းအကျိုးငှာအဘယ်သို့အားထုတ်အပ်သနည်း။ ထိုသောတာပန်သည် ဂူဇြေ-ဗိုလ်-ပေါဇျင်-တို့ကို တပေါင်းတည်းပြု၍ ရူပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဉ်-တို့၏ ဖြစ်ခြင်း-ပျက်ခြင်းကိုသာလျှင်

အနိစ္စ-ဒုက္ခ-အနတ္တ-ဟူသော လက္ခဏာရေးသုံးပါးတို့ဖြင့် ဥဒယဗ္ဗယညာဏ် စသည်ကို ဖြစ်စေခြင်းဌာ ဆိုပြီးသော နည်းဖြင့်သာလျှင် သခ်ါရုပေက္ခာ-ညာဏ်တိုင်အောင် (၀ါ) ထိုထက်အလွန်တိုင်အောင် သုံးသပ်အပ်၏။

ထို့ကြောင့်– "တသော်ဝံ ပဋိပန္နသ္မိ ဝုတ္ထာနယေနေ၀ သခ်ါရုပေက္ခာ-ဝသာနေ"ဟူသော ဝိသုဒ္ဓိမဂ်။ ဝိသုဒ္ဓိ-ဌ-၂-၃၁၆။

"ဝုတ္ထာနယေနေ၀ါတိ ဥဒယဗ္ဗယညာဏာဒီနံ ဥပ္ပါဒေန ဝုတ္ထာနယေန" ဟူသော ၎င်းဋီကာဆရာတို့ မိန့်မှာတော်မူကုန်၏။ ဝိသုဒ္ဓိ-ဋီ-၂-၄၇၇။

၀ေ၀ံ၊ ဤသို့ ဆိုပြီးသော်အတိုင်း။ ပဋိပန္နသ္မိ၊ ကျင့်သော။ တသ္မိ၊ ထိုသောတာပန်အား။ ဝုတ္ထာနယေနေ၀၊ ဥဒယဗ္ဗယညာဏ်စသည်တို့ကို ဖြစ်စေခြင်းဌာ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ သခ်ါရုပေက္ခာ၀သာနေ၊ သခ်ါရုပေက္ခာညာဏ်၏ အဆုံးဌာ။ (အဋ္ဌကထာအနက်။)

ဝုတ္ထာနယေနေ၀ါတိ၊ ဟူသည်ကား။ ဥဒယဗ္ဗယညာဏာဒီနံ၊ ဥဒယဗ္ဗယ-ညာဏ် စသည်တို့ကို။ ဥပ္ပါဒေန၊ ဖြစ်စေခြင်းဌာ။ ဝုတ္ထာနယေန၊ ဆိုအပ်ပြီး သော နည်းဖြင့်သာလျှင်။ (၎င်းဋီကာအနက်။)

ဤသို့သော ပြုပါဌ်တို့နှင့်အညီ သောတာပတ္တိမဂ်ဌာ အာလယကိုဖြတ်၍ ဥဒယ၀ယညာဏ်စသည်တို့ကို အသစ်တည်ထောင်၍ သခ်ါရုပေက္ခာညာဏ်၏ အခြားမဲ့ဌာ သကဒါဂါမိမဂ်သို့ အကြင်အခါရောက်အောင် စီးပြန်းရာ၏။ ထိုအခါ (၁) အဓိစ္စုပ္ပတ္တိအစွမ်း၊ (၂) ပရိယုဋ္ဌာနမန္ဒအစွမ်း ဤသို့ အစွမ်းနှစ်ပါးကို ဆောင်၍ တည်ရှာ၏။ လောကဓံတရားကို မတွေ့သည် ရှိသော် အနာဂါမ်ကဲ့သို့ နေရှာ၏။ တွေ့သည်ရှိသော်ကား အနည်းငယ် မျှသာ ဟုန်လှုပ်ရှာ၏။ ပြစ်၏ဟု ဆိုရုံမျှသာ ရှိတော့၏။

တတ္ထ ဒ္ဒိဟိ ကာရဏေဟိ တနုဘာ၀ေါ အဓိစ္စုပ္ပတ္တိယာ ပရိယုဋ္ဌာန-မန္ဒတာ၁ယ စ၊ သကဒါဂါမိသ္မိဟိ ဝဋ္ဋာနုသာ၃ရီ မဟာ၀ေနဿ ဝိယ

ကိုလေသာ အဘိဏှ် နှ ဥပ္ပဇ္ဇန္တိ၊ ကဒါစိ ကဒါစိ ဝိရဋ္ဌာကာရာ ဟုတ္ဝာ ဥပ္ပဇ္ဇန္တိ၊ တထာ ဥပ္ပဇ္ဇန္တောပိ မဒ္ဒန္တာ ဆာဒေန္တာ အန္ဓကာရံ ကရောန္တော နှ ဥပ္ပဇ္ဇန္တိ၊ ဒ္ဒိဟိ ပန မဂ္ဂေဟိ ပဟီနတ္တာ မန္ဒမန္ဒာ တနုကာရာ ဟုတ္ဝာ ဥပ္ပဇ္ဇန္တိ။ အာဘိ၊ ဌ–၁–၂၀၁

တတ္ထ၊ ထိုတနုဘာဝါဟူသောပါဠိ၌၊ အဓိစ္စုပ္ပတ္တိယာ၊ ရံခါကြိုးကြားဖြစ်သဖြင့် လည်းကောင်း။ ပရိယုဋ္ဌာနမန္ဒတာယ စ၊ ထိုးကျင့်ခြင်းနှုံ့ညံ့သည်၏ အဖြစ်ဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ (ထည့်။) ဒ္ဒိဟိ၊ နှစ်ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ကာမရာဂ ဗျာပါဒါနံ၊ ကာမရာဂ ဗျာပါဒတို့၏။ တနုဘာဝေါ၊ ခေါင်းပါးသည်၏ အဖြစ်ကို။ (၀၊) ကျဲပါးသည်၏အဖြစ်ကို။ (၀၊) သေးသိမ်နှုံ့ညံ့သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ ချဉ်းအုံ့။ ဝဋ္ဋာနုသာရီ မဟာဇနဿ၊ ဝဋ်သို့အစဉ်လျှောက်သော လူအများအား။ ကိုလေသာ၊ ကိုလေသာတို့သည်။ အဘိဏှ၊ မပြတ်။ ဥပ္ပဇ္ဇန္တိဝိယ၊ ဖြစ်ကုန်၏သို့။ သကဒါ-ဂါပိဿ၊ သကဒါဂါမ်အား။ ကိုလေသာ၊ ကိုလေသာတို့သည်။ အဘိဏှ၊ မပြတ်။နှ ဥပ္ပဇ္ဇန္တိ၊မဖြစ်ကုန်။ကဒါစိ ကဒါစိ၊ရံခါရံခါ ကြိုးကြားကြိုးကြားဌ၌ သာ။ ဝိရဋ္ဌာကာရာ၊ ကျဲသောအခြင်းအရာရှိကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တထာ ဥပ္ပဇ္ဇန္တောပိ၊ ထိုသို့ ရံခါကြိုးကြား ကျဲပါးသော အခြင်းအရာဖြင့်ဖြစ်ကုန်သော်လည်း။ မဒ္ဒန္တာ၊ နှိပ်နင်းကုန်လျက်။ ဆာဒေန္တာ၊ ဖုံးလွှမ်းကုန်လျက်။ အန္ဓကာရံ၊ အမှိုက်မှောင်ကို။ကရောန္တော၊ ပြုကုန်လျက်။ နှ ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ပန၊ အလျော်ကိုဆိုဦးအုံ့။ ဒ္ဒိဟိ မဂ္ဂေဟိ၊ နှစ်ပါးသောမဂ်တို့ဖြင့်။ ပဟီနတ္တာ၊ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ မန္ဒမန္ဒာ၊ အလွန်နှုံ့ကုန်သည်။ တနုကာရာ၊ ကျဲပါးသောအခြင်းအရာရှိကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ထိုသကဒါဂ'မိမဂ် စသည်တို့သည်ဘာဝနာအားရှိကုန်၏၊ နိဗ္ဗာန်ကို မြင်ခြင်းမှာကဲ့သို့ သောတာပတ္တိမဂ်ထက် မထူးကုန်၊ မိုးကြိုးပဲ့တင်သံကဲ့သို့ လည်းကောင်း, မီးပုံးကဲ့သို့လည်းကောင်း, မုန်တိုင်းကဲ့သို့ လည်း

ကောင်း စသည်ဖြင့် ဗလဝဝိပဿနာအားကို ဆောင်လျက် ဘာဝနာ အားသာ အားကြီးကုန်၏။ ထိုစကား သင့်စ့ဲ၊ သစ္ဆိကိရိယာတရားတို့သည် (၁) လောကိယသစ္ဆိ ကိရိယ၊ (၂) လောကုတ္တရ သစ္ဆိကိရိယ နှစ်ပါးပင် ရှိသော်လည်း လောကုတ္တရ သစ္ဆိကိရိယ၌ ဒဿန သစ္ဆိကိရိယ၊ ဘာဝနာ သစ္ဆိကိရိယ နှစ်ပါးပြားရကား သုံးပါးအပြားရှိ၏။

သစ္ဆိကိရိယာတိ လောကိယသစ္ဆိကိရိယာ လောကုတ္တရသစ္ဆိ ကိရိယာတိ ဒွေဓာ ဘိန္နာပိ လောကုတ္တရာယ ဒဿနဘာဝနာ ဝသေန ဘေဒတော ဘိဝိဓာ ဟောတိ။ ဝိသုဒ္ဓိ-၂-၂၁၇-

သစ္ဆိ ကိရိယာပိတိ၊ ဟူသည်ကား။ လောကိယသစ္ဆိကိရိယာ၊ လောက်ယ သစ္ဆိကိုရိယာ လည်းကောင်း။ လောကုတ္တရ သစ္ဆိကိုရိယာ၊ လောကုတ္တရ သစ္ဆိက်ရိယာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေဓာ၊ နှစ်ပါးသောအပြားအားဖြင့်။ဘိန္နာပိ၊ပြားသော်လည်း။ လောကုတ္တရာယ၊ လောကုတ္တရ သစ္ဆိကိရိယ၏။ ဒဿနဘာဝနာဝသေန၊ ဒဿန ဘာဝနာ၏ အစွမ်းအားဖြင့်။ ဘေဒတော၊ ပြားခြင်းကြောင့်။ တိဝိဓာ၊ သုံးပါးအပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။

ထိုသုံးပါးတို့တွင်-

(၁) ဥပစာရသမာဓိ အပ္ပနာသမာဓိ ဝိပဿနာဉာဏ်တို့ကို နာမကာယ ရူပကာယတို့ဖြင့် ဖေ့ထိရ၍ မျက်မှောက်ပြုခြင်းသည် လောက်ယ သစ္ဆိ ကိုရိယာ မည်၏။

(၂) သောတာပတ္တိမဂ်တို့သည် နိဗ္ဗာန်ကို ရှေးဦးစွာမြင်ရသောကြောင့် ဒဿနသစ္ဆိကိရိယ မည်၏။

(၃) အထက်မဂ်သုံးတန်တို့သည် ဘာဝနာသာလျှင် အားရှိသော ကြောင့် ဘာဝနာသစ္ဆိကိရိယ မည်၏။

ပဌမမဂ္ဂက္ခဏေ ပန နိဗ္ဗာနဒဿနံ ဒဿနသစ္ဆိကိရိယာ သေသ မဂ္ဂက္ခဏေသု ဘာဝနာသစ္ဆိကိရိယာတိ။ ဝိသုဒ္ဓိ၊ဌ၊ ၂၂၃၊

ပန၊ လောကိသစ္ဆိကိရိယမ္ပတပါး လောကုတ္တရာသစ္ဆိကိရိယကို ဆိုဦးအုံ့။ ပဌမ မဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ နိဗ္ဗာနဒဿနံ၊ နိဗ္ဗာန်ကို မြင်ခြင်းသည်။ ဒဿနသစ္ဆိကိရိယာ၊ ဒဿနမည်သော သောတာပတ္တိမဂ်ဖြင့် မျက်မှောက်ပြုခြင်းမည်၏။ သေသမဂ္ဂက္ခဏေသု၊ သောတာပတ္တိမဂ်မှ ကြွင်းသော အဏဂ်မဂ်ခဏတို့၌။ ဘာဝနာသစ္ဆိကိရိယာ၊ ဘာဝနာမည်သော အဏက်မဂ်ဖြင့် မျက်မှောက်ပြုခြင်းမည်၏။ ဤတိ၊ ဤသို့မှတ်အပ်၏။ (ဉာဏဒဿနဝိသုဒ္ဓိ။)

၃၅– ဝိပဿနာမဂ်ဖိုလ် အမည်နာမစသည်ကိုပြခြင်း

ဤသို့ သကဒါဂါမိမဂ် စသည်ကိုရောက်အောင် စီးဖြန်းအားထုတ်ရာ၏၊ ထိုသို့အားထုတ်ပါသော်လည်း အဏက်မဂ်စသည်ကို မရောက်သေးမူ၍ သောတာပတ္တိဖလဌာန်၏အဖြစ်၌ တည်သောပုဂ္ဂိုလ်ကို (၁) အာဂမနိယ၊ (၂) ဗောဓိပက္ခိယပူရဏ၊ (၃) သမညာတို့ကို ဤသို့ရအပ်၏။

အကြင်ယောဂီသည် အနာပါန ပဋိဘာဂ ဥပစာရအတွင်း၌ ရူပ နာမ် ဓမ္မသင်္ခါရတို့ကို အနိစ္စဖြင့် သိမ်းဆည်း၍ အနိစ္စဖြင့်မြင်၍ မဂ္ဂကိုကူးအုံ့ သောအခါ၌ ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် နှစ်ပါးတို့သည် အနိစ္စအဖြစ်ဖြင့် သုံးသပ်ရ၏ ထမြောက်၏။ ထိုပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်တို့သည် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်မည်၏၊ ၎င်းဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ဉာဏ်သည်—

(၁) အနိမိတ္တဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဉာဏ်မည်၏၊

(၂) ထိုအနိမိတ္တဝုဋ္ဌာနဂါမိနီ ဝိပဿနာကြောင့်ဖြစ်သော မဂ်သည်လည်း အနိမိတ္တမဂ္ဂမည်၏၊

(၃) ၎င်းမဂ်၏ဖိုလ်သည်လည်း အနိမိတ္တဖိုလ်မည်၏။
(၄) ဖလသမာပတ်သည်လည်း အနိမိတ္တဖလသမာပတ် မည်၏။

၎င်းနည်းတူ ဒုက္ခလက္ခဏာဖြင့် ထမြောက်ခြင်းစသော ယောဂိသည်-
(၁) အပ္ပဏိဟိတ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၊
(၂) အပ္ပဏိဟိတမဂ်၊
(၃) အပ္ပဏိဟိတဖိုလ်၊
(၄) အပ္ပဏိဟိတဖလသမာပတ်တို့ကို ရအပ်ကုန်၏။

အနတ္တလက္ခဏာဖြင့် ထမြောက်ခြင်းစသော ယောဂိသည်-
(၁) သုညတ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၊
(၂) သုညတမဂ်၊
(၃) သုညတဖိုလ်၊
(၄) သုညတဖလသမာပတ်-
တို့ကိုရအပ်၏။

တတ္ထ ယော ဘိက္ခု သခ်ါရေ အနိစ္စတော ပရိဂ္ဂဟေတ္မာ အနိစ္စတော ဒိသ္မာ အနိစ္စတော ဝုဋ္ဌာတိ၊ တဿ ဝုဋ္ဌာဂါမိနီ ဝိပဿနာ. အနိမိတ္တာ နာမ ဟောတိ။ ယော ဒုက္ခတောပရိဂ္ဂ-ဟေတ္မာ ဒုက္ခတော ဒိသ္မာ ဒုက္ခတော ဝုဋ္ဌာတိ၊ တဿ အပ္ပဏိ-ဟိတာ နာမ၊ ယော အနတ္တတော ပရိဂ္ဂဟေတ္မာ အနတ္တတော ဒိသ္မာ အနတ္တတော ဝုဋ္ဌာတိ၊ တဿ သုညတာ နာမ၊ တတ္ထ အနိမိတ္တဝိပဿနာယ မဂ္ဂေါ အနိမိတ္တော နာမ၊ အနိမိတ္တမဂ္ဂဿ ဖလံ အနိမိတ္တံနာမ၊ အနိမိတ္တဖလ သမာပတ္တိ သဟဇာတေ ဖသ္မေ ဖုသန္တေ အနိမိတ္တောဖဿော ဖုသတီတိ ဝုစ္စတိ။ အပ္ပဏိ-ဟိတသုညတေသုပိ ဧသေဝနယော။ မ-ဋ-၂-၂၆၆၊

တတ္ထ ဝေဒနေ၊ ထိုစကားဌ။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သင်္ခါရေ၊ ရူပ်နာမ်ခမ္မ သင်္ခါရတို့ကို။ **အနိစ္စတော**၊ **အနိစ္စအားဖြင့်**။ ပရိ-ဂ္ဂဟေတ္ဝာ၊ သိမ်းဆည်း၍။ **အနိစ္စတော**၊ **အနိစ္စအားဖြင့်**။ ဒီသ္ဝာ၊ မြင်၍။ **အနိစ္စတော**၊ **အနိစ္စအားဖြင့်**။ ဝုဋ္ဌာတိ၊ ထ[illegible]။ **တဿ**၊ ထိုရဟန်း-၏။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၊ ဝုဋ္ဌာနဂါမိနီ ဖြစ်သော ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်သည်။ **အနိမိတ္တာ နာမ**၊ အာ[illegible]မည်သည်။ ဟောတိ၊ ဖြစ်၏။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်၊ ဒု[illegible]တော၊ ဒုက္ခအားဖြင့်။ ပရိဂ္ဂဟေတ္ဝာ၊ သိမ်းဆည်း၍။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ဒီသ္ဝာ၊ မြင်၍။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ဝုဋ္ဌာတိ၊ ထမြောက်၏။ **တဿ**၊ ထိုရဟန်း-၏။ **ဝုဋ္ဌာနဂါမိနီဝိပဿနာ**၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်။ **အပ္ပဏိဟိတာ နာမ**၊ **အပ္ပဏိဟိတမည်သည်**၊ ဟောတိ၊ ဖြစ်၏။ ယော ဘိက္ခု၊ အကြင်ရဟန်း-သည်။ **အနတ္တတော**၊ **အနတ္တအားဖြင့်**။ ပရိဂ္ဂဟေတ္ဝာ၊ **သိမ်းဆည်း၍**။ **အနတ္တတော**၊ **အနတ္တအားဖြင့်**။ ဒီသ္ဝာ၊ **မြင်၍**။ **အနတ္တတော**၊ **အနတ္တ-အားဖြင့်**။ ဝုဋ္ဌာတိ၊ ထမြောက်၏။ **တဿ**၊ ထိုရဟန်း-၏။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်။ **သုညတာ နာမ**၊ **သုညတာမည်**-သည်။ ဟောတိ၊ ဖြစ်၏။ **တတ္ထ**၊ ထိုသုံးပါးတို့တွင်။ **အနိမိတ္တာဝိပဿနာယ**၊ **အနိမိတ္တာဝိပဿနာကြောင့်**။ ပဝတ္တော၊ ဖြစ်သော (ထည့်) **မဂ္ဂေ**၊ **မဂ်သည်**။ **အနိမိတ္တော နာမ**၊ **အနိမိတ္တမဂ်မည်၏**။ **အနိမိတ္တမဂ္ဂဿ**၊ **အနိ-မိတ္တမဂ်၏**။ **ဖလံ**၊ **ဖိုလ်သည်**။ **အနိမိတ္တံ နာမ**၊ **အနိမိတ္တဖိုလ်မည်၏**။ **အနိ-မိတ္တဖလသမာပတ္တိသဟဂတော**၊ **အနိမိတ္တဖလသမာပတ်နှင့်** တကွ ဖြစ်သော။ **ဖဿော**၊ **နာမကာယဖဿကို**။ **ဖုသန္တော**၊ **တွေ့ထိအပ်သည်** ရှိသော်။ **အနိမိတ္တော**၊ **အနိမိတ္တအမည်ရှိသော**။ **ဖဿော**။ **ဖဿကို**။ ဖုသတိတိ၊ **တွေ့ထိ၏ဟူ၍**။ ဝုစ္စတိ၊ **ဆိုအပ်၏**။ **အပ္ပဏိဟိတသုညတော** **သုပိ**၊ **အပ္ပဏိဟိတ-သုညတဟုခေါ်လည်း**။ **ဧသေဝ** **နယော**၊ **ဤနည်းလျှင်** **နည်းရှိ၏**။ (**အာဂမနီယဖို**)

၃၆-ဝိပဿနာမဂ်ဖိုလ် အမည်နာမ စသည်တို့ကို ဗောဓိပက္ခိယတရား ၃၇-ပါးခွဲ သွတ်သွင်းချပြခြင်း

ဗောဓိပက္ခိယပူရဏာခွဲ ဗောဓိပက္ခိယတရားတို့သည် (၁) လောကီဝိသုဒ္ဓိခွဲ ပြည့်စုံခြင်း၊ (၂) လောကုတ္တရာဝိသုဒ္ဓိခွဲ ပြည့်စုံခြင်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် လောကီဝိသုဒ္ဓိခွဲ ပြည့်စုံခြင်းဟူရာဝယ် လောကီဝိသုဒ္ဓိသည် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ-ဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအားဖြင့် ခြောက်ပါးအပြားရှိ၏၊ ထိုတွင် သီလဝိသုဒ္ဓိဟု ဆိုအပ်သော ပါတိမောက္ခ-သံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလဖြစ်ခိုက် သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ် ဖြစ်သောအခါ၌ သမ္မပ္ပဓာန်(၄)ပါး၊ ဈာန်ခွဲပါဒ် (၄)ပါး၊ ဈာန်နှုန်(၅)ပါး၊ ဗိုလ်(၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင် (၈)ပါး-ပေါင်း(၃၃)ပါးသော ဗောဓိပက္ခိယတရားတို့ကို ရအပ်ကုန်၏။

ဉာဏဝိပ္ပယုတ်ဖြစ်ခိုက် သမ္မပ္ပဓာန် (၄)ပါး၊ ဝိမံသိဒ္ဓိပါဒ်ကြဉ်သော ဈာန်ခွဲပါဒ်(၃) ပါး၊ ပညိန္ဒြေကြဉ်သော ဈာန်နှုန်(၄)ပါး၊ ပညာဗိုလ်ကြဉ်သော ဗိုလ်(၄)ပါး၊ ဓမ္မဝိစယ ဗောဇ္ဈင်ကြဉ်သော ဗောဇ္ဈင်(၆)ပါး၊ သမ္မာဒိဋ္ဌိ ကြဉ်သော မဂ္ဂင်(၇)ပါး-ပေါင်း(၂၈)ပါးတို့ကို ရအပ်ကုန်၏။

ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အခိုက်၌ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၌ ရအပ်သော (၃၃)တို့တွင် ပီတိသမ္ဗောဇ္ဈင်ကိုကြဉ်၍ (၃၂)ကိုကို ရအပ်ကုန်၏။ဥပေက္ခာသ ဟဂုတ် ဉာဏဝိပ္ပယုတ်အခိုက်၌လည်း သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်၌ ရအပ်သော (၂၈)ပါးတို့တွင် ပီတိသမ္ဗောဇ္ဈင်ကိုကြဉ်၍ (၂၇)ပါးတို့ကို ရအပ်ကုန်၏။

ဈာန်ဒုယသံဝရ သီလ ပစ္စယသန္နိဿိတသီလ, အသုဘဥပစာ ကြင်းသော ကမ္မဋ္ဌာန်းတို့၏ ဥပစာဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိ, နာမ်ရူပ်ကိုသိခြင်း ဒိဋ္ဌိဝိသုဒ္ဓိ, အကြောင်း အကျိုးကိုသိခြင်း ကင်္ခါဝိတရဏဝိသုဒ္ဓိ, ဣလေးပါး

သော ဝိသုဒ္ဓိဖြစ်ခိုက်၌ ကာယာနုပဿနာ သတိပဋ္ဌာန်(၁) သောမနဿ-သဟဂုတ် ဉာဏသမ္ပယုတ်၌ဖြစ်သော ဗောဓိပက္ခိယ (၃၇)ပါးဟူတွင် ဝိရတိ(၃)ပါးကိုကြဉ်၍ ပေါင်း(၃၁)ပါးတို့ကို ရအာပ်ကုန်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, (၂)ပါးဖြစ်သောအခါ၌ကား သတိပဋ္ဌာန်(၄)ပါး၊ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်၌ ရအာပ်သော (၃၇)ပါးတို့တွင် ဝိရတိ(၃)ပါးကိုကြဉ်၍ ပေါင်း(၃၄)ပါးတို့ကို ရအာပ်ကုန်၏။ (သုက္ခဝိပဿကဖို့။)

အသုဘ ပဌမစျာန် လာဘီပုဂ္ဂိုလ် အခိုက်၌ကား ကာယာနုပဿနာ သတိပဋ္ဌာန်(၁)၊ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်၌ရသော (၃၇)ပါးတို့တွင် ဝိရတိ(၃)ပါးကို ကြဉ်၍ ပေါင်း (၃၁)ပါးကို ရအာပ်၏။ ကြွင်းသော ကမ္မဋ္ဌာန်းပဌမစျာန်လာဘီ ပုဂ္ဂိုလ်အခိုက်၌လည်း သောမနဿသဟဂုတ်ဉာဏ သမ္ပယုတ်၌ရအာပ်သော (၃၇)ပါးတို့တွင် ဝိရတိ(၃)ပါးကိုကြဉ်၍ (၃၀)ကိုသာ ရထိုက်၏။

ဒုတိယ၊ တတိယ စျာန်လာဘီ အခိုက်၌လည်း သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၌ရအာပ်သော (၃၇)ပါးတို့တွင် ဝိရတိ(၃)ပါး သမ္မာသင်္ကပ္ပ (၁)ပါး ကြဉ်သော(၂၉)ပါး ကိုသာ ရအာပ်၏။ ၎င်းနည်းတူ စတုတ္ထ ပဉ္စမစျာန်လာဘီ အခိုက်၌လည်း သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၌ ရအာပ်သော(၃၇)ပါးတို့တွင်ပဏိသမ္ဘောဇင် (၁) ဝိရတိ(၃)ပါး၊ သမ္မာသင်္ကပ္ပ (၁) ၎င်းငါးပါးကြဉ်သော(၂၈)ပါးကို ရအာပ်၏။ (အသက်ဝိသုဒ္ဓိမှာ သုက္ခဝိပဿကနှင့် အတူတူပင်။)။ (စျာနလာဘီဖို့)

ပါဠိအာဂုံကိုလိုမူ မဏိမဇ္ဈိသောမှာ ယူကြပါလေ။

ထို့ကြောင့် ပညာရှင်တို့သည်–

"မ-ဂ္ဂ-ဏ္ဍ-ဏ-ဗ၊ ဗောမဂ္ဂ၊ ဉာဏတေတိ ံမှန်။ ငါးတန်ကိုချ၊ အင်္ဂဗီသ။ ဗောက ပီကြည်၊ ၎ဒ္ဓတ္တိ ံပင်။ ဝိတ္ထင်ငါးချ၊ သတ်ဗီသ။ ။ ကာယကိုတင်၊ ရတီကြည်၊ လေးအင်သုဒ္ဓိ၊ ဧက်တြီ။ သုံးဆဲ့ခုနှစ်တွင်၊ ရတီကြည့်၊ နှစ်အင်မဂ်ဋ္ဌ၊ ဇောတြီ၊ မှတ်ဘိသုက္ခပင်။ ရူပါသုဘ၊ ဧက်တိ ံသ။ ။ဌာနာ်ချကြင်းပေ၊ တိ ံသရေ။ ။သက်ကိုချ၊ဒ္ဒုနဝ၊ ဒုတကုံဟော။ ။ဗောမှာပီတိ၊ ကြည်ဘိ အင်္ဂဒ္ဒေး၊ စပရွေး၊ ဉာဏ်ဒ္ဒေး-မုဏ္ဏဒ္ဓော–

ဟူ၍ စပ်ဆိုကြသည်။ (လောကီဖို့။)

လောကုတ္တရာဖြစ်သော ဉာဏဒဿန ဝိသုဒ္ဓိမဂ်ဉာဏ်၏ အခိုက်ဌ်ကား အလုံးစုံသော (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့ကို ရအပ်ကုန်၏။ ။ ဖိုလ်စိတ်၏ အခိုက်ဌ်ကား သမ္မပ္ပဓာန် လေးပါးတို့ကို ချန်လှပ်၍ ကြင်းသော (၃၃)ပါးသော ဗောဓိပက္ခိယတို့ကို ရအပ်ကုန်၏။ ။ "သပ္ပေ လောကုတ္တရေ ဟောန္တိ"။ (သင်ကြိုဟ်၊ ဖနက်လွယ်ပြီ။)

ဣမေသံ ပန စဘုန္နံ ဉာဏာနံ ဥပ္ပတ္တိကာလေ ဧကစိတ္တေ လဗ္ဘန္တိ၊ ဖလက္ခဏေ ထဒပဘ္ဘာ စတ္တာရော သမ္မပ္ပဓာနေ အဝ-သေသာ ဘဘ္ဘိ ံသ လဗ္ဘန္တိ။ ဝိသုဒ္ဓိ-ဋ-၂-၃၂၀။

ပန၊ အထူး ကို ဆိုဦးအုံ့။ ဣမေသံ စတုန္နံ ဉာဏာနံ၊ ကို်လေးပါးသော အရိယမဂ်ဉာဏ်ဟူ၏။ ဥပ္ပတ္တိကာလေ၊ ဖြစ်ရာကာလ၌။ ဣမေ သဘ္ဘတိ ံသ ဗောဓိပက္ခိယဓမ္မာ၊ ဤသုံးဆယ့်နှစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို (လိုက်)။ ဧကစိတ္တေ၊ တစ်ခုသော မဂ်စိတ်ဖြင့်ပါ၏။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဖလက္ခဏေ၊ ဖိုလ်ခဏ၌။ စတ္တာရော သမ္မပ္ပဓာနေ၊ လေးပါးသော သမ္မပ္ပဓာန်တို့ကို။ ထပေတ္ဝာ၊ ထား၍။ အဝသေသာ၊

သမ္မပ္ပဓာန်လေးပါးမှ ကြွင်းကုန်သော။ တေတို့သ၊ သုံးဆယ့်သုံးပါး သော ဗောဓိပက္ခိယတရားတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ (ဗောဇ်ပက္ခိယ-ပုဂ္ဂရဏဖို့။)

၂၂–အရိယာခုနစ်ယောက်တို့ကို ရွေးကောက်၍ ပြခြင်း

သမညာအားဖြင့်ကား တိုသုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် တစ်ပါးပါးသော ကမ္မဋ္ဌာန်းကို အားထုတ်၍ ရောက်အပ် ရအပ်သော အရိယာပုဂ္ဂိုလ်တို့၏ အမည်တော် ၇-ပါးတို့သည် သမညာမည်ကုန်၏။

အဘယ်သည်တို့နည်းဟူမူ–

(၁) ဥဘတောဘာဂဝိမုတ္တာ၊

(၂) ပညာဝိမုတ္တာ၊

(၃) ကာယသက္ခိ၊

(၄) ဒိဋ္ဌိပတ္တာ၊

(၅) သဒ္ဓါဝိမုတ္တာ၊

(၆) ဓမ္မာနုသာရီ၊

(၇) သဒ္ဓါနုသာရီ ဤခုနစ်ယောက် အမည်တို့ပင်တည်း။

ထိုတွင် အ ကြင် ရဟန်း တစ် ယောက် သည် ပညာပြဋ္ဌာန်းသဖြင့် ကမ္မဋ္ဌာန်းတို့ကို နှလုံးသွင်းသည်ဖြစ်၍ ရှင်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍ သောတာပတ္တိမဂ်သို့ ရောက်စေ၏။ ထိုရဟန်းသည် ထိုမဂ် ခဏ၌ ဓမ္မာနုသာရီပုဂ္ဂိုလ်မည်၏။ သောတာပတ္တိဖိုလ်အစ အရဟတ္တမဂ် အဆုံးရှိသော ခြောက်ဌာနတို့၌ ကာယသက္ခိပုဂ္ဂိုလ်မည်၏။ အရဟတ္တဖိုလ် ခဏ၌ ဥဘတောဘာဂဝိမုတ္တာ ပုဂ္ဂိုလ်မည်၏။ ၎င်းနည်းတူ ပညာပြဋ္ဌာန်း သဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ သမာပတ်တို့ကို ဖြစ်စေခြင်းငှာ မတတ်

နိုင်သော သုက္ခဝိပဿကဖြစ်၍ သောတာပတ္တိမဂ်သို့ ရောက်၏။ ထိုရဟန်းသည် ထိုခဏ၌ ဓမ္မာနုသာရီ ပုဂ္ဂိုလ်မည်၏။ အလယ် ခြောက်ဌာနတို့၌ ဒိဋ္ဌိပတ္တမည်၏။ အရဟတ္တဖိုလ်ခဏ၌ ပညာဝိမုတ္တ ပုဂ္ဂိုလ်မည်၏။ ၎င်းနည်းဟူ သဒ္ဓါပြဋ္ဌာန်းသဖြင့် ကမ္မဋ္ဌာန်းတို့ကို နှလုံးသွင်း၍ သမာပတ်ရှစ်မျိုးတို့ကို ဖြစ်စေ၍ သောတာပတ္တိမဂ်သို့ ရောက်၏။ ထိုရဟန်းသည် ထိုခဏ၌ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်မည်၏။ အလယ်ခြောက်ဌာနတို့၌ ကာယသက္ခိ ပုဂ္ဂိုလ်မည်၏။ အရဟတ္တဖိုလ်ခဏ၌ ဥဘတောဘာဝဝိမုတ္တ ပုဂ္ဂိုလ်မည်၏။ ၎င်းနည်းတူ သဒ္ဓါပြဋ္ဌာန်းသဖြင့် ကမ္မဋ္ဌာန်းတရားတို့ကို နှလုံးသွင်း၍ သမာပတ်ဘို့ကို ဖြစ်စေခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ သုက္ခ-ဝိပဿက ဖြစ်၍ သောတာပတ္တိမဂ်သို့ ရောက်၏။ ထိုရဟန်းသည် ထိုခဏ၌ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်မည်၏။ အလယ်ခြောက်ဌာနတို့၌ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်မည်၏။ အရဟတ္တဖိုလ်ခဏ၌ ပညာဝိမုတ္တပုဂ္ဂိုလ်မည်၏။

ဧကော ဘိက္ခု ပညာဓုရေန အဘိနိဝိဋ္ဌော အဋ္ဌသမာပတ္တိယော နိဗ္ဗတ္တေတ္မာ သောတာပတ္တိမဂ္ဂံ ပါပုဏာတိ၊ ဧသ တသ္မိံ ခဏေ ဓမ္မာနုသာရီ နာမ ဟောတိ၊ သောတာပတ္တိ-ဖလာဒီသု ဆသု ဌာနေသု ကာယသက္ခိ နာမ၊ အရဟတ္တ-ဖလက္ခဏေ ဥဘတောဘာဝဝိမုတ္တော နာမ၊ အပရော ပညာ-ဓုရေန အဘိနိဝိဋ္ဌော သမာပတ္တိယော နိဗ္ဗတ္တေတ္မာ အသက္ကော-န္တော သုက္ခဝိပဿကောဝ ဟုတ္မာ သောတာပတ္တိမဂ္ဂံ ပါပုဏာတိ၊ သော တသ္မိံ ခဏေ ဓမ္မာနုသာရီ နာမ ဟောတိ၊ သောတာ-ပတ္တိဖလာဒီသု ဆသု ဌာနေသု ဒိဋ္ဌိပတ္တော နာမ၊ အရဟတ္တ-ဖလက္ခဏေ ပညာဝိမုတ္တော နာမ၊ အပရော သဒ္ဓါဓုရေန အဘိနိဝိဋ္ဌော အဋ္ဌသမာပတ္တိယော နိဗ္ဗတ္တေတ္မာ သောတာပတ္တိ-မဂ္ဂံ ပါပုဏာတိ၊ သော တသ္မိံ ခဏေ သဒ္ဓါနုသာရီ နာမ ဟောတိ၊ သောတာပတ္တိဖလာဒီသု ဆသု ဌာနေသု ကာယ-သက္ခိနာမ၊ အရဟတ္တဖလက္ခဏေ ဥဘတောဘာဝ ဝိမုတ္တောနာမ၊

အပရော သဒ္ဓါဓုရေန အဘိနိဝိဋ္ဌော သမာပတ္တိယော နိဗ္ဗတ္တေတုံ အသက္ကောန္တော သုက္ခဝိပဿကော ဟုတ္ဝာ သောတာပတ္တိမဂ္ဂံ ပါပုဏာတိ၊ သော တသ္မိံ ခဏေ သဒ္ဓါနုသာရီ နာမ ဟောတိ၊ သောတာပတ္တိဖလာဒီသု ဆသု ဌာနေသု သဒ္ဓါဝိမုတ္တော နာမ၊ အရဟတ္တဖလက္ခဏေ ပညာဝိမုတ္တော နာမ။ အံ-ဋ္ဌ-၂-၄၉။

ကော ဘိက္ခု၊ တစ်ယောက်သော ရဟန်းသည်၊ ပညာဓုရေန၊ ပညာပြဋ္ဌာန်းသဖြင့်။ အဘိနိဝိဋ္ဌော၊ ကမ္မဋ္ဌာန်းကို အာရုံပြုသည်ဖြစ်၍။ အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးကုန်သော သမာပတ်တို့ကို။ နိဗ္ဗတ္တေတ္ဝာ၊ ဖြစ်စေ၍။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်သို့။ ပါပုဏာတိ၊ ရောက်၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ တသ္မိံ ခဏေ၊ ထိုမဂ်ဏော၌။ ဓမ္မာနုသာရီ နာမ၊ ဓမ္မာနုသာရီ ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။ သောတာပတ္တိဖလာဒီသု၊ သောတာပတ္တိဖိုလ် အစရှိကုန်သော။ ဆသု ဌာနေသု၊ အလယ်ခြောက်ဌာနတို့၌။ ကာယသက္ခိနာမ၊ ကာယသက္ခီ ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။ အရဟတ္တဖလက္ခဏေ၊ အရဟတ္တဖိုလ် ခဏ၌။ ဥဘတောဘာဂ ဝိမုတ္တော နာမ၊ ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။ အ ပရော၊ တစ်ပါးသော ရဟန်းသည်။ ပညာဓုရေန၊ ပညာပြဋ္ဌာန်းသဖြင့်။ အဘိနိဝိဋ္ဌော၊ ကမ္မဋ္ဌာန်းကို အာရုံပြုသည်ဖြစ်၍။ သမာပတ္တိယော၊ သမာပတ်တို့ကို၊ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှာ။ အ သက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ သုက္ခဝိပဿကော၊ သုက္ခဝိပဿ ရဟန်းသည်။ ဟုတ္ဝာ၀၊ ဖြစ်၍သာလျှင်။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်သို့။ ပါပုဏာတိ၊ ရောက်၏။ သော၊ ထိုရဟန်းသည်။ တသ္မိံ-ခဏေ၊ ထိုမဂ်ခဏ၌။ ဓမ္မာနုသာရီ၊ နာမ၊ ဓမ္မာနုသာရီ ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။ သောတာပတ္တိဖလာဒီသု၊ သောတာပတ္တိဖိုလ် အစရှိကုန်သော။ ဆသု ဌာနေသု၊ ခြောက်ဌာနတို့၌။ ဒိဋ္ဌိပတ္တော နာမ၊ ဒိဋ္ဌိပတ္တ ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။ အရဟတ္တဖလက္ခဏေ၊ အရဟတ္တဖိုလ် ခဏ၌။ ပညာဝိမုတ္တော နာမ၊ ပညာဝိမုတ္တ ပုဂ္ဂိုလ်မည်

သည်။ ဟောတိ၊ ဖြစ်၏။ အပရော၊ တစ်ပါးသော ရဟန်းသည်။ သဒ္ဓါမုဒုရေန၊ သဒ္ဓါပြဋ္ဌာန်းသဖြင့်။ အဘိနိဝိဋ္ဌော။ (ပ) တသ္မိံ ခဏေ။ (နည်းတူ)။ ။သဒ္ဓါဝိမုတ္တော နာမ၊ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။ အရဟတ္တဖလက္ခဏေ၊ ဧကော။ ပညာဝိမုတ္တော နာမ၊ ပညာဝိမုတ္တ ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ထိုပုဂ္ဂိုလ်ခုနစ်ယောက်တို့တွင် ဤသို့ပြခဲ့ပြီးသော အာနာပါနလမ်း အတိုင်း အကယ်၍ မဂ်ကုန်ရောက်လျက် ဖိုလ်ခဲ့ ရှေးဦးစွာ တည်အံ့။ ထိုပုဂ္ဂိုလ် ပညာဝုရ ဖြစ်ခဲ့ပါမူ ဒိဋ္ဌိပတ္တ ပုဂ္ဂိုလ်မည်ပေ၏။ သဒ္ဓါဝုရဖြစ်ခဲ့ပါမူ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်မည်ပေ၏။

ထိုခုရနှစ်ပါးကို အဘယ်သို့ သိရမည်နည်းဟူမူ ပညာဝုရပုဂ္ဂိုလ်မှာ ပရမတ္ထ ဝိသုဒ္ဓိဖြစ်သောအခါဆဲဆဲ၌ မှန်းတည့် တက်ထွန်းသော နေဝန်းလျှင် ဥပမာရှိရ၏၊ သဒ္ဓါဝုရပုဂ္ဂိုလ်မှာ ပရမတ္ထ ဝိသုဒ္ဓိဖြစ်သောအခါဆဲဆဲ၌ နေထွက်စ, နေဝင်စ လပြည့်ဝန်းတို့သည်သာလျှင် ဥပမာရှိရ၏ဟု ငါတို့ကျေးဇူးရှင် မိန့်တော်မူ၏။ (သမညာဖို့။)

၇၈–အာနာပါနကမ္မဋ္ဌာန်းကို စီးပြန်းရသောအကျိုးငါးပါးကို ပြခြင်း

ဧဝမ္မိ ပဋိပန္နဿ၊ သစေ သာ နု ပဝတ္တတိ။
တတောပိ နု ဇဟေ ယောဂံ၊ ဝါယမေယ္ယုဝ ပဏ္ဍိတော–

အစရှိသော အဌကထာ မိန့်မှာဆုံးမ ညွှန်ပြတော်မူအပ်သည်နှင့်အညီ ဤသို့ပြခဲ့အပ်ပြီးသော လမ်းအစဉ်ကို မပြိုမပြင် မပင်မပန်းသော စိတ်ဖြင့် မဖြစ်လျှင်မနေရဟု မိမိကိုယ်ကို အလွန်သော ဆုံးမခြင်းတို့ဖြင့် ဆုံးမကြ၍ အလွန်သော အားထုတ်ခြင်းတို့ဖြင့် အားထုတ်ကြပါမူ စင်စစ် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ကေန်ရကြောင်း မုချရှိပေ၏ဟု မှတ်ကြရမည်၊ ထို့ကြောင့် အာနပါန ကမ္မဋ္ဌာန်းကို စီးပြန်းအားထုတ်ခဲ့ပါမူ–

၇၈–အာနာပါနကမ္မဋ္ဌာန်းကို စီးပြန်းရသောအကျိုးငါးပါးကို ပြခြင်း၄၅၅

(၁) ယခုခေတ်, ယခုကာလ, ယခုဘဝ၌ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်နိုင်သေး၏။

(၂) အကယ်၍ အသက်ရှိစဉ် ရဟန္တာအဖြစ်သို့ မရောက်သေးပါမူ သေခါနီးသော ကာလ၌ သမသီသီရဟန္တာအဖြစ်သို့ ရောက်နိုင်သေး၏၊

(၃) အကယ်၍ သမသီသီရဟန္တာ မဖြစ်နိုင်သေးပါမူ နတ်ပြည်သို့ ရောက်သောအခါ ဓမ္မကထိကနတ်သား၏ တရားသံကို ကြားရ၍ ရဟန္တာအဖြစ်သို့ရောက်နိုင်သေး၏။

(၄) အကယ်၍ နတ်ပြည်၌ ရဟန္တာမဖြစ်သေးပါမူ အရိမေတ္တေယျ ဘုရားမပွင့်မီ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်နိုင်သေး၏။

(၅) အကယ်၍ ပစ္စေကဗုဒ္ဓါမဖြစ်ရသေးပါမူ ပွင့်တော်မူလတ္တံ့ကုန်သော အရိမေတ္တေယျ အစရှိကုန်သော ဘုရားသခင်ကိုယ်တော် အရှင်မြတ်တို့၏ ခြေတော်ရင်း၌ ဒါရုစီရိယမထေရ်တို့ ကဲ့သို့ ခိပ္ပါဘိညရဟန္တာဖြစ်ရတော့မည်မုချပေတည်းဟု—

ကေန်မှတ်ကြ။

ဣဓ ဘိက္ခု အာနာပါနဿတိ အနုယုတ္တော ကောသနေ နိသိန္နော၀ သဗ္ဗာသ၀ေ ခေပေတ္ဝာ အရဟတ္တံ ပါပုဏာတိ၊ တထာ အသက္ကောန္တော မရဏကာလေ သမသီသီ ဟောတိ၊ တထာ အသက္ကောန္တော ဒေ၀လောကေ နိဗ္ဗတ္တိတ္ဝာ ဓမ္မကထိကဒေ၀ပုတ္တသ္သ ဓမ္မံ သုတ္ဝာ အရဟတ္တံ ပါပုဏာတိ၊ တတော ဝိရဒ္ဓေါ အနုပ္ပန္နေ ဗုဒ္ဓုပါဒေ ပစ္စေကဗောဓိ သစ္ဆိကရောတိ၊ တံ အသစ္ဆိ-ကရောန္တော ဗုဒ္ဓါနံ သမ္မုခီဘာ၀ေ ဗာဟုယ္ယတ္ထေရာဒယော ဝိယ ခိပ္ပါဘိညော ဟောတိ။ မ-ဋ္ဌ၃-၉၆၊

ယောဂီပါရဂူ–၃၀ ပ-မ-သ-စ

[ညီတော် အာနန္ဒာကို ဟောတော်မူသော ပုဗ္ဗယောဂါဝစရသုတ်၌ ကား စတုတ္ထအကျိုးကို ပဋ္ဌမထား၍ ဟောတော်မူသည်။ သဘောမှာ အတူတူပင်။ ၎င်းသုတ်ကို အလိုရှိသေးပါမူ သုတ္တနိပါတ်အဋ္ဌကထာ၊ ဥရဂ-ဂဝဂ်၊ ခဂ္ဂဝိသာဏသုတ် အဖွင့်မှာ ယူကြလေ။]

ဘိက္ခု၊ ရဟန်းသည်၊ ဣမ၊ ဤငါဘုရား သာသနာတော်၌။ အာနာ ပါနဿတိ၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို။ အနုယုတ္တော၊ ယှဉ်သည်ဖြစ်၍။ ဧကာသနေ၊ တထိုင်ဟည်းသောနေရာ၌။ နိသိန္နော၀၊ နေလျက်သာ လျှင်။ သမ္ဘာသ၀ေ၊ အလုံးစုံသော အာသ၀ေါတရား လေးပါးတို့ကို။ ခေပေတွာ၊ ကုန်စေ၍။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။ တထာ၊ ထိုဆိုပြီးသောအတိုင်း။ အသင်္ကွောန္တော၊ မရောက်နိုင်သေ သည်ရှိသော်။ မရဏကာလေ၊ သေခါနီးသောကာလ၌။ သမသီသီ သမသီသီရဟန္တာသည်။ ဟောတိ၊ ဖြစ်နိုင်၏။ ဝေထာ၊ ထိုဆိုပြီးသော အတိုင်း။အသင်္ကွောန္တော၊ မရောက်နိုင်သေးသည်ရှိသော်။ဒေ၀လောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတ္ဝာ၊ ဖြစ်၍။ ဓမ္မကထိကဒေ၀ပုတ္တသာ၊ ဓမ္မကထိကနတ် သား၏။ ဓမ္မံ၊တရားတော်ကို။ သုတ္ဝာ၊ နာရ၍၊ (၀ါ) နာရသည်ရှိသော်။ အရဟတ္တံ၊ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။ တတော၊ ထိုနတ် ပြည်မှ။ဝိရဒ္ဓေါ၊ချွတ်လွဲခဲ့သည်ရှိသော်။ ဗုဒ္ဓုပ္ပါဒေ၊ ဘုရားရှင်တို့၏ဖြစ်ခြင်း သည်။ အနုပ္ပန္နေ၊ မရောက်သေးသောကာလ၌။ ပစ္စေကဗောဓိ၊ ပစ္စေက-ဗောဓိဉာဏ်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုနိုင်၏။ တံ၊ ထိုပစ္စေက-ဗောဓိဉာဏ်ကို။ အသစ္ဆိ-ကရောန္တော၊ မျက်မှောက် မပြုနိုင်သေးသည်ရှိ သော်။ ဗုဒ္ဓါနံ၊ ပဉ္စင်္ဂတော်မူလတို့ကုန်သော အရိမဂ္ဂေယျအစရှိသော ဘုရားရှင်တို့၏။ သမ္မုခီဘာ၀ေ၊ မျက်မှောက်အဖြစ်၌။ ဗာဟိယတ္ထေရာဒ-ယောဝိယ၊ ဗာဟိယထေရ်အစရှိသည်တို့ကဲ့သို့။ ခိပ္ပါဘိညော၊ လျင်သော အဘိညာဉ်ရှိသော။ ဒိဏာသ၀ေါ၊ ရဟန္တာသည်၊ (ထည့်။) ဟောတိ၊ ဖြစ်နိုင်၏။

ဤသို့ အာနာပါနကို အားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်တို့တွင်လည်း တိက္ခပုဂ္ဂိုလ်တို့မှာမူ တစ်နေ့ခြင်း၊ တည့်ခြင်းဖြင့်သာလျှင် မဂ်ဖိုလ်ကို-ရကြရောက်ကြရကုန်၏။ မဇ္ဈိမပညာ မန္ဒပညာပုဂ္ဂိုလ်တို့မှာမူကား ယခုဘဝ၌ ခုနစ်နှစ်ဖြစ်စေ၊ ခုနှစ်လဖြစ်စေ၊ ခုနှစ်ရက်ဖြစ်စေ ကျင့်ဆောင်အားထုတ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရကြရခြင်း တမလွန် ၄ ရကြရခြင်းရှိပေ၏။

ထို့ကြောင့်—

> သဗ္ဗမို့ စေတံ မဇ္ဈိမသ ဝေနေယျ ပုဂ္ဂလဿ ဝသေန ဝုတ္တံ၊ တိက္ခပညံ ပန သန္ဓာယ "ပါတောဝ အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ၊ သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတီ"တိ ဝုတ္တံ—

ဟူ၍ သုတ်မဟာဝါ အဋ္ဌကထာရှင် မိန့်တော်မူ၏။ ဒီ-ဋ္ဌ-၂-၃၉၅

သဗ္ဗမို့၊ အလုံးစုံလည်းဖြစ်သော။ စေတံ၀စနံ၊ယောဟိ ကောစိဘိက္ခဝေ အစရှိသော ဤစကားကို။ ;မဇ္ဈိမဿ၊ အလယ်ဖြစ်သော။ ဝေနေယျ-ပုဂ္ဂလဿ၊ ဝေနေယျပုဂ္ဂိုလ်၏။ ဝသေန၊ အစွမ်းဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ တိက္ခပညံ ပန၊တိက္ခပညာ ပုဂ္ဂိုလ်ကိုကား။ သန္ဓာယ၊ ရည်၍။ ပါတောဝ အနုသိဋ္ဌော။ (ပ) ။ အဓိဂမိဿတီတိ၊ ဟူ၍။ဝုတ္တံ၊ ဟောတော်မူ အပ်၏။ (ပါတောဝ၊နံနက်အခါ၌သာလျှင်။အနုသိဋ္ဌော။ ဆုံးမအပ်သည် ရှိသော်။ သာယံ၊ညဉ့်အခါ၌။ ဝိသေသံ၊ မဂ်ဖိုလ်အထူးကို။ အဓိဂမိဿတိ၊ ရလတ္တံ့။ သာယံ၊ ညဉ့်အခါ၌။ အနုသိဋ္ဌော၊ ဆုံးမအပ်သည်ရှိသော်။ ပါတော၊ နံနက်အခါ၌။ ဝိသေသံ၊ မဂ်ဖိုလ်အထူးကို။ အဓိဂမိဿတိ၊ ရလတ္တံ့။)

ဤသို့"သော သတောဝ အဿသတိ" အစ။ "နစ ကိုဠိလောကေ ဥပါဒိယတိ" အဆုံးရှိသော အာနာပါနပဗ္ဗ၌ ဆိုအပ်ခဲ့ပြီးသော အကြင် အကြင် စကားတို့သည် ရှိကုန်၏။ ထိုထိုစကားတို့ကို ဆိုခြင်းသည်

ကျေးဇူးတော်ရှင် သခင်ဘုရားတို့၏ လက်မှ ရအပ်သော ဟတ္ထမုဋ္ဌိ ယုတ္တိအာဂမ နယူပဒေသ ဓမ္မူပဒေသတို့နှင့် လျှော်စွာ သခင်ပအားဖြင့် အကျွန်ုပ်ရေးသား ဆုံးဖြတ်လိုက်အပ်ပေသည်။

၃၉-သဘိပြုရန် မှာထားချက်

ယောဂီပုဂ္ဂိုလ်ဖြစ်တော်မူကြပေသော ရဟန်း ရှင် လူ အကြင်အကြင် သူတော်ကောင်း အပေါင်းတို့- အကျွန်ုပ်သည် ရေးသားစီရင်အပ်ခဲ့ပြီးသော ဤယောဂီပါရဂူကျမ်းကို သုံးသပ်ကြည့်ရှု အားထုတ်တော်မူကြ ရန်မှာ သတိပဋ္ဌာန်ပါဠိတော်၏ ပဌမအာနာပါနပဗ္ဗကိုမူတည်၍ ကြင်းသောပါဠိ-အဋ္ဌကထာ -ဋီကာ.တို့ကို မူလီသွတ်၍ သုံးသပ်ဆင်ခြင်ရန် ပြုလိုက်ပါသည်။ ထိုသို့ပြုခဲ့ပြီးသောအတိုင်း ပုဗ္ဗာပရ၊ သာမည၊ ဝိသေသ၊ အနုသန္ဓေ တို့ကို ရှုတ်ခြည်း သိမ်းဆည်းခြင်းငှါ ခဲယဉ်းကြလိမ့်မည်ထင် မှတ်ပါ၍ လုပ်စဉ်လမ်းရိုး ဣကျဉ်းသွားဟန်မျှကို ဤသို့ မှတ်တော်မူကြ ပါကုန်။

မဂ်ဉာဏ်- ဖိုလ်ဉာဏ်- နိဗ္ဗာန်တည်းဟူသော ချမ်းသာကြီးသုံးတန်ကို ကေန်တောင့်တလေ့ရှိတော်မူကြပေသောအမျိုးကောင်းသားယောဂျာ သူတော်စွာတို့သည် လက်မ္ဘန်အစ ပဌမရှေးဦးစွာ သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ဆုံးပါးကို အာရုံသိမ်းလျက် ဓမ္မတာနည်း၊ ပဝတ္တိနည်း နှစ်ပါးတို့တွင် ရှေးဦးစွာ ဓမ္မတာကိုခင်းလျက် ပဝတ္ထိကို သွဘ်သွင်းအားထုတ်ကုန်ရာ၏၊ ထိုတွင် ပဌမနည်းခ် ပြုခဲ့ပြီးသော သန္ဓိဋ္ဌဝါရဖြင့် နေ့ရက်မျှားစွာ အား ထုတ်ခြင်းကို ပြုရာကုန်၏၊ ထိုသို့ အားထုတ်၍ အာရမ္မဏသက်ဆိုက- ကသိဏသက်ဆိုကတို့ ရင့်လှသဖြင့် ဒုတိယနည်းကို ပြောင်းရွှေ့သည်ရှိ သော် အကြင်မျှလောက် ကာလပတ်လုံး ဥဂ္ဂဟနိမိတ်သည် မပေါ်သေး၊ ထိုမျှလောက် ကာလပတ်လုံး ပကတိထွက်သက်- ဝင်သက်ကို

မည်ဟုတ်ရာ၊ အကြင်အခါ ဥဂ္ဂဟနိမိတ်သည် ထင်၏၊ ထိုအခါ ပကတိ ထွက်သက်-ဝင်သက်ကိုလွှတ်၍ အဃာသပဃာသ နိမိတ်ဖြင့် အားထုတ်ရာ၏။ ထိုသို့အားထုတ်ရာ၌—

(၁) အကြင်သူသည် မိမိရသော ဥဂ္ဂဟနိမိတ်ကို မပျောက်ပျက်အောင် စောင့်ရှောက်တတ်သဖြင့် ပဋိဘာဂသို့ကူး၍ တတိယသို့ တက်နိုင်ပါမူ ဥဂ္ဂဟသားမည်၏။

(၂) အကြင်သူသည် နိမိတ်ကို မပျောက်ပျက်ရအောင် မစောင့်ရှောက်တတ်သည်ဖြစ်၍ လည်းကောင်း၊ သတိမေ့လျော့သည်ဖြစ်၍ လည်းကောင်း ဥဂ္ဂဟမှ ပဋိဘာဂသို့ မကူးမူ၍ပျောက်ခဲ့၏၊ မိမိနှင့် ငါးတောင်ကျော်မျှသာလျှင် ကာရံသကဲ့သို့ ထင်၏၊ ထိုသူကို အကြိမ်ကြိမ်ကြားမြင့်စွာအားထုတ်စေ၍ နိမိတ်ပေါ်မလာပါက တတိယသို့သာလျှင် အသက်ခိုင်းရပါမူ မကျွှလသားမည်၏။

(၃) အကြင်သူသည် မိမိရသော ဥဂ္ဂဟနိမိတ်သည် တူရူမသွားမူ၍ မြင်းမြီးဆံကိုလေလှန်၍ တိုက်သကဲ့သို့ ထင်ခဲ့၏၊ ထိုအခါ နှာဝမှ ငါးတောင်ခန့်အတွင်းဌာ မိမိစိတ်ဖြင့် အကွင်း-ငယ်ငယ်-ကြီးကြီးတို့ကို ဆက်စေလျက် ၎င်းအကွင်း၏ အတွင်းသို့ သွတ်၍ မှုတ်ပါမျှားလတ်မူ နိမိတ်သည် ယူဆောင်တိုင်းရသဖြင့် တတိယသို့ သက်ရပါမူ ပဗ္ဗသားမည်၏။

(၄) အကြင်သူသည် နှာဝ၏တူရူ၌ကား မထင်၊ မနီးမဝေးသော အရပ်၌ မှုန်တုံးကဲ့သို့ လည်းကောင်း၊ မှုန်အိုးကဲ့သို့ လည်းကောင်း၊ မှုန်သေတ္တာကြီးကဲ့သို့ လည်းကောင်း ထင်ခဲ့၏၊ ထိုထင်သော အကြင်နိမိတ် အစိုင်အခဲကြီးကို မိမိထိပ်ပေါ်သို့တင်၍ တတိယသို့ စက်ရုပါမူ ဩကာသသားမည်၏။

(၅) အကြင်သူသည် ၎င်းဒုတိယနည်းကို အားထုတ်သောအခါ နိမိတ်ကိုယူဆောင်စဉ် လောင်မီးကျသကဲ့သို့ ဦးခေါင်းကို လည်းကောင်း၊ ကိုယ်ထက်ဝက်ကို လည်းကောင်း၊ ကိုယ်အားလုံးကို လည်းကောင်း လောင်ကျွမ်းခဲ့၏၊ ထိုလောင်ကျွမ်းသောအတိုင်း တတိယသို့ သက်ရပါမူ ပရိဆိန္နသားမည်၏။

ဤ၂ပါးယောက်သော ယောဂိတို့တွင် ဥဂ္ဂဟသားဖြစ်အောင် အားထုတ်ရာ၏၊ အားထုတ်၍မရမှသာ မဏ္ဍလစသည်သို့ သက်စေရာ၏၊ ဤသို့ ၂ပါးယောက်သောသူတို့တွင် အဘယ်သူမဆို တတိယ၏ အစ-အလယ်-အဆုံး- သုံးပါးသို့သက်နှိုင်ခြင်းသည်သာ ပဓာနတည်း၊ ထိုသို့ တတိယနည်းသို့သက်ပြီးမှ ဩဒ်-အန္တောဓ-အနန္တောဓ-ကို ရောက်စေရာ၏၊ ဉာဏ်မထက်သော အားမရှိသောသူတို့မှာမူ ဩဒ္ဒိဋ္ဌပင်လျှင် တန့်ရပ်၍ စတုတ္ထနည်းသို့ ကူးစေရာ၏၊ အနန္တောဓိသို့ ရောက်ပြီးသောသူသည်လည်း ဩဒ်သို့ ပြန်လျက် စတုတ္ထသို့ သက်စေရာ၏။ ၎င်းနည်းလေးပါးတို့တွင် ပဌမနည်းဌ ဗဒ္ဓင်စောင့်ပုံကိုကား ပြခဲ့ပြီးပြီ။

ဒုတိယဌ်မှာကား နှာဝမှသည် မိမိထားသောအမှတ်သို့ ရောက်အောင် ထွက်သက်-ဝင်သက်ကို လည်းကောင်း၊ ၎င်း၏နိမိတ်ကို လည်းကောင်း အားပင့်၍-အားပင့်၍-လွှတ်ခြင်း, အမှတ်မှသည် နှာဝသို့ရောက်အောင် အားပင့်၍-အားပင့်၍-ရှိုက်ခြင်းသည် သမ္မာဝါယာမမည်၏။ အားပင့်တိုင်း-အားပင့်တိုင်း-သိခြင်းသည် သမ္မာသတိမည်၏။ အာရုံတပါးသို့ မပြေးမသွားစေခြင်းသည် သမ္မာသမာဓိမည်၏။ တတိယဌ် အစမှသည်-အလယ်၊ အလယ်မှသည်-အဆုံး၊ အဆုံးမှသည်-အလယ်၊ အလယ်မှသည်-အစ၊ ပဋိဘာဂနိမိတ်ကို အားပင့်၍-အားပင့်၍-ရှိုက်ခြင်း အားပင့်၍-အားပင့်၍ ရှုခြင်းသည် သမ္မာဝါယာမမည်၏။ အစ-အလယ်-အဆုံး၊ အဆုံး-အလယ်-အစ,ကို သိခြင်းသည် သမ္မာသတိ၎ည်၏၊ အာရုံတပါးသို့ မခြေးမသွားစေခြင်းသည် သမ္မာသမာဓိမည်၏။

စတုတ္ထဌာန် အစမှ-အဆုံးသို့ရောက်အောင် အဆုံးမှ-အစသို့ရောက်အောင် ညင်းရှ-ညင်းရှ-ရှခြင်း ရှိုက်ခြင်းသည် သမ္မာဝါယာမမည်၏။ ညင်းတိုင်း-ညင်းဝိုင်း-သိခြင်းသည် သမ္မာသတိမည်၏။ အာရုံတပါးသို့ မပြေးမသွားစေခြင်းသည် သမ္မာသမာဓိမည်၏။ ဤလေးပါးသော နည်းတို့၌ သန္ဓိဋ္ဌဝါရဖြင့် သတိမြဲသောသူကိုသာလျှင် ဒုတိယနည်းသို့ ဓမ္ပြောင်းရာ၏၊ ထိုဒုတိယနည်း၌လည်း ဥဂ္ဂဟနိမိတ်ရ၍ ပဋိဘာဂသို့သက်လျက် တည်သောသူကိုသာ တတိယနည်းသို့ ပြောင်းရာ၏။ နိမိတ်မရသေးပါမူ ပဌမနည်းသို့ ပြန်၍သက်စေရာ၏၊ ပဋိဘာဂသို့ သက်၍ကား ဦးခေါင်းကို ဖြတ်၍ အဋ္ဌတ္တသို့ မသက်မခြင်း အကြောင်းမျှားစွာ သွတ်သွင်း၍ အစ-အလယ်-အဆုံး-တို့ကို ယူရာ၏၊ ဘဒ္ဒန္တ-ဗဟိဒ္ဓ၊မခြား တသားတည်းကဲ့သို့ နေပါမူ စတုတ္ထသို့ သက်ရာ၏၊ ၎င်းစတုတ္ထ၌ တန်ရပ်၍ ဓမ္မတာအဋ္ဌမ်းဖြင့် ပေါ်လာသော အရှိန်မစဲ တသဲသဲဖြစ်ပေါ်လျက်နေသော ဝတ္ထုရုပ်ကို အဃာသ ပဃာသနှင့်တကွ ဘယ်ရှေ့ဘယ်မျှပင် မျှားသော်လည်း တပေါင်းတည်းပြု၍ ဤရုပ်ကများတို့သည် ဖောက်ပြန်ခြင်းလက္ခဏာရှိ၏၊ ဖရိုဖရဲကဲ့ခြင်းကိစ္စရှိ၏၊ အဗျာကတဟု ယောဂိပုဂ္ဂိုလ်အား ထင်ခြင်းပစ္စုပဋ္ဌာန်ရှိ၏၊ ဝိပဿနာဝိညာဏ်သာလျှင် နီးစွာသော ပဒဋ္ဌာန်ရှိ၏ဟု လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်တို့ကို သိမ်းဆုံး၍ ရုပ်, ရုပ် ဟု ရုပ်ကို သိမ်းဆည်းရာ၏၊ သံသယမပြတ်ကင်းသည်ဖြစ်၍ လည်းကောင်း၊ ပိုင်းခြားလိုသည်ဖြစ်၍ လည်းကောင်း နောက်တပြုခဲ့ပြီးသောရောင်ကိုင်နည်း သုံးချက်တို့ဖြင့် ရုပ်ကို သိမ်းဆည်းရာ၏၊ ၎င်းနောက် ထိုရုပ်လျှင် အာရုံရှိသော ဝိပဿနာ နာမက္ခန္ဓာ အဂေါ်ါင်းကို ဘယ်ရှေ့ဘယ်မျှပင် မျှားသော်လည်း တပေါင်းတည်းပြု၍ ဤနေ့မက္ခန္ဓာသည် အာရုံကိုညွှတ်ခြင်း လက္ခဏာ၊ စိတ်, စေတသိက်တို့ကို ယှဉ်စေခြင်းကိစ္စ၊ ကွဲပြားခြင်းမရှိဟု ယောဂိပုဂ္ဂိုလ်အား ထင်ခြင်းပစ္စုပဋ္ဌာန်၊ ဝိပဿနာ ဝိညာဏ်လျှင် နီးစွာသော ပဒဋ္ဌာန်ရှိ၏ဟု လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို သိမ်းဆုံး၍

ပြခဲ့ပြီးသော ပဋ္ဌာန်းသုံးပါးတို့တွင် တစ်ပါးပါးဖြင့် လည်းကောင်း၊ ဝိညာဏပဋ္ဌာန်းဖြင့် လည်းကောင်း သိသည်, သိသည်ဟု နာမ်ကိုသိမ်းဆည်းရာ၏။

ဂုဏ်နောက် ဝိပဿနာ, ခန္ဓာငါးပါး, ရူပ်နာမ်တ ရား တို့ သည် အကြောင်းကင်းမ်ှ မဖြစ်ရာ၊ အကြောင်းကား အဘယ်သည်တို့နည်းဟု စူးစမ်းလတ်သော် သုတမယဖြင့် ရအပ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရဟူသော ပဋ္ဌိစ္စသမုပ္ပါဒ်ကို မြင်သိရ၍ ဤအကြောင်းငါးပါးသည် ဤဝိပဿနာ ခန္ဓာရူပ်နာမ်တို့ကို ဖြစ်စေဘိ၏ဟု အာရုံဖြင့် သိမ်းယူ၍ ပြုပြင်သည်ဟူ၍ လည်းကောင်း၊ ပြုပြင်၍ ဖြစ်သည်ဟူ၍ လည်းကောင်း၊ ပြုပြင်သောကြောင့် ဖြစ် သည် ဟူ ၍ လည်းကောင်း အကြောင်းကို သိမ်းဆည်းရာ၏၊ ဂုဏ်နောက် ဤအကြောင်းငါးပါးကြောင့်ဖြစ်သော ပဋ္ဌိသန္ဓေ ခန္ဓာ, ပဝတ္တိခန္ဓာ နှစ်ပါးတို့တွင် ပဝတ္တိခန္ဓာဟုဆိုအပ်သော ရူပ်နာမ်တရား ဤနှစ်ပါးတို့သည် ရှေးဦးလည်းဖြစ်ဖူးလှလေပြီ၊ နောင်အခါ၌လည်း ဖြစ်ရဦးသတည်း၊ ယခုအခါ၌လည်းဖြစ်ဆဲရှိ၏ဟု အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်ကာလ၌ သိမ်းရုံး၍ ဖြစ်ဆဲ, ဖြစ်ဆဲ ဟု အဓွန့်ကို သိမ်းဆည်းရာ၏။ (ပုဗ္ဗကိစ္စလေးပါးပြီး၏။)

ဂုဏ်နောက် အဒ္ဓါနပရိဂ္ဂဟ၌ရပ်လျက် ဥပမာငါးပါးတို့တွင် တစ်ပါးပါး၌ ထင်လာသော ဝိပဿနာ အာရုံတစ်ခု၏ အတွင်း၌ရအပ်သော ရူပ်တရားကိုလည်းကောင်း၊ နာမ်တရားကိုလည်းကောင်း ကာလငုံလင့်၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, သြဠာရိက, သုခုမ, ဟီန, ပဏီတ, သန္တိကေ, ဒူရေ ဤတစ်ဆယ့်တစ်ပါးတို့၏ ပြားဟန်ကို အဖန်ဖန် စူးစမ်းဆင်ခြင်လျက် ရူပ်ကိုရှေးဦးစွာ တစ်လတန်သည် နှစ်လတန်သည် လက္ခဏဝဝတ္ထာနဝါရဖြင့် အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း သုံးသပ်ဆင်ခြင်ရာ၏။ ဂုဏ်နောက်မှ ဤနည်းအာဘူ နာမ်ကိုဆင်ခြင်ရာ၏၊ ရူပ်နာမ်ကိုဆင်ခြင်ရာ၏။ ဂုဏ်၌

ရူပ်တို့၏ အဖြစ်မမြဲ, အပျက်မမြဲခြင်းသည် အနိစ္စမည်၏၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်ခြင်းသည် ဒုက္ခမည်၏၊ မဖြစ်ပါလင့် မပျက်ပါ လင့်ဟု တောင့်တ၍မရခြင်းသည် အနတ္တမည်၏။

ဤနည်းအတူ အနိစ္စ၌ ဖြစ်ခြင်း,ပျက်ခြင်းသည် ဥပါဒဝယ၊ အခိုက် အတန့်တည်ခြင်းသည် တာဝကာလိက၊ ဖောက်ပြန်ခြင်း အဆုံးသို့ရောက် ခြင်းသည် ဝိပရိဏာမကောဋ္ဌိ၊ နိစ္စ မဟုတ်သည်၏ အဖြစ်သည် နိစ္စပဋ္ဌိဏ္ဍေပ ဟူသော အနိစ္စလက္ခဏာလေးပါးတို့ကို ထင်အောင်လည်းကောင်း၊ ဒုက္ခ ဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ, ပဋိစ္ဆန္နဒုက္ခ, အပဋိစ္ဆန္နဒုက္ခ, ပရိယာယ ဒုက္ခ, နိပ္ပရိယာယဒုက္ခတို့ဖြင့် အတန်တန်ပူလောင်ခြင်းတည်းဟူသော သန္တာပ၊ ၎င်းဒုက္ခ ၇-ပါးတို့သည် နှိပ်စက်အပ်သည်ဖြစ်၍ သည်းမခံနိုင် ခြင်း တည်းဟူသော ဒုက္ခမ၊ ထိုသို့ သည်းမခံနိုင်သော်လည်း တေဘူမက ဒုက္ခနယ်မှ မလွတ်သေးရကား ဒုက္ခဝတ္ထုက၊ သုခမဟုတ်သည့် အဖြစ်ဟု ဆိုအပ်သော သုခပဋိဏ္ဍေပဟူသော ဒုက္ခလက္ခဏာ လေးပါးတို့ကို ထင်အောင်လည်းကောင်း၊ အတိတ်စသည်ဖြင့် ပြားသော အဝသဝတ္တန၊ အစိုးမရခြင်းတည်းဟူသော အသာမိက၊ ပြုပြင်ခြင်းစသည်မှ ဆိတ်သော သုညတ၊ တိတ္ထိတို့ကြုံဆအပ်သော အတ္တ, နိဝါသီ, သယံဝသီ, ကာရက, ဝေဒက တို့မှ ဆန့်ကျင်ဘက်ဖြစ်သော အတ္တပဋိပက္ခဟူသော အနတ္တ လက္ခဏာလေးပါးတို့ကို ထင်အောင်လည်းကောင်း သုံးသပ်ရာ၏။ ဤထက် အလွန် မဟာ ဝိပဿနာ ၇-ပါးသို့ ရောက်အောင်လည်းကောင်း၊ လက္ခဏ-ဝဝတ္ထာနဝါရဖြင့် ဝိပဿနာဉာဏ် ဆယ်တန်ကို သုံးတန်သော သမ္မသန, နိဗ္ဗိဒါ, ပဋ္ဌာန္ဓန ဓာတ်သို့ရောက်အောင်လည်းကောင်း သုံးသပ် ဆင်ခြင် ၍ သြဂ္ဂမဓာတ်တော်ကြီးသို့ သက်စေရာ၏။

အကယ်၍ သြဂ္ဂမဓာတ်သို့ မသက်သေးပါမူ အကြိမ်ကြိမ်, အဖန်ဖန်, အတန်တန်သော ဝိပဿနာ ဓာတ်သုံးပါး တို့ဖြင့် ရက်,လ မျှားစွာ အား ထုတ်ရာ၏၊ ဤသို့အားတုတ်ပါလျက် သြဂ္ဂမဓာတ်သို့ မသက်သေးပါမူ အနုလောမခန္တီဝါရဖြင့် သုံးသပ်ဆင်ခြင်ရာ၏။ ဤသို့ အားဆုတ်ပါလျက်

သြဂ္ဂမဓာတ်သို့ မသက်သေးပါမူ နာမရူပပဝတ္ထိဂ္ဂမဝါရဖြင့် သုံးသပ်ဆင်ခြင်ရာ၏၊ ဤသို့အားထုတ်ပါလျက် သြဂ္ဂမဓာတ်သို့ မသက်သေးပါမူ နာမရူပသတ္တဂဝါရဖြင့် သုံးသပ်ဆင်ခြင်ရာ၏။ ဤသို့အားထုတ်ပါလျက် သြဂ္ဂမဓာတ်သို့ မသက်သေးပါမူ မဟာဝိပဿနာဝါရဖြင့် သုံးသပ်ဆင်ခြင်ရာ၏။

ဤသို့ ပုဗ္ဗကိစ္စမှစ၍ ဝိပဿနာဉာဏ်ဆယ်တန် တိုင်တိုင်လည်းကောင်း၊ မဂ်ဉာဏ်သို့ တိုင်တိုင်လည်းကောင်း သုံးသပ်ဆင်ခြင်စဉ် အခါ၌ကား သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာဒိဋ္ဌိ, သမ္မာသင်္သပ္ပ ဟူသော ကာရုပကင်္ဂ မဂ္ဂင်ငါးပါးဘို့ဖြင့် တစ်မုဟုတ္တမျှ မလစ်လပ်ရအောင် စောင့်ရှောက်ရာ၏။

အဘယ်ကဲ့သို့နည်းဟူမူ – ဝိပဿနာစိတ်ကို အားထုတ်ခြင်းသည် သမ္မာဝါယာမ မည်၏၊ ရုပ်နာမ်တရားတို့၏ ထင်ခြင်းသည် သမ္မာသတိမည်၏၊ အစရှုံတစ်ပါးသို့ မပြေးသွားစေခြင်းသည် သမ္မာသမာဓိမည်၏၊ ရုပ်နာမ်တရားကို ကြံဆခြင်းသည် သမ္မာသင်္သပ္ပမည်၏၊ ဖြစ်ခြင်း ပျက်ခြင်း အစရှိသော အနိစ္စ ဒုက္ခ အနတ္တတို့ကို မြင်ခြင်းသည် သမ္မာဒိဋ္ဌိ မည်၏၊ ထိုသို့ လုံစွာ စောင့်ရှောက်ရာ၏။

ဤသို့ ပုဗ္ဗကိစ္စမှစ၍ ဝိပဿနာဉာဏ် ဆယ်တန်သို့တိုင်တိုင် အားထုတ်အပ်သော ယောဂီအား ရှေးဦးစွာသော သစ္စာလေးပါး မြတ်တရားကို သိခြင်းမည်၏။ အစဖြစ်သော သစ္စာလေးပါးကို သိခြင်းနှင့် ကိစ္စအပြီးသို့မရောက်သေး။ အကြင်သူသည် သခ်ါရပေဏ္ဍာဉာဏ်သို့ တိုင်အောင် ဆိုက်၍ သစ္စာလေးပါးကို အစသိခြင်းဖြင့် သိရကား အနှစ်တစ်ရာ၊ အနှစ်အနှစ်တစ်ထောင် စသည်တို့ တိုင်တိုင် ကိလေသာ နိဝရဏစသည်တို့ကို ပယ်နိုင်ပါပြီးသော်လည်း အလယ်၏ သိခြင်းမဟုတ်သည်ဖြစ်၍ ကိစ္စမပြီးသေး။ မိမိ၏ကိုယ်ကိုသာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟု ထင်မှတ် မှားတတ်သည်–

တဿ ဟိ သမထဝိကွမ္ဘိတာနံ ဝါ ဝိပဿနာဝိကွမ္ဘိတာနံ ဝါ
ကိလေသာနံ သမုဒါစာရံ အပဿတော သောတာပန္နော အဟံတိ
ဝါ(ပ)အရဟာ အဟံတိ ဝါ အဓိမာနော ဥပ္ပဇ္ဇတိ။
မ-ဋ္ဌ-၁-၁၇၃-ဟူသော မူလပဏ္ဏာသအဋ္ဌကထာကို ထောက်။

ထို့ကြောင့် ဝိပဿနာအခိုက်၌ သစ္စာလေးပါးကို သိခြင်းသည် အစ၏သိခြင်းမည်၏။ မဂ်တို့၏အခိုက်၌ ပရမတ္ထတရားတို့၏ ဝိသုဒ္ဓိ နိရောဓကောန် အမှန် အသခ်ိတဝတ်ကို ပစ္စက္ခအားဖြင့် အာရုံပြုရ၍ သစ္စာလေးပါးကို သိခြင်းသည် အလယ်၏သိခြင်းမည်၏။ ရဟန္တာတို့၏ စရိမဝိညာဏစုတိ စိတ်တော်၏ ဘင်္ဂဏ၏အခြားမဲ့၌ အနုပါဒိသေသနိဗ္ဗာန်အာရုံကို ခိုလှုံဝင်ရောက် မျက်မှောက်ပြုတော်မူကြရခြင်းသည် သစ္စာလေးပါးကို အဆုံးဖြစ်သော သိခြင်းမည်၏။

ဤသိခြင်း သုံးပါးတို့တွင် အစ၏သိခြင်းဖြင့် လောကိယာသစ္ဆိကိရိယမည်၏။ သောတာပတ္တိမဂ်အခိုက်၌ နိဗ္ဗာန်ကို လက်ပေါ်၌ တင်ထားသော ပတ္တမြားကို မြင်သကဲ့သို့ ပစ္စက္ခမြင်ခြင်းသည် လောကုတ္တရာဒဿနသစ္ဆိကိရိယမည်၏။ အထက်မဂ်သုံးတန်တို့ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ လောဘ၊ တို့နှင့် တွေ့ကြုံပါငြားသော်လည်း တုန်လှုပ်ခြင်းမရှိသဖြင့် မျက်မှောက်ပြုရခြင်းသည် လောကုတ္တရာ ဘာဝနာ သစ္ဆိကိရိယမည်၏။

ဌာနဘာဝနာသစ္ဆိကိရိယ၌ ပထမ မဂ်ကို မျက်မှောက် ပြုပြီးသော် ဌာနမဂ်၏ ဖလသမာပတ်ကို ဝင်စားလိုလတ်မူ မိမိမျက်မှောက် ပြုအပ်ခဲ့ပြီးသော နိဗ္ဗာန်ကို နိန္နေ-ဝေါဏ-ပဗ္ဗာရပြု၍ ဥဒယဝယဉာဏ်ကစ၍အနိစ္စ-အနိစ္စ— စသည်ဖြင့် နေ့ရက်များစွာ ဝသီဘော်သို့ တက်အောင် နှလုံးသွင်းရာ၏။ ဤသို့နှလုံးသွင်းရာ၌ အနိစ္စ-ဒုက္ခ-အနတ္တ သညာမလွတ်သေးပါမူ ဌာနသမာပတ်သည် သခ်ါရအားမည်၏၊ ဌာနသခ်ါရအားကိုလွှတ်၍ မိမိထားလိုသော်ရှေ့ ကာလပက်လုံး နိဗ္ဗာန်၌သာလျှင် မိမိအာရုံကိုထား၍ "သန္တမေတံ ပဏီတမေတံ" ဟု ထားနိုင်ပါမူ သန္တအားမည်၏။

လွတ်လိုက်သော အာရုံသည် သခ်ၢါရအား၊ သန္တာန်အားတို့ကို လွန်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါမူ နိရောဓအားမည်၏။

(အထက်မဂ်သုံးတန်တို့၏ သမာပတ်ကိုလည်း ဤနည်းကိုမှီး၍ ဝင်စားရာ၏။ ။အထူးမှာ တတိယမဂ်သို့ရောက်ခဲ့လျှင် သခ်ၢါရအားကို လွတ်နိုင်၏။)

ဤသို့ ပထမမဂ်သို့ရောက်ပြီးသော ယောဂီသည် အထက်မဂ်သုံးတန်တို့၏ အကျိုးငှာ အားထုတ်လိုလတ်မူ ပထမမဂ်၏ အာလယကိုဖြတ်၍ ဒုတိယမဂ်စသည်တို့ကို ကိုင်းရှိုင်းညွှတ်ဝှမ်းသော စိတ်တို့ဖြင့် ဥဒယဝယ ဉာဏ်မှစ၍ ဝိပဿနာဓာတ်လေးပါးတို့ကို အသစ်အသစ် တည်ထောင်အားထုတ်စီးပြန်းကုန်ရာ၏။

ဤသို့ပြခဲ့ပြီးသော စကားအစဉ်၌ သရဏဂုံနှင့်တကွ သီလတို့မြဲသမျှ ကာလပတ်လုံးသည် သီလဝိသုဒ္ဓိမည်၏။ အဓိသီလ သိက္ခာလည်းမည်၏။ ပုဗ္ဗာယဂ်မဂ္ဂင် သုံးပါးကိန်းဝပ်၏။

(၁) ပထမနည်းမှ စတုတ္ထနည်းသိမ်းမူ စိတ္တဝိသုဒ္ဓိမည်၏။ အဓိစိတ္တသိက္ခာလည်း မည်၏။

(၂) ရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟ အတွင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

(၃) ပစ္စယပရိဂ္ဂဟ၊ အဒ္ဓါနပရိဂ္ဂဟအတွင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

(၄) အကြင်အခါ အမှတ်မဲ့သော သြဘာသ စသည်တို့သည် ဆိုက်ရောက်၏။ ထိုသြဘာသစသည်တို့ကို လွန်မြောက်ခြင်းသည် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။

(၅) ငါးပါးသော ဝါရတို့တွင် တစ်ပါးပါးသော ဝါရဖြင့် ပဋ္ဌာန်နာဓာတ်သို့တိုင်အောင် ဝိပဿနာကို အားထုတ်ခြင်းသည် ပဋိပဒါ ဉာဏ

ဒဿနဝိသုဒ္ဓိမည်၏။ လောကီ အဓိပညာ သိက္ခာလည်းမည်၏။ လောကီ ကာရုဏပကာ မဂ္ဂင်ငါးပါးလည်း ကိန်းဝပ်၏။ ကလျာဏ ပုထုဇဉ်လည်း မည်၏။ သုတဝါအရိယသာဝကလည်းမည်၏။

(၆) နိုဗ္ဗာန်ကို ပစ္စက္ခမျက်မှောက်ပြုရ၍ သောတာပတ္တိမဂ်သို့ ရောက်ခြင်းသည် လောကုတ္တရာဉာဏဒဿနံ ဝိသုဒ္ဓိ မည်၏။

(၇) လောကုတ္တရာ အဓိပညာ သိက္ခာလည်းမည်၏။ လောကုတ္တရာ ကာရုဏပကာ မဂ္ဂင်ငါးပါးလည်း ကိန်းဝပ်၏။ သေက္ခပုဂ္ဂိုလ်လည်းမည်၏- ဤသို့သတိပြုတော်မူကြပါကုန်။

၈၀-ရှင်းကျမ်းဌ် ပညာရှိတို့အား ပန်ကြားခြင်း

အကြင်အကြင် ပုဒ်-ပါဠိ-အက္ခရာ သဒ္ဒါ-အနက် စကားထုတ် စကားဝင် လက်ဟူသမျှဌ် ကျနချတ်လဲ ဖောက်လဲ၊ ဖောက်ပြန်မှုန် ယုတ္တိရှိခဲ့သည်ဖြစ်အံ့။ ထိုထိုပုဒ်-ပါဠိ-အက္ခရာ သဒ္ဒါဒနက် စကားထုတ်-စကားဝင် လက်ဟ ဟူသမျှတို့ကို အကြင်အကြင် ပညာရှင်ကြီးတို့သည် ရှိကုန်၏။ ထိုပညာရှင်ကြီးတို့သည် ယုတ္တာယုတ္တိ ရှိမရှိကို နှိုင်းညှိ တိုင်းထွာတော်မူကြလျက် ငါ့အား၊ လည်းကောင်း သတ္တဝါတို့အား၊ လည်းကောင်း သနားချစ်ခင် မေတ္တာဝင်၍ ပြင်ဆင်တော်မူကြ စေကုန်သတည်း။ ထိုစကားသင့်စ့။ ပညာမရှိသော သူတို့၏အတ်ဌ် စကားဆိုခြင်းငှာ လွန်စ့ာဆင်းရဲ၏။ အဘယ်ကြောင့်နည်းဟူမူ ထိုပညာမရှိသောသူတို့သည် ဆိုအပ်သော စကားဌ် ပုဒ်-ပါဠိ-အက္ခရာ-သဒ္ဒါ-လိင်-အံ-ဟူသမျှဌ် အပြစ်ကိုသာ ဆိုလို့ရှိကြကုန်၏။ကေန္ဒဓိပတိ ပညာရှိကြီးတို့သည်ကား ဆိုအပ်သောစကားကို ကြားမှ ကောင်းစ့ာ ဆိုအပ်သောစကားကို ချီးမွမ်းလို့ ရှိကြကုန်၏။ မကောင်းသဖြင့် ဆိုမိသောအခါဌ်ပါဠိ-ပဒ-အတ္ထ-သဒ္ဒါတို့ဌ် အကြင်အကြင် စကားသည် ဆန့်ကျင်၏၊ ထိုထိုစကားကို ဖြောင့်စ့ာပြု၍ ပေးလို့ရှိကြကုန်၏။ ထို့ကြောင့် ရှိသေစ့ာတောင်းပန်လိုက်ပါသည်။

ပဏ္ဍိတပဋ္ဌိရူပကာနံ ဟိ သန္တိကေ ကထေတုံ ဒုက္ခံ ဟောတိ၊ တေ ပဒေ အက္ခရက္ခရေ ဒေါသမေဝ ဝဒန္တိ၊ ကေန္တိပဏ္ဍိတာ ပန ကထံ သုတ္ဝာ သုကထိတံ ပသံသန္တိ၊ ဒုက္ကထိတေ ပါဋိ ပဒအတ္ထ ဗျဉ္ဇနေသု ယံ ယံ ဝိရုဇ္ဈတိ၊ တံ တံ ဥဇုကတ္ဝာ ဒေန္တိ။

မ·ဋ္ဌ·၃-၃၀၃။

ဟိ၊ ထိုစကားသင့်စွ။ ပဏ္ဍိတ ပဋ္ဌိရူပကာနံ၊ ပညာရှိဟူ ဝိဒုအသွင် စီတတ်၌ ထင်ကုန်သော သူတို့၏။ သန္တိကေ၊ အထံ၌။ ကထေတုံ၊ စကား ဆိုခြင်းငှာ။ ဒုက္ခံ၊ ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့် ကြောင့်နည်းဟူမူကား။ တေ၊ ထိုပညာရှိယောင်ဆောင်သောသူတို့သည်။ ပဒေပဒေ၊ ပုဒ်တိုင်းပုဒ်တိုင်း။ အက္ခရက္ခရေ၊ အက္ခရာတိုင်း အက္ခရာတိုင်း။ ဒေါသမေဝ၊ အပြစ်ကိုသာလျှင်။ ဝဒန္တိ၊ ဆိုတတ်ကြကုန်၏။ ကေန္တိ ပဏ္ဍိ တာ ပန၊ ကေန်ပညာရှိသော ပညာရှိကြီးတို့သည်ကား။ ကထံ၊ စကား ကို။ သုတ္ဝာ၊ ကြား၍။ သုကထိတံ၊ ကောင်းစွာ ဆိုအပ်သောစကားကို။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဒုက္ကထိတေ၊ မကောင်းသောစကားကို ဆိုမိ သောအခါ၌။ ပါဋိ ပဒ အတ္ထ ဗျဉ္ဇနေသု၊ ပါဋိပုဒ် အနက် သဒ္ဒါတို့၌။ ယံ ယံ၊ အကြင်အကြင်စကားသည်ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ တံ တံ၊ ထိုထို ဆန့်ကျင်သော စကားကို။ ဥဇုံကတ္ဝာ၊ ဖြောင့်စွာပြု၍၊ ဒေန္တိ၊ပေးကုန်၏။

ကျမ်းပြီးနိဂုံး

မင္ဂၢိမမဂ္ဂလသ နိမိတ္တာဘူတာယ သလ္လာ၀တိနဒိယာ မကုဋ္ဌ သဒိသသ ကန္ဓနဂရသ ဒက္ခိဏာနုဒိသဘာ၀ေ ကမ်ားပ္ရတိနာမကေ မဟာဂါမေ ဇာတိ၀ါဒေန အနုပကုဋ္ဌာ ဝိသာလကုလသမ္ဘ၀ါ ဥဋ္ဌာရသဒ္ဓါဒိဂုဏသမ္ပန္နာ ရတနတ္တယာဘိ မာမကာ အာ၀သန္တိ မဟာကုလာ၊ ဘေသု အနာကုလေန သုဇာတေနသိလာဒိဂုဏေဟိ အနေကဂုဏသမ္ပန္နာနံ အမှာကံ အနုဇ္ဓ ဂုဏဋ္ဌာနိယာနံ သေဋ္ဌာ စရိယာနံ ဘဒ္ဒေ၀ါသိကေန သောဘိတောတိနာမေန သုပါကဋ္ဌေန တေန ကန္ဓနဂရသ ဒက္ခိဏာနုဒိသာဘာ၀ေ ဒက္ခိဏာစလသ မကုဋ္ဌဘူတေ စေကုန္တိမဟာစေတိယသ ပစ္ဆိမဒိသာဘာ၀ေပါရာဏမဟာထေရပေါရဏဏမဟာရာဇဂုဟိ သုမာပိတေ သုဝိသုဒ္ဓတလ ဘူမိပဒေသေ ၀တ္တထလန္တိနာမကေ ဌာနေ အတ္ထိ သဗ္ဗသန္တာ ရမ္မဏာရာမေ၊ တသ္မိ' ပဋ္ဌသင်္ဂီတျာရုဋ္ဌမမ္မရာဇုနောဒက္ခိဏေဟ နာ၀ယကရတနမဟေသိ မစ္စာနံ နတ္တေဟိ ဘာတုဘဂိနိယာ ကာရိ-တေ သုဇနာရာမေ ဝိဟာရေ ၀သန္ဓေန အနုဇ္ဓဂုဏသမ္ပန္နသ အနုဇ္ဓညဏာ၀ိ၀ါသသ အသင်္ခေ်ယ္ယဂုဏဂဏာ ဓာရသ ဗုဒ္ဓသ ဘဂ၀တော ဩ၀ါဒေ သာသနေ ဆစ္စဃဋ္ဌေ သာကေ မဇ္ဈိမကေ သမ္ပတ္တေ ဇေဋ္ဌမာသသ ကာလပက္ခတေရသမေ ဘရဏိယာ စန္ဒေ သုယောဇိတေ စန္ဒရဒိနေ အယံ ဂန္ထော နိဋ္ဌိတော အမှာကံ အ၀ါမာမကေဟိသေဋ္ဌာစရိယေဟိ အာဏာပိတော သုကာ ရိတော။ ယောဂိနံ နိဗ္ဗာနသင်္ခါတံ ပါရံ ဂတဟေတုဘူတတ္တာ ယောဂိပါရဂူနာမ ဟောတိ နာမေနာတိ။

မင္ဂၢိမ မဂ္ဂလသ၊ အ၀န်းယူဇနာ ကိုးဆုရှိသော မင္ဂၢိမတိုက်ကြီး၏၊ နိမိတ္တာဘူတာယ၊ အရှေ့တောင်အရပ် အမှတ်တံဆိပ် နိမိတ်အပိုင်းအခြား ဖြစ်၍ ဖြစ်သော။ သလ္လ၀တီ နဒီယာ၊ သလ္လာ၀တီ အမည်ရှိသော

ချင်းတွင်းမြစ်၏။ မကုဋ္ဌ သဒိသဿ၊ အထွက်ဦးစိုက် မကိုင်ဋ္ဌတန်းဆာနှင့် အလားတူသော။ ကန္ဒီ နဂရဿ၊ ကန္ဒီမြို့၏၊ ဒက္ခိဏာနုဒိသာ ဘာဂေ၊ အနောက်တောင်ထောင့် အရပ်၌။ ကမ်းဖြူတိ နာမကေ၊ ကမ်းဖြူဟူ၍ အမည်ရသော။ မဟာဂါမေ၊ ရွာကြီး၌။ ဇာတိဝါဒေန၊ အမျိုးကိုစဲ့၍ဖြစ်သောစကားဖြင့်။ အနုပကုဋ္ဌာ၊ မသမ္မာအယူရှိသောလူတို့ ငြူစူချေဖျက်ခြား ပျက်ပြားအောင် မစုပ်စဲ့နိုင်ကုန်သော။ ဝိသာလကုလသမ္ဘဝါ၊ ပြန့်ပြော မွန်မြတ်သော အမျိုး၌ ကောင်းစွာဖြစ်ခြင်း ရှိကုန်ထသော။ ဥဋ္ဌာရသဒ္ဓါဒိဂုဏသမ္ပန္နာ၊ မွန်မြတ် စင်ကြယ်သော သဒ္ဓါစသော ဂုဏ်ကျေးဇူးတို့နှင့် တင့်တယ်ပြည့်စုံခြင်း ရှိကုန်ထသော။ ရတနတ္တယာ-ဘိမာမကာ၊ သုံးတန်သောရတနာ၌ လွန်စွာစုံမက် မရက်မစက် မြတ်နိုးတတ်ကုန်ထသော။ မဟာကုလာ၊ မြတ်သောအမျိုးတို့သည်။ အာဝသန္တိ၊ မြဲမြံခိုင်ကြံ. တည်တံ့စွာ နေထိုင်ကြကုန်၏။ တေသု ကုလေသု၊ ထိုအမျိုးတို့၌။ အနာကုလေန၊ ဘေးရန်မမှောင့် နှောင့်ယှက်ခြင်း မရှိသဖြင့်။ သုဇာတေန၊ ကောင်းစွာ မွေးဖွားသော။ သီလာဒိဂုဏေဟိ၊ သီလအစရှိသော ဂုဏ်တို့ဖြင့်။ အနေကဂုဏသမ္ပန္နာနံ၊ တစ်ပါးမက မျှားလှစ်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကုန်ထသော။ အမှာကံ၊ ငါတို့၏။ (ဝါ) ငါတို့အား။ အနန္တဂုဏဌာနိယာနံ၊ အနန္တဂုဏ်ငါးပါးတို့တွင် တစ်ပါးအပါ အဝင်ဖြစ်သော အရာ၌ တည်ကုန်ထသော။ သေဋ္ဌာစရိယာနံ၊ တော သုံးထောင်သေ၌နင်း ခြေသ့ေမင်း၏ပမာ ပရိယတ္တိသာသနာ၌ ရှုံ့ရှားခြင်း ကင်းကုန်ထသော ဆရာမြတ်တို့၏။ (ဝါ) အရညကင် ဓုတင်္ဂါဒိအစရှိသော ဂုဏ်တို့နှင့်ပြည့်စုံသော ဆရာမြတ်တို့၏။ အန္တေဝါသိကေန၊ လက်ပါးထံရင်း အတွင်းနေတပည့်ဖြစ်သော။ သောဘိတောတိနာမေန၊ ဆရာသခင် ကျေးဇူးရှင်တို့သည် ကြည်လင်လေးမြတ် မှည့်ခေါ်အပ်သော သောဘိတ ဟူသောအမည်ဖြင့်။ သုပါကဋ္ဌေန၊ ကောင်းစွာထင်ရှားသော။ တေန မယာ၊ ထိုငါသည်။ [သုကာရိတောဋ္ဌစပ်]၊ ကန္ဒီ နဂရဿ၊ ကန္ဒီမြို့၏။ ဒက္ခိဏာ အနုဒိသာ ဘာဂေ၊ အနောက်တောင်ထောင့် အရပ်မျက်နှာအဖို့၌။ ဒက္ခိဏာ စလဿ၊ ကန္ဒီမြို့အနောက်တောင် စဉ်းငယ်

ယွန်းသော တောင်ကြီး၏။ မကုဋ္ဌဘူတေ၊ ဩထွတ်ဦးစိုက် မကိုင်ခ်ိုတန်းဆာ သဖွယ်ဖြစ်၍ဖြစ်သော။စေကုန်ကိုမဟာစေတိမဟာသာ၊"စေကုန်"ဟူ၍ အမည် ရသော တောင်ညွှန်စေတီတော်ကြီး၏။ ပစ္ဆိမဒိသာဘာဂေ၊ အနောက် မျက်နှာအဖို့၌။ ပေါရာဏမဟာထေရ ပေါရာဏမဟာရုဇဟိ၊ ရှေးခ်ဉ် ဖြစ်သော မဟာထေရ် ရှေးခ်ဉ်ဖြစ်သော မင်းကောင်းမင်းမြတ်တို့သည်။ သုမာပိတေ၊ ကောင်းစွာတည်ထွင် ပြုပြင်ဖန်ဆင်းအပ်သော။ သုဝိသုဒ္ဓ တလဘူမိပဒေသေ၊ ငွေပြားအဆင်းနှင့်တူသော သန့်ရှင်းသောသဲတို့ ဖြင့် တန်းဆာဆင်အပ်သော မြေထူးမြေမြတ် အရပ်လည်းဖြစ်ထသော။ ဝတ္ထထလန္တိ နာမကေ၊ ဝတ်ကုန်းဟူ၍ အမည်ရသော။ ဌာနေ၊ အရပ်၌။ သပ္ပသန္တာရမ္မဏာရုမေ၊ ခပ်သိမ်းကုန်သော သူတော်ကောင်းတို့၏ စိတ်နှလုံးကို ရှင်ပြုံးမွေ့လျော် စေတတ်သော တိုက်အာရုမ်သည်။အတ္ထိ၊ ရှိ၏။ တသ္မိ၊ ထိုဝတ်ကုန်းကျောင်းတိုက်ဒေါရုမဲ့ကြီး၌။ ပဌမသင်္ဂီတျော-ရှင် ဓမ္မရာဇုနော၊ ပဌမသင်္ဂါယနာတင် မင်းတုန်းဘုရင် မင်းတရားကြီး ၏။ ဒက္ခိဏဂေဟနာယကရတနမဟေသီမစ္စာနံ၊ လက်ယာ ဝင်းတော်မှူး ရတနာ တစ်ပါးအဝင်ဖြစ်သော တောင်ညာဒေဝီ မဟေသီဘွဲ့ထူးရသော နန်းမတော်မိဖုရားကြီး၏ နာရီတော်အတွင်းဝန်, နန်းမတော်ဝန်အမတ် ကြီးတို့၏။ နတ္ထေဟိ၊ မြေးရင်းအစစ်ဖြစ်ကြကုန်သော။ ဘာတု ဘဂိနိဟိ၊ မောင်တော် ကနိုမ်ကြီးသူကြီး, ဇနီး ကျောင်းအမတို့သည်။ ကာရိတေ၊ ကောင်းစွာ ချီးမြှောက်ဆောက်လုပ် လှူဒါန်းအပ်သော။ သုဇနာရုမေ၊ သူတော်ကောင်းတို့သည် မွေ့လျော်ရာဖြစ်သော။ ဝိဟာရေ၊ ကျောင်း၌။ ဝသန္တေန၊ ကြည်လည်ရှင်ပြုံး သီတင်းသုံးနေလေ့ရှိသော။ [တေနမယာ ခ်ဉ်ပြန်စပ်]။အနန္တ ဂုဏသမ္ပန္နဿ၊တစ်-နှစ်-ရေသုံး ဂဏန်းကျုံးလည်း မဆုံး မကုန်နိုင်သော ကျေးဇူးတော်အပုံ ဂုဏ်တော်အမေပါင်းနှင့်လည်း ပြည့်စုံ တော် မူထသော။ အနန္တ ဉာဏာဓိဝါသဿ၊အဆုံးမရှိသော လမ္ဘည့်တဉာဏ် အနာဝရဏစသော ဉာဏ်တို့၏ ကိန်းစက်တည်နေရာလည်းဖြစ်တော် မူထ သော။ အသဓာရဏ ဂုဏ ဂဏာဝေရဿ၊ ဂဏန်းသင်္ချေ မရေတွက်သာ များလွန်စွာသော ဂုဏ်တော်အပေါင်းတို့၏ စုဝေးဆည်နေရာလည်း

ဖြစ်တော်မူထသော။ ဘဂဝတော၊ ဣဿရိယ အစ ပယတ္တ၊ အဆုံး ဘုန်းတော်ခြောက်ပါးနှင့်လည်း ပြည့်စုံတော်မူထသော။ ဗုဒ္ဓဿ၊ မြတ်စွာ ဘုရား၏။ ဘဂဝါဒေ၊ ဟောကြားညွှန်ပြ ဆုံးမရာဖြစ်တော်မူသော။ သာသနေ၊ သာသနာတော်သည်။ ဆစ္စယဒ္ဓေ၊ ၂၄၆၇-ခုသို့။[သမ္ပတ္တေ၌စပ်]။ သာကေ၊ မြန်မာ့ခေါ်ဟာ ဂေါဇာတုက်စစ် သက္ကရာဇ်သည်။ မဇ္ဈိမကေ၊ ၁၂၇၅-ခုသို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ (ဝါ) ရောက်သောနှစ်၌။ ဇေဋ္ဌမာသဿ၊ နယုန်လ၏။ ကာလပက္ခ တေရသမေ၊ လဆုတ်-၁၃-ရက် နေ့၌။ဘရဏီယာ၊ ဘရဏီနက္ခတ်နှင့်။ စန္ဒေ၊ လသည်။ သုယောဇိတေ၊ ကောင်းစွာ ယှဉ်ပြိုင်စဉ်။ (ဝါ) ယှဉ်ပြိုင်ဆဲအခါ၌။ (ဝါ) ယှဉ်ပြိုင်ခဲ့သည် ရှိသော်။ (ဂါ)ယှဉ်ပြိုင်ကြုံတုန်း။ စန္ဒရဒိနေ၊ တနင်းလာနေ့၌။ အမှာကံ၊ ငါတို့၏။ (ဝါ) ငါတို့အား။ ဒေတိမာမကေဟိ၊ အလွန် မြတ်နိုးခြင်း ရှိတော်မူကြပေကုန်သော။ ဧသဒ္ဓာစရိယေဟိ၊ ဆရာမြတ်တို့သည်။ အာဏာပိတော၊ အကြိုမ်ကြိုမ် အထပ်ထပ် စေခိုင်းအပ်သည်ဖြစ်၍။ သုကာရိတော၊ကောင်းစွာစီရင်အပ်သော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ အပြီးအဆုံး နိဂုံးကံပတ်သတ်ခြင်းသို့ ရောက်လေပြီ။ နာမေန၊ ကျမ်း၏နာမ အနွတ္ထအားဖြင့်။ ယောဂိနံ၊ ယောဂီအပေါင်း သူတော်ကောင်းတို့၏။ နိဗ္ဗာနံ သခါတံ၊ နိဗ္ဗာန်ဟုဆိုအပ်သော။ ပါရံ၊ သံသရာဂုမ်း တစ် ဖက်ကမ်းသို့။ ဂတဟေတုဘူတတ္တာ၊ ရောက်ခြင်း၏ အကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့်။ ယောဂပါရဂူနာမ၊ ယောဂပါရဂူ ဟူသော အမည်ဆူးရှိ သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသည်လျှင် နိဂုံး စကားတစ်ရပ် အပြီးသတ်တည်း။

နိပုဏသုဒ္ဓေစောသာ၊ သုကာရိတံ ဣမံ ဂန္ထံ။
ဘဝ သုဒ္ဓေစတသာ၊ သာဓူ သုဒ္ဓေန ပသန္ဒုံ။
[ဂိပရိတပထျာဝတ္ထုဂါထာ။]

သုနိပုဏော အယံ ဂန္ထော၊နိဋ္ဌိတော အနာကုလံ။

သဗ္ဗဒါ သုခိတာ ဟောတု၊ ဝေမေဝ အယံ ပဇာ။
[ပထျာပတ္တာဂါထာ။]

ဧတေန ပုညကမ္မေန၊ အညေန ကုသ-လေန စ။
သီဃ ံ ပပ္ပေါမိ နိဗ္ဗာနံ၊ ဣဓမေဝ အနာဝကုလန္တိ။
[ပထျာဝတ္တာဂါထာ။]

နိပုဏာ သုဒ္ဓစေတသာ၊ သိမ်မ့ေ ဖြူစင်သော စိတ်ရှိသော။ သုဒ္ဓ စေတသာ၊ စင်ကြယ်သောစိတ်တရားဖြင့်။ မမံ ဝ မမံ ဝေ၊ အကျွန်ုပ်၏ သာလျှင်။ သုကာရိတံ၊ကောင်းစွာစီရင်အပ်ပြီးသော။ ဣမံ ဂန္ထံ၊ ဤကျမ်း ကို။ သာမ့ဲ၊ သူတော်ကောင်းတို့သည်။ သုဒ္ဓေန၊ ကြည်လင်ယိုဖိတ် သဒ္ဓါ စိတ်ဖြင့်။ ပဿန္တု၊ ရှုပါကုန်လော့။

သုနိပုဏော၊ ကောင်းမြတ်သိမ်မ့ေ လှစွာသော။ အယံ ဂန္ထော၊ ဤ ကျမ်းသည်။ အနာဝကုလံ၊ နှောင့်နှေးခြင်းမရှိဘဲ။ နိဋ္ဌင်ံ ဇတာ၊ ပြီးဆုံးခြင်း သည်။ ဟောတိ ဣဓ၊ ဖြစ်သကဲ့သို့။ ဝေမေဝ၊ ဤမေတ္တသာလျှင်။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သုခိတာ၊ ချမ်းသာခြင်းရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဧတေန ပုညကမ္မေနစ၊ ဤကျမ်းကို ရေးသားပြုပြင် စီရင်ရသော ကောင်းမှုကံကြောင့်လည်းကောင်း။ အညေန ကုသလေန စ၊ ဤ ကောင်းမှုမှတစ်ပါး ကုသိုလ်အမျိုးကြောင့်လည်းကောင်း။ ဣဓမေဝ၊ ဤယခုဘဝ ပစ္စက္ခဋ္ဌာသာလျှင်။ အနာဝကုလံ၊ နှောင့်နှေးခြင်းမရှိသည်ဖြစ် ၍။ သီဃ ံ၊ ဆောလျှင်စွာ။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သို့။ ဣတိ ပပ္ပေါမိ၊ ဤသို့ယခု မြတ်ကောင်းမှုကြောင့် ရောက်ရပါလို၏။



ပ-မ-သ-စ (မြင်ပ-၂) (၅-၉-၉၆) (၁၅၀၀)

ယောဂိပါရဂူကျမ်း

စတုတ္ထအကြိမ်ရိုက်နှိပ်မှုမှ ကျပ် ၁၀၀၀-နှင့်အထက် ကုသိုလ်ပါဝင်သော

အလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်	နေရပ်လိပ်စာ	အလှူတော်မင်္ဂ
၁။	ကျောင်းဒကာကြီး ဦးဘ.မို+ ကျောင်းအမကြီး ဒေါ်သန်းသန်း မိသားစု	မိုးကုတ်မြို့	၅၀၀၀၀
၂။	ကျောင်းအမလေး ဒေါ်သိဒ်ဂီထွန်း (မိမို)၊ သား–အာကာမင်း၊ ဖြိုးထက်မင်း	ရန်ကုန်	၅၀၀၀၀
၃။	ကနီမြို့မှ ယောဂီ တပည့်ချား	ကနီမြို့	၁၅၇၀
၄။	ကျောင်းဒကာကြီး ဦးအောင်ကျော် ဒေါ်ကြည်ကြည်သန်း မိသားစု	ရန်ကုန်မြို့	၁၀၀၀၀
၅။	ကိုချိုနိုင်+မမိုးမိုး သား သက်ထွန်းဦး	ရန်ကုန်မြို့	၁၀၀၀
၆။	ဦးကျော်ဂေါင်+ဒေါ်မြမြသန်း မိသားစု	ရန်ကုန်မြို့	၅၀၀၀
၇။	ဦးလှမြင့်+ဒေါ်သန်းကြည် မိသားစု	ရန်ကုန်မြို့	၅၀၀၀
၈။	ဦးဌေးစိုး+ဒေါ်မိမိဆွေ မိသားစု ဆမီး-မဆန္ဒာ-ဌေးစိုး မဿရပီဌေးစိုး သား ဇိုးနေဝင်း	အမှတ်-၅၆/(အီး) အင်းယားလမ်း ရန်ကုန်မြို့	၅၀၀၀

စဉ်	အလှူရှင်အမည်	နေရပ်လိပ်စာ	အလှူတော်ငွေ
	၁၀၀၀-နှင့်အထက် လှူအရှင်များ		
၉။	ဦးအေးကို (အေကေ) အိတ်ချုပ်လုပ်ငန်း မိသားစု	ရန်ကုန်မြို့	၃၀၀၀
၁၀။	ဦးသောင်း+ဒေါ်သန်းသန်းဝင်း မိသားစု	ရန်ကုန်မြို့	၁၂၀၀
၁၁။	ဦးဌေးလှိုင်+ဒေါ်ခင်အေးမြင့် သား ဖြိုးမြင့်စံ	ခြောက်ရွာ	၁၁၀၀
၁၂။	ဦးသန်းထွန်း+ဒေါ်ခင်သန်းမြင့် မိသားစု	ပုသိမ်	၁၁၀၀
၁၃။	ဒေါ်အေးဆင့် အားရည်ဦးရ၍ ဦးအောင်တင့် ဒေါ်ခင်အုန်း မိသားစု	ကျုံပို	၁၀၀၀
	ငွေကျပ် ၁၀၀၀ အောက် အလှူရှင်စံရင်း		
	ငွေကျပ် ၁၀၀၀-ထောင်အောက် အလှူရှင် ၆၆-ဦး၏ စုစုပေါင်း အလှူငွေ		၁၀၀၁၅